http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ်

# ကိုယ်တွေ့ဝိပဿနာ

အမှတ်(၅)



သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခုနှစ်-၂၀၀၆

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ

**ဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ်**

# ယိုယွင်းမည့်သာသနာ

အမှတ်(၁)



"ပရိယတ်သည် သာသနာ့ရေသောက်မြစ်
ပဋိပတ်သည် သာသနာတော်၏ အနှစ်"

**အမြစ်ရေလောင်း အနှစ်သုံးစွဲပါ။**

တမ်းပြည့်လုပ်ငန်းဖြန့်ချိရေး
မိခင်စာရေးဆရာဝတီစာအုပ်တိုက်
တိုက်(၄)၊ အခန်း(၁၀၂)
ကျိုက္ကဆံ အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၀၁၄၃၁ ၀၉-၅၀-၁၅၆၁၃

ဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ် ● ယိုယွင်းမည့်သာသနာ အမှတ်(၁)

http://www.dhammadownload.com

http://www.dhammadownload.com

# DONOR OF DHAMMA SATI

**Printing of**
**"The Ledi Vipassana No.(5)"**
**1000 Books**

**Donated by Amy Lee.**

**New castle University Australia.**

http://www.dhammadownload.com

# ရတနတ္တယ ပဏာမ

ဇာဂရာဘိ ဇာဂရ န္တံ ၊ ဇာဂရတ္တာယ ဝါစကံ။
ဇာဂရံ ဇာဂရာဘိဝံသံ၊ ဇာဂရတ္တံ နမေ အဟံ။ ॥

အဟံ= ဆရာ့နှုတ်ဖွား ရှင်နိုးကြားဟု မှည့်ထားသမုတ် “ဇာဂရ” ဟူသော အကျွန်ုပ်သည်၊ ဇာဂရတ္တာယ= မိုက်မဲစွာလှ မှောင်ကြီးကျ၍ မောဟပျော်မှိန်း တဖိန်းဖိန်းဖြင့် အိပ်ပျော်ခြင်းကင်း နိုးကြားစေခြင်းငှာ၊ ဝါ၊ နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်စေခြင်းငှာ၊ ဝါစကံ= သနားခြင်းကရုဏာ အရင်းခံ ဒေသနာတော် ဉာဏ်ကွန့်မြူးလျှက် အထူးသိမြင် ဟောကြားတော်မူတတ်ပါသော၊ ဇာဂရာဘိ ဇာဂရန္တံ= အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြသူတို့ထက် အလွန်အကြူး အထူးမြင့်မြတ် နိုးကြားတော်မူတတ်သော ဘုရားရှင်ကိုလည်းကောင်း၊ ဇာဂရံ= အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများ၍ နိုးကြားစေကြောင်း ကောင်းမြတ်သော တရားတော်ကိုလည်းကောင်း၊ ဇာဂရာဘိဝံသံ= အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့် နိုးကြားတော်မူခဲ့ကုန်ပြီးသော ဘုရားမြတ်စွာ ပစ္စေကဗုဒ္ဓါနှင့် အရိယာအပေါင်း သူတော်ကောင်းဟူသော မြင့်မြတ်ထင်ပေါ် မြတ်သောအနွယ်တော်ဝင် အရှင်သံဃာတော်ကိုလည်းကောင်း၊ ဝါ- စံညာဂုနန် ဆင့်ရန် တတွေ သူဌေ သုပဏ် ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ နွယ်တော်မပျက် ရွှေရေးဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော်၊ လားရှိုးဆရာတော်၊ ကုန်းသာရွာသီရိမင်္ဂလာကျောင်းဆရာတော်စသော မဟာထေရ်မြတ် အပေါင်းကိုလည်းကောင်း၊ ဇာဂရတ္တံ= ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား ငါးပါးနီဝရဏ အိပ်မောကျလွတ်ကင်း၍ အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်နိုင်ခြင်းအကျိုးငှာ၊ နမေ= ခြေလက်နဖူး တတောင်ဒူးဟု ငါးဦးတည်ရိုး ကော်ရော်မျိုးဖြင့် နှိမ်ချိုးဦးချ ကန်တော့ရှိခိုးပါ၏ဘုရား။

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရစာသင်တိုက်
လယ်တီဝိပဿနာ၊ လယ်တီတောရတရားရိပ်သာ
ကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်

အဂ္ဂမဟာ ပဏ္ဍိတ
ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ
မူလအာဘိဓမ္မိက

# ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်

ပြုစုတော်မူသော

# လယ်တီဝိပဿနာ အမှတ် ( ၅ )

ဟောစဉ်တရားတော်များ

မိခင်စာအုပ်အမှတ် ( ၆၀ )

သာသနာ ၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၆

http://www.dhammadownload.com

အမှန်တရားသည်အောင်ခြင်း
သစ္စာ မေတ္တာ
မိခင်ရေဝတီ

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၃၂၀၈၁၂၀၅၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၇၈၅၀၅၁၂ |
| တန်ဖိုး | ဓမ္မဒါန |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသူ | ဒေါ်ချယ်ရီသိန်း၊ (မြ-၀၃၉၈၁) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ရက်စွဲ | ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ |
| စီစဉ်သူ | မိခင်ရောဝတီစာအုပ်တိုက်မိသားစု |
| မျက်နှာဖုံးဒီဇိုင်း | ဦးစော (**Eagle**) |
| အတွင်းဖလင် | ကိုဦး |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ရွှေခြသေ့ပုံနှိပ်တိုက် |
| စာအုပ်ချုပ် | ကိုမောင်မောင်အုန်းအဖွဲ့ |
| ကွန်ပျူတာစာစီ | နဂါးလိုဏ်ဂူ |

ဖြန့်ချိရေး မိခင်ရောဝတီစာအုပ်တိုက်
တိုက်အမှတ် (၄)၊ အခန်းအမှတ် (၄၀၂)၊ ကျိုက်ဝော်အိမ်ရာ၊
နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနနှင့် ကမ္ဘာ့ဧဘဏ်အနီး
အထက်ပုဇွန်တောင်လမ်းမကြီး၊ ရန်ကုန်မြို့။
☎ ၀၁ - ၇၀၁၄၃၁၊ ၀၉ - ၅၀ - ၁၅၆၁၃

http://www.dhammadownload.com



Bhaddanta Jāgrābhivaṁsa *(Aggamahāpandita; Dvipitakakovida)*, Joint Secretary of State Saṁgha Mahā Nāyaka Committee and presiding Sayadaw of Kalaywa Tawya Sarthintaik Monastic Education Centre, reads out the mettā - diffusing prayer massage named "May there be Peace and Prosperity in the world " at the Silver Jubilee Aniversary ceremony of the SSMNC, held inside the Mahā Pāsāna Cave on 9-7-2005.

http://www.dhammadownload.com

http://www.dhammadownload.com



Bhaddanta Jāgrābhivaṁsa *(Aggamahāpandita; Dvipitakakovida)*, Joint Secretary of State Saṁgha Mahā Nāyaka Committee and presiding Sayadaw of Kalaywa Tawya Sarthintaik Monastic Education Centre, reads out the mettā - diffusing prayer massage named "May there be Peace and Prosperity in the world " at the Silver Jubilee Aniversary ceremony of the SSMNC, held inside the Mahā Pāsāna Cave on 9-7-2005.

http://www.dhammadownload.com

http://www.dhammadownload.com

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယ လယ်တီဆရာတော်ဘုရားကြီးသည် သက်တော် (၅၀)၊ သိက္ခာတော် (၃၀)ခန့်အရတွင် ပရိယတ္တိသာသနာစခန်းမှ ပဋိပတ္တိသာသနာစခန်းသို့ ကြွလှမ်းတော်မူခဲ့သည်။ ပဋိပတ္တိကျင့်စဉ် ပါဠိတော်အရပ်ရပ်ကို သုံးသပ်၍ အာနာပါနကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာသို့ တက်သောလမ်းကို တွေ့ရှိရွေးချယ်တော်မူပြီးနောက် ထိုပါဠိတော်ကျင့်စဉ်ကြီးကို လက်တွေ့အမြဲ ကျင့်သုံးတော်မူခဲ့သည်။

ထို့ကြောင့် လယ်တီဆရာတော် ကျင့်သုံးသော ဝိပဿနာကျင့်စဉ်ဖြစ်၍ လယ်တီဝိပဿနာဟူ၍ အမည်သတ်မှတ် ခေါ်ဆိုကြပါသည်။

လယ်တီဆရာတော်အသစ် တီထွင်သော ဝိပဿနာဟူ၍ကား အဓိပ္ပါယ်မယူဆသင့်ပါ။ သတိပဋ္ဌာန်ပါဠိတော်ကြီးမှလည်းကောင်း၊ အလားတူ ပါဠိတော်ကြီးများမှလည်းကောင်း၊ ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာကြီးများမှလည်းကောင်း နည်းယူထားအပ်သော ခိုင်မာမှန်ကန်သော ဝိပဿနာကျင့်စဉ်များသာ ဖြစ်ပါသည်။

ဤသာသနာ၌ ဘုရားမှအပ မည်သည့်ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရကြောင်း ကမ္မဋ္ဌာန်းတရား အသစ်တစ်ပါးတစ်ခုမျှ မဖော်ထုတ်နိုင်ပါ။ ပါဠိတော် အဋ္ဌကထာလာ ကမ္မဋ္ဌာန်းလေးဆယ်မှ အလွတ်သီးသန့် ကမ္မဋ္ဌာန်းကို မဖော်ထုတ်နိုင်ပါ။ ကမ္မဋ္ဌာန်းလေးဆယ့်တစ်ဟု အသစ်တစ်ခု ရှာဖွေနိုင်ပါက ပါဠိ အဋ္ဌကထာထက် လက်တစ်လုံးကျော် ကမ္မဋ္ဌာန်းသာဖြစ်ပါလိမ့်မည်။ ကမ္မဋ္ဌာန်းအမှန်လည်း မဟုတ်နိုင်ပါ။ လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာဖြစ်ပါသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ထိုစကားကို လေးနက်အောင် ထပ်၍ဆိုပါဦးမည်။ **"လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်"**။

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာကိစ္စသို့ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန်၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသင်္ချေအနန္တ ဖြစ်သွားစမြဲတည်း။

အရှင်သာရိပုတ္တရာသည်-

**ယေဓမ္မာဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော အာဟ။**

ဟူသော စကားနှစ်ခွန်း (၂)ပါဒကို ကြားရုံမျှဖြင့် လောကကြီးကို ဗြဟ္မာဖန်ဆင်းသည်၊ သို့မဟုတ် အကြောင်းမဲ့အလိုလို ဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်းသိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်ဖြင့် ဆိုက်ရောက်ခဲ့သည် မဟုတ်ပါလော။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကိုရှု၍ ဉာဏ်ကွန့်မြူးသောအခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးများ ဖြစ်ပေါ်လာရပြန်သည် မဟုတ်ပါလော။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မူတည်၍ အာနာပါနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်း တစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ ဉာဏ်ကွန့်မြူးချက်တို့ပေတည်း။

ထို့ကြောင့် အာနာပါနပုဗ္ဗင်္ဂမဝိပဿနာကျင့်စဉ်ကို ဆရာတော်ဘုရားကြီးသည် အစ-အလယ်-အဆုံး သုံးသပ်ဆင်ခြင်၍ ဉာဏ်ကျက်စား

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ကွန့်မြူးပြီးမှ အမြဲလက်သုံးကျင့်စဉ်အဖြစ် သတ်မှတ်ကျင့်သုံးတော်မူပါသည်။

ဤ၌ ပဋိပတ္တိတရားတော်ကို စက်ရထားကြီးဥပမာဖြင့် ပြဆိုရာ၏။ ဤပဋိပတ္တိစက်ရထားကြီးကို မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်ပို့နိုင်သော အရှိန်ကြီးမား အားကောင်းလှစွာ၏ဟု တထစ်ချ ယုံကြည်ချက်ကျခြင်းကား သဒ္ဓါ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးကို စက်ရှိန်ဖွင့်နှိုးလိုက်ခြင်းကား သတိပဋ္ဌာန် သတိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးနှိုးသော အချိန်ကစ၍ စက်ရှိန်စက်အား ဝင့်ကြွားစွာ ခုတ်မောင်းခြင်းသည် သမ္မပ္ပဓာန်-ဝီရိယ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားစနက်ပေတည်း။

ထိုစက်ရှိန်အားဖြင့် ခုတ်မောင်းပြေးသွားခြင်း ဒီဃရီမီတာ အရှိန်မကျခိုင်မြဲစွာ တည်ရှိခြင်းကား သမာဓိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်စနက်ပေတည်း။

ထိုသို့ အစဉ်ပြေးသွားသော စက်ရှိန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော လိုရာစခန်းသို့ ဆိုက်ရောက်အောင် ဦးတည်ပေးခြင်း ဆိုက်ရောက်စေခြင်းကား ပညာ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်အချာ ပဓာနစနက်ပေတည်း။

ထိုဥပမာအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါန အခြေခံဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ကျွမ်းကျင်လှစွာ မောင်းနှင်နိုင်စွမ်း ရှိတော်မူခဲ့လေသတည်း။

ထို့ကြောင့် တိပိဋကဝိဒူ ဘာသန္တရဝိဒူ အရှင်အာဒိစ္စဝံသ အရှင်မြတ်က- **"ဤမြန်မာပြည် သာသနာ့သမိုင်း၌ ပိဋကတ်ထဲမှ နိဗ္ဗာန်သွားသောနည်းကို လယ်တီဆရာတော်သာ ထူးခြားစွာ တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏"**ဟူ၍ အာသဘီဝါစာ ထောမနာကို ဆိုတော်မူခဲ့သောဟူ၏။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက် ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးဂိုအင်ကါ၏လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ကါသည် လယ်တီကမ္မဋ္ဌာန်းဝိပဿနာ နည်းပြဆရာကြီးဖြစ်လျက် ထိုဆရာကြီးကို အမှီပြု၍ ကမ္မဋ္ဌာန်းသူ ကမ္မဋ္ဌာန်းသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေ သတည်း။

ယခုအခါ၌ မုံရွာမြို့ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသီရိ၊ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီးငြမ်း ပြု၍ လယ်တီဝိပဿနာ ပဋိပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့ ကလေးဝတောရ စာသင်တိုက်၊ ရန်ကုန်မြို့ ပြည်လမ်း အမှတ် (၃၃၇/က) လယ်တီ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရဟိတ သာသနာပြုဆရာတော်ဖြစ်ပေသော ဒွိပိဋကဓရ မူလအာဘိဓမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရဂ်တတ်မြောက် ရောက်ရှိရရှိတော်မူလေသည်။

လယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသသည် ဒွိပိဋကဓရ အရည်အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေ့ငါးကျမ်းကို အာဂုံပြန်ဆိုနိုင်ခြင်း၊ ဝီရိယ သမာဓိဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေးကို ထောက် ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် **"သူမတူ"** တစ်မူ

http://www.dhammadownload.com



ထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ် (၇)ရက် တရားစခန်း (၉၀)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင်တို့ကို နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်း များစွာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ **"သူမတူ"** တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ်ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေးပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်းဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသောဝိသေသတရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ် (၁၃၃/က) လယ်တီကမ္မဋ္ဌာန်းကျောင်းတိုက်၌ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ကျင်းပရာတွင် ပဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်တရားဟောကြားအပ်သောတရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအမိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူဝိပဿနာတရားတော် ပထမစာအုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

(၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ လယ်တီဝိပဿနာဒုတိယတွဲကျမ်းစာအုပ်ကို ထုတ်ဝေဓမ္မဒါနပြုခဲ့ပြီး ဖြစ်သည်။

(၂၃)ကြိမ်၊ (၂၄)ကြိမ်၊ (၂၅)ကြိမ် စသည်တို့မှာ ဟောကြားအပ်သော တရားတော်တို့ကို စုပေါင်းတတိယတွဲကို ထုတ်ဝေပြီးဖြစ်သည်။ တစ်ဖန် စတုတ္ထတွဲကို ဓမ္မဒါန ထုတ်ဝေပြီးဖြစ်သည်။ ယခုတစ်ဖန် လယ်တီဝိပဿနာ အမှတ်(၅)ကို ဓမ္မဒါန ထုတ်ဝေမည်ဖြစ်သည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြှင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏။ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျော့လာတတ်၏။ ဝိပဿနာပညာ အရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ်၊ ဝီရိယဓာတ် ပညာအရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တာန်၌ ဆန္ဒစသော ဣဒ္ဓိပါတ်တရားအားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြင့်တက်လာလေသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓာန် ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကိုလည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိယတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော ပဥ္စင်္ဂိကမဂ္ဂင်ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် မြင့်တက်လာရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကို အထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည်-

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏ အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖော်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရလေသည်။

(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကို ဖော်ပြ၍ ထိုတရားကောင်း တရားမြတ်

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွားအောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့်အကုသိုလ်အပြစ်၊ ကုသိုလ်နှင့်ကုသိုလ်၏အကျိုး နှစ်မျိုးယှဉ်တွဲ၍ အကုသိုလ်နှင့်အကုသိုလ်အပြစ်မှလွတ်ရန်၊ ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်ဖြင့် တက်အောင် လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပဌမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်းအနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာ မြင်းတို့ကို ဆုံးမသင်ကြားသော မြင်းမှူးဆရာကြီးကေသိကို မိန့်ကြားသောနည်းဖြစ်သည်။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် -

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓာတ်၊ စိတ်ဓာတ်၊ ဝီရိယဓာတ်စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန်အဟုန်မြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားတားသည်ကို အံ့သြစွာတွေ့ရှိရပါသည်။

- **အာဒိတ္တပရိယာယသုတ္တန်**
- **စက္ခာဒိပဉ္စက**
- **သရက်ချိုသီး**
- **နောင်တ (၁၀)ပါး**
- **တရားနဲ့နေတဲ့ဆရာတော်**
- **တရားအာရုံထုံတရားအာရုံနဲ့ငြိမ်းချမ်းနိုင်ကြပါစေ**
- **သာသနာတော်၏ပြည့်စုံမှု**
- **လောကိယစရဏ လောယိကဝိဇ္ဇာ**
- **ပြဟ္မဏစရဏ ပြဟ္မဏဝိဇ္ဇာ**

http://www.dhammadownload.com

ကျမ်းဦးမှတ်ဖွယ် အမှာစကား

- ဣသိစရဏ ဣသိဝိဇ္ဇာ
- ဗုဒ္ဓစရဏ ဗုဒ္ဓဝိဇ္ဇာ
- အမြိုက်အရသာ
- ဝိဇ္ဇာ (၅)မျိုး
- ပဋိရူပ
- ပိလောတိက ကမ္မဋ္ဌာန်း
- ပဒုမ္မာကြာပန်း ကမ္မဋ္ဌာန်း
- ဓာတ်ကမ္မဋ္ဌာန်း အရိယဝိဇ္ဇာလမ်း
- (၆၃)ကြိမ်မြောက်မွေးနေ့ ဓမ္မဒါန
- ရသဂ္ဂသဂ္ဂီလက္ခဏာတော်
- သောတာနုဂတသုတ္တန်
- စွယ်စုံသာသနာပြု
- သူကြွယ်နှင့်တက္ကဒွန်း
- ဇေတဝန်တရားပွဲ
- အရိယာအဆင့်ဆင့်က ဒုစရိုက်ကိုပယ်
- ကြိုက်ရာရွေးလမ်းနှစ်သွယ်
- ဟပ်ချိုး ဆိတ်ဖွား
- အသက် (၆၀)
- ဆုတောင်း

စသည် စသည်ဖြင့် အလွန်လေးနက် နူးညံ့သိမ်မွေ့ ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသော တရားခွန်းများကို တွေ့ရှိရသည်။

မဟာကာရုဏိကံနာထံ
ဥေယျသာဂရ ပါရဂုံ
ဝန္ဒေနိပုဏ ဂမ္ဘီရံ
ဝိစိတြနယ ဒေသနံ။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ဟူ၍ ဥဒါန်းအဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို-

(၁) နိပုဏနယ သိမ်မွေ့သောနည်း၊

(၂) ဂမ္ဘီရနယ နက်နဲသောနည်း၊

(၃) ဝိစိတြနယ ဆန်းကြယ်သောနည်း၊

နှင့် ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော့။

လယ်တီ ဘဒ္ဒန္တဉာဏဂရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင် နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။

ထို့ပြင် လယ်တီဘဒ္ဒန္တဉာဏဂရာဘိဝံသ၏ တရားဒေသနာ၌-

(၁) သတ္ထ- အနက်အဓိပ္ပါယ်ကောင်းပါရှိခြင်း၊

(၂) သဗျဥ္ဇန- ချောမောပြေပြစ် ကျစ်လျစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း၊

(၃) ကေဝလပရိပုဏ္ဏ- ပယ်နှုတ်စရာမရှိအောင် ဘက်စုံပြည့်ဝခြင်း၊

(၄) ပရိသုဒ္ဓ ဗြဟ္မစရိယပ္ပကာသက- စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော မြတ်သော ပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ ပြထားခြင်း၊

ဤတရားကောင်းလက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြု ဟောကြားထားသည်ကိုလည်း တွေ့ရှိရသည်။ ထို့ပြင်-

(၁) အာဒိကလျာဏ- ပထမပိုင်း နိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။

(၂) မဇ္ဈေကလျာဏ- အလယ်ပိုင်းတရားကား နိဒ္ဒေသကို ပြသဖြင့် တစ်ဆင့်တက် ကောင်းမြတ်လှပါသည်။

(၃) ပရိယောသာနကလျာဏ- နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီဝိပဿနာ ကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုန် တရားစခန်းရက်အတွင်း

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ဉာဏ်အလင်းဓာတ်ကြီး ပေါက်ရောက်၍ မျက်မှောက်
ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကို
ပြသဖြင့် ထပ်ဆင့်ကောင်းမြတ်လှပါသည်။

ဤသို့လည်း ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဝါကျတ္ထဒီပနီကျမ်းပြု မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိက တပည့်ဖြစ်၍လည်း ကျဉ်းကျယ်၊ ကြောင်းကျိုး သာမညဝိသေသ၊ သာဓက စသော စကားဝါကျအသွားအလာ၌ အလွန်နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက် ချောပြေစေ့စပ်အောင် ဟောစွမ်းနိုင်ပါသည်။ **"ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာ၊ ပုဒ်မှာ၊ ပုဒ်ထပ်၊ ပုဒ်ဟောစပ်"**ဟူသော ပဒဝါကျ သမ္ဗန္ဓ ယောဇနာ နည်းစနစ် (၆)မျိုးကို ကျမ်းရိုးကျန တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံး၊ ပတ္တမြားကုံးများကဲ့သို့ အနေအထားခွဲခြား စေ့စပ်သပ်ရပ် မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်း ရှိပါပေသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစက စာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍဝါဒ သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖော်ပြကာ ဟောကြားနိုင်ပါပေသည်။

ဉာတ်ကောက်၊ အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက် စသော အရကောက် အဓိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကြုံးပိုင်ပိုင် ဆွဲဆောင်နိုင်သော လိုရင်းအကျဉ်းအကျယ် မှတ်သားဖွယ် ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ပါဠိတော်ကြီးများ၏ အသွားအလာ နည်းနာနိဿယကို ကောင်းစွာ အာဂုံရမိ သိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့် ဖော်ပြချဲ့ထွင် ဟောကြားနိုင်ပါသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

စာချ၊ စာသင်၊ စာပြင်၊ စာပြု၊ စာရှု၊ စာမှတ်၊ စာဆုံးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ (၇)ဖြာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ ပါဠိ အဋ္ဌကထာ အာစရိယ ဝါဒနည်းပေါင်း ခြုံရုံ၍ ဒိဗ္ဗိပိဋကဓရ ခွန်အားအပြည့်ဖြင့် ဟောကြားထား သည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမား လယ်ထွန်တရားဖြင့် ချေချွတ်ဟောကြားသည်။

(၂) ဂျွမ်းမင်းသား ဥဂ္ဂသေနအား တစ်ပတ်ဂျွမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

(၃) ဆွမ်းသုံးကြိမ် ထပ်၍ ခံယူသဖြင့် ငြီးတွားသော ဥဒယပုဏ္ဏား အား ထပ်ကာထပ်ကာ ပြုကျင့်ရာ တရား (၁၆)ပါးကို ဟောကြား ဆုံးမတော်မူသည်။

(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကို ဟောကြားတော်မူသည်။ မီးပူဇော်သော ရသေ့များ အား မီးလောင်ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ် ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါရဇပုဏ္ဏားအား လက်ဆောင်ပေးဥပမာပြ၍ သင်ပုဏ္ဏား ဆဲသမျှ လက်ဆောင် ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွား ပေရော့ဟု ပြောဆိုပြီး တရားကို ဟောကြားသဖြင့် အဆဲသမား ကြီး ရဟန္တာဖြစ်ပွားရပေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီတို့အား သူတို့ထက်အလှကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ်တိုင် အောင် နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမများ အဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

http://www.dhammadownload.com



(၇) ညဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်းပေးပြီး လက်ဖြင့်ချေစေ၍ မြူအညစ်အကြေးကို (ဆောင်တယ်၊ သုတ်တယ်)လို့ နှလုံးသွင်းလေဟု ဟောကြား လိုက်သဖြင့် ပုဝါဖြူလေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းသည်-

- ရာဂဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- ဒေါသဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန်ခုန် မြူမှုန်မဟုတ်ပြီ။
- ကိလေသာမြူကင်းအောင်မှု ကျင့်သူကင်းလိမ့်မည်။
- ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။

ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီးဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓကိုမှီအောင် မလိုက်နိုင်သဖြင့် "ရဟန်းရပ်လော့"ဟု ဆို၏။ ဗုဒ္ဓသည် ရပ်လော့ဟူသော စကားကိုအခြေခံ၍ "ဟဲ့- အင်္ဂုလိမာလ သင်သာမရပ်၊ ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေး သွားပြီ၊ ထာဝရ ရပ်တန့်နေပြီ"ဟု စကားအကျဉ်း မိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏သံသရာ၌ ပြေးသွားနေပုံ၊ ရပ်ပုံကို ဟောကြား သဖြင့် အင်္ဂုလိမာလသည် ရဟန္တာကြီးဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါန၊ သီလ၊ ဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။

(၁) ဒါနဆိုတာ ဘာတဲ့လဲ၊ စည်းစိမ်ချမ်းသာ ရှာတာဘဲ။

(၂) သီလဆိုတာ ဘာတဲ့လဲ၊ ဘဝကောင်းကို ရှာတာဘဲ။

(၃) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ၊ နိဗ္ဗာန်ချမ်းသာ ရှာတာဘဲ။

ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ဝိပဿနာယောဂီ သူတော်စင်ဖြစ်အောင် ဟောကြားတော်မူသည်။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင်ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲ ဆန်းကြယ် ကြည်ညိုမှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါသည်။

### တိုက်တွန်းချက်

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ အစဉ်ရှုမှတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ်လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောပေးနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်၏ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသည်။

**ကေမူလာ ကေကဏ္ဍော၊ တထောသာခါ ပဘိဇ္ဇရေ**
**တထာပလာသ ပဏ္ဏာနိ၊ ဇဝံနာနာနိ ကာယကာ**
**နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိဇ္ဇရေ**
**သောဂတောနတထေရာနံ၊ နယံ သေဝေယျ ပဏ္ဍိတော**
**သောဂတညော နတာနံတု၊ နဟိသေဝေယျ သဇ္ဇနော။**

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အခက် အရွက်များစွာ ဗလဖွာဖြာကွဲထွက်ကုန်၏။

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူအမြစ်မှ သံဃာတည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိ ရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာသာ ဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာတော်သာ ဖြစ်လေ၏။

သာသနာနောက်ဖျား၌မူကား-

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့်အဆက်ဆက် အခက်အလက်တို့အား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ဗလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + သြနတ + ထေရ = ပါဠိတော်မြတ်ကို ဦးညွတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲ ဆည်းကပ်ကျင့်သုံးရာ၏။

သောဂတ + အညု + သြနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ တရားလက်သစ် နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှီဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသိရှိရာသတည်း။

**လယ်တီဘဒ္ဒန္တကုဏ္ဍလ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပဓာန နာယကဆရာတော်**
**အရှေ့လယ်တီတိုက်၊ မုံရွာမြို့။**

http://www.dhammadownload.com

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်**
**နာဂလိုဏ်ဂူဘုရားကုန်းမြေ**
**ကလေးဝတောရကျောင်းစာသင်တိုက်**
**လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင် (၁)**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ**
**အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)**
**မဟာသန္တိသုခနှင့်အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်**
**ဩဝါဒါစရိယ**
**အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ**
**မူလအာဘိဓမ္မိက**
**ပရိယတ္တိသာသနဟိတဓရ**

# ဘဒ္ဒန္တဇာဂရာဘိဝံသ

**၏**

# ဘဝဖြစ်စဉ်

## ဇာတိဋ္ဌာန မွေးရပ်မြေ

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ - မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဉ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

## ကျောင်းအပ်ပညာသင်ခြင်း

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏ အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော် ဦးစန္ဒိမာ၊ ဆရာတော် ဦးကုမုဒ၊

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

ဆရာတော် ဦးဉာဏဝံသ တို့ထံအပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

### ရှင်သာမဏေဘဝ

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ - အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင် - အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော်-မယ်တော်တို့က ရှင်ဒါယကာ - ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရဖြစ်သည်။

### စာသင်ထွက်ခဲ့ခြင်း

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော် ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရ ကျောင်းတိုက် ကျွမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်တည် မဟာနာယက ပထမ ဆရာတော်ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တကုမုဒနှင့် စာချဆရာတော်များဖြစ်ကြသော -

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ်၊ ဓမ္မိကာရုံ ဆရာတော်
- အရှင်သြဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို ရေဝန်းကျောင်းဆရာတော်)
- အရှင်ပညာသီရိ (ယခု ဟုမ္မလင်းမြို့၊ သဝန်ရွာဆရာတော်)

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

- အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတ ကျောင်းဆရာတော်)
- အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)
- အရှင်ပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက် ပဓာန နာယကဆရာတော် တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသီဓ ဓမ္မစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊
- စာချဆရာတော် ဘဒ္ဒန္တမာလာသီရိ (ယခု နိုင်ငံတော်သြဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီတိုက် ပဓာနနာယကဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ်တို့ကို သင်ယူခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှအဆုံးတိုင် အောင် သင်ကြားခဲ့ရသည်။

ဆရာတော်ဘုရား စာချစဉ်နှင့် ညဥ့်အသုံးပြုတော်မူသော ထွေးခံကြီးနှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြု ဆောင်ရွက်ခဲ့သည်မှာ (၁၅)နှစ်ခန့်ဖြစ်သည်။

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

### ရဟန်းဒါယကာ ဒါယိကာမများ

မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင်ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ တနင်္လာနေ့တွင် မုံရွာမြို့၊ တရုတ်တန်း ဇေယျသုခဆန်စက်ပိုင်ရှင် ဦးဘရွှေ - ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ရဟန်းဒါယကာ - ဒါယိကာမများက ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၆၇)ကြိမ်တိုင်တိုင် သိက္ခာထပ်တင် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

### ပဓုက္ကူစာသင်နည်း

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း ပါဠိဘာသာဖြင့် အောင်မြင်ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော် မူရာ **"သုဝဏ္ဏဝတီတိုက်"**ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာယိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒ စသော ဂဏဝါစကဆရာတော်များ ထံတော်တွင် နိကာယ် ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာများနှင့်တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေးချီးမြှောက်မှုကို ခံယူရရှိခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

## မန္တလေးစာသင်နည်း

မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် သံချောင်းဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူငွေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တါအာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃ မဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း ရွှေရေးဆောင်နည်း ကို သင်ယူခဲ့သည်။

## လားရှိုးမြို့

၁၃၂၁ ခုနှစ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ မဟာဗောဓာရုံကျောင်းတိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ) မြို့လယ်ကျောင်းဆရာတော်၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူ နေထိုင်ခဲ့သည်။

## အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်း အမှတ် ဝိနည်းစာပြန်ပွဲတွင် **"ပထမ"**ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမ ငယ်တန်း"** ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမ လတ်တန်း"** ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမ ကြီးတန်း"**ကို ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့ သပြေပင်တောရကျောင်း

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမဆင့် ပထမ၊ ဒုတိယအဆင့် ဒုတိယ၊ တတိယအဆင့် ပထမ အောင်မြင်ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန် နှင့် အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း (၁)ဝါရတွင် **"ပါရာဇိကဏ်"** ကျမ်းကို အောင်မြင်ခဲ့သည်။ ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း **"ပါဠိဘာသာ"**ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာ)ဖြင့် ရခဲ့သည်။

ရဟန်း (၂)ဝါအရတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ် သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဒီဃဘာဏက"**ဘွဲ့ပုံ လက်မှတ်ရရှိခဲ့သည်။

ရဟန်း (၄)ဝါအရတွင် **"မဟာဝဂ္ဂါဒိ"** မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် **"သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ"** ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း (၅)ဝါအရတွင် **"သုတ္တန္တ ပိဋက ဒီဃနိကာယ်"** ရေးဖြေ စာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် **"ဒီဃနိကာယ ကောဝိဒ"**ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။

ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက် ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

ဒီဃဘာဏကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့ တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင်တောရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးကုမုဒတို့က ဦးဆောင်လျက် တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပ ချီးမြှောက်မှုခံခဲ့ရသည်။

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

ရဟန်း (၁၀)ဝါအရတွင် စာမျက်နှာ (၂၂၆၀)ပါရှိသော ဝိနယပိဋကတော်ကို တစ်နှစ်တည်း အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီထီးဖြူတော်နှစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဝိနယဓရ"**ဘွဲ့လက်မှတ်ကို ရရှိတော်မူခဲ့သည်။

ရဟန်း (၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း (၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော် **"ဝိနယကောဝိဒ"**ဘွဲ့ပံုလက်မှတ် ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသဖြင့် **"ဂုဏ်ပြုပူဇော်ပွဲ"**ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက် လယ်တီနိကာယဉက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရ သပြေပင်တောရဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ၊ စစ်ကိုင်းတိုင်း ကောင်စီဥက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဥက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း (၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း၊ စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြုလက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝ အဘိုးဆရာတော်ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ ကျရှုံးခြင်းမရှိပဲ အောင်မြင်ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိမှုန်ဝါး ဖြစ်ခဲ့ငြားလည်း -

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"

"လူအညံ့စား ကိုယ့်အားမပိုင်"

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

“ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်”

“ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်”

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့်ပေးတော်မူခဲ့သည်။

## နိုင်ငံတော်အစိုးရနှင့် ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုတံဆိပ် (၄)ခု ဂုဏ်ပြုဘွဲ့ဆိပ်များ

ပရိယတ္တိစာပေများ နှစ်ပေါင်း (၄၀)ကျော် ပို့ချလျက် သာသနာ့တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့်-

- ၁၃၅၇ခုနှစ်တွင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က “အဂ္ဂမဟာဂန္ထဝါစက” ပထမစာချဘွဲ့တံဆိပ်တော်၊
- ၁၃၆၀ ပြည့်နှစ်တွင် သက်တော် (၅၈)နှစ်၊ သိက္ခာတော် (၃၈)ဝါအရတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

## ပခုက္ကူရာပြည့်ဂုဏ်ပြုဘွဲ့ပုံလက်မှတ်များ

၁၃၅၈ ခုနှစ်တွင် ပခုက္ကူစာချနည်း တီထွင်သည့် “ရာပြည့်အထိမ်းအမှတ်” “မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏအနုနာယက”ဘွဲ့ပုံလက်မှတ်နှင့် ၁၃၆၅ ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမအလယ်တိုက်ကြီး တည်ထောင်သည့် ရာပြည့်အထိမ်းအမှတ် “မဟာဝိသုတာရာမိက” ဘွဲ့ပုံလက်မှတ်တို့ကို ချီးမြှင့်ခံရသည်။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး (၄)ပါးတို့၏ ဓါတ်ပုံကြီး (၄)ပုံ ကူးယူပူဇော်ခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

## မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်ဂုဏဝိသိဋ္ဌဘွဲ့

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သက်ျသီဟ အသင်းကြီးသည် ပရိယတ္တိ သာသနာတော်အကျိုး ဆောင်သည်ပိုးရန် ၁၂၆၀ ပြည့်နှစ်က တည်ထောင်ခဲ့၍ ၁၃၆၀ ပြည့်နှစ်တွင် ရာပြည့်ပွဲသဘင်ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ ရာပြည့် ပရိယတ္တိသာသနာဟိတ သက်ျသီဟ အသင်းကြီးက စာပေကျမ်းဂန် ပို့ချတော်မူကြသော ဆရာတော်များအား ဂုဏဝိသိဋ္ဌဂုဏ်ပြုလက်မှတ် ဆက်ကပ်ခဲ့ရာ ကလေးဝဆရာတော်အား "ပရိယတ္တိသာသနဟိတဓရ"ဟူသော ဂုဏ်ထူးဆောင်ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ခဲ့သည်။

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြဿဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ဖြစ်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ ဒုတိယအဓိပတိဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၌ ဥက္ကဋ္ဌတစ်နေရာ ထပ်မံရွေးချယ်ခဲ့ရာ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)ဖြစ်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဥက္ကဋ္ဌနေရာ အရွေးချယ်ခံရပြီး ထေရ်စဉ်ဝါစဉ်အလိုက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ (၂)အဖြစ်ဖြင့် ဆောင်ရွက်ခွင့်ရခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

**ကျမ်းဂန်ရေးသားပြုစုခြင်း**

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော် သည် သပြေပင်တောရဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိ ရေးပြောနည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃)၊ (၄) တို့ကို ရေးသားပြီး ဓမ္မဒါနလှူဒါန်းခဲ့သည်။

**ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း**

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်း အာမိသတရားဓမ္မဖြင့် ချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ် ပင့်လျှောက်၍ ပူဇော်ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။

**စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထားကိုးကွယ်ခြင်း**

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့၊ နာဂလိုဏ်ဂူကလေးဝ တောရစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ -

- မုံရွာသပြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့ မြသိန်းတန် စာသင်တိုက်၊
- ဒဂုံမြို့သစ်မြောက်ပိုင်း မင်္ဂလာရာမ စာသင်တိုက်၊
- မန္တလေးမြို့ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့ မဟာဇေယျမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့ မဟာပဒုမဝိနယဓရ စာသင်တိုက်၊
- ဗဟန်း ဃောဇနာရာမ စာသင်တိုက်၊

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ ၏ ဘဝဖြစ်စဉ်

- ချောင်းဦးမြို့ ကိုင်းဆယ်ရွာ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ပရိယတ္တိ စာသင်တိုက်၊
- လှည်းကူးမြို့၊ ရွှေကြာရံလယ်တီတောရရိပ်သာ၊
- ပဲခူးမြို့၊ မဟာကြီးဘုရားကျောင်းစာသင်တိုက်၊
- ပျော်ဘွယ်မြို့၊ ရှားတောဓမ္မရိပ်သာ၊
- မန္တလေးမြို့ သမင္ဂရာမပညာဒါနကျောင်းတိုက်၊
- မိုးဗြဲ လယ်တီတောရရိပ်သာ၊

တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း (၄)ဝါရမှ စ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ (၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

http://www.dhammadownload.com

# နာဂလိုဏ်ဂူ ကလေးဝဆရာတော်
# ယနေ့ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

**ကျောင်း (၅)မျိုး**

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများ ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့်ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့ဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စသောပညာရပ်များ (အခမဲ့)သင်ကြားပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ်တွင် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ **"ကျောင်း"** အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

၁။ တရားရိပ်သာကျောင်း

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ

၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်းကြီးများ

၄။ အကြည်ညိုခံသာသနာပြုကျောင်း

၅။ ကလေးသူငယ်များအား စာပေပညာသင်ကြားပေးသည့် (ဘ-က)ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရသည်။

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

**သာသနာပြုစခန်း (၄)မျိုး**

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှမ်းတင် ဘာဝနာတရားကို ဟောကြား၍ ကျမ်း(၅)ကျမ်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ် ၁-၃-၄-၅ အမျိုးအစားကျောင်းစွာတို့ကို ဦးဆောင်ဖွင့်လှစ်၍၊ (၂) အမျိုးအစားကို ပွင့်လင်းရန် စီမံလျှက် မိမိ၏သာသနာပြုစွမ်းအားကို မြင့်မားစေတော်မူလျက် ရှိသည်။

**နံပါတ် (၅)အမျိုးအစားကျောင်း**

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်း ဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသားကလေး သူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောလ်ပင် စသည် မဝယ်ရစေဘဲ) အခမဲ့ပညာသင်ကြားခွင့်ရသော ပညာရေးကျောင်းကြီး ဖြစ်အောင် ဆောင်ရွက်နိုင်လေပြီ။ ကျေးဇူးရှင် မူလကလေးဝဆရာတော် ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော် အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော ကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား ကလေးသူငယ်များအား **"စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ"** ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ် မြှင့်တင်တော်မူလျက် ရှိသည်။

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

## နံပါတ်(၁)တရားရိပ်သာကျောင်း

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့ လယ်တီဝိပဿနာကမ္မဋ္ဌာန်းတိုက်ကို လက်ခံရရှိတော်မူသော လယ်တီ၏မြေး၊ လယ်တီသွေး၊ လယ်တီဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်ရှိသော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌ မှေးမှိန်လျက်ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာဓာတ်အလင်းရောင် ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသော ဆန္ဒဖြင့် လယ်တီတရားရိပ်သာများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားစခန်း (၉၀)ကြိမ်၊ အခြားဌာနပေါင်း (၁၀၀)ကျော်တို့၌ (၇)ရက်တရားစခန်း ပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးကူညီတော်မူသည်။ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီဝိပဿနာပြန့်ပွားရေး အားသစ်တော်မူလျက်ရှိသည်။ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သည် ရန်ကုန်မြို့၊ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ် ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားနာပွားများရယူရာ ဖြစ်သည်။

## နံပါတ် (၄)အမျိုးအစားစာသင်တိုက်

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေးဝတောရကျောင်းစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက်များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

http://www.dhammadownload.com



**ပြည်ပသာသနာပြုလုပ်ငန်း**

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်း သင်ပြခြင်း၊ ဗုဒ္ဓသာသနာတော်ဆိုင် မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူသည်။

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်**

နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် ပထမအကြိမ် မြို့နယ်ဝန်ဆောင် ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် ၁၆-၆-၉၁ နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ပဉ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ တနင်္လာနေ့၊ ၅-၃-၂၀၀၁ နေ့မှစ၍ (၂၅)ရာခိုင်နှုန်းစီမံချက် စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင် ထပ်မံထမ်းဆောင်ခွင့် ရရှိသည်။

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၂၄-၃-၂၀၀၅ နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင် (၁) တာဝန် ထပ်မံထမ်းဆောင်တော်မူသည်။

**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့**

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် တောတောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်း၊ သံခိပ်ကျမ်း၊ ပါဠိကျမ်း (၁၀၀)ကျော် ရေးသားပြီး

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

ဤကမ္ဘာ့လူထုအား ဝိဇ္ဇာဓာတ်အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါကျမ်းပေါင်းများစွာကို မူကောင်းမူသန့် ရရှိစေရေး၊ ထွန်းကားပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်လျှက်ရှိရာတွင် နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန် ယူလျှက်ရှိသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၌ ဒီပနီ(၁၀)ကျမ်း (အင်္ဂလိပ်စာမူ)ကို အုပ်ရေ (၂၀၀၀)ရိုက်နှိပ် ဓမ္မဒါန ပြုတော်မူသည်။

### လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့

ဗုဒ္ဓဒေသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ကကို စတင်ဦးဆောင်ဖွဲ့စည်းတော်မူခဲ့သည်။ ဌာနပေါင်း (၁၀၀)ကျော်တို့၌ တရားစခန်းများ ဖွင့်စေတော်မူခဲ့သည်။

### လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့

ထို့အတူ လယ်တီကမ္မဋ္ဌာနာစရိယများအား သင်တန်းပေး၍ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ကို ဖွဲ့စည်းလျက် ဝိပဿနာပြန့်ပွားရေး ဆောင်ရွက်ရာတွင် လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

### ကျေးလက်ဒေသဖွံ့ဖြိုးရေး

ကလေးဝဆရာတော်သည် တောင်ပေါ်ဒေသ နယ်စပ်ဒေသများ ကျေးလက်ဒေသပညာရေး စသည် တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

မိမိဖွားမြင်ရာဒေသရှိ စေတီပုထိုးများပြုပြင် ထီးတော်တင်ခြင်း၊ အစိုးရ အလယ်တန်းကျောင်းဖွင့်နိုင်အောင် ဆောင်ရွက်ခြင်း၊ ကျေးလက်ကျန်းမာ ဆေးခန်း မြေနှင့်အဆောက်အဦများ လှူဒါန်းခြင်း စသည့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးကို အားပေးဆောင်ရွက်တော်မူသည်။

**အနွယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများအား ထိန်းသိမ်း စောင့်ရှောက်စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့**

ကျေးဇူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ လယ်တီနိကာယ သပြေပင်တောရကျောင်းစာသင်တိုက်၊ ပထမ ပဓာန မဟာနယက ဝါကျွတ္ထဒီပကာဒိကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ မဟာထေရ်၊ ဒုတိယ မြောက် ပဓာန နာယကအရှည်ဝါသီ ဓုတင်္ဂဓရ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြု ပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဇူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အနွယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ် ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်၊ ၁၉-၁၀-၂၀၀၂ နေ့က စတင်ဦးဆောင်ဖွဲ့စည်းလျှက် သာသနာ တော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

**စွယ်စုံသာသနာပြု**

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများက ပေးစွန့်၍ လက်ခံ ရယူခဲ့သော ကျောင်းတိုက်များကို ပရိယတ္တိစာသင်တိုက်၊ ပဋိပတ္တိတရား ရိပ်သာအဖြစ် ရောက်ရှိအောင် ဆောင်ရွက်၍ ဖော်ပြပါအတိုင်း စွယ်စုံ သာသနာပြုတော်မူသည်။ ရရှိထားသော ကျောင်းတိုက်များကိုလည်း သင့်လျှော်ရာပုဂ္ဂိုလ်များအား လွှဲအပ်လှူဒါန်းတော်မူသည်။

၁။ ကျေးဇူးတော်ရှင် မူလကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့် ပေးသနားတော်မူခဲ့သော နာဂလိုဏ်ဂူကလေးဝတောရကျောင်းကို

http://www.dhammadownload.com



ရဟန်း၊ သာမဏေ၊ သီလရှင် တစ်ထောင့်သုံးရာကျော်(၁၃၀၀)ကျော် သီတင်းသုံး၍ ပညာရည်နို့သောက်စို့ရာ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား ကလေးသူငယ်များ သာသနာ့နွယ်ဝင်သီလရှင်များ နေထိုင်ပညာ သင်ယူရာ စာသင်တိုက်ကြီး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နန္ဒမူ ရိပ်သာအဖြစ်ရောက်အောင် ဆောင်ရွက်၍ အနွယ်တော်ဝင် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့အား လွှဲအပ်ထားပြီးဖြစ်သည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့် တော်မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ ဓမ္မာစရိယအားလွှဲအပ်၍ ကျောင်းသား (၅၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ် သို့ ရောက်ရှိစေတော်မူသည်။

၄။ ပဲခူးမြို့၊ အနောက်တောရှေးဟောင်းသမိုင်းဝင် မဟာကြီးစေတီ တော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော် မူသည်။

၅။ မုံရွာမြို့၊ ရှမ်းတော်ရပ်၊ သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီ ဝိပဿနာတရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့၊ မင်းကြီးတောင်တန်း ဗေဒါရီဂူနန်း ကလေးဝတောရ ကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်ထားပါ သည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုဒ် ရွှေရေး တောင်ကျောင်းတိုက် သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော်

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

ဘဒ္ဒန္တစန္ဒိမာ မဟာထေရ် ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တ သုဒဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာ စာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမကျောင်းတိုက် ဆရာတော်ကြီး၏ ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ(၂)ပါးတို့ကို တာဝန်ပေးကာ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အား အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။

၁၀။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ စည်ကား (၂)ရပ်ကွက်၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းဖွင့်၍ နယ်စပ်ဒေသ၊ တောင်တန်းဒေသ၌ သမထဝိပဿနာ ထွန်းကားစေခဲ့သည်။

၁၁။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇/က)၊ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဇံပါ ဂေါပကအဖွဲ့က (၄၇)စုံညီ၏ ဩဝါဒကို ခံယူ၍ (၂)ကြိမ်တိုင်တိုင် စာချုပ်ချုပ်ဆိုအပ်နှံလှူဒါန်းသည်ကို လက်ခံလျှက် ကြီးတဖုတ်ဖုတ် လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့အစည်း အဆင့်မြင့် (၄၇)စုံညီ (၄)ကြိမ်တိုင်တိုင် သန့်စင်အောင် ရှင်းလင်းသုတ်သင် အဆုံးအဖြတ်ခံယူ၍ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ လယ်တီဝိပဿနာ (၉၀)ကြိမ်မြောက်တိုင် ရှိခဲ့ပြီ။ အဆိုပါ လယ်တီမူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့် ရှင်းလင်းအောင် ဆောင်ရွက် အကောင်အထည်ဖော်ပြီး အန္တယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေးနာယကအဖွဲ့ လွှဲအပ်ထားပြီးဖြစ်သည်။ အန္တယ်တော်ဝင် ဘုရား

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

ကျောင်းကန် စေတီပုထိုး (၁၇)ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဖွဲ့စည်း၍ စောင့်ရှောက် စေလျှက် ရှိသည်။

ဤသို့လျှင် ကလေးဝဆရာတော်သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန် သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင် များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါး ဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော **"စွယ်စုံသာသနာပြု"** အရှင်မြတ်တစ်ပါး ဖြစ်တော်မူသည်။

### ဆရာတော်၏အစီခွာန် (၁)

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်း ငါ့ကြောင့်
အေးစေမည်။ ။

### ဆရာတော်၏အစီခွာန် (၂)

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှားငါကြိုက် ငါမလိုက်တည့်
ငါကြိုက်ငါမျိုး ငါ့တန်ခိုးဖြင့်
ငါ့မျိုးငါ့ဆွေ၊ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ၊ ငါခန္ဓာဖြင့်
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုးငါဇာတ် မြတ်စေမည်။ ။

**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

ဿဿဿ

http://www.dhammadownload.com

# လယ်တီဒီပသနာ

## နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ အားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ လက်ဆင့်ကမ်း ပခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၉ တာ ကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်၊ နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ဘဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူသူ၊ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သော ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဒီပသနာ (၇)ရက် တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဒီပသနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန် ကြည့်ရှုလိုသူများအတွက် အသံမှ တစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနပြုရန် စီစဉ်ရပါသည်။

### ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး

နေဝန်း၊ လဝန်း၊ ဘုရားဟောကြားတရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြားတရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါသည်။ သာသနာတော် တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး ပွားတိုး နိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလ

http://www.dhammadownload.com



အမြစ် ကြီးပွားနိုင်ပါသည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာ မဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

**အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး**

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား၊ ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ် အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ၊ နာကြားခွင့်ရပါမှ တိုးပွားနိုင်၊ ဖြစ်ပွားနိုင်ပါသည်။

ဘုရား၊ ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ၊ ပြောသံကို မနာကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ ပင်ထွက်ဉာဏ်သည် အလိုလို မရှင်မသန် မကြီးထွားနိုင်ပါပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒအမျိုးမျိုးတို့ကို ဆရာ အမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ် ကမ္ဘာလူသားတို့သည် ဆရာအမျိုးမျိုး၊ ဘုရားအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်နေကြသော နာနာသတ္တာရဉလ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျက်နေရပေသည်။ အယူမှန်၊ အမြင်မှန် ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားရန် အခွင့်အလမ်းရဖို့ပင် အင်မတန်ခက်ခဲလှ ပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့် ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင် မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော် တို့ကို မူရင်းမပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော် ရေးသားကြရသည်။

ဘုန်းကြီးတို့၏ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး ပြန်ဆို၍ ဘာသာခြားတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ အဆင့်ဆင့်

http://www.dhammadownload.com

# နိဒါန်း

ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသားထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား၊ ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျင်လျင်မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ (၅)ကို ဟောအပ်ရေးသားအပ်ပါသည်။

မိလိန္ဒပဉှာလာ ယောဂီ၏ ဖော်ပြပါ မိုး၏ပုံပမာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင် ဖြာနိုင်ပါစေဟု အဖွင့်နိဒါန်း ပျိုးအပ်ပါသည်။

**မိုး၏ဂုဏ်**

၁။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြူခိုးညစ်ထေ ငြိမ်းစေလေသို့ ကိလေညစ်ကျူ ငြိမ်းစေမူ ပြုလေယောဂီတို့။

၂။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြေခိုးမြေငွေ့ ငြိမ်းလေစေ့သို့ ဖြန့်ဝေမေတ္တာ ငြိမ်းစေရာ၏။

၃။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မျှားမျိုးစေ့ကို ပေါက်ဖွားစေသို့ မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာသုံးမျိုး ပွားတိုးစေဌာ ပြုကျင့်ရာ၏။

၄။ မိုးခါသွန်းဖြိုး ရွာသည့်မိုးလျှင် ပွားတိုးမြေပြင် နွယ်သစ်ပင်ကို အစဉ်ချီးမြှောက် စောင့်ရှောက်တတ်သော ယောနိသောဖြင့် ဓမ္မောသဘာဝ စောင့်ရှောက်ရ၏။

၅။ မိုးခါသွန်းဖြိုး ရွာသည့်မိုးကြောင့် ပြည့်ဖြိုးရေကန် စချပြည့်လျှံသို့ ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာမိုးပေါက် ရွာသွန်းမြှောက်၍ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်လို မျှားထိုထိုတို့

http://www.dhammadownload.com

## နိဒါန်း

စိတ်အလိုဆန္ဒ ပြည့်ဝစေဌာ ဗောဓနေယျံ ဂါထာပြန်လျှင် အံ့ဝင်ခွင်ကျ ဖြစ်ကြမည်ရေး မျှော်ထောက်တွေး -

**ဗောဓနေယျံ ဇနံ ဒိသွာ၊**
**သတသဟဿေပိ ယောဇနေ။**
**ခဏေန ဥပဂန္တွာ၊**
**ဗောဓေသိ တံ မဟာမုနိ။**

မဟာမုနိ= မြတ်စွာဘုရားသည်၊ သတသဟဿေပိ ယောဇနေ= ယူဇနတစ်သောင်းထက်၌လည်း တည်နေသော၊ ဗောဓနေယျံ ဇနံ= ကျွတ်ထိုက်သောသတ္တဝါကို သစ္စာလေးပါး သိနိုင်မည့်ပုဂ္ဂိုလ်ကို၊ ဒိသွာ= မြင်တော်မူ၍၊ ခဏေန= ခဏချင်း၊ ဥပဂန္တွာ= အပင်ပန်းခံ ကြွသွားတော်မူ၍၊ တံ= ထိုကျွတ်ထိုက်သောသူကို၊ ဗောဓေသိ= ကောင်းစွာသိစေတော်မူခဲ့လေပြီ။ ဝါ= တရားဓမ္မဟောဖော်ပြ၍ သစ္စာလေးလီ သိစေတော်မူခဲ့လေပြီ။

### ပညာကြီးရှင် ဉာဏ်ကောင်းဆင်

မဟာထေရ်ထူး အမျိုးပြုဆောင်
ကျွန်းသီဟိုဠ်ပေါ် ထေရ်ကျော်ငါးရာ
ရဟန္တာဝသီ သမ္ဘိဒါပတ္တ
သံဃိန္ဒတို့ ဘုရားမိန့်ရွတ် ပိဋကတ်ကို
မွတ်မွတ်ဖြူဖွေး ပေထက်ရေး၍
ဆေးလည်းကြပ်ကြပ် အထပ်တစ်ရာ တည်းဖြတ်ပါလည်း
အက္ခရာပုဒ်ဆွေ့ မှားယွင်းသေး၏။
ညစ်ကြေးစပ်ယှဉ် ပုထုဇဉ်သာ
ငါတို့မှာကား မမှားဘယ်သို့ ရှိရာတို့နည်း
ယွင်းချို့အက္ခရာ ပျက်သုန်ရာ၌
ပညာကြီးရှင် ဉာဏ်ကောင်းဆင်၍ မြင်စေသတည်း။

http://www.dhammadownload.com

# နိဒါန်း

## "ဤခေတ်ဖွားရှင် သတိဆင်လော့"

ကျောက်သံကြေးဟူ အဏုမြူဟု
ချုံးကလီးယားခေတ်စားစား၌ ခေတ်အားလျော်စွာ
ပညာနုရင့် အဆင့်ဆင့်ဖြင့်
ဖောင်နှင့်ထမ်းစင် လှေလှည်းထွင်၍
ရွက်ဖျင်တပ်သော လှေသင်္ဘော၌
စက်ရောထပ်မံ ရေယဉ်ကြံလျှက်
ဒုံးပျံလေယာဉ် ဂြိုလ်တုဆင်၍
ရုပ်မြင်သံကြား ကားရထားဖြင့်
လာသွားသယ်ယူ မှန်ပြောင်းကူလျှက်
ကွန်ပျူတာစက် အင်တာနက်နှင့်
အီလက်ထရွန်နစ် ဓာတ်မှန်ခေတ်တည့်
လျှပ်စစ်လွှမ်းဖုံး ကြေးနန်းသုံး၍
ဟမ်းဖုန်းချိပ်ဆက် အီးမေးစက်တို့
နှိုသက်ခံထား ဤခေတ်ဖွားက
မြင်ကြားသိဝေး ဖောင်ခေတ်မွေး၏။
အရေးအသား အတွေးများကို
အမှားထင်ကာ ပြစ်တင်ပါနဲ့
သင်နှင့်ငါလဲ ဟိုခါခေတ်မွေး
ဟိုလိုတွေး၍ စာရေးရင်လဲ ဟိုလိုပဲလေ
မလွဲတူစွာ သူတို့ဟာလဲ
သည်ခါခေတ်မွေး သည်လိုတွေး၍
စာရေးရင်လဲ သည်လိုပဲထင့်
အလွဲထင်ကာ တို့ရေးစာလဲ
နှောင်းခါလူသစ် ခေါင်းခါရစ်လိမ့်
သူခေတ်အဆင့် မတွက်ချင့်ပဲ

http://www.dhammadownload.com

## နိဒါန်း

ငါနှင့်မတူ ငါ့ရန်သူဟု
ရန်မူကာမဲ သိမ်းကျုံးဆဲ၍
နက်နဲရဲရင့် သိအကျင့်တွင်
ငါနှင့်ငါသာ နှိုင်းယှဉ်ရာဟု
သစ္စာသိမူ သယမ္ဘူနှင့်
အတူအဆင့် တစ်ဆူပွင့်သို့
မြှောက်ပင့်ကင်းစင် သတိဆင်လော့။

http://www.dhammadownload.com

မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသား၍
ဤကမ္ဘာ့လူထုအား ဝိဇ္ဇာခေတ်အလင်းရောင်ပေးတော်မူခဲ့သော
ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး
အမြဲမပြတ် ရှိခိုးပူဇော်လေ့ရှိသော

## ' ပိဋကတ်သုံးပုံ ဓမ္မစေတီ '

## ဘုရားရှိခိုးကြီး

တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသိတာနိ ပညတ္တာနိ တီဏိ ပိဋကာနိ၊ ကတမာနိ တီဏိ?

ဝိနယ ပိဋကံ သုတ္တန္တ ပိဋကံ အဘိဓမ္မပိဋကန္တိ။

ဣမာနိ တီဏိ ပိဋကာနိ-

၁။ အာဒိ ကလျာဏာနိ၊
၂။ မဇ္ဈေ ကလျာဏာနိ၊
၃။ ပရိယောသာန ကလျာဏာနိ၊
၄။ သာတ္ထာနိ၊
၅။ သဗျဉ္ဇနာနိ၊
၆။ ကေဝလပရိပုဏ္ဏာနိ၊
၇။ ပရိသုဒ္ဓါနိ၊
၈။ သိက္ခတ္တယသင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနိ၊
၉။ အတ္ထဂမ္ဘီရာနိ၊
၁၀။ ဓမ္မဂမ္ဘီရာနိ၊
၁၁။ ဒေသနာဂမ္ဘီရာနိ၊
၁၂။ ပဋိဝေဓဂမ္ဘီရာနိ၊
၁၃။ သီလက္ခန္ဓ ဘာဇနာနိ၊
၁၄။ သမာဓိက္ခန္ဓ ဘာဇနာနိ၊
၁၅။ ပညက္ခန္ဓ ဘာဇနာနိ၊
၁၆။ ဝိမုတ္တိက္ခန္ဓ ဘာဇနာနိ၊

http://www.dhammadownload.com

၁၇။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနိ၊
၁၈။ အဘိညာသံဝတ္တနိကာနိ၊
၁၉။ ပရိညာသံဝတ္တနိကာနိ၊
၂၀။ သမ္မောဓ သံဝတ္တနိကာနိ၊
၂၁။ ဝိရာဂ သံဝတ္တနိကာနိ၊
၂၂။ နိရောဓ သံဝတ္တနိကာနိ၊
၂၃။ နိဗ္ဗာနသံဝတ္တနိကာနိ၊

နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ မဇ္ဈေ ကလျာဏာနံ ပရိယာသာနကလျာဏာနံ သာတ္ထာနံ သဗျဉ္ဇနာနံ ကေဝလ ပရိပုဏ္ဏာနံ ပရိသုဒ္ဓါနံ သိက္ခတ္တယ သင်္ဂဟိတဿ ဖြဟ္မစရိယဿ ပကာသကာနံ အတ္တဂမ္ဘီရာနံ ဓမ္မဂမ္ဘီရာနံ ဒေသနာဂမ္ဘီရာနံ ပဋိဝေဓ ဂမ္ဘီရာနံ သီလက္ခန္ဓဘာဇနာနံ သမာဓိက္ခန္ဓ ဘာဇနာနံ ပညက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနံ အဘိညာသံဝတ္တနိကာနံ ပရိညာသံဝတ္တနိကာနံ သမ္မောဓသံဝတ္တနိကာနံ ဝိရာဂ သံဝတ္တနိကာနံ နိရောဓသံဝတ္တနိကာနံ နိဗ္ဗာနသံဝတ္တနိကာနံ

ဒုတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိ ကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

တတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိ ကလျာဏနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

ပိဋကတ်သုံးပုံ၏ ဂုဏ်တော် (၂၃)ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

http://www.dhammadownload.com

## ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

သာသနာတော်နှစ် ၂၅၄၉၊ ကောဇာ ၁၃၆၇ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ (၂၄-၈-၂၀၀၅) ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အခါတော်နေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက် သင်ယူပို့ချလျှက်ရှိသော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပါဠိ ပိဋကတ်နှင့် အဋ္ဌကထာ ဋီကာ ဓမ္မစေတီတော်များ

## မြတ်စွာဘုရားဟော ပါဠိတော်ကျမ်းစာများ

### ဝိနယ

| | | |
|---|---|---|
| ၁။ | ပါရာဇိကကဏ္ဍပါဠိ | ၃၈၁ |
| ၂။ | ပါစိတ္တိယပါဠိ | ၄၇၀ |
| ၃။ | မဟာဝဂ္ဂပါဠိ | ၅၁၁ |
| ၄။ | စူဠဝဂ္ဂပါဠိ | ၅၀၈ |
| ၅။ | ပရိဝါရပါဠိ | ၃၉၀ |
| | | ၂၂၆၀ |

### မဇ္ဈိမနိကာယ

| | | |
|---|---|---|
| ၉။ | မူလပဏ္ဏာသပါဠိ | ၄၁၅ |
| ၁၀။ | မဇ္ဈိမပဏ္ဏာသပါဠိ | ၄၃၉ |
| ၁၁။ | ဥပရိပဏ္ဏာသပါဠိ | ၃၅၂ |
| | | ၁၂၀၆ |

### ဒီဃနိကာယ

| | | |
|---|---|---|
| ၆။ | သီလက္ခန္ဓဝဂ္ဂပါဠိ | ၂၃၆ |
| ၇။ | မဟာဝဂ္ဂပါဠိ | ၂၈၃ |
| ၈။ | ပါထိကဝဂ္ဂပါဠိ | ၂၆၀ |
| | | ၇၇၉ |

### သံယုတ္တနိကာယ

| | | |
|---|---|---|
| ၁၂။ | သံယုတ္တပါဠိ (ပ) | ၄၇၂ |
| ၁၃။ | ။ (ဒု) | ၅၆၇ |
| ၁၄။ | ။ (တ) | ၄၁၅ |
| | | ၁၄၆၄ |

## အင်္ဂုတ္တရနိကာယ


| | | | |
|---|---|---|---|
| ၁၅။ | အင်္ဂုတ္တရပါဠိ | (ပ) | ၅၈၀ |
| ၁၆။ | ။ | (ဒု) | ၅၁၃ |
| ၁၇။ | ။ | (တ) | ၅၅၈ |
| | | | ၁၆၅၁ |


## အဘိဓမ္မာ


| | | | |
|---|---|---|---|
| ၁၈။ | ဓမ္မသင်္ဂဏီပါဠိ | | ၂၉၈ |
| ၁၉။ | ဝိဘင်္ဂပါဠိ | | ၄၅၃ |
| ၂၀။ | ဓာတုကထာ<br>ပုဂ္ဂလပညတ္တိ | | ၁၈၅ |
| ၂၁။ | ကထာဝတ္ထုပါဠိ | | ၄၅၄ |
| ၂၂။ | ယမကပါဠိ | (ပ) | ၂၆၅ |
| ၂၃။ | ။ | (ဒု) | ၃၁၆ |
| ၂၄။ | ။ | (တ) | ၃၃၀ |
| ၂၅။ | ပဋ္ဌာနပါဠိ | (ပ) | ၄၆၄ |
| ၂၆။ | ။ | (ဒု) | ၄၉၃ |
| ၂၇။ | ။ | (တ) | ၆၀၅ |
| ၂၈။ | ။ | (စ) | ၆၃၆ |
| ၂၉။ | ။ | (ပဉ္စ) | ၄၈၈ |
| | | | ၄၉၈၇ |


## ခုဒ္ဒကနိကာယ


| | | | |
|---|---|---|---|
| ၃၀။ | ပဋိသမ္ဘိဒါမဂ္ဂပါဠိ | | ၄၁၉ |
| ၃၁။ | ခုဒ္ဒကပါဠိ<br>ဓမ္မပဒပါဠိ<br>ဥဒါနပါဠိ<br>သုတ္တနိပါတပါဠိ | | ၄၅၅ |
| ၃၂။ | ဝိမာနဝတ္ထုပါဠိ<br>ပေတဝတ္ထုပါဠိ<br>ထေရဂါထာပါဠိ<br>ထေရီဂါထာပါဠိ | | ၄၃၅ |
| ၃၃။ | အပဒါနပါဠိ | (ပ) | ၄၄၅ |
| ၃၄။ | ။<br>ဗုဒ္ဓဝံသပါဠိ<br>စရိယာပိဋကပါဠိ | (ဒု) | ၄၂၀ |
| ၃၅။ | မဟာနိဒ္ဒေသ | | ၄၁၀ |
| ၃၆။ | စူဠနိဒ္ဒေသပါဠိ | | ၃၀၇ |
| ၃၇။ | ဇာတကပါဠိ | (ပ) | ၄၀၀ |
| ၃၈။ | ။ | (ဒု) | ၃၇၈ |
| ၃၉။ | နေတ္တိပါဠိ<br>ပေဋကောပဒေသပါဠိ | | ၃၄၁ |
| ၄၀။ | မိလိန္ဒပဉှာပါဠိ | | ၄၀၈ |
| | | | ၄၄၁၈ |

http://www.dhammadownload.com

# အဋ္ဌကထာကျမ်းစာများ

## ဝိနယအဋ္ဌကထာ


၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ) ၃၄၆
၂။ ။ ။ (ဒု) ၃၁၂
၃။ ပါစိတျာဒိအဋ္ဌကထာ ၄၃၇
၄။ စူဠဝဂ္ဂါဒိ ။ ၂၆၅
၅။ ဝိနယသင်္ဂဟ ။ ၄၆၈
၆။ ကင်္ခါဝိတရဏီ ။ ၃၇၅
၂၁၈၅


## ဒီဃနိကာယ


၇။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ၃၃၈
၈။ မဟာဝဂ္ဂ ။ ၄၀၃
၉။ ပါထိကဝဂ္ဂ ။ ၂၅၁
၉၉၂


## မဇ္ဈိမနိကာယ


၁၀။ မူလပဏ္ဏာသအဋ္ဌကထာ(ပ) ၃၉၈
၁၁။ ။ ။ (ဒု) ၃၂၀
၁၂။ မဇ္ဈိမပဏ္ဏာသ ။ ၃၀၉
၁၃။ ဥပရိပဏ္ဏာသ ။ ၂၅၄
၁၂၈၁


## သံယုတ္တနိကာယ


၁၄။ သံယုတ္တအဋ္ဌကထာ (ပ) ၃၂၅
၁၅။ ။ (ဒု) ၃၂၄
၁၆။ ။ (တ) ၃၄၁
၉၉၀


## အင်္ဂုတ္တရနိကာယ


၁၇။ အင်္ဂုတ္တရအဋ္ဌကထာ (ပ) ၄၁၆
၁၈။ ။ (ဒု) ၃၉၇
၁၉။ ။ (တ) ၃၅၇
၁၁၇၀


## အဘိဓမ္မာ


၂၀။ အဋ္ဌသာလိနီအဋ္ဌကထာ ၄၅၄
၂၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာ ၅၀၈
၂၂။ ပဉ္စပကရဏအဋ္ဌကထာ ၄၉၉
၁၄၆၁


## ခုဒ္ဒကနိကာယအဋ္ဌကထာ


၂၃။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပ) ၃၄၅
၂၄။ ။ (ဒု) ၃၂၃
၂၅။ ခုဒ္ဒကပါဌအဋ္ဌကထာ ၂၁၆
၂၆။ ဓမ္မပဒ ။ (ပ) ၄၄၇
၂၇။ ။ ။ (ဒု) ၄၅၆
၂၈။ ဥဒါန ။ ၃၉၂
၂၉။ ဣတိဝုတ္တက ။ ၃၅၅
၃၀။ သုတ္တနိပါတ ။ (ပ) ၃၁၄
၃၁။ ။ ။ (ဒု) ၃၂၄
၃၂။ ဝိမာန ။ ၃၃၅
၃၃။ ပေတဝတ္ထု ။ ၂၇၀
၃၄။ ထေရဂါထာ ။ (ပ) ၄၈၅
၃၅။ ။ ။ (ဒု) ၅၄၆
၃၆။ ထေရီဂါထာ ။ ၃၀၅
၃၇။ အပဒါန ။ (ပ) ၃၅၂
၃၈။ ။ ။ (ဒု) ၃၀၃
၃၉။ ဗုဒ္ဓဝံသ ။ ၃၅၄
၄၀။ စရိယာပိဋက ။ ၃၂၈
၄၁။ မဟာနိဒ္ဒေသ ။ ၄၁၉
၄၂။ စူဠနိဒ္ဒေသ ။ ၁၃၉
နေတ္တိအဋ္ဌကထာ ၂၇၆
၄၃။ ဇာတကအဋ္ဌကထာ (ပ) ၅၃၈
၄၄။ ။ ။ (ဒု) ၄၀၈
၄၅။ ။ ။ (တ) ၅၁၇
၄၆။ ။ ။ (စ) ၅၀၄
၄၇။ ။ ။ (ပဉ္စ) ၅၅၃
၄၈။ ။ ။ (ဆ) ၃၃၂
၄၉။ ။ ။ (သ) ၃၈၇
၅၀။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပ) ၃၇၀
၅၁။ ။ ။ (ဒု) ၃၅၆
၁၁၃၂၉

http://www.dhammadownload.com

# ဋီကာကျမ်းစာများ

## ဝိနယဋီကာ

| | | |
|---|---|---|
| ၁။ ဝဇိရဗုဒ္ဓိဋီကာ | | ၅၈၅ |
| ၂။ သာရတ္ထဒီပနီဋီကာ | (ပ) | ၄၆၀ |
| ၃။ ״ | (ဒု) | ၄၄၈ |
| ၄။ ״ | (တ) | ၄၉၆ |
| ၅။ ဝိမတိဝိနောဒနီဋီကာ | (ပ) | ၃၆၂ |
| ၆။ ״ | (ဒု) | ၃၃၂ |
| ၇။ ကင်္ခါဝိတရဏီပုရာဏဋီကာ | | |
| ကင်္ခါဝိတရဏီအဘိနဝဋီကာ | | ၄၈၉ |
| | | ၃၇၈၂ |

## ဒီဃနိကာယဋီကာ

| | | |
|---|---|---|
| ၈။ သီလက္ခန္ဓဝဂ္ဂဋီကာ | | ၄၀၅ |
| ၉။ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ | (ပ) | ၄၃၇ |
| ၁၀။ ״ ״ | (ဒု) | ၅၀၀ |
| ၁၁။ မဟာဝဂ္ဂဋီကာ | | ၃၅၈ |
| ၁၂။ ပါထိကဝဂ္ဂဋီကာ | | ၂၉၂ |
| | | ၁၉၉၂ |

## မဇ္ဈိမနိကာယဋီကာ

| | | |
|---|---|---|
| ၁၃။ မူလပဏ္ဏာသဋီကာ | (ပ) | ၃၉၄ |
| ၁၄။ ״ ״ | (ဒု) | ၃၂၄ |
| ၁၅။ မဇ္ဈိမ+ဥပရိပဏ္ဏာသဋီကာ | | ၄၄၂ |
| | | ၁၁၆၀ |

## သံယုတ္တဋီကာ

| | | |
|---|---|---|
| ၁၆။ သံယုတ္တဋီကာ | (ပ) | ၃၄၅ |
| ၁၇။ ״ | (ဒု) | ၅၅၁ |
| | | ၈၉၆ |

## အင်္ဂုတ္တရဋီကာ

| | | |
|---|---|---|
| ၁၈။ အင်္ဂုတ္တရဋီကာ | (ပ) | ၂၈၈ |
| ၁၉။ ״ | (ဒု) | ၃၉၆ |
| ၂၀။ ״ | (တ) | ၃၇၁ |
| | | ၁၀၅၅ |

## အဘိဓမ္မာဋီကာ

| | |
|---|---|
| ၂၁။ ဓမ္မသင်္ဂဏီမူလဋီကာ | ၂၀၃ |
| ဓမ္မသင်္ဂဏီအနုဋီကာ | ၂၂၀ |
| ၂၂။ ဝိဘင်္ဂမူလဋီကာ | ၂၃၅ |
| ဝိဘင်္ဂအနုဋီကာ | ၂၂၉ |
| ၂၃။ ပဥ္စပကရဏမူလဋီကာ | ၂၄၈ |
| ပဥ္စပကရဏအနုဋီကာ | ၃၂၃ |
| | ၁၄၅၈ |

## ကျန် ဋီကာ

| | | |
|---|---|---|
| ၂၄။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ | (ပ) | ၄၆၁ |
| ၂၅။ ״ ״ | (ဒု) | ၅၃၅ |
| ၂၆။ နေတ္တိဋီကာ | | |
| နေတ္တိဝိဘာဝိနီဋီကာ | | ၃၅၆ |
| | | ၁၃၅၂ |

http://www.dhammadownload.com

# ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

## သင်ရိုး ပိဋက
## ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ

| ပိဋက | ပါဠိတော် | | အဋ္ဌကထာ | | ဋီကာ | |
|---|---|---|---|---|---|---|
| | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ |
| ဝိနယ | ၅ | ၂၂၆၀ | ၄ | ၁၃၆၀ | ၆ | ၂၆၇၃ |
| သုတ္တန္တ | ၃ | ၇၇၉ | ၃ | ၉၉၂ | ၅ | ၁၉၉၂ |
| အဘိဓမ္မ | ၁၂ | ၄၉၈၇ | ၃ | ၁၄၆၁ | ၃ | ၁၄၅၈ |
| **စုစုပေါင်း** | **၂၀** | **၈၀၂၆** | **၁၀** | **၃၈၁၃** | **၁၄** | **၆၁၂၃** |

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်မြတ်သည် ဓမ္မစေတီတော်မည်၏။

ဓမ္မစေတီတော်မြတ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်သည် ယခုတိုင် အကျွန်ုပ်တို့အား ဘုရားကိုယ်တော်စား လမ်းမှန်ညွှန်ပြ တရားဟော တရားပြတော်မူလျှက် ရှိနေပါသည်။

ညီဖွားအာနန္ဒာ ယခု ငါဘုရားတစ်ဆူတည်းသာ ပရိနိဗ္ဗာန်ဝင်စံပါသေး၏။ နောင် ငါဘုရားမရှိရင် ငါ့ (၈၄၀၀၀)သော ဓမ္မက္ခန္ဓာတို့သည် သင်တို့ကို သွန်သင်ဆုံးမကြလိမ့်မည်ဟူသော အဓိပ္ပါယ်ဖြင့် အာနန္ဒာ ငါဘုရား ဟောကြားထားတဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်သည် ငါဘုရားမရှိရင် သင်တို့ရဲ့ ဆရာပဲဟု မိန့်တော်မူခဲ့ပါသည်။

**ခန္ဓာကိုယ်နှင့်ဓမ္မစေတီကျောင်းဥပမာ**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပဋိစ္စသမုပ္ပါဒ်ဒီပနီ စာမျက်နှာ (၂၄)၌-

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ စေတီလေးပါး ရှိသည်တွင် ဓမ္မစေတီကို ကိုးကွယ်လိုသောသူသည်-

http://www.dhammadownload.com

## ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

ပဋိစ္စသမုပ္ပါဒ်ဒေသနာ စသော ပါဠိတော်ကြီးများကို ရွှေပြား၊ ငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည်တစ်ရပ်၊

ဓမ္မာနုဿတိ တည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည်၊ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာသည်တစ်ရပ်၊

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သည် ငါဘုရားကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည်တစ်ရပ်၊

ဤသို့ လာသောအရာများကို ထောက်ဆ၍ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာအကျဉ်းအကျယ် ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ **ဓမ္မစေတီ**ကျောင်းတော်နှင့် တူ၏။ လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ ဟု သိအပ်၏။

### ဓမ္မစေတီတော်မြတ် ပိဋကတ်ကို အဆင့်ဆင့်စောင့်ထိန်း

မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ကိုယ်တော်တိုင် တည်ထား ကိုးကွယ်ခဲ့သော ဓမ္မစေတီတော်တို့သည် (၈၄၀၀၀)ရှိကုန်၏။ လူပြည်ထက်ဝက်၊ နတ်ပြည်ထက်ဝက် တည်ထားတော်မူခဲ့ပါသည်။ ဘုရားကိုယ်တိုင် တည်သောဘုရားဟူသည် ဤဓမ္မစေတီများပါပေတည်း။ ထိုဘုရားတည်သော ဘုရားတို့ကို ဘုရားပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း (၄၅၀)နှစ် တိုင်တိုင် နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြပါသည်။

နှုတ်ဖြင့်ဆောင်သည် ရင်နို့ရည် မည်မျှနှစ်ပေါင်း ကြာသနည်းဟု မေးခွန်းထုတ်ခဲ့ပါသည်။

**အဖြေကား**- နှစ် (၄၅၀)ဟု ဖြစ်ပါသည်။

**ပေစာ**

သာသနာနှစ် (၄၅၀)ရောက်လျှင် နောင်ရေးအတွက် "ပေစာ" ဟု ပေါ်ပေါက်ခဲ့ပါသည်။ သီဟိုဠ်ကျွန်း စတုတ္ထသံဂါယနာတင်ရာတွင်

http://www.dhammadownload.com



ပေထက်အက္ခရာ တင်ခဲ့ပါသည်။

ပဥ္စမသံဂါယနာ (သာသနာနှစ် ၂၄၀၀)နှစ်၌ ကျောက်စာပေါ်ပေါက်ခဲ့ရာ ပေစာ၏သက်တမ်းသည် နှစ်ပေါင်း ၁၉၅၀ ခန့် တည်ရှိခဲ့ပါသည်။

**ကျောက်စာ**

သာသနာတော်နှစ် ၂၄၀၀ နှစ်တွင် မဟာလောကမာရဇိန်ကုသိုလ်တော် မြတ်စွာဘုရား ပရိဝုဏ်တွင် သုတ္တန်သုံးကျမ်း ကျောက်စာအချပ် (၄၁၀)၊ ဝိနည်းငါးကျမ်း ကျောက်စာ (၁၁၁)ချပ်၊ အဘိဓမ္မာခုနစ်ကျမ်း ကျောက်စာ (၂၀၈)ချပ်၊ စုစုပေါင်း ကျောက်စာ (၇၂၉)ချပ်။

နန်းမြေဘုံသာ နန်းတော်ရာ စန္ဒာမုနိ ဘုရားပရိဝုဏ်တွင် ပိဋကတ်သုံးပုံမှ ဝိနည်း အဋ္ဌကထာ ဋီကာ အပြည့်အစုံရေးထိုးထားသော ကျောက်စာချပ်ရေ (၁၇၇၂)ချပ်နှင့် သမိုင်းမော်ကွန်း သံပြားနှစ်ချပ် အပါအဝင် စုစုပေါင်းကျောက်စာ (၁၇၇၄)ချပ် တည်ထားခဲ့ပါသည်။

ကျောက်စာတစ်ချပ်လျှင် စေတီတစ်ဆူနှုန်း တည်ထားခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ကျော်ကြားခဲ့ပါသည်။ အနှစ်သာရပြည့်ဝသည့် သာသနာ့အမွေအနှစ်များ ဖြစ်သကဲ့သို့ တန်ဖိုးကြီးမားသော သမိုင်းအမွေအနှစ်အဖြစ်လည်း ထင်ရှားလှပါသည်။

**ပေစာ၏နိဂုံး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပိဋကစာပေ အတိုးတက်ဆုံး၊ သာသနာစည်ပင်ထွန်းကားဆုံး အချိန်ကား ရာဇဝင်သမိုင်းမှတ်တမ်းများမှ လေ့လာသိရှိချက်အရ ကုန်းဘောင်နောက်ဆုံးခေတ် မင်းတုန်းမင်း လက်ထက်ဟု ဆိုရပါမည်။

အဲဒီအချိန်က မြန်မာနိုင်ငံတော်၌ သံဃာတော်ပေါင်း ခြောက်သိန်းကိုးသောင်းကျော်ရှိ၍ မန္တလေးမြို့တွင် ဘုရင်ကိုးကွယ်သော ဘွဲ့တံဆိပ်ရ ဆရာတော်ပေါင်း (၈၀)ခန့် ရှိခဲ့သည်။ စာသင်တိုက်ကြီးပေါင်း

http://www.dhammadownload.com

## ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

(၁၇၉)တိုက်တွင် စာချဆရာတော် (၃၀၀၀)ခန့်ကို အမှီပြု၍ စာလိုက် သံဃာပေါင်းမှာ ခြောက်သောင်းကျော်ရှိသည်။

ထိုသို့ သာသနာစည်ပင်ထွန်းကားခဲ့သော်လည်း ကြေကွဲဝမ်းနည်း ဖွယ်ရာမှာ ပြည်မြန်မာ၏ ကံကြမ္မာဆိုး ကြုံခဲ့ရသော သီပေါမင်းအား အင်္ဂလိပ်များ ဖမ်းဆီးသည့် ၁၈၈၅ခုနှစ်အချိန်ဖြစ်သည်။

နန်းတွင်းတစ်ခုလုံးရှိ ဗြဲတိုက်၌ ပေပုရပိုက်များထည့်သည့် စာတိုက်သေတ္တာကြီးအားလုံးကို အင်္ဂလိပ်စစ်ဗိုလ်စစ်သားနှင့် နောက်ပါ လူစုများက အဖိုးတန်ရတနာများ ရှာဖွေယူဆောင်ကြသဖြင့် ပေစာများ၊ ပုရပိုက်များ အစည်းပျက်၊ အခေါက်ပြေလျှက် ပရမ်းပတာ ဖရိုဖရဲ ကျန်ခဲ့၏။ နောက်နေ့တွင် သန့်ရှင်းရေးအတွက် အမှိုက်လှည်းကုလား များက ယင်းပေပုရပိုက်များကို စုပုံ၍မီးရှို့ပစ်ကြလေသည်။ ထိုအကြောင်း ကို တန်ဆောင်မုန်းလဆုတ် (၁၁)ရက်နေ့တွင် တောင်ခွင်မင်းကြီး သိရသဖြင့် ပေပုရပိုက်များကို မီးမရှို့ရန် တောင်းပန်မေတ္တာရပ်ခံစာကို စာရေးတော်ကြီး ဦးမြအား ကာနယ်စလေဒင်ထံသို့ အပေးခိုင်းသဖြင့် ကာနယ်စလေဒင်က "မည်သူမျှ ပေပုရပိုက်များကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ယူငင်ခြင်း မပြုလုပ်ရန် အမိန့်ထုတ်ပြန် တားဆီး ခဲ့လေသည်"။

နောင်အခါ၌ နွားလှည်းအစီးရေ လေးဆယ်ကျော်တိုက်လောက် ရှိသော နန်းတွင်းရှိ ကြွင်းကျန်သည့် ပေပုရပိုက် ထန်းဖူးစာများကို ရန်ကုန် အတွင်းဝန်ရုံးကြီးသို့ ယူဆောင်ထားလေသည်။

ဤသို့ မြန်မာပြည်၏ ယဉ်ကျေးမှုစာပေအနုပညာနှင့် အဖိုးတန်သာသနာ့အမွေအနှစ်တို့ ဆုံးပါးခဲ့ရခြင်းနှင့် ပေခေတ်၏နိဂုံးပိုင်း အခြေအနေကို သုံးသပ်ရပေသည်။

ဤသို့ ပေစာဓမ္မစေတီများ မီးရှို့ခံရတော့မှ ခဲရာခဲဆစ် ကျောက်စာစေတီတော်များ၏ ဂုဏ်ကျေးဇူးတို့သည် ပေါ်လွင်ခဲ့ပါ တော့သည်။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **(၄၄)ကြိမ်မြောက် လယ်တီဝိပဿနာ** | ၁ |
| | - အာဒိတ္တပရိယာယသုတ္တန် | ၁ |
| | - သရက်ချိုသီး | ၁၀ |
| | - **စခန်းသိမ်း** | ၁၃ |
| | - နောင်တ (၁၀)ပါး | ၁၃ |
| | - တရားနဲ့နေတဲ့ဆရာတော် | ၁၆ |
| | - တရားအာရုံထုံတရားအာရုံနဲ့ငြိမ်းချမ်းနိုင်ကြပါစေ | ၁၈ |
| | - **သာသနာတော်၏ပြည့်စုံမှု** | ၁၉ |
| | - လောကီယစရဏ လောယီကဝိဇ္ဇာ | ၂၀ |
| | - ဗြဟ္မဏစရဏ ဗြဟ္မဏဝိဇ္ဇာ | ၂၄ |
| | - ဣသိစရဏ ဣသိဝိဇ္ဇာ | ၂၆ |
| | - ဗုဒ္ဓစရဏ ဗုဒ္ဓဝိဇ္ဇာ | ၂၉ |
| | - အမြိုက်အရသာ | ၃၅ |
| ၂။ | **(၄၄)ကြိမ်မြောက် လယ်တီဝိပဿနာ** | ၅၇ |
| | - ဝိဇ္ဇာ (၅)မျိုး | ၅၇ |
| | - ပဋိရူပ | ၆၂ |
| | - ပိလောတိက ကမ္မဋ္ဌာန်း | ၇၆ |
| | - ပဒုမ္မာကြာပန်း ကမ္မဋ္ဌာန်း | ၈၀ |
| ၃။ | **ခေတ်ကမ္မဋ္ဌာန်း အရိယဝိဇ္ဇာလမ်း** | ၈၇ |
| | - သမထကမ္မဋ္ဌာန်း | ၉၂ |
| | - ဝိပဿနာကမ္မဋ္ဌာန်း | ၉၉ |
| ၄။ | **(၆၃)ကြိမ်မြောက်မွေးနေ့စမ္မဒါန** | ၁၁၁ |
| | - **မွေးနေ့** | ၁၁၁ |
| | - ရသဂ္ဂသဂ္ဂိလက္ခဏာတော် | ၁၁၅ |
| | - ဒို့ပြန်လျှင် | ၁၂၀ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ဩဝါဒ | ၁၂၃ |
| | - သောတာနုဂတသုတ္တန် | ၁၂၆ |
| | - စွယ်စုံသာသနာပြု | ၁၂၉ |
| | - ရေစက်ချ အမျှဝေ | ၁၃၇ |
| | - သူကြွယ်နှင့်တက္ကဒွန်း | ၁၄၃ |
| | - အံ့ဖွယ်စကား | ၁၄၅ |
| | - အံ့ဖွယ်နန္ဒမာတာ | ၁၄၇ |
| | - ဇေတဝန်တရားပွဲ | ၁၅၄ |
| | - တောင်းပန်ရှာ | ၁၅၇ |
| | - ဂန္ထ | ၁၆၀ |
| | - အရိယာအဆင့်ဆင့်က ဒုစရိုက်ကိုပယ် | ၁၆၈ |
| | - ဆုတောင်း | ၁၇၀ |
| | - အနုမောဒနာတရား | ၁၇၁ |
| ၅။ | **(၈၀)ကြိမ်မြောက် လယ်တီဝိပဿနာ** | **၁၈၄** |
| | - အကျိုးစီးပွား | ၁၈၇ |
| | - အရှင်ပေါဋ္ဌိလထေရ် | ၁၈၈ |
| | - တောင်ပို့ | ၁၉၀ |
| | - ကွာခြားချက် | ၁၉၁ |
| | - ကြိုက်ရာရွေးလမ်းနှစ်သွယ် | ၁၉၂ |
| | - ဟပ်ချိုး ဆိတ်ဖွား | ၁၉၃ |
| | - အသက် (၆၀) | ၁၉၇ |
| | - အသက်တစ်ရာနှင့်တစ်ရက် | ၁၉၇ |
| | - အရွယ် (၁၀)မျိုး | ၁၉၉ |
| | - မြန်မာလင်္ကာ (၃)ပုဒ် | ၂၀၆ |
| | - စိရံ တိဋ္ဌတု သဒ္ဓမ္မော | ၂၀၈ |
| | - စာအုပ် (၂၀၀၀) | ၂၁၁ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ဗုဒ္ဓလယ်တီ | ၂၁၁ |
| | - ယေဓမ္မာ ဟေတုပ္ပဘဝါ | ၂၁၃ |
| | - ဆေးကုပေးပါ | ၂၁၅ |
| | - လယ်တီဆောင်ပုဒ် | ၂၁၇ |
| | - အနှစ်သာရစကား | ၂၂၁ |
| | - သန်းဥလောက်မျှ | ၂၂၇ |
| | - အောင်ပွဲ | ၂၃၀ |
| | - သန္တတိဖုံးလွှမ်း | ၂၃၁ |
| | - ဣရိယာပုထ်ကဖုံးလွှမ်း | ၂၃၃ |
| | - ဃနဖုံး | ၂၃၄ |
| | - လူ | ၂၃၆ |
| ၆။ | **(၈၁)ကြိမ်မြောက် လယ်တီဝိပဿနာ** | **၂၄၂** |
| | - သာသနာပြုလုပ်ငန်းကြီး (၇)ရပ် | ၂၄၃ |
| | - တောထွက်တော်မူခြင်း | ၂၄၄ |
| | - သာသနာကွယ်ကြောင်း | ၂၄၆ |
| | - အဂ္ဂသာဝကကြီး (၂)ပါး တရားအားထုတ်ပုံ | ၂၅၃ |
| | - သားငှက်တို့အား ဘေးမဲ့ပေးရာတော | ၂၅၄ |
| | - အငိုက်ပြေအောင် | ၂၅၆ |
| | - တောနေရဟန်း (၅)မျိုး | ၂၆၃ |
| | - သေက္ခတောင်ဆရာတော် | ၂၆၄ |
| | - အာဟာရဒီပနီ | ၂၆၅ |
| | - **အောင်ပွဲ** | ၂၆၉ |
| |   - သာသနာကွယ်တဲ့ဘဝမရှိအောင် | ၂၇၀ |
| |   - ပါရမီသမ္ဘာရကုသိုလ်တရား | ၂၇၂ |
| ၇။ | **လယ်တီဆရာတော်ကြီး တောရဆောက်တည်ခဲ့သည့် ဆပုဂံတောရ** | ၂၇၅ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | **ဥတ္တမပုရိသတရားတော်** | **၂၈၂** |
| | - သရဏဂုံ | ၂၈၅ |
| | - သုတသရဏဂုံ | ၂၉၀ |
| | - ဒိဋ္ဌသရဏဂုံ | ၂၉၁ |
| | - တရားမြင်မှဘုရားမြင် | ၂၉၆ |
| | - ဗုဒ္ဓဘာသာ | ၂၉၇ |
| | - ဗုဒ္ဓဘာသာအလတ်စား | ၃၀၁ |
| | - အကြီးစားဗုဒ္ဓဘာသာ | ၃၀၃ |
| | - တပ္ပရာယနတာသရဏဂုံ | ၃၀၅ |
| | - ကိုးကွယ်ရာမပြောင်း | ၃၀၈ |
| | - ဝေဒနာနှင့်ဆက်စပ်သိမှတ်ဖွယ် | ၃၁၀ |
| | - ဖွားဖက်တော်မီး | ၃၁၆ |
| | - ကိုးကွယ်ရာ | ၃၁၇ |
| | - သရဏ (သာမညနိဒ္ဒေသနည်း) | ၃၁၉ |
| | - သရဏ (ပစ္စေကဝိသေသနည်း) | ၃၂၀ |
| | - ဝိညာဏက္ခန္ဓာ | ၃၂၂ |
| ၉။ | **ပါရမီ (၁၀)ပါး** | ၃၃၁ |
| | - အမှီ (၂) | ၃၃၃ |
| | - ဓာတ်ခံကောင်း | ၃၃၆ |
| | - မျောက်မင်းနှင့်လူသား | ၃၃၉ |
| | - အမိအဘ ဆေးဆရာ | ၃၄၄ |
| ၁၀။ | **လွတ်လပ်ရေးတရားတော်** | **၃၄၅** |
| | - တဏှာအခြေခံတရား (၉)ပါး | ၃၄၈ |
| | - တဏှာအစစ် (၁၀၈) | ၃၅၀ |
| ၁၁။ | **မြင်သာမြို့ဦးကျောင်းတရားတော်** | **၃၅၄** |
| | - နေရာ (၃)ဌာန | ၃၅၅ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - တစ်မျိုးအားထုတ်တာနဲ့ (၄-၇-၈)အကျိုးရ | ၃၅၆ |
| | - ရောက်သစ်စနှင့်ပုထုဇဉ်သေက္ခ၊ အသေက္ခတို့အား ဘယ်ကမ္မဋ္ဌာန်းပေးမည်လဲ | ၃၅၇ |
| ၁၂။ | **သိဒ္ဓိ (၄)ပါး** | **၃၆၁** |
| | - ရှေးအလွန်ကျတဲ့ဘုရားရှိခိုး | ၃၆၁ |
| | - အသံပင်ကြားရဖို့ခက် | ၃၆၃ |
| | - သစ္စာဆိုင်ရာ သိဒ္ဓိ (၄)ပါး | ၃၆၆ |
| | - အသာဓာရဏဉာဏ် (၆)ပါး | ၃၆၈ |
| | - သဒ္ဓိပေါက်ပြီ | ၃၇၀ |
| | - ဆရာလှိုင် | ၃၇၇ |
| | - အစစ်တစ်ခု အတုတစ်ထောင် | ၃၇၉ |
| | - အဘိုးကလေးဝဆရာတော် | ၃၈၀ |
| | - ဣဒ္ဓိပါဒ်လေးပါး | ၃၈၁ |
| | - အမတ်သား (၄)ယောက် | ၃၈၂ |
| | - အရင်းအနှီးနည်းလျှင် | ၃၉၀ |
| | - သုဇာတာ သားဆုတောင်းရာညောင်ပင်မှာ | ၃၉၂ |
| | - သံသရာခရီးရှည်ကြီး | ၃၉၄ |
| ၁၃။ | **ဗလာစာအုပ်ဒါဇင် (၁၀၀၀၀)လှူဒါန်းပွဲ** | **၃၉၉** |
| | - ဆရာတော်၏ဩဝါဒ | ၄၀၀ |
| | - စာက စကားပြောပြီ | ၄၀၃ |
| | - ကျုပ်သားကြွပါတဲ့ | ၄၀၄ |
| | - ပညာ | ၄၀၆ |
| | - ကုန်သည် | ၄၀၈ |
| | - (၃)နေရာ | ၄၀၉ |
| | - လူကိုပျိုးထောင် | ၄၁၁ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | **သစ္စာ(၄)ပါးတရားတော်** | **၄၁၄** |
| | - သမ္မာသမ္ဗုဒ္ဓ | ၄၁၅ |
| | - သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ | ၄၁၈ |
| | - ပင်လယ်-ကောင်းကင်-မြေပြင် | ၄၂၂ |
| | - သိပ္ပံပညာကြောင့် သဗ္ဗညုတဉာဏ်တော်ကြီး အထင်မသေးသင့် | ၄၂၆ |
| | - အရိယာသံယာ | ၄၃၂ |
| | - သစ္စာ | ၄၃၄ |
| | - သစ္စာအနက် (၁၆)ချက် | ၄၃၆ |
| | - အခက် (၄)မျိုး | ၄၄၃ |
| ၁၅။ | **ခန္ဓာ(၅)ပါးတရားတော်** | **၄၄၅** |
| | - ခန္ဓာ (၅)ပါး | ၄၄၈ |
| | - ဝေဒနာ (၁၀၈) | ၄၅၀ |
| | - သညာက္ခန္ဓာ | ၄၅၁ |
| | - သင်္ခါရက္ခန္ဓာ | ၄၅၆ |
| | - ဝိညာဏက္ခန္ဓာ | ၄၅၉ |
| ၁၆။ | **အာယတန(၁၂)ပါးတရားတော်** | **၄၆၆** |
| | - အာယတန (၁၂)ပါး | ၄၆၆ |
| | - သံသရာ | ၄၆၈ |
| | - အာယတန | ၄၆၉ |
| | - မီး | ၄၇၂ |
| | - အရှုပ် | ၄၇၆ |
| | - ခြောက်ကောင် | ၄၇၇ |
| | - ငုတ်တိုင် | ၄၇၉ |
| | - နင်သည်းခံ | ၄၈၀ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | **စရိုက် (၆)ပါးတရားတော်** | **၄၈၅** |
| | - စရိုက်နှင့်အကဲခတ်နည်းပေးရမည့်ကမ္မဋ္ဌာန်း | ၄၉၃ |
| | - အနာနှင့်ဆေး | ၄၉၇ |
| | - ရှုပွားနည်း | ၄၉၇ |
| | - သဒ္ဓါစရိုက် | ၄၉၉ |
| | - ဒေါသစရိုက် | ၅၀၃ |
| | - အသိအလိမ္မာဉာဏ်ပညာအားကြီးတဲ့ပုဂ္ဂိုလ် | ၅၀၄ |
| | - မောဟစရိုက် | ၅၀၆ |
| | - ဝိတက်စရိုက် | ၅၀၈ |
| | - စရိုက်မရွေး တရားပေး | ၅၁၁ |
| ၁၈။ | **ဣဒ္ဓိ (၁၀)ပါး** | **၅၁၃** |
| ၁၉။ | **ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ကြီး အမွန့်ရှည်ကြာ တည်ပါစေကြောင်း ဆုတောင်းပတ္ထနာလွှာ** | **၅၂၉** |
| | - ကိုယ်စားလှယ် (၆၆)ပါး | ၅၂၉ |
| | - ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေး | ၅၃၁ |
| | - ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား | ၅၃၁ |
| | - သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ရည်ရွယ်ချက် (၆)ရပ် | ၅၃၆ |
| | - သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် | ၅၃၈ |
| | - (၂၅)ရာခိုင်နှုန်း ကျင့်သုံး | ၅၃၉ |
| | - အာဏာစက်ကူညီ | ၅၃၉ |
| | - သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ | ၅၄၀ |
| | - နှစ်သက်ကြည်ဖြူ | ၅၄၀ |
| | - (၂၅)နှစ်တာခရီးဖြောင့်ဖြူး | ၅၄၅ |
| | - နတ်များ၏အကူအညီအရေးပါလှ | ၅၄၅ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - အခွန့်ရှည်ကြာတည်ပါစေ | ၅၄၇ |
| ၂၀။ | သံဃာတော်(၁၀၀၀) ဆွမ်းဆက်ကပ်လှူဒါန်းပွဲ | ၅၄၉ |
| ၂၁။ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ကမ္ဘာကြီးအေးချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သလွှာ | ၅၅၁ |
| ၂၂။ | ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်ရ စစ်ကိုင်းတိုင်း၊အရှေ့လယ်တီတိုက်၊ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍလအားပူဇော်လွှာ | ၅၅၇ |
| ၂၃။ | နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရ ကျောင်းစာသင်တိုက်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားကလေးသူငယ်များ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် စာချ/စာသင်စာရင်း | ၅၆၁ |

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားတော်မူသော
(၄၄)ကြိမ်မြောက်လယ်တီဝိပဿနာ

## အာဒိတ္တပရိယာယသုတ္တန်

မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် (၈)လကြာတဲ့အခါမှာ ဥရုဝေလကဿပ၊ ဂယာကဿပ၊ နဒီကဿပ ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား (၃)နံပါတ်ဖြစ်တဲ့ အာဒိတ္တပရိယာယသုတ္တန် ဒေသနာတော်မြတ်ကြီး ဟောကြားတော်မူတယ်။ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ရဲ့သန္တာန်မှာ တဟုန်းဟုန်းတောက်လောင်နေတဲ့ ရာဂအစရှိတဲ့ မီးတောက်မီးလျှံကြီးတွေငြိမ်းပြီး ပေးတော်မူနိုင်ခဲ့တဲ့ နေ့ထူးနေ့မြတ်က ဒီပြာသိုလပြည့်နေ့။

ဂယာရွာ ဆင်ဦးခေါင်းနဲ့တူတဲ့ ကျောက်ဖြာကြီးတွေ ရှိတယ်။ ဆင်ဦးကင်းနဲ့တူတဲ့ ကျောက်ဖြာကြီးပေါ်မှာ ဥရုဝေလကဿပ ဂယာကဿပ၊ နဒီကဿပ ဦးဆောင်တဲ့ ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား ပထမဆုံး ဘယ်လိုဟောလိုက်သလဲဆိုတော့-

http://www.dhammadownload.com



**"သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ"**။

ဘိက္ခဝေ= ရဟန်းတို့၊ သဗ္ဗံ= အလုံးစုံသော လောကကြီးသည်၊ အာဒိတ္တံ= ရဲရဲတောက်ပြောင် မီးလောင်၍ နေ၏။ ရဟန်းတို့ တစ်လောကလုံး မီးလောင်နေတာပဲ၊ မီးလောင်ပြင်မှာနေကြတဲ့ လောကသူ လောကသားတွေက ဘယ်လိုမီးလောင်မှန်း မသိကြဘူး။ မီးလိုပူတာကို သတိမမူကြဘူး။ **"ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ"**။ ဘယ်လို မီးတွေ လောင်နေသလဲ။ ဘယ်လိုလောင်နေသလဲ။ မီး(၁၁)မျိုး လောင်နေတာက

(၁) ရာဂဂ္ဂိနာ အာဒိတ္တံ၊
(၂) ဒေါသဂ္ဂိနာ အာဒိတ္တံ၊
(၃) မောဟဂ္ဂိနာ အာဒိတ္တံ= ရာဂမီးတွေလောင်နေတယ်၊ ဒေါသမီးတွေလောင်နေတယ်၊ မောဟမီးတွေ လောင်နေတယ်။
(၄) ဇာတိယာ၊
(၅) ဇရာယ၊
(၆) မရဏေန၊
(၇) သောကေဟိ၊
(၈) ပရိဒေဝေဟိ
(၉) ဒုက္ခေဟိ၊
(၁၀) ဒေါမနဿေဟိ
(၁၁) ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

- ဇာတိ= ပဋိသန္ဓေနေ (ဖြစ်ခြင်း)ဆိုတဲ့မီး၊
- ဇရာ= ဆွေးမြေ့ယိုယွင်းအိုမင်းခြင်းဆိုတဲ့မီး၊
- မရဏ= သေခြင်းဆိုတဲ့မီး၊
- သောက= စိုးရိမ်ပူဆွေးခြင်းဆိုတဲ့မီး၊
- ပရိဒေဝ= ငိုကြွေးခြင်းဆိုတဲ့မီး။

http://www.dhammadownload.com



- ဒုက္ခ= ကိုယ်ဆင်းရဲခြင်း ဆိုတဲ့မီး၊
- ဒေါမနဿ= စိတ်မသက်သာ နှလုံးနာ စိတ်ဆင်းရဲခြင်း ဆိုတဲ့မီး။
- ဥပါယာသ= အသက်မျှမရှု တက်အောင်ပူတဲ့ အင်မတန် ပင်ပန်းနွမ်းနယ်တဲ့ မီး။

အဲဒီမီး(၁၁)မျိုးနဲ့ တစ်လောကလုံး လောင်နေတယ်။ လောင်စာက ဘာတွေလဲ၊ ရဟန်းရှင်လူ နတ်လူပြဟ္မာ သတ္တဝါ တစ်လောကလုံးပဲ။ အဲဒီတော့ မိမိတို့သန္တာန်မှာ ယခုပစ္စုပ္ပန် ပစ္စက္ခမှာ တွေ့ကြုံဆုံစည်းပြီးနေတဲ့ လောင်စာတွေ၊ လောင်စာတွေကိုလဲ မြတ်စွာဘုရားက (၆)မျိုး(၆)မျိုးစီ ဟောထားတာ။ ဒီသုတ္တန်မှာတော့ (၆)မျိုး (၅)လီဟာ လောင်စာပါပဲ။ အဲဒီ(၅)လီက ဖြစ်ပေါ်တဲ့ ခြောက်မျိုးလို့လဲ ပြောနိုင်တယ်။ အဲဒီလောင်စာတွေဟာ ဘာလဲဆိုတော့ စက္ခုဘိက္ခဝေ အာဒိတ္တံ။ မိမိတို့သန္တာန်မှာ အတွင်းအာယတနလို့ခေါ်တဲ့၊ မျက်စိ အကြည်ဓာတ်လို့ခေါ်တဲ့= စက္ခုပသာဒ၊ နားအကြည်ဓာတ်လို့ ခေါ်တဲ့= သောတပသာဒ၊ နှာခေါင်းအကြည်လို့ခေါ်တဲ့= ဃာနပသာဒ၊ လျှာအကြည်လို့ခေါ်တဲ့= ဇိဝှါပသာဒ၊ ကိုယ်အကြည်လို့ခေါ်တဲ့= ကာယပသာဒ၊ စိတ်အကြည်လို့ခေါ်တဲ့= မနောဓာတ်။ အဲဒီအတွင်း အာယတနလို့ခေါ်တဲ့ အတွင်းလောင်စာက (၆)မျိုးရှိတယ်။

စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကလေးမှာလဲ တဟုန်းဟုန်း တောက်လောင်တယ်။ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည် ဓာတ်နဲ့ ကိုယ်အကြည်ဓာတ်လို့ခေါ်တဲ့ ကာယပသာဒ၊ စိတ်အကြည်လို့ ခေါ်တဲ့ မနောပသာဒ။ အဲဒီအတွင်း အာယတနလို့ခေါ်တဲ့အတွင်း လောင်စာက (၆)မျိုးရှိတယ်။ အပြင်လောကကို ထွက်ကြည့်လိုက် ပြန်တော့ မိမိတို့ နေ့စဉ်ဆုံစည်းပြီးတော့ နေတဲ့ အဆင်းမျိုးစုံ (ရူပါရုံ)၊ အသံမျိုးစုံ (သဒ္ဒါရုံ)၊ အနံ့မျိုးစုံ (ဂန္ဓာရုံ)၊ အရသာမျိုးစုံ (ရသာရုံ)၊ အတွေ့အထိမျိုးစုံ (ဖောဋ္ဌဗ္ဗာရုံ)၊ တွေးကြံစရာမျိုးစုံ (ဓမ္မာရုံ)။

http://www.dhammadownload.com



အဲဒီအပြင်လောက လောင်စာတွေလဲ (၆)မျိုး။ အတွင်းလောင်စာနဲ့ အပြင်လောင်စာနှစ်ခု သက်ဆိုင်ရာ သက်ဆိုင်ရာ လောင်စာချင်း ပေါင်းမိတဲ့အခါကျတော့ လောင်စာ(၆)မျိုး ဖြစ်ပေါ်လာပြန်တယ်။ အဲဒါက "မြင်သိစိတ်၊ မျက်စိအကြည်ဓာတ်၊ အဆင်းရူပါရုံနဲ့ ထိခိုက်တဲ့အခါမှာ မြင်သိစိတ်ကလေး ပေါ်လာတယ်။ ပေါ်လာတဲ့ မြင်သိစိတ်ဟာလဲ လောင်စာပါပဲ။ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်(စား)သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ် ဖြစ်နေတယ်။ လောင်စာတွေက အဝေးရှာကြရတာ မဟုတ်ဘူး။ အဲဒီ(၆)မျိုးဟာလဲ လောင်စာပါပဲ။ အတွင်းလောင်စာ(၆)မျိုး၊ အပြင်လောင်စာ(၆)မျိုး၊ အတွင်းအပြင် တွေ့ကြုံဆုံဆည်းမှုကြောင့် ပေါ်လာတဲ့လောင်စာက(၆)မျိုး။

အဲဒီထဲက (၃)ခု (၃)ခုစီ အကြောင်းပြုပြီးတော့ အတွေ့အထိလောင်စာဖဿ(၆)မျိုး၊ ကြံကို ကြံစက်များနဲ့ ကြိတ်ဝါးသလို အဲဒီလို ကြိတ်နယ်ပေးတဲ့ ဖဿ(၆)မျိုး၊ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ၊ စက္ခုပသာဒနဲ့ ရူပါရုံထိခိုက်လို့ မြင်သိစိတ်လေး ပေါ်လာတယ်။ စက္ခုပသာဒရယ်၊ ရူပါရုံရယ် မြင်သိစိတ်ရယ်၊ အကြောင်းခံပြီးတော့ ဖဿပေါ်လာတယ်။ ဒီဖဿဟာလဲ လောင်စာပဲ။ ဒီဖဿ(၆)မျိုးကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှု ဝေဒနာ(၆)မျိုး- စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှာသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ။

အဲဒီ(၆)မျိုးသော ခံစားချက်ဝေဒနာတွေဟာလဲ လောင်စာတွေပါပဲ။ အဲဒီ လောင်စာတွေဟာ မီး(၁၁)မျိုးနဲ့ လောင်နေတာ။ "သူသူငါငါ ဖြစ်လေရာဝယ် ဦးစွာကြိုဆည်း ဇာတိမီးက အပြီးပုံသေ လောင်မြိုက်လေ၏"။ သာမန်အားဖြင့် ပြောမယ်ဆိုရင် ဘဝတစ်ခုစပြီးတော့ ဖြစ်တာဟာဇာတိ။ တကယ်တမ်းကြည့်မယ်ဆိုရင် စောစောကပြောတဲ့ စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကလေး ရူပါရုံနဲ့ တိုက်ဆိုင်လို့

http://www.dhammadownload.com



မြင်သိစိတ်ကလေးပေါ်လာတယ်။

ဒါဟာ ရုပ်ရဲ့ဇာတိ၊ နာမ်ရဲ့ဇာတိ၊ နာမ်တရားတို့ရဲ့ဖြစ်ခြင်း၊ ရုပ်တရားတို့ရဲ့ဖြစ်ခြင်း၊ အဲဒီနောက် ဖဿပေါ်လာတယ်၊ ဖဿရဲ့နောက် ဝေဒနာပေါ်လာတယ်။ ဝေဒနာရဲ့ ဇာတိ။ ဘဝတခုရဲ့ အစမှာ ဖြစ်ပေါ်လာတဲ့ ပဋိသန္ဓေကိုပဲ ဇာတိလို့ တစ်ခုထဲ ယူရတာမဟုတ်ပါဘူး။ ရုပ်နာမ်အားလုံးတို့ရဲ့ ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်ဟာ ဇာတိ။ သူသူငါငါ ဖြစ်လေရာဝယ်၊ ဦးစွာကြိုဆည်း ဇာတိမီးက အပြီးပုံသေ လောင်မြိုက်လေ၏။ အဲလိုဆိုရင် ဘဝတစ်ခုဖြစ်စထဲက လောင်တာ အခုအချိန်ဟာ ငြိမ်းသွားပြီလား၊ မငြိမ်းသေးပါဘူး။

ဒီလင်္ကာကတော့ အလျော်ဖြစ်အောင် စီထားတာပါ။ "သူသူငါငါ ဖြစ်လေရာဝယ်၊ ဦးစွာကြိုဆည်း၊ ဇာတိမီးက အပြီးပုံသေ လောင်မြိုက်လေ၏။ မသေ့တသီး ဇရာမီးလည်း အပြီးနောက်မှာ ကပ်လျှက်ပါ၏"။ ဇာတိမီးလောင်တိုင်း ဆွေးမြေ့ယိုယွင်းအိုမင်းတဲ့ ဇရာမီးကလဲ ကပ်လျှက်ပါနေပါတယ်။ မကွာစေရ မရဏဟု တစ်ဘဝဖျက်ဆီး၊ လောင်သည့်မီးလည်း ငြီးငြီးပြောင်ပြောင် အမြဲလောင်၏"။ တစ်ဘဝလုံးကို ဖျက်ဆီးလို့ ပျက်သွားမှသာ မရဏမဟုတ်ဘူး။ မြင်သိတယ်၊ မြင်သိစိတ်ကလေး ပေါ်လာပြီး ပျက်သွားတာသည်ပင်လျှင် မြင်သိစိတ်ရဲ့ မရဏပဲ မရဏမီးလောင်နေတာပါပဲ။ "မကွာစေရ၊ မရဏဟု တစ်ဘဝဖျက်ဆီး လောင်သည့်မီးလဲ ငြီးငြီးပြောင်ပြောင် အမြဲလောင်၏"။ လောင်ပုံ လောင်အား မထင်ရှား၍ နုထွားပျိုမြစ် အရွယ်ဖြစ်သော်၊ အချစ်ရာဂ မီးတွေထ၍ ဒေါသထန်ပြင်း မောဟညှင်း၏။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ၊ လောဘဖြစ်တဲ့ သူဟာ လောဘမီးလောင်တာပဲ၊ ဒေါသဖြစ်တယ်ဆိုရင် ဒေါသမီးလောင် တာပဲ၊ မောဟဖြစ်တယ်ဆိုရင် မောဟမီးလောင်တာပဲ။ "မကင်းနိုင်အောင် ထို့နောက်နောင်လည်း၊ ဝမ်းနည်းဖွယ်တွေ အထွေထွေနှင့် ပရိဒေဝ ငိုကြွေးကြလျှက်"၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဆိုတာတွေနဲ့လည်း ပူဖူးကြ၊ လောင်ဖူးကြ၊ ငိုကြွေးတာတွေလဲ

http://www.dhammadownload.com



ကြုံဖူးကြပါတယ်။

"ဒုက္ခဒေါမနဿ ဆက်စပ်မက္ခာ" ကိုယ်ဆင်းရဲဆိုတဲ့မီးလဲ လောင်ခံဖူးတယ်၊ စိတ်မသက်မသာ နှလုံးနာမှုတွေလဲ ဒေါမနဿမီးလဲ လောင်ခဲ့တယ်။ အခုလဲ လောင်ဆဲပါပဲ။ "ဒုက္ခဒေါမနဿ ဆက်စပ်မက္ခာ ဥပါယာသ လောင်မီးကျလျှက်" ဥပါယာသဆိုတဲ့ မီးကတော့ သောကပရိဒေဝတို့ထက် အပူသာတယ်။ ပိုပြီးတော့လဲ လွန်ကဲတယ်၊ ဘာကြောင့်လဲလို့ဆိုတော့ "သက်မျှမရှူ တက်အောင်ပူသည်။ ဆူဆူမီးတောက် ဆယ့်တစ်တည်း"။ အသက်မရှူနိုင်အောင် တက်အောင် ပူတာကိုး ဥပါယာသပိုင်း ရောက်သွားပြီ။ ဒီလိုလောင်နေတာကို မြတ်စွာဘုရားက **"သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ"** လွန်ခဲ့တဲ့ နှစ်ပေါင်း၂၅၉၃ နှစ် ပြာသိုလပြည့်နေ့က မြတ်စွာဘုရား ရသေ့ညီနောင်ရှင်တစ်ထောင်တို့ အား (၆)မျိုး(၅)လီ အဲဒီလောင်စာတွေကို မီး(၁၁)မျိုးလောင်ပုံတွေ ဟောတော်မူခဲ့တာ။

**"စက္ခာဒိ ပဉ္စက"**

| စဉ် | ပသာဒ | အာရုံ | ဝိညာဉ် | ဖဿ | ဝေဒနာ |
|---|---|---|---|---|---|
| ၁။ | စက္ခုပသာဒ | ရူပါရုံ | စက္ခုဝိညာဉ် | စက္ခုသမ္ဖဿ | စက္ခုသမ္ဖဿဇာဝေဒနာ |
| ၂။ | သောတပသာဒ | သဒ္ဒါရုံ | သောတဝိညာဉ် | သောတသမ္ဖဿ | သောတသမ္ဖဿဇာဝေဒနာ |
| ၃။ | ဃာနပသာဒ | ဂန္ဓာရုံ | ဃာနဝိညာဉ် | ဃာနသမ္ဖဿ | ဃာနသမ္ဖဿဇာဝေဒနာ |
| ၄။ | ဇိဝှါပသာဒ | ရသာရုံ | ဇိဝှါဝိညာဉ် | ဇိဝှါ သမ္ဖဿ | ဇိဝှါ သမ္ဖဿဇာဝေဒနာ |
| ၅။ | ကာယပသာဒ | ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဉ် | ကာယသမ္ဖဿ | ကာယသမ္ဖဿဇာ ဝေဒနာ |
| ၆။ | မနောပသာဒ | ဓမ္မာရုံ | မနောဝိညာဉ် | မနောသမ္ဖဿ | မနောသမ္ဖဿဇာဝေဒနာ |

အဲဒီလို ဟောကြားလိုက်တဲ့အခါ လောင်မီးစာတွေကိုလဲ တွေ့တယ်။ တဟုန်းဟုန်း တောက်လောင်နေတာတွေကိုလဲ တွေ့တယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တွေကလဲ မီးစာတွေပဲ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့ကလဲ မီးစာတွေပဲ။ မြင်သိစိတ် (စက္ခုဝိညာဉ်)၊ ကြားသိစိတ် (သောတဝိညာဉ်)၊ နံသိစိတ် (ဃာနဝိညာဉ်)၊ စားသိစိတ် (ဇိဝှါဝိညာဉ်)၊ ထိသိစိတ် (ကာယဝိညာဉ်)၊

http://www.dhammadownload.com



တွေးကြံသိစိတ် (မနောဝိညာဉ်) ဒီဝိညာဉ်တွေကလဲ မီးစာတွေပဲ။ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဒီဖဿ(၆)မျိုးကလဲ မီးစာတွေပဲ။ စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ၊ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတွေကလဲ မီးစာတွေပဲလို့ မြင်တော်မူကြတော့။ စက္ခုအပေါ် (မျက်စိအကြည်)၊ ရူပါရုံအပေါ်၊ စက္ခုဝိညာဏ်အပေါ် စက္ခုသမ္ဖဿ (ဖဿ)အပေါ်၊ စက္ခုသမ္ဖဿဇာ ဝေဒနာအပေါ် (ဝေဒနာ) အဲဒီ ငါးချက်အပေါ် အမြင်မှန်ရပြီး မီးလောင်နေတယ်။ မီး(၁၁)မျိုး လောင်နေတယ်လို့ မြင်သွားကြတယ်။

ရသေ့ညီနောင် ရှင်တစ်ထောင်တို့ဟာ တိတိကျကျ မြင်သွားတဲ့ အခါ အင်မတန်အားကောင်းတဲ့ ဝိပဿနာဉာဏ် ဖြစ်ပေါ်တယ်။ အဲဒီ အင်အားကောင်းတဲ့ ဝိပဿနာဉာဏ်ဖြစ်ပြီး ငြီးငွေ့ပြီးတဲ့အခါ တပ်မက်ခြင်းကင်းပြီး မဂ်ဉာဏ်ဆိုက်သွားတယ်။ မဂ်ဉာဏ်မှ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ဆိုက်ရောက်ခဲ့ကြပြီ။ ဝိပဿနာဉာဏ် အဆင့်ဆင့် တက်ပြီးတော့ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ ယခုလို ပြောသို လပြည့်နေ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၃ ခုနှစ်က ဝဋ်ဒုက္ခခပ်သိမ်း၊ မီးတောက်မီးလျှံကြီးတွေ ငြိမ်းခဲ့ဖူးတယ်။

ဒါကြောင့် ယခုယောဂီ သူတော်စင်များဟာလဲ အခု (၄၄)ကြိမ် မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်းမှာ နာမည်ခေါ် လွယ်အောင်လို့သာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ကျေးဇူးဆပ်သောအားဖြင့် "လယ်တီဝိပဿနာ"လို့ ခေါ်ရခြင်းပါ။ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မြတ်ဗုဒ္ဓဒေသနာတော်မှ ထုတ်နှုတ်ပြီး ကိုယ်တိုင်ကျင့် ကိုယ်တိုင်ဟောခဲ့တဲ့ မူရင်းက ကျင့်စဉ်ဖြစ်လို့။ ဗုဒ္ဓဝိပဿနာ။ ထိုဗုဒ္ဓဝိပဿနာဖြစ်တဲ့ လယ်တီဝိပဿနာတရားကို

http://www.dhammadownload.com



ကြိုးပမ်းအားထုတ်ကြတယ်။

ဘုန်းကြီးတို့တတွေသည် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၃ နှစ်က သုံးလောကထွဋ်ထား မြတ်စွာဘုရားကိုယ်တော်တိုင် ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား မီး(၁၁)ပါး ငြိမ်းအေးစေခဲ့ပုံ၊ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ မီး(၁၁)တန် ငြိမ်းပြီးတော့ ဝဋ်ဒုက္ခဇာတ်သိမ်းတော်မူခဲ့တဲ့ ထုံးကိုနှလုံးမူပြီးတော့ ကြိုးပမ်းအားထုတ်ကြတယ်။ အဲဒီလို ကြိုးပမ်းအားထုတ်ခဲ့တဲ့အခါ ဝိပဿနာဉာဏ်ဆိုက်အောင် ကြိုးစားကြတယ်။ ဥပမာလေးနဲ့ ပြောမယ်ဆိုရင် သရက်သီးစားချင်တဲ့အခါ ချိုမြိန်တဲ့ သရက်ချိုမျိုးစေ့ စိုက်ပျိုးကြရတယ်။ မူလဝိပဿနာဉာဏ် ဖြစ်အောင် ကြိုးစားတယ်ဆိုတာ သရက်ချိုမျိုးစေ့ စိုက်ပျိုးသလိုပါပဲ။ အဲဒီလို သရက်ပင်စိုက်တဲ့အခါမှာ သရက်ချိုသီးများ စားရအောင်၊ သရက်ချိုသီးနဲ့ တူတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိအောင် မိမိစိုက်ပျိုးထားတဲ့ ဝိပဿနာဉာဏ် ရှင်သန်ကြီးထွားဖို့ သရက်ချိုမျိုးစေ့စိုက် ဥပမာလေးကို သတိပြုကြရမယ်။ လူတစ်ယောက်ဟာ သရက်ချိုမျိုးစေ့ စိုက်ပျိုးတယ်။ စိုက်ပျိုးပြီးတော့ စည်းရိုးမကာပဲထားလို့ရှိရင် ဒီသရက်ပင်လေးတွေ ကျွဲနင်း၊ နွားနင်းနဲ့ လူကဖျက်ဆီးတာနဲ့ ပျက်စီး သွားတယ်။ ရေလေးလဲ လောင်းပေးရတယ်။ သစ်ပင်ရင်းမှာ ပေါင်းလည်းသင်ပေးရတယ်။ ဒီလိုတင်မဟုတ်သေးဘူး၊ သရက်ပိုးတွေ ဆိုတာလဲ ရှိသေးတယ်။ တခါတရံကျတော့ သရက်ပင်ဟာ သီးမယ်လို့ ပွင့်ဖူးလာတာနဲ့ "ပျ"ဆိုတာကျသွားရင် တစ်ခါထဲ မသီးတော့ဘူး၊ ပျက်သွားတယ်။ အဲဒီအခါ ပိုးတွေလဲ ဖယ်ရှင်းပေးရတယ်။ ပိုးတင် မဟုတ်သေးဘူး ပိုးမျှင်တွေ၊ ပိုးအုံးတွေကိုလဲ ဖယ်ရှင်းနိုင်မှ၊ ဒါမှ ပိုးတွေကင်းသွားမယ်။ အဲဒီလို ပိုးမျှင်တွေ၊ ပိုးအုံတွေဖယ်ရှင်းပြီးတော့လဲပဲ ဘာလိုသေးလဲ ဆိုတော့ သရက်ပင်ကို ကြည့်ပြီး ဖြစ်ပေါ်လာမည့် အဖျက်များကို ဂရုစိုက်ပေးရမယ်။

ဝိပဿနာဉာဏ် အဆင့်ဆင့်ရလိုတဲ့ ယောဂီများဟာလဲ သရက်ပင်ခြံစည်းရိုးကာသလို သီလကို စောင့်ရှောက် ထိန်းသိမ်းကြ

http://www.dhammadownload.com



ရမယ်။ သရက်ပင်ကို ရေလောင်းရသလို ဝိပဿနာဆိုင်ရာ တရားတော်ကို နာယူကြရမယ်။ ပေါင်းသင်ပေးရသလို ဝိပဿနာ ဆိုင်ရာ တရားတော်များနဲ့ ပတ်သက်ပြီး ဆွေးနွေးကြရမယ်။ တရားနာဖို့နဲ့ ဆွေးနွေးဖို့အချိန်က ဒီတရားစခန်းက အချိန်နည်းနည်းပဲ ပေးထားတယ်၊ အားထုတ်တဲ့ အချိန်ကိုပဲ များများထားပါတယ်။ တရားစခန်းတိုင်းမှာ ဖွင့်ပွဲပိတ်ပွဲပါဆိုရင် ညတိုင်း(၉)ညတိုင်တိုင် အားပေးတရား ဟောပေးခဲ့တယ်။ အဲဒါ ရေလောင်းပေးတာပါပဲ။ အခုဟောလာတဲ့ တိတ်ခွေတွေ (၁၀၀)ကျော် ရှိနေပါပြီ။

အခုလို ကိုယ်တိုင်ဟော၊ တရားတိတ်ခွေ ဖွင့်လိုက်တော့ သရက်ပင်ရေလောင်းသလိုပါပဲ။ သရက်ပင် ပေါင်းသင်ပေးသလို ဖြစ်အောင် ဝိပဿနာဆိုင်ရာတရားကို နာကြားရင်း ဆွေးနွေးပြီးသား ဖြစ်ပါတယ်။ အဲဒီလို တရားဟောကြ၊ တရားနာကြ ဆွေးနွေးကြတဲ့အခါ သတိထားစရာက မုသာဝါဒ၊ ဖရုသဝါစာတွေကို ရှောင်ကြဉ်ပြီးတော့ "မှန်ကန်၊ ချစ်စဖွယ်၊ နူးနယ်၊ သာယာ" ဆိုတဲ့စကားမျိုး တွေ ပြောရဟောရပါတယ်။ မှန်လဲမှန်ကန်ရမယ်၊ ချစ်စဖွယ်လဲဖြစ်ရမယ်၊ နူးနူးနယ်နယ် ရှိရမယ်၊ သာယာဖွယ်လဲ ရှိရမယ်။ ဒါကြောင့် မြတ်စွာဘုရားကိုစူဠသီလအခန်း ချီးမွမ်းထောမနာပြုရာမှာ**"ဖရုသံဝါစံပဟာယ၊ ဖရုသာယ ဝါစာယ ပဋိဝိရတော သမဏော ဂေါတမော"**စသည်ဖြင့် ရဟန်းဂေါတမသည် ကြမ်းတမ်းခက်ထန်သောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်တော်မူပါတယ်။ ကဏ္ဏသုခ= နားချမ်းသာတဲ့စကားကို ပြောတယ်။ ပေမနီယံ= ချစ်ဖွယ်သောစကားကို ပြောတယ် စသည့် မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေကို အခြေခံကစပြီး ပူဇော်ထားတဲ့ အခန်းတွေရှိတယ်။

http://www.dhammadownload.com



**သရက်ချိုသီး**

ဘုန်းကြီးတို့က (၇)ရက်တရားစခန်းအတွင်းမှာလဲပဲ တရားဟော ကြတယ်၊ တရားဆွေးနွေးကြတယ်၊ နည်းနည်းပဲဟောမှာပါ။ ဘာကြောင့် လဲဆိုတော့ အားထုတ်ချိန်ကို ဦးစားပေးမယ်၊ ဆွေးနွေးတာလဲ နည်းနည်းပဲ ဆွေးနွေးမယ်။ တစ်နေ့ တစ်နာရီ၊ နာရီဝက်လောက် တိတ်ခွေဖွင့်လိုက်လို့ ရှိရင် တရားနာတဲ့ ကိစ္စကပြီးသွားတာ၊ အဲဒါကြောင့်မို့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များကလဲ စိတ်မပျက်မှု မြတ်စွာဘုရား တရားအားထုတ်ကြတာဟာ အသိထူး၊ အမြင်ထူးတွေ၊ သိချင် မြင်ချင်လို့၊ ဒီတစ်ပတ်အားထုတ်လို့ မရသေးဘူး၊ မရသေးရင် ဆက်ပြီးတော့ အားထုတ်ကြရမယ်။ (၇)ရက်ထဲနဲ့ တရားပေါက်သွားမယ်၊ တရားမြင့်သွားမယ်လို့ တာဝန်ယူပြီး ဖွင့်တာမဟုတ်ဘူး။ တရားဟာ ဖြေးဖြေးချင်းမှ သဘောပေါက်ပါတယ်။ (၇)ရက်ထဲနဲ့ တရားမြင့်ချင်မှလဲ မြင့်မယ်။ သရက်ချိုစိုက်တဲ့ ပုဂ္ဂိုလ်ဟာ သရက်ချိုပင်ရဲ့ အနှောင့်အယှက်ဖြစ်တဲ့ ပိုးဖယ်ဖို့ အရေးကြီးသလို မိမိတို့အားထုတ်တဲ့ တရားတော်ကြောင့် ရရှိလာတဲ့ဈာန်၊ ဝိပဿနာတို့ရဲ့ အန္တရာယ်များကိုလဲ ဖြေရှင်းပြီးတော့ ပေးရမယ်။ ဈာန်၊ ဝိပဿနာတို့ရဲ့ အန္တရာယ်ကို ဘယ်သူက ဖယ်ရှင်းနိုင်သလဲ ဈာန်ဆိုတာ စိတ်ရဲ့ တည်ကြည်ငြိမ်သက်မှု၊ ဝိပဿနာဆိုတာ အထူးအခြားမြင်မှု၊ အဲဒီစိတ်ရဲ့ တည်ကြည်ငြိမ်သက်မှုကြောင့် ဖြစ်ပေါ်တဲ့ဈာန် စိတ်ရဲ့ တည်ကြည်မှု ကြောင့် မြင်တဲ့ဝိပဿနာဉာဏ်အမြင်၊ အဲဒီဈာန်နဲ့ ဝိပဿနာဉာဏ် အမြင်တို့ရဲ့ အန္တရာယ်ကို ဖြေရှင်းပေးနိုင်တဲ့ တရားကတော့ သမထ အားထုတ်ရမှာပါပဲ။

အခုရှေးဦးစွာ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်ခဲ့ထိအောင် အားထုတ်ခဲ့တယ်။ သမထအားထုတ်တာ ဘာလဲဆိုတော့ ရလတ္တံဖြစ်တဲ့ ဈာန်နဲ့ ဝိပဿနာတို့ရဲ့ အန္တရာယ်ကို ဖြေရှင်းပေးနေတာပါပဲ။ သရက်ချို မျိုးစေ့ စိုက်ပျိုးသူဟာ သရက်ပိုးတွေ ဖယ်သလိုပါပဲ။ သရက်အပင်ကို ကိုက်တဲ့ပိုးလဲ ရှိတယ်။ အရွက်ကို ကိုက်တဲ့ပိုးလဲရှိတယ်။ အသီးကို

http://www.dhammadownload.com



ကိုက်တဲ့ပိုးလဲ ရှိတယ်။ အဲဒီပိုးမျိုးစုံလို မိမိတို့ရရှိလတ္တံဖြစ်တဲ့ သမာဓိဈာန်၊ ဝိပဿနာဉာဏ်တို့ရဲ့ အန္တရာယ်တွေကို ဖယ်ရှင်းပြီးတော့ ပေးတဲ့အနေအားဖြင့် ရှေးဦးစွာ (၄)ရက်ခွဲတိုင်တိုင် ထွက်လေဝင်လေကို ရှုပြီးတော့ သမာဓိရအောင် အားထုတ်ကြတာ။ သရက်ချိုမျိုးစေ့စိုက်သူဟာ ပိုးကို ဖယ်ရှင်းရုံတင်မကဘူး ပိုးမျှင်လေးတွေ ပိုးအုံလေးတွေပါ ဖျက်ဆီးရတယ်။ အမျှင်တွေလိုက်ပြီးတော့ ဖယ်၊ ပိုးအုံကို ဖျက်နိုင်မှ သရက်ချိုသီးစားရသလို ယောဂီသူတော်စင်များဟာလဲ မိမိတို့ရဲ့ ဝိပဿနာဉာဏ်အမြင်ကို အားကောင်းတဲ့ ဝိပဿနာဖြစ်အောင် (၄)ရက်ခွဲ သမထအားထုတ်ပြီးမှ ဟိုဘက် ဝိပဿနာ အားထုတ်ကြတယ်။ အဲဒီလိုပဲတဲ့ သရက်ချိုမျိုးစေ့စိုက်တဲ့ ပုဂ္ဂိုလ်ဟာ စည်းရိုးကာတယ်၊ ရေလောင်းတယ်၊ ပေါင်းသင်တယ်၊ ပိုးရှင်းတယ်၊ ပိုးမျှင်တွေကို ဖယ်တယ်။ ပိုးအုံတွေကို ရှင်းတယ်။အဆင့်ဆင့် ငါးမျိုးသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်နိုင်မှ စိန်တစ်လုံး၊ မြကျောက်စတဲ့ သရက်ချိုသီးစားရသလို လယ်တီဝိပဿနာ (၇)ရက် တရားစခန်းမှာ ဝိပဿနာ အားထုတ်ကြမယ်။

ယောဂီသူတော်စင်များ သီလနဲ့စည်းရိုးကာလို့ တရားနာခြင်းဖြင့် ရေလောင်းမယ်၊ ဆွေးနွေးခြင်းဖြင့် ရေလောင်းရမယ်။ သမထကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်ခြင်းဖြင့် ဈာန်၊ ဝိပဿနာတို့ရဲ့ အန္တရာယ်ဖြစ်တဲ့ ပိုးကို ရှင်းရမယ်။ အဲဒီလို ကြိုးပမ်းခြင်းဖြင့် (၄)ရက်ခွဲမှ ဟိုဘက်ရောက်တဲ့အခါ မိမိတို့အလိုရှိတဲ့ ဝိပဿနာဉာဏ်ကို ဒီလိုအဆင့်ဆင့် ချီးမြှောက်ပြီးတဲ့အခါ သရက်ချိုသီးနဲ့တူတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အသီးများ စားနိုင်သုံးနိုင်ပါတယ်။

ယနေ့ ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား မြတ်စွာဘုရားက မီး(၁၁)တန် ငြိမ်းစေနိုင်တဲ့ အာဒိတ္တပရိယာယသုတ္တန် ဒေသနာတော်မြတ်ကြီး ဟောကြားပြီးတော့ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကလဲ မိမိတို့သန္တာန်မှာ လောင်စာတွေ (၆)မျိုး၊ (၅)လီ လောင်စာတွေ မီး(၁၁)မျိုးနဲ့ လောင်နေပုံ။ အဲဒီတရားတွေကို မြင်သိပြီးတော့ မီး(၁၁)ပါးငြိမ်းတော်

http://www.dhammadownload.com



မူကြတယ်၊ ဝဋ္ဋဒုက္ခခပ်သိမ်းငြိမ်းပြီး နိဗ္ဗာန် ရရှိတော်မူကြတာလို ယောဂီသူတော်စင်များဟာ ရှင်တစ်ထောင် အခါတော်နေ့ဖြစ်တဲ့ ပြာသိုလပြည့်နေ့မှာ (၄၄)ကြိမ်မြောက် လယ်တီဝိပဿနာတရား ကြိုးပမ်းပြီး မိမိတို့ ပစ္စုပ္ပန်မှာ နေ့စဉ် နေ့တိုင်း လောင်ကျွမ်းနေတဲ့ (၁၁)ပါးသော မီးတောက်မီးလျှံတို့ကို ထိုက်တန်သလောက် တရားရေအေးဖြင့် ငြိမ်းအောင်အားထုတ်နိုင်ကြပါစေသောလို့ ဆုတောင်းပတ္ထနာပြုပြီး ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## စခန်းသိမ်း

ယနေ့(၄၄)ကြိမ်မြောက် စခန်းသိမ်းတဲ့ရက် ယောဂီသူတော်စင်များ သမထဘာဝနာ ဝိပဿနာများ ကြိုးပမ်းအားထုတ်ကြရာမှာ ဘုန်းကြီးတို့ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမတော် ဒေသနာတော်မြတ်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်က ဖြစ်ပေါ်ခဲ့သော်လဲပဲ။ အကြောင်းအားလျော်စွာ တွေ့ကြုံဆုံစည်းပြီးတော့ လောကီ၊ လောကုတ္တရာ အကျိုးတိုးပွားကြောင်း အဆုံးအမများ ရရှိထားကြတယ်။ ဒါဟာ သာမန်အမွေအနှစ် မဟုတ်ပါဘူးတဲ့။ ကမ္ဘာ့လူထုကြီး အများစုထဲကနေပြီး လူနဲစုတို့သာ ရရှိနိုင်တဲ့ အခွင့်အလမ်း ဖြစ်ပါတယ်။ မြတ်စွာဘုရားရဲ့ ဒေသနာတော်မြတ်တွေကို ကြည့်မယ်ဆိုရင် လောကီအကျိုးစီးပွား၊ လောကုတ္တရာ အကျိုးစီးပွား ပစ္စုပ္ပန်မျက်မှောက်အကျိုးစီးပွား၊ တမလွန်အကျိုးစီးပွားများဖို့ အင်မတန်စုံလင်တဲ့ အဆုံးအမဒေသနာတော်များကို တွေ့ရပါတယ်။ သာဓကလေးတစ်ခု ထုတ်ပြီးတော့ ပြောမယ်ဆိုရင် ဇနသန္ဓဇာတ်တော်မှာ မြတ်စွာဘုရားက နောင်တတရား(၁၀)ပါး ဟောခဲ့တယ်။ အာရုံမစိုက်ပဲ ကွယ်လွန်သွားကြ နောင်တရကြတယ်။ အဲလို နောင်တရပြီးတော့ လူ့ဘဝများ နောက်တခါ မြတ်စွာဘုရားသာသနာတော်နဲ့ အခွင့်သင့်လို့ ကြုံခဲ့မယ်ဆိုရင်တော့ ဒီ့တရားအားထုတ်မယ်လို့ နောင်မှ တနေတဲ့ ပုဂ္ဂိုလ်တွေလဲ များစွာရှိတယ်။

## နောင်တ (၁၀)ပါး

မန်လည်ဆရာတော် ဘုရားကြီးရဲ့လင်္ကာကို တစ်ပိုဒ်ချင်းလေး လင်္ကာပြုပြီးတော့ ထားတယ်။ အဲဒါက “ငယ်ကပညာ၊ မသင်ပါ၊ အိုခါနောင်တရတတ်စွ”၊ ဘုန်းကြီးတို့ မုံရွာမြို့ အရှေ့လယ်တီဆရာတော်ဘုရားက “မဟာသုတဒီပနီ” ကျမ်းမှာ “ငယ်ကပညာ၊ မသင်ပါ၊ အိုခါနောင်တရတတ်စွ၊ ငယ်ကဥစ္စာ၊ မစုပါ၊ အိုခါနောင်တရတတ်စွ၊ ချစ်ခင်သူများ ကုန်းတိုက်ငြား အိုခါနောင်တရတတ်စွ။ ချစ်ခင်သူနှစ်ဦး

http://www.dhammadownload.com



ကုန်းတိုက်တာ၊ သံဃာတော်တွေနဲ့ပတ်သက်ကြည်ညို လေးစားနေတာကို ကြားက ဟိုပြော၊ ဒီပြောနဲ့ ကုန်းချောမိ၊ နောင်ကျတော့ နောင်တရတတ်တယ်။ မုံရွာနေစဉ် ဘုန်းကြီးတို့ ဥပဇ္ဈာယ်ဆရာတော် ဘုရားကြီးက ဆွမ်းစား၊ ကွမ်းစားမလိုက်ပါဘူး။ သပြေပင်တောရ တောရကျောင်း ဆရာတော်ပီပီပဲ နေတယ်။ ရဟန်းခံ၊ အနေကဇာတင် ရှိတဲ့အခါမျိုးတော့ လိုက်တတ်ပါတယ်။ အင်မတန်ကြည်ညိုတဲ့ ကျောင်းဒကာကြီးက သံဃာတော်များ ပင့်ပြီးဆွမ်းကျွေးတယ်။ သပြေပင်ဆရာတော်ကြီးက ကျောင်းဒကာဖြစ်ပေမယ့် ထုံးစံအတိုင်း မလိုက်ပါဘူး။

တစ်နေ့ကျတော့ ပုဂ္ဂိုလ်တစ်ဦးက အဲဒီ ကျောင်းဒကာကြီးထံ သွားပြီးတော့ ဒကာကြီး တစ်နေ့က ဆွမ်းကျွေးမှာ သပြေပင်ဆရာတော်ကြီးကြွသေးလား၊ မကြွပါဘူးဘုရား။ ဟောဗျာ- ဘာပြုလို့ မကြွတာတုံး၊ ဟိုတစ်နေ့က ဟိုနားက ကျောင်းဒကာကြီးအိမ်တော့ ကြွသားပဲ။ အဲဒီလိုပြောတော့ ကျောင်းဒကာက မစဉ်းမစားနဲ့ ထိုက်တန်သလောက်လဲ ချမ်းသာသူဆိုတော့ သပြေပင်တောရဆရာတော် အပါအဝင် အခြားသပြေပင်သံဃာတွေ အားလုံးပေါ့လေ အိမ်ထဲကို ခြေရာတောင် မချနဲ့တော့တဲ့၊ မကြည်ညိုတော့ဘူးတဲ့။ ကြားကပြောလိုက်တာကိုး။

နောက်တော့မှ ဒေါသလေးပြေတော့ စာလေးရေးပြီးတော့ "ဆရာတော်ဘုရား ငါးမိနစ်အတောအတွင်း ဖြစ်ပွားသော ဒေါသများကို သည်းခံတော်မူပါဘုရား"လို့ လူတစ်ယောက်လွှတ်လိုက်တယ်၊ ဘုန်းကြီးတို့ကလဲ ဆရာတော်ကြီးအနား ဝတ်ပြုနေတဲ့အချိန် ရောက်လာတယ်။ ကျောင်းဒကာကြီး စာပေးခိုင်းလို့ပါဘုရားဆိုတော့ "ဘာလဲ ဖတ်စမ်း၊ ဖတ်စမ်း"ဆိုတော့ ဘုန်းကြီးက ဖတ်တယ်။ "ဆရာတော်ဘုရား ငါးမိနစ်အတွင်း ဖြစ်ပွားသော ဒေါသများကို သည်းခံတော်မူပါဘုရား"ဆိုတော့ ဒါဘာလဲ မသိဘူးတဲ့။ ဆရာတော်က ဘာမှန်းတောင်မသိဘူး သူတို့ချင်း ဖြစ်နေတာ။ ကုန်းတိုက်သူက တိုက်ပြီးပြီ၊ စိတ်ဆိုးသူကလဲ စိတ်ဆိုးပြီးပြီ။ ဒါကြောင့်မို့ သာသနာတော်ကို ဆည်းကပ်ကိုးကွယ်ကြတဲ့ နေရာတွေမှာ

http://www.dhammadownload.com



မကြာမကြာ ကြုံတွေ့ရတတ်ပါတယ်။ ကြုံတွေ့တတ်တော့ သာသနာကိုးကွယ်တဲ့နေရာမှာ ဒါလေးတွေလဲ ဂရုစိုက်ကြရမယ်။ သက်သတ်စားကြူးပြုခဲ့ဘူး၊ အထူးနောင်တရတတ်စွာ။ သူတစ်ပါး အသက်ကလေးပါမှ စားကောင်းတယ်ဆိုတော့ သတ်ပြီးတော့ စားခဲ့တယ်။ အဲဒီလိုဆိုလဲ နောင်တရတတ်တယ်။

သူ့အိမ်ယာပေါ်၊ ကျူးလွန်သော်၊ မလျှောက်နောင်တ၊ ရတတ်စွာ၊ သူ့သားမယား ပစ်မှားမိရင် နောင်တရတတ်တယ်။ ဥစ္စာရှိလျှက်၊ မလှူရက် ကုန်ပျက်နောင်တ ရတတ်စွာ၊ ဥစ္စာရှိတုန်းက မလှူရက်ဘူးဆိုရင် ဥစ္စာစီးပွားပျက်သွားတဲ့အခါ နောင်တရတတ်ပါတယ်။ မိဘနှစ်ဆူ၊ မမွေးမြူ သေမှနောင်တ ရတတ်စွာ။ မိဘနှစ်ပါးကို မမွေးမြူဘူး၊ မပြုစုဘူးဆိုရင် နောင်သောအခါ သေသောအခါ နောင်တရတတ်တယ်။ မိမိမစွမ်းနိုင်ဘူးဆိုရင်တော့ ကိစ္စမရှိဘူး။ ဘုန်းကြီးတို့ မုံရွာနေစဉ်က ကျောင်းဒကာကြီးတစ်ယောက် သူကတော့ မပြုစုတာမဟုတ်ဘူး မတတ်နိုင်တာ။

မိဘများရှိစဉ်အခါတုံးက သူကဆိတ်ကျောင်းနေရသတဲ့။ မိဘများ ကွယ်လွန်သွားမှ အရွယ်ရောက်လို့ စီးပွားရေးလုပ်လို့ အောင်မြင်တဲ့အခါကျတော့ တိုက်တွေ လေးငါးလုံးလောက်ပိုင်တဲ့ သူဌေးလေး ဖြစ်တယ် ပြောပါတော့“သူက ငြီးရှာတယ် မိဘများရှိတုံးက ဆိတ်ကျောင်း၊ သိုးကျောင်းနေရတယ်၊ ကျွေးနိုင်တဲ့အခါကျတော့ မိဘများ မရှိတော့ဘူး၊ သူကျတော့ မကျွေးမွေးလိုက်ရလို့ နောင်တရတယ်၊ ဒီနောက်တစ်မျိုးကျတော့ ဘယ်လိုမှ မတတ်နိုင်လို့ ဖြစ်ရတာ။ စွမ်းနိုင်ရဲ့သားနဲ့ မကျွေးမွေးလိုက်ရတဲ့ နောင်တမျိုးကတော့ ပိုဆိုးတာပေါ့။

ဒီနောက်တစ်မျိုးက သိပ်ပြီးတော့ဆိုးတယ် မခေါ်နိုင်ပါဘူး။ ကောင်းသောနောင်တ ကိုယ်တတ်နိုင်တဲ့အခါ ကျွေးချင်စိတ် မွေးချင်စိတ်ပေါ်တာကိုး။ သူတော်သူမြတ် မဆည်းကပ် ဆက်ဆက်နောင်တရတတ်စွာ။ သူတော်သူမြတ်ကို မဆည်းကပ်မိရင်လဲ နောင်တရတတ်

http://www.dhammadownload.com



တယ်။ အမြတ်တရား မကျင့်ငြား အမှားနောင်တ ရတတ်စွ။ အမြတ်တရားကို မကျင့်မိလိုက်ရင်လဲ နောင်တရတတ်ပါတယ်။ နောင်တဆယ်ဆင့် လွတ်အောင်ကျင့် မလင့်မုချ ချမ်းသာရ။

ယနေ့ယောဂီသူတော်စင်များ "အမြတ်တရား မကျင့်ငြား အမှားနောင်တ ရတတ်စွ" ဆိုတာက ဒီနောင်တတွေထဲမှာ အဆိုးဆုံး နောင်တလို့ ပြောရမှာပေါ့၊ ပြဟ္မစရိယခေါ်တဲ့ မြတ်တဲ့အကျင့် သီလ၊ သမာဓိ၊ ပညာ" သိက္ခာသုံးပါးကျင့်စဉ်တရားဟာ ကြုံခဲ၊ ဆုံခဲတယ်။ တွေ့ခဲ့ပါတယ်။ ဟိုနှစ်ပေါင်း (၂၅၀၀)ကျော်က အင်မတန် သာသနာ ထွန်းကားခဲ့ပါတယ်ဆိုတဲ့ အိန္ဒိယနိုင်ငံမှာ အခုရှိသေးလားဆိုတော့မရှိဘူး။ ရှေးက အင်မတန် သာသနာ ထွန်းကားခဲ့ပါတယ်ဆိုတဲ့ အာဖဂန်နစ္စတန် တို့ဟာ ယခုအချိန် သာသနာလဲ မရှိတော့ဘူး၊ မြတ်တဲ့အကျင့်တွေ ကျင့်ဖို့လဲ အခွင့်မသာတော့ဘူး။ ဒါကြောင့် ပြဟ္မစရိယ မြတ်တဲ့အကျင့်ဟာ ကြုံခဲတယ်။ မြတ်တဲ့အကျင့်ဟာ ကြုံခဲတယ်။ ကြုံခဲတဲ့ မြတ်တဲ့ "သီလ၊ သမာဓိ၊ ပညာကျင့်စဉ်တရားများကို ကျင့်ကြံကြိုးကုတ်အားထုတ်လို့ မိမိတို့ (၇)ရက်တာ အားထုတ်ခဲ့မှုတွေကို ဒီနေ့အောင်ပွဲခံစခန်းသိမ်းတဲ့နေ့။

## တရားနဲ့နေတဲ့ ဆရာတော်

အဲဒီအခါသမယမှာ မိမိတို့သည် မြတ်စွာဘုရား သတိပေး ဟောကြားတော်မူခဲ့တဲ့ ဇနသန္ဓဇာတ်တော်လာ နောင်တတရား(၁၀)ပါး၊ အဲဒီ နောင်တတရား (၁၀)ပါးထဲမှာ အဆိုးဆုံးနောင်တ အကြီးဆုံး နောင်တအမြတ်တရား မကျင့်ငြား အမှားနောင်တ ရတတ်စွဆိုတဲ့ နောင်တတရားကြီး တို့တတွေ နောင်တမရအောင် အားထုတ်ဖြစ်ပြီ၊ တရားနဲ့နေတတ်ပြီ၊ တရားအာရုံထုံပြီးတော့ နေတတ်ပြီလို့ ကျေနပ် ဝမ်းသာစွာနဲ့ အားထုတ်ခဲ့တယ်။ သီလ၊ သမာဓိ၊ ပညာကျင့်စဉ်တရား တို့ကို မိမိတို့ ကျင့်ကြံကြိုးကုတ်ပြီး နေခြင်းအားဖြင့် အမြတ်တရားကို ပူဇော်နေနိုင်ဖို့ အရေးကြီးပါတယ်။ ကျောင်းအမကြီးတစ်ယောက်

http://www.dhammadownload.com



အသက်(၈၀) ပတ်ဝန်းကျင်လောက် ရှိတယ်။ မတွေ့တာကြာလို့ဆိုပြီး ဆွမ်းစားပင့်တော့ ဘာလျှောက်ခဲ့လဲဆိုတော့ "တပည့်တော်တို့ သေခါနီး ဘာအာရုံပြုရမလဲ ဘုရားတဲ့" (၈၀)ဆိုတော့ သေဖို့ နေဖို့ဆိုတဲ့နေရာမှာ သေဖို့က ပိုလို့စဉ်းစားလာရပြီ။ တပည့်တော်တို့ သေခါနီး ဘာစဉ်းစား ရမလဲဘုရားဆိုတော့ ဘုန်းကြီးက သေခါနီးဘာမှ မစဉ်းစားနဲ့ ထွက်လေ ဝင်လေကို ရှုမှတ်နေတာက အကောင်းဆုံးပဲ တရားအာရုံလေးနဲ့ နေတာ အကောင်းဆုံးပဲ"။ အဲဒီ တရားအာရုံနဲ့ နေပြီးတော့ ဘဝတစ်ခု ဘဝဇာတ်ငြိမ်းသွားကြတာ အရှင်မြတ်ကြီးတွေလဲ တရားနဲ့ပဲ ဘဝ ဇာတ်ငြိမ်းသွားကြတယ်။ တရားနဲ့ နေတဲ့ ဆရာတော်ကြီးတွေဟာ တရားနဲ့ပဲ အဆုံးသတ်သွားကြတယ်။ မူလက တရားမရှိ၊ တရားမသိပဲ တရားနဲ့ ဘဝအပြီးသတ်ဖို့ ခက်ခဲပါတယ်။

ဘုန်းကြီးတို့ရဲ့ သာမဏေဥပဇ္ဈာယ် မုံရွာမြို့ သပြေပင်တောရ ဒုတိယမဟာနာယကဆရာတော် ဘုရားဟာ ပျံလွန်တော်မူမည့်နေ့ နံနက်(၄)နာရီလောက်ဝတ်ပြုဖို့သွားတဲ့ ကိုယ်တော်ကို လက်ကလေး ကာပြလိုက်တယ်။ လက်ကလေးကာပြတော့ ပြုစုတဲ့ ပုဂ္ဂိုလ်ကလဲ နားလည်တယ်။ တရားနဲ့ နေနေတာပဲလို့ နားလည်တယ်။ (၅)နာရီ လောက်မှာ ပျံလွန်တော်မူသွားတယ်။ ဒါတွေက အင်မတန်ခက်တယ်၊ ဘာကြောင့်ခက်သလဲဆိုတော့ ပုဂ္ဂိုလ်တွေ ကွယ်လွန်တော့မယ်ဆိုရင် ကာယကံရှင်ကိုယ်တိုင် မူလက တရားနဲ့မနေခဲ့ရင် ကွယ်လွန်ချိန်မှာ ယောက်ယက်ခတ်တယ်၊ သေရတော့မယ်လေ၊ ဘဝတစ်ခု စွန့်ရတော့ မယ်၊ သားတွေ သမီးတွေ တပည့်တွေကလဲ ယောက်ယက်ခတ်နေ ကြတယ်၊ တရားအာရုံနဲ့နေဖို့က အင်မတန် ခက်တယ်။ ပိုဆိုးတာက ဘေးကနေ ငိုကြ၊ ယိုကြတာနဲ့ အဲဒီလို အရှုပ်အထွေးတွေ များလာတဲ့ အခါကျတော့ ပိုပြီးတော့ မငြိမ်းချမ်းမှု ဖြစ်တယ်။

http://www.dhammadownload.com



## တရားအာရုံထုံ့ တရားအာရုံနဲ့ ငြိမ်းချမ်းနိုင်ကြပါစေ

ဒါကြောင့်မို့ ဒီလို ကြုံလာတဲ့အခါ တရားအာရုံလေးနဲ့ ချုပ်ငြိမ်းနိုင်ဖို့ဆိုတာ နေ့စဉ်မပြတ်တရားနဲ့ ထုံနေတဲ့ပုဂ္ဂိုလ်များမှ တရားအာရုံနဲ့ ချုပ်ငြိမ်းနိုင်ပါတယ်။ စောစောက ပြောသလို သေခါနီးကျရင် ဘယ်လို အာရုံထားပြီး သေရမလဲဆိုတာ အင်မတန်ခက်တယ်။ ကိုယ်အာရုံထားတဲ့ အတိုင်းလဲ ဖြစ်ချင်မှဖြစ်မယ်။ တရားအာရုံထုံထားတဲ့ ပုဂ္ဂိုလ်မှသာ တရားအာရုံလေးနဲ့ ချုပ်ငြိမ်းလို့ ရတယ်။ တရားအာရုံ မထုံလို့ရှိရင် တရားအာရုံနဲ့ ချုပ်ငြိမ်းဖို့ မလွယ်ဘူး။ ယခု ပစ္စုပ္ပန်လောကမှာပဲဖြစ်ဖြစ် ဘဝစွန့်လွှတ်ခါနီးပဲဖြစ်ဖြစ် တရားအာရုံ ထုံမွမ်းပြီးတော့ တရားအာရုံနဲ့ ငြိမ်းချမ်းနိုင်ကြပါစေလို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သာသနာတော်၏ပြည့်စုံမှု

ယနေ့ ရန်ကုန်တိုင်း၊ ကြည်မြင့်တိုင်မြို့နယ်၊ ဈေးကြီးရပ်ကွက်ဆိုင်ရာ(၅၃)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော် ထပ်ဆင့်မြသပိတ်မဟာကံထူးရှင်ဖြစ်ကြတဲ့ ရတနာပုံအထက်လမ်း ဆွမ်းကြီးလောင်းအဖွဲ့က ဓမ္မသဘင် ဆင်ယင်ကျင်းပတဲ့ အချိန်အခါသမယမှာ ဘုန်းကြီးတို့ယခုလို သာသနာတော်ကြီးနှင့် ပတ်သက်ပြီးတော့ ပွဲတော်ကြီးတွေပြုခွင့်ရ၊ အဲလို ပြုခွင့်ရတာလဲ သိပ်ပြီးတော့ မလွယ်ဘူး။ ယခုလို ကံကောင်းကြုံကြိုက်လို့ ဆုံဆည်းရတဲ့ သာသနာတော်ကြီးနဲ့ ပတ်သက်ပြီးတော့ဈေးကြီး ရပ်ကွက်လုံးဆိုင်ရာ (၅၃)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော်လည်း ကျင်းပနိုင်တယ်။ အဲဒီ ဆွမ်းကြီးလောင်းပွဲတော်မှာထပ်ဆင့်ပြီးတော့ မြသပိတ်ကံထူးရှင် အနေအားဖြင့် ပေါ်ပေါက်ပြီးတော့လာကြတဲ့ ရတနာပုံအထက်လမ်း ဒါယကာအပေါင်း သူတော်ကောင်းတို့အနေနဲ့ သာသနာတော်ကြီးကို အကြောင်းပြုပြီးတော့ ဝမ်းမြောက်ဖွယ်တွေဖြစ်တော့-

**ဗုဒ္ဓ သုဗုဒ္ဓတာ လောကေ၊ ဓမ္မဿစသုဓမ္မတာ။**
**သံဃဿ သုပ္ပဋိပတ္တိ၊ သောသာသန သမ္ပဒါ။**

ဘုန်းကြီးတို့ တွေ့ကြုံနေတဲ့ သာသနာတော်ကြီး ပြည့်စုံမှု(၃)မျိုးရှိပါတယ်။

(၁) မှန်ကန်သော စစ်မှန်သော ဘုရားစစ်နှင့် တွေ့တယ်။ တွေ့ကြုံပြီးတော့ နေရတယ်။

(၂) တရားတော်ကလည်း သာလွန်ကောင်းမြတ်တဲ့ တရားတော်ဖြစ်တယ်။

(၃) သံဃာတော်များကလည်း ကောင်းကောင်းမွန်မွန်လိုက်နာကြိုးကုတ် ကျင့်ကြံကြတဲ့ သံဃာတော်များဖြစ်တယ်။

http://www.dhammadownload.com



အဲဒီအချက်(၃)ခုနှင့် ပြည့်စုံပြီး အဲဒီအချက်အလက်(၃)ခုဟာ သာသနာတော်ရဲ့ ပြည့်စုံမှု ဒါဦးကြည်ဝင်းတို့ အားထားကိုးကွယ်တဲ့ ဘုန်းကြီးတို့ကိုးကွယ်တဲ့ သာသနာတော်ကြီး ဘုရား၊ တရား၊ သံဃာတော်များ အဲဒီ(၃)မျိုးနဲ့ တွေ့ဆုံတွေ့ကြုံလာကြတယ်။ ဘုရားကလည်း ကောင်းသောဘုရား၊ တရားကလည်း ကောင်းသောတရား၊ သံဃာကလည်း လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်တဲ့အတွက် ဤသာသနာတော်ကြီးဟာ ပြည့်စုံတဲ့ သာသနာ တော်ကြီး မဖြစ်ဘူးလား။ ဖြစ်ပါတယ် အရှင်မြတ်ဘုရား၊ ဟုတ်တယ်နော်၊ မှန်ပါ့ဘုရား။ အဲဒီတော့ ဘုရားရှင်က ကောင်းသော ဘုရားအစစ်၊ ဘုရားရှင်ရဲ့ စစ်မှန်သောဘုရား၊ တရားတော်ကလည်း ကောင်းသော တရား၊ သံဃာတော်များကလည်း ကောင်းမွန်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြတယ်ဆိုတော့ အားလုံးသော ဒါယိကာမတွေ သိရှိပြီးတော့ နှုတ်ထဲမှာ သိရှိပြီးတော့ ဆောင်ထားကြတဲ့အတိုင်း **“အရဟံ သမ္မာသမ္ဗုဒ္ဓေါ”** အစရှိတဲ့ တို့မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေ၊ တရားတော်ရဲ့ **“သွာက္ခာတတာ”** စသော ဂုဏ်တော်တွေ၊ သံဃာတော်များရဲ့ဂုဏ်တော် **“သုပ္ပဋိပန္န”** အစရှိသော ဂုဏ်တော်ကျေးဇူးတော်တွေ။

အဲဒီလို ဂုဏ်တော်ကျေးဇူးတွေနဲ့ ပြည့်စုံတဲ့ဘုရားကို ကိုးကွယ်ပြီးနေရတာ၊ အဲဒီလို ဂုဏ်တော်တွေနဲ့ ပြည့်စုံတဲ့ တရားတော်ကို ယုံကြည်ကိုးကွယ် အားထားပြီးတော့ နေရတာ၊ ဒီဂုဏ်တွေနဲ့ ပြည့်စုံတဲ့ သံဃာတော်များကို ဦးချပြီးနေရတာ၊ အင်မတန် ကံကောင်းတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေတဲ့၊ အင်မတန်ကံကောင်းတယ်။ ဘာကြောင့်လည်းလို့ဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ် ပွင့်တော်မူပြီးသွားတာ နှစ်ပေါင်း (၂၅၈၄)နှစ် ရှစ်လနှင့် ရှစ်ရက် ရှိသွားပြီ။ မှန်ပါဘုရား။ ဒါယကာကြီး ဦးကြည်ဝင်း ဘယ်နှစ်ရက် ဘယ်လောက်တဲ့၊ နှစ်ပေါင်း ၂၅၈၄ နှစ် ရှစ်လနှင့် ရှစ်ရက်ရှိသွားပြီနော် ဘုရားရှင် သာသနာတော်ကြီးရဲ့ သက်တမ်းနော်။

http://www.dhammadownload.com



အဲဒီ ဂေါတမမြတ်စွာဘုရားရဲ့ သာသနာတော်ကြီးဟာ နှစ်ပေါင်း(၂၅၈၄)နှစ် ရှစ်လရှစ်ရက်၊ အချိန်အခါ နှစ်ပေါင်း(၂၅၀၀) ကျော်လွန်သော်လည်းပဲ ဘုန်းကြီးတို့ဟာ တို့တတွေ့ ဘုရားရှင်ရဲ့ကိုယ်စား တရားတော်တွေ၊ ဘုရားရှင်ရဲ့ကိုယ်စား ဓာတ်တော်မွေတော်တွေ၊ ဘုရားရဲ့ကိုယ်စားဖြစ်တဲ့ **စေတီပုထိုးအမျိုးမျိုး**တွေ **အာ**ရုံပြုဦးခိုက်ပြီးတော့နေရတာ ကံမ**ကောင်း**ကြဘူးလား၊ ကံကောင်းပါတယ်ဘုရား။ အဲဒီတော့ ဘုရားရှင်ရဲ့ ကောင်းသောဂုဏ်တော်တွေထဲက **အမျိုး**မျိုး ရှိတာတွေထဲက ယနေ့ **"ဝိဇ္ဇာစရဏသမ္ပန္နော"** ဆိုတဲ့ ဂုဏ်တော်ကို အာရုံပြုပြီးတော့ ဘုရားရှင်ရဲ့ ကောင်းသောဘုရားဖြစ်ပုံ အာရုံပြုရအောင်နော်။ မှန်လှပါဘုရား၊ အဲဒီတော့ ဝိဇ္ဇာစရဏ စကားနှစ်မျိုးပါ ဝိဇ္ဇာက တစ်မျိုး၊ စရဏတစ်မျိုး။ စရဏနှင့်ဝိဇ္ဇာပါပဲ။

သူ့အစဉ်တိုင်းပြောမယ်ဆိုရင် စရဏနှင့်ဝိဇ္ဇာ။ စရဏ= အခြေခံအကျင့်တွေနဲ့ ပြည့်စုံရင် ဝိဇ္ဇာ အဆင့်ဆင့်ဉာဏ်တွေ ရရှိနိုင်တယ်။ မှန်ပါဘုရား၊ စရဏနှင့်ဝိဇ္ဇာ ပြည့်စုံတဲ့အတွက် တစ်နည်းအားဖြင့် ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏ (၁၅)ပါးတို့နှင့် ပြည့်စုံတဲ့အတွက် မြတ်စွာဘုရားသည် **"ဝိဇ္ဇာစရဏ သမ္ပန္န"** ဆိုတဲ့ ဂုဏ်တော်ကျေးဇူးတော်နှင့် ပြည့်စုံတယ်။ မှန်ပါဘုရား။ အဲဒီတော့ စရဏ-အကျင့်၊ ဝိဇ္ဇာ-အသိထူး၊ အမြင်ထူးတွေနဲ့ ပတ်သက်ပြီးတော့ အမျိုးမျိုး အစားစား ရှိတာတွေကို အခြေခံကစပြီးတော့ ပြောကြားရအောင်။ မြတ်စွာဘုရားရဲ့ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ပေါ်လွင်သွားအောင် လေးမျိုးလေးစား လောက် ထုတ်ပြီးတော့ ကြည့်ကြရအောင်။

## လောကီယစရဏ လောကီယဝိဇ္ဇာ

ပထမ လောကီယစရဏ လောကီယဝိဇ္ဇာလောကနယ်ပယ်မှာ ကျင့်ကြံကြိုးကုတ် အားထုတ်မှု၊ သင်ကြားမှုအားလုံးကို လောကီယစရဏ ဘယ်လိုဟာတွေလဲဆိုတော့ ဘုန်းကြီးတို့ လူ့ဘဝရောက်လာတော့

http://www.dhammadownload.com



ငါးနှစ်သား၊ ငါးနှစ်သမီးက စပြီးတော့ မိမိတို့ပညာတွေ မသင်ကြားရဘူးလား။ သင်ကြားရတယ်နော်။ အဲဒီလို သင်ကြားခြင်းဟာ စရဏ၊ ဒါဘာစရဏလဲဆိုတော့ လောကီယစရဏ အဲဒီလို အခြေခံပညာတွေ သင်ကြားပြီးတော့ တဖြေးဖြေးနဲ့ ဆင့်ကဲဆင့်ကဲနဲ့ ပညာတွေသင်ကြားပြီးလာလိုက်တဲ့အခါ ဆယ်တန်းအောင်တယ်၊ ဘွဲ့ရတယ် အစရှိသဖြင့် အတတ်ပညာတွေ ဆိုင်ရာ ဆိုင်ရာ ပညာတွေစုံလင်သွားတော့ လောကီယဝိဇ္ဇာတတ် ဖြစ်လာတယ်။

အဲဒီကနေပြီးတော့ ဘူမိဗေဒ မြေနဲ့ပတ်သက်ပြီးတော့ မြေရဲ့အချက်အလက်တွေကို သိဖို့ရာသင်ကြားခြင်း၊ အားထုတ်ခြင်း၊ ဆည်းပူးခြင်းဟာ လောကီယ စရဏတစ်မျိုး။ အဲဒီမြေနဲ့ ပတ်သက်ပြီးတော့ အချက်အလက်တွေအားလုံးကို ပေါက်ပေါက်ရောက်ရောက် သိမြင်ခြင်းဟာ လောကီယဝိဇ္ဇာ ဘူမိဗေဒညာရှင်ပါ။

အလားတူပဲ အာကာသနှင့် ပတ်သက်ပြီးတော့လည်းပဲ အာကာသစခန်း စူးစမ်းဖို့ရာအတွက် အချက်အလက်တွေ ပြည့်ပြည့်စုံစုံ ဆရာအမျိုးမျိုး နည်းအမျိုးမျိုးနဲ့ သင်ကြားခြင်းဟာ (စရဏ) လောကီယစရဏ အဲဒီ အာကာသကြီးကို စူးစမ်းနိုင်တဲ့ အဆင့်ရောက်ပြီဆိုရင်တော့ လောကီယဝိဇ္ဇာ နေကမ္ဘာ၊ လကမ္ဘာ မတက်နိုင်ကြဘူးလား၊ တက်နိုင်ကြပြီဘုရား။ တက်နိုင်ကြပြီနော်။ ဒါလောကီယ စရဏခေါ်တဲ့ နေတွေလတွေနဲ့ ပတ်သက်လို့ အချက်အလက်တွေ စက်ယန္တရားတွေနဲ့ ပတ်သက်လို့ အချက်အလက်တွေ မသင်ကြားပဲနဲ့ တက်နိုင်ပါ့မလား။

မတက်နိုင်ပါဘူးဘုရား(နော်)။ အဲဒီတော့ တလောက သတင်းတခုမှာ လ(၁၇)လုံးထိအောင် တွေ့ရပြီတဲ့ ဒါတွေ့နိုင်ပါတယ်။ မြတ်စွာဘုရားက စကြဝဠာအနန္တလို့ မဟောဘူးလား။ဟောသွားပါတယ်ဘုရား၊ ဒါကြောင့်(၁၇)လုံးထိအောင် တွေ့ကြရပြီ။ အဲဒီတော့ ဝတ္ထုဝိဇ္ဇာ ခေါ်တဲ့ အိမ်ရာ မြေကျွန်ဒီနေရာမှာ အိမ်ဆောက်လို့ရှိရင် ဒီနေရာမှာ တိုက်ဆောက်လို့ရှိရင် ဘယ်အကျိုးတွေဖြစ်တယ်၊ ဘယ်အပြစ်တွေ

http://www.dhammadownload.com



ဖြစ်တယ်ဆိုတဲ့ ဝတ္ထုဝိဇ္ဇာ၊ အသိဉာဏ်ဝိဇ္ဇာ ဖြစ်ဖို့ရာနှင့် ပတ်သက်ပြီးတော့ ဆရာသမားတွေထံမှာ ဒီအိမ်ရာမြေကြီးအတတ်ကို မသင်ရပေဘူးလား၊ သင်ရပါတယ်ဘုရား။ အဲဒါကို လောကီယစရဏ အိမ်ရာမြေကြီး အတတ် တတ်မြောက်တဲ့အခါတော့ လောကီယဝိဇ္ဇာ အဲဒီလောကီနယ်ပယ်မှာ သင်ကြားပြီးတော့ သင်သမျှ ဆည်းပူးသမျှ အားလုံးတို့သည် လောကီယ စရဏ၊ တက်မြောင်အောင်မြင်ပြီး ဆည်းပူးပြီး နေကမ္ဘာ၊ လကမ္ဘာအပေါ် တက်နိုင်ခြင်း၊ ကောင်းကင်ကိုပျံသန်းနိုင်တဲ့ ယာဉ်ရထားတွေကို စီမံနိုင်ခြင်း အစရှိသည့် လောကီယဝိဇ္ဇာတွေ လက်တွေ့မရှိဘူးလား၊ ရှိပါတယ်ဘုရား။ ဒီလောကီယစရဏ လောကီယဝိဇ္ဇာနဲ့ ဒီဘဝတော့ဖြင့် အထွဋ်အထိပ်သို့ ရောက်နိုင်တာပါပဲ။ လောကီယစရဏတွေကို အခြေခံပြီးတော့ လောကီဝိဇ္ဇာကြီးတွေ ဖြစ်တယ်။

အတတ်ပညာအမျိုးမျိုး တတ်သိနားလည်ပြီးတဲ့အခါ ရာထူး ဂုဏ်သိရ် စည်းစိမ်ဥစ္စာ ချမ်းသာတွေ မရနိုင်ကြဘူးလား။ ရနိုင်ပါတယ် ဘုရား။ သို့သော်လည်း အဲဒီပုဂ္ဂိုလ်တွေဟာ ဒီဘဝကနေ လွန်မြောက်တဲ့ အခါ နောက်ဘဝရောက်တော့ နတ်ပြည်ရောက်မယ်၊ ဗြဟ္မာပြည် ရောက်မယ်လို့ ဒီလိုအာမခံချက်ရှိပါမလား၊ မရှိပါဘူးဘုရား၊ မရှိတဲ့ အတွက် လောကီယစရဏ လောကီဝိဇ္ဇာသည် ယခု မျက်မှောက်ဘဝ အတွက် အကျိုးသက်ရောက်သော်လည်း သံသရာကြီးအတွက် အာမခံချက်ရှိရဲ့လား။ မရှိပါဘူး။ လောကီယစရဏခေါ်တဲ့ လောကမှာ သိသင့်သိထိုက်၊ ပြုသင့်ပြုထိုက်တဲ့ အရာအားလုံးကို လောကီယစရဏ၊ အဲဒီလို စရဏတွေ အားကောင်းလာလို့ရှိရင်၊ လောကနယ်ပယ်မှာ လောကီယဝိဇ္ဇာ အသီးသီးဖြစ်ပြီလို့ ဒါသဘောပေါက်ပြီ၊ မှန်လှပါဘုရား။ သံသရာအရေးတော့ မပါသေးဘူးတဲ့။

http://www.dhammadownload.com



## ပြဟ္မဏစရဏ ပြဟ္မဏဝိဇ္ဇာ

နောက်စရဏနဲ့ ဝိဇ္ဇာ(၁)မျိုးကို ဆက်ပြီးတော့ စဉ်းစားရအောင်။ ပြဟ္မဏစရဏ ပြဟ္မဏဝိဇ္ဇာတဲ့ ဒုတိယ(၁)မျိုးက။ ဘာတဲ့ ပြဟ္မဏစရဏ၊ ပြဟ္မဏစရဏဆိုတဲ့ ပုဏ္ဏားတို့ရဲ့အကျင့်ဟာ ဘာကိုအခြေခံသလဲ ဆိုတော့ ငါးပါးသီလလုံတယ်၊ ကံ,ကံရဲ့အကျိုးကို ယုံကြည်မယ်၊ ကမ္မဿကဉာဏ် ရှိတယ်။ အဲဒါကို ပြဟ္မဏစရဏလို့ ခေါ်ပါတယ်။

မှန်လှပါဘုရား။ ပုဏ္ဏားတို့ရဲ့အကျင့်က ဘာတွေလဲဆိုတော့ ငါးပါးသီလလုံတယ်၊ ကံ,ကံ၏အကျိုးအပြစ်ကို ယုံကြည်လက်ခံတဲ့ ကမ္မဿကတဉာဏ်ရှိတယ်။ အဲလို ငါးပါးသီလလုံခြင်း၊ ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ ပုဏ္ဏားတို့၏ ပြဟ္မဏစရဏဟာ ဘာဝိဇ္ဇာဖြစ်နိုင်မလဲ ဆိုတော့ အရိယာဝိဇ္ဇာတော့ မဖြစ်နိုင်ဘူးတဲ့။ ပြဟ္မဏဝိဇ္ဇာတော့ ဖြစ်နိုင်တယ်။ ဘာဝိဇ္ဇာ ဖြစ်နိုင်သလဲ၊ ပြဟ္မဏဝိဇ္ဇာ ဖြစ်နိုင်ပါတယ်ဘုရား။ အဲဒီ ပြဟ္မဏဝိဇ္ဇာက ဘာကိုခေါ်သလဲဆိုတော့ တိဏ္ဏဝေဒါနံပါရဂူ ဣရုဗေဒင်၊ ယဇုဗေဒင်၊ သာမဗေဒင် ခေါ်တဲ့ (၃)ပုံရှိတယ်။

အဲဒီဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခတ် တတ်မြောက်ခြင်းဆိုတဲ့ ဝိဇ္ဇာဟာ ပြဟ္မဏဝိဇ္ဇာတဲ့ မှန်လှပါဘုရား၊ ပြဟ္မဏပုဏ္ဏားတို့ရဲ့ စရဏ ခေါ်တဲ့ ပြဟ္မဏစရဏတွေ၊ ပုဏ္ဏားတို့ရဲ့အကျင့်တွေကို လေ့လာကျင့်ကြံ အလေ့အထတွေကို ကြိုးကုတ်သင်ကြားတဲ့အတွက် ရောက်ရှိပြီးတော့ ရရှိပြီးတော့ ဖြစ်ပြီးတော့လာတာက ဘာလဲဆိုတော့ ပြဟ္မဏဝိဇ္ဇာ။ အဲဒါပစ္စုပ္ပန်ဘဝ ဗေဒင်သုံးပုံ တစ်ဖက်ကမ်းခတ်တယ်ဆိုတော့ အသက်မွေးကျောင်း အားမကိုးလောက်ဘူးလား။ အားကိုးလောက် ပါတယ်ဘုရား၊ နောင်သံသရာကြီး စဉ်းစားတဲ့အခါကျတော့ ငါးပါးသီလ လုံရမယ်။ ကံ,ကံ၏အကျိုးကို ယုံကြည်တယ်ဆိုတော့ သူက သူ့ရဲ့ သံသရာအရေးက နတ်ဘုံနတ်နန်း နတ်စခန်းထိအောင် တက်လှမ်းနိုင် တယ်။ မှန်လှပါဘုရား၊ ဘယ်တက်နိုင်လဲ၊ နတ်ဘုံနတ်နန်း နတ်စခန်းပါ ဘုရား၊ နတ်ဘုံနတ်နန်း နတ်စခန်းအထိ တက်လှမ်းနိုင်တယ်။

http://www.dhammadownload.com



ဟောနောက်တစ်မျိုး နတ်ဘုံနတ်နန်း နတ်စခန်းအထိ တက်လှမ်းနိုင်တယ်ဆိုတော့ နတ်တွေမှာ အိုတာ နာတာ သေတာရှိ၊ မရှိ ဆက်ကြည့်ကြရအောင်။ အိုတဲ့ဟာကတော့ သိပ်မထင်ရှားဘူး၊ နာတာကလဲ သိပ်မထင်ရှားဘူး။ နတ်မှာနော်။ ထင်ရှားတာကတော့ ဘာလဲဆိုတော့ သေတာစုတေတာကတော့ ထင်ရှားတယ်။ **"အာယုပုညာ၊ ခယနှစ်ဖြာ၊ တစ်ဖြာဖြာကြောင့် ပြဟ္မာတို့အား၊ စုတေငြား၏၊ တစ်ဖြာထိုမှ ဟာရကောပါ ထည့်၍သာလျှင် လေးဖြာအပေါင်း နတ်သေကြောင်း တည်း"**။ နတ်ဘုံမှာ အသေ လွတ်ပါမလား၊ မလွတ်ပါဘုရား၊ နတ်တွေ သေခြင်းဟာ (၄)မျိုးရှိတယ်။ အသက်တမ်းကုန်၍လည်း မသေဘူးလား၊ သေပါတယ်ဘုရား၊ နတ်သက်ကုန်၍လည်း သေတယ်။ မိမိရဲ့ ကုသိုလ်ကံ ကုန်ရင်လည်း စုတေနိုင်တယ်။ နတ်တွေ မသေနိုင်ဘူးလား၊ သေနိုင်ပါ တယ်၊ ပြီးတော့ အစာအာဟာရ စားချိန်ကို သူကအတော် ဂရုစိုက် ရတယ်။ စားချိန် သောက်ချိန်ကလေး နည်းနည်းကလေး သူအချိန် လွန်တာနဲ့ နတ်သက်က စုတေသွားတာနော်။ မှန်ပါဘုရား၊

ပြီးတော့နတ်တွေက ဘုန်းကြီးတို့ လူတွေလို စိတ်ဆိုးလို့ မရဘူးနော်။ လူ့တွေက ကိုယ့်အိမ်သူ အိမ်သားချင်းဖြစ်ဖြစ် စိတ်ဆိုး မာန်ဆိုးနဲ့ ဒေါသကြီး၊ ဒေါသကြီးရုံနဲ့ ပြန်းဆိုသေတာကတော့ ရှားတာကို၊ နတ်ကတော့ မရဘူး၊ ဒေါသထွက်လိုက်တာနဲ့ တစ်ပြိုက်နက် သေသွားတာ။ အဲဒါ နတ်သေခြင်းအကြောင်းက ဘယ်နှစ်မျိုးလဲဆိုတော့ လေးမျိုးရှိတယ်၊ အဲဒီတော့ ပုဏ္ဏားတို့ရဲ့ အကျင့်စရဏနှင့် ပြည့်စုံလို့၊ ပုဏ္ဏားတို့ရဲ့ ဗေဒင်သုံးပုံကို တက်မြောက်ခြင်းဆိုတဲ့ ပြဟ္မဏဝိဇ္ဇာ ဖြစ်သော်လည်းပဲ နတ်ဘုံနတ်နန်း နတ်စခန်းသို့ ရောက်ပါရဲ့ အသေ လွတ်ပါမလား၊ မလွတ်ပါဘူးဘုရား။ အသေလွတ်မှ အမြိုက်ဓာတ်ကို ခံစားရတယ်လို့ဆိုတော့ အမတဓာတ်ခေါ်တဲ့ အမြိုက်ဓာတ်ကို နတ်တွေခံစားရပါမလား၊ မခံစားရပါဘူးဘုရား။ အဲဒီ ပြဟ္မဏစရဏ အခြေခံလို့ ပြဟ္မဏဝိဇ္ဇာ ဖြစ်ရုံနဲ့ အမြိုက်အရသာ အမြိုက်နိဗ္ဗာန်ကို

http://www.dhammadownload.com



ရပ်မလား၊ မရပါဘူး ဘုရား၊ မရဘူး။ အဲဒီတော့ နောက်တစ်ခု ဆက်ကြဦးစို့။

## ကွသိစရဏ ကွသိဝိဇ္ဇာ

ကသိုဏ်စရဏ ကသိုဏ်ဝိဇ္ဇာတဲ့၊ ကသိုဏ်စရဏ ကသိုဏ်ဝိဇ္ဇာပါဘုရား၊ ကသိုဏ်စရဏ ကသိုဏ်ဝိဇ္ဇာ ရသေ့တို့ရဲ့ အကျင့်အလေ့အထ ရသေ့တို့ရဲ့ အကျင့်အလေ့အထက ဘာတွေလဲဆိုတော့ ဆယ်ပါးသီလတဲ့ မြင့်မသွားဘူးလား၊ မြင့်သွားပါတယ် ဘုရား၊ ဆယ်ပါးသီလ လုံခြုံတယ်၊ စောင့်ထိန်းတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်နှင့်ပတ်သက်ပြီးတော့ ကန္ဒြေငါးပါး၊ ကန္ဒြေခြောက်ပါးကို စောင့်ဆည်းတယ်တဲ့။ မျက်စိနဲ့ မြင်တာနဲ့ တပ်မက်မှု၊ လောဘမဖြစ်ဘူး။ စိတ်ဆိုးတဲ့ ဒေါသမဖြစ်ဘူး၊ အဲဒီလို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့၊ တံခါးခြောက်ပေါက်ကို လုံအောင်ထိန်းခြင်းဆိုတဲ့ ကန္ဒြိယသံဝရသီလ ဒီသီလလည်း ကသိုဏ်စရဏ မည်ပါတယ်။ မှန်ပါဘုရား၊ နိမိတ်(၃)ပါး၊ သမာပတ်(၈)ပါး၊ ဈာန်တရားတွေ အဲဒါ သာသနာပ ကသိုဏ်စရဏတွေ ဘုန်းကြီးတို့တတွေ သာသနာတွင်းသာ ပြောရတယ်။ ဒီကသိုဏ်စရဏကို မှီဖို့ရာ အတော်ကို ကြိုးစားရဦးမှာ မှန်ပါဘုရား၊ ဗြဟ္မစရဏကိုတော့ မှီဖို့ရာမှာ ငါးပါးသီလ လုံတယ်။ ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတ ဉာဏ်ရှိတယ် ဆိုတော့ ဗြဟ္မစရဏကိုတော့ မမှီနိုင်ဘူးလား။ မှီနိုင်ပါတယ်ဘုရား၊ အဲဒီတော့ နတ်ပြည်လောက်ကတော့ မခက်ဘူး။ ကသိုဏ်စရဏ ခေါ်တဲ့ စရဏကတော့ ဗြဟ္မစရဏထက် မြင့်လာပြီ။ ဆယ်ပါးသီလလုံရမယ်၊ လွယ်ပါ့မလား၊ မလွယ်ပါဘူး ဘုရား။

ဘုန်းကြီးတို့တတွေ သာသနာတွင်းသား ဗုဒ္ဓဘာသာဆိုပေမဲ့ ဒီကသိုဏ်စရဏကို အတော်လိုက်ယူရမှာနော်၊ ဆယ်ပါးသီလ၊ ကျင့်ကြံကြိုးကုတ်ရတယ်၊ ကန္ဒြိယသံဝရသီလ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ စောင့်စည်းရတယ်၊ သမာပတ်(၈)ပါး၊ ဈာန်တရားတွေ ရရှိရတယ်တဲ့၊

http://www.dhammadownload.com



အဲဒါက ဣသိစရဏ အဲလို ဣသိစရဏ ရသေ့တို့ရဲ့ အကျင့်နှင့်ပြည့်စုံတဲ့ အခါ ဣသိဝိဇ္ဇာ မဖြစ်နိုင်ပေဘူးလား။ ဖြစ်နိုင်ပါတယ်ဘုရား၊ ဣသိဝိဇ္ဇာတွေက ဘာတွေလဲလို့ဆိုတော့ ဣဒ္ဓိဝိဓဉာဏ်ဝိဇ္ဇာရနိုင်တယ်၊ ဣဒ္ဓိဝိဓဝိဇ္ဇာဉာဏ် ဆိုတာက မြေလျှိုးမိုးပျံ့ ဗျာနိတနိခိုးအမျိုးမျိုး နတ်တို့ရဲ့ တန်ခိုးပြဟ္မာတို့ရဲ့ တန်ခိုးအမျိုးမျိုးလို ဖန်ဆင်းနိုင်တဲ့ ဣဒ္ဓိဝိဓဝိဇ္ဇာ၊ အဲဒီဣဒ္ဓိဝိဇ္ဇာဉာဏ်ဟာ ဣသိဝိဇ္ဇာထဲမှာ ပါဝင်ပါတယ်။ မှန်လှပါဘုရား။ ပြီးတော့ ဒိဗ္ဗသောတဝိဇ္ဇာ အဲဒါလဲ ဣသိဝိဇ္ဇာပဲတဲ့။ လောကီအသိဉာဏ် (၅)ပါးပြောတာပါ။

နတ်များရဲ့မျက်စိများလို ဒိဗ္ဗစက္ခု၊ နတ်များရဲ့နားလို ဒိဗ္ဗသောတ၊ နတ်များလိုပဲတဲ့ နီးနီးဝေးဝေးကြားနိုင်တာ။ နတ်တို့ရဲ့ မျက်စိလို ဒိဗ္ဗစက္ခု၊ နတ်မျက်စိလို မြင်နိုင်တယ်။ နံရံတွေကာထားလဲ မြင်တယ်။ အဝေးလည်း မြင်တယ်၊ သေးသေးငယ်ငယ်တွေလည်း မြင်တယ်။ ပရစိတ္တဝိဇာနနတဲ့ သူတစ်ပါးစိတ်ကို သိတယ် ဣသိဝိဇ္ဇာဖြစ်ပြီ ဆိုတော့ ရှေ့၌နေဖူးသော ခန္ဓာအစဉ်တွေ၊ ဘဝပေါင်းများစွာ ခန္ဓာအစဉ်တွေကို မြင်နိုင်တယ်။ ကမ္ဘာ(၄၀)ထိအောင် မြင်နိုင်တယ်၊ အောက်မေ့နိုင်တယ်။မိမိရဲ့ဘဝ ဖြစ်စဉ်၊ သူတစ်ပါးဖြစ်စဉ်တွေကို သိနိုင်တယ်။

အဲဒီတော့ ဣသိဝိဇ္ဇာတွေရတာ ဘာ့ကြောင့်လည်းလို့ဆိုတော့ ဣသိစရဏတွေ အခြေမခံခဲ့ဘူးလား၊ အခြေခံပါတယ်ဘုရား၊ ဣသိစရဏခေါ်တဲ့ ဆယ်ပါးသီလ ဣန္ဒြိယသံဝရ သမာပတ်(၈)ပါး မရှိပဲနဲ့ မြေလျှိုမိုးပျံ့ ဣဒ္ဓိဝိဓအဘိညာဉ်ရပ့ါမလား၊ မရပါဘူးဘုရား၊ နတ်နားလို ကြားနိုင်တဲ့ နားကောရပ့ါမလား၊ မရနိုင်ပါဘူးဘုရား၊ နတ်များလို မြင်နိုင်တဲ့ နတ်မျက်စိကော ရပ့ါမလား၊ မရပါဘူး ဘုရား၊ သူတစ်ပါး စိတ်ကိုကော သိနိုင်ပ့ါမလား၊ မသိနိုင်ပါဘူး ဘုရား၊ ပုဗ္ဗေနိဝါသာနုဿတိ ခေါ်တဲ့ရှေ့မှာ မိမိရဲ့ခန္ဓာဖြစ်စဉ်၊ ဘဝဖြစ်စဉ်ကို သိနိုင်ပ့ါမလား၊ မသိနိုင်ဘူး။ အကယ်၍ ဣသိစရဏတွေခေါ်တဲ့ ဆယ်ပါးသီလလုံ၊ ဣန္ဒြိယသံဝရသီလသမာပတ် (၈)ပါး၊ နိမိတ်(၃)ပါး စရဏတရားတွေများ

http://www.dhammadownload.com



ရှိခဲ့ရင် ဣဒ္ဓိဝိဓ ဖြစ်ပြီဟော့ ဆိုလို့ရှိရင် မြေလျှိုးမိုးပျံ ဣဒ္ဓိဝိဓ အဘိညာဉ်ရတယ်။ လတွေ၊ နေတွေကိုလည်း မိမိရဲ့လက်နဲ့ သုံးသပ်နိုင်တယ်။ ဣဒ္ဓိဝိမအဘိညာဉ်ရပါက သုံးသပ်နိုင်တယ်။ နတ်နားလို့ ကြားမယ်၊ နတ်မျက်စိလို မြင်မယ်၊ သူတစ်ပါးစိတ်ကို သိမယ်။ ရှေး၌ နေဘူးတဲ့ ခန္ဓာအစဉ်တွေကို သိမြင်နိုင်တယ်။ အဲဒါ ဘာတွေလဲလို့ ဆိုတော့ အဲဒီဝိဇ္ဇာတွေက ဣဒ္ဓိဝိဇ္ဇာတွေတဲ့ ဟုတ်ပြီ။ ပစ္စုပ္ပန်ဘဝ ရသေ့အရှင်မြတ်ကြီးတွေဟာ ဣဒ္ဓိစရဏနဲ့ ပြည့်စုံလို့ မြေလျှိုးမိုးပျံနိုင်တယ်၊ နတ်နားလို ကြားနိုင်တယ် နတ်မျက်စိလို မြင်နိုင်တယ်။ သူတစ်ပါးစိတ်ကို သိနိုင်တယ်။ ဘဝဖြစ်စဉ်တွေ အောက်မေ့နိုင်တယ်။ သံသရာအရေး တွေးလိုက်တဲ့အခါမှာတော့ ဘယ်လောက်ထိအောင် ခရီးရောက်နိုင်သလဲ ဆိုတော့ ဗြဟ္မာဘုံ ဗြဟ္မာနန်းထိအောင် ရောက်နိုင်ပါတယ်။ ဘယ်လောက် ရောက်နိုင်ပါသလဲ။ ဗြဟ္မာဘုံ ဗြဟ္မာနန်းထိအောင် ရောက်နိုင်ပါတယ်။ ဘယ်လောက် ရောက်နိုင်ပါသလဲ။ ဗြဟ္မာဘုံ ဗြဟ္မာနန်းထိအောင်ပါဘုရား။

အဲဒီဗြဟ္မာဘုံ ဗြဟ္မာနန်းရောက်တော့ အမြိုက်အရသာ ခံစားရပြီလားလို့ မေးတော့ မသေတဲ့အရသာကို ခံစားလို့ မရနိုင်သေးဘူး၊ ဟုတ်ရဲ့လား၊ ဟုတ်ပါတယ်ဘုရား။ **"အာယုပုည ခယနှစ်ဖြာ၊ တစ်ဖြာဖြာကြောင့် ဗြဟ္မာတို့အား စုတေခြင်း၏"**။ ဗြဟ္မာမင်းကြီးတွေဟာ လက်တစ်ချောင်းနဲ့ တစ်သောင်းသော စကြဝဠာထွန်းပနိုင်တဲ့ အရောင်အလင်းထွန်းပနိုင်တဲ့ ဗြဟ္မာမင်းကြီးတွေ ဗြဟ္မာပြည်ရဲ့ အသက်တမ်းကုန်တာနဲ့ တစ်ပြိုက်နက်ထဲ စုတေကြရ။ ဗြဟ္မာပြည်က မိမိတို့ရဲ့ အသက်တမ်းကုန်တာနဲ့ စုတေရတာ၊ ကုသိုလ်ကံကုန်တာနဲ့ တစ်ပြိုက်နက်ထဲ ဗြဟ္မာပြည်က စုတေရတာ အသေလွတ်ရဲ့လား။ မလွတ်ပါဘူးဘုရား။ မလွတ်ဘူး။

ဒါကြောင့် ဘုန်းကြီးတို့ မြတ်စွာဘုရားက လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်၊ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ စောစောက

http://www.dhammadownload.com



ပြောတဲ့ ဖြဟ္မာဏစရဏတွေ ပုဏ္ဏားတို့ရဲ့ အကျင့်ငါးပါးသီလ ကမ္မဿတဉာဏ်ရှိတဲ့အတွက် ဖြဟ္မဏဝိဇ္ဇာတွေ ဗေဒင်(၃)ပုံ တစ်ဖက်ကမ်းခတ်ကြတဲ့ ပုဂ္ဂိုလ်တွေများရဲ့ နတ်ဘုံနတ်နန်း နတ်စခန်းရောက်တာ လေးလောက်နဲ့ မြတ်စွာဘုရားက ဒါလောက်လေးရောက်တာနဲ့ ကျေနပ်တော်မမူဘူး။ ဒါလောက်လေး ရောက်တာများနဲ့တော့ **မြတ်စွာ** ဘုရားက ကျေနပ်တော်မမူဘူး။ ဒါလောက်လေး နတ်ဘုံ နတ်နန်း နတ်စခန်း ရောက်ရုံလေး အာရုံထားပြီးတော့ မြတ်စွာဘုရား တရား ဟောကြားတော်မူတာ မဟုတ်ဘူးတဲ့။

ဣသိစရဏ၊ ဣသိဝိဇ္ဇာ၊ ဣသိစရဏကို ကျင့်လို့ ဣသိဝိဇ္ဇာတွေ လောကီအဘိညာဉ်တွေရလို့ ဖြဟ္မာဘုံတော့ ရောက်ပါရဲ့။ သို့သော် အသေအလွတ်သေးဘူးတဲ့။ ဒါဖြင့် လောကိယစရဏ လောကီဝိဇ္ဇာ အသေလွတ်ပါ့မလား၊ မလွတ်ပါဘူးတဲ့ ဘုရား။ ဖြဟ္မဏစရဏ ဖြဟ္မဏဝိဇ္ဇာ အသေလွတ်ပါ့မလား၊ မလွတ်ပါဘူး ဘုရား။ ဣသိစရဏ၊ ဣသိဝိဇ္ဇာ အသေလွတ်ပါ့မလား၊ မလွတ်ပါဘူး ဘုရား။

## ဗုဒ္ဓစရဏ ဗုဒ္ဓဝိဇ္ဇာ

ဟော ဗုဒ္ဓစရဏ ဗုဒ္ဓဝိဇ္ဇာတဲ့ ဘာတဲ့လဲ။ ဗုဒ္ဓစရဏ ဗုဒ္ဓဝိဇ္ဇာပါ ဘုရား။ အခုဟောချင်တာက ဗုဒ္ဓစရဏ ဗုဒ္ဓဝိဇ္ဇာ၊ ဗုဒ္ဓစရဏဆိုတာ စရဏတရား (၁၅)ပါး ဘုရားရှင်ညွှန်ပြတဲ့ ဘုရားအဖြစ်ကို ရောက်အောင် ပို့တဲ့ အကျင့်တရားတွေ အဲဒီစရဏတရား(၁၅)ပါး ကျင့်ကြံကြိုးကုတ် အားထုတ်ရင်တော့ ဗုဒ္ဓဝိဇ္ဇာခေါ်တဲ့ ဘုရားတို့ရဲ့ အလိုဆန္ဒအတိုင်း ရနိုင်တဲ့ ဗုဒ္ဓစရဏ ဗုဒ္ဓဝိဇ္ဇာ။ ဗုဒ္ဓစရဏ ဗုဒ္ဓဝိဇ္ဇာပြည့်စုံပြီဆိုတော့ ဘုရား ဘုရားဖြစ်တာ စရဏတရား(၁၅)ပါး၊ ပုဒိအာခေါ်တဲ့ ဝိဇ္ဇာ(၃)ပါး ဝိ-မ-စေ-ဣ-အာ-ပု-ဒိ-ဂုနှင့် ဒိဟုတစ်ဖြာခေါ်တဲ့ ဉာဏ်ဝိဇ္ဇာတို့နဲ့ ပြည့်စုံတဲ့ အတွက် ဘုန်းကြီးတို့ ကိုးကွယ်အားထားတဲ့ ဗုဒ္ဓဘုရားသည် ဘုရား မှန်တယ်။ စစ်မှန်သော ဘုရားဖြစ်တယ်။ ဒါကြောင့် လက်အုပ်ချီကြ၊

http://www.dhammadownload.com



သောဘဂဝါ အကျွန်ုပ်တို့ဆရာ၊ ထိုမြတ်စွာဘုရားသည် ကွတိပိ ဤသို့လျှင် အပြောကျယ်စွာ သံသရာဟု မဟာအဏ္ဏဝ၊ အနန္တတွင် ဆုံးစမရှိ၊ နက်ကျယ်ဘိကို ကပ်ငြိမစွန်း ကမ်းဟိုမှာဖက် နိဗ္ဗာန်ချက်သို့ ပျံတက်ကျော်လွှား အလွယ်အားဖြင့် သွားရာအပေါင် အတောင်အလက် အချက်အင်္ဂါ မှန်လှစွာသည့် သိက္ခာသီလ ထိုမှစ၍ စရဏအပြား တစ်ဆယ့်ငါးတည့် သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံတော်မူတတ် ဂုဏ်သကတ်ကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လောကဓာတ်အရပ် စုံအောင် လွှမ်းမိုးခြုံကျော်ကြား၍ ထင်ရှားတော်မူပါပေ၏။ တံဝိဇ္ဇာစရဏ သမ္ပန္နံ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏ(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို မယံ= အကျွန်ုပ်တို့သည်။ ဝန္ဒာမ= ရှိသေမြတ်နိုး လက်စုံမိုးလျက် ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ဘုန်းကြီးတို့ ကိုးကွယ်အားထားရာဖြစ်တဲ့ ဗုဒ္ဓဘုရား၊ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏ(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူတယ်။ ဘုန်းကြီးတို့ သတ္တဝါတွေ တပည့်တပန်း ပရိသတ်တွေအားလည်း ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏ(၁၅)ပါး ဟောကြားတော်မူခဲ့တယ်။ ကိုယ်တိုင်ကလည်း ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏ(၁၅)ပါးနှင့် ပြည့်စုံတော်မူတယ်။ အဲဒီလို ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ မိမိတို့ရဲ ကြည်ညိုတဲ့စိတ်ကလေးကို စူးစိုက်ပြီးတော့ထားရတာက အင်မတန်တန်ဘိုးကြီးပါတယ်။ မှန်ပေါ့ဘုရား ဝိဇ္ဇာစရဏနဲ့ ပြည့်စုံသလား မပြည့်စုံဘူးလားလို့ဆိုတော့ ဘုန်းကြီးတို့ကိုးကွယ်အားထားတဲ့ မြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီးနောက် မကြာမီ ကဿပမြတ်စွာဘုရားရဲ့ သာသနာတော်မှာ ရဟန်းပြုဘူးကြတဲ့ နတ်မင်းကြီးနှစ်ယောက် သာတာဂိရိနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့ ရှိတယ်။ သာတာဂိရိ နတ်မင်းနှင့် ဟေမဝတ နတ်မင်းတို့ အချင်းချင်း တစ်ယောက်ရဲ့ဒေသမှာ ထူးခြားစွာ ဖြစ်ပြီလို့ ဆိုလိုရင် တစ်ဦးတစ်ယောက်ကို အကြောင်းကြားကြစတမ်းလို့ ဆိုတဲ့ ကတိအရ မြတ်စွာဘုရားပွင့်လာတော့ သာတာဂိရိနတ်မင်းက ဟေမဝတ နတ်မင်းထံ အကြောင်းကြားတယ်။

အဲဒီတော့ ဟေမဝတနတ်မင်းက မြတ်စွာဘုရားပွင့်တဲ့နေရာ လာပါတယ်။ မြတ်စွာဘုရားပွင့်တဲ့နေရာ လာပြီးတော့ သာတာဂိရိ နတ်မင်းကို ဘာမေးသလဲဆိုတော့ **"ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော၊ ကစ္စိ သံသုဒ္ဓစရဏော"**တဲ့၊ ဟောဒီမေးခွန်းလေးမေးတာ။ မိတ်ဆွေ သင်ပြောတဲ့ ဂေါတမဗုဒ္ဓဘုရားဟာ ဝိဇ္ဇာ(၃)ပါး ဝိဇ္ဇာ(၈)ပါးနှင့် ပြည့်စုံပါသလားတဲ့။ စရဏ(၁၅)ပါးနှင့်ကော ပြည့်စုံပါ သလားလို့အဲဒီလို မေးလိုက်တယ် မေးလိုက်တော့ သာတာဂိရိနတ်မင်းကြီးက ဘယ်လိုဖြေသလဲလို့ဆိုတော့ **"ဝိဇ္ဇာယစေဝ သမ္ပန္နော၊ အထော သံသုဒ္ဓစရဏော"**။

ဒို့တတွေကိုးကွယ်နေတဲ့တွေ့ကြုံနေတဲ့ ဂေါတမဘုရားဟာ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါးနှင့် ပြည့်စုံတယ်၊ စရဏ(၁၅)ပါးနှင့်လည်း ပြည့်စုံတယ်၊

http://www.dhammadownload.com



အဲသလိုလဲဖြေလိုက်ရော၊ နတ်မင်းကြီးနှစ်ယောက် တိုင်ပင်ကြတာ ဘယ်နဲ့တိုင်ပင်သလဲဆိုတော့

**သမ္ပန္နံ မုနိနော စိတ္တံ၊ ကမ္မုနာ ဗျပ္ပထေနစ။**
**ဝိဇ္ဇာစရဏသမ္ပန္နံ ၊ ဟန္ဒ ပဿာမ ဂေါတမံ။**

တဲ့ ဟော- တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ကြတာ ဘယ်နဲ့တိုင်ပင်သလဲ ဆိုတော့၊ မုနိနော= မြတ်စွာဘုရား၏၊ စိတ္တံ= စိတ်တော်သည်၊ ကမ္မုနာစ= ကောင်းသော ကာယကံတော်နှင့်လည်းကောင်း။ ဗျပ္ပထေနစ= ကောင်းမြတ်သော ဝစီကံတော်နှင့်လည်းကောင်း၊ သမ္ပန္နံ= ပြည့်စုံတော်မူပါပေ၏။

ဝိဇ္ဇာစရဏ သမ္ပန္နံ= ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏ(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူသော၊ ဂေါတမံ= ဂေါတမ မြတ်စွာဘုရားကို၊ ဟန္ဒ= မနှေးလျင်စွာ မြန်မြန်လာ၊ ပဿာမ= ယခုပင်လျှင် ဖူးမြင်ကြကုန်စို့တဲ့။ ဟော- ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါးနဲ့ ပြည့်စုံပါတယ်။ စရဏတရား(၁၅)ပါးနှင့် ပြည့်စုံပါတယ်လို့လဲ ပြောလိုက်ရော၊ အဲဒီ ဝိဇ္ဇာစရဏနှင့်ပြည့်စုံတဲ့ ဘုရားရှင်ဆိုရင် ကဲ-မြန်မြန်လာသွားကြစို့၊ ဖူးကြစို့ဆိုရဲ့ ဆိုပြီးတော့ နတ်မင်းကြီးနှစ်ယောက် မြတ်စွာဘုရားထံ သွားပြီးတော့ သူတို့နှစ်ဦးကလည်း ရှေ့ဘဝက ပိဋကတ်တော်များကို နှံ့စပ်တတ်သိ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များဖြစ်ကြတော့ မြတ်စွာဘုရားကို တရားတော်နဲ့ ပတ်သက်ပြီးတော့ မေးကြမြန်းကြတယ်။ ဘုရားမှန်တယ်လို့ ယတိပြတ်ဆုံးဖြတ်ချက်ချနိုင်ပါတယ်။

အဲဒီတော့ ဝိဇ္ဇာစရဏသမ္ပန္နောဆိုတဲ့အတိုင်း ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏတရား(၁၅)ပါးတို့နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်နဲ့တွေ့ရင် မြန်မြန်ဆန်ဆန်လေးသာ သွားပြီးတော့ ဖူးကြတဲ့ ဒို့လည်းပဲ သွားကြစို့ရဲ့လို့ တိုင်ပင်ပြောဆိုပြီး သွားကြတယ်။

**ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ ယေ ဂေါတ္တ မနုသာရိနော။**
**ဝိဇ္ဇာစရဏ သမ္ပန္နော၊ သော သေဋ္ဌော ဒေဝမာနုသေ။**

http://www.dhammadownload.com



တသ္မိံဇနေ= ထိုလူအပေါင်း၌၊ ယေ= အကြင်ပုဂ္ဂိုလ်တို့သည်၊ ဂေါတ္တပဋိသာရိနော= အမျိုးအနွယ်မြတ်, မမြတ်ကို စိစစ်ရှာဖွေလေ့ရှိကြလေကုန်၏။ တသ္မိံဇနေ= ထိုသူအပေါင်း၌၊ ခတ္တိယော= မင်းမျိုးသည် မင်းဇာတ်ရှိသော ပုဂ္ဂိုလ်သည်၊ သေဋ္ဌော= မြင့်မြတ်လှပါပေ၏။ လောကအနေနဲ့ အမျိုးအနွယ်ကို စီစစ်ကြတဲ့ ပုဂ္ဂိုလ်များဘယ်သူမြင့်မြတ်သလဲဆိုတော့ မင်းမျိုးမြတ်တယ်။ နတ်နှင့်လူထဲမှာတော့၊ ဝိဇ္ဇာစရဏ သမ္ပန္နော သောသေဋ္ဌော ဒေဝမာနုသေ။ ယော= အကြင်ပုဂ္ဂိုလ်သည်၊ ဒေဝမာနုသေ= နတ်နှင့်လူ့လောကကြီးထဲမှာ၊ ဝိဇ္ဇာစရဏသမ္ပန္နော= ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏတရား(၁၅)ပါးနှင့် ပြည့်စုံတော်မူ၏။ သော= ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးသည်၊ သေဋ္ဌော= နတ်လူပြဟ္မာသတ္တဝါတွင် အခေါင်ထွဋ်ဖျား အမြတ်ဆုံးအစား ဖြစ်တော်မူပါပေသတည်း။

နတ်လူလောကကြီးထဲမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏတရား(၁၅)ပါးတို့နှင့် ပြည့်စုံပြီဆိုလျှင် အဲဒီပုဂ္ဂိုလ်ဟာ လောကကြီးထဲမှာ အမြတ်ဆုံးပဲ။ ဘုန်းကြီးတို့ ကိုးကွယ်အားထားတဲ့ မြတ်ဘုရားသည် ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၁၅)ပါးတို့နှင့် မပြည့်စုံဘူးလား။ ပြည့်စုံပါတယ်ဘုရား။ ပြည့်စုံတဲ့အတွက် ကောင်းသောဘုရား မဖြစ်ဘူးလား၊ ဖြစ်ပါတယ်။ ကောင်းသောဘုရား ဖြစ်တဲ့အတိုင်း မိမိကိုယ်တိုင် ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏတရား(၁၅)ပါးတို့နှင့် ပြည့်စုံတော့ ဟော- ဘုန်းကြီးတို့တတွေအားလည်း စရဏတရား(၁၅)ပါး ဟောမထားခဲ့ဘူးလား။ ဟောထားခဲ့ပါတယ် ဘုရား။ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး ဟောမထားခဲ့ဘူးလား၊ ဟောထားခဲ့ပါတယ် ဘုရား။ အဲဒီတော့ ဘုန်းကြီးတို့ လေးဆယ့်ငါးဝါပတ်လုံး မြတ်စွာဘုရားဟောကြားတဲ့တရားတော်တွေကို ပိဋကတ်(၃)ပုံလို့ မခေါ်ဘူးလား၊ ခေါ်ပါတယ်ဘုရား။ ဟော- ပိဋကတ်(၃)ပုံ၊ တစ်နည်းအားဖြင့် နိကာယ်(၅)ရပ်လို့ မခေါ်ဘူးလား။ ခေါ်ပါတယ်ဘုရား။

http://www.dhammadownload.com



တစ်နည်းအားဖြင့် အင်္ဂါကိုးတန်လို့ မခေါ်ရဘူးလား။ ခေါ်ရပါတယ်ဘုရား။ တစ်နည်းအားဖြင့် ဓမ္မက္ခန္ဓာအားဖြင့် ပေါင်း ရှစ်သောင်းလေးထောင်လို့ မပြောရပေဘူးလား။ ပြောရပါတယ်ဘုရား။ မြတ်စွာဘုရား(၄၅)ဝါ ကာလပတ်လုံး ဟောကြားထားတဲ့ တရားအစု အဝေးတွေဟာ (၈၄၀၀၀)တဲ့ ဘယ်လောက်ရှိသလဲ။ ရှစ်သောင်း လေးထောင်ပါဘုရား။ အဲဒီ ရှစ်သောင်းလေးထောင်သော တရားတော် တွေကို အကျဉ်းချုပ်ပြီးတော့ အင်္ဂါကိုးတန်တဲ့။ ဘယ်လိုခေါ်သလဲ။ အင်္ဂါကိုးတန်ကို ထပ်ပြီးတော့ အကျဉ်းချုပ်လိုက်တော့ နိကာယ်(၅)ရပ်ပါ ဘုရား။ နိကာယ်ငါးရပ်ကို အကျဉ်းချုပ်လိုက်ပြန်တော့ ဘယ်နှယ့် ခေါ်သလဲလို့ဆိုတော့ ပိဋကတ်(၃)ပုံတဲ့။ နိကာယ်ငါးရပ်ကို အကျဉ်းချုပ် လိုက်ပြန်တော့ ဘယ်နှယ့်ခေါ်ကြမလဲ။ ပိဋကတ်(၃)ပုံပါဘုရား။ ပိဋကတ်(၃)ပုံတွေကို အဆီအနှစ်တွေထုတ် အကျဉ်းချုပ်လိုက်မယ် ဆိုရင်တော့ ဘယ်လိုခေါ်မလဲ။ ဗောဓိပက္ခိယတရား(၃၇)ပါးပါဘုရား။ အဲဒီ ဗောဓိပက္ခိယ(၃၇)ပါးဟာ သတိပဋ္ဌာန်(၄)ပါး၊ သမ္မပ္ပဓာန်(၄)ပါး၊ ဣဒ္ဓိပါဒ် (၄)ပါး၊ ဣန္ဒြေ(၅)ပါး၊ ဗိုလ်(၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင်(၈)ပါး ဆိုပြီး ဒီလို ဗောဓိပက္ခိယတရား (၃၇)ပါး၊ အဲဒီ ဗောဓိပက္ခိယတရား (၃၇)ပါးကို အကျဉ်းချုပ်ပြီးတော့ ခေါ်တော့ မဂ္ဂင်(၈)ပါးတဲ့။ ဗောဓိပက္ခိယတရား (၃၇)ပါးကို အကျဉ်းချုပ်ပြီးတော့ ခေါ်တော့ ဘယ်နှယ့်ခေါ်မလဲ။

မဂ္ဂင်(၈)ပါးပါဘုရား။ မဂ္ဂင်တရား(၈)ပါးကို အကျဉ်းချုပ်ပြီးတော့ ခေါ်တော့ သိက္ခာ(၃)ပါးတဲ့။ မဂ္ဂင်တရား (၈)ပါးကို အကျဉ်းချုပ်ပြီးတော့ ခေါ်တော့ ဘယ်နဲ့ခေါ်မလဲ။ သိက္ခာ(၃)ပါးဘုရား။ အဲဒီ သိက္ခာ(၃)ပါးက သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတဲ့။ သိက္ခာ(၃)ပါးက ဘာတွေလဲ။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာပါဘုရား။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ သိက္ခာ(၃)ပါး၊ အဲဒီသိက္ခာ (၃)ပါးကို အကျဉ်းချုပ်လိုက်ပြန်တော့ သမထဝိပဿနာတဲ့။ သိက္ခာ(၃)ပါး

F.6.CA

http://www.dhammadownload.com



အကျဉ်းချုပ်ခေါ် လိုက်ရင်တော့ ဘယ်နှယ့်ခေါ် မလဲ၊ သမထဝိပဿနာပါ ဘုရား။

တစ်နည်းအားဖြင့် သိက္ခာ(၃)ပါးကို အကျဉ်းချုပ်လိုက်တဲ့အခါ ဝိဇ္ဇာနှင့်စရဏတဲ့။ ဒီနေ့ ဟောနေတဲ့ ဝိဇ္ဇာစရဏဟာ ပိဋကတ်(၃)ပုံကို ခြုံပြီးတော့ ဟောတဲ့တရား။ နိကာယ်ငါးရပ်ကို ခြုံပြီးတော့ ဟောတဲ့ တရားလို့ကော မပြောနိုင်ဘူးလား၊ ပြောနိုင်ပါတယ် ဘုရား။ အဲဒီတော့ အခြေခံ ခြေဆင်းလေးတွေနဲ့ လောကီယစရဏ လောကီယဝိဇ္ဇာ၊ ပြဟ္မစရဏ ပြဟ္မဝိဇ္ဇာ၊ ဣသိစရဏ ဣသိဝိဇ္ဇာတွေလဲပဲ တော်တော် စုံလင်ပေမယ့် အမြိုက်အရသာကို မခံစားရဘူးလို့ မပြောခဲ့ဘူးလား။ ပြောခဲ့နိုင်ပါတယ်။

## အမြိုက်အရသာ

အမြိုက်အရသာဆိုတာ ဘာလဲဆိုတော့ မသေတဲ့အရသာ၊ ဘုန်းကြီးတို့တတွေ မသေတဲ့အရသာ ဒီဘဝခံစားရဖို့ဆိုတာ အဝေးကြီး ဖြစ်နေတယ်။

အဲဒီမသေတဲ့အရသာ ခံစားရဖို့ရာအတွက် မြတ်စွာဘုရားက စရဏတရား(၁၅)ပါးနဲ့ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး ဟောကြားတော်မူခဲ့ တာပဲ။ မှန်လှပါဘုရား။ အဲဒီ မသေတဲ့အရသာ ခံစားဖို့ရာအတွက် ဥပမာတစ်ခု ပြောပြချင်တယ်။ သစ်ပင်ကြီးဟာ ချိုမြိန်ကောင်းမြတ်တဲ့ အသီး သီးပါတယ်။ အဲဒီ သစ်ပင်ကြီးရဲ့ ချိုမြိန်ကောင်းမြတ်တဲ့ အသီးစားဖို့ရာအတွက် ကျေးငှက်ကလေးတစ်ကောင်ဟာ မျက်စိ ကောင်းဖို့ မလိုဘူးလား။ လိုပါတယ်ဘုရား။ လှမ်းပြီးတော့ သစ်ပင်ကြီးကို မျှော်ကြည့်လိုက်တာ။ သစ်ပင်ကြီးကို မျှော်ကြည့်လိုက်တော့ အသီးတွေ မှည့်နေတာ အသီးတွေမှည့်နေပြီ။ အဲဒါမြင်ဖို့ရာ မျက်စိမလိုဘူးလား။ လိုပါတယ်ဘုရား။ ဟော မျက်စိကတော့ မြင်ပြီ၊ ခပ်လှမ်းလှမ်းရှိတဲ့ သစ်ပင်ကြီးရဲ့ ချိုမြိန်ကောင်းမြတ်တဲ့အသီး သီးနေတာကို မြင်တယ်။

http://www.dhammadownload.com



တောင်ပံမပါပဲနဲ့ ဟိုသစ်ပင်စီပျံလို့ရပါ့မလား။ မရပါဘူး ဘုရား။ ကျေးကလေးဟာ တောင်ပံကျိုးနေမယ်ဆိုရင် ဒီမြေမှာကျပြီးတော့ သေဖို့ရာရှိတယ်။ မှန်ပါ့ဘုရား။ အကယ်၍ မျက်လုံးမကောင်းဘူးဆိုရင်လဲ ဟိုသစ်ပင်ကြီးကို လှမ်းပြီးတော့ သစ်ပင်မှာ မှည့်နေတဲ့အသီးတွေ လှမ်းပြီးတော့ မမြင်နိုင်ဘူး။

အဲဒီတော့ ကျေးကလေးဟာ မျက်စိလဲမြင်လို့ တောင်ပံလဲပါလို့မှ ပျံသွားပြီ။ ဟိုရောက်တော့ ခြေထောက်နှစ်ဖက် မပါခဲ့ရင် ခြေထောက်ကျိုးနေခဲ့ရင် သစ်ပင်ပေါ် နားနိုင်ပါမလား၊ မနားနိုင်ပါဘူး ဘုရား၊ ဟော မျက်လုံးလဲကောင်းတယ်၊ တောင်ပံလဲကောင်းတယ်၊ ခြေထောက်လဲ ကောင်းပါရဲ့၊ ဒါပေမဲ့ နှုတ်သီးကျိုးနေရင်တော့ သစ်ပင်ကြီးစီကို သွားပြီးတော့ ချိုမြိန်ကောင်းမြတ်တဲ့ အသီးရဲ့အရသာကို ခံစားနိုင်ဖို့ရာ အတွက် ဖောက်မစားနိုင်ပြန်ဘူး။ ဘာတွေပါရမှာလဲဆိုတော့ မျက်စိ ကောင်းရမယ်၊ တောင်ပံကောင်းရမယ်၊ ခြေထောက်ကလေး ကောင်းရမယ်၊ နှုတ်သီးကော မကောင်းရပေဘူးလား၊ ကောင်းရပါတယ် ဘုရား။ အဲဒါ ဥပမာစကားပါတဲ့။ ဘုန်းကြီးတို့ မျက်လုံးပါရမယ်ဆိုတဲ့ နေရာမှာ ကမ္မဿကတဉာဏ် မျက်လုံး ပါရပါမယ်တဲ့၊ ဘုန်းကြီးတို့ ဥပမေပိုင်းကျတော့၊ ဘယ်အရသာ ခံစားဖို့လဲဆိုတော့ အမြိုက်အရသာ ဆိုတာ မသေတဲ့အရသာ၊ မသေတဲ့အရသာကို ခံစားဖို့ရာအတွက် မျက်လုံးပါရမယ်။ ကမ္မဿကတဉာဏ်သည် ဘာနဲ့တူပါသလဲ။ မျက်လုံးနဲ့ တူပါတယ်။

ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်တွေကို သိနိုင်တဲ့ မြင်နိုင် တိုင်းထွာနိုင်တဲ့ ဉာဏ်ပညာ- ဟောဘုန်းကြီးတို့ မိရိုးဖလာအားဖြင့် ကိုယ်က ဒီမျက်လုံးပါမလာဘူးလား။ ပါလာပါတယ်။ ဟောဆရာသမား မိဘတွေက ဆိုဆုံးမကြလို့ လက်ဦးဆရာဆိုတဲ့ မိဘတွေကလည်း ဆိုဆုံးမကြတယ်။ ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ သိနိုင်တဲ့ ကံ,ကံ၏ အကျိုးကို ယုံကြည်တဲ့ သိနိုင်တဲ့ မြင်နိုင်တဲ့ ကမ္မဿကတဉာဏ်ကတော့

http://www.dhammadownload.com



ဘုန်းကြီးတို့ ထူးပြီးတော့ မဟောရဘဲနဲ့ ဘုန်းကြီးတို့ မွေးရာပါလို ဖြစ်ပြီးတော့ ဒီမျက်လုံးက ကောင်းပြီးတော့ လာခဲ့တာ၊ ဒါအင်မတန် ကံကောင်းတာဘဲ။ မှန်လှပါဘုရား။ ဒီမျက်လုံး၊ လူတိုင်းရှိနိုင်ပါ့မလား၊ မရှိနိုင်ပါဘူး ဘုရား။ မရှိနိုင်ဘူး ကမ္ဘာလူထုကြီးအများစုက ဒီကမ္မဿကတဉာဏ် မျက်လုံးရနိုင်ပါ့မလား။ မရနိုင်ပါဘူးဘုရား၊ မရနိုင်ဘူး၊ ကမ္မဿကတဉာဏ် မျက်လုံးရတဲ့ လူဖြစ်တာက အင်မတန် ကံကောင်းတာ၊ အင်မတန်ကို ကံကောင်းတာ။ အဲဒီတော့ ကမ္မဿကတ ဉာဏ်မျက်လုံးတဲ့။ ကမ္မဿကတဉာဏ်ဆိုတဲ့ မျက်လုံးလဲ ရှိရမယ်။ ဘုန်းကြီးတို့တတွေ ကမ္မဿကတဉာဏ်မျက်လုံး မရှိကြဘူးလား။ ရှိကြပါတယ်ဘုရား။ ရှိကြပြီးတဲ့ ဒီမျက်လုံးကတော့ ကောင်းနေပြီ။ အမြိုက် အရသာကို ခံစားဘို့အတွက် ပြီးတော့ ခြေတို့ တောင်ပံတို့နှင့်တူတဲ့ စရဏတရားအမြိုက်အရသာခံစားဘို့ရာအတွက် စရဏတရားတွေက ခြေ၊ တောင်ပံတို့နဲ့ တူတယ်။ ကျေးကလေးရဲ့ ခြေထောက်၊ ကျေးလက်ရဲ့ တောင်ပံနှင့်တူတယ်၊ စရဏတရား(၁၅)ပါး။ စရဏတရားဘယ်နှစ်ပါး ပါလိမ့်။ စရဏတရား(၁၅)ပါး ပါဘုရား။အဋ္ဌကထာ ကျမ်းအသီးသီး ဖွင့်တာတွေကတော့ ဒီစရဏတရား(၁၅)ပါး ဆိုတဲ့ နေရာမှာ ကျမ်း အမျိုးမျိုး ဖွင့်ဆိုတာရှိပါတယ်။

စရဏတရား(၁၅)ပါး၊ အဲဒီစရဏတရား(၁၅)ပါး ခေါ်တဲ့ ခြေတောင်ပံမရှိလျှင် ချိုမြိန်ကောင်းမြတ် အသီးစားဖို့ရာ ပျံသန်းနိုင် ပါ့မလား။ မပျံနိုင်ပါဘူး ဘုရား။ သရက်ကိုင်းပေါ် နားနိုင်ပါ့မလား။ မနားနိုင်ပါဘူး ဘုရား။ မနားနိုင်ဘူးတဲ့။ အဲဒီတော့ ခြေနဲ့တောင်ပံတို့ ကောင်းဖို့လိုတယ်။

ဘာလဲဆို့တော့ ခြေတောင်ပံနဲ့တူတဲ့ စရဏတရား၊ အဲဒီစရဏတရားက ဘာတွေလဲဆိုတော့ **"သီ ဣ္က ဘော ဇာ သတ် စတ္တာ မှတ်ပါ စရဏ"**။ စရဏတရား(၁၅)ပါးတဲ့ ဘာတွေလဲဆိုတော့ သီလ၊ ဘုန်းကြီးတို့ ဒါယကာ၊ ဒါယိကာမတွေ အမြဲတမ်းစောင့်ထိန်းတဲ့ ငါးပါးသီလ၊

http://www.dhammadownload.com



ရှစ်ပါးသီလ၊ ရှင်သာမဏေများရဲ့ ဆယ်ပါးသီလ ရဟန်းတော်များရဲ့ သီလ၊ အဲဒီသီလတွေဟာ ခြေ၊ တောင်ပံနဲ့တူပါတယ်။ အဲဒီသီလတွေက ဘာနဲ့တူလဲ။ ခြေ၊ တောင်ပံနှင့် တူပါတယ် ဘုရား။ ပြီးတော့ ဣန္ဒြိယသံဝရသီလတဲ့။ မျက်စိ စသည်ကို စောင့်ထိန်းတဲ့ ဣန္ဒြေကို စောင့်ထိန်းခြင်းဆိုတဲ့ သီလသည် ခြေထောက်နှင့်မတူပေဘူးလား။ တူပါတယ် ဘုရား။ အဲဒီခြေ၊ တောင်ပံလည်း ကျိုးလို့မဖြစ်ဘူးတဲ့။ ဘောဇနေမတ္တညုတာ၊ စားတဲ့သောက်တဲ့အခါမှာ အတိုင်းအတာ သိပြီးတော့ စားပါတဲ့။

ဘုန်းကြီးတို့ ဥတုဘောဇနဆေးကျမ်းတို့ကလည်း ဒီစားသောက်နဲ့ပတ်သတ်လို့ ရေးထားတာရှိပါတယ်။ ဒေသနာတော်မှာကတော့ ဆွမ်းစားတဲ့အခါမှာ ရဟန်းတော်များ ဝဖြိုးအောင် မစားပဲနဲ့ အကုန်လုံး ပြည့်သွားအောင် မစားဘဲ လေးလုပ်, ငါးလုပ်လောက် စားသောက်ရေသောက်ဖို့ရာ လေးလုပ် ငါးလုပ်စာလောက်စာ ချန်ပြီးတော့ စားပါတဲ့။ အဲလိုဆိုရင် ဘောဇနေမတ္တညုတာ ဖြစ်ပါတယ်။ စားသောက်ရာမှာ အတိုင်းအရှည်သိပြီးတော့ စားရမယ်။ အစားကြီးက၊ ဝမ်းမီးလေဓါတ် ပျက်စီးတတ်၏။ ရဟန်းတရား ကျင့်ဖန်များလျှက် အစားဖျက်သည်။ အဲဒါကြောင့်မို့လို့ အစားအသောက် အတိုင်းအရှည်နဲ့ အစားအသောက်များကို ဆွမ်းဘောဇဉ်များကို စားခြင်း၊ အစားအသောက်များကို သုံးဆောင်ခြင်းဟာလည်းဘဲ စရဏတရားတဲ့။ ဇာဂရိယာနုယောဂ ဇာဂရိယာနုယောဂဆိုတာ နေ့နေ့ညည ကြိုးစားမယုတ် အားထုတ်ခြင်းဆိုတဲ့ လုံ့လ၊ အဲဒီ လုံ့လကလည်း စရဏ။

သတ်ဆိုတာ သူတော်ကောင်းတရား(၇)ပါး၊ စတ္တာဈာန်လေးပါး ပေါ့။ အဲဒီတော့ သီလအမျိုးမျိုးရယ်၊ ဣန္ဒြိယသံဝရသီလရယ်၊ ဘောဇနေမတ္တညုတာရယ်၊ ဇာဂရိယောနုယောဂခေါ်တဲ့ လုံ့လကြိုးကုတ်အားထုတ်ခြင်းရယ် ပြီးတော့ကော သူတော်ကောင်းတရား(၇)ပါးရယ်၊ ဈာန်(၄)ပါးရယ်၊ ပေါင်းတော့ စရဏတရား(၁၅)ပါး။ အဲဒီတော့

http://www.dhammadownload.com



သူတော်ကောင်းတရား(၇)ပါးဆိုတာ သဒ္ဓါ ပတ္တမြား၊ ပတ္တမြားရတနာနဲ့ တူတဲ့ ရတနာ(၃)ပါး ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရား။ ဟော ဒီသဒ္ဓါတရား ဘုန်းကြီးတို့မှာ မရှိကြဘူးလား။ ရှိကြပါတယ် ဘုရား။ ဘုရားဂုဏ်တော်တွေမှာ မယုံကြည်ကြဘူးလား။ ယုံကြည်ပါတယ် ဘုရား။ ပြီးတော့ တရားဂုဏ်တော်ကော မယုံကြည်ကြဘူးလား၊ ယုံကြည်ပါတယ် ဘုရား၊ သံဃာ့ဂုဏ်တော်ကော မယုံကြည်ကြဘူးလား၊ ယုံကြည်ပါတယ် ဘုရား။ ကံ,ကံ၏ အကျိုးကို မယုံကြည်ဘူးလား ယုံပါတယ်ဘုရား။ အဲဒီတော့ သဒ္ဓါခေါ်တဲ့ စရဏတရားအားလုံး ဒါယကာ ဒါယိကာမတို့ သန္တာန်မှာ မရှိကြဘူးလား။ရှိကြပါတယ် ဘုရား။ အဲဒီ ခြေတောင်ပံ တပ်ထားပြီနော် အရေးကြီးတယ်နော်။ မှန်လှပါဘုရား။ သဒ္ဓါ ပတ္တမြား၊ ဖိုးများနဲ့ဌ သီလပုလဲတဲ့။

ပုလဲရတနာနဲ့တူတဲ့သီလ။ ငါးပါးသီလ ထိုက်တန်သလောက် တော့ ရှိကြတယ်နော်။ အဲဒီစရဏလည်းပဲ ဒီစရဏတရားရှိရမှာတဲ့ အမြိုက်အရသာ ခံစားဖို့အတွက် မသေချင်လို့ရှိရင် ဒီစရဏတရား ရှိရမှာ မျက်ရွဲသုတ။ အသင်၊ အကြား၊ အမြင်များခြင်း ကြောင်မျက်ရွဲနဲ့တူတဲ့ အသင်၊ အကြား၊ အမြင်များခြင်းရှိရမှာဘဲ။ ပိဋကတ်(၃)ပုံ၊ နိကာယ်(၅)ရပ် တရားတော်တွေ၊ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)တွေထဲက ဆရာတော် သံဃာတော်တွေ ဟောကြပြောကြတဲ့ တရားတော်များကို ရိုသေစွာ နာကြားပြီးတော့ မှတ်သားခြင်းဟာ ကြောင်မျက်ရွဲနဲ့တူတဲ့ သုတခေါ်တဲ့ သူတော်ကောင်းတရား သို့မဟုတ် စရဏတရားကို လက်ကိုင်ထားခြင်းပဲတဲ့။ ယခုလို တရားနာပြီးတော့ နေတာက ဒါက သုတခေါ်တဲ့ စရဏတရား လက်ကိုင်ထားနေခြင်းပါပဲတဲ့။ မှန်လှပါ ဘုရား။

"စာဂသန္တာ"။ သန္တာရတနာနဲ့တူတဲ့ စွန့်ကြဲပေးကမ်းခြင်း၊ လှူဒါန်းခြင်းဆိုတဲ့ သူတော်ကောင်းတရား၊ စွန့်ကြဲပေးကမ်းခြင်းဆိုတာ နည်းများမဆို ရှိနေကြတယ်။ မိမိတို့အိမ်မှာ ဆွမ်းခံကြွလာတဲ့ သံဃာတော်

http://www.dhammadownload.com



တွေ ရဟန်းသာမဏေအရှင်မြတ်တွေ ဆွမ်းတစ်ဇွန်း လောင်းတယ်။ ဒါစာဂခေါ်တဲ့ သဒ္ဓါရတနာနဲ့တူတဲ့ စာဂခေါ်တဲ့စရဏ၊ အဲဒီ စရဏသည် ခြေ၊ တောင်ပံနဲ့တူတဲ့အတွက် အမတဓာတ် အမြိုက်ဓာတ် မသေဓာတ်ကို ပေးနိုင်တယ်။ မှန်လှပါ ဘုရား။

ဘုန်းကြီးတို့ ယနေ့ အဲဒီစာဂထဲမှာ ပါတာပေါ့။ စာဂ- စွန့်ကြဲ ပေးကမ်းလှူဒါန်းတယ်ဆိုတာ တရားအလှူ ယနေ့ ဓမ္မဒါန အလှူရှင် ဖြစ်ကြတဲ့ ဒါယကာ ဦးမျိုးမြင့်၊ ဒါယိကာမ ဒေါ်မြင့်မြင့်မြိုင် မိသားစုများ တရားအလှူတာကတော့ စောစောကပြောတဲ့ အာမိသလှူတာတဲ့ ပိုပြီးတော့ ယခု ဒါယကာ၊ ဒါယိကာမတွေ တရားနာကြားပြီးတော့ နေနိုင်ဘို့အတွက် တရားအလှူ ဘုန်းကြီးတို့ ယခု ဟောကြားနေတာ တရားအလှူပေါ့၊ အဲဒီတရားအလှူဟာလဲပဲ သူတော်ကောင်းတရားထဲ ပါတာကိုး၊ စရဏတရားထဲပါတာ။ ပညာစိန်ကျောက်၊ တရားစာပေ နာကြားရလို့ အသိလိမ္မာ ဉာဏ်ပညာတွေဟာ စိန်ကျောက်ရတနာနဲ့တူတဲ့ စရဏတရား တစ်မျိုးပါပဲတဲ့၊ ထိန်တောက်ထွန်းညှိ ဟိရိကျော့ငွေ ဩတ္တပ်ရွှေဟု ငွေရတနာနဲ့တူတဲ့ မကောင်းမှုကိုပြုရမှာ ရှက်တာ၊ ရွှေရတနာနဲ့ တူတဲ့ မကောင်းမှုကိုပြုရမှာ ကြောက်ခြင်း၊ အဲဒီတရားတွေ သူတော်ကောင်းတရား(၇)ပါး၊ အဲဒီသူတော်ကောင်းတရား (၇)ပါးကို သဒ္ဓါ ပတ္တမြား၊ ဖိုးများနဂ္ဂ၊ သီလပုလဲ၊ မျက်ရွဲသုတ၊ စာဂ သဒ္ဓါ၊ ပညာစိန်ကျောက်၊ ထိန်တောက်ထွန်းညှိ၊ ဟိရိကျော့ငွေ၊ ဩတ္တပ်ရွှေဟု ဆိုတဲ့ သူတော်ကောင်းဥစ္စာ ရတနာ(၇)ပါး၊ အဲဒီသူတော်ကောင်းဥစ္စာ ရတနာ(၇)ပါးဟာ စရဏတရား(၁၅)ပါးထဲမှာ ပါဝင်တယ်။

ဘုန်းကြီးတို့ ဒါယကာ၊ ဒါယိကာမတွေ ဒီသူတော်ကောင်း တရားတွေ အထိုက်အလျောက် သူ့ချိန်ခါနှင့်သူ လက်ကိုင်ထားပြီးတော့ မနေနိုင်ကြဘူးလား၊ နေနိုင်ပါတယ် ဘုရား။ အဲလို နေနိုင်တဲ့အတွက် အမတရသခေါ်တဲ့ အမြိုက်အရသာကို ခံစားဖို့အတွက် ခြေ၊ တောင်ပံ တပ်ဆင်နေခြင်းပဲတဲ့။ ဈာန်(၄)ပါးကြတော့ ခက်ပြီ။ ပထမဈာန်၊

http://www.dhammadownload.com



ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ဟော အကုသိုလ်နီဝရဏတွေ ကင်းစင် ကာမအာရုံတွေ ကင်းစင်ပြီးတော့ စျာန်တရား(၄)ပါး။ ဟောဒီ စရဏကြတော့ မခက်ပေဘူးလား။ ခက်ပါတယ် ဘုရား။

အဲဒီ စရဏတရား(၁၅)ပါးနဲ့ ပြည့်စုံလို့ရှိရင်တဲ့ ဗုဒ္ဓစရဏ မြတ်စွာဘုရား ပေးသနာတော်မူတဲ့ ကိုယ်တော်တိုင် ပြည့်စုံလို့ ပေးသနား တော်မူတဲ့ ကိုယ်တော်တိုင် ပြည့်စုံလို့ ပေးသနားတော်တဲ့ စရဏတရား (၁၅)ပါးနဲ့ ပြည့်စုံလိုရှိရင်တဲ့ ဘာဝိဇ္ဇာဖြစ်မယ်လဲဆိုတော့ ဗုဒ္ဓဝိဇ္ဇာ။ ဗုဒ္ဓဝိဇ္ဇာပါဘုရား။ ဗုဒ္ဓဝိဇ္ဇာဘုရားကြိုက်တဲ့ ဝိဇ္ဇာ။ ဘုရားရထားတဲ့ ဝိဇ္ဇာ ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ စရဏဆိုတာ ဘာလဲလို့ ဆိုတော့ တခါမှ မရောက်ဘူးတဲ့ အရပ်ဒေသရောက်ဘို့ရာ ခြေတောင်ပံနဲ့ တူတဲ့တရား တွေကို စရဏ။ တခါမှ မရောက်ဘူးသေးတဲ့ အရပ်ဒေသ ရောက်ဖို့ရာ ခြေတောင်ပံနဲ့တူတဲ့ တရားတွေကို စရဏ။ တစ်ခါမှ မရောက်ဘူးသေးတဲ့ အရပ်ဒေသရောက်ဘို့ရာ ခြေတောင်ပံ တပ်ပေးထားသလိုဆိုတော့ ခြေတောင်ပံနဲ့တူတဲ့ တရားတွေကို စရဏ။ မိမိတို့သန္တာန်မှာ ဆင်မြန်းဖို့ မြတ်စွာဘုရား ညွှန်းကြားထားတဲ့ တရားတွေကိုစရဏ။ ဝိဇ္ဇာဆိုတာ ကတော့ တစ်ကြိမ်တစ်ခါမှ မသိဘူး။ ပုထုဇဉ်ပုဂ္ဂိုလ်တွေ မသိနိုင်တဲ့ တရားဓမ္မတွေ အချက်အလက်တွေကို သိနိုင်မြင်နိုင်ကြောင်းဖြစ်တဲ့ တရားတွေကို သိနိုင် မြင်နိုင်ကြောင်းဖြစ်တဲ့ ဉာဏ်အဆင့်ဆင့်ကို ဝိဇ္ဇာတဲ့။ အဲဒီတော့ ဗုဒ္ဓစရဏခေါ်တဲ့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ စရဏ တရားတွေကို အခြေခံလိုက်လို့ရှိရင် ဗုဒ္ဓဝိဇ္ဇာခေါ်တဲ့ မြတ်စွာဘုရား နှစ်ခြိုက်တဲ့ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး မရနိုင်ဘူးလား။

ရနိုင်ပါတယ် ဘုရား။ အဲဒီ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ (၈)ပါးထဲမှာ လောကီသိဒ္ဓိက လောကီဣဒ္ဓိက (၆)မျိုး ပါပါတယ်။ လောကုတ္တရာပိုင်း ဆိုင်ရာက ဝိဇ္ဇာသိဒ္ဓိနှစ်မျိုးပဲ ပါပါတယ်။ အဲဒီတော့ ဝိဇ္ဇာဉာဏ် ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါးထဲမှာ လောကီယသိဒ္ဓိဖြစ်တဲ့ ဝိဇ္ဇာက (၆)မျိုး၊ လောကုတ္တရာ ဘက်က နှစ်မျိုးပါပါတယ်။ လောကုတ္တရာ ဝိဇ္ဇာ (၂)မျိုးကို ပထမဆုံး

http://www.dhammadownload.com



ရှင်းပြီးတော့ ပြောကြရအောင်။ လောကုတ္တရာဘက် ဝိဇ္ဇာက ဘာလိုလဲ ဆိုတော့ ဝိပဿနာဉာဏ်ဝိဇ္ဇာ စောစောကပြောခဲ့တဲ့ စရဏတရား (၁၅)ပါး ခြေတောင်ပံတွေ တပ်ပြီးလိုရှိရင် နှုတ်သီးပါမှ အမြိုက်အရသာကို ခံစားနိုင်မှာဆိုတော့ နှုတ်သီးတပ်ကြဦးစို့။

ဝိပဿနာ ဉာဏ်ဝိဇ္ဇာ ဉာဏဒဿန ဉာဏ်အထူးပါပဲ။ စရဏတရားတွေ အခြေခံထားတော့ ဝိပဿနာဉာဏ်ဝိဇ္ဇာ ရနိုင်တယ်။ ဝိပဿနာဉာဏ်ဝိဇ္ဇာဆိုတာ ဘယ်လိုဟာလဲ။

**အယဉ္စမေကာယောရူပီ စာတု မဟာဘူတိကော မာတာပေတ္တိက သြဒန ကုမ္မာသူပစယော အနိစ္စုစ္ဆာဒနဘေဒန ဝိဒ္ဓံသန ဓမ္မော ဣဒဉ္စ မေဝိဉာဏံ ဧတ္ထသိတံဧတ္ထ ပဋိဗဒ္ဓံ။**

ဟော ဝိပဿနာဉာဏ်ဝိဇ္ဇာကြီးကို ကြည့်လိုက်၊ တစ်လံမျှ လောက်ရှိတဲ့ ခန္ဓာကိုယ်ကြီးကို ကြည့်လိုက်တဲ့အခါကြတော့ ရုပ်တွေရှိတယ်လို့ မြင်ရမှာ အခြေခံ မဟာဘုတ်တရား(၄)ပါးနဲ့ ဖွဲ့စည်းထားတဲ့ ဒီခန္ဓာကိုယ်ကြီး ထမင်း၊ မုန့်၊ ငါး အစရှိသည်တို့နှင့် ကြီးပွားအောင်အမြဲတန်း ဖြည့်စွက်နေရတဲ့ ခန္ဓာကိုယ်ကြီး မိဘတို့၏ သွေးကြောင့်ဖြစ်ရတဲ့ ခန္ဓာကိုယ်ကြီး မမြဲ အနိစ္စ မမြဲတဲ့ ဓာတ်တွေ နှိပ်နယ်ပေးရခြင်း၊ ဆုပ်ပေးရခြင်း အစရှိသည်တို့ဖြင့် အမြဲတမ်းပြုပြင်ကွဲပျက်နေတဲ့ ခန္ဓာကိုယ်ကြီး။ အဲဒီကိုယ်ကြီးမှာ ဒီစိတ်ကလေးကလည်းပဲ မှီပြီးနေတယ်၊ ဆက်စပ်တွဲနေတယ်။ ဟော-ပေါင်းလိုက်တဲ့အခါ ရုပ်နာမ် နှစ်မျိုးသာရှိတယ်လို့ မြင်ရမှာ။ အဲဒီလိုမြင်တဲ့ ဝိဇ္ဇာကို ဝိပဿနာဉာဏ် ဝိဇ္ဇာလို့ မခေါ်ရဘူးလား။ ခေါ်ရပါတယ်ဘုရား။

ကျောက်မျက်ရတနာ နားလည်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ လက်ဝါးပေါ်မှာ ကျောက်မျက်ရတနာကိုတင်၊ တင်ပြီးတော့ ကျောက်မျက် ပညာရှင်က "အယံ မဏိဝေဠူရိယော သုဘော အဋ္ဌံသော" တဲ့ ဒီပတ္တမြားရတနာဟာ နှစ်ခြိုက်ဖွယ် တယ်ကောင်းတာပဲ။ "အဋ္ဌံသော" အမြောင့်ကလည်း ရှစ်မြောင့်ရှိတယ်၊ သုပရိကမ္မကတော့ သေသေချာချာ

http://www.dhammadownload.com



သွေးပြီးတော့ ထားတာပဲတဲ့။ မှတ်ကျောက်တင်ပြီးတော့ ထားတာ။ လက်ဝါးပေါ်တင်ပြီးတော့ ကြည့်လိုက်တာနဲ့ အဲဒီပတ္တမြားရတနာရဲ့ အချက်အလက် အရွယ်က ဘယ်လိုရှိတယ်၊ အရောင်က ဘယ်လိုရှိတယ်။ အနာဆာက ဘယ်လို၊ အပြစ်အနာဆာက ဘယ်လို၊ အဲဒီ ကျောက်မျက် ရတနာ နားလည်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဟာ ပတ္တမြားတစ်လုံးကို လက်ဝါးပေါ်တင်ပြီးတော့ မြင်သလို မိမိရဲ့ခန္ဓာကိုယ်ကို ဤကားရုပ်၊ ဤကား နာမ်၊ ထွက်လေ ဝင်လေကလေး မှတ်တဲ့အခါ ထွက်လေဝင်လေ ဆိုတာ ရုပ်၊ အဲဒီ ထွက်လေဝင်လေကလေးကို မှတ်တဲ့တရားက (စိတ်)နာမ်၊ ဤကားရုပ်၊ ဤကားနာမ်၊ ဒါကရုပ်၊ ဒါကနာမ်လို့ ကျကျနန သိနိုင်မြင်နိုင်တဲ့ ဝိဇ္ဇာကို ဝိပဿနာဉာဏ်ဝိဇ္ဇာ၊ ဉာဏဒဿနဝိဇ္ဇာတဲ့။ ဟော အဲဒီ ဝိဇ္ဇာဉာဏ်ရဖို့ရာအတွက် စရဏတရားတွေကို အခြေခံခဲ့ ရတယ်။

ဘုန်းကြီးတို့ ဒါယကာ ဒါယကာမတွေယခု သီလဆောက်တည် ကြတယ်၊ တရားပေစာ နာကြားကြတယ်၊ ထိုက်တန်သလောက် မိမိတို့ (၅၃)ကြိမ်မြောက် ဈေးကြီးရပ်ကွက်လုံးဆိုင်ရာ ပွဲတော်ကြီးမှာ လှူကြ တမ်းကြတဲ့ စာဂ-စရဏတွေပေါ့။စရဏတွေ အကုန်လုံး မပြည့်စုံစေကာမူ အချို့စရဏတွေ ပြည့်စုံကြတယ်။အဲဒီတော့ စရဏတွေ ပြည့်စုံခဲ့လို့ရှိရင် ရနိုင်တဲ့ ဝိဇ္ဇာ၊ အရိယဝိဇ္ဇာ သို့မဟုတ် ဗုဒ္ဓဝိဇ္ဇာ ဖြစ်နိုင်ပါတယ်။

အဲဒီတော့ ဝိပဿနာဉာဏ်ဝိဇ္ဇာ(၁)ချက်နောက် လောကုတ္တရာ ဝိဇ္ဇာက ဘာလဲလို့ဆိုတော့ အာသဝက္ခယဉာဏ်ဝိဇ္ဇာ၊ အာသဝေါတရား တို့၏ ကုန်းခမ်းမှုကို သိနိုင်မြင်နိုင်တဲ့ ဉာဏ်ဝိဇ္ဇာဖြစ်ပါလိမ့်မယ်။

တစ်နည်းအားဖြင့် သစ္စာ(၄)ပါးကိုသိနိုင်မြင်နိုင်တဲ့ အာသဝက္ခယ ဉာဏ်ဝိဇ္ဇာ သူက လောကုတ္တရာသက်သက်၊ ဝိ-မ-စေ-ဣ-အာ-ပု-ဒိပု ဒိဟု-တစ်ဖြာ-ဉာဏ်ဝိဇ္ဇာ ခေါ်တဲ့၊ ဝိဇ္ဇာ(၈)ပါးထဲက ပု-ဒိ-အာ၊ ဝိဇ္ဇာ(၃)ပါး။ ပု-ဒိ-အာ ဝိဇ္ဇာ(၃)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ပု-ဒိ-အာ၊ ဝိဇ္ဇာ(၃)ပါးနှင့် ပြည့်စုံတော်မူသော် မြတ်စွာဘုရား။ ဟော-

http://www.dhammadownload.com



ဝိဇ္ဇာစရဏသမ္ပန္နောဆိုတဲ့ ဂုဏ်တော်ကို ပုတီးစိတ်ကြတဲ့အခါ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းကြတဲ့ အခါမှာ ဝိဇ္ဇာ(၃)ပါး၊ စရဏတရား(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဒီလိုပေါင်းပြီးတော့ ပုတီးစိတ်မယ်၊ ပေါင်းပြီးတော့ ဂုဏ်တော်ပွားများမယ်ဆိုရင် သိပ်ပြီးတော့ မပေါ်လွင်ဘူး။

အဲဒီတော့ စရဏတရား(၁၅)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ စရဏတရား(၁၅)ပါးက ဘာလဲလို့ဆိုတော့ သီ-ဣ-ဘော-ဇာ-သတ်-စတ္တာဟု (၁၅)ဖြာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဝိဇ္ဇာကျတော့ ပု-ဒိ-အာ။ ဝိဇ္ဇာ(၃)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဝိ-မ-စေ-ဒိ-အာ-ပု-ဒိဟု-တစ်ဖြာ-ဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

အဲဒီလို အစိတ်စိတ် ပုတီးစိတ်တဲ့အခါမှာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေဟာ အင်မတန် ပေါ်လွင်လာပါလိမ့်မယ်။ အစိတ်စိတ် အာရုံပြုနိုင်တဲ့အခါမှ ဗုဒ္ဓါနုဿတိ ဘုရားရှင်ရဲ့ ဂုဏ်တော်များကို အောင့်မေ့ဆင်ခြင်ခြင်းဟာ ပိုပြီးတော့ ထိရောက်ပါတယ်။ အဲဒါကြောင့် ပုတီးစိတ်နည်းလေးလဲ ပြောကြဦးစို့။

"သီ-ဣ-ဘော-ဇာ-သတ်-စတ္တာ" ဆယ့်ငါးဖြာသော စရဏတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ပု-ဒိ-အာ ဝိဇ္ဇာ(၃)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဒါတောင်မှ နည်းနည်းကလေး အစိတ်စိတ်ဆိုပေမဲ့ သိပ်တော့မပေါ်လွင်သေးဘူး။ ဒီထက် ပေါ်လွင်အောင်ဆိုရင်တော့ "ပု"ဆိုရင် ရှေးဘဝ၌နေခဲ့ဘူးသော ခန္ဓာအစဉ်တို့ကို သိတော်မူသော မြတ်စွာဘုရား၊ "ဒိ"ဆိုရင် နတ်မျက်စိကဲ့သို့ မြင်တော်မူသော မြတ်စွာဘုရား၊ နတ်နားကဲ့သို့ ကြားတော်မူနိုင်သော မြတ်စွာဘုရား၊ အာဆိုရင် အာသဝေါတရားတို့၏ ကုန်ခမ်းခြင်းကို သိမြင်တော်မူသော မြတ်စွာဘုရား။

ရုပ်ဓမ္မ, နာမ်ဓမ္မတို့ကို သိမြင်တော်မူသော မြတ်စွာဘုရား။ အဲဒီလို အစိတ်စိတ်များ အချိန်ယူပြီးတော့ အာရုံယူပြီးတော့

http://www.dhammadownload.com



ပွားများနိုင်မယ်ဆိုရင် ဒီဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းက ပိုပြီးတော့ အရာရောက်တယ်။အဲဒီတော့ ဝိပဿနာဉာဏ်ဝိဇ္ဇာနဲ့ အာသဝက္ခယဉာဏ်ဝိဇ္ဇာက လောကုတ္တရာဘက်က ကျန်ဗုဒ္ဓဝိဇ္ဇာထဲမှာလဲ ကျန်တဲ့(၆)ပါးကလည်းပဲ လောကီယသိဒ္ဓိတွေ အဲဒီ လောကီယသိဒ္ဓိတွေ ဘယ်လိုဟာလဲလို့ဆိုတော့ မ-မနောမယိဒ္ဓိ- မနောမယသိဒ္ဓိ ဆိုတာကတော့ မိမိကတော့ တစ်ယောက်ထဲပဲ။ စိတ်ထဲကနေပြီးတော့ ငါလိုပုဂ္ဂိုလ်တွေ၊ မိမိနဲ့ အသွင်သဏ္ဍာန်တူတဲ့ ပုဂ္ဂိုလ်တွေ တစ်ရာဖြစ်စေသတည်း။ တစ်ထောင်ဖြစ်စေသတည်းဆိုရင် ဒါရှင်သီဝလိအပါး(၁၀၀၀)၊ ရှင်ဥပဂုတ်အပါး(၁၀၀၀)ကိုး၊ ဒါကြားဖူးတယ် မဟုတ်လား။ ဒါယကာကြီးတို့ကြားဖူးတယ် မဟုတ်လားနော်။ အဲဒါ မနောမယိဒ္ဓိ အဘိညာဉ်တန်ခိုးပေါ့။ အဲဒါဘာလဲလို့ဆိုတော့ ဗုဒ္ဓဘုရားညွှန်ပြတဲ့ ဝိဇ္ဇာတဲ့-လောကီတော့ လောကီသိဒ္ဓိပဲနော်။ စေတောပရိယဉာဏ်ဝိဇ္ဇာ ဆိုတာဘာလဲလို့ဆိုတော့ သူတပါးစိတ်ကို သိနိုင်တာနော်။ မင်းဘယ်လိုကြံနေတယ်၊ ဟော-ယခု အမြင်အထင် ဟောကြတဲ့ပုဂ္ဂိုလ်တွေ ဒါလဲပဲ မြတ်စွာဘုရား မိန့်တော်မူတဲ့ စရဏ သို့မဟုတ် ဣသိ စရဏ၊ ဒီတရားတွေကျင့်ကြံ ကြိုးထုတ်အားထုတ်လို့ရှိရင် ဒါလဲ ဟောနိုင်တာပဲ။ ဒီစေတောပရိယဉာဏ်ဝိဇ္ဇာ ရနိုင်တာကိုး။ မှန်ပါဘုရား။

ဣဒ္ဓိဝိဓဉာဏ်ဝိဇ္ဇာ၊ ဟော-ရေပြင်ကို၊ မြေပြင်လို အသုံးချလို့ရတယ်၊ ရေထဲလမ်းလျှောက်လို့ ရတယ်။ မြေကြီးထဲကျတော့လည်း မြေလျှိုးနိုင်တယ်၊ မိုးပျံပေါ့လေ။ ဒါဣဒ္ဓိဝိဓဉာဏ်ဝိဇ္ဇာ။ စောစောက ပြောခဲ့တဲ့ဉာဏ်ဝိဇ္ဇာတွေနဲ့ အလားတူပေါ့။ လောကီအဘိညာဉ်တွေနဲ့ အတူတူလိုပဲ ပြောရမှာပေါ့။ အဲဒီတော့ ဆိုလိုတာကတော့ ဘာလဲလို့ဆိုတော့ ဒီဗုဒ္ဓစရဏခေါ်တဲ့ ဘုရားရှင်ညွှန်းပြတော်မူခဲ့တဲ့ မိမိကိုယ်တိုင်ရသိတော်မူခဲ့တဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့တဲ့ စရဏတရား(၁၅)ပါးနှင့် ပြည့်စုံလို့ရှိရင်ဗုဒ္ဓဝိဇ္ဇာ ဖြစ်လို့ရှိရင် အမတရသ၊ ဟော- အမြိုက်အရသာနောက်ထပ် အိုပါဦးမှာလား။ မအိုပါဘူးဘုရား။ နောက်ထပ်

http://www.dhammadownload.com



နာပါဦးမလား။ မနာပါဘူးဘုရား။ ဟော- ဗုဒ္ဓဝိဇ္ဇာ ဖြစ်သွားပြီဆိုလျှင် နောက်ထပ်သေပါဦးမလား၊ နောက်ထပ်မသေတော့ဘူး၊ အဲဒီတော့ မသေချင်လို့ရှိရင် ဗုဒ္ဓစရဏ၊ ဗုဒ္ဓဝိဇ္ဇာတွေ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ မလိုဘူးလား။ လိုပါတယ်ဘုရား။ ဘုန်းကြီးတို့တတွေဟာ ဗုဒ္ဓဘုရား ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ကျေးဇူးတော်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ယခုလို ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ ကြည်ညိုပြီးတော့ လေးစားပြီးတော့ နေရတာဟာ ကျေနပ်စရာ မကောင်းဘူးလား။ ကောင်းပါတယ်ဘုရား။ အရမတော်ကြဘူးလား။ အရတော်ပါတယ်ဘုရား၊ အရတော်တယ်နော် မှန်ပါ။ ဒါကြောင့်မို့ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏတရား(၁၅)ပါးကို မရရအောင် ကြိုးစားကြရမှာကိုး။ မှန်ပါ့ဘုရား။

**စရဏံ ပါဒပဏ္ဍိဝ၊ ဝိဇ္ဇံ့တုဏ္ဍသမံသမံ။**

**ပူရေယိတွာ ပက္ခေယျံ သုဥ္စိတုံ အမတရသံ။**

စရဏံ= သီလ၊ ဘော၊ ဇာ၊ သတ် စတ္တာ"ဟု စရဏတရား တစ်ဆယ့်ငါးပါးကို၊ ပါဒပဏ္ဍိဝ= ခြေတောင်ပံနှင့်တူစွာ၊ ဝိဇ္ဇံ= ဝိဇ္ဇာ(၃)ပါး ဝိဇ္ဇာ(၈)ပါး ဝိဇ္ဇာဉာဏ်အဆင့်ဆင့် တရားများကို၊ တုဏ္ဍသမံ= နှုတ်သီးနှင့်တူစွာ၊ အမတရသံ= အမြိုက်အရသာ မသေတဲ့အရသာကြီးကို။ ဘုဥ္စိတုံ= သုံးဆောင်ခံစားခြင်း ငှာ၊ သမံ ဝိဇ္ဇာစရဏ= ဤနှစ်ဝကို မပိုမသာ ညီညွတ်စွာ၊ ပူရယိတွာ= ဖြည့်ကျင့်ကြကုန်ပြီး၍၊ ပက္ခေယျံ= သံသရာစခန်းမှ ပျံသန်းနိုင်ကြလေကုန်ရာသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ဝိဇ္ဇာစရဏသမ္ပန္နောဆိုတဲ့ ဂုဏ်တော်ကို ကြည်ညိုပြီး ကြည့်ပြီးတော့ မိမိတို့ ကိုယ်တိုင်လည်း စရဏတရား(၁၅)ပါးနှင့် ပြည့်စုံဒီမျက်စိနဲ့တူတဲ့ ကမ္မဿကတဉာဏ်၊ ဒီဉာဏ်မျက်လုံးကလည်းပဲ တပ်ဆင်ထားပြီ၊ စရဏတရားခြေထောင်ပံနှင့်တူတဲ့ စရဏတရားတောင်ပံမကျိုးဖို့လဲ လိုတယ်။ ခြေထောက်ကလေးလဲ ကောင်းကောင်းမွန်မွန် ဖြစ်ဖို့လိုတယ်။ ဒါကြောင့် စရဏတရားမပါဘဲနဲ့၊ ခြေတောင်ပံမပါဘဲနဲ့၊ ဒီချိုမြိန်ကောင်းမြတ်တဲ့ အသီးရှိတဲ့ သစ်ပင်ကြီး မသွားနိုင်သလို၊ မပျံသန်းနိုင်သလို အမြိုက်အရသာ မသေတဲ့အရသာ ခံစားဖို့ရာအတွက် စရဏတရားခေါ်တဲ့ ခြေတောင်ပံနဲ့တူတဲ့ စရဏတရား မရှိရင် အမြိုက်အရသာ မခံစားနိုင်ဘူးတဲ့။ နှုတ်သီးနဲ့တူတဲ့ ဝိဇ္ဇာဉာဏ်အဆင့်ဆင့် ဝိဇ္ဇာဉာဏ်(၃)ပါး၊ ဝိဇ္ဇာဉာဏ်(၈)ပါး မရှိရင် အမြိုက်အရသာ မခံစားရဘူး။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နဲ့ ပြည့်စုံလုံလောက်တဲ့ မြတ်စွာဘုရား သာသနာတော်မှာ ကြုံကြိုက်ပြီးတော့ နေကြတဲ့အခါ အဲဒီစရဏတရားတွေ၊ ဝိဇ္ဇာတရားတွေကို စောစောကပြောတဲ့အတိုင်း ပိဋကတ်(၃)ပုံ၊ နိကာယ်(၅)ရပ်၊ အင်္ဂါ(၉)တန်၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို ခြုံလိုက်တဲ့အခါကျတော့ ဝိဇ္ဇာတရား၊ စရဏတရား ဒါဘဲတွေ့တယ်။ အဲဒီလို ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နဲ့ ပြည့်စုံတဲ့ သာသနာတွင်းသို့ မိမိတို့ရဲ့ မိတ်ဆွေတွေ၊ မိမိတို့ရဲ့သားသမီးတွေ လက်ယပ်ခေါ်ဆောင် သွေးဆောင်ပြီးတော့ တို့ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နဲ့ ပြည့်စုံတဲ့ သာသနာကြီးကို ကြည်ညိုကြလော့၊ ကိုးကွယ်ကျလော့။

ဝိဇ္ဇာတရား၊ စရဏတရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြလော့လို့ မတိုက်တွန်းထိုက်ဘူးလား။ တိုက်တွန်းထိုက်ပါတယ် ဘုရား။ ဒါကြောင့် မြတ်စွာဘုရား၏ ဂုဏ်တော်တစ်စိတ်ကို ဟောပြီးတဲ့အခါ တရားတော်ရဲ့ ဂုဏ်တော်တွေကို လိုက်ပြီးတော့ ကြည့်လိုက်တဲ့အခါ ဧဟိပဿိကောဆိုတဲ့ ဂုဏ်တော်မတွေ့ရဘူးလား။ တွေ့ရပါတယ်။ ဧဟိပဿိကောဂုဏ်တော်က အဓိပ္ပါယ်နှစ်မျိုးရှိတယ်။ ဧဟိ= လာပါလော့၊

http://www.dhammadownload.com



ဧဟိ= ဗုဒ္ဓဘာသာဖြစ်ပါလော့။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့ သာဝကဖြစ်ပါလော့။ လူတစ်ယောက် တွေ့လို့ရှိရင် လက်ယပ်ပြီးတော့ ခေါ်ထိုက်တယ်တဲ့။ ပဿ။ အဲလို ဗုဒ္ဓဘာသာ ဖြစ်ရုံလေးနဲ့ နားမနေပါနဲ့၊ ရပ်မနေပါနဲ့။ ဗုဒ္ဓဘာသာ မပီမသ ဗုဒ္ဓဘာသာလေး ဖြစ်သွားမှာစိုးလို့။ "ပဿ= ကြည့်ရှုပါလော့၊ ပဿ= သင်အံပါလော့၊ နားကြားပါလော့၊ လေ့လာပါလော့ အားထုတ်ပါ လော့တဲ့"။ ဣတိဝိဓာနံ= ဤနှစ်ပါးသော အစီရင်ကို၊ အရဟတိ= ထိုက်ပါတော်မူပေ၏။ ဣတိတသ္မာ= ထို့ကြောင့်၊ ဓမ္မော= မြတ်စွာဘုရား ဟောကြား တော်မူအပ်သော တရားတော်သည်၊ ဗုဒ္ဓဘာသာဆိုင်ရာ တရားတော် သည်၊ ဧဟိပဿိကော= ဧဟိပဿိက မည်တော်မူပါပေ၏။ ဟော- တရားတော်ရဲ့ ဂုဏ်တော်တွေထဲမှာ ဧဟိပဿိကဆိုတဲ့ ဂုဏ်တော်ဟာ "လာပါ၊ ရှုပါ၊ ကျင့်ကြံပါ၊ အားထုတ်လှည့်စမ်းပါ" ဖိတ်ခေါ်ထိုက်ပါသည်။ အဲလို ဖိတ်ရသည်က 'ဧဟိ'ဆိုတဲ့ စကားလေးနဲ့ 'ပဿ'ဆိုတဲ့ စကားနှစ်ခု ဧဟိ= လာပါလော့၊ ယသ= ကြည့်ရှုစမ်းပါလော့၊ ဗုဒ္ဓဘာသာ ဖြစ်ရုံလေးတင် မကျေနပ်တဲ့ မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်တွေကို လေ့လာပါ။ သင်ကြားပါ။ အားထုတ်ပါ၊ လိုက်နာ ကျင့်သုံးကြည့်စမ်းပါတဲ့။

ဥပမာ ဆိုကြပါစို့၊ မြတ်စွာဘုရားက မေတ္တာသုတ်ပရိတ်တရားကို ဟောကြားတော်မူတာ ရှိတယ်။ သတ္တဝါတွေကို နှစ်ပုံပုံ၊ သုံးပုံပုံပြီးတော့ မေတ္တာပွားပုံ ထားပုံ ဟောကြားတော်မူတယ်။ ခန္ဓာသုတ်ပရိတ်ကတော့ သတ္တဝါတွေကို လေးပုံပုံတယ်။ ဘယ်နှစ်ပုံ ပုံသလဲလို့ဆိုတော့ ခြေမရှိတဲ့ သတ္တဝါတွေက တစ်စု၊ ခြေ(၂)ချောင်းရှိတဲ့ သတ္တဝါတွေက တစ်စု၊ ခြေ(၄)ချောင်းရှိတဲ့ သတ္တဝါတွေက တစ်စု၊ ခြေများစွာရှိတဲ့ သတ္တဝါတွေက တစ်စု ဆိုတော့ (၄)ပုံ ပုံလိုက်တော့ ကုန်ရော။ အဲဒီသတ္တဝါတွေ ကမ္ဘာလောက ရှိသမျှသတ္တဝါတွေကို သဗ္ဗေ ဘဒြာနိ ပဿန္တု။

http://www.dhammadownload.com



အဲဒီသတ္တဝါတွေအားလုံးဟာ ကောင်းသော အတွေ့အကြုံ ကောင်းတဲ့ ဣဋ္ဌာရုံများနဲ့ ဆုံဆည်းကြပါစေလို့ အဲဒီသတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ၊ အဲဒီသတ္တဝါတွေ ဘေးရန်ကင်းကြပါစေလို့ ထိုင်ပြီးတော့ များများမဟုတ်ဘူး။ (၅)မိနစ်လောက် အာရုံပြုပြီးတော့ အဲဒီ သတ္တဝါ ကမ္ဘာလောကခြုံပြီးတော့ မေတ္တာပွားနေမယ်ဆိုလို့ရှိရင် စိတ်ကလေးဟာ အေးမြပြီးတော့ သွားလိမ့်မယ်၊ အေးမသွားပေဘူးလား အေးသွားပါတယ်ဘုရား။ အဲဒီလို မေတ္တာပွားဖို့ရာ နည်းလမ်းရှာဖွေတာ နည်းလမ်းရှာဖွေခြင်း၊ သင်အံ့ခြင်း၊ ခန္ဓာသုတ်ပရိတ်တရားတော်ကို သင်အံခြင်း၊ ဒါပရိယတ်ပါ။ အဲဒီ ခန္ဓသုတ် ပရိတ်တရားတော်အတိုင်း ပွားများခြင်း သတ္တဝါတွေကို လေးစုလေးပုံ ပုံပြီးတော့ ပွားများမယ်ဆိုလျှင် ပဋိပတ္တိသာသနာ ခေါ်တာပါ။ မှန်လှပါဘုရား။

အဲဒီတော့ ဗဟိပဿိကောဆိုတဲ့ ဂုဏ်တော်က ဗဟိဆိုတာက ဗုဒ္ဓဘာသာ ဖြစ်ရုံလေးခေါ်တာ၊ ပဿက ကျကျနနဗုဒ္ဓဘာသာ ဖြစ်အောင်လုပ်တဲ့။ ကျကျနနဗုဒ္ဓဘာသာက ဘယ်လိုဟာလဲဆိုတော့ ဗုဒ္ဓဘာသာဟာ သုတဗုဒ္ဓဘာသာနဲ့ ဒိဋ္ဌဗုဒ္ဓ ဘာသာကိုး။ သုတဗုဒ္ဓ ဘာသာ ဆိုတာက မိရိုးဖလာအားဖြင့် မိဘတွေအနေဖြင့် ဘုရား ကိုးကွယ်တယ်၊ တရားကိုးကွယ်တယ်၊ သံဃာကိုးကွယ်တယ်၊ ဘုရားသွားတယ်၊ ဘုရားသွားကျောင်းတက် လုပ်တယ်။ ဒီလိုကြားဘူး နားဝလေးနဲ့ အလေ့အထလေးနဲ့ မိရိုးဖလာလေးနဲ့ ဗုဒ္ဓဘာသာဖြစ်တာ ကတော့ သုတဗုဒ္ဓဘာသာ။

အဲဒီ သုတဗုဒ္ဓဘာသာက မခိုင်လုံဘူးတဲ့။ ခဏလေး အကြောင်း တိုက်ဆိုင်လို့ရှိလျှင်၊ ပျက်စရာအကြောင်းရှိလျှင် အလွယ်တကူ ပျက်စီး သွားနိုင်တယ်နော်။ ဟော-ဒိဋ္ဌဗုဒ္ဓဘာသာ ဆိုတာကတော့ တရား မြင်ပြီးတော့မှ ဗုဒ္ဓဘာသာဖြစ်တာကိုး။ တရားမြင်ပြီးမှ ဗုဒ္ဓဘာသာ ဖြစ်တာ၊ ဟော- စရဏတရားတွေ သစ္စာတရားတွေမြင်၊ မြင်ပြီးတော့ လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်တော့မှ ဒီစရဏတရားတွေထဲက

http://www.dhammadownload.com



"သီ ဣ ဘော ဇာ သတ် စတ္တာ"ဆိုတဲ့ စရဏ (၁၅)ပါးထဲက သူတော်ကောင်းတရား (၇)ပါး သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပ ဒီတရားတွေကို မိမိကိုယ်တိုင် လိုက်နာကျင့်သုံးကြည့်လိုက်တဲ့ အခါကျတော့ ဧကန်မှန်တဲ့ တရားတွေပဲ တကယ်ကောင်းတဲ့တရားတွေ ပဲလို့ ယတိဖြတ် ဆုံးဖြတ်နိုင်တယ်။

နောက် သစ္စာ(၄)ပါးတရား ကြည့်လိုက်ပြန်တော့ ဒုက္ခသစ္စာ၊ မြတ်စွာဘုရား ရုပ်ဓမ္မ၊ နာမ်ဓမ္မ အားလုံး ဒုက္ခသစ္စာ၊ ပဋိသန္ဓေနေရတာ ဒုက္ခ၊ ဆွေးမြေ့အိုမင်းရတာ ဒုက္ခ၊ ငြင်းလို့ရပါမလား၊ ဒါယကာကြီး ဦးကြည်ဝင်း မရပါဘူးဘုရား။ မရဘူးနော်၊ ငြင်းလို့မရလျှင် မှန်လို့ပေါ့။ မှန်လှပါဘုရား၊ ဇိဝိန်ပျက်ကင်း သေရခြင်းသည် ဒုက္ခလို့ မြတ်စွာဘုရားက ဟောတယ်၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ငြင်းနိုင်ပါမလား၊ မငြင်းနိုင်ပါဘူးဘုရား။ မငြင်းနိုင်လောက်အောင် မှန်ကန်တယ်ဆိုတော့ အဲဒီမှန်ကန်တာကို ယုံကြည်တဲ့ပုဂ္ဂိုလ်၊ အဲဒီတရားကို မြင်ပြီးတော့မှ ဗုဒ္ဓဘာသာဖြစ်တော့ ဒိဋ္ဌဗုဒ္ဓဘာသာပေါ့ မှန်လှပါဘုရား။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော= မိမိသဘောမကျတဲ့ အာရုံတွေ မိမိသဘော မကျတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ကြုံဆုံဆည်းပြီးတော့နေရလျှင် ဆင်းရဲမလား၊ ချမ်းသာမလား။ ဆင်းရဲပ့ါမယ်ဘုရား။ အဲဒါကို မြတ်စွာဘုရား ဒုက္ခလို့ ဟောခဲ့တာ လွဲရဲ့လား။ မလွဲပါဘူးဘုရား မလွဲဘူး၊ မှန်တယ်။ ဘယ်တော့မှ မလွဲဘူးတဲ့၊ ဒါကြောင့် အဓွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊ တခါတရံ၊ မဖောက်ပြန်ပဲ၊ အစဉ်မြဲကို၊ သစ္စာဆို၏။ ဘယ်လောက် ကြာကြာ ဘယ်တော့မှမမှားဘူးတဲ့။ ဘယ်လောက်ကြာကြာ ဘုရားက ဒုက္ခလို့ ဟောခဲ့တာ၊ ဘုရားရှင်က ဒုက္ခလို့ဟောခဲ့တာ ဘယ်တော့မှ သုခမဖြစ်ဘူးတဲ့။ အပ္ပိယေတိ သမ္ပယောဂေါ ဒုက္ခောတဲ့ မိမိမြတ်နိုးတဲ့ ကြင်နာတဲ့ ချစ်ခင်တဲ့ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေနဲ့ သေကွဲ၊ ရှင်ကွဲ၊ ဘဝကွဲ၊ ဘုံကွဲ ကွဲပြားပြီး ခွဲခြားပြီးတော့ နေရမယ်ဆိုလျှင်၊ ခွဲခွာပြီးတော့ နေရမယ်ဆိုလျှင် ဒုက္ခတဲ့။ ဒါလည်းပဲ ငြင်းမရဘူး။

http://www.dhammadownload.com



ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံဆိုတာ ဘာလဲလို့ဆိုတော့ မိမိက မအိုချင်ဘူး အိုနေတယ်၊ အဲဒါကို မြတ်စွာဘုရားက ဒုက္ခဟောခဲ့တာ။ မိမိက မသေချင်ဘူး သေနေတယ်၊ အဲဒါကို မြတ်စွာဘုရားက ဒုက္ခလို့ ဟောခဲ့တယ်၊ မှားရဲ့လား။ မမှားပါဘူးဘုရား၊ ဒုက္ခသစ္စာ ဟောပြောချက်ကို မယုံကြည်ကြဘူးလား၊ ယုံပါတယ်ဘုရား၊ အဲဒီလို ယုံကြည်ပြီးတော့ နေရာမှာ အဲဒီလို ယုံကြည်ပြီးတော့ အဲဒီဒုက္ခသစ္စာကို သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။ အကျဉ်းချုပ်ကြည့်လိုက်တော့ ရုပ်ဓမ္မ၊ နာမ်ဓမ္မအားလုံးဟာ ခန္ဓာငါးပါးလုံးဟာ ဒုက္ခချည်းပဲ။ အဲဒီဒုက္ခဟာ ပရိညေယျတရားပိုင်းခြားပြီးတော့ သိရမှာ၊ ဘာလုပ်ရမလဲ၊ ဒုက္ခတွေကို ပိုင်းခြားပြီး သိရမှာပါဘုရား ဒုက္ခဝိဇ္ဇာ။

အဲဒီ ဒုက္ခတွေကို မြင်အောင် ကြည့်တာသည် ဝိပဿနာဉာဏ်ဝိဇ္ဇာ၊ ရုပ်နာမ်ဓမ္မတို့ရဲ့ မမြဲတာကို မြင်အောင်ကြည့်တာ။ အနိစ္စဝိဇ္ဇာ၊ ဝိပဿာနာဉာဏ်ဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာလို့ ဒီလိုခွဲရပါတယ်။ မှန်လှပါဘုရား။ အဲသလို အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အနတ္တဖြစ်ပုံ၊ ဆင်ခြင်တိုင်းထွာနိုင်တဲ့ ဝိဇ္ဇာဉာဏ် အဲဒီ ဝိဇ္ဇာဉာဏ်ကို မြတ်စွာဘုရားဟာ ဝိဇ္ဇာဥပါဒိ အဲသလို ဟောတာကိုး။

အဲဒီတော့ ပိဋကတ်သုံးပုံဆိုတာ ကျယ်ဝန်းပါတယ်။ နိကာယ်ငါးရပ်ဆိုတာလဲ ကျယ်ဝန်းပါတယ်။ အင်္ဂါကိုးတန်ဆိုတာလဲ ကျယ်ဝန်းပါတယ်။ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ဆိုတာလဲပဲ ကျယ်ဝန်းပါတယ်။ လူ့ဘဝကြီးရလာပြီးတော့ ဗုဒ္ဓဘာသာရယ်လို့ ဖြစ်ပေါ်လာ၊ ဗုဒ္ဓဘာသာလို့ရယ် ဖြစ်ပေါ်လာလျှင် ဓမ္မစကြာတရားတစ်မျိုးကို ရအောင်လုပ်၊ သဘောပေါက်အောင် လုပ်ရမယ်။ ဓမ္မစကြာတရားကို သဘောပေါက်လျှင် အားလုံးသဘောပေါက်တာကိုး။ အဲဒီ ဓမ္မကြာတရား၊ သစ္စာ(၄)ပါးတရား၊ ဒုက္ခကို ဒုက္ခမှန်းသိဖို့ လိုတယ်။ ဒုက္ခအမှန်ပါပဲလို့ အဲဒီလိုသိလျှင် ဒုက္ခသစ္စာကို ပိုင်းခြားသိတာလို့ ခေါ်တယ်။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအောင်ကြိုးစားခြင်းဟာ ဒါဟာ မဂ္ဂသစ္စာ ပွားများပြီးသား ဖြစ်သွား

http://www.dhammadownload.com



တာပဲ။ ဒုက္ခအမှန်ပါပဲလို့ သိလို့ရှိလျှင် သမုဒယသစ္စာခေါ်တဲ့ တဏှာ ကလည်းပဲ မဖြစ်ပေါ်နိုင်တဲ့အတွက် သမုဒယသစ္စာကလည်းဘဲ ပယ်ပြီးသားဖြစ်သွားတာ၊ သမုဒယသစ္စာ ပယ်ပြီးသားဖြစ်သွားတာနဲ့ နိရောဓသစ္စာလည်း အလိုအလျောက် မျက်မှောက်ပြုပြီးသား ဖြစ်သွားတယ်။

အဲဒီလို သစ္စာ(၄)ပါးတရားကို ကျကျနန ယုံကြည်ကိုးစား ပြီးတော့ ဗုဒ္ဓဘုရားကို ကိုးကွယ်ခြင်း၊ တရားတော်ကို ကိုးကွယ်ခြင်း၊ သံဃာတော်ကို ကိုးကွယ်ခြင်း၊ အဲသလို ကိုးကွယ်ခြင်းအမှု ဖြစ်ပြီလို့ ဆိုလျှင်တော့ဖြင့် ဗုဒ္ဓဘာသာအစစ်အမှန် ဖြစ်သွားပြီ။ ဒါကြောင့် **"ဧဟိပဿိကောဓမ္မော"**၊ ဓမ္မော= မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဗုဒ္ဓဘာသာဆိုင်ရာ တရားတော်မြတ်ကြီးသည်၊ ဧဟိပဿိကော= လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါ၊ ရှုပါ ကျင့်ကြံစမ်းပါ၊ အားထုတ်စမ်းပါ၊ ဗုဒ္ဓဘာသာဝင်ပြီးတော့လည်း ဘာသိဘာသာမနေပဲနဲ့ သင်ကြားပါ၊ လေ့လာပါ၊ အားထုတ်စမ်းပါ၊ ဗုဒ္ဓဘာသာဝင်လှည့်ပါ၊ ဗုဒ္ဓဘာသာဝင်ပြီးတော့လည်း ဘာသိဘာသာ မနေပဲနဲ့ သင်ကြားပါ၊ လေ့လာပါ၊ အားထုတ်စမ်းပါဟု မပါပါအောင် ခေါ်ဆောင်သိမ်းသွင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေသတည်း။

သာဓု - သာဓု - သာဓု

အဲလို လာပါ၊ ရှုပါ၊ ကျင့်ကြံပါလို့၊ လာစမ်းပါ၊ ဗုဒ္ဓဘာသာ လေ့လာစမ်းပါ၊ အားထုတ်စမ်းပါလို့ အားထုတ်စမ်းပါလို့ မပါပါအောင်တဲ့၊ တခြားပုဂ္ဂိုလ်တွေထား၊ နိုင်ငံခြားက ပုဂ္ဂိုလ်တွေအသာထား၊ တခြား မိသားစုတွေအသာထား၊ ကိုယ့်မိသားစုတွေ ဒါယကာကြီး ဦးကြည်ဝင်း ကိုယ့်အိမ်ကိုယ့်မိသားစုတွေကို ဗုဒ္ဓဘုရားရဲ့တရားတော်တွေကို ကြည်ညိုဖို့၊ ဗုဒ္ဓဘုရားရဲ့ တရားတော်တွေကို သင်အံလေ့လာဖို့၊ ကိုယ့် မိသားစုကိုက ပိုအရေးကြီးတယ်။ မှန်လှပါဘုရား။ ကိုယ့်မိသားစုကိုက

http://www.dhammadownload.com



ပို၍ အရေးကြီးတယ်နော်။ ကိုယ်မိသားစုကိုက ပိုအရေးကြီးတယ်။ ကိုယ်မိသားစုက အရေးကြီးတယ်၊ ကိုယ့်မိသားစုကနေပြီး တစ်ပိုင်တစ်နိုင်က နေပြီးတော့ ဆက်သွားရမှာကိုး။ ဒါကြောင့် ဧဟိပဿိကော ဓမ္မောဆိုတဲ့ တရားဟာ ဒီတော့ တရားဂုဏ်တော်ကို ပွားများတဲ့အခါ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကိုး၊ မှန်လှပါဘုရား။

ဧဟိပဿိကော ဓမ္မော၊ ဧဟိပဿိကော ဓမ္မော၊ ပုတီးတစ်လုံး၊ ဧဟိပဿိကော မြန်မာလိုအားဖြင့် "လာရောက်ရှုမြင် ကျေးဇူးတင်မြဲ ဖြစ်၍ မပါပါအောင် ခေါ်ဆောင်သိမ်းသွင်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေ၏"ဟု ပုတီးတစ်လုံးချ။ သို့သော် ယခု ဘုန်းကြီးတို့ တွေ့ကြုံနေရတာက ဘုရားဂုဏ်တော်တွေကို အာရုံပြုပြီးတော့ ပုတီးစိပ်တဲ့ပုဂ္ဂိုလ်ကတော့ များပါတယ်။ မစိပ်ကြဘူးလား။ စိပ်ကြပါတယ်ဘုရား။ တရားဂုဏ်တော်ကျတော့ ပုတီးစိပ်တဲ့လူ ရှားတယ်နော်။ မှန်လှပါဘုရား။ တရားသဘောပေါက်မှ ဘုရားသဘောပေါက်တာ။ အဲတော့ တရားကို သဘောပေါက်ဖို့ လိုတယ်။

ဘုန်းကြီးတို့ မြတ်စွာဘုရား ကိုးကွယ်တာ ဆွေမျိုးတော်လို့ ကိုးကွယ်တာမှ မဟုတ်ပဲနဲ့ ဆွေမျိုးတော်ပ့ါမလား။ မတော်ပါဘူးဘုရား။ ဒီကနေ မိုင်(၁၀၀၀)ကျော်လောက်မှာ ဘုရားမြတ်စွာ ပွင့်တာကိုး ဗုဒ္ဓဂယာ ဆိုတော့နော်။ မှန်လှပါဘုရား။ ဆွေမျိုးတော်လို့ မဟုတ်ဘူး၊ ဟောကြားထားတဲ့ မင်္ဂလာသုတ္တန်၊ ဓမ္မစကြာတရား ဒေသနာတွေ ကြည်ညိုတယ်။

တစ်နည်းအားဖြင့် ပိဋကတ်(၃)ပုံ အုပ်ရေ(၄၀) သင်ရိုး ပိဋကတ်က အုပ်ရေ(၂၀)ရှိပါတယ်။ အဲဒီအုပ်ရေ(၄၀) ဟောကြားထားနိုင်တဲ့ ဘုရားဘယ်မှာရှိသလဲ။ ကမ္ဘာမှာ မရှိပါဘူးဘုရား။ ဒါယကာကြီး ဦးကြည်ဝင်း ရှိပ့ါမလား၊ မရှိပါဘူးဘုရား၊ ရှိလား၊ စဉ်းစားကြည့်နော် ကိုယ်ဟာကိုယ် ပိဋကတ်(၃)ပုံ စာအုပ်တွေကို ရှေ့ထားပြီးတော့မှ စဉ်းစားကြည့် ကမ္ဘာမှာ ဘုရား၊ ဘုရားလို့ အမည်ခံတာတွေ

http://www.dhammadownload.com



ဘုရားရှိစဉ်ကလည်း ရှိတာကိုး၊ မင်္ဂလိဂေါ်သာလ အစရှိတဲ့ ဘုရားရှိစဉ်က ဘုရား(၆)ဆူ အပြိုင်ပွင့်တာကိုး။ မင်္ဂလိဂေါ်သာလ အစရှိတဲ့ ပုဂ္ဂိုလ်တွေကလဲ သူတို့လည်း ဘုရားတွေတဲ့ အမည်ခံတာပဲ။ သို့သော် သူတို့ ဘုရားအမည်ခံသော်လည်း သူတို့ဟောတဲ့ တရားစာပေဟာ သုတ္တန်တစ်ခုခုမှ အခုမရှိဘူးနော်။

ဘုန်းကြီးတို့ မြတ်စွာဘုရား ကိုးကွယ်အားထားကြတဲ့ မြတ်စွာဘုရားမှာ ပိဋကတ်(၃)ပုံ တရားတော်တွေ၊ နိကာယ်ငါးရပ် တရားတော်တွေ၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)တရားတော်တွေ ရှိတယ်။ ရှေးရဟန္တာမထေရ်မြတ်ကြီးတွေဟာ သူတို့ မှတ်နိုင်သလောက်လေး မှတ်ထားတာ၊ ဘုရားဟောတာ ဒီထက်များတယ်။ မှန်လှပါဘုရား။ ဘုရားဟောတာ ဒီထက်များတယ်။ တူရာတွေပေါင်းပြီးတော့ ထားတာ။ အဲဒီပိဋကတ်(၃)ပုံ၊ နိကာယ်ငါးရပ် တရားတော်တွေထဲ ကြည့်လိုက်တော့ ဘာပါသလဲလို့ ဆိုတော့ ဘုန်းကြီးတို့ ဝမ်းမြောက်စရာကလေး တစ်ခုပြောရဦးမယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၈၄) နှစ်နဲ့ ရှစ်လ ရှစ်ရက်က ပွင့်တော်မူတဲ့ ဗုဒ္ဓဘုရား ဂေါတမဘုရား သာသနာတော်မှာ ပထမဆုံး ဗုဒ္ဓဘာသာဖြစ်တာက မြန်မာတွေဖြစ်တာ။ ပထမဆုံး ဗုဒ္ဓဘာသာ ဖြစ်တာက ဘယ်သူတွေ ဖြစ်သလဲ။ မြန်မာတွေပါ ဘုရား။

မြန်မာတွေဗျာ၊ စဉ်းစားကြည့်လိုက်တော့ ဒါမြန်မာတွေ မိမိတို့ မြန်မာနိုင်ငံက ပုဂ္ဂိုလ်တွေက ပထမဆုံး ဗုဒ္ဓဘာသာ ဖြစ်ပါတယ်လို့ ပြောလျှင်တော့ သိပ်မကောင်းဘူးပေါ့နော်။ ကိုယ်ငါးချဉ် ကိုယ်ချဉ်ဆိုတာ ဖြစ်မှာ။ ဒါပေမယ့် ပြောရဦးမယ်။ ရဟန္တာမထေရ်မြတ်ကြီးတွေရဲ့ ရွှေနှုတ်တော်က **"အထခေါ တပုဿဘလ္လိကာ ဝါဏိဇာ ဘဂဝန္တံ ဩနိတပတ္တပါဏိံ ဝိဒိတွာ ဘဂဝတော ပါဒေသု သိရသာ နိပတိတွာ ဘဂဝန္တံ ဧတဒဝေါစုံ ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ၊ ဥပါသကေ နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတေ သရဏံ ဂတေ"**။

http://www.dhammadownload.com



ဟော သံဂါယနာတင် ရဟန္တာမထေရ်မြတ်ကြီးတွေ ရွှေနူတ်တော်ကထွက်တာ မြန်မာနိုင်ငံကလာကြတဲ့ "တပုဿ၊ ဘလ္လိက" ဆိုတဲ့ ညီနောင်တွေဟာ မြတ်စွာဘုရားရဲ့ ခြေတော်စုံ ကြာပဒုံတွေကို ဦးတင်သပြီးတော့ ဝပ်စင်းကော်ရော် ပူဇော်ကြပြီး တပည့်တော်တို့ ဘုရားနှင့်တရားကို အသက်ထက်ဆုံး ကိုးကွယ်ပါတယ်၊ ဆည်းကပ်ပါတယ်။ ဘုရားတရားကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာ အရင်းအခြာလို့ မြတ်စွာဘုရားမှတ်တော်မူပါလို့ ရဟန္တာမထေရ်မြတ်ကြီးတွေရဲ့ သံဂါယနာမှတ်တမ်းမှာ အဲသလိုပါနေတာ ဝမ်းမြောက်စရာ မကောင်းဘူးလား။ ကောင်းပါတယ် ဘုရား။ အဲဒီတော့ ဂေါတမမြတ်စွာ ဘုရားသာသနာတော်မှာ ပထမဆုံး ဗုဒ္ဓဘာသာဖြစ်တာက ဘုန်းကြီးတို့ မြန်မာနိုင်ငံက "တပုဿ၊ ဘလ္လိက"တို့ဖြစ်တာ။

ဒါကြောင့် ဗုဒ္ဓဘာသာသက်တမ်းလည်း မြန်မာမှာရှည်ပါတယ်။ ဒါကြောင့်မို့ မိမိတို့ အသက်တမ်းရှည်သည့်အလျှောက် နှစ်ပေါင်း (၂၅၈၄)နှစ် ရှစ်လနှင့် ရှစ်ရက်က ဗုဒ္ဓဖြစ်ခဲ့ကြတာ။ ဘုရားပွင့်တော်မူပြီးနောက် ရက်ပေါင်း(၄၀)ကျော်ကစပြီးတော့ ဗုဒ္ဓဘာသာ ဖြစ်ခဲ့ကြတာကိုး။ မှန်လှပါဘုရား။ အဲဒီတော့ မိမိတို့ရဲ့ ဗုဒ္ဓဘာသာဟာ ကိုယ်ပိုင်ဘာသာလို ဖြစ်မနေဘူးလား။ ဗုဒ္ဓမြတ်စွာဘုရား ဘာသာ ဟောကြားထားတဲ့ တရာတော်တွေ စကားတော်တွေ၊ မြတ်စွာဘုရားရဲ့ ဟောကြားထားတဲ့ တရားတွေကလည်းပဲ မိမိတို့ ကိုယ်ပိုင်တရားတွေ ဖြစ်မနေဘူးလား။ ဖြစ်နေပါတယ် ဘုရား။ အဲဒီတော့ ဘာသာကလည်းပဲ မိမိတို့ရဲ့ ကိုယ်ပိုင်ဘာသာဖြစ်တယ်။ တရားတော်ကလည်းပဲ ကိုယ်ပိုင် တရားတော်တွေ ဖြစ်တယ်။ အဲဒီဘာသာနှင့် တရားတော်တွေ ကိုင်ပြီးတော့ မာန်တက်နေလို့တော့ မဖြစ်ဘူးတဲ့။ ကိုယ်တိုင်လက်တွေ့ ကျကျ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်အောင် မနားကြားရပေဘူးလား။ နာကြားရပါတယ် ဘုရား။ မသင်ကြားရပေဘူးလား။ အဲဒီတော့ အမြဲမပျက် နာယူမှတ်သားသင်ကြား ဆောင်ထားပြီးတဲ့ အခါကျမှ

http://www.dhammadownload.com



ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့အခါ လမ်းမှန်မရနိုင်ဘူးလား။ ရနိုင်ပါတယ် ဘုရား။ ကဲ ယနေ့ည၊ ယခုလို တရားပေစာများ နာကြားကြတယ်ဆိုတာကလည်းပဲ မိမိတို့ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ရာအတွက် ဆိုပြီးတော့ နာကြားကြရတာကိုး။ မှန်လှပါဘုရား။ ဒါကြောင့်-

**စရဏံ ပါဒပက္ခံဝ ဝိဇ္ဇံ တုဏ္ဍသမံ သမံ၊**

**ပူရယိတွာ ပက္ခေယျံ ဘုဉ္ဇိတုံ အမတရသံ။**

စရဏံ= သီ၊ က္က ဘော ဇာ သတ် စတ္တာ"ဟု တစ်ဆယ့်ငါးပါးသော စရဏတရားကို၊ ပါဒပက္ခံဝ= ခြေတောင်ပံနှင့်တူစွာ၊ ဝိဇ္ဇံ= ဝိဇ္ဇာ(၃)ပါး, ဝိဇ္ဇာ(၈)ပါး တရားများကို၊ တုဏ္ဍသမံ= နှုတ်သီးနှင့်တူစွာ၊ သမံ= မပိုမသာ ညီညွတ်စွာ၊ အမတရသံ= အမြိုက်အရသာကို၊ ဘုဉ္ဇိတုံ= သုံးဆောင်ခံစားခြင်းငှါ၊ ပူရယိတွာ= ဖြည့်ကျင့်ကြကုန်ပြီး၍၊ ပက္ခေယျံ= သံသရာစခန်းမှ ပျံသန်းကြကုန်ရာသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားတော်မူသော
(၇၄)ကြိမ်မြောက်လယ်တီဝိပဿနာ

**ဝိဇ္ဇာ (၅)မျိုး**

ယနေ့ ၁၃၆၄ ခုနှစ်၊ တန်ခူးလပြည့်နေ့။ ယနေ့ ဖွင့်လှစ်တဲ့ (၇၄)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းကို ကြည့်မယ်ဆိုရင် ၁၃၆၄ ခုနှစ်မှာ ပထမဆုံးဖွင့်လှစ်တဲ့ (၇)ရက် တရားစခန်းပါပဲ။ ၁၃၆၄ ခုနှစ် တစ်နှစ်တာကာလ စတင်ပြီးတော့ တာထွက်လာရာ ရှေးဦးစွာ အားထုတ်ရတဲ့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း။ ဒီတရားစခန်းမှာ အကြိမ်အားဖြင့် (၇၄)ကြိမ်၊ (၇၄)ကြိမ်ဆိုတော့ ယောဂီများ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းဖို့ အားထုတ်တဲ့အခါမှာ ချမ်းချမ်းသာသာ အားထုတ်နိုင်ဖို့ အသုံးအဆောင်လေးတွေ ပြည့်စုံလာကြပြီ။

ဘုန်းကြီးတို့ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀)လောက်က ဘုန်းကြီးတို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ တပည့်ကြီး မိုးညှင်း

http://www.dhammadownload.com



ဆရာတော် ရန်ကုန်မှာလာပြီးတော့ ယောဂီတွေ တရားဟောတယ်။ မိုးညှင်းကျောင်းတိုက်ကြီး တည်ဆောက်ခါစမှာ မြေပေါ်မှာပဲ ကျူထရံ ဖျာလေးတွေ ခင်းထိုင်ပြီး တရားနာကြ တရားအားထုတ်ကြတယ်။ ဖြေးဖြေးချင်းမှ ပြည့်စုံလာတော့ ဓမ္မာရုံကြီးတွေ၊ ကျောင်းကြီးတွေထဲမှာ တရားအားထုတ်တဲ့အဆင့် ရောက်လာခဲ့ပါတယ်။

ဘုန်းကြီးတို့ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကို ၁၉၉၈ ခုနှစ်က လက်ခံလာတဲ့အချိန်ကစပြီးတော့ ပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည်ဖြစ်စေ တရားစခန်းမှန်မှန်ဖွင့်ပြီး လာခဲ့တာ ယနေ့ (၇၄)ကြိမ်မြောက်။ (၇၄)ကြိမ်မြောက်ဆိုတော့ (၇)ရက်စခန်းဖွင့်ပြီးတော့ လာခဲ့တာ ရက်ပေါင်းများစွာ ယောဂီများတရားအားထုတ်ခဲ့ကြပြီ။ အဟောင်း အဟောင်းယောဂီတွေလဲ အကြိမ်များစွာ အားထုတ်ကြလို့၊ အသစ် အသစ်ယောဂီတွေလဲ အားထုတ်ခွင့်ရကြတယ်။

အဲဒီလို အားထုတ်ခွင့်ရအောင် ဘုန်းကြီးတို့နဲ့တကွ ဤလယ်တီ ကျောင်းတိုက်ကြီးမှာနေပြီး ကြီးကြပ်အုပ်ချုပ်တော်မူကြတဲ့ ဆရာတော် အရှင်မြတ်များ ဤတရားစခန်းကို ထမြောက်အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြတဲ့ ကမ္မဋ္ဌာနာစရိယများ ဆွမ်းကွမ်း ဝေယျာဝစ္စ များ၊ အစစအရာရာ ပြည့်စုံအောင်ထောက်ပံ့ကူညီကြတဲ့ ဘုန်းကြီးတို့ရဲ့ သာသနာ့ဒါယကာ ဒါယိကာများ ဒီလိုအခြေခံတွေကို ရယူပြီး ဖွင့်လာခဲ့တာ ယနေ့ (၇၄)ကြိမ်မြောက်တိုင် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းများ ဖွင့်နိုင်ခဲ့ပြီ။

ဒီဖွင့်ပွဲမှာ ဘုန်းကြီးတို့ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက စကားတစ်ခုပြောတော့မယ်ဆိုရင် ပြည့်စုံအောင်ပြောလေ့ ရှိတယ်။ ဥပမာအားဖြင့် ဆိုကြပါစို့၊ အရိယာဝိဇ္ဇာဖြစ်အောင် အားထုတ် ဖို့လို့ ပြောတဲ့အခါ၊ ဟိုကမ္ဘာဦးအခါက အသုံးချပြီးတော့လာတဲ့ ဝိဇ္ဇာအရပ်ရပ်တွေပါ ထည့်သွင်းပြီးတော့ ဝိဇ္ဇာ (၅)ပါး။ ဝိဇ္ဇာ (၅)ပါးဆိုတာ အသိအလိမ္မာဓာတ်ကြီး (၅)မျိုးပါပဲ။ "အသိအလိမ္မာ ဉာဏ်ပညာဝိဇ္ဇာ

http://www.dhammadownload.com



အမောဟ"။ အသိရယ်, အလိမ္မာရယ်, ဉာဏ်ရယ်, ပညာရယ် အဆင့်အတန်းတော့ ကွဲသွားမှာပေါ့လေ။

အဲဒီတော့ နံပါတ် (၁)ဝိဇ္ဇာက ဝေဒဝိဇ္ဇာ၊ ဗေဒင်သုံးပုံ -

၁။ ဣရုဗေဒင်

၂။ ယဇုဗေဒင်

၃။ သာမဗေဒင်

၄။ အာထဗ္ဗနဗေဒင် ရယ်လို့စောစောက ဗေဒင် (၄)ပုံ၊ အသုံးချလာတာကတော့ ဗေဒင်သုံးပုံပါ။

အဲဒီ ဗေဒင် (၃)ပုံ၊ (၄)ပုံကို တတ်သိနားလည်တဲ့ပုဂ္ဂိုလ်ကို ဝေဒဝိဇ္ဇာလို့ခေါ်တယ်။ သံသရာက ထွက်မြောက်နိုင်တဲ့ ဝိဇ္ဇာမျိုးတော့ မဟုတ်ဘူး။ နောက် မန္တဝိဇ္ဇာ၊ မန္တဝိဇ္ဇာ ဆိုတာက ဂါထာ၊ မန္တာန်၊ မန္တယားအတတ်တွေ၊ အိမ်ကြံမြေကြံအတတ်တွေ၊ နေလနက္ခတ်တွေရဲ့ အနေအထားတွေကို ဟောနိုင်တဲ့ဝိဇ္ဇာမျိုး။ ပါပဂြိုလ်, သောမဂြိုလ်တွေ ဘယ်မှာရောက်နေတယ်။ အဲဒီရဲ့အကျိုးအပြစ်က ဘယ်လို။ နေဘယ်တော့ ကြတ်လိမ့်မယ်။ လဘယ်တော့ ကြတ်လိမ့်မယ်။ နေကြတ် လကြတ်တဲ့ အကျိုးအပြစ်က ဘယ်လို အစရှိသဖြင့် အဲဒီလို သိနိုင်တဲ့ ဝိဇ္ဇာမျိုးတွေလဲ ပါဝင်ပါတယ်။

ဂါထာ၊ မန္တာန်၊ မန္တယားတွေ စုပ်ပြီးတော့ အသုံးချတဲ့ အသိဓာတ် အလိမ္မာဓာတ်တွေ မန္တဝိဇ္ဇာ။ ဒါလဲပဲ သံသရာဝဋ်စက်က ထွက်မြောက်ပြီး သွားနိုင်တဲ့ ဉာဏ်ပညာမျိုး ဝိဇ္ဇာမျိုး မဟုတ်ပါဘူး။ နံပါတ် (၃) ဂန္ဓာရီဝိဇ္ဇာ။ ဂန္ဓာရီဝိဇ္ဇာ ဆိုတာကတော့ ပြဒါးဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ အင်းဝိဇ္ဇာ။ ဒီဂန္ဓာရီဝိဇ္ဇာများလဲ စွမ်းပါတယ်။ ဘုန်းကြီးတို့ ရာဇဝင်မှာ ရွှေအိမ်စည်မင်းသမီးစီလာတဲ့ မဇ္ဈိမဒေသကလာတဲ့ ပဋိက္ခယားမင်းဟာ ပြဒါးဝိဇ္ဇာပဲ။ အဲဒီ ဝိဇ္ဇာတွေဟာ အာကာသစာရီစ ကောင်းကင်လဲ ပျံနိုင်တယ်။ ပရစိတ္တဝိဇူစ သူတစ်ပါးစိတ်ကိုလဲ သိနိုင်တယ်။

http://www.dhammadownload.com



အဲဒီမှာ စူဠဂန္ဓာရီ= အငယ်စားဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီ= အကြီးစား ဂန္ဓာရီဝိဇ္ဇာ။ အငယ်စားဂန္ဓာရီဝိဇ္ဇာက (၃)နှစ်အတွင်း သေသွားတဲ့ပုဂ္ဂိုလ်တွေရဲ့ ဦးခေါင်းရိုးခေါက်ကြည့်တာနဲ့ ဘယ်ရောက်နေတယ် ဆိုတာသိတယ်။ မဟာဂန္ဓရီကျတော့ ဒီထက် (၃)နှစ်ကျော်ကျော်က လူတွေ ကွယ်လွန်သွားတဲ့ ဦးခေါင်းရိုးခေါက်ကြည့်တာနဲ့ ဘယ်ရောက်နေတယ်ဆိုတာ သိသတဲ့။ အဲဒီ စူဠဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာများ ဖြစ်တဲ့ ပြဒါးဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ အင်းဝိဇ္ဇာတို့ကလဲပဲ ဒီစွမ်းအင်တွေနဲ့ ပြည့်စုံတယ်။

ဒီဝိဇ္ဇာတွေက ဆရာတော်ဘုရားကြီး မိန့်ကြားထာတာက သက်ဆိုင်ရာနတ်တွေနဲ့ ပေါင်းရတယ်တဲ့။ အဲဒီ နတ်တွေနဲ့ပေါင်းလို့ ပေါင်းတတ်ရင် တတ်ရော၊ မပေါင်းတတ်ရင် အဲဒီနတ်တွေက ပြန်ပြီးသတ်တာတွေလဲ ရှိသေးတယ်လို့ မိန့်ကြားထားတာ ရှိတယ်။ ဂန္ဓာရီဝိဇ္ဇာဟာလဲ အသိ၊ အတတ်၊ အလိမ္မာ၊ ဉာဏ်ပညာ အတတ်တွေပါပဲ။ သို့သော်လဲ အိုဘေး, နာဘေး, သေဘေး၊ အပါယ်ဘေးဆိုးကြီးက မလွတ်နိုင်ဘူး။ အစဉ်ထာဝရ လွတ်မြောက်အောင် မစွမ်းဆောင်နိုင်ပါဘူး။

နံပါတ် (၄) ဘာဝိဇ္ဇာလဲဆိုတော့ လောကီယဝိဇ္ဇာတဲ့။ လောကီနယ်ပယ်မှာရှိတဲ့ အသိပညာ၊ အတတ်ပညာ။ ဘယ်လိုဟာမျိုးတွေလဲဆိုတော့ သူကတော့ မြင့်တယ်၊ မြေလျှိုးမိုးပျံ တန်ခိုးဈာန်နဲ့လဲ ပြည့်စုံတယ်။ နတ်နားလိုပဲ ကြားနိုင်တယ်၊ မြင်နိုင်တယ်။ သူတစ်ပါး စိတ်ကိုလဲ သိနိုင်တယ်။ ရှေးခန္ဓာဖြစ်စဉ်တွေကိုလဲ သိနိုင်တယ်။ နောင်လာလတ္တံ့ဖြစ်စဉ်ကိုလဲ မြင်နိုင်တယ်။ သတ္တဝါတစ်ယောက်ရဲ့ ရောက်ရမယ့်ဂတိကိုလဲ မြင်နိုင်တယ်။

အဲဒီ အသိခေတ်၊ အလိမ္မာခေတ်မျိုးလဲ အသိပဲ၊ အလိမ္မာပဲ၊ ဉာဏ်ပညာပဲတဲ့။ အဲဒီ (၇)မျိုးသိတဲ့ပုဂ္ဂိုလ်ဟာ လောကီယ ဝိဇ္ဇာ။ လောကီယဝိဇ္ဇာ ခေါ်ပေမယ့် အသိခေတ်, အလိမ္မာခေတ်တွေဟာ

http://www.dhammadownload.com



လောကုတ္တရာ ဝိဇ္ဇာ (၃)ပါး၊ ဝိဇ္ဇာ (၈)ပါးထဲ စာရင်းဝင်နေတယ်။ ဘာကြောင့်လဲလို့ဆိုတော့ သမထကမ္မဋ္ဌာန်း အားထုတ်ပြီးမှ လောကီယ ဝိဇ္ဇာ ဖြစ်နိုင်တာကိုး။ သို့သော်လဲပဲ အဲဒီ လောကီယဝိဇ္ဇာဟာ လူတစ်ယောက်ရဲ့ စိတ်အစဉ်ကိုဟောတယ်။ လူတစ်ယောက်ရဲ့ ရှေ့ဖြစ်စဉ်ကို ဟောတယ်။ မြေလျှိုးမိုးပျံ နိုင်တယ်။ သို့သော်လဲပဲ တကယ်တမ်း အိုဘေးဆိုး, နာဘေးဆိုး, သေဘေးဆိုး, အပါယ်ဘေးဆိုးက လွတ်မြောက်အောင် သိတဲ့အသိမျိုး မဟုတ်သေးဘူးတဲ့။

နံပါတ် (၅)ကတော့ အရိယဝိဇ္ဇာ၊ အရိယာဝိဇ္ဇာဆိုတာ အရိယာဖြစ်အောင် အသိမျိုး အတတ်မျိုး အလိမ္မာမျိုးတဲ့။ အဲဒီ အသိမျိုးက "အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာအမောဟ"။ အဆင့် အတန်း မြင့်တဲ့အသိ၊ အဆင့်အတန်းမြင့်တဲ့ အလိမ္မာဓာတ်၊ အဆင့် အတန်းမြင့်တဲ့ ဉာဏ်ပညာဓာတ်၊ အဆင့်အတန်းမြင့်တဲပညာဓာတ်။

အနိစ္စလို့သိတဲ့ဝိဇ္ဇာကို အနိစ္စဝိဇ္ဇာ၊ ဒုက္ခလို့သိတဲ့ဝိဇ္ဇာကို ဒုက္ခဝိဇ္ဇာ၊ ရုပ်နာမ်တရားတွေကို အနတ္တလို့သိတဲ့ ဝိဇ္ဇာကို အနတ္တဝိဇ္ဇာ၊ ကိလေသာ ရန်သူအဆင့်ဆင့်ကို သတ်တတ်တဲ့အသိကို မဂ္ဂဝိဇ္ဇာ၊ အကျိုးတရား ဖလဝိဇ္ဇာ အဲဒီ မဂ်သိ ဖိုလ်သိ ဝိဇ္ဇာကတော့ အရိယဝိဇ္ဇာ။ သံသရာ ဝဋ်စက်က ထွက်မြောက်နိုင်တယ်။ အိုဘေးဆိုး, နာဘေးဆိုး, သေဘေးဆိုး, အပါယ် ဘေးဆိုးက လွတ်မြောက်နိုင်တယ်။ သို့သော်လဲ လောကီယဝိဇ္ဇာခေါ်တဲ့ သမထကမ္မဋ္ဌာန်း လောကီယဝိဇ္ဇာ ရကြောင်းကို အခြေခံတယ်။ အရိယဝိဇ္ဇာဟာ သာသနာတွင်း မှာသာ ရနိုင်တယ်။

ကျန်တဲ့ ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာတွေက သာသနာပမှာလဲ ရနိုင်တယ်။ အခုသာသနာတွင်းမှာသာ ရနိုင်တဲ့ ဝိဇ္ဇာအတတ်ပညာမျိုးကို သင်ယူနေတာပဲ။ အဲလို အောက်မေ့ကြရမှာ၊ ရအောင်အားထုတ်နေတယ်။ သင်တယ်၊ ယူတယ်။ ဒါဖြင့် အရိယဝိဇ္ဇာ ဖြစ်ဖို့ နံပါတ်လေးဖြစ်တဲ့ ဝိဇ္ဇာရကြောင်း သမထကမ္မဋ္ဌာန်း အားထုတ် သလိုပဲ အရိယဝိဇ္ဇာရအောင်လဲ ရှေးဦးစွာ ထွက်လေ ဝင်လေကို

http://www.dhammadownload.com



ရှုမှတ်ပြီးတော့ အားထုတ်ရမှာ၊ ဆန်းဆန်းကြယ်ကြယ် မဟုတ်ပါဘူး။ အားထုတ်နည်းကလဲ ရိုးရိုးစင်းစင်းလေးပါပဲ။

ယောဂီများ အားမထုတ်ဘူးသေးလို့လဲ ကြောက်စရာမလိုပါဘူး။ ပူစရာ မလိုပါဘူး။ ထွက်လေ ဝင်လေ နေ့စဉ်အသုံးချနေတာပါပဲ။ နေ့စဉ်အသုံး ချနေတဲ့ ထွက်လေ ဝင်လေကို ကမ္မဋ္ဌာန်းအဖြစ်နဲ့ ပေးမှာပါပဲ။ "သတိမြဲရာ ပထမာ" ဆိုတဲ့အတိုင်း ပထမဆုံးနှာသီးဖျားမှာ ထွက်လေ ဝင်လေလေး ထွက်ခိုက် ဝင်ခိုက်ကလေးမှာ၊ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ နွားရိုင်းနဲ့တူတဲ့စိတ်ကလေးကို သတိဆိုတဲ့ ကြိုးနဲ့ခိုင်ခိုင်မြဲမြဲချည်ထားနိုင်ဖို့ပါပဲ။ အားထုတ်ရမှာပါပဲ။ နောက် တဖြည်းဖြည်း သမာဓိရလာတဲ့ အခါကျမှ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာ ဖြစ်တဲ့ သာသနာတော်အတွင်းမှာသာ ဖြစ်နိုင်တဲ့ ဝိဇ္ဇာမျိုးကို ရယူကြမှာပါပဲ။

အဲဒီ ရှေးဝိဇ္ဇာ (၄)မျိုးကတော့ သာသနာပမှာလဲ ရှိနိုင်ပါတယ်။ သာသနာအတွင်းမှာလဲ ရနိုင်တယ်။ နံပါတ် (၅)ဖြစ်တဲ့ အရိယဝိဇ္ဇာမျိုး ကတော့ သာသနာတော်အတွင်းမှာသာ ရှိနိုင်တယ်။ သာသနာတွင်း ဆိုတာ သာသနာထွန်းကားတဲ့နယ်မြေမှာသာ ယခုလို အရိယဝိဇ္ဇာ ရကြောင်း ကောင်းမြတ်တဲ့လမ်းစဉ်ကို အားထုတ်ခွင့် ရပါတယ်၊ ဘာကြောင့်လဲဆိုတော့ အဓိကအားဖြင့် ပဋိရူပဒေသ ဝါသောစ ဆိုတဲ့ မင်္ဂလာနဲ့ပြည့်စုံလို့ပါပဲ။

**ပဋိရူပ**

ပဋိရူပဒေသဝါသောစ= သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းသည် တိုးတက်ကြီးပွားကြောင်း မြတ်သောမင်္ဂလာ ဖြစ်ပါပေ၏။ ဉတ္တမံ= မြတ်သော မင်္ဂလာကြီးပွားကြောင်း ဖြစ်ပါပေ၏။ သင့်တင့် လျောက်ပတ်တဲ့ အရပ်ဆိုတာ အမျိုးမျိုးဖွင့်ဆိုကြတယ်။

**"ကုသိုလ် ပညာ ဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ"**

http://www.dhammadownload.com



လောကုတ္တရာနယ်ပယ်၊ လောကီနယ်ပယ်မှာ အသုံးကျတဲ့ စကားပါပဲ။ ကုသိုလ်ရတဲ့နေရာသည် သင့်လျော်တဲ့ဒေသ၊ ပညာရတဲ့ နေရာသည် သင့်လျော်တဲ့ဒေသ၊ ဥစ္စာရတဲ့နေရာသည် သင့်လျော်တဲ့ ဒေသ။ ဒါကတော့ လောကီ၊ လောကုတ္တရာရောပြီးတော့ စကားပြော ကြတာ။ သင့်တော်တဲ့နေရပ်ကို အဓိကထားပြီးတော့ ဓမ္မနယ်ပယ်က ဖွင့်ဆိုချက်ကတော့ -

**"ယတ္ထ စတဿော ပရိသာ ဝသန္တိ"**

ယတ္ထ= အကြင်အရပ်၌။ စတဿော ပရိသာ= ပရိသတ်လေးပါး တို့သည်၊ ဝသန္တိ= နေကုန်၏။ "ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာ၊ ဥပါသိကာ" ပရိသတ်လေးပါး နေတဲ့အရပ်သည် ပဋိရူပခေါ်တဲ့အရပ်။

**"ဒါနာဒိဒသ ပုညကြိယ ဝတ္ထုနိ သမ္ဘဝန္တိ"**

ဒါနအစရှိသော ပုညကြိယဝတ္ထု (၁၀)မျိုး ရှိရာအရပ်သည် ပဋိရူပ သင့်တော်တဲ့အရပ်၊ နဝင်္ဂသတ္ထုသာသနံ အင်္ဂါ (၉)ပါးရှိတဲ့ ဘုရားမြတ်စွာ အဆုံးအမသာသနာတော်မြတ်ကြီး တည်ရှိရာအရပ်သည် ပဋိရူပအရပ်၊ ဗုဒ္ဓသာသနာ အဆုံးအမတော် အင်္ဂါ (၉)ပါးနဲ့ ပြည့်စုံတဲ့ နေရာသည် ပဋိရူပအရပ်။

ပဋိရူပအရပ်ဒေသ (၃)မျိုး။

- ပရိသတ် (၄)ပါး တည်ရှိတဲ့နေရာ၊
- ဒါနစတဲ့ ပုညကြိယာဝတ္ထု (၁၀)မျိုး တည်ရှိတဲ့နေရာ၊
- (၉)ပါးသောအင်္ဂါနဲ့ပြည့်စုံတဲ့ မြတ်စွာဘုရား အဆုံးအမ သာသနာတော် တည်ရှိတဲ့နေရာ၊

ဘုန်းကြီးတို့ယောဂီများ စဉ်းစားကြည့်ပါ။ မိမိတို့ရောက်နေတဲ့ မြန်မာနိုင်ငံ၊ ဖြစ်ပြီးတော့နေခဲ့ လူ့ဘဝကြီးရရှိထားတဲ့ မြန်မာနိုင်ငံသည် ပဋိရူပဖြစ်တယ်။ ပဋိရူပဖြစ်လို့မို့ ဘုန်းကြီးတို့ယောဂီများ အရိယဝိဇ္ဇာ ရကြောင်း အကျင့်ကောင်း အကျင့်မြတ်တွေ လေ့ကျင့်ကြရတယ်။ ပဋိရူပဟာ အင်မတန်အရေးကြီးတယ်။ သင့်တော်သောအရပ်ဟာ

http://www.dhammadownload.com



အင်မတန်အရေးကြီးပါတယ်။ အခြားနီတိကျမ်းတွေကတော့ အရပ်ဒေသ တစ်ခုမှာ မြတ်နိုးသူမရှိဘူး။ အသက်မွေးဝမ်းကျောင်းလဲ မရှိဘူး။ ဆွေမျိုးမိတ်တွေလဲ မရှိဘူး။ ပညာရဖို့လဲအကြောင်း မရှိဘူး။ အဲဒီ ဒေသမျိုးကို ရှောင်ရမယ်တဲ့။

နောက်တစ်မျိုးက အရပ်ဒေသတစ်ခုဟာ ဥစ္စာရှိသူ၊ ဝေဒကျမ်း တတ်တဲ့လူ၊ မင်း, ဆေးဆရာ မရှိတဲ့နေရာလဲ ရှောင်ရမယ်တဲ့။ အဲဒါတွေ မရှိရင် ပဋိရူပမဟုတ်ဘူးတဲ့။ ပြီးတော့ အသက်မွေးဝမ်းကျောင်းမရှိတဲ့ နေရာ၊ အရှက်အကြောက် မရှိတဲ့နေရာ၊ သိကြားလိမ္မာမှု မရှိတဲ့ နေရာ အဲဒီနေရာလဲ ပဋိရူပမဟုတ်ဘူးတဲ့။ အဲဒါကြောင့် ဒီအရပ်ဒေသကို ရှောင်ရမယ်လို့ နီတိကျမ်းများက ဆိုပါတယ်။ အဲဒီတော့ မိမိတို့ ရောက်ရှိနေတာသည် ပဋိရူပ အရိယဝိဇ္ဇာဉာဏ်ရကြောင်း ကောင်းမြတ်တဲ့ အရပ်ရကြပြီ။ ဒါကြောင့် မြတ်ဘုရားက ဣမဘိက္ခဝေ= ရဟန်းတို့ ဤသာသနာမှာ ယောဂီရဟန်းသည်ကို စ၍ဟောတာပါ။ ဣမ= ဤသာသနာမှာ သတိပဋ္ဌာန်ကျင့်စဉ်၊ မဂ္ဂင်ကျင့်စဉ်တွေ ရှိပါတယ်။ အခြားဘာသာမှာ မရှိနိုင်ပါဘူး။

အဲဒီလို ပဋိရူပဒေသရရှိတာကို မှန်မှန်ကန်ကန် အသုံးချတတ်ဖို့ လိုပါတယ်။ ဥပမာဆိုကြပါစို့ သာဝတ္ထိမြို့တံခါးမှာ အရိယဆိုတဲ့ တံငါသည်တစ်ယောက်နဲ့ မြတ်စွာဘုရားတွေ့တယ်။ အဲဒီလိုတွေ့တဲ့ခါ မြတ်စွာဘုရားက အကြောင်းရှိလို့ နှုတ်ဆက်လိုက်တယ်။ လူတိုင်း တွေ့တိုင်းတော့ နှုတ်ဆက်တာ ဟုတ်ပုံမရဘူး။ မြတ်စွာဘုရား:က ဒကာ မင့်နာမည် ဘယ်သူလဲလို့ မေးတာ။ တပည့်တော်နာမည်က အရိယ ဘုရားတဲ့ မြန်မာလိုပြန်တော့ အရိယာပေါ့။ ဟာ- မင်းက တံငါလုပ်ပြီး ငါးတွေဖားတွေ သတ်ဖြတ်ပြီး သူတစ်ပါးအသက်ကို သတ်ဖြတ်နေတဲ့ လူကို အရိယလို့မှည့်တာ ဘယ်တော်မလဲကွာ၊ နာမည်နဲ့လူနဲ့ တခြားစီ ဖြစ်နေပါပကော။ တရားနဲ့စပ်တဲ့ စကားပြောလိုက်တော့ သောတာပန် ဖြစ်သွားတယ်။ အဲဒီသောတာပန် ဖြစ်မယ့်အရေးကို ကြည့်ပြီးတော့

http://www.dhammadownload.com



နှုတ်ဆက်တာပါပဲ။ ဒါဘာကြောင့်လဲဆိုတော့ အခြားသာသနာ့ မထွန်းကားတဲ့နေရာမှာ လူဖြစ်မယ်၊ တံငါဖြစ်နေမယ် ဆိုရင်တော့ ဒီအရိယဟာ သောတပန်မဖြစ်နိုင်ဘူး။ အရပ်ဒေသကောင်းတာကို အကြောင်းပြုပြီး။ နောက်တဖက်ကြည့်ပြန်တော့ ဒေဝဒတ်တို့ ဆဗ္ဗဂ္ဂိရပဟန်းတို့ ပဋိရူပဖြစ်လိုက်တာမှ ဇေတဝန်ကျောင်းထဲနေတာ။ သင့်တော်သော အရပ်ဒေသတော့ ရောက်ပါရဲ့ သင့်တော်သောအရပ် ဒေသနဲ့ ကိုက်ညီအောင် မပြုတဲ့အတွက် ဒေဝဒတ်လဲ မြေမျိုတာနဲ့ အပြီးသတ်သွားတယ်။ ဒါကြောင့် ဘုန်းကြီးတို့တတွေ သာသနာထွန်းကား တဲ့ သင့်တော်တဲ့ အရပ်ရောက်နေတယ်၊ ရောက်လာတော့ ဒီအရပ် ဒေသကို မှန်မှန် ကန်ကန်အသုံးချတတ်ဖို့လိုတယ်။

လောကနယ်ပယ်မှာပဲဖြစ်ဖြစ်၊ ဓမ္မနယ်ပယ်မှာပဲဖြစ်ဖြစ် ပဋိရူပနဲ့ ပတ်သက်ပြီးတော့-"ရပ်မကြီးရင် ရပ်ကြီးရာခိုပါ" "ရပ်မပါ ဘယ်ခွင့်မှ ပြီးခွင့်မရပါ" "အရာရာ နေရပ်သာမူလ" "ကံဉာဏ်ပင်နည်းသော်လဲ" "ရပ်ကြီးရာမှီခိုရလျှင်" "ရလိမ့်သုခ" တဲ့။ မိမိကကံပိန်ဉာဏ်ပိန် ဆိုပါစို့၊ ကံမရှိဉာဏ်မရှိ ကံပိန်ဉာဏ်ပိန်နေရင်၊ အရပ်ဒေသ နေရာယူကောင်း လို့ရှိရင် ချမ်းသာသုခ လောကီမှာလဲရနိုင်တယ်။

ခုနပြောခဲ့တဲ့ အရိယတို့လို သာဝတ္တိမျိုးသွားပြီးဖြစ်ရင် ပြောစရာမလိုဘူး၊ ပဋိရူပဒေသဖြစ်နေပြီ။ အဲဒီအရပ်ရလို့မို့ အရိယဟာ အပါယ်တံခါးပိတ်ပြီး သောတာပန်ကြီး ဖြစ်သွားတယ်။ ပဋိရူပ ဒေသဝါသောစ- သင့်တော်သောအရပ်၌နေရခြင်းသည်၊ မင်္ဂလာ= တိုးတက်ကြီးပွားနိုင်တယ်။ ပဋိရူပဒေသအရပ်မှာ နေရခြင်းဟာ ဘာကြောင့်လဲ ပုဗ္ဗေစကတပုညတာ၊ ရှေးကုသိုလ်ကံရှိလို့၊ ရှေးကုသိုလ်ကံ မရှိရင် ပဋိရူပဒေသ မရောက်နိုင်ဘူး၊ ရှေးကုသိုလ်ကံရှိခြင်းဟာလဲ ကြီးပွား ကြောင်း မင်္ဂလာတစ်မျိုး မှန်ပါတယ်။ ရှေးကုသိုလ်ကံက အကွက်ရိုက် ပေးနေပါတယ်။ ရတဲ့အကွက်မှာ မိတ်ကောင်းဆွေကောင်း ဆရာကောင်း ဘုရားစစ်မှန် တွေ့ကြရပြီ။ ပြီးတော့ အတ္တသမ္မာပဏိဓိစ မိမိကိုယ်ကို

http://www.dhammadownload.com



ကောင်းစွာထားခြင်းဟာလဲ မြတ်သောမင်္ဂလာ ကြီးပွားစေတယ်။ အဲဒီနေရာမှာ အတ္တဆိုတာ မိမိစိတ်ကို ကောင်းစွာထားခြင်းဟာလဲ ကြီးပွားခြင်းအကြောင်း၊ တစ်နည်းအားဖြင့် မိမိရဲ့ခန္ဓာကိုယ်ကို ကောင်းစွာထားခြင်းဟာလဲ ကြီးပွားခြင်းရဲ့အကြောင်း အတ္တကို မိမိရဲ့စိတ်၊ မိမိရဲ့ကိုယ်လို့ (၂)မျိုးယူရပါတယ်။

ယနေ့ယောဂီသူတော်စင်များ မိမိရဲ့စိတ်ကို ကောင်းစွာထားကြ မလို့ပါပဲ။ မိမိကိုယ်ကို ကောင်းစွာထားခြင်းနဲ့ မိမိစိတ်ကို ကောင်းစွာထားခြင်း (၂)မျိုးရှိရာမှာ စိတ်ကပဓာန၊ စိတ်ကပြဋ္ဌာန်းပါတယ်။ အဲဒီတော့ ကိုယ်ယဉ်ကျေးရုံနဲ့ ယဉ်ကျေးတယ်လို့ မခေါ်နိုင်ဘူး။ ကိုယ်က သူတစ်ပါး အသက်ကို သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းစတဲ့ ရှောင်ကြဉ်နေရုံနဲ့ မပြီးသေး၊ စိတ်ကိုကောင်းစွာ ထားမှ နိုင်နင်းမှ ပိုစိတ်ချရတယ်။ အဲဒီတော့ မိမိတို့ အခုတရားအားထုတ်တယ်ဆိုတာ စိတ်ကို ကောင်းစွာထားခြင်းပဲ။ အတ္တသမ္မာပဏိဓိ မင်္ဂလာကို လက်တွေ့ကျင့်သုံးခြင်းပဲ။ မြတ်စွာဘုရားကိုယ်တော်တိုင်က- အတ္တသမ္မာပဏိဓိ= မိမိစိတ်ကို မိမိကိုယ်ကို ကောင်းစွာထားခြင်းသည်၊ ဧတံ= ဤတရားသည်၊ ဥတ္တမံ မင်္ဂလံ= လွန်မြတ်သောမင်္ဂလာ ကြီးပွားကြောင်း မင်္ဂလာဖြစ်ပေသတည်း။ လောကီနယ်ပယ်တွင်သာ ကြီးပွားကြောင်း မဟုတ်ဘူးတဲ့။ လောကုတ္တရာနယ်ပယ်မှာလဲ ကြီးပွားကြောင်း ဖြစ်တယ်တဲ့။ ဓမ္မပဒပါဠိတော်မှာ-

**မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယောနံ တရေတောကရေ။**

မှားယွင်းဖောက်ပြန် မမှန်ကန်သောအားဖြင့် ထားအပ်တဲ့ စိတ်ရှိတဲ့ပုဂ္ဂိုလ်ကို အဲဒီစိတ်က ယုတ်မာအောင်ပြုနိုင်တယ်။

**သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသောနံ တတောကရေ။**

စိတ်ကို ကောင်းစွာထားတဲ့သူဟာ အဲဒီကောင်းစွာထားတဲ့ စိတ်က မြင့်အောင် မြတ်အောင် အထက်တန်းကျအောင် အရိယာဖြစ်အောင် ဆောင်ရွက်ပေးနိုင်တယ်။ မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် စကားရှိတဲ့အတိုင်း ယောဂီသူတော်စင်များဟာ မိမိတို့ရဲ့စိတ်ကို

http://www.dhammadownload.com



ငြိမ်သက်အောင် ငြိမ်းအောင် အားထုတ်ပြီးတော့- ဝေဒဝိဇ္ဇာ၊ မန္တ ဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ ၊ လောကိယ ဝိဇ္ဇာတို့ထက် မြင့်မြတ်သော အရိယာဝိဇ္ဇာ စခန်းလျှင်မြန်စွာ တက်လှမ်းရယူနိုင်ကြပါစေသတည်း။

သာဓု - သာဓု -သာဓု

http://www.dhammadownload.com



ယနေ့ ၁၃၆၄ ခုနှစ် (၇၄)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၊ ၁၃၆၄ ခုနှစ်မှာတော့ ပထမဆုံးဖွင့်လှစ်တဲ့ တရားစခန်းပါပဲ။ ဒီလို(၇)ရက် တရားစခန်းတွေမှာ (၁၁)ကြိမ်၊ (၁၂)ကြိမ်၊ (၁၃)ကြိမ် အစရှိသည့်ဖြင့် (၁၅)ကြိမ်လောက်မှာ ညစဉ် ညစဉ် (၉)နာရီကစပြီးတော့ တရားဟောခဲ့တာ နောက်ပိုင်းမှာ အကြောင်း အားလျော်စွာ မဟောဖြစ်ဘူး။

ယနေ့ ဒီပြည်လမ်းမှာပဲ နေ့ဆွမ်းပင့်ထားတာရှိလို့ သွားရင်း ဟန်လွှဲ အားပေးစကား တရားစကားပြောအုံးမှပဲ ဆိုပြီး ဒီအချိန်မှာ တရားဟောတာပါပဲ။ အခု(၇)ရက် တရားစခန်းမှာ ယောဂီသူတော်စင် များ သာသနာ့နွယ်ဝင် သီလရှင်များ သမထကမ္မဋ္ဌာန်းပဲ အားထုတ်ပြီး လာခဲ့ကြတာ။ ဖွင့်ပွဲနေ့က ပြောတဲ့အတိုင်း အရိယဝိဇ္ဇာလမ်း အားထုတ် နေကြတယ်။ ဟိုလွန်ခဲ့တဲ့ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က တောထဲတောင်ထဲ နေထိုင်တော်မူကြတဲ့ ရဟန်းတော်(၅၀၀)တို့ ဇေတဝန်ကျောင်းတော် ဘုရားထံသို့ ရောက်ပြီးတော့လာကြတဲ့အခါ- **"မေတ္တာကမ္မဋ္ဌာန်း ပွားများအားထုတ်ကြ"**လို့ ဆိုပြီးတော့ မေတ္တာဆိုတဲ့ သမထကမ္မဋ္ဌာန်းအားမထုတ်မီ လိုက်နာရမယ့် ပြုဖွယ်(၁၅)မျိုးကို အားလုံး ယောဂီများ ကြားဘူးနေကြဖြစ်ကြတဲ့အတိုင်း။

"သက္ကော ဥဇူစ သုဟုဇူစ" အစရှိသည်ဖြင့် မေတ္တာကမ္မဋ္ဌာန်းများ ပွားများတဲ့အခါ လိုက်နာရမည့် အချက်(၁၅)ချက်။ အဲဒီ(၁၅)ချက်ဟာ မေတ္တာကမ္မဋ္ဌာန်းနဲ့သာဆိုင်တာ မဟုတ်ဘူးတဲ့။ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း ပွားများကြတဲ့ ယောဂီသူတော်စင်တိုင်း လိုက်နာဖို့ရာ လမ်းရှင်းတရားလို့ ပြောပါတော့။ အခု အားထုတ်နေကြတာကတော့ ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာတို့ထက် မြင့်မြတ်တဲ့ အရိယဝိဇ္ဇာဖြစ်ဖို့ရာ အားထုတ်ပြီးတော့ နေကြတာပါပဲ။

အဲဒီလို အားထုတ်နေကြတာ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီး (၄)ပါးအခြေခံပြီး အားထုတ်နေကြပါတယ်။ ကမ္ဘာလောကကြီးကလဲ

http://www.dhammadownload.com



ရေမြေလေမီးဓာတ်ကြီးလေးပါးကို အခြေခံပါတယ်။ ရေပြင်၊ မြေပြင် ကောင်းကင်တွေဟာလဲ ဓါတ်ကြီးလေးပါးကို အခြေခံပြီး မိမိတို့ရဲ့ ခန္ဓာကိုယ်ဟာလဲ ရေမြေလေမီး ဓာတ်ကြီးလေးပါး အခြေခံပြီးတော့ ဓာတ်ကြီး(၄)ပါးနဲ့ပဲ ဖွဲ့စည်းပြီးထားတယ်။ ဓာတ်ကြီးလေးပါးသည် ယောဂီသူတော်စင် အားလုံးတို့ရဲ့ ခန္ဓာကိုယ်မှာ ပင်မရုပ်ကြီးတွေ အဲဒီ ပင်မရုပ်ကြီးတွေရဲ့ အခြေအနေကိုသိတဲ့ အရိယဝိဇ္ဇာ မြေဓာတ်ရဲ့ မမြဲပုံကို သိတဲ့ အနိစ္စအရိယဝိဇ္ဇာ၊ ဆင်းရဲပုံကို သိတဲ့ဒုက္ခ၊ အစိုးမရပုံကိုသိတဲ့ အနတ္တ။ အဲဒီကနေ ဝိဇ္ဇာဉာဏ် အဆင့်ဆင့်တက်ပြီးတော့ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာ ရောက်ရတယ်။ ဒီဓာတ်ကြီးလေးပါးကိုပဲ အခြေခံပြီးတော့ မြတ်စွာ ဘုရားနည်းနဲ့ အားထုတ်မယ်ဆိုရင် အရိယဝိဇ္ဇာဖြစ်နိုင်တယ်။ ဂန္ဓာရီ ဝိဇ္ဇာများ၊ လောကီယဝိဇ္ဇာများ၊ လောကီယဝိဇ္ဇာများကတော့ ဓာတ်ကြီးလေးပါးကို အခြေခံပြီးတော့ ဂန္ဓာရီဝိဇ္ဇာဖြစ်အောင် လုပ်ကြတယ်။ အခု သိပ္ပံပညာရှင်တွေကလဲ ရေ၊ မြေ၊ လေ၊ မီးကို အခြေခံပြီး ဆေးလမ်းတွေ၊ စက်ကိရိယာလမ်းတွေ၊ ဗုံုလ်တုကြီးတွေ၊ ဒီဓာတ်ကြီးလေးပါး အခြေခံပြီးတော့ လုပ်ကြတာ။ အဲဒီလို အမျိုးမျိုး ဓာတ်ကြီးလေးပါးကို အသုံးချပြီးနေကြတော့ အမြင့်ဆုံး အမြတ်ဆုံး ဖြတ်တဲ့ မြတ်စွာဘုရားရဲ့ နည်းလမ်းနဲ့ အရိယဝိဇ္ဇာဖြစ်အောင်။ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာဖြစ်အောင် အားထုတ် နေကြတယ်။

အဲဒီလို အရိယဝိဇ္ဇာဖြစ်အောင် အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဟာလဲ မေတ္တာသုတ်ဒေသနာတော်မှာ လာခဲ့တဲ့ လမ်းရှင်းတရား(၁၅)မျိုး ကတော့ ပြည့်စုံပြီးနေကြရမှာ။ အားထုတ်ရင်း အားထုတ်ရင်းနဲ့ အခု (၄)ရက်မြောက်ခဲ့ကြပြီ။ သမထဘာဝနာတရား၊ ဝိပဿနာ ဘာဝနာ တရားကျင့်စဉ်များကို ကျင့်လိုတဲ့ ပုဂ္ဂိုလ်များ စွမ်းအားရှိရမယ်။ အဲဒီတော့ သမထဘာဝနာတရား၊ ဝိပဿနာဘာဝနာတရား ကျင့်စဉ်များကို ကျင့်လိုတဲ့ ပုဂ္ဂိုလ်များစွမ်းအား ရှိရမယ်။

http://www.dhammadownload.com



တစ်နည်းအားဖြင့် အခြားအခြား ဝိဇ္ဇာတို့ထက် မွန်မြတ်တဲ့ အရိယဝိဇ္ဇာသို့ရောက်အောင် တက်လှမ်းလိုတဲ့ ယောဂီသူတော်စင်များဟာလဲ စွမ်းအားရှိကြရမယ်။ ဒါကြောင့် အားလုံးလိုက်ပြီးဆိုကြ။

၁။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ကျင့်စဉ်များ ကျင့်လိုငြား စွမ်းအားရှိရမည်။ အရိယဝိဇ္ဇာလမ်း တက်လှမ်းလိုငြား ယောဂီများ စွမ်းအားရှိရမည်။ အရိယဝိဇ္ဇာလမ်း တက်လှမ်းလိုတဲ့ ယောဂီတွေဟာ တရားအားထုတ်နေတဲ့အချိန်မှာလဲ အခြားအခြား ဗာဟိရ မရှိကြဘူး။

၂။ ကိုယ်စိတ်နှစ်ဖြာ ဖြောင့်မတ်စွာ ကောင်းစွာရှိရမည်။

၃။ စိတ်ထဲမှာလဲ ထိုနည်းပဲ အမြဲဖြောင့်ရမည်။

၄။ ပြောလွယ်၊ ဆိုလွယ်၊ ဆုံးမလွယ် တကယ်တော်ရမည်။

၅။ ကိုယ်နှုတ်စိတ်မှာ နူးညံ့ကာ ကောင်းစွာရှိရမည်။

၆။ ရှိသေနှိမ့်ချ နိဝါတ မာနကင်းရမည်။

၇။ ရှိတာနှင့်ပဲ မျှတမြဲ ရောင့်ရဲလွယ်ရမည်။

၈။ ပြုစုကြသူ ပေးလှူသူ လွယ်ကူစေရမည်။

ဒါကြောင့် မြတ်စွာဘုရားက

၉။ အပိုအမို ထိုထိုကိစ္စ မပြုရ ကိစ္စနည်းရမည်။ ယောဂီသူတော်စင်တွေကို ကိစ္စနည်းမှု လိုလားတော်မူတာ၊ ပြည့်စုံနေကြတာ လိုက်ဆိုကြ။ အပိုအမို ထိုထိုကိစ္စ မပြုရ ကိစ္စနည်းရမည်။ ကိစ္စနည်းရမယ်၊ ယောဂီသူတော်စင်များ ကိစ္စနည်းအောင်၊ နောက်ဆုံးကျတော့ မိမိတို့နေရာထိုင်ရာဖြစ်တဲ့ ဇရပ်တန်ဆောင်းဘေးမှာ စိတ်ကြည်လင်အောင် အမှိုက်သရိုက်ရှင်းတဲ့လူက ရှင်းပြီးထားတယ်။ မိမိတို့ ရှင်းဖို့တောင် မလိုဘူး၊ ကိစ္စနည်းရမယ်။ မြတ်စွာဘုရားစကားလဲ နားထောင်ပြီးသားဖြစ်တယ်။ နောက်ဆက်ပြီးလိုက်ဆိုကြ။

၁၀။ ငှက်၏ပမာ ဝန်ပေါ့စွာဖြင့် ဥစ္စာပစ္စည်း မသိမ်းဆည်းနည်းအောင် ကျင့်ရမည်။ ငှက်များ ပျံတဲ့အခါ အတောင်ပံပဲပါတယ်။ ဝန်ပေါ့ပေါ့ဘဲ ငှက်များသွားသလို။ ယောဂီများဟာလဲ တစ်ယောက်သုံး

http://www.dhammadownload.com



လေးပဲ တရားအားထုတ်တဲ့အခါ သုံးဆောင်ဖွယ်ပစ္စည်းလေး တစ်ယောက် သုံးလေးပဲ ယူလာတဲ့အတွက် ဒီစကားလဲ နားထောင် ပြီးသား ဖြစ်တယ်။ ပြီးတော့ သတိကလေးနဲ့ မိမိရဲ့စိတ်ကို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေ(၆)ပါးကိုလဲ မြတ်စွာဘုရားက ထိန်းသိမ်းကြတဲ့ မိန့်မှာတဲ့အတိုင်း လိုက်ဆိုကြ။

၁၁။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ သတိပိတ် စိတ်ငြိမ်စေရမည်။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း ပွားများကြတဲ့ ယောဂီများဟာ ဣန္ဒြေ(၆)ပါး၊ တံခါး(၆)ပေါက်လုံအောင် ထိန်းရမယ်ဆိုတဲ့ အတိုင်းပဲ မိမိတို့ဟာ အာနာပါနသတိကမ္မဋ္ဌာန်းပဲ စီးဖြန်းနေကြတာ ဆိုတော့ ဒီအချက်လဲပဲ နားထောင်ပြီးသားဖြစ်တယ်။ လိုက်ဆိုကြ။

၁၂။ အရာရာမှာ နှိုင်းချိန်ပါ ပညာရင့်ရမည်။ အရာရာကို နှိုင်းချိန်နိုင်တဲ့ ပညာရှိရမယ်။ ဒီအချက်ကတော့ ဝိပဿနာကမ္မဋ္ဌာန်းပိုင်း ရောက်မှ ပိုပြီးတော့အရေးကြီးပါတယ်။ အရာရာမှာ နှိုင်းချိန်မယ်။ ပထဝီဓာတ်ရဲ့သဘော လေးက ဘယ်လို၊ မမြဲပုံက ဘယ်လို၊ ရေဓာတ်ရဲ့ မမြဲပုံက ဘယ်လို။ ခန္ဓာကိုယ်မှာ ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ်တွေနဲ့ ဖွဲ့စည်း ထားတာ။ အဲဒီကိုယ်မှာ ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ်တွေနဲ့ ဖွဲ့စည်းထားတာ။ အဲဒီ ဓာတ်တွေရဲ့ အခြေအနေကို အနိစ္စဖြစ်ပုံ၊ ဒုက္ခဖြစ်ပုံ၊ အနတ္တဖြစ်ပုံ အဲဒီလို မြင်နိုင်တဲ့ ရင့်ကျက်တဲ့ ပညာရှိရမယ်။ ပြောဆို ကြံတွေး ပြုမူရေး၌ မယဉ်ကျေးတာ မသင့်တာ ဝေးစွာရှောင်ရမည်။

၁၃။ ပြောဆိုကြံတွေး ပြုမူရေး၌ မယဉ်ကျေးတာ မသင့်တာ ဝေးစွာ ရှောင်ရမည်။ မိမိတို့ သီလဆောက်တည်ပြီး အာနာပါန ပွားနေတာ ဆိုတော့၊ ပြောမှု၊ ဆိုမှု၊ ကြံမှု၊ ပြုမှု၊ ပြုတဲ့နေရာ ကြံတဲ့နေရာ မယဉ်ကျေးတာ၊ မသင့်တာတွေဟာ တစ်ခါထဲ ရှောင်ပြီးသား ဖြစ်သွားတာပဲ။ တရားအားထုတ်နေတာနဲ့ ဒီစည်းကမ်းတွေဟာ ပြည့်စုံပြီးသား ဖြစ်တယ်။ နောက်အရေးကြီးတဲ့ အချက်တစ်ချက်ကို

http://www.dhammadownload.com



မြတ်စွာဘုရားက မှာပြန်တယ်။ လိုက်ဆိုကြ။

**ဆွေမျိုးညာတကာ ရင်းနှီးရာ တွယ်တာကင်းရမည်။** ဩော်-ဒါကတော့ ဘုရားနည်းကိုး။ လောကနည်းက တစ်မျိုး၊ လောကနည်းကတော့ တွယ်တာမှ ကျေနပ်တာ။ ဘုရားနည်းကတော့ တွယ်တာမှုတွေ ကင်းလေကောင်းလေ၊ ရှင်းလေကောင်းလေ။ ဘုရားအလောင်းတော်ဟာ နောက်မဆုတ်တမ်း ရှေ့သို့လှမ်းတော်မူနိုင်ခြင်း။ တစ်နည်းပြောရလျှင် ဘုရားအဖြစ် မရောက်မချင်း အကြမ်းနည်းနဲ့ ချောက်လို့လဲ နောက်မဆုတ်၊ အနုနည်းနဲ့ ဖမ်းလို့လဲ စိတ်မဝင်စား၊ ထိုသို့ဖြစ်ရခြင်းကား အနှောင်အဖွဲ့ (၁၀)မျိုးကို ပယ်ချိုးပြီးဖြစ်လို့ပါပဲ။ အနှောင်အဖွဲ့ (၁၀)မျိုးက အမိ၊ အဖ၊ မယား၊ သားသမီး၊ ဆွေမျိုး၊ မိတ်ဆွေ၊ ဥစ္စာ၊ အစိုးရမှု၊ အာရုံငါးပါး အဲဒီအနှောင်အဖွဲ့ (၁၀)မျိုး မပယ်ချိုးနိုင်ရင် တောမထွက်နိုင်ဘူး။ တောထွက်နိုင်ပြန်ရင်လဲ ပြန်လည်တတ်တယ်။ ဘုရားအလောင်းတော်က အဲဒီ နှောင်ကြိုးနှောင်ဖွဲ့ (၁၀)မျိုးကို ဖြတ်နိုင်လို့ တောထွက်တော်မူနိုင်တယ်။ တောထွက်ပြီးတော့လဲ ပြန်မဆုတ်တော့ဘူး။ ကြည်ညိုစရာ ကြည်ညိုစရာ၊ နောက်တစ်ခုက **"နစခုဒ္ဒမာစရေကိဉ္စိယေနဝိညူပရေ ဥပဝဒေယျုံ"**၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ လိုက်နာရမယ့်အချက်၊ ဒါလဲ လိုက်နာပြီးသား ဖြစ်ပါတယ်။ လိုက်ဆိုကြ။

**ပညာရှိများ ကဲ့ရဲ့ငြားသည့် အမှားကိစ္စ ဟူသမျှ မုချရှောင်ရမည်။** ပညာရှိများ ကဲ့ရဲ့တာမှန်သမျှ အကုန်ရှောင်၊ အကုသိုလ်တွေကို ရှောင်ဘို့ပြောတာပါပဲ။ မကောင်းညစ်ကျူ မကောင်းမှုတွေကို ရှောင်ဖို့ ပြောတယ်ဆိုတော့ အခု(၇၄)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်း အားထုတ်နေကြတဲ့အခါ ပညာရှိများ ကဲ့ရဲ့ဖွယ်ဖြစ်တဲ့ မကောင်းမှုအကုသိုလ်တွေကို ရှောင်ပြီးသားဖြစ်နေတယ်။ ဒါကြောင့် မြတ်စွာဘုရား ဒီအချက်(၁၅)မျိုးကို လိုက်နာစေချင်တယ်။ အဲဒီတော့ ထူးပြီးတော့ လုပ်စရာမဟုတ်ဘူး သွားရင်းဟန်လွှဲနဲ့ ထွန်နောက်ရေပါ

http://www.dhammadownload.com



ဆိုတာလိုပဲ။ သရဖာကုံ ရှစ်ပါးသီလယူပြီး အာနာပါန စီးဖြန်းနေရင်းနဲ့ပဲ ဒီစည်းကမ်းတွေ အလိုလို ပြည့်စုံသွားတယ်။

ဒါကြောင့် **ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကြမူ ရှင်ရှင်လူတို့ ကြည်ဖြူဦးစွာ (၁၅)ဖြာလိုက်နာကြရမည်။** ဩြဲ- သမထဘာဝနာ ကမ္မဋ္ဌာန်း၊ ဝိပဿာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကြသူ ယောဂီသူတော်စင်များ စောစောကပြောခဲ့တဲ့ သင်္ကေတစ စွမ်းအားရှိရမယ်ဆိုတဲ့ အချက်ကစပြီးတော့ ပညာရှိများ ကဲ့ရဲ့မယ်။ အမှားကိစ္စ အကုသိုလ်ကိစ္စများကို ရှောင်ရမယ်ဆိုတဲ့အထိ (၁၅)မျိုး။ သမထဘာဝနာကမ္မဋ္ဌာန်း၊ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကြတဲ့ ယောဂီသူတော်စဉ်များဟာ ဒီအချက်အလက်တွေနဲ့ ပြည့်စုံရမယ်လို့ မြတ်စွာဘုရား ဆုံးမထားတဲ့ အတိုင်း အားလုံးယောဂီသူတော်စင်များဟာ အချက်အလက်(၁၅)မျိုးမှာ "နိပက"ဆိုတဲ့ အသိဉာဏ်ပညာ အရာရာမှာ နှိုင်းချိန်တဲ့ ပညာရင့်ဖို့ လိုတယ်ဆိုတဲ့ ဒီအချက်လောက်ပဲ ကျန်ပါတယ်။ ကျန်တဲ့အချက်တွေဟာ အများအားဖြင့် ပြည့်စုံပြီ။

အဲဒီတော့ မြတ်စွာဘုရား လိုလားတော်မူတဲ့ အချက်အလက် (၁၅)မျိုး အများအားဖြင့် ပြည့်စုံတယ်လို့ ဝမ်းပန်းတသာနဲ့၊ ဝမ်းပန်းတသာနဲ့ အရိယာဝိဇ္ဇာလမ်း တက်လှမ်းကြမယ်။ ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာတို့ထက် မြင့်မြတ်တဲ့ အရိယဝိဇ္ဇာ ဘုရားရှင်ရှိစဉ်က ပိလိန္ဒဝစ္ဆရဟန္တာ အရှင်မြတ်ကြီးလောင်းလျာ အမျိုးကောင်းသားလေး သူက လောကီဝိဇ္ဇာလမ်း လိုက်တဲ့အခါ သူဝိဇ္ဇာဖြစ်တယ်။ ဂန္ဓရီဝိဇ္ဇာတို့ရဲ့ စွမ်းအင်ကလဲ ကောင်းကင်ပျံနိုင်တယ်။ သူတစ်ပါးစိတ်ကို သိနိုင်တယ်။

အဲဒီဂန္ဓာရီဝိဇ္ဇာကလဲ"စူဠဂန္ဓာရီ" အငယ်စားဂန္ဓာရီဝိဇ္ဇာ ဖြစ်တယ်။ ဖြစ်တော့ သူတို့နေထိုင်တဲ့ မြို့ကို မြတ်စွာဘုရားပဲ ရောက်သွားရော၊ ပိလိန္ဒဝစ္ဆ စူဠဂန္ဓရီဝိဇ္ဇာဟာ ကောင်းကင်လဲ မပျံနိုင်တော့ဘူး၊ သူတစ်ပါးစိတ်ကိုလဲ မသိတော့ဘူး၊ ဝိဇ္ဇာရဲ့စွမ်းအားတွေ

http://www.dhammadownload.com



ကုန်ခမ်းသွားတယ်။ ဝိဇ္ဇာစွမ်းအင် စွမ်းအားတွေ ကုန်သွားတော့ ပိလိန္ဒဝစ္ဆ ဂန္ဓာရီဝိဇ္ဇာက စဉ်းစားတယ်။ ဒီမြို့မှာတော့ မဟာဂန္ဓာရီဝိဇ္ဇာ ရောက်လာပုံပဲ။ မဟာဂန္ဓာရီဝိဇ္ဇာရောက်လာရင် စူဠဂန္ဓာရီစွမ်းအားဟာ တစ်ခါထဲ ပျက်သွားတယ် စွမ်းအားမရှိတော့ဘူး။ ဘုန်းကြီးတို့ တောထဲ တောင်ထဲ သွားတဲ့အခါ တစ်ချို့ခွေးတွေဟာ ကျားနံ့ရတာနဲ့ မသွားနိုင်တော့ဘူး။ မြင်းတွေလဲ ကျားနံ့ရတာနဲ့ သူ့ရဲ့အရှိန်အဝါရှိတဲ့ အနံ့ကြောင့် တစ်ခါထဲ ခါးကြိုးသွားတယ်။ အလားတူဆိုပါတော့ စူဠဂန္ဓာရီက ကောင်းကင်ပျံနိုင်တယ်၊ သူတစ်ပါးစိတ်ကို သိတယ်။ မဟာဂန္ဓာရီ ရောက်လာရင် တစ်ခါထဲ အဲဒီစွမ်းအားဟာ ပျက်သွားတယ်။ စွမ်းအား မရှိတော့ဘူး ကောင်းကင်လဲ မပျံနိုင်တော့ဘူး။ သူတပါးစိတ်ကိုလည်း မသိတော့ဘူး။ စူဠဂန္ဓာရီ ပိလိန္ဒဝစ္ဆဟာ တို့မြို့မှာ မဟာဂန္ဓာရီ ရောက်လာတာ ဧကန်ဖြစ်လိမ့်မယ်ဆိုပြီး လိုက်ရှာတော့ ဘုရားတွေ့တယ်။ ဘုရားတွေ့တဲ့ အခါကျတော့ တပည့်တော်ကို မဟာဂန္ဓာရီဝိဇ္ဇာနည်းပညာကို ပေးတော်မူပါ ဘုရားဆိုတော့။ မြတ်စွာဘုရားက ပိလိန္ဒဝစ္ဆဝိဇ္ဇာကြီးကို ရှင်သာမဏေ ပြုပေးလိုက်တယ်။ ရဟန်းပြုပေးနောက်ပြီးတော့ သမထဘာဝနာ ကမ္မဋ္ဌာန်း၊ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း သင်ပေးလိုက်တယ်။ မြတ်စွာ ဘုရားက- အေး . . မဟာဂန္ဓာရီဝိဇ္ဇာဖြစ်အောင် လုပ်ပေးမယ်ဆိုပြီးတော့ ဘာဝနာကမ္မဋ္ဌာန်းများ သင်ပေးလိုက်တော့ တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်ပြီးတော့ ပိလိန္ဒဝစ္ဆရဟန္တမထေရ်ကြီးလို့ ထင်ရှားပါတယ်။ အင်မတန် တန်ခိုးကြီးမားတဲ့ ရဟန္တာမထေရ်ကြီးဖြစ်လာတယ်။

အဲဒီလို ပိလိန္ဒမထေရ်လောင်းလျာကို မြတ်စွာဘုရားက စူဠဂန္ဓာရီဝိဇ္ဇာအဖြစ်မှ မဟာဂန္ဓာရီတောင် မကဘူး။ အရိယာဝိဇ္ဇာထိအောင် ဆောင်ရွက်ပြီး ပေးလိုက်တယ်။ လောကမှာ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာနိုင်ငံဆိုပေမဲ့ ဝေဒဝိဇ္ဇာနဲ့ ပတ်သက်ပြီး လိုက်စားပြီး တစ်သက်လုံးအချိန်ကုန်သွားတာ ရှိတယ်။ မန္တဝိဇ္ဇာ၊ ဂါထာမန္တရားတွေနဲ့ တစ်သက်တာ ကာလပတ်လုံး အချိန်ဖြုန်းသွားတာတွေလဲ ရှိတယ်။

http://www.dhammadownload.com



ဂန္ဓာရီဝိဇ္ဇာဖြစ်လိုမှုနဲ့ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ စမဝိဇ္ဇာ ဖြစ်လိုမှုနဲ့ တစ်သက်လုံး ကြိုးစားနေကြတာတွေလဲ ရှိတယ်။

အရိယဝိဇ္ဇာနဲ့ စပ်ယှဉ်တဲ့ လောကီယဝိဇ္ဇာ ဈာန်သမာပတ် ရအောင် ကြိုးစားတဲ့ ဝိဇ္ဇာကတော့ ရှားပါတယ်။ လောကီယဝိဇ္ဇာခေါ်တဲ့ အဘိညာဉ်အားလုံးဆိုရင်တော့ အဆင့်(၇)ဆင့်ပါ။ ဉာဏ်အဆင့် (၇)ဆင့် ထိအောင် တတ်သိနားလည်တဲ့ လောကီယဝိဇ္ဇာကတော့ အင်မတန် ရှားပါတယ်။ အဲဒီ လောကီယဝိဇ္ဇာဉာဏ်တွေကတော့ အရိယဝိဇ္ဇာနဲ့ ဆက်စပ်ပါတယ်။ အဲဒါကြောင့် သူတော်စင်များ အားထုတ်နေကြတဲ့ သမထကမ္မဋ္ဌာန်းဟာ လောကီယဝိဇ္ဇာရဲ့ အခြေခံအဆင့်ပဲ ရှိပါ သေးတယ်။ လောကီယဝိဇ္ဇာ အဆင့်ကနေပြီးတော့ အရိယဝိဇ္ဇာအဆင့် ကူးနိုင်အောင် မိမိတို့ရဲ့စိတ်ကို ဘာဝနာကြိမ်လုံးနဲ့ နာနာရိုက်ပြီးတော့ ဆုံးမနေကြတာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ အားထုတ်နေတဲ့ သမထ ဘာဝနာကမ္မဋ္ဌာန်း၊ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းသည် အရိယဝိဇ္ဇာလမ်း ရဲ့ အခြေခံဖြစ်တယ်လို့ စိတ်ထဲမှာ ယုံကြည်ကိုးစား အားထားပြီးတော့ ဆက်လက်အားထုတ်ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကား ကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ ၁၃၆၄ ခုနှစ် တန်ခူးလပြည့်ကျော်(၇)ရက်နေ့။ ၁၃၆၄ ခုနှစ်မှာ ပထမဆုံးအကြိမ်ကျင်းပတဲ့ တရားစခန်းမှာ ယောဂီသူတော်စင်များ အားထုတ်ပြီးလာခဲ့တာ ဒီနေ့ နောက်ဆုံးနေ့ဆိုတော့-

**ယေယေစိ အကုသလာဓမ္မာ သဗ္ဗေတေ**

**အယောနိသော မနသိကာရမူလကာ**

ဒီစကားအဓိပ္ပါယ်က ဘာလဲလို့ဆိုတော့ မကောင်းညစ်ဆိုး အကုသိုလ်တရားဆိုးတွေရှိတယ်တဲ့။ အဲဒီ အကုသိုလ်တရားတွေဟာ အယောနိသော မနသိကာရ မမှန်ကန်တဲ့ နှလုံးသွင်းမှု အခြေခံပါတယ်။

**ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ ယောနိသော မနသိကာရ မူလကာ။**

ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ ဝိပဿနာကုသိုလ်တွေ၊ အဲဒီ ကုသိုလ်တွေအားလုံးဟာ ယောနိသော မနသိကာရ လမ်းရိုးလမ်းမှန်အတိုင်း သင့်တင့်အောင် စဉ်းစား ဆင်ခြင်ခြင်း အခြေခံပါတယ်။

## ပိလောတိက ကမ္မဋ္ဌာန်း

ဒီနေ့ ဘုန်ကြီးပြောချင်တဲ့ စကားက ဝိပဿနာစကားပါပဲ။ ဝိပဿနာဆိုတာ အထူးသိတဲ့ဉာဏ်ကို ခေါ်တာကိုး။ သာမန်မြင်သိတာတော့ မဟုတ်ဘူး။ သက်ရှိသက်မဲ့ အားလုံးတွေအပေါ်မှာ ရှုတတ်၊ ကြည့်တတ်လို့ရှိရင် ဝိပဿနာချည်းပါပဲ။ လွယ်လွယ်လေးဝိပဿနာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သာဓကလေး နှစ်ခုလောက် ပြောကြရအောင်။

**ပဒ္ဒံယထာ ကောကနုဒံသုဂန္ဓံ၊**

**ပါတော သိယာ ဖုလ္လ မဝီတ ဂန္ဓံ။**

**အင်္ဂီရသံ ပဿ ဝိရောစမာနံ၊**

**တမန္တလိက္ခေ အာဒိစ္စ မိဝန္တလိက္ခေ။**

http://www.dhammadownload.com



ဒီစကားအမိပ္ပါယ်တော့ မပြောတော့ပါဘူးလေ။ ဒီဂါထာလေး ဒီပါထာလေး။ အရှင်စူဠပန်ဆိုတဲ့ မထေရ်မြတ်ဟာ ဒီဂါထာလေး သူ့နောင်တော် မထေရ်မြတ်က ချပို့ပေးတာ လေးလကြာတယ်။ လေးလကြာလဲ မရဘူး။ မရတဲ့အခါ အရှင်မဟာပန် နောင်တော်မထေရ် မြတ်က "သာသနာနဲ့ မင်းနဲ့မတန်ဘူးကွာ" ဆိုပြီး ကျောင်းကမောင်းထုတ် လိုက်တယ်။ အဲဒီလို မောင်းထုတ်လိုက်တာကို မြတ်စွာဘုရားက သိတော်မူလို့ အရှင်စူဠပန်ကို အလဟဿမဖြစ်၊ နွံမနစ်ရအောင် မြတ်စွာဘုရားက တရားပေးတယ်။ ဘာပေးသလဲ။ "ပိလောတိက" ဆိုတဲ့ အဝတ်ဖြူပိုင်းလေး ပေးလိုက်တာ။ အဲဒါလေးကို ကြည့်ပြီ "ရဇောဟရဏံ" ဒီအဝတ်ဖြူပိုင်းလေးဟာ မြူကိုဆောင်တယ်။ အညစ်အကြေးတင်တယ်။ အဲဒါလေးကို ကြည့်တဲ့ မြတ်စွာဘုရား တရားပေးတာများ သိပ်ပြီးတော့ မခက်ဘူးနော်။

အားလုံးယောဂီ သူတော်စင်များ ကြည့်တတ်ဖို့သာ လိုတယ်။ သင့်တင့်အောင် နှလုံးသွင်း တတ်ဖို့သာ အရေးကြီးတယ်။ ဂါထာလေး တစ်ဂါထာလေးတောင် ကျက်လို့မရတဲ့ အရှင်စူဠပန်ကို မြတ်စွာဘုရားက အဝတ်ပိုင်းဖြူဖြူလေး တဖြည်းဖြည်း အညစ်အကြေး တင်ပြီးတော့ ညစ်နွမ်းလာတာကို ကြည့်ပြီးတော့ စောစောက အဝတ်ဖြူလေး တဖြည်းဖြည်းနဲ့ တဖြည်းဖြည်းနဲ့ ပြောင်းလဲညစ်နွမ်းပြီးတော့ လာလိုက်တာ။ သြော်- ရှိရှိသမျှ သက်ရှိသက်မဲ့အားလုံးဟာ ပျက်စီးခြင်း သဘောတရား ရှိတာပါပဲလားလို့ အဝတ်ပိုင်းဖြူဖြူလေး အညစ်အကြေး တင်တာကို ဆင်ခြင်းစဉ်းစားရင်းနဲ့ အရှင်စူဠပန် ပဋိသမ္ဘိဒါလေးပါး နှင့်တကွ ရဟန္တာအဖြစ် ရောက်သွားတယ်။

အဲဒါကြောင့် ယောဂီသူတော်စင်များ အထူးသဖြင့် အထူးသိတဲ့ နေရာမှာ ကြည့်တတ်ရင် လွယ်လွယ်လေးပါလား။ ဒီအဝတ်ဖြူလေး ကတော့ လူတိုင်းတွေ့နေတာပဲ အဝတ်ဖြူပိုင်းလေးတွေပေမဲ့ တရား ကတော့ အခြားပုဂ္ဂိုလ်တွေ မရကြဘူး။ အရှင်စူဠပန်ကတော့ သင့်တင့်

http://www.dhammadownload.com



အောင် နှလုံးသွင်းတယ်၊ လမ်းရိုးလမ်းမှန်အတိုင်း တကယ့်အခြေမှန် အနေမှန်ကို နှလုံးသွင်းလို့ အဝတ်ဖြူပိုင်းလေးကို အကြောင်းပြုပြီးတော့ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်မရောက်ဘူးလား။ ယောဂီများ (ရောက်ပါတယ်ဘုရား)။ မြတ်စွာဘုရား တရားပေးတာ မလွယ်ဘူးလား။ (လွယ်ပါတယ်ဘုရား)။ အဲဒါနဲ့ ဘိက္ခုနီမတွေကို အလှည့်ကျ တရား ဟောရတာကိုး။ ဘိက္ခုနီမတွေက ဒီနေ့ အရှင်စူဠပန်မထေရ်ရဲ့ အလှည့်ဟေ့၊ ဒီနေ့တော့ ဂါထာလေးတစ်ပုဒ်နဲ့ ဟောမှာ။ ပြည့်ပြည့်စုံစုံ နာကြားရမှာ မဟုတ်ပါဘူးလို့ ကြိုတင်ဟောကိန်းထုတ်နေကြတယ်။

သူပြောတဲ့အတိုင်းပဲ အရှင်စူဠပန်မထေရ်က သူရွတ်နေကျ ဂါထာလေးတစ်ဂါထာကိုပဲ ရွတ်ပြီးဟောတယ်။ ဘယ်ဂါထာလဲဆိုတော့-

**အဓိစေတသော အပ္ပမဇ္ဇတော၊**
**မုနိနော မောနပထေသု သိက္ခတော။**
**သောကာ နဘဝန္တိ တာဒိနော၊**
**ဥပသန္တဿ သဒါသတိမတော။**

အဓိပ္ပါယ်ကတော့ လွန်ကဲသော အရဟတ္တဖိုလ်စိတ်ရှိ၍ မမေ့ မလျော့ပဲ မုနိဖြစ်ကြောင်း ကောင်းမြတ်သော ဗောဓိပက္ခိယ (၃၇)ပါး၊ သိက္ခာသုံးပါးတို့၌ ကျင့်ကြံအားထုတ်ပြီးတော့ အခါခပ်သိမ်း ကိလေသာ မလိမ်း ငြိမ်းပြီးတဲ့ အရှင်မြတ်မှာဆိုရင် စိုးရိမ်ပူဆွေးမှုတွေ မဖြစ်ဘူးတဲ့။ အဲဒီဂါထာလေးပဲ ထပ်ပြီးတော့ရွတ်တယ်။ ရွတ်တော့ ဘိက္ခုနီမ တွေက ပြောကြတယ်။ မပြောဘူးလား စောစောက စူဠပန်မထေရ် အလှည့်ဆိုရင် များများဟောနိုင်မှာ မဟုတ်ဘူး။ ဒါလေးပဲ ဟောမှာပါပဲလို့ ကဲ့ရဲ့ကြတယ်။

အရှင်စူဠပန်က ပဋိသမ္ဘိဒါလေးပါးနဲ့ ရဟန္တာဖြစ်ထားတာ ဆိုတော့ ဆက်ပြီးတော့ ဟောလိုက်တာ ဟောလိုက်တာ ဘိက္ခုနီမတွေ မိုးချုပ်လို့ သူတို့ကျောင်းပြန်တဲ့အခါ မြို့တံခါးလဲ ပိတ်ထားတော့ ပြန်ချိန်မရဘူး အဲဒီလိုဖြစ်ခဲ့ဘူးတယ်။ အဲဒီတော့ ဂါထာလေးတစ်ဂါထာ လေးလမှ ကျက်လို့မရတဲ့ အရှင်စူဠပန်ကို မြတ်စွာဘုရားက အဝတ်ပိုင်း

http://www.dhammadownload.com



လေး (ပုဆိုးပိုင်းလေး)လို့လဲ ဘာသာပြန်ကြတယ်။ အဝတ်ပိုင်းလေးပါပဲ။ အဲဒီတော့ ဒီအဝတ်ပိုင်းလေးကို ကြည့်ရှုသုံးသပ် ဉာဏ်ယှဉ်ကာ တရားရတာပဲ။

ဘုန်းကြီး မနှစ်က ရွာတစ်ခေါက်ရောက်တော့ ကျေးဇူးတော်ရှင် ဆရာတော်ကြီး မကျန်းမာလို့ ဘဝနတ်နန်းစံမြန်းပြီး သွားတော့ ဘုန်းကြီးစဉ်းစားတယ်။ ဘုန်းကြီးတို့ ကုန်းသာရွာနဲ့ ကျောက်လှေကား အကူးမှာ ဗြုလည်ဆိုတဲ့ နတ်စင်ကုန်းဟာ သစ်ပင်ပေါင်း ငါးဆယ် လောက်နဲ့ အုံ့အုံ့ဆိုင်းဆိုင်းကြီး၊ အဲဒီ အုံ့အုံ့ဆိုင်းဆိုင်းကြီးကလဲ ဘာမှမရှိတော့ဘူး။ မြောင်းဆင်းဆိုတာလဲ ဘုန်းကြီးတို့ငယ်ငယ်တုံးက အရိပ်ခိုနေကြ၊ လယ်သမားတွေ, ယာသမားတွေ, ကလေး, လူကြီး အရိပ်ခိုနေကြ၊ အဲဒီ သစ်ပင်ပေါင်း ငါးဆယ်လောက်ရှိတာ အခုဆိုရင် တစ်ပင်ပဲ ကျန်တော့တယ်။ ရွာနားကျတော့ ဘိုးဒန်းတိုင်ခေါ်တဲ့ နတ်စင်တစ်ခု ရှိပြန်တယ်။ အဲဒီနတ်စင်လဲ အုံ့အုံ့ဆိုင်းဆိုင်းနဲ့ တောအုပ်ကြီးလိုဖြစ်နေတာ ပျောက်သွားပါပြီ။ သြော်- နှစ်ငါးဆယ် အတွင်း ပြောင်းလဲသွားလိုက်တာ။

သက်မဲ့ဖြစ်တဲ့ သစ်ပင်ကြီးတွေ၊ တောအုပ်ကြီးတွေ ပျောက်ပျောက်သွားလိုက်တာ သံဝေဂရစရာကောင်းတယ်။ နောက် ကုန်းသာရွာ ရောက်သွားပြန်တော့ ဘုန်းကြီးတို့ ကျေးဇူးရှင်ဆရာတော် ဘုရားများ ကျောင်းထိုင်ဘဝနဲ့နေပြီး ရပ်ထဲရွာထဲက ဒကာ ဒကာမတွေ ဉပုသ်စောင့်ကြ၊ တရားနာကြ၊ ရှေ့ကထိုင်ပြီး ဟောပြောနေတဲ့ ဆရာတော်ကြီးနှစ်ပါးလဲ ဘဝနတ်နန်း စံမြန်းသွားကြပြီ။ တရားနာပြီး တော့ သီလယူပြီးတော့ နေကြတဲ့ ဒကာ ဒကာမကြီးတွေ (၁၀၀)ခန့် ထဲက နှစ်ယောက်ပဲ ကျန်တယ်။ နှစ်ယောက်သာ အသက်(၉၀)ကျော် အသက်ရှည်လို့။ ကျောင်းကြည့်လိုက်ပြန်တော့လဲ ဆရာတော်ဘုရားတွေ ဒကာ ဒကာမတွေ တဖြုတ်ဖြုတ် တဖြုတ်ဖြုတ်နဲ့ ပျက်သုဉ်းသွားတာက အင်မတန်ထင်ရှားတယ်။ ဒါနဲ့ မုံရွာမြို့ ရောက်ပြန်တော့လဲ ဘုန်းကြီးတို့

http://www.dhammadownload.com



ကိုရင်လေးဘဝက မဟာလယ်တီကျောင်းထိုက်၊ အရှေ့လယ်တီ ကျောင်းထိုက်၊ မဏိရတနာပုံကျောင်းတိုက်၊ ရွှေဂူကျောင်းတိုက်၊ အရှေ့လေးထပ်ကျောင်းတိုက်၊ ရွှေသိမ်တော်၊ မဟာဇောတိကာရာမ ကျောင်းတိုက်၊ စန်းမြရာခြည်ကျောင်းတိုက် ဘုန်းကြီးတို့ မော်ဖူးပြီး လာခဲ့တဲ့ ဆရာတော်ကြီးတွေ တစ်ပါးချင်း လှည့်ကြည့်ပြန်တော့လဲ တစ်ပါးမှ မရှိကြတော့ဘူး။

တစ်ချို့ နိဗ္ဗာနရုံကျောင်းတိုက်တို့လဲ ဒီအတိုင်းပါပဲ။ ဆရာတော် (၃)ပါးလောက် ပျောက်သွားတာ။ ကိုယ်ရှေ့တင် နှစ်ပေါင်း (၅၀) အတွင်းလေးမှာ ပျက်သုဉ်းပျက်ပြုန်းပြီး သွားလိုက်ထာ။ ဒါတွေ ကြည့်မယ်ဆိုရင် ကြည့်တတ်ရင် ဝိပဿနာဖြစ်ပါတယ်။ ယောဂီ သူတော်စင်များ ဝိပဿနာရှုတယ်ဆိုတာ မခက်ဘူးလို့ ပျက်စီးတဲ့ သဘောတွေကိုကြည့်ပြီး ဒီခန္ဓာကိုယ်လဲ ပျက်မှာပဲလို့ လက်တွေ့ကြည့်ပြီး ပျက်စီးတဲ့သဘောတွေ အင်မတန်ထင်ရှားတယ်။ အရှင်စူဠပန်ဟာ အဝတ်ဖြူပိုင်းလေးကို ရှုပွားရင်းနဲ့ တရားရသွားတာ။ ဒါလေးတစ်ခု သက်သေထားပြီးတော့ မိမိတို့သုံးနေတဲ့ လက်ကိုင်ပုဝါလေးတွေ မိမိတို့သုံးနေတဲ့ ပစ္စည်းလေးတွေ တဖြည်းဖြည်းချို့ယွင်း သွားပုံလေးတွေ အဲဒီကနေ မိမိခန္ဓာကိုယ်ရဲ့ ဖြစ်ပုံပျက်ပုံကလေးတွေ "ဥဒယနဲ့ဝယ" ကြည့်ရှုတတ်ဖို့ လိုပါတယ်။

## ပဒုမ္မာကြာပန်း ကမ္မဋ္ဌာန်း

ဒီလိုပဲ လွယ်တဲ့ကမ္မဋ္ဌာန်းလေးတစ်ခု ပြောရအုံးမယ်။ မြတ်စွာဘုရား သာသနာတော်မှာ ဘုရားကလွဲရင် အသိဉာဏ်ပညာ အကြီးဆုံး ဇေတဒဂ်ရ အရှင်သာရိပုတ္တမထေရ်ရှိတယ်။ မထေရ်မြတ်ကြီးမှာ ရဟန်းတော်လေးတွေ အများကြီးရှိတယ်။ ရဟန်းတော်လေးတွေ ရာဂ၊ ဒေါသကင်းအောင်ဆိုပြီး အသုဘကမ္မဋ္ဌာန်း ရှုပွားခိုင်းခဲ့တယ်။ တစ်ပါးက နိမိတ်တောင်မထင်ဘူးတဲ့။ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားကို

http://www.dhammadownload.com



လျှောက်ထားတယ်။ အသုဘကမ္မဋ္ဌာန်းချခိုင်းတာ နိမိတ်တောင် မထင်တဲ့အကြောင်းကို လျှောက်တယ်။ အဲဒီအခါ မြတ်စွာဘုရားက နိမိတ်တောင်မထင်တဲ့ ရဟန်းလေးရဲ့ အတွင်းဓာတ်သားကိုကြည့်တယ်။ မြတ်စွာဘုရားကျတော့ ဘုန်းကြီးတို့ တရားပေးသလို ဘယ်ဟုတ်မလဲ။ အခုတော့ ယောဂီတွေကို (၇၄)ကြိမ်တုံးကလဲ ဒီကမ္မဋ္ဌာန်းပဲ၊ (၇၄)ကြိမ်မြောက်လဲ ဒီကမ္မဋ္ဌာန်းပဲ ပေးတာပဲ။

အာနာပါန အလျှော်ကျ မောဟဝိတက်သာ ဆိုတဲ့အတိုင်း တွေဝေမိန်းမောမှု၊ မောဟများတဲ့ ပုဂ္ဂိုလ်တွေးကြံစည်တွေးတောမှု၊ ဝိတက်များတဲ့ ပုဂ္ဂိုလ်တွေပဲ ဆိုပြီး အာနာပါနကမ္မဋ္ဌာန်းကိုပဲ ပေးနေကြရတယ်။ မြတ်စွာဘုရားက အဲဒီလို မဟုတ်ပါဘူး။ အသုဘကမ္မဋ္ဌာန်း အားထုတ်လို့ နိမိတ်တောင်မမြင်တဲ့ ရဟန်းတော်လေးကို ပဒုမ္မာကြာနီဖူးကြီးတစ်ခု ဖန်ဆင်းပြီးတော့ ပေးလိုက်တယ်။ ဘာကြောင့်ပေးရသလဲ ဆိုတော့ အဲဒီရဟန်းလေးက ဘဝများစွာက ရွှေပန်းတိမ်ဆရာဖြစ်ခဲ့ဘူးတော့ အလှအပက တယ်ကြိုက်တာကိုး။ အလှအပကြိုက်တော့ အလှအပလေးဖြစ်တဲ့ ပဒုမ္မာကြာနီပန်းလေးကိုပေးပြီး အရှုခိုင်းခဲ့တယ်။ ပဒုမ္မာကြာပန်းဆိုတော့ အဲဒီကိုယ်တော်လေးက သဘောကျတယ်။ အဲဒီကိုယ်တော်လေးက ပဒုမ္မာကြာပန်းကို ကြည့်ပြီးတော့ ပဒုမ္မာကြာချပ်ကလေးတွေ ညှိုးနွမ်းပြီး တစ်ဖတ်ချင်းကွာကျတာကို ကြည့်ပြီးတော့ ရဟန္တာဖြစ်သွားတာပါပဲ တရားရသွားပြီးပေါ့။

မြတ်စွာဘုရားက ပဒုမ္မာကြာပန်းကို ဖန်ဆင်းပြီး ပေးလိုက်တယ်။ ညှိုးနွမ်းသွားတယ်၊ ပျက်စီးသွားတယ်။ ပွင့်ချပ်ကလေးတွေ တစ်ဖတ်ချင်း ကွာကျတာကို ကြည့်ပြီးတော့ ရဟန္တာဖြစ်သွားတာပါပဲ တရားရသွားပြီပေါ့။ ပဒုမ္မာကြာပန်းက ပွင့်ချပ်တစ်ရာရှိတယ်တဲ့။ အခုတော့ မရှိပါဘူး။ ပွင့်ချပ်ကလေး တဖြည်းဖြည်း ပျက်ဆီးသွားတာကို ကြည့်ပြီးတော့ ခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ ရုပ်တွေ, နာမ်တွေဟာလဲ ဒီလိုပါပဲလားလို့ ကြာပန်းကို အာရုံယူပြီး စဉ်းစားဆင်ခြင်နိုင်လို့ ပွားများလို့ ဒီအရှင်ဟာလဲ

http://www.dhammadownload.com



ရဟန္တာဖြစ်သွားတယ်။

ယနေ့(၇၄)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက်တရားစခန်း (၇)ရက်တင်းတင်းပြည့်တဲ့နေ့ ဖြစ်တယ်။ ကြိုးစားအားထုတ်ခြင်းဖြင့် မြတ်စွာဘုရားအား အမြတ်ဆုံး ပူဇော်ခြင်းနဲ့ ပူဇော်နိုင်ခဲ့ကြပြီ။ အခက်အခဲ တွေ့တဲ့အခါတိုင်း၊ အကြပ်အတည်းတွေ့တဲ့အခါတိုင်း အရှုပ်အထွေးများစွာ ကြုံတွေ့ရတဲ့အခါမျိုးမှာ ပိုပြီးတော့ တရားတော်ဟာ အားကိုးစရာ ဖြစ်တယ်။

ဟိုလွန်ခဲ့တဲ့ ၂၅၄၅ နှစ်တာကာလက သုံးလောကထွဋ်ထား မြတ်ဘုရား ပရိနိဗ္ဗာန်စံတော့မယ်ဆိုတော့ အခက်အခဲထဲမှာတော့ အကြီးကျယ်ဆုံး အခက်အခဲပေါ့။ ရဟန်းတော်များအနေနဲ့ ဩော်- မြတ်စွာဘုရား နောက်သုံးလကြာလို့ရှိရင် ပရိနိဗ္ဗာန်စံတော့မယ်တဲ့။ ပရိနိဗ္ဗာန်စံတော့မယ်ဆိုတော့ ပုထုဇဉ်ရဟန်းတော်တွေ အများအားဖြင့် ယောက်ယက်ခတ်ကြတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့မယ် ဆိုတော့ ဘုရားကျောင်းနားသွားလိုက် တမျက်စီးလေးကိုင်လိုက် အမှိုက်ကလေး ရှင်းလိုက် ဩော်- ဘုရားပရိနိဗ္ဗာန်စံတော့မှာတဲ့ မကြာတော့ဘူးတဲ့။ အဲဒီလိုနဲ့ ဘုရားအနားမှာချည်း စိတ်မသက်သာ ကိုယ်မသက်သာစွာနဲ့ လုပ်စရာရှိတာလေးတွေ ဝိုင်းဝန်းလုပ်ပေးနေကြ တယ်။ အဲဒီလို အခြားရဟန်းတွေက ပြုလုပ်နေကြချိန်မှာ အရှင်ဒတ္တ ရဟန်းတော်တစ်ပါး၊ အရှင်ဓမ္မာရာမ ရဟန်းတော်တစ်ပါးနဲ့ အရှင်တိဿ ဆိုတဲ့ ရဟန်းတော် တစ်ပါး။ အဲဒီ မထေရ်သုံးပါးကတော့ "အေး- ဒို့မှာ ရင်ဆိုင်နေရတဲ့ ပြဿနာက မြတ်စွာဘုရား ပရိနိဗ္ဗာန်မကြာခင် စံတော့မည့်ပြဿနာ၊ ဘုရားသက်တော်ထင်ရှားရှိစဉ် ဒို့တရားနဲ့ ပူဇော်မယ်၊ တရားထူးတရားမြတ်ရအောင် အားထုတ်မယ်"လို့ ကြံစည်ပြီး ဘုရားအနားလဲ မသွားကြတော့ဘူး။ ခပ်လှမ်းလှမ်းလေးမှာပဲ တရားပဲ အားထုတ်နေကြတယ်။ အဲဒီတော့ အခြားရဟန်းတွေက ကဲ့ရဲ့ကြတယ်။ ဟိုကိုယ်တော်သုံးပါးကို ကြည့်စမ်း ဘုရားပရိနိဗ္ဗာန်စံမယ်ဆိုတာတောင်

http://www.dhammadownload.com



စိတ်ကအရေးမလုပ်ဘူး။ ကိုယ်အလုပ်ပဲ လုပ်နေကြတယ်၊ ဘုရားတောင် အရေးမလုပ်ဘူး။ အဲဒီလို အမျိုးစုံကွဲရဲ့တာကို မြတ်စွာဘုရားသိတော်မူတော့ အဲဒီရဟန်းသုံးပါးကို ခေါ်ပြီး လောကုတ္တရာတရား ကိုးပါးနဲ့ လျော်တဲ့ ပဋိပတ်ကျင့်စဉ် သမထဘာဝနာကမ္မဋ္ဌာန်း၊ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းများနဲ့ ပူဇော်တာဟာ အမြတ်ဆုံးပူဇော်ခြင်း ဖြစ်တယ်လို့ မြတ်စွာဘုရားက တရားအားထုတ်နေတဲ့ ရဟန်းတော်များကို အားပေးချီးကျူးတော်မူတယ်။

မြတ်စွာဘုရားက "သာဓု" သုံးကြိမ် ခေါ်တော်မူတယ်။ အဲဒီမှာ စောစောက စကားချီလာတဲ့အတိုင်း မိမိတို့မှာ အခက်အခဲအကြပ်အတည်း အရှုပ်အထွေးရှိတဲ့ အခါမျိုးတွေမှာ ပိုပြီးတော့ တရားအားကိုးကြရတယ်။ အခု မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့မယ်ဆိုတော့ ဒီထက် ခက်ခဲတာမရှိဘူး။ ဒီထက် ပြဿနာကြီးတာလဲ မရှိဘူး။ ရဟန်းတော်(၃)ပါးက တရားအားထုတ်ပြီးတော့ ပူဇော်တာ အဲဒါကို မြတ်စွာဘုရားက ချီးမွန်းတော်မူတယ်။ အခြားအခြား ပုထုဇဉ်ရဟန်းတွေကတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့မယ်ဆိုတော့ ပြာလောင်ခတ်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိ ဟိုယောင်ယောင် ဒီယောင်ယောင် ဖြစ်ကြမှာတော့ အမှန်ပဲ။ ဒါပေမဲ့ မြတ်စွာဘုရားက စောစောက တရားအားထုတ်ပြီး ပူဇော်တဲ့ ရဟန်းသုံးပါးလောက်တော့ ချီးမွမ်းတော် မမူဘူး၊ ကျေနပ်တော်မမူဘူး။ အရှင်မြတ်သုံးပါးက မြတ်ဘုရားရဲ့ ရွှေစိတ်တော်ကို နှစ်သိမ့်စေတော်မူနိုင်ကြတယ်။

အလားတူပဲ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်စံသွားတဲ့အခါမှာ မြတ်စွာဘုရားက "ပရိနိဗ္ဗာန်စံကြပြီ။ အဲဒီလို ပရိနိဗ္ဗာန်စံတဲ့အခါ အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ ကိုယ့်ကိုယ်ကိုပဲ ကိုင်းကျွန်းသဖွယ် တည်ရာမှီရာထားပြီးတော့ နေကြ"။ ကိုယ်ကိုယ်ကို ဆိုတာဘာလဲဆိုတော့ အဲနေရာမှာ အတ္တရဲ့ အရကောက်က "အတ္တာဝုစ္စတိ စတ္တာရော သတိပဋ္ဌာနာ" အတ္တကိုယ့်ကိုယ်ဆိုတာ

http://www.dhammadownload.com



သတိပဋ္ဌာန်လေးပါးတဲ့။ အခုယောဂီများ အားထုတ်ခဲ့တဲ့ မဟာသတိပဋ္ဌာန်လေးပါးသည် အတ္တ ကိုယ့်ကိုယ်ဖြစ်တယ်။ မဟာသတိပဋ္ဌာန်ကို အမှီပြုပြီးတော့ ကိုင်းကျွန်းသဖွယ် အမှီပြုပြီးတော့သာ နေကြတဲ့ အရှင်သာရိပုတ္တရာတို့၊ အရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်စံသွားတော့ တခါထဲ ရဟန်းပရိတ်သတ်ဟာ ဆိတ်သုဉ်းသလိုဖြစ်၊ ဟာတာတာကြီးဖြစ်ပြီးတော့ နေတဲ့အခါ မြတ်စွာဘုရားက အဲဒီအခက်အခဲမျိုး အဲဒီအကြပ်အတည်းမျိုး ကြုံတွေ့တဲ့အခါမှာလဲ တရားအားကိုးကြလို့ မြတ်စွာဘုရားက မိန့်တော်မူတယ်။

ဘုန်းကြီးတို့တတွေ ယောဂီသူတော်စင်များအားလုံးဟာ တစ်မျိုးမဟုတ် တမျိုးအရှုပ်အထွေးတွေ ကြုံကြရလိမ့်မယ်။ မိရင်းဖရင်းတွေ ကွယ်လွန်တဲ့ပြဿနာ၊ ဆရာရင်းဖြစ်တော်မူကြတဲ့ ဆရာတော်တွေ ပျံလွန်တော်မူတာကိုလဲ တွေ့ကြရလိမ့်မယ်။ နောက်ဆုံးကိုယ်ကိုင်တိုင် အိုတဲ့ပြဿနာ၊ နာတဲ့ပြဿနာ၊ သေတဲ့ပြဿနာတွေကြုံကြရလိမ့်မယ်။ အဲဒီလိုတွေ့တဲ့အခါမှာ အားကိုးစရာက ဘာလဲ တရားပဲ။ ဒါကြောင့် တရားကို ကိုးကွယ်ကြရတယ်။ တရားတော်သည် ဘဝကန္တာရာ ဥတ္တာရဏေန, အဿာသဒါနေန ဓမ္မောလို့ဆိုတဲ့ အတိုင်း ဘဝတည်းဟူသော သံသရာခရီးမှ ထုတ်ဆောင်ကယ်တင်တော်မူတတ်တဲ့အတွက် တရားတော်သည် ကိုးကွယ်ရာ။ အဿာသဒါန စိတ်၏ သက်သာမှုကို ပေးစွမ်းနိုင်သောကြောင့်တရားတော်သည် ကိုးကွယ်ရာ။ ဒါကြောင့် ဒီတရားကို မိမိတို့ကိုယ်တိုင်လဲ အားထုတ်ကြရမယ်၊ သူတစ်ပါးကိုလဲ တိုက်တွန်းကြရမယ်။ အားထုတ်ပြီးတဲ့ ပုဂ္ဂိုလ်တွေကလဲ ဆရာဖြစ်သင်တန်းဆိုတာ အထူးမရှိပါဘူး။ မိမိတို့ အကြိမ်ကြိမ် အားထုတ်လိုက်လို့ရှိရင် ဉာဏ်နုတဲ့ ပုဂ္ဂိုလ်တွေကတော့ အကြိမ်ကြိမ် အားထုတ်ကြရမှာ။ ထိုက်တန်သလောက် ဉာဏ်ရင့်တဲ့ ပုဂ္ဂိုလ်များကျတော့ တစ်ကြိမ်အားထုတ်လိုက်ရင် ဘယ်လိုမြင်ရမယ်။ ဘယ်လိုသိရမယ်။ ဒါဟာ ဆရာဖြစ်သင်တန်းပဲ၊ အဲဒီလို တစ်ယောက်နဲ့

F.9.A

http://www.dhammadownload.com



တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းသွားလို့ရှိရင် "ဣမေစသုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟရေယျုံ"၊ ဘုရားပရိနိဗ္ဗာန်စံကာနီးမှာ ဒီကျင့်စဉ်တွေ၊ ဒီကျင့်စဉ်တွေ တစ်ပါးနဲ့ တစ်ပါး၊ တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းပြီးတော့ "ဝိဟရေယျုံ" ဆိုတာက အရိယာတွေကလဲ အရိယာကျင့်စဉ်လက်ဆင့်ကမ်း၊ ကလျာဏပုထုဇဉ် တွေကလဲ မိမိတို့ကျင့်စဉ် လက်ဆင့်ကမ်းကြမယ်ဆိုရင် "အသုညော လောကော အရဟန္တေဟိအဿ" လောကကြီးထဲမှာ ရဟန္တာ မဆိတ်သုဉ်းဘူး" ဆိုတဲ့စကားအတိုင်း- ဟော မိမိတို့ရရှိထားတဲ့ ကျင့်စဉ်ကို သူတစ်ပါးအား တစ်ဆင့်ဖောက်သယ်ချ မိမိတို့မိသားစုတွေလဲ ဖောက်သယ်ချလို့ မျှဝေပြီးတော့ ဘယ်လို့အားထုတ်ရတယ်၊ ဘယ်လိုနေရတယ်။ ဘယ်လိုရှုရတယ် အစရှိသည်ဖြင့် လက်ဆင့်ကမ်းပြီးတော့ သွားမယ်ဆိုရင် လောကကြီးမှာ ရဟန္တာအရှင်မြတ်ကြီးတွေ မဆိပ်သုဉ်း ဘူးလို့ မိန့်ကြားထားတဲ့စကားရှိတယ်။

မိမိတို့ဟာ (၇)ရက်တရားစခန်း၊ တချို့ယောဂီများ (၇)ရက် တရားစခန်း (၄)ကြိမ်၊ (၅)ကြိမ်၊ အကြိမ်များစွာ တရားဝင်ထားကြတဲ့ လူကြီးသူကြီးတွေဆိုရင် ဒီတရားနည်းလမ်းကို အတော့်ကို ကျွမ်းကျင် သွားပြီ။ ဘုန်းကြီးတို့က အခု(၇)ရက်တာစခန်းမှာ ဟောတရား နာတာထက် ကျင့်ဖို့ရာအဓိကထားပါတယ်။ တရားစခန်းမှာ ဘုန်းကြီး တို့က ကမ္မဋ္ဌာနာစရိယများ တရားသိပ်ပြီးမဟောနဲ့။ ကျင့်စဉ်လေး လောက်ပြောပြီးတော့ အားထုတ်ပါစေလို့ မှာထားတယ်။ ဘုန်းကြီးတို့ (၇)ရက်စခန်းက နည်းနည်းဟောပြီး များများကျင့်တဲ့ စခန်းပါ။ တရားနာတာကတော့ မိမိတို့အိမ်မှာနေရင်း အခွင့်တွေ သာနိုင်ပါတယ်။ တရားအားထုတ်ထားကတော့ အချိန်ပေးရတယ်။ အချိန်တော်တော် ပေးရတယ်(၇)ရက်ဆို (၇)ရက်လုံးလုံး ဆွေပြတ်မျိုးပြတ်တခါထဲ အချိန်တွေပေးပြီးတော့ အားထုတ်ကြရတယ်။ တရားစခန်းဝင်ရောက်တဲ့ ယောဂီသူတော်စင်များ ပြည့်ပြည့်ဝဝ အားထုတ်ကြပါစေဆိုပြီး

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယများ တရားသိပ်မဟောနဲ့ တရားဟောတာကို နှောင့်သင့်လျှော်တဲ့အခါကျမှ ဟောပါ။ အားထုတ်နည်းကိုသာ ပြောပါ။ နည်းလမ်းရပြီဆိုရင် များများ အားထုတ်ဖို့ပဲ။ အဲဒီနည်းနဲ့ပဲ ကျင့်သုံးလာခဲ့တာ အားလုံး ယောဂီသူတော်စင်များ ရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ်ဓာတ်တွေ ထိုက်သလောက်တော့ မြင်ကြပြီ ထင်ကြပြီ။ အရှင်စူဠပန်အား မြတ်စွာဘုရား တရားပေးပုံ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငယ်အား တရားပေးပုံ လွယ်လွယ်လေး။ ဗဟိဒ္ဓပြင်ပ ဝတ္ထုတွေကို အကြောင်းပြုပြီးတော့ အဇ္ဈတ္တအတွင်းသန္တာန်ရှိ ရုပ်နာမ်တွေကို ရှုမြင်သုံးသပ်လို့ တရားရသွားတဲ့ နည်းလမ်းကလေးတွေ ရှိတယ်။ ဒါကြောင့်မို မြင်မြင်သမျှ အာရုံဝတ္ထုတွေ တရားတွေချည်းပဲ **"ဝိပဿနာ ဝိနိမုတ္တာ ဓမ္မာနာမ နတ္ထိ"** ဝိပဿနာမှ လွတ်တဲ့တရား ဖြစ်စဉ် မရှိလို့ မိန့်တော်မူထားပါတယ်။

"မြင်မြင်သမျှ တရားတွေ၊ ကြားကြားသမျှ တရားတွေ၊ နံနံသမျှ တရားတွေ၊ စားစားသမျှ တရားတွေ၊ ထိထိသမျှ တရားတွေ၊ တွေကြုံသမျှ တရားတွေချည်းပါပဲ"။ မိမိတို့ ကြုံနည်း၊ ကျင့်နည်း၊ အားထုတ်နည်း ရရှိထားတဲ့အတိုင်း အချိန်များများလေးပေးပြီးတော့ " အချိန်မရွေး၊ နေရာမရွေး၊ အာရုံမရွေး၊ ဣရိယာပုတ်မရွေးကြဘဲ ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ခြင်းဖြင့် တွေ့ကြုံရမည့် အရှုပ်အထွေး၊ တွေ့ကြုံရမည့် အခက်အခဲ၊ တွေ့ကြုံရမည့် အကြပ်အတည်းများကို တရားတော်နဲ့ ဖြေရှင်းပြီး အသီးသီး ချမ်းသာသုခ ရရှိအေးမြနိုင်ကြပါစေလို့ ဆုတောင်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ခေတ်ကမ္ဘာ့ဌာန်း အရိယဝိဇ္ဇာလမ်း

ယနေ့ သာသနာနှစ် ၂၅၄၈၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့။

သုံးလောကထွဋ်ထား မြတ်ဘုရား ပွင့်တော်မူပြီးနောက် သက်တော်(၈၀)၊ ဝါတော် (၄၅)ဝါ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ပရိနိဗ္ဗာန်စံလွန်တော်မူပါတယ်။ အရှင်မဟာကဿပ အစရှိသော ရဟန္တာအရှင်မြတ်ကြီးတွေ သုံးလနဲ့ငါးရက်အကြာ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့မှာ စပြီးတော့ သုတ္တန်, ဝိနည်း, အဘိဓမ္မာ ပိဋကတ် (၃)ပုံ၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် နိကာယ်(၅)ရပ်၊ သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ" ဆိုတဲ့ အင်္ဂါ (၉)တန်။

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ရှိတဲ့ တရားတော်တွေကို ဒီနေ့ ဒီနေ့ပဲ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့မှာပဲ စ,တင်ထိန်းခဲ့ကြလို့ ဒီနေ့ကို အခါတော် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)နေ့လို့ သတ်မှတ်ကြတာပါ။

အမှန်တကယ်တော့ ဒီနေ့မှ မြတ်ဗုဒ္ဓရဲ့ သာသနာတော်မြတ်ကြီးဟာ ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၃ နှစ်တာကာလ ၂၆ ရာစုနှစ်က တည်ရှိခဲ့ပြီး မိမိတို့တတွေ ကံကောင်းလွန်းလို့ သာသနာတော်မြတ်ကြီးနဲ့ ကြုံကြရတယ်။ သာသနာတော်ဆိုတာ-

**"သာသနံနာမ ဗုဒ္ဓါနံဝဋ္ဋ ဒုက္ခတော**
**နိယျာနတ္ထာယ ဒြဝါဒဝစနံ"။**

ဗုဒ္ဓါနံ= ဘုရားရှင်တို့၏၊ ဝဋ္ဋဒုက္ခတော= ဝဋ်ဆင်းရဲမှ၊ နိယျာနတ္ထာယ= ထွက်မြောက်ရန်အတွက်၊ ဒြဝါဒဝစနံ= ဆုံးမသောစကားတော်သည်၊ သာသနံနာမ= သာသနာမည်၏။

သာသနာဆိုတာ ဗုဒ္ဓဘုရားရှင်တို့၏ ဝဋ်ဒုက္ခမှထွက်မြောက်ရန်အတွက် ဆုံးမတဲ့စကားတော်များကို သာသနာလို့ခေါ်ပါတယ်။

http://www.dhammadownload.com



အဲဒီ သာသနာက-

ပရိယတ္တိသာသနာ = မြတ်စွာဘုရားအဆုံးအမတော်၊
ပဋိပတ္တိသာသနာ = အဲဒီတရားတော်တွေက ပြဆိုထား တဲ့ သီလ, သမာဓိ, ပညာ သိက္ခာ သုံးရပ် ကျင့်စဉ်တရား။
ပဋိဝေဓသာသနာ = မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ခေါ်တာပါ။

အဲဒီတော့ ဤသာသနာတော်ကြီးတွေနဲ့ ကြုံတွေ့ပြီး နေကြရတယ်။ ကြုံတွေ့ပြီးနေတဲ့အခါ ဘယ်လောက်ထူးခြားသလဲ ဆိုတော့ သာသနာမရှိတဲ့နေရာ၊ သာသနာရှိတဲ့နေရာလို့ ကမ္ဘာ့လူထုကြီးအတွင်း များစွာထူးခြားမှုရှိတယ်။ ကလေးသူငယ် လူမမယ်တွေ၊ လူလတ်တန်းစားတွေ၊ အမျိုးသား၊ အမျိုးသမီးတွေ အများကြီးရှိကြတယ်။

လွန်ခဲ့တဲ့လထဲက ပြင်သစ်က ဧည့်သည်နှစ်ယောက် ရောက်လာတယ်။ ပြင်သစ်ကို ဒီကနေ လေယာဉ်စီးရင် (၁၂)နာရီလောက် စီးရတာကိုး။ ရောက်ခဲ့ကြတယ်။ နေ့တစ်ဝက်တောင် စီးရတာ။ နှုတ်ဆက်ကြတယ်၊ ရောက်ဖူးတယ်။ ပြင်သစ်နန်းတော်လဲ ရောက်ဖူးတယ်။ ပြင်သစ်မျှော်စင်ကိုလဲ ရောက်ဖူးတယ်။ ပြီးတော့ ပြင်သစ်ပြတိုက်ကြီးတွေလဲ ရောက်ဖူးတယ်။ အဲဒါပြောတော့ သူတို့က သိပ်ဝမ်းသာပြီး ဘာပြန်ပြောသလဲဆိုတော့ ကိုရင်လေးတွေကြည့်ပြီး "ကမ္ဘာမှာ ကမ္ဘာ့ကလေးတွေ များစွာတွေ့ဖူးပါတယ်။ ဒီလို အေးဆေးငြိမ်သက်တဲ့ ကလေးတွေ မမြင်ဖူးဘူးတဲ့။ ဆရာလေးတွေကို ကြည့်ပြီးတော့လဲ ကမ္ဘာမှာ အမျိုးသမီး ငယ်လေးတွေ တွေ့ဖူးပါတယ်။ သို့သော်လဲ ဒီလိုအေးဆေး ငြိမ်သက်တဲ့ အမျိုးသမီးငယ်လေးတွေ မတွေ့ဖူးဘူးတဲ့"။

ဘာကြောင့်လဲဆိုတော့ ယောဂီသူတော်စင်ပဲပြောပြော၊ ရှင်သာမဏေတွေပဲ ပြောပြော၊ ဆရာလေးတွေပဲပြောပြော နေ့စဉ် နေ့တိုင်း အိပ်ယာကထတာနဲ့ တစ်ပြိုင်နက်ထဲ ကိုယ်လက်သုမ်သင်ပြီး

http://www.dhammadownload.com



တော့ ဘုရားဝတ်ပြုကြတယ်။ သီလဆောက်တည်ကြတယ်။

အားလုံးသတ္တဝါ ဘေးရန်ကွာ ချမ်းသာကိုယ်စိတ် မြဲပါစေ။

ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ဒီမေတ္တာပို့က သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။ ဥပါဒ်ကင်းပါစေဆိုတဲ့ မေတ္တာပို့ကြရတယ်။

ကျောင်းတက်ခါနီးကျတော့လဲ သူ့အချိန်လေးနဲ့သူ ကျောင်းအတွင်းအပြင် သန့်ရှင်းရေးတွေ ဆောင်ရွက်ပြီးတဲ့အခါ စာသင်ကြရတယ်။ ညနေပိုင်းကျတော့လဲ ဒီအတိုင်းပဲ။ မိဘ၊ ဆရာသမားတွေကို မေတ္တာပွားတယ်။ ကမ္ဘာသူ ကမ္ဘာသားတွေကို မေတ္တာပို့တယ်။

(၇၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းမှာ တရားအားထုတ်နေကြတဲ့ ယောဂီများနဲ့ ဆရာလေးများလဲ အကြိမ်တိုင်း အကြိမ်တိုင်းမှာ ကမ္ဘာသူ ကမ္ဘာသားတို့အပေါ် မေတ္တာပွားတယ်။ အကြိမ်တိုင်း အကြိမ်တိုင်းမှာ အနန္တာငါးပါး ရှိခိုးတယ်။ အကြိမ်တိုင်း အကြိမ်တိုင်းမှာ သရဏဂုံဆောက်တည်တယ်။ အကြိမ်တိုင်းမှာ (၃၁)ဘုံသားတို့အား အမျှဝေတယ်။

ကုသိုလ်ပြီး ကုသိုလ်ဆက်ပြီး ဖြစ်ပွားနေတယ်။ ဒါဘာကြောင့်လဲဆိုတော့ သာသနာနဲ့တွေ့လို့ သာသနာရဲ့အေးရိပ်ကို ခိုရလို့ပါပဲ။ အဲဒီတော့ ဆိုကြပါစို့။ အခုဝါတွင်းမှာ ပရမတ်တရား ဓာတ်တရားတွေ ဟောပြီးတော့လာလိုက်တာ ဓမ္မစက္ကပဝတ္တနသုတ္တန်၊ အနတ္တလက္ခဏာသုတ္တန်များ ဦးခေါင်းတပ်ဟောကြားခဲ့ပါတယ်။

"သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"ဆိုတဲ့ စကားလေးရဲ့ အကျယ်ဖြစ်တဲ့ ခန္ဓာ(၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါး၊ သစ္စာ (၄)ပါး။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးက မြန်မာနိုင်ငံသူ နိုင်ငံသားတို့အား ပရမတ်အသိဉာဏ် ရင့်သန်ကြပါစေတော့လို့၊ ပရမတ်တရား ဓာတ်တရားတို့ကို ကျွမ်းကျင်လိမ္မာကြ

http://www.dhammadownload.com



ပါစေလို့ သီကုံးနှုန်းဖွဲ့ထားတဲ့ လင်္ကာလေးတွေ။ အဲဒီလင်္ကာလေးတွေနဲ့ အကျယ်ချဲ့ပြီး မိမိဉာဏ်အားရှိသလောက် ချဲ့ထွင်ပြီး ဟောခဲ့ပြီ။

မနေ့ညက ဓာတ် (၁၈)ပါး၊ သူ့သူငါငါ ထင်နေတာက ငါမြင်တယ်လို့ ထင်နေကြတာ။ ငါမြင်တာလေးကို စစ်လိုက်တော့ ငါမြင်တာ ဟုတ်ရဲ့လား။ စက္ခုအကြည်ဓာတ်ကလေးနဲ့ အဆင်းမျိုးစုံ ရူပါရုံ ထိခိုက်လိုက်တဲ့အခါ မြင်သိစိတ်ကလေး ဖြစ်ပေါ်တယ်။

ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ဟိုဘုရားပေါ်က ကျေးဇူးရှင် ဆရာတော်ဘုရား ထားခဲ့တဲ့စည်တော်ရှိတယ်။ အဲဒီ စည်မျက်နှာပြင်နဲ့ စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကလေးနဲ့ တူတယ်။ အဆင်းမျိုးစုံ ရူပါရုံက လက်ရိုက်တုတ်နဲ့ တူတယ်။ အဲဒီလို ရိုက်လိုက်တဲ့အခါ “ဒိန်း” ဆိုတဲ့ မည်ဟိန်းလာတဲ့အသံက မြင်သိစိတ်နဲ့ တူတယ်။ အခံဓာတ်၊ အရိုက်ဓာတ် ဓာတ်ပေါ်မှု ရှုဖို့ပါပဲ။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကြေးမုံမှန်သားပြင်ပေါ်မှာ မျက်နှာပြင်လေး ဖြစ်ပေါ်လာတယ်။ စောစောကရှိနေတာ မဟုတ်ဘူး။ မျက်နှာပြင်လေး ကြေးမုံမှန်သားပြင်ရှေ့ ရပ်နေမှ မျက်နှာရိပ်ပေါ်တာ။

မှန်သားပြင်ရယ်၊ မျက်နှာရယ်၊ မျက်နှာရိပ်ရယ် သုံးမျိုးခွဲသိပါ။ ဘေးဖယ်လိုက်တာနဲ့ ဒီမျက်နှာရိပ် မရှိတော့ဘူး။ အဲဒီလိုပဲတဲ့ မြင်သိစိတ်လေးဟာလဲပဲ နှမ်းတို့ကို စက်ယန္တရားထဲ ထည့်လိုက်တယ်။ ထည့်လိုက်လို့ ကြိတ်ဝါးထိလိုက်တဲ့အခါကျမှ ဆီဖြစ်လာတယ်။ အဲဒီ ဥပမာအတိုင်း သုံးချက်ခတ်နည်းနဲ့ မနေ့ညက ပွားများလို့ ပြီးကြပြီ။

ယနေ့ မြတ်စွာဘုရားက အသိဉာဏ်ပေးတဲ့အခါ ရုပ်ဓာတ်တွေနဲ့လဲ အသိဉာဏ်ပေးတယ်။ တစ်ခါတစ်ရံကျတော့ နာမ်ဓာတ်၊ တစ်ခါတစ်ရံကျတော့ ရုပ်ဓာတ်၊ နာမ်ဓာတ်ရောရက်။ ဓာတ်လေးပါးနဲ့ ပြီးတဲ့ ခန္ဓာကိုယ်ဆိုတော့ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်။ ရေမြေလေမီး ဓာတ်ကြီးလေးပါး။

http://www.dhammadownload.com



**"ရေဓာတ်မြေဓာတ်၊ မီးလေဓာတ်ဟု ဘေးရပ်ဘုတ်ကြီး ပွားစည်းအနက်"**

အဲဒါကို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားက **"ခက်မာဖွဲ့စေး ပူအေးထောက်ကန် ဤလေးတန် မှတ်ရန်လက္ခဏာ"**

ပထဝီမြေဓာတ်က ဘယ်လိုသဘောရှိတယ်။ အာပေါ ရေဓာတ်က ဘယ်လိုသဘောရှိတယ်။ တေဇောမီးဓာတ်က ဘယ်လို သဘောရှိတယ်။ ဝါယောလေဓာတ်က ဘယ်လိုသဘောရှိတယ်။

ပထဝီဓာတ်က မာတယ်၊ နူးညံ့တယ်။ ရေဓာတ်က ဖွဲ့စည်းတယ်၊ ယိုစီးတယ်။ မီးဓာတ်က ပူတယ်၊ အေးတယ်။ လေဓာတ်က ထောက်ကန် တယ်၊ လှုပ်ရှားတယ်။ ဒါ ဘယ်သူမှ မငြင်းနိုင်ဘူး။ ဓာတ်လေးပါး ရုပ်ကြီးဖြစ်ပုံ ထင်ရှားတယ်။

တစ်နည်း ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဓာတ် (ရုပ်)၊ ဝိညာဏဓာတ် (နာမ်)။ ဓာတ် (၆)ပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ်။ တစ်နည်း အားဖြင့် ဓာတ်(၆)ပါးနဲ့ ပြီးတယ်။ ကာမဓာတ်၊ ရူပဓာတ်၊ အရူပဓာတ်၊ ကာမဓာတ်၊ ဗျာပါဒဓာတ်၊ ဝိဟိံသဓာတ်၊ နေက္ခမ္မဓာတ်၊ အဗျာပါဒဓာတ်၊ အဝိဟိံသဓာတ်။

အဲဒီလို ဓာတ်(၆)ပါးက ဓာတ်(၁၈)ပါး ဒီလိုပွားတာ။ အဲဒီလို ဓာတ်တွေအမျိုးမျိုးပွားတော့ ကမ္ဘာကြီးက ဓာတ်လေးပါးကို အဓိက ထားပြီးတော့ စကားပြောတယ်၊ အသုံးချနေကြတယ်။ ဓာတ်(၄)ပါးက ရုပ်သက်သက်ဖြစ်နေတော့ ဓာတ်(၆)ပါးနည်းနဲ့ သွားကြည့်တာက ပိုပြီးပြည့်စုံတယ်။

ဓာတ်လေးပါးကို အသုံးချတယ်။ မြေဓာတ်, ရေဓာတ်, လေဓာတ်, မီးဓာတ်။ သိပ္ပံပညာရှင်တွေက ဓာတ်လေးပါး အသုံးချတယ်။ ဝိဇ္ဇာတွေကလဲ ဓာတ်လေးပါး အသုံးချတယ်။

**"မြေဓာတ်ရေဓာတ် မီးလေဓာတ်ဟု လေးရပ်ဘုတ်ကြီး"**

http://www.dhammadownload.com



မဟာဘုတ် မှီရာရုပ်ကြီး လေးခု။ သိပ္ပံပညာရှင်တွေကလဲ အသုံးချတာပဲ။

အဲဒီ "မြေ၊ ရေ၊ လေ၊ မီး" ဓာတ်ကြီးလေးပါးကို လွှတ်ပြီးတော့ သိပ္ပံပညာ ဘာမှလုပ်မရဘူး။ သိပ္ပံပညာရှင်တွေဟာ ဒီဓာတ်ကြီးလေးပါးကို အခြေခံပြီးတော့မှ ဆေးလမ်းတွေ၊ စက်ကိရိယာလမ်းတွေ တီထွင်ကြတယ်။

နယူးဇီလန်သွားတော့ သူတို့လေယာဉ် စပြီးတော့လုပ်ပုံ၊ ငှက်ကို အတုခိုးပြီးတော့ လုပ်တာပဲ။ ငှက်ပျံသန်းနေတာကို ကြည့်ပြီးတော့မှ တို့လဲ ပျံနိုင်ရမယ်။ ငှက်ပျံတာ ဘယ်လိုပျံသလဲ။ ငှက်ပျံတာ သူကအတောင်ပံနဲ့ လေအားယူတယ်။ လေအားယူတယ်ဆိုပေမယ့် သူ့မှာ အထည်ကိုယ်က ရှိရဦးမှာ။

အဲဒါ ကြည့်ပြီးတော့ လေယာဉ်လုပ်တာပါပဲ။ ဂြိုလ်တုတွေ၊ ဒုံးပျံတွေ ဒါတွေက နောက်မှလုပ်လာတာပါ။ သိပ္ပံပညာရှင်တွေကလဲ မြေ၊ ရေ၊ မီး၊ လေ ဒီဓာတ်လေးပါးပဲ အသုံးချတာပါပဲ။ ဝိဇ္ဇာမိုရ်တွေ၊ ပြဒါးရှင်လုံး မျိုထားတဲ့ ဝိဇ္ဇာမိုရ်တွေ၊ ထွက်ရပ်ပေါက် လိုင်းလိုက်ကြတဲ့ ဝိဇ္ဇာမိုရ်တွေကလဲပဲ ဒီဓာတ်လေးပါးပဲ အခြေခံပြီးတော့ လုပ်ကြတာပဲ။ ဝိဇ္ဇာမိုရ်တွေ၊ လောကီဝိဇ္ဇာမိုရ်တွေ ဖြစ်ကြတယ်။

**သမထကမ္မဋ္ဌာန်း**

ဘုရားရှင်ကလဲ ဒီဓာတ်လေးပါးကို အခြေခံပြီးတော့ အရိယဝိဇ္ဇာမိုရ်ဖြစ်အောင် နည်းပေးတော်မူတယ်။ ပထဝီဓာတ်၊ အဇ္ဈတ္တိက ပထဝီ၊ အတွင်းပထဝီ မိမိခန္ဓာကိုယ်မှာ (၂၀)ရှိတယ်။

ဤကိုယ်ကာယ တစ်လံမျှကို ဘာမှစက်ကိရိယာ မပါဘူး။ မှန်ဘီလူး မပါပဲ မြင်တော်မူတာ။ ဤကိုယ်ကာယ တစ်လံမျှ၌ နူးညံ့တဲ့ ခက်မာတဲ့ ပထဝီဓာတ် (၂၀)ရှိတယ်။ လိုက်ဆိုကြ-

http://www.dhammadownload.com



**ဤကိုယ်ကာယ တစ်လံမျှ၌ ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။**

ဘယ်ကိရိယာနဲ့မှ မတိုင်းပါဘူး။ အဲဒီအထဲက အူမ၊ အူသိမ် ရှိတယ်။ အူသိမ်က ဘယ်လောက်ရှိတယ်။ အူမက ဘယ်လောက်ရှိတယ်။ အရှည်အတို အတိုင်းအတာ သိတော်မူတယ်။

အူခွေပြီးတော့နေတာ (၂၁)ခွေ၊ အမျိုးသားများ အူ(၃၂)တောင် ရှိတယ်။ အမျိုးသမီးတွေကျတော့ အူတိုတယ်ဆိုတာ အတောင် (၃၀)ပဲ ရှိတာကိုး။

ကိုယ့်အူကို ဘယ်လောက်ရှိတယ်လို့ သိချင်မှသိမှာ။ အမျိုးသမီး တွေကျတော့ အူအတောင် (၃၀)ရှိတယ်။ အမျိုးသားများရဲ့ အူ(၃၂)တောင် ရှိတယ်။

အဲဒါကြောင့် "ဟဲ့- အူတိုမျိုး"လို့ အမျိုးသမီးတွေကို ပြောကြ တယ်။ (၂)တောင် တိုတယ်။ တကယ်လဲ တိုတာကိုး။ မြတ်စွာဘုရား မြင်တော်မူတာ။ အူသိမ်လေးတွေဆိုတာ သေးသေးလေး။ ဒါက ◌က်ကိရိယာနဲ့ ကြည့်တာမဟုတ်ဘူး။

ဟိုလွန်ခဲ့တဲ့ ၂၅၉၃ နှစ်တာ ကာလက ဘုရားအဖြစ်သို့ ရောက်ပြီး ဒါတွေအားလုံးသိတာ။ ပြီးတော့ အတွင်းပထဝီ မြေဓာတ် တွေက လူ့ခန္ဓာကိုယ်မှာ ဒီအတိုင်းရှိတာ။ အပြင်ကြည့်လိုက်တဲ့အခါ မြေကြီးတွေ မမာဘူးလား။ ကျောက်ခဲတွေ, သစ်သားတွေ, တိုင်တွေ အပြင်ပထဝီက အများကြီး။ အဝတ်ကလေးတွေ, သစ်သားတွေ ဒါပထဝီရဲ့သဘောပဲ အပြင်ပထဝီတွေ၊ ရွှံ့တွေကတော့ ပျော့တယ်၊ နူးညံ့တယ်။

အာပေါဓာတ်- ဖွဲ့စည်းတယ်၊ ယိုစီးတယ်။ ဒီတစ်လံမျှလောက် ခန္ဓာကိုယ်က အလံနဲ့အရပ် ညီရတယ်။ ဒီတစ်လံပဲ လူ့ခန္ဓာကိုယ်က သို့သော် "အလံအရပ် ညီလတ်ရှန်းရှန်း ပညာဝန်းသို့" မြတ်စွာဘုရား

http://www.dhammadownload.com



ကသာ အလံနဲ့ အရပ် အံကိုက်ဖြစ်တာ။ ဒီပြင်လူတွေကျတော့ ဒီအလံက တိုနေမယ်။ ကိုယ့်ဒူးကို သုံးသပ်တဲ့အခါ ခါးကလေးကို နည်းနည်း ညွတ်ရတယ်။ မညွတ်ရင် မမှီဘူး။

မတ်တပ်ရပ်ပြီး ကိုယ့်ဒူးကို ကိုင်ကြည့်ရင် နည်းနည်းညွတ်မှ ရတယ်။ ဘုရားကတော့ မညွတ်ရဘူး။ မညွတ်ပဲနဲ့ ကိုင်လို့ရတယ်။ ညီနေတယ်။ အလံက လေးတောင်ဆိုရင် အရပ်ကလဲ လေးထောင်ပဲ။ အလံက ငါးထောင်ဆိုရင် အရပ်ကလဲ ငါးတောင်ပဲ။ အံကိုက်။

ဒါကြောင့် "အလံအရပ် ညီလတ်ရှွန်းရှွန်း ပညဝန်းသို့ တုန်းသောကိုယ်တော်"

အနောနမလက္ခဏာ= မြတ်စွာဘုရားက မကုန်းမကွဘူး။

ပုဏ္ဏကာယ= ခန္ဓာကိုယ် ဖြောင့်တယ်။

ဗြဟ္မုဇုဂတ္တ= ဗြဟ္မာမင်းရဲ့ ခန္ဓာကိုယ်လို။

လူတွေကတော့ အလံနဲ့အရပ် မကိုက်ဘူး။ "တစ်လံမျှလောက် ရှိသော ခန္ဓာကိုယ်" ဆိုပေမယ့် တစ်လံမကဘူး။ အဲဒီလူတွေမှာ ဖွဲ့စည်းတဲ့ အာပေါဓာတ်ကလဲ (၁၂)မျိုးရှိတယ်။

"ဤကိုယ်ကာယ တစ်လံမျှ၌ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်"။ (၁၂)မျိုး။ အဲဒါက ယိုစီးတယ်တဲ့။ ရေဓာတ်တွေ။

အပြင်ကျတော့ မြစ်ရေ၊ ချောင်းရေ၊ မိုးရေ၊ တွင်းရေတို့ အများကြီး ရှိတယ်။ အတွင်းရေ၊ အပြင်ရေ။

မီးဓာတ် (တေဇော)

ခန္ဓာကိုယ်ထဲမှာ တစ်ရက်ခြား၊ နှစ်ရက်ခြား ဖျားတဲ့အခါ တွေ့တဲ့ အပူက သန္တပ္ပနတေဇော။

ဒဟနတေဇောဆိုတာ အပြင်းဖျားတဲ့အခါ ခံစားရတဲ့ ပြင်းတဲ့အပူ။

http://www.dhammadownload.com



ပရိပါစကတေဇော= စားလိုက်တဲ့ အစာအာဟာရတွေ ကျေအောင် ကံကြောင့်ဖြစ်တဲ့ ဝမ်းမီးကချေပေးတဲ့ ပါစကတေဇော ကံညံ့ရင် အစာမကျေဘူး။ စားလိုက်ရင် ပြန်ပြီးအံထွက်တယ်။ ဝမ်းမီး မကောင်းတာ ပါစကတေဇော ညံ့လို့ပါပဲ။

လူတွေအိုတယ်။ တဖြည်းဖြည်းနဲ့ အသားအရေတွေ ဘုန်းကြီးတို့ ၆၃ နှစ်။ ဒီနေ့ နောက်ဆုံးနေ့ပဲ။ (ဝါခေါင်လပြည့်ကျော် ၅-ရက်) (၆၃)နှစ် ပြည့်ပြီ။ ပြည့်တော့ နဂိုကနဲ့ ဘယ်တူမလဲ။ ကိုရင်တုန်းကနဲ့ ရဟန်းဖြစ်ခါ စနဲ့မတူဘူး။

**"ဇရာလူဆိုး နေ့တိုင်းခိုး၏"**။ ဇရာလူဆိုးက နေ့တိုင်း ခိုးနေတာ။ အပူမီးကနေပြီး အရေတွန့်အောင်၊ ပါးရေ၊ နားရေတွန့်အောင်၊ ဆံပင်ဖြူအောင်၊ နားထိုင်းအောင်၊ ခါးကိုင်းအောင်၊ ခြေလက်တွေ ကောက်လာအောင်၊ မှည့်မဲတွေ စွဲအောင် တဖြေးဖြေး ဇရာဓာတ်က မြိုက်နေတာ။ ငါးကင်သလို ငါးတဖြေးဖြေး ခြောက်သွားသလို ခြောက်သွားတယ်။

လူတွေခန္ဓာကိုယ်လဲ ငယ်ငယ်တုန်းကနဲ့တော့ မတူဘူး။ တဖြေးဖြေး ခြောက်နေတာ။ မြိုက်နေတာ။ ဘာတေဇောလဲဆိုတော့ ဇီရဏ တေဇော၊ အိုမင်းမစွမ်းဖြစ်အောင် သူကလုပ်တာ၊ လက်သည်းက သူပဲ။

ကိုယ်ကတော့ ဘယ်အိုချင်မလဲ။ သူကတော့ အခုပြောနေတဲ့ အချိန်လေးတောင် မြိုက်နေတာ။ တေဇောဓာတ်က-

(၁) သန္တပ္ပနတေဇော

(၂) ဒဟနတေဇော

(၃) ပါစကတေဇော

(၄) ဇီရဏတေဇော

ဝါယော (လေ)ဓာတ်ကို ဆက်ကြရအောင်။

မြတ်စွာဘုရားက အတွင်းလေ၊ အပြင်လေတဲ့။

http://www.dhammadownload.com



(၁) ဥဒ္ဓင်္ဂမလေ = အထက်ဆန်တဲ့လေ
(၂) အဓောဂမလေ = အောက်စုန်တဲ့လေ
(၃) ကုစ္ဆိသယလေ = ဝမ်းထဲမှာဆူညံနေတဲ့လေ။
(၄) ကောဋ္ဌာသယလေ = အူသိမ်၊ အူမတွေထဲ လေကသွားနေတယ်။ အစာအိမ်တွေထဲမှာလဲ သွားနေတယ်။ လေအောင့်တယ်ဆိုတာ အထဲမှာလေရှိလို့ပေါ့။ အစိုးမရဘူး။ သူသွားချင်ရာ သွားနေမှာပဲ။
(၅) အင်္ဂမင်္ဂါနုသာရီလေ = အင်္ဂါကြီးငယ် လျှောက်သွားတဲ့လေ။
(၆) အဿာသ ပဿာသလေ= ထွက်လေ၊ ဝင်လေ

လက်လေမလျှောက်ဘူး။ လက်ဖြတ်တာ၊ ခြေတောက်တွေ မ,မနိုင်ဘူး။ လေမလျှောက်လို့၊ လေဖြတ်သွားပြီ။ ဘာမှ မလှုပ်နိုင်တော့ဘူး။

တစ်ချို့က ပါးစပ်တင်ဖြတ်တာ။ တစ်ချို့က လျှာတင်ဖြတ်တာ။

ကျေးဇူးရှင်ဆရာတော်ဘုရားဟာ (၅၆)နှစ်မှာ လေဖြတ်သွားတာ။ စာသိပ်ကြည့်တာ ဆွမ်းစားလာပင့်ရင် ဆွမ်းစားမလိုက်ဘူး။ စာပဲကြည့်တာ။ သူလိုကိုယ်လိုတော့ ဆွမ်းစားအရင်လိုက်မှာ။ စာနောက်မှ ကြည့်မှာ။ ဆရာတော်က မဟုတ်ဘူး။ စာကြည့်ရတာ ဆွမ်းစားရတာထက် မိန်သေးသတဲ့။ တို့ဆရာတော်ကြီးက နှမျောစရာ။ ဒါကြောင့် ကျန်းမာရေး ချို့တဲ့အောင်တော့ စာမကြိုးစားစေချင်ဘူး။

ကျန်းမာရေးချို့တဲ့အောင် စာကြိုးစားတဲ့သူ တို့ကမချီးမွမ်းတဲ့။ အမြဲတမ်း သတိပေးလေ့ရှိတယ်။ အဲဒီတော့ လေက (၆)မျိုး။ မြတ်စွာဘုရား သရုပ်ခွဲပြတာ လေ (၆)မျိုး။ အတွင်းလေ၊ အပြင်လေကတော့ ပန်ကာလေ၊ ငှက်တောင်တွေ ခတ်တဲ့လေ၊ ယပ်လေ၊ သဘာဝတိုက်ခတ်တဲ့ လေ၊ လေတွေက အများကြီးပါပဲ။

http://www.dhammadownload.com



အပြင်မှာ လေမုန်တိုင်းလာပြီဆိုရင် ပြေးပေတော့။ လေဓာတ်က တွန်းကန်တယ်၊ လှုပ်ရှားတယ်။ အပြင်လေကို ကြည့်လိုက်။ တွန်းကန်မယ်၊ လှုပ်ရှားမယ်။ အတွင်းလေက ဒီအတိုင်းပဲ။

ဓာတ်ကြီးလေးပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ်။ ဓာတ်(၆)ပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ်၊ အာကာသဓာတ်၊ အပေါက်အကြားဓာတ်၊ လိုဏ်တွေ၊ တံခါးတွေပါပဲ။ ဝိညာဏဓာတ်ဆိုတာ အသိဓာတ်ပါပဲ။

မြင်သိ၊ ကြားသိ၊ နံသိ၊ လျှက်သိ၊ ထိသိ၊ တွေးကြံသိစိတ်ဆိုပြီးတော့ စိတ်တွေ၊ အာရုံကို ယူတတ်တယ်။ အဲဒီတော့ ဓာတ်လေးပါးနဲ့ပဲ မြတ်စွာဘုရားက အရိယာဝိဇ္ဇာဖြစ်အောင် လုပ်ပေးနိုင်တယ်။ လောကီဝိဇ္ဇာထက် အများကြီး အဆင့်အတန်းမြင့်တဲ့ အရိယဝိဇ္ဇာ။

အရှင်ပိလိန္ဒဝစ္ဆမထေရ်ဟာ စောစောတုန်းကတော့ လောကိယဝိဇ္ဇာပဲ။ မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ သူတန်ခိုးမပြနိုင်ဘူး။ လောကီဝိဇ္ဇာ အခုခေတ် ဝိဇ္ဇာ၊ ဝိဇ္ဇာလို့ ပြောနေကြတာ။ ဝိဇ္ဇာမှန်ရင် စွမ်းအင်နှစ်ခု ရှိရတယ်။

(၁) အာကာသစာရီစ = ကောင်းကင်ပျံနိုင်တယ်။

(၂) ပရစိတ္တဝိဒူစ = သူတစ်ပါးစိတ်ကို သိနိုင်တယ်။

ဒီ (၂)ပါးနဲ့ အကဲဖြတ်ရမယ်။ ကောင်းကင်လဲ မပျံနိုင်ဘူး။ သူတစ်ပါးစိတ်လဲ မသိဘူးဆိုရင်တော့ အဲဒါ ဝိဇ္ဇာမဟုတ်ဘူး။ အချို့က ကောင်းကင်မပြန်နိုင်တော့ မြေလျှောက်ဝိဇ္ဇာတဲ့။ မြေတော့ လူတိုင်းလျှောက်နိုင်တာပေါ့။ မြေလျှောက်ဝိဇ္ဇာရယ်လို့။ အချို့လူတွေက မြေလျှောက်ဝိဇ္ဇာကို အထင်ကြီးသေးတယ်။ မြေလျှောက်တာတော့ ဘာဆန်းတုံး။ အခြားလူတွေလဲ လျှောက်နိုင်တာပဲ မဟုတ်လား။

အရှင်ပိလိန္ဒဝစ္ဆ မြတ်စွာဘုရားနဲ့ တွေ့တော့မှ စူဠဂန္ဓာရီဝိဇ္ဇာကနေ မဟာဂန္ဓာရီဝိဇ္ဇာ ဖြစ်ချင်လို့ မြတ်စွာဘုရားက သမထဘာဝနာ ဝိပဿနာဘာဝနာ အားထုတ်တဲ့နည်းကို ပေးတာ။ ရဟန္တာဖြစ်သွားတာပဲ။ အရိယာဝိဇ္ဇာကြီး ဖြစ်သွားပြီ။

http://www.dhammadownload.com



အဲဒီတော့ မြေ၊ ရေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီး လေးပါးနဲ့ ဖွဲ့ထားတဲ့ ခန္ဓာကိုယ်မှာ ပထဝီ (၂၀)၊ အာပေါ (၁၂) ပေါင်း (၃၂)ကောဋ္ဌာသ။

(၃၂)ကောဋ္ဌာသက ဘာတွေလဲ။ ဤကိုယ်ကာယ တစ်လံမျှ၌ ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဥ်ဆီ၊ အညို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဥ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ ရွံ့စဖွယ်၊ ညှီနံ့ဆိုး၊ အသိုးအပုတ်၊ စက်ဆုပ်တွေသာ ရှိပါကုန်၏။

အဲဒါကို အဖန်ဖန် အထပ်ထပ် ရွတ်ရမယ်။ စိတ်ကလေးနဲ့ စက်ဆုပ်ဖွယ်ကို ရှုကြည့်ရမယ်။ ဆံပင်ဆိုရင် ဆံပင်အနံ့ဟာ စက်ဆုပ်ဖွယ်ရာပဲ။ ဆံပင်နဲ့ ရက်ထားတဲ့အဝတ်ကို ဝတ်ထားတဲ့ပုဂ္ဂိုလ် ရှေးကရှိဖူးတယ်။ အဲဒီအဝတ်ဟာ စက်ဆုပ်ဖွယ်ရာ အကောင်းဆုံးပေါ့။ အဲဒီတော့ ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ။

သွားကိုကြည့်၊ ဘယ်သူ့သွားဖြစ်ဖြစ် သွားမတိုက်နိုင်ရင် မနံပေဘူးလား။ အနံ့အနေနဲ့ကြည့် စက်ဆုပ်ဖွယ်ပဲ။ အသားလဲ ဒီလိုပဲ။ အသားကို ဖုံးထားတဲ့အရေလေး လုံးကြည့်လိုက်ရင် ဇီးကင်းလောက်ပဲ ရှိတယ်။ အပေါ်က အရေပါးလေးကို "ဗျင်း"ဆို ခွာလိုက်တာနဲ့ ပေါ်လာပြီး ကြောက်လဲကြောက်စရာ၊ လန့်လဲလန့်စရာ၊ နှာခေါင်းနဲ့ နမ်းကြည့်ရင် မကောင်းတဲ့ အနံ့ညီတဲ့ အနံ့ရမှာအမှန်ပဲ။

အရိုးလဲ ဒီအတိုင်းပဲ။ သွေးအနံ့ကစပြီး ကောင်းပေ့ါမလား။ ပြည်တို့ သွေးတို့၊ ချွေးတို့၊ ဘာများကောင်းတာရှိသလဲ ရွံ့စရာကြီးပဲ။ (၃၂)မျိုးလုံး စက်ဆုပ်ရွံ့ရှာဖွယ်တွေချည်းပဲ။

ပထဝီဓာတ် (၂၀)နဲ့ အာပေါ (၁၂)မျိုးကို စက်ဆုပ်ရွံ့ရှာဖွယ် အနေနဲ့ ကြည့်မယ်ဆိုရင် အဲဒါ သမထကမ္မဋ္ဌာန်းပဲ။ မက်မောမှုတဏှာကို ပျောက်စေနိုင်တယ်။

F 10 CA

http://www.dhammadownload.com



**ဝိပဿနာကမ္မဋ္ဌာန်း**

ဒီခါတ်ကမ္မဋ္ဌာန်းနည်းနဲ့ အရိုးကိုကြည့်၊ အရိုးက မမာဘူးလား။ လက်ရိုးပဲဖြစ်ဖြစ် အရိုးတစ်ခုကို ဒီစားပွဲပေါ် ချ မေးကြစို့။ လူလား၊ မဟုတ်ပါတဲ့။ အရိုးတစ်ခုထဲကို ယောကျ်ားလား၊ မဟုတ်ပါ၊ မိန်းမလား၊ မဟုတ်ပါတဲ့။

(၃၂)ပုံ ပုံထားလိုက်။ အပုံတစ်ပုံကို ထုတ်ယူလာခဲ့။ အသား ဖြစ်ဖြစ်၊ အရိုးဖြစ်ဖြစ် မေး၊ မင်းဘယ်သူလဲ ဘယ်သူမှမဟုတ်ပါဘူး။ ယောကျ်ားလား၊ မဟုတ်ဘူး။ မိန်းမလား၊ မဟုတ်ဘူး။ ဒါဖြင့် ဘာလဲ ဆိုတော့ မာတဲ့သဘောလေးပါပဲ။ နောက်ဆုံးအဖြေက မာတဲ့ သဘောလေး။

မာတဲ့သဘောလေးဟာ လူလားဆိုရင် ဘယ်နှယ့်ပြောမလဲ။ မဟုတ်ပါဘူးတဲ့နော်။ နော ဟေတံ ဘန္တေပဲ။

အဲဒီလိုမေးတော့ နော ဟေတံ ဘန္တေ။ အရိုးစု လူလားမေးတော့ နော ဟေတံ ဘန္တေ။ နတ်လား နော ဟေတံ ဘန္တေ။ အသက် ရှိသလား နော ဟေတံ ဘန္တေ။

သတ္တဝါလားလို့မေးရင် အရိုးလေးတစ်ခုထဲ သတ္တဝါဟုတ်ပါ့ မလား။ (နော ဟေတံ ဘန္တေ)။ ဒါဖြင့် ဘယ်လိုဟာတုန်း။ အဗျာကတ တရားကုသိုလ် အကုသိုလ်လို့ မပြောနိုင်တဲ့ ရုပ်ပါ။ ထဒ္ဓ= ခက်မာတယ်။

လူလဲမဟုတ်၊ နတ်လဲ မဟုတ်တော့ သုည၊ သုညသဘောလေးပဲ။ သုညဆိုတာ ၀၊ သူတစ်ပါး ကင်းတယ်။ နောက်ဆုံးအဖြေမှန်က “သု ု”။

အရှင်နာဂသိန် ကိုယ်တော်မြတ်နဲ့ တွေ့တဲ့အခါ ဒကာမကြီး တစ်ယောက်က တပည့်တော် အသက်ကြီးပြီ။ တပည့်တော်နဲ့ လျော်ညီ တဲ့ ကမ္မဋ္ဌာန်းပေးပါဆိုတော့ “သုညတ”ကမ္မဋ္ဌာန်း ပေးပါတယ်။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေက မဆိုးဘူး။ တရားအသံလေး တွေက ပါလာတယ်။ ဝမ်းသွားတာတောင်မှ ခါတ်သွားတယ်။ တစ်ချို့ ကလဲ ဝမ်းသွားသလား၊ မမေးဘူး။ ခါတ်သွားသလားလို့လို့တောင်

F.10.B

http://www.dhammadownload.com



မေးတယ်။ ဓာတ်မသွားဘူးလို့ ပြန်ဖြေတယ်။ အဲဒီတော့ ဓာတ်ကောင်ကြီး ဆိုတာကို သဘောပေါက်အောင် ကြည့်ရမှာ။

အလားတူ ပထဝီဓာတ်မေးသလိုပဲ။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး။ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ အဲဒီအထဲက နှပ်ပဲဆိုကြပါစို့။ မေးကြည့်၊ သူ့ကိုမေးကြည့် နောက်ဆုံး ယိုစီးတဲ့သဘောလေးပဲ အဖြေထွက်မှာပဲ။

လူလားလို့ မေးကြည့်၊ မဟုတ်ပါ။ နတ်လားလို့ မေးကြည့်၊ နောဟေတံ။ အမျိုးသား၊ အမျိုးသမီးလား၊ မဟုတ်ဘူး။ နောဟေတံ၊ နောဟေတံ၊ နောဟေတံချည်း ပြောမှာပဲ၊ ဖြေမှာပါပဲ။ ဒါဖြင့် ဘာလဲ၊ ယိုစီးတဲ့သဘော၊ ယိုစီးတဲ့ဓာတ်၊ အာပေါဓာတ်ပါပဲ။ ရေဓာတ် အာပေါဆိုတာ ရေ၊ ဓာတ်ဆိုတာ သဘော၊ ရေဓာတ်ကလေးပဲ။

အာပေါဆိုတာ ယိုစီးတတ်တယ်၊ ဖွဲ့စည်းတတ်တယ်။ ထမင်းလုံး လေးတစ်လုံး သူ့မှာ ဘာတွေပါသလဲ။ ခက်မာနူးညံ့တဲ့ ပထဝီဓာတ်၊ ဖွဲ့စည်းတဲ့ အာပေါဓာတ်၊ ပူအေးတဲ့ တေဇောဓာတ်၊ အရှိန်ဆိုတဲ့ ဝါယောဓာတ်၊ ဖြူတဲ့အဆင်း၊ အဆီဓာတ် (အာဟာရဓာတ်ကလေး) အရသာဓာတ်၊ အနံ့ဓာတ် ထမင်းလုံးလေးတစ်လုံးမှာ ရုပ် (၈)မျိုးရှိတယ်။

မြတ်စွာဘုရား၏ အဘိဓမ္မာပညာက ဒါပဲ။ ဓာတ်ဆိုတာ ဘာလဲ၊ သဘောပဲ။ သိတာလေးကလဲ သဘောပဲ။ အဲဒီတော့ အမြဲတမ်း မိမိနဲ့ သင့်လျော်တဲ့အဝတ်ကို ဝတ်ကြတယ်။ အဝတ်ကလဲ ဓာတ်ပါပဲ။ သန့်သန့် ပြန့်ပြန့်လေး ဝတ်ဖို့တော့လိုတယ်။ ယောဂီဝတ်စုံ ဝတ်ရမယ်လို့ စည်းကမ်း သတ်မှတ်ချက် မရှိပါဘူး။

အဝတ်ရဲ့နယ်ပယ်က မကျဉ်းဘူး။ မဝတ်လို့လဲ မဖြစ်ဘူး။ ဒီအဝတ်တော့ လှတယ်၊ ချုပ်ကြဦးစို့။ အဝတ်နဲ့ ပတ်သက်ပြီးတော့ ခက်မာတဲ့ ဓာတ်ကမ္မဋ္ဌာန်းလေး ရှုဖို့လိုတယ်။

ဆိုကြပါစို့ ဆံပင် ဦးခေါင်းပေါ်မှာ ပေါက်တယ်။ ဆံပင်ကို မေးကြည့်။ မင်းဘယ်မှာ ပေါက်သလဲလို့မေးရင် မသိပါဘူး။ ဦးခေါင်းကို

http://www.dhammadownload.com



မေးလိုက်၊ မင်းအပေါ်မှာ ဆံပင်ပေါက်နေတာ သိသလား။ မေးရင် မသိဘူး။ ဆံပင်နဲ့ဦးခေါင်းနဲ့ တစ်ခုနဲ့တစ်ခု ဆင်ခြင်မှုမရှိပါဘူး။ သိမှုလဲ မရှိဘူး။

ခန္ဓာကိုယ်ပေါ်မှာ အဝတ်ဝတ်ထားတယ်၊ ရုံထားတယ်။ ပဝါကလေး တင်ထားတယ်။ အရိုး၊ အသားဓာတ်တွေက သူ့အပေါ် အဝတ်ဝတ်ထားတာ တင်ထားတာမသိဘူး။ တောင်ပို့ပေါ်မှာ နေဇာပင် ပေါက်သလို ပါပဲ။ ဦးခေါင်းပေါ်မှာ ဆံပင်ပေါက်တာက တောင်ပို့ပေါ်မှာ နေဇာပင် ပေါက်သလိုပါပဲ။ ဒါဖြင့် လက်သည်းခြေသည်းလေးတွေ ကြည့်ကြဦးစို့။

လက်သည်းခြေသည်း ရွံ့ဖွယ်ရှုပါ။ လက်ခလယ်လက်သည်းက လက်ခလယ်အသားပေါ်နေတာ သူ့မေးကြည့်၊ လက်ခံလယ်အသားပေါ် လက်သည်းရှိနေတာ သူမသိပါဘူး။ လက်သည်းကလဲ မသိဘူး။

ဗူးသီးရင့်ရင်လေးထားတော့ ဗူးစေ့လေးတွေ ရှိတယ်။ ဗူးစေ့လေး တွေ ဗူးပေါ်မှာ နေတာ မေးကြည့်၊ အပြန်အလှန်မသိကြပါဘူး။ အဲဒီလို ပါပဲ။

(၃၂)ကောဋ္ဌာသကို နှုတ်နဲ့ကျေအောင် ရွတ်ရတယ်။ စိတ်နဲ့ တဖြည်းဖြည်းချင်းလေး ဆင်ခြင်စဉ်းစားကြည့် မြတ်နိုးဖွယ် မရှိဘူး။ ရွံ့ရှာဖွယ် ရှုပါ။ ဒါကြောင့် ဟိုတုန်းက ရဟန်းတော်တစ်ပါးက အရိုးစုကမ္မဋ္ဌာန်းပဲ ရှုတာပဲ။ မြင်မြင်သမျှ လူတွေကို အရိုးစုလို့ပဲ မြင်တယ်။

တစ်နေ့မှာ ဇနီးမောင်နှံ ရန်ဖြစ်တော့ အမျိုးသမီးက အပြင်ဘက် ထွက်လာတယ်။ ရဟန်းကလဲပဲ လမ်းသွားတယ်၊ အမျိုးသားက နောက်က လိုက်လာတယ်။ "အရှင်ဘုရား ဒီအနားက အမျိုးသမီးတစ်ယောက် သွားတာ တွေ့ပါသလား"လို့ မေးတော့။

**နာဘိဇာနာမိ ဣတ္ထိဝါ၊ ပုရိသောဝါ ဣတောဂတော။**
**အပိစ အဋ္ဌိသင်္ဃာတော၊ ဂစ္ဆတေသ မဟာပထေ။**

http://www.dhammadownload.com



ဒကာ ငါတော့ မိန်းမရယ်၊ ယောက်ျားရယ် မသိလိုက်ပါဘူး။ အရိုးစုကြီးတစ်ခုတော့ ဒီလမ်းအတိုင်း သွားလေရဲ့။ သူက မြင်မြင်သမျှ အရိုးစုပဲ မြင်နေတယ်။ အဲဒီ ရဟန်းက (၃၂)မျိုးလုံး အားထုတ်တာ မဟုတ်ဘူး။

အရိုးစုလေး သက်သက်ပဲ အားထုတ်တာ။ အရိုးစုလို့ ကိုယ့်ခန္ဓာကိုယ်လဲ မြင်နိုင်ဖို့ လိုတယ်။ လောကကြီးတစ်ခုလုံးကတော့ တပ်မက်စရာရှိရင် တပ်မက်တယ်။ ကြိုက်စရာရှိ ကြိုက်တယ်၊ ချစ်စရာရှိ ချစ်တယ်။

ဘုရားက ပြောင်းပြန်၊ ကြိုက်စရာရှိလဲ မကြိုက်ကြနဲ့။ ချစ်စရာရှိလဲ မချစ်ကြနဲ့။ မြတ်နိုးတွယ်တာစရာရှိလဲ မတွယ်တာနဲ့တဲ့။ အဲဒါ ဒုက္ခဖြစ်ကြောင်းပဲ။ တရားပြရတာ ပြောင်းပြန်ပြရတာ။

**ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။**

**ရာဂရတ္တာ နဒက္ခန္တိ၊ တမော ခန္ဓေန အာဝုတာ။**

ပဋိသောတဂါမိံ= ရေဆန်လေဆန်သွားရတာ လောကကြီးက ရေစုန်သွားတာ၊ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ ကောင်းသထက်ကောင်းအောင် စီစဉ်ကြ။ အဲဒါကို မြတ်နိုးကြ၊ တွယ်တာကြ။ ပြီးတော့ လိုတာကို မရတော့ စိတ်မသက်သာ နှလုံးမသာယာမှုတွေ ဖြစ်ကြ။ ပူဆွေးတာတွေ ဖြစ်ကြ။ ဒုက္ခတွေချည်းဖြစ်တာ အဲဒီနည်းက။

ဘုရားနည်းက မြတ်နိုးစရာ တွယ်တာစရာတွေ မမြတ်နိုးနဲ့၊ မတွယ်တာနဲ့။ ဒါကြောင့် ပဋိသောတဂါမိံ= ရေဆန်လေဆန်ဖြစ်တဲ့ တရားနိပုဏံ= သိမ်မွေ့တဲ့တရား၊ ဒုဒ္ဒသံ= မြင်နိုင်ခဲတဲ့တရား၊ အဏုံ= ပရမာဏုမြူလေးလိုပဲ။ ရာဂရတ္တာ- ရာဂတပ်စွဲ ခွာနိုင်ခဲ၍ မျောက်နဲ့ပုံဟတ် ရာဂဖြင့် တပ်မက်ကြကုန်သော သူတို့သည်၊ နဒက္ခန္တိ= မြင်နိုင်လိမ့်မည် မဟုတ်ကုန်။ မျောက်နဲ့စေးလို ကပ်နေတဲ့လူတွေ ဘယ်မြင်နိုင်မလဲ။ တမောခန္ဓေန အာဝုတာ- မောဟတည်းဟူသော အမိုက်တိုက်သည် ပိတ်ပင်ဆီးတား အပ်ကုန်သည်ဖြစ်၍၊ မောဟက ရှေ့ကတောင်ကြီးတွေလို ကာကွယ်နေတာ မြင်နိုင်ဖို့မလွယ်ဘူး။

http://www.dhammadownload.com



ခန္ဓာကိုယ်လေးကို စိတ်ဖြာပြီးတော့ ပြတယ်။ ဓာတ်ဆိုတာ သဘော၊ သဘောဆိုတာ သုည၊ ငါရယ်သူရယ် အသက်ရှိတယ်လို့ မပြောနိုင်ဘူး။

ဓာတ်မြင်ရင်လဲ ဝိပဿနာ။ အဲဒီ ဓာတ်သဘောလေး၊ အဝတ်နဲ့ ပတ်သက်ပြီးတော့၊ အစားနဲ့ပတ်သက်ပြီးတော့၊ အနေနဲ့ပတ်သက် ပြီးတော့ အိပ်ရာ၊ နေရာ၊ ဆေးဝါးဓာတ်စာ သုံးဆောင်တာက စပြီးတော့ ဓာတ်သဘောလေး မြင်နေရင်၊ မဂ္ဂင်(၈)ပါးတည်နေရင် နိဗ္ဗာန် ရောက်နိုင်တယ်။ အဝတ်နဲ့ပတ်သက်ပြီးတော့ ဓာတ်သဘောလေး ကြည့်ကြရအောင် လိုက်ဆိုကြ။ "အဝတ်အထည်များ၌ ဓာတ်ဝိပဿနာ ရှုပွားပုံ"။

"ခြုံးစာအုံပျောက် လက်ကောက်ဆံကျင် အလှဆင်လဲ အထင်မပြု ရုပ်သေးတုသို့ ခြောက်ခုသောဓာတ် ပေါင်းဖွဲ့လတ်၍ သတ္တဇီဝါ ငါသူတစ်ပါး ယောကျ်ားမိန်းမ ဘာမျှမရှိ မျက်စိတစ်လှစ် လျှပ်တပျစ်ထဲ သေးဖွဲ့သိမ်နုပ် ခါခါချုပ်သည့် ဓာတ်ရုပ်အပေါင်း မသာ လောင်းက (မသာလောင်းဆိုတာ ရုပ်တွေက ခဏခဏချုပ်နေလို့) ကောင်းမြတ်လှစွာ ဆင်တန်းဆာက သူ့မှာတည်နေ မသိလေပါ တန်းဆာ ကမူ ဆိုရာမဲ့ကင်း ဓာတ်ချင်းဓာတ်တို့ ထိတုံမြို့သည် မည်သို့မသိကြလေ ဘူးတကား"။

လက်မှာ လက်ကောက်လေးဝတ်တယ် ဆိုပါစို့၊ အသားနဲ့ ထိနေတာ။ သို့သော် ဒီအသားက ကာယပသာဒ ထိတဲ့ဖောဋ္ဌဗ္ဗာရုံ၊ ထိသိစိတ်၊ ဓာတ်တော့ ဓာတ်ချည်းပဲ။ လက်ကောက် ဖောဋ္ဌဗ္ဗာရုံက သက်မဲ့ဓာတ် အဲလိုဟာတွေကို အဝတ်အစားနဲ့ ပတ်သက်ပြီးတော့ "ခြုံ့စာအုံပျောက် လက်ကောက်ဆံကျင် အလှဆင်လဲ အထင်မပြု ရုပ်သေးထုသို့ (ရုပ်သေးကို အဝတ်ဆင်ထားတာပဲ။ ရုပ်သေးစင်ပေါ်မှာ ရုပ်သေးကို မြင်ဘူးတယ် မဟုတ်လား။ အဲဒီ ရုပ်သေးကို အဝတ်ဆင်ထား သလိုပါပဲ)။

http://www.dhammadownload.com



ခာတ်ချင်းခာတ်တို့ ထိတုံမြို့သည် မည်သို့မသိကြလေဘူး တကား။ အစားအသောက် ရောက်တဲ့အခါ "ထိုးရှိုလှည်းစာ ကဲ့ပမာသို့" လှည်းစာ ဆိုတာ လှည်းမမြည်အောင် လှည်းစာထိုးပေးရတယ်။ ဒါကြောင့် အစားအသောက်နဲ့ ပတ်သက်လို့ ထိုးရှိုလှည်းစာ ကဲ့ပမာသို့ ရိယာလေးလီ အမြဲမှီသား ဤအိမ်ခန္ဓာ ခာတ်(၆)ဖြာကို မပျက်ပါစိမ့် ရေစာသုံးစွဲ သူမှီဝဲ၏။

လှည်းနှင့်လှည်းစာ မသိပါသို့ ခြောက်ဖြာသောခာတ် ပေါင်းစု လတ်၍ သတ္တဇီဝါ ငါသူတစ်ပါး ယောကျ်ားမိန်းမ ဘာမျှမရှိ မျက်စိတလှစ် လျှပ်တစ်ပျစ်ထဲ သေးဖွဲသိမ်နုပ် ခါခါချုပ်သည့် ခာတ်ရုပ်အပေါင်း မသာလောင်းက ကောင်းမြတ်လှစွာ ဤရေစာသည် သူ့မှာဝင်နေ မသိလေပါ။ ရေစာကမူ ဆိုရာမဲ့ကင်း ခာတ်ချင်းခာတ်တို့ ဝင်တုံမြို့သည် မည်သို့မသိကြလေဘူးတကား။

စားတာကိုပြောတာ၊ စားတာကို လှည်းစာထိုးသလိုပဲ။ လှည်းကို အစာထိုးတဲ့အခါ "လှည်းစာထိုးပါ အသံတွေမြည်လိုက်တာ"။ လှည်းနဲ့လှည်းစာ မသိဘူး။ ခာတ်သဘောလေးပဲလို့ ဒီလိုမြင်ရမယ်။ အိပ်ရာနေရာနဲ့ ပတ်သက်ပြီးတော့ တစ်ချို့လူတွေက အိပ်ရာနေရာကို ကောင်းကောင်းမွန်မွန် ပြင်လို့ဆင်လို့ ဘုံနန်းဗိမာန်ကြီးတွေ ကြီးကြီး ကျယ်ကျယ်ကြီးတွေ တစ်ချို့ကျတော့လဲ ဖြစ်သလိုပေါ့လေ။

"စင်အိမ်ထက်ဗွေ ရုပ်သေးနေသို့ ရွှေငွေဖန်မန် ခြယ်စီမံသို့ ဝေယံဘုံများ နေလေငြားလည်း ခြောက်ပါးသောခာတ် ပေါင်းဖွဲ့လတ်၍" ဟောနေကြတာ။

မင်းတုန်းမင်းကြီး ဖန်ကုတင်ကြီးနဲ့ စက်တော်ခေါ်တာကိုး။ အဲလို ဖန်ကုတင်ကြီးနဲ့ စက်တော်ခေါ်ခေါ်၊ သလွန်နဲ့အိပ်တာလဲ တွေ့ဖူးတယ်။ အဲဒီလို ဘယ်လိုပဲနေနေ "စင်အိမ်ထက်ဗွေ ရုပ်သေးနေသို့" ရုပ်သေးစင် ပေါ်မှာ ရုပ်သေးကသလိုပဲ ရုပ်သေးနေသလိုပါပဲ။

http://www.dhammadownload.com



ခြောက်ခုသောဓာတ် ပေါင်းဖွဲ့လတ်၍ သတ္တဇီဝ ယောကျ်ား မိန်းမ ဘာမျှမရှိ မျက်စိတစ်လှစ် လျှပ်တစ်ပျစ်ထဲ သေးဖွဲ့သိမ်နုပ် ခါခါချုပ်သည့် ဓာတ်ရုပ်အပေါင်း မသာလောင်းက ကောင်းမြတ်လှစွာ အိမ်ဂေဟာတွင် သူလျှင် တည်နေ မသိလေပါ။

ဖန်ကုတင်ကြီးပေါ် မှန်စီရွှေချ ကုတင်ကြီးပေါ် အင်မတန် ကောင်းတဲ့ ဘုံနန်းဗိမာန်ကြီးပေါ် နေပေမယ့် တကယ်တမ်းကျတော့ သိတာမဟုတ်ဘူး။

စင်အိမ်ထက်ဗွေ ရုပ်သေးနေသို့ ရုပ်သေးနေသလိုပါပဲ။ ဒါကြောင့် ကောင်းမြတ်လှစွာ အိမ်ဂေဟာတွင် သူလျှင်တည်နေ မသိလေပါ။ အိမ်ကမှာမူ ဆိုရာမဲ့ကင်း ဓာတ်ချင်းဓာတ်တို့ နေတုံမြို့သည် မည်သို့မသိကြလေဘူးတကား။

ကျန်းမာအောင်လို့ ဆရာဝန်လာရင် တန်းစီလို့ ဆေးဝါးဓာတ်စာ ယူကြရတာ။ "ဆွေးမြေ့ယွင်းယို အိမ်ပျက်အိုကို မပြိုစေသား ထောက်သည့်ကျားသို့"။ အိမ်ကြီးတစ်လုံးရှိတယ်။ ဒီခန္ဓာကိုယ်ကလဲ ငါးပင်တိုင်ခန္ဓာ အိမ်ကြီးကိုး။ တကယ့်ပကတိအိမ်ကြီးကို မပြိုအောင် ကျားထောက် သစ်ကောင်းကောင်းနဲ့ ထောက်တာရှိတယ်။ ဝါးနဲ့ ထောက်တာ ရှိတယ်။ ကြိုးနဲ့ဆွဲတာ ရှိတယ်။ ကျားကန်ထားရတယ်။

အဲဒီလို အိမ်အိုကြီးလိုပဲ ဒီခန္ဓာကိုယ် ခန္ဓာအိမ် (၆၃)နှစ်တာ ကာလရှိတဲ့ ဘုန်းကြီးတို့ ခန္ဓာအိမ်ကြီးက တော်တော်အိုနေပြီ။ ငါးပင်တိုင် ခန္ဓာအိမ်ဆိုတော့ ဟိုတိုင်လေးက ချစားလိုက်၊ ဆွေးလိုက်၊ ရေနံသုတ် လိုက် နည်းနည်းရပ်တည်လို့ ရလိုက်၊ တစ်နေ့က ခြေထောက်အနာဖြစ်လို့ တစ်လလောက် ကြာတယ်။ အခုဆေးထည့်ထားတာ နည်းနည်းရပ်လို့ ရပြန်ပြီ။ မျက်စိဆိုလဲ သူငယ်အိမ်မကောင်းလို့ မလေးရှားသွားပြီး သူ့ကိုပြန်လဲပြီး အိမ်များဖာထေးသလိုပါပဲ။

"ဆွေးမြေ့ယွင်းယို အိမ်ပျက်အိုကို မပြိုစေသား ထောက်သည့် ကျားသို့"။ ကျားထောက်တယ်၊ ကျားကန်တယ်လို့ ခေါ်တယ်။

http://www.dhammadownload.com



အိမ်ပြိုပါ့မယ်၊ လေလာရင် ပြိုခမန်းကွာ၊ ကျားကန်ထားရတာ။ တစ်ချို့ ကျောင်းတွေ ကျားကန်ထားရတာ။

အဲဒီတော့ အဲဒီကျားနဲ့အိမ်ကို မေးကြည့် အချင်းချင်းသိကြရဲ့ လားလို့ မေးကြည့်၊ မသိဘူး။ ဆွေးမြေ့ယွင်းယို အိမ်ပျက်အိုကို မပြိုစေသား ထောက်သည့်ကျားသို့ ခြောက်ပါးဓာတ်သာ အိမ်ခန္ဓာကို ခိုင်ပါစေသား မတိမ်းပါးအောင် ရေမြေလေမီး ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့ထားတဲ့ခန္ဓာကိုယ်။ အာကာသဓာတ် နားတို့၊ နှာခေါင်းတို့၊ အာကာသဓာတ်တွေ ထင်ရှားတယ်။ ဝိညာဏဓာတ် အသိစိတ်ကလေး ရှိတယ်။

အိမ်ခန္ဓာကို ခိုင်မာစေသား မတိမ်းပါးအောင် ဆေးဝါးဓာတ်စာ ထည့်သွင်းပါ၏။ (ကျားကန်ပေးနေတာ)။ ဂေဟာနှင့်ကျား လားလား ဘိတ်မျှ မသိကြသို့ ကျားကန်ထားတဲ့ ဒုတ်တိုင်တွေနဲ့၊ ကျားကန်ထားတဲ့ သစ်သားတွေ အိမ်နဲ့ဘယ်လိုမှ မသိကြသလို မသိကြလို့။

"ခြောက်ခုသောဓာတ် ပေါင်းဖွဲ့လတ်၍ သတ္တဗီဝါ ငါသူတစ်ပါး ယောကျ်ားမိန်းမ ဘာမျှမရှိ မျက်စိတစ်မှိတ် လျှပ်တစ်ပျက်ထဲ သိမ်ဖွဲ့ သိမ်နုပ် ခါခါချုပ်သည့် ဓာတ်ရုပ်အပေါင်း မသာလောင်းက ကောင်းမြတ် လှစွာ ဤဆေးစာသည် သူမှာရောက်လတ် မသိတတ်ပါ ဆေးကမှာမူ ဆိုရာမဲ့ကင်း ဓာတ်ချင်းဓာတ်တို့ ဝင်တုံမြို့သည် မည်သို့မသိကြလေဘူး တကား။"

ဆေးနဲ့၎င်းခန္ဓာကိုယ်ကြည့် ငါးပင်တိုင်ခန္ဓာကိုယ်ကို ဆေးနဲ့ကျား ကန်ပေးတာပေါ့။ ခြောက်ခုသောဓာတ်နဲ့ ငါးပင်တိုင်ခန္ဓာကိုယ် ပေါင်းစပ် ထားတဲ့ခန္ဓာကိုယ် သူတို့အချင်းချင်း သိကြရဲ့လားဆိုတော့ ဆေးသောက် လိုက်တယ်။ သိတယ်လို့ပြောမှာပေါ့။ သေချာမေးကြည့် တကယ်တမ်း ကတော့ မသိပါဘူး။

ထီးတွေ ဆောင်းကြတယ်၊ ဘိနပ်စီးကြတယ်။ အဲဒီနေရာမျိုးလဲ ဓာတ်ကမ္မဋ္ဌာန်း ရှုရတယ်။ "ဘိနပ်ဆီမီး ထီးတောင်ဝှေးစ သုံးသမျှပင် သတ္တဗီဝါ ဗလာကင်းလွတ် သုံးဆောင်တတ်ပါ သတ္တဝါလဲ ငါသူတစ်ပါး

http://www.dhammadownload.com



ယောက်ျားမိန်းမ သတ္တဇီဝါ မဟုတ်ပါ၍ ခတ်တို့ခတ်ချင်း သုံးဆောင် လျှင်းသည် မည်သို့မသိကြလေဘူးတကား"။

ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ခတ်ကမ္မဋ္ဌာန်းပွားဖို့ရာ ရေးထားတဲ့စာ။ ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)က မှတ်တမ်းလုပ်ထားတဲ့ ဒီလင်္ကာလေး သတိရလို့ ယောဂီတို့ကို ဟောချင် တာနဲ့ နှစ်ပေါင်း (၃၀)က ရေးကူးထားတာရှိပါတယ်။ ဘယ်နားမှာပါလိမ့် ပြန်ပြီး (၁)နာရီလောက်စဉ်းစားမှ ဘယ်နားရှိလောက်တယ်ဆိုတာ ပြန်ပြီးသတိရတယ်။

အဲဒီတော့ လိုက်ဆိုကြ။ ခတ်ကမ္မဋ္ဌာန်း ပွားပြီး နိဂုံးချုပ်ရအောင် နော်။

သဘောပေါက်သွားမှာပါ။ တဖြေးဖြေး သဘောမပေါက်ခင် တော့ မာန်နဲ့ဟန်နဲ့ပဲ။ (၃၂)ကောဋ္ဌာသ ရွံ့ဖွယ်ခန္ဓာကိုယ်ကြီးလို့ မြတ်စွာ ဘုရားဟောတော့ ခေမာမိဘုရားက သဘောမပေါက်ခင်တော့ သူကလဲ လှပေသကိုး။ မြတ်စွာဘုရား ငါ့ကိုစောင်းစောင်းပြီး တရားဟောနေတယ်။ တရားရိုးရိုး မဟောဘူး။ ငါလှတော့ ငါ့ကိုစောင်းတယ်။ ဗိမ္ဗိသာရမင်းကြီး ရဲ့ မိဖုရားကြီးကိုး။ သူက သိပ်လှတော့ မြတ်စွာဘုရားက ခန္ဓာကိုယ် ကြီးက ရွံ့ဖွယ်ကောင်းတယ်လို့ ဟောတာ သူက ကျောင်းမလာဘူး။

ဗိမ္ဗိသာရမင်းကြီးက ကျောင်းသွားဖို့ ချော့ခေါ်ရတယ်။ ချော့ခေါ်တော့ တရားနာလာတယ်။ မြတ်စွာဘုရားက ရုပ်ပြကမ္မဋ္ဌာန်း ပေးရတယ်။ ခေမာမိဘုရား ထိုင်နေတယ်။ သူ့ဘေးနားမှာ လှပေ့ဆိုတဲ့ အမျိုးသမီးလေးတွေ ဖန်ဆင်းပြရတယ်။ မိဖုရားက သူ့ထက်လှတယ် ဆိုတော့ သေချာကြည့်တယ်။ ဒီမိန်းကလေးက ငါ့ထက်လှတယ်။

တဖြေးဖြေး အဲဒီမိန်းကလေး အိုသွားတာကို မြတ်စွာဘုရားက ဖန်ဆင်းပြတယ်။ နောက်ကျတော့ တကယ့်ကို အိုမင်းကုန်းကွတဲ့ ပုံစံကြီး ပြလိုက်တော့ "မိဖုရားက သဘောပေါက်သွားပြီး အဲဒီမှာ ရဟန္တာ ဖြစ်တာပဲ"။ ပင့်ကူဟာ ပင့်ကူအိမ်လေးတွေလုပ်ပြီးတော့ ပင့်ကူအိမ်

http://www.dhammadownload.com



ထဲမှာနေသလို ရာဂနဲ့အာရုံငါးပါးအပေါ် ငြိပြီးတော့နေတဲ့ပုဂ္ဂိုလ်တွေဟာ ဆင်းရဲပါတယ်တဲ့။

ပင့်ကူလေးဟာ ရုန်းပြီးတော့ထွက်သလို အာရုံငါးပါးအပေါ်မှာ တပ်မက်မှုမရှိပဲနဲ့ နေနိုင်ပါလိမ့်မယ်။ မြတ်စွာဘုရားက ပင့်ကူဥပမာ ထားပြီးတော့ ခေမာမိဘုရားကို ဟောလိုက်တော့မှ ခေမာမိဘုရား သဘောပေါက်ပြီးတော့ ရဟန္တာဖြစ်သွားတာကိုး။ အဲဒီတော့မှ -

**နမော တေ သဗ္ဗဒဿာဝီ၊**

**နမော တေ ကရုဏာ ကရ။**

**နမော တေ တိဏ္ဏသံသာရ၊**

**နမော တေ အမတံဒဒ။ ။**

ဒီလို ခေမာမိဘုရားက ရှိခိုးတာ။ မြတ်စွာဘုရား အရှင်ဘုရားက တပည့်တော်မကို အမျိုးမျိုးပုံစံပြပြီးတော့ တရားမရ ရအောင် ဟောတော်မူခဲ့ပါတယ်။ မဟာကရုဏာတော်သခင် အရှင် ဘုရားသည် တပည့်တော်ကို လမ်းမချော်အောင် ဟောဖော်ညွှန်ပြတော်မူပါတယ်။ အရှင်ဘုရားကို ရှိခိုးပါတယ်ဘုရား။ သံသရာမှ ကူးမြောက်တော်မူပြီးသော အမြိုက်တရား ပေးသနားတော်မူသော အရှင်မြတ်ဘုရားအား ရှိခိုးပါ၏ ဘုရား။

သဘောပေါက်သွားရင် တရားရတယ်ခေါ်တာ။ ခတ်ဆိုတာ သဘော၊ သဘောဆိုတာ ဘာလဲ သုည၊ သုညဆိုတာ ဘာလဲ၊ ဘာမှ မရှိဘူး။ "သတ္တဇီဝါ သူငါမနော သဘောမျှသာ သုညပါ"။ သေချာကြည့် နိုင်မှ ခတ်ကမ္မဋ္ဌာန်းကို မြင်နိုင်တယ်။ ကြည့်ချင်ရင် တစ်ခုချင်းလေး ပုံကြည့်။ ဆံပင် စသည်ကို တစ်ပုံစီပုံ ခွဲခြမ်းကြည့်၊ သိပါလိမ့်မယ်။

ဒီခန္ဓာကိုယ်ကြီး ကြည့်မယ်ဆိုရင် အရိုးတွေနဲ့ တိုင်ထူထားတာပဲ။ အသားတွေ မံဆလာတွေထည့်တာပါ။ အကြောတွေနဲ့ ရစ်ပတ်ထား တာ။ အကြောတွေရစ်ပတ်ပြီး အရေနဲ့အချောလေးကိုင်ထားတာ။ ဒါပဲ။

http://www.dhammadownload.com



"အရိုးများစွာ တိုင်သဘော၊ အကြောများစွာ ရစ်ပတ်၊ အသား များစွာကပ်မြှုပ် အရေထူ အရေပါး အုပ်ထားသည်ကို ငါသူတစ်ပါး ယောကျ်ားမိန်းမ ဆို၏။ အရိုး၊ အသား၊ အသွေး၊ အကြော၊ အရေမှ တစ်ပါး ငါသူတစ်ပါး ယောကျ်ားမိန်းမ မရှိလို့ ရှုပွားပါ။

မြတ်စွာဘုရားက ပင်ရင်းလိုက်ထားတာကိုး။ ဒါကြောင့်မို့ ခတ်ကမ္မဋ္ဌာန်း။ တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့ ဆိုတဲ့အတိုင်း ဒီထဲပဲရှာ ဒီထဲမှာတွေ့မယ်။

တရားပျောက်နေရင် အဝေးကြီး သွားမရှာနဲ့ ပျောက်နေတာ၊ အဝေးမှာမဟုတ်ဘူး။ တရားရှာတော့လဲ ဒီထဲမှာပဲတွေ့မယ်။ (၃၂)ကောဋ္ဌာသ စက်ဆုပ်ရွံ့ရှာဖွယ် ရှုတဲ့ကမ္မဋ္ဌာန်း။ စက်ဆုပ်ရွံ့ရှာဖွယ်လို့ ရှုရင် သမထကမ္မဋ္ဌာန်း ဖြစ်တယ်။ အခိုးမထွက်တဲ့ တဏှာမီးတောက်ကို ငြိမ်းစေတယ်။

ခတ်သဘောလေးကို မြင်အောင်ကြည့်မယ်။ ခတ်ကိုမမြင် ခတ်ကိုခင်၊ ခင်မင်ရန်ကြောင့် ဒုက္ခများ"။ ခတ်ကိုမမြင်ရင်တော့ ခတ်ကိုခင်တော့မှာပဲ။ အရိုးခတ်မမြင်ရင် အရိုးခတ်ခင်မှာ၊ အသားခတ် မမြင်ရင် အသားခတ်ခင်မှာ။ အခုလောကကတော့ ဆံပင်လေးကို အမျိုးမျိုးပြုပြင်ကြတယ်။ လောကကြီးနဲ့တော့ မြတ်စွာဘုရားက တစ်ခြားစီပဲ။ မြတ်စွာဘုရားက တစ်ခါတရံ မိန့်တယ်။ "လောကကြီး ဟာ ငါနဲ့ရန်ဖြစ်နေတယ်။ ငါဘုရားကတော့ လောကနဲ့ ရန်မဖြစ်ပါဘူး။ လောကကြီးက ငါနဲ့ ငြင်းခုံနေတယ်"တဲ့။

လောကကြီးက ဆံပင်လေးတစ်ခုထဲကိုပဲ အတိုကတစ်မျိုး၊ အကောက်ကတစ်မျိုး၊ အကွေးကတစ်မျိုး။ ဆံပင်လေးကို ပြင်ကြတာ မောနေအောင်ပြင်ကြတာ။ ဆံပင်အလှပြင်ဆိုင်တွေပြည့်လို့ပဲ။ ဆံပင်နဲ့ ပတ်သက်ပြီး ကုန်လိုက်ကြတာ။ တစ်ချို့ဆို ဆံပင်ပြင်ပြီးရင် ရိုးရိုးအိပ် မရဘူး။ ထိုင်နေကြရတယ်။ လူတွေအများကြီး ကြားဖူးနေတယ်။ ဆံပင် လေးတစ်ခုကြောင့် ဒုက္ခရောက်တယ်။ ဆံပင်တစ်ခုအပေါ် ချစ်ခင်တယ်၊

http://www.dhammadownload.com



တွယ်တာတယ်။

ဘုရားသာသနာနဲ့ ကြုံတွေ့လာတဲ့အခါ ဘုရားနည်းနဲ့ ကိုယ့်ကိုယ်ကို စက်ဆုပ်ရွံ့ရှာဖွယ်လို့မြင်၊ ကိုယ့်ကိုယ်ကို ပထမမြင်အောင် ကြည့်ရမှာ။ သူတစ်ပါးနောက်မှကြည့်၊ ကဲ လိုက်ဆိုကြ။

ဤကိုယ်ကာယ တစ်လံမျှ၌ ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ ရွံ့စဖွယ်ညှီနံ့ဆိုး အသိုးအပုပ် စက်ဆုပ်ဖွယ်တို့သာ ရှိပါကုန်၏။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## (၆၃)ကိမ်မြောက် မွေးနေ့စမ္မဒါန

**မွေးနေ့**

ယနေ့ သာသနာနှစ် ၂၅၄၈ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် (၆)ရက်။

ဒီနေ့ကတော့ ဘုန်းကြီးရဲ့ မွေးနေ့၊ ညနေ(၉)နာရီအချိန်ဆိုရင် မွေးဖွားချိန်ပါပဲ။ ဇာတိပိဒုက္ခာ= ဇာတိပိပဋိသန္ဓေ နေရခြင်းဟာလဲ ဒုက္ခာ= ဆင်းရဲပါ၏။ ဘဝစလာတာကိုက ဒုက္ခနဲ့စလာပြီး ဒုက္ခနဲ့ဆုံးတယ်။ ဒုက္ခနဲ့ဆုံးတာက ဘာလဲ။ မရဏမ္ပိဒုက္ခ= သေရခြင်းဟာလဲ ဆင်းရဲပါတယ်။ မွေးဖွားတဲ့အချိန်ကို ဇာတိလို့ခေါ်ကြတယ်။ မယ်တော်ဝမ်းမှာ ပဋိသန္ဓေနေတယ်။ ပြန်ပြီးတော့ကြည့် ပထမဆုံး အဲဒီကလလ ရေကြည်လေးဟာ အင်မတန်နူးညံ့တဲ့ သိုးမွေးကို (၁၆)စိတ်, တစ်စိတ်နဲ့ ထောပတ်ဆီကို ဆွတ်ပြီးတော့ (၁၆)စိတ်မှာ တစိတ်နဲ့ ဆီကိုတို့ယူပါ။ တို့ယူခပ်ယူလို့ တစ်စိတ်စာ သိုးမွေးမျှင်လေးမှာ ကပ်ပါလာတဲ့ ဆီပမာဏ လေးဟာ ကာလလရေကြည်လေးပါပဲ။

တစ်ချို့က ဦကာသီသမတ္တံ= သန်းဦးခေါင်း ပမာဏမျှလို့ ဆိုတယ်။ အသေးကစ ကြီးပွားရ လောကဓမ္မတာ ဆိုတဲ့အတိုင်း သွေးလေးတစ်စက် တစ်ပေါက်က စခဲ့ကြတယ်။ ပထမ ကလလရေကြည် လေးဘဝ (၇)ရက်၊ ဒုတိယ အမြှုပ်ကလေးဘဝက (၇)ရက်၊ တတိယ သွေးခဲကလေးဘဝက (၇)ရက်၊ စတုတ္ထ အသားတစ်ကလေးဘဝက (၇)ရက်၊ ပဉ္စမ ခက်မငါးဖြာက (၇)ရက်၊ ဦးခေါင်းရယ်၊ ခြေ(၂)ဖက်၊ လက်(၂)ဖက်၊ အဲဒါကို မြင်အောင်သာ ကြည့်ပေတော့။ ဒုက္ခအစဉ် အတန်းကြီး။ ဆင်းရဲတစ်ထမ်းတစ်ပိုးချည်း။ ခေါင်းပေါ် ရွက်ထမ်း လာခဲ့ရတာ။

ပထမ ကလလရေကြည်ဘဝမှာထဲက မိခင်က အစားမှားမယ်၊ ဆေးသောက်မှားမယ်၊ သေနိုင်တယ်။ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမတို့လဲ ဒီအတိုင်းပဲ။ တစ်စုံတစ်ခုကြောင့် သေနိုင်တယ်။ ခဏိကမရဏ

http://www.dhammadownload.com



အနေနဲ့ အမြဲသေနေတာပဲ။ ပဋိသန္ဓေစိတ်နဲ့အတူ ရုပ်နာမ်စုံနေပြီ၊ ဋီကာကျော်ဆရာက အစဉ်အတိုင်း ဖြစ်ကြတယ်တဲ့။ စက္ခုဒသကက (၇)ရက်၊ သောတဒသကက (၇)ရက်၊ ဃာနဒသကက (၇)ရက်၊ ဇိဝှါဒသကက (၇)ရက်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကတော့ ကမေန အစဉ်အတိုင်းဆိုတာ မမှန်ဘူးတဲ့။ ကမ္မေန ကံကြောင့် စက္ခုဒသကက၊ သောတဒသကက၊ ဃာနဒသကက၊ ဇိဝှါဒသကက ဖြစ်တယ်လို့ ဆိုမိန့်ပါတယ်။

တကယ်တော့ ဆရာတော်ဘုရားကြီး မိန့်သလိုပါပဲ။ အဲဒီအချိန်ကနေပြီး စက္ကန့်သားလေးဘဝက မိနစ်သားလေးဘဝ၊ နာရီသားလေးဘဝ၊ နေ့သား၊ တစ်ရက်သား၊ တစ်လသား၊ တစ်နှစ်သား။ တစ်လသားရှိပြီ နေကောင်းရဲ့လား။ ကောင်းတယ်။ တချို့ကတော့ လသားလေးပဲ ရှိသေးတယ်။ သေသွားပြီ။ တစ်ချို့က လူ့ဘဝရောက်ခါမှ လေးပဲ မိခင်ဖြစ်သူက သူ့သားသမီးလို့တောင် ခွဲခွဲခြားခြား မသိရသေးဘူး သေသွားပြီ။ ရန်ကုန်မှာဆို အခုတော့ မသိဘူး။ လွန်ခဲ့တဲ့ (၅)နှစ်က ဆေးရုံမှာ ဇာတိပိဒုက္ခာ လူသိများတဲ့ ဇာတိပိဒုက္ခာ၊ ဘယ်လောက်ရှိသလဲဆိုရင် ရက်သတ္တတစ်ပတ်မှာ (၁၀၀၀)လောက်ရှိတယ်။ ဇာတိပိဒုက္ခာ မွေးဖွားခြင်းကလဲ ဒုက္ခပဲ။ လူလဲ ဖြစ်ခဲ၏။ လူဖြစ်သော်လည်း အသက်ရှင်ခဲ၏။ အခုယောဂီတွေ အသက်ရှင်နေကြတယ်။ မြတ်စွာဘုရား သာသနာနဲ့လဲ တွေ့ခဲ၏။ ဘုရားသာသနာနဲ့ ကြုံပြန်တော့လဲ တရားဓမ္မ နာရခဲ၏။ တရားဓမ္မ နာရပြန်တော့လဲ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်ကို ကျင့်နိုင်ဖို့ခဲယဉ်း၏။ ဟော- ခဲတွေ အများကြီး အဆင့်ဆင့်ကျော်လာခဲ့တယ်။ လူ့ဘဝကြီး ဒီလိုလာတာ ဘုန်းကြီးတို့ အခု (၆၃)နှစ်ရှိပြီ။ ကြားကာလလေးတွေမှာ မသေလို့ ဟာကိုး။ သေခြင်းက (၃)မျိုးရှိတာ၊ ဘယ်လိုသေနိုင်သလဲ။

(၁) ခဏိကမရဏ = ခဏတိုင်း သေနေတာ၊

http://www.dhammadownload.com



(၂) သမ္မုတိမရဏ = တစ်ဘဝတစ်ခါ သေနေတာ သတင်းစာထဲ ပါလာတာတွေဟာ သမ္မုတိမရဏပါ။ သတင်းစာထဲ မပါတဲ့သေနည်းက ခဏိကမရဏ ယောဂီတွေ ထွက်လေဝင်လေအခိုက်မှာ သေပြီးပြီ။ ဝင်လေအခိုက်မှာ သေပြီးပြီ။ ကြားရင် ကြားသိစိတ်ကလေးဟာ နောက်စကားလုံး နောက်အသံမှာ မပါတော့ဘူး။ သေပြီးပြီ။ အဲဒါ ခဏိက မရဏ၊ ခဏမစဲ တစ်နေ့ကို အကြိမ်ပေါင်းများစွာ သေနေတာ ပါပဲ။ ရုပ်တွေ၊ နာမ်တွေ သေတာအကြိမ်ပေါင်းများစွာ သေနေတာ။ ဒါကို ခပ်ကြဲကြဲလေးက စမြင်အောင်ကြည့်ရတာ။

(၃) သမုစ္ဆေဒမရဏ အထက်တန်း အရိယာပုဂ္ဂိုလ်များ ကိလေသာတွေ ဖြတ်တောက်ပြီးမှ ဘုရားပရိနိဗ္ဗာန်စံတယ်။ နောက်တခါ ဇာတိပိဒုက္ခာ မရှိတော့ဘူး။ မယ်တော်မာယာဝမ်းမှာ ဘုရားပဋိသန္ဓေ နေတာဟာ နောက်ဆုံးပဲ။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးလဲ သာရီပုဏ္ဏေးမကြီးဝမ်းမှာ နောက်ဆုံး ပဋိသန္ဓေနေခြင်းပဲ။ အရှင် မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးလဲ သူ့မယ်တော်ဝမ်းမှာ ပဋိပန္ဓေ နေတာဟာ နောက်ဆုံးပဲ။ လူ့ဘဝရောက်လာတဲ့အခါ အသက်ရှင်ဖို့ အင်မတန်ခက်တယ်။

**ကာလောဃသတိဘူတာနိ။**

ကာလော= အချိန်အခါသည်၊ ဘူတာနိ= သတ္တဝါတို့ကို၊ ဃသတိ= ဝါးမျို၏။ စက္ကန့်၊ မိနစ်၊ နာရီ၊ တစ်နေ့၊ တစ်ရက် အဲဒီအချိန်တွေ အားလုံးဟာ သတ္တဝါကို သတ္တဝါတွေကို ဝါးမျိုနေတာပဲ။ မနေ့ညက (၆၃)နှစ် နံနက်ပြည့်မယ်ပြောခဲ့တာ။ အခု ပြည့်နေပြီ။ ဝါးမြိုသွားပြီ။ (၆၃)နှစ်ပြည့်တယ်လို့ပြောတာ။ (၆၃)ခုနှစ်တာ ကာလအတွင်း သေချိန်တွေ အများကြီးကြုံပါတယ်။ သာမဏေ ဥပဇ္ဈာယ်ဆရာတော် ဘုရားတို့ စာသင်သားဘဝ ပျဉ်းမနားကံဦးကျောင်းမှာ စာသင်သားဘဝ နေတော့ တောရွာတစ်ရွာ အလည်လိုက်သွားတယ်။ ဆရာတော်တို့လဲ တောရွာရောက်ရော ကံဦးကျောင်း ဗုံးချခံရတယ်။ ဆရာတော်ရော

http://www.dhammadownload.com



တိုက်အုပ်၊ တိုက်ကြပ် အပါအဝင် တစ်ကျောင်းလုံး သေတာပဲ။

တို့ဆရာတော် သေကံမရောက် သက်မပျောက်ခဲ့ဘူး။ ဆရာတော် ဘုရားဟာ မုံရွာမြို့ သပြေပင်တောရကျောင်းတိုက်ကြီးရဲ့ ဒုတိယမြောက် ဆရာတော်ဖြစ်တယ်။ တခါတရံ သေဖို့အကြောင်းတွေနဲ့ ဆုံရတယ်။ မြန်မာနိုင်ငံ တရုတ်ပြည်က စွယ်တော်ကြွလာတယ်။ ပထမကြွလာတုံးက ဘုန်းကြီးကိုယ်တိုင် သွားကြိုတယ်။ နေ့တိုင်းလဲ စွယ်တော်ရှိတဲ့ နေရာမှာ ရောက်ဖြစ်တယ်။ နောက်တကျော့ ပြန်ကြွလာတဲ့အခါ စွယ်တော် ရောက်လာတော့ အနေကဇာတင်တယ်။ နောက်သွားချင်စိတ်မရှိတာနဲ့ တစ်ခေါက်မှ မရောက်တော့ဘူး။ နောက်တော့ ဗုံးပေါက်တယ် ဆိုပါတော့ မိတ်ဆွေသူငယ်ချင်းတွေက ဗုံးပေါက်တယ်ကြားတော့ ဦးဇာဂရတော့ ပါလောက်တယ်၊ သူစွယ်တော် နား သွားသွားနေတာတဲ့ အရင်တစ်ကြိမ် စွယ်တော်ကြွလာတုံးက ဘုန်းကြီးထိုင်တဲ့နေရာမှာ ဗုံးပေါက်တာပဲ။ သိလဲသိလို့ မဟုတ်ဘူး။ ပြောလဲဘယ်သူမှ မပြောဘူး။ တစ်လကျော် စွယ်တော်ကိန်းဝပ်နေတာ တစ်ခေါက်မှ မရောက်ဖြစ်ဘူး။ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်တယ်။ သေကံမရောက် သက်မပျောက်ကိုး။ သေနိုင်တာပါပဲ။

သတ္တဝါဟာ ကံကတော အဓိကပါ။ ကံဟုမူလ၊ သမ္ဗုဒ္ဓတို့ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ကံကသိပ်ပြီး အရင်းခံကျပါတယ်၊ အသက်ရှည်ဖို့ ကုသိုလ်ကံ၊ အသက်တိုတို့ အကုသိုလ်ကံက အရင်းခံ ပါပဲ။ ဥစ္စာဘောဂ ဇီဝိတနှင့် သုခပွားရန်၊ ဤလူ့ထံ၌ ဉာဏ်ဝီရိယ ပယောဂတည်း။ ဥစ္စာစည်းစိမ်တွေ တိုးတက်ဖို့၊ အသက်ရှည်ဖို့က ဉာဏ်ဝီရိယ အတော်အရေးပါတယ်။ ရှေးကံကလဲ အင်မတန် အရေးကြီး တယ်။ အမြင့်ဆုံးနဲ့ တိုင်းတာကြည့်ရအောင်။

F 11 CA

http://www.dhammadownload.com



## ရသဂ္ဂသဂ္ဂိလက္ခဏာတော်

ဘုရားအလောင်းတော်ကြီး ရသဂ္ဂသဂ္ဂီ လက္ခဏာတော် အရသာကြော လူတိုင်းပါတာပဲ၊ တဦးနဲ့တစ်ဦးတော့ မတူဘူး။ (၃၂)ပါးသော ယောကျ်ားမြတ်လက္ခဏာကြီးထဲမှာ အနာရောဂါ ကင်းရှင်းကွာပြီး ကျန်းမာတဲ့လက္ခဏာ။ အကျိုးအာနိသင်ကို ဘာကြောင့်ရသလဲ "သူတစ်ပါးကို မညှင်းဆဲရှောင် ကုသိုလ်ဆောင်၍ ခုနှစ်ထောင်သော ရသာကြောများ အဖျားချင်းအပ် လယ်မှာစွပ်၍ မီးဓာတ်ဂဟဏီ ဇီရဏီလည်း အညီချက်ချေ အစာကြေ၍ ထွေထွေရောဂါ ကင်းရှင်းကွာ၍ ကျန်းမာတော်မူပါသော မြတ်စွာဘုရား"။ မြတ်စွာဘုရား ဘာကြောင့် ကျန်းမာသလဲ။ ရသဂ္ဂသဂ္ဂီလက္ခဏာ ခုနှစ်ထောင်သော ရသာကြောများ အဖျားချင်းအပ် လယ်မှာစွပ်၍ မီးဓာတ်ဂဟဏီ၊ ဇီရဏီနဲ့ အညီချက်ချေ အစာကြေသဖြင့် ရသာကြောပေါင်း (၇၀၀၀)ရှိတာ တစ်ကိုယ်လုံးက အကြောတွေ လယ်မျိုစွပ်တဲ့အတွက် စားသမျှ အစာကြေတယ်။ သူတစ်ပါးကို မညှင်းဆဲရှောင် ကုသိုလ်ဆောင်၍၊ သူတစ်ပါးကို မညှင်းဆဲဘူး။

နှုတ်ပေါက်ထုခွဲ အုတ်၊ ကျောက်၊ ခဲနှင့် မထုဘူး။ လက်သီးနဲ့လဲ မထိုးဘူး။ ပါဏိနာဝါ လေဍ္ဍုဝါ။ ညှင်းဆဲခြင်းကို ရှောင်တဲ့ကုသိုလ်ကံကြောင့် ရသဂ္ဂသဂ္ဂီလက္ခဏာတော်။ (၇၀၀၀)သော ရသာကြောများ အဖျားချင်းအပ် လယ်မှာစွပ်၍ မီးဓာတ်ဂဟဏီ ဇီရဏီလည်း အညီချက်ချေ အစာကြေသဖြင့် ထွေထွေရောဂါ ကင်းရှင်းကွာ၍ ကျန်းမာတော်မူပါပေသော မြတ်စွာဘုရား။

မြတ်စွာဘုရား သက်တော် (၈၀)နေသွားတာပဲ။ တစ်ခါတစ်ရံ ဝမ်းချုပ်တဲ့ရောဂါ၊ တစ်ခါတစ်ရံ လေနာတဲ့ရောဂါမှလွဲလို့ ဘာမှ ကြီးကြီးကျယ်ကျယ် ရောဂါဆိုဖြစ်တော်မမူဘူး၊ ကျန်းမာတော်မူတယ်။ အလုပ်လုပ်ထားတာက အချိန်မနည်းဘူး။ ခြောက်နှစ်တာကာလ ဒုက္ကရစရိယ အကျင့်ကြောင့် ခါးနာတော်မူတယ်။ တစ်ခါတစ်ရံ

http://www.dhammadownload.com



တရားဟောပြီး **"ပိဋ္ဌိမေ အာဂိလာယတိ"**။ သာရိပုတ္တရာ ငါ့ဘုရား ခါးညောင်းတယ်။ အရှင်သာရိပုတ္တရာက တစ်ခါတစ်ရံ ဆက်ဟောရ တယ်။ ဒါလောက်တော့ ရှိတယ်။ စောစောကပြောသလို သူတစ်ပါးကို မညှင်းဆဲရှောင်၊ ကုသိုလ်ဆောင်တဲ့အတွက်၊ ရသဂ္ဂသဂ္ဂီလက္ခဏာတော်၊ (၇၀၀၀)သော ရသာကြောမျှား အဖျားချင်းအပ် လယ်မှာစွပ်၍ မီးဓာတ်ဂဟဏီ ဇီရဏီလည်းနဲ့ အညီချက်ချေ အစာကြေသဖြင့် ထွေထွေရောဂါ ကင်းရှင်းကွာသဖြင့် ကျန်းမာတော်မူပါသော မြတ်စွာဘုရား။ ဘုရားအလောင်းတော် ဘုရားဖြစ်မည့်ဘဝ၌ သူတကာ ထက် ရုပ်ချောတယ်၊ အသက်ရှည်တယ်၊ ကျန်းမာတယ်၊ ချစ်ခင်သူ ပေါတယ်၊ ဣဒ္ဓိ(၄)ပါးပဲ။

မြတ်စွာဘုရားရဲ့ ဘဝဟာ ကျန်းမာရေးကောင်းတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ ဗဟုသုတလေးတွေ ရှိဖို့လိုတယ်။ အသက် ရှည်ဖို့ လျောက်ပတ်ကျင့်ငြား လျောက်ပတ်စားနှင့် ဆေးဝါးစာကြေ သွားထွေကာလ ဖြဟ္မစာရီ ဤငါးလီမူ လောကီလူပေါင်း သက်ရှည် ကြောင်းတည်း။

(၁) လျော်စွာကျင့်ရမယ်၊

(၂) လျော်စွာ စားရမယ်၊

(၃) အခါးလျော်စွာ သွားရမယ်၊

(၄) ဆေးဝါးဓာတ်စာ အစာကြေစာ စားရမယ်၊

(၅) မြတ်ဝဲအကျင့်ကျင့်ရမယ်၊

ဒီအချက်အလက်တွေဟာ အသက်ရှည်ကြောင်း အဝတ်လျှော်ရ မယ်၊ ရေစစ်လျှော်ရမယ်၊ ဆေးလျှော်ရမယ်၊ အဟောင်းပြုပြင်ရတယ်၊ ရေတွင်းလျှော်ရမယ်၊ ဒါတွေဟာလဲ အသက်ရှည်ကြောင်းပဲ။

တို့ကလေးမြို့သွားစဉ်က အရှင်ပဒုမဆရာတော်ကြီးက ရောက်တာနဲ့ စကားတစ်လုံး, နှစ်လုံးပြောပြီးတော့ သူကတော့ သက်တော် (၈၀)၊ ကျောင်းကြီးက သစ်သားကျောင်းကြီးနဲ့နေတာ။ "တိုက်နေ၊

http://www.dhammadownload.com



အဆီစား၊ အထိုင်များ သုံးပါးဒုက္ခ ရောက်ကြောင်းမှတ်”တဲ့။ တိုက်မှာလဲ နေသေးတယ်။ အဆီလဲ စားသေးတယ်။ အထိုင်လဲ များသေးတယ်ဆိုရင် ဒုက္ခရောက်မည်သာမှတ်တဲ့။ ဒကာမကြီး ဒေါ်ထွားကြည်တို့မိသားစု ဝဝကြီးတွေလာကြတယ်။ ဝါဆိုသင်္ကန်း လာကပ်တာ၊ ကထိန်သင်္ကန်း လာကပ်၊ တရားလက်ဆောင်၊ ကျန်းမာရေး လက်ဆောင်လေး ပေးအုံးမှပဲ ဆိုပြီးတော့ “တိုက်နေ၊ အဆီစား၊ အထိုင်များ၊ သုံးပါးဒုက္ခ ရောက်ကြောင်းမှတ်” ဆိုတာလေး ပေးထားတယ်။

အခုထက်ထိ တိုက်နေ အဆီစား အထိုင်များ သုံးပါးဒုက္ခ ရောက်ကြောင်းမှတ်ဆိုတဲ့ လင်္ကာလေးရနေတုံးပဲ၊ လူတွေကတော့ ဝလျှက်ပဲ၊ အထိုင်ကမှ မလျှော့တာကိုး။ အဆီကလဲ လူတွေက ကြိုက်တာ များတယ်။ မုံရွာနေစဉ်က မန္တလေးကနေ ရန်ကုန်လာပြီးတော့ စာမေးပွဲလာလာဖြေတယ်။ ဆရာတော်ကြီးတစ်ပါးနဲ့ အထက်တန်း အိပ်ခန်းတွေမှာ မကြာမကြာဆုံတတ်ပါတယ်။ တစ်ခါကတော့ ရထားကသွားနေတာပဲ အသံကဆူနေတာ။ အဲဒီ ဆရာတော်ကြီးရဲ့အသံ ဟိုဘက်ခန်းက စကားပြောတာ ဒီဘက်ခန်းက ကြားရတယ်။ ဆရာတော်ကြီး သက်တော်(၈၀)ရှိနေပြီ။ မန္တလေး ဘီအိုအေ အထက်တန်း ပရဟိတကျောင်း ဆရာတော်ကြီး ဦးပရမတဲ့။ ဆရာတော်ကြီး ဘုရား သက်တော်ဘယ်လောက်ရှိပါပြီလဲ (၈၀)ရှိပြီ။ ဆရာတော်ကြီးရဲ အသံက လူငယ်တွေထက်ကြည်တယ်၊ မြည်ဟိန်းတယ်။ သက်တော်လဲ ရှည်တယ်။ ဘာတွေများ ပြုကျင့်ပါသလဲဆိုတော့-

(၁) အစားအစာ ကိုယ်နဲ့တည့်၊ မတည့် နားလည်ရမယ်။
(၂) ဥတုရာသီ နားလည်ရမယ်၊
(၃) သောကခေါင်းထဲ မထားနဲ့၊ သောကစိုးရိမ် ပူဆွေး စိတ်မအေးတာ၊ စိတ်ပူတာ၊ စိတ်ပူမိပြီး မချိအောင် ဖြစ်နေရင် အသက်တိုတာပဲ၊

http://www.dhammadownload.com



သူက အဲဒီ(၃)မျိုးပြောတယ်။ အချို့ ဆရာတော်ကြီးတွေကျတော့ သောကကိုရှောင် ဝအောင်မစား လှုပ်ရှားကိုယ်လက်ဤသုံးချက် အသက်ရှည်ကြောင်းတည်း။ သောကကတော့ ပါတာပဲ။ လောကကြီးက ဒီသောကနဲ့ နပမ်းလုံးနေကြတာ၊ သောကကိုရှောင် ဝအောင်မစား ဗိုက်တင်းအောင် မစားရဘူး။ အစားကြီးက ဝမ်းမီးလေဓာတ် ပျက်စီးတတ်၏လို့ ဆိုတာကိုး။

သဲကုန်းဆရာတော်က နံနက်ဆံပြုတ်နေ့မှာ ဆွမ်းနည်းနည်းဘုဉ်းပေးတယ်။ ဘာပြုလို့လဲဘုရား အစားဝအောင် မစားရဘူး။ အသက်ရှည်ချင်ရင် အစာဝအောင်မစားနဲ့။ လှုပ်ရှားကိုယ်လက်၊ ကိုယ်လက်လှုပ်ရှားမှုရှိမှ ဒီနေ့ စွယ်တော်ဂေါပကအဖွဲ့ ဗိုလ်ချုပ်ကြီးမောင်သင်တို့ ဒကာမကြီးဒေါ်မြတို့ ဦးဆောင်ပြီးတော့ ဂေါပကအဖွဲ့အစည်းအဝေး (၂)နာရီခွဲလောက် ဆက်တိုက်ထိုင်လိုက်တာ လူနေလို့မကောင်းဘူး။ တော်တော်လေး လမ်းလျှောက်လိုက်ရတယ်။ လှုပ်ရှားကိုယ်လက်ကလဲ အင်မတန်အရေးကြီးတယ်။

အခုဘုန်းကြီးတို့ ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးက အဆီတော့ မစားဘူး။ အထိုင်များတယ်။ ဒါကြောင့် (၅၆)နှစ်ထဲမှာ လေဖြတ်သွားတာပါ။ (၅၆)နှစ်ကနေပြီး (၇၂)နှစ်ထိအောင် အိပ်ယာနဲ့ ကုလားထိုင်ပေါ်မှာပဲ နေရတယ်။ ဆိုကြပါစို့ လူဘဝကြီး ရောက်လာပြန်တော့ အသက်ရှည်ခဲတယ်။ အသက်ရှည်ပြန်တော့ ဘာသာအယူဝါဒ အဆုံးအမက မှန်ခဲတယ်။ ကိုးကွယ်ရာလဲ မှန်ခဲတယ်။ ကမ္ဘာ့လူထုကြီး သန်းပေါင်း(၆၅၀၀)၊ မဂ္ဂင်(၈)ပါး ကြားဘူးတဲ့ဘာသာ နည်းနည်းပဲရှိတယ်။ ဗုဒ္ဓဘာသာတွေက အင်မတန်ကြားဘူးတာများတယ်။ သို့သော် ခန္ဓာအာယတန ဓာတ်သစ္စာမသိတဲ့ ဗုဒ္ဓဘာသာတွေက အင်မတန်များတယ်။ အဲဒီတော့ ဘဝဟာ အင်မတန် ကြောက်စရာကောင်းတယ်။

စာရေးဆရာတွေက ဘဝကို ဘဝဟူသည် စုံဂနိုင် စန်းအကွေ့မှ ပန်းမွေ့ယာသဖွယ်လဲ မဟုတ်ပါချေ။ စာရေးဆရာကတော့ ဖွဲ့တာနော်။

http://www.dhammadownload.com



စုံဂနိုင်စန်းအကွေ့မှ ပန်းမွှေ့ယာလဲမဟုတ်ဘူး။ တို့မြတ်စွာဘုရားကတော့-

**နာဟံ ဘိက္ခဝေ ဘဝံ နဝဏ္ဏေမိ အန္တမသော အစ္ဆရာ သင်္ဃာဋမတ္တမ္ပိ။**

ရဟန်းတို့ ဘဝကို ငါဘုရားမချီးမွမ်းဘူးတဲ့။ ဘဝဆိုတာ ဖြစ်နေတာကို ပြောတာ ဘာမှမချီးမွမ်းဘူး။ ဘယ်လောက် မချီးမွမ်းဘူးလဲဆိုရင် အန္တမသော= အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့်၊ အစ္ဆရာ သင်္ဃာဋမတ္တမ္ပိ= လက်ဖျောက်တစ်ချက်တီးလေးမျှလည်း၊ နဝဏ္ဏေမိ= ချီးမွမ်းတော်မမူ။ ဘုရားရှင်က လက်ဖျောက်တစ်ချက်တီးလေးတောင် မချီးမွမ်းဘူး။ တစ်သက်တော့ မပြောနဲ့။ တို့(၆၃)နှစ် မချီးမွမ်းဘူး။ ဘာကြောင့် မချီးမွမ်းသလဲ၊ ဘဝဟူသည် စုံဂနိုင်စန်းအကွေ့မှ ပန်းမွှေ့ယာမှ မဟုတ်ပဲနော်။ စာရေးဆရာက ပုလဲလုံးကို ကြိုးမှာသီကုံးထားသကဲ့သို့ မညီမညာပါပေတဲ့။ ပုလဲလုံးကို ကြိုးနဲ့သီကုံးထားသကဲ့သို့ မညီညာပါပေတဲ့။ ပုလဲလုံးကို ကြိုးနဲ့သီကုံးထားသလို ညီညာတာ မဟုတ်ပါဘူးတဲ့။

တစ်နေ့က မြိုင်ကြီးငူဆရာတော်က ဇရာမစာအုပ်ကြီး တစ်အုပ်ပေးတယ်။ မြိုင်ကြီးငူဆရာတော်၏ ဘဝအချိုးအကွေ့များ၊ သူ့ဘဝဟာ အဖြောင့်နည်းပါတယ်။ အလားတူပဲ ဘုန်းကြီးတို့ဘဝတွေဟာလဲ ဖြောင့်လှတယ်တော့ မရှိပါဘူး။ စာရေးဆရာက ကြယ်တာရာ ဝန်းရံခသည့် ဖိုးလမင်းလိုလဲ မသာမလင်းနိုင်ပေ။ ကြယ်တာရာ ဝန်းရံခတဲ့ ဖိုးလမင်းလို ဘယ်သာယာမလဲ။ ဘဝကို ပြန်ပြီးတော့ စဉ်းစားလိုက်ရင် ဂျပန်ခေတ်မှာ လူလာဖြစ်တာကိုး။ ဂျပန်တွေတက် စက်သေနတ်သံတွေကြားမှာ မွေးဖွားလာတာ။ ပုန်းကျင်းတွေထဲ ပုန်းရတာ မှတ်မိတယ်။ အပေါ်က လေယာဉ်ကြီးတွေက အုန်းပင်တစ်ရပ်၊ နှစ်ရပ်လောက်က ပျံသွားတာတွေလဲ မြင်ဖူးတယ်။ သေနတ်တွေ လွယ်ပြီးတော့ သွားတာတွေ၊ ရွာမြောက်ဖက်ပုန်းကျင်းထဲ ပုန်းတာတွေ မှတ်သိနေတယ်။ တစ်ခါတစ်ရံကျတော့ လေယာဉ် အိမ်ခေါင်မိုးနဲ့ လွတ်ရုံလေးပဲ။

http://www.dhammadownload.com



ဒီနောက် တော်တော်လေး အရွယ်ရောက်တော့ ရောင်စုံသူပုန်တွေထပြီးတော့ ဟိုရွာမှာလဲ သေနတ်သံနဲ့၊ ဒီရွာမှာလဲ သေနတ်သံနဲ့၊ ကျောက်လှေကားမှာ ဘယ်သူကို သတ်သွားပြန်ပြီ၊ ကုန်းသာမှာ ဘယ်သူ့သမီး ပါသွားပြန်ပြီ။ (၁၂)နာရီ ရွာပြင်ထုတ်လို့ ဒိုင်းကနဲ့ဆို သေပြီ။ ဘယ်သူလဲမသိဘူး။ အဲဒီလို ကြားတွေထဲမှာ ကျောင်းသားဘဝနဲ့ နေခဲ့ရတယ်။ ရှင်ဘဝကျန်ပြန်တော့လဲ မုံရွာက ကနီအထိ မော်တော်နဲ့ ဆရာဘုန်းတော်ကြီး(၂)ပါးက သင်္ဘောနဲ့ ဟုမ္မလင်းဘက်လိုက်တာ။ ရွှေမော်ကူးဆိုတဲ့နေရာက ရဲဘော်တွေကချောင်းပြီး သေနတ်နဲ့ ပစ်တာကံကောင်းလို့ ဘုန်းကြီး(၂)ပါး ပျံတော်မမူရှာကြတာ။

သူတို့နားက လူတွေသေကုန်တာပဲ။ အဲဒီလို အဖြစ်နဲ့နေလာတာ ၁၉၆၂ ခုနှစ်ကျမှ ချင်းတွင်းပိုင်းမှာ ငြိမ်းချမ်းရေးရခဲ့တာ။ သည့်နောက် ဧရာဝတီတိုင်း ငြိမ်းချမ်းရေးရ၊ အခုတော့ တဖြည်းဖြည်းနဲ့ နယ်မြေစုံအောင် ငြိမ်းချမ်းရေးရကြတာ အလွန်ဝမ်းသာဖို့ ကောင်းတယ်။ မသေတဲ့ အသက်ကလေးတွေနဲ့၊ လုံးစုံမျက်မြင် ဖြစ်ရအင်ကို ဆင်ခြင်စဉ်းစား သတိထားမှ တရားသံဝေဂ ရကောင်းချေ၏ ဆိုသလို သတိပြုဖို့ပါပဲ။

ဩော်- ဘုန်းကြီးတို့ ကလေးတုန်းက ကြုံခဲ့ဖူးတာ ကောက်ကြီးစပါးတွေက ရေမြုပ်တယ်၊ မုရင်းစပါးတွေက ရေလွှမ်းတယ်။ စားစရာမရှိဘူး။ တောထဲက မျောက်ဥတွေ တူးစားတယ်။ အင်းထဲက ကြာဝတ်ဆံတွေကိုရော စားရရှာတယ်။ တစ်ရွာလုံးဆိုတော့ လူတွေကနည်းတာမှ မဟုတ်ပဲကိုး။ ဆန်လေးနဲ့မလောက်နိုင်ဘူး။ ဆန်လေးကိုနို့ဆီဘူးတလုံလောက်ထည့် ခုနကပြောတဲ့ မျောက်ဥတို့ ဘာတို့နဲ့ရောစားရရှာကြ။ ခန္ဓာကိုယ်ရဲ့ ဒုက္ခကြီးတာကို ပြောတာနော်။

http://www.dhammadownload.com



## ဒို့ပြန်လျှင်

"လူ့ရပ်လူ့ရွာ ရောက်လာကြ ဒို့အများ၊ ဒို့ပြန်လျှင် ဘာယူသွားမယ် စဉ်းစားလို့ထား"။ ဟော- ရောက်လာကြပြီ၊ ယောဂီတွေလဲ ရောက်လာပြီ ဆရာလေးတွေလဲ ရောက်လာပြီ။ အပြန်ခရီး ဘာယူသွားမယ်။ ဟိုတုန်းက လူနှစ်ယောက်ရှိတယ်။ အကောင်ဘလောင်လေးတွေ မွေးတဲ့လူ နှစ်ယောက် အကောင်ဘလောင်လေးတွေ မွေးပြီးခရီးသွားကြ။ တစ်နေရာရောက်၊ ရောက်တဲ့ အခါကျတော့ မစင်ခြောက်တွေတွေ့တာ ထည့်ကွာအိတ်ထဲ၊ ထည့်ကြတယ်။ မိုးကလဲ ရွာတော့ မစင်ကလဲ တစ်စက်စက်နဲ့ပေါ့။ နှစ်ယောက်သမား တစ်နေရာ ရောက်သွားတော့၊ ဘာတွေ့သလဲ၊ ဝါဂွမ်းတွေ တွေ့တယ်။ ဝါတွေ ပေါ့လေ။

နောက်နှစ်ယောက်သမားမှ တစ်ယောက်က မစင်တွေ စွန့်ပစ်ထားပြီး ဂွမ်းတွေယူသွားမယ်တဲ့။ တစ်ယောက်က အဝေးကြီးကသယ်လာရတာ မစင်ထုပ် ဆက်ထမ်းမယ်၊ အိမ်ရောက်ရင် ဝက်ကျွေးမယ်ပေါ့။ အဲဒီလိုနဲ့ တစ်နေရာသွားတဲ့အခါ ချည်ခင်တွေ တွေ့တယ်။ ချည်ခင်ဆိုတာ ဝါကလုပ်ရတာ။ ဝါတွေထားခဲ့ပြီး ချည်ခင်တွေ ထမ်းတယ်။ တစ်ယောက်ကတော့ မစင်ကိုပဲ ဆက်ထမ်းတယ်။ နောက်တနေရာရောက်တော့ ချည်ထည်တွေ တွေ့တာပေါ့။ ချည်ခင်တွေ စွန့်ပစ်ပြီးတော့ ချည်ထည်တွေ ယူပြီးထမ်းသွားတယ်။ တစ်ယောက်ကတော့ မစင်ပဲထမ်းတယ်။ နောက်တစ်နေရာမှာ ခဲပုပ်တွေတွေ့တယ်၊ ကြေးတွေ တွေ့တယ်။ နောက်တစ်နေရာမှာ ငွေတွေ တွေ့တယ်။ နောက်တစ်နေရာမှာ ရွှေတုံးတွေ တွေ့တယ်။ တစ်ယောက်ကတော့ ကောင်းနိုးရာရာ ပြောင်းပြောင်းထမ်းတယ်။ တစ်ယောက်ကတော့ မစင်ထုတ်ပဲ ထမ်းတယ် မပြောင်းဘူး။ နှစ်ယောက်သား အိမ်ပြန်ကြတယ်။

အိမ်ရောက်တော့ မစင်ထုပ်ထမ်းလာတဲ့လူရဲ့ မိသားစုက မြင်တာနဲ့ နှာခေါင်းရှုံ့ကြတယ်။ ရွှေတုံးထမ်းလာတဲ့ လူကိုတော့

http://www.dhammadownload.com



မိသားစုက ဝမ်းပမ်းတသာနဲ့ ကြိုကြဆိုကြတယ်။ ဒီဥပမာကို ပါယာသိမင်း အယူမှားတာနဲ့ ပတ်သက်ပြီး ဘုရားစီက နည်းတစ်ဆင့်ရတဲ့ အရှင်ကုမာရကဿပထေရ်က ပေးတာပါ။ အယူဝါဒမှားကိုး။ ယူထားတဲ့ ပုဂ္ဂိုလ်ဟာလဲ မစင်ထုတ်ထမ်းလာတာလို မှန်တာတွေ့ရင် ပြောင်းရဲရမယ်။ အဘိုးတန်တာတွေ့ရင် ပြောင်းရမယ်။ ရွှေတုံး ရွှေခဲထမ်းသွားတဲ့ လူကြည့်ပါလား။ တဖြည်းဖြည်းနဲ့ ပြောင်းပြောင်း ထမ်းသွားတော့ အသက်မွေးဝမ်းလည်းကောင်း၊ မိသားစုလည်း ဝမ်းသာရတယ်။

"လူ့ရပ်လူ့ရွာ၊ ရောက်လာကြ ဒို့အများ၊ ဒို့ပြန်ရင် ဘာယူသွားမယ်၊ စဉ်းစားလို့ထား"။ သီလအနှစ်သာရ၊ သမာဓိအနှစ်သာရ၊ ပညာအနှစ်သာရ တွေ့ရှိတယ်။ မဂ္ဂင်(၈)ပါးဆိုတဲ့ အနှစ်သာရတွေ ရှိတယ်။ ဒီအနှစ် သာရတွေ ယူသွားရမယ်။ ဒါကြောင့်မို့ တခါတုံးက သီးလုံးဆရာတော် ဘုရားစီ ဘိုးသူတော်တစ်ယောက်က ကျောင်းအောက်ကနေ တောင်းသတဲ့။ စာဆိုလေးနဲ့ တောင်းတာ။ "ရှေးကကောင်းလို့ ယခု ကောင်းသည်၊ ယခုကောင်း နောင်ကောင်းပါလိမ့်မည်ဘုရား"။ အရှင်ဘုရား ပေးတော်မူပါဘုရား။ အရှင်ဘုရားက ရှေးဘုန်း ရှေးကံကြောင့် ဘုန်းကြီးနေတာပါဘုရား။ တပည့်တော်တို့မှာ ဆင်းရဲနေပါတယ် ဘုရား"လို့လျှောက်တော့ ဆရာတော်ကြီးကလဲ "ရှေးကဆိုးလို့ ယခုဆိုးသည်၊ ယခုဆိုး နောင်ဆိုးပါလိမ့်မည်"လို့ဆိုသတဲ့။

ရှေးကကောင်းလို့ ယခုကောင်းတာ၊ ယခုကောင်းရင် နောင်ကောင်းပါလိမ့်မည်ဆိုတဲ့ ကမ္မဿကတာဉာဏ် ရှိကိုရှိရမယ်။ ရှေးကဆိုးလို့ ယခုဆိုးတာ ယခုဆိုး နောင်ဆိုးပါလိမ့်မည်။

လူကိုးယောက် နတ်ကိုးပါးလိုပေါ့။ ကိုယ်နဲ့ထိုက်တန်တဲ့ ကောင်းတဲ့လုပ်ငန်း လုပ်လို့ရှိရင် အဲဒီအလုပ်က အကျိုးမယုတ်ဘူး။ တစ်ဆင့်ဆင့် မြင့်သွားရမှာ မစင်၊ ဝါဂွမ်း၊ ချည်ဝင်၊ ချည်ခင်၊ ချည်ထည်၊ ခဲပုပ်၊ ကြေး၊ ငွေ၊ ရွှေ အဲဒါလို တဖြည်းဖြည်းတက်သွားရမှာ။ ဟိုတုံးက လူကိုးယောက်ရှိတယ်၊ လူကိုးယောက်ရှိတော့ မြတ်စွာဘုရားရှိတယ်၊

http://www.dhammadownload.com



သံဃာတော်တွေရှိတယ်။ တစ်ယောက်က ထကြွတစ်မျိုး၊ ရှိခိုးတတွေ နေရာကိုပေး (၁)ယောက်က ထထကြွကြွ၊ (၂)တစ်ယောက်က ရှိခိုးတယ်၊ (၃) တစ်ယောက်က နေရာပေးတယ်၊ (၄) တစ်ယောက်က လှူတယ်၊ သက်နန်းလှူတယ်၊ (၅)တစ်ယောက်က တရားလိုက်နာ သေးတယ်၊ (၆) တစ်ယောက်က နားစိုက်ကာဖြင့်၊ (၇) တစ်ယောက်က နှုတ်မှာဆောင် ထားတယ်၊ ဟောသွားတဲ့ တရားကိုရတယ်၊ ရှေးက စာအုပ်မရှိဘူး။ စိတ္တသူကြွယ်တို့၊ နန္ဒမာတာတို့ ပါရာယနသုတ္တန်ကို ရလို့ရွတ်နေတယ် မဟုတ်လား။

## ဩဝါဒ

ခုခေတ်ကတော့ တရားဟောသွားရင် နောက်ကနှုတ်တက် အာဂုမ်ရခဲပါတယ်။ ဘုန်းကြီးတို့ ရဟန်းနှစ်ဝါလောက်က ပခုက္ကူမြို့၊ မဟာဝိသုတာ ရာမကျောင်းတိုက်ကြီးကို ရောက်တယ်။ ဆရာတော်တွေ ဩဝါဒပေးတယ် ဆိုရင် ပါဠိလဲရွတ်တယ်၊ အနက်လဲပေးတယ်ဆိုရင် ရတယ်။ ပထမဆုံး ရောက်သွားတော့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးနေမိန်က ဘယ်လိုဩဝါဒ ပေးသလဲဆိုတော့-

**အတ္တနာဝ ကတံ ပါပံ အတ္တနာ သံကိလိဿတိ**
**အတ္တနာအကတံပါပံ အတ္တနာဝ ဝိသုဇ္ဈတိ**
**သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံဝိသောဓယေ။**

လို့ ဩဝါဒပေးတယ်။ နောက်ကလိုက်ဆိုတာ ရနေပါတယ်။

ဟောထားတဲ့ တရားကို စဉ်းစားတာ၊ ခန္ဓာက ဘယ်လို၊ အာယတနက ဘယ်လို၊ ဓာတ်က ဘယ်လို၊ သစ္စာက ဘယ်လို ဟောထား တဲ့တရားကို ကျင့်ကြံတာ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ အားထုတ်တဲ့အဆင့် ရောက်ပြီ။ အဲဒီလူ(၉)ယောက်ဟာ နတ်ပြည် ရောက်တော့လဲ သူ့အဆင့်နဲ့သူ (၁) ထကြွတစ်မျိုး၊ (၂) ရှိခိုးတထွေ၊ (၃) နေရာကို‥ (၄)လှူရေးတခြား၊ (၅) တရားလိုက်နာ၊ (၆)နားစိုက်ဖြင့်၊

http://www.dhammadownload.com



(၇) နှုတ်မှာဆောင်ထား၊ (၈) စဉ်းစား၊ (၉) ကျင့်ကြံ ဤ(၉)တန် မှတ်ရန် အထူးတည်း။

သာသနာနဲ့ တွေ့ကြုံလာတဲ့အခါ တစ်ယောက် ထကြွမှုပြုတယ်၊ တစ်ယောက်က ရှိခိုးတယ်၊ တစ်ယောက်က နေရာပေးတယ်၊ တစ်ယောက်က လှူတယ်၊ တစ်ယောက်က တရားနာတယ်၊ တစ်ယောက်က နားစိုက်တယ်၊ တစ်ယောက်က နှုတ်မှာ ဆောင်တယ်၊ တစ်ယောက်က စဉ်းစား၊ တစ်ယောက်က ကျင့်ကြံအားထုတ်တယ်။ အဲဒီကိုးယောက် နတ်ပြည်ရောက်ကြတယ်။ ဒါပေမဲ့ သူ့အဆင့်နဲ့သူပဲ အကျိုးပေးကြတယ်။ ဟော- ဆရာသမားပြောသွားတာ နာရတာ အတူတူပဲ မှတ်ဖို့လိုတယ်။ ပခုက္ကူရောက်ခါစက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒသုန္ဒရမထေရ်မြတ်ကြီးက သြဝါဒပေးတော်မူတယ်။ သူကတော့ တပည့်တွေ သရုပ်ခွဲပြတယ်။ ဒါစာထဲ မပါဘူး၊ ဘယ်လိုခွဲသလဲဆိုတော့- တပဲ့ အလကားပါကွာ နို့ဘုန်းကြီးစာလဲ မတတ်ဘဲနဲ့ ဆရာတော် လုပ်နေတာပါ စသည်ဆိုတဲ့ တပဲ့ကတစ်မျိုး၊ တုပဲ့ ဆရာသမားနဲ့တုတာ၊ တင်းပဲ့ ဆရာသမားအတင်းတွေကို ပြောတာ၊ နှိုက်ကော်ခပ်စား တပဲ့ ဆရာတော်အတွက် ပြင်ထားတဲ့အစားအစာကို နှိုက်ကော်ပြီး စားတတ်တာ၊ ရေအိုးလဲမထူတပဲ့ ရေအိုးစင် ပြိုပြီးလဲနေတာ နေပေစေ ပြစ်ထားလိုက်၊ ဆရာအနီးအပါး အမှိုက်ပုံကြီးတွေ မသန့်ရှင်းမှုတွေတွေ့ရင် ပြစ်ထားတာ၊ တပြည့် တပည့်ဖြစ်ဖို့လိုတယ်၊ ငါ့ တပည့်လေး ဘယ်မှာနေတယ်၊ ငါ့တပည့်လေး အိန္ဒိယနေတယ်။ ငါ့တပည့်လေး မုံရွာနေတယ်၊ ရန်ကုန်နေတယ်၊ ငါ့တပည့် ငါ့စီပြန်လာပြီး စာချပေးလိမ့်မယ် စသည်နဲ့ တ,တ တနဲ့ နေရတဲ့ တ,ပြည့်။

အဲဒီတော့ တပည့်ဖြစ်ဖို့ လိုတယ်လို့ ဆရာတော်သုန်က သြဝါဒ ပေးတော်မူတယ်။ အဲဒီတုံးက သံဃာ(၈၀၀)ကျော် ဝါဆိုနေတာမှတ် တ,ပည့် ဘယ်နှစ်ပါးရှိသလဲ၊ ရှိတော့ရှိတယ် ရှားမယ်။ ပြောထားတာက လွန်ခဲ့တဲ့ (၄၁)နှစ်က ပြောထားတဲ့သြဝါဒ၊ မုံရွာ သပြေပင်ဆရာတော်ကြီး

http://www.dhammadownload.com



ကတော့ စာသင်သားတွေနဲ့ ပတ်သတ်ပြီးတော့ ဘာပြောသလဲဆိုတော့ "ကျမ်းမများနဲ့"၊ ကျမ်းစာသင်တာဗျာမများနဲ့ အင်္ဂလိပ်စာသင်ချင်တာ၊ ကွန်ပျူတာ သင်ချင်တာ၊ ဟိုဟာသင်ချင်တာ၊ ဒီဟာသင်ချင်တာ မလုပ်နဲ့။ "လမ်းမသလားနဲ့"၊ ရန်ကုန်သွားချင်တာနဲ့၊ မန္တလေးသွားချင်တာနဲ့၊ ဟိုရွာသွားချင်တာနဲ့၊ ဒီရွာသွားချင်တာနဲ့၊ "အလွမ်းမထားနဲ့"၊ အမေ့မလွမ်းနဲ့၊ အဖေ့မလွမ်းနဲ့၊ မိတ်တွေမလွမ်းနဲ့၊ စာသင်သားများ ကြီးပွားတိုးတက် ချင်တယ်ဆိုရင် "ကျမ်းမများနဲ့၊ လမ်းမသလားနဲ့၊ အလွမ်းမထားနဲ့"တဲ့။ ယောဂီ တရားအားထုတ်နေပါတယ်ဆိုမှ အိမ်လွမ်းနေရင် ဘယ်တရားရနိုင်မှာလဲ၊ မဟုတ်ဘူးလား။

တခါတုံးက ဦးဣန္ဒကဆိုတဲ့ ကိုယ်တော်က မုံရွာအနောက် ဆားလင်းကြီးမြို့နယ်က ဦးပညိန္ဒရွာကို အလည်လိုက်သွားတယ်။ အဲဒီအချိန်မှာ ယမာချောင်း တောင်ကျရေ ဆင်းလာတာ ရေက ထန်းပင်မြုပ်ခါနီးပဲတဲ့။ အဲဒီတော့ သူတို့ဘာလုပ်ရသလဲ၊ ထန်းပင်ထက် မြင့်တဲ့ မန်ကျည်းပင်ပေါ် တက်နေရတယ်။ ကိုယ်ကတက်လိုက် အောက်ကမြွေပွေးက တက်လာလိုက်၊ မြွေပွေးရိုက်ချလိုက်၊ မန်းကျည်းပင်ပေါ်မှာ တစ်ညအိပ်ရတယ်။ ပြန်လာတဲ့အခါကျတော့ ဘပည့်တော်တို့ ကံကောင်းလို့ မသေတယ်ဘုရား၊ အဲဒီတော့ ဆရာတော်က ဘာပြောသလဲ "အသွားမတော်တစ်လှမ်း၊ အစား မတော်တစ်လုပ်"တဲ့။ ဒါဆုံးမစကား ပြောတော်မူတာ၊ ဆရာသမားတွေရဲ့ ဩဝါဒတွေဟာ စိတ်ထဲ၊ ခေါင်းထဲရှိမှ ဘုန်းကြီးကတော့ မွေးနေ့နား တဝိုက်မှာ သူတော်ကောင်းတရားကို အာရုံအများဆုံး ထားနိုင်အောင် အတတ်နိုင်ဆုံး စိတ်ကောင်းစိတ်မြတ် ထားပြီးတော့ ယောဂီတွေ၊ တပည့်တွေ၊ သီလရှင်တွေ ကိုယ်သိတဲ့အသိဉာဏ် အထူးသဖြင့် ပရမတ် အသိဉာဏ် ရပါစေလို့ ပါဠိအဋ္ဌကထာ ဋီကာတွေက ထုတ်နှုတ်ဟောတာ ရှိတယ်။ အထူးသဖြင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ခန္ဓာအာယတန ဓာတ်သစ္စာတွေ ဒီမွေးနေ့ ရက်ပိုင်းတဝိုက်မှာပဲ ဟောလို့ ပြောလို့ ပြည့်စုံခဲ့ပြီ။

http://www.dhammadownload.com



## သောတာနုဂတသုတ္တန်

ပြည့်စုံတော့ သောတနုဂတသုတ္တန်လို့ မြတ်စွာဘုရား ဟောထားတာ ရှိတယ်။ သောတနုဂတသုတ္တန်ဆိုတာ ဘယ်လိုဟာလဲ ဆိုရင်တော့ "ကြားဖူးဖန်ဖန် စည်းတီးသံကို ရံခါလျှောက်သွား၊ လမ်းတွင်ကြားက ဤကားစည်သံ ဟုတ်အမှန်ကို မုချပိုင်ပိုင် ဆုံးဖြတ်နိုင်သို့"။ လူတစ်ယောက်က ခရီးသွားတယ်။ သွားတဲ့အခါ စည်သံကြားတယ်။ ကြားတဲ့အခါ ဒါစည်သံပဲလို့ ဆုံးဖြတ်နိုင်သလိုပဲတဲ့။ "ဘုန်းလှိုင်ဟောအပ် ပိဋကတ်ကို သင်မှတ်နာမှု သိအောင်ပြု၍ လေးခုသစ္စာ သိမှုပါလျှက် ခန္ဓာပြောင်းကြွေ ဤလူ့ပြည်မှ နတ်ပြည် ရောက်သွား ဉာဏ်ဆိုးဝါးလဲ သင်ကြားသုတ လူ့ဘဝက ဓမ္မလုံးစုံ စုကာပြုလျှက် ရွှေဘုံပြည့်ဝ ပစ္စက္ခတည်း"။

အဲဒီလို စည်သံကြားတဲ့အခါ ဒါစည်သံပဲလို့ သိသလို မြတ်စွာ ဘုရားဟောတဲ့ ပိဋကတ်တရားတော်တွေ ရုပ်တရား၊ နာမ်တရားတွေကို သင်တယ်၊ နာတယ်။ သိအောင်ပြု သစ္စာလေးပါး သိတယ် အရိယာ သစ္စာတရားတော့ ရမသွားသေးဘူး။ ပုထုဇဉ်ဘဝကပဲ ခန္ဓာပြောင်းကြွေ ပြီးတော့ သွားပစေ။ နတ်ပြည်ရောက်သွားတော့ ဉာဏ်က သင်ကြားသုတ လူ့ဘဝက ဓမ္မလုံးစုံ စုကာပြုလျှက် ရွှေဘုံပြည်ဝ ပစ္စက္ခတည်း။ နတ်ပြည် ရောက်တဲ့အခါ တရားတွေက ပေါ်လာတယ်။ တခါထဲ အရိယာ တန်းပြီးတော့ ဖြစ်သွားနိုင်တယ်တဲ့။

ဒါကြောင့် ယောဂီတို့ဟာ ခန္ဓာတရားတွေ၊ အာယတနတရား တွေ၊ ဓာတ်တရားတွေ၊ သစ္စာတရားတွေ ဘုန်းကြီးတို့လဲ တတ်နိုင် သလောက် ရှင်းအောင်ဟောတာပဲ။ တကယ်ကျတော့ တစ်ချို့ တရားတော်တွေဟာ ရှင်းလေရှုပ်လေ။ တစ်နေ့က ဘုန်းကြီးရဲ့ ရဟန်းဒကာကြီးတစ်ယောက်က အဘိဓမ္မာတရားတွေ သိတော့ သိတာပဲ၊ မရှင်းဘူးတဲ့။ တော်ရုံတန်ရုံ မရှင်းနိုင်ဘူး။ အရပ်စကားမှ မဟုတ်ပဲ။ ပရမတ်စကားတွေကို ပညတ်နယ်တွေက ဖုံးလွှမ်းနေတတ်ပြန်တယ်။

http://www.dhammadownload.com



စိတ္တကို စိတ်လို့ဘာသာပြန်တာ၊ စေတသိကကို စေတသိက်လို့ ဘာသာပြန်တာ၊ ရူပကို ရုပ်လို့၊ နိဗ္ဗာနကို နိဗ္ဗာန်လို့ ဘာသာပြန်တာ၊ အဲဒါပဲကြည့်တော့ စိတ် စေတသိတ် ရုပ် နိဗ္ဗာန် ဒါလဲသိဖို့ မလွယ်ဘူးနော်။

ရေဦးနားက ရွာတစ်ရွာက လူတစ်ယောက် ပြောသလို။ ဟေ့ကောင် ဘယ်သွားမလို့လဲ မေးတော့ ရှူးအေဝမ်းဖက်တဲ့။ ဒီကောင် ဘာပြောပါလိမ့် တွေးနေရတယ်။ အမှန်တော့ ရေဦးဝက်ဖမ်း သွားမလို့ ပါပဲ။ ဥပမာ ပြောတာပါ။ အနိမ့်ဆုံးကို နှိုင်းထားတာ။ အရပ်စကားတောင် ခက်တာ၊ ပရမတ်စကားကတော့ ပိုခက်တာပေ့ါ ပြောစရာမလိုဘူး။ အချို့အရပ်တွေက ဘာမှန်းမသိဘူး ဆိုတဲ့စကားကို ဘာညောင်း ညောင်းမှန်း မသိဘူးတဲ့။ ကဲ-ဘယ်နှယ့်လုပ်သိမှာတုံးနော် မဟုတ်လား၊ သိပ်ပြီးတော့ မလွယ်ဘူး။ ဘုန်းကြီးတို့ အရပ်တွေစီမှာ သုံးတာက 'ဟုတ်လား'ကို ဟုတ်လားမွန်တဲ့။ လင်းတကို ရွှေဘိုက ထိုးလဆိတ်လို့ ခေါ်တာ။ တစ်ချို့အရပ်တွေကျတော့ ပူကယ်၊ အချို့က လက်နှီးစုတ်တဲ့။ လောကပညတ်စကားတွေတောင်မှ အင်မတန် ခက်တာ။ ဇွန်းသေးလေး တောင်မှ တစ်ချို့က ဇွန်းသားလေးတဲ့။ သူဌေးကတော်လို့မခေါ်ဘူး၊ တစ်ချို့က သူဌေးမကြီးတဲ့။ ခက်တာကို ပြောတာပါ။ တရားပညတ်သံ ကတော့ ပိုပြီးခက်တယ်။

"ထိုမှတစ်ခန်း ဉာဏ်ပွင့်လန်းဖို့ ရဟန်းဒေဝ ကထိကနှင့် ရှေးကကျင့် နတ်သူတော်တို့ မြွက်ဖော်ဟောရေး သတိပေးက မနှေးလျှင်လျှင် သိမှုဝင်လျှက် လူ့ခွင်တုံးက ငါလုံ့လသည် ဓမ္မသီးသီး ဤပင်တည်းဟု ဤနည်းသံဝင် ဉာဏ်ဝယ်ထင်၍ လေးအင်သစ္စာ ပွင့်လင်းလာသည် သင်နာသိမှတ် ရကျိုးတည်း"။ ယခု ပရမတ်တရား ဓာတ်တရားတွေ နာထား၊ အလဟဿ မဖြစ်ဘူး။ ဘာပြုလို့လဲဆိုတော့ နတ်ပြည်ရောက်ရောက်ချင်း သစ္စာလေးပါးသိပြီးတော့ နိဗ္ဗာန်ရချင် ရသွားမယ်။

http://www.dhammadownload.com



တရားနာဖော်နာဖက်တွေ၊ စာသင်ဖော် စာသင်ဖက်တွေ၊ တရားကျင့်ဖော် ကျင့်ဖက်တွေက ဒါမှမဟုတ် ဓမ္မကထိကနတ်တွေက သတိပေးပါလိမ့်မည်။ ကိုယ့်သူငယ်ချင်းကလဲ ဘယ်စာတတ်ဖူးသားပဲ၊ ညဝါတက်တုံးက ဘယ်လို သဂြိုလ်ကျမ်းတတ်တုံး ဘယ်ပုံ မင်းမေ့နေလို့ ပါလို့ သတိပေးကြတဲ့အခါ၊ ဟာ- ဟုတ်သားပဲ။ "ထိုမှတစ်ခန်း ဉာဏ်ပွင့်လန်းဖို့ ရဟန်းဒေဝ ကထိကနှင့် ရှေးကကျင့်ဖေါ် နတ်သူတော်တို့ မြွက်ဖေါ်ဟောရေး သတိပေးက မနှေးလျှင်လျှင် သိမှုဝင်လျှက် လူ့ခွင်တုံးက ငါ့လို့လသည် ဓမ္မသီးသီး ဤပင်တည်းဟု ဤနည်းသံဝင် ဉာဏ်ဝယ်ထင်၍ လေးအင်သစ္စာ ပွင့်လင်းလာသည် သင်နာသိမှတ် ရကျိုးတည်း"။ သင်ပါ၊ နာကြားပါ၊ ရှုမှတ်ပါ၊ အလဟာဿမဖြစ်ဘူး ရင်းနှီးထားတာနော်။ ဆင်တစ်ကောင် ငါးကျပ်နဲ့ရောင်းတာ တွေ့သော်မှ ငါးကျပ်မှမရှိရင် ခက်မယ်နော်။ အရင်းအနှီးရှိဖို့ သိပ်အရေးကြီးတယ်။

အဲဒီတော့ ပရမတ်တရား ဓာတ်တရားတွေ ဟောပြောလာတာ တွေလဲ များပြီ။ သာသနာတော်နဲ့ ပတ်သက်ပြီး စကားတွေပြောရတာ အရသာရှိတယ်။ ဒါကြောင့် ဒီစကားတွေ ပါးစပ်ထဲမှာ ထားဖို့မလွယ်၊ နားထဲမှာလဲ ဒါတွေကြားဖို့ မလွယ်ဘူး။ အရပ်ထဲလှမ်းပြီး ကြည့်လိုက် ဟိုအိမ်မှာလဲ အရပ်စကား ဖေတော့၊ မောင်တော့တွေနဲ့ အချိန်ကုန်မယ်။

အသက်(၁၄၊ ၁၅) နှစ်ကစပြီး အသက်(၆၃)နှစ်တာ ကာလ စာအုပ် ကြည့်ရင်ကြည့်နေမယ်။ စာကျက်ရင် ကျက်နေမယ်။ အလကား မနေခဲ့ဘူး။ အလကားနေ အလကားပဲဆိုတဲ့ စာသားလေး ကလေးတွေ ပို့ချပေးခဲ့တယ်။ ဒီနေ့ည ဟောတဲ့တရားတွေက လွန်ခဲ့တဲ့နှစ်(၄၀)က မှတ်ထားတဲ့ စာတွေပဲ။ လွန်ခဲ့တဲ့ နှစ်လေးဆယ်က ရေးထားတဲ့ စာအုပ်ကိုဖတ်ပြီးတော့ ဒီနေ့ဟောတာပဲ။ အဲဒီတုံးက စာအုပ်ကလဲ ဟောင်းပါပြီလေ။ မုံရွာမြို့ သပြေပင်တောရမှာ စာချတယ်။ ပိဋကတ်သုံးပုံ ရေးဖြေဖို့လုပ်တယ်။ မှုန်ဝါးဝါးမျက်စိကို ဘုရားတရားတော်နဲ့ ကန်းတာတော့ ကန်းပါစေ။ ဒီနေ့ ဟိုလူဒီလူတွေ ရေးတဲ့စာတွေ

http://www.dhammadownload.com



ဖတ်ပြီးတော့ အကန်းမခံနိုင်ဘူး၊ မကြည့်ဘူး၊ ကာတွန်းမကြည့်ဘူး။ မြန်မာ့သတင်း အသက်(၄၅)နှစ်ကျမှ ရေဒီယိုနားထောင်တာပဲ။ အသက်(၅၀)ကျမှ နိုင်ငံခြားသတင်းတွေ နားထောင်တယ်နော်။ စာသင်သားဘဝတုံးက သတင်းစာတောင် မကြည့်ဘူး။ ထူးခြားတာ အလိုလိုသိလိမ့်မယ်လို့ သဘောထားတယ်။ ဒို့ဆရာတော်ရေးထားတဲ့ ဝါကျတ္တဒီပနီကျမ်းမှာ "စာသင်သား ဗျာမများဖို့" ရေးထားတယ်နော်။

တစ်ဘဝလုံး ကြိုးစားလာတာပဲ။ ဉာဏ်ကောင်းလှလို့တော့ မဟုတ်ဘူး။ "တို့တွက်များမြောက် ချမ်းသာရောက်ဖို့ ခုလောက် ကြိုးကုတ် အားမထုတ်ဘူး ဗုဒ္ဓမြတ်စွာသာသနာကြီး ရောင်ဝါထိန်လင်း ဂုဏ်ရည်ဝင်းဘို့ ဆင်းဆင်းရဲရဲ တို့အားခဲသည် စိတ်ထဲကိုယ်စီ ကိုယ်ငှတည်း"။ ဒီစိတ်ထား လူတိုင်းရှိသင့်တယ်။ ဒီတစ်သက်အတွင်းမှာ ဗုဒ္ဓမြတ်စွာသာသနာနဲ့ မျက်နှာချင်းဆိုင်တွေ့ကာ ရင်ဆိုင် တွေ့ကြုံနေတဲ့ သာသနာဟာ မှန်တယ်၊ အသက်ပေးထမ်းဆောင် လိုက်မယ်လို့ အဓိဋ္ဌာန် သင့်ပါတယ်။

## **စွယ်စုံသာသနာပြု**

ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီ ဆရာတော်ဘုရားကြီးဟာ တရားလဲအားထုတ်တယ်၊ ကျမ်းလဲပြုတယ်၊ စာလဲချတယ်၊ တရားလဲဟောတယ်။ တစ်နေ့ကျတော့ ကျမ်းစာ ရေးနေတာ စကားလုံးတွေ ကောင်းတာလေးတွေ ရေချိုးရင်းနဲ့ စိတ်ထဲပေါ်လာတယ်။ ပြေးပြီးတော့ ရေးတာ။ ရေသနုပ်က ရေစိုကြီးနဲ့ မေ့သွားမှာစိုးလို့ တိုင်းသူပြည်သားလူအများတွေ တပည့်တပန်းတွေ အသိဉာဏ်ပေးဖို့တဲ့။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက ရေးတဲ့စာဟာ ဘယ်စာနဲ့မှ မတူဘူး။ အင်မတန် ပြောင်မြောက်တယ်၊ အင်မတန် သိသာတယ်။ တေးထပ်ဆိုလဲ တေးထပ်မို့လို့နော်။ တေးထပ်ဆိုလဲ တေးထပ်ထိအောင် ရေးထားတာ။ ဆုံးမစာ, လင်္ကာ,

http://www.dhammadownload.com



ကဗျာ, ဒွေးချိုးထိအောင် မိအောင် ရေးထားတာတွေကို "တို့တွက် များမြောက် ချမ်းသာရောက်ဖို့ ခုလောကကြီးကုတ် အားမထုတ်ဘူး"။

"ဗုဒ္ဓမြတ်စွာ သာသနာကြီး ရောင်ဝါထိန်လင်း ဂုဏ်ရည်ဝင်းဖို့ ဆင်းဆင်းရဲရဲ တို့အားခဲသည် စိတ်ထဲကိုယ်စီ ကိုယ်ငှတည်း"။ ဟော- အစားဆင်းရဲတယ်ကွာ မနေနိုင်ဘူး။ အသောက် ဆင်းရဲတယ်ကွာ မနေနိုင်ဘူးဆိုတာတွေ တွေ့ဘူးတယ်။ အစားအသောက် ဆင်းရဲပါစေ။ (၆၃)နှစ်ပြည့်တော့မည့် အချိန်လေး ကျေးဇူးရှင် ခမည်းတော်ကြီးများ မယ်တော်ကြီးများ အစထားပြီးတော့ လူတစ်လုံး သူတစ်လုံးဖြစ်အောင် တစ်လုံးတစ်ပါဒက စပြီးတော့ သင်ပေးတော်မူကြတဲ့ ဆရာတော် သံဃာတော်တွေရှိတယ်။ ဩော်- တစ်ဇွန်းတစ်ယောက်မ ဆိုတာမျိုးလို တစ်ဆုတ်တစ်ခဲလေးက စပြီးတော့ ကျွေးကြ၊ မွေးကြတယ်။ ကိုရင်လေး ဘဝဆိုတာ အရေးလုပ်မယ်လူက ရှားတယ်။

ဒီနေ့ရန်ကင်းက ဒကာမကြီးတွေအိမ် ကိုရင်ကလေးတွေ ဆွမ်းခံတယ်။ ကိုရင်လေးတွေ ဆိုးသမျှ အကုန်လုံးသည်းခံပြီးတော့ နေတဲ့ ဒကာမကြီးပဲ။ ကိုရင်လေးတစ်ပါးက တစ်နေ့ကငွေ(၁၀၀ဝ/-) လာအပ် တယ်တဲ့။ ဒကာမကြီး ကျုပ်ငွေပြန်ပေး ဘာပြုလို့တုံးဆိုတော့ အခု ရွာပြန်တော့မယ်လို့ ဆို့သတဲ့။ ဒကာမကြီးရယ် ဒီအသီးလေးတွေ စားချင်လိုက်တာ အချဉ်တယ်ပေးစမ်းပါ။ ဒကာမကြီးရယ် ဆွမ်းခံရတာ မောလိုက်တာ ရေတိုက်စမ်းပါ။ အဲဒီ ဒကာမကြီးရဲ့ ဒကာကြီးက မေ့ဆေးအထူးကု ဆရာဝန်ကြီးပဲ။

ဒီနေ့ လာရှာတယ်၊ ကိုရင်တွေအတွက် ဆွမ်းတွေချက်ထားတာ ကိုရင်တွေမလာလို့။ ဆရာတော်မွေးနေ့ ရှိတယ်လို့ မသိတာ၊ ဘုန်းကြီး မွေးနေ့ကလဲ အကြီးအကျယ်မလုပ်ပါဘူး။ သာမန်လေးပါပဲ၊ သူကမွေးနေ့ အတွက် ဝတ္ထုလာလှူတယ်၊ မပြောလို့တဲ့။ ဆွမ်းတွေက ချက်ပြီးတော့ ထားရတာဆိုတော့ ဆွမ်းတွေဒီအတိုင်း ဖြစ်နေပြီ။ အဲဒီတော့ ကျေးဇူးရှင်တွေဟာ အများကြီးပဲ။ ပြန်စဉ်းစားလိုက်တဲ့ အခါကျတော့

http://www.dhammadownload.com



မုံရွာ သပြေပင်တောရ နေတယ်။ တစ်မိုင်လောက်မှာ ရပ်ကွက်ကြီး တစ်ခုက ဘုန်းကြီးတို့ရောက်ပြီးမှ ရတနာပုံရပ်ကွက်၊ ဒီရပ်ကွက်ထဲကရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကျေးဇူးရှင်တွေများပါတယ်။ ဆူးလေကုန်းတို့၊ ရှမ်းတောတို့၊ တရုတ်တန်းတို့ပါ ပါတယ်။။ ဘာကြောင့်လဲဆိုတော့ တစ်ဆုပ်တစ်ခဲနဲ့ ကျွေးခဲ့ကြတာ နည်းတာမဟုတ်ဘူး။ အဲဒီထဲမယ် ဒေါ်ချစ်သွယ်တို့၊ ဒေါ်ချစ်မယ်တို့ဆိုတာ သူတို့သားသမီးလိုပဲ။ ဒေါ်စောနုဆိုတဲ့ ဒကာမကြီးကလဲ မမေ့ဘူး။ သူက ပဲငပိကြော်လေး သုံးခု၊ သုံးခု အမြဲတမ်းလောင်းတယ်။ စာသင်သားတုံး ကတော့ ပဲငပိကြော်လေးသုံးခုကလဲ အဖိုးတန်တယ်။ အဲဒီလိုနဲ့ ကျေးဇူးရှင်တွေဟာ အများကြီးပဲ။

လွန်ခဲ့တဲ့ ပြာသိုလက သပြေပင်တောရမှာ နေခဲ့တာလဲ ကြာတယ်။ ဆွမ်းခံအိမ်တွေ၊ ကျောင်းဒကာ ဒကာမတွေကလဲ များတယ်။ တစ်ချို့လဲ ကွယ်လွန်သွားကြလို့ ရွာမှာဘုရားအို ဘုရားပျက်တွေ ပြင်ပြီးတော့ အမျှဝေဘူးတယ်။ ဝါဆိုသင်္ကန်းတွေလဲ အကြိမ်ကြိမ်ကပ်၊ ကျောင်းကြီးတွေလဲ ပြုပြင်၊ ဆွမ်းတွေလဲ ကျွေး၊ မိဘဘိုးဘွားတွေ အတွက်ကတော့ ကုသိုလ်ပြုပြီး တော့ ဦးကြီး ဦးလေးပါ မကျန်ပေ့ါလေ အမျှဝေဖူးတယ်။ သို့သော်လဲ ကိုယ်ဆွမ်းခံတဲ့အိမ်က ဆွမ်းအမကြီးတွေ၊ ဆွမ်းဒကာကြီးတွေ သင်္ကန်းလေးကစပြီး လှူဖူးတာတွေ ရဟန်းဒကာ ရဟန်းအမတွေ ကလဲပဲ (၆၀)ကျော်ရှိတယ်။ အဲဒါ ပြီးခဲ့တဲ့ တပေါင်း တန်ခူးက သိက္ခာ ထပ်တော့ ဆန်းတော့ ဆန်းကြယ်တယ်။ ဘာကြောင့် ဆန်းကျယ်တာလဲ ဆိုတော့ (၆၃)နှစ်ပြည့်တော့ (၆၃)ကြိမ်မြောက် သိက္ခာ ထပ်တယ်၊ ပြီးတော့။

ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာတော်ဘုရား မကျန်းမာတဲ့အခါ ဆန်းကျယ်တဲ့ နိမိတ်ကြီးတစ်ခု၊ ကောင်းကင်ကနေပြီး လင်းတကြီး တစ်ကောင် ကျလာတာ ဆရာတော်ဘုရား သီတင်းသုံးတာနဲ့ ပေ(၅၀၀)လောက် ကွာတယ်။ ကျတော့လဲ ဘုန်းကြီး ရှေ့မှာကျတယ်၊

http://www.dhammadownload.com



ကျတော့ ရေသနုပ်လေး (ပခုံးတင်)လိုက်ဖမ်းတာ မမိဘူး၊ ကျောင်းပေါ် တက်သွားတယ်။ လင်းတက ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းပေါ် တက်သွားတာ။ အဲဒီည ပုံလဲသွားတာပဲ၊ လင်းတနိမိတ် ဖတ်ကြတဲ့ အခါကျတော့ အဲဒီလင်းတကို ဖမ်းမိသလား၊ မိတယ်။ သင်္ကန်းအရောင်း အဝယ်လုပ်တဲ့လူက သတ်တယ်ဆိုပါတော့။ အဲဒီ လင်းတမိလိုက်ရင် တော်တယ်တဲ့ အကြီးအကဲ ရောဂါတစ်ခုခု စွဲကပ်ထိခိုက်လိမ့်မယ်လို့ ဟောတာ။ ဆရာတော်ဘုရား အဲဒီညပုံလဲသွားတာပါပဲ။ အကယ်၍ လင်းတကို မဖမ်းမိလိုက်ရင် တခါထဲ ပျံတော်မူလိမ့်မယ်လို့ ဟောတာ။

အဲဒီလို နိမိတ်တွေ၊ နိမိတ်တွေ၊ ကျေးဇူးတော်ရှင် လယ်တီ ဆရာတော် ဘုရားကြီးတို့ကျတော့ ကောင်းတဲ့နိမိတ်တွေ ကြုံခဲ့ဘူး တာပေါ့။ မွေးတဲ့အချိန် မွေးဖွားတဲ့အိမ်ခေါင်က စို့တကိုင်း (သက်တန့်) ကြီးက အိမ်ခေါင်ကနေ ကောင်းကင်တက်သွားတာ အိမ်ခေါင်မိုးကနေပြီး တက်သွားတာ။ အဲဒါကြောင့် ဆရာတော်ဘုရားကြီးရဲ့ နာမည်ဟာ မောင်တက်ခေါင်တဲ့။ အဲဒီလို ကြီးကျယ်တဲ့ နိမိတ်ကြီးတွေ၊ ဘုန်းကြီးတို့လဲ နိမိတ်တွေဖူးတာက ပိဋကတ်တစ်ပုံ ရေးဖြေစာမေးပွဲ မုံရွာခရိုင်တစ်ခုလုံး တစ်ပါးမှ မအောင်ဘူးသေးခင်က ရန်ကုန်မှာ တိပိဋကစာမေးပွဲဖြေတဲ့နေ မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက် ဘုန်းကြီးနေတဲ့ ကျောင်းဘေးရှိ သစ်ပင်တွေပေါ် ပျားအုံတွေ (၃၆)အုံ လာအုံဘူးတယ်။ အဲဒီတော့ ကျောင်းက ကိုရင်ကုဏ္ဍလတို့၊ ကိုရင်တိက္ခတို့က ဦးဇင်းစာမေးပွဲအောင်ပြီ၊ ဦးဇင်း စာမေးပွဲအောင်ပြီလို ပြောကြတယ်။ ပျားအုံ (၃၆)အုံပဲ။ ဒကာမလေးတစ်ယောက် အိမ်ပျားအုံ အုံတယ်တဲ့ အနောက်အရပ်က ဆိုရင် “ဖရုံသီးအူ အကောင်းယူ”လို့ ဆိုတယ်တဲ့။ ဖရုံသီးအူ အကောင်းယူ ဆိုတော့ ဗဟုသုတလေးပါ။ ကြာသပတေး၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ အရပ်က ပျားဆွဲရင် အကောင်းယူလို့ဆိုတယ်။ အဲဒီလို ပျားနိမိတ် ဟောသိဖူးတယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့လဲ ဆန်းကျယ်တဲ့နိမိတ်တွေ တော်တော်များများ တွေ့ရပါတယ်။ ပျားနိမိတ်ပေါ့လေ၊ အောင်တယ်။ မုံရွာခရိုင်မှ တစ်ခါမှ မအောင်ဘူးကြသေးတဲ့ စာမေးပွဲအောင်တယ်။ ပြီးတော့ ပူဇော်ပွဲကြီးတွေ လုပ်တယ်။ တစ်လ, နှစ်လကြာတော့ ပူဇော်ပွဲလဲပြီး ပျားအုံတွေလဲ မရှိတော့ဘူး။ အုံတာက သိပ်ဆန်းကျယ်တာ၊ နေတဲ့ကျောင်းက ၃ပေလောက် မြင့်တယ်။ မြေကြီးတွေ ကပ်အုံတာ။ ဒီပြင် ကျောင်းတွေ မအုံဘူး။ ဘုန်းကြီးနေတဲ့ ကျောင်းဘေးမှာ ခေါင်းလောင်းပန်းတွေ မြေကြီးနား ကပ်အုံတာပဲ၊ ဒါကြုံခဲဖူးတာတွေ။ နိမိတ်တွေဟာ မကောင်းနိမိတ်၊ ကောင်းနိမိတ် ကြုံခဲ့ဖူးတယ်။ ဆိုကြပါစို့။

ကျေးဇူးရှင်တွေကို ကျေးမစွပ်ဖို့က သိပ်အရေးကြီးတာ။ ကျေးဇူးရှိမှ ကျေးဇူးကန်းတယ်တဲ့။ ဒါကြောင့်မို့ ဆရာသမားတွေနဲ့ ပတ်သတ်တာတို့၊ မိဘတွေနဲ့ ပတ်သက်တာတို့၊ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့များ ငြင်းရမှာ ခုံရမှာ တစ်စုံတစ်ခု ရင်ဆိုင်တွေ့ရမှာ အင်မတန်ကြောက်ပါတယ်။ ဒါကြောင့် "စွဲနှောင်မေတ္တာ ကရုဏာနှင့် မက္ခာမယို မှီရခို၏"။ စွဲနှောင်မေတ္တာ ကရုဏာနဲ့ မက္ခာမယို ဆိုတာက ကျေးဇူး မခြေဖျက်ပဲနဲ့ နေကြတယ်။ "ထိုသူ့ကျေးဇူး အထူးထူးကို ကြုံကြုံ ပိုင်ပိုင် မဆပ်နိုင်လဲ ဆီဆိုင်ရုံမျှ"။

ကျေးဇူးရှင် သပြေပင်ဆရာတော် ဘုရားကြီးဆို (၁၂)နှစ်သားထဲက ချီးမြှောက်တာ။ မုံရွာမြို့က သူဌေးကြီးတွေ တော်တော်များများ ရှိပါတယ်။ သူဌေးကြီးတစ်ဦးကို ရဟန်းခံဖို့ရာ ပြောတာတော့ ကိုရင် (၁၆)နှစ်သားထဲက ဟိုတုံးက လင်ရိုဗာကား နှစ်သောင်းပေးရတာ။ တစ်မြို့လုံးမှ သုံးစီးမပိုပါဘူး။ ဦးအေးမောင်ဆိုတဲ့ ဆန်စက်ပိုင်ရှင်မှာ တစ်စီး၊ အခြားတစ်ယောက်မှာ တစ်စီး၊ ရဟန်းဒကာကြီးတွေစီမှာ တစ်စီးရှိတယ်။

(၁၆)နှစ်သားထဲက မုံရွာမြို့မှာ ကောင်းပေ့ဆိုတဲ့ ကားစီးရတာ ဒီဆရာတော်ကြီး ကျေးဇူးကြောင့်ပါပဲ။ ကိုယ့်ဟာကိုယ်ဆို ဘယ်စီးရမလဲ။

http://www.dhammadownload.com



"ထို့သူကျေးဇူး အထူးထူးကို ကြုံးကြုံးပိုင်ပိုင် မဆပ်နိုင်လဲ ဆီဆိုင်ရုံမျှ နှစ်လကြည်စွာ မချာနေ့ည အောင်မေ့တသ ရှိအပ်စွာ့တည်း"။ ကျေးဇူး မဆပ်ချင်နေ ပြန်ပြီးတော့ စိတ်ထဲက အောက်မေ့။ ငယ်ငယ်တုံးက ထမင်းဆာနေလို့ ဘယ်သူကျွေးဖူးသလဲ စတာတွေ စဉ်းစားပါ။

ဟော- စဉ်းစားရမှာ ဘုန်းကြီးတို့ ကနီမြို့နယ်၊ ကုန်းသာရွာက မုံရွာမြို့၊ သပြေပင်တောရကျောင်း ရောက်လာတော့ ပြောပါတော့ တောကနေပြီး မြို့ကို ပထမဦးဆုံး ရောက်လာတယ်။ ကိုရင်သုံးပါး စာသင်တိုက်ထဲရောက်လာတော့ ဒီလိုပဲ။ လည်တယ် လည်တယ်နဲ့ နေတာ။ ဟုမ္မလင်းက ဦးပညာသီရိဆိုတဲ့ ဆရာတော်တစ်ပါး ထုံးကြီးက ဆရာတော် ဦးဩဘာသ (၂)ပါး၊ ဟိုကြည်ကုန်းမှာ အခု သက်တော် ထင်ရှားနေတဲ့ ဆရာတော် ဦးမာနိတ၊ ဒီဆရာတော်တွေက သိပ်ပြီး ဂရုစိုက်ရှာကြတာ။ ဖျားရင်လဲ ဆေးတိုက်တယ်၊ သူတို့ဆွမ်းပိုတာတွေလဲ ကျွေးတယ်။ ထုံးကြီးက ဘုန်းကြီး ဦးဩဘာသကတော့ စာမကြိုးစားရင် ကြိုးစားအောင် အမြဲပြောတယ်နော်။ "ဆရာတော်က စာတက်နည်းစေ စာကျက်သဲစေတဲ့"။ နောက်ဆုံးကျတော့ အတူနေတဲ့ ကိုရင်နှစ်ပါး မတည့်ကြဘူး ရန်ဖြစ်တယ်။ အဲဒီတုံးက ဘုန်းကြီးက ပြောတယ်၊ ရန်ဖြစ်နေတာကွာ ကျောင်းခါးဗန်း လှည့်ကြည့်စမ်း ဖိနပ်တိုများ ထိုးထားသလား မသိဘူးတဲ့။ ဖိနပ်တို ထိုးထားရင် အဲဒီကျောင်းက ပုဂ္ဂိုလ်တွေ ရန်ဖြစ်တတ်သတဲ့။ အဲဒါကို သတိထားကြ။

အဲဒီကနေပြီး မန္တလေးရောက်ပြန်တော့ မန္တလေးသူဌေးကျောင်း ဆရာတော်က သိပ်ဂရုစိုက်တာ။ ဘုန်းကြီးတို့ကလဲ ဝတ်တရားကျေတော့ ဂရုစိုက်တယ်။ စာချပေးတဲ့ ဆရာတော်ကြီးတွေက အာမိသ ဓမ္မတရား ပေးစာနှင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါးပါပေးတယ်။ သပြေပင်ဆရာတော်ကြီးကတော့ ပြောစရာအထူးမလိုဘူး။ မုံရွာမှာ (၂၂)နှစ်လောက် နေတာကိုး။

http://www.dhammadownload.com



အဲဒီတော့ တစ်ချို့ဆရာတော်တွေက စာပေသင်ကြားပေးတယ်၊ ဆုံးမပေးတယ်၊ ဘုန်းကြီးတို့ ငယ်ငယ်က ပထမလတ်ဖြေပြီးတော့ ရေဦးပြောင်းမလို့ ဘုရားလို့ တပ်ကုန်းငွေတောင် တောရဆရာတော်ကြီးကို လှမ်းလျှောက်တော့ ဆရာတော်က "နေရာမြဲစေ၊ အကြံသဲစေ"လို့ စာလေးတစ်လုံး ရေးပို့လိုက်တယ်။ မုံရွာမြို့က မြို့ကြီးပဲ။ စာတတ်ပေတတ်တွေလဲ ပေါတာ၊ ရေဦးပြောင်းရင် အဆင်ပြေမယ် ထင်တာ။ ဘယ်ဟုတ်မှာတုံး လူငယ်ဆိုတော့ ဟုတ်တယ်မှတ်တာ။ အဲဒါနဲ့ မပြောင်းဖြစ်ဘူး။ တပ်ကုန်းငွေတောင် တောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးပညာသီရိက ဆုံးမတယ်။ နေရာမြဲစေ၊ အကြံသဲစေတဲ့။ ထုံးကြီးဆရာတော်ကတော့ စာတက်နည်းစေ၊ စာကျက်သဲစေတဲ့။ ကျိုးကုန်းကဆရာတော် ဦးမာနိတကတော့ မင်းစာမကျက်ဘူးလား၊ ဒါပဲ မေးတယ်။ သူပြောတော့ စာကျက်ရတာကိုး ကိုရင်ဇာဂရ စာမကျက်ဘူးလားတဲ့။

မုံရွာက ခမ္မိကာရုံဆရာတော်ကတော့ ကြမ်းကြမ်းတမ်းတမ်းပဲ။ သဒ္ဒါအားနည်းတာနဲ့ သဒ္ဒါကတော့ တတ်မှာ မဟုတ်ဘူးဆိုပြီး "ဒေါ်မိုးစိန်ရဲ့ မူလတန်းကျောင်းသွားတက်တာ"။ သွားတတ်တော့ ညနေကျ လွယ်အိတ်ကလေးနဲ့ ပြန်လာတော့ "ဇာဂရ သဒ္ဒါမတတ်ပါလား"၊ "တင်ပ့ါ၊ ဒေါ်မိုးစိန်ကျောင်းသွားတက်တာပါဘုရား၊ တပည့်တော် လောကီသင်တော့မလို့ ဘုရား"။ သေချင်တဲ့ကျား တောပြောင်းတယ်ဗျတဲ့။ ဒေါ်မိုးစိန်က ရောက်ရောက်ချင်း သချ်ာအတွက်ခိုင်းတယ်၊ တွက်တတ် တော့ လေးတန်းထဲ အထိုင်ခိုင်းတယ်။ နောက်ရက်ကျတော့ မသွားတော့ဘူး။ ဘုန်းကြီး ဦးခမ္မိကက ပြောတယ်။ "သေချင်တဲ့ ကျားတောပြောင်းဗျ" လို့ခပ်ကြမ်းကြမ်းလေး ပြောလေ့ရှိတယ်။ ဒီက ကလေးဝဆရာတော်ဘုရားတို့၊ မိုးညှင်းဆရာတော်တို့ အများကြီးပါပဲ။ ကျေးဇူးဂုဏ်တွေဟာ ဆပ်လို့မကုန်နိုင်ပါဘူး။

http://www.dhammadownload.com



ဒါကြောင့် "စွဲနှောင်မေတ္တာ ကရုဏာနှင့် မက္ခာမယို မှီကြခို၏၊ ထိုသူ့ကျေးဇူး အထူးထူးကို ကြူးကြူးပိုင်ပိုင် မဆပ်နိုင်လဲ ဆီဆိုင်ရုံမျှ နှစ်လရှည်စွာ မချာနေ့ည အောင်မေ့တသ ရှိအပ်စွာတည်း" ဆိုတဲ့အတိုင်း အမြဲတမ်း မနက်တိုင်း မနက်တိုင်း၊ ညနေတိုင်း ညနေတိုင်း လက်အုပ်ချီမိုး ရှိခိုးပြီးတော့ စားခါနီး သောက်ခါနီးဆိုလဲ ရှိခိုးတယ်။ မိမိတစ်စုံတစ်ခု ဒီကျောင်းကြီးတွေ နိုင်ငံတော်က ဆောက်မယ်ဆိုရင်လဲ သက်ဆိုင်ရာ နိုင်ငံအကြီးအကဲများရဲ့ ဂုဏ်ကျေးဇူးတွေ၊ ကိုယ့်ဟာကိုယ်ဆို ဆောက်နိုင်ဖို့ဝေးစွ။

ကမ္ဘာ့နိုင်ငံပေါင်း (၂၀) ရောက်ပြန်တော့လဲ မိမိရဲ့ အသိဉာဏ်တွေ ဖြန့်ဝေတာ။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးတွေရဲ့ စာတွေနော်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်သလိုပဲ။ စာတွေက စလင်းစာတွေချည်းပဲတဲ့။ စလင်းဦးပဏ္ဍိစ္စထံမှာ စာလိုက်ခဲ့တာကိုး။ ငါ့ဗိုက်ထဲက ပညာဉာဏ်တွေဟာ စလင်းပစ္စည်းတွေ ချည်းပဲ၊ ဘုန်းကြီး တို့လဲ ဒီအတိုင်းပါပဲ။ မွေးနေ့အတွက် ကြုံပြီးတော့ ပြောတာတွေလဲ များပါတယ်၊ ဒါနကုသိုလ်တွေ မုန့်ပဲသရေစာတွေ၊ မန္တလေး မဟာမြတ်မုနိ ဘုရားကြီးရဲ့ အနောက်မုခ်မှာ သံဃာ(၆၀၀) ဆွမ်းလောင်းတယ်။ ပခုက္ကူကျောင်းတိုက်ကြီးမှာ သံဃာ(၈၀၀) ဆွမ်းလောင်းတယ်၊ မိမိဇာတိအရပ် ဒေသမှာလဲ လှူလို့တန်းလို့။ နောက်ဟိုဘက်က စိတ္တဇ ဆေးရုံ၊ မသန်မစွမ်းဆေးရုံ၊ လယ်တီ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှာ တရားဝင်ရောက်အားထုတ်ကြတဲ့ ယောဂီတွေ၊ ယင်းမာပင်မြို့နယ် ရွှေတောင်ဦးတရားစခန်းက ယောဂီတွေ တပ်ကုန်းဆရာတော် ပျော်ဘွယ် ဆရာတော်၊ မန္တလေးဆရာတော်ကြီးတွေ အကုန်နှံ့အောင် ဆွမ်းလှူခဲ့ပါတယ်။ အနာကြီး ရောဂါဆေးရုံတို့ ဗိုးချဲ့လှူတယ်။ ထိုထိုဒေသတွေမှာ အာမိသဒါန အများကြီးပါပဲ။ ဒီဓမ္မဒါနကတော့ အမွန်ဆုံး အမြတ်ဆုံးပါပဲ။

အာမိသဒါန ဓမ္မဒါန မိမိရဲ့သီလသမာဓိ ပညာအားလုံးရှိသမျှ ကုသိုလ်တွေကို အမျှဝေရအောင် လက်အုပ်ချီကြ။

http://www.dhammadownload.com



## ရေစက်ချ အမျှဝေ

အရှင်ဘုရား တပည့်တော်များသည် သိတတ်သော အချိန်အခါမှစ၍လည်းကောင်း၊ ဤတစ်နှစ်တာ ကာလအတွင်း၌လည်းကောင်း၊ ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်, ဆွမ်းအလှူ, သင်္ကန်းအလှူ, တရားအလှူ အစရှိသော အရပ်ရပ်သော ကုသိုလ်များကို ပြုစုမယုတ် အားထုတ်ခဲ့ပါ၏။

ကျေးဇူးတော်ရှင်သခင် အရှင်မြတ်ကြီးတို့၏ ကြည့်ရှုစောင့်ရှောက်ချီးမြှောက်ခဲ့သောကြောင့်လည်းကောင်း၊ ထိုထိုပုဂ္ဂိုလ်အပေါင်းတို့၏ ကြည့်ရှုစောင့်ရှောက်ခဲ့သောကြောင့်လည်းကောင်း၊ တစ်ပုဒ်တစ်ဂါထာ တစ်စက်တစ်ပေါက် တစ်ဆုပ်တစ်ခဲ ချီးမြှောက်ခဲ့ကြ၍ လူ့ဘဝတွင် လူတစ်လုံး သူတစ်လုံး ထိုက်တန်သလောက် ဖြစ်ခဲ့ရပါ၏။ ထိုကျေးဇူးတို့ကို အမှတ်ရသောအားဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရတနာသုံးပါး ဆရာမိဘတို့အား ငှက်ပျောပွဲ၊ အုန်းပွဲ, ပူဇော်ပွဲတို့ဖြင့် ပူဇော်ကန်တော့ပါ၏။ လက်အုပ်ချီမိုး ရှိခိုးကြပါကုန်၏။ အမိအဖ အဘိုးအဘွား ဆရာတော် သံဃာတော် တစ်လုံးတစ်ပါဒမှ သင်ပြပေးကြသော ကျေးဇူးတော်ရှင် အမိအဖ အဘိုးအဘွား အစထား၍ ပုဂ္ဂိုလ်သတ္တဝါအားလုံးတို့အား အမျှပေးဝေပါ၏။

အထူးအားဖြင့် အကျွန်ုပ်တို့နှင့် အတူတကွ နေထိုင်ကြ၍ ဤကုန်းမြေကြီးကို ဤကုန်းမြေသာသနာကို စောင့်ရှောက်ကြကုန်ကျေးဇူးတော်ရှင် ကလေးဝဆရာတော်၊ ဗားမဲ့ဆရာတော်၊ နဂါးမျိုး၊ နဂါးနွယ်အသွယ်သွယ်တို့နှင့်တကွ ဘဝဆွေမျိုး (၃၁)ဘုံသားတို့အား (အမျှပေးဝေပါ၏)[၁]။ (၃၁)ဘုံရှိ အရိယာသမ္မုတိ ရှိရှိသမျှ သူတော်စင်အပေါင်း သူမြတ်လောင်းတို့နှင့် မိဘဘိုးဘွား ဆရာတော် သံဃာတော် လူကြီးသူကြီး မင်းစိုးရာဇာ သမ္မုတိနတ် ဥပပတ္တိနတ်အပေါင်းတို့က ပို့သအပ်သော ဩဒိဿမေတ္တာ အနောဒိဿမေတ္တာကို ကြည်ဖြူစွာ ခံယူပါ၏။ ပေးဝေသော မျှဝေသော ထုထည်ကြီးမား ကုသိုလ်အဖို့အစု

http://www.dhammadownload.com



များကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ လက်ခံရယူပါ၏။ ကျွန်ုပ်တို့၏ ကုသိုလ် အဖို့အစုကို မကြားမသိ မရှိကြပါစေနှင့် ကြားကြ သိကြပါစေ။ ကြားကြ သိကြ၍ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ကြပါစေ။ သာဓု အကြိမ်ကြိမ် ခေါ်ဆိုနိုင်ကြ၍ ကိုယ်စိတ်နှစ်ဖြာ ကြည်သာအေးမြ ချမ်းသာကြပါစေ။

(အားလုံး ကြားကြားသမျှ (အမျှ)[၃] (ယူတော်မူကြပါကုန်လော့)[၃]

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့သာသနာနှစ် ၂၅၈၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခု ဝါခေါင်လပြည့်ကျော် (၈)ရက်နေ့။

ရန်ကုန်မြို့ ပြည်လမ်း အမှတ်(၃၃၇/က) လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ (၇၅)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်းအောင်ပွဲ အခမ်းအနားပါပဲ။ အထူးသဖြင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး လွန်ခဲ့တဲ့ နှစ် (၁၀၀)ကျော်လောက်က စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ရွှေတောင်ဦးဆိုတဲ့ တောင်တော်မှာ တောထွက်ပြီးတော့ တရားအားထုတ်ခဲ့ပါတယ်။ ဟိုအချိန်ခါတုံးကတော့ သွားရေး၊ လာရေး ခက်ခဲတဲ့ ရွှေတောင်ဦးတောင်၊ ယခုအခါမှာတော့ ချင်းတွင်းတံတားကြီး ပြီးမြောက်သွားတဲ့အတွက် သွားလို့ အင်မတန်ချောမောပြေပြစ်တဲ့ တောင်တော်ဖြစ်နေပါတယ်။

အဲဒီ ရွှေတောင်ဦးတောင်မှာ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်က ယနေ့ ပထမဆုံးအကြိမ် လယ်တီဝိပဿနာ(၇)ရက် တရားစခန်း ဖွင့်မှာပါပဲ။ ကမ္မဋ္ဌာန်းတရားပြဖို့ကတော့ ဦးပညာဝံသ၊ ဦးကောသလညာဏ၊ ဦးဇာဂရ၊ ဦးသြဘာသ၊ ဦးဝိသုတ၊ ဦးအာလောက ဓမ္မာစရိယ ဦးသန်းခင်တို့အား တာဝန်ပေးထားပါတယ်။

အဲဒီတရားစခန်းမှာ ယောဂီ(၁၄၃)ဦး တရားအားထုတ်ကြပါလိမ့်မယ်။ အဲဒီ တရားစခန်းမှာ ကမ္မဋ္ဌာနာစရိယများနှင့်တကွ ယောဂီသူတော်စင်များ နေ့စဉ်၊ နေ့စဉ် အချိုပွဲများ ကပ်လှူရန်အတွက် စားဖွယ်၊ သောက်ဖွယ်များ ကြိုတင်ပြီး ပို့ထားပါတယ်။

ယနေ့အောင်ပွဲမှာ ယောဂီသူတော်စင်များအား မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဂုဏ်တော်(၆)မျိုးတို့တွင် "သြပနေယျိကော" ဆိုတဲ့ ဂုဏ်တော်ပါရှိတယ်။ အဲဒီ သြပနေယျိကောဆိုတဲ့ ဂုဏ်တော်က "အတ္တူပနယံ့ဝါ ပရူပနယံ့ဝါကာတုံ အရဟာတီတိသြပ နေယျိကော"တဲ့။ အတ္တုပနယံ့ဝါ= မိမိကိုဆောင်ခြင်းကိုလည်းကောင်း၊ မိမိသို့ ဆောင်ခြင်း

http://www.dhammadownload.com



ကိုလည်းကောင်း၊ ပရူပနေယျံဝါ= သူတစ်ပါးသို့ ဆောင်ခြင်းကို လည်းကောင်း၊ ကာတုံ= ပြုခြင်းငှာ၊ အရဟတိ= ထိုက်၏။ ဣတိတသ္မာ= ထို့ကြောင့်၊ ဓမ္မော= မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်သည်၊ ဩပနေယျိကော= ဩပနေယျိက မည်တော်မူပါပေ၏။

လူတို့ ကျင့်သုံးနေကျ ကုသိုလ်ကမ္မပထ တရား(၁၀)ပါးတို့ထက် မြတ်သော ဥတ္တရိမနုဿဓမ္မ ခေါ်တဲ့ မြင့်မြတ်သောပုဂ္ဂိုလ်တို့သာ သိသင့် သိထိုက်တဲ့တရား။ အဲဒီ တရားတော်များကို မိမိသို့လည်းကောင်း၊ သူတပါးသို့လည်းကောင်း ကပ်ဆောင်ခြင်းငှာ ထိုက်တန်တဲ့ဂုဏ်၊ မိမိသို့လည်းကောင်း၊ သူတပါးသို့လည်းကောင်း တရားတော်ကို ကပ်ဆောင်ခြင်းငှာ ထိုက်တန်တဲ့အတွက်ကြောင့် နိကာယ်ငါးရပ်တို့တွင် မဇ္ဈိမ ပဏ္ဏာသပါဠိတော် ဒုတိယဝဂ်မှာ မြတ်စွာဘုရားက **"တံကိံမညသိ အနုရုဒ္ဓ"**။

ချစ်သား- အနုရုဒ္ဓါ၊ ငါဘုရား ယခုပြောမည့်စကား ဘယ်လို မှတ်ထင်သလဲ။ မြတ်ဗုဒ္ဓရဲ့ သာသနာတော်ကို ကြည်ညိုလေးစားကြပြီး ကွယ်လွန်သွားကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်လို့ ဘယ်လိုများ အောင်မေ့ မှတ်ထင်ပါသလဲ။ "ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ကွယ်လွန်သွားပြီ မြတ်စွာဘုရား သာသနာတော်ကို ယုံကြည်လေးစားပြီးတော့၊ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်တွေကို ကျင့်ကြံပွားများပြီးတော့ ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်ဟာ အထက်တန်းကျတဲ့ ဘယ်ဘုံ ဘယ်ဘဝမှာ ရောက်နေပြီလို့ အဲလို ငါဘုရား မိန့်ကြားတာနဲ့ ပတ်သက်လို့ ချစ်သား အနုရုဒ္ဓါ ဘယ်လိုများ မှတ်ထင်ပါသလဲ"လို့ မေးတဲ့အခါ အရှင်အနုရုဒ္ဓါက အလွန်ရိုသေစွာ ရှိခိုးပြီး "ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား ဒီမေးခွန်းရဲ့ အဖြေက မြတ်စွာဘုရားတို့နှင့်သာ သက်ဆိုင်ပါတယ်ဘုရား" လို့ လျှောက်ထားတယ်။ ဘုရားရှင်တို့ကိုယ်တော်တိုင်သာ ဖြေဆိုလို့ရင် သင့်တော်ပါတယ်ဘုရားလို့ အဲဒီလို လျှောက်ထားပါတယ်။ အဲဒီလို လျှောက်ထားတဲ့အခါ မြတ်စွာဘုရား သာသနာမှာ သဒ္ဓါတရား ရှိရှိ

http://www.dhammadownload.com



ကြည်ညိုပြီးတော့ အထက်သုဂတိဘုံနန်းတွေ စံမြန်းရပုံများကို ကြားရတဲ့အခါမှာ သဒ္ဓါတရားနည်းပါးတဲ့ ပုဂ္ဂိုလ်များလဲ တရားစီးအာရုံရောက်နိုင်တယ်။ သဒ္ဓါတရားရှိပြီးသား ပုဂ္ဂိုလ်များကတော့ တရားကို ကြိုးစားမင်းစား အားထုတ်ကြတယ်။ ငါဘုရားက သဒ္ဓါရှိတဲ့ပုဂ္ဂိုလ်တွေ၊ တရားအားထုတ်ပြီးတော့ ကွယ်လွန်သွားကြတဲ့ ပုဂ္ဂိုလ်တွေ ဘယ်သုဂတိဘုံမျိုးရောက်နေတယ်ဆိုတာ ငါဘုရားဟောတာပါပဲတဲ့။ အဲဒီလို ဟောကြားခြင်းဟာ ရဟန်းရှင် လူသတ္တဝါအားလုံးတို့အတွက် အကျိုးစီးပွား များနိုင်တယ်၊ ချမ်းသာများနိုင်တယ်။

တခါတရံ မြတ်စွာဘုရားက ပုဂ္ဂိုလ်နှင့်တရားထူး၊ တရားထူးနဲ့ ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်နဲ့တရား တွဲပြတယ်။ တရားထူးတွေ ဘယ်ပုဂ္ဂိုလ်မှာရှိတယ်၊ တရားထူးတွေ ဘယ်ပုဂ္ဂိုလ်မှာ ရောက်နေတယ်၊ ပုဂ္ဂိုလ်နဲ့တရား တွဲတွဲပြီး ပြတယ်။ အဲဒီလို ပြခြင်းဟာ သာသနာတော်မှာ ယုံကြည်မှုအားနည်းတဲ့ ပုဂ္ဂိုလ်တွေကိုလဲပဲ အားတက်စေတယ်။ သဒ္ဓါတရား ရှိပြီးသား ပုဂ္ဂိုလ်တွေကျတော့ တနည်းအားဖြင့် သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ် သိက္ခာ သုံးပါး၊ သီလ, သမာဓိ, ပညာ အားမထုတ်ဖြစ်သေးဘူး။

သာသနာတော် အပေါ်မှာတော့ သဒ္ဓါတရားရှိတယ်၊ ကြည်ညိုတယ်၊ လေးစားတယ်။ သို့သော် အားမထုတ်ဖြစ်သေးဘူး။ အားမထုတ်ဖြစ်သေးတဲ့ ပုဂ္ဂိုလ်တွေ အားထုတ်ဖြစ်အောင် အားပေးရာလဲ ရောက်တယ်တဲ့။ ဒါကြောင့် ပုဂ္ဂိုလ်နဲ့တရား တရားနဲ့ပုဂ္ဂိုလ် မြတ်စွာဘုရားက တွဲတွဲပြီး ပြတော်မူတယ်။ တခါတရံကျတော့ မြတ်စွာဘုရားက မိမိကို တရားတွေရောက်ပုံ၊ တရားစီး မိမိရောက်ပုံ ဟောကြားတော်မူတယ်။ မြတ်စွာဘုရား တစ်ချိန်က နန်းမသုံးဆောင်နှင့်တကွ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတွေကို စွန့်ခွာပြီးတော့ တောထွက်လာပုံကိုလဲ ဟောတယ်၊ ဒုက္ကရစရိယကျင့်ပုံကို ဟောတယ်၊ ဘုရားဖြစ်ပုံ၊ ဓမ္မစကြာ တရား ဟောပုံ၊ အဲဒီလို တရားတွေမိမိသန္တာန်မှာ ရောက်ရှိလာပုံကို ဟောတယ်။ မြတ်စွာဘုရားဆိုတဲ့ မိမိသန္တာန်မှာ ရောက်ရှိလာပုံကိုလဲ

http://www.dhammadownload.com



ဟောတယ်။

တခါတရံကျတော့ သာသနာတော်ကြီးရဲ့ ပြည့်စုံပုံ သာသနာတော်ကြီးဟာ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တွေနဲ့ ပြည့်စုံပုံကိုလဲ ဟောတယ်။ ဘုန်းကြီးတို့ ကိုးကွယ်အားထားနေကြတဲ့ သာသနာတော်ကြီးဟာ-

**ဗုဒ္ဓ သုဗုဒ္ဓတာ လောကေ၊ ဓမ္မဿစ သုဓမ္မတာ။**
**သံဃာဿ သုပဋိပတ္တိ၊ ဧသာသာသနသမ္ပဒါ။**

လောကကြီးထဲမှာ ကိုးကွယ်ကြတဲ့ သာသနာတွေ အများကြီးရှိတယ်။ ဘာသာတွေ အများကြီးရှိတယ်။ မိမိတို့ ကိုးကွယ်တဲ့သာသနာ၊ ကိုးကွယ်တဲ့ဘာသာဟာ ဘုရားလဲကောင်းတယ်။ သစ္စာတရားကိုသိတဲ့ ဘုရား၊ တရားတော်ကလဲ ငြိမ်းချမ်းရေးပေးနိုင်တဲ့တရား၊ သံဃာတော်များကလဲ ဘုရားသားတော်ပီပီ လိုက်နာကျင့်ကြံ အားထုတ်ကြတဲ့ သံဃာတော်၊ အဲဒီလို အချက်အလက်တွေနဲ့ ပြည့်စုံတဲ့ **သာ**သနာတော်၊ သာသနာတော်ရဲ့ ပြည့်စုံမှုကိုလဲ မြတ်စွာဘုရားက ထုတ်ပြီးတော့ ဟောရတယ်။

တခါတရံကျတော့ ကိုယ်တော်တိုင်မမိန့်ပဲ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ အစရှိတဲ့ မထေရ်ကြီးများစီ တရားတော်ကို ဆောင်ပေးတယ်။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ဝင်စားနိုင်တယ်။ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး အစဉ်အတိုင်း ဝင်စားအပ်တဲ့ သမာပတ်(၉)ပါး ဝင်စားနိုင်တယ်။ (အနုပုဗ္ဗသမာပတ္တိ) ဆိုပြီးတော့ အရှင်မဟာကဿပ မထေရ်မြတ်ကြီး၊ နိဒါနဝဂ္ဂ ကဿပသံယုတ်မှာ ရဟန်းတို့ ငါဘုရား ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ဝင်စားနိုင်တယ်။ အလိုရှိတဲ့အခါ အလိုရှိသလို ဝင်စားနိုင်တယ်၊ လွယ်လွယ်ကူကူ ဝင်စားနိုင်တယ်။ အဲဒီလို ဝင်စားနိုင်သလိုပဲ ငါဘုရားရဲ့ တပည့် ကဿပဟာလဲပဲ ဒီလိုပဲ၊ စျာန်ကို လိုသလို ဝင်စားနိုင်တယ်၊

http://www.dhammadownload.com



သမာပတ်လိုသလို ဝင်စားနိုင်တယ်။

ဥတ္တရိမနုဿဓမ္မခေါ်တဲ့ လူတို့ရဲ့ ကုသိုလ် ကမ္မပထတရား (၁၀)ပါးထက် လွန်မြတ်တဲ့ ဈာန်အဘိညာဉ် တရားတွေ အရှင်မဟာကဿပစီ ဆောင်ပြီးပေးလိုက်တယ်။ ရဟန်းတော်တွေတင် မဟုတ်ဘူးတဲ့။ ဟတ္ထာဠဝကတို့၊ စိတ္တလူကြွယ်တို့ အမျိုးသားတွေစီ၊ နန္ဒမာတာတို့ အမျိုးသမီးတွေစီကိုလဲပဲ ဆောင်ပို့ပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။ အိမ်ယာတည်ထောင် လူ့ဘောင်မှာနေတဲ့ ပုဂ္ဂိုလ်များနဲ့ ပတ်သက်ပြီးတော့ လူ့ဘောင်မှာ နေကြသော်လဲ ဥတ္တရိမနုဿဓမ္မခေါ်တဲ့ သာမန်လူတို့ရဲ့ ကုသိုလ်ကမ္မပထတရား (၁၀)ပါးထက် လွန်မြတ်တဲ့ ဈာန်အဘိဉာဏ် မဂ်ဖိုလ်တရားတွေ ရောက်ရှိပုံတွေကို မြတ်စွာဘုရား ဗျာဒိတ်စကား အနေအားဖြင့် ဟောကြားတော်မူတယ်။

## သူကြွယ်နှင့်တက္ကဒွန်း

အဲဒါ အဘယ်မှာပါသလဲဆိုရင် ခန္ဓဝဂ္ဂသံယုတ်၊ စိတ္တဝဂ်မှာ စိတ္တသူကြွယ်နဲ့ အစေဠက ကဿပကြီးနှစ်ယောက် တွေ့တယ်။ အစေဠက ကဿပကြီးဟာ တက္ကဒွန်းပါပဲ။ အဝတ်မပါတဲ့ တက္ကဒွန်းရဟန်း ဟစ်မျိုးပေါ့ မြတ်စွာဘုရားသာသနာ့ပြင်ပက ရဟန်းပါ။ စိတ္တသူကြွယ်နဲ့ အစေဠကတွေ့ကြတယ်။ စိတ္တသူကြွယ်က မေးတယ်၊ အရှင်ဘုရား အစေဠက ကဿပအရှင်ဘုရား ဒီလို တက္ကဒွန်း ရဟန်းပြုတာ ဘယ်လောက်ကြာပြီလဲလို့ ရိုရိုသေသေလေး မေးလိုက်တယ် သူက ဘာပြောသလဲဆိုတော့ -

ဒကာ စိတ္တသူကြွယ် ငါတက္ကဒွန်း ရဟန်းပြုတာ အနှစ်(၃၀)ရှိပြီလို့ ဖြေတယ်။ မေးခွန်း(၃)ခုထပ်ပြီးတော့ မေးတယ်။

၁။ အနှစ်(၃၀)ဆိုတော့ အရှင်ဘုရားမှာ သာမန်လူတို့ရဲ့ ကုသိုလ် ကမ္မပထတရားထက် လွန်မြတ်သော ဈာန်အဘိညာဉ်၊ မဂ်ဖိုလ် တရားများ ရှိပါသလား။

http://www.dhammadownload.com



၂။ အရိယာ သူမွန်သူမြတ်တို့သာ သိသင့်တဲ့ ဝိပဿနာဉာဏ်ထူး ဉာဏ်မြတ်ကော ရှိပါသလား။

၃။ ချမ်းသာစွာ နေထိုင်ရပါသလား။

မေးခွန်း(၃)ခု မေးလိုက်တာ။ အစေဠက ကဿပကြီးတို့က သီလကျင့်စဉ်လဲ မကျင့်ဘူး။ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့ကို မစီးဖြန်းပဲ အနှစ်(၃၀)တိတိ ရဟန်းပြုလာတာ။ အဲဒီတော့ ဘာဖြေသလဲ လူတိုင်းရဲ့ ကုသိုလ်ကမ္မပထ တရား(၁၀)ပါးထက် လွန်မြတ်သော စျာန်၊ အဘိဉာဏ်၊ မဂ်၊ ဖိုလ်တရားများ ငါ့မှာမရှိပါ။ ရှိတယ်လို့ ဖြေမလားလို့ ဆိုတော့ မရှိပါတဲ့။

အရိယာပုဂ္ဂိုလ်တွေ ကျင့်ကြံတဲ့ ဉာဏ်ထူးဉာဏ်မြတ် ရုပ်ဓာတ်၊ နာမ်ဓာတ် ပရမတ်တို့ကို ခွဲခြားသိနိုင်တဲ့ ဝိပဿနာဉာဏ်ထူး ဉာဏ်မြတ်လဲ ငါ့မှာ မရှိဘူးတဲ့။ ချမ်းသာစွာ နေထိုင်ရပါသလားဆိုတဲ့ တတိယမေးခွန်းကို ဖြေတဲ့အခါမှာတော့ ချမ်းသာစွာမနေရပါတဲ့။ အားလုံး ဗုဒ္ဓဘာသာဝင်များ သတိပြုစရာ မေးခွန်းတွေနဲ့ အဖြေတွေပါပဲ။

စိတ္တသူကြွယ်ကို အစေဠက ကဿပက ပြန်မေးအုံးမယ်တဲ့။ ဘုရား ကိုးကွယ်လာတာ၊ တရား ကိုးကွယ်လာတာ၊ ရတနာသုံးပါးကို ကိုးကွယ်တဲ့ ဥပါသကဒါယကာဖြစ်တာ ဘယ်လောက်ကြာပြီလဲလို့ မေးလိုက်တယ်။ စိတ္တသူကြွယ်က အကျွန်ုပ်အနှစ်(၃၀)ရှိပါပြီတဲ့။

အဲလိုဆိုရင် သင့်လဲ မေးရအုံးမယ်ဗျာ၊

၁။ လူတို့ရဲ့ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်တဲ့ စျာန် အဘိဉာဉ် မဂ်ဖိုလ်တရားများ ရပါပြီးလား။

၂။ အရိယာတွေသာ သိနိုင်တဲ့ ဉာဏ်ထူးဉာဏ်မြတ်ကော ရရှိပါပြီ လား။

၃။ ချမ်းသာစွာ နေထိုင်ရပါ၏လား။

မေးခွန်း(၃)ခု ပြန်မေးတယ်။ စိတ္တသူကြွယ်က ဘာပြန်ပြီးတော့ ဖြေသလဲဆိုရင်-

http://www.dhammadownload.com



၁။ **အဖြေ**- သာမန်လူတွေ ကျင့်ရိုးကျင့်စဉ် လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်တဲ့ ဈာန်အဘိဉာဉ် မဂ်ဖိုလ်တရားများ ရထားပါတယ်။

၂။ အရိယာပုဂ္ဂိုလ်တို့သာ သိနိုင် မြင်နိုင်တဲ့ ဝိပဿနာ ဉာဏ်ထူးဉာဏ်မြတ်လဲ ရထားပါပြီ။

၃။ ချမ်းချမ်းသာသာလဲ နေရပါပြီ။

ချမ်းသာတယ်ဆိုတာ ချမ်းချမ်းသာသာ နေရပါတယ်။ အိပ်စက်ရပါတယ်၊ စိတ်ချမ်းသာမှုကို အဓိကထားဖြေတာ။ ဖြေတဲ့နေရာမှာ ဈာန်အဘိညာဉ် ရရုံတင်မကဘူးတဲ့ သာမန်ရတာတော့ မဟုတ်ဘူးတဲ့။ အကယ်၍များ မြတ်စွာဘုရားထက် စောပြီးတော့များ သေသွားမယ်ဆိုရင် မြတ်စွာဘုရားက စိတ္တသူကြွယ်ဟာ အောက်ဘုံတွေကို သွားစေတတ်တဲ့ သံယောဇဉ်ငါးမျိုး (ဩရမ္ဘာဂိယ)၊

(၁) ကာမရာဂသံယောဇဉ်၊

(၂) ဒိဋ္ဌိသံယောဇဉ်၊

(၃) ဝိစိကိစ္ဆာသံယောဇဉ်၊

(၄) သီလဗ္ဗတ ပရာမာသသံယောဇဉ်၊

(၅) ပဋိဃသံယောဇဉ်တွေကို ပယ်ပြီး အောက်ကာမဘုံတွေကို မလာတော့တဲ့ သူကြွယ်ဖြစ်သွားပြီလို့ မြတ်စွာဘုရားက မိန့်တော်မူလိမ့်မယ်လို့ ဖြေကြားလိုက်တော့။

**အံ့ဖွယ်စကား**

အစေဠက ကဿပကြီးက အံ့ဩဖွယ် စကား(၅)အမျိုး ပြောပါတယ်။

အို အချင်းတို့ မြတ်စွာဘုရားသည် အစ-အလယ်-အဆုံး သီလ, သမာဓိ, ပညာ သိက္ခာသုံးစုံ ဂုဏ်နှင့်ပြည့်စုံသော စကားကို ဟောကြားတော်မူအပ်ခဲ့လေပြီ တကား။

F.13.CB

http://www.dhammadownload.com



အဲဒီလို ဟောကြားခြင်းဖြင့် အံ့ဖွယ်ဖြစ်ပါပေစွ တကား။ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားကောင်းလို သင်ဘုရား ကိုးကွယ်ရ ကျိုးနပ်တာ။ ငါလဲပဲ တက္ကဒွန်း ရဟန်းနှစ်ပေါင်း(၃၀) ပြုပြီးပြီ။ နှစ်ပေါင်း(၃၀)ရှိပြီး၊ သင်လဲ ဘုရားကိုးကွယ်တာ နှစ်ပေါင်း(၃၀)။ ငါ့မှာ သာမန်လူတို့ရဲ့ ကုသိုလ်ကမ္မပထ တရားထက်လွန်မြတ်သော ဈာန် အဘိညာဏ်၊ မဂ်၊ ဖိုလ်ရယ်၊ ဉာဏ်ထူးဉာဏ်မြတ် ဝိပဿနာတရားရယ်၊ ချမ်းသာစွာနေရမှုရယ် မရှိဘူး။ သင့်မှာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားကောင်းလို့ အစ အလယ် အဆုံး သီလ, သမာဓိ, ပညာ သိက္ခာ(၃)ပါးကျင့်စဉ် တရားဂုဏ်နှင့် ပြည့်စုံတဲ့တရားကို ကိုးကွယ်ရပါ ပေတယ်။

အို အချင်းတို့ သင်သည် အံ့ဖွယ်ရှိပါပေစွ။ မဖြစ်စဖူး အထူးဖြစ်ပါပေစွ။ သင်ဟာ ငါတို့လို ဘုန်းကြီးဝတ်တာလဲ မဟုတ်ဘူး၊ တက္ကဒွန်းရဟန်းလဲ မဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ တပည့်ရဟန်းလဲ မဟုတ်ဘူး အဝတ်ဖြူဝတ်နေတာ ခေါင်းလဲမတုံးဘူး၊ နေတာလဲ အိမ်မှာနေသေးရဲ့။

လူတို့ရဲ့ ကုသိုလ်ကမ္မပထတရား (၁၀)ထက် သာလွန်မွန်မြတ်တဲ့ ဈာန်အဘိညာဉ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုရခြင်းဟာ ကောင်းပါပေစွ တကား။ နေတာက အိမ်မှာ၊ ဝတ်တာက အဝတ်ဖြူ လူဝတ် ဝတ်တယ်၊ ရတာက တရားထူး၊ သင့်အဖြစ်က သိပ်ပြီးတော့ ရကျိုးနပ်တာပဲ၊

အို အချင်းတို့ အရိယာတွေသိတဲ့ ဉာဏ်ထူးဉာဏ်မြတ် သင့်မှာ ရှိတယ်။ ဒါလဲ အံ့သြစရာပဲ ရရှိနိုင်လေပြီတကား။ တရားသဘောပေါက်လို့ တရားရပြီးသားဆိုတော့ စိုးရိမ်ပူဆွေး စိတ်မအေးတာလဲ မရှိဘူး။ ပူဆွေးညှိုးမှိန် စိုးရိမ်နေတာ မရှိဘူး။ စိတ်မသက်သာ နှလုံးနာတာ မရှိ။ ချမ်းချမ်းသာသာ နေထိုင်ရပါ၏လော့ဆိုတော့ ချမ်းချမ်းသာသာ နေထိုင်ရပါတယ်။

E 13 CA

http://www.dhammadownload.com



ဒီလို ချမ်းချမ်းသာသာ နေခွင့်ရရှိတယ်လို့ ဖြေကြားခြင်းဟာလဲပဲ ထူးဆန်းအံ့ဖွယ် အချက်ပါပေတကား။ စိတ်မသက်သာ နှလုံးနာတယ်ဆိုတာ အမှန်ပဲ။ နှလုံးရောဂါဆိုတာ ဖြစ်ပေါ်လာတတ်တယ်။ အခုဆေးရုံကြီးတွေမှာ သတိပေးထားတာရှိတယ်။

လူတွေ အတွင်းရောဂါတွေ၊ အပြင်ရောဂါတွေ အဖြစ်များလို့ ဆေးရုံကြီးတွေမှာ တစ်နေ့ တစ်နာရီ အနားယူပြီး တရားအားထုတ်ပါ ညွှန်ကြားထားတာ တွေ့တယ်။ ချမ်းချမ်းသာသာ နေထိုင်ရပါ၏လော့ ဆိုတော့ စိတ္တသူကြွယ်က ချမ်းသာလိုက်တာ နေရတာချမ်းသာလိုက်တာ။ ဘာကြောင့် ချမ်းသာသလဲဆိုတော့ တရားရှိလို့ ချမ်းသာတယ်။ တရားရှိတဲ့ လူတွေချမ်းသာတယ်။

## အံ့ဖွယ်နန္ဒမာတာ

အလားတူပဲ အရှင်သာရိပုတ္တရာက နန္ဒမာတာရယ် အံ့ဖွယ်ကောင်းလိုက်တာ။ ထူးပ့ါ နန္ဒမာတာရယ်၊ သင်မို့လို့ ဒီလိုတန်ခိုးကြီးတဲ့ အသဝဏ်နတ်မင်းနဲ့ တွေ့တွေ့ဆုံဆုံ စကားပြောလိုက်ရပါပေ့။ နောက်တစ်ခုက တပည့်တော် ရဲ့ ချစ်လှတဲ့ တစ်ဦးတည်းသော သားလေး ၁မ်းသတ်တာ၊ ညှင်းဆဲတာ မျက်မြင်တွေ့တာတောင် တပည့်တော်ရဲ့ စိတ်တစ်မျိုး မဖြစ်ဘူးဘုရားလို့ လျှောက်တော့ အရှင်သာရိပုတ္တရာက နန္ဒမာတာရယ်၊ အံ့သြဖွယ်ကောင်းလိုက်တာ၊ စိတ်ကိုဖြူစင်အောင် ထားတဲ့နေရာမှာ အံ့သြဖွယ်ပဲ။

တပည့်တော်မ အဲလောက်မကသေးဘူးဘုရားလို့ တစ်ခု ထပ်လျှောက်တယ်။ တပည့်တော်ရဲ့ အိမ်ရှင် ငယ်ငယ်ရွယ်ရွယ်ပဲ သေသွားပါတယ်။ နတ်ဘီလူးအဖြစ်နဲ့ အိမ်ယာမှာ နဂိုပုံစံအတိုင်း ကိုယ်ထင်ရှားပြသော်လဲ တပည့်တော်ရဲ့ စိတ်ထဲမှာ ဘယ်လိုမှမဖြစ်ဘူးဘုရား။ စိုးရိမ်ပူဆွေးမှုလဲ မဖြစ်ဘူး၊ နှလုံးမသာယာ မသက်သာတာလဲ မဖြစ်ဘူးဘုရားလို့ လျှောက်ထားတယ်။ ဒါတင်မကသေးဘူး ဘုရား။

http://www.dhammadownload.com



တပည့်တော်မ ငယ်ရွယ်စဉ်က အိမ်ထောင်ကျပါတယ်။ အရှင်သခင်မှ တစ်ပါး စိတ်နဲ့တောင်မကျူးကျော်ဘူးပါ။ ကိုယ်နဲ့တော့ မပြောပါနဲ့ဘုရား။ နောက်တစ်ခုက ရတနာသုံးပါး ဆည်းကပ်သူ ဥပါသိကာဖြစ်တဲ့နေ့က စပြီး ဘယ်သိက္ခာပုဒ်မှ စိတ်ပါလက်ပါ မကျူးကျော်ဘူးပါ။ နောက်ပြီး ဈာန်လေးပါး ရပါတယ်ဘုရား။ အောက်တန်းစားသံယောဇဉ် (၅)မျိုးလဲ မပယ်ရသေးတာ မရှိပါဘုရားလို့ လျှောက်ထားတော့ အရှင် သာရိပုတ္တရာက နန္ဒမာတာရယ် အံ့ဩဖွယ်ပဲတဲ့။ စိတ်ကို သုတ်သင် နိုင်မှုဟာ အင်မတန်အံ့ဩဖွယ် ကောင်းတယ်။ နန္ဒမာတာကို အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးက ချီးမွမ်းတော်မူရတယ်။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ရဟန်းတော်များ တရားရသလို၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေလဲ တရားရကြတယ်။ သက်တော်ထင်ရှား ရှိတော်မူစဉ်ကဆိုလျှင် မြတ်စွာ ဘုရားဟာ လူပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ပြီး တရားရပုံကို ဟောကြား ထားတာရှိတယ်။

ဒီဃနိကာယ် မဟာဝဂ္ဂပါဠိ ဇနဝသဘသုတ္တန်မှာ-

**အတ္ထာယံ ဣတရာပဇာ၊ ပုညဘာဂါတိ မေ မနော၊**
**သင်္ခါတုံ နောပိ သက္ကောမိ၊ မုသာဝါဒဿ ဩတ္တပ္ပံ။**

အယံပဇာ= နှစ်သန်းလေးသိန်းသော အရိယာသည်၊ (ဗိမ္ဗိသာရ မင်းကြီးက ဇနဝသဘနတ်သား သွားဖြစ်တော့ လျှောက်ထားတာ)။ နှစ်သန်း လေးသိန်းတဲ့၊ လူအရိယာပုဂ္ဂိုလ်တွေ၊ ဣတရာပဇာ= နှစ်သန်းလေးသိန်းသော အရိယာပုဂ္ဂိုလ်များမှ တပါး၊ ပုညဘာဂါ= သောတာပန် ဖြစ်နိုင်သော ပုဂ္ဂိုလ်များကလဲ ရှိပါသေး၏။ (နှစ်သန်း လေးသိန်းက အထက်တန်းကျတဲ့ အရိယာတွေပြောတာ) သောတာပတ္တိယင်္ဂတရား လေးပါးနှင့် ပြည့်စုံတဲ့ ကုသိုလ်ရှင်ကြီးတွေ ကလဲပဲ၊ သင်္ခါတုံနောပိ သက္ကောတိ= ရေတွက်ပြရန် စွမ်းပင်မစွမ်း နိုင်ပါဘုရား။ သောတာပန်ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အရေအတွက်ကို

http://www.dhammadownload.com



ပြောကိုမပြောနိုင်တော့ပါဘူးဘုရား။ မုသာဝါဒဿ ဩတ္တပ္ပံ= လိမ်လည်၍ ပြောဆိုခြင်းအတွက် ကြောက်လုပါ၏။ အရေအတွက်ပြောရင် မုသားဖြစ်သွားမှာ ကြောက်ပါတယ်တဲ့။ နှစ်သန်းလေးသိန်းသော အထက်တန်းအရိယာ လူပုဂ္ဂိုလ်တွေရှိပါတယ်။ ရဟန်းတော်တွေ မပါသေးဘူး၊ ဘိက္ခုနီတွေ မပါသေးဘူး။ နာတိကရွာမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ရဟန်းတော်တစ်ပါး ပျံတော်မူသွားပြီ၊ ရဟန်းမ တစ်ပါး ပျံတော်မူသွားပြီ၊ လူဥပါသကာတစ်ယောက်၊ ဥပါသိကာမ တစ်ယောက် ကွယ်လွန်သွားပြီဆိုရင် မေးကြတာ။ အရှင်နန္ဒ ပျံတော်မူ သွားပါပြီ၊ ဘယ်ဘဝ ရောက်ပါသလဲဘုရား၊ သူရဲ့ ဉာဏ်အဆင့်က ဘယ်အဆင့်ရှိပါသလဲဘုရား၊ အကဲခတ်နည်းလေး ရှိတယ်။ ရဟန်းတို့ ပုဂ္ဂိုလ်တစ်ယောက် ကွယ်လွန်တိုင်း၊ ပျံလွန်တိုင်း လာမေးနေလို့တော့ ပြောလို့ပြီးမှာမဟုတ်ဘူး။

ဘာကြောင့်လဲဆိုတော့ နာတိကရွာမှာ လူအနာဂါမ်ချည်းက (၅၀)ကျော်၊ သကဒါဂါမ်က (၉၀)ကျော်၊ သောတာပန်က (၅၀၀)ကျော်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ကွယ်လွန်သွားတဲ့အခါ အကဲခတ်နိုင်ဘို့ သောတာပတ္တိယင်္ဂတရားလေးပါးကို မြတ်စွာဘုရား ဟောတော်မူတယ်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဘုရားဂုဏ်တော်၊ တရား ဂုဏ်တော်၊ သံဃာဂုဏ်တော်ကို ယုံကြည်တယ်၊ ငါးပါးသီလမကျိုး မပေါက် မပြောက်ကြားဘူးဆိုရင်တော့ ဒီပုဂ္ဂိုလ်ဟာ သောတာပန်ပဲ အပါယ်တံခါးပိတ်ပြီးတဲ့။ ဘုံစဉ်စံဘဝနဲ့ပဲ သွားတော့မယ်လို့ ပြောလိုက်။ အဲဒီလေးမျိုးနဲ့ အကဲခတ်ရမှာ။

နာတိကရွာမှာ အနာဂါမ် (၅၀)ကျော်၊ သကဒါဂါမ်က (၉၀)ကျော်၊ သောတာပန်တွေက (၅၀၀)ကျော်ရှိတော့ အခြားအခြား တိုင်းတွေမှာ ဝဇ္ဇီတိုင်းတို့၊ ကာသိတိုင်းတို့ အစရှိတဲ့ တိုင်းတွေမှာလဲပဲ အိမ်ရာထောင်သူ လူ့ဘောင်မှာနေပြီးတော့ အဝတ်ဖြူဝတ်ပြီးတော့ ခေါင်းမတုံးပဲနဲ့ အိမ်မှာနေပြီးတော့ အရိယာပုဂ္ဂိုလ်တွေ ဒုနဲ့ဒေးတဲ့။

http://www.dhammadownload.com



ဝိနည်း၊ အဘိဓမ္မာမှာတော့ ဘယ်၍ဘယ်မျှ တိုက်ရိုက်အားဖြင့်တော့ မရှိဘူး။ သို့သော်လဲ မိလိန္ဒပဉှာ ပါဠိတော်မှာတော့ ငါးကုဋေသုံးသိန်း ငါးသောင်းခုနှစ်ထောင် ရှိတယ်တဲ့။ အချို့အချို့ ပုဂ္ဂိုလ်တွေ ရဟန်းတော်တွေက မိမိရရှိတဲ့ တရားထူး မိမိမှာရရှိတဲ့ ဉာဏ်အဆင့်ဆင့်ကို အထူးအားဖြင့် ပြောသင့်တဲ့အချိန်မှာ ပြောရမယ်။ ပြသင့်တဲ့အချိန်မှာ ပြကြရတယ်။

မြတ်စွာဘုရား ဆွေတော်မျိုးတော်တွေစီ ကြွတဲ့အခါ တန်ခိုးပြာဋိဟာ ပြရတယ်၊ မပြရင် ဒီဆွေမျိုးတွေ တရားရဖို့ မလွယ်ဘူး။ ရသေ့ညီနောင် ရှင်တစ်ထောင်တို့နဲ့ တွေ့တဲ့အခါ တန်ခိုးပေါင်းများစွာ ထောင်ချီပြီး ပြရတယ်။ ဒါကြောင့်မို့ အခုခေတ်မှာလဲပဲ သြော်-တစ်ချို့ပုဂ္ဂိုလ်တွေ ဟိုဟိုဒီဒီ သွားကြတဲ့အခါမှာ သူကဝန်ကြီးပါ၊ သူကညွှန်ချုပ်ပါ အစရှိသဖြင့် ရာထူးဂုဏ်တွေကို ပြောရတယ်။ မပြောရင် မလေးစားဘူး။ ကျန်းမာရေးနဲ့ ပတ်သက်ရင်လဲ ဘယ်ဆေးရုံမှာပဲဖြစ်ဖြစ်၊ ဘယ်ဆေးတိုက်၊ ဆေးခန်းမှာပဲဖြစ်ဖြစ်။ ဥပမာ- ဒေါက်တာစိုးတင့် ဆိုပြီးနောက် အင်္ဂလန်၊ အမေရိကန်၊ ရန်ကုန် မိမိရရှိထားတဲ့ဘွဲ့ကို ရေးထားရတယ်။

"သတ္တိဗလ စွမ်းထာမကို မပြမသိ ပြမှသိ၏"လို့ ဆိုတာမျိုး ရှိသေးတာကိုး။ ဘုန်းကြီးတို့ ဘုန်းကြီးလောကမှာ ရှိကြတယ်။ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မိတ်ဆွေတစ်ပါးက ပြောဖူးတယ်။ သူကတော့ ငယ်ငယ်ကတည်းကကို အမြင်ကျယ်တယ်။ ဘယ်လို ပြောသလဲဆိုတော့ "လက်သဲကွင်း လေးပါမှဗျ"လို့ အဲဒီလိုပြောတယ် မှန်တာပဲ။ လက်သဲကွင်းလေးက သိပ်အရေးကြီးတာ။ သာသာနာတော်မှာလဲ လူတို့ရဲ့ ဥတ္တရိမနုဿဓမ္မ ကမ္မပထတရား(၁၀)ပါးထက် လွန်ကဲတဲ့ ဈာန် အဘိညာဉ် မဂ် ဖိုလ်တရားတို့ကိုလဲပဲ ပြောသင့်တဲ့အခါ ပြောကြရပါတယ်။ မရှိပဲနဲ့ လိမ်ညာပြောတာတော့ မကြိုက်ဘူး။ မြတ်စွာဘုရား ဆွေတော် မျိုးတော်တွေစီသွားတော့ တန်ခိုးပြတယ်။ တိတ္ထိတွေကို

http://www.dhammadownload.com



နှိမ်နင်းတဲ့အခါ တန်ခိုးပြတယ်။ အဲဒါကို တချို့ပုဂ္ဂိုလ်တွေက စောဒက တက်ကြတယ်။ စန္ဒကူးသပိတ် လက်ခံပြီး ရှင်ပိဏ္ဍောလ မထေရ်တန်ခိုး ပြတာကိုတော့ ပိတ်ပင်တယ်။ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက ဤကမ္ဘာမြေကြီးကို ပြောင်းပြန်ပြန်ပြီးတော့ မြေဆီမြေလွှာတွေ ကျွေးမယ်ဆိုတုံးက ပိတ်ပင်ခဲ့တယ်။ ဘုရားကိုယ်တိုင် တန်ခိုးပြတဲ့အခါ ကျတော့ ဘာပြုလို့ တန်ခိုးပြသလဲလို့ စောဒကတက်ကြတယ်။

ရှင်ဘုရင်ရဲ့ ဥယျာဉ်တစ်ခုမှာ သီးပွင့်နေတဲ့ အသီးအပွင့်တွေကို အခြားအခြား ပုဂ္ဂိုလ်တွေခူးစားရင် အပြစ်ရှိပေမဲ့ ရှင်ဘုရင်လိုသလို စားရင် အပြစ်မရှိသလိုပဲ။ ဘာကြောင့်လဲ ပိုင်ရှင်ဖြစ်လို့ပါပဲ။ လူတို့ရဲ့ ဥတ္တရိမနုဿဓမ္မ ကမ္မပထတရားထက် လွန်မြတ်တဲ့ ဈာန်အဘိညာဉ် မဂ်ဖိုလ်တရားတွေကို ရှိသယောင်ယောင်ပြောတာကိုတော့ ပိတ်ပင် တယ်။ ရှိတာကို အကြောင်းအားလျော်စွာ ပြောရတာတွေ ရှိပါတယ်၊

ဒါကြောင့်မို့ လက်သည်းကွင်းကလဲ အရေးကြီးတယ်။ ဒါကြောင့် ဩပနေယျိက တရားကို မိမိသို့လည်းကောင်း၊ သူတပါးသို့လည်းကောင်း၊ ဆောင်ထိုက်တဲ့အတွက်ကြောင့် ဒီတရားသည် ဩပနေယျိက တရား ကိုလဲ မိမိသို့ ဆောင်ထိုက်၊ မိမိကိုလဲ တရားစီသို့ ဆောင်ထိုက်တယ်။ သူတပါးစီကို တရားဆောင်ထိုက်သလို တရားသို့လဲ သူတပါးကို ဆောင်ထိုက်လို့ ဩပနေယျိကဂုဏ်နဲ့ ပြည့်စုံတဲ့တရားတော်၊ လယ်တီ ဝိပဿနာမှာ အကြိမ်အားဖြင့် (၇၅)ကြိမ်၊ အားထုတ်ပြီး ယောဂီ ဘယ်နှစ်ယောက်၊ အထူးတရားစခန်းမှာက (၄၅၀)အစရှိသည်ဖြင့် သကြိန်တရားစခန်းတွေကတော့ (၂၀၀၊ ၃၀၀၊ ၄၀၀၊ ၅၀၀) ဒီလိုရှိတာကိုး။

အခြားအခြား ပုဂ္ဂိုလ်တွေ အားထုတ်ချင်လာအောင် မှတ်တမ်း တွေလဲ ထားကြရမယ်။ အသံသွင်းထားတာတွေလဲ ရှိတယ်။ ခုခေတ် တော့ ရုပ်သံရိုက်ထားတာတွေလဲ ရှိတယ်။ ဒါတွေမရှိတဲ့အခါ မြတ်စွာဘုရားရဲ့ ရုပ်အဆင်းတော်၊ ပကတိအသံတော်တွေ၊ လယ်တီ

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးရဲ့ ပကတိရုပ်အဆင်းတော်၊ ပကတိအသံတော်၊ ဘုန်းကြီးတို့ ဥပဇ္ဈာယ် မုံရွာသပြေပင်ဆရာတော်ဘုရားကြီးရဲ့ ပကတိရုပ်အဆင်းတော်၊ ပကတိအသံတော် ရွှေရေးဆောင်ဆရာတော်ဘုရားကြီးတို့ ပကတိအသံတော်၊ ပကတိအဆင်းတွေ မရလိုက်ကြဘူး။ ကလေးဝ ဆရာတော်ဘုရားကြီးရဲ့ ပကတိရုပ်အဆင်းတော်နဲ့ အသံတော်ကို ရလိုက်လို့ တော်သေးတယ်၊

အခုခေတ်မှာတော့ ဘုန်းကြီးတို့ဟောကြားတဲ့ တရားတွေ အသံသွင်းပြီးသားရှိတော့ ဖွင့်လို့ရတယ်။ မပျောက်အောင်ထိန်းဖို့ အင်မတန်လွယ်တယ်။ မြတ်စွာဘုရားနှစ်ပေါင်း ၂၅၉၃ နှစ်က ပွင့်တော်မူတယ်။ ယခုဆိုရင် သက်တမ်း(၁၀၀)ရှိတဲ့ ပုဂ္ဂိုလ်(၂၆)ဘဝစာ လောက်ကြာသွားပြီ။ အဲဒီ တရားတော်တွေကို ပေရွက်လဲမပါ၊ ကွန်ပျူတာလဲမပါ၊ စာရွက်လဲမပါ၊ အသံလဲမပါပဲနဲ့ နှလုံးသားနဲ့၊ တနည်းအားဖြင့် ဦးခေါင်းကောင်းကောင်းနဲ့ ကွန်ပျူတာဦးနှောက်၊ လူဦးနှောက်တွေနဲ့ ထိန်းလာတာက နှစ်ပေါင်း(၄၅၀)။ ဒီနောက် ပေရွက်မှာရေးပြီး ထိန်းလာတာ နှစ်ပေါင်း (၁၉၆၀)ကျော်လောက်။ ဒီနောက် ကျောက်စာ၊ ဒီနောက် စာအုပ်၊ ဒီနောက် ကွန်ပျူတာ ဓာတ်ပြားလေးတွေနဲ့ ထိန်းထားတာ။ နိကာယ်ငါးရပ် ပါဠိ အဋ္ဌကထာ ဋီကာတွေ (၅)ဘာသာ (၆)ဘာသာလောက်နဲ့ နိကာယ်ငါးရပ် ပိဋကတ်တော်တွေကို ထိန်းထားလို့ရပြီ။

အခုခေတ်မှာ ထိန်းရသိမ်းရတာ လွယ်တယ်၊ လက်တွေ့ကျင့်ကြံ အားထုတ်ဖို့သာ ရှိပါတော့တယ်။ ဩပနေယျိက ဆိုတဲ့အတိုင်း မိမိကို တရားစီပို့ဖို့လိုတယ်။ ဒါမှမဟုတ် တရားကို မိမိစီပို့ဖို့ လိုတယ်၊ ယူဖို့လိုတယ်။ ကိုယ်နဲ့ကပ်ဖို့လိုတယ်။ လူတို့ရဲ့ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်တဲ့ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ် သုံးပါးနဲ့ ရအပ်တဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတွေ ရောက်ပြီ။ ဒါကြောင့် အဟောသုခံ၊ အဟောသုခံလို့ အရှင်ဘဒ္ဒိယ ကျူးရင့်တာပါ။

http://www.dhammadownload.com



ဘုရားဖြစ်ပြီးခါစ ကြည့်ပါလား။ အနာထပိဏ်သူဌေး မြတ်စွာဘုရားနဲ့ စတွေ့စဉ်က **"ကစ္စိဘန္တေသုခံသယိတ္ထ"**= အရှင်ဘုရား ချမ်းချမ်းသာသာ အိပ်ရပါလားဘုရား။ ဒကာ သုဒတ္တ လောကကြီးထဲမှာ ချမ်းချမ်းသာသာအိပ်ရတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ငါဘုရား တစ်ပါးအပါ အဝင်ပဲ။ ဘာကြောင့်ချမ်းသာသလဲ။ တရားကြောင့် ချမ်းသာတာ၊ တရားကို အသုံးပြုရလို့ ချမ်းသာတာ၊ ဒါကြောင့် အားလုံးဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည် မိမိကို တရားစီသို့ ဈာန်အဘိညာဉ် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတို့ကို မိမိစီသို့ ကပ်ဆောင်ကြဖို့ အရေးကြီးပါတယ်။

ကပ်ဆောင်ကြပါလို့ တိုက်တွန်းနှိုးဆော်ရင်းနဲ့ ယနေ့ (၇၅)ကြိမ် မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အောင်ပွဲသဘင် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ် ရွှေတောင်ဦးတရားစခန်းမှာ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီးက တရားအားထုတ်သွားတဲ့ နေရာမှာ ပထမဆုံးအကြိမ် ကျင်းပတဲ့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းသို့ အဝေးကဂုဏ်ပြုလျှက် အထိမ်းအမှတ်အားဖြင့် တရားဒီနေရာမှာ ရပ်နားပြီးတော့ နိဂုံးချုပ် အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဇေတဝန်တရားပွဲ

ယနေ့ သာသနာနှစ် ၂၅၄၈ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၇)ရက်။ ယနေ့ဟောတဲ့ ဓမ္မဒါန တရားပွဲကတော့ ဘုန်းကြီးတို့ အသက်(၆၄)နှစ်ထဲ ဝင်ရောက်တဲ့အခါမှာ ပထမဆုံးတရားပွဲပါပဲ။ လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်က ကျင်းပတဲ့ လယ်တီဝိပဿနာ(၇)ရက်တရားစခန်းက (၇၅)ကြိမ်ရှိပါပြီ။ မနက်ဖြန်ဆိုရင် (၇၅)ကြိမ်မြောက်တရားစခန်း အောင်ပွဲအခမ်းအနား ကျင်းပမည့်နေ့ ဖြစ်ပါတယ်။

ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ကျော်ကို ပြန်ပြီးကြည့်မယ်ဆိုရင် ဖြစ်စဉ်လေးတစ်ခု တွေ့ရတယ်။ အဲဒီဖြစ်စဉ်လေး မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတိုက်ထဲမှာ တရားပွဲကျင်းပနေပါတယ်။ ရဟန်းတော်တွေလဲ တရားနာကြတယ်။ ဒကာ၊ ဒကာမတွေလဲ တရားနာကြတယ်။ ဘုမ္မစိုး၊ ရုက္ခစိုးတွေလဲ တရားနာကြတယ်။ တစ်ခါတစ်ရံ မြေဘုတ်ဘီလူးတွေက ဝင်ရောက်တရားနာကြတယ်နော်။ တစ္ဆေအကြီးစားလို့ ပြောရမှာပေါ့။ အဲဒီပုဂ္ဂိုလ်တွေကလဲ ဝင်ပြီးတော့ တရားနာကြားတာရှိတယ်။ အဲဒီတရားပွဲမှာ ရဟန်းတော်များ ညပိုင်း တရားနာနေကြတယ်။

**တေစဘိက္ခူအဋ္ဌိ တကွာ မနသိကတွာ သဗ္ဗံ စေတသာ သမန္နာဟရိတွာ ဩဟိတ သောတာ သုဏန္တိ"။**

အဲဒီတရားပွဲမှာ ရဟန်းတော်တွေက အဋ္ဌိကတွာ= အရိုအသေ ပြုပြီး၊ မနသိကတွာ= နှလုံးသွင်းပြီး၊ သဗ္ဗံစေတသာ သမန္နာဟရိတွာ= တရားအလုံးစုံကို တစ်လုံးတစ်ပါဒမှ မလစ်လပ်ရအောင် ဆောင်ထားပြီး၊ ဩဟိတသောတာ= ချအပ်သော နားရှိသည်ဖြစ်၍၊ သုဏန္တိ= နားကြားကြကုန်၏။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ကြီးမှာ မြတ်စွာဘုရား တရားပွဲအခြေအနေကြည့်လိုက်ရင် ရဟန်းတော်တွေဟာ တရိုတသေ နှလုံးသွင်းပြီး ချအပ်သော နားရှိသည်ဖြစ်၍ တရားအားလုံး

http://www.dhammadownload.com



တစ်လုံးတစ်ပါဒမှ မကျန်ရအောင် ကြားနာကြတယ်။ ရောင်းဝယ်မှု ပြုကြတဲ့အခါမှာ တစ်ပြားတစ်ချပ်ကလေးမှ မကျန်ရအောင် အမြတ် အစွန်းရအောင် ရောင်းဝယ်ကြသလို တရားနာကြတဲ့ ရဟန်းတော်များ ကလဲ တရားအပေါ်မှာ စိတ်ထဲက သိမ်းကျုံးပြီးတော့ တစ်လုံးတစ်ပါဒမှ မကျန်ရအောင် စူးစူးစိုက်စိုက် နာယူကြတယ်။ မြတ်စွာဘုရား ဟောကြား တော်မူတဲ့ တရားတော်ဟာ အခြားအခြားစကားတွေနဲ့ ကမ္ဘာ့လူထုကြီး ပြောနေတဲ့စကားတွေနဲ့ မတူဘူး။ မတူတဲ့အတွက် **"ပညာသုတ မရသေးစွာ ကျမ်းဂန်စာကို နှုတ်မှာအမြဲဆောင်နိုင်ခဲ၏"** ဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော်ကို နှုတ်ထဲဆောင်နိုင်ဖို့လဲ ခက်တယ်။ **"နှုတ်ထဲမမေ့ ဆောင်နိုင်၍လဲ ဝမ်းမှာမှတ်စွဲ ထားနိုင်ခဲ၏"**။ နှုတ်ထဲ ရနေပြန်တော့လဲ အဲဒီအဓိပ္ပါယ်လေးတွေကို မမေ့အောင် ဆောင်ထား ရတာ ခဲယဉ်းတယ်။ **"ဝမ်းမှာအမြဲ ဆောင်နိုင်ပြန်လဲ ဓိပ္ပါယ်ဝေခွဲ သိနိုင်ခဲ၏"**။ ဝမ်းထဲဆောင်ထားနိုင်ပေမဲ့ အနက် အဓိပ္ပါယ်ကို ဝေခွဲပြီးသိနိုင်ဖို့ ခဲယဉ်းတယ်။ အဲဒီတရားပွဲမှာ ရဟန်းတော် အရှင်မြတ်တွေက မြတ်စွာဘုရား ဟောတော်မူတဲ့တရားတော်တွေကို နှုတ်ထဲမှာ ဆောင်နိုင်တယ်။ မမေ့အောင်လဲ ထားနိုင်ကြတယ်။ ဝမ်းထဲမှာ ဆောင်နိုင်သော် အဓိပ္ပါယ်အနက် ဝေခွဲသိနိုင်ဖို့ ခက်သော်လဲ အဲဒီ အခက်အခဲကျော်လွန်ပြီး တရားပွဲရောက်လာကြတဲ့ တရားနာအရှင်မြတ် ကြီးတွေဟာ အရိုးစွဲအောင်နာယူကြတယ်။ နှလုံးသွင်းဆင်ခြင်တော်မူ ကြတယ်။ ဟောတော်မူတဲ့တရားတော်ကို တစ်လုံးတစ်ပါဒမှ မကျန် မှတ်သားတော်မူနိုင်ကြတယ်။

အဲဒီလို ဟောကြားနေတဲ့ အချိန်မှာ ဇေတဝန်ကျောင်းထဲ တစ္ဆေမကြီးတစ်ယောက် ရောက်လာတယ်။ မြေဘုတ်ဘီလူးလို့ ခေါ်မှာပေါ့။ အဲဒီ တစ္ဆေမကြီးက ရင်ခွင်ပိုက် ဥတ္တရာသမီးလေးရယ်၊ ပုနဗ္ဗသုဆိုတဲ့ သားကလေးကို လက်မှာဆွဲပြီးရောက်လာတယ် အမှန်တော့ အစာလာရှာတာပါပဲ။ ဆွမ်းကျန်၊ ကွမ်းကျန်လေးတွေ

http://www.dhammadownload.com



လိုက်ရှာရင်းနဲ့ ရောက်လာတော့ မြတ်စွာဘုရား တရားဟောတဲ့အခါနဲ့ ကြုံနေတော့ မြတ်စွာဘုရား တရားတော်ကို ကောင်းမွန်စွာနာယူတယ်။ ဘုမ္မစိုး, ရုက္ခစိုး, မြေဘုတ်ဘီလူးတို့ အရိယာဖြစ်နိုင်တယ်။ ဘီလူးကတော့ မြေဘုတ် ဘီလူးပဲ။ မုံရွာသပြေပင်ကျောင်း မြောက်ဖက်က ညောင်ပင်ကြီး ရှိတယ်။ ရုက္ခစိုး အငယ်လေးတွေ အစေအပါးတွေနဲ့လဲ စကားပြောဖူး တယ်။ မတင်ဆိုတဲ့ ကလေးမလေး ဆုံးသွားတဲ့အခါ သုဘောဂဆိုတဲ့ ကိုရင်ကို စကားမပြောနိုင်အောင် လုပ်ထားလို့ပါပဲ။ တစ္ဆေလေးကလဲ ဦးပညာဝံသဆိုတဲ့ ကိုယ်တော်လေး ပျံတော်မူသွားလို့ သူက မန်ကျည်းပင် လေးမှာနေတာ။ အဲဒီ မန်ကျည်းပင်ကို န္ခွားကျောင်းသားတွေက မီးရှို့လိုက်လို့ သူက ဘုန်းကြီးရှေ့က ဖြတ်ပြေးတယ်။ ရှင်ပဏ္ဏဝံဆိုတဲ့ ကိုရင်ကို ပူးတယ်။ ရှင်ပဏ္ဏဝံ စကားမပြောနိုင်ဖြစ်တယ်။ ဘုန်းကြီး ကိုယ်တိုင် မေတ္တာရပ်မှရပါတယ်။ ဆေးကြိမ်လုံးတွေ ဆေးဝါးတွေ ရိုက်လို့တော့ မရဘူး။ ကိုရင်သုဘောဂ စကားမပြောနိုင်အောင် လုပ်တော့လဲ ဒီလိုပဲ။ ဆေးတွေ, ဝါးတွေ ဆေးကြိမ်လုံးတွေနဲ့ လုပ်တာမရဘူး။ ဘုန်းကြီးကိုယ်တိုင် မေတ္တာရပ်မှ ရတယ်။ ဟိုဘဝတုံးက အသံနဲ့မတင်ဆိုတာ သိပ်ထင်ရှားတာ။ သူက ရုက္ခစိုးကြီးရဲ့ အစေအပါးလို့ ပြောပါတယ်။ နောက်ရက်ကျတော့ ဆွမ်းတွေ, ဘာတွေတင် သစ်ပင်လေး တွေစိုက်ပေးတော့ သူတို့လဲ ကျွတ်ဆုလွတ်ဆု ရသွားတယ်လို့ဆိုပါတယ်။ အံသွားကြိတ်တဲ့ ပုဂ္ဂိုလ်ကြီးကိုလဲ တွေ့ဖူးတယ်။ တွေ့တာနဲ့ သူတို့ ကျွတ်အောင် လွတ်အောင် အမျှအတန်းပေးဝေပြီး ပြုလုပ်လိုက်တော့ ချမ်းသာရသွားပါတယ်။ စောစောကပြောတဲ့ တစ္ဆေမကြီးက သမီးလေး ဥတ္တရာကို ရင်ခွင်ပိုက်၊ သားလေး ပုနဗ္ဗသုကို လက်ဆွဲပြီးတော့ တရားပွဲ ရောက်လာတော့ အစွန်အဖျားက တရားနာတယ်။ ဥတ္တရာတို့၊ ပုနဗ္ဗသု တို့ကလဲ အမေ ထမင်းမရသေးဘူးလား ဆာလှပြီ။ အမေကြီးက ကျောင်းပေါက်ဝနားက မတ်တပ်တရားနာ နေရှာတာ။ ကလေးတွေက အမေသစ်ငုတ်တိုကြီးလိုပဲ ရပ်နေတာ၊ အစာလဲမရှာပဲနဲ့လို့ ပြောကြတယ်။ အဲဒီတော့ အမေက တောင်းပန်ရှာတယ်။

http://www.dhammadownload.com



**တောင်းပန်ရှာ**

**တုဏှီဥတ္တရိကေဟောဟိ၊ တုဏှီဟောဟိ ပုနဗ္ဗသု၊**
**ယာဝါဟံ ဗုဒ္ဓသေဋ္ဌဿ၊ ဓမ္မံသောဿာမိသတ္ထုနော။**

အဟံ= ငါသည်၊ ဗုဒ္ဓသေဋ္ဌဿ= အမြတ်ဆုံး ဘုရား၏၊ ဓမ္မံ= တရားကို၊ ယာဝ= အကြင်မျှလောက်၊ သောဿာမိ= နာကြားပါအံ့၊ တာဝ= ထိုမျှလောက်၊ ဥတ္တရိကေ= သမီးလေးဥတ္တရာ၊ တုဏှီ= ဆိတ်ဆိတ်၊ ဟောဟိ= ဖြစ်ပါလော့။ ပုနဗ္ဗသု= သားလေး ပုနဗ္ဗသု၊ တုဏှီ= ဆိတ်ဆိတ်၊ ဟောဟိ= နေစမ်းပါ။ တရားနာနေတုံး သားလေးနဲ့ သမီးလေးတို့က တိတ်တိတ်နေစမ်းပါ။

**နိဗ္ဗာနံ ဘဂဝါအာဟ၊ သဗ္ဗဂန္ထ ပမောစနံ၊**
**အတိဝေလာစ မေ ဟောတိ၊ အသ္မိံဓမ္မေ ပိယာယနာ။**

ဘဂဝါ= ဘုန်းတော်(၆)ဆူ အောင်လံထူ၍ ပြိုင်သူဘက်ကင်း တရားမင်း မြတ်စွာဘုရားသည်၊ သဗ္ဗဂန္ထ ပမောစနံ= အလုံးစုံသော အနှောင်အဖွဲ့မှ လွတ်စေတတ်သော၊ နိဗ္ဗာနံ= နိဗ္ဗာန်ဆိုင်ရာ တရားတော်ကို၊ အာဟ= ဟောတော်မူ၏။ မြတ်စွာဘုရားဟာ အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်စေတတ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောနေတယ်။ အသ္မိံ ဓမ္မေ= ထိုမြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်၌၊ ပိယာယနာ= ချစ်ခြင်းသည်၊ မေ= ငါ့အား၊ အတိဝေလာစ= အတိုင်းထက်အလွန်၊ ဟောတိ= ဖြစ်နေပေ၏။

မြတ်စွာဘုရား ဟောကြားတော်မူနေတဲ့ တရားတော်ကို ငါအတိုင်းထက်အလွန် သဘောကျနေတယ်ကွယ်။ သားတို့၊ သမီးတို့ တိတ်တိတ်ဆိတ်ဆိတ်ကလေး နေပေးပါ။ မြတ်စွာဘုရား ဟောနေတဲ့ တရားက သဗ္ဗဂန္ထပမောစနံ= တို့အခုရောက်နေတဲ့ တစ္ဆေဘဝ အစားဆင်းရဲ၊ အနေဆင်းရဲတဲ့ ဘဝလို အလုံးစုံအနှောင်အဖွဲ့တွေက လွတ်မြောက်နိုင်တဲ့တရား၊ ကလေးနှစ်ယောက် လက်ဆွဲပြီး အစာရေစာရှာရတဲ့ ဒုက္ခကလဲ မသေးပဲကိုး။

http://www.dhammadownload.com



**နိဗ္ဗာနံ ဘဂဝါအာဟ၊ သဗ္ဗဂန္ထပမောစနံ။**
**အတိဝေလာ စမေ ဟောတိ၊ အသ္မိံမေမ္ဘ ပိယာယနာ။**

အလုံးစုံသော အနှောင်အဖွဲ့မှ လွတ်စေတတ်သော နိဗ္ဗာန်ဆိုင်ရာ တရားတော်ကို၊ ဘုန်းတော်(၆)ဆူ အောင်လံထူ၍ ပြိုင်သူဘက်ကင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ကရုဏာရှေ့ထား မေတ္တာပွား၍ ဟောကြားတော်မူ၏။ ထိုနိဗ္ဗာန်တရားတော်၌၊ ငါ့အား၊ ပိယာယနာ= ချစ်ခြင်းဖြစ်ပြီ၊ အတိုင်းထက်အလွန်လည်း၊ စင်စစ်မသွေ ဖြစ်၍နေပါတယ်တဲ့။

နိဗ္ဗာန်ရောက်ကြောင်း အစစ်အမှန်ဖြစ်တဲ့ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်အပေါ်မှာ အတိုင်းထက်အလွန်ချစ်မြတ်နိုးနေပါတယ်။ သဗ္ဗဂန္ထပမောစနံ= အလုံးစုံသော အနှောင်အဖွဲ့မှ လွတ်စေတတ်တဲ့တရားဆိုတော့ ဘာတွေလဲဆိုတော့ အာသဝ(၄)ပါး၊ ဩဃ(၄)ပါး၊ ဂန္ထ(၄)ပါး၊ ယောဂ(၄)ပါး၊ ဥပါဒါန်(၄)ပါး၊ အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ (၄)ပါးစီ ရှိတော့ (၄×၅=၂၀ပါး) ဖြစ်ပါတယ်။

အာသဝေါတရားတွေ ကုန်ခန်းပါရစေ။ အာသဝေါကုန်ခန်းမှ နိဗ္ဗာန်၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်တရားတော်တွေ ကုန်ခန်းမှနိဗ္ဗာန်။ ဂန္ထဆိုတာ ဘာလဲ။ ဂန္ထဆိုတာ အနှောင်အဖွဲ့ **“သံကွင်းချင်းဆက်ဖွဲ့နှောင်ယှက်သို့ နှစ်ဖက်မိအောင် ဇာတိပဋိသန္ဓေ၊ သန္ဓေစုတိဆက်နှောင်ဘိ ျတ်သိဂန္ထသဘောတည်း”**။ ဂန္ထ ဂန္ထဆိုတာဘယ်လိုဟာလဲ၊ သံကွင်းချင်းဆက်သလိုပဲ။ နာမ်နဲ့ရုပ်ပေါင်းမိရင် ဒုက္ခ၊ ဒုက္ခဝဋ်ကြီး ညှိပြီးတော့ တစ်ခါထဲ မလွတ်ရအောင် ပဋိသန္ဓေကနေပြီး ယောဂီတို့ မလွတ်ရအောင် ဘုန်းကြီးတို့လာခဲ့ရပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၆၄)နှစ်က ပဋိသန္ဓေအားဖြင့် လူဘဝလာခဲ့ပြီး စုတိကတော့ ဘယ်နားမှန်းမသိသေးဘူး။ ပဋိသန္ဓေအားဖြင့် လာမယ်၊ စုတိအားဖြင့် သွားမယ်။ စုတိပဋိသန္ဓေ (သေတယ် ဖြစ်တယ်)မနားဘူး။

http://www.dhammadownload.com



လွန်ခဲ့တဲ့ (၆၃)နှစ်တာ ကာလက ဝဋ်ဒုက္ခကြီး ခေါင်းပေါ် ထမ်းပြီးတော့ လူ့ဘဝကြီး ရောက်လာခဲ့ပြီ။

**ဇီဝိတံ ဗျာဓိကာလောစ၊ ဒေဟနိက္ခေပနံဂတိ။**

ဘုန်းကြီးတို့ ယောဂီတို့ အသက်ဘယ်လောက်ရှည်မယ်။ ဘယ်လောက်အထိ နေရမယ်ဆိုတာ မသိဘူး။ ဗျာဓိ= ဘယ်ရောဂါနဲ့ သေမယ်ဆိုတာ မသိဘူး။ ဘယ်နားမှာ မိမိခန္ဓာကိုယ် ပစ်ချရမယ် ဆိုတာမသိ၊ ဘယ်ဘဝရောက်မယ်ဆိုတာလဲ မသိဘူး။ လူဘဝ ရောက်မှာလား၊ ခွေးဘဝရောက်မှာလား စဉ်းစားပြီး၊ ကြည့်ပါ။ ပျော်စရာကောင်းတာလေးက နည်းနည်းလေးပါ။ ကမ္ဘာလောကကြီးကို ကြည့်ပါ နည်းနည်းလေးပါ။

အရိပ်အာဝါကလေးကကောင်းကောင်း နေစရာလေးကလဲ ကောင်းကောင်း ရှားပါတယ်။ ဒါကြောင့်မို့ လူတွေ ချောင်းသာသွားကြ တာပေါ့။ ဒါပေမဲ့ ပျော်စရာလေးက နည်းနည်းလေးပါ။ အပန်းဖြေစခန်း သွားတယ်ဆိုတာ အခြားကြောင့်သွားတာမဟုတ်ဘူး။ သက်သာမည် လားလို့ သွားတာပါပဲ။ ဥယျာဉ်တို့, ဘယ်တို့ဆိုတာ ပျော်မွေ့စရာလေး တွေက နည်းနည်းလေးရှိတာ။ ကျစ်တီးကုန်းတွေ သစ်ပင်တွေ ခြောက်နေတာ များပါတယ်။ ဘုန်းကြီးတို့ အညာဒေသမှာဆို ကြည့်ပါလား။ ခယောင်းတောတွေ၊ ဆူးဖြူတောတွေနဲ့ မြေတွေကလဲ မိုးရွာလျှင် ဒူး၊ မရွာလျှင် ဆူးဆိုတဲ့ မြေမျိုးတွေ။ အဲဒီနေရာမျိုးတွေ များတာပါပဲ။ ပျော်မွေ့စရာလေးက နည်းနည်းလေးပါ။ အဲဒီလို ဥပမာပေးပြီး မြတ်စွာဘုရားက ဟောတာ။

လူ့ဘဝရောက်လို့ ကွယ်လွန်သွားလို့ရှိရင် လူပြန်ဖြစ်တာ၊ နတ်ပြန် ဖြစ်တာ နည်းနည်းလေး။ ကောင်းရာဘဝရောက်တာ နည်းနည်းလေးပဲ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အဲဒီ ရောက်တာက များတယ်။ နတ်သမီးတွေ စုတေပြီးတော့ (၅၀၀)လုံး ငရဲရောက်နေကြတယ်။ သုပြဟ္မာနတ်သားက ဆင်ခြင်ကြည့်တဲ့ အခါ သူလဲ မကြာမီစုတေပြီး

http://www.dhammadownload.com



ငရဲရောက်ရမယ်ဆိုတာ သိတယ်၊ အပျော်အပါး လွန်နေလို့ပါပဲ။ မပျော်ပါးရလို့ စိတ်ထဲမှာ အားမလို အားမရမဖြစ်နဲ့၊ မကျေမနပ် မဖြစ်နဲ့။ တစ်ချိန်က တောင်ထိပ်နက္ခတ်ပွဲ သဘင်တွေ၊ ဘာတွေနဲ့ စည်ကားတယ်။ ရဟန်းတော်တစ်ပါးက ညီးတယ်တဲ့၊ ဩော်- တောထဲမှာ တစ်ယောက်ထဲ တရားနဲ့နေရတာ ပျင်းစရာကောင်းလိုက်တာ။ မြို့ထဲမှာတော့ တောင်ထိပ်နက္ခတ်ပွဲ သဘင်တွေ၊ ဘာတွေနဲ့၊ ငါ့မှာ ကံဆိုးလိုက်တာလို့ ငြီးနေတော့ အနားရှိ ရုက္ခစိုးနတ်က ပြောတယ်။ အရှင်ဘုရား အဲဒီလိုမထင်ပါနဲ့ အရှင်ဘုရား အရှင်ဘုရား တရားအားထုတ်နေတာ တပည့်တော်တို့က သာဓုခေါ်နေပါတယ် ဘုရားဆိုတော့ ရဟန်းတော်လေး အားရကျေနပ်သွားသတဲ့။ အခု ယောဂီတို့လဲ တရားအားထုတ်ရတာ မပျင်းကြပါနဲ့နော်။ နတ်တွေ သာဓုခေါ်ပါတယ်။ ဘုမ္မစိုး၊ ရုက္ခစိုးတွေကနော်၊ ဂန္ထလွတ်ကင်းတဲ့တရားက နိဗ္ဗာန်၊ အာသဝလွတ်ကင်းတဲ့တရားက နိဗ္ဗာန်၊ ဩဃာလွတ်ကင်းတဲ့၊ ယောဂလွတ်ကင်းတဲ့၊ ဥပါဒါန်လွတ်ကင်းတဲ့နေရာက နိဗ္ဗာန်ပဲ။ ဂန္ထဘယ်နှစ်ပါးရှိသလဲ။

## ဂန္ထ

(၁) **အဘိဇ္ဈာ ကာယဂန္ထ**၊ လိုချင်ခြင်းဆိုတဲ့ ကာယဂန္ထပဲ။ အဘိဇ္ဈာဟာ လောဘပါပဲ။ အဲဒီလောဘက ပဋိသန္ဓေက စုတိ၊ စုတိက ပဋိသန္ဓေ ဆက်စပ်ပြီးတော့ ပေးတတ်တယ်။ လောဘက ဂျမခါနာ ဆေးရုံပို့လိုက်၊ ရေဝေးပို့လိုက် ပြီးတော့ပြန်ရောက်လာ။ နောက် ရေဝေး ပြန်ရောက်လိုက် အဲလိုဖြစ်တာ။ မှတ်တိုင်နှစ်ခုကြားမှာ သွားနေတာပဲ။ ဘတ်စ်ကားစီးတဲ့ လူလိုပေါ့။ မွေးဖွားခြင်းနဲ့ သေခြင်းရဲ့ကြားမှာ သွားနေတာပဲ။ ရာထူးဂုဏ်သိမ် စည်းစိမ်ချမ်းသာ ကြီးကြီး၊ မကြီးကြီး ဒီမှတ်တိုင်နှစ်ခုကြားမှာ သွားနေတာပါပဲ။ ရုပ်နဲ့နာမ်၊ နာမ်နဲ့ရုပ်တို့ စုတိက ပဋိသန္ဓေ၊ ပဋိသန္ဓေက စုတိ၊ ပို့နေတာ လောဘအဘိဇ္ဈာပါပဲ။ လောဘဆိုတာ ဘာလဲ၊ အာရုံတွေကို မက်မောတာပဲ၊ အဆင်းမျိုးစုံ

http://www.dhammadownload.com



ကြိုက်တယ်၊ အသံမျိုးစုံ မက်မောတယ်၊ အနံ့မျိုးစုံ သဘောကျတယ်၊ အရသာမျိုးစုံ တွယ်တာ တယ်၊ အတွေ့မျိုးစုံ တပ်မက်တယ်။ ကမ္ဘာ့လူထုကြီးက ဒီအတိုင်း မက်လို့မောလို့ သွားနေတာပဲ။ တိရစ္ဆာန်လောကလဲ ဒီလိုပဲ။ လူတွေကလဲ ဒီအတိုင်းပါပဲ။

(၂) **ဗျာပါဒကာယဂန္ထ** ဒေါသပဲ။ ရိုက်မယ်၊ သတ်မယ်၊ ကြောက်မယ်။ သူကလဲ ဒီလိုပဲ။ ရုပ်နဲ့နာမ်ကို မွေးဖွားခြင်းနဲ့ သေခြင်းကြားမှာ ဆက်စပ်ပေးနေတယ်။

(၃) **သီလဗ္ဗတပရာမာသ ကာယဂန္ထ**၊ ခွေးလိုနေ, ခွေးလိုစား၊ နွားလိုနေ, နွားလိုစား၊ ခွေးကျင့်, နွားကျင့်ကို သံသရာက လွတ်မြောက်မယ်လို့ထင်တာ။ အဲဒါလဲ ဂန္ထပဲ။ ကာယအမည်ရတဲ့ ရူပကာယနဲ့ နာမကာယကို ပဋိသန္ဓေက စုတိ၊ စုတိက ပဋိသန္ဓေ ဆက်စပ်ပေးတတ်လို့ ဂန္ထပဲ။

(၄) **ဣဒံသစ္စာဘိနိဝေသော ကာယဂန္ထ**- ငါစိတ်ကူးထားတာ အမှန်ဆုံးပဲ။ သူများဟာတွေ အမှားချည်းပဲလို့ ထင်တာဟာ "ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ"လို့ ခေါ်တယ်။ ငါသာမှန်တယ်။ ငါ့အယူအဆသာ မှန်တယ်။ သူသိတာ၊ သူယူတာ မှားတယ်ဆိုတော့ သူကလဲ ဒိဋ္ဌိတစ်မျိုးပဲ ဖြစ်နေတယ်။ သူကလဲ ဒီလိုပဲ။ ပဋိသန္ဓေနဲ့ စုတေ၊ စုတေနဲ့ ပဋိသန္ဓေကို ရုပ်နာမ်အပေါင်းတို့အား ဆက်စပ်ပေးတတ်တဲ့အတွက်ကြောင့် ဂန္ထလို့ ခေါ်တယ်။

မွေးဖွားခန်းနဲ့ သင်္ချိုင်းမပြတ်မလပ်အောင် ဆက်စပ်ပေးနေတဲ့ ဂန္ထတရားက လွတ်မြောက်ရာ ဘာရှိသလဲဆိုတော့-

**နိဗ္ဗာနံ ဘဂဝါ အာဟ၊ သဗ္ဗ ဂန္ထ ပမောစနံ။**
**အတိဝေလာ စမေ ဟောတိ၊ အသ္မိဓမ္မေ ပိယာယနာ။**

မွေးဖွားခြင်း၊ သေခြင်း မရှိ၊ ဂန္ထတို့ကို လွတ်မြောက်ရာ နိဗ္ဗာန်တရားကို မြတ်စွာဘုရားဟောနေတယ်။ သားလေး၊ သမီးလေးတို့ တိတ်တိတ်ဆိတ်ဆိတ် နေကြလို့ပြောတာ အတိတ်ခိုင်းတာ တစ္ဆေမကြီးက

http://www.dhammadownload.com



တရားနာချင်လို့ပါပဲ။

**အတိဝေလာစ မေ ဟောတိ၊ အသ္မိံမေ့ ပိယော့ယနာ။**

မေ= ငါ့အား၊ အသ္မိံမေ့= မြတ်စွာဘုရား တရားတော်၌၊ အတိဝေလလာစ= အတိုင်းထက်အလွန် ကြာပြီတဲ့၊ နိဗ္ဗာန်သဘော ပေါက်တာကြာပြီတဲ့ ဆက်ပြီးတော့ သားသမီးတွေကို ပြောတာ။

**ပိယောလောကေ ကကော ပုတ္တော၊**

**ပိယော လောကေ သကောပတိ။**

**တတော ပိယတရာ မယှံ၊**

**တဿဓမ္မဿ မဂ္ဂနာ။**

အဲဒီလို စောစောကပြောတဲ့ အနှောင့်အဖွဲ့ကင်းတဲ့ နိဗ္ဗာန်ကို ချစ်တယ်။ ငါမြတ်နိုးတယ်ဆိုတော့ သားတွေ၊ သမီးတွေလဲ မချစ်တော့ ဘူးလားဆိုပြီး သားသမီးလေးတွေက အမေ တစ္ဆေမကြီးကို ခေါင်းနဲ့ခွေ့ လက်သီးတွေနဲ့ ထုလို့ပေ့ါ။ အငယ်က အမေကိုတစ်မျိုး၊ အကြီးကတစ်မျိုး၊ လက်သီးနဲ့ထိုး ထုံးစံမဟုတ်လား။ သားသမီး နှစ်ယောက်ရှိတယ်။ မုန့်ကလဲ နှစ်ခုရှိတယ်။ အမေက အကြီးကို မုန့်ပေးတာ မြင်ရင် အငယ်က မျက်စောင်းလေးထိုးလို့ ဝန်တိုစိတ်ကများလာတာကိုး။ ညီအကို မောင်နှမချင်းလဲ မရဘူး။ ဒါတောင်မှ အမွေမခွဲသေးဘူး။

ဘုန်းကြီးတို့ တောစကားတခုရှိတယ်။ လင်မယား တည့်ပါတယ်၊ တည့်ပါတယ် ပြောလို့ရှိရင် မေးလိုက်တဲ့၊ နှမ်းလျှင်လုပ်ဘူးလားလို့ နှမ်းလျှင်က မိုးထဲလေထဲ သိမ်းရတာဆိုတော့ လင်မယားအင်မတန် ရန်ဖြစ်ကြာတာကိုး။ ညီအကိုမောင်နှမတွေ တည့်ပါတယ်ဆိုရင် မေးလိုက်တဲ့ အမွေခွဲပြီးပြီလားလို့။ ညီအကိုမောင်နှမ အမွေမခွဲခင်က တည့်တယ်။ အမွေခွဲပြီးရင် မတည့်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ အတ္တစိတ်က တယ်ကြီးကြတာကိုး။ အတ္တစိတ်က မွှေနေပြီ။ ပဲခူးသွားရင်း အိမ်တစ်အိမ်ဝင်တော့ မုန့်လေးတစ်ထုပ် စားပါအုံးလို့ ကလေး ပေးလိုက်တာ။ ပေးလိုက်တော့ သူကတစ်ထုပ် စားတယ်။ ကျန်တဲ့

F 14 CA

http://www.dhammadownload.com



မုန့်ထုပ်ကလေး သူ့အမေနားမှာ ထားတယ်။ ငါးနှစ်သမီးလောက် ငယ်ငယ်လေးက အမေ မစားနဲ့နော် ကုန်သွားလိမ့်မယ်တဲ့၊ သိပ်တော်တယ်။ အတ္တက ကလေးငယ်ငယ်လေး ကျောင်းမှနေသေးလား တောင် မသိဘူး။ စကားတော့ ပြောတတ်ပြီ။ စကားတောင် ပီပီသသ မပြောတတ်သေးဘူး။ အမေ မစားနဲ့နော်၊ သူ့မုန့်ထုပ် သူစားနေတာ။ ကျန်တဲ့ မုန့်ထုပ်ကို စားမှာစိုးလို့၊ ဩော်- မိဘကဖြင့် မျိုမကျဘူး။ သားသမီးက မျိုလို့ကျတယ်။ ပိုနေတဲ့ဟာတောင် စားမှာစိုးတယ်။ သဘာဝပဲနော်။ သတိထားကြ၊ ဒါကြောင့် အဖကောင်းသား ခံရများ၏ သားကောင်းအဖ ဖြစ်ခဲစွ့ရှင့်။ ပြီးတော့ ရေစုန်သာရှိတယ်၊ ရေဆန် မရှိဘူးတဲ့။

မနေ့က (၆၃)နှစ် မွေးနေ့ ခမည်းတော်ကြီးတွေ, မယ်တော် ကြီးတွေ တောဆိုတာ ဆင်းရဲတဲ့အခါလဲ ရှိတယ်။ ကောက်ကြီးစပါးတွေ၊ မုရင်းစပါးတွေ ရေမြုပ်တဲ့အခါ ကြာသီးလေးတွေထဲက ကြာဆံလေးတွေ ထမင်းနဲ့ရောပြီးတော့ ကျွေးရှာကြတယ်။ စားလဲစားဘူးတယ်။ မျောက်ဥဆိုတာလဲ စားဖူးတယ်။ တစ်ရပ်တစ်သူ မျောက်ဥက အောက်ကို သွားတာ၊ အတော်လေးတူးရတယ် မလွယ်ဘူး။

**ပိယော လောကေသကော ပုတ္တော၊**
**ပိယော လောကေ သကော ပတိ။**
**တတော ပိယတရာ မယှံ၊**
**တဿ ဓမ္မဿ မဂ္ဂနာ။**

မိဘများက သားသမီးများ ဖြစ်ပေါ်လာပြီဆိုရင် သားသမီး အတွက် ရှေ့တန်းကထားတာ။ တစ်နေ့က ဒကာမလေးတစ်ယောက်ကို ဒကာမကြီးတစ်ယောက်က ညည်း တရားလေး ဘာလေး အားထုတ်ပါလို့ တိုက်တွန်းတယ်။ ဟိုဒကာမလေးက သားလေးတွေ ရှိသေးတယ်။ စီးပွားရေးလုပ်ရအုံးမှာတဲ့။ နာမည်ထုတ်ပြောလို့လဲ စိတ်ဆိုးမှာ မဟုတ်ပါဘူး။ အားမထုတ်နိုင်သေးဘူး၊ သားလေးတွေက ရှေ့တန်းက။

http://www.dhammadownload.com



အခု တစ္ဆေမကြီးက လမ်းရွေးထားတာ ဘယ်လောက်ကောင်းသလဲ။ နိဗ္ဗာန်တရားအပေါ်မှာ ကြာမြင့်ပြီ။ အတိုင်းထက်အလွန် မြတ်နိုးပါတယ်။ ဒီထက်ထင်ရှားအောင် သူကပြောတယ်။

**ပိယော လောကေ သကော ပုတ္တော၊**
**ပိယော လောကေ သကော ပတိ။**
**တတော ပိယတရာ မယှံ၊**
**တဿ ဓမ္မ မဂ္ဂနာ။**

လောကေ= လောက၌၊ သကော ပုတ္တော= မိမိရဲ့သားသမီးကို၊ ပိယော= ချစ်ရပါ၏။ လောကမှာ ကိုယ့်သားသမီးကိုချစ်တာဟာ မိဘများရဲ့ထုံးစံ။ သားသမီးအချစ် မြေးအနှစ်တဲ့။ သုဒ္ဓေါဓနမင်းကြီး သားတော် သိဒ္ဓတ္ထမင်းသား ရဟန်းဝတ်သွားတော့ တော်တော်လေး ခံစားရတယ်။ အခု မြေးရာဟုလာလေး ကိုရင်ဝတ်သွားတော့ ယူကျုံးမရဖြစ်ပြီး အရှင်ဘုရား "ပုတ္တပေမံ ဘန္တေ" လျှောက်တယ်။

သားသမီးကို ချစ်တဲ့ဟာလေ ဒီအရေထူ အရေပါးကို ကျော်ပြီးတော့ အရေထူ အရေပါး အသားကိုကျော်ပြီး ရိုးတွင်းချဉ်ဆီအထိ ရောက်ပါတယ်ဘုရား။ အရှင်ဘုရား တောထွက်ပြီး သွားတော့ စိတ်တွေ အင်မတန်ဆင်းရဲဒုက္ခ ရောက်ရ၊ နန်းညွန့် နန်းလျာတွေ ဆိတ်သုဉ်းလို့၊ အခု မြေးကလေးကို အရိပ်တကြည့်ကြည့်နဲ့ ချစ်နေရတာလဲ သားကို ချစ်သလိုပါပဲ။ သားသမီးအချစ် မြေးအနှစ်ဆိုတဲ့ အတိုင်းပဲ။ ပြန်စဉ်းစားကြည့်တဲ့ အခါကျတော့ ကိုယ့်အဘိုးတွေ အဘွားတွေလဲ သူတို့လဲ တတ်နိုင်သလောက် ကျွေးမွေးစောင့်ရှောက် ကူညီခဲ့ကြတာတွေ အများကြီးရှိတာကိုး။

အဲဒီတော့မှ သုဒ္ဓေါဒနမင်းကြီးက မိဘများခွင့်မပြုတဲ့ သားသမီးကို ရှင်ပြုမပေးပါနဲ့၊ ရဟန်းခံမပေးပါနဲ့လို့ လျှောက်ထားတယ်။ လက်ခံတော်မူတယ်။ အဲဒီအထဲ အလျော်ယူမယ်ဆိုရင် သီလရှင် ဝတ်မပေးရဘူး။ မိဘများက သားသမီးအပေါ် ချစ်တာတွေ အရေထူ၊

http://www.dhammadownload.com



အရေပါး၊ အသား၊ အရိုး၊ ရိုးတွင်းချဉ်ဆီအထိ ချစ်တာတွေရှိပါတယ်။ ပန်းတကာပန်း ဘယ်ပန်းမွှေးတယ်။ မယားပန်းနှင့် သားပန်း မွှေးတယ်လို့ အဆိုရှိတယ် မဟုတ်လား။ အဲဒီလမ်းမရွေးတော့ဘူး။

**တတော ပိယတရာ မယှံ၊ တဿ ဓမ္မ မဂ္ဂနာ။**

သားချစ်၊ သမီးချစ်၊ လင်ချစ်တာတွေထက် ပိုပြီးတော့၊ ပိယ= ရိုးရိုးချစ်တယ်။ ပိယတရ= ထို့ထက်အလွန်ချစ်တယ်၊ တရားရှာမှီးတာကို ပိုလို့ချစ်တယ်တဲ့၊ အလွန်ပဲတဲ့။ အကောင်းဆုံး လမ်းရွေးထားပြီးပြီးတဲ့။ အဲဒါ တစ္ဆေမကြီးက ရွေးတာ။ လူ့ဘ၀တောင် မဟုတ်ဘူး။ ယောဂီ သူတော်စင်တို့ လမ်းရွေးမှန်ဖို့ လိုတယ်နော်။

တစ်နေ့က ပျဉ်းမနားက ဘုန်းကြီးကြည်ညိုတဲ့ ဒကာမကြီး တစ်ယောက်နဲ့ တွေ့တယ်။ သူတို့ဆီမှာ ခေါက်ဆွဲဆိုင်ပိုင်ရှင် အမျိုးသမီးကြီးက ရိပ်သာကြီးတစ်ခုသွားနေတာ သေမှ ပြန်ပြီးတော့ အလောင်းမ,လာကြရတာ။ သားတွေ၊ သမီးတွေ အိမ်ကိုစွန့်ပြီးတော့ သွားနေတာ ဆိုင်ကိုစွန့်ပြီးနေတာတဲ့။ အဲဒါ ဒကာမကြီး သာဓုခေါ် ရမှာ။ ဒီလိုမျိုး (၁၀၀)မှာ တစ်ယောက်၊ (၁၀၀၀)မှာ တစ်ယောက်မရှိဘူး။ စွန့်နိုင်ခဲတာ စွန့်ဖို့လိုတယ်။ ခုနပြောတဲ့ -

**ပိယောလောကေ သကော ပုတ္တော၊**
**ပိယော လောကေ သကော ပတိ။**
**တတော ပိယတရာ မယှံ၊**
**တဿ ဓမ္မဿ မဂ္ဂနာ။**

သူ့သားလေးတွေ၊ သမီးလေးတွေ ပြောနေတာ။ သားတို့ သမီးတို့ သားချစ်၊ သမီးချစ်၊ အဘိုးချစ်၊ အဘွားချစ်တွေထက် တရားပဲ ပိုချစ်တယ်တဲ့။ တရားရှာမှုအပေါ် ပိုချစ်ရပုံကို ပြဆိုပါဦးမယ်တဲ့။

**နဟိပုတ္တော ပတိဝါပိ၊ ပိယော ဒုက္ခာပမောစယေ၊**
**ယထာသဒ္ဓမ္မ၀စနံ ဒုက္ခာ၊ မောစေတိ ပါဏိနံ။**

http://www.dhammadownload.com



ဘာကြောင့် တရားပိုချစ်သလဲ။ တရားကိုချစ်တဲ့ လမ်းစဉ် ဘာကြောင့် ရွေးရသလဲ။ ယောဂီတို့လဲ တရားချစ်တဲ့ လမ်းရွေးလာပြီး လမ်းစရတာ အမှန်ပဲ။

**နဟိ ပုတ္တော ပတိဝါပိ၊ ပိယော ဒုက္ခာ ပမောစယေ၊**

ဟိ= တရားတော်မြတ်အပေါ်မှာ အချစ်ပိုရပုံကို ဆိုပြပါဦးအံ့၊ ပိယော= ချစ်ခင်စုံမက်အပ်သော၊ ပုတ္တောဝါ= သားသမီးသည် လည်းကောင်း၊ ပတိဝါပိ= လင်ယောကျ်ား သည်လည်းကောင်း၊ ဘရိယာပိ= ဇနီးမယားသည်လည်းကောင်း၊ ဒုက္ခာနပမောစယေ= ချစ်တယ်ဆိုသော်လဲပဲ အိုမှုဆင်းရဲ, နာမှုဆင်းရဲ, သေမှုဆင်းရဲအပေါင်းမှ၊ မလွတ်မြောက်စေနိုင်ပေ။ ချစ်ပါတယ်ဆိုတဲ့ သားသမီးကလဲ ခန္ဓာငါးပါးဆိုတဲ့ ဒုက္ခမှ လွတ်အောင်မရွက်ဆောင်နိုင်ဘူး။

**ယထာသဒ္ဓမ္မ ဝစနံ၊ ဒုက္ခာ မောစေတိ ပါဏိနံ။**

သဒ္ဓမ္မဝစနံ= မြတ်စွာဘုရားဟောဖော် တရားတော်သည်၊ ပါဏိနံ= သတ္တဝါအပေါင်းကို၊ ဒုက္ခာ= အိုမှု၊ နာမှု၊ သေမှု၊ ဆိုတဲ့ ဆင်းရဲဒုက္ခမှ၊ မောစေတိ ယထာ= လွတ်မြောက်စေနိုင်သကဲ့သို့၊ ဒုက္ခာ= ဆင်းရဲမှ၊ နပမောစယေ= မလွတ်မြောက်စေနိုင်။ ဩော်- အရှင်ရဋ္ဌပါလ ကို ကောရဗျမင်းကြီးက မေးတယ်။ အရှင်ဘုရား ဒီပြင် ပုဂ္ဂိုလ်တွေက ဆွေမျိုးတွေပျက်စီးလို့ ရဟန်းပြုကြတယ်။ အရှင်ဘုရား မှာတော့ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်နဲ့ ဘာပြုလို့ ရဟန်း ပြုသလဲလို့ မေးတော့ အိုနာသေတို့ မောင်းနှင်ဖို့ လူတို့မမြဲပါတကား။ လူတွေမမြဲတာ ဖြေတယ်။

ညနေစောင်းအခါ နွားကျောင်းသားတစ်ယောက်က နွားတွေကို ရိုက်ရိုက်ပြီးတော့ နွားခြံထဲသွင်းသလို၊ အိုတာ နာတာတွေကနေပြီး တဖြည်းဖြည်း မရဏစီကို ပို့နေတာ။ တစ္ဆေမြေဘုတ် ဘီလူးမကြီး တရားနာနေရာကနေ ဟောတယ်။ ဘုန်းကြီး ဝါဆိုလထဲက ဆက်ဆက်ပြီး ဟောထားတဲ့ သစ္စာလေးပါးတရားကို ပါဠိတော်တွေ၊ အနက်အဓိပ္ပါယ်

http://www.dhammadownload.com



တွေနဲ့ ရှင်းလင်းပြီး ဟောခဲ့ပြီ။ လူ့ဘဝရောက်လာတဲ့အခါ သစ္စာလေးပါး မသိဘဲနဲ့ ငါမသေဘူး။ သစ္စာလေးပါးမသိဘဲနဲ့ သေသွားရင် ကိုယ်ကျိုး နည်းတာပဲ။ **"လူပြည်လူ့ရွာ ရောက်လာကြ တို့အများ၊ တို့ပြန်လျှင် ဘာယူသွားမယ်၊ စဉ်းစားလို့ထား"**။ သစ္စာလေးပါးသိတဲ့ သစ္စာဉာဏ်ယူ သွားရမှာ။ သစ္စာလေးပါးကို မြတ်စွာဘုရားက ဟောကြားတယ်။ ခန္ဓာနာမ်ရုပ် အကောင်ပုပ် ဒုက္ခသစ္စာသာ။

ဒီခန္ဓာနာမ်ရုပ် အကောင်ပုပ်ဟာ ဒုက္ခသစ္စာအမှန်ပါပဲ။ ဘယ်သူက ချမ်းသာပါတယ်လို့ ငြင်းနိုင်မလဲ။ ညနေက ဆေးခန်းဖွင့်တော့ အနာဆေးထည့်တဲ့လူနဲ့၊ အနာပတ်တီးခွာတဲ့လူ၊ ဆေးလိမ်းတဲ့လူနဲ့ ဒါတွေဟာ ဒုက္ခသစ္စာအမှန်တွေပေါ့။ ခန္ဓာငါးခု ခင်တွယ်မှု သမုဒယသစ္စာသာ။ မိမိခန္ဓာကိုယ် ခင်တွယ်မှု၊ သားသမီးကိုလဲ ခင်တွယ်၊ ခင်ပွန်းကိုလဲ ခင်တွယ်၊ ဇနီးကိုလည်း ခင်တွယ်၊ သက်ရှိသက်မဲ့ အကုန်ပဲ။ ကောင်းကောင်းတွေဆိုရင် ပိုပြီးတော့ ခင်တွယ်တယ်။ အင်္ဂလိပ်မင်း လက်ထက်က အရာရှိကြီးတစ်ယောက် မန္တလေးရွှေရေးဆောင် ဆရာတော်ကြီးကို ရွှေနားကွပ်ပုဂံပြားကြီးတစ်ချပ် လှူထားတယ်။ ဆရာတော်ကြီးကို ဒီပုဂံလေးနဲ့ ဆွမ်းအမြဲဘုန်းပေးပါဘုရားတဲ့။ ရွှေနားကွပ်လေးနဲ့ဆိုတော့ ဆန်းဆန်းကျယ်ကျယ်ကိုး။

တစ်နေ့ကျတော့ အဲဒီပုဂံပြားက ကျကွဲသွားတယ်။ ကျကွဲသွားတော့ ဆရာတော်ကြီးက ဘာပြောသလဲဆိုတော့ "အခုမှ အေးတော့တယ်"တဲ့။ ဒုက္ခသမုဒယံ ငြိမ်းရာမှန် နိဗ္ဗာန်နိရောဓာ၊ နိဗ္ဗာန်လမ်းဝင် ရှစ်မဂ္ဂင် ခေါ်တွင်မဂ္ဂသာ နိဗ္ဗာန်ဝင်တယ်ဆိုတာ အိုနာသေ ငြိမ်းသွားတာ။ ရောဂါညှော်သင်း ပျောက်ကင်းဆေးမြတ် ပမာကပ်လေးရပ် ဥပမာ ခန္ဓာနာမ်ရုပ် ရထားတာ။ ရောဂါကြီးရထားတာ လိုပဲ။ တဏှာက ညှော်သင်းသလို ပျောက်ကင်းရှင်းပ၊ ပျောက်ကင်းသွား တာက နိရောဓ၊ မဂ္ဂသစ္စာက ဆေးပဲ။

http://www.dhammadownload.com



သိပယ်ဆိုက်ပွား၊ အစဉ်ထား၊ လေးပါးမြွတ်သစ္စာ။ သစ္စာလေးပါးနဲ့ ပတ်သက်လို့ ဒုက္ခကိုသိ၊ သမုဒယကိုပယ်၊ နိဗ္ဗာန်နိရောဓဆိုက်၊ မဂ္ဂ (မဂ္ဂင်)ပွား။ အဲဒါ သစ္စာလေးပါး ကိစ္စပါပဲ။ သစ္စာလေးဝ ဆုံးတိုင်က ရလိမ့်နိဗ္ဗာန်သာ။ မြတ်စွာဘုရား တရားအဆုံးမှာ တဍ္ဍေမြေဘုတ်ဘီလူးမကြီးဟာ သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရပြီး သောတာပန်အရိယာ ဖြစ်သွားတယ်။ သောတာပန်ဖြစ်တာနဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘယ်တော့မှ မဖြစ်တော့ဘူး။ ဆင်းရဲကင်းတဲ့ နေရာ မရောက်ဘူး။ မကောင်းတဲ့ဘုံဘဝ မကျဘူး။ ဖရိုဖရဲ အလိုနည်းလျက် ပြိုကွဲပျက်စီးရာ မကျတော့ဘူး။ ကြီးပွားတိုးတက်မှု မရှိတဲ့နေရာ မရောက်တော့ဘူး။ တဍ္ဍေမကြီး တရားတစ်ပွဲထဲနဲ့ ဟန်ကျသွားပြီ။ လမ်းရွေးထားပုံလေးကလဲ အင်မတန်ကောင်းတယ်၊ အခုခေတ်သူလို တစ်ထောင်တစ်ယောက် မရွေးနိုင်ဘူး၊ သားသမီးတွေကိုလဲ ချစ်ပါတယ်။ လင်ကိုလဲ ချစ်ပါတယ်။ ထို့ထက်အလွန်‌ တရားရှာမှုကိုပို၍ ချစ်ပါ တယ်တဲ့။

သကဒါဂါမ်ကျတော့ ကာမရာဂနဲ့ ဒေါသတွေနည်းပါးသွားတယ်။ အနာဂါမ်ဖြစ်တော့ ကာမ ရာဂနဲ့ ဒေါသ အားလုံးပယ်တယ်။ ရဟန္တာဖြစ်တော့ ကျန်တဲ့ကိလေသာအားလုံး ပယ်တယ်။ သတ္တဝါတွေ အပါယ်လေးဘုံ ကျတယ်ဆိုတော့ အဓိကအားဖြင့် မကောင်းမှုဒုစရိုက်တွေကြောင့်ပါပဲ။ ဒုစရိုက်တွေ ကျူးလွန်ရင် အပါယ်ကျတာပဲ။ သုစရိုက်တရားတွေကြောင့် သုဂတိဘုံကို ရောက်တယ်။

## အရိယာအဆင့်ဆင့်က ဒုစရိုက်ကိုပယ်

သောတာပန်ပုဂ္ဂိုလ်က အပါယ်ကျမဲ့ ဒုစရိုက်တရားတွေကို လုံးဝပယ်ထားလိုက်တာ။ ပုထုဇဉ်တွေက ပယ်နိုင်တာ မဟုတ်သေးပဲကိုး။ **"သက်သတ်ခိုးမှု ကာမေသုနှင့် မုသားမိစ္ဆာ ကင်းပြတ်ကွာမှတ်ပါသောတာပန်"**။ သောတာပန်ပုဂ္ဂိုလ်က ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ မိစ္ဆာဒိဋ္ဌိ ဒုစရိုက်(၅)ပါး ရှောင်ပြီးသား။

http://www.dhammadownload.com



သကဒါဂါမ် ပယ်သတ်ရန် ကျမ်းဂန်မပြပါ။ သကဒါဂါမ်က အနာဂါတ်ပယ်ရမည့် တရားဆိုးတွေကို ပါးသွားစေတယ်။

**"ပိသုဖရုသ၊ ဗျာပါဒ ကင်းပြတ်အနာဂါမ်"**၊ အနာဂါမ်က ဒုစရိုက်(၃)ပါးပယ်တယ်၊ သမ္ဖပလာပါ အဘိဇ္ဈာကုန်ပါ ရဟန္တာ။ ရဟန္တာက သမ္ဖပလာပ အဘိဇ္ဈာ အကုန်ပယ်ပါတယ်။ ကိလေသာနဲ့မဂ် ပယ်စဉ်ကတော့ အများကြားဖူးနေကြတာပဲ။ သောတာပန်က ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ပယ်တယ်။ သကဒါဂါမ်က ကာမရာဂ၊ ဗျာပါဒ ပါးစေတယ်။ အနာဂါမ်က ကာမရာဂ၊ ဗျာပါဒကင်းစေနိုင်တယ်။ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ ကိလေသာတွေ မကျန်အောင် ပယ်တယ်။

ဒုစရိုက်= မကောင်းတဲ့ ဘဝသွားတယ်။ သုစရိုက်= ကောင်းတဲ့ ဘုံဘဝသွားတယ်။ "ဒုကိုရှောင် - သုကိုဆောင်"။ ပုထုဇဉ်တွေက ဒုစရိုက်ကို ဒီနေ့ရှောင်တယ်၊ နောက်နေ့တွေ ရှောင်ချင်မှ ရှောင်တယ်၊ မမြဲဘူး၊ အရိယာတို့က သူအဆင့်နဲ့သူ လုံးဝရှောင်တယ်။ သောတာပန်က ဒုစရိုက်(၅)ပါး၊ အနာဂါမ်က ဒုစရိုက် (၃)ပါး၊ ရဟန္တာက ဒုစရိုက် (၂)ပါး၊ အပြတ်ရှောင်ကြတာ။ တစ္ဆေမကြီး (မြေဘုတ်ဘီလူးမကြီး) အားကျစရာ ကောင်းလိုက်တာ။ လမ်းရွေးထားတာ ကောင်းလိုက်တာ။ အဲဒီ မြေဘုတ်ဘီလူးမကြီး ရွေးထားတဲ့လမ်းအတိုင်း ရွေးနိုင်ကြပါစေ။ အဲဒါ လမ်းမှန်ပဲ။ လမ်းမှန်ဆိုတာ ရလဲရခဲတယ်၊ တွေ့လဲတွေ့ခဲတယ်။ လောကအကြိုက်က တစ်မျိုး၊ ဓမ္မအကြိုက်က တစ်မျိုး၊ လောက လမ်းကြောင်းအတိုင်း သွားတာကတစ်မျိုး၊ ဓမ္မလမ်းကြောင်းအတိုင်း သွားတာက တစ်မျိုး၊ လောကလမ်းကြောင်းက ဓမ္မလမ်းကြောင်းနဲ့ မတူဘူး။ ဓမ္မလမ်းကြောင်းကလဲ လောကလမ်းကြောင်းနဲ့ မတူဘူး။ လောကလမ်းကြောင်း လိုက်ရင်တော့ လောကထဲမှာပဲ လုံးချာလိုက်နေမှာပဲ။ လောကလမ်းကြောင်း ပြင်ဘက်ထွက်တဲ့ ဓမ္မလမ်းကြောင်း လိုက်မှသာလျှင် အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးက လွတ်မြောက်နိုင်လိမ့်မယ်။ အားလုံးလိုက်ဆိုကြ-

http://www.dhammadownload.com



**ဆုတောင်း**

ဤသည့်ပုညစွမ်းတစ်ဆကြောင့် ဗုဒ္ဓမြတ်စွာ သာသနာဝယ် ဆရာအစွဲ၊ ငါ့အစွဲနှင့် ဂိုဏ်းခွဲများဖြင့် ရင်တွင်စီးနှောင် ယပ်ငယ် ဆောင်သား သွင်ယောင်ကွဲ ပုံတရှိမ္မ ဆောင်းဘိဒေါက်ချာ အရာရာ တည်း မုတ္တာဇာလ ပမာဏလျှင် သိက္ကာတစ်ပိုင်း ကြိုးခတ်ဆိုင်းကို လွယ်သိုင်းပြီးလျှင် ဆွမ်းခံဝင်နှင့် သွင်အရပ်ရပ် ဂိုဏ်းအမှတ်ဖြင့် မစပ်မတွဲ ရှေးကကွဲလည်း လက်တွဲညီညာ ဤကမ္ဘာ၌ လက်တွဲညီညာ ပြည်မြန်မာ၌ တစ်သံဃာတည်း တရုံးစည်းသည် ဝိနည်းအတူ ဖြစ်စေသော်။ လက်တွဲညီညာ ဤကမ္ဘာ၌ တစ်သံဃာတည်း တရုံးစည်းသည် ဝိနည်း အတူ ဖြစ်စေသော်။

ဤသည့်ပုညစွမ်းတစ်ဆကြောင့် သတ္တဝါခပင်း အနာကင်းလျှက် မိုးမင်းမှန်စွာ ဝပြောသာ၍ ပြည်ရွာအတွင်း ရန်မျိုးကင်းသား ရေကင်းလဲသာ လယ်ယာလဲချော တောဆည်ကြီးပွား မြို့ကားစည်ပင် ပြည်လုံးရွှင်သည် အစဉ်ငြိမ်းချမ်း ကြပါစေသော်။

အချင်းချင်း ဆွေမျိုးရင်းသို့ လေးသင်းပြဟ္မဝိုရ် ရွှန်းရွှန်းစိုလျှက် သူတော်တရားလက်ကိုင်ထားသည့် ရှစ်ပါးမဂ္ဂင်မြဲစေသော်။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## အနမတဂ္ဂအနာတရား

ကဲတရားနာကြ-

ငရဲလွတ်မှ လူလိမ္မာ၊ သတ္တဝါချမ်းသာမှ ပညာရှိ၊ လူ့ဘဝ ရောက်လာကြတော့ ဗုဒ္ဓဘုရားသာသနာတော်ကို ယုံကြည်ကိုးကွယ် ကြတယ်။ မြတ်စွာဘုရားသာသနာကြီးကို ယုံကြည်ကိုးကွယ်ကြတော့၊ အဆိုးဆုံးဝဋ်ဆင်းရဲဒုက္ခကတော့ ငရဲဒုက္ခဟာ အဆိုးဆုံး ငရဲလွတ်မှ လူလိမ္မာသတ္တဝါချမ်းသာမှ ပညာရှိ၊ အဲဒီတော့ ငရဲကလွတ်ဖို့ဘဲလိုတာ၊ ငရဲဆိုတာ အင်မတန်ဒုက္ခကြီးပါတယ်။ သူနဲ့မနီးမဝေးမှာရှိတဲ့ တိရစ္ဆာန်ခွေးလေးတစ်ကောင်ဆိုကြပါစို့။

ခွေးတစ်ကောင်ကို တစ်ဦးဦးက ခဲကြီးကြီးနဲ့ ထုလိုက်လို့ အနာရသွားလဲ တရားစွဲမဲ့သူမရှိဘူး။ သူ့ခမျာ အော်ပြီးတော့ နာလို့လဲ ဆေးထည့်ပေးမယ့်သူ မရှိဘူး။ အပါယ်လေးပါးက မလွတ်တဲ့ ပုဂ္ဂိုလ်တွေ ဟာ အဲဒီလိုကိုး။

ဘုန်းကြီးတို့ ဒကာကြီး ဒကာမကြီးတို့က အပါယ်လေးပါးက လွတ်နေတဲ့လူဖြစ်တော့ ကလေးငယ်တစ်ယောက်ကို လူတစ်ယောက် ခဲနဲ့ထုရင် မှန်တာနဲ့ တားလို့ရတယ်။ ကိုယ့်ဟာကိုယ် တားလို့ရရင်ရ၊ မရရင် တရားစွဲပြီးတားမှာ။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးဘုံဆိုတာ လူတိုင်းကြားဘူးတယ်။ ကြီးပွားတိုးတက်မှု ဘာမှ မရှိတာကို အပါယ်ခေါ်တာဘဲ။ နိရယငရဲဆိုတာက ကြီးပွားခြင်း၊ တိုးတက်ခြင်း၊ အလျဉ်းမရှိတာကို ငရဲခေါ်တာ။

တိရစ္ဆာန်ဆိုတာ မိုးကောင်းကင်ကို၊ နတ်ရွာနိဗ္ဗာန်ကို ဖီလာ ကန့်လန့် သွားနေတဲ့သတ္တဝါကို တိရစ္ဆာန်လို့ ခေါ်တာ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ (၃၁)ဘုံမှာ အောက်ဆုံးဘုံ အောက်တန်းစား ဘုံ။ လူတိုင်း၊ လူတိုင်းဟာ အောက်တန်းစားဘဝက လွတ်မြောက်ရေးဘဲ၊ အောက်တန်းစား လွတ်မြောက်ရေးကလဲ အတော်အရေးကြီးတာ။ ဆင်းရဲတာ တစ်ဆင့်ပြီးတစ်ဆင့် တိုင်းတာလို့ မရအောင် ဆင်းရဲတာကိုး။

http://www.dhammadownload.com



အဲဒီကျတော့ ကိုယ်တိုင်လဲဘဲ ဒီအပါယ်လေးဘုံက လွတ်မြောက်ချင်တယ်။ ကိုယ့်ဆွေ, ကိုယ့်မျိုးတွေလဲ လွတ်မြောက်စေချင်တာ။။

အထူးသဖြင့်တော့ ဘဝတစ်ပါးပြောင်းသွားကြတဲ့ ဆွေတွေ, မျိုးတွေ ရှိတယ်။ မိဘနဲ့ ဆွေတော်မျိုးတော်တွေ ဘုံဆိုး, ဘဝဆိုးကနေ လွတ်မြောက်စေချင်တယ်။ ဝဋ်ဆိုး, ကြမ္မာဆိုးကလဲ လွတ်မြောက်စေချင်တယ်။ ဘုံဆိုး, ဘဝဆိုးက လွတ်မြောက်ကြပါစေ၊ ကျွတ်ဆု, လွတ်ဆုရကြပါစေဆိုတဲ့ စိမ်ထုံးမိန့်မှုဟာ လွန်ခဲ့တဲ့ ၂၅၉၃နှစ်တာကာလက ဗုဒ္ဓဂယာမှာ ဘုရားပွင့်တယ်။

ပွင့်ပြီးနောက် မိုင်(၂၀၀)လောက်ရှိတဲ့ ဗာရာဏသီကို သွားတရားဟောတယ်။ ဗာရာဏာသီဆရဏနတ်မှာ တရားဟောပြီး တစ်ဝါဆိုပြီးပြန်ကြွလာတော့ နတ်တော်လ၊ ဘုရားပွင့်ပြီး(၈)လကြာတော့ ရာဇဂြိုဟ်ရောက်တာပေါ့။ ရာဇဂြိုလ်ပြည် ဘုရားပွင့်တာနဲ့ မိုင်(၃၀)လောက်ဝေးတယ်၊ အဲဒီရာဇဂြိုလ် မကြာသေးခင်က ရောက်ခဲ့တယ်။ ရောက်ခဲ့တော့ ဟိုတုံးက သိတင်းသုံးတာလေးတွေ၊ တရားဟောတာလေးတွေ ဘဝတစ်ပါး ပြောင်းသွားကြတဲ့ ဆွေတော်, မျိုးတော်တွေ ဘုံဆိုး, ဘဝဆိုးက လွတ်မြောက်အောင် မြတ်စွာဘုရား ညွှန်ပြတဲ့နေရာ။ ဒီနေရာတွေက ရှိနေတာ။

တိရောကုတ္တသုတ္တန် ဒေသနာတော်မြတ်ကြီး ဟောခဲ့တာ။ ဘုရားဖြစ်ပြီးနောက် နှစ်လကြာတော့ ဓမ္မစကြာဟောတယ်၊ နှစ်လနဲ့ ငါးရက်ကြာတော့ အနတ္တလက္ခဏသုတ္တန် ဟောတယ်။ ဓမ္မစကြာဟောတော့လဲ ဒုက္ခအားလုံးက လွတ်ဖို့ဟောတာဘဲ။ အနတ္တလက္ခဏသုတ္တန်ဟောတယ်။ ဓမ္မစကြာဟောတော့လဲ ဒုက္ခအားလုံးက လွတ်ဖို့ဟောတာဘဲ။ အနတ္တလက္ခဏသုတ္တန်က အားလုံးနှောင်ကြိုးတွေအားလုံးက လွတ်သွားအောင် ဟောတာဘဲ။ အဲဒီနောက် ရာဇဂြိုလ်နဲ့ ဗုဒ္ဓဂယာကြားထဲမှာ ခုတော့မြို့ခုတော့ လေဆိပ်အသစ်ကြီးတွေဘာတွေနဲ့ ဂယာရွာလေးမှာ ဆင်ဦးကင်းနဲ့တူတဲ့ ကျောက်ဖျာကြီးတွေ

http://www.dhammadownload.com



ရှိတာ။ အဲဒီမှာ မြတ်စွာဘုရားက မီးဆယ့်တစ်မီး လောင်ကျွမ်းနေပုံ၊ ကမ္ဘာလောကကြီး မီးဆယ့်တစ်မျိုး လောင်ကျွမ်းနေပုံ၊ မီးဆယ့်တစ်မျိုးက လွတ်မြောက်အောင် ကြိုးစားပုံဟောခဲ့လို့ ရသေ့ညီနောင် ရှင်တစ်ထောင် ဥရုဝေလတောအုပ်က ရဟန်းပြုပြီးတော့ ဒီအာဒိတ္တ သုတ္တန် နာကြားပြီးတော့ လွတ်မြောက်ကြတယ်။

လွတ်လပ်ရေးရသွားတာ၊ လွတ်လပ်ရေးက ဘယ်လောက်ရ သလဲဆိုတော့ အို၊ နာ၊ သေ နဲ့ ဘုံဆိုး ဘဝဆိုးကပါ လွတ်သွားတယ်၊ ဘုံဆိုး, ဘဝဆိုးရောက်နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ရာဇဂြိုလ်မှာ မြတ်စွာဘုရားက နံပါတ်(၄)ဖြစ်တဲ့ ဒေသနာတော်ကြီးဟောခဲ့တာ။ ဒေသနာတော်က "တိရောကုဋ္ဋသုတ္တန်" ဆိုလိုတာက ဘာလဲ။ မိမိတို့လွန်ခဲ့တဲ့ လေးနှစ်က ကွယ်လွန်သွားတဲ့ ဖခင်ကြီးနှင့်တကွ ကွယ်လွန်ပြီးတော့ သွားကြတဲ့ ဒီဘဝတင် မဟုတ်ဘူး။ ဆွေးဟောင်း မျိုးဟောင်း မိတ်ဆွေသူငယ်ချင်းတွေရှိမယ်၊ အားလုံးကို ရည်စူးပြီးတော့ အလှူလှူတာပါ။ အခါတိုင်း ကုသိုလ်ပြုတာက တပည့်တော်တို့ အာသဝက္ခယဉာဏ် ရချင်တာပါ၊ ဘာဒုက္ခမှ မရှိတောတဲ့ ဉာဏ်။ အဲဒီတော့မှ လွတ်လပ်ရေးရတာ၊ တကယ်လွတ်လပ်ရေး ရတာ၊ ိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံမရှေးမနှောင်း လွတ်လပ်ရေးရခဲ့ကြတယ်။ တကယ့်သံသရာ ဝဋ္ဋဒုက္ခမှ လွတ်လပ်ရေးတော့ မရဘူး၊ အင်္ဂလိပ်အောက် ကသာ လွတ်လပ်တာကိုး၊ ကျွန်အဖြစ်ကတော့ လွတ်ထာပေါ့။ ကျွန်လေးမျိုးထဲမှာ ကရမရာနီတကျွန်းဆိုတာ သုံးပန်ကျွန်ပါ။ အင်္ဂလိပ်ကျွန်တွေပေါ့။

အဲဒီလို ကရမရာနီတကျွန်အဖြစ်က လွတ်ကင်းတာက တမျိုး၊ သံသရာဝဋ္ဋကလွတ်ထာတော့ မဟုတ်သေးဘူး။ လောကပြောနေတဲ့ (၅၇)ကြိမ်မြောက်လွတ်လပ်ရေးနေ့ဆိုပါစို့ စဉ်းစားကြတဲ့အခါ ဘယ်မှ လွတ်လပ်ထာလဲ ဘုံဆိုး ဘဝဆိုးက တကယ်တမ်း လွတ်လပ်ပြီးလား၊ သို့မဟုတ် အို၊ နာ ၊ သေဘေးဒုက္ခတွေမှ လွတ်လပ်ပြီလား။ လောဘ

http://www.dhammadownload.com



ဒေါသအစရှိတဲ့ ကိလေသာတို့မှ လွတ်ပြီလား၊ အခု မြန်မာနိုင်ငံ လွတ်လပ်တာကတော့ ကျွန်လေးမျိုးရှိတယ်၊

(၁) ဓနက္ကီတ= ငွေဝယ်ကျွန်၊

(၂) အန္တောဇာတ= အိမ်ပေါက်ကျွန်၊

(၃) သာမံဒါသဗျ= ကိုယ့်သဘောနဲ့ကိုယ်ကျွန်ခံတာ၊

(၄) ကရမရာနီတ= သုံ့ပန်းကျွန်

အဲဒီလေးမျိုးထဲက ကရမရာနီတကျွန်အဖြစ်က လွတ်ကင်းတာကို လွတ်လပ်ရေးရတယ်လို့ခေါ်တာ။ အခု မကြာသေးခင်ကဘဲ လပြတ်ဖမ်း တယ်ဆိုတာကို၊ အခေါ်ကတော့ လပြတ်ဖမ်းတယ်လို့ခေါ်တယ်။ ရာဟု အသူရိန်ကြီးက သူရဲ့အင်အားနဲ့ အကာအကွယ်ပြုတာ အရောင် မတောက်နိုင်အောင်။

တစ်နေ့မှာ ရာဟုအသူရိန်က လနတ်သားကို ဖမ်းစားလို့ ဖမ်းစားတဲ့အခါ လနတ်သားက မြတ်စွာဘုရားစီ လှမ်းပြီး သရဏဂုံ ယူတယ်။ "နမောတေ ဗုဒ္ဓဝီရတ္ထု ဝီရ= ရဲရင့်တော်မူသော ဗုဒ္ဓမြတ်စွာ ဘုရား၊ တေ= ရှင်တော်မြတ်ဘုရားအား၊ မေ= အကျွန်ုပ်၏၊ နမော= ရှိခိုးခြင်းသည်၊ အတ္ထု= ဖြစ်ပါစေသတည်း။

မြတ်စွာဘုရား အရှင်ဘုရားကို တပည့်တော်ရှိခိုးပါတယ်။ "ဝိပ္ပမုတ္တောသိ သဗ္ဗဓိ" တွံ= အရှင်ဘုရားသည်၊ သဗ္ဗဓိ= အခါခပ်သိမ်း၊ ဝိပ္ပမုတ္တော= ဝဋ်ခရီး အကျဉ်းအကြပ်မှ လွတ်လပ်ပြီးသူသည်၊ အသိ= ဖြစ်ပါ၏။ အရှင်ဘုရားကတော့ အကျဉ်းအကြပ်ဘာမှ မရှိတော့ဘူး အားလုံးက လွတ်လပ်ပြီ၊ ကိလေသာအားလုံးက လွတ်ပြီးတဲ့ အရှင်ဘုရားက၊ သမ္ဗာဓ ပဋိပန္နောသ္မိ အဟံ= တပည့်တော်သည်၊ သမ္ဗဓ ပဋိပန္နော =ဝဋ်ခရီးအကျဉ်းအကြပ်မှ မလွတ်လပ်သူသည်၊ အသ္မိ= ဖြစ်ပါ၏။ တပည့်တော်ကတော့ ဝဋ်ခရီးအကျဉ်းအကြပ်က မလွတ်လပ် သေးပါဘုရား။ တဿ မေ သရဏံဘဝ= ဘဝဝဋ်ခရီး အကျဉ်းအကြပ်မှ လွတ်မြောက်ပြီးသော ရှင်တော်ဘုရားသည် ဝဋ်ခရီးအကျဉ်းအကြပ်မှ

http://www.dhammadownload.com



မလွတ်မြောက်သေးသော တပည့်တော်၏ ကိုးကွယ် အားထားရာ ဖြစ်တော်မူပါဘုရား။

လူတွေအားလုံး အကျဉ်းအကြပ်ရောက်နေသူတွေ၊ ရဟန္တာ မဖြစ်သေးသူတွေ အားလုံးရွတ်သင့်တယ်။ လနတ်သားရဲ့ သရဏဂုံ ဂါထာ-

**နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိသဗ္ဗဓိ။**
**သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿမေ သရဏံဘဝ။**

ဗုဒ္ဓသရဏံ ဂစ္ဆာမိနဲ့အတူတူပါဘဲ။ လနတ်သား မလွတ်လပ်ရှာလို့ လငပုတ်ဖမ်းထားလို့ မြတ်စွာဘုရားကို လျှောက်မူတယ်။ အဲဒီအခါ မြတ်စွာဘုရားက-

**တထာဂတံ အရဟန္တံ၊ စန္ဒိမာရဏံ ဂတော၊**
**ရာဟုစန္ဒံ ပမုဥ္စဿု၊ ဗုဒ္ဓါလောကာ နုကမ္ပကာ၊**

အရဟန္တံ= ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ တထာ ဂတံ= ငါဘုရားကို၊ စန္ဒိမာ= လနတ်သားသည်၊ သရဏံဂတော= သရဏဂုံယူ၍ နေပေ၏။ ရာဟု= ရာဟုအသူရိန်၊ စန္ဒိမံ= လနတ်သားကို၊ တွံ= သင်သည်၊ ပမုဥ္စဿု= ယခုပင်လွှတ်လိုက်ပါ။ ရာဟုအသူရိန် လနတ်သားက သရဏဂုံ ယူနေတယ်၊ ဗုဒ္ဓသရဏဂုံ တည်နေပြီးတဲ့၊ ရာဟုအသူရိန်သရဏဂုံ တည်နေတဲ့ ပုဂ္ဂိုလ်တယောက်ကို လွှတ်လိုက်ပါ။

ဗုဒ္ဓလောကာ နုကမ္ပကာ ဗုဒ္ဓါဘုရားရှင်တို့သည် အနုကမ္ပကာ လောကကြီးကို အစဉ်စောင့်ရှောက်ကြကုန်၏။ ဘုရားရှင်တို့မည်သည် လောကကို အစဉ်စောင့်ရှောက်တယ်။ အဲဒီမှာ ရာဟုအသူရိန်လွှတ်ပေး လိုက်တော့ လနတ်သားလွတ်လပ်ရေးရသွားတယ်။

ဘုန်းကြီးတို့ တိုင်းပြည်လွတ်လပ်ရေးရတာကတစ်မျိုး၊ ဒါဖြင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉ ခုနှစ်တာကာလက မြတ်စွာဘုရား ကိုယ်တော်တိုင် အပရာဇိတပလ္လင်မှာ မာရ်မင်း၏ စစ်သည် အမျိုးမျိုးရန် အမျိုးမျိုးကို အောင်မြင်ပြီးတော့ ပု၊ ဒိ၊ အာ ဉာဏ်ရပြီးတော့

http://www.dhammadownload.com



ကိုယ်တော်တိုင် လွတ်မြောက်တော်မူတာ။ ကိုယ်တော်တိုင် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်သွားပြီးတဲ့နောက် (၈)လလောက်ကြာတော့ ကွယ်လွန်သွားကြတဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေတော်မျိုးတော်တွေ ကောင်းရာသုဂတိရောက်ပါစေ။ ဘုံဆိုး၊ ဘဝဆိုးက ကျွတ်လွတ်ပါစေ ဆိုပြီးတော့ မြတ်စွာဘုရားက တိရောကုဋ္ဋသုတ္တန် ဒေသနာတော်ကြီးကို ဟောတော်မူပြီးတော့ ဒီလိုအမျှဝေဘို့ရာ၊ ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်တွေ မပြောကောင်း ပြောကောင်းများ မကျွတ်လွတ်ခဲ့ရင် ဘုံဆိုးဘဝဆိုးများ ရောက်နေခဲ့ရင် ငါ့အမိ ငါ့အဘ ငါ့ဆွေ ငါ့အမျိုး မိဟောင်းဘဟောင်း ဘိုးဟောင်းဘွားဟောင်းတို့သည် ဘုန်းကြီးတို့တော့ ဒါလေးတွေ လက်တွေ့လုပ်ဘူးတယ်။

သူငယ်ချင်းဘုန်းကြီးတွေ ပုံတော်မူကြလို့ "သူတော့လွတ်ပြီ"လို့ တိုက်ရိုက်ပြောတာတွေရှိတယ်။ အဘိုးတစ်ယောက် ကွယ်လွန်သွားတော့ အမျှအတန်းပေးဝေလိုက်တော့ သူကိုယ်ထင်ပြပြီး သူလွတ်တဲ့အကြောင်း ပြောပါတယ်။ တွေ့ဘူးပါတယ်၊ စာအရတစ်မျိုး ကိုယ်တိုင်တွေ့လို့ ယုံကြည်တာလဲတစ်မျိုးပေါ့။ ကွယ်လွန်၊ ကွယ်လွန်သွားကြတဲ့ အမိအဖတွေ ဆွေတွေမျိုးတွေ ဒီနေရာ ဒီဌာနလာကြပါ၊ တရားနာကြပါ၊ တရားနာပြီးတော့ သားတွေသမီးတွေနဲ့ သူတော်ကောင်းအပေါင်းတို့က ပေးဝေတဲ့ အမျှကိုသာဓုခေါ်ကြပြီး ရောက်ရာဘဝဘုံဌာနမှာ ကိုယ်စိတ်နှစ်ဖြာ ကြည်သာအေးမြချမ်းသာ ကြပါစေသောဟု ကိုသိုလ်ပြု အမျှအတန်း ပေးဝေခြင်းခေါ်တဲ့ စီရင်ထုံးဖွဲ့မှုက ကြာပြီ။

လွန်ခဲ့တဲ့နှစ်ပေါင်း(၂၅၉၃)ခုနှစ်က နေရာက တောင်ငါးလုံးကာခိုတဲ့ ရာဇဂြိုလ်မြို့၊ အမျှအတန်းပေးဝေတဲ့ ပွဲကဘယ်လောက်ကြာသလဲဆိုရင် (၇)ရက်ကြာတယ်။ ကိုယ်ကလဲ ကိုယ့်ဆွေမျိုးတွေ၊ သူကလဲ သူ့ဆွေမျိုးတွေ ကျွတ်ဆုလွတ်ဆု ရကြပါစေဆိုပြီးတော့ ပြုကြတာ။ ကိုယ်တိုင်မြင်ကြရတာ အမျှဝေလိုက်တဲ့အခါ သာဓုခေါ်ကြလို့ ချမ်းသာသုခရတာတွေ ကိုယ်တိုင်မြင်ကြရတာ၊ အဲလိုဖြစ်တဲ့အခါ

http://www.dhammadownload.com



မြတ်စွာဘုရားက-

က္ကဒံ မေဉာတီနံ ဟောတု သုခိတာ ဟောထညာတယော- တပည့်တော်တို့၏ ဤကုသိုလ်သည် ဘဝဟောင်းက ဆွေတော် မျိုးတော်တွေ အခုဘဝမှာ တော်စပ်ခဲ့တဲ့ ဆွေတွေမျိုးတွေ မိဘတွေ၊ ဘဝကတ္တာ- ခြားသွားကြပြီဆိုတော့ သူတို့အတွက်ဖြစ်ဖို့၊ ဉာတိဓမ္မ- ဆွေမျိုး လက်ဆောင်တရားပဲ။ အဲဒါဘ ၁သာတိုင်းမှာတော့ မရှိဘူး။ အိန္ဒိယမှာ ဘုရားကိုယ်တိုင်ဟောခဲ့တာ ရာဇဂြိုလ်ပြည် မှာ၊ အခုအဲဒီမှာ မရှိတော့ဘူး။ တိရော ကုဋ္ဋသုတ္တန်မှ မရှိတော့တာ ဒီမှာရှိနေတယ်။ ဝမ်းနည်းစရာတော့ ကောင်းတယ်။ အနှစ်သာရရှိတဲ့ ဓမ္မစက္ကပဝတ္တနသုတ္တန် ဗာရာဏသီမှာ ဟောတယ်။ အခုအဲဒီ ဗာရာဏသီမှာ နွားလေးကျောင်း၊ ဆိတ်လေးကျောင်းနဲ့ အနားသွားနေတာ ဘာမှမရှိဘူး။ ဒီမှာဘဲရှိနေတာ နေရာထူးနေရာမြတ်ဆိုပြီး ဓာတ်ပုံရိုက်တာတော့ရှိတယ်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဓမ္မစကြာ တရားတွေ အနတ္တလက္ခဏာသုတ္တန်က ဒီမှာရှိနေတာ။ ခုနကပြောတဲ့ မြတ်စွာဘုရား ကိုယ်တော်တိုင် လွတ်မြောက်ပြီးတော့ ကိုယ်တော်တိုင် လွတ်မြောက်ပြီးတော့ ကိုယ်တော်တိုင် ဝဋ်ဆိုးကြမ္မာဆိုးကလဲ လွတ်မြောက်တယ်။ ဘဝဆိုး၊ ဘုံဆိုးကလဲ လွတ်မြောက်တယ်။ အိုနာသေ ကလဲ လွတ်မြောက်တယ်။ လွတ်မြောက်သလိုဘဲ မြတ်စွာဘုရား တရားနာကြားပြီးတော့ သောတာပန်ဆိုတော့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာမှ လွတ်မြောက်တယ်။

သတဒါဂါမ်ကျတော့ ကာမရာဂနဲ့ ဒေါသတွေ ပါးပါးလှာလှာ လေးဘဲ ရှိတော့တယ်။ လောဘ၊ ဒေါသတွေ အများကြီး မဟုတ်ဘူး၊ ထူလပိန်း မဟုတ်ဘူး။ သကဒါဂါမ်ကျတော့ ပါးပါးဘဲ ကျန်တော့တယ်။ အနာဂါမ်ကျတော့ ကာမရာဂလဲမရှိတော့ဘူး၊ ဒေါသလဲ အမြစ်ပြတ်ပြီ။ အနာဂါမ်ပုဂ္ဂိုလ်ရဟန္တပုဂ္ဂိုလ်သူတို့က အဆင့်မြင့်သွားတော့ သူတို့က မငိုတော့ဘူး။ မကြောက်တော့ဘူး၊ ဝမ်းနည်းဝမ်းသာကုန်သွားပြီ။

http://www.dhammadownload.com



အခုဘုန်းကြီးတို့ ဝမ်းနည်းတာနဲ့ ဝမ်းသာတာ ရှုပ်ထွေးနေကြတာဘဲ၊ ဝမ်းနည်းလိုက်ရပြန်၊ ဝမ်းသာလိုက်ရပြန်နဲ့။ နောက် ရဟန္တာပုဂ္ဂိုလ်ကျတော့ မာနလဲ မရှိတော့ဘူး၊ ဥဒ္ဓစ္စ ပြန့်လွင့်တာလဲ မရှိတော့ဘူး၊ အဝိဇ္ဇာ မသိမိုက်မဲတရားနဲ့မကောင်းတာ မှန်သမျှ မကျန်တော့ဘူး။ ပဉ္စဝဂ္ဂီငါးဦးက ပထမ ဓမ္မစကြာတရားနာတယ်။ နောက် အနတ္တလက္ခဏသုတ်နာတော့ အနုပါဒါယ အာသဝေဟိစိတ္တာနိ ဝိမုစ္စိံသု။ ကျွတ်ပြီလွတ်ပြီတဲ့၊ အဲဒီကျမှ အကျွတ်အလွတ်ဆိုတာ ဖြစ်တာ။ ခွေးကလေးတွေ နွားကလေးတွေနဲ့စာရင် ဘုန်းကြီးတို့က ကျွတ်ပြီ၊ လွတ်ပြီပေါ့။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကာမ ရာဂ ဗျာပါဒ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတရားတွေက မလွတ်သေးဘူး။ မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ်တွေ ကုန်အောင် ပြောရင် တို့လဲ မကျွတ်မလွတ်ကြသေးဘူး။

အဲဒီ ဒိဋ္ဌိ ဝိစိကိစ္ဆာအစရှိတဲ့ တရားဆိုး တရားပျက်တွေ ရှိနေသမျှ ကာလပတ်လုံး ဘုံဆိုးဘဝဆိုးကလဲ မလွတ်နိုင်သေးဘူး။ ဒါတွေ လွတ်ဖို့ရာ ဆိုပြီးတော့ ကုသိုလ်ပြုကြရတာနော်။ ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေတော် မျိုးတော်တွေအားလုံး ကျွတ်ဆုလွတ်ဆုတွေရကြလို့ ဘုန်းကြီးတို့က ကိုယ်ကိုယ်တိုင် ဘုံဆိုး ဘဝဆိုးက လွတ်မြောက်ပါရစေ။ ရုပ်ဒုက္ခ၊ နာမ်ဒုက္ခမှ လွတ်မြောက်ပါရစေ လွတ်လပ်ရေးရချင်လွန်းလို့။ အာသဝက္ခယဉာဏ်ရပါစေ၊ အာသဝေါတရားဆိုတာ ဘာလဲဆိုတော့ လောဘ ဒိဋ္ဌိ မောဟဘဲ။ ဒီတရားတွေက ဘယ်လောက်ဆိုးသလဲဆိုရင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ အပေါ်ဆုံးဘုံထိအောင်လိုက်ပြီး ညှင်းပန်းနိုင်တယ်။ တရားဓမ္မအနေနဲ့ ပြောမယ်ဆိုရင် မဂ်ဉာဏ်ရဲ့ ရှေ့နား ဂေါတြဘူဉာဏ်တိုင်အောင် လိုက်လံညှင်းပန်းနိုင်တာကိုး။ အဲဒီ အာသဝေါတရားတွေက လွတ်ပြီးနေတဲ့ ပုဂ္ဂိုလ်များကတော့ ပြုံးနိုင်တာပေါ့။ တကယ်ပြုံးနိုင်တာ။ မြတ်စွာဘုရား အဖြစ်ရောက်တယ်ဆိုရင်ဘဲ ဥဒါန်းကျူးတယ်။ အနေကဇာတင် ဆိုတာပါ။ ဒါဘာကြောင့်လဲ အဲဒီဝဋ်ဆိုး ကြမ္မာဆိုး ဘုံဆိုး ဘဝဆိုးက လွတ်မြောက်သွားပြီ၊

http://www.dhammadownload.com



အောင်သွားပြီ။

ဒီနောက်ကျတော့လဲ သာကီဝင်မင်း(၇)ဦး အလုည့်ကျတဲ့ ပုဂ္ဂိုလ်ဟာ အလှည့်ကျ ရှင်ဘုရင်ပြုကြတဲ့အခါ ဘဒ္ဒိယဆိုတဲ့ ပုဂ္ဂိုလ်ဟာ အလှည့်ကျ ရှင်ဘုရင်ပြုတဲ့အထဲမှာပါတယ်။ ရာဇပြိုလ်မှာဘဲ ဒေဝဒတ်တို့ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါတို့ အရှင်ဘဒ္ဒိယတို့ တစ်ဝါတွင်းနဲ့ တရားအားထုတ်လိုက်တာ ခုနကပြောတဲ့ အာသဝေါတရားတွေက လွတ်ပြီး ဝဋ္ဋဒုက္ခအားလုံးက လွတ်မြောက်ပြီတဲ့။ အရှင်ဘဒ္ဒိယမထေရ်ဟာ "အဟောသုခံ အဟောသုခံ"နဲ့ အမြဲတမ်း ဥဒါန်းကျူးရင့် နေတာဘဲ "ချမ်းသာပေစွ ချမ်းသာပေစွ"နဲ့ပေ့ါ။

နောက် အယျမိတ္တ မထေရ်ကျတော့လဲ တရားအားထုတ်တယ်။ အာသဝေါတရားတွေ ကုန်သွားတယ်။ ဝဋ္ဋဆိုး၊ ကြမ္မာဆိုး၊ ဘုံဆိုး၊ ဘဝဆိုးတွေဖြစ်စေတတ်တဲ့ အာသဝေါတွေကုန်သွားတော့ ထိုင်နေတဲ့ နေရာမှာ တစ်ပါးတည်းပြုံးနေတယ်။ အဲဒီတော့မှ လိုဏ်ဂူစောင့်တဲ့နတ်က

**နမောတေ ပုရိသာ ဇည၊ နမော တေ ပုရိသုတ္တမ၊**
**ယဿ တေ အာသဝါခီဏာ၊ ဒဝိဏေယျာသိ မာရိသ။**

ယောက်ျား အာဇာနည်ဖြစ်တော်မူသော အရှင်ဘုရားအား ရှိခိုးပါတယ်။ မြင့်မြတ်ခေါင်ဖျား ဖြစ်တော်မူသော အရှင်ဘုရားအား ရှိခိုးပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဘုံဆိုး၊ ဘဝဆိုး၊ ဝဋ္ဋဆိုး ကြမ္မာဆိုးတွေ ရောက်စေတတ်တဲ့ အာသဝေါတွေ ကင်းသွားပြီ။ ဒါကြောင့် ရှိခိုးပါတယ်။ မိမိတို့ ဗုဒ္ဓဘုရားရဲ့ သာသနာနဲ့ တွေ့လာတဲ့အခါ ဒိဋ္ဌိ ဝိစိကိစ္ဆာ လောဘ ဒေါသ မောဟတရားတွေ ကင်းစင်အောင် ပြုလုပ်ကြတာပဲ၊ ဆုတောင်းကြတာ။ ဒီပွဲက မိဘဘိုးဘွား ဆွေတော် မျိုးတော်တွေ ကျေးဇူးဆပ်တဲ့ပွဲဆိုတော့ ဆွေမျိုးလက်ဆောင်ကို အဓိကထားတယ်။

လက်ဆောင်ပေးတယ်ဆိုတာ ပေးသူက ပေးသော်လဲ ယူသူက မယူဘူးဆိုရင် ကိုယ့်လက်ဆောင် ကိုယ်ပြန်ယူရုံပါဘဲ။ ဒီအလှူကတော့ ဆွေမျိုးတို့ရဲ့ ဝတ္တရားကို ပြုလုပ်ထာပါ။ မိဘများဟာ အရွေ့အရပ်နဲ့

http://www.dhammadownload.com



တူတယ်။ အရှေ့အရပ်ဆိုတာ အစဆုံး ကျေးဇူးများတဲ့ မိဘများကို ခေါ်တာပါ၊ ရှိခိုးကြတဲ့။ သားသမီးကျင့်ဝတ်က ဘာလဲဆိုတော့ ကုသိုလ်ကောင်းမှုပြုပြီး အမျှအတန်းပေးဝေခြင်း သားသမီးများရဲ့ ကျင့်ဝတ်ပဲ။ အဲဒီလို သားသမီးများက ကုသိုလ်ပြုပြီး အမျှပေးဝေခြင်းဟာ အရှေ့အရပ်ကို ရှိခိုးခြင်းပါပဲ။

ကမ္ဘာ့ဘာသာကြီး အသီးသီးရှိတာ ဗုဒ္ဓဘာသာကတော့ လွန်ခဲ့တဲ့ ၂၅၉၃ ခုနှစ်က ရာဇဂြိုလ်မှာ ချမှတ်ခဲ့တဲ့ ဘုရားမူ ဘုရားအကြိုက်ပဲ။ ကုသိုလ်ပြု အမျှအတန်းဝေခြင်းသည် ဘုရားရှင်ကိုယ်တော်တိုင် စီမံခဲ့သော ပွဲဖြစ်တယ်လို့ ဒီလိုသိရမယ်။ ဘယ်မှာလဲဆိုရင် တောင်ငါးလုံး ကာခိုတဲ့ ရာဇဂြိုလ်မြို့ဟာ ဘုရားပွင့်တဲ့အခါ မြို့စည်ကားတယ်။ စကြာမင်းပေါ်တဲ့အခါ မြို့စည်ကားတယ်။ ဒီပြင်အချိန်မှာ မြို့ဆိတ်သုဉ်းတယ်တဲ့ ရာဇဂြိုလ်မြို့ဟာ တောရွာကြီးလိုပါပဲ။ သူကတော့ တောင်ငါးလုံး ကာထားတာ။ ဒီမှာလို မြို့ရိုးကာတာ မဟုတ်ဘူး။ မြို့ရိုးက တကယ် အစွမ်းရှိတဲ့ လူကျော်တက်လို့ရတယ်။ တောင်ငါးလုံးကာခိုထားတာက ကျော်တက်လို့ မရဘူး။ ဒီလိုမျိုး လုံခြုံတဲ့မြို့ ကမ္ဘာမှာ မရှိဘူး။

စဉ်းစားမိခဲ့တာလေး အဲဒီရာဇဂြိုလ်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၃ ခုနှစ်တာကာလက ဟောမိန့်ပြီးတော့ထားတဲ့ အမျှဝေခြင်း ကိစ္စဟာ မြတ်စွာဘုရား ကိုယ်တော်တိုင် စီမံထုံးမိန့်ထားတယ်။ အစဉ်အလာ ဖြစ်တယ်လို့ ဒါလေးကို ဖောက်သယ်ချပေးရခြင်းပါပဲ။ ကြွရောက် ချီးမြှောက်တော်မူကြတဲ့ ဆရာတော် သံဃာတော်အရှင်မြတ်တို့က လွန်ခဲ့တဲ့လေးနှစ်က ကွယ်လွန်သွားတဲ့ ဒါယကာကြီး ဦးကာစိကို ချီးမြှောက်တော်မူခြင်းပါပဲ။ ကွယ်လွန်သွားတဲ့ မိဘများကို ရည်စူးပြီး သားသမီးများက ကုသိုလ်အမျှပေးဝေခြင်းဟာ အင်မတန် ကံကောင်းကြတယ်။ ရာဇဂြိုလ်အပါအဝင် အိန္ဒိယနိုင်ငံမှာ လူသန်းပေါင်း (၁၀၀၀)ခန့်ရှိတယ်။ ဗုဒ္ဓဘာသာဟာ အခုသန်း(၃၀)လောက်ပဲ ရှိတော့ တယ်။ ကျန်တာက ဘာသာအမျိုးမျိုးယူကြပါတယ်။ အဲဒီလို အမိအဖတွေ

http://www.dhammadownload.com



ဆွေတွေမျိုးတွေ ကွယ်လွန်သွားလို့ ကုသိုလ်ပြု အမျှအတန်းပေးဝေတာ ရှိသလားဆိုတော့ ကမ္ဘာ့ဘာသာကြီးတွေမှာ မရှိပါဘူး။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှာ မြတ်စွာဘုရားပွင့်တော်မူတယ်။ (၆)ရာစုမှာ ခရစ်ယာန်ပေါ် လာတယ်။ သူတို့မှာလဲ ကုသိုလ်ပြုအမျှဝေတာမရှိဘူး၊ ဆုတောင်း တာတော့ရှိတယ်။

ကိုယ်ဆွေတွေ မျိုးတွေ ကောင်းရာသုဂတိ ရောက်ပါစေ၊ ကောင်းရာသုဂတိ ရောက်စေလိုကြတယ်။ လောလောဆယ် ကမ္ဘာ့ လူထုကြီး ကွယ်လွန်ပြီးတော့ သွားကြတဲ့ ဆူနာမီကြောင့် အင်ဒိုနီးရှား နိုင်ငံမှာတင် တစ်သိန်းကျော်လောက် ကွယ်လွန်တာကိုး။ အိန္ဒိယနိုင်ငံမှာ တစ်သောင်းလောက်၊ ထိုင်းနိုင်ငံမှာ ငါးထောင်၊ ခြောက်ထောင်လောက် ဆိုပါတယ်။ ဒါဆွေတွေ မျိုးတွေ ဖြစ်ချင်ဖြစ်မယ်။ မဖြစ်လဲ အမျှပေးဝေ ကြရမယ်။ ဘာကြောင့်လဲဆိုတော့ ဤလောက နောင်လောက သိတော်မူတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ စီမံထုံးမိန့်မှုက တစ်ကမ္ဘာလုံး နှံ့ပြန့်တာ မဟုတ်တော့ လက်ခံကြတာလဲ မဟုတ်တော့ သူတို့က အမျှဝေချင်မှ ဝေမှာ၊ မိမိတို့က ဝေပေးတာတော့ ကောင်းပါတယ်။ ဘုရားပွင့်တော်မူ ပြီးနောက် (၁၂)ရာစုမှာ အစ္စလာမ်ဘာသာ ပေါ်လာတယ်။ ဘုရားက စောတယ်။ ဒီထက်စောတာ ပြဟ္မဏဘာသာ ပေါ်လာခဲ့တယ်။ ပြဟ္မဏဘာသာကလဲ ကုသိုလ်ပြုအမျှဝေတာမရှိဘူး။ ရာဇဂြိုလ်မှာ မြတ်စွာဘုရားက ကုသိုလ်ပြု အမျှအတန်းဝေဘို့ ဟောတော့ ဇာဏုသောဏခေါ်တဲ့ ပြဟ္မဏဘာသာဝင်တစ်ဦးက စောဒက တက်ဘူးတယ်။ ထားပါတော့။ ကမ္ဘာ့ဘာသာအသီးသီးမှာ မိမိရဲ့ဆွေတွေ မျိုးတွေကို ကောင်းရာသုဂတိ ရောက်ကြပါစေသောလို့ တောင့်တကြ တာတော့ ဘာသာတိုင်းဘဲ အကုန်လုံးပဲ ကောင်းရာသုဂတိကို ရောက်စေချင်တယ်။ ကောင်းစေချင်တယ်။ ဘုံဆိုး၊ ဘဝဆိုး မရစေချင်ဘူး ဝဋ်ဆိုး ကြမ္မာဆိုး မကြုံစေချင်ဘူး။ ကုသိုလ်ပြု အမျှအတန်းပေးတတ်ခြင်း ကိစ္စကတော့ သံသရာက တော်စပ်ခဲ့ကြတဲ့ ဆွေတော် မျိုးတော်တွေ

http://www.dhammadownload.com



ကမ္ဘာ့ကပ်ကြီးအသီးသီးမှာ ပါဝင်သွားကြတဲ့ ပုဂ္ဂိုလ်တွေကို အမျှအတန်း ပေးဝေကြမယ်။ သူတော်ကောင်းတို့ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် အမျိုးမျိုးသော လွတ်လပ်မှု တွေ့ရကြပါစေကြောင်း ကောင်းမြတ်တဲ့ မိတ္တသင်္ဂဟ ဖြဟ္မဝိဟာရ တရားရှေ့ထားကြပြီးမှ ပရိတ်တိုင်း ပရိတ်တိုင်းတို့၏ ပုဗ္ဗကိစ္စဒေသနာနိဒါန်းဖြင့် ကျေးဇူးရှင် မိဘများနှင့်တကွ ဘဝဆွေမျိုးတွေ ကမ္ဘာသူ ကမ္ဘာသားတွေ နတ်ဖြဟ္မာအပေါင်းတို့ ဤဌာနသို့ လာရောက်ကြပါကုန်လော့။

ဤနေရာ ဤဌာနသို့ လာရောက်ကြပြီး။ နမောတဿ အစရှိသော ဘုရားရှိခိုးကြီးဖြင့် စုံတညီညီရှိခိုးကြပါကုန်လော့။ စုံတညီညီ ရှိခိုးကြပြီးမှ ဤဒကာ ဒကာမအပေါင်းတို့က ဘုရားဆွမ်းကပ်ရခြင်း၊ သံဃာတော် အရှင်မြတ်တစ်ထောင်ကျော်တို့အား ဆွမ်းလောင်းလှူရခြင်း၊ သာသနာ့နွယ်ဝင် သီလရှင်တို့အား ဆွမ်းလောင်းလှူရခြင်း၊ ဆွေမျိုး မိတ်သင်္ဂဟတို့အား အစာရေစာ ကျွေးမွေးဧည့်ခံရခြင်း အရပ်ရပ်သော ကုသိုလ် သရဏဂုံသီလနှင့် ပရိတ်တရားတော်ကို နာကြားရခြင်း၊ ကုသိုလ်အဘို့အစု အမျှအတန်းပေးဝေတဲ့အခါ သာဓု သာဓုလို့ ခေါ်ဆိုနိုင်ကြပြီးမှ မိမိတို့စံမြန်းရာ ဘုံဗိမာန် ပြဿဒ်ကြဌာန်းစီသို့ ပြန်လှည့်ကြွသွားတော်မူကြပါလို့ အဓိပ္ပါယ်ပါရှိတဲ့။ ပရိတ်တိုင်း ပရိတ်တိုင်းတို့၏ ပုဗ္ဗကိစ္စ ဒေသနာ နိဒါန်းကအစ ရွတ်ဖတ်ချီးမြှောက် တော်မူကြပါဦးစို့ အရှင်မြတ်တို့ဘုရား။

ဤသို့လျှင် ကြွရောက်တော်မူလာကြတဲ့ သံဃာတော် အရှင်မြတ် တို့က ကမ္ဘာလောကခါတ်ရှိ ပုဂ္ဂိုလ်သတ္တဝါတွေကို လေးစုလေးပုံ ပုံပြီး မေတ္တာဘာဝနာ ပွားများတဲ့နည်း။ ဗုဒ္ဓါနုဿတိ အစရှိသဖြင့် ဟောကြား ထားတဲ့အခါ ရေပြင်မှာနေတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေ အားလုံး မြေပြင်မှာ နေတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေအားလုံး ကောင်းကင်မှာနေတဲ့ ပုဂ္ဂိုလ်သတ္တဝါ အားလုံး ကျန်းမာချမ်းသာကြပါစေ။ ဝဋ္ဋ ဒုက္ခခပ်သိမ်းကင်းငြိမ်းကြပါစေဟု အာရုံထားပြီးတော့။ ဥဒ္ဓံယာဝဘဝဂ္ဂါစ အစချီသော ဖြဟ္မဝိဟာရ

http://www.dhammadownload.com



ဘာဝနာဒေသနာတော်မြတ်ကို ချီမြှောက်တော်မူကြပါဦးစို့ အရှင်မြတ်တို့ဘုရား။

**ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော။**
**သမန္တာ စက္ကဝါဠေသု ယေသတ္တာ ဥဒကေစရာ။**
**အဗျာပဇ္ဇာ နိဝေရာစ နိဒုက္ခာစ နုပဒ္ဒဝါ။**
**ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော။**
**သမန္တာ စက္ကဝါဠေသု ယေသတ္တာ အာကာသေစရာ။**
**အဗျာပဇ္ဇာ နိဝေရာစ နိဒုက္ခာစ နုပဒ္ဒဝါ။**

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတဓရ**

## လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ

**ဟောကြားတော်မူသော**

## (၈၀)ကြိမ်မြောက်လယ်တီဝိပဿနာ

လယ်တီဝိပဿနာ(၇)ရက် တရားစခန်းအကြိမ်(၈၀)မြောက် ဆိုတော့ ပတ္တမြားရတုလို့ခေါ် ရမှာပါ။ တဖြည်းဖြည်းချင်း(၇)ရက် တရားစခန်း ဖွင့်လာခဲ့တာ အကြိမ်(၈၀)ရှိခဲ့ပါပြီ။ ယခုအကြိမ်(၈၀)မြောက် တရားအားထုတ်နေခြင်းပါပဲ။

လူတို့ရဲ့သက်တမ်း(၁၀၀)ကာလမှာ အသက်(၈၀)နေရဖို့ ခက်ပါတယ်။ အလားတူပဲ လောကီခေ ဥစ္စာကလဲပဲ ကုဋေ(၈၀) ကြွယ်ဝတဲ့သူဌေးသား။ ကုဋေ(၈၀)ကြွယ်ဝတဲ့ သူဌေးကြီးလို့ အဆို ရှိခဲ့တယ်။ သူလဲ အင်မတန်ရဖို့ခက်ပါတယ်။ ပြည်နယ်တိုင်းတစ်ခုမှာ တစ်ယောက်၊ တိုင်းပြည်တစ်ပြည်မှာ တစ်ယောက်မျှ ရှိဖို့ခက်ပါတယ်။ ကုဋေဆိုတဲ့ အသုံးအနှုန်းက နည်းလာတော့ သန်းရှစ်ရာသူဌေးပါပဲ။ သန်း(၈၀၀)ဆိုတာလဲ ခက်ပါတယ်။ ဒီထက် ခက်တာကတော့ အကြိမ်(၈၀) တရားစခန်းဖွင့်နိုင်ဖို့ ခက်ပါတယ်။ လယ်တီဝိပဿနာ

http://www.dhammadownload.com



တရားစခန်းဖွင့်လာတဲ့ အကြိမ်(၈၀)အတွင်းမှာ ဘယ်အကြိမ်မှာ တရားအားထုတ်ခဲ့တယ်။ ဘယ်အကြိမ်မှာ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတရားကို အားထုတ်ခဲ့တယ် ဒကာမကြီး ဒေါ်ကျင်ဥတို့ဆိုရင် တော်တော်များများပဲ။ အခြားဒကာမတွေလဲ တရားအားထုတ်တဲ့ အကြိမ်တွေ များနေကြပါပြီ။

ဒကာမကြီး ဒေါ်မြင့်တို့လဲ အသက်(၇၀)ကျော် အားထုတ်တာ အကြိမ်ပေါင်း များနေပါပြီ။ တစ်ကြိမ် တစ်ကြိမ်လျှင် ယောဂီ(၅၀)ပဲ ထားတော့၊ (၁၀)ကြိမ်ဆိုရင် ယောဂီ(၅၀၀)ပါပဲ။ (၈၀)အကြိမ်ဆိုတော့ ယောဂီ (၄၀၀၀)ဦးပါပဲ။ လွန်ခဲ့တဲ့(၉၈)ခုနှစ်ကစပြီး ဖွင့်နိုင်ခဲ့ပါတယ်။ သကြ်န်ကာလတွေရော၊ နံနက်ပိုင်း ရက်ပိုင်းအားထုတ်ကြသူ တွေရော၊ (၇)ရက်တရားစခန်းမှာ အားထုတ်ကြသူတွေပါ ပေါင်းလိုက်ရင် ယောဂီပေါင်း ၈၀၀၀ကျော်၊ ၉၀၀၀ကျော်လောက် ရှိနေပါပြီ။

မြတ်စွာဘုရားရဲ့ သက်တော်(၈၀)အား အကြိမ်(၈၀)မြောက် တရားစခန်းဖွင့်ပြီးတော့ ပူဇော်ပါတယ်။ မြတ်စွာဘုရားရဲ့ လက္ခဏာတော် (၈၀) ဘုရားရခဲ့သလို လက္ခဏာတော်ငယ်(၈၀)ကလဲ ရှားရှားပါးပါးပါပဲ။ မြတ်စွာဘုရားရဲ့ လက္ခဏာတော်ငယ်(၈၀)အား ပူဇော်သောအားဖြင့် အကြိမ်(၈၀)မြောက်မှာ တရားအားထုတ်ပါတယ်။

ဘုန်းကြီးတို့ ကိုယ့်နည်း ကိုယ့်ဟန်လေးနဲ့ ယူပူဇော်ကြရတယ်။ ဘုန်းကြီးတို့ နာဂလိုဏ်ဂူကလေးဝဆရာတော်ဘုရားကြီးက နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်မြတ်ကြီးကို ဉာဏ်တော်အတောင်(၈၀)နဲ့ တည်ထားပြီး မြတ်စွာဘုရားရဲ့ သက်တော်(၈၀)ကို ပူဇော်ခဲ့ပါတယ်။ တစ်နည်းအားဖြင့် မဟာသာဝကကြီး(၈၀)ကို ပူဇော်သောအားဖြင့် အကြိမ်(၈၀) တရားစခန်းမှာ တရားအားထုတ်ပြီး ပူဇော်ပါတယ်။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် အဂ္ဂသာဝကကြီး(၂)ပါး အမှူးထားပြီး မဟာသာဝကကြီး(၈)ကျိပ်တို့အား တရားစခန်းအကြိမ်(၈၀) ဝင်ရောက် အားထုတ်ပြီး ပူဇော်ပါတယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးရဲ့ တပည့်ကြီးဖြစ်တဲ့ ဥပဇ္ဈယ်ဆရာတော်ဘုရားကြီးက မုံရွာမြို့ သပြေပင်တောရကျောင်းတိုက်ထဲမှာ ဗုဒ္ဓဂါယာမှအပြန် ဗောဓိစေ့လေးတွေ ယူလာတာ အများကြီးပါပဲ။ စိုက်ပျိုးတာအိုး(၅၀) စိုက်ပျိုးပါတယ်။ အိုး(၅၀)ထဲမှာ အပင်ပေါက်တာက တစ်ပင်ထဲပေါက်ပါတယ်။ အဲဒီတစ်ပင်ကိုစိုက်ပြီးတော့ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ရောက်တိုင်း ရောက်တိုင်း ညောင်ရေသွန်းပွဲတော် ကျင်းပပြီး သံဃာတော်အပါး (၈၀)တို့အား မြတ်ဘုရားရဲ့ သက်တော်ပမာဏအတိုင်း ပင့်ပြီးတော့ လှူခဲ့ပါတယ်။

ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ သက်တော် (၈၀) ပတ္တမြားရတုမှာတော့ ဘုန်းကြီးတို့ရဲ့ ကျေးဇူးတော်ရှင် ဒီပနီကျမ်းပေါင်းများစွာကို ပြုစုရေးသားတော်မူခဲ့တဲ့ လယ်တီအရှင်မြတ်ကြီးရဲ့ သင်္ဂြိုလ်သံခိပ်ကျမ်းကို မင်းကွန်းဆရာတော်ဘုရားကြီးက အဖြေရေးသားပြီးတော့ ဓမ္မဒါန ပြုခဲ့ပါတယ်။ အဲဒီတော့ ကိုယ့်အာရုံလေးနဲ့ကိုယ် အကြိမ်(၈၀) ဆိုတော့ ပူဇော်မယ်ဆိုရင် ဘုန်းကြီးတို့ မြန်မာနိုင်ငံ ပုဂံသာသနာကို ဦးဆောင်တော်မူခဲ့တဲ့ ရှင်အရဟံမထေရ်မြတ်ကြီးဟာလဲ သက်တော်(၈၀)မှာ ပရိနိဗ္ဗာန် စံတော်မူပါတယ်။ ရှင်အရဟံမထေရ်မြတ်ကြီးရဲ့ သက်တော် (၈၀)အားလဲ ပူဇော်ပါတယ်။ ဒီလိုအာရုံပြုရင်လဲ ရပါတယ်။

ပူဇော်နည်းအမျိုးမျိုးတွေ ရှိတာထဲက ယောဂီသူတော်စင်များက သက်တော်(၈၀) ပမာဏနေပြီးတော့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသွားတော်မူတဲ့ ဗုဒ္ဓဘုရားအား ပူဇော်နေကြခြင်းဖြစ်ပါတယ်။ အဲဒီလို သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါ ကာလအတွင်းမှာ ကြည်ညိုမယ်ဆိုရင်-

http://www.dhammadownload.com



**အကျိုးစီးပွား**

**စရံ ယော ယဒိဝါတိဋ္ဌံ၊ နိသိန္နော ဥဒဝါ သယံ။**
**နိဗ္ဗာယံ ဓာတုဘာဝေန၊ ဟိတံ သတ္တာနမာစရေ။**

စရံဝါ= သံဃာတော်များ ရှေ့တော်ဖျားက ကြွသွားထို၍ စက်တော်ချီလျှက်လည်းကောင်း၊ သတ္တာနံ= သတ္တဝါအပေါင်းတို့၏၊ ဟိတံ= အကျိုးစီးပွားကို၊ အာစရေ= ပြုကျင့်တော်မူခဲ့ပါပေ၏။

သက်တော်(၈၀)အတွင်းမှာ သံဃာတော်များရဲ့ ရှေ့ဖျားက ကြွသွားတော်မူပါသော်လဲ သူသူငါငါ တို့တတွေရဲ့ အကျိုးစီးပွား များကြောင်းကို ပြုကျင့်တော်မူတယ်။ ယဒိဝါတိဋ္ဌံ= မကြွမသွား ရွှေတောင်အလားသို့ မားမားမတ်မတ် ရပ်တည်တော်မူလျှက်လည်း ဟိုဟိုဒီဒီ မကြွချီပဲ ရွှေတောင်ကြီးလို ရပ်တည်တော်မူသော်လဲ သတ္တဝါ တို့ရဲ့ အကျိုးစီးပွား များကြောင်းကို ပြုကျင့်တော်မူတယ်။ နိသန္နောဝါ= ပရိသတ်အလယ် ရောင်(၆)သွယ်ဖြင့် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော် မူလျှက် ပရိသတ်အလယ်မှာ ညိုရွှေဖြူနီ မောင်းရည်ပြိုးပြက် တစ်ခဲနက် အား (၆)ပါးသောအဆင်းရှိတဲ့ ရောင်ခြည်တော်တွေနဲ့ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော် မူတဲ့အခါမှာလဲ သတ္တဝါတို့ရဲ့ အကျိုးစီးပွားများကြောင်း ကိုသာ ပြုကျင့်တော် မူတယ်။ ဥဒဝါသယံ= အမေးပုစ္ဆာ ဖြေရှင်းကာဖြင့် ညဥ့်ခါကျောင်းပေါ် လျောင်းတော်မူလျှက်လည်း နတ်ပြဟ္မာအပေါင်း တို့အား အမေးပုစ္ဆာ ပြဿနာတွေကို ဖြေရှင်းတော်မူလျှက် ညဥ့်ဦးပိုင်းက နေပြီး ညဥ့်နက်ပိုင်း ထိအောင်ပါ။ အဲဒီလို အမေးပုစ္ဆာတွေကို ဖြေရှင်း တော်မူတဲ့ အခါမှာလဲ သတ္တဝါတို့အကျိုးစီးပွားကို ဆောင်တော်မူပါတယ်။

နိဗ္ဗာယံ ဝါ လေးဆယ့်ငါး သက်တော်အားဖြင့် ကြီးမားလေဘိ (၈၀)ပြည့်၍ ပရိနိဗ္ဗာန်ဝင်စံကာနီး အခါတိုင်အောင်၊ ဓာတုဘာဝေန= နောင်ခါခေတ် ကိုးကွယ်ရစ်ဖို့ အနှစ်အမွေ ဓာတ်တော်အနေအားဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူမယ်။ ဝါ(၄၅)သက်တော်အားဖြင့် (၈၀)ပမာဏ အခါကာလမှာလဲ နောင်ခါခေတ် ကိုးကွယ်ရစ်ဖို့ အမွေအနှစ်အဖြစ်နဲ့

http://www.dhammadownload.com



ဓာတ်တော်တွေ ကြွင်းကျန်ရစ်ပစေဟု အဓိဋ္ဌာန်ဖြင့် ထားတော်မူခဲ့ပါတယ်။ ဓာတ်တော် မွေတော်တွေ သတ္တဝါတွေအကျိုးငှာ ဓာတုပရိနိဗ္ဗာန် မစံမချင်း တည်ရစ်ပစေလို့ ထားပြီးတော့၊ နိဗ္ဗာယံ= ဝါ (၄၅)သက်တော်အားဖြင့် ကြီးမားလေဘိ (၈၀)ပြည့်၍ ပရိနိဗ္ဗာန် ဝင်စံကာနီး အခါတိုင်အောင်၊ ဓာတုဘာဝေန= နောင်ခါခေတ် ကိုးကွယ် ရစ်ဖို့ အနှစ်အမွေ ဓာတ်တော်အနေအားဖြင့်၊ သတ္တာနံ= တို့သူများစွာ သတ္တဝါတို့၏၊ ဟိတံ= လူနတ်နိဗ္ဗာန် သုံးတန်ရောက်ကြောင်း ကောင်းမြတ်သောအကျိုးစီးပွားကို၊ အာစရေ= ကောင်းစွာမသွေ ပြုကျင့်တော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓု

**အရှင်ပေါဋ္ဌိလထေရ်**

ယမန်နေ့က အကြိမ်(၈၀)မြောက်ဖွင့်ပွဲမှာ လာဖွင့်ဖို့ပါပဲ။ ဆံတော်ရှင်သာသနာပြု ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးက ကျန်းမာရေး နည်းနေတယ်။ သူရဲ့ သာသနာဖွံ့ဖြိုးရေးနယ်မြေမှာ သိမ်သမုတ်ခြင်း အစရှိတဲ့ပွဲတွေ၊ ယနေ့ ဆွမ်းဒကာဖြစ်တဲ့ အဲရိုးမိသားစုများကလဲ အဲဒီနယ်မြေမှာရှိတဲ့ မူလတန်း၊ အလယ်တန်း ကျောင်းသားများအတွက် စာအုပ်လှူဒါန်းဖို့ကလဲ ရှိနေတော့ ကျိုက်ထီးဆောင်းဆံတော်ရှင်၊ ဇင်းကျိုက်ဆံတော်ရှင် ရောက်သွားတယ်။ ပထမညဥ့်က ကျိုက်ထီးဆောင်းကို ည(၁၂)နာရီ ရောက်သွားတယ်။ ပဋ္ဌာန်းပွဲ ကျင်းပပြီးတော့ နေကြတယ်။ (၁၂) နာရီဆိုတော့ နားရမှာပဲလို့ထင်နေတာ တရားနာနေတဲ့ ပရိသတ်က (၅၀၀)လောက် ရှိနေတယ်။ အဲဒီ ပရိသတ်ကို တရားဟောပါအုံးဆိုတော့ တရားပွဲက ည(၁၂)နာရီမှ စရတယ်။ (၂)နာရီအထိ ဟောရပါတယ်။

မနက်ကျတော့ အဲဒီ ကုမ္ပဏီမိသားစုတို့ရဲ့ စာအုပ်လှူဒါန်းပွဲ တရားတစ်ကြိမ် ဟောပြီးတော့ ကေလာသဆံတော်ရှင်၊ မြသပိတ်ဆံတော်ရှင်၊ ဇင်းကျိုက်ဆံတော်ရှင်တွေ သွားရောက်ဖူးမျှော်ပြီးမှ

http://www.dhammadownload.com



မနေ့ညက (၁၂)နာရီရောက်ပါတယ်။ ဒီနေ့ မနေ့ညကအစား ဟောတာပါပဲ။ (၈၀)ကြိမ်မြောက်မှာ ဘုန်းကြီးတို့ ယောဂီသူတော်စင်များ အကြိမ်(၈၀) တိုင်အောင် တရားစခန်းတွေ ဖွင့်ခဲ့ရလို့ ကျေနပ်စရာ ကောင်းတယ်ဆိုတဲ့ အကြောင်းလေး ပြောချင်တာပါပဲ။ အခုလို တရား အားထုတ်နေတာနဲ့ ပတ်သက်လို့ **"သာသနာတော်ရဲ့ အမြစ်ဆိုတာက ဘာလဲဆိုတော့ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ သာသနာတော်ရဲ့ အနှစ်က ဘာလဲ ဆိုတော့ သီလ၊ သမာဓိ၊ ပညာ သိက္ခာ(၃)ပါး ကျင့်စဉ်တရားတွေပါပဲ"**။

ယနေ့ ယောဂီသူတော်စင်များ အကြိမ်(၈၀)မြောက် ဝိပဿနာ တရားစခန်းမှာ အားထုတ်နေခြင်းဟာ မြတ်စွာဘုရား သာသနာတော်ရဲ့ အနှစ်သာရကို သုံးစွဲနေခြင်းပါပဲ။ ဘုန်းကြီးတို့ မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်အခါက ပိဋကတ်သုံးပုံဆောင် အရှင်ပေါဋ္ဌိလမထေရ် မြတ်ကြီးဆိုတာ ကြားဖူးနေကြတာပဲ။ ပိဋကတ်သုံးပုံဆောင် သံဃာတော် (၅၀၀) စာချပေးနေတဲ့ ဆရာတော်ကြီး ဘုန်းကြီးတို့ကျောင်းတိုက်မှာ သံဃာ(၁၀၀၀) ရှိတော့၊ သံဃာ(၁၀၀၀)စာချပေးနေသလိုပါပဲ။

အဲဒီအချိန်က ပေါဋ္ဌိလမထေရ်မြတ်ကြီးက ပိဋကတ်သုံးပုံဆောင် ကြီးဖြစ်၊ သံဃာတော် (၅၀၀)ကို စာချပေးနေတယ်။ ပေါဋ္ဌိလမထေရ်မြတ် ကြီးဟာ သံဃာတော်ငါးရာစာချပေးနေတဲ့ ပုဂ္ဂိုလ်ကြီးတော့ မှန်တယ်။ ဒါပေမဲ့ တစ်နေ့မှာ မြတ်စွာဘုရားက ပေါဋ္ဌိလမထေရ်ကြီးကို "တုစ္ဆ"လို့ ခေါ်တော်မူတယ်။ တုစ္ဆပေါဋ္ဌိလ မဂ်ဖိုလ်မမှီး အချီးနှီးဖြစ်သော ပေါဋ္ဌိလ၊ မဂ်ဖိုလ်ကင်းကွာ ဘာဝနာမမှီး အချည်းနှီးဖြစ်တဲ့ ပုဂ္ဂိုလ်ကို "တုစ္ဆ"လို့ ခေါ်တယ်။ ပေါဋ္ဌိလမထေရ်ကြီးကို တုစ္ဆပေါဋ္ဌိလဆိုတဲ့ စကားလုံးနဲ့ ခြောက်လှန့်လိုက်တာပါပဲ။ ပေါဋ္ဌိလ သင်ဟာ မဂ်ဖိုလ်ကင်းကွာ ဘာဝနာ မမှီး အချည်းနှီးသော ယောကျ်ားပဲ။ ရင့်ရင့်သီးသီး ဘာသာပြန်ရင်တော့ အလကားယောကျ်ားပဲ။ အဲဒီတော့ တုစ္ဆဆိုတဲ့စကားဟာ အချည်းနှီး ဘာမှအနှစ်သာရ မရှိဘူးတဲ့။ ပိဋကတ်တော်တွေကို ပို့ချနေတာပဲ။ အဲဒါကို

http://www.dhammadownload.com



မြတ်စွာဘုရားက အားမရသေးဘူး၊ ကျေနပ်တော်မမူသေးဘူး။ မြတ်စွာဘုရားက တုစ္ဆပေါဋ္ဌိလလို့ စကား တော်နဲ့ နှိပ်ကွပ်လိုက်တဲ့အခါ ပေါဋ္ဌိလမထေရ်ကြီး သတိသံဝေဂ ရသွားတယ်။ "သံဝေဂဆိုတာ သဟောတ္တပ္ပဉာဏ်၊ သဟောတပ္ပဉာဏ်ဆိုတာ ကြောက်လန့်ခြင်း ရှိတဲ့ဉာဏ်"။

**တောင်ပို့**

ဩော်- မြတ်စွာဘုရားက ငါ့ကိုတုစ္ဆတဲ့။ မင်္ဂဖိုလ်မမှီး အချည်း နှီးသော ယောကျ်ားတဲ့။ မှန်တာပဲလို့ သတိသံဝေဂရပြီး ရဟန္တာ သာမဏေလေးတစ်ပါးထံ ချဉ်းကပ်ပြီးတော့ "ငါ့ရှင် ငါ့အား တရား ကမ္မဋ္ဌာန်း ပေးစမ်းပါ"လို့ တောင်းပန်ရှာတယ်။ (၇)နှစ်သား ရဟန္တာ သာမဏေက ပေါဋ္ဌိလမထေရ်အား ဥပမာပြုပြီး တရားပေးပါတယ်။ အရှင်မြတ်ဘုရား တောင်ပို့ကြီးတစ်ခုဟာ ဂယ်ပေါက် (၆)ပေါက်ရှိတယ်။ အထဲထဲဝင်နေတဲ့ ဖွတ်တကောင်ကို ဖမ်းချင်ရင် ဘယ်လိုဖမ်းမလဲ။ ဂယ်ပေါက် (၆)ပေါက်လုံးကိုဖွင့်ပြီး ဖမ်းရင် ဘယ်လိုမှ မမိနိုင်ပါဘူး။ ဂယ်ပေါက်(၅)ပေါက်ကို ပိတ်ပြီး တစ်ပေါက်ထဲက စောင့်ဖမ်းရင် တောင်ပို့ထဲဝင်နေတဲ့ဖွတ်ကို လွယ်လင့်တကူ ဖမ်းနိုင် သလိုပါပဲ ဘုရား။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ခန္ဓာကိုယ်ရဲ့ တံခါးပေါက်(၅)ပေါက်ကို ပိတ်ပြီး မနောဆိုတဲ့ အပေါက်ကထွက်လာတဲ့ ဖွတ်နဲ့တူတဲ့ ရုပ်တရား, နာမ်တရားတွေကို တစ်နည်းအားဖြင့် ဖေါက်ပြန်မှု သဘော(ရုပ်)နဲ့ သိသဘော(နာမ်)တို့ရဲ့ ဖြစ်ပျက်အစဉ်ကို သမာဓိထူထောင်ကာ ဉာဏ်နဲ့မမြဲပါလားလို့ သိပြီး အနိစ္စလို့ လက္ခဏာတင်ရှု ပွားခြင်းဖြင့် အမှန်တကယ် မိနိုင်ပါတယ်ဘုရားဟု လျှောက်ထားတရားပေးလိုက် ပါတယ်။

အဲဒီလို နည်းပေးသောအားဖြင့် တရားပေးလျှောက်ထားလိုက် တဲ့အခါ ပေါဋ္ဌိလမထေရ်ကြီးက တတ်သိနားလည်ပြီးသားကိုး။

http://www.dhammadownload.com



သံဃာတော်(၅၀၀) စာချနေတာဆိုတော့ ဉာဏ်တော်ကကြီးနေပြီးသား။ အင်မတန်ကြီးမြတ်တဲ့ ပရိယတ္တိဂုဏ်က ရှိပြီးသားဆိုတော့ ချက်ခြင်း သဘောပေါက်သွားတယ်။ အဲဒီလို ချက်ခြင်းသဘောပေါက်တိုင်း တရားအားထုတ်တယ်။ တရားအားထုတ်တဲ့အခါ မြတ်စွာဘုရားက ဂါထာတစ်ဂါထာ ဟောတယ်။ ဒီအကျိုးအကြောင်းနဲ့ ပတ်သက်ပြီးတော့-

**ကွာခြားချက်**

**ယောဂါဝေ ဇာယတီဘူရိ၊ အယောဂါဘူရိ သင်္ခယော။**
**ဧတံ ဒွေဓာပထံဉတွာ၊ ဘဝါယ ဝိဘဝါယစ။**
**တထာအတ္တာနံ နိဝေသေယျ၊ ယထာဘူရိ ပဝဍ္ဎတိ။**

ယောဂါ= အားထုတ်ကြိုးစားခြင်းကြောင့်၊ ဘူရိ= ပညာသည်၊ ဝေ= စင်စစ်ဧကန် အမှန်အားဖြင့်၊ ဇာယတိ= ဖြစ်ရလေ၏။ တရားအားထုတ်မယ်ဆိုရင် ပညာတိုးပွားပါတယ်။ အယောဂါ= တရားအားမထုတ်ခြင်းကြောင့်၊ ဘူရိ= ပညာသည်၊ သင်္ခယော= ကုန်ခမ်းခြင်းသည်၊ ဟောတိ= မုချမသွေ ဖြစ်ရလေ၏။ တရားအားမထုတ်ရင် ဉာဏ်ပညာဟာ ထုံထိုင်းဖျင်းအပြီးတော့ သွားနိုင်တယ်။ ဘဝါယ= ဓသိဉာဏ်ပညာဓာတ်, ဝိပဿနာဉာဏ်ပညာဓာတ် တိုးပွားခြင်း၏ လည်းကောင်း၊ ဝိဘဝါယ= ဝိပဿနာဉာဏ်ပညာ ဆုတ်ယုတ်ခြင်း၏ လည်းကောင်း၊ ဧတံ ဒွေဓာပထံ= ဤလမ်းသွယ်နှစ်သွယ်ကို၊ ဉတွာ= သိပြီး၍၊ ဝိပဿနာ တိုးပွားမယ့်လမ်းသွယ်၊ ဆုတ်ယုတ်မယ့် လမ်းသွယ် နှစ်သွယ်ကို သိပြီးတော့၊ ယထာ= အကြင် အခြင်းအရာအားဖြင့်၊ ဘူရိ= ပညာသည်၊ ပဝဍ္ဎတိ= တိုးတက်၏။ တထာ= ထိုအခြင်းအရာအားဖြင့်၊ အတ္တာနံ= မိမိကိုယ်ကို၊ အတ္တာနံ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူ ဆို့ပိတ် မိမိစိတ်ကို၊ နိဝေသေယျ= ဘာဝနာကမ္မဋ္ဌာန်း အာရုံ၌ တည်အောင် မြှပ်နှံထားရာသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ဩော်- မြတ်စွာဘုရားက ပေါဋ္ဌိလမထေရ်ကြီးကို အကြောင်းပြုပြီးတော့ တရားအားထုတ်ရင် ဝိပဿနာဉာဏ်ပညာတွေ တိုးတက်တယ်။ အားမထုတ်ရင် ဝိပဿနာဉာဏ်ပညာတွေ ဆုတ်ယုတ်တယ်။ တိုးတက်မယ့်လမ်းနဲ့ ဆုတ်ယုတ်မယ့် လမ်းနှစ်သွယ်ကို သိပြီးတော့ မိမိရဲ့စိတ်ကို ဘာဝနာကမ္မဋ္ဌာန်း အာရုံမှာထားကြပါလို့ မြတ်စွာဘုရားက မိန့်တော်မူတာ။ ဝိပဿနာဉာဏ်ပညာ တိုးပွားအောင် အားထုတ်လိုက်တဲ့အခါ ပေါဋ္ဌိလအရှင်မြတ်ကြီး ရဟန္တာဖြစ်သွားပါတယ်။ လမ်းကတော့ ရွေးကြရမှာကိုး။ အလုပ်မလုပ်လို အပျင်းပိုတဲ့လမ်းရယ်၊ အလုပ်လုပ်တဲ့လမ်းရယ်၊

## ကြိုက်ရာရွေး လမ်းနှစ်သွယ်

တရားအားထုတ်တဲ့လမ်းရယ်၊ တရားအားမထုတ်တဲ့လမ်းရယ်လို့ လမ်းနှစ်သွယ် ကြိုက်ရာရွေးကြရမယ်။ အဲဒီလို ရွေးကြတဲ့အခါ-

**"ဒုက္ခံ ဘိက္ခဝေ ကုသီတောဝိဟရတိ"၊**

ဘိက္ခဝေ= ရဟန်းတို့၊ ကုသီတော= မလုပ်မလုပ်လို အပျင်းပိုသော ရဟန်းသည်၊ ဒုက္ခံ= ဆင်းရဲစွာ၊ ဝိဟရတိ= နေရ၏။

ရဟန်းတို့ ပျင်းတဲ့ပုဂ္ဂိုလ်များဟာ ဆင်းဆင်းရဲရဲ နေရတတ်တယ်။ လောကကြောင်းနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ဓမ္မကြောင်းနဲ့ပဲ ပတ်သက်လို့ပဲ ဖြစ်ဖြစ် ပျင်းရိတဲ့သူ ပျင်းရိတဲ့ပုဂ္ဂိုလ်ဟာ ဆင်းဆင်းရဲရဲ နေရတတ်တယ်။ လောကကြောင်းနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ဓမ္မကြောင်းနဲ့ပဲဖြစ်ဖြစ် ပျင်းရိတဲ့သူဟာပုဂ္ဂိုလ်ဟာ ဆင်းဆင်းရဲရဲနေရတယ် ဆိုတာနဲ့ ပတ်သက်ပြီး အဋ္ဌကထာဆရာကြီးတွေက ဘာဖွင့်သလဲဆိုတော့ အလုပ်မလုပ်လို အပျင်းပိုလှ လူ့ဗလကား (တရားအားမထုတ်လို အပျင်းပိုတဲ့ ရဟန်းရှင်များအား) ခြောက်ဝမလုံ"။ (တံခါးခြောက်ပေါက်လဲ မလုံဘူးတဲ့။) မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တံခါးခြောက်ခု တရားအားမထုတ်ဖူးဆိုရင် မလုံဘူးတဲ့။

http://www.dhammadownload.com



ယခုအကြိမ်(၈၀)မြောက် တရားအားထုတ်နေကြတဲ့ ယောဂီများ အထူးသဖြင့် စိတ်ကိုလုံခြုံအောင် ထွက်လေဝင်လေ ရှုမှတ်ခြင်းကစပြီး ထိန်းသိမ်းနေကြရတော့ တံခါးခြောက်ပေါက်လုံး လုံခြုံနေကြပါတယ်။ "ခြောက်ဝမလုံ" တရားအားမထုတ်ရင်တော့ တံခါးခြောက်ပေါက် ဟင်းလင်းပွင့်ပြီးတော့နေတာ တံခါးမလုံမှတော့ သူခိုးက ဝင်ချင်ဝင်မယ်။ ရန်သူမျိုးစုံ ဝင်ကြမယ်။ "ကံလုံးစုံပျက်" တံခါးမလုံမှတော့ ကာယကံ၊ ဝစီကံ၊ မနောကံ အားလုံးဟာ ပျက်စီးနေတော့တာပဲ။ အသက်မွေးဝမ်းကြောင်းလဲ ပျက်ပါတယ်။ မျက်စိထဲမှာ သဲဝင်သလိုပဲတဲ့ သူတော်ကောင်းတို့ရဲ့ စိတ်ထဲမှာ အလုပ်မလုပ်လို အပျင်းပိုနေတဲ့ ပုဂ္ဂိုလ်ဟာ တံခါးကမလုံ ကံကပျက်၊ အသက်မွေးဝမ်းကျောင်းလဲ ပျက်တာမို့ သူတော်ကောင်းတို့ရဲ့ မျက်စိထဲ သဲဝင်သလိုပဲတဲ့။

"ဗုဒ္ဓသာသနာ မပြုရာနှင့်"၊ ဘုရားသာသနာလဲ ပြုရာမရောက်ဘူး။ "အခွင့်ကောင်းချော်" အခွင့်ကောင်းနဲ့လဲ ချွတ်ချော်နေတယ်။ "ရည်မျှော်လျှဒါန်း ဆွမ်းအကျိုးကင်း" အကျိုးမျှော်ပြီး ဆွမ်းလှူကြသူများလဲ အကျိုးကင်းတယ်။

## ဟပ်ချိုး ဆိတ်ဖွား

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များနဲ့ ပတ်သက်ပြီး တစ်ချိန်က မြတ်စွာဘုရား ဓမ္မသဘင်မှာ တရားဟောရင်းနဲ့ ဟပ်ချိုးလို့ ချေလိုက်တာ ဘုန်းကြီးတို့ မြန်မာတွေက "ဟပ်ချိုး- အသက်တစ်ရာ အနာမရှိ ပြောကြသလိုပဲ"။ မြတ်စွာဘုရားက ဟပ်ချိုးလို့ ချေလိုက်တော့ မိထွေးတော် ဂေါတမီထေရ်မကြီးက-

**စိရံဇီဝ မဟာဝီရ၊ ကပ္ပံတိဋ္ဌ မဟာမုနိ၊**

မဟာဝီရ= မကြောက်မရွံ့ နောက်မတွန့်ပဲ ရဲဝံ့ကြီးမား လုံ့လများတော်မူသော အို မြတ်စွာဘုရား၊ စိရံဇီဝ= ကြာရှည်စွာ အသက်ရှည်တော်မူပါစေ။ ဟပ်ချိုးဆိတ်ဖွား အသက်တစ်ရာ အနာမရှိ ပြောသလိုပါပဲ၊

http://www.dhammadownload.com



မိထွေးတော်ဂေါတမီက အသက်ရာကျော်ရှည်ပါစေ ဘုရား။ ကပ္ပံတိဌ မဟာမုနိ= မုနိငါးပါးတို့ ထက်မြက်တော်မူသော အိုမြတ်စွာဘုရား၊ တစ်ကမ္ဘာပတ်လုံး တည်တော်မူပါဘုရား။ အာယုကပ်လုံး တည်တော်မူပါ ဘုရား။ အသက်တစ်ရာ့နှစ်ဆယ် ရှည်စေသော်လို့ ဆုတောင်းကြသလို ပါပဲ။ မြတ်စွာဘုရားက "ဟပ်ချိုး"လို့ ချေလိုက်တဲ့အခါ မိထွေးတော် ဂေါတမီက လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက လက်မခံဘူး။ လက်ခံတော်မမူပဲ-

**အာရဒ္ဓဝီရိယေ ပဟိတတ္တေ၊ နိစ္စံ ဒဠှ ပရက္ကမေ။**
**သမဂ္ဂေသာဝကေ ပဿ၊ ဧတံ ဗုဒ္ဓါန ဝန္ဒနာ။**

မိထွေးတော် ငါဘုရားကို အသက်ရာကျော် ရှည်ပါစေလို့ ဆုတောင်းတာတို့၊ ရှိခိုးတာတို့ ငါလက်မခံနိုင်ဘူး။ အဲဒီလို ရှိမခိုးရဘူး။ အာရဒ္ဓဝီရိယေ= အားထုတ်ကြိုးစားနေကြကုန်သော၊ ပဟိတတ္တေ= နိဗ္ဗာန်သို့ စေလွှတ်သောစိတ် ရှိကြကုန်သော၊ ပဟိတတ္တေ= ကိုယ်နှင့် အသက်မငဲ့ကွက်ပဲ ရက်စက်မိဌာန် စိတ်အကြံနှင့် နိဗ္ဗာန်သို့ စေလွှတ် အပ်သော စိတ်ရှိကြကုန်သော နိစ္စံအမြဲ၊ ဒဠှပရက္ကမေ= မြဲမြဲမြံမြံ ဖွဲသန်သန်နဲ့ အားထုတ်နေကြကုန်သော၊ သမဂ္ဂေ= ညီညွတ်ကြကုန်သော၊ သာဝကေ= တပည့်သားသာဝက ဖြစ်တော်မူကြကုန်သော သံဃာတော် တို့ကို (ယောဂီ သူတော်စင်တို့ကို)၊ ပဿ= ရှုတော်မူပါဘုရား၊ အားထုတ် ကြိုးစားနေကြတဲ့ ယောဂီတွေကို အရှင်ဘုရား ကြည့်တော်မူပါ။ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက်မိဌာန် စိတ်အကြံနဲ့ နိဗ္ဗာန်ကို စေလွှတ်ပြီး အားထုတ် နေကြတဲ့ ယောဂီတွေကို ကြည့်တော်မူပါလို့ အဲဒီလိုပြောရမှာပါ။ "ဟပ်ချိုး"ဆိုရင် အားထုတ်ကြိုးစားနေကြတဲ့ အရှင်မြတ်များ ယောဂီများကို အရှင်ဘုရားကြည့်တော်မူပါလို့ ပြောပါတဲ့။ "ဧတံ ဗုဒ္ဓါန ဝန္ဒနာ" အားထုတ်ကြိုးစား နေကြကုန်သော အရှင်မြတ် တို့အား ယောဂီသူတော်စင်တို့အား ကြည့်တော်မူပါ၊ ရှုတော်မူပါဟု လျှောက်ထားခြင်းသည် ငါဘုရားအား ရှိခိုးသည်မည်ပါတယ်လို့

http://www.dhammadownload.com



မိန့်တော်မူပါတယ်။

အားထုတ်ကြိုးစားသူတွေကို ကြည့်ရှုစောင့်ရှောက်တော်မူပါဟု လျှောက်ခြင်းဟာ ဘုရားရှင်တို့ကို ရှိခိုးတာပဲ။ ယမန်နေ့ကပြီးတော့ အားထုတ်ကြိုးစားကြတာ တစ်နာရီ တစ်နာရီနဲ့ အားထုတ်လာတာ တစ်နေ့(၁၀)နာရီ အားထုတ်ရတာ။ ဒကာကြီးတို့ လှူဒါန်းတဲ့ဆွမ်းဟာ အင်မတန်တန်ဘိုး ကြီးပါတယ်။ ဘာကြောင့်လဲ စောစောက မြတ်စွာဘုရားကို အသက်ရာကျော်ရှည်ပါစေလို့ မိထွေးတော်ဂေါတမီ ဆုတောင်းတယ်။ သူကတော့ အသက်ရှည်စေချင်တာပေါ့။ ဒါဟာ မြတ်စွာဘုရားရဲ့ သဘောကျ မဟုတ်သေးဘူးတဲ့။ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပွားများနေကြတဲ့ အရှင်မြတ်ယောဂီများကို ကြည့်တော်မူပါ၊ ရှုတော်မူပါလို့ လျှောက်ထားခြင်းသာလျှင် မြတ်စွာဘုရားကို ရှိခိုးခြင်းမည်တယ်တဲ့။

အားထုတ်ကြိုးစားနေကြတဲ့ ပုဂ္ဂိုလ်များ ဗုဒ္ဓုပ္ပါဒေါ= ဘုရားဖြစ်ခြင်းသည်၊ သဖလော= အကျိုးရှိပါ၏။ သဥဒယော= ကြီးပွားတိုးတက်ခြင်း ရှိပါ၏။ အားထုတ်ကြိုးစားတဲ့ ပုဂ္ဂိုလ်အား ဘုရားပွင့်တာလဲ သူ့အတွက်ပွင့်တာပဲ။ မြတ်စွာဘုရား (၄၅)ဝါ တရားဟောခြင်းဟာလဲ သူ့အတွက် အကျိုးများပါတယ်။ သံဃာတော်များ ကြိုးစားအားထုတ်ခြင်းသည်၊ သဖလ= အကျိုးရှိပါ၏။ သဥဒယ= ကြီးပွားတိုးတက်ပါ၏။

ကြိုးစားတဲ့ပုဂ္ဂိုလ်များနဲ့ ပတ်သက်ပြီးတော့ "အားထုတ်ကြိုးစားယောဂီများအား ခြောက်ပါးတံခါး လုံခြုံငြား၍ သုံးပါးစင်ကြယ် သက်မွေးဖွယ်ကောင်း သူကောင်းမျက်စေ့ အေးချမ်းတွေ့၍ မြတ်ရွှေစိတ်တော်ရွှင်ပျော်စေသည် ရည်မျှော်လှူဒါန်း ဆွမ်းအကျိုးရ ကြိုးစားရ ဘဝတက်လမ်းတည်း"။ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း ကြိုးစားတဲ့ ပုဂ္ဂိုလ်များဟာ တံခါးခြောက်ပေါက်ကလဲလုံး တစ်ကမ္ဘာလုံး မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဒီတံခါးပေါက်တွေ မလုံခြုံလို့ခက်နေတယ်။ အခုယောဂီများ တံခါး(၅)ပေါက်ပိတ်ပြီး တစ်ပေါက်ထဲ ဖွင့်ထားရတာ။

http://www.dhammadownload.com



တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်များကတော့ တံခါးဖွင့်ဝါဒ ကျင့်သုံးတာ။ ရုပါရုံအဆင်း လာချင်သလောက်လာ မျက်စိနဲ့ မဆန့်ဘူး ဆိုတာ မရှိဘူး။ ယောဂီများရဲ့တံခါးက လုံခြုံပြီးတော့နေတာ။ အားထုတ် ကြိုးစား ယောဂီများကား ခြောက်ပါးတံခါး လုံခြုံကြ၍ သုံးပါးစင်ကြယ် (ကာယကံ၊ ဝစီကံ၊ မနောကံ စင်ကြယ်နေတယ်။) ကမ္မာမှာ ဒီသုံးပါးနဲ့ပဲ အလုပ်လုပ်နေတယ်။ သက်မွေးဖွယ်ကောင်း (ဆွမ်းအလှူရှင်များ လှူတဲ့ဆွမ်းကို ဆင်ခြင်ပြီးစားတယ်။) သူကောင်းမျက်စေ့ အေးချမ်း တွေ၍ (သူတော်ကောင်းတို့ရဲ့ မျက်စိထဲမှာ မျက်စဉ်းအေးအေးလေး ခပ်ထားရ သလိုပဲတဲ့ မြတ်စွာဘုရားရဲ့ စိတ်မှာ ရွှင်ပြီးတော့နေမယ်။) ယောဂီတို့ ကြိုးစားနေတာကို ဘုရားကိုယ်စား ရုပ်ပွားတော်က အဂ္ဂသာဝက အရှင်မြတ်ကြီးတွေက ကျေနပ်တော်မူနေမှာပဲ တရား များများ မြင်လေပိုကျေနပ်လေးပဲပေါ့။ မိမိတို့ တရားအားထုတ်ပြီးတော့ မြတ်စွာဘုရားကို မျက်စဉ်းအေးအေးလေး ခပ်ပေးတာပဲ။ မြတ်ရွှေ စိတ်တော် ရွှင်ပျော်စေ သည်၊ (တရားအားထုတ် ကြိုးစားနေခြင်းဟာ မြတ်စွာဘုရားရဲ့ စိတ်တော်၊ သူတော်ကောင်းတို့ရဲ့ စိတ်တော်ကို ပိုပြီးတော့ ကျေနပ်စေပါတယ်။ ရည်မျှော်လှူဒါန်း ဆွမ်းအကျိုးရ ဆွမ်းအကျိုး တရားတွေ အလိုအလျောက် ပြည့်ပြည့်ဝဝ ရနိုင်ပါတယ်။ အားထုတ် ကြိုးစားတဲ့ပုဂ္ဂိုလ်များ ရသင့် ရထိုက်တဲ့ အခွင့်အလမ်းများ၊ အဋ္ဌကထာ ဆရာဖွင့်ထားတာနဲ့အညီ လင်္ကာလေးနဲ့ ဂါထာရွတ်ပြီးတော့ပဲ တရားနိဂုံးချုပ်ကြ ရအောင်။ အားထုတ်ကြိုးစား ယောဂီများကား ခြောက်ပါးတံခါး လုံခြုံညား၍ သုံးပါးစင်ကြယ် သက်မွေးဖွယ်ကောင်း သူကောင်းမျက်စေ့ အေးချမ်းတွေ့၍ မြတ်ရွှေ့စိတ်တော် ရွှင်ပျော်စေသည့် ရည်မျှော်လှူဒါန်း ဆွမ်းအကျိုးရ ကြိုးစားရဘဝတက်လမ်းတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ သာသနာနှစ် ၂၅၄၈၊ ကောဇာသက္ကရာဇ်(၁၃၆၆)ခု ပြာသိုလ်လပြည့်ကျော်(၂)ရက်၊ အကြိမ်(၈၀)မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကျင်းပကြွပွားများ အားထုတ်ကြကုန်သော ယောဂီ အပေါင်း သူတော်ကောင်းတို့အား တရားဓမ္မများ ဟောကြားမှာ ဖြစ်ပါတယ်။

## အသက် (၆၀)

ကျေးဇူးတော်ရှင် ကမ္ဘာကျော်ပထမလယ်တီ ဆရာတော် ဘုရားကြီး သက်တော်(၆၀) ရောက်တဲ့အခါမှာ အခြားအခြား ရဟန်းရှင် လူများက ရှေးကလိုပဲ ငယ်ငယ်တုံးကလိုပဲ နိရုတ္တိဒီပနီကျမ်း၊ ပရမတ္ထဒီပနီဋီကာတို့လို ကြီးကျယ်ခမ်းနားတဲ့ ကျမ်းကြီးတွေ ရေးသားဖို့ လျှောက်ထားကြတယ်။ အဲဒီလို လျှောက်ထားတဲ့အခါမှာ ရှေးကလို မဟုတ်ဘူးတဲ့။ အသက်(၆၀)ရောက်ပြီဆိုတော့ မညီညွတ်တဲ့ ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ်၊ ဓာတ်တွေဟာ အင်မတန်ဖေါက်ပြန် လွယ်တယ်။ ရောဂါတစ်ခုခု စွဲကပ်မိပြီဆိုရင် တော်တော်နဲ့ မပျောက် နိုင်ဘူး။

## အသက်တစ်ရာနှင့်တစ်ရက်

ဒါကြောင့် ယခုအခါမှာ ကြီးကျယ်ခမ်းနားတဲ့ ကျမ်းတွေပြုစုဖို့ အာရုံမထားတော့ပဲ။ သံကိစ္စသာမဏေ ခါဏုကောဏ္ဍညစတဲ့ အရှင်မြတ်တို့အား ဟောတဲ့တရားနဲ့ပဲ အချိန်များများ နေရတယ်ဟု မိန့်ဖူးတယ်။

**ယောစ ဝဿသတံဇီဝေ၊ ဒုဿီလော အသမာဟိတော။**
**ဧကာဟံ ဇီဝိတံ သေယျော၊ သီဝန္တဿ ဈာယိနော။**

သီလမရှိပဲနဲ့၊ သမာဓိမရှိပဲနဲ့ အသက်တစ်ရာ နေရတာထက် သီလနဲ့ပြည့်စုံ၊ သမာဓိနဲ့ပြည့်စုံ တစ်နေ့တစ်ရက် တစ်နံနက်မျှ

http://www.dhammadownload.com



အသက်ရှည်ရတာ မြတ်သေး၏ အစရှိသည်ဖြင့် ဆင်ခြင်စဉ်းစားပြီး နေရမည့် အရွယ်ရောက်ပြီ။ သက်တော်(၆၀) ရောက်တဲ့အခါမှာ ရေ၊ မြေ၊ လေ၊ မီး အစရှိတဲ့ ဓာတ်တွေမညီမညွတ်နဲ့ ဖေါက်ပြန်မှု လျှင်မြန်ပုံ၊ ဖေါက်ပြန်မှု များပြားလာမှုတွေကြောင့် တရားအားအာရုံနဲ့ပဲ နေတော့မယ်ဆိုပြီး ကြီးကျယ်ခမ်းနားတဲ့ ကျမ်းဂန်ကြီးတွေ ရေးဖို့ ငြင်းပယ်တော်မူတယ်။

ဘုန်းကြီးတို့ အသက်တစ်ရာတန်းမှာ ၁၀နှစ်၁၀နှစ်စီနဲ့ ပိုင်းခြားလိုက်ရင် အရွယ်၁၀မျိုး။ ရှေးလူကြီးသူမတွေ ပြောနေတဲ့ စကားကတော့ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်လို့ အရွယ်(၃)မျိုး။ ငယ်စဉ်အခါ ပထမအရွယ်မှာ ပညာ၊ ဒုတိယအရွယ်မှာ ဥစ္စာ၊ တတိယအရွယ်မှာ ဘာဝနာလို့ ၃၃နှစ်နဲ့လေးလစီ ပိုင်းပြီးတော့ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် ပိုင်းပြီးတော့ ပြတယ်။ အဲဒီတော့ ဆရာတော်ဘုရားကြီး မိန့်ကြားသလိုပဲ။ အားလုံးဒကာ ဒကာမတွေလဲ အရွယ်ရလာတော့ နဂိုလိုမဟုတ်တော့ဘူး။ အရွယ်လေးထောက်လာတော့ နဂိုလိုမဟုတ်တော့ဘူး။ လောကီရေးရာ အားထုတ်ကြိုးစားမှုနဲ့ ပတ်သက်ပြီးတော့။ "လောကီရေးရာ အားထုတ်ခါလျှင် ရှည်ကြာနေ့ည လွန်သမျှကို ကာလအမြတ်ရေ မမှတ်ဘူး"။ လောကီလူမှုရေး၊ စီးပွားရေး၊ ပညာရေး အစရှိတဲ့ လောကီရေးရာတွေကို ကြိုးစားပြီးတော့ နေတဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေ အချိန်အခါကာလတွေကို မြင့်မြတ်တဲ့ အချိန်ကာလလို့ မသတ်မှတ်ရဘူး။ လောကီရေးရာ အားထုတ်ခါလျှင် ရှည်ကြာနေ့ည လွန်သမျှကို ကာလအမြတ် ရေမမှတ်ဘူး။ **"ကျင့်ဝတ်ခိုင်ကြည် ဆောက်တည်မပျက် ထိုသည့်ရက်မျှ ကာလအမြတ် ရေတွက်မှတ်၏"**။ ကျင့်ဝတ်ခိုင်ကြည် ကျင့်ဝတ်မြဲမြဲနဲ့ သီလ၊ သမာဓိ၊ ပညာတွေ ကျင့်ကြံကြိုးစား ကုတ်အားထုတ်လို့နေတဲ့ အချိန်ကာလလေးကိုသာ မွန်မြတ်တဲ့ အချိန်ကာလလို့ သတ်မှတ်ပါတယ်တဲ့။

http://www.dhammadownload.com



**အရွယ်(၁၀)မျိုး**

အရွယ်သုံးပါး၊ အရွယ်(၁၀)ပါး သတ်မှတ်တာတွေထဲက အရွယ်(၁၀)ပါးနဲ့ ပတ်သက်ပြီး (၁၀)စုတစ်ခုကို အရွယ်တစ်မျိုးထားပြီး

၁။ တစ်ဆယ်သက်တွင်း ဆော့ကမြင်း ဆော့ရင်းအချိန်ဖြုန်း၊ ဘဝဖြစ်စဉ်ကို ပြန်ကြည့်ရင် (၁၀)နှစ်သက်တွင်းမှာ ဆော့ကစားပြီးတော့ ဆော့ရင်း ပြေးရင်း လွှားရင်းနဲ့ အချိန်ဖြုန်းခဲ့ကြတယ်။

၂။ နှစ်ဆယ်သက်တွင်း မြူးတူးရင်း ပျော်ခြင်းတပြုံးပြုံး၊ ဆယ်နှစ်ကနေ အနှစ်နှစ်ဆယ်ကျတော့ မြူးတူးပျော်ပါး ကစားပြီးတော့ ဒီလိုနဲ့ပဲ အချိန်ကကုန်လာခဲ့ကြတယ်။

၃။ သုံးဆယ်သက်တွင်း လှအဆင်း လှရင်းချယ်သမှုန်း၊ အသက်နှစ်ဆယ်နဲ့ သုံးဆယ်ကျတော့ ရုပ်ရေအဆင်း လှပပြီးတော့ လှသထက်လှအောင် ချယ်သမှုန်းပြီးနေခဲ့ကြတယ်။

၄။ လေးဆယ်သက်တွင်း အားတောင့်တင်း ထန်ပြင်းအားနဲ့ရုန်း၊ အသက်သုံးဆယ်က လေးဆယ်ကျတော့ ခွန်အားဗလ ရှိတဲ့အချိန် ဗလဒသက အဲဒီကျတော့ အင်နဲ့အားနဲ့ စားမယ်၊ သောက်မယ်၊ သွားမယ်၊ လာမယ်၊ ပြောမယ်၊ ဆိုမယ်၊ လုပ်မယ်၊ ကိုင်မယ်။

၅။ ငါးဆယ်သက်တွင်း ဉာဏ်ပွင့်လင်း ဖြေရှင်းဉာဏ်ကိုသုံး၊ လေးဆယ်ကနေ ငါးဆယ်သက်တွင်းကျတော့ ဉာဏ်အား ကောင်းတဲ့အချိန်၊ ဉာဏ်ပွင့်လင်းတဲ့အချိန် အဲဒီကျတော့ အရာရာကိစ္စတွေ ဉာဏ်နဲ့ဖြေရှင်းလို့ လာခဲ့ကြပြီ။

၆။ ခြောက်ဆယ်သက်တွင်း အားဉာဏ်ဆင်း ကျဆင်းအားဉာဏ်သုဉ်း၊ ငါးဆယ်ကနေ ခြောက်ဆယ်သက်တွင်း ရောက်ပြန်တော့ အင်အားတွေ ဆုတ်ယုတ်၊ ဉာဏ်အားတွေ ဆုတ်ယုတ်လာခဲ့ပြီ။

၇။ ခုနှစ်ဆယ်သက်တွင်း သွေးသားယွင်း သွားရင်းယိမ်းယိုင်နှုံး၊ ခြောက်ဆယ်ကနေ ခုနှစ်ဆယ်ကျတော့ ဆရာတော်ဘုရားကြီး မိန့်သလို အသွေးအသားတွေ ယိုယွင်းပြီးတော့ သွားရင်းနဲ့ယိမ်းယိုင် နုံးချိ

http://www.dhammadownload.com



ပြီးတော့လာတဲ့အရွယ်။ (၆၀)က (၇၀) ယောဂီသူတော်စင်များ လက်တွေ့ ပါပဲ။ ဒီ(၁၀)နှစ်မှာ ဆရာတော်ဘုရားကြီးက ဝိသမဓာတ်တွေ များလာပြီတဲ့။ မှန်တာပါပဲ။ ဘုန်းကြီးတို့ ဒီအသက် ဒီအရွယ်ရောက်လာပြီ။ လေးလ၊ ငါးလ ကုစားရတဲ့ ရောဂါဆိုတာ မဖြစ်ဖူးသလောက်ပါပဲ။ အခု(၆၂)နှစ် ပြည့်လို့ (၆၃)နှစ်ထဲ ရောက်တဲ့အခါ ရေချိုးခန်းဝင်တဲ့ တံခါးဘောင်နဲ့ တိုက်မိတာ (၄)လ(၅)လလောက် အနာပျောက်အောင် ကုပြီးတော့ ဆေးစားဘာစားနဲ့။ သြော် ဆရာတော်ဘုရားကြီးက (၆၀) ကျော်လာတော့ ဝိသမဓာတ်တွေ လွန်ကဲပါလားလို့ မိန့်ခဲ့တဲ့စကားကို သတိထားဖြစ်ပါတယ်။ (၆၀)နဲ့ (၇၀)ကြားဆိုတော့ အသွေးအသားတွေ ယိုယွင်းလို့ သွားရင်းလာရင်း ယိမ်းယိုင်နိုးလို့ ချိလို့ပါပဲ။

ပြာသိုလပြည့်နေ့က ပေါင်မြို့နယ်မှာ တည်ရှိတဲ့ ဇင်းကျိုက် တောင်ကို (၇)မိုင်လောက်ကတော့ လမ်းပြင်ထားလို့ ကားနဲ့တက်လို့ ရတယ်။ အပေါ်ရောက်တဲ့အခါ ပေ(၂၀၀)လောက်က လမ်းကလဲ မကောင်းသေး။ လူသွားလမ်းတောင် သိပ်ပြီး အဆင်မပြေသေးတော့။ ပေ(၂၀၀)လောက်ကို (၁)နာရီနီးပါး တက်ရတယ်။ ပေ(၁၀၀)လောက် ကျတော့ ဒီကပဲ ကန်တော့ပါတော့မယ်လို့ပြောတော့ အတူတူတွဲပြီး တက်တဲ့ ဦးနာဂိန္ဒနဲ့ ကိုပြေဟိန်းက အရှင်ဘုရား ပေ(၁၀၀)လောက်ပဲ ကျန်ပါ တော့တယ်။ ကြိုးစားတက်လိုက်စမ်းပါဆိုပြီး နှစ်ယောက်တွဲ တက်ကြတယ်။

အာရုံကလဲ မြတ်စွာဘုရား(၈)ဝါအရမှာ ရှင်ဂဝံပတိမထေရ်ရဲ့ လျှောက်ထားချက်အရ သူနဲ့ညီတော် နောင်တော်ဖြစ်ခဲ့ဘူးတဲ့ သီရိဓမ္မာသောကမင်း ချီးမြှောက်လိုတဲ့အတွက် သုဝဏ္ဏဘူမိ သထုံပြည်ကို ပင့်ပြီးသွားတဲ့အခါ သက်တော်ထင်ရှားရှိ ဘုရားရှင်ကိုယ်တော်တိုင် ဆံတော်(၆)ဆူ ချီးမြှောက်ထားတော့ ဇင်းကျိုက် ဆံတော်ရှင်လို့ နာမည်တော်တွင်တဲ့ စေတီတော်တစ်ဆူဖြစ်တော့ ကြိုးစားပမ်းစား တက်ရတယ်။

http://www.dhammadownload.com



ဟိုတုံးကလိုတော့ ခပ်သွက်သွက်ကြီး မတက်နိုင်တာ အမှန်ပဲ။ အဲဒီတော့ ဆရာတော်ဘုရားကြီး မိန့်ကြားတဲ့စကား အသက်(၆၀)ကျတော့ ဝိသမဓာတ်တွေ မညီမညွတ်တဲ့ဓာတ်တွေ များလာပါတယ်။ ရောဂါတစ်ခုခု စွဲကပ်ပြီဆိုရင်လဲ တော်တော်နဲ့မပျောက်ချင်ဘူး။ ချောင်းဆိုးတာလေးဖြစ်ဖြစ်၊ ဖျားတာ, နာတာလေးပဲဖြစ်ဖြစ် ယောဂီသူတော်စင်များ အသက်(၆၀)၊ (၇၀)အတွင်းမှာ ရောက်နေကြတာဖြစ်တော့ ကိုယ်တွေ့တွေ ဖြစ်ကြမှာပါ။ ကျန်းကျန်းမာမာနဲ့ အားထုတ်နိုင်တာ တော်တော်ကျေနပ်ဖို့ ကောင်းတယ်။

၈။ ရှစ်ဆယ်သက်တွင်း ရိုးကြောယွင်း ထော့နင်းခွင်ခေါက်ကုန်း၊ (၇၀)က (၈၀)သက်တွင်းကျတော့ ထော့နဲ့ထော့နင်း ခွင်ခေါက်ကုန်းကွလာတယ်။

၉။ ကိုးဆယ်သက်တွင်း အသိယွင်း ပြောရင်းအမေ့ဖုံး၊ (၈၀)က (၉၀)သက်တွင်းကျတော့ အသိဉာဏ်အင်အားတွေ လျော့ပြီးတော့ ပြောရင်းပြောရင်းနဲ့ ငါဘာပြောလိုက်ပါလိမ့် ဆိုတာမျိုး (မောမူဟာဒသက) သူငယ်ပြန်တဲ့အရွယ်ပေါ့။

၁၀။ (၁၀၀)သက်တွင်း ထိုင်ထယွင်း အိပ်ရင်းဘဝဆုံး။ (၉၀)က (၁၀၀)ကျတော့ ကိုယ်ဟာကိုယ် ထိုင်နိုင်ထနိုင်တဲ့လူက အင်မတန်ရှားပါတယ်။ အိပ်ရင်းနဲ့ အသက်ဆုံးရတာပါပဲ။ မကြာသေးခင်က ကမ္ဘာမှာ အသက်အရှည်ဆုံးဆိုတဲ့ ဒကာမကြီးတစ်ယောက် (၁၁၆)နှစ် ကျန်းကျန်းမာမာလေး ရှိနေတာကို သတင်းစဉ်က ဖော်ပြတယ်။

မြန်မာပြည်မှာတော့ ဒေါ်အိမ်ပြည့်ဆိုတဲ့ ဒကာမကြီး တစ်နေ့က ရာပြည့်ကျင်းပတာ တွေ့ရတယ်။ ဒါအင်မတန် ရှားပါတယ်။ အသက်ရှည်ရင်း နေထိုင်ခြင်း မောင်မင်းစဉ်းစားအုံး။ အသက်(၁၀၀)ထိအောင် နေချင်တယ်ဆိုရင် မောင်မင်းစဉ်းစားပါအုံးတဲ့။ အသက်ရှည်ရင်း နေထိုင်ခြင်း မောင်မင်းဘယ်လိုတုံး။ အသက်ရှည်ရင်း နေချင်ခြင်း မယ်မင်းစဉ်းစားအုံး။ အသက်ရှည်ရင်း နေချင်ခြင်း မယ်မင်းဘယ်လိုတုံး။

http://www.dhammadownload.com



အသက်(၉၀)က (၁၀၀)အထိဆိုရင် ဘယ်လိုနေမလဲ။ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးက သက်တော်(၈၀)ပြည့်မွေးနေ့မှာ၊ ဘာမိန့်သလဲဆိုတော့ အသက်ရှည်ရှည် နေရသော်လဲ အိုမင်းကြီးနဲ့တွေ့ကြရ၊ အသက်ရှည်တာကိုတော့ ကောင်းတယ်လို့ မျှော်လင့်ကြတယ်။ ဆရာတော်ဘုရားကြီး မိန့်တာက အသက်ရှည်ရှည်နေရသော်လဲ အိုမင်းကြီးနဲ့တိုးကြရ၊ အဘိုးဆရာတော်ဘုရားကို အသက်ရှည်တယ်၊ အသက်ရှည်တယ်လို့ ပြောကြတယ်၊ ဒါပေမယ့် အိုနေတာ မသိကြဘူးလို့ ဆရာတော်ဘုရားကြီးက သတိပေးဖူးပါတယ်။ အသက်ဘယ်လောက်ရှည်ရှည်၊ တခဏလေးပဲ ရှည်ရှည်၊ နှစ်နှစ်ပဲရှည်ရှည် ဗြဟ္မာမင်းကြီးတွေကျတော့ ကမ္ဘာပေါင်း (၈၄၀၀၀) စတုရာသီတိကပ္ပသဟဿာနိ၊ (၈၄၀၀၀)အသက်ရှည်တဲ့ ဗြဟ္မာမင်းကြီးတွေနဲ့ တစ်နေ့တစ်ရက် အသက်ရှည်လူတွေနဲ့ ဘာကွာသလဲ။ (၈၄၀၀၀)အသက်ရှည်တယ်လို့သာ ပြောရတယ်။ အဲဒီဗြဟ္မာမင်းကြီးတွေလဲ လဟုသော ဝတ္တတေခဏော ဥပါဒ်ဌီဘင်ဆိုတဲ့ တစ်ခဏလေးပဲ။ အသက်ရှည်ကြတယ်။ တစ်နေ့တစ်ရက် အသက်ရှည်တဲ့ လူလဲ ဥပါဒ်ဌီဘင် တစ်ခဏလေးပါပဲ။ ဘယ်လောက်ပဲ အသက်ရှည်ရှည် (ဥပါဒ်ဖြစ်၊ ဌီတည်၊ ဘင်ပျက်) ဖြစ်တည်ပျက် တစ်ခဏလေးပါပဲတဲ့။ ဒီခရီးစဉ်အတိုင်း သွားကြရတာပါပဲ။ ဒီဖြစ်-တည်-ပျက် ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ကွက်ခြင်း ခရီးစဉ်မှ သွေဖီနိုင်သူ မရှိပါဘူး။

ဘုန်းကြီးတို့ ယောဂီသူတော်စင်များ ခရီးစဉ်ဟာ ဖြစ်တာနဲ့ ပျက်တာပဲ။ ရုပ်(ဖေါက်ပြန်တတ်တဲ့သဘောလေး)နဲ့ (နာမ်)သိတတ်တဲ့ သဘောလေးဟာ ဖြစ်ပြီးတော့ ပျက်နေတာပါပဲ။ အခု တရားနာနေကြတယ်။ ကြားသိစိတ်ကလေး ဖြစ်လာတယ်။ နောက်ပျက်သွားတယ်။ ဒါလောက်ပဲ အသက်ရှည်ပါတယ်။ အသက်(၈၄၀၀၀) ရှည်ပါတယ်ဆိုတဲ့ ဗြဟ္မာမင်းကြီးတွေလဲ ဖြစ်ပျက်ပဲ။ တစ်နေ့တစ်ရက် အသက်ရှည်လဲ ဖြစ်ပျက်ပဲ။ ဒီလောက်ပဲ အသက်ရှည်ပါတယ်။ ဘယ်လောက်ပဲ အသက်

http://www.dhammadownload.com



ရှည်တယ်ဆိုဆို ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ကွက်ခြင်းဆိုတဲ့ ဒီအချင်းသုံးပါး။ ခဏငယ်သုံးချက် ခဏကြီးတစ်ချက်ထက် အသက်ပိုရှည်တဲ့သူ မရှိပါဘူး။ တစ်နေ့တစ်ရက်ပဲရှည်ရှည်၊ အသက်(၁၀၀)ပဲရှည်ရှည်၊ (၈၄၀၀၀)ကမ္ဘာပဲ အသက်ရှည်ရှည် အသက်ရှည်မှု တိုမှုနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား သာဝတ္ထိပြည်မွန် အသရေရွှန်းတဲ့ ဇေတဝန်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးတော်မူစဉ် ရဟန်းတော်သုံးကျိပ်နဲ့ "သံကိစ္စ" ရှင်သာမဏေ လေးတို့ တောအုပ်ကြီးတစ်ခုထဲမှာ တရားအားထုတ်ပြီး နေကြတယ်။

အဲဒီအချိန်တုံးက တောအုပ်ဆိုတဲ့အတိုင်း တောအုပ်ကြီးက အင်မတန်ကြီးကျယ်ပုံရတယ်။ တစ်နေ့ကျတော့ သူခိုး(၅၀၀)က အရှင်မြတ်တွေစီ ရောက်လာတယ်။ ရောက်လာတော့ အဲဒီသူခိုး (၅၀၀)ကို သံကိစ္စသာမဏေက တရားဟောတယ်။ တရားဟောတော့ ဒီသူခိုးငါးရာဟာ သာသနာတော်ကို ကြည်ညိုပြီးတော့ ရဟန်းပြု ကြတယ်။ အဲဒီလို ကြည်ညိုပြီး ရဟန်းပြုတဲ့အခါကျတော့ မြတ်စွာ ဘုရားက ဇေတဝန်ကျောင်းတော်က-

**ယောစဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော၊**

**ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။**

ယော= အကြင်ပုဂ္ဂိုလ်သည်၊ ဒုဿီလော= သီလပျက်သည် ဖြစ်၍၊ အသမာဟိတော= ကုသိုလ်တရား၌ မတည်သောစိတ် ရှိသည်ဖြစ်၍၊ ဝဿသတံ= အနှစ်တစ်ရာ ကာလပတ်လုံး၊ ဇီဝေ= အသက်ရှည်ရာ၏။ ပထမတစ်ယောက် သီလပျက်တယ်။ သီလပျက် တယ်ဆိုတာ ဘယ်လို ဟာလဲဆိုရင် ဖေါက်ဖေါက်ပြန်ပြန် အတန်တန်လျှင် စိတ်အကြံအိုက်စွာ နှလုံးမသာယာမှု ထွေးအံပြီးတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး။ ဖေါက်ဖေါက်ပြန်ပြန် အတန်တန်လျှင် စိတ်အကြံအိုက်စွာ နှလုံး မသာယာမှုကို ပွေ့ပိုက်ထားတဲ့ ပုဂ္ဂိုလ်ဆိုတာ ရှိတယ်။ သီလဝန္တဿ နှလုံးမသာယာမှုကို သီလနဲ့ ထွေးအံပြီးတော့ ကသိုဏ်းအစရှိတဲ့အာရုံ အာနာပါန ထွက်လေ ဝင်လေ အစရှိတဲ့အာရုံ၊ အနိစ္စ အစရှိတဲ့ လက္ခဏာကိုရှုတတ်တဲ့၊ ဈာယိနော=

http://www.dhammadownload.com



ကသိုဏ်းအစရှိသော အာရုံ၊ အနိစ္စအစရှိသည်ဖြင့် ရှုတတ်သောပုဂ္ဂိုလ်၏၊ ဧကာဟံ= တစ်ရက်မျှ၊ ဇီဝိတံ= အသက်ရှည်ခြင်း သည်၊ သေယျော= မြတ်ပါ၏။

ပုဂ္ဂိုလ်တစ်ယောက်က သီလမရှိဘူး။ အဲဒီပုဂ္ဂိုလ်ဟာ အသက်တစ်ရာ ရှည်တယ်တဲ့။ ပုဂ္ဂိုလ်တစ်ယောက်ကတော့ သီလရှိတယ်။ ကသိုဏ်းအစရှိတဲ့ အာရုံ၊ အာနာပါန ထွက်လေဝင်လေအာရုံနဲ့ အနိစ္စအစရှိတဲ့ အာရုံကို ထုံးမွမ်းထားတယ်။ ဟိုပုဂ္ဂိုလ် အသက်တစ်ရာနဲ့ မတူဘူး။ တစ်ရက်ထဲ အသက်ရှည်ပါစေ ပိုပြီးတော့ မြင့်မြတ်တယ်။ ဒါကြောင့် **"ကိုယ်နှုတ်ထိန်းရ သီလမဖက် မိုက်တွင်းနက်၍ အသက်တစ်ရာ နေရတာထက် သီလကျင့်ဖြည့် သူတော်လေ့ဖြင့် တစ်နေ့ရက်သာ နေရပါ၊ လွန်စွာမြတ်လှသည်။"**

မိမိကိုယ်ကို နှုတ်ကိုထိန်းနိုင်တဲ့ သီလ၊ အဲဒီ သီလမရှိပဲနဲ့ မိုက်တွင်းနက်ပြီး နေရတာထက်၊ ကိုယ်နှုတ်ကိုထိန်းပြီး သူတော်စင် သူတော်ကောင်းတို့ရဲ့ ဓလေ့စရိုက်နဲ့ တစ်နေ့တစ်ရက်လေး နေရတာက ပိုပြီးမြတ်တယ်။ ဒီစကားကို မြတ်စွာဘုရားက ဟောကြားတော်မူလိုက်တယ်။ အဲဒီလို မြတ်စွာဘုရားက ဇေတဝန်ကျောင်းတော်ကနေ ဟောကြားတော်မူတော့ အရှင်မြတ်များ သဘောပေါက်ပြီး သီလနဲ့ပြည့်စုံအောင်၊ သမာဓိနဲ့ပြည့်စုံအောင် ကြိုးစားလိုက်ကြတာ။ သမာဓိနဲ့ ပတ်သက်ပြီး **"တည်ကြည်ငြိမ်သက် မလှုပ်ယှက်သည့် သမာဓိမဖက် မိုက်တွင်းနက်၍ အသက်တစ်ရာ နေရတာထက် သမာဓိဆို စိတ်၏တည်ကြည် ခိုင်မြဲတည်၍ ဖြည့်ကျင့်လေ့ဖြင့် တစ်ရက်မျှသာ နေရပါ လွန်စွာမြတ်လှသည်။"**

အခု ယောဂီသူတော်စင်များ သီလအခြေခံပြီးတော့ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ တည်ကြည်အောင် အားထုတ်ပြီးတော့ နေရတာ အခါတိုင်း ရိုးရိုးနေတာ အသက်တစ်ရာ နေရတာထက် တစ်နည်းအားဖြင့် သီလ၊ သမာဓိ မရှိပဲနဲ့ အသက်တစ်ရာ နေရတာထက်

http://www.dhammadownload.com



တစ်နေ့ တစ်ရက် တစ်နံနက်ကလေးက ပိုပြီးတော့ မွန်မြတ်တယ်။ ဒီစကားကို မြတ်စွာဘုရား မိန့်ကြားတော်မူတော့ အရှင်မြတ်များ လိုက်နာကျင့်သုံးကြတဲ့အတွက် အရိယာစခန်းသို့ တက်လှမ်းတော်မူကြတယ်။ နောက်တစ်ချိန်ကျတော့ ခါဏုကောဏ္ဍညမထေရ် အရှင်မြတ်ကြီး တစ်ပါးတည်း မနီးမဝေးက တောအုပ်ထဲမှာ တရားအားထုတ်ပြီး နေတော့ လာကြပြန် ခိုးသား(၅၀၀) ပထမတစ်ကြိမ်က အရှင်မြတ်ကြီး ဈာန်သမာပတ် ဝင်စားနေတဲ့အခါ သစ်ငုတ်ထင်ပြီးတော့ အပေါ်ကနေပြီး အထုပ်တွေအပိုးတွေနဲ့ အကုန်လုံးဖိ၊ နောက်သစ်ကိုင်းတွေဖိ မီးရှို့ အရှင်မြတ်ကြီး ဈာန်သမာပတ်ဝင်စားနေတဲ့ သမာဓိတန်ခိုးကြောင့် ဘာမှမဖြစ်ဘူး။ သူခိုး (၅၀၀)က ကြည်ညိုကြပြီးတော့ ရဟန်းပြုကြတယ်။ အဲဒီအရှင်မြတ်တွေနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက-

**ယောစဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။**
**ဧကာဟံ ဇီဝိတံသေယျော၊ ပညဝန္တဿ ဈာယိနော။**

ဝိပဿနာဉာဏ် ပညာမဲ့မဲ့နဲ့ အသက်တစ်ရာ အသက်ရှည်ရတာထက် တစ်နေ့ တစ်ရက်ကလေး ရုပ်ဓာတ် နာမ်ဓါတ် ပရမတ်တွေကို မြင်နိုင်ထင်နိုင်တဲ့ ဝိပဿနာ လက်သုံးထားပြီးတော့ နေတဲ့ပုဂ္ဂိုလ်ရဲ့ တစ်နေ့တာကာလအရှည်ခြင်းဟာ မွန်မြတ်တယ်။ **"ဝိပဿနာဉာဏ် ပညာဆိုတာ အဝိဇ္ဇာကို ပျိုအန်တတ်တဲ့ ဉာဏ်ပညာပါပဲ။ အဝိဇ္ဇာကို ပျိုအန်နိုင်တဲ့ပညာ၊ တစ်သံသရာလုံး မျိုပြီးတော့ ထားတဲ့ အဝိဇ္ဇာကို ဝိပဿနာဆိုတဲ့ဆေးနဲ့ ပျို့အန်စေနိုင်ပါတယ်"**။ ဒါကြောင့်-

**ယောစဝဿ သတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော၊**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈာယိနော။**

**"ရုပ်နာမ်နှစ်လွှာ သိလိမ္မာလည်း။ ဉာဏ်မှာကင်းလျှက် မိုက်တွင်းနက်၍"** ရုပ်နာမ်နှစ်ပါး သိလိမ္မာတတ်တဲ့ ဝိပဿနာဉာဏ်ပညာ ကင်းပြီးတော့ အသက်တစ်ရာ နေရတာထက် နှစ်ဖြာရုပ်နာမ်

http://www.dhammadownload.com



သိဉာဏ် လောင်းဖြည့် သူတော်လေ့ဖြင့် ရုပ်နာမ်နှစ်ပါးကို သူသိငါသိ ကမ္မာသိကို ကျော်လွန်ပြီးတော့ အထူးသဖြင့် သိတဲ့ဉာဏ်နဲ့ ရုပ်တရားတို့ရဲ့ အမှတ်တံဆိပ်တွေကို သိပြီးတော့ သူတော်ကောင်းတို့ရဲ့ ဓလေ့ဝသီဖြင့် တစ်နေ့တစ်နံနက်မျှ နေတာက မွန်မြတ်ပါတယ်။

**"ရုပ်နာမ်နှစ်ဖြာ သိလိမ္မာသည့် ဉာဏ်လွှာကင်းလျှက် မိုက်တွင်းနက်၍ နှစ်ဖြာရုပ်နာမ် သိဉာဏ်လောင်းဖြည့် သူတော်လေ့ဖြင့် တစ်နေ့တစ်ရက်သာ နေရပါ လွန်စွာမြတ်လှသည်"**။ မြန်မာလင်္ကာလေး၊ မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ထွက်စကားတွေဟာ အလုံးစုံသော တရားတို့ကို သိတော်မူ မြင်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဘုရားစင်စစ် ဧကန်ဖြစ်သည်။ ဗုဒ္ဓဘုရားက အသက်ရှည်သည်ဖြစ်စေ တိုသည်ဖြစ်စေ အသက်ရှည်တာ တိုတာ အဓိကမဟုတ်ဘူးတဲ့။ အသက် ရှည်ပြီးတော့ သီလမရှိရင် မကောင်းဘူး။ သီလရှိပြီတော့ အသက်တိုပေမဲ့ ကောင်းတယ်။ အသက်ရှည်သည် ဖြစ်စေ၊ တိုသည်ဖြစ်စေ သမာဓိရှိပြီးတော့ ဝိပဿနာဉာဏ်ပညာ ရှိပြီးတော့ နေလို့ရှိရင်ကောင်းတယ်။ သီလကင်း၊ သမာဓိကင်း၊ ဝိပဿနာဉာဏ်ပညာ ကင်းပြီးတော့ အသက်ဘယ်လောက်ရှည်ရှည် အကျိုးမရှိဘူး။

**မြန်မာလင်္ကာ(၃)ပုဒ်**

ဒါကြောင့် မြန်မာလင်္ကာ(၃)ပုဒ်ကို ရွတ်ဆိုပြီး ဘုန်းကြီးရဲ့ တရားကို နိဂုံးချုပ်ပါမယ်။

(၁) ကိုယ်နှုတ်ထိန်းရ သီလမဖက် မိုက်တွင်းနက်၍ အသက်တစ်ရာ နေရတာထက် သီလလောင်းဖြည့် သူတော်လေ့ဖြင့် တစ်နေ့ ရက်တာနေရပါ လွန်စွာမြတ်လှသည်။

(၂) တည်ကြည်ငြိမ်သက် မလှုပ်ယှက်သည် သမာဓိမဖက် မိုက်တွင်း နက်၍ အသက်တစ်ရာ နေရတာထက် သမာဓိဆို စိတ်၏

http://www.dhammadownload.com



တည်ကြည် ခိုင်မြဲတည်၍ ဖြည့်ကျင့်လေ့ဖြင့် တစ်နေ့ရက်တာ နေရပါ။ လွန်စွာမြတ်လှသည်။

(၃) ရုပ်နာမ်နှစ်ဖြာ သိလိမ္မာသည့် ဉာဏ်လွှာကင်းလျှက် မိုက်တွင်းနက်၍ အသက်တစ်ရာ နေရတာထက် နှစ်ဖြာရုပ်နာမ် သိဉာဏ်လောင်းဖြည့် သူတော်လေ့ဖြင့် တစ်နေ့ရက်တာ နေရပါ။ လွန်စွာမြတ်လှသည်။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**စိရံ တိဋ္ဌတု သဒ္ဓမ္မော**

ယနေ့ သာသနာနှစ် ၂၅၄၈၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခု၊ ပြာသိုလပြည့်ကျော်(၄)ရက်၊ အကြိမ်(၈၀)မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ အားထုတ်နေကြတဲ့ ယောဂီများအား အားပေးစကား အားပေးတရား ဟောမှာပါပဲ။ သာသနာတော်ကြီးရဲ့ သက်တမ်းကို ကြည့်မယ်ဆိုရင် ၂၅၄၈ နှစ်ရှိပြီ။ လွန်ခဲ့တဲ့ ၂၅၉၃ ခုနှစ်တာ ကာလက ပွင့်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရား၏ (၄၅)ဝါကာလပတ်လုံး ဟောတော်မူခဲ့တဲ့ တရားတော်တွေရှိတယ်။

အားလုံးသော ဒကာ ဒကာမများက "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"= မြတ်စွာဘုရားရဲ့ သာသနာတော်သည် ကြာမြင့်စွာ တည်ပါစေသတည်း။ "စိရံ တိဋ္ဌတု သဒ္ဓမ္မော"။ သဒ္ဓမ္မော သဒ္ဓမ္မ= သုံးဖြာသာသနာသည်၊ စိရံ= ကြာမြင့်စွာ၊ တိဋ္ဌတု= တည်ပါစေသတည်း။ ဒီလို အာရုံထားပြီးတော့ မြတ်စွာဘုရားရဲ့ သဒ္ဓမ္မ သူတော်ကောင်းတရား ကြာရှည်တည်ပါစေ သော်ဟု ဆုတောင်းကြပါတယ်။ သဒ္ဓမ္မ (၃)ဖြာ ရှိတယ်။

(၁) ပရိယတ္တိ သဒ္ဓမ္မ= မြတ်စွာဟောကြားတော်မူခဲ့တဲ့ ဒေသနာ တော်တွေ

(၂) ပဋိပတ္တိသဒ္ဓမ္မ= ပရိယတ္တိသဒ္ဓမ္မမှာ ဟောကြားထားတဲ့ သီလ ကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တွေ အားလုံးဟာ ပဋိပတ္တိသဒ္ဓမ္မ

(၃) ပဋိဝေဓသဒ္ဓမ္မ= မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား(၉)ပါးက ပဋိဝေဓသဒ္ဓမ္မ အဲဒါကြောင့် စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ သဒ္ဓမ္မော။ သဒ္ဓမ္မ= သုံးဖြာသာသနာသည်၊ စိရံ= ကြာမြင့်စွာ၊ တိဋ္ဌတု= တည်ပါစေသတည်း။ သဒ္ဓမ္မော= သူတော်ကောင်း တရားသည်၊ စိရံ တိဋ္ဌတု= ကြာမြင့်စွာ တည်ပါစေသတည်း။ သူတော်ကောင်းတရား က (၃)မျိုး။ အဲဒီအထဲမှာ အရင်းခံအကျဆုံးက ဘုန်းကြီးတို့ အကြိမ်(၈၀) မြောက် လယ်တီဝိပဿနာ တရားစခန်းမှာ သီလဆောက်တည်နိုင် ကြတယ်။ သမထကမ္မဋ္ဌာန်း အားထုတ်နိုင်ကြတယ်။ မကြာမီ

http://www.dhammadownload.com



ဝိပဿနာကမ္မဋ္ဌာန်းများ အားထုတ်ကြတော့မယ်။ ပဋိပတ္တိ ကျင့်စဉ်များ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြတယ်။ ပဋိပတ္တိသဒ္ဓမ္မသည် ပရိယတ္တိသဒ္ဓမ္မကို အခြေခံပါတယ်။ မြတ်စွာဘုရား ဟောကြား တော်မူတဲ့ ရွှေနှုတ်တော်ထွက် နိကာယ်ငါးရပ် ပိဋိကတ်တော်များ အင်္ဂါ(၉)တန် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို အခြေခံပါတယ်။ အခြေခံပြီး အားထုတ်ကြရတယ်။

အဲဒီ ပရိယတ္တိ သဒ္ဓမ္မခေါ်တဲ့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်များကို မြတ်စွာဘုရား ပရိနိဗ္ဗာစံပြီးနောက် နှစ်ပေါင်း (၄၅၀) ရဟန္တာအရှင်မြတ်ကြီးများ ယေဘုယျအားဖြင့် ရဟန္တာ အရှင်မြတ်ကြီးများ နှစ်ပေါင်း(၄၅၀) တစ်ရာသက်တန်းရှိတဲ့ လူ့ဘဝ လေးဘဝကျော်ကျော် ငါးဘဝစာလောက် အာဂုမ်ဆောင်ပြီးလာကြတယ်။ ပရိတ်ကြီး(၁၁)သုတ်တောင်မှ ရေရှည်အာဂုမ်ဆောင်ဖို့ ခက်ပါတယ်။ နှစ်ပေါင်း (၄၅၀) မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံအလုံးစုံနဲ့ အင်္ဂါ(၉)တန် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)တွေ စာအုပ်ကြီးတွေနဲ့ ပြောင်းရင်အုပ်(၄၀) ရှိပါတယ်။

ယခုအခါ ပိဋကတ်သုံးပုံ ဆောင်တယ်ဆိုရာမှာ သင်ရိုးပိဋကတ် သုံးပုံထားပြီးတော့ စာအုပ်ရေ(၂၀) ဆောင်နိုင်တာကို ပိဋကတ်(၃)သုံးပုံ ဆောင် သင်ရိုးပိဋကတ်(၃)ပုံဆောင်လို့ ခေါ်ပါတယ်။ တကယ်တမ်း မြတ်စွာ ဘုရား ဟောကြားတော်မူတဲ့ ပါဠိတော်အုပ်ရေက (၄၀) ရှိပါတယ်။ အဋ္ဌကထာ (၅၂)အုပ်၊ ထိုပါဠိအဋ္ဌကထာကို ဖွင့်ဆိုတဲ့ ဋီကာက (၂၆)အုပ်၊ အုပ်ရေ(၁၀၀)ကျော်။ အဲဒီမှာ အဓိကအားဖြင့် ပါဠိတော် အုပ်ရေ(၄၀)ကို အရှင်မြတ်ကြီးများ မပျောက်ပျက်အောင် နှစ်ပေါင်း (၄၅၀) အာဂုံဆောင်ပြီးတော့ လာခဲ့ပါတယ်။ နှစ်ပေါင်း(၄၅၀) အာဂုံ ဆောင်ပြီးတော့ လာတာထဲမှာ မဟာသတိပဋ္ဌာန သုတ္တန်ဒေသနာ တော်မြတ်ကြီးလဲ ပါဝင်ပါတယ်။ ဘုန်းကြီး ပိဋကတ်သုံးပုံ အာဂုံပြန်ပွဲ ပြန်ဆိုဖို့ ကျက်တဲ့အခါ ဒီမဟာသတိပဋ္ဌာန်သုတ္တန်ကို ဦးစွာ

F.17.CB

http://www.dhammadownload.com



ကျက်ခဲ့ပါတယ်။ ယခု ယောဂီသူတော်စင်များ -

**ကထဉ္စ ဘိက္ခဝေ ဘိက္ခုကာယေ ကာယာ နုပဿီ ဝိဟရတိ။ ဣ ဓပန ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလ ဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ ပရိမုခံ သတိ ဥပဋ္ဌပေတွာ။**

အစရှိသဖြင့် လက်တွေ့အားထုတ်နေကြတဲ့ ပဋိပတ္တိသဒ္ဓမ္မရဲ့ အခြေခံဖြစ်တဲ့ ဒီပါဠိတော်ကြီးတွေ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် အင်္ဂါ(၉)တန် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ရှိတယ်။

သာသနာ့ ဥသျှောင်ဖြစ်တဲ့ ဆရာတော် အရှင်မြတ်ကြီးတွေ စဉ်းစားတော်မူသည်မှာ ပိဋကတ်သုံးပုံကို ဒီလိုပဲ နှုတ်ငုံအာဂုံဆောင်ထားဖို့ရာ ရေရှည်မှာ မလွယ်ဘူး။ သာသနာငါးထောင်တည်ဖို့ရာ မလွယ်ဘူးလို့ တိုင်ပင်ဆွေးနွေးတော်မူကြပြီး ပေရွက်ကလေးတွေပေါ် ရေးပြီး ပေထက်အက္ခရာတင် စောင့်ရှောက်ခဲ့တာက နှစ်ပေါင်း(၁၉၆၀) ကျော်။ အဲဒီနောက် သာသနာတော်နှစ် (၂၄၀၀) ရောက်တဲ့အခါ မြန်မာနိုင်ငံမှာ ကျောက်ထက်အက္ခရာတင်တော့ အဲဒီ ပေစာတွေထဲက ကူးပြီးတော့ ပဉ္စမသံဂါယနာ တင်တော်မူခဲ့ကြတယ်။

ဒီနောက် သာသနာတော်နှစ် ၂၅၀၀ ရောက်တဲ့အခါမှာ ပုံနှိပ်အက္ခရာနဲ့ ပိဋကတ်သုံးပုံ မြန်မာပြန်ပါရှိခဲ့ကြတယ်။ သံဃာတော်များ ပို့ချတယ်။ ဒီစာအုပ်ကြီးတွေက သာသနာတော်နှစ် (၂၅၀၀) အထိမ်းအမှတ်ပွဲရဲ့ အမြတ်အစွန်းတွေပါပဲ။ အဲဒီ ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာဋီကာတွေဟာ ပါဠိဘာသာဖြင့် တည်ရှိပြီးတာများတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀)ကျော်က ဘုန်းကြီးတို့ရဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက အများဆုံး မြန်မာဘာသာနဲ့ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသားပြီး မြန်မာပြည်သူပြည်သားတို့အား အသိဉာဏ်တွေ ပေးခဲ့ပါတယ်။ အချို့ချို့ ကျမ်းစာတွေကို အင်္ဂလိပ်ဘာသာ စသည်

F 17 C.A

http://www.dhammadownload.com



ပြန်ဆိုပြီး ကမ္ဘာသူ ကမ္ဘာသားတို့အား သဒ္ဓါတရား အသိဉာဏ်ပွားစေတော်မူခဲ့ပါတယ်။ ကျမ်း(၁၀)ကျော် ကျမ်းပြုဆရာတော်ကြီးတွေ များများရှိပါတယ်။ ကျေးဇူးတော်ရှင် ဆရာတော်ကြီးတို့လို ကျမ်း(၁၀၀)ကျော်ပြုစုသည့် ဆရာတော်များက မရှိသလောက်ရှားပါတယ်။

**စာအုပ် (၂၀၀၀)**

မကြာသေးမီက မြန်မာနိုင်ငံမှာ ကျင်းပတဲ့ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံမှာ ဆရာတော် ဘုရားကြီးရေးသားထားတဲ့ အတိုင်းဒီပနီကျမ်း (၁၀)ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပြီး အလျား(၉)လက်မ၊ အနံ(၆)လက်မ၊ ထု(၁')လက်မရှိ ကမ္ဘာ့အဆင့်မီစာရွက်ချောနဲ့ စာအုပ်ရေ (၂၀၀၀) ရိုက်နှိပ်ပြီး ကမ္ဘာ့အရပ်ရပ်မှကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ တက်ရောက်တော်မူကြသောကိုယ်စားလှယ် ဧည်သည့်တော်များနဲ့ ကမ္ဘာ့ထိပ်သီး ပုဂ္ဂိုလ်များအားဓမ္မဒါန ပြုလှူဒါန်းနိုင်ခဲ့ပါတယ်။ ချင်စုကုမ္ပဏီပိုင်ရှင်ရဲ့ သမီးလေးဆေးကျောင်းသူ အေမီလင်းရဲ့ သိန်း(၅၀)အလှူငွေပါ။ အဲဒီစာအုပ်ရေ(၂၀၀၀)နဲ့တင် မပြီးသေးပဲနဲ့ အခုမကြာခင်ပဲ ကွန်ပျူတာဝပ်ဆိုက်ခေါ်မှာပေါ့။ ကမ္ဘာက ဗုဒ္ဓတရားတော်လေ့လာလိုတဲ့ ပုဂ္ဂိုလ်များအင်တာနက်ကြည့်ပြီး လေ့လာနိုင်အောင် ဘုန်းကြီးတို့ စီမံပြီးတော့ဓမ္မဒါနပြုထားပါတယ်။

**ဗုဒ္ဓလယ်တီ**

စောစောက နှစ်ပေါင်းများစွာ လူ့ဘဝ(၂၆)ဘဝစာလောက်အသက်တစ်ရာ ရှည်တဲ့လူ (၂၆)ဘဝစာလောက် ထိန်းသိမ်းပြီးလာတဲ့ပါဠိဘာသာနဲ့ရှိတဲ့တရားတော်တွေ၊ အထူးသဖြင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက မြန်မာဘာသာနဲ့ အချို့အင်္ဂလိပ်ဘာသာနဲ့ပြန်ဆိုရေးသား ပြီးတော့ သဒ္ဓါတရား အသိဉာဏ်များ တိုးပွားစေတော်

http://www.dhammadownload.com



မူခဲ့ပါတယ်။

**သဒ္ဓါလတံ ဘောဝမေ့သိ၊ ဇနာနံ ဟဒယနိဿိတံ။**
**ဓမ္မမ္ဗုနာသာဝမိုတာ၊ သဂ္ဂမောက္ခဖလာဝဟာ။**

ဘော= ဒီပနီကျမ်းပေါင်း တစ်ရာကျော်ကို ရေးသား၍ အသိဉာဏ် ပေးတော်မူခဲ့ပါသော အို-လယ်တီအရှင်မြတ်ကြီးဘုရား၊ တွံ= အရှင်မြတ်ဘုရားကြီးသည်၊ ဇနာနံ= ကမ္ဘာသူ ကမ္ဘာသား ရဟန်းရှင်လူ အများတို့၏၊ ဟဒယနိဿိတံ= နှလုံးသားမြေချက် စက်လှည့်၍ ပေါက်ရောက်သော၊ သဒ္ဓါလတံ= ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ယုံကြည်တတ်ပါသော သဒ္ဓါတရားတည်းဟူသော နွယ်ပင်ရှည်ကို၊ ဝမေ့သိ= တိုးပွားစေတော်မူခဲ့ပါလေပြီဘုရား။ လယ်တီဆရာတော်ဘုရားကြီးက ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့အား သဒ္ဓါတရားတည်းဟူသော နွယ်ပင်ကို တိုးပွားစေခဲ့ပြီ။ တေ= အရှင်မြတ်ဘုရား၏၊ ဓမ္မမ္ဗုနာ= တရားတည်းဟူသော ရေစင်ရေအေးဖြင့်၊ ဝမိုတာ= တိုးပွားစေအပ်သော၊ သာ= ထိုသဒ္ဓါတရား တည်းဟူသော နွယ်ပင်ရှည်ကြီးသည်၊ သဂ္ဂမောက္ခ ဖလာဝဟာ= ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ကို ရွက်ဆောင်နိုင်သည် ဖြစ်၍၊ ဝမိုတာ= ဥတုသုံးလီ ရာသီမခြား တိုးပွားလျှက်သာ ရှိပါတော့သည် အရှင်မြတ်ကြီး ဘုရား။

ဒီလိုလျှောက်ထားချင်တယ်၊ ဆရာတော်အရှင်မြတ်ကြီး ရေးသားထားခဲ့တဲ့ ဗုဒ္ဓတရားတော်များကို လေ့လာပြီးတော့ ကမ္ဘာသူ ကမ္ဘာသားတို့ရဲ့သန္တာန်မှာ ရတနာသုံးတန် ကံ၊ ကံ၏အကျိုးကို ယုံကြည်တဲ့အခါ သဒ္ဓါတရား၊ တရားရေအေး အမြိုက်ဆေးကြောင့် ဈာန်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရွက်ဆောင်နိုင်တဲ့ သဒ္ဓါတရား ဥတုသုံးလီ ရာသီမခြား နေရာဌာနမရွေး တိုးပွားလျှက်သာ ရှိပါတော့သည်ဘုရား။ ဘာကြောင့် လျှောက်ထားရသလဲဆိုရင် ကျေးဇူးတော်ရှင် ကမ္ဘာကျော်ပထမလယ်တီ ဆရာတော်ဘုရားကြီး သမထဝိပဿနာကျင့်စဉ်တွေဟာ မြန်မာပြည်မှာ အင်မတန် စောပါတယ်။ နိကာယ်ငါးရပ် ပိဋကတ်တရားတော်တွေ ပါဠိ

http://www.dhammadownload.com



အဋ္ဌကထာ ဋီကာတွေက ပရိယတ္တိသဒ္ဓမ္မ၊ ကျေးဇူးတော်ဆရာတော် ဘုရားကြီး ရေးတော်မူခဲ့သလို ရေးသားထားတဲ့ ကျမ်းစာများ၊ စာပေများက ပရိယတ္တိသဒ္ဓမ္မ၊ အဲဒီ ပရိယတ္တိသဒ္ဓမ္မဟာ အင်မတန်အရေး ကြီးပါတယ်။ ကန်ဘောင်၊ ရေ၊ ကြာလို့ ဒီလိုပဲ သဒ္ဓမ္မသုံးဖြာကို တင်စားကြ ပါတယ်။ တစ်နည်းအားဖြင့် သစ်ပင်ကြီးရဲ့ အမြစ်၊ ပင်စည်၊ အပွင့်၊ အသီးလို့ ဥပမာပေးကြပါတယ်။

တစ်နည်းအားဖြင့် ဥပမာပေးမယ်ဆိုရင် ရှားပင်ကြီးတစ်ပင်ရဲ့ အခေါက်၊ အပွေး၊ အသား၊ အနှစ်တဲ့ အကယ်၍ အခေါက်အပွေးကို ထိန်းသိမ်းမထားနိုင်ရင် အသားအနှစ်တွေ အလိုလိုခြောက်ပြီး သေသွား နိုင်ပါတယ်။ ပရိယတ္တိ သဒ္ဓမ္မခေါ်တဲ့ သူတော်ကောင်းတရားဟာ ဘယ်လောက်အရေးကြီးသလဲဆိုရင် ပညာအရာ ဧတဒဂ်ရ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်အလောင်းလျာ ဥပတိဿ၊ ကောလိတပရိဗိုဇ်တို့ အားလုံးသိကြတဲ့ ဇာတ်လမ်းလေးအတိုင်းပဲ။ ကပွဲသဘင်ကို သွားကြည့်ကြတော့ ဒီပွဲကြီးထဲ မှာရှိကြတဲ့ ပရိသတ် အားလုံးဟာ တစ်နေ့ကျ အိုပြီးသေကြရမှာပဲ။ သူငယ်ချင်းသေတာ ရှိရင်တော့ မသေတာရှိမှာပဲ ဒို့ရှာကြစို့။ "ဒို့တရား ရှာကြစို့၊ မင်းတရား တွေ့ရရင် ငါ့ပြောပါ၊ ငါတွေ့ရင်လဲ မင်းကိုပြောမယ်"လို့ ကတိကဝတ် ထားပြီးတော့ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ အလောင်းလျာ ဥပတိဿပရိဗိုဇ်က၊ မြတ်စွာဘုရားသားတော် ဓမ္မစကြာတရား အနတ္တ လက္ခဏာသုတ်တော်တွေကို နာရလို့ ရဟန္တာဖြစ်တော်မူတဲ့ အရှင် အဿဇိမထေရ်နဲ့ တွေ့တယ်။

**ယေဓမ္မာ ဟေတုပ္ပဘဝါ**

တွေ့တဲ့အခါ "ကံသိတ္ထံဥဒ္ဒိဿ ပဗ္ဗဇိတော= သင်ဘယ်သူ့ကို အကြောင်းပြုပြီး ရဟန်းပြုခဲ့သလဲ၊ ''ကောဝါတေသတ္ထာ''= သင့်ဆရာဘယ်သူလဲ၊ "ကဿဝါ တွံ ဓမ္မံရောစေသိ"= သင့် ဘယ်သူ့တရား

http://www.dhammadownload.com



သဘောကျသလဲ။ ကိံဝါဒီပနာယသ္မတောသတ္ထာ ကိမက္ခာယီ= အရှင်ဘုရား အဘယ်အယူပြောလေ့ရှိသလဲ၊ ဘာကို ပြောသလဲလို့ မေးပါတယ်။ အဲဒီလို မေးတဲ့အခါ အရှင်အဿဇိက ပြောတယ်။ ငါရဟန်းဝတ်လာတာ မကြာသေးဘူး။ ပြည့်ပြည့်စုံစုံတော့ မပြောနိုင်ဘူး။ အကျဉ်းချုပ်ကို ပြောပါ့မယ်။

**ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံဟေတုံ တထာဂတောအာဟ။**
**တေသဉ္စ ယောနိရောဓော၊ ဧဝံဝါဒီမဟာသမဏော။**

ဒို့ဆရာ ဘုရားရှင်ရဲ့ အယူဝါဒက အကြောင်းကြောင့်ဖြစ်တဲ့ တရားတွေ ရှိတယ်။ အကြောင်းချုပ်လို့ရှိရင် အကျိုးတရားလဲ ချုပ်သွားတယ်။ ဒါဟာ ဒို့ဆရာရဲ့ အယူဝါဒပဲ။ ဥပတိဿပရိဗိုဇ်ကြီးက သိပြီ။ အက္ခရာ (၃၂)လုံးတောင် နာစရာမလိုဘူး။ **"ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံတထာ ဂတောအာဟ"**ဆိုတဲ့ အက္ခရာ(၁၈)လုံးနဲ့ပဲ ဖြိုဖြန့်ပြီးတော့ ရှုကြည့်သိပြီး ဥပတိဿပရိဗိုဇ် သောတာပန် ဖြစ်သွားတယ်။

ပထမက သိဉ္စည်းဆရာကြီးစီမှာ မိစ္ဆာဒိဋ္ဌိ အယူဝါဒတွေနဲ့ ထွေးလုံးရစ်ပတ်ပြီး နေခဲ့တယ်။ ပညာအရာ ဧတဒဂ်ရမည့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့လောင်းလျာ ဥပတိဿပရိဗိုဇ်ကြီးဟာ အရှင်အဿဇိမထေရ်မြတ်ထံက "ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ" ဆိုတဲ့ ပရိယတ္တိ သဒ္ဓမ္မ မကြားနာရ မသင်ယူရလို့ရှိရင် အဂ္ဂသာဝက အရှင်မြတ်ကြီး မိစ္ဆာဒိဋ္ဌိ မကွာနိုင်ဘူး။ ဒါကြောင့် အရှင်သာရိပုတ္တရာတို့လို အင်မတန်ကြီးကျယ်တဲ့ ပညာရှင်ကြီးတွေ တောင်မှ မြတ်စွာဘုရား ဟောကြားတဲ့ ပရိယတ်နဲ့ မကင်းနိုင်ဘူး။ ပရိယတ်ကို အခြေခံပြီးမှ အမြိုက်နိဗ္ဗာန်ကို ရတယ်။ ဒါကြောင့် ပဋိသန္ဓေ အိုနာသေရေး ဆင်းရဲဘေးတို့ရဲ့ ကင်းဝေးရာဖြစ်တဲ့ နိဗ္ဗာန်ကိုရဖို့ အကြောင်းအရင်းဖြစ်တဲ့ ပရိယတ္တိသင်ယူပို့ချတော်မူကြတဲ့ ဆရာတော် သံဃာတော် အရှင်မြတ်တွေကို ရှေးရှေးကထဲက ဆွမ်း၊ သင်္ကန်း၊

http://www.dhammadownload.com



ကျောင်း၊ ဆေးပစ္စည်းလေးပါးနဲ့ ထောက်ပံ့ကူညီ အားပေးပြီးလာခဲ့ကြတယ်။

အဲဒါကြောင့်လဲပဲ (၁၀၀)အသက်ရှည်တဲ့ လူ့ဘဝ (၂၆)ဘဝလောက် မြတ်စွာဘုရားရဲ့ ပရိယတ္တိသဒ္ဓမ္မ အခြေခံပြီးတော့ ပဋိပတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ အခြေခံပြီးတော့ ပဋိဝေဓ သဒ္ဓမ္မခေါ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရားတွေ တည်ရှိနေတာ။ ဒါကြောင့် ဘုန်းကြီးတို့ နေ့စဉ် ဟောနေကျယောစဝသသတံ ဇီဝေ အစချီတဲ့ ဒေသနာ ခုဒ္ဒကနိကာယ် အပါအဝင် ဓမ္မမဒမှာပါတဲ့ ကျင့်စဉ်တရားက ပဋိပတ္တိသဒ္ဓမ္မ၊ ဒီဒေသနာ လာရှိတဲ့အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်လို့ရလာတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ခေါ်တဲ့ ပဋိဝေဓသဒ္ဓမ္မ။

**ဆေးကုပေးပါ**

တစ်ချိန်မှာ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံး နေတော်မူတဲ့အခါ ကိသာဂေါတမီဟာ သားအငယ်ဆုံး သေကျေပျက်စီး သွားတော့ မြတ်စွာဘုရားစီ ရှူးရှူးနှမ်းနှမ်းနဲ့ ရောက်လာတယ်ပြောပါတော့။

အရှင်ဘုရား အရှင်ဘုရားက တန်ခိုးကြီးတော့ တပည့်တော်ရဲ့ သားငယ်လေး သေသွားတာ ဆေးကုပေးတော်မူပါဘုရားလို့ သားငယ်ဆေးကုဖို့ အပ်နှံတယ်။ အဲဒီတော့ မြတ်စွာဘုရားက စဉ်းစားနေရတာ မဟုတ်ဘူး။ အေး အဲဒီလိုဆိုရင် ဒို့သာဝတ္ထိမြို့မှာ လူတွေ(၇) ကုဋေရှိတယ် သန်း (၇၀)ပေါ့။ မြတ်စွာဘုရား ပွင့်တဲ့အချိန်မှာ သာဝတ္ထိမြို့က သိပ်ပြီးတော့ စည်းကားတယ်။ အဲဒီ (၇၀)သန်းရှိတဲ့ အိမ်တွေထဲက လူမသေဘူးတဲ့အိမ်က မုန်ညင်းစေ့ လိုက်ရှာခဲ့လို့မိန့်တော့ လိုက်ရှာတယ်။ လူမသေဘူးတဲ့ အိမ်မရှိဘူး။ သူလက်လှမ်းမီသမျှ အိမ်တွေကို သွားလိုက်ရှာ မုန်ညင်းစေ့ တောင်းမရဘူး။ အဲဒီကျမှ သဘောပေါက်ပြီး သားငယ်လေး သုသာန်မှာ စွန့်ပြီးတော့ ရဟန်းပြုတယ်။ ရဟန်းပြုပြီးတော့

http://www.dhammadownload.com



မီးလျှံမီးတောက်ကိုကြည့်ပြီး မီးတောက်လာပုံ၊ ငြိမ်းသွားပုံကို ကြည့်တာ အခြေခံပြီးတော့ မိမိသန္တာန်မှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတို့ရဲ့ ဖြစ်ပုံ ချုပ်ပုံ၊ တစ်နည်းအားဖြင့် ဖြစ်ပုံပျက်ပုံကို ကြည့်ပြီး ရှုပွားနေကယ်၊ ဥဒယဗ္ဗယကမ္မဋ္ဌာန်းပဲ။

မီးတောက်မီးလျှံ တောက်လာပုံ၊ ငြိမ်းသွားပုံ၊ ဒီ(၂)ချက်ကို အခြေခံပြီးတော့ ရုပ်တရား၊ နာမ်တရားတို့ရဲ့ အဖြစ်အပျက် ဥဒယဗ္ဗယ ကမ္မဋ္ဌာန်း ရှုပွားနေတော့မှ မြတ်စွာဘုရားက-

**ယောစ ဝဿတံ ဇီဝေ ၊ အပဿံ အမတံ ပဒံ။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံပဒံ**

ကိသာဂေါတမီ မသေရာနိဗ္ဗာန်ကို မမြင်ပဲနဲ့ ဇီဝိန်ပြတ်ရှင်း သေရခြင်းကင်းရာကို မမြင်ပဲနဲ့ အနှစ်တစ်ရာ နေရတာထက် မီးငြိမ်းရာ မသေရာ အမှန်ပြည်နိဗ္ဗာန်ကို မြင်ပြီးတော့ တစ်နေ့တစ်ရက်ကလေး အသက်ရှည်ရတာက ပို၍မြတ်တယ်။ ဒီဂါထာကို ဟောကြားတော့ အဓိပ္ပါယ် ဘာရှိလဲ။ နိဗ္ဗာန်ကို မြင်တယ်ဆိုတာ မဂ်ဉာဏ်ရမှ မြင်တာပဲ။ သောတာပတ္တိမဂ်နဲ့ နိဗ္ဗာန် မြင်တယ်။ သကဒါဂါမိမဂ်နဲ့ နိဗ္ဗာန်မြင်တယ်။ အနာဂါမိမဂ်နဲ့ နိဗ္ဗာန် မြင်တယ်။ အရဟတ္တမဂ်နဲ့ နိဗ္ဗာန်ကိုမြင်တယ်။ ကိလေသာအားလုံး ကုန်ခမ်းပြီးတော့ နိဗ္ဗာန်ကိုမြင်တယ်။ အဲဒီမဂ်ဉာဏ် လေးပါး ရသည်နှင့် တစ်ပြိုင်နက် ဖိုလ်ဉာဏ်လေးပါးကလဲ ရပြီးသား။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကမှ နိဗ္ဗာန်ကို ဧကန်အာရုံပြုတာပါပဲ။

အဋ္ဌလောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ ဆိုတော့ လောကုတ္တရာမဂ်ဉာဏ် ဖိုလ်ဉာဏ်က နိဗ္ဗာန်ကို ဧကန်အာရုံပြုပါတယ်။ တစ်ခါတစ်ရံ အလျှုအတန်းကိစ္စ ဆောင်ရွက်ကြတဲ့အခါ ဆရာတော် များက နိဗ္ဗာန်အာရုံပြုဆိုတာက အနေကန်အားဖြင့် အာရုံပြုခိုင်းတာပါပဲ။

**ယောစ ဝဿ သတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။**

လို့ဟောကြားတော်မူလိုက်တော့ ကိသာဂေါတမီ ထေရီမကြီး ရဟန္တာ

http://www.dhammadownload.com



ဖြစ်သွားပါတယ်။

သောကဗျာပါဒ နှိပ်စက်ရာ နယ်မြေကလွတ်မြောက်ပြီး အင်မတန်ချမ်းသာတဲ့ တုဘက်မရှိတဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရသွားတယ်။ အဲဒါ ဇီဝိန်ပြတ်ကင်း သေခြင်းကင်းရာ မြတ်ချမ်းသာကို ကောင်းစွာမမြင် ဘေးပေါင်းယှဉ်လျှက် အသက်တစ်ရာ နေရတာထက်၊ ဇီဝိန်ပြတ်ခြင်း ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မမြင်ပဲနဲ့ (၂၅)ပါးသောဘေး၊ (၃၂)ပါးသောကံကြမ္မာ၊ (၉၆)ဖြာသောအနာရောဂါ၊ (၁၆)ဖြာသော ဥပဒ္ဒဝေါတို့နဲ့ယှဉ်ပြီး နေရတာထက် ဇီဝိန်ပြတ်ကင်း သေခြင်းကင်းရာ မြတ်ချမ်းသာကို သေချာသိပြီးတော့ တရားနဲ့နေရတာက အင်မတန် မြတ်လှပါတယ်။

"ဇီဝိန်ကင်းကွာ မြတ်ချမ်းသာကို ကောင်းစွာမမြင် ဘေးပေါင်း ယှဉ်လျှက် အသက်တစ်ရာ နေရတာထက် သေခြင်းကင်းရာ မြတ်ချမ်းသာကို သေချာသိလျှက် တစ်ရက်မျှသာနေရပါ လွန်စွာ မြတ်လှသည်"။ မြန်မာလင်္ကာလေးနဲ့ မှတ်တမ်းပြုပြီးတော့ ထားရတယ်။ အခု ယောဂီသူတော်စင်များလဲ သေခြင်းကင်းရာ မြတ်တဲ့နိဗ္ဗာန်ကို မြင်အောင် အားထုတ်ပြီးနေကြတယ်။ သေခြင်းကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရကြောင်း ကောင်းမြတ်တဲ့အကျင့်တွေ ကျင့်နေကြတယ်။ အကျင့် ကောင်းတွေ ညွှန်ပြနိုင်အောင် ပရိယတ္တိသဒ္ဓမ္မ မှန်ကန်ဖို့လဲ လိုအပ် ပါတယ်။ ဒါကြောင့် နိဒါန်းစကားပျိုး အနေအားဖြင့် ပြောခဲ့တဲ့ စီရံ တိဋ္ဌတု သဒ္ဓမ္မော။ သဒ္ဓမ္မော သဒ္ဓမ္မ သုံးဖြာသာသနာသည် စိရံ ကြာမြင့်စွာ တိဋ္ဌတု တည်ပါစေသတည်း။ အရင်းခံက ပရိယတ္တိသဒ္ဓမ္မ။

**လယ်တီဆောင်ပုဒ်**

လယ်တီဝိပဿနာ တရားစခန်းကြီးဖွင့်ရာ လယ်တီဝိပဿနာ ကျောင်းတိုက်ရဲ့ဆောင်ပုဒ်က-

http://www.dhammadownload.com



ပရိယတ္တိ ပိဋကတ်စာပေတော်သည် သာသနာတော်၏ ရေသောက်မြစ်၊ ပဋိပတ္တိကျင့်စဉ်ဟူသမျှသည် သာသနာတော်၏ အနှစ်၊ အမြစ်ကိုရေလောင်းပြီး အနှစ်ကို သုံးစွဲရမည်။ အခုယောဂီ သူတော်စင်များ အကြိမ်(၈၀)မြောက် လယ်တီဝိပဿနာတရား အားထုတ်နေတာဟာ အနှစ်ကို သုံးစွဲနေတာပါ။ အမြစ်ရေလောင်း တာတွေလဲ ဆောင်ရွက်ခဲ့ကြပြီ။ သံဃာတော် အရှင်မြတ်တွေ ဆွမ်းခံ ကြွလာလို့ ဆွမ်းပန်းကန်ပေါင်းများစွာ လောင်းလှူဖူးကြပြီ။ ဒါအမြစ်ရေလောင်းတာ။

စာပေသင်ကြား ပို့ချနေကြတဲ့ အရှင်မြတ်တွေ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ သင်္ကန်းအစုံများစွာ လှူဒါန်းခဲ့ကြပြီ။ ဆောင်ရွက်နေကြ အခြေခံဖြစ်တဲ့ သာသနာကို အားပေးချီးမြှင့်နိုင်ကြပါစေ။ သီကုံးထားတဲ့ဂါထာလေး ရွတ်ဖတ်ပြီးတော့ တရားနိဂုံးချုပ်ပါမယ်။ "သဒ္ဓမ္မသုံးဖြာ သာသနာကား ပမာပုံရှား သစ်ပင်လားသို့ ခေါက်သားအနှစ် သုံးမျိုးဖြစ်၏။ အနှစ်အသား သုံးစားကြလို များလူဗိုလ်တို့ ပင်ပျိုအခေါက် မကွာပျောက်ဖို့ စောင့်ရှောက်မှသည် အနှစ်တည်လိမ့်။ ရှားပင်ကြီးတစ်ပင်မှာ အခေါက်၊ အသား၊ အနှစ်ရယ်လို့ ရှိတော့ အနှစ်ကို သုံးစွဲချင်ရင် ရှားပင်ကြီးရဲ့အခေါက်ကို စောင့်ရှောက်ထိန်းသိမ်းနိုင်မှ အသားအနှစ် တည်ပါလိမ့်မယ်"။ ဆံခြည်မျှပင် အခေါက်ကိုပင် သုံးမဝင်ဟု အပင်ပတ်ရစ် ခုတ်ခွာပစ်က အနှစ်အသား ခြောက်ခါသွားလိမ့် သာသနာမြတ် ပရိယတ်လည်း တည်ရာစင်စစ် အခေါက်ဖြစ်၏။

ပရိယတ္တိသဒ္ဓမ္မသည် ပဋိပတ်ကျင့်စဉ်တရား၏ တည်ရာ အခေါက် ဖြစ်ပါတယ်။ "ရှေ့ခေတ်ခုရောက် နှောင်းခေတ်ရောက်အောင် အခေါက်အပွေး ပေါ့သေးသေးဟု တလေးတစား ဆောင်မထားက မှန်မှားဘယ်မျှ သိနိုင်ကြလိမ့်"။ ရှေးခေတ်ကရော အခုခေတ်ပါ အခေါက်အပွေးကို ပေါ့သေးသေးလို့ မလေးမစားပဲ၊ ထိန်းသိမ်းမထားပဲ၊

http://www.dhammadownload.com



မသင်မအံပဲ မစောင့်ရှောက်ပဲနေရင် အမှန်အမှား ဘယ်ခွဲခြားသိနိုင်မလဲ။ "ဗုဒ္ဓမြတ်စွာ လက်ထက်ခါက မဟာသာရိ အဿဇိ၏မှတ်သိဖွယ်ရာ ယေဓမ္မာဟု ဂါထာစကား မနာကြားက ယုံမှားမိစ္ဆာ ကင်းရှင်းကွာလိမ့်" ဘုရား လက်ထက်က အရှင်သာရိပုတ္တရာ အလောင်းလျာ ဥပတိဿပရိဗိုဇ် ကြီးဟာ အရှင်အဿဇိ၏ **"ယေဓမ္မာဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ"** ဆိုတဲ့ဂါထာကို မနာရလျှင် မိစ္ဆာဒိဋ္ဌိ မကင်းကွာနိုင်ပါ။

ဘယ်မှာ ဒိဋ္ဌိဝိစိကိစ္ဆာ ကွာမလဲ။ ဂါထာပါဠိလာအရှိကား **"ပရိယတ္တိ ဝိနာသေယျ၊ နလဘန္တိ ဗုဓာအပိ"**၊ ဒီဂါထာအဓိပ္ပါယ်က ပရိယတ္တိသဒ္ဓမ္မ ပျက်သွားရင် ဘယ်လိုမှ ပဋိပတ္တိသဒ္ဓမ္မကျင့်စဉ် မပေါ်နိုင်ဘူး။ ပဋိဝေဓသဒ္ဓမ္မတော့ ဝေးရောတဲ့။ "ပရိယတ္တိ ဝိနာသေယျ နလဘန္တိ ဗုဓာအပိ ရှင်သာရိလို ကြီးဘိပညာ ရှိစေကာလဲ မြတ်စွာ ပရိယတ် ကင်းကွာလတ်က အမြိုက်နိဗ္ဗာန် မရတန်ဟု မိန့်ဟန်ဂါထာ ကြည်သဒ္ဓါဖြင့် **"ပရိယတ္တိ ဝိနာသေယျ နလဘန္တိ ဗုဓာအပိ"** ဆိုတဲ့ ဂါထာကတော့ အရှင်သာရိပုတ္တရာတို့လို ပညာကြီးတဲ့ ပုဂ္ဂိုလ်များတောင်မှ မြတ်စွာဘုရားရဲ့ ပရိယတ်နဲ့ ကင်းကွာရင် အမြိုက်နိဗ္ဗာန် မရနိုင်ဘူးလို့ မိန့်ဆိုတဲ့ ဒေသနာတော်ကို ယုံကြည်သောအားဖြင့် အိုနာသေရေး ဇာတိဘေးကို ကင်းဝေးစေရန် ကြောင်းရင်းမှန်လတ် ပရိယတ်ကို စောင့်ကြပ်ကြလေ ရဟန်းတွေအား အိုနာသေရေး ဇာတိဘေးတို့ ကင်းဝေးစေရန် အကြောင်းမှန်ဖြစ်တဲ့ ပရိယတ်ကို စောင့်ကြပ်နေကြတဲ့ စာသင်အံပို့ချနေတဲ့ ဆရာတော်သံဃာတော်များကို **"လေးထွေပစ္စည်း အနည်းနည်းဖြင့် ဖြည့်ဆည်းတတ်စွမ်း နိဗ္ဗာန်မှန်း၍ ပူဇော်နိုင်ကြ စောင့်ရှောက်နိုင်ကြပါ စေသတည်း"**။ ဒီလင်္ကာလေးနဲ့ နိဂုံးချုပ်မှာပါ။

ဗုဒ္ဓမြတ်စွာ လက်ထက်ခါက မဟာသာရိ အဿဇိ၏ မှတ်သိစေရာ ယေဓမ္မာဟု ဂါထာစကား နာမကြားက ယုံမှားမိစ္ဆာ ဒိဋ္ဌိကွာလိ...

ဂါထာပါဠ် လာအရှိကား ပရိယတ္တိံ ဝိနာသေယျ နလဘန္တိ ဗုဓာအပိ ရှင်သာရိသို့ ကြီးဘိပညာရှိစေကာမူ မြတ်စွာပရိယတ် ကင်းကွာလတ်က အမြိုက်နိဗ္ဗာန် မရတန်ဟု မိန့်ဟန်ဂါထာ ကြည်သဒ္ဒါဖြင့် အိုနာသေရေး ဇာတိဘေးတို့ ကင်းဝေးစေရန် ကြောင်းရင်းမှန်လတ် ပရိယတ်ကို စောင့်ကြပ်ကြလေ ရဟန်းတွေအား လေးထွေပစ္စည်း အနည်းနည်းဖြင့် ဖြည့်ဆည်းတတ်စွမ်း နိဗ္ဗာန်မှန်း၍ လှူဒါန်းနိုင်ကြ ပူဇော်နိုင်ကြပါစေ ကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အနှစ်သာရစကား**

ယနေ့ သာသနာနှစ် ၂၅၄၈ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခု၊ ပြာသိုလပြည့်ကျော် (၇)ရက်။

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အကြိမ် (၈၀)မြောက်မှာ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းများ အားထုတ်နေကြတဲ့အချိန်ဖြစ်ပါတယ်။

နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)၊ ဒီဓမ္မစေတီတော်မြတ် ပိဋကတ်တို့ရဲ့ ဂုဏ်(၂၃)မျိုးနဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး အမြဲမပြတ် ရှိခိုးပူဇော်သွားပုံကို ဟောခဲ့ပြီ။

နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)မှာ ပါဠိ အဋ္ဌကထာ ဋီကာ စာမျက်နှာနဲ့ ပြောမယ်ဆိုရင် (၆၀၀၀၀)ကျော်လောက် ရှိတယ်။

အဲဒီ စာမျက်နှာပေါင်း (၆၀၀၀၀)ကျော်ရှိတဲ့ ပိဋကတ်တော်ထဲက အနှစ်သာရအကျဉ်းချုံး၍ စကားလုံးထုတ်လိုက်ရင် (၆)လုံး ရပါတယ်။

အနှစ်သာရစကားလုံး (၆)မျိုး။

၁။ ဗုဒ္ဓ

၂။ ဓမ္မ

၃။ သံဃာ

၄။ အနိစ္စ

၅။ ဒုက္ခ

၆။ အနတ္တ

ဒီစကားလုံး (၆)လုံးဟာ ပိဋကတ်တော်အားလုံးထဲက အနှစ်သာရ အရှိဆုံး စကားလုံး (၆)လုံး ဖြစ်ပါတယ်။ အားလုံးခြုံငုံမိပါတယ်။

http://www.dhammadownload.com



ယခု ယောဂီသူတော်စင်များ အနှစ်သာရရှိတဲ့ အနိစ္စဆိုတဲ့ စကားလုံး၊ ဒုက္ခဆိုတဲ့ စကားလုံး၊ အနတ္တဆိုတဲ့ စကားလုံး။

အနိစ္စလက္ခဏာ = ရုပ်တရား, နာမ်တရားတို့ရဲ့ မမြဲတဲ့အမှတ် တံဆိပ်၊

ဒုက္ခလက္ခဏာ = ရုပ်တရား, နာမ်တရားတို့ရဲ့ ဆင်းရဲတဲ့ အမှတ်တံဆိပ်၊

အနတ္တလက္ခဏာ = ရုပ်တရား, နာမ်တရားတို့ရဲ့ အစိုးမရ ကိုယ်ပိုင် မဟုတ်ပဲ သူ့သဘောသူဆောင်နေတဲ့ အနတ္တ အမှတ်တံဆိပ်တွေကို မြင်ဖို့

အားထုတ်နေကြတဲ့ အချိန်အခါသမယ ဖြစ်ပါတယ်။ မိမိတို့ အားထုတ်နေတဲ့လမ်းစဉ်ဟာ ဗုဒ္ဓဘုရားရှင် လက်ထက်တော်ထဲက ရှိနေတဲ့လမ်းစဉ်ဖြစ်ပါတယ်။

ဘာကြောင့်လဲလို့ဆိုတော့ ရဟန်းတော်ငါးရာ၊ ရုပ်တရား နာမ်တရားတို့ရဲ့ မမြဲတဲ့အနိစ္စအမှတ်တံဆိပ်ကို ရှုပွားပြီးတော့ နေကြတယ်။ အဲဒီ အနိစ္စတစ်မျိုးထဲပဲ ဦးစားပေးပြီးတော့ ရှုပွားနေကြတဲ့ ရဟန်းတော် (၅၀၀)ကို မြတ်စွာဘုရားက-

**သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။**

မြင်မြင်သမျှ သင်္ခါရအစုအပုံ အလုံးစုံသော တရားတွေကို မမြဲဖူးလို့ အဲဒီလို မြင်တဲ့ပုဂ္ဂိုလ်၊ ဘာနဲ့မြင်သလဲဆိုတော့ ဝိပဿနာ ဉာဏ်ပညာနဲ့မြင်တာ။

ဝိပဿနာဉာဏ်ပညာနဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ အနိစ္စ လက္ခဏာ အမှတ်တံဆိပ်ကို သိနေခြင်းဟာ သိနေတဲ့အတွက် ရုပ်တရား နာမ်တရားတို့အပေါ် ငြီးငွေ့လာတယ်။

အဲဒီလို ဖောက်ပြန်မှုသဘော (ရုပ်တရား)သိမှုသဘော (နာမ်တရား)ဟို့အပေါ် မမြဲတဲ့ (အနိစ္စ)အမှတ်တံဆိပ်ကို ဝိပဿနာဉာဏ် ပညာနဲ့ မြင်သိနေတဲ့အခါ (နိဗ္ဗိဒါ) ငြီးငွေ့လာတယ်။

http://www.dhammadownload.com



အဲဒီလို ငြိုးငွေ့လာခြင်းဟာ ကိလေသာစင်ကြယ်ခြင်းရဲ့ အကြောင်းဖြစ်တယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ စကားတော်ကို အစဉ်လိုက်ပြီးတော့ အားထုတ်တော်မူကြသဖြင့် အရှင်မြတ်ကြီး ငါးရာ အနိစ္စလက္ခဏာ ရုပ်တရား နာမ်တရားတို့ရဲ့ မမြဲပုံအမှတ်တံဆိပ် ကို ဝိပဿနာဉာဏ်ပညာနဲ့ မြင်အောင် ထင်အောင် အာရုံယူပြီးတော့ ရှုပွားကြတဲ့အတွက် ရဟန္တာအရှင်မြတ်ကြီးတွေ ဖြစ်ကြတယ်။

အခု ယောဂီသူတော်စင်များ အားထုတ်နေကြတာလဲ ရုပ်တရား နာမ်တရားတို့ရဲ့ မမြဲပုံ၊ အနိစ္စလက္ခဏာ မမြဲတဲ့အမှတ်တံဆိပ်ကို မြင်အောင် ထင်အောင်လို့ ဝိပဿနာဉာဏ်ပညာနဲ့ ရှုကြည့်နေကြတဲ့ အချိန်အခါဖြစ်ပါတယ်။

နောက် ရဟန်းတော် (၅၀၀)ကလဲ ရုပ်တရား နာမ်တရားတို့ရဲ့ ဆင်းရဲပုံ ဒုက္ခလက္ခဏာအမှတ်တံဆိပ်ကို ဝိပဿနာဉာဏ်ပညာနဲ့ ကြည့်ရှု အားထုတ်နေတဲ့အခါ မြတ်စွာဘုရားက -

**သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါပညာယ ပဿတိ။**
**အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။**

ရဟန်းတို့ မြင်မြင်သမျှ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တရားနဲ့အကြောင်းတရား အမျိုးမျိုးကြောင့် ဖြစ်ပေါ်လာတဲ့ နာမ်တရားတွေဟာ ဆင်းရဲတဲ့ ဒုက္ခစင်စစ်ဖြစ်တယ်လို့ အဲဒီလို ဝိပဿနာဉာဏ်ပညာနဲ့ မြင်မယ်ဆိုရင် ဒုက္ခ= ဆင်းရဲတဲ့ ရုပ်တရား နာမ်တရားတို့အပေါ် ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ် ဖြစ်နိုင်တယ်။ အဲဒီ နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာခြင်းဟာ ကိလေသာ စင်ကြယ်ခြင်းရဲ့ အကြောင်းရင်းလမ်းစဉ် ဖြစ်တယ်။

မြတ်စွာဘုရားက ဒုက္ခလက္ခဏာနဲ့ ပတ်သက်ပြီး ဟောကြားတော်မူတယ်။ ဟောကြားတော်မူတဲ့အတိုင်း ကျင့်ကြံပွားများ အားထုတ်ကြတဲ့အတွက် ဆင်းရဲတဲ့အမှတ်တံဆိပ်၊ ဒုက္ခလက္ခဏာ မြင်တော်မူကြတဲ့ အရှင်မြတ်ကြီးများ ရဟန္တာစခန်း တက်လှမ်းသွားတော်မူကြတယ်။

http://www.dhammadownload.com



နောက်အရှင်မြတ်ကြီး (၅၀၀)ကလဲ မိမိတို့ ကိုယ်ပိုင်မဟုတ် ကိုယ့်အလိုသို့မလိုက်ပုံ၊ ရုပ်တရား နာမ်တရားတို့ရဲ့ သူ့သဘောသူဆောင်ပြီး သူ့အလုပ်သူလုပ်နေကြပုံ၊ ကိုယ်မပိုင် ကိုယ်အစိုးမရပုံတွေကို ဝိပဿနာဉာဏ်ပညာဖြင့် အနတ္တလက္ခဏာ ရှုပွားပြီး နေတော်မူကြတယ်။ အဲဒီ အနတ္တလက္ခဏာ ရှုပွားပြီးနေတဲ့ အရှင်မြတ်ကြီးငါးရာတို့ကို မြတ်စွာဘုရားက-

**သဗ္ဗေဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။**

ခန္ဓာငါးပါးဆိုတဲ့ တရားတွေဟာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ တရားတွေဟာ အနတ္တ ကိုယ်ပိုင်မဟုတ် ကိုယ့်အလိုသို့ မလိုက်ကြ။ အဲဒီလို ဝိပဿနာဉာဏ်ပညာနဲ့ ရှုပွားအားထုတ်မယ်ဆိုရင် ဒီခန္ဓာငါးပါးတရားတွေအပေါ် ငြီးငွေ့တဲ့ဉာဏ်အဆင့် ရောက်နိုင်တယ်။ အလုံးစုံသော တရားတွေအပေါ် အနတ္တအစစ်ဖြစ်တဲ့ ကိုယ်ပိုင်မဟုတ်၊ ကိုယ့်အလိုသို့မလိုက်ပုံကို ရှုပွားလို့ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ရခဲ့ရင် ကိလေသာ စင်ကြယ်ခြင်းရဲ့အကြောင်းလမ်းစဉ် ဖြစ်တယ်။

အနတ္တလက္ခဏာ ရှုပွားနေကြတဲ့ ရဟန်းတော်ငါးရာတို့အား မြတ်စွာဘုရားက နည်းပေးလမ်းပြ ဟောကြားတော်မူတဲ့အခါ အရှင်မြတ်ကြီးငါးရာ အနတ္တလက္ခဏာကို သိမြင်ပြီး ရှုပွားတော်မူကြတဲ့ အတွက် အာသဝေါကင်းကွာ တဏှာမသန်းပဲ ရဟန္တာစစ်စစ် ဖြစ်တော်မူကြတယ်။

အဲဒီ ရဟန္တစင်စစ် ဖြစ်တော်မူကြတဲ့ ငါးရာသုံးလီ ရဟန်းတော်ပေါင်း (၁၅၀၀)တို့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊ ဤလက္ခဏာ ယာဉ်သုံးရပ်ကိုပဲ ရှုပွားဆင်ခြင် ရုပ်တရား၊ နာမ်တရားတို့လိုပဲ ရှုပွားဆင်ခြင် ရဟန္တာဖြစ်တော်မူခဲ့ကြတယ်။

အားလုံး ကြားဖူးနေကြတဲ့ သဗ္ဗေသင်္ခါရာ အနိစ္စာတိ ဂါထာတော် ပေါ့၊ အနိစ္စာ ဝတသင်္ခါရာ ဥပ္ပါဒဝယဓမ္မိနော အစရှိတဲ့ ဂါထာတော်

http://www.dhammadownload.com



တွေကို အခုလို လက်တွေ့တရားစခန်းဝင် တရားအားထုတ် လုပ်ငန်း ခွင်ဝင် အသုံးချလိုက်တဲ့အခါ-

**"နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာဟောတိ"**

နာမ်ရုပ်ကို ပိုင်းခြားပြီးသိမှ သက္ကာယဒိဋ္ဌိ ပပျောက်နိုင်တယ်။ သက္ကာယဒိဋ္ဌိဆိုတာ ထင်ရှားရှိနေတဲ့ ရုပ်တရား နာမ်တရားတို့အပေါ်မှာ ငါပဲ၊ သူပဲ အယူလွဲပြီး စွဲမှားနေတာပါပဲ။

အဲဒီ သက္ကာယဒိဋ္ဌိ မလွတ်သေးဘူး။ မကွာသေးဘူးဆိုရင် စကြာဝတေးမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းကြီးပင် ဖြစ်စေကာမူ အပါယ် လေးဘုံနဲ့ မဟာမိတ်စာချုပ် ချုပ်ထားသလိုပဲတဲ့။

ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက "ဒိဋ္ဌိသက္ကာ မကွာသမျှ လူတွင်စကြာ နတ်မှာသိကြား မိုးဖျားဗြဟ္မာ ဖြစ်တုံပါလည်း ခန္ဓာပြိုကွဲ ကုသိုလ်စဲက မလွဲပါယ်ရွာ ရောက်မြဲ သာတည်း"။

စကြာမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းကြီးတွေ သက္ကာယဒိဋ္ဌိ မပျောက်သေးရင် ဘယ်လောက်ပဲ စည်းစိမ်တွေ ကြီးကျယ်ခမ်းနား ခံစားနေရပါစေ ခန္ဓာပြိုကွဲ ကုသိုလ်စဲသွားပြီဆိုရင် ငရဲ၊ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန် ဖြစ်နိုင်ပါသေးတယ်။

ဗြဟ္မာမင်းကြီးများ ငရဲစသည်သို့ တောက်လျှောက်လျှောကျတာ မဟုတ်စေကာမူ တစ်ဆင့် တစ်ဆင့်လျှောပြီး ဖြစ်နိုင်ပါတယ်။ ဒါကြောင့် "ငရဲလွတ်မှ လူလိမ္မာ၊ သတ္တဝါချမ်းသာမှ ပညာရှိ"လို့ အဆိုရှိတယ်။

ဒီထက် ပိုပြီးတော့ ဆိုထားတဲ့စကားက-

**ဥက္ခိတ္တာပုညတေဇေန၊ ကာမရူပဂတိံဂတာ။**
**ဘဝဂ္ဂတံပိ သမ္ပတ္တာ၊ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ။**

ကုသိုလ်ကံ ပင့်မြှောက် အထက်ကာမဘုံ၊ ရူပဘုံတွေ အင်မတန် မြင့်ပါပေ့ဆိုတဲ့ ဘုံတွေ ရောက်သွားကြသော်လဲပဲ သက္ကာယဒိဋ္ဌိ မပျောက် သေးလို့ရှိရင် ကုသိုလ်ကံစဲတဲ့အခါ မင်းခယောက်ျား ကမ်းနားသစ်ပင်

http://www.dhammadownload.com



ဆိုသလို ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံဘဝကို ပြန်ပြီးရောက် နိုင်ပါသေးတယ်။

ဒါကြောင့် တစ်ချိန်က သိကြားမင်းကြီးက "အရှင်ဘုရား ရင်ဘတ်လှံစူး ဦးခေါင်းမီးလောင်တဲ့သူများ ရင်ဝလှံစူးတာကို မနှုတ်သေးပဲ၊ ဦးခေါင်းမီးလောင်တာကို မငြိမ်းသေးပဲနဲ့ အာရုံငါးပါး ကာမဂုဏ်တရား တို့ကို စွဲလမ်းတပ်မက်နေတဲ့ ကာမရာဂကိုပယ်ဖို့ရာ ကြိုးစားသင့်ပါတယ်"လို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက-

**သတ္တိယာဝိယ ဩမဋ္ဌော၊ ဒယှမာနေဝ မတ္ထကေ။**

**သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတောဘိက္ခု ပရိဗ္ဗဇေ။**

သိကြားမင်း! ရင်ဝလှံစူးနေသူဟာ လှံကိုမနှုတ်သေးပဲ၊ ဦးခေါင်းမီးလောင်နေသူဟာ ဦးခေါင်းမီးလောင်တာကို မငြိမ်းသေးပဲ ကာမရာဂကို ပယ်ဖို့အားထုတ်ဖို့ထက် အရေးကြီးတာက 'သက္ကာယဒိဋ္ဌိ' ပျောက်အောင် ကြိုးစားဖို့အရေးကြီးတယ်။

သက္ကာယဒိဋ္ဌိကို ပျောက်တဲ့နည်းက ရုပ်နာမ်ကိုပိုင်းခြားသိဖို့ပါပဲ။ ရုပ်နာမ်တို့ရဲ့ အမှတ်တံဆိပ်ကို သိရမယ်။

- အနိစ္စအမှတ်တံဆိပ်
- ဒုက္ခအမှတ်တံဆိပ်
- အနတ္တအမှတ်တံဆိပ်
- ရုပ်နာမ်တို့ရဲ့ မမြဲတဲ့အမှတ်တံဆိပ်
- ရုပ်နာမ်တို့ရဲ့ ဆင်းရဲတဲ့အမှတ်တံဆိပ်
- ရုပ်နာမ်တို့ရဲ့ မစိုးမပိုင်တဲ့အမှတ်တံဆိပ်

ဒါကြောင့် မြတ်စွာဘုရား ဓမ္မစကြာဒေသနာတော်ကြီး ဟောတော်မူတော့ ရုပ်တရား နာမ်တရားတို့ရဲ့ ဒုက္ခလက္ခဏာအမှတ် တံဆိပ်ကို ဦးစားပေးဟောတော်မူပါတယ်။

အနတ္တလက္ခဏာသုတ် ဒေသနာတော်ရောက်တော့ ရုပ်တရား နာမ်တရား ခန္ဓာငါးပါးတို့ရဲ့ အနိစ္စမမြဲတဲ့အမှတ်တံဆိပ်၊ ဒုက္ခဆင်းရဲတဲ့

http://www.dhammadownload.com



အမှတ်တံဆိပ်၊ အနတ္တ မစိုးမပိုင်တဲ့အမှတ်တံဆိပ်ကြီးတွေကို ကြည့်ရှုဖို့ရာ ဝိပဿနာရှုနည်းလမ်း ပေးတော်မူပါတယ်။

လက္ခဏာယာဉ်သုံးပါးလုံးနဲ့ ဝိပဿနာတရား အားထုတ်ဖို့ နည်းလမ်းပေးတော်မူတယ်။ အဲဒီ နည်းလမ်းက မပျောက်သေးဘူး။ မပျောက်သေးတဲ့အတွက် ဘုန်းကြီးတို့ ဒကာ ဒကာမများ အားထုတ်ခွင့် ရနေကြရတယ်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဆိုတာ လူတိုင်းကြားဖူး ကြတာပဲ။

သက္ကာယ= ထင်ရှားရှိနေတဲ့ ရုပ်တရား နာမ်တရားတို့အပေါ် မှာ၊ ဒိဋ္ဌိ= အမြင်မှားတာပဲ။

သားသမင်ဟာ ကျားကို အမိမှတ်သလိုပါပဲ။ ဒါကြောင့်မို့ သက္ကာယဒိဋ္ဌိ ပျောက်သွားမှလဲ သောတာပန်ဖြစ်တာပါပဲ။ သောတာပတ္တိ မဂ်က သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပယ်လိုက်သည်နှင့် တစ်ပြိုင်နက်ထဲ သောတာပတ္တိဖိုလ်ကလဲ ရောက်လာတယ်။ အဲဒီ သောတာပတ္တိဖိုလ်က အင်မတန်တန်ဘိုးကြီးတယ်။

**ပထဗျာဧကေ ရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။**
**သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံဝရံ။**

မြေအပြင်မှာ ဧကရာဇ်မင်းဖြစ်ရတာထက် သောတာပတ္တိဖိုလ် တရားက မြင့်မြတ်တယ်။ နတ်ဘုံနတ်နန်း နတ်စခန်း ရောက်ရသည်ထက် သောတာပတ္တိဖိုလ်တရားက မြင့်မြတ်တယ်။ လောကကြီးတစ်ခုလုံး စိုးအုပ်ရတဲ့မင်းဖြစ်ရသည်ထက် သောတာပတ္တိဖိုလ်က မြင့်မြတ်တယ်။

## သန်းဥလောက်မျှ

အဲဒီ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟာ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ပယ်နိုင်ပြီဆိုရင် သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားတယ်။ အဲဒီ သက္ကာယ ဒိဋ္ဌိကို ပယ်လိုက်သည်နှင့်တစ်ပြိုင်နက်ထဲ မိမိမှာရှိနေတဲ့ အကုသိုလ် ကံတွေ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဘုံဘဝ ရောက်ရှိနိုင်တဲ့

http://www.dhammadownload.com



အပါယဂမနီယ ခေါ်တဲ့ အကုသိုလ်ကံတွေဟာ အကျိုးမပေးတော့ဘူး။ အင်မတန် တန်ဘိုးကြီးပါတယ်။

အဲဒီရောက်မှ အပါယ်တံခါးပိတ်တာပါပဲ။ အပါယ်တံခါးပိတ် သလိုပဲ ကံကြီးငါးပါးလဲ ပိတ်သွားပါပြီ။ ပြီးတော့ ဘာသာလဲမပြောင်း တော့ဘူး။ ဆရာလဲ မပြောင်းတော့ဘူး။ သူများအသက်လဲ မသတ်တော့ ရှေးက သတ်ခဲ့ဖူးရင်လဲ အဲဒီ အကုသိုလ်ကံတွေက အပါယ်ကျအောင် မစွမ်းတော့ဘူး။

ပြောမယ်ဆိုရင် ကမ္ဘာစစ်အတွင်းကဆိုရင် ဂျပိုးတို့၊ သန်းတို့ အင်မတန်ကို ပေါ်များပါတယ်။ ကိုယ့်ရန်သူပဲဆိုပြီး နှိမ်နင်းကြတယ်။ အကယ်၍များ သက္ကာယဒိဋ္ဌိ ပယ်လိုက်ပြီဆိုရင် ဝိပဿနာရှုပွားလို့ သက္ကာယဒိဋ္ဌိ ပယ်လိုက်ပြီဆိုရင် မိမိတို့သန္တာန်မှာ ရှေးအခါက မရေတွက်နိုင်တဲ့ အကုသိုလ်ကံတွေ၊ ယခုဘဝမှာလဲ စကားပီသတဲ့အချိန် ထဲက နားလည်တဲ့အချိန်ကစပြီး ပါဏာတိပါတ အစရှိတဲ့ အကုသိုလ်ကံ တွေဟာ အပါယ်ကျစေနိုင်တဲ့ အပါယဂမနီယ မဖြစ်ပဲနဲ့ လွင့်ပျောက် သွားတယ်။ ဂျပိုးဥလေး ချေပစ်တဲ့အကုသိုလ်ကံလောက်တောင် ကြောက်စရာမရှိတော့ဘူးတဲ့။

ဒါကြောင့် "ရှေးရှေးကမ္ဘာပေါင်းများစွာက ပါပကံများ မဆိုထားနဲ့။ စကားပီသ နားလည်စမှ ပြုကြလေဘိ ယနေ့ထိအောင် သတ်မိပါတ အဒိန္နနှင့် မိစ္ဆာစာရ စသည်ကံတို့ ကိုယ့်ထံအပြည့် ရှိတုံဘိလဲ ဒိဋ္ဌိသက္ကာ ယနေ့ကွာလျှင် ပါယ်ရွာကျမှု ကိုယ့်ခေါင်းစုသည့် သန်းဥ လောက်မျှ မကြောက်ရရှင့် ရှေးကထိုထို အကုသိုလ်တို့ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တာကြောင့် သူငါသမုတ် သီကြိုးပြုတ်သော် ငါလုပ်တာလဲ မဟုတ်ပဲဟု ပေါ်ဆဲရုပ်နာမ် ပစ္စက္ခံကို ဖန်ဖန်ဖြစ်ပျက် ရှုကြကုန်"။

ရှေးရှေးကမ္ဘာတွေက ပြုလာခဲ့တဲ့ အကုသိုလ်ကံတွေ တပုံတပင်ကြီး ရှိနေသော်လဲပဲ အဲဒီ အကုသိုလ်ကံတွေကို မဆိုထားနဲ့ စကားပီသ နားလည်စအချိန်ကစပြီး ပါဏာတိပါတ၊ အဒိန္နာဒါန၊

http://www.dhammadownload.com



မိစ္ဆာစာရ အစရှိတဲ့ အကုသိုလ်ကံတွေ ကိုယ့်ထံမှာအပြည့်ရှိနေပါသော်လဲ ယနေ့ သက္ကာယဒိဋ္ဌိ ကွာရင် အပါယ်ကျမှုနဲ့ ပတ်သက်ပြီးတော့ ကိုယ့်ခေါင်းမှာစုနေတဲ့ သန်းဥလေးလောက်တောင်မှ မကြောက်ရတော့ဘူး။

ရှေးရှေးကပြုခဲ့တဲ့ အကုသိုလ်တွေကလဲ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး။ သူပဲ ငါပဲ အစွဲပြုတ် အသိနဲ့ဖြုတ်ချင်ရင် ပေါ်ဆဲရုပ်နာမ်ကို ပစ္စုပ္ပန် တည့်တည့် ရှုမှတ်ပွားများကြပါ။

တရားနိဂုံးအနေနဲ့ "ရှေးရှေးကမ္ဘာပေါင်းများစွာက ပါပကံများ မဆိုထားနဲ့။ စကားပီသ နားလည်စမှ ပြုကြလေဘိ ယနေ့ထိအောင် သတ်မိပါတ အဒိန္နနှင့် မိစ္ဆာစာရံ စသည်ကံတို့ ကိုယ့်ထံအပြည့် ရှိတုံဘိလည်း ဒိဋ္ဌိသက္ကာ ယနေ့ကွာလျှင် ပါယ်ရွာကျမှု ကိုယ့်ခေါင်းစုသည့် သန်းဥလောက်မျှ မကြောက်ရရှင့် ရှေးကထိုထို အကုသိုလ်တို့ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တာကြောင့် သူငါသမုတ် သီကြိုးပြုတ်သော် ငါလုပ်တာပဲ မဟုတ်ပဲဟု ပေါ်ဆဲရုပ်နာမ် ပစ္စက္ခံကို ဖန်ဖန်ဖြစ်ပျက် ရှုကြကုန်ရာ သတည်း"။

သာဓု - သာဓု - သာဓု

F.19.A

http://www.dhammadownload.com



## အောင်ပွဲ

ယနေ့ သာသနာနှစ် ၂၅၄၈ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခု၊ ပြာသိုလပြည့်ကျော် (၈)ရက်။

အကြိမ် (၈၀) လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ အောင်မြင်ပြီးမြောက်တဲ့နေ့။

သာသနာ့ဖြစ်စဉ်၊ သာသနာ့သမိုင်း ပြန်ကြည့်လိုက်တဲ့အခါ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ရှင်ဗာကုလသည် အသက် (၈၀)ရှိမှ ရဟန်းပြုပါတယ်။ ရဟန်းပြုပြီး ရှစ်ရက်မြောက်အရုဏ်တက်ချိန် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူပါတယ်။ ဓမ္မသဝအမည်ရတဲ့ ရဟန္တာ၏ ဖခင်ပုဏ္ဏားကြီးဆိုရင် အသက် (၁၂၀)ရှိမှ ရဟန်းပြုပြီး မကြာခင်ပဲ ရဟန္တာဖြစ်ပါတယ်။ ရာဓပုဏ္ဏားဆိုတာ အသက် (၁၀၀)ပတ်ဝန်းကျင်မှာ ရဟန်းပြုပြီး အရှင်သာရိပုတ္တရာ၏ အဆုံးအမကို သေသေချာချာ လိုက်နာကျင့်သုံးသဖြင့် နှစ်ရက်၊ သုံးရက်နဲ့ ရဟန္တာဖြစ်ခဲ့ပါတယ်။

အာသဝေါတရားလေးပါးတို့နဲ့ ပတ်သက်ပြီး သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါးကိစ္စ အပိုင်ရခဲ့ကြပြီ။ အာသဝက္ခယဉာဏ်ရတဲ့အကြောင်းဥဒါန်းကျူးရင့်ဖူးတာ ရှိပါတယ်။ မိမိတို့ အသက် (၇၀) (၈၀)ပင်ရှိကြသော်လဲ အဲဒီ မထေရ်ကြီးတို့ကို အားကျပြီးတော့ အားထုတ်ခဲ့ကြတယ်။

အဲဒီလို အားထုတ်ခဲ့ကြတဲ့အတွက် 'ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်'ဆိုတဲ့အတိုင်း သမ္မသနဉာဏ်ကစပြီး ခန္ဓာ အာယတန ဓာတ်တရားတို့ကို အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခယာဉ်နဲ့ ရှုမြင်ခဲ့ကြတယ်။ ရှေးကပုဂ္ဂိုလ်တွေလဲ ဒီလိုရှုမြင်ပြီးတော့ အာသဝက္ခယဉာဏ် ရကြတယ်။

အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဒီစကားလုံးဟာ ပိဋကတ်သုံးပုံမှာ အနှစ်သာရဖြစ်ပြီး နေသလို ဗုဒ္ဓဘာသာများရဲ့ နှုတ်ဖျားမှာလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဒီစကားလုံးဟာ အင်မတန်ထင်ရှားတဲ့ စကားလုံး၊

F.19.E

http://www.dhammadownload.com



နှုတ်ဖျားမှာ အင်မတန် ရေပန်းစားတဲ့စကားလုံး ဆိုရင်လဲ မမှားပါဘူး။

သို့သော်လဲပဲ အနိစ္စလက္ခဏာဆိုတာ မမြဲတဲ့အမှတ်တံဆိပ်၊ သင်္ခတဖြစ်တဲ့ ရုပ်တရား နာမ်တရားတိုင်းမှာ အမှတ်တံဆိပ်ချင်း တူကြပါတယ်။

ပထဝီဆိုတဲ့ ရုပ်တရားမှာ အမှတ်တံဆိပ်နဲ့ အာပေါဆိုတဲ့ ရုပ်တရားမှာ အမှတ်တံဆိပ် တူတယ်။

ဝေဒနာမှာရှိတဲ့ အမှတ်တံဆိပ်နဲ့ သညာမှာရှိတဲ့ အမှတ်တံဆိပ် အတူတူပါပဲ။ ဘာတံဆိပ်တွေတူသလဲဆိုတော့ အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်နဲ့ အနတ္တအမှတ်တံဆိပ် အတူတူပဲ။ တရားတွေ အားလုံးတံဆိပ်တူကြတယ်။

**သန္တတိဖုံးလွှမ်း**

သို့သော်လဲ အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တ အမှတ်တံဆိပ်တွေဟာ တကယ်တမ်းကျတော့ တော်တော်များများ အင်နဲ့အားနဲ့ ရှုပွားနိုင်မှ ပေါ်လွင်ပါတယ်၊ သိမြင်ပါတယ်။

ဘာကြောင့်လဲဆိုရင် အနိစ္စအမှတ်တံဆိပ်မှာ သန္တတိ ဖုံးလွှမ်း တဲ့အတွက် အနိစ္စလက္ခဏာ ထင်နိုင်ခဲတယ်။ အနိစ္စလက္ခဏာကို သန္တတိ ဖုံးလွှမ်းသွားတယ်။ သန္တတိဆိုတာ အမျှင်မပြတ်တာ။ ရုပ်အစဉ် နာမ်အစဉ်ကြီးမပြတ်တာ။

"အမျှင်မပြတ် ပညတ်၊ အမျှင်ပြတ်မှ ပရမတ်"။

အပိုင်းအပိုင်း၊ အပိုင်းအပိုင်း သူ့အပိုင်းလေးနဲ့သူ။ မိမိတို့သန္တာန် မှာ ထွက်လေဝင်လေ ဖြစ်ပေါ်တယ်၊ ပျက်သွားတယ်။ သူ့အပိုင်းလေး နဲ့သူ။ အပိုင်းပိုင်းပြတ်ပြီးတော့ မြင်မှ ပရမတ်ကို မြင်ရာရောက်တယ်။ ပညတ်ကတော့ အပိုင်းအပိုင်း မပြတ်ဘူး။ သန္တတိ အမျှင်မပြတ်ဘူး။ ရှေ့ရုပ်အစဉ်နဲ့ နောက်ရုပ်အစဉ် မပြတ်ဘူး။ အဲဒါ သန္တတိ၊ အဲဒီတော့ မြဲသလိုပဲ ထင်ကြရတယ်။

http://www.dhammadownload.com



ယောဂီတို့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စိတ်ဆိုကြပါစို့။ စိတ်, စိတ်, စိတ်၊ ဝေဒနာ, ဝေဒနာ, ဝေဒနာ ခံစားချက်။

စားနေတဲ့အခါမှာ စားသိစိတ်ကလေးဟာ ရှေ့နဲ့နောက်နဲ့ အစဉ်မပြတ်သလို ဖြစ်နေတယ်။ သန္တတိက ဖုံးလွှမ်းနေတော့ အနိစ္စ မမြဲတဲ့လက္ခဏာ မြင်နိုင်ခဲတယ်။

ဆွမ်းဘုဉ်းပေးနေတဲ့အခါ၊ အစာစားနေတဲ့အခါ ဖြစ်တာကို မြင်နိုင်ခဲတယ်။ သာမန်ပုဂ္ဂိုလ်များ သတိတောင်မပြုမိဘူး။ ယောဂီ သူတော်စင်များကတော့ (၇)ရက်တာ ကာလအတွင်း မိမိတို့ သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ရုပ်၊ ဖြစ်ပေါ်လာတဲ့နာမ်၊ သူ့ကို အကဲခတ် ပြီးတော့ သူ့ရဲ့အမှတ်တံဆိပ်ကို မြင်အောင် အားထုတ်ခဲ့ကြတယ်။ ကမ္ဘာ့လူထုကြီး အများစုက မြင်ဖို့လဲ မကြိုးစားဘူး။ ဒီလို ရှုရကြည့်ရပါတယ်လို့ မြတ်စွာ ဘုရားကပေးတဲ့ နည်းနိဿယလဲ မရကြဘူး။

**"ခုဖြစ်ခုပျက် မမြဲချက်ကို စိတ်စက်ရှေးရှု စဉ်းစားမှုမျှ မပြုကြချေ"**။

အခုဖြစ်ပြီးတော့ အခုပဲ ပျက်သွားတဲ့ မမြဲတဲ့အချက်ကို စိတ်စက် ရှေးရှု ဉာဏ်ရှေ့သွားမှုလေးတောင်မှ မပြုနိုင်ကြဘူး။

**"ပြုမိကလဲ ကျနကွင်းကွင်း မထင်လင်းအောင် အလင်း ကွယ်ဘိ သန္တတိကြောင့်"**။

အခုဖြစ်ပြီး အခုပျက်တဲ့ မမြဲတဲ့သဘောကို ဉာဏ်စေစားမှုလေး တောင် မပြုနိုင်ကြဘူး။ ပြုနိုင်သော်လဲ အစဉ်မပြတ်တဲ့အတွက် အမျှင် မပြတ်တဲ့အတွက်ကြောင့် သန္တတိဖုံးကွယ်နေမှုကြောင့် အနိစ္စလက္ခဏာ မထင်နိုင်ဘူး။

**"ရှိသည့်လက္ခဏာ အနိစ္စာ ဉာဏ်မှာမထင်ပေ"**။

F.19.CB

http://www.dhammadownload.com



**ဣရိယာပုထ်ကဖုံးလွှမ်း**

ဉာဏ်မှာ ထင်ခဲ့တယ်၊ ဉာဏ်မှာ။ အလားတူပဲ ဒုက္ခလက္ခဏာ၊ ဒုက္ခအမှတ်တံဆိပ်၊ သင်္ခါရတရားတို့ရဲ့ ဒုက္ခအမှတ်တံဆိပ်၊ ရုပ်တံဆိပ်နဲ့ နာမ်တံဆိပ်။ ဒီနေရာမှာ ဒုက္ခလက္ခဏာ ရှိတာချင်းအတူတူ ဒီနေရာမှာ-

"ဖြစ်ပျက်နှစ်ရပ် မြဲနှိပ်ကွပ်လျှက် ဒဏ်ခတ်နေမှု ဒုက္ခစုကို မရှုမိကြ ရှုမိကလဲ ကျနကွင်းကွင်း မထင်လင်းအောင် အလင်းကွယ်ဘိ ယာဣရိကြောင့် ရှိသည့်လက္ခဏာ ဒုက္ခတာ ဉာဏ်မှာမထင်ပေ။

ဖြစ်ပျက်နှစ်မျိုးနဲ့ နှိပ်စက်နေတဲ့ ဒုက္ခအမှတ်တံဆိပ်ကို ရှုမိတဲ့ ပုဂ္ဂိုလ်ကလဲ ရှားတယ်။ အကယ်၍ ရှုမိပြန်တော့လဲပဲ ကွက်ကွက် ကွင်းကွင်း မြင်နိုင်ဖို့ကလဲ ခက်တယ်။

ဘာကြောင့်လဲဆိုရင် ဒုက္ခလက္ခဏာကို ဣရိယာပုတ်က ဖုံးလွှမ်း ထားတယ်။ ဘုန်းကြီးတို့ ပကတိအခါမှာ ထိုင်ရတာ ညောင်းတယ်ဆိုရင် လမ်းလေးလျှောက်လိုက်တဲ့အခါ ဣရိယာပုတ် ပြောင်းလိုက်တဲ့အတွက် သက်သာသလို ရှိတယ်။

ဘယ်ဘက်စောင်းအိပ်ရတာ ပူလာတယ်၊ ကျင်လာတယ်ဆိုရင် ညာဘက်စောင်းအိပ်လိုက်တာနဲ့ သက်သာသွားတယ်။ ဒုက္ခလက္ခဏာကို ကုစားတဲ့နည်းက ရှိနေသလိုပဲ။

အဲဒါကြောင့် အနိစ္စလက္ခဏာ မမြင်သလို ဒုက္ခလက္ခဏာ မြင်ဖို့ရာ ခက်တယ်။ ဒုက္ခလက္ခဏာကို 'သွား၊ ရပ်၊ ထိုင်၊ လျောင်း'ဆိုတဲ့ ဣရိယာပုတ်လေးပါးက ဖုံးလွှမ်းနေလို့ မမြင်နိုင်ဘူး။

'ဖြစ်ပျက်နှစ်ရပ် မြဲနှိပ်ကွပ်လျှက် ဒဏ်ခတ်နေမှု ဒုက္ခစုကို မရှုမိကြ ရှုမိကလဲ ကျနကွင်းကွင်း မထင်လင်းအောင် အလင်းကွယ်ဘိ ယာဣရိကြောင့် ရှိသည့်လက္ခဏာ ဒုက္ခတာ ဉာဏ်မှာမထင်ပေ'။

ဒုက္ခလက္ခဏာလဲ ဉာဏ်မှာထင်ခဲ့တယ်။ ယောဂီသူတော်စင်များ ဣရိယာပုတ်နဲ့ ကုစားလို့ရနေတဲ့ ဒုက္ခအမှတ်တဆိပ်ကို ထိန်းသိမ်းပြီး ထိုက်တန်သလောက် ရှုပွားပြီးမြင်ခဲ့ကြပြီ။

http://www.dhammadownload.com



**ဃနဖုံး**

နောက်အမှတ်တံဆိပ်က အနတ္တအမှတ်တံဆိပ်၊ ကိုယ့်အလို အတိုင်းမလိုက်တဲ့ အမှတ်တံဆိပ်ကို ရှုကြ။

'စက္ခုစသည် အလီလီဟု ကိုယ်စီသတ်မှတ် သီးခြားဓာတ်တို့ ပေါင်းစပ်နေငြား ဆိုင်ရာများမှ ခွဲခြားသမှု မရှုမိကြ'။

မိမိတို့ ခန္ဓာကိုယ်မှာ ဖြစ်ပြီးတော့နေတဲ့ စက္ခုဓာတ်၊ သောတဓာတ် စသည့်ဓာတ်တွေ အသီးအသီးရှိတယ်။ အဲလို ဓာတ်အသီးသီး ပေါင်းစပ်နေတဲ့ ခန္ဓာကိုယ်ထဲကနေ ခွဲခြားစိတ်ဖြာပြီးတော့ ဒါက စက္ခုဓာတ်၊ ဒါက သောတဓာတ်၊ ဒါက ပထဝီ၊ ဒါက အာပေါ၊ ဒါက တေဇော၊ ဒါက ဝါယောလို့ ရှုမိခဲ့ကြတယ်။

သိပ္ပံပညာရှင်တွေက မြေ၊ ရေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါးကို လောကအကျိုးများအောင် ဆိုပြီးတော့ စမ်းသပ်ကြ၊ ဉာဏ်ကစားကြတယ်။

ယောဂီသူတော်စင်များကျတော့ လောကအသုံးချဖို့ မဟုတ်ပဲနဲ့ ပရမတ္ထသဘာဝတို့ရဲ့ ပေါင်းစပ်နေမှုကို တစ်ခုချင်းလေး တစ်ခုချင်းလေး ခွဲခြားစိတ်ဖြာပြီးတော့ ရှုကြတယ်။ အဲလို ရှုကြသော်လဲပဲ-

"ရှုမိကလည်း ကျနကွင်းကွင်း မထင်လင်းအောင် အလင်းကွယ်ဝှက် တစ်ခဲနက်ကြောင့်" အလုံးအခဲကြီးတွေက ဖုံးကွယ်ထားတဲ့ အတွက် အနတ္တလက္ခဏာ မြင်ဖို့လဲခက်တယ်။ အနတ္တလက္ခဏာကို ဃနဖုံးလွှမ်းသည်။

ဃန ဆိုတာ အစိုင်အခဲ၊ အဲဒါကြောင့် အနတ္တလက္ခဏာ ထင်ခဲတယ်။ ထိုက်တန်သလောက် မြင်အောင် ထင်အောင် ရုပ်တရား နာမ်တရားတို့ရဲ့ အမှတ်တံဆိပ်ကို ရှုကြည့်ခဲ့ကြပြီ။

**"စက္ခုစသည် အလီလီတို့ ကိုယ်စီသတ်မှတ် သီးခြားဓာတ်တို့ ပေါင်းစပ်နေငြား ဆိုင်ရာများမှ ခွဲခြားသမှု မရှုမိကြ၊ ရှုမိကလည်း ကျနကွင်းကွင်း မထင်လင်းအောင် အလင်း**

http://www.dhammadownload.com



**ကွယ်ဝှက် တစ်ခဲနက်ကြောင့် သက်မဲ့လက္ခဏာ အနတ္တာဉာဏ်မှာ မထင်ပေ"။**

အနိစ္စလက္ခဏာ ထင်ဖို့ခက်တယ်။ ဒုက္ခလက္ခဏာ ထင်ဖို့ ခက်တယ်။ အနတ္တလက္ခဏာ ထင်ဖို့ခက်တယ်။

သာသနာတွင်းကာလမှာ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကို မြင်အောင် ထင်အောင် ရှုကြည့်တဲ့နည်းတွေကို မြတ်စွာဘုရားက ပေးသနားတော်မူခဲ့လို့ ထိုက်တန်သလောက် မြင်နိုင် ထင်နိုင်ကြတယ်။

အဲဒီ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ သုံးရပ်မှာ အနိစ္စလက္ခဏာနဲ့ ဒုက္ခလက္ခဏာ ထိုက်တန်သလောက် ပေါ်လွင်တယ်၊ ထင်ရှားတယ်။

အနတ္တလက္ခဏာကတော့ သိပိုခက်တယ်။ ဘုရားသာသနာ တွင်းမှာသာ အနတ္တလက္ခဏာကို သိကြရတယ်။

တစ်ခါတစ်ရံကျတော့ အနိစ္စလက္ခဏာနဲ့ ပတ်သက်လို့ အိုးတစ်လုံး မ,သွားတယ်။ ရေအိုးတစ်လုံး ရွက်ပြီးတော့သွားတယ်။ ပြုံးဆို ရေအိုးကျကွဲသွားတဲ့အခါ "အနိစ္စ"ပဲလို့ ရေအိုးကွဲတာကို အကြောင်းပြု ပြီးတော့ မိမိခန္ဓာကိုယ်မှာ သတိချပ်လိုက်လို့ရှိရင် ထိုက်တန်သလောက် သိနိုင်ကြတယ်။

တစ်ခါတစ်ရံ ဆောင်းရာသီအေးတဲ့အချိန်လေး ခြေထောက်နဲ့ ကျောက်ခဲတိုက်မိလို့ သို့မဟုတ် ဆူးစူးလို့ 'ဟာ-ဒုက္ခ'ဆိုတဲ့ ဒုက္ခသဘော ဟာလဲ ထင်ရှားလာတတ်တယ်။

သာသနာပအခါမှာလဲ အနိစ္စလက္ခဏာနဲ့ ဒုက္ခလက္ခဏာဟာ ထင်ရှားတတ်တယ်။ အနတ္တလက္ခဏာကျတော့ ဒီသဗ္ဗညုတရားတို့ရဲ့ အပေါင်းအစုကြီးထဲကနေပြီး တစ်ခုချင်းလေး တစ်ခုချင်းလေး ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်လို့ တစ်ခုချင်းလေး ခွဲထုတ် ပြီး သိနိုင် မြင်နိုင်ဖို့ ခက်တယ်။

http://www.dhammadownload.com



ဒါကြောင့် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ မြင်ရုံနဲ့ အပြီးမသတ်သေးဘူး။ အနတ္တလက္ခဏာမြင်တဲ့အခါကျမှ အပြီးသတ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက အနတ္တလက္ခဏ သုတ္တန်ဒေသနာတော်ကြီးကို "ဒုတိယသုတ္တန် သံသရာနှုတ်ခမ်းသပ် အချောကိုင် ဒေသနာတော်မြတ်ကြီးအဖြစ်နဲ့" ဟောကြားတော်မူတာပါ။

ကမ္ဘာ့လူထုကြီး၊ ကမ္ဘာ့သတ္တဝါတွေ၊ (၃၁)ဘုံသားတွေအနေနဲ့ စဉ်းစားမယ်ဆိုရင် သတ္တဝါတွေဟာ အင်မတန်များပြားသော်လည်း ဗုဒ္ဓဘာသာများရဲ့ နှုတ်ဖျားမှာ နှုတ်တက်ပြီးတော့နေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ အချက်အလက်တွေ မြင်ဖို့ ထင်ဖို့လဲ ခက်တယ်။ ဒီလို အာရုံပြုရမယ်။ ဒီလို အားထုတ်ရမယ်လို့ သိဖို့ခက်ပါတယ်။

## လူ

**လောဘာဒီဟိစ အလောဘာဒီဟိစ သဟိတဿ**
**မနဿ ဥဿန္နတာယ မနုဿော။**

ဘာကြောင့်လူလို့ ခေါ်သလဲဆိုရင် လောဘစိတ်၊ အလောဘစိတ်၊ ဒေါသစိတ်၊ အဒေါသစိတ်၊ မောဟစိတ်၊ အမောဟစိတ် အစရှိသည်တို့နဲ့ တကွဖြစ်တဲ့ စိတ်များပြားတဲ့အတွက် ကြောင့် လူလို့ခေါ်ရတယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် '**ကုသလာ ကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿော**'= ကုသိုလ် အကုသိုလ်တရားတို့ကို သိတတ်သောကြောင့် လူ။

တစ်မျိုးအားဖြင့် '**ကာရဏာ ကာရဏံ မနတိ ဇာနာတီတိ မနုဿော**'= အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်သောကြောင့် လူ။

တစ်ဖုံအားဖြင့် '**အတ္ထာနတ္ထံ မနတိ ဇာနာတီတိ မနုဿော**'= အကျိုးရှိ၊ မရှိကို သိတတ်သောကြောင့် လူ။

http://www.dhammadownload.com



လူရဲ့ ဗျူပွတ်ကို အဲဒီလိုထုတ်ပြီးတော့ ထားကြတယ်။ အဲဒီလို ထုတ်ပြီးထားတော့ လူဆိုတဲ့စကားအတိုင်း 'တလူလူတက်နေတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။ မလူမတက်တဲ့ပုဂ္ဂိုလ်တွေလည်း အများကြီး ရှိတယ်'။

အဲဒီလူကို လေးမျိုးလောက် ခွဲခြားပြီးတော့ ကြည့်မယ်ဆိုရင်-

(၁) နိရယလူသား = ငရဲသားလိုပဲ။

(၂) တိရစ္ဆာနလူသား = တိရစ္ဆာန်လိုပဲ (စားရုံ၊ အိပ်ရုံပဲသိ)။

(၃) ပေတလူသား = ပြိတ္တာလိုပဲ၊ လူလို့သာ ပြောရတယ်။ စားသောက်ဝတ်ရုံ လုံးစုံကင်းပတဲ့ လူသားမျိုးက ပေတလူသား။

(၄) ပရမတ္ထလူသား = သာမန်လူတွေသိနေတဲ့ အသိဉာဏ်တွေထက် မြင့်မြတ်တဲ့ရုပ်တရား နာမ်တရားတို့ရဲ့ အခြေအနေကို သိနိုင် မြင်နိုင်တဲ့ လူသားမျိုး။

ပရမတ္ထလူသားမျိုးဖြစ်အောင် ယောဂီသူတော်စင်များ ရှုပွားနေကြတာ။ ပရမတ္ထလူသားဖြစ်အောင် ကြိုးစားနေကြတာ။ ဒါကြောင့်-

**လူနေလူစား လူသွားလူလာ**
**လူကြံလူကျင့် လူနှင့်တူပါ။**

တကယ့်လူက စောစောကပြောသလို ကုသိုလ်၊ အကုသိုလ်တရား သိတဲ့လူ။ အကျိုးအကြောင်း အဆိုးအကောင်းကို သိနိုင်တဲ့လူ။

**လူနေလူစား လူသွားလူလာ**

ဒီရက်သတ္တပတ်အတွင်းမှာ အခါတိုင်းနေတာနဲ့ မတူဘူး။ တကယ့် ပရမတ္ထလူသားဖြစ်အောင် ကြိုးစားခဲ့ကြတယ်။

**လူနေလူစား လူသွားလူလာ၊**
**လူကြံလူကျင့် လူနှင့်တူပါ၊**

http://www.dhammadownload.com



**လူလိုစိတ်ထား ထိပ်ဖျားလူသာ၊**
**လူ့အခွင့် ရလင့်မြတ်ချမ်းသာ။**

ကုသိုလ်၊ အကုသိုလ်တရားတွေကို သိတဲ့လူ၊ ယောဂီသူတော်စင်များ အခုအားထုတ်ခဲ့ကြပြီ။ ကုသိုလ်ကဘယ်လို၊ အကုသိုလ်ကဘယ်သို့ အနိစ္စ ဒုက္ခ အနတ္တတရားတို့ရဲ့ အမှတ်တံဆိပ်က ဘယ်ဟာလို့ သိခဲ့ကြတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင်-

(၁) အန္ဓပုထုဇဉ်လူသား
(၂) ကလျာဏပုထုဇဉ်လူသား
(၃) စူဠသောတာပန်လူသား
(၄) အရိယာလူသား   လို့ (၄)မျိုး။

**အန္ဓပုထုဇဉ်လူသား။** ခန္ဓာ အာယတန ဓာတ် သစ္စာ (တစ်နည်း) ရုပ်တရား နာမ်တရားတွေ ဘာမှမသိ။

**ကလျာဏပုထုဇဉ်လူသား။** ရုပ်တရား နာမ်တရားတွေကို သိတယ်။ ခန္ဓာ အာယတန ဓာတ် သစ္စာတရားတွေကို သင်တယ်၊ သိတယ်၊ ဟောတယ်၊ နာတယ်၊ အားထုတ်တယ်။

**စူဠသောတာပန်လူသား။** သီလစင်ကြယ်တယ်၊ အယူစင်ကြယ်တယ်၊ စိတ်တည်ငြိမ်တယ်၊ ယုံမှားသံသယတွေ ကင်းတယ်။ အဲဒီပုဂ္ဂိုလ်ကို စူဠသောတာပန်၊ စူဠသောတာပန်လူသားကျတော့ သာမန်လူသားတွေနဲ့ မတူဘူး။ ပုထုဇဉ်ဖြစ်သော်လဲ မြင့်လာတယ်။

**ဝိသုဒ္ဓသီလ စိတ္တေဟိ၊ ကင်္ခါဝိတရဏ ဉာဏိကော။**
**စူဠသောတာပန္နောနာမ၊ တဒတ္ထံ ဝါယမေတတော။**

ဝိသုဒ္ဓသီလ စိတ္တေဟိ= ညစ်ကြေးမထင် လွန်သန့်စင်သည့် လေးအင်သီလ သမထကြောင့် တောက်ပလျှံဖိတ် စင်ကြယ်သောစိတ်တို့နှင့်တကွ ယောဂီသူတော်စင်များ တရားအာရုံယူပြီး လပြည့်နေ့ကစပြီး တရားအာရုံယူ၊ ပထမဆုံး သီလဆောက်တည်ကြတယ်။ သီလစင်ကြယ်မှုလဲ ရှိခဲ့ကြပြီ။ သီလဆောက်တည်ပြီး သမထကြောင့် စိတ်တွေဟာ

http://www.dhammadownload.com



စင်ကြယ်ပြီး လာခဲ့တယ်။

ဝိသုဒ္ဓသီလ စိတ္တေဟိ= ညစ်ကြေးမထင် လွန်သန့်စင်သည့် လေးအင်သီလ သမထနှင့် တောက်ပလျှံဖိတ် စင်ကြယ်သောစိတ်တို့နှင့် တကွ၊ ကင်္ခါရဝိတရဏဉာဏ်ကောဓ ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်ခွာနိုင်ဘိ ဝိသုဒ္ဓိဉာဏ် အမြင်သန်သော ယောဂီသည် ယုံမှားသံသယကင်းပြီး ရုပ်တရား နာမ်တရားတွေကို ပိုင်းခြားပြီးသိနိုင်တဲ့ အမြင်မှန်ရှိတဲ့ ယောဂီ သူတော်စင်ဟာ စူဠသောတာပန္နောနာမ သောတာပန်ဖြစ် ပုဂ္ဂိုလ်စစ်နှင့် စနစ်တူတန် စူဠမှန်သည့် သောတာပန်မှန်ပေပြီ။

အဲဒီပုဂ္ဂိုလ်ဟာ သီလလဲစင်ကြယ်တယ်၊ ယုံမှားသံသယလဲ ကင်းစင်တယ်၊ ရုပ်တရား, နာမ်တရားတို့ကို ပိုင်းခြားပြီးတော့သိတယ်။ ရုပ်တရား, နာမ်တရားတို့ဟာ ပြဟ္မာကြီးတွေ ဖန်ဆင်းတာမဟုတ်ဘူး။ အကျိုးတွေရှိတယ်။ အကြောင်းတွေရှိတယ်လို့ အမြင်မှန်ရှိတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ စူဠသောတာပန် တကယ့်သောတာပန်ကြီးနဲ့ တူတယ်။

စူဠသောတာပန္နောနာမ= သောတာပန်ဖြစ် ပုဂ္ဂိုလ်စစ်နှင့် စနစ်တူတန် စူဠမှန်သည့် သောတာပန် မှန်ပေပြီ။ တတော= ထို့ကြောင့်၊ တဒတ္ထံ= စူဠသောတာ ဖြစ်လို့ငှာလျှင် ကင်္ခါလွန်မြောက် ဝိသုဒ္ဓိရောက်ဖို့ အကျိုးငှာ၊ ဝါယမေ= အချိန်ကောင်းဆဲ အားကုန်လွှဲ၍ တစ်ပွဲတစ်လမ်း လွန်ကြိုးပမ်းရင်း အားထုတ်နှင့်လေရာသတည်း။

သာဓု - သာဓု - သာဓု

ရှေးရှေးသူတော်စင်ကြီးတွေက စူဠသောတာပန်ဖြစ်အောင် ကြိုးပမ်းဖို့ရာ တိုက်တွန်းပြီးထားခဲ့ကြတယ်။ စူဠသောတာပန်ကနေ ဉာဏ်စဉ်အဆင့်ဆင့် တက်သွားပြီးတော့ အရိယလူသား။ အရိယလူသား ကတော့-

- ဗုဒ္ဓဘုရား တည်းဟူသော အရိယာလူသား
- ရှင်ပစ္စေကဗုဒ္ဓါ

http://www.dhammadownload.com



ဘုရားရှင် ဟောကြားတော်မူတဲ့ တရားတွေကို အလျော်သိပြီးတော့ သိနေကြတဲ့ အနုဗုဒ္ဓ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကဆိုတဲ့ အရိယလူသားတွေအားလုံး။

ဗုဒ္ဓ ဗုဒ္ဓဖြစ်တော်မူသော ဗုဒ္ဓရဲ့ သာသနာတော်မှာ ယခုလို တရားအားထုတ်ပြီးတော့ ဝိပဿနာအားထုတ်ပြီးတော့ တပည့်ခံနေရခြင်းဟာ အင်မတန်မှန်တယ်။

ဗုဒ္ဓဘုရားရဲ့ နည်းနာနိဿယအတိုင်း လက်ဆင့်ကမ်းအားထုတ်ပြီးတော့ အစဉ်အဆက်အားဖြင့် လာရှိတဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယ ဩဝါဒခံယူပြီး ယခုလို အားထုတ်ပြီးနေရခြင်းဟာ အင်မတန်ကံကောင်းတယ်။

အရှင်သာရိပုတ္တရာ မိန့်ကြားတာလို့ တပည့်တော်ဟာ မြတ်စွာဘုရားရဲ့ တပည့်သား သာဝကအဖြစ်နဲ့ ရဟန်းဝတ်ရခြင်းဟာ တပည့်တော် အရတော်ပါစွဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားသလိုပဲ။ မြတ်စွာဘုရားရဲ့ အေးရိပ်အောက်မှာ ဘုန်းကြီးတို့ ယောဂီတို့ အားလုံးဟာ အရတော်တယ်။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ကြိုးစားအားထုတ်ရခြင်းသည် တို့ဘဝ အရတော်လေစွ။

**သယံဗုဒ္ဓေါ သမ္ဗောဓေသိ၊ ဓမ္မေပိ ဓမ္မသတ္တိယော။**
**အဟောနော တဿသုတတ္တံ၊ အဟောနော ဓမ္မစိန္တနံ။**

ယောဇိနော= မကိုင်မှရောင်လျှံ ဥဩျောင်ပျံတယ် အောင်လံစွင့်စွင့် လွင့်တလူလူ အကြင်အောင်တော်မူ မြတ်စွာဘုရားသည်၊ ဓမ္မေပိ= ရှေ့နောက်ဆက်လျှက် စဉ်တိုင်းပျက်၍ ဆက်ဆက်မနှော တရားသဘောတို့ကိုလည်းကောင်း၊ ဓမ္မသတ္တိယောပိ= တရားတိုင်း၏ ဓာတ်ခံပြည့်လျှက် သတ္တိအင်အား စွမ်းပကားတို့ကိုလည်းကောင်း၊ သယံဗုဒ္ဓေါ= ဗောဓိမဏ္ဍိုင် ခန်းဝါမြိုင်ဝယ် ကိုယ်တိုင်စထွင် သိမြင်တော်မူခဲ့သည်ဖြစ်၍၊

http://www.dhammadownload.com



သမ္မောခေသိ= သိတန်သမျှ ဝေနေယျကို မြွက်ဟလှစ်ဖော် သိစေတော်မူခဲ့လေပြီ။ တဿ ဇိနဿ= မကိုင်မှုရောင်လျှံ ဥသျှောင်ပျံ့ဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ အောင်တော်မူ ထိုမြတ်စွာဘုရား၏၊ သုတတ္တံ= တရားဓမ္မ ဩဝါဒကို ကြားရရှင်ပျော် သားတော် သမီးတော် ဖြစ်နေကြရခြင်းသည်၊ အဟောနော= ကိုယ့်တွက်ကိုယ့်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ်မှာခုနှယ် သြော် အားရဖွယ်ကြီးပါတကား။

ဓမ္မစိန္တနံ= ရှေ့နောက်ဆက်လျှက် စဉ်တိုင်းပျက်၍ ဆက်ဆက်မနှော တရားသဘောတို့ကို ကြံစည်တွေးတော အားထုတ်၍နေရခြင်းသည်၊ အဟောနော= ကိုယ့်သန္တာန်တွင်း ဉာဏ်ရောင်လင်း၍ ရှင်းကာရှင်းကာ ပေါ်ထွန်းလာသဖြင့် သြော်- အားရကျေနပ်စရာကြီးပါတကား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဇဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတဓရ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**(၈၁)ကြိမ်မြောက်လယ်တီဝိပဿနာ**

ယနေ့ သာသနာတော်နှစ် ၂၅၄၈ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့။

ဒီအခါတော်နေ့မှာ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ (၈၁)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖြစ်ပါတယ်။

ဩဝါဒပါတိမောက် အခါတော်နေ့မှာ ဩဝါဒပါတိမောက်ဖြစ်တဲ့

(၁) **ခန္တီပရမံတပေါတိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။**
**နဟိပဗ္ဗဇိတော ပရူပဃာတီ၊**
**နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော။**

(၂) **သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပ သမ္ပဒါ။**
**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

http://www.dhammadownload.com



(၃) **အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေစ သံဝရော။**
**မတ္တညုတာစ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။**
**အဓိစိတ္တေစ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

ဒီဩဝါဒပါတိမောက် (၃)ဂါထာ ဒေသနာတော်နဲ့ မြတ်စွာဘုရားက ရဟန်းတော် အရှင်မြတ်များအား အဆုံးအမနဲ့ တရားပေးတော်မူခဲ့ပါတယ်။

ဩဝါဒဒေသနာတော်နဲ့ ပတ်သက်ပြီးတော့ နှစ်စဉ်နှစ်တိုင်းလိုပဲ ဩဝါဒပါတိမောက် ပါဠိတော်ရဲ့ အနက်အဓိပ္ပါယ်တွေ ရှင်းလင်းပြီး ဟောခဲ့ပါတယ်။

ဒီနေ့ ဩဝါဒပါတိမောက် အခါတော်နေ့မှာတော့ "သာသနာပြုလုပ်ငန်းများနှင့် **သာသနာတော်ချီးမြှင့်ထောက်ပံ့မှု**" အဲဒီလို ခေါင်းစည်းထားပြီးတော့ တရားပြောင်းပြီး ဟောပါ့မည်။

**သာသနာပြုလုပ်ငန်းကြီး(၇)ရပ်**

သာသနာပြုလုပ်ငန်းဆိုတော့ အားလုံး ဒကာ ဒကာမများ နားလည်ထားကြတဲ့လုပ်ငန်း။ အဲဒီ သာသနာပြုလုပ်ငန်းကို နည်းနည်းလေး ဖြီဖြန့်ပြီး ကြည့်မယ်ဆိုရင်

(၁) စာသင်ပြီး သာသနာပြုလုပ်ငန်းဆောင်ရွက်တယ်။
(၂) စာချပြီး သာသနာပြုလုပ်ငန်းဆောင်ရွက်တယ်။
(၃) တရားဟောပြီး သာသနာပြုလုပ်ငန်းဆောင်ရွက်တယ်။
(၄) တရားပြပြီး သာသနာပြုလုပ်ငန်းဆောင်ရွက်တယ်။
(၅) ကျမ်းစာရေးသားပြီး သာသနာပြုလုပ်ငန်း ဆောင်ရွက်တယ်။
(၆) တောထွက်ပြီး သာသနာပြုလုပ်ငန်းဆောင်ရွက်တယ်။
(၇) တရားအားထုတ်ပြီးတော့ သာသနာပြုလုပ်ငန်း ဆောင်ရွက်တယ်။

http://www.dhammadownload.com



သာသနာပြုလုပ်ငန်းကြီး (၇)ရပ်လို့ ပြောရမှာပါပဲ။ အကျဉ်းချုပ်ကတော့ ဂန္ထဓူရနှင့် ဝိပဿနာဓုရ လုပ်ငန်းကြီး (၂)ရပ်ပါပဲ။ အဲဒီသာသနာပြုလုပ်ငန်းကြီး (၇)ရပ်နဲ့ပတ်သက်ပြီးတော့ ကျေးဇူးတော်ရှင်ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးက ဒီသာသနာပြုလုပ်ငန်းကြီး (၇)ရပ်လုံးကိုပဲ ဆောင်ရွက်တော်မူတဲ့ သဘောရှိတယ်။

ဆရာတော်ဘုရားကြီးဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ပိဋကတ်ကျမ်းစာများကို ဆရာတော်ကြီး အသီးသီးထံမှ သင်ယူခဲ့ပါတယ်။ အဲဒီလို သင်ယူပြီးတော့ လယ်တီကျောင်းတိုက်ကြီးနှင့်တကွ အခြားအခြား ကျောင်းတိုက်များ မန္တလေးမြို့၊ စံကျောင်းတိုက်မှာ စာချတော်မူခဲ့တယ်။

မြန်မာပြည်တစ်ပြည်လုံး အနှံ့ကြွပြီးတော့ တရားဟောတော်မူခဲ့တယ်။ မန္တလေးမြို့၊ ကင်းဝန်မင်းကြီးအိမ်ရှေ့ ဆောက်လုပ်ထားအပ်သော မဏ္ဍပ်ကြီးမှာ (၃)ညတိုင်တိုင် အာနာပါနအခြေခံပြီး အတ္တဒိဋ္ဌိပြုတ်အောင် တရားပြခဲ့ခြင်းဟာ ထင်ရှားတဲ့တရားပြမှုကြီး ဖြစ်ခဲ့ပါတယ်။

အနာဂါမ်ဆရာသက်ကြီးတို့အား တရားပြမှုဟာလဲ ထင်ရှားတဲ့တရားပြမှု ဖြစ်ပါတယ်။ ကျမ်းစာရေးသားခြင်းဆိုတဲ့ နေရာမှာ အတုမရှိအတူမရှိအောင် ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသားပြီးတော့ သာသနာပြုခဲ့ပါတယ်။

**တောထွက်တော်မူခြင်း**

ဆရာတော်ဘုရားကြီးရဲ့ ဝါဆိုစဉ်ကို ကြည့်မယ်ဆိုရင် တောတောင်စခန်းတွေမှာ ဝါဆိုတာတွေ တွေ့ရပါတယ်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆)ရက်၊ ၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း (၈)ရက်၊ ဗုဒ္ဓဟူးနေ့ မကြာသေးမီက ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ကသစ်ကုန်းရွာ ဆပဂံဝိမုတ္တိရသ တောရစခန်းကို ရောက်ခဲ့ပါတယ်။

http://www.dhammadownload.com



လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၈)နှစ်က ဆရာတော်ဘုရားကြီးဟာ ၁၂၅၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်နေ့က အိန္ဒိယနိုင်ငံ၊ မဟာဗောဓိသို့ တပည့်များနဲ့အတူ ကြွခဲ့ပါတယ်။

မဟာဗောဓိအသွား မန္တလေးမြို့က ရန်ကုန်ခရီး မီးရထားပေါ်မှာ ပဋိစ္စသမုပ္ပါဒ်လင်္ကာကြီး (၁၃)ပိုဒ်ကို ရေးသားခဲ့ပါတယ်။ အိန္ဒိယသို့ အသွား သင်္ဘောငါးရက်လေးညခရီး ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဝိဇ္ဇာဟိတ သမိုင်းဝင်ဌာနများကို လှည့်လည်ဖူးမျှော်ရင်း ပဋိစ္စသမုပ္ပါဒ် ဒီပနီကျမ်းကြီးကို အပြီးရေးသားတော်မူခဲ့ပါတယ်။

ပဋိစ္စသမုပ္ပါဒ်ဒီပနီကျမ်းကြီးကို ရေးသားအပြီး သံဝေဂတရား တို့ရဲ့ လှုံ့ဆော်မှုအရ မုံရွာလယ်တီကျောင်းတိုက်သို့ ပြန်မကြွတော့ပဲ ကော့မှူးတောကြီးတန်း (တွံတေးတောကြီးတန်း) ဆပဂံတောရသို့ ကြွတော်မူပါတယ်။ တရားအားထုတ်ခဲ့ပါတယ်။ အဲဒီလိုပဲ တောတွေ၊ တောင်တွေ ထွက်တော်မူပြီး တရားအားထုတ်ခဲ့တာကို ဆရာတော်ဘုရား ကြီးရဲ့ သမိုင်းကြောင်းမှာ တွေ့ရပါတယ်။

နံပါတ် (၇)ကတော့ သာသနာပြုလုပ်ငန်းထဲမှာ အမြင့်ဆုံး သာသနာပြုလုပ်ငန်း ခေါ်ရမှာပါပဲ။ စောစောကပြောတဲ့ အခြေခံ သာသနာပြုလုပ်ငန်းတွေက ဆက်သွယ်ပြီးလာတဲ့ သိက္ခာသုံးပါး ကျင့်စဉ် တရားကို အားထုတ်ခြင်း တရားအားထုတ်ခြင်းခေါ်တဲ့ သာသနာပြု လုပ်ငန်းကြီး ပြုလုပ်ခဲ့ပါတယ်။

အဲဒီ သာသနာပြုလုပ်ငန်းကြီး (၇)မျိုးနဲ့ သာသနာပြုသွားတာကို တွေ့ရပါတယ်။

## သိက္ခတ္တယသင်္ဂဟိတံ သန္တိလိခိတံ။

စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ ပွတ်သစ်စခရုသင်းကဲ့သို့ ကျင့်စဉ်၊ ယခု ယောဂီသူတော်စင်များ အားထုတ်နေကြတဲ့ကျင့်စဉ်၊ မကြာမီမှာ သမာဓိကမ္မဋ္ဌာန်း အားထုတ်ကြရမယ့် ကျင့်စဉ်၊ (၄)ရက်ခွဲ တိုင်တိုင် အားထုတ်ပြီးကြတဲ့အခါ ဝိပဿနာဉာဏ်အဆင့်ဆင့် ပညာ

http://www.dhammadownload.com



သိက္ခာပိုင်း။

အဲဒီလို သိက္ခာသုံးပါးနဲ့ ရေတွက်အပ်တဲ့ ခရုသင်းကဲ့သို့ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ ကေဝလ ပရိပုဏ္ဏဂုဏ်= စင်စစ်အလုံးစုံ ပြည့်စုံတဲ့ဂုဏ်၊ သခ်လိခိတ= ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင်သန့်ရှင်း အပြစ်ကင်းတဲ့ ဂုဏ်၊ သိက္ခတ္တယသင်္ဂဟိတ= သိက္ခာသုံးပါးတို့ဖြင့် ရေတွက်အပ်တဲ့ ဗြဟ္မစရိယ ဘုရား ပစ္စေကာ ရဟန္တာနှင့် အရိယာ အပေါင်း သူတော်ကောင်းတို့ရဲ့ အကျင့်မြတ်ကို အားထုတ်ခြင်းခေါ်တဲ့ သာသနာပြုလုပ်ငန်းကြီးကို ယောဂီများဆက်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ပြီး အားထုတ်ကြရမယ်။

## သာသနာကွယ်ကြောင်း

အဲဒီအထဲမှာ စာပေသင်ကြားပြီးတော့ သာသနာပြုလုပ်ငန်း ဆိုတာလဲ အခြေခံကျပါတယ်။ ဒါကြောင့် "အင်္ဂုတ္တိုရ်လာ သာသနာကွယ် ကြောင်းတရားပေါင်းကား ရဟန်းများတို့ တရားမနာ စာပေမသင် နှုတ်တွင်မဆောင် သိအောင်မမှတ် ပဋိပတ်ကွာ ဤငါးဖြာတည်း။"

သာသနာကွယ်ကြောင်း တရားတွေ ဟောကြားထားခဲ့တယ်။ ရဟန်းတော်တွေ၊ ယောဂီတွေ တရားမနာရင် သာသနာကွယ်နိုင်တယ်။ စာပေမသင်ရင်လဲ သာသနာကွယ်နိုင်တယ်။ နှုတ်ထဲမှာ မဆောင်ရင်လဲ သာသနာကွယ်နိုင်တယ်။ မမှတ်ရင်လဲ သာသနာကွယ်နိုင်တယ်။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားကို မကျင့်ရင်လဲပဲ သာသနာ ကွယ်နိုင်တယ်။

အနီးမှာရှိနေတဲ့အတွက် ရဟန်းများတို့ဟု ပြဋ္ဌာန်းတဲ့အတွက် ကြောင့် ခေါ်တော်မူတာပါ။ တကယ်တော့ ပရိသတ်လေးပါးနဲ့ ဆိုင်ပါတယ်။ အဲဒီ ပရိသတ်လေးပါးက -

၁။ တရားမနာဘူး။

၂။ စာမသင်ဘူး။

http://www.dhammadownload.com



၃။ သိအောင်လဲမမှတ်ဘူး။

၄။ နှုတ်ကလဲမဆောင်ဘူး။

၅။ သိက္ခာသုံးပါးကျင့်စဉ်တရားတို့ကို မကျင့်ဘူးဆိုရင် သာသနာကွယ်နိုင်တယ်။

အပြန်အားဖြင့် ပြောမယ်ဆိုရင် ပရိသတ်လေးပါးလုံးက -

၁။ တရားနာမယ်။

၂။ စာပေသင်မယ်။

၃။ သိအောင်မှတ်မယ်။

၄။ နှုတ်ငုံဆောင်မယ်။

၅။ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို ကျင့်မယ်ဆိုရင် သာသနာမကွယ်ပါဘူး။ သာသနာတည်မယ်။

ယခု ယောဂီသူတော်စင်များ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်တွေ သိအောင် ဝိပဿနာဉာဏ်စဉ်တွေ အဆင့်ဆင့်ရရှိအောင် အားထုတ်ခြင်းဖြင့် သာသနာပြုလုပ်ငန်း၊ သာသနာတည်တံ့အောင် ဆောင်ရွက်နေတာလဲဖြစ်ပါတယ်။

"နောင်လာထို့ပြင် စာသင်ပယ်လျှော ကျယ်မဟောကြ ကျယ်မချနှင့် ကျယ်စွာမအံ မကြံမစည် ဤငါးလီတည်း"။

ရဟန်းတော်များ ပရိသတ်လေးပါးတို့ဟာ စာမသင်ကြတော့ဘူး။ အကျယ်မဟော၊ အကျယ်မချကြဘူး။ အကျယ်မရွတ်ကြ၊ မအံကြတော့ဘူး။ တရားတော်တွေလဲ မကြံကြ၊ မစည်ကြတော့ဘူးဆိုရင် ဒီသာသနာကွယ်ပြီ။

ဝါတစ်နည်းမှာ အက္ခရာပုဒ်ပျက် လေ့ကျက်သင်ကြ စာချသူရှားလာဘ်များအောင်ကြံ ခိုက်ရန်ကွဲပြား (၁၅)ပါးသည် ဘုရားသာသနာကွယ်ကြောင်းတည်း။

ရဟန်းတော်များဟာ မမှန်မကန်တဲ့ အက္ခရာတွေနဲ့ ရေးသားထားတဲ့ တရားမှားတွေကို သင်နေကြမယ်၊ ပို့ချနေကြမယ်ဆိုရင်

F.20.CA

http://www.dhammadownload.com



သာသနာကွယ်ကြောင်းပဲ။

အဲဒီ မမှန်ကန်တဲ့တရားတွေ ဆိုတာက ဘုရားဟောတဲ့ တရားကို မသင်ပဲနဲ့ အခြားစာပေတွေ သာသနာ့ပြင်ပက စာပေတွေ သင်ကြားမှု များလာလို့ရှိရင်လဲ သာသနာကွယ်နိုင်တာပါပဲ။

စာချတဲ့ပုဂ္ဂိုလ်တွေ ရှားပါးသွားမယ်ဆိုရင်လဲ သာသနာကွယ် နိုင်တယ်။ လာဘ်များအောင်ကြံ ဆွမ်းသက်န်းကျောင်း ဆေးပစ္စည်း လေးပါးရဖို့ပဲ အဓိကထားပြီး ကြံစည်တွေးတောပြီး နေကြမယ်ဆိုရင်လဲ သာသနာကွယ်နိုင်တယ်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ ခိုက်ရန်ကွဲပြားလို့ ရှိရင်လဲ သာသနာကွယ်နိုင်တယ်။ သာသနာကွယ်နိုင်ခြင်းအကြောင်းတွေကို ကြည့်မယ်ဆိုရင် စာပေသင်ကြားပို့ချမှုဟာ အရေးကြီးတယ်ဆိုတာ တွေ့နိုင်တယ်။ စာပေသင်ကြားလို့ တတ်မြောက်ကြပြန်တော့ စာပေပို့ချ ခြင်းလုပ်ငန်း၊ တရားဟောတဲ့လုပ်ငန်း ဒကာ ဒကာမများသိအောင်ဆိုပြီး တရားဟောတာ။။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရား ကြီးဟာ မြန်မာပြည်တစ်ပြည်လုံး အနှံ့ပင်ပန်းခံပြီးတော့ နှစ်ပေါင်းများစွာ တရားဟောခဲ့တာ။

တရားပြတဲ့လုပ်ငန်းကြီးလဲ ဆောင်ရွက်တော်မူခဲ့တယ်။ အဲဒီလို ဆောင်ရွက်တော်မူခဲ့တဲ့အတွက် ကင်းဝန်မင်းကြီးနှင့်တကွ ပရိသတ်တွေ တရားအားထုတ်ဖြစ်ခဲ့ကြတယ်။

ဆရာသက်ကြီးတို့ ဆရာတော်ဘုရားထံ တရားအားထုတ်ဖြစ်လို့ သောကညောင့် ပယ်ထုတ်နိုင်ခဲ့တာ။ တပ်ကုန်းမြို့အနီးက စိန်ရောင်ခြည် တရားစခန်းဆိုလျှင် ဆရာတော်ကြီးရဲ့ တရားပြခဲ့တဲ့အရိပ်တွေ အလွန် ထင်ရှားပါတယ်။

စိန်ရောင်ခြည်ဘုရားမှာ သမာဓိထူထောင်ပြီး နိဗ္ဗိန္ဒတောင်မှာ ဝိပဿနာတရား ပြသခဲ့ကြောင်း ထင်ရှားပေါ်လွင်ပါတယ်။

http://www.dhammadownload.com



ဘီလင်းမြို့အနီး ကုသိန္နာရုံတောင် အရှင်သောဏမထေရ်နဲ့ အရှင်ဥတ္တရမထေရ်တို့ ပရိနိဗ္ဗာန်စံတော်မူတဲ့ ဘုရားစေတီအနီးရှိ လိုဏ်ဂူမှာ ရသေ့တို့အား တရားပြခဲ့တဲ့အထောက်အထားကလဲ "ဝိဇ္ဇာမဂ္ဂဒီပနီ"ကျမ်းက အခိုင်အမာရပ်တည်လျှက် ရှိပါတယ်။

အဲဒီနောက် ဦးဘခင်တို့ ဦးဂိုအင်ကာတို့ လယ်တီဝိပဿနာ များ တရားပြနိုင်ခဲ့တာလဲ ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယ ရရှိခဲ့ကြလို့ပါပဲ။ အခု လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှာ တရားပြကြတဲ့ ကမ္မဋ္ဌာနာစရိယများကလဲ လယ်တီဆရာတော်ဘုရားကြီး ဥပနိဿယကို ယူပြီးတော့ ပြကြမှာပါပဲ။

ကျမ်းစာရေးသားခြင်းဆိုတဲ့ သာသနာပြုလုပ်ငန်းကြီးလဲ ဆရာတော်ဘုရားကြီး ဒီပနီကျမ်းပေါင်း (၁၀၀)ကျော်ကို သူမတူအောင် ရေးသားထားခဲ့ပါတယ်။ ဘုန်းကြီးတို့ရဲ့ ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာများဟာ နက်နဲခက်ခဲမှု အမျိုးမျိုးနဲ့ဆိုတော့ ကြည့်လိုက်တာနဲ့ တရားအားထုတ်တတ်ဖို့လဲ မလွယ်ဘူး။ တရားဟောတတ်ဖို့လဲ မလွယ်ဘူး။

ဆရာတော်ဘုရား ရေးသားထားတဲ့ ဒီပနီကျမ်းများကတော့ မြန်မာလိုရှင်းကနဲ ရှင်းကနဲနေအောင် ရေးသားထားတော့ တရား ဟောတဲ့အခါလဲ ဆရာတော်ဘုရားကြီးရဲ့စာတွေ မှီငြမ်းပြုပြီး ဟောလို့ လွယ်တယ်၊ တရားပြဖို့လဲ လွယ်တယ်။

လယ်တီကမ္မဋ္ဌာနာစရိယများဟာ အဲဒီလို လွယ်ကူတဲ့ ဆရာတော်ဘုရားကြီးရဲ့ ကျမ်းများကို မှီငြမ်းပြုပြီးတော့ တရားလဲ ဟောကြလိမ့်မယ်။ တရားလဲ ပြကြလိမ့်မယ်။ တောထွက်ပြီးတော့ သာသနာပြုလုပ်ငန်းနဲ့ ပတ်သက်ပြီး ကျေးဇူးတော်ရှင် လယ်တီဆရာ တော်ဘုရားကြီးဟာ အိန္ဒိယနိုင်ငံ သံဝေဇနိယလေးဋ္ဌာနကို ဖူးပြီးအပြန် မုံရွာကိုမပြန်တော့ပဲ ကြီးမားတဲ့သံဝေဂဉာဏ်ရဲ့ အရှိန်ကြောင့် တွံတေး တောကြီးတန်း ဒလတောကြီးတန်းလို့ခေါ်တဲ့ ကော့မှူးမြို့နယ်၊

http://www.dhammadownload.com



ကသစ်ကုန်းရွာ ဆပဂံတောသို့ ကြွ၍ တောထွက်တော်မူခဲ့ပါတယ်။

ကော့မှူးမြို့နယ်၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က ဒီဒလ တွံတေးတောကြီးတန်းထဲမှာ တောထွက်ခဲ့တဲ့ ဆရာတော်တွေ တော်တော် များများရှိတယ်တဲ့။ အဲဒီ တောထွက်တဲ့ပုဂ္ဂိုလ်တွေထဲမှာ တရားအထွန်း အထိပ်ရောက်သွားတာကတော့ လယ်တီဆရာတော်ကြီးတစ်ပါးပဲ ကြားဖူးတယ်တဲ့။

မှန်ပါတယ်။ ဘုန်းကြီးတို့ မြန်မာပြည်က ဗုဒ္ဓဂယာလဲ သွားနေကြတာပဲ။ တစ်နှစ်ဆိုရင် ရာပေါင်းများစွာ ဗုဒ္ဓဂယာဘုရားဖူးနေကြတာပဲ။ ဘယ်ဆရာတော်၊ ဘယ်ဘုန်းကြီး၊ ဘယ်လူ၊ ဘယ်သာမဏေ၊ ဘယ်အမျိုးသား၊ အမျိုးသမီးမှ သံဝေဇနိယလေးဌာနကို ဖူးပြီးတော့ သံဝေဂတွေရပြီး တောထွက်တယ်ဆိုတာ မကြားဖူးသလောက်ပါပဲ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသာ ထူးထူးခြားခြား သံဝေဇနိယလေးဌာနကို ဖူးပြီးအပြန်မှာ တောထွက်တော်မူတယ်။

ဆရာတော်ဘုရားကြီးရဲ့ ခရီးစဉ်ဟာ ဆန်းပါတယ်။ မှတ်တမ်းတင်လောက်ပါတယ်။ အသွားတုန်းက မြတ်စွာဘုရား ဘုရားဖြစ်တော်မူစက ဆင်ခြင်တော်မူတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် လင်္ကာ (၁၃)ပုဒ် ရထားပေါ်မှာ ရေးပြီး သင်္ဘောပေါ်မှာ အဖြေရေးပြီးတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီကျမ်းကို အပြီးရေးခဲ့ပါသေးတယ်။

ပြန်လာတော့ ဆပဂံတောရသို့ တောထွက်တော်မူတယ်။ ဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်းထဲမှာ တောထွက်ပြီးတော့ တရားအာရုံယူပြီးတော့ သာသနာပြုခဲ့ခြင်းဟာလဲ အတုယူဖွယ်၊ အားကျဖွယ်၊ ကြည်ညိုဖွယ်ကြီးပါပဲ။

တရားအားထုတ်ပြီး သာသနာပြုလုပ်ငန်းမှာ အဲဒီဆပဂံတောရမှာ ပထမသြဒါတကသိုဏ်းကို ၁၂၅၅ ခုနှစ်၊ တန်ခူးလက ဝါဆိုလအထိ အားရပါးရ ကျေနပ်တော်မူသည်အထိ အားထုတ်ပြီး ၁၂၅၈ ခုနှစ်၊

http://www.dhammadownload.com



ဝါဆိုလကစပြီး အာနာပါနကမ္မဋ္ဌာန်းကို အခြေခံထားပြီး ရှုပွားတော်မူပါတယ်။

အဲဒီ အာနာပါနကမ္မဋ္ဌာန်းနဲ့ပဲ သမထအထွဋ်အထိပ်ရောက်ရှိပြီး တရားအားထုတ်ခြင်းကိစ္စ အားရကျေနပ်သည်အထိ ဆောင်ရွက်တော်မူတယ်ဟု သိရပါတယ်။

အဲဒီလို အာနာပါနကမ္မဋ္ဌာန်း အားထုတ်ရင်းနဲ့ အထွဋ်အထိပ်ရောက်တဲ့နေရာ၊ အခု ကျိုက်ထိုသေက္ခါတောင်မှာ သေက္ခါတောင်ဆရာတော် ဦးတိလောကရဲ့ ပင့်လျှောက်ချက်အရ လွန်ခဲ့တဲ့ (၁၀၆)နှစ်ကပေါ့။

၁၂၆၀ ပြည့်နှစ်က သေက္ခါတောင်ကမ္မဋ္ဌာန်းကျောင်းလေးထဲမှာ တရားအားထုတ်နေတော့ "မောင်စမုံ"ဆိုတဲ့ ဒကာက ညနေချမ်းမှာ အဖျော်ရည်ကပ်ဖို့သွားတော့ ဆရာတော်ဘုရားကြီး သမထအာရုံယူပြီးတော့ သမထကမ္မဋ္ဌာန်း အထွဋ်အထိပ်ရောက်နေပုံကို ကြမ်းပြင်နဲ့ (၂)တောင်ခန့် လွတ်ပြီး မျက်လွှာချပြီး တရားအာရုံ ယူနေတာကို ကပ္ပိယဒါယကာ "ကိုစမုံ"က မြင်တဲ့အခါ ဦးပဏ္ဍိတ၊ ဦးဝိသုဒ္ဓ အစရှိတဲ့ ရဟန်းတော် (၅)ပါးကို ပြောပြတော့ ရဟန်းတော်များကလဲ ချောင်းပြီး မလှမ်းမကမ်းက ဖူးမျှော်ကြတယ်။

အဲဒီလို ဖူးမျှော်ရမှုနဲ့ ပတ်သက်ပြီး သေက္ခါတောင်ဆရာတော် ဦးတိလောက ဆရာတော်ဘုရားကြီးရဲ့ တပည့်ကြီးက အဲဒီမောင်စမုံ၊ ဦးဝိသုဒ္ဓ၊ ဦးပဏ္ဍိတတို့ကို "ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်အခါမှာ ဈာန်ဝင်စားနေတဲ့အကြောင်း ဘယ်သူ့မှမပြောကြစတမ်း" လို့ နှုတ်ပိတ်ကြောင်းမှတ်တမ်းရှိနေပါတယ်။

အဲဒီတော့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်းတွေမှာ သာသနာပြုလုပ်ငန်းကြီး (၇)ရပ်လုံး အကုန်လုံး ဆောင်ရွက်ပြီးသွားတယ်။ အဲဒီ သာသနာပြုလုပ်ငန်းကြီးတွေ အောင်မြင်အောင်ဆိုပြီးတော့ ဒကာ ဒကာမများကလဲ ပစ္စည်းလေးပါးနဲ့

http://www.dhammadownload.com



ထောက်ပံ့ကြတယ်။

စာသင်ခြင်း၊ စာချခြင်း၊ တရားဟောခြင်း၊ တရားပြခြင်း၊ ကျမ်းစာရေးသားခြင်း၊ တောထွက်ခြင်း၊ တရားအားထုတ်ခြင်း ဒီသာသနာပြုလုပ်ငန်းကြီးများကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ ဆောင်ရွက်နိုင်ရန် အကျိုးငှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ဒကာဒကာမများက ပံ့ပိုးကြတယ်။

ယောဂီသူတော်စင်များ သာသနာပြုလုပ်ငန်းကြီး (၇)ရပ်တို့တွင် တရားအားထုတ်ပြီးတော့ သာသနာပြုလုပ်ငန်း ဆောင်ရွက်ရတဲ့အတွက် မွန်မြတ်တဲ့ သာသနာပြုလုပ်ငန်းကြီး ဖြစ်တယ်။

မိမိသန္တာန်မှာ တရားတွေရောက်အောင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေ ပြဟ္မစရိယခေါ်တဲ့ ဘုရား၊ ပစ္စေကာ၊ ရဟန္တာနှင့် အရိယာအပေါင်း သူတော်ကောင်းတွေရဲ့အကျင့် သူတော်ကောင်းတို့ရဲ့ လမ်းစဉ်ကြီးကို ဒို့တတွေ လိုက်ပြီးတော့ အရေးအကြီးဆုံးဖြစ်တဲ့ သာသနာတော်ရဲ့ အနှစ်သာရ ပဋိပတ္တိသာသနာကြီးကို ပြုဆောင်နေရတာပါလားလို့ အားရကျေနပ်ပြီးတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်းတွေကို အာရုံပြု ကြည်ညိုပြီးတော့ ဆထက်တန်ဖိုး ကြိုးစားအားထုတ်နိုင်ကြပါစေသောလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အဂ္ဂသာဝကကြီး (၂)ပါးတရားအားထုတ်ပုံ**

ယနေ့သာသနာနှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၂)ရက်နေ့၊ လယ်တီဝိပဿနာ(၇)ရက် တရားစခန်း (၈၁)ကြိမ်မြောက်မှာ အားထုတ်နေကြတဲ့ ယောဂီ သူတော်စင်များကို တရားအားထုတ်နေတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဒုတိယအဂ္ဂသာဝကကြီး အရှင်မောဂ္ဂလာန်ရဲ့ တရား(၇)ရက် တရား အားထုတ်ပုံကို ပြောမှာပါ။ အရှင်မြတ်ကြီးဟာ အရှင်သာရိပုတ္တရာနဲ့ တွေ့ရှိပြီး သောတာပန်ဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာလောင်းလျာ **"ယေဓမ္မာဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ၊ တေသဉ္စ ယောနိရောဓော ဧဝံဝါဒီ မဟာသမဏော"**ဆိုတဲ့ အရှင်အဿဇိမထေရ်မြတ်ရဲ့ တရားတစ်ပုဒ်နဲ့ပဲ ဥပတိဿပရိဗိုဇ်ကြီး သောတာပန်ဖြစ်ခဲ့တယ်။

ဥပတိဿအမည်ရှိတဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးစီက တစ်ဆင့် ကောလိတအမည်ရတဲ့ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးကလဲ **"ယေဓမ္မာဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ၊ တေသဉ္စ ယောနိရောဓော ဧဝံဝါဒီ မဟာသမဏော"** ဆိုတဲ့ တရားကို နာကြားပြီး သောတာပန်ဖြစ်ခဲ့တယ်။ အဲဒီလို ဥပတိဿ အမည်နဲ့ အရှင်သာရိပုတ္တရာ၊ ကောလိတအမည်ရ အရှင်မောဂ္ဂလာန်အရှင်မြတ်ကြီးတွေ သကဒါဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိအောင် ဆက်ပြီး အားထုတ်ကြရတယ်။ အဂ္ဂသာဝကကြီး ဖြစ်တော်မူတဲ့ အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးက (၇)ရက်၊ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးက (၁၅)ရက်အားထုတ်ရပါတယ်။

**ဧတံဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိမန္တာနံ ယဒိဒံမဟာ မောဂ္ဂလာနော။**

http://www.dhammadownload.com



ရဟန်းတို့ တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်ကြတဲ့ ရဟန်းတွေထဲမှာ ငါဘုရားရဲ့တပည့် မဟာမောဂ္ဂလာန်ဟာ တန်ခိုးဣဒ္ဓိပါဒ် အကြီးဆုံးပဲ။ တန်ခိုးဣဒ္ဓိပါဒ်အရာမှာ ဧတဒဂ်ချီးမြှောက်ခံရတဲ့ မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီး။ အဲဒီ ချီးမြှောက်တာဟာလဲ အခု လယ်တီဝိပဿနာ (၇)ရက်တရားစခန်း (၈၁)ကြိမ်မြောက် စတင်ဖွင့်လှစ်တဲ့ တပို့တွဲ လပြည့်နေပါပဲ။ အရှင်မြတ်ကြီးတွေတို့အား ဧတဒဂ်ပေးတော်မူပါတယ်။

## သားငှက်တို့အား ဘေးမဲ့ပေးရာတော

အဲဒီ ဧတဒဂ်ပေးတော်မူတဲ့ ရက်အချိန်အခါကစပြီး အရှင်မြတ်ကြီး (၇)ရက်တရားစခန်းမှာ ဘယ်လို အားထုတ်သလဲ။ အရှင်မြတ်ကြီး ငိုက်မြည်းနေတဲ့အခါ မြတ်စွာဘုရားက ဘယ်လို "မိဒ္ဓဝိနောဒနကမ္မဋ္ဌာန်း" ငိုက်မြည်းခြင်းကို ပျောက်စေတတ်တဲ့ နည်းလမ်းပေးသလဲ၊ အရှင် မောဂ္ဂလာန် မထေရ်မြတ်ကြီးအား ဝိပဿနာကမ္မဋ္ဌာန်း ဘယ်လို ပေးသလဲလို့ ဒီအချက်အလက်ကလေးတွေ စဉ်းစားကြည့်ညှိရအောင်။ သုံးလောကထွဋ်ထား မြတ်ဘုရား ဘဂ္ဂတိုင်း၊ သံကုမာရဂိရမြို့ သားငှက် တို့အား ဘေးမဲ့ပေးပြီးတော့ အစာကျွေးရာဖြစ်တဲ့ မိဂဒါယခေါ်တဲ့ ဗေသကလနိဂုံးမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူတယ်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသနယ်ပယ်အတွင်းမှာ သားငှက်တို့အား အစာကျွေးပြီးတော့ ဘေးမဲ့ပေးရာဖြစ်တဲ့ တောတွေအများကြီးရှိတယ်။ "မိဂဒါယ" ခေါ်တယ်။ ဘုန်းကြီးတို့ မြတ်စွာဘုရား ပထမဆုံး ဓမ္မစကြာ ဒေသနာတော် ဟောကြားရာဖြစ်တဲ့ မိဒါဝုန်ဆိုတာ မိဂဒါဝန သားသမင် တွေ အစာကျွေးပြီး ဘေးမဲ့ပေးရာဖြစ်တဲ့ တောရဲ့နာမည်ပါပဲ။ ဒါစဉ်းစား ကြည့်လိုက်တဲ့အခါ လက်တွေ့ဖြစ်စဉ်အနေနဲ့ ဆီလျော်ပါတယ်။ ဘာကြောင့်လဲလို့ဆိုတော့ အိန္ဒိယနိုင်ငံ မိုင်(၄၀၀)ကျော် (၅၀၀)ခရီးကို လွန်ခဲ့တဲ့ ၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂)ရက်က ရောက်ခဲ့တော့ ခရီးစဉ်တစ်လျှောက်မှာ အချို့မြို့ရွာကြီးတွေရဲ့ ဈေးတွေကို

http://www.dhammadownload.com



မော်တော်ကား ဖြတ်ပြီးတော့မောင်းပါတယ်။ ဘာတွေတွေ့သလဲ အများအားဖြင့် ဖူးသီး၊ ခရမ်းသီး၊ ပဲသီး အဲဒါတွေပဲ ရောင်းတဲ့ပုဂ္ဂိုလ်တွေ တွေ့တယ်။ သားငါးဆိုတာ မတွေ့သလောက်ပဲ။ ပြောပါတော့လေ ပတ္တနားမြို့ကို ရောက်တဲ့ အခါမှာ ဆိတ်သားဆိုင်တဆိုင်တွေ့တယ်။ ကြက်ခြင်း သုံးခြင်းလောက် ရောင်းနေတာတွေ့တယ်။ မိုင်(၄၀၀)(၅၀၀)မှာ အဲဒါလေးပဲ တွေ့ခဲ့ပါတယ်။ ဒီပြင်နေရာမှာ အာလူး၊ ကြက်သွန်နဲ့ အသီးအရွက် ဇီးဖြူသီးတို့ ကဇွန်းရွက်တို့ အဲဒါတွေပဲ တွေ့ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ အများစုက အသားမစားကြလို့ပါပဲ။ အသားမစားကြတော့ စဉ်းစားကြည့်တယ်။

ဘုန်းကြီးတို့ ပိဋကတ်တော်မှာလဲ မိဂဒါယ သားငှက်တို့ကို အစာကျွေးပြီးတော့ ဘေးမဲ့ပေးရာဖြစ်သောတော ဗေသကလ တောအုပ် ဒီစကားလေးတွေ မကြာမကြာတွေ့ရတယ်။ ရှေးအခါထဲက အသားငါးကို စားကြပုံမရဘူး။ ဒီဘက်ကို ကြည့်မယ်ဆိုရင် တရုတ် နိုင်ငံကြီး ရှိတယ်။ ထိုင်းနိုင်ငံရှိတယ်။ ဒီနိုင်ငံတွေကတော့ အသားစားတာ အင်မတန် များပါတယ်။ တရုတ်နိုင်ငံဆိုရင် ပိုများပါတယ်။ သန်းပေါင်း (၁၃၀၀) လောက်ရှိတယ် လူဦးရေက သန်း(၁၃၀၀)လောက် တစ်နေ့ တစ်နေ့ ... တ္တဝါဟွေရဲ့ အသက်သေနှုန်းဟာ မနည်းပါဘူး။ အိန္ဒိယနိုင်ငံမှာ လူဦးရေ သန်း(၁၀၀၀)လောက်ရှိသော်လဲ သန်း(၅၀)တို့ရဲ့ အစား အသောက်မှာလောက် အသားမပါဘူးပြောရမှာပေ့ါလေ။ ဒါကြောင့်မို့ မိဂဒါယ ဗေသကလတောအုပ်မှာ မြတ်စွာဘုရား သီတင်းသုံးတဲ့အခါမှာ ဗေသကလတောဟာ ဘေးမဲ့တောပါ။ ယခုလဲပဲ ဘေးမဲ့တောတွေ တော်တော်များများ ရှိပါတယ်။

ရှေးအခါထဲက ဘေးမဲ့တောတွေရှိတဲ့ သဘောပါပဲ။ ဘေးမဲ့ ဗေသကလတောအုပ်ထဲမှာ သီတင်းသုံးနေတယ်။ ခပ်လှမ်းလှမ်းမှာ အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက နေပါတယ်။ မာဂဓတိုင်း သလဝါဠပုတ္တရွာ အဲဒီရွာမှာ အရှင်မြတ်ကြီး တရား အားထုတ်နေတာ

http://www.dhammadownload.com



(၇)ရက် စကြ်ံကြွပြီး တရားအားထုတ်တာဆိုတော့ ပင်ပန်းနွမ်းနယ်တယ်။ သောတာပန်အဆင့်တော့ ရောက်ပြီးသားပါပဲ။ အင်္ဂသာဝက လောင်းလျာကြီး ငိုက်နေတယ်။ အဲလို ငိုက်နေတော့ မြတ်စွာဘုရားက ဘဂ္ဂတိုင်း၊ သံသုမာရမြို့၊ ဗေသကလဆိုတဲ့ ဘေးမဲ့တောက လှမ်းပြီးတော့ ဒိဗ္ဗစက္ခုဉာဏ်နဲ့ မျက်မှောက်မှာ ရောက်နေသလို မြင်တော်မူတယ်။ အဲလို မြင်တော်မူတော့ ဘုရားရှင်က အရှင်မောဂ္ဂလာန် တရားအားထုတ်တဲ့ ရှေ့ကို ရောက်သွားပြီး ချစ်သားမောဂ္ဂလာန် ငိုက်နေသလားလို့ ရှင်မောဂ္ဂလာန်ကို မေးလိုက်တော့ မှန်ပါဘုရား ငိုက်နေပါတယ်။ အားထုတ်တာလဲ (၇)ရက်ရှိပြီ။ စကြ်ံ လျှောက်ပြီးတော့ အားထုတ်တာ များတယ်။ အဲဒီတော့ အရှင်မြတ်ကြီး ငိုက်နေတယ်။ ငိုက်နေပါတယ် ဘုရားဆိုတော့ မြတ်စွာဘုရားက မိဒ္ဓဝိနောဒန ကမ္မဋ္ဌာန်းပေးတော် မူတယ်။ အခုယောဂီများလဲ မြတ်စွာဘုရား ပေးတော်မူတဲ့ တရားကို မှတ်သားသင့်တယ်။

**အငိုက်ပြေအောင်**

ဘုန်းကြီးတချိန်ကလဲ ဟောဘူးပါတယ်။ မြတ်စွာဘုရားက အရှင်မောဂ္ဂလာန်ကို မိဒ္ဓဝိနောဒနကမ္မဋ္ဌာန်း ငိုက်ခြင်းကို ပယ်ဖျောက် စေတတ်တဲ့နည်းလမ်း။

(၁) မိမိနှလုံးသွင်းနေကျဖြစ်တဲ့ အမှတ်သညာကို နှလုံးမသွင်းပဲနဲ့ အခြားအမှတ်သညာကို ပြောင်းပြီးတော့ မှတ်ရမယ်။ မြတ်စွာဘုရားက မောဂ္ဂလာန် မိမိနှလုံးသွင်းနေကျဖြစ်တဲ့ အမှတ်သညာက ပြောင်းပြီးတော့ တရားလေးမှတ်လိုက်ပါလားတဲ့ အဲလိုဆိုရင် ငိုက်မျည်းတာ ပျောက်သွား လိမ့်မယ်။ ယောဂီများ အခုအာနပါန ကမ္မဋ္ဌာန်းပေးထားတယ်။ အာနာပါန အားထုတ်နည်းတစ်မျိုးထဲက ထွက်လေဝင်လေ အာရုံ မပြောင်းပဲနဲ့ နည်းလမ်းလေးတွေက အမျိုးမျိုး ရှိတာကိုး။ အမျိုးမျိုးရှိတဲ့ အထဲက ကမ္မဋ္ဌာနာစရိယများက အမျိုးမျိုး ပြောင်းပြီးတော့ ပေးနေတယ်။

http://www.dhammadownload.com



သတိမြဲရာ ပထမ၊ ဒုမှာရှည်တိုသိ ပထမ ထွက်တာဝင်တာလေးပဲ့ သတိက မြဲမြဲမှတ်ပြီးတော့ နေတယ်။ ဒုတိယနေ့ကျတော့ ထွက်လေရဲ့ ရှည်ပုံတိုပုံ အဲလိုအမှတ်သညာလေး ပြောင်းပြီး တော့ မှတ်လိုက်လို့ရှိရင် ငိုက်မျဉ်းတာ ပျောက်သွားလိမ့်မယ်။

(၂) ကြားနာသင်ယူပြီးတဲ့ တရားတွေကို စိတ်နဲ့ အဖန်ဖန် ကြံစည်လိုက်စမ်းပါ။ မြတ်စွာဘုရားစီက တရားတွေ အရှင်သာရိပုတ္တရာစီက ကြားနာခဲ့ရတဲ့တရားတွေကို အဖန်ဖန် ကြံစည်လိုက်စမ်းပါ။ စိတ်နဲ့ အဖန်ဖန် သုံးသပ်လိုက်စမ်းပါ။ စိတ်နဲ့ အဖန်ဖန် ရှုစမ်းပါ။ ကြားနာဖူးတဲ့ တရားတွေကို စိတ်နဲ့ကြံစည်မယ်၊ ရှုမယ်ဆိုရင်လဲ အိပ်ချင်ပြေသွားတတ်ပါတယ်တဲ့။

(၃) ကြားနာပြီးသား တရားတွေကို အကျယ်တဝင့် အသံထွက်ပြီး ရွတ်လိုက်ပါ။ အချို့ဆရာတော်တွေ တောထဲတောင်ထဲမှာ တရားအားထုတ်ပြီးနေတဲ့အခါမှာ တစ်ခါတစ်ရံ ပရိတ်ရွတ်ပြီးတော့ နေကြတယ်။ တစ်ခါတစ်ရံ ဓမ္မစကြာရွတ်ကြတယ်။ အဲဒီလို အသံထွက်ပြီးတော့ ရွတ်လိုက်ပါ။ အခုယောဂီများက စုပေါင်းပြီးအားထုတ်တာဆိုတော့ ဒီနည်းသုံးဖို့ ခက်ပါတယ်။ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက ေ ာထဲမှာတစ်ပါးထဲ အားထုတ်နေတာကိုး။ သို့သော်လဲ ဒီနည်းဟာ ငိုက်မျဉ်းမှုကို ပျောက်စေနိုင်ပါတယ်တဲ့။ မြတ်စွာဘုရားက အဲဒါမှ ငိုက်တာ မပျောက်သေးဘူးဆိုရင် ချစ်သားမောဂ္ဂလာန်-

(၄) နားရွက်နှစ်ဖက်ကို ဆွဲပါ။ ဒီနည်းကတော့ ခပ်ကြမ်းကြမ်းလေးပဲ၊ သိပ်ပြီးတော့ အိပ်ချင်နေတယ်ဆိုရင် နားရွက်နှစ်ဖက်ဆွဲလိုက်ပါ။

(၅) အိပ်ချင်နေရင် မိမိအသားကို ဆိတ်လိုက်ပါ။

ဒီနည်းနဲ့လဲပဲ ရပါတယ်။ ကမ္မဋ္ဌာန်းပြတဲ့ ပုဂ္ဂိုလ်များက မလုပ်ပါနဲ့လို့ ပြောနေကြတယ်။ တရားအာရုံရအောင်လို့ ပြောကြတာပါပဲ။ သိပ်အိပ်ချင်ပြီဆိုရင် နားရွက်ဆွဲရင် လက်ကလှုပ်ရမှာပဲ။ ဆိတ်လိုက်မယ်ဆိုရင်လဲ လှုပ်ရမှာပဲ။ အိပ်ချင်ပြေအောင် လုပ်ရမှာကိုး။

http://www.dhammadownload.com



ဘုန်းကြီးတို့ ပိဋ္ဋကတ်သုံးပုံတွေ ကျက်တဲ့အခါ မရတရနဲ့ စာကို ပြန်ဆိုတဲ့အခါ ဒီလိုဘဲလုပ်ရတာဘဲ၊ နားရွက်ဆွဲတန်တာဆွဲ၊ လက်သဲနဲ့ ဆိတ်တန်တာ ဆိတ်ပြီးတော့ ဒီလိုနဲ့ပဲလုပ်ခဲ့ရတယ်။ တရားအားထုတ်တဲ့ အခါလဲ ဒီအတိုင်းပါပဲ။ ဒီလိုမှ အိပ်ချင်မပြေသေးရင် တရားအားထုတ်တဲ့ နေရာက ထသွားပါ။ တစ်နာရီထိုင်ပါ၊ မထပါနဲ့လို့ မူကတော့ ရှိတတ်ပါတယ်။ ဒါပေမဲ့မဟုတ်ဘူး။ နေရာက ထသွားလိုက်တဲ့ မြတ်စွာဘုရားက နေရာကထသွားလိုက် ချစ်သားမောဂ္ဂလာန်တဲ့။ မျက်နှာသစ်လိုက်ပါ။ အရပ်မျက်နှာတွေ ဟိုဟိုဒီဒီကြည့်လိုက်အုံးတဲ့။ လတို့နက္ခတ်တို့ တာရာတို့ ကြည့်လိုက်အုံးတဲ့ မှန်တယ်။

တရားအားထုတ်တဲ့အခါမှာပဲဖြစ်ဖြစ်၊ စာပြန်တဲ့အခါမှာပဲဖြစ်ဖြစ် နေရာကထသွားပြီး မျက်နှာသစ်ရတယ်။ အရပ်မျက်နှာတွေ ဟိုကြည့်၊ ဒီကြည့် ကြည့်ရတယ်။ နက္ခတ်တာရာတွေကို ကြည့်ရတယ်။ တရားအားထုတ်တဲ့လူတွေက ဘယ်လိုတရားယူလို့မှ မရဘူးဆိုရင် ဒီနည်းကို ကျင့်သုံးရမယ်။ အဲလိုမှ အိပ်ချင်မပြေသေးဘူးဆိုရင် မြတ်စွာဘုရားက (၆)နံပါတ်နည်း ပေးပြန်တယ်။

(၆) အလင်းရောင် နှလုံးသွင်းရမယ်။ မျက်စိမှိတ်ထားသော်လဲ အလင်းရောင်ကြီးတွေ၊ အလင်းတန်းကြီးတွေကို နေ့ဆိုတဲ့အမှတ်သညာ နှလုံးသွင်းရင် အိပ်ချင်ပြေတတ်ပါတယ်။ မပြေသေးဘူးဆိုရင် -

(၇) ရှေ့နောက်အမှတ်သညာထားပြီး စင်္ကြံသွားပါ။ သို့သော်လဲ မျက်စိ၊ နား၊ နှာ၊ လျှာ ကိုယ် ဆိုတဲ့ ဣန္ဒြေကိုတော့ မပျက်စေပါနဲ့။ စိတ်အပြင် မထွက်ပါစေနဲ့။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် (၆)ပါးလုံးထိန်းပြီး စင်္ကြံသွားပါ။ အဲဒီလိုဆိုရင် အိပ်ချင်ပြေ တတ်ပါတယ်။ မပြေသေးရင်တော့-

ခြင်္သေ့အိပ်သလို အိပ်လိုက်ပါ။ တရားအားထုတ်လို့ ငိုက်လို့ မအိပ်ရဘူးလို့တော့ မဟုတ်ဘူး။ သိပ်အိပ်ချင်နေသလား၊ စောစောက ပြောတဲ့နည်း (၇)နည်းနဲ့မပြေဘူးဆိုရင် အိပ်လိုက်တဲ့။ ခြင်္သေ့အိပ်နည်းက

http://www.dhammadownload.com



ဘယ်လိုအိပ်ရမလဲဆိုတော့- ပါဒေပါဒံ အစ္စာဓာယ= ခြေတစ်ချောင်းပေါ် ခြေတစ်ချောင်း ပြိုင်တူမဟုတ်ပဲနဲ့ စဉ်းငယ်နည်းနည်း လွန်အောင် ထားပြီးတော့ သတိ၊ သမ္ပဇဉ်လေးနဲ့ အိပ်ယာမှ ထမယ်ဆိုတဲ့ အမှတ်သညာလေးနဲ့၊ သီဟသေယျ အိပ်နည်းလေးမျိုးထဲက ခြင်္သေ့မင်းတို့ရဲ့ အိပ်ခြင်းမျိုးနဲ့ အိပ်ပါတဲ့။ အဲဒီလို အိပ်တဲ့အခါမှာ အိပ်မှုကြောင့်ရရှိတဲ့ ချမ်းသာမျိုး၊ ဟိုလှိမ့်ဒီလှိမ့် လူးလဲနေတဲ့ချမ်းသာမျိုး၊ တစ်ဖက်စောင်းအိပ် ချမ်းသာမျိုး မှိန်းပြီးနေတဲ့ ချမ်းသာမျိုးတော့ မခံစားနဲ့။ မြတ်စွာဘုရားက ပြည့်စုံအောင် နည်းပေးတော်မူတာ။ တရား အားထုတ်တဲ့ယောဂီများ အိပ်ငိုက်ရင်တော့ ဘယ်လိုမှလဲ တရားအာရုံရမှာ မဟုတ်ဘူး။ စိတ်လေးဟာ တရားအာရုံထဲ ရောက်လေငိုက်လေ နေမှာပဲ။ အဲဒီမှာ နည်း(၇)နည်း ပေးတော်မူတယ်။ တစ်နာရီဆိုစေကာမူ တစ်နာရီ မလှုပ်နဲ့လို့ ပြောစေကာမူ နားရွက်ဆွဲတန် ဆွဲရမယ်။ အသားကို ဆိတ်တန် ဆိတ်ရမယ်။ မျက်နှာသစ်တန်တာ သစ်ရမယ်။

ဘုန်းကြီးတို့ စာကျက်စဉ်က အိပ်ချင်ရင် ဂုတ်ပိုးကို ရေနဲ့ဆွတ်ပြီး အိပ်ချင်ပြေအောင် လုပ်ခဲ့ရပါတယ်။ အခု အရှင်မောဂ္ဂလာန်ရဲ့ (၇)ရက် တရားစခန်းမှာ မြတ်စွာဘုရားက အိပ်ငိုက်ဖျောက်တဲ့နည်း (၇)မျိုးကို ပေးပြီး ဆုံးမချက်(၃)မျိုးနဲ့ ဆက်ပြီးဆုံးမတယ်။ ပုဏ္ဏားမျိုးထဲမှာ အထက်တန်းကျတဲ့ ပုဏ္ဏားမျိုးကိုး။ မာန်အစွယ်ကိုချထားပါ။ ချစ်သား မောဂ္ဂလာန် သင်ဟာ ဆွမ်းခံသွားတယ်။ လောင်းလှူနေကျ ဒကာမက မလောင်းလှူရင် ဒီဒကာမတွေနဲ့ ငါနဲ့ကြားမှာ တစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ်က မကြည်ညိုအောင် ပြောထားလို့လား အစရှိသည်ဖြင့် တွေးမယ်ဆိုရင် သင်ဒကာမတွေနဲ့ ပတ်သက်ပြီးတော့ သမာဓိပျက်မယ်။ မာန်ဆိုတဲ့ အစွယ်နှာမောင်းကို ချထားပါ။ ဆန့်ကျင်ဘက် စကားမပြော ပါနဲ့၊ ဆန့်ကျင်ဘက်စကား ပြောတဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် ငြင်းရခုံရမယ်။ ငြင်းခုံတဲ့အခါ ငြင်းခုံပြီဆိုကတည်းက စောင့်စည်းမှု မရှိတော့ဘူး။ စောင့်စည်းမှုမရှိရင် သမာဓိပျက်တော့တာပဲ။

http://www.dhammadownload.com



အခု ဘုန်းကြီးတို့ တရားစခန်းမှာ စကားမပြောပါနဲ့ဆိုတဲ့ စည်းကမ်းဟာ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကို မြတ်စွာဘုရားက အရှင်မြတ်ရဲ့ (၇)ရက်တရားစခန်းမှာ ဆုံးမတော်မူတဲ့စကားပါပဲ။ မြတ်စွာဘုရားက ဆန့်ကျင့်တဲ့စကားမပြောပါနဲ့။ သမထကမ္မဋ္ဌာန်း အားထုတ်တဲ့နေရာမှာ ဘာစကားမှမပြောတာ အကောင်းဆုံးပါပဲ။ တစ်ချို့ သက်ရှိသက်မဲ့တွေနဲ့ လုံးဝမဆက်ဆံနဲ့။ တစ်ချို့ သက်ရှိသက်မဲ့တွေနဲ့ ဆက်ဆံပါ။ ဘယ်ပုဂ္ဂိုလ်တွေနဲ့ မဆက်ဆံရဘူးလဲဆိုတော့ ရဟန်းရှင် လူတွေနဲ့တော့ ဝေးဝေးနေလေ ကောင်းလေပဲတဲ့၊ အဖော်မရှိလေ ကောင်းလေ။ ဘာကြောင့်လဲ ဂဏဝါသိနော ပမတ္တာ= အပေါင်းအသင်းနဲ့ နေတဲ့ပုဂ္ဂိုလ်တွေဟာ မေ့လျော့နေတယ်။ ဧကစာရိနော အပ္ပမတ္တာ= တစ်ကိုယ်တည်းနေသူများ မမေ့မလျော့ဘူးတဲ့။ အဲဒါကြောင့်မို့ ရဟန်းရှင်လူတွေနဲ့ မဆက်ဆံတာကိုတော့ မရောမနှောတာကို ငါဘုရား ချီးမွမ်းတော်မူတယ်။

အချို့ သက်ရှိသက်မဲ့တွေနဲ့ ဆက်ဆံပါတယ်။ တောတွေ၊ တောင်တွေ၊ ဆိတ်ငြိမ်တဲ့နေရာတွေ၊ အသံနည်းတဲ့နေရာတွေ သုံးစွဲပါ၊ မှီပါ။ တရားအားထုတ်တဲ့အခါမှာ အသံနည်းလေကောင်းလေ ဆူညံတဲ့နေရာတွေ ရှောင်ပြီးတော့ တရားအားထုတ်လို့ ကောင်းတဲ့နေရာတွေ ဆက်ဆံတဲ့ ဒီဆုံးမစကား သုံးမျိုးကို မြတ်စွာဘုရားမိန့်တော်မူတယ်။

"မိဒ္ဓဝိနောဒနကမ္မဋ္ဌာန်း"က ငိုက်မျည်းခြင်းကို ပပျောက်စေတဲ့ နည်းလမ်းက (၇)မျိုး၊ ဆုံးမစကားက (၃)မျိုး။ အရှင်မောဂ္ဂလာန်ကို မြတ်စွာဘုရားက ခရီးဝေးကနေပြီး အရှင်မောဂ္ဂလာန်ရဲ့ (၇)ရက်တရားစခန်းမှာ သွားပြီးပေးတော်မူတာ။ ဒီကမ္မဋ္ဌာန်းပေးတော်မူတော့ အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်က ကိတ္တာဝတာ နုခေါဘန္တေ အစရှိသည်ဖြင့် ဆက်ပြီးတော့ တရားရယူတဲ့နည်း၊ တဏှာဒိဋ္ဌိတို့နဲ့ မစွဲလမ်းအောင်နေတဲ့ နည်းနာနိဿယတွေကို မေးတော်မူတယ်။ အဲဒီလို မေးလျှောက်တဲ့အခါ မြတ်စွာဘုရားက ဝိပဿနာကမ္မဋ္ဌာန်းပေးတာပဲ။

http://www.dhammadownload.com



ဒီတရားတစ်ပုဒ်နဲ့ပဲ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး ရဟန္တာ ဖြစ်သွားပါတယ်။

အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးရဲ့ အမေးနဲ့ မြတ်စွာဘုရားရဲ့ အဖြေကို နောက်တစ်ရက်မှ ဟောကြားရအောင်။ ယောဂီသူတော်စင်များ မိဒ္ဓဝိနောဒနကမ္မဋ္ဌာန်း ငိုက်မျည်းမှုကို ပယ်ဖျောက်စေတတ်တဲ့ နည်းလမ်းပေး ကမ္မဋ္ဌာန်းရယ်။ မြတ်စွာဘုရား ဆုံးမချက်(၃)မျိုးရယ်။ နည်းယူပြီးတော့ ရှေ့ဆက်ပြီး အားထုတ်နိုင်ကြပါစေဟု တိုက်တွန်းနှိုးဆော်ပါတယ်။

ဖော်ပြပါ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး၏ ထိနမိဒ္ဓ (ငိုက်မျည်းခြင်း) ပယ်ပျောက်ကြောင်း၊ တရား(၇)ပါးနဲ့ နိဂုံးချုပ်ပါ့မယ်။

၁။ ပယ်ဖျောက်သညာ (တရားနှလုံးသွင်းရင်း ငိုက်မျည်းလာလျှင် မူလနှလုံးသွင်းရင်း သညာကို ခေတ္တရပ်ဆိုင်းရမည်။)

၂။ စာနှလုံးသွင်း (ဤနည်းနဲ့မရပါက မိမိနှုတ်တက်ရရှိထားသော ဓမ္မစကြာ စသည်ကို စိတ်ဖြင့်ကြံစည်ရမည်။)

၃။ စာအံလျှင်းတည့် (ဤနည်းနဲ့မရပါက မိမိသင်ကြားလေ့လာထားသော ပရိယတ်စာပေကို အကျယ်တဝင့် နှုတ်မြွက်၍ရွတ်အံ့ရမည်။)

၄။ နားပျဉ်းကိုသပ် (ဤနည်းနဲ့မရသေးက မိမိ၏နားပျဉ်း နားရွက်ကို ဆွဲရမည်။ ကိုယ့်ကိုယ်ကို လက်ဖြင့်ပွတ်သပ်ရမည်)

၅။ အရပ်ရှုမျှော် (ဤနည်းဖြင့်မရသေးလျှင် နေရာမှထ၍ မျက်နှာသစ်ပြီး အရပ်မျက်နှာ နက္ခတ်တာရာတို့ကို ကြည့်ရမည်)

၆။ အာလောကပွား (နေ့အခါ နေရောင်၊ ညဥ့်အခါ လရောင်ကို ရှု၍ မီးအလင်းရောင်တို့ကို ရှု၍ “အလင်းရောင်၊ အလင်းရောင်” ဟု အဖန်ဖန်ရွတ်ပွားရမည်။)

http://www.dhammadownload.com



၇။ စကြံသွား (ဒါမှမရလျှင် ဣန္ဒြေချုပ်တည်း စိတ်ကိုကိုယ်တွင်း ထားကာ လူးလာတွန့်ခေါက် စကြံလျှောက်ရမည်။)

(၇)ပါးငိုက်မျည်းပျောက်ကြောင်းတည်း။

ဒီ(၇)နည်း သုံးစွဲတာတောင် ငိုက်နေရင် လက်ျာနံတောင်းဖြင့် လျောင်းကာ လက်ဝဲခြေကို လက်ျာခြေ၏ရှေ့သို့ အနည်းငယ်လွန်စေ၍ သတိသမ္ပဇဉ် လက်မလွှတ်စေပဲ "ဤမည်သောအချိန်ကျလျှင် ငါထမည်" ဟူသော အမှတ်သညာကို နှလုံးသွင်း၍ ခြသေ့်မင်းပမာ တည်တည် ကြည်ကြည် အိပ်ရမည်။ အိပ်ရာမှနိုးလျှင်နိုးချင်း စင်း၍နေသော ချမ်းသာ၊ စောင်း၍နေသော ချမ်းသာ၊ ငိုက်မျည်း၍နေသော ချမ်းသာတို့ကို ငါမခံစားဘူးဟဲ့လို့ စိတ်ကိုတင်းလျှက် လျှင်မြန်စွာ ထရမည်ဟူသော ပစလာယမာနသုတ်လာ တရားတို့ကို အလေးထား အားထုတ်နိုင်ကြပါ စေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ သာသနာနှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၄)ရက် တနင်္ဂနွေနေ့။

အရင်တစ်ရက်က ဟောထားတဲ့ သာသနာတော်မှာ သာသနာပြုလုပ်ငန်းကြီး (၇)ရပ်ရှိတာထဲက တောထွက်ပြီးတော့ သာသနာပြုတော်မူခြင်း၊ တရားအားထုတ်ပြီးတော့ သာသနာပြုတော်မူခြင်း၊ ဒီအချက်အလက်တွေ အပါအဝင် သာသနာပြုလုပ်ငန်းကြီး (၇)ရပ်ကို ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီး ဆောင်ရွက်တော်မူခဲ့တယ်။

**တောနေရဟန်း (၅)မျိုး**

အဲဒီလို တောထွက်တော်မူတဲ့ အရညကင်ဓုတင် ဆောက်တည်ခြင်းလို့ ဒီလိုခေါ်ရတဲ့ တောထွက်တော်မူကြတဲ့ အရှင်မြတ်များဟာ (၅)မျိုးရှိတယ်။

၁။ **မန္ဒတ္တာ မောမူဟတ္တာ အရညိကော ဟောတိ။**

မန္ဒတ္တာ မောမူဟတ္တာ ဆိုတာက ဘယ်လိုဟာလဲလို့ဆိုတော့ အသိဉာဏ် ချို့နဲ့နဲ့ တွေဝေမိန်းမောစွာ တောထဲမှာနေတဲ့ ရဟန်းတော်က (၁)မျိုး။

၂။ ပါပိစ္ဆော ဣစ္ဆာပကတော= ယုတ်မာတဲ့ အလိုဆိုးနှိပ်စက်လို့မို့ တောထဲ တောင်ထဲနေတာလဲ ရှိတယ်။

၃။ ဥမ္မာဒါ စိတ္တက္ခေပါ= စိတ်ရူးသွပ်လို့မို့ တောထဲနေတာလဲ ရှိတယ်။

၄။ ဝဏ္ဏိတံ ဗုဒ္ဓေဟိ ဗုဒ္ဓသာဝကေဟီတိ ဝသတိ= ဘုရား မြတ်စွာ၊ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတွေ ချီးကျူးတယ်။ တောထဲတောင်ထဲနေတာဟာ သူတော်ကောင်းတို့ ချီးကျူးတဲ့လုပ်ငန်းပဲ ဆိုပြီးတော့ နေတဲ့အနေမျိုးလဲ ရှိတယ်။

၅။ အပ္ပိစ္ဆံယေဝ နိဿယ= အလိုနည်းမှုကို မှီပြီးတော့၊ သန္တုဋ္ဌိယေဝ နိဿယ= ရောင့်ရဲမှုကို မှီပြီးတော့၊ သလ္လေခယေဝ နိဿာယ= ကိလေသာ

http://www.dhammadownload.com



ခေါင်းပါးမှုကို မှီပြီးတော့၊ ပဋိသလ္လာန သာရုပ္ပဒေသ ဝ နိဿာယ= တစ်ယောက်တည်းတည်း ကမ္မဋ္ဌာန်းအာရုံမှ ငြိကပ်ပြီးတော့နေဖို့ရာ လျော်မှုကိုပဲ မှီပြီးတော့ တောထဲတောင်ထဲမှာ နေခြင်းလို့ (၅)မျိုးရှိတာ ထဲက ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးနှင့်တကွ သေက္ချတောင်ဆရာတော် ဦးတိလောက အစရှိတဲ့ ဆရာတော်ကြီးတွေရဲ့ တောထဲတောင်ထဲမှာနေခြင်းကတော့ ဘုရားမြတ်စွာ၊ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ ချီးမွမ်းတော်မူကြတယ်။

## သေက္ချတောင်ဆရာတော်

တစ်နည်းအားဖြင့် အပ္ပိစ္ဆတာ အစရှိတဲ့ ဂုဏ်ကျေးဇူးတွေကို မှီပြီးတော့ တောထဲ တောင်ထဲမှာနေတော်မူကြတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ကြီး သေက္ချတောင်ဆရာတော် ဦးတိလောကလို့ ထင်ရှားတဲ့ အရှင်မြတ်၊

ဒီအရှင်မြတ်ရဲ့ ဖြစ်စဉ်လေးကို ပြန်ကြည့်မယ်ဆိုရင် စာသင် ထွက်တုန်းကလဲ သူစာသင်ထွက်ပုံလေးကလဲ တစ်မျိုးလေးပဲ။ တောထွက် တော်မူတဲ့အခါလဲ မှတ်သားဖွယ်စကားတွေ လျှောက်ထားခဲ့တယ်။

မုံရွာခရိုင်၊ ပုလဲမြို့နယ် ခေါ်သန္တိရွာ ဆရာတော် ဦးဇဝနရဲ့ တပည့် အရှင်တိလောကဟာ အဲဒီ ခေါ်သန္တိရွာက စာသင်ထွက်မယ် ဆိုတော့ ဆရာရင်းဖြစ်တဲ့ ဦးဇဝနကို လျှောက်ထားတယ်။ မုံရွာ လယ်တီကို သွားစာသင်မလို့ဆိုတော့ ဆရာက ခွင့်မပြုဘူး။

အချို့ အချို့ကျမ်းဂန်ကြီးတွေကို ခေါ်သန္တိရွာမှာပဲ အာဂုံ နှုတ်တက် ဆောင်နိုင်တဲ့ပုဂ္ဂိုလ်ပါပဲ။ တစ်နေ့ကျတော့ သူ့ဆရာရင်းက စိတ်ဆိုးဆိုးနဲ့ ခွင့်ပြုလိုက်တယ်ဆိုတော့ လှေခါးကမဆင်းပဲနဲ့ ကျောင်း ပြတင်းပေါက်က ခုန်ချပြီးတော့ လယ်တီကို စာသင်သွားခဲ့တာပါပဲ။

ဒီနောက် ဝါတော်(၆)ဝါရတဲ့အခါ လယ်တီဆရာတော်ဘုရားကြီး ထံမှာ တောထွက်ဖို့ရာ ခွင့်ပန်တယ်။ သေက္ချတောင်မှာ သွားနေတော့

http://www.dhammadownload.com



မလို့ပါ ဘုရား။ တောထဲ တောင်ထဲ သွားနေမလို့ပါတဲ့။

ဆရာတော်ဘုရားစီ နှောင်သောအခါမှာ မြေပြင်ကမလာတော့ ပါဘူးဘုရား။ ဆရာတော်ဘုရားကို ကန်တော့ဖို့ရာ မြေပြင်က မလာတော့ ပါဘူးလို့ လျှောက်ထားပြီး တောထွက်ပြီး သေက္ခတောင်မှာ တရား အားထုတ်တာပါပဲ။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ဘာမိန့်သလဲဆိုတော့ "တိလောကကြီးတော့ သူ့ကိုယ်သူ တော်တော်အထင်ကြီးသွားပြီ"တဲ့။ အထင်လဲကြီးလောက်ပါတယ်။ အရှင်မြတ်ကြီးတွေရဲ့ စာပေတတ် မြောက်မှုဟာ ရှင်သာမဏေဘဝထဲက တော်တော်များများ စာတတ် နေပါတယ်။

ဦးတိလောက သေက္ခတောင်မှာ တရားအားထုတ်နေတဲ့အခါမှာ "ပဏ္ဍိတဝေဒနီယကျမ်း"ဆိုတာ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တွေကို ရဟန်းရှင်လူတွေ လိုက်နာသိမှတ်နိုင်အောင်လို့ ရေးသားတော်မူခဲ့ ပါတယ်။

အဲဒီ ပဏ္ဍိတဝေဒနီယကျမ်းကြီးက ရဟန်းပညာရှိ လူပညာရှိတို့ အားကိုးလောက်တဲ့ ကျမ်းတစ်ဆူဖြစ်ပါတယ်။ ကျိုက်ထိုမြို့မှာနေတဲ့အခါ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက "အာဟာရဒီပနီ ကျမ်း" ကို ရေးသားပြီး ဓမ္မလက်ဆောင်အဖြစ် သူ့တပည့် ဦးတိလောကစီ လှမ်းပို့ခဲ့တယ်။

**အာဟာရဒီပနီ**

အာဟာရဒီပနီကျမ်းကို ပြန်ပြီးတော့ လေ့လာမယ်ဆိုရင် စိတ်တစ်လုံးကို ပရိညာသုံးတန်နဲ့ ဉာဏ်စဉ်အဆင့်ဆင့်နဲ့ သိနိုင်မယ်ဆိုရင် နာမ်ရုပ်အားလုံးကို သိနိုင်တယ်။ နာမ်ရုပ်အားလုံး သိနိုင်ပြီး ရဟန္တာ ဖြစ်နိုင်တယ်။ စိတ်တစ်လုံးကို ပိုင်ပိုင်နိုင်နိုင် သိနိုင်ရင်၊ အသုံးချနိုင်ရင် ရဟန္တာဖြစ်နိုင်တယ်။

http://www.dhammadownload.com



ဖဿတစ်လုံးကို ပိုင်ပိုင်နိုင်နိုင် သိနိုင်၊ မြင်နိုင်၊ အသုံးချနိုင်ရင် ရဟန္တာဖြစ်နိုင်တယ်။ ဖဿတစ်လုံးကို ပိုင်ပိုင်နိုင်နိုင် သိတဲ့အခါကျတော့ ဝေဒနာတစ်လုံးကို ပိုင်ပိုင်နိုင်နိုင် သိတော့တာကိုး။ ဝေဒနာသုံးမျိုးကို ပိုင်ပိုင်နိုင်နိုင် သိနိုင်ရင် ရဟန္တာဖြစ်တော့တာပဲ။

စေတနာတစ်လုံးကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ရင် ရဟန္တာဖြစ်နိုင်တယ်။ စေတနာကို ပိုင်ပိုင်နိုင်နိုင် သိခဲ့လို့ဆိုရင် တဏှာသုံးမျိုးကို သိတော့တာပဲ။ တဏှာသုံးမျိုးကို ပိုင်ပိုင်နိုင်နိုင် ပယ်ရှားနိုင်ရင် ရဟန္တာဖြစ်တာပဲ။ သညာကို ပိုင်ပိုင်နိုင်နိုင် သိနိုင်ရင် ဩဃလေးပါးမှ လွတ်မြောက်ပြီး ရဟန္တာဖြစ်နိုင်တယ်။

ဝေဒနာတစ်လုံးကို ခံစားစံစား ဝေဒနာတစ်လုံးကို ပိုင်ပိုင်နိုင်နိုင် သိနိုင်ရင် ရဟန္တာဖြစ်နိုင်တယ်။ စိတ်၊ ဖဿ၊ စေတနာ၊ သညာ၊ ဝေဒနာ တစ်လုံးစီတို့ရဲ့ သိမြင်မှုနဲ့ပတ်သက်ပြီး ဆရာတော်ဘုရားကြီးက အကျယ်တဝင့် ရေးသားပြီးတော့ ကျိုက်ထိုမြို့ကို ပို့ခဲ့ဖူးပါတယ်။

ကိုယ်တော်တိုင်လဲပဲ သေက္ခတောင်ဆရာတော် ဦးတိလောကရဲ့ ပင့်လျှောက်ချက်အရ သေက္ခတောင်မှာ သွားပြီးတရားအားထုတ်တော့ ရဟန်းတော် ငါးပါးရှိတယ်။ မောင်စမုံဆိုတဲ့ ကပ္ပိယလဲရှိတယ်။ ဆရာတော်ဘုရားကြီး တစ်နေ့မှာ ကမ္မဋ္ဌာန်းကျောင်းထဲ တရားအားထုတ်နေတော့ ကြမ်းပြင်နဲ့ နှစ်တောင်လောက်လွတ်ပြီး မျက်လွှာချပြီး တရားရှုမှတ်နေတာကို တွေ့ရတယ်။

မောင်စမုံဆိုတဲ့ ကပ္ပိယက ညနေချမ်း အဖျော်ရည်ကပ်ဖို့ သွားတော့ ဆရာတော်ဘုရားကြီး ကြမ်းပြင်နဲ့ နှစ်တောင်လောက်လွတ်ပြီး တရားအားထုတ်နေတာကို ဦးဝိသုဒ္ဓ၊ ဦးပဏ္ဍိတတို့ကို ပြောတဲ့အခါ ချောင်းပြီး ဖူးမြော်ကြတယ်။ ဆရာတော် ဦးတိလောကကလဲ သွားပြီး ဖူးမြော်တဲ့အခါ သေက္ခတောင်ဆရာတော်က တို့ကျေးဇူးရှင်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် ဘယ်သူ့ကိုမှ မပြောကြနဲ့လို့ နှုတ်ပိတ်စကား ပြောတော်မူတယ်ဆိုတဲ့ မှတ်တမ်းရှိပါတယ်။

http://www.dhammadownload.com



ကျိုက်ထိုကနေ ဆရာတော်ဘုရားကြီးက ဘယ်ကြွသလဲဆိုတော့ ဘီးလင်းမြို့အနီးက ကုသိန္နာရုံတောင်၊ ကုသိန္နာရုံတောင်ဆိုတာ အရှင်သောဏ၊ အရှင်ဉတ္တရတို့ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ခင်းမှာ တစ်ပါး ပရိနိဗ္ဗာန်စံတယ်။ ညနေမှာတစ်ပါး ပရိနိဗ္ဗာန်စံပါတယ်။

တစ်နေ့ထဲ၊ တစ်ရက်ထဲ ပရိနိဗ္ဗာန် စံတော်မူကြတဲ့ သာသနာပြုကိုးတိုင်းကိုးဌာန အပါအဝင် သုဝဏ္ဏဘုမ္မိ သာသနာပြုကြွခဲ့တဲ့ သောဏမထေရ်နဲ့ ဉတ္တရမထေရ်တို့ ပရိနိဗ္ဗာန်စံရာဖြစ်တဲ့ ကုသိန္နာရုံတောင်မှာ အခုထက်ထိ ကျောက်ဂူကြီးရှိပါတယ်။

အဲဒီတောင်ပေါ်မှာနေကြတဲ့ ရသေ့တွေလဲ ရှိတယ်။ ရသေ့တွေက လောကီဝိဇ္ဇာလမ်းလိုက်ပြီးတော့ နေကြတဲ့အခါမှာ သက္ကာယဒိဋ္ဌိ ပပျောက်နိုင်ဖို့အရေးနဲ့ ပတ်သက်ပြီးတော့ ဝိဇ္ဇာ(၅)မျိုး။

| | | | |
|---|---|---|---|
| ၁။ | ဗေဒဝိဇ္ဇာ | = | ဗေဒင်နဲ့ဝိဇ္ဇာဖြစ်ပုံ၊ |
| ၂။ | မန္တဝိဇ္ဇာ | = | မန္တရားတွေ၊ နက္ခတ်တာရာတွေနဲ့ ပတ်သက်ပြီး ဝိဇ္ဇာဖြစ်ပုံ၊ |
| ၃။ | ဂန္ဓာရီဝိဇ္ဇာ | = | ဓာတ်လေးပါးကို အခြေခံပြီးတော့ စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီဖြစ်ပုံ၊ |
| ၄။ | လောကိယဝိဇ္ဇာ | = | မြေလျှိုးမိုးပျံ တန်ခိုးဈာန်နဲ့ အဘိညာဉ်တွေနဲ့ ပြည့်စုံတဲ့ဝိဇ္ဇာနဲ့ ပတ်သက်တဲ့ အချက် အလက်တွေ၊ |
| ၅။ | အရိယဝိဇ္ဇာ | = | အာသဝက္ခယဉာဏ် ရရှိပြီးတော့ ဘဝသံသရာက လွတ်မြောက်သွားနိုင်တဲ့ အရိယဝိဇ္ဇာ၊ |

ဒီဝိဇ္ဇာ (၅)မျိုး အခြေခံပြီးတော့ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းဆိုတာ ပြုစုတော်မူခဲ့တယ်။

အရိယဝိဇ္ဇာဖြစ်ဖို့လဲ ခေါင်းစဉ်းမာတိကာ (၁၀)မျိုး ထားပြီး ဆရာတော်ဘုရားကြီး ရေးသားပြီး အရိယဝိဇ္ဇာဖြစ်အောင် ကုသိန္နာရုံ

http://www.dhammadownload.com



တောင်မှာနေကြတဲ့ ရသေ့တို့အား သက္ကာယဒိဋ္ဌိ ပျောက်ရန်၊ ပြီးတော့ အနိစ္စဝိဇ္ဇာဉာဏ်၊ ဒုက္ခဝိဇ္ဇာဉာဏ်၊ အနတ္တဝိဇ္ဇာဉာဏ်၊ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာ ဆိုတဲ့ အရိယဝိဇ္ဇာဖြစ်အောင် ဆရာတော်ဘုရားကြီးက နည်းလမ်းပြတဲ့ အတွက် ရသေ့များက အားထုတ်ကြတယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကိုယ်တိုင်ယဲပဲ ကုသိန္နာရုံရှိ ကျောက်ဂူကြီးမှာ တရားဓမ္မများ အားထုတ်နေခဲ့တဲ့မှတ်တမ်း များရှိတဲ့အတွက် မနက်ဖြန်ဆိုရင် ကျိုက်ထိုသေက္ခတောင် သွားပြီးတော့ မြဝတီရုပ်သံကနေပြီး ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး တောထွက်တော်မူခဲ့တဲ့နေရာ ဘီလင်းမြို့၊ ကုသိန္နာရုံတောင် ဆရာတော် ဘုရားကြီး တရားအားထုတ်ခဲ့တဲ့နေရာကို သွားရောက်ဖူးမျှော်ပြီးတော့ မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတွေ တောထဲ တောင်ထဲ ထွက်ပြီး အရိယဝိဇ္ဇာ ဖြစ်အောင်ဆိုပြီး အားထုတ်တော်မူကြတယ်။ နည်းလမ်းပေးတော်မူကြတယ်။ နည်းလမ်းပေးပြီးတော့ ကိုယ်တော်တိုင် တောထွက်ပြီး တရားအားထုတ်တော်မူကြတယ်။

တပည့်ဒကာ ဒကာမ ရဟန်းရှင်လူတွေ အရိယဝိဇ္ဇာဖြစ်ကြောင်း ကောင်းမြတ်တဲ့နည်းနာနိဿယများ၊ မြတ်စွာဘုရား စကားတော်တွေနဲ့ အံဝင်ဂွင်ကျဖြစ်အောင် ပေးသနားတော်မူခဲ့တဲ့အတိုင်း စဉ်ဆက်မပြတ် သင်ကြားပို့ချနေကြတဲ့အတိုင်း၊ နည်းနာနိဿယများကို ကြိုးစားမယုတ် အားထုတ်ပြီး အရိယဝိဇ္ဇာ လျှင်မြန်စွာဖြစ်ကြ၍ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းနိုင် ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## အောင်ပွဲ

ယနေ့ သာသနာနှစ် ၂၅၄၈၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည်ကျော်(၈)ရက်၊ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း (၈၁)ကြိမ်မြောက် အောင်ပွဲကျင်းပနေတဲ့အခါ ယနေ့ကစပြီး ဘုန်းကြီးတို့ (၇)ရက်တရားစခန်း စခန်းသိမ်းသွားသော်လဲ နွေရာသီကျောင်းပိတ်ချိန်ကာလမှာ ကလေးသူငယ်များကို ဗုဒ္ဓသာသနာပြုတဲ့အနေအားဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို လာမယ့်(၁၃-၃-၂၀၀၅)နေ့မှာ ဖွင့်လှစ်သင်ကြားပေးဖို့ စီစဉ်ထားပါတယ်။ ဒီနောက်ကျပြန်တော့ (၈၂)ကြိမ်မြောက် တရားစခန်း၊ တပေါင်းလပြည့်တရားစခန်း(၁၉)ဌာနေ တပြိုက်နက် ဖွင့်နိုင်အောင် စီစဉ်နေပါတယ်။ သင်္ကြန်အကြိုနေ့ (၁၄-၄-၂၀၀၅)ဗုဒ္ဓဟူးနေ့ နေ့လယ်တနာရီအချိန်စတင် ဖွင့်ကြမှာဖြစ်ပါတယ်။

ကလေးသူငယ်လူမမယ်များဟာလဲ အင်မတန်အရေးကြီးပါတယ်။ လူကြီးသူကြီးဖြစ်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့က တရားအားထုတ်ကြပြီး ကလေးသူငယ် လူမမယ်များရဲ့ ကဏ္ဍကို ချန်ထားမယ်ဆိုရင် မပြည့်စုံဘူး။ ဒါကြောင့် ကျေးဇူးတော်ရှင်လယ်တီ ဆရာတော်ဘုရားကြီးက ဝိဇ္ဇာမဂ္ဂဒီပနီ၊ အနတ္တဒီပနီ၊ နိဗ္ဗာနမဂ္ဂဒီပနီ စသည့်ဖြင့် လူကြီးသူကြီးတွေ လေ့လာလိုက်စားအားထုတ်ဘို့ အဆင့်အတန်းမြင့်တဲ့ ကျမ်းဂန်တွေ ရေးသားခဲ့သလို ကလေးသူငယ် လူမမယ်များ ယဉ်ကျေးသိမ်မွေ့မှု ဖြစ်အောင်သင်ပုန်းကြီးကစပြီး သိင်္ဂါလောဝါဒသုတ္တန်၊ သုကုမာရမဂ္ဂဒီပနီတို့ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်ကစပြီး နှုတ်တက်အာရုံရနေအောင် ကျမ်းဂန်များပြုစုပြီး ကလေးလူကြီးဆိုသလိုလဲ နှီးဆော်တိုက်တွန်းပြီးတော့ ဗုဒ္ဓဘာသာဘက်အာရုံ ရောက်လာအောင်ဆောင်ရွက်တော်မူ အဘိဓမ္မာတရားတော်များ တတ်သိနားလည်ဖို့ဆိုပြီးတော့ ပရမတ္ထသံခိပ်အသင်းတွေ ဖွဲ့စည်းကာ သင်စေခဲ့တယ်။ မဟာသရဏဂုံကြီးတွေ ရေးသားပြီး ကိုယ်တော်တိုင်လဲ

http://www.dhammadownload.com



မဟာသရဏဂုံတော် သိန်းချီရွတ်ဖတ်ပူဇော်ပြီးတော့ ဒကာ ဒကာမတွေကိုလဲ ရွတ်ဖတ်ပူဇော်စေခဲ့တယ်။ စွယ်စုံသာသနာပြု ဖြစ်တော်မူတဲ့ စာသင်ခြင်း၊ စာချခြင်း၊ တရားဟောခြင်း၊ တရားဟော တရားပြခြင်း၊ ကျမ်းဂန်ရေးသားတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားအားထုတ်တော်မူခြင်း အထက်ပါအတိုင်း စွယ်စုံသာသနာပြုမှုကို ပျိုးထောင်ပြီး သွားတဲ့ ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနကျော်ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ တရားအားထုတ်နည်း။ အဲဒီ တရားအားထုတ်နည်းကလဲ ပင်မက ဗုဒ္ဓဘုရားရှင်ရဲ့နည်း။ အဲဒီနည်းနာနိဿယအတိုင်း အားထုတ်ပြီး သွားမယ်ဆိုရင် ဘုန်းကြီးတို့ ဒကာ ဒကာမများ သာသနာကွယ်ဘို့ အကြောင်းမရှိတော့ဘူး၊ သာသနာကွယ်တဲ့ဘဝ မရှိအောင် အားထုတ်ကြရမယ်။

## သာသနာကွယ်တဲ့ဘဝမရှိအောင်

သာသနာကွယ်တဲ့ ဘဝမရှိအောင် ဘယ်လို အားထုတ်ကြမလဲ။ သာသနာအစစ်၊ သာသနာအနှစ်သာရ၊ သီလ, သမာဓိ, ပညာရရှိဖို့၊ သက္ကာယဒိဋ္ဌိ ဘယ်လိုပယ်သတ်ရမလဲ။ အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ် သုံးပါး အခြေခံထားပြီးတော့ ဝိပဿနာတရား အားထုတ်ရမှာပဲ။ အဲဒီ ဝိပဿနာတရား အားထုတ်တဲ့ နေရာမှာလဲ စိတ်၏တည်ကြည်မှုရအောင် သမထကမ္မဋ္ဌာန်း အားထုတ်ပြီး၊ သမာဓိထူထောင်ကြရပါတယ်။ အဲဒီလို မြတ်စွာဘုရား ဒေသနာတော်နဲ့အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော်ရေးသားပြီးထားခဲ့တဲ့ ဆရာတော်ဘုရားကြီးက သာသနာကွယ်တဲ့ဘဝ မရောက်ရအောင် မရှိရအောင် အားထုတ်။ ဘယ်လိုအားထုတ်ရမလဲ သက္ကာယဒိဋ္ဌိ ပယ်သတ်နိုင်အောင် ဘာကို အားထုတ်မလဲဆိုတော့ ဝိပဿနာတရားပါပဲ။ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာများကို အားထုတ်ခဲ့ကြပြီ။ အဲဒီ လက္ခဏာသုံးပါးမှာ အရေးကြီးဆုံးက အနိစ္စလက္ခဏာယာဉ် ပထမဆုံး

http://www.dhammadownload.com



ပရမတ္ထတရားများ ဖြစ်ကြတဲ့ ရုပ်= ဖေါက်ပြန်မှုသဘော၊ နာမ်= သိမှုသဘောတို့ရဲ့ မမြဲတဲ့အမှတ်တံဆိပ်ကို ဦးစွာရှုပွားကြဖို့ သူက အရေးကြီးဆုံးပါပဲ။ လက္ခဏာယာဉ်သုံးပါးထဲမှာ အနိစ္စလက္ခဏာ မြင်ဖို့ဟာလိုရင်းပါပဲ။ အနိစ္စမြင်ရင် အနတ္တမြင်ပါပြီ။ အနတ္တမြင်မှ လမ်းဆုံးပါတယ်၊ အနတ္တမြင်ရင် သက္ကာယဒိဋ္ဌိ ချုပ်ပါပြီ။ သက္ကာယဒိဋ္ဌိ၊ သက္ကာယ= ထင်ရှားရှိနေတဲ့ ရုပ်တရားနာမ်တရား တို့အပေါ်မှာ ဒိဋ္ဌိ = မိစ္ဆာဒိဋ္ဌိ = ဖေါက်ဖေါက်ပြန်ပြန် မှားမှားယွင်းယွင်း သူပဲ ငါပဲ အတ္တပဲ ဇီဝပဲ အသက်ပဲ လိပ်ပြာပဲလို့ အယူစွဲနေတဲ့ အယူမှား၊ အဲဒီ သက္ကာယဒိဋ္ဌိကို ပြုတ်အောင် ဖြုတ်နိုင်တာက အနတ္တဉာဏ်ပါ အားထုတ်ခဲ့ကြပြီ။

အဲဒီလို အနတ္တမြင်လို့ သက္ကာယဒိဋ္ဌိ ချုပ်သွားပြီဆိုရင် ပုထုဇဉ်ဘဝက လွတ်မြောက်ပြီး အရိယာဘဝရောက်ပြီ။ လောကီဘုံသား အဖြစ်ကို လွန်မြောက်ပြီးတော့ လောကုတ္တရာဘုံသားဖြစ်သွားပြီ။ သဥပါဒိသေသ ပထမဘုံသား ဖြစ်သွားပါပြီ။ အာဇီဝဋ္ဌမကသီလ စောင့်ထိန်းမှုဟာလဲ ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါး၊ မိစ္ဆာဇီဝရှောင်ကြဉ် (၁)ပါး၊ ပေါင်းအာဇီဝဋ္ဌမကသီလ (၈)ပါး သီလဟာလဲ အဲဒီလို တရားအားထုတ်ပြီးလို့ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသွားပြီဆိုရင် သီလဟာလဲ နိစ္စသီလ၊ နိစ္စနိယာမသီလ မြဲသွားတယ်။ ဘယ်ဘဝ ရောက်ရောက် ဒီသီလမပျက်တော့ဘူး။ ဒါ့ကြောင့်မို့ သီလကလဲ နိစ္စသီလ ဖြစ်သွားတယ်။ သီလက နိစ္စသီလ ဖြစ်သွားသလိုပဲ ကုသိုလ်တရား တွေနဲ့ ပတ်သက်လို့ သတိပဋ္ဌာန်တရားတွေနဲ့ ပတ်သက်လို့ ရတနာသုံးပါး တို့ရဲ့ ဂုဏ်နဲ့ပတ်သက်ပြီး တည်ကြည်မှုဟာလဲ နိစ္စနိယာမအားဖြင့် မြဲပြီးသွားတာပါ။ သမာဓိလဲ မပျက်တော့ဘူး။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် လက္ခဏာယာဉ်သုံးပါး၊ သစ္စာလေးပါး၊ လက္ခဏာယာဉ်သုံးပါး၊ သစ္စာလေးပါးနဲ့ ပတ်သက်ပြီးတော့ ထင်လင်းတဲ့ ဉာဏ်ပညာဓာတ်ကြီးဟာလဲ နိစ္စနိယာမဖြစ်ပြီးတော့ သွားတယ်။ အဲဒီတော့ သီလကလဲမြဲ၊ သမာဓိကလဲမြဲ၊ ပညာကလဲမြဲတဲ့

http://www.dhammadownload.com



အခါ ဝိသာခါ၊ အနာထပိဏ်တို့လို ဘုံစဉ်စံပြီးတော့ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ သီလ၊ သမာဓိ၊ ပညာစခန်းတွေဟာ စည်ကားပြီး ဒီပုဂ္ဂိုလ်သာသနာ မကွယ်တော့ဘူး၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး မကွယ်ပျောက်တော့ဘူး၊ အဲလို မကွယ်ပျောက်တော့ အပါယ်တံခါး ပိတ်သွားတာပါပဲ။ အဲဒီလို မကွယ်ပျောက်အောင်ဆိုပြီး အားထုတ်ကြရတာ။ အားထုတ်ကြတဲ့အခါမှာ အတွင်းအပ အသုံး အဆောင် အသက်ခန္ဓာတွေ ရှိတယ်။ ပါရမီကုသိုလ်များ ရှိတယ်။ အတွင်းအပ မိမိပိုင်သတဲ့ ပစ္စည်းအသက် တို့ကတော့ဗာဟိရဝတ္ထုလို့ ထားပြီးတော့။ ပါရမီအဆောက်အအုံ ကုသိုလ်တရားများကတော့ အတွင်းဓာတ်သားတွေ။

## ပါရမီသမ္ဘာရကုသိုလ်တရား

ဒါကြောင့် အသက်ခန္ဓာနဲ့တကွ အသုံးအဆောင် အားလုံးသည် ပျက်စီးချင် ပျက်စီးပါစေတော့။ အတွင်းဓာတ်သားဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာ ပါရမီ သမ္ဘာရကုသိုလ်တရားများ မပျက်အောင်စောင့်ထိန်းဖို့က အရေးကြီးပါတယ်။ အတွင်းအပ အသုံးအဆောင် နန်းဘုံဗိမာန်ကြီး တွေနှင့်တကွ စကြာမင်းကြီးတွေဖြစ်ကြလို့ စည်းစိမ်ဥစ္စာကြီးများ စွန့်ပစ်ကျလို့၊ မြို့ကြီးပေါင်း ၈၄၀၀၀၊ နန်းဘုံဗိမ္မာန် ၈၄၀၀၀၊ ရတနာ (၇)ပါး အစရှိသည်ဖြင့် အပဖြစ်တဲ့ အတွင်းအပ အသုံးအဆောင်တွေဟာ ပျက်စီးခဲ့ကြပြီ။ အရေးကြီးဆုံးကတော့ မပျက်စီးပဲနဲ့ ကျန်နေတဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်နဲ့ ပါရမီသမ္ဘာရ ဒါတွေဟာ အနှစ်သာရအဖြစ်နဲ့ မပျက်စီးပဲ ကျန်ရှိနေတဲ့အတွက် လူနဟ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပြီးစေတတ်တဲ့ ပါရမီသမ္ဘာရကို သတိကြီးကြီး ဉာဏ်ကြီးကြီးနဲ့ စောင့်ရှောက်ထိန်းသိမ်းတော့ အကာဖြစ်တဲ့ အတွင်းအပ အသုံးအဆောင် အသက်ဝို့ရဲ့ ပျက်စီးမှုကို ကြည့်မနေတော့ပဲနဲ့ အနှစ်သာရ ရအောင် အားထုတ်ရမယ်လို့ ရှေးသူတော်ကောင်းကြီးတွေ ဆုံးမထားခဲ့တဲ့ စကားတွေရှိတယ်။

http://www.dhammadownload.com



**ယံကိဉ္စိ ဗာဟိရံဝတ္ထုံ၊ ယထာကာမံ ပဘိဇ္ဇတု။**
**အဇ္ဈတ္တသ္မိံ မဘိန္နမှိ၊ အဘိန္နော ဝေသပညဝါ။**

ယံကဉ္စိ= တစ်စုံတစ်ခုသော၊ ဗာဟိရဝတ္ထုံ= တွင်းပသုံးဆောင်များမြောင်စွာလှ အသက်ခန္ဓာနှင့် တကွသော ဝတ္ထုသည်၊ ယထာကာမံ= အလိုရှိတိုင်း၊ ပဘိဇ္ဇတု= ပျက်စီးပါစေ။ အဇ္ဈတ္တသ္မိံ= အတွင်း၌ဖြစ်သော ပါရမီသမ္ဘာရ ကုသိုလ်တရားသည်၊ အဘိန္နမှိ= မပျက်စီးသည်ရှိသော် ပညဝါ= ပညာရှိသောပုဂ္ဂိုလ်သည်၊ အဘိန္နောဝ= မပျက်စီးသည်သာလျှင်တည်း။ အတွင်းအပ အသုံးအဆောင်နှင့်တကွ အသက်ခန္ဓာကို ပျက်စီးပါစေ၊ အတွင်းဖြစ်တဲ့ ပါရမီသမ္ဘာရ ကုသိုလ်များဖြစ်ကြသော သီလသမာဓိပညာ ကျင့်စဉ်တရား မပျက်စီးရင်၊ ဒါန **သီလ** ဘာဝနာ ဆိုတဲ့ သူတော်ကောင်းတရား မပျက်စီးရင် ဒီပညာရှိအမျိုးကောင်းသား အမျိုးကောင်းသမီးဟာ ပျက်စီးသည် မမည်ဘူးတဲ့။

**စက္ကီဘူတာနံပုဗ္ဗေပိ၊ ဘိန္နာသမ္ပတ္တိယော ဗဟူ။**
**ပါရမီပုညသမ္ဘာရော၊ သာရေကောဝ အဘိန္နကော။**
**တသ္မာ ရက္ခေ တံသမ္ဘာရံ နသောစေဖဂ္ဂုဘေဒနံ။**

စက္ကီဘူတာနံ= စကြာမင်း ဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့၏၊ ပုဗ္ဗေပိ= ရှေးအခါ၌လည်း၊ ဗဟူသမ္ပတ္တိယော= များစွာသောပစ္စည်းတို့သည်၊ ဘိန္နာ= ပျက်စီးခဲ့ပြီ၊ စကြာမင်းကြီးတို့ရဲ့ရတနာ(၇)ပါး ဘုံနန်းဗိမာန်အားလုံး တို့ဟာ အများကြီးပဲ ပျက်စီးခဲ့ကြပြီ။ ဧကော= တစ်ခုသော၊ သာရော= အနှစ်သာရဖြစ်သော၊ ပါရမီပုညသမ္ဘာရော= ပါရမီကုသိုလ် အဆောက်အအုံသည်သာလျှင်၊ အဘိန္နကော= မပျက်စီးတည်ရှိ၍နေခဲ့ပေ၏။ အခု ယောဂီသူတော်စင်များ အားထုတ်ထားတဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား ပါရမီပုညသမ္ဘာရ ကုသိုလ်တရားစုဟာ မပျက်စီးဘူးတဲ့။ မိမိတို့ အတွင်းအပ အသုံးအဆောင် အသက်ခန္ဓာ တရားစုဟာ ပျက်စီးခဲ့ကြပြီ။ နောက်ဆုံး စကြာမင်းကြီးဘဝကိုလဲ ဖြစ်ခဲ့ဖူးကြတော့ ပိုင်သတဲ့ ရတနာ(၇)ပါး ဘုံနန်းဗိမာန်တို့ဟာလဲ ပျက်စီးခဲ့ကြပြီ။ တသ္မာ= ထို့ကြောင့်၊ သဗ္ဗသမ္ပတ္တိသာခကံ= လူနတ်နိဗ္ဗာန်

http://www.dhammadownload.com



သုံးတန်သော ချမ်းသာကို ပြီးစေတတ်သော၊ တမေဝသမ္ဘာရ= ထိုကုသိုလ်ပုည သမ္ဘာရကိုသာလျှင်၊ သတိမာ= သတိရှိသည်ဖြစ်၍၊ ပညဝါ= ပညာရှိသည်ဖြစ်၍၊ ရက္ခေ= စောင့်ရှောက်ရာ၏၊ ပါရမီသမ္ဘာရ ကုသိုလ်ကို မဖြစ်ဖြစ်အောင် မများများအောင် ပြုလုပ်ပြီး စောင့်ရှောက် ရမယ်။ ဖဂ္ဂုဘေဒနံ= အကာသဖွယ် ဖြစ်၍နေသော အတွင်းအပ အသုံးအဆောင်နှင့်တကွသော အသက်ခန္ဓာကိုယ်၏ ပျက်စီးခြင်းကို၊ နသောစေ= မစိုးရိမ်ရ။

အကာဖြစ်တဲ့ အတွင်းအပ အသုံးအဆောင် အသက်နှင့် ခန္ဓာကိုယ် ပျက်စီးခြင်းကို အကာပျက်စီးခြင်းပဲတဲ့။ အကာပျက်စီးခြင်းကို မစိုးရိမ်ပဲနဲ့ သတိကြီးကြီးနဲ့ အသိဉာဏ်ကြီးကြီးနဲ့ ပါရမီသမ္ဘာရ ဒါနသီလ ဘာဝနာသီလ သမာဓိပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို စောင့်ရှောက် ထိန်းသိမ်းရမယ်လို့။ ရှေးပညာရှိများ ဆိုဆုံးမထားသည့် အတိုင်း မိမိတို့ကလဲ အကာသဖွယ်ဖြစ်တဲ့ အသက်၊ အာကာသဖွယ် ဖြစ်တဲ့ အတွင်းအပ အသုံးအဆောင်တို့ရဲ့ ပျက်စီးမှုကို အာရုံမထားကြပဲနဲ့၊ သီလ သမာဓိ ပညာကျင့်စဉ်တရား သိက္ခာသုံးပါးနဲ့ ဒါန သီလ ဘာဝနာ ပါရမီသမ္ဘာရ တရားတို့ကို စောင့်ရှောက်ထိန်းသိမ်းရာသည်ဟူသော ရှေးပညာရှိ သူတော်ကောင်းတို့၏ အဆုံးအမနှင့် ကိုက်ညီတယ် လျော်ကန်တယ်။

အထူးသဖြင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလမ်းစဉ်(၇)ရပ်နှင့် အံဝင်ဂွင်ကျဖြစ်တယ်။ အကာသဖွယ် ဖြစ်တဲ့ အသက်အတွင်းအပ အသုံးအဆောင်တို့ရဲ့ ပျက်စီးမှုတို့ကို မစိုးရိမ်ပဲနဲ့ ပါရမီသမ္ဘာရ ဒါနသီလ ဘာဝနာတရားနဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အနှစ်တရားတို့ကို ကြိုးစားအားထုတ် နိုင်ကြပါစေ သတည်းလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# လယ်တီဆရာတော်ကြီး တောရဆောက်တည်ခဲ့သည့် ဆပုဂံတောရ

သာဝေထွန်း တင်ပြသည်။

ကမ္ဘာ့နိုင်ငံ အသီးသီးတွင် သူ့နိုင်ငံနှင့်သူ ထင်ရှားကျော်ကြားသော ပညာရှိများ၊ စာဆိုအကျော်အမော်များ ပေါ်ထွန်းခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း ရှေးခေတ်အဆက်ဆက်မှသည် ယနေ့တိုင်အောင် ရဟန်းပညာရှိ လူပညာရှိ ရဟန်းစာဆိုတော်၊ လူစာဆိုတော်များ ပေါ်ထွန်းလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် အင်းဝခေတ်၌ ပေလေးပင် ရှင်လေးပါးဟု ဆိုအပ်သော ရဟန်းစာဆိုအကျော်အမော်များ ပေါ်ထွန်းခဲ့ရာ နှောင်းလူတို့တွင် ထိုရဟန်းစာဆို အကျော်အမော်များ ရေးသားခဲ့သည့် ကဗျာ၊ လင်္ကာ၊ ပျို့၊ မော်ကွန်း၊ အဲချင်းများကို ဖတ်ရှုရ၍ ယင်းစာဆိုအကျော်အမော်များ ရေးသားဆုံးမမှုများကို မှတ်သားနာယူကာ ကျင့်ကြံနေထိုင်ပြောဆိုကြသဖြင့် မြန်မာတို့သည် လိမ္မာယဉ်ကျေးသော လူမျိုးများအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ကြသည်။

ထို့ပြင် စာဆိုအကျော်အမော်များ၏ ရေးသားဖွဲ့နွဲ့မှုများကို လိုက်နာမှတ်သားအတုယူ၍ ဆင့်ပွားရေးသားကြပြန်သဖြင့် မြန်မာစာပေဘဏ္ဍာတိုက်တွင် အဖိုးအနဂ္ဃ ထိုက်တန်သော စာပေရတနာတို့သည် တည်ရှိကြကုန်သည်။

ထိုရဟန်းစာဆို အကျော်အမော်များတွင် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးသည် တစ်ပါးအပါအဝင်ဖြစ်သည်။

လယ်တီဆရာတော်ကြီးသည်ကား ဒီပနီကျမ်းအစောင်စောင်ကို ရေးသားပြုစုခဲ့သော ဆရာတော်ကြီးဖြစ်သည်။

ဆရာတော်ကြီး၏ ကျေးဇူးကြီးမားပုံကို အထူးဖွဲ့နွဲ့ရေးသားရန် လိုမည်မထင်ပါ။

http://www.dhammadownload.com



ဗုဒ္ဓဘုရားရှင်၏ဖြစ်စဉ်ကို ကျဉ်းကျဉ်းဖြင့် လိုရင်းပါအောင် သာယာချောမွေ့သော လင်္ကာများဖြင့် ရေးသားထားသည့် "သုံးလူ့ရှင်ပင် ကျွန်းထိပ်တင် သောင်းခွင်စကြာဝဠာ" အစချီတဲ့ ခုနစ်နေ့ ဘုရားရှိခိုး လင်္ကာကို ရွတ်ဆိုပွားများကြဖူးသူတိုင်း ဆရာတော်ကြီး၏ ကျေးဇူး ကြီးမားပုံကို သိရှိနိုင်ပေသည်။

ဆရာတော်ကြီး ရေးသားစပ်ဆိုသည့် 'သာသနာနောက်ဖျား၊ ပေါက်ဖွားကြအဆူဆူ၊ ယောကျ်ားပ ငါလိုလူ၊ ဇမ္ဗူမှာရှာစမ်း၊ အားလုံ့လ အလံထူ၊ စံမတူထိုးတော့ ဥဒါန်း'ဟူသည့် သီဟနာဒတေးထပ်အတိုင်းပင် ဆရာတော်ကြီးသည် ဤဇမ္ဗူတွင် ရှားမှရှားသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးတစ်ပါး ဖြစ်ခဲ့ပါသည်။

ထို့ကြောင့်ပင် အရှင်အာဒိစ္စဝံသ ဆရာတော်ကြီးက ၎င်း၏ 'ဗုဒ္ဓနိကာယမှန်ကြီး' စာအုပ်တွင် 'ကျွန်ုပ်တို့ စာသင်သားငယ်ခေတ်တွင် မဂ်ဖိုလ်နိဗ္ဗာန် တရားတော်များ ကွယ်ပျောက်တိမ်ကောလုမတတ် ရှိခဲ့လေရာ လယ်တီဆရာတော် ပေါ်ပေါက်ထွန်းကား၍ ဒီပနီကျမ်းများစွာ ကို ရေးသားလျက် တရားလှည့်လည် ဟောကြားမှသာ ၎င်းမဂ်ဖိုလ်နိဗ္ဗာန် တရားများ ပေါ်ပေါက်ခဲ့လေသည်'ဟု ဆရာတော်ကြီး၏ ကျေးဇူးကြီးမား ပုံကို ထောက်ပြရေးသားခဲ့ပေသည်။

မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်အတွင်း၌ ယခုလို မဂ်သံ ဖိုလ်သံမှ ုကို ကြားနေရခြင်းမှာ လယ်တီဆရာတော်ကြီး၏ ဒီပနီကျမ်း ကြောင့်ဟု ဆိုလျှင်ငြိ မည်သူမျှငြင်းနိုင်တော့မည်မဟုတ်ဟု အချို့သော ပညာရှိကြီးများက မှတ်ချက်ပြုကြပေသည်။

'ငါသော်တမူ၊ အလူလူကို၊ နိဗ္ဗူသောင်မြို့၊ ဆောင်မပို့က၊ ငါသို့ ဘယ်သူတာဝန်ယူလိမ့်'ဟူသော ဆန္ဒတော်နှင့်အညီ ဆရာတော်ကြီးသည် သတ္တဝါများအား ဆင့်ပွားမေတ္တာ ကရုဏာရှိတော်မူသဖြင့် လယ်တီကျမ်း ဒီပနီပေါင်း (၁၀၁)ကျော်ကို ပြုစုတော်မူခဲ့ပြီး မပျောက်မပျက်စေခြင်းငှာ မုံရွာမြို့တွင် လယ်တီကျောက်စာ ပိဋကတ်တိုက် တည်ဆောက်၍

ယင်းကျမ်းစာဒီပနီတို့ကို ကျောက်ထက်အက္ခရာထွင်း၍ ထားတော်မူခဲ့သည်။

မင်းတုန်းမင်းတရားကြီး ပဉ္စမသံဂါယနာ တင်တော်မူရာ၌ ဆရာတော်ကြီးသည် ကထာဝတ္ထုပါဠိတော်ကို တာဝန်ယူ၍ ပြန်ဆိုတော်မူခဲ့သည်ဟု သိရှိရပေသည်။

ထို့ပြင် ကျေးဇူးတော်ရှင် ဆရာတော်ကြီးသည် ပြည်တွင်းသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်သည်သာမက ၁၂၇၅ခုနှစ်တွင် နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီးကို တည်ထောင်၍ လန်ဒန်မြို့ရှိ ဂရိတ်၊ ဗြိတိန်၊ အိုင်ယာလန် ဗုဒ္ဓသာသနာပြုအသင်းကြီးနှင့်လည်းကောင်း၊ လန်ဒန် ပါဠိစာပေအသင်းကြီးနှင့်လည်းကောင်း ဆက်သွယ်ကာ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ဗုဒ္ဓသာသနာ ပျံ့နှံ့ရောက်ရှိရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်ဟု သိရှိရပေသည်။

၁၂၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့ (၇-၁၁-၁၉၁၅) ရက်တွင် မြန်မာနိုင်ငံအစိုးရ (အင်္ဂလိပ်ခေတ်)၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း၊ ၁၂၈၃ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်တက္ကသိုလ်ကြီး ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ် တက္ကသိုလ်အဓိပတိဖြစ်သူ မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ (D. Litt)ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခြင်း ခံရတော်မူသည်။

မုံရွာမြို့အနီးရှိ ဖုန်းဆိုးမြေလယ်တီတော၌ စတင်သီတင်းသုံးကာ စာသင်တိုက်ကြီးဖြစ်သည်အထိ လယ်တီတိုက် တည်ထောင်ဖွင့်လှစ်ခဲ့သည်ကို အကြောင်းပြု၍ လယ်တီဆရာတော်ကြီးဟု ဗုဒ္ဓဘာသာဝင်များက ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ကမ္ဘာ့စာဆိုတော်၊ မြန်မာ့စာဆိုတော် လူပုဂ္ဂိုလ်ကျော်ကြီးများ ခေတ်အခါအလိုက် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်နှင့်အညီ သာသနာ့အာဇာနည်အကျော် လယ်တီလောင်းလျာကို အမရပူရခေတ် ပုဂံမင်းနန်းတက်ပြီး လဝက်မျှသာ ကွာခြားသော မြန်မာသက္ကရာဇ် ၁၂၀၈ခုနှစ်၊

http://www.dhammadownload.com



နတ်တော်လဆန်း (၁၃)ရက်၊ အင်္ဂါနေ့၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ရွာတွင် ဖခင်ကြီး ဦးထွန်းသာ-မိခင်ကြီး ဒေါ်ကျုံးတို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူပြီး ၁၂၈၅ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂)နာရီခွဲအချိန်တွင် ပျဉ်းမနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်ဟု သိရှိရပေသည်။ ငယ်မည်မှာ မောင်တက်ခေါင် ဖြစ်သည်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးသည် မုံရွာမြို့၊ လယ်တီတိုက်အတွင်း သီတင်းသုံးတော်မူလျက် တပည့်သံဃာများအား စာပေပို့ချခြင်း၊ တရားလှည့်လည်ဟောပြောခြင်း၊ ဒီပနီကျမ်းစာများ ရေးသားခြင်းဖြင့် သာသနာ့တာပန်ကို ထမ်းဆောင်တော်မူပြီးနောက် ၁၂၅၇ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်တွင် တပည့်အခြံအရံများနှင့်အတူ မဟာဗောဓိနှင့် အခြားစေတီပုထိုးများကို ဖူးမြော်ရန်နှင့် ဘုရားရှင်ပွင့်တော်မူရာ ဒေသကို လေ့လာကြည်ညိုတော်မူရန် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားမြို့သို့ ကြွတော်မူသည်။

ထိုစဉ်က မုံရွာနှင့်မြင်းမူသို့ လှည်းယာဉ်ဖြင့် မြင်းမူမှမန္တလေးသို့ မီးသင်္ဘောဖြင့် ကြွတော်မူပြီး မန္တလေးမှရန်ကုန်သို့ မီးရထားဖြင့် ကြွတော်မူရကာ ရန်ကုန်အသွား မီးရထားပေါ်တွင် 'ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်းပတ်သည့်၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊ တြိဒ္ဒါရ၊ ရှိခိုးခလျက်၊ ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည်၊ ရထားသံသရာ၊ ယာဉ်စကြာ၏၊ ခြင်းရာထုပ္ပတ်၊ သမုပ္ပာဒ်ကို၊ အတတ်သိရန်၊ နိဒါန်းပြန်လိမ့်' အစချီသော 'ပဋိစ္စသမုပ္ပါဒ်လင်္ကာ' (၁၃)ပုဒ်ကို ရေးသားရာ ရန်ကုန်မြို့သို့ ဆိုက်ရောက်လျှင် ထိုလင်္ကာ (၁၃)ပုဒ်လည်း ပြီးစီးသောဟူ၏။ ထိုလင်္ကာ (၁၃)ပုဒ်၏ အဖြေများကို ဘင်္ဂလားတွင် လှည့်လည်လေ့လာဖူးမြော်ရင်း လမ်းတစ်လျှောက်တွင် ရေးသားခဲ့ရာ ပြီးစီးခဲ့ပြီး ၎င်းတို့ကို စုပေါင်းလျက် 'ပဋိစ္စသမုပ္ပါဒ်ဒီပနီကျမ်း' ဖြစ်ပေါ်စေခဲ့သည်။

ဆရာတော်ကြီးသည် ဘင်္ဂလားမှအပြန်တွင် မုံရွာသို့ တိုက်ရိုက်မကြွဘဲ ဟံသာဝတီနယ်၊ ဒလမြို့၊ တွံတေး၊ တောကြီးတန်း၊ ဆပုဂံတောရ

http://www.dhammadownload.com



တွင် ဝါဆိုတော်မူသည်။

ဆပုဂံတောရမှာ ယခုအခါ ကော့မှူးမြို့နယ်၊ မြို့ကုန်းကျေးရွာ အုပ်စု၊ ဆပုဂံကျေးရွာ အနောက်ဘက်ရှိ ဒေါ်သန်းမြိုင်၊ ဦးသန်းအောင်-ဒေါ်စန်းမြင့် (ကသစ်ကုန်းကျေးရွာ)တို့ပိုင်သော မြေငါးဧကအတွင်းရှိ တောရဆောက်တည်ရာ နေရာလေးဖြစ်သည်။ ဆရာတော်ကြီး တောရ ဆောက်တည်သည့်နေရာ ရှစ်နေရာရှိသည့်အနက် ဤဆပုဂံတောရ နေရာသည် ဆရာတော်ကြီး ပထမဦးဆုံး တောရဆောက်တည်သည့် နေရာဖြစ်သည်ဟု သိရှိရသည်။

ဆရာတော်ကြီးသည် ၁၂၅၇ခုနှစ်၊ တန်ခူးလဆန်း (၈)ရက်မှ ဝါကျွတ်သည်အထိ ဤဆပုဂံတောရ၌ တောရဆောက်တည် သီတင်း သုံးတော်မူသည်ဟု သိရှိရပေသည်။

ယခုတိုင် မပျောက်မပျက် တည်ရှိတော်မူသော ဒလ-အုံ့ကြီးနယ် ဆပုဂံ (၁၂)ရွာ တောကြီးတန်းတစ်လျှောက်ရှိ ဆံတော်ကြိုစေတီကိုးဆူ တို့သည် ကွမ်းခြံကုန်း ပင်လယ်ဝမှ တွံတေးအရောက် ချောင်း တစ်လျှောက်တွင် တည်ရှိကြကုန်၏'ဟု ရေးသားတော်မူခဲ့သည်ကို ဖတ်ရှု လေ့လာဖူးပါသည်။

ဤသို့သော မြတ်စွာဘုရား၏ ဆံတော်များပင့်ဆောင်ရာ လမ်းကြောင်းလည်းဖြစ်ပြီး ဆံတော်ကြိုစေတီတော်များ တည်ထား ကိုးကွယ်ရာ ဒေသလည်းဖြစ်သည့် ထူးခြားမှုရှိသော ဆပုဂံဒေသ၊ ဆပုဂံ တောရသို့ စာရေးသူသည် သဃ်န်းကျွန်းမြို့ စံပြရပ်ကွက်နေ ဦးမြင့်စိုးနှင့် ရန်မျိုးအောင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းတို့နှင့်အတူ တစ်နေ့သော အားလပ်ရက်တွင် ရောက်ရှိသွားပါသည်။

ဆပုဂံတောရနေရာသည် တွံတေးတောကြီးတန်းတွင် အပါအဝင်ဖြစ်သည်။ ယခင်ရှေးအခါက သားရဲတိရစ္ဆာန်အစုံ မှီတင်း နေထိုင်ကုန်သော တောကြီးမျက်မည်းအရပ်ဒေသဖြစ်ခဲ့ပြီး ယခုအခါတွင် လူတို့စိုက်ပျိုးလုပ်ကိုင် စားသောက်ကြသော ခြံကြီးများဖြစ်ကြပေသည်။

http://www.dhammadownload.com



ဤနေရာသို့ ကားလမ်းမပေါက်သဖြင့် စာရေးသူတို့ ရန်ကုန်မှ စီးသွားသောကားကို ကသစ်ကုန်းရွာရှိ ဦးမြင့်စိုးတို့ အစ်မအိမ်တွင် ထားခဲ့ပြီး ခြေကျင်လျှောက်သွားရာ နာရီဝက်ခန့်အကြာတွင် ရောက်ကြသည်။

ဦးမြင့်စိုး၏ ရှင်းလင်းပြောပြခက်အရ 'သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတွင် နိုင်ငံ့ဦးသျှောင် အကျော်အမော်တစ်ပါးဖြစ်သော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ လယ်တီဆရာတော်ကြီး၏ ကျေးဇူးတော် အနန္တကို အစဉ်သတိရသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဆရာတော်ကြီး တောရဆောက်တည်ခဲ့သော နေရာများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဤမိမိတို့ဘိုးဘွားအစဉ်အဆက် ပိုင်ဆိုင်ခဲ့သော ဤဆပုဂံ တောရတွင် ကျင့်ကြံပွားများ အားထုတ်လိုသူ ယောဂီသူတော်စင်များ ချမ်းသာလွယ်ကူစွာ သီတင်းသုံးနိုင်ရန်နှင့် ဆရာတော်ကြီး ကြိုးပမ်းအားထုတ်ခဲ့သော ဗုဒ္ဓဘာသာ သာသနာတော်မြတ် တိုးတက်ပြန့်ပွားရန် အတွက် ကော့မှူးမြို့နယ် အရိမဒ္ဒနာရာမ (ကသစ်ကုန်း)ကျောင်း စာသင်တိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ စန္ဒောဘာသ၏ ဩဝါဒကိုခံယူ၍ 'ဝိမုတ္တိရသအောင်ဓမ္မရိပ်သာ'ဟူသော အမည်ဖြင့် ကမ္မဋ္ဌာန်းကျောင်းများ ဆောက်လုပ်လှူဒါန်းပြီး ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သည့် နေရာတွင် ဉာဏ်တော် (၃၁)ပေ အမြင့်ဆောင်သော ဆုတောင်းပြည့်ပြည်လုံးချမ်းသာစေတီတော် တည်ထားကိုးကွယ်မည် ဖြစ်ကြောင်း' သိရှိရပေသည်။

ဦးမြင့်စိုး၏ ရှင်းလင်းပြောပြချက်များသည် 'သာသနာနောက်ဖျား၊ ပေါက်ဖွားကြဆူဆူ၊ ယောကျ်ားပင်ါလိုလူ၊ ဇမ္ဗူမှာရှားစမ်း' ဆိုသော ဆရာတော်ကြီး ကြုံးဝါးရေးစပ်တော်မူခဲ့သည့် တေးထပ်နှင့်အညီ မြန်မာနိုင်ငံတွင် ရှားမှရှားသော ဆရာတော်ကြီးတစ်ဆူလည်းဖြစ်၊ သာသနာ ဦးသျှောင် တစ်ဆူလည်းဖြစ်တော်မူပြီး ဗုဒ္ဓသာသနာတော်တွင် နေလိုလလို ထွန်းပြောင်၍ အလွန်တရာ ကျေးဇူးကြီးမားသော ဆရာတော်

http://www.dhammadownload.com



ကြီးလည်းဖြစ်၍ ဆရာတော်ကြီးအား ကျေးဇူးဆပ်ရာ ရောက်သဖြင့် လွန်စွာ လျော်ကန်သင့်မြတ်သော သာသနာပြုဆောင်ရွက်ချက်တစ်ရပ် ဖြစ်သည်ဟု သဘောရပါသည်။

ထိုကုသိုလ်ထူးတွင် ဘုရားကျောင်း ဒါယကာ ဒါယိကာမများ အဖြစ် ပါဝင်လိုသူများသည် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းကောင်းကို နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်း ရေးသား ရပါသတည်း။

http://www.dhammadownload.com



**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတဓရ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**ဥတ္တမပုရိသတရားတော်**

ယနေ့ သာသနာတော်နှစ် ၂၅၄၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၉ ခုနှစ်၊ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့၊ တစ်နည်းအားဖြင့် ဓမ္မက္ခန္ဓာ(၈၄၀၀၀) အခါတော်နေ့။

မေတ္တာအခါတော်နေ့ ဖြစ်တော့ **“မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရာမိ”**။

ဒီစကားရပ်ကလေး ထည့်ပြီးတော့ မေတ္တာပို့ရတယ်။ အားလုံး သတ္တဝါတို့အပေါ် မေတ္တာစိတ်ဓာတ် မေတ္တာပွားပြီး နေပါ့မယ်ဆိုတဲ့ စကားလေးထည့်ရတယ်။

မေတ္တာအခါတော်နေ့ တစ်နည်းအားဖြင့် ဒီနေ့ ဝါခေါင်လပြည့်ကို (၈၄၀၀၀) အခါတော်နေ့။ မြတ်စွာဘုရားရဲ့ တရားတော် စတင်စုပေါင်း ထိန်းသိမ်းခဲ့တဲ့နေ့ ဓမ္မက္ခန္ဓာ(၈၄၀၀၀) အခါတော်နေ့မှာ အချို့ပုဂ္ဂိုလ်တွေ အသင်းအဖွဲ့တွေက မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို

http://www.dhammadownload.com



ပူဇော်သောအားဖြင့် ပန်းပေါင်း (၈၄၀၀၀)၊ ဆီမီးပေါင်း (၈၄၀၀၀) လှူဒါန်းပြီးတော့ အထိမ်းအမှတ်ပွဲ ပြုလုပ်နေတာလဲ ရှိတယ်။

ဒီနေ့ မေတ္တာအခါတော်နေ့လဲ ဖြစ်တယ်။ ဓမ္မခန္ဓာပေါင်း (၈၄၀၀၀) အခါတော်နေ့လဲ ဖြစ်တယ်။

ဒီနေ့ကစပြီးတော့ သီတင်းဝါလကျွတ်သည့်တိုင်အောင် ဘုန်းကြီးတို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ "ဥတ္တမပုရိသဒီပနီ"ကျမ်းကြီးကို အဓိကမှီရာထားပြီးတော့ ဟောကြားသွားပါ့မယ်။

အဲဒီလို ဟောကြားတဲ့နေရာမှာ နေ့ပိုင်းတော့ တစ်ခါတစ်ရံ တရားပွဲလေးတွေ ရှိတတ်တယ်။ နေ့ပိုင်း တရားမဟောဖြစ်တဲ့အခါ နံနက်ပိုင်းက ဟောထားတဲ့တရားကို (၂)ကြိမ် ထပ်ပြီးတော့ နာကြားရင် ပိုပြီးတော့ မိမိတို့စိတ်ထဲမှာ၊ မိမိတို့နှလုံးအိမ်မှာ ရောက်ရှိသွားနိုင်ပါကယ်။

ဘုန်းကြီးတို့ "ဥတ္တမပုရိသဒီပနီ" ကျမ်းဆိုတာ မြတ်စွာဘုရားက "မြင့်မြတ်သောယောကျ်ား၊ မြင့်မြတ်သော အမျိုးသမီးကြီးများ ဖြစ်ဖို့ရန် အတွက် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များက ထုတ်နှုတ်ပြီးတော့ ပါဠိ အဋ္ဌကထာ ဋီကာ စကားတော်တွေက ထုတ်နှုတ်ပြီးတော့ ဆရာတော်ဘုရားကြီး ပေါင်းချုပ်ပြီးတော့ ပြန်ဆိုတဲ့ကျမ်း။

ထိုဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ကျမ်းကို ဘုန်းကြီးတို့က ဂုဏ်ပြုပူဇော်သောအားဖြင့် ဘုရားရှင်ကိုလဲ ပူဇော်ရာရောက်တယ်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ ဉာဏ်ကြီးမားမှု၊ မြန်မာ့အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ အသိဉာဏ်ရရေးအတွက် ရေးသားထားတဲ့ ညွှန်ပြထားတဲ့ဉာဏ်ကို ပူဇော်တဲ့အနေအားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောက်လုပ်တဲ့ အရှေ့ဘက်က ကျောင်းကြီးကို ဥတ္တမပုရိသကျောင်းလို့ အမည်ပေးထားပါတယ်။

အဲဒီလို အမည်ပေးထားတဲ့ ဥတ္တမပုရိသကျောင်းလို့ဆိုတော့ ဥတ္တမပုရိသဒီပနီကျမ်းကို ဂုဏ်ပြုပြီးတော့ ပေးထားတဲ့နာမည်တော်

http://www.dhammadownload.com



ဖြစ်တယ်။

အဲဒီ ဥတ္တမပုရိသဒီပနီကျမ်းကိုကြည့်ပြီး အနုမောဒနာပြုရမယ် ဆိုရင် တစ်နေ့တစ်ရက်ထဲနဲ့လဲ မပြီးဘူး။ ဘုန်းကြီး စဉ်းစားထားတာက ဥတ္တမပုရိသဒီပနီကျောင်း အနုမောဒနာတရားကို ဥတ္တမပုရိသဒီပနီကျမ်း ကို အခြေခံပြီးတော့ ဟောမယ်လို့ စဉ်းစားထားတယ်။

မြတ်စွာဘုရား (၄၅)ဝါ၊ အဲဒီ (၄၅)ဝါထဲက (၂၅)ဝါတိုင်တိုင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းကြီးနဲ့ ပုဗ္ဗာရုံကျောင်း တစ်လှည့်စီ သီတင်း သုံးတော်မူသွားတယ်။ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်ပြီးတဲ့ အခါ-

**"သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိစ"**

အစရှိသည်ဖြင့် ကျောင်းအနုမောဒနာကို ဟောပါတယ်။

ကျောင်းကြီးရဲ့ ဂုဏ်အင်တွေ၊ သတ္တိတွေကို ပြည့်စုံအောင် ဟောပါတယ်။ ဟောပြီးတော့-

**တေတဿဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာ ပနူဒနံ။**

ကျောင်းနေ ကျောင်းထိုင် ကျောင်းပိုင်ဆရာတော်ကြီးများက ကျောင်းဆောက်လုပ်ကြတဲ့ ဒကာ ဒကာမများအား အလုံးစုံသောဒုက္ခမှ ပယ်နှုတ်တတ်တဲ့ တရားတော်များ ဟောပေးရမယ်။

**ယံသောဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။**

အဲဒီလို ဟောပေးလိုက်တော့ အလုံးစုံသော ဒုက္ခကို ပယ်နှုတ် တတ်သောတရား။ အဲဒီလို တရားကို ဟောကြားပေးလိုက်တဲ့အခါမှာ ကျောင်းဒကာ ကျောင်းအမများက **"ယံသောဓမ္မံ ဣဓညာယ"** အဲဒီ တရားတွေကို သိပြီးတော့ **"ပရိနိဗ္ဗာတိ အနာသဝေါ"** အာသဝေါ အညစ်အကြေး ကင်းပြီးတော့ ဘဝငြိမ်းချမ်းသွားပါလိမ့်မယ်လို့ ဆိုတဲ့ ညွှန်ကြားချက် ဇေတဝန်ကျောင်း အနုမောဒနာတရားအတိုင်း-

**"သဗ္ဗဒုက္ခ ပနူပန"** အလုံးစုံသော ဒုက္ခကို ပယ်နှုတ်တတ်တဲ့ တရား။ အဲဒီတော့ အခုဥပုသ်သည် ဒကာ၊ ဒကာမတွေနဲ့လဲ ဆီလျော်

http://www.dhammadownload.com



တဲ့တရား။ ရေစက်ချ အနုမောဒနာတရားနဲ့လဲ ဆီလျော်တဲ့တရား။

အဲဒီ ဥတ္တမပုရိသဒီပနီကျမ်းမှာပါတဲ့ အချက်အလက်များကို ဦးစားပေးပြီးတော့၊ ဇောင်းပေးပြီးတော့ ဟောပါ့မယ်။

အဲဒီတော့ အခြေခံကစပြီးတော့ ဟောကြားရမှာကိုး။ ဆရာတော်ဘုရားကြီး ရေးသားထားတဲ့ကျမ်းမှာ **"ဥတ္တမပုရိသ"**ဆိုတာ မြင့်မြတ်တဲ့အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဆိုတာ ဘယ်လို အချက်အလက်တွေနဲ့ ပြည့်စုံမှ မြင့်မြတ်တဲ့အမျိုးကောင်းသား၊ မြင့်မြတ်တဲ့အမျိုးကောင်းသမီးလို့ ခေါ်နိုင်သလဲ အဲဒီလို အခြေခံကစပြီး ပြဆိုထားတယ်။ ကမ္ဘာ့လူထုကြီးဟာ အမျိုးမျိုးကိုးကွယ်ကြတယ်။

## သရဏဂုံ

**ဗဟုံဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။**

အမျိုးမျိုးကိုးကွယ်ကြတယ်၊ တောတွေ, တောင်တွေ, မြစ်တွေ, ချောင်းတွေ, နတ်တွေ, ဗြဟ္မာတွေ, ရဟန်းတွေ, ရသေ့တွေ ကိုးကွယ်နေကြတာတော့ အမျိုးစုံပဲ။

ဘယ်လိုပဲ ကိုးကွယ်၊ ကိုးကွယ်၊ အဲဒီ ကိုးကွယ်မှုက "သရဏ" ...်ဖို့၊ ဖြစ်ဖို့အရေးကြီးပါတယ်။

သရဏ= ကိုးကွယ်၊ လဲလျောင်း၊ ပုန်းအောင်း၊ မှီခိုရာ။

မိမိကိုးကွယ်တဲ့ ဘုရား၊ တရား၊ သံဃာသည် မိမိကိုးကွယ်တဲ့ ဝတ္ထုသည် မိမိကိုယ်တိုင်က အပါယ်ဘေးမှ လွတ်လိုတဲ့စိတ်နဲ့ အပါယ်ဘေးက လွတ်လိုလို့ ကိုးကွယ်ကြတာ။ မိမိရည်ရွယ်တာက "အပါယ်ဘေးကလွတ်လိုမှု"။

ငရဲမရောက်ချင်လို့၊ တိရစ္ဆာန်မဖြစ်ချင်လို့၊ ပြိတ္တာမဖြစ်ချင်လို့၊ အသူရကာယ်မဖြစ်ချင်လို့ ကိုးကွယ်ကြတယ်၊ အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ငရဲရောက်ချင်ပါ့မလား (မရောက်ချင်ပါ)။ တိရစ္ဆာန်ဖြစ်ချင်သလား (မဖြစ်ချင်ပါ)၊ ပြိတ္တာဖြစ်ချင်သလား (မဖြစ်ချင်ပါ)၊

http://www.dhammadownload.com



အသူရကာယ် ဖြစ်ချင်သလား (မဖြစ်ချင်ပါ)။

မရောက်ချင်၊ မဖြစ်ချင်တော့ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ ကိုးကွယ်ရာ ရှာဦးမှပဲလို့ ကိုးကွယ်ရာရှာကြရတယ်။ "ငရဲ"ဆိုတာ နိ-အယ= ချမ်းသာကင်းတဲ့ဘဝကို ငရဲလို့ခေါ်တာ။

ငရဲဆိုတာ ဘာကိုခေါ်တာလဲ။ (ချမ်းသာကင်းတဲ့ဘဝကို ခေါ်တာပါဘုရား)။

တိရစ္ဆာန်ကျတော့ ဖီလာကန့်လန့်သွားနေတဲ့ သတ္တဝါတွေကို တိရစ္ဆာန်၊ မဂ်, ဖိုလ်, နိဗ္ဗာန် ကန့်လန့်ခံပြီးတော့ မဂ်ဖိုလ်နဲ့တစ်ခြားစီ၊ နိဗ္ဗာန်နဲ့တစ်ခြားစီ၊ မဂ်ဖိုလ်နိဗ္ဗာန် ကန့်လန့်ခံပြီးတော့ နေတဲ့ပုဂ္ဂိုလ် တွေကို တိရစ္ဆာန်လို့ ခေါ်တာ။

ပြိတ္တာဆိုတာကတော့ ကြားဖူးကြတဲ့အတိုင်း စားရမဲ့၊ သောက်ရမဲ့၊ အသူရကာယ်ဆိုတာ အချိန်ပိုင်းနဲ့ချမ်းသာ၊ ဆင်းရဲ ဝေခွဲပြီး ခံစား နေကြတဲ့ သတ္တဝါတွေပဲ။

အဲဒီလေးမျိုးကို အပါယ်လို့ခေါ်ပြန်တော့။ အပါယ်ဆိုတာ အပါယ= ကြီးပွားတိုးတက်မှု မရှိတဲ့နေရာ။ ငရဲရောက်သွားမှတော့ ချမ်းသာဖို့ရာ၊ ကြီးပွားဖို့ရာ တွေ့နိုင်ပါ့မလား၊ (မတွေ့နိုင်ပါဘုရား)။

တိရစ္ဆာန်ဘဝရောက်သွားရင် ကြီးပွားဖို့၊ ချမ်းသာဖို့ တွေ့နိုင်ပါ့ မလား။ အသူရကာယ်ကိုရောက်ရင် ကြီးပွားဖို့၊ ချမ်းသာဖို့ လမ်းစတွေ့နိုင် ပါ့မလား၊ (မတွေ့နိုင်ပါဘုရား)။

အဲဒါကြောင့် အပါယ= အပါယ်လို့ခေါ်တာ။ ငရဲဆိုတာ ချမ်းသာ ကင်းတာကို ငရဲတဲ့။ နိရယ= ချမ်းသာကင်းတယ်၊ တိုးတက်မှု ကင်းတယ်။

အဲဒီ ငရဲတို့ အပါယ်ဘုံတို့ကို ရောက်သွားကြတော့ ဘာဘေးကြီး ဆိုက်သလဲဆိုရင် "ဝိနိပါတ" ဘေးကြီးဆိုက်တယ် လို့ခေါ်တယ်။

ဝိနိပါတ= ဖရိုဖရဲ မိမိဆန္ဒမပါပဲနဲ့ သူကျချင်သလို ကျသွားတာကို ဝိနိပါတလို့ ခေါ်တာ။ ဝိနိပါတဘေးဆိုတာ ကြောက်စရာကြီး။

http://www.dhammadownload.com



မိမိကတော့ ဘယ်ငရဲဘယ်ရောက်ချင်မှာလဲ။ ဒါပေမယ့် သူ့ကံနဲ့သူ ကျွန်းထိုးမှောက်ခုံ ကျသွားတာ လန့်စရာ၊ ကြောက်စရာ၊ အဲဒီဘေးကို "ဝိနိပါတဘေး"လို့ခေါ်တာ။

အဲဒီ ဝိနိပါတဘေးကြီးက လွတ်မြောက်ရေးအတွက် ကိုးကွယ်ရာ ရှာကြရတာ၊ အားထားရာရှာကြရတာ။ အခုဘုန်းကြီးတို့က ဘုရား ကိုးကွယ်တယ်၊ တရား ကိုးကွယ်တယ်၊ သံဃာ ကိုးကွယ်တယ်။ ဘုန်းကြီးတို့ ကိုးကွယ်ကြတာက "ဗုဒ္ဓ"၊ သစ္စာလေးပါး သိတော်မူတတ်တဲ့ "ဗုဒ္ဓ"။

"ဓမ္မ" အဲဒီ ဗုဒ္ဓဟောကြားတော်မူအပ်သော သစ္စာလေးပါး အစရှိသော ပရိယတ်တရား မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်။

"သံဃ" မြတ်စွာဘုရားရဲ့ သစ္စာလေးပါး လမ်းစဉ်ကို လိုက်နာ ကျင့်ကြံ ထိန်းသိမ်းစောင့်ရှောက်ပြီးနေကြတဲ့ "သံဃာ" ကိုးကွယ်တာ။

အဲဒီ ဘုရား၊ တရား၊ သံဃာများသည် "သရဏ" ကိုးကွယ်ရာ ဖြစ်တယ်။ "ကိုးကွယ်ရာ" မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။ "လဲလျောင်းရာ" သားသမီးများ မိဘရဲ့ရင်ခွင်မှာ စိတ်ချလက်ချ မှီပြီးတော့ မှေးပြီးတော့ အဲဒီလို အိပ်နေမယ်ဆိုရင် စိတ်ချလက်ချမှီလို့ အိပ်ရဲတာပေါ့။

ဒါကြောင့် ရတနာသုံးပါးသည် လဲလျောင်းရာ၊ ရတနာသုံးပါး သည် ပုန်းအောင်းရာလဲ ဖြစ်တယ်။ ပုန်းတယ်၊ အောင်းတယ်ဆိုတာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ မကောင်းဆိုးဝါးဘဝ၊ ဘုံဆိုး၊ ဘဝဆိုး၊ ဝဋ်ဆိုး၊ ကြမ္မာဆိုး၊ အဆိုးဟူသမျှတွေ မကျရောက်အောင် ပုန်းပြီးတော့ အောင်းပြီးတော့နေတဲ့ နေရာဌာန ဖြစ်တယ်။

ကိုးကွယ်ရာ၊ အားထားရာ၊ လဲလျောင်းရာ၊ ပုန်းအောင်းရာ နေရာ ဖြစ်သောကြောင့် ဗုဒ္ဓ ဓမ္မ သံဃ ရတနာသုံးပါးကို "သရဏ"လို့ ခေါ်တယ်။

အကယ်၍ မိမိတို့ကိုးကွယ်တဲ့ဝတ္ထု၊ ကိုးကွယ်တဲ့တရားက မိမိကတော့ အပါယ်ဘေးတွေကြောက်လို့ ကိုးကွယ်တယ်၊ အဲဒီ အပါယ်

http://www.dhammadownload.com



လေးတွေ ထုတ်ဆယ်ပြီး မပေးနိုင်လို့ လမ်းညွှန်မပေးနိုင်လို့ရှိရင် "သရဏ" ကိုးကွယ်ရာအစစ်အမှန် ဟုတ်ပါ့မလား၊ (မဟုတ်ဘူး)။

ဆိုကြပါစို့ သစ်ပင်ကြီးတစ်ပင်ကို သွားပြီးရှိခိုးတယ်။ သစ်ပင်ကြီး တစ်ပင်ကို အပါယ်လေးပါးမှ လွတ်လိုကြောင်းနဲ့ သွားရှိခိုးနေရင် အပါယ်ကလွတ်ပါ့မလား၊ (မလွတ်ဘူး)။ အဲဒီ သစ်ပင် "သရဏ" အစစ် ဖြစ်ပါ့မလား၊ မဖြစ်ပါ။

ဒီလို ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ လူ့လောကအတွင်းမှာ အမြောက်အများပါပဲ။ အဲဒီတော့ ကိုးကွယ်ရာ မှန်ဖို့မလိုဘူးလား။ (လိုပါတယ်ဘုရား)။

မိမိတို့ ကိုးကွယ်ရာဖြစ်တဲ့ ဗုဒ္ဓ ဓမ္မ သံဃ ရတနာသုံးဖြာသည် မိမိတို့လိုလားတဲ့ အပါယ်ဝဋ်ဘေးမှ စောင့်ရှောက်ကယ်တင် ထုတ်ဆယ် နိုင်တဲ့အတွက် ကိုးကွယ်ရာ "သရဏ" မည်တယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမအားလုံးရဲ့ စိတ်ကလေးဟာ အဲဒီ ရတနာသုံးပါးအပေါ်မှာ စိတ်ကလေးက စိုက်ပြီးတော့ ဦးတင်တယ်၊ ဦးချတယ်၊ ရိုသေတယ်၊ အရိုအသေပြုတယ်။ အဲဒီ စိတ်စေတနာလေးရှိသူ၊ ကိုးကွယ်သူတွေကို "သရဏဂုံ"တည်သူလို့ ခေါ်တာ။

ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေဟာ ရတနာသုံးပါးရဲ့အပေါ်မှာ ရိုသေတဲ့စိတ် မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။ ကိုင်းရှိုင်းတဲ့စိတ် မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။ ညွတ်တဲ့စိတ်မရှိဘူးလား၊ (ရှိပါတယ် ဘုရား)။ အဲဒီ စိတ်ဟာလေးရှိပြီး ကိုးကွယ်သူကို "သရဏဂုံ"တည်သူလို့ ခေါ်တာ။

အဲဒီ သရဏဂုံရှိတဲ့သူက ဒီစိတ်စေတနာလေးတွေနဲ့ ဘုရား၊ တရား၊ သံဃာအပေါ်မှာ ညွတ်ကိုင်းရှိုင်းလိုတဲ့ စိတ်စေတနာရှိပြီးတော့-

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**သံဃံ သရဏံ ဂစ္ဆာမိ**

http://www.dhammadownload.com



ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ

ကိုးကွယ်ရာမမှန်ဘူးလား၊ (မှန်ပါတယ်ဘုရား)။ ပထမဆုံး ကိုးကွယ်ရာ ခြေလှမ်းမှားမှတော့ နောက်ခြေလှမ်းတွေ အကုန်လုံးမမှားပေဘူးလား၊ (မှားပါတယ်ဘုရား)။ စပြီးတော့ အပါယ်ဝဋ်ဘေးမှ ကင်းချင်ရဲ့၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်မှ ကင်းချင်လို့ ကိုးကွယ်ရာရှာကြတော့ ဘုရာမှန်၊ တရားမှန်၊ သံဃာမှန်၊ ပြည့်စုံတဲ့ဘုရား၊ ပြည့်စုံတဲ့တရား၊ ပြည့်စုံတဲ့သံဃာ ကိုးကွယ်မိမှ သရဏဂုံစစ်တယ်။

သရဏဂုံစစ်ပြီဆိုမှတော့-

ဘုရားကိုးကွယ် တန်ခိုးကြွယ် အပါယ်မကျ နိဗ္ဗာန်ရ
တရားကိုးကွယ် သိဉာဏ်ကြွယ် အပါယ်မကျ နိဗ္ဗာန်ရ
သံဃာကိုးကွယ် စည်းစိမ်ကြွယ် အပါယ်မကျ နိဗ္ဗာန်ရ

အဲ. . ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ကြ။ ကိုးကွယ်ကြတဲ့အခါ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်တတ်တဲ့ အမျိုးကောင်းသားကို "ဥပါသကာ"လို့ ခေါ်တယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တတ်တဲ့ အမျိုးကောင်းသမီးကို "ဥပါသိကာ"လို့ ခေါ်ရတယ်။

အဲဒီ ဥပါသကာ၊ ဥပါသိကာ တို့ရဲ့ အဓိကစောင့်ထိန်းရမယ့် သီလက (၅)ပါးသီလ၊ ဘာသီလပါလိမ့်၊ (ငါးပါးသီလပါဘုရား)။

အဲဒီ (၅)ပါးသီလကို အရိယာတို့နှစ်သက်မြတ်နိုးတဲ့ သီလဖြစ်လို့ "အရိယကန္တသီလ" အရိယာတွေ မြတ်နိုးတယ်။ စောစောကပြောတဲ့-

http://www.dhammadownload.com



- ဘုရားဂုဏ်တော်အပေါ် မမှိတ်မသုံ သက်ဝင်ယုံကြည်ပြီးတော့ ကိုးကွယ်မှု၊
- တရားဂုဏ်တော်အပေါ် မမှိတ်မသုံ သက်ဝင်ယုံကြည်ပြီးတော့ ကိုးကွယ်မှု၊
- သံဃာဂုဏ်တော်အပေါ် မမှိတ်မသုံ သက်ဝင်ယုံကြည်ပြီးတော့ ကိုးကွယ်မှု၊
- အရိယာတွေ မြတ်နိုးတဲ့ (၅)ပါးသီလ ဆောက်တည်မှု၊

ဟောဒီလေးချက်ကို **"ဓမ္မာဒါသတရား"** တရားကြေးမုံတဲ့။

ကြေးမုံ ဘယ်နှစ်မျိုးပါလိမ့်။ (လေးမျိုးပါဘုရား)။ ကြေးမုံကို ကြည့်လိုက်လို့ရှိရင် မိမိရုပ်ခန္ဓာကို မြင်ရသလို "ဓမ္မာဒါသ"ခေါ်တဲ့ တရားကြေးမုံလေးမျိုးနဲ့ ပြည့်စုံလို့ရှိရင် မိမိကိုယ်ကိုမိမိ စောစောကပြောတဲ့ "ခီဏနိရယော" ငရဲခန်းသွားစရာမလိုတော့ဘူး။

"ခီဏအပါယ, ဒုဂ္ဂတိ, ဝိနိပါတော" အပါယ်တံခါးပိတ်ပြီ။ မြတ်စွာဘုရားက တာဝန်ယူယူတယ်၊ အပါယ်တံခါးပိတ်ပြီ။ ဘုံဆိုး။ ဘဝဆိုး မရောက်တော့ဘူး။ ဖရိုဖရဲ အလိုနည်းလျှက် ပြိုကွဲပျက်စီး မကျတော့ဘူး။ ပရမ်းပတာ မကျတော့ဘူး။ ဘယ်လို ကိုးကွယ်မှ အပါယ်တံခါးပိတ်သလဲ၊ ဒါလေး စိစစ်ပြီးတော့ကြည့်လိုက်ရင် ကိုးကွယ်ရာ၊ အားထားရာ မှန်ဖို့လိုတယ်။

**သုတသရဏဂုံ**

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေကို
- ဣတိပိ သောဘဂဝါ အရဟံ အစရှိတဲ့ဘုရားဂုဏ်တော်၊
- သွာက္ခာတော ဘဂဝတော ဓမ္မော အစရှိတဲ့တရားဂုဏ်တော်၊
- သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော အစရှိသော သံဃဂုဏ်တော်၊

http://www.dhammadownload.com



နာကြားပြီးတော့ မိမိစိတ်ထဲက ကြည်ညိုစိတ်ကလေးတွေ တဖွားဖွားဖြစ်ပြီးတော့-

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**
**ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**သံဃံ သရဏံ ဂစ္ဆာမိ၊**

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေကို ကြည်ညိုပြီး ဟောသံ၊ ပြောသံတွေကို ကြည်ညိုပြီးတော့ သရဏဂုံဆောက်တည် ကိုးကွယ်လိုက်တာ။ အဲဒါ ဘာသရဏဂုံလဲဆိုတော့ "သုတသရဏဂုံ"တဲ့။

ဘာသရဏဂုံတဲ့လဲ (သုတသရဏဂုံပါဘုရား)။ ဘုရားဂုဏ်တော်တွေ ကြားပြီးတော့၊ တရားဂုဏ်တော်တွေကို ကြားနာပြီးတော့၊ သံဃာတော်များ၏ဂုဏ်တော်တွေကို နာကြားမြင်တွေ့ပြီးတော့ စိတ်ထဲက ကြည်ညိုတယ်။

ခန္ဓာ- အာယတန ဓာတ် သစ္စာတွေကို သိပြီးတော့ ကိုးကွယ်တာ တော့မဟုတ်သေးဘူး။

## ဒိဋ္ဌသရဏဂုံ

အဲဒီတော့ ခန္ဓာ အာယတန ဓာတ် သစ္စာတွေက သာသနာတွင်း တရားတွေ၊ သာသနာတွင်းတရားဖြစ်တဲ့ ဘုရားပွင့်တဲ့အခါမှာ သိခွင့်ရတဲ့-

| | | | | |
|---|---|---|---|---|
| | ခန္ဓာ | (၅)ပါး | | |
| | အာယတန | (၁၂)ပါး | | |
| | ဓာတ် | (၁၈)ပါး | | |
| | သစ္စာ | (၄)ပါး | ဒီတရားတော်တွေ | |
| တစ်နည်းအားဖြင့်- | | သတိပဋ္ဌာန် | (၄) ပါး | |
| | | သမ္မပ္ပဓာန် | (၄) ပါး | |
| | | ဣဒ္ဓိပါဒ် | (၄) ပါး | |
| | | ဣန္ဒြေ | (၅) ပါး | |

http://www.dhammadownload.com



ဗိုလ် (၅) ပါး
ဗောဇ္ဈင် (၇) ပါး
မဂ္ဂင် (၈) ပါး ဆိုတဲ့ တရားတော်တွေ စိတ်ထဲ၊ အသိဉာဏ်ထဲမှာ ရှင်းလင်းပြီးမှ ဘုရားရှင်ကို ကိုးကွယ်ပါ၏။ ဤတရားတော်တွေသည် မှန်တယ်၊ တရားတော်ကို ကိုးကွယ်ပါ၏၊ တရားတော်ကို မြင်ပြီးမှ သံဃာကိုးကွယ်ပါ၏။

အဲဒီ သရဏဂုံက "ဒိဋ္ဌသရဏဂုံ"။ ဘာသရဏဂုံပါလိမ့်။ ဒိဋ္ဌသရဏဂုံပါဘုရား။ အဲဒီတော့ သုတသရဏဂုံက အချိန်မရွေး ပျက်နိုင်တော့ အပါယ်တံခါးပိတ်ပြီလို့ တကယ်မပြောနိုင်သေးဘူး။ တရားတွေ မြင်ပြီးတော့ ရတနာသုံးပါးကို ကိုးကွယ်မှ ဒိဋ္ဌသရဏဂုံ။ အဲဒီ ဒိဋ္ဌသရဏဂုံကမှ အပါယ်တံခါး ပိတ်နိုင်တယ်။

အဲဒီတော့ ကိုးကွယ်ရာမှန်ဖို့ ပထမဆုံး အရေးမကြီးဘူးလား။ အရေးကြီးပါတယ်ဘုရား၊ ပြီးတော့ အနိယတသရဏဂုံ ပဋိဝေဓဉာဏ်နဲ့ သစ္စာမသိသေးပဲ ကိုးကွယ်တာ၊ နိယတသရဏဂုံ ပဋိဝေဓသိနဲ့ သစ္စာသိပြီးမှကိုးကွယ်တော့ သရဏဂုံမြဲပြီ၊ မပျက်တော့ဘူး။ ဩဘ်-မြေဆီမြေလွှာ။ အချို့ဒေသက မြေတွေ ကျတော့ မြေဆီကောင်းတယ်၊ အဲဒီမြေဆီကောင်းတဲ့နေရာမှာ စိုက်ပျိုးလိုက်တဲ့ ကောက်စပါးစတဲ့ သစ်ပင်ဟာ ဖြစ်ထွန်းတယ်။

မြေဩဇာကောင်းတဲ့ လယ်မြေရမှ မိမိကျဲချလိုတဲ့ မျိုးစေ့စိုက်ပျိုးလိုက်တဲ့အခါ သန်သန်မာမာ ရှင်သန်ကြီးထွားတာကိုး။ အဲဒီတော့ ဘုန်းကြီးတို့ရဲ့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေဟာ မြေဆီမြေလွှာ မြေဩဇာများနဲ့ တူတယ်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည် လယ်ယာမြေကောင်းနဲ့တူတယ်။ ဘုန်းကြီးတို့က ဘုရား၊ တရား၊ သံဃာအပေါ် အမြတ်ထားပြီးတော့ လက်အုပ်ချီခြင်း၊ ရိုသေခြင်း၊ အမြတ်တနိုးထားခြင်းတို့ဟာ မျိုးစေ့စိုက်ပျိုးတာပဲ။

http://www.dhammadownload.com



ဘုန်းကြီးတို့ရဲ့ လက်အုပ်ချီမိုး ကိုးကွယ်ခြင်း အစရှိတဲ့ မျိုးစေ့ စိုက်ပျိုးတာ လယ်ယာမြေကောင်းရဖို့ မလိုဘူးလား။ (လိုပါတယ်ဘုရား)။

ဘုရား တရား သံဃာဆိုတဲ့ လယ်ယာမြေကောင်း ရမထားဘူး လား။ (ရထားပါတယ်ဘုရား)။ အဲဒီ ဘုရား တရား သံဃာ ရတနာသုံးပါး လယ်ယာမြေကောင်းကလဲ သီလ သမာဓိ ပညာဆိုတဲ့ မြေဆီမြေလွှာ တွေ မရှိကြဘူးလား။ (ရှိကြပါတယ်ဘုရား)။

အဲဒီတော့ သီလ သမာဓိ ပညာ ခေါ်တဲ့ မြေဆီမြေလွှာ မရှိတဲ့ နေရာဒေသ၊ ထင်ရှားအောင် ပြောရရင် မြေဆီမြေသြဇာကင်းတဲ့ ကြပ်တီးကုန်းမြေ ရှိတယ်။

ကြပ်တီးကုန်းဟာ လယ်ယာမြေကောင်းလို့ ခေါ်နိုင်ပါ့မလား။ မခေါ်နိုင်ပါဘုရား။ အဲဒီ ကြပ်တီးကုန်းမှာ စိုက်ပျိုးတဲ့ မျိုးစေ့များဟာ ရှင်သန်ကြီးထွားနိုင်ပါ့မလား။ မကြီးထွားနိုင်ပါဘုရား။ ဟော- ဒါကြောင့်မို့ သစ်ပင်ကြီးတွေ ကိုးကွယ်တာတို့၊ နတ်မင်းကြီးတွေ ကိုးကွယ် တာတို့၊ ဗြဟ္မာမင်းကြီးတွေ ကိုးကွယ်တာတို့၊ ကိုးကွယ်အားထားနေကြတယ်။ ကိုးကွယ်ရာ မှားယွင်းနေခဲ့မယ်ဆိုရင် အဲဒီ ကြပ်တီးကုန်းမှာ စိုက်ပျိုးရ သလိုပဲတဲ့။

တစ်နည်းဥပမာအားဖြင့် ပိုပြီးတော့ဆိုးတာက ရှေးကမ္ဘာ့အစဦး အလာထဲက ပညတ်ထားတာ ရှိတယ်။ သုစရိုက်တရားတွေ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။ ဒုစရိုက်ဆိုတဲ့ မကောင်းတဲ့တရားတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဗြဟ္မာစိုရ်ရိတရားတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဘုရားမပွင့်တဲ့အခါမှာလဲ သူတော်ကောင်းကြီးတွေ၊ ရသေ့သူတော် ကောင်းကြီးတွေ၊ လူပညာရှိတွေ၊ နတ်ပညာရှိတွေ ဒီတရားတွေ သုစရိုက် တရားတွေ ကောင်းတယ်လို့ သတ်မှတ်ထားတယ်၊ ဒုစရိုက်တရားတွေ ကျတော့ မကောင်းဘူးလို့ သတ်မှတ်ထားတယ်။

ပုညကိရိယာတရားတွေ ကောင်းတယ်လို့ သတ်မှတ်တယ်။ အဲဒီလို သတ်မှတ်ထားတာတွေကို တစ်ချို့ပုဂ္ဂိုလ်တွေက ပြောင်းပြန်၊

http://www.dhammadownload.com



ညွှန်းပြနည်း ပေးကြတယ်။ သတိပြုရမယ်၊ လမ်းမှန်ပြောရင် သုစရိုက်တရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြ၊ ဒုစရိုက်တရားတွေကို ရှောင်ရှားကြ၊ သုကိုဆောင်ပြီးတော့ ဒုကိုရှောင်ရမှာကိုး။

အဲဒီလို ဘုရားမပွင့်သော်လဲ သူတော်ကောင်းကြီးတွေ ချမှတ်ထားတဲ့ အစဉ်အလာရှိတယ်။ အဲဒီ အစဉ်အလာကို ပြောင်းပြန်ပြန်စေပြီး ဒုစရိုက်တရားတွေကို ကျင့်ကြကုန်လော့၊ သုစရိုက်တရားတွေကို ရှောင်ကြကုန်လော့လို့ ပြောင်းပြန်ညွှန်ပြပြီးတော့နေတဲ့ ဘုရားအမည်ခံတဲ့ ပုဂ္ဂိုလ်တွေ၊ ကိုးကွယ်ရာအမည်ခံတဲ့ ပုဂ္ဂိုလ်တွေမရှိကြဘူးလား၊ (ရှိပါတယ်ဘုရား)။

ကမ္ဘာမှာရှိတယ် အင်မတန်ဆန်းကြယ်တယ်၊ တစ်ချို့ပုဂ္ဂိုလ်တွေ အင်မတန်ပူပြင်းတဲ့မီးနဲ့ အင်မတန်ပူပြင်းလှတဲ့ ကျောက်ဖျာကြီးတွေလို ဖြစ်နေတယ်။ အင်မတန်ပူပြင်းလှတဲ့ ကျောက်ဖျာကြီးပေါ်မှာ မျိုးစေ့ကြဲချလိုက်လို့ရှိရင် မပေါက်ရုံတင်မဟုတ်ဘူး။ တူးပြီးတော့ သွားနိုင်တယ်၊ ကျက်ပြီးတော့သွားနိုင်တယ်၊ ပျောက်ပြီးတော့ သွားနိုင်တယ်။

ဒါကြောင့်မို့ ဘုန်းကြီးတို့ရဲ့လက်အုပ်၊ ဘုန်းကြီးတို့ရဲ့ စိတ်စေတနာ အရိုအသေပြုမှုကို အဲဒီလို အင်မတန်ပူပြင်းလှတဲ့ ကျောက်ဖျာကြီးတွေနဲ့တူတဲ့ ကိုးကွယ်ရာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ သွားပြီးတော့ မိမိတို့ရဲ့ စိတ်စေတနာမျိုးစေ့ ကြဲချလိုက်လို့ရှိရင် အပင်ပေါက်နိုင်ပါ့မလား၊ (မပေါက်နိုင်ဘူး)။

အဲဒီတော့ ခုနကပြောခဲ့တဲ့ တရားမြင်ပြီးတော့ ကိုးကွယ်တာမျိုး မဟုတ်ရင် ဘုရားပြောင်းနိုင်တယ်။ အခု မြန်မာနိုင်ငံမှာနေကြတဲ့ ဗုဒ္ဓဘာသာတွေ အခြားအခြားနိုင်ငံ ရောက်သွားတဲ့အခါ အချို့ အချို့ ပုဂ္ဂိုလ်တွေ ဘာသာခြားတွေက နေရာထိုင်ခင်းပေးမယ်။ လစာကောင်းကောင်းပေးမယ်ဆိုရင် ကိုးကွယ်ရာပြောင်းတယ်၊ ဘုရားမြဲရဲ့လား၊ မမြဲပါဘုရား။ အဲဒါ "သုတသရဏဂုံ" အနိယသရဏဂုံသမားတွေ၊ တစ်နည်းအားဖြင့် မိရိုးဖလာ သရဏဂုံသမားတွေပဲ။ တရားမြင်ပြီးတော့

http://www.dhammadownload.com



ရတနာသုံးပါးကို ကိုးကွယ်တဲ့ "ဒိဋ္ဌသရဏဂုံ" နိယတသရဏဂုံ ပုဂ္ဂိုလ်များကျတော့ သရဏဂုံပြောင်းပါဦးမလား။ မပြောင်းပါဘုရား။

ဒိဋ္ဌသရဏဂုံ တရားမြင်ပြီးတော့၊ ရုပ်နာမ်မြင်ပြီးတော့၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရားတွေ မြင်ပြီးတော့ ကိုးကွယ်တာဟာ မြင့်မြတ်တဲ့ကိုးကွယ်မှု၊ ဥပမာပြောရမယ်ဆိုရင် လူနှစ်ယောက်ရှိတယ်။ အဲဒီ လူနှစ်ယောက်မှာ အနာကြီးရောဂါစွဲကပ်နေတယ်။ ဘာစွဲကပ်နေလဲ၊ အနာကြီးရောဂါပါဘုရား။

တစ်ယောက်က ဆေးဆရာနဲ့အဝေးကြီးမှာ နေတယ်။ မိုင်ပေါင်း တစ်ရာ၊ နှစ်ရာမှာ တစ်ယောက်ကနေတယ်။ ဆေးဆရာနဲ့ဝေးနေပေမဲ့လို့ အနာကြီးရောဂါ ပျောက်စေတတ်တဲ့ ဆေးတွေ၊ ဝါးတွေမှာပြီးတော့ ဆေးဝါးဓာတ်စာကို စားတယ်၊ ဆရာကြီးနဲ့ကတော့ မဝေးဘူးလား၊ ဝေးပါတယ်ဘုရား။

ဒါပေမယ့် ရှောင်ရမှာကိုရှောင်တယ်၊ ဆေးမှန်မှန်စားတော့ ရောဂါပျောက်တယ်။ အဲဒီပုဂ္ဂိုလ်နဲ့ တရားမြင်ပြီးတော့ ရတနာ သုံးပါးကို ကိုးကွယ်တဲ့ "ဒိဋ္ဌသရဏဂုံသမား"နဲ့ တူတယ်။ နိယတသရဏဂုံသမားနဲ့ တူတယ်။

တစ်ယောက်ကတော့ အနာကြီးရောဂါ စွဲကပ်နေတော့ ဆရာ့အိမ်သွားနေတာ နီးနီးနားနားသွားနေမှာပဲ။ သူကတော့ ဆရာ အရှောင်ခိုင်းတာလဲ မရှောင်ဘူး၊ အစားခိုင်းတဲ့ဆေးတွေကျတော့ ခါးတယ်လေး၊ ငန်တယ်လေး၊ ဟိုဟိုဒီဒီလုပ်ပြီးတော့ ဆေးမှန်မှန် မစားဘူး။ ပျောက်ပါ့မလား၊ မပျောက်ပါဘုရား။ ဆရာကြီးကိုမှီပြီး ကန်တော့လာကြတဲ့ စားစရာ၊ သောက်စရာတွေကို စားတယ်၊ စားတော့ စားရတယ်။ သို့သော် ရောဂါပျောက်ပါ့မလား၊ မပျောက်ပါဘူး။

အဲဒါ ဘာလဲဆိုတော့ နီးပေမယ့် ဆရာ့စကားနားထောင်ရဲ့လား၊ နားမထောင်ပါဘုရား။ ဆေးကောမှန်မှန်စားရဲ့လား၊ မစားပါဘုရား။ အဲဒီလိုပဲတဲ့ ဘုန်းကြီးတို့ ဘုရားကိုးကွယ်ကြတဲ့နေရာမှာ ဘုရားနဲ့ဝေးသော်

http://www.dhammadownload.com



လဲပဲ ဘုရားရှင်ဟောကြားတော်မူတဲ့ ရုပ်တရား၊ နာမ်တရားတွေအပေါ်မှာ ခန္ဓာ အာယတန ဓာတ် သစ္စာတရားတွေကို နားလည်အောင် လေ့လာရတယ်။ အဲဒီလို လေ့လာဆည်းပူး ကျင့်ပွားနေရင် ဘုရားနဲ့ဝေးသော်လဲပဲ ကိလေသာရောဂါတွေ ပျောက်ကင်းနိုင်လောက်တဲ့ ကိုးကွယ်အားထားမှု ဖြစ်တဲ့အတွက် ဘာသရဏဂုံခေါ်သလဲ "ဒိဋ္ဌသရဏဂုံ"။

ဘုရားခြေတော်ရင်းမှာ ဝပ်ပြီးတော့ ဘုရားဟောတဲ့တရားတော်တွေ မလိုက်နာဘူး၊ ပါဏာတိပါတ အစရှိတဲ့ ရှောင်ရမယ့် အချက်တွေကို မရှောင်ဘူး။

ရုပ်တရား၊ နာမ်တရားတွေ သိအောင်၊ မြင်အောင် ထွက်လေဝင်လေ ဝါယောရုပ်ကို မြင်အောင်ရှုဖို့စသည်လဲ မလိုက်နာဘူး။ အဲဒီလို မလိုက် နာပဲ ဘုရားခြေတော်ရင်းမှာ ဘုရားကိုးကွယ်ပါ၏၊ အားထားပါ၏လို့ ဆိုနေတဲ့ ပုဂ္ဂိုလ်များကျတော့ "သုတသရဏဂုံ"ပဲ ဖြစ်ပါတယ်။

## တရားမြင်မှ ဘုရားမြင်

တရားဓမ္မကိုမြင်ပြီးတော့ ရတနာသုံးပါးကို ကိုးကွယ်ပြီ ဆိုရင်တော့ ဗုဒ္ဓဘာသာ ပိုပြီးတော့ စစ်ပါတယ်။ ဒါကြောင့်မို့ တရားမြင်မှ ဘုရား မြင်တယ်၊ တရားမမြင်ရင် ဘုရားမမြင်ဘူးတဲ့။

တရားမြင်ပြီးတော့မှ ဘုရားမြင်တာ ပိုပြီးကောင်းပါတယ်။ ဒါကြောင့် မြတ်စွာဘုရား အနီးအနားမှာနေပြီးတော့ ဘုရားကို မဖူးမျှော်ရရင် မနေနိုင်လောက်အောင် ကြည်ညိုပြီးတော့ နေနေတဲ့ "ဝက္ကလိ" ရဟန်းတော်ကို မြတ်စွာဘုရားက-

**ယောဓမ္မံ နပဿတိ၊ သောမံ နပဿတိ။**

ယော= အကြင်ပုဂ္ဂိုလ်သည်၊ ဓမ္မံ= တရားကို၊ နပဿတိ= မမြင်၊ သော= ထိုတရားမမြင်တဲ့ပုဂ္ဂိုလ်သည်၊ မံ= ငါဘုရားကို၊ နပဿတိ= မမြင်။

တရားကိုမမြင်တဲ့ ပုဂ္ဂိုလ်ဟာ ငါဘုရားကို မြင်တယ်လို့ မပြောနိုင်ဘူး။ တရားမမြင်ဘူး၊ ဘုရားတော့ ကြည်ညိုတယ်၊ ခန္ဓာ အာယတန

http://www.dhammadownload.com



ခာတ်သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ် တရားတွေကို နားမလည်ဘူး။

အဲဒီလို နားမလည်တဲ့သူ ဘုရားကို ဖူးတွေ့နေရသော်လဲ ဖူးတွေ့နေရတယ် မမည်ဘူး။

**ယော ဓမ္မံ ပဿတိ၊ သောမံ ပဿတိ။**

ဝက္ကလိ= ဝက္ကလိရဟန်း၊ ယော= အကြင်ပုဂ္ဂိုလ်သည်၊ ဓမ္မံ= တရားကို၊ ပဿတိ= မြင်၏၊ သော= ထိုတရားကိုမြင်တဲ့ ပုဂ္ဂိုလ်သည်၊ မံ= ငါဘုရားကို၊ ပဿတိ= မြင်သည်မည်၏။

တရားမြင်တဲ့ပုဂ္ဂိုလ်ကတော့ ငါဘုရားမြင်တာနဲ့ အတူတူပဲ။ ဒါကြောင့် လိုက်ဆိုကြ။

တရားမမြင် ဘုရားမမြင်၊ တရားမြင်မှ ဘုရားမြင်။

ဘုရားကို ဖူးတွေ့နေရသော်လဲ ဘုရားကိုမြင်တာ ဧကန် မဟုတ်သေးဘူး။

**ဗုဒ္ဓဘာသာ**

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**
**ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**သံဃံ သရဏံ ဂစ္ဆာမိ။**

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို နာကြားရုံမျှနဲ့ ကြည်ညို ပြီး သရဏဂုံဆောက်တည်တော့လဲ ဗုဒ္ဓဘာသာမည်ပါတယ်။ ဗုဒ္ဓဘာသာ ဖြစ်တယ်ဆိုတာ မနောဒုစရိုက် (၃)ပါးထဲက -

သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု၊ သူ့သက်ဇီဝေ သေစေချင်ဟူ၊

အယူမှောက်မှား၊ ဤသုံးပါး မှတ်သားမနောကံ။

မနောဒုစရိုက် (၃)ပါး သူ့ဥစ္စာကို ပိုင်ဆိုင်ချင်တယ်၊ သူ့ဥစ္စာကို ရချင်ရုံတင်မက သူတစ်ပါးအသက်ပါ သေစေချင်လာတယ်။

အယူမှောက်မှား အယူဖောက်ပြန်ခဲ့လို့ရှိရင် မိစ္ဆာဒိဋ္ဌိ။ အဲဒါ မနောဒုစရိုက်။ အဲဒီ မနောဒုစရိုက် (၃)ပါး မနောဒုစရိုက်ဖြစ်တဲ့

http://www.dhammadownload.com



သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု၊ သူ့သက်ဇီဝေ သေစေချင်မှု၊ အယူမှောက်မှား ဤသုံးပါး ဆိုတဲ့နေရာမှာ မနော်သုစရိုက်၊

သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု မရှိဘူး။ သူ့ဥစ္စာပိုင်ဆိုင်လိုမှု မရှိရုံမက သူ့အသက်သေစေချင်တာလဲ မရှိဘူး။ အယူကလဲ မှန်ကန်တယ်တဲ့။ အဲဒါကို မနော်သုစရိုက်လို့ ခေါ်တယ်။ အယူမှန်ကန်တယ်ဆိုတဲ့ နေရာမှာ ကမ္မဿကတဉာဏ် အရင်းခံအယူမှန်ကန်ပြီးတော့ ဘုရား၊ တရား၊ သံဃာကို -

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**သံဃံ သရဏံ ဂစ္ဆာမိ** လို့ သရဏဂုံယူလိုက်လို့ရှိရင် ဗုဒ္ဓဘာသာအငယ်စား ဖြစ်တယ်။

ဗုဒ္ဓဘာသာအငယ်စားဖြစ်ပုံ နည်းနည်းလေးချဲ့ပြီး ပြောမယ်ဆိုရင် သာသနာတွင်း၊ သာသနာပအခါမရွေး သူတော်စင်များ ညွှန်ပြသည့် ကမ္မာ့အဆီအနှစ်တရားတွေ ကမ္ဘာ့တန်ဆာဖြစ်တဲ့ တရားတွေ၊ ကံ, ကံ၏ အကျိုးကို ယုံကြည်မှု ဒီလိုတရားတွေဟာ ကမ္ဘာ့အလင်းကြီးတွေ၊ သာသနာအလင်း မဟုတ်ပါဘူး။ သာသနာတွင်းမှာသာရတဲ့ အလင်းမဟုတ်ပါဘူး။

အဲဒီ အယူမှန်ပြီး သရဏဂုံ ဆောက်တည်မယ်ဆိုရင် သာသနာတွင်း သရဏဂုံတော့ မှန်ပါရဲ့။ အယူမှန်ရုံလေးနဲ့ ဗုဒ္ဓဘာသာ အလတ်စား၊ အကြီးစားတော့ မဟုတ်သေးဘူး၊ မဖြစ်သေးဘူး။

အဲဒီ အယူမှန်ဖို့နဲ့ ပတ်သက်ပြီး အချက်အလက် (၁၀)မျိုး အခြေခံပြီးတော့မှ ဒီပုဂ္ဂိုလ်ဟာ သမ္မာဒိဋ္ဌိ မှန်ကန်တဲ့အမြင် ရှိတဲ့ ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်ဟာ မှားယွင်းတဲ့ မိစ္ဆာဒိဋ္ဌိအမြင်ရှိတဲ့ ပုဂ္ဂိုလ်လို့ ခွဲခြားရမယ်။ အဲဒီ (၁၀)မျိုးက ဘာလဲဆိုရင်-

၁။ **အတ္ထိ ဒိန္နံ** - အလှူပေးတာ အကျိုးရှိတယ်လို့ ယူဆလို့ရှိရင် အယူမှန်ပြီ "သမ္မာဒိဋ္ဌိ"။

http://www.dhammadownload.com



၂။ **အတ္ထိ ယိဋ္ဌံ** - စားဦးစားဖျားလေး လှူဒါန်းလိုက်တဲ့ အလှူဟာ အကျိုးများတယ်လို့ ယူဆရင် "သမ္မာဒိဋ္ဌိ"။

၃။ **အတ္ထိ ဟုတံ** - ပူဇော်မှုပြုတာဟူသရွေ့ ရတနာသုံးပါး ဆရာမိဘတွေနဲ့ ပတ်သက်လို့ ပူဇော်ရင် အကျိုးရှိတယ်လို့ ယူဆရင် "သမ္မာဒိဋ္ဌိ"။

၄။ **အတ္ထိ သုကဋဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော** - ကောင်းစွာ ပြုအပ်၊ မပြုအပ် ကိစ္စအားလုံးတို့ရဲ့ အကျိုး အပြစ်တွေရှိတယ်။ ပြုသမျှ ကောင်းမှုကုသိုလ် တို့ရဲ့အကျိုးရင်း အကျိုးဆက်၊ ပြုသမျှ မကောင်းမှုအကုသိုလ်တို့ရဲ့ မကောင်းတဲ့ အကျိုးရင်း၊ အကျိုးဆက်တွေ ရှိတယ်လို့ ယူဆရင် "သမ္မာဒိဋ္ဌိ"။

ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကုသိုလ်ကောင်းမှုပြုရင် အကျိုး ရှိတယ်လို့ မယူဆဘူးလား။ အကုသိုလ်မကောင်းမှုပြုရင် အပြစ်ရှိတယ်လို့ မယုံကြည်ဘူးလား။ (ယုံကြည်ပါတယ်) အဲဒါ သမ္မာဒိဋ္ဌိ အမြင်မှန်ရတာပဲ။

၅။ **အတ္ထိ အယံ လောကော**

၆။ **အတ္ထိ ပရောလောကော** - ပစ္စုပ္ပန် လောက၊ မျက်မြင်လောက၊ နောင်တမလွန်လောက ရှိတယ်လို့ လက်ခံတယ် "သမ္မာဒိဋ္ဌိ"။ ဤလောက၊ နောက်လောကရှိတယ်လို့ လက်မခံကြဘူးလား၊ (လက်ခံပါတယ်ဘုရား) လက်ခံတယ်နော် "သမ္မာဒိဋ္ဌိ"။ ဤလောက၊ နောင်လောက မရှိဘူးလို့ ယူဆရင် ဘာဖြစ်သွားမလဲ၊ (မိစ္ဆာဒိဋ္ဌိပါဘုရား)။

http://www.dhammadownload.com



၇။ **အတ္ထိ မာတာ**

၈။ **အတ္ထိ ပိတာ** - ကျေးဇူးရှင် မွေးမိခင်အပေါ်မှာ ပြုသမျှ ကုသိုလ် အကျိုးရှိတယ်လို့ ယူဆရင် ပြုသမျှ အကုသိုလ်အပြစ်ရှိတယ်လို့ ယုံကြည် လို့ရှိရင် ဒါအမြင်မှန်၊ ဖခင်အပေါ်မှာလဲ ဒီအတိုင်းပဲ။ မိဘနှစ်ပါးနဲ့ ပတ်သက်လို့ မိဘနှစ်ပါး အပေါ်မှာ ကောင်းတာပြုသမျှ အကျိုး ရှိတယ်လို့ ယုံကြည်တာ၊ မကောင်းပြုသမျှ အပြစ်ရှိတယ်လို့ နားမလည်ကြဘူးလား၊ လက်မခံကြဘူးလား၊ လက်ခံတယ်နော်။ အဲဒါ "သမ္မာဒိဋ္ဌိ" ဖြစ်တာပဲ။ သမ္မာဒိဋ္ဌိ လူမျိုးဆိုတာ သီးခြားမရှိဘူး။ မြန်မာရယ်၊ တရုတ်ရယ် ဒီလို စသည်မရှိဘူး မည်သူမဆို ဒီလိုအယူ အမြင်မှန် လက်ခံရင်ရှိရင် သမ္မာဒိဋ္ဌိ လူမျိုး ဖြစ်သွားတာပဲ။

၉။ **အတ္ထိ သတ္တာ ဩပပါတိကာ** - ကိုယ်ထင်ရှားဖြစ်ကြတဲ့ နတ်ဗြဟ္မာတွေရှိတယ်။ အဲဒီလို ယုံကြည်ရင် "သမ္မာဒိဋ္ဌိ"။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မယုံကြည်ကြဘူးလား။ ယုံကြည် တယ်နော်။

၁၀။ **အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ** - ဒီလောက၊ နောင်လောက အကြောင်းအချက် တွေနဲ့ ပတ်သက်ပြီးတော့၊ ကိုယ်တိုင်သိပြီး တော့ ဟောနိုင်၊ ပြောနိုင်တဲ့

http://www.dhammadownload.com



ဘုရားမြတ်စွာ၊ ပစ္စေကနှင့် သူတော်ကောင်း
တွေ ရှိတယ်လို့ ယုံကြည်လို့ရှိရင် သမ္မာဒိဋ္ဌိ
အယူမှန်ရှိပြီ။ ဤလောက၊ နောင်လောကကြီး
ကို ကောင်းကောင်းမွန်မွန် ကျင့်ကြံကြိုး
ကုတ်ပြီး ဒီလောက၊ နောင်လောကတွေရဲ့
သဘောသွားတွေကို ကိုယ်တိုင်သိတော်မူ
ကြတဲ့ ဘုရားမြတ်စွာ၊ ပစ္စေကနှင့်
သူတော်စင်တွေ မရှိဘူးလား၊ မယုံဘူးလား၊
ယုံတယ်နော်။ သူတော်ကောင်းတွေ
မရှိဘူးလား၊ ရှိပါတယ် ဘုရား။ အဲဒီလို
ယုံကြည်လက်ခံရင် "သမ္မာဒိဋ္ဌိ"။

အဲဒီ အခြေခံ (၁၀)ချက်ကို အခြေခံပြီးမှ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"လို့ သရဏဂုံ ယူလိုက်နိုင်လျှင် **"ဗုဒ္ဓဘာသာအငယ်စား"** ဖြစ်တယ်။

## ဗုဒ္ဓဘာသာ အလတ်စား

**"ဗုဒ္ဓဘာသာအလတ်စား"** ဆိုတာ ဘယ်လိုဟာလဲဆိုတော့- ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တွေကို နာကြားခွင့်ရလို့ နာကြားလိုက်တယ်။ သင်ကြားခွင့်ရလို့ သင်ကြားတယ်။ ဟောပြောခွင့်ရလို့ ဟောပြောတယ်၊ လေ့လာတယ်၊ စူးစမ်းတယ်၊ သဘောအဓိပ္ပါယ်တွေကို နားလည်အောင် လေ့လာတယ်။

အဲဒီ ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ရဲ့ အကြောင်း အကျိုးအဆက်ဆက်တွေကို ဉာဏ်အဆင့်ဆင့်ရောက်အောင် လေ့လာပြီးတော့မှ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော် တွေဟာ သံသရာက ထွက်မြောက်ရာ မှန်တယ်လို့ ယုံကြည်ပြီးတော့ ခန္ဓာ (၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါး၊ သစ္စာ (၄)ပါး၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ

http://www.dhammadownload.com



(၁၂)ပါး၊

တစ်နည်းအားဖြင့် သတိပဋ္ဌာန် (၄)ပါး၊ သမ္မပ္ပဓာန် (၄)ပါး၊ ဣဒ္ဓိပါဒ် (၄)ပါး၊ ဣန္ဒြေ (၅)ပါး၊ ဗိုလ် (၅)ပါး၊ ဗောဇ္ဈင် (၇)ပါး၊ မဂ္ဂင် (၈)ပါး တရားတွေကို သဘောပေါက်ပြီး -

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**သံဃံ သရဏံ ဂစ္ဆာမိ**

တရားရှင်ဖြစ်တဲ့ မြတ်စွာဘုရား ကိုးကွယ်ပါ၏၊ မြတ်စွာဗုဒ္ဓ ဟောကြားတရားတော်ကို ကိုးကွယ်ပါ၏၊ တရားတော်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြတဲ့ သံဃာတော်များကို ကိုးကွယ်ပါ၏။

အဲဒီလို သရဏဂုံ ယူလိုက်တဲ့အခါ **"ဗုဒ္ဓဘာသာ အလတ်စား"**။ ဘာဖြစ်သွားသလဲ။ ဗုဒ္ဓဘာသာအလတ်စား။ ကိုယ့်ဟာနဲ့ ကိုယ် ဗုဒ္ဓဘာသာ ဖြစ်လာကြတော့ မိရိုးဖလာ ဗုဒ္ဓဘာသာတွေ။ တစ်ဆင့်တက်လို့ တရားတော်တွေကိုကြည့်၊ သစ္စာ (၄)ပါးကြည့်၊ ပထမဆုံး ဒုက္ခတွေချည်း မြတ်စွာဘုရားက ထုတ်ပြတာ။

အဲဒီဒုက္ခတွေ ပြဿနာမင်းကြီးတွေ ဖန်ဆင်းလို့ ဖြစ်တာလား၊ မဟုတ်ပါဘူးတဲ့။ သမုဒယခေါ်တဲ့ လောဘ (တဏှာ) ကြောင့်။ အဲဒီ ဒုက္ခနဲ့သမုဒယ ချုပ်ငြိမ်းသွားတဲ့နေရာ မရှိဘူးလားဆိုတော့ **"နိရောဓ သစ္စာ"**တဲ့။

အဲဒီ ဒုက္ခနဲ့တဏှာချုပ်ရာဖြစ်တဲ့ **"နိရောဓ"** သစ္စာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ အကြောင်းတရား လိုက်ရှာလိုက်တော့ ပြေးလို့လဲ မရောက်နိုင်၊ ယာဉ်အမျိုးမျိုးတွေ စီးပြီးသွားလို့လဲ မရောက်နိုင်။

**"နဟိ ဧတေဟိ ယာနေဟိ၊ ဂစ္ဆေယျအဂတံ ဒိသံ"**

ယာဉ်ရထားမျိုးနဲ့ မရောက်နိုင်ဘူးတဲ့၊ ဘာနဲ့မှ ရောက်နိုင်သလဲဆိုတော့ မဂ္ဂင်ဆိုတဲ့ "ယာဉ်" သမ္မာပဋိပတ် အကျင့်မြတ်နဲ့မှ ရောက်နိုင်တယ်ဆိုတဲ့ အကြောင်းတရား၊ ဆင်းရဲတဲ့တရားတွေ၊ ဆင်းရဲကိုဖြစ်စေတတ်တဲ့

http://www.dhammadownload.com



တရားတွေ၊ ချမ်းသာတဲ့တရား၊ ချမ်းသာကို ရောက်စေတတ်တဲ့တရားတွေ လို့ ဒီလို အကျိုးအကြောင်းတွေနဲ့ ဂွင်းဆက်မပြတ် ဆက်တာကို သိရှိနားလည်လိုက်တဲ့အခါ ဒီပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာဘဝ ပျက်စရာ မရှိဘူး။

မိစ္ဆာဒိဋ္ဌိ ဖြစ်တယ်ဆိုတာ အဲဒီတရားသဘောတွေကို မသိလို့ရှိရင် မိစ္ဆာဒိဋ္ဌိ ဖြစ်တာပါပဲ။ ပဋိစ္စသမုပ္ပါဒ် အကြောင်းဆက် အကျိုးဆက်တရား တွေ မြတ်စွာဘုရားက ဆက်ဆက် ဆက်ဆက်ပြီးတော့ ဟောထားခဲ့တာ။

အဲဒီ အကြောင်းဆက်၊ အကျိုးဆက်တရားတွေကို သိရှိနားလည် လို့ရှိရင် မိစ္ဆာဒိဋ္ဌိ မဖြစ်ဘူး။ တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာ မပျက်တော့ ဘူး။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ ဖြစ်နေကြတာက စိတ်ချရလောက်တဲ့ ဗုဒ္ဓဘာသာ မဟုတ်သေးပါဘူး။ သို့သော် အလတ်စားဗုဒ္ဓဘာသာလောက် တော့ ဖြစ်နေပါပြီ။

## အကြီးစား ဗုဒ္ဓဘာသာ

**"အကြီးစားဗုဒ္ဓဘာသာ"**ဆိုတာ ဘယ်လိုဟာလဲ။ အကြီးစား ဗုဒ္ဓဘာသာဆိုတာ ခန္ဓာ (၅)ပါးထဲမှာ-

- "ရူပက္ခန္ဓာ"ဆိုတဲ့ ရုပ်အစုအဝေး၊
- "ဝေဒနာက္ခန္ဓာ"ဆိုတဲ့ ခံစားမှု စံစားမှုအစုအဝေး၊
- "သညာက္ခန္ဓာ"ဆိုတဲ့ မှတ်သားမှုအစုအဝေး၊
- "သင်္ခါရက္ခန္ဓာ"ဆိုတဲ့ ပြုပြင်မှုအစုအဝေး၊
- "ဝိညာဏက္ခန္ဓာ"ဆိုတဲ့ အာရုံယူဘိ အသိသဘော အစုအဝေး၊

အဲဒီလိုရှိတာတွေထဲကမှ တစ်ခုချင်း၊ တစ်ခုချင်းလေး ရုပ်အစု အဝေးနဲ့ ပတ်သက်ပြီးတော့ ရုပ်ကိုလဲ သိရှိနားလည်ရမယ်။ ရုပ်ရဲ့ဖြစ် ကြောင်းကိုလဲ သိရှိရမယ်။ ဒီရုပ်ရဲ့ချုပ်ငြိမ်းပျက်စီးသွားတာကိုလဲ သိရှိရ မယ်။ အဲဒီရုပ်ဟာ ဒုက္ခသစ္စာ= ဒုက္ခတုံး ဒုက္ခခဲကြီးပဲ။

http://www.dhammadownload.com



ဒုက္ခတုံး ဒုက္ခခဲကြီးဖြစ်တဲ့ ရုပ်တရား ကုန်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းတွေကိုလဲ သိရှိနားလည်ရမယ်။ အဲဒီ ရုပ်အစုအဝေးရဲ့ သာယာဖွယ်ကိုလဲ သိရမယ်။ အဲဒီ ရုပ်အစုအဝေးရဲ့ အပြစ်အနာအဆာတွေကိုလဲ သိရမယ်။ အဲဒီ ရုပ်အစုအဝေးမှ ထွက်မြောက်ရာကိုလဲ သိရမယ်။ ထွက်မြောက်ပုံကိုလဲ သိရမယ်။

အဲဒီလို လိမ္မာကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ကို "ဥတ္တမပုရိသ" မြင့်မြတ်သော အမျိုးကောင်းသား၊ မြင့်မြတ်သော အမျိုးကောင်းသမီး၊ "ဗုဒ္ဓဘာသာအကြီးစား"၊ "ပရမတ္ထဗုဒ္ဓဘာသာ"လို့တောင် တင်စားပြီးတော့ ခေါ်ရတယ်။

အဲဒီလို သိရှိနားလည်တဲ့ ပုဂ္ဂိုလ်မြင့်မြတ်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး၊ အဲဒီလို အသေးစိတ်ဉာဏ်နဲ့ သိပြီးတော့မှ -

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**
**ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**သံဃံ သရဏံ ဂစ္ဆာမိ။**

ဆိုတော့ "သရဏဂုံ" မပျက်တော့ဘူး။ ဒါကြောင့် အာဠဝကနတ်ဘီလူးကြီးက ဘုရားနဲ့တွေ့ကာစတုန်းက သိပ်ကြမ်းတယ်။ ဒါပေမယ့် မြတ်စွာဘုရားကို သိလိုတဲ့အချက်အလက် (၈)မျိုးကို မေးတယ်။ မေးခွန်းတွေ ဘုရားမို့လို့သာ ဖြေနိုင်တာကိုး။ သူမေးတဲ့ အချက်အလက်တွေထဲမှာ-

**ကိံသု ဟဝေသာဓု တရံရသာနံ။**

ဘောဂေါတမ= အရှင်ဂေါတမ၊ ရသာနံ= အရသာတကာတို့တွင်၊ ကိံသု= အဘယ်အရသာသည်၊ ဟဝေ= စင်စစ်၊ သာဓုတရံ= အချိုမြိန်ဆုံးပါနည်း။

လောကမှာ အရသာတွေအများကြီးထဲမှာ ဘယ်အရသာဟာ အကောင်းဆုံးလဲလို့ မေးတော့ မြတ်စွာဘုရားက-

**သစ္စံ ဟဝေ သာဓုတရံ ရသာနံ။**

http://www.dhammadownload.com



အာဠာဝကဓ အာဠာဝကဘီလူး၊ သစ္စံ= မဟုတ်စကား ရှောင်ရှား ပယ်ခွာ ဝစီသစ္စာသည်၊ သစ္စံ= ပရမတ္ထသစ္စာမည်သာ ထင်ရှားနိဗ္ဗာန် တရားသည်၊ ဟဝေ= စင်စစ်ဧကန် အမှန်အားဖြင့်၊ ရသာနံ= သာယာဖွယ် ကောင်း အရသာအပေါင်းတို့တွင်၊ သာဓုတရံ= ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အကောင်းဆုံးသော အရသာပါပေတည်း။ အကောင်းဆုံးသော အရသာပါပေတည်း။

သာဓု - သာဓု - သာဓု

ပရမတ္ထသစ္စာ မည်သာထင်ရှား နိဗ္ဗာန်တရားသည်သာ အကောင်းဆုံး။

မဟုတ်စကား ရှောင်ရှားပယ်ခွာ ဝစီသစ္စာသာ အကောင်းဆုံး။ ဒီလို အချက်ကျကျမေးလို့ ဖြေတဲ့မေးခွန်းပေါင်း (၈)စုံ ပြီးသွားတဲ့အဆုံးမှာ အရိယာစခန်းမြန်းပြီးတော့ ဗုဒ္ဓဘာသာအစစ်ကြီး ဖြစ်သွားတယ်။

**တပ္ပရာယနတာသရဏဂုံ**

အာဠာဝကဘီလူး ဘာဖြစ်သွားသလဲ၊ ဗုဒ္ဓဘာသာအစစ်ကြီး ဖြစ်သွားတယ်။ ဗုဒ္ဓဘာသာအကြီးစား ဖြစ်သွားတယ်။ အဲဒီလို ဗုဒ္ဓဘာသာ အကြီးစားလဲဖြစ်သွားရော-

**သောအဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာပုရံ။**

**နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ။**

ဘန္တေ= အစိန္တေယျ ဂုဏ်ပေါင်းခံသည့် သမန္တစက္ခု သုံးလူ့ ထွဋ်ထား အို- မြတ်စွာဘုရား၊ သောအဟံ= ထိုတပည့်တော်သည်၊ ဗုဒ္ဓဿ= မြတ်စွာဘုရား၏၊ သုဗုဒ္ဓတဉ္စ= ဘုရားကောင်း ဘုရားမှန် ဘုရားစစ်မှန်၏အဖြစ်ကိုလည်းကောင်း၊

ဓမ္မဿ= တရားတော်၏၊ သုဓမ္မတဉ္စ= ကောင်းသောတရားတော် ၏ အဖြစ်ကိုလည်းကောင်း၊ တရားတော်ကိုလည်း တရားစစ်၊ တရားမှန်

http://www.dhammadownload.com



ဟု သိပါပြီဘုရား။

သံဃဿ= သံဃာတော်၏၊ သုသံဃတဥ္စ= ကောင်းသောသံဃာ၏အဖြစ်ကိုလည်းကောင်း၊ အရိယာသံဃာတော်များ၏ ဂုဏ်ကျေးဇူးနှင့် ကောင်းသောသံဃာ၏အဖြစ်ကိုလည်းကောင်း၊ နမဿမာနော= ရှိခိုးဦးတင်လျှက်၊ နမဿမာနော= သုံးလူ့ရှင်ပင် တို့ထိပ်တင်သည် သဗ္ဗညုတဉာဏဦးခိုင် ဘုန်းလှိုင်ဘုရား မှန်လှငြား၏။

အာဥ္စာဝက ကြည်ညို့သွားပြီ။ ဗုဒ္ဓဘာသာ အကြီးစားကြီး ဖြစ်သွားတော့ လျှောက်ထားတယ်။

တို့ဦးထိပ်ထားတဲ့ မြတ်စွာဘုရားက သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးရဲ့ ပိုင်ရှင်၊ "သုံးလူ့ရှင်ပင် တို့ထိပ်တင်သည် သဗ္ဗညုတ ဉာဏဦးကိုင် ဘုန်းလှိုင်ဘုရား မှန်လှငြား၏"၊ မြတ်ဖျားဇိနော် စိန္တေယျော်သည် ဆယ်ပေါ်ဓမ္မ မြတ်ထွဋ်လှကို စလယ်အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောညွှန်ကြားခဲ့။

ဟောကြားထားတဲ့ တရားတော်တွေကလည်း စလယ်အဆုံး ကောင်းခြင်းသုံးပါးနှင့် သွက္ခာတတာ အစဖြာတဲ့ ဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံ တဲ့တရားတော်။

"ရှစ်ပါးအရိယာ မြတ်သံဃာလဲ မြတ်စွာဘုရား တပည့်အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကအရိယာ သူမွန်သူမြတ်တို့အနေနဲ့ သိက္ခာသုံးရပ် ကျင့်အပ်ဖုံဖုံ အလုံးစုံကို အာရုံနှစ်လို့ အားသစ်မြို့၏ သိက္ခာသုံးပါးကို ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတဲ့ သံဃာတော်တွေပဲ"။ "ဤသို့စသည့် ရတနာသုံးမည်၏ ဂုဏ်ရည်သီးသီး အံ့မပြီးကို တချီးမွမ်းမွမ်း မြွက်ဆိုညွှန်း၍ ဦးစွန်းထိပ်ပြင် ဆယ်လက်စုံတင်ပြီးလျှင် ကြည်ရွှင်မြတ်နိုး ရှိခိုးပူဇော် နိဗ္ဗာန်ဆော်ဖြစ်လျှက်"။

စောစောကတော့ ကြမ်းလိုက်တာ။ သမိုင်းတွင်ရစ်အောင်လဲ ကြမ်းတယ်။ ခုချိန်အထိတောင် အာဥ္စာဝကဆိုလျှင် ခပ်နှိမ်နှိမ်လေး "ဘီလူးကြမ်း နတ်ကြမ်း"အဖြစ်နဲ့မြင်ကြတယ်။

http://www.dhammadownload.com



သို့သော် အခုချိန်မှာ အရိယာကြီးဖြစ်သွားတဲ့အတွက် သူ့ကို ချိုးနှိမ်တဲ့စကား ပြောဖို့မတော်တော့ဘူး၊ ပြောလဲမပြောကောင်းတော့ဘူး။

ဒါကြောင့် သူကနမသဿမာနော သုံးလူ့ရှင်ပင် ကျွန့်ထိပ်တင် သည် သဗ္ဗညုတ ဉာဏဦးကိုင် ဘုန်းလှိုင်ဘုရား မှန်လှပြား၏။ လိုက်ဆိုကြ-

သုံးလူ့ရှင်ပင် ဒို့ထိပ်တင်သည် သဗ္ဗညုတ၊
ဉာဏဦးကိုင် ဘုန်းလှိုင်ဘုရား မှန်လှပြား၏။
မြတ်ဖျားဇိနေ၁် စိန္တေယျော်သည် ဆယ်ဖော်ဓမ္မ၊
မြတ်ထွဋ်ရှလှကို စလယ်အဆုံး သုံးပါးအစုံ
ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောညွှန်ကြားခဲ့
ရှစ်ပါးအရိယာ မြတ်သံဃာလဲ သိက္ခာသုံးရပ်
ကျင့်အပ်ဖုံဖုံ အလုံးစုံကို အာရုံနှစ်လို့
အားသစ်မြို့၏ ဤသို့စသည် ဂုဏ်ရည်သီးသီး
အံ့မပြီးကို တချီးမွမ်းမွမ်း မြွက်ဆိုညွှန်း၍
ဦးစွန်းထိပ်ပြင် ဆယ်လက်စုံတင်ပါ၏ဘုရား. . . . ။

အာဠာဝကကြီး အရိယာစခန်း တက်လှမ်းသွားပြီကိုး။ ဦးစွန်းထိပ်ပြု ဆယ်လက်စုံတင်ပြီးလျှင် ဂါမာဂါမံ= တစ်ရွာမှတစ်ရွာသို့ လည်းကောင်း၊ တစ်ရွာမှတစ်ရွာ၊ တစ်ရပ်ကွက်မှတစ်ရပ်ကွက်သို့ သွားတဲ့အခါ အဲဒီလို ချီးကျူးသွားတယ်။

ပုရာပုရံ= တစ်မြို့မှတစ်မြို့၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့လည်းကောင်း၊ ဝိစရိဿာမိ= လှည့်လည်ပြေးသွားနေထိုင်ပါအံ့ဘုရား။ ဝိစရိဿာမိ= လှည့်လည်ပြေးသွား နေထိုင်ပါအံ့ဘုရား။ အဲဒီလို ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေ ရှိခိုးပူဇော် နိဗ္ဗာန်ဆော်လုပ်ပြီးတော့ တစ်ရွာကတစ်ရွာ၊ တစ်မြို့မှတစ်မြို့ လှည့်လည်နေထိုင်ပါမည်ဘုရား။

ဒီရွာကဟိုရွာ ပြောင်းသွားလို့လဲ သရဏဂုံ မပြောင်းဘူး။ ဒီမြို့က နေ ဟိုမြို့ပြောင်းသွားလဲ သရဏဂုံပြောင်းရဲ့လား။ မပြောင်းပါဘုရား။

http://www.dhammadownload.com



**ကိုးကွယ်ရာမပြောင်း**

ဒီနိုင်ငံကနေ ဟိုနိုင်ငံ ပြောင်းသွားလဲ သရဏဂုံပြောင်းမသွားဘူး။ ဗုဒ္ဓဘာသာ အကြီးစားဖြစ်သွားရင် ဒီဘဝက ဟိုဘဝပြောင်းသွားလဲ သရဏဂုံပြောင်းမသွားဘူး။ ဘုရား တရား သံဃာ ရတနာသုံးဖြာမှ တစ်ပါး အခြားမကိုးကွယ်ဘူး။ တောတွေ တောင်တွေ မကိုးကွယ်ဘူး။

**"အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော**

**ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အညံသတ္ထာရံ ဥဒ္ဒိသေယျ"**

ပုထုဇဉ်များမှာ ကြုံတွေ့ရတဲ့ဘေးက ဘာဘေးလဲ။ "နာနာ သတ္ထာရ ဥလ္လောကနေဘေး" အယူဝါဒအထူးထူးရှိကြတဲ့ ဘုရားအမည်ခံ ဆရာအမျိုးမျိုးတို့ရဲ့ မျက်နှာကို မော်ကြည့်နေရတဲ့ဘေး၊ အဲဒီဘေးက ကြီးတယ်၊ အဲဒီဘေးသင့်ရင် မရှုံးဘူးလား။ ရှုံးတယ်။

မက္ခလိဂေါသာလဆိုတဲ့ တိတ္ထိဆရာကြီးကလဲ ဘုရားအမည်မခံ ဘူးလား၊ အမည်ခံတယ်နော်။ သူဖြစ်ပေါ်လာပုံ အကြောင်းအရာတွေကို လိုက်ကြည့်လိုက်တော့ မက္ခလိဂေါသာလက ဆီကုန်သည်တစ်ယောက် အိမ်မှာ အလုပ်လုပ်နေတာ။ ဆီပုန်းထမ်းရွက်သွားတယ်။ ဆီကုန်သည်က "မာခလိ-မာခလိ၊ မချော်စေနဲ့၊ မချော်စေနဲ့ ကောင်းကောင်းသွား"လို့ ပြောနေတဲ့ကြားက ခလုတ်တိုက်ပြီး လဲသွားတယ်။ ဆီတွေလဲ ဖိတ်ကုန် တယ်။ တစ်ခါထဲ ထွက်ပြေးတယ်။

နောက်က ဆီကုန်သည်က အဝတ်ဆွဲလိုက်တော့ အဝတ်ချွတ် ပြီး ထွက်ပြေးတယ်။ ဝတ်လစ်စလစ်နဲ့ နေတယ်။ လူတွေက အလွန် ခေါင်းပါးအောင်ကျင့်တဲ့ ဘုရားပဲဆိုပြီး ဝိုင်းကိုးကွယ်ကြတယ်။ ကိုးကွယ်တဲ့ လူတွေဟာ ညံ့ဖျင်းတယ်ဆိုရမှာပေါ့နော်။

ဝတ်လစ်စလစ် ဖြစ်ပြီးနေတာကြီးကို "သန္တုဋ္ဌိ၊ သလ္လေခ" ဖြစ်တယ်လို့ ပြောကြတယ်၊ ကိုးကွယ်ကြတယ်။ သူကလဲ သူ့အသိုင်း အဝိုင်းနဲ့သူ ဘုရားအမည်ခံတယ်။ သူ့တရား၊ သူ့ဝါဒတွေ ထုတ်ပြန်တယ်၊ ကြောက်စရာကောင်းတယ်။ အဲဒီ ဘေးသင့်တဲ့သူက ဘေးသင့်မှန်း

http://www.dhammadownload.com



မသိတော့ဘူး။ ကုန်ရှုံးတော့ တစ်ခေါက်၊ လင်ကုန်ရှုံးတော့ တစ်သက်လုံး မှောက်၊ ဆရာကုန်ရှုံးတော့ တစ်သံသရာလုံး မှောက်ဆိုသလို၊ ဆရာကုန်မရှုံးပဲ ဆရာမှန်၊ ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်တွေနဲ့ တွေ့ကြုံကြ ဆုံကြပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ ၁၃၅၉ ခု၊ တော်သလင်းလကွယ်နေ့ ဟောလာတဲ့ တရားအစဉ်အတိုင်း ဥတ္တမပုရိသ အမြတ်ခေါင်ဖျား အမျိုးသား အာဇာနည်၊ အမြတ်ခေါင်ဖျား အမျိုးသမီးအာဇာနည် ဖြစ်စေရန်အတွက် မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်အရပ်ရပ်ကို စုချုပ် ပေါင်းပြီးတော့ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီး ညွှန်းပြတော်မူသည့်အတိုင်း ရုပ်အစု ရူပက္ခန္ဓာနဲ့ ပတ်သက်ပြီး သိဖွယ်မှတ်ဖွယ် (၇)မျိုးဟောခဲ့ပြီ။

## ဝေဒနာနှင့်ဆက်စပ် သိမှတ်ဖွယ်

ထို့အတူပဲ ဝေဒနာက္ခန္ဓာနဲ့ ပတ်သက်ပြီးတော့ ဝေဒနာဆိုတာ ဘာလဲဆိုရင် "ခံစားစံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာဓာတ် ခန္ဓာမှတ်လော့"။

လူ့စည်းစိမ်ခံစားတယ်၊ စံစားတယ်၊ နတ်စည်းစိမ် ခံစားတယ်၊ စံစားတယ်။ အဲဒီလို ခံစားတာဟူသမျှ၊ စံစားတာဟူသမျှ ဆင်းရဲခံတယ်၊ ချမ်းသာစံတယ်ဟူသမျှ ဝေဒနာက္ခန္ဓာ၊ ဝေဒနာအစုထဲ ပါသွားတယ်။ အဲဒီ ဝေဒနာနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ဝေဒနာကိုလဲ သိရမယ်။

ဝေဒနာခံစား၊ စံစားတဲ့အမျိုးအစားတွေကိုလဲ သိရမယ်။ အဲဒီ ခံစား၊ စံစားတဲ့ ဝေဒနာတို့ရဲ့အကြောင်းကိုလဲ သိရမယ်။ ဝေဒနာ ချုပ်ပျောက်သွားတာကိုလဲ သိရမယ်။ ဝေဒနာချုပ်ပျောက်ဖို့ နည်းကောင်း လမ်းကောင်းတွေလဲ သိရမယ်။ အဲဒီ ပေဒနာရဲ့ အပြစ်အနာအဆာ အာဒီနဝကိုလဲ သိရမယ်။ အဲဒီ ခံစားမှု၊ စံစားမှုတို့ရဲ့ သာယာဖွယ်ကိုလဲ သိရမယ်။ အဲဒီဝေဒနာတို့ လုံးဝချုပ်ငြိမ်းသွားတာကိုလဲ သိရမယ်။

ဝေဒနာနဲ့ပတ်သက်ပြီးတော့ အချက်အလက် (၇)မျိုးမှာ လိမ္မာ ပေါက်ရောက်အောင်မြင်တဲ့ပုဂ္ဂိုလ်ကို အမြတ်ခေါင်ဖျား ယောကျ်ား အာဇာနည်၊ အမြတ်ခေါင်ဖျား အမျိုးသမီး အာဇာနည်လို့ ဒီလို

http://www.dhammadownload.com



ခေါ်ရတယ်။

ဝေဒနာကို ဘယ်လိုသိရမလဲဆိုတော့ **"ဆ ဟိမေ ဘိက္ခဝေ ဝေဒနာကာယာ"**။ ဘိက္ခဝေ= ရဟန်းတို့၊ ဝေဒနာကာယာ= ဝေဒနာ အပေါင်းတို့သည်၊ ဣမေ ဆ= ဤ (၆)မျိုးတို့တည်း။

လူ့လောက၊ နတ်လောက၊ တိရစ္ဆာန်လောက **အစရှိသည်မှာ ခံစားစံစားနေရတာတွေ** မြတ်စွာဘုရားက "ဝေဒနာ (၆)မျိုး" ရှိတယ်တဲ့။ (၆)မျိုးထက် မပိုပါဘူး။

၁။ **စက္ခုသံဖဿဇာ ဝေဒနာ**= မျက်စိအကြည်၌ မှီပြီးဖြစ်သော ဖဿကြောင့် တွေ့ထိမှုကြောင့် ဝေဒနာခံစား စံစားမှုကတစ်မျိုး၊

၂။ **သောတသံဖဿဇာ ဝေဒနာ**= နားအကြည်၌ မှီပြီးဖြစ်တဲ့ အတွေ့အထိကြောင့်ဖြစ်သော ခံစား စံစားခြင်းကတစ်မျိုး၊

၃။ **ဃာနသံဖဿဇာ ဝေဒနာ**= နှာခေါင်းအကြည်၌ မှီပြီး အတွေ့အထိကြောင့်ဖြစ်သော စံစား စံစားခြင်းကတစ်မျိုး၊

၄။ **ဇိဝှါသံဖဿဇာ ဝေဒနာ**= လျှာအကြည်၌ မှီပြီး တွေ့ထိမှု ကြောင့် ခံစား စံစားခြင်းကတစ်မျိုး၊

၅။ **ကာယသံဖဿဇာ ဝေဒနာ**= ကိုယ်အကြည်၌ မှီပြီး အတွေ့အထိကြောင့်ဖြစ်သော ခံစား စံစားခြင်းကတစ်မျိုး၊

၆။ **မနောသံဖဿဇာ ဝေဒနာ**= စိတ်အကြည်၌ မှီပြီး အတွေ့ အထိကြောင့်ဖြစ်သော ခံစား စံစားခြင်းကတစ်မျိုး၊

ခံစားချက် စံစားချက်ဝေဒနာဟာ (၆)မျိုးရှိပါတယ်။ မျက်စိ အကြည်ဓာတ်၌ မှီပြီး အတွေ့ကြောင့်ဖြစ်တဲ့ ခံစား စံစားခြင်းကတစ်မျိုး၊ နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် (၆)မျိုးနဲ့ ဆက်သွယ်ပြီးတော့ ဖြစ်တဲ့ခံစားမှုတွေအားလုံး တစ်လောကလုံး ဆင်းရဲ ခံစားရတယ်၊ ချမ်းသာ ခံစားတယ်၊ စံစားတယ် ဆိုတာတွေအားလုံး ခြုံလိုက်လို့ရှိရင် ဒီ(၆)မျိုးပဲ။ အဲဒါကိုသိတာ **"ဝေဒနံပဇာနာတိ"**= ဝေဒနာကို အဟုတ်သိ၏။

http://www.dhammadownload.com



**"ဝေဒနာယ သမုဒယံ ပဇာနာတိ"**= ဝေဒနာဖြစ်ကြောင်းကိုလဲ သိရမယ်၊ ဝေဒနာဖြစ်ကြောင်းကိုလဲ သိရမယ်၊ ဝေဒနာ ဘာကြောင့် ဖြစ်သလဲ။

**"ဖဿပစ္စယာ ဝေဒနာ"**= အတွေ့အထိကို အကြောင်းပြုပြီး ခံစားတယ်။ စံစားတယ်။

ဘာတွေ့ဆုံသလဲလို့ဆိုတော့ စက္ခုပသာဒရယ်၊ ရူပါရုံရယ် တွေ့ကြုံဆုံပြီးတော့ မြင်သိစိတ်ကလေး ဖြစ်လာတယ်။ အဲဒီ (၃)မျိုး ပေါင်းစပ်ပြီးတော့ ကြံရည်ညှစ်တဲ့စက်ထဲ ကြံချောင်းထည့်ပြီး ကြိတ်တဲ့ အခါ ကြံရည်ထွက်လာသလို အဲဒီသုံးမျိုး အခြေခံပြီးတော့ ဖဿရဲ့အစွမ်း ကြောင့် ကောင်းတယ်၊ မကောင်းဘူး။ ဣဋ္ဌာရုံကိုအကြောင်းပြုပြီးတော့ ကောင်းတယ်။ အနိဋ္ဌာရုံနဲ့တွေ့တော့ မကောင်းဘူးလို့ ဒီလိုဖြစ်ပေါ် လာတယ်။

ဒါကြောင့် **"ဖဿပစ္စယာ ဝေဒနာ"**။ ဖဿကြောင့် ဝေဒနာ ခံစားမှု၊ စံစားမှုအားလုံး ဖြစ်ပေါ်လာတယ်။ အရပ်စကားကတော့ ကိုယ့်ရှိလို့ ကိုယ်စားတယ်၊ ဒီလို ခံစားချင်လို့ ဒီလို ရှာဖွေထားတယ်လို့ ပြောကြတယ်။ ဒီအရပ်စကားကို တရားထဲထည့်ကြည့်တတ်ရင် တရားမှ မလွတ်ပါဘူး။ ဝေဒနာ (၆)မျိုးမှလွတ်တာ မရှိ။

ဒီ (၆)မျိုးနဲ့ ကင်းတာမရှိဘူး။ ဒါကြောင့် **"ဖဿပစ္စယာ ဝေဒနာ"**။ ဖဿကြောင့် ခံစားမှု စံစားမှုဝေဒနာ ဖြစ်ပေါ်တယ်။ စက်ရှိန်နဲ့ ဝါးလိုက်လို့ ကြံချောင်းက အရည်ထွက်သလို ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ အကြောင်းပြုပြီးတော့ ကောင်းတယ်၊ မကောင်းဘူး။ ခံစားမှု စံစားမှု ဖြစ်ပေါ်လာတယ်။

စောစောကပြောတဲ့ (၆)မျိုးက ချမ်းသာတဲ့ခံစားချက်က တစ်မျိုး (သုခဝေဒနာ)၊ ဆင်းရဲတဲ့ခံစားချက်ကတစ်မျိုး (ဒုက္ခဝေဒနာ)၊ ဆင်းရဲ ချမ်းသာ (၂)ခုကြားမှာဖြစ်တဲ့ အလတ်စားခံစားချက် ဥပေက္ခာဝေဒနာက တစ်မျိုး၊

http://www.dhammadownload.com



(၆)မျိုးကို ဝေဒနာ(၃)နဲ့မြှောက်တော့ (၁၈)မျိုးပါ။ ဖဿပစ္စယာ ဝေဒနာ၊ "ဖဿ(၆)မည် သူ့စွမ်းရည်ကြောင့် ကြိတ်နှိုသောအား စက်ရှိန်ဝါး၍ (၆)ပါးအာရုံ မြှေမြှေတုံလျှက် (၆)စုံရသ အနိဋ္ဌနှင့် ဣဋ္ဌဟူသည် အရည်ဒီးဒီး ယိုထွက်စီးသော်"၊ စက္ခုပသာဒနှင့် ရူပါရုံ တွေ့ဆုံတော့ မြင်သိ စိတ်ကလေးပေါ်၊ မြင်သိစိတ်ကလေးပေါ်ရုံနဲ့တော့ ဘာကောင်း၊ မကောင်း မသိသေးဘူး။ ကြံချောင်းကို စက်နဲ့ကြိတ်သလို တွေ့ထိပေးလိုက်တော့မှ ဘာပေါ်လာသလဲဆိုတော့ "အစုံရသ အနိဋ္ဌနှင့် ဣဋ္ဌဟူသည် အရည်ဒီးဒီး ယိုထွက်စီးသော်"၊ ဣဋ္ဌာရုံခေါ်တဲ့ ကောင်းတဲ့ အာရုံ၊ အနိဋ္ဌာရုံခေါ်တဲ့ မကောင်းတဲ့အာရုံ အရည်ယိုထွက် စီးလာတဲ့ အခါကျမှ ဖဿခြောက်မည် သူ့စွမ်းရည်ကြောင့် ကြိတ်နှိုသောအား စက်ရှိန်ဝါး၍ ခြောက်ပါးအာရုံ မြှေမြှေတုံလျှက် (၆)စုံရသ အနိဋ္ဌနှင့် ဣဋ္ဌဟူသည် အရည်ဒီးဒီး ယိုထွက်စီးသော် ဓာတ်သီးခြောက်ဖြာ ပေါ်ထွန်းလာ၍ ခြောက်ဖြာသော ဓာတ်တွေပေါ်ထွန်းလာ ထွေလာ များတောင်း ကောင်း၊ မကောင်းတို့ ဝေါ်င်းဝေါ်င်းထွေဝေါ် သိထင်ပေါ်၍ ကောင်းသော်စိတ်ဝမ်း ဣဋ္ဌာရုံ အနိဋ္ဌာရုံ ဖြစ်ပေါ်လာတဲ့ အခါကျတော့မှ ကောင်းသော်စိတ်ဝမ်း ရွှင်လန်းနှလုံး စွင့်စွင့်ပြုံး၏။ ကောင်းတဲ့အာရုံလေး ရတာနဲ့ သုခဝေဒနာဖြစ်ပေါ်ပြီး ရုပ်ပါ ပုံစံပြောင်းသွားတယ်၊ သဘော ကျတာကိုး။ မုန်းဖွယ်တွေ့က ခြောက်သွေ့နှလုံး ပူပန်ချုံးလျှက် ကိုယ်မကြိုက်တဲ့ အာရုံနဲ့တွေ့တဲ့အခါ စိတ်နှလုံး ပူပန်ပြီးတော့ တစ်ခါထဲ မီးပူသလို။

ဒါကြောင့်မို့ သဘောကျတဲ့အာရုံတွေ့တဲ့အခါ မျက်နှာပြုံးပြီး သဘောမကျတဲ့ အာရုံတွေ့တဲ့အခါ ညှိုးနွမ်း၊ မီးနဲ့မြိုက်ထားသလို၊ အဲဒီလို ဒုက္ခဝေဒနာဖြစ်ပေါ်တာ ထင်ရှားတယ်။ ဒါကြောင့်မို့ လောကရှိသမျှ ပုဂ္ဂိုလ်အားလုံးဟာ ချမ်းသာပဲ ရှာနေတာပဲ။

"ပုပုရွရွ မြင်သမျှလည်း ချမ်းသာဖို့ချည်း စိတ်အားသည်း၏"။ အားလုံးရှိသမျှ သတ္တဝါအားလုံးဟာ ချမ်းသာဖို့ပဲ။ နောက်ဆုံးကျတော့

http://www.dhammadownload.com



ကိုယ့်ကိုယ်ကို သေကြောင်းကြံသွားကြတဲ့ ပုဂ္ဂိုလ်တွေတောင်မှ "သေတာကမှ ကောင်းသေးတယ်"လို့ သဘောထားပြီး သေကြတာကိုး။

အဲဒီ ပုဂ္ဂိုလ်တွေလဲ ချမ်းသာမျှော်ပြီးတော့ သေသွားတာပဲ။ ဒါကြောင့် တစ်ချို့ ပုဂ္ဂိုလ်တွေက ပြောသေးတယ်။ "သေတာကမှ ကောင်းသေးတယ်"လို့ ပကတိအခြေအနေထက် သေတာကမှ ကောင်းသေးတယ်လို့။ သေကြောင်းကြံပြီးတော့ ချမ်းသာရှာတာပါပဲ။ အမှန်ကတော့ "ချမ်းသာတစ်ခု အကုန်စုတာပါပဲ"။ လောကရှိသမျှ ပုဂ္ဂိုလ်သတ္တဝါမှာ ချမ်းသာတောင့်တနေကြတာပါပဲ။

"အရည်းသူမြတ် ပရမတ်ကို ချန်လှပ်ထား၍ ဒုက္ခပွားမှု များစွာပြုသည် သုခဝေဒနာ စွမ်းရည်တည်း"။

အရိယာပုဂ္ဂိုလ်ကို ချန်လှပ်ထားပြီး အားလုံးသောပုဂ္ဂိုလ်တွေကတော့ သုခဝေဒနာ ချမ်းသာနိုးနိုး ချမ်းသာနိုးနိုးနဲ့ ဒုက္ခခံကြရတာပဲ။ ဥပမာဆိုကြပါစို့ နေပူမရှောင် မိုးရွာမရှောင် အလုပ်လုပ်ကြရခြင်းဟာလဲ ချမ်းသာဖို့ပါပဲ။

ရှေးကအဆိုတစ်ခုရှိတယ်။ ခေါင်းစည်းက "ငွေ"တဲ့။ နံနက်စောစော နေထွက်တပြု ငွေစက္ကူကြောင့် အသက်ဘေးပျောက်၊ ငွေစက္ကူကြောင့် တန်ခိုးပ အရောင်ထ၊ ငွေစက္ကူကြောင့် သူခိုးဓားပြ ထောင်ကျ၊ ငွေစက္ကူကြောင့် အလှူပေး၊ ငွေစက္ကူကြောင့် အပူမအေး၊ ငွေစက္ကူကြောင့် ပြည်ပေါ်တစ်ခွင်ချစ်၊ ငွေစက္ကူကြောင့် အီပေါ်လမြင်ဖြစ် (လူမွဲစာရင်းဝင်)၊ ငွေစက္ကူကြောင့် စိန်တွေတလျှမ်းလျှမ်း၊ ငွေစက္ကူကြောင့် အိမ်တွေဝရမ်းဖမ်း၊ ငွေစက္ကူကြောင့် အလှကြိုက်၊ ငွေစက္ကူကြောင့် သူခိုးဓားပြတိုက်၊ ငွေစက္ကူကြောင့် ကြည်ညိုလို့ မယားကပြုံး၊ ငွေစက္ကူကြောင့် ညီအစ်ကိုသားအဖ မုန်း၊ ငွေစက္ကူကြောင့် အထူးဖြစ်၊ ငွေစက္ကူကြောင့် အရှုံးဖြစ်တဲ့။

ပြည်တွင်း၊ ပြည်ပသွားပြီး အလုပ်လုပ်ကြတာလဲ ဒီချမ်းသာဖို့ပါပဲ။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတွေဟာ ဘာနဲ့တူသလဲ

http://www.dhammadownload.com



ဆိုတော့ တွေ့ကြုံနေရတဲ့ ထိုက်တန်သလောက် ရရှိထားတဲ့ ချမ်းသာလေးတွေ အပါအဝင်ပေါ့လေ။

ဒီချမ်းသာတွေဟာ ခေတ္တခဏ ငှားထားတဲ့ ချမ်းသာတွေနဲ့ တူတယ်။ ဒါကြောင့်မို့ "အခုသိကြား နက်ဖြန်ခါ ငါး"၊ "အခုနတ်မင်း နက်ဖြန်ခါ ဆင်မင်း"၊ "အခုဗြဟ္မာ နက်ဖြန်ခါ မုဆိုး/တံငါ"။

အဲဒါကြောင့် ငှားရမ်းထားတဲ့ ချမ်းသာတွေပါပဲ။ ဥပမာအားဖြင့် ပင်လယ်ထဲမှာ ရေမြှုပ်ဆိုင်ကြီးတစ်ခုရှိတယ်။ ရေမြှုပ်ဆိုင်ကြီးပေါ်မှာ စီးပြီးတော့ လိုက်နေရသလိုပဲတဲ့။ ရေမြှုပ်ဆိုင်ကြီး စီးနေရတဲ့ ပုဂ္ဂိုလ်ဟာ လှိုင်းကြီးလာရင် ကြောက်ရတယ်။ သူ့ရေမြှုပ်ဆိုင်ကမှ မခိုင်ပဲကိုး။ လှိုင်းလေလာလဲ ကြောက်ရတာပဲ။ သူ့ရေမြှုပ်ဆိုင်က ခိုင်မာမှုမှမရှိဘဲ။ လှိုင်းခတ်သေးသေး အလတ်စားလာရင်လဲ ဒီရေမြှုပ်ဆိုင်ကြီးက ဖျက်စီးနိုင်တယ်။

ချမ်းသာဖို့ဆိုပြီး ရှာထားတဲ့ စည်းစိမ်အားလုံးဟာ ရေမြှုပ်ဆိုင်ကြီးပေါ်ထိုင်လိုက်ရသလိုပဲတဲ့။ လူ့ဘဝစည်းစိမ်အားလုံး၊ နတ်ဘဝစည်းစိမ်အားလုံး၊ ဗြဟ္မာဘဝစည်းစိမ်အားလုံးပါပဲ။ ဘာကြောင့်လဲဆိုတော့ အိုနာသေဆိုတဲ့ လှိုင်းကြီးကြီး၊ သေးသေးလာရင် အကုန်လုံး ပျက်သွားနိုင်တာကိုး။

ဒါကြောင့် သိကြားမင်း ဖန်ဆင်းထားတဲ့ မဟာပစ္စရိတ်ခေါ်တဲ့ သင်္ဘောကြီးပေါ် လိုက်ရမယ်ဆိုရင်တော့ လှိုင်းလဲ ကြောက်စရာမလိုဘူး။ လေလဲ ကြောက်စရာမလိုဘူး။ ဒါကြောင့်မို့ သိကြားမင်း ဖန်ဆင်းထားတဲ့ "မဟာပစ္စရိတ်" သင်္ဘောကြီးနဲ့တူတဲ့ နိဗ္ဗာန်ဆိုတဲ့ နေရာဌာနကြီး ရောက်တဲ့အခါကျတော့ အိုဘေးဆိုး လှိုင်းလုံးကြီး၊ နာဘေးဆိုး လှိုင်းလုံးကြီး၊ သေဘေးဆိုးကြီးခေါ်တဲ့ လှိုင်းလုံးကြီးတွေ ဘယ်လိုလာလာ ကြောက်စရာမလိုပါဘူး။

http://www.dhammadownload.com



**ဖွားဖက်တော်မီး**

မိမိတို့ရရှိထားတဲ့ လူ့ဘဝ ဒါကိုလူ့စည်းစိမ်လို့ ပြောကြပါစို့။ လူ့ဘဝ လူ့စည်းစိမ်လေး ရရှိထားတဲ့အခါ ဒါလေးမပျောက်ပျက်သွားအောင် ပုဏ္ဏားများ မီးပူဇော်သလိုပါပဲ။

တစ်ချို့ ပုဏ္ဏားတွေ မှားယွင်းတဲ့အယူရှိတယ်။ ဘယ်လိုလဲဆိုတော့ မွေးဖွားစက အသုံးချထားတဲ့ မီးအိုးကင်းမီးလေးရှိတယ်။ အဲဒီမီးအိုးကင်းမီးလေးကို ဖွားဘက်တော်အနေအားဖြင့် သတ်မှတ်ပြီးတော့ သူတို့ရဲ့ သားကလေး (၁၆)နှစ်သား အရွယ်ရောက်လာတဲ့အခါ မိဘတွေက ဘာပြောသလဲ။ ဒီမီးအိုးကင်းက မီးကို မပြတ်အောင် ပူဇော်သေလို့ရှိရင် ဗြဟ္မာ့ပြည်ရောက်တယ်လို့ ပြောတယ်။

သားကလဲ ဗြဟ္မာပြည် ရောက်တယ်ဆိုတဲ့ အခွင့်အလမ်းချမ်းသာကို မျှော်မှန်းပြီး တစ်သက်လုံး ဒီမီးအိုးကင်းလေးကို မီးစာလေးတွေ မပြတ်ရဘူး။ တစ်နေ့မှ မပြတ်ရဘူး။ တစ်နေ့မှ မပြတ်ဘူး။ ထည့်နေရတာ။ မီးစာမထည့်နိုင်တာနဲ့ မီးကပြတ်သွားနိုင်တယ်။ အဲဒီလို တစ်သက်လုံး မီးစာထည့်နိုင်တာမှ ဗြဟ္မာ့ပြည်ရောက်မှာတဲ့။ တကယ်တော့ အဲဒီနည်းနဲ့ ဗြဟ္မာ့ပြည်မရောက်နိုင်ပါဘူး။ ဗြဟ္မာ့စည်းစိမ်မရပါဘူး။ ဒါပေမယ့် သူတို့ရဲ့အယူသီးမှုကရှိတော့ မီးအိုးကင်းလေးထဲ မီးစာမပြတ်အောင် ထည့်နေရှာကြသတဲ့။

အလားတူပါပဲ။ ဘုန်းကြီးတို့တတွေဟာလဲ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ် တစ်ခုခုရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ကလေးတွေနဲ့။ ဒါနအမှုပြုရတာလဲ ပင်ပန်းတာပဲ။ ပြုနေကြရတာပဲ။ သီလမှု သမထဘာဝနာ ပွားများမှုပြုကြရတာပဲ၊ ပင်ပန်းတာပဲ။

ဘာကြောင့်လဲဆိုတော့ နောင်သံသရာချမ်းသာဖို့အတွက် ပြုစုရတာကိုး။ အဲဒီ သုခဝေဒနာကို အခြေခံပြီးတော့ လယ်သမားတစ်ဦး လယ်စိုက်တယ်။ ဆန်စပါးရရင် ချမ်းသာမယ် ဆိုပြီးတော့ စိုက်တယ်၊ ပျိုးတယ်၊ ချမ်းသာတစ်ခုမျှော်ပြီး ပြုလုပ်ကြတာပဲ။

http://www.dhammadownload.com



ဒါကြောင့် "ပုပ္ပုရွှရွ ဟူသမျှလည်း ချမ်းသာဖို့ချည်း စိတ်အား သည်း၏"။ ဘယ်သူမှ မချမ်းသာချင်သူ မရှိဘူး။ အဲဒါကြောင့် သုခဝေဒနာရဲ့ စွမ်းရည်ဟာ အင်မတန်အင်အားကြီးပါတယ်။ တစ်လောကလုံးရှိသမျှ သတ္တဝါတွေ ချမ်းသာတဲ့ဝေဒနာလေးတစ်ခု ဖြစ်ပေါ်ဖို့ရာအတွက် အများကြီး အရင်းအနှီးပြုကြရတယ်။

အဲဒီ ဝေဒနာရဲ့မမြဲတာကို ကြည့်ရှုရမယ်။ ဥပမာ စက္ခုပသာဒနဲ့ ရူပါရုံတွေ့ထိလို့ မြင်သိစိတ်ကလေး ဖြစ်ပေါ်လာတယ်။ မြင်သိစိတ် ကလေး ဖြစ်ပေါ်ပြီးတော့ အဲဒီသုံးမျိုး အကြောင်းခံပြီး "ကြံချောင်းများ ကြံကြိတ်စက်ထဲထည့်ပြီး ကြံရည်ကြိတ်လိုက်တဲ့အခါ ကောင်းတယ်၊ မကောင်းဘူး။ ကောင်းတယ်လို့ ဖြစ်ပေါ်တဲ့အခါ ငါသုခဝေဒနာ ခံစားတယ်၊ စံစားတယ်ဆိုရင် "သက္ကာယဒိဋ္ဌိ" ဖြစ်သွားတယ်။

သုခဝေဒနာရဲ့ အခြေခံအကြောင်း ဖဿကြောင့် ခံစားမှု ဖြစ်တာပဲလို့ ဒီလိုမြင်ရမှာ။ အဲဒီ သုခဝေဒနာလေး ဆိုကြပါစို့။ ပွဲကြည့်သူ တစ်ယောက် မင်းသမီး၊ မင်းသားတို့ရဲ့ ရူပါရုံရယ်၊ မိမိရဲ့ စက္ခုပသာဒရယ် သွားပြီးတော့ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်တဲ့ အခါကျတော့ မြင်သိစိတ် ဖြစ်ပေါ်တယ်။

အဲဒီ သုံးမျိုးကို ဖဿကနေပြီး ကြံချောင်းများ စက်နဲ့ကြိတ်သလို ဣဋ္ဌာရုံ သဘောကျတယ်၊ သဘောကျတော့ ပြုံးပြီးတော့ ခံစားတယ်။ အဲဒီ ခံစားမှုလေးကို ဆက်တိုက်ကို ကြည့်နေရမှာ။ ဆက်တိုက်မကြည့်ရင် လူတစ်ယောက်က ပွဲကြည့်နေတုံး။ ရှေ့ကလူတစ်ယောက် ရပ်လိုက်သလို မိမိရဲ့ မျက်စိအကြည်နဲ့ ရူပါရုံနဲ့ တည့်တည့်မတိုးတော့ဘူး။ မမြင်ရဘူး။ အဲဒီကျတော့ မခံစားရတော့ဘူး။

**ကျိုးကြွယ်ရာ**

ဘုန်းကြီးတို့ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားတွေဟာ မြောက်များစွာရှိပါတယ်။ အဲဒီရှိတဲ့ တရားတော်တွေကို ယခုလို

http://www.dhammadownload.com



တစ်လလေး ဥပုသ်မဟုတ်ဘဲ နေ့တိုင်း နေ့တိုင်း ဟောနေမယ်ဆိုရင် တောင်မှ ဘုရား၊ တရားတော်တွေဟာ ကုန်ခန်းနိုင်မည် မဟုတ်ပါဘူး။

အဲဒီ ဒေသနာအရပ်ရပ်တွေထဲက ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီး အစရှိတဲ့ ရှေးရှေးဆရာတော်တွေက ဘုန်းကြီးတို့ မြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ မြန်မာဘာသာနဲ့ သိရှိ နားလည်အောင်ဆိုပြီးတော့ ကျမ်းစာအမျိုးမျိုး ဘုရားတရားတော်တွေ ထဲက ထုတ်နှုတ်ပြီးတော့ ရေးသားထားကြတယ်။

အဲဒီ ကျမ်းစာတွေကို ထိုက်တန်သလောက် လေ့လာပြီးမှ ဒကာ၊ ဒကာမများအား အသိဉာဏ်ပေးကြရတယ်။ ထမင်းဆာနေတဲ့ ပုဂ္ဂိုလ် အတွက် ထမင်းဟာ ကိုးကွယ်ရာပါပဲ။ ဆာလောင်မွတ်သိပ်နေတဲ့ ပုဂ္ဂိုလ် အတွက် ထမင်းတို့၊ ရေတို့ဟာ သူတို့ရဲ့ကိုးကွယ်ရာပဲတဲ့။ မကျန်းမမာ ဖျားနာနေတဲ့ ပုဂ္ဂိုလ်အဖို့ ဆရာ၊ ဆရာဝန် ဆေးဝါးဓာတ်စာများဟာ အားကိုးရာ ကိုးကွယ်ရာဖြစ်တယ်။

ဘုန်းကြီးတို့သံသရာ ခရီးရှည်ကြီးသွားနေကြတဲ့ သူတွေအတွက် ကိုးကွယ်ရာဘာလဲ။ ဥပမာအရင်ပြောကြစို့။ မကျန်းမာတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဟာ ဆေးဆရာ၊ သမားတော်ကြီးကို အားကိုးရမယ်။ အဲဒီ သမားတော်ကြီးတို့ ညွှန်ပြတဲ့ဆေးများဟာလဲ အားကိုးရာပဲ။ လက်ထောက်ဆရာဝန်နဲ့ သူနာပြုများဟာလဲ အားကိုးရာ။

အဲလို သမားတော်ရယ်၊ ဆေးရယ်၊ ဆေးဝါးဓာတ်စာရယ်၊ လက်ထောက်ဆရာဝန်တင်မကဘူး၊ အားကိုးစရာက မတည့်ပါဘူးဆိုတဲ့ အစာအာဟာရတွေကို ရှောင်ဖို့လိုတယ်။ တည့်ပါတယ်ဆိုတဲ့ အစာ အာဟာရတွေ သုံးဆောင်ဖို့လိုတယ်။ ရှောင်ရန်၊ ဆောင်ရန် အချက် အလက်တွေကိုလဲ ရှောင်ဖို့ဆောင်ဖို့ လိုပါတယ်။ အဲဒီလိုမှ ဒီပုဂ္ဂိုလ်ရဲ့ ရောဂါဟာ သက်သာမယ်၊ ပျောက်ကင်းမယ်။

http://www.dhammadownload.com



## သရဏ (သာမညနိဒ္ဒေသနည်း)

အလားတူ ဘုန်းကြီးတို့တတွေဟာလဲ သံသရာခရီးသွားနေကြတဲ့ အခါ အားကိုးစရာ ကိုးကွယ်ရာ ဘုရား၊ တရားတော်၊ သံဃာတော်များ၊ မိမိရဲ့ပြုမှုဆောင်ရွက်ချက်၊ အဲဒီ (၄)မျိုးဟာ ကိုးကွယ်ရာပဲ။

ဘုရားကိုးကွယ်ရာ၊ တရားကိုးကွယ်ရာ၊ သံဃာလဲ ကိုးကွယ်ရာ။ ဘာကြောင့် ဘုရားသည်၊ တရားသည်၊ သံဃာသည် ကိုးကွယ်ရာ မည်ပါသလဲ။

**သသတိ ဟိံသတီတိ သရဏံ။**

သသတိ ဟိံသတိ= ညှင်းဆဲတတ်၏၊ ဣတိတသ္မာ= ထို့ကြောင့်၊ သရဏံ= သရဏမည်၏။ ဘုရားရှင်သည် ကိုးကွယ်ရာ၊ တရားတော်သည် ကိုးကွယ်ရာ၊ သံဃာတော်များသည် ကိုးကွယ်ရာ ရတနာသုံးပါးသည် ညှင်းဆဲတတ်သောကြောင့် ကိုးကွယ်ရာဆိုတော့ ဘယ်နှယ့်လဲ။ ညှင်းဆဲတတ်တဲ့ ရတနာသုံးပါးကို အားကိုးရမယ်ဆိုတော့ ကြောက်စရာ။

ဘာကိုညှင်းဆဲသလဲဆိုတော့ "သရဏ ဂတာနံ= ကိုးကွယ်ကြသူ ပုဂ္ဂိုလ်တို့၏၊ ဘယံ= ကြောက်စရာဘေးကို၊ ဟနတိ ဝိနာသေတိ= ညှင်းဆဲ တတ်၏၊ ဖျောက်ဖျက်တတ်၏။

ညှင်းဆဲတယ်ဆိုတာ ကိုးကွယ်သူတို့သန္တာန်မှာ ကျရောက်မယ့် ဘေးတွေကို အကာအကွယ် ပေးတတ်တယ်၊ ညှင်းဆဲဖျက်ဆီးတတ်တယ်။ သန္တာသံ= စိတ်၏ တဖျပ်ဖျပ် ထိတ်လန့်ခြင်းကိုလဲ ပယ်ဖျောက်တတ်တယ်၊ ညှင်းပန်းတတ်တယ်။ ဒုက္ခံ= ကိုယ်ဆင်းရဲမှု၊ ဒေါမနဿံ= စိတ်မသက်သာ နှလုံးနာမှု၊ ဒုဂ္ဂတိ ပရိကိလေသံ= မကောင်းသောသူတို့၏ လားရာဒုဂ္ဂတိဘဝမှာ တပင်တပန်းနေရမှုများကို၊ ဟနတိ ဝိနာသေတိ= ပျောက်ပျက်စေတတ် ဖျက်ဆီးတတ်၏၊ ညှင်းဆဲတတ်၏။ ဣတိသ္မာ= ထို့ကြောင့်၊ သရဏံ= ဘုရားရှင်နှင့်တရားသံဃာသည် သရဏ မည်ပါပေ၏။

http://www.dhammadownload.com



ဘုရား တရား သံဃာ ရတနာသုံးပါးသည် ကိုးကွယ်ကြသူတို့ရဲ့ ဘေးထိတ်လန့်ခြင်း၊ ကိုယ်စိတ်ဆင်းရဲ၊ ဘုံဆိုး၊ ဘဝဆိုးမှာ ပင်ပန်းမှုကို ဖျက်ဆီးတတ်လို့ သရဏ ကိုးကွယ်ရာ မည်ပါတယ်။ ဒါက သာမည နိဒ္ဒေသနည်း ရတနာသုံးပါး မခွဲခြားတဲ့နည်းနဲ့ ပြောတာပါ။

## သရဏ (ပစ္စေကဝိသေသနည်း)

ပစ္စေကဝိသေသနည်းနဲ့ ပြောမယ်ဆိုရင် မြတ်စွာဘုရားသည် ကိုးကွယ်ရာ၊ ဘာကြောင့်လဲ -

**ဟိတေပဝတ္တနေန အဟိကာစ နိဝတ္တနေန ဗုဒ္ဓေါ။**

မြတ်စွာဘုရားဟာ ပစ္စုပ္ပန်အကျိုးစီးပွား၊ တမလွန်အကျိုး စီးပွားကို ဖြစ်စေတယ်။ အကျိုးမဲ့တွေ ပ,ထုတ်နိုင်တယ်။ သူတစ်ပါး အသက်ကို မသတ်နဲ့၊ မသတ်ပဲနေတဲ့ပုဂ္ဂိုလ်များ အကျိုးစီးပွား ဖြစ်တာကိုး။ မရှောင်ကြဉ်တဲ့ ပုဂ္ဂိုလ်များကျတော့ အပြစ်ဖြစ်တယ်။

ဒါကြောင့် မြတ်စွာဘုရားက အကျိုးကိုဖြစ်စေချင်တယ်၊ အပြစ်ကို ဖယ်ရှားပေးတယ်။ ဒါကြောင့် မြတ်စွာဘုရားသည် ကိုးကွယ်ရာ၊ (၅)ပါး သီလလုံတဲ့ ပုဂ္ဂိုလ်တွေမှာ အကျိုးငါးမျိုးရတယ်။ မလုံတဲ့ပုဂ္ဂိုလ်တွေ အကျိုးမရဘူး၊ အပြစ်ရမယ်။ အဲဒီတော့ အကျိုးကိုဖြစ်စေတယ်၊ အပြစ်ကို ပ,ထုတ်ပေးတယ်။တရားတော်ကိုကြည့်ဦး။

**ဘဝကန္တာရာ ဥတ္တာရဏေန၊**
**အဿာသဒါနေနစ ဓမ္မော။**

ဓမ္မော= တရားတော်သည်၊ ဘဝကန္တာရ ဥတ္တာရဏေနစ= ဘဝ ခရီးခဲမှ ထုတ်ဆောင်ကယ်တင်တတ်သောကြောင့်လည်းကောင်း၊ ဟောဒီက ဘဝကြီးဟာ ဘာလဲဆိုတော့ ဒုက္ခတုံး၊ ဒုက္ခခဲကြီး။ ဘဝကို ဘာသာပြန်လိုက်ရင် ဆင်းရဲတုံး၊ ဆင်းရဲခဲကြီးတဲ့။ အဲဒီ ဆင်းရဲတုံး၊ ဆင်းရဲခဲကြီးက လွတ်မြောက်အောင် အမိလဲမတတ်နိုင်ဘူး။ အဖလဲ မတတ်နိုင်ဘူး။ တရားတော်က စွမ်းနိုင်တယ်၊ တတ်နိုင်တယ်။

http://www.dhammadownload.com



အဿာသဒါနေနစ= စိတ်၏သက်သာရာကို ပေးတော်မူနိုင်သောကြောင့်လည်းကောင်း၊ တရားတော်သည် ကိုးကွယ်ရာဖြစ်ပါပေ၏။ တရားတော်က စိတ်ရဲ့သက်သာမှုကို ပေးနိုင်တယ်။ တရားတော် သဘောပေါက်တာနဲ့ ရှင်းရှင်းလင်းလင်း မြင်ပြီးတော့ တရားသဘောပေါက်လိုက်တာနဲ့ အေးဆေးပြီးသွားတယ်။ သံဃာတော်များက-

**"အပ္ပကာနမ္ပိ ကာရာနံ ဝိပုလဖလပဋိလာဘကရဏေန သံဃော"**

အပ္ပကာနမ္ပိကာရာနံ= မပြောပလောက်ဖွယ် အနည်းငယ်သော လက်အုပ်ချီမိုးရှိခိုးခြင်း စသည်ကို ပြုကြကုန်သော ပုဂ္ဂိုလ်တို့အား၊ ဝိပုလဖလ ပဋိလာဘ ကရဏေန= ပြန့်ပြောကြီးမားသော အကျိုးများဖြစ်ရလေအောင် ဆောင်ရွက်တတ်သောကြောင့်၊ သံဃော= သံဃာတော်များသည်၊ သရဏံ= ကိုးကွယ်ရာ ဖြစ်ပါပေ၏။

သံဃာတော်များကတော့ တွေ့လို့၊ ကြုံလို့ နည်းနည်းလေး လက်အုပ်ချီမိုးရှိခိုးလိုက်တာတောင် အကျိုးများလှတယ်။ အနည်းငယ်မျှ ဆွမ်းတစ်ဇွန်း လောင်းလိုက်ရင်လဲ အကျိုးများတယ်။ ဒါကြောင့် ဘုရား၊ တရား၊ သံဃာသည် အားကိုးအားထား ကိုးကွယ်ရာဖြစ်တယ်။

မိမိရဲ့ဒါနမှု၊ သီလမှု၊ ဘာဝနာမှု မိမိပြုသမျှကုသိုလ် ဥပုသ်စောင့်သုံးကြတယ်။ ဥပုသ်စောင့်တဲ့ကုသိုလ်သည် အားကိုးရာ၊ တရားနာသည် တရားနာတဲ့ကုသိုလ်သည် အားကိုးရာ။ "ကိုယ့်ကိုယ်ကို အားကိုးရမယ်"ဆိုတဲ့ အရပ်စကားလိုပဲ။

ဘုရားရှင်ကလဲ **"အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ"**။ ဘိက္ခဝေ= ရဟန်းတို့၊ တုမှေ= သင်တို့သည်၊ အတ္တဒီပါ= မိမိကိုယ်ကို ကျွန်းကြီးသဖွယ် မှီခိုအားထားစရာ ရှိကြကုန်သည်ဖြစ်၍၊ ဝိဟရထ= နေကြကုန်လော့။

ရဟန်းတို့ ကိုယ့်ကိုယ်ကို ကျွန်းကိုင်းကြီးလို၊ မှီရာကြီးလိုပြုပြီး နေကြကုန်လော့။ အဲလို မှီရာပြုပြီးတော့ နေကြ။ "ကိုယ့်ကိုယ်"ဆိုတာ

http://www.dhammadownload.com



ဘာဘဲ။ **"အတ္တာ ဝုစ္စတိ စတ္တာရော သတိပဋ္ဌာနာ"** သတိပဋ္ဌာန် လေးပါးကို အတ္တ= ကိုယ်လို့ခေါ်ပါတယ်။ သတိပဋ္ဌာန်လေးပါးဆိုတဲ့ အတ္တ= ကိုယ့်ကိုယ်ကို အားကိုးကြ။

ရုပ်အစု၊ နာမ်အစု စတာတွေကို အဖန်ဖန် အထပ်ထပ် စွဲမြဲတဲ့သတိ၊ ခံစား စံစားမှုတွေနဲ့ ပတ်သက်ပြီးတော့ စူးစူးစိုက်စိုက် ရှုမှတ်တဲ့သတိ၊ မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စိတ်အမျိုးမျိုးတွေနဲ့ ပတ်သက်ပြီး သိရှိနားလည်တဲ့သတိ၊ တရားအမျိုးမျိုး ခန္ဓာ အာယတန ဓာတ် သစ္စာတွေနဲ့ ပတ်သက်ပြီးတော့ အောက်မေ့ဆင်ခြင်ခြင်းဆိုတဲ့ သတိ၊ အဲဒီလို သတိတွေ အမျိုးမျိုး ထွက်လေ၊ ဝင်လေကို အာရုံ ယူမှတ်ပြီးတော့ နေမယ်ဆိုရင် သတိပဋ္ဌာန်အားလုံး ပြည့်စုံသွားတယ်။ ဒါလဲ ထိုက်တန်သလောက်တော့ ဟောခဲ့ပြီ။

## ဝိညာဏက္ခန္ဓာ

ဥတ္တမပုရိသဒီပနီ အစဉ်အတိုင်းသွားမယ်ဆိုရင်တော့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တဲ့။ ရုပ်လဲ ထိုက်တန်သလောက် ပြောခဲ့ပြီ။ ဝေဒနာလဲပြောခဲ့ပြီ။ သညာသင်္ခါရကိုချန်ထားပြီး ဝိညာဏ က္ခန္ဓာကို ဆက်ပြောပါမယ်။ ဝိညာဏ ဆိုတဲ့စကားက စိတ်ပါပဲ။ ခန္ဓာက အစု။ ဝိညာဏက္ခန္ဓာ= စိတ်အစု၊ ဝိညာဉ်အစု၊ အသိသဘောအစု။

အဲဒီ ဝိညာဉ်က ဘယ်လိုဟာလဲဆိုတော့ "အာရုံယူဘိ အသိ သဘော စိတ်မနောကို ဝိညာဉ်ဆို၏"။ အာရုံကို ယူတတ်တယ်။ အသိ သဘောလေး အာရုံယူတတ်တဲ့ အသိသဘော၊ စိတ်မနောလေးကို ဝိညာဏ်လို့ ခေါ်တယ်။

အဲဒီ ဝိညာဏ်က ဘယ်နှစ်မျိုးရှိသလဲဆိုရင် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်၊ **"ဆဟိမေ ဘိက္ခဝေ ဝိညာဏ ကာယာ"**။ ဘိက္ခဝေ= ရဟန်းတို့၊ ဝိညာဏကာယာ= ဝိညာဏ်စိတ်တို့သည်၊ ဣမေဆ= ဤ(၆)မျိုး

http://www.dhammadownload.com



တို့တည်း။

စက္ခုဝိညာဏ် = မြင်သိစိတ်လည်းကောင်း၊
သောတဝိညာဏ် = ကြားသိစိတ်လည်းကောင်း၊
ဃာနဝိညာဏ် = နံသိစိတ်လည်းကောင်း၊
ဇိဝှါဝိညာဏ် = လျှက်သိစိတ်လည်းကောင်း၊
ကာယဝိညာဏ် = ထိသိစိတ်လည်းကောင်း၊
မနောဝိညာဏ် = တွေးကြံသိစိတ်လည်းကောင်း

ဣတိ= ဤသို့၊ ဣမေဆ= ဤ(၆)မျိုးတို့တည်း။

ဝိညာဏ် သို့မဟုတ် စိတ်၊ စိတ်ကို အကျဉ်းချုပ်လိုက်ရင် (၆)မျိုးပဲ ရှိတယ်။ ဒကာ၊ ဒကာမတွေ စိတ်ဘယ်နှစ်မျိုးရှိသလဲ။ (၆)မျိုးရှိပါတယ် ဘုရား။ ရှေ့မှာ မှန်ကြီးတစ်ချပ် ထောင်ထားလိုက်တယ်။ မှန်ရှေ့ရပ်လိုက်ရင် မှန်ထဲအရိပ်မပေါ်ဘူးလား။ ပေါ်ပါတယ်ဘုရား။ မှန်နဲ့လွှဲလိုက်တာနဲ့ မှန်ထဲအရိပ်ရှိသေးလား။ မရှိပါ။ ပျောက်သွားပြီ။ မှန်ကြည့်ချင်သူဟာ မှန်ရှေ့ကို တည့်တည့်ရပ်ရတယ်။ တည့်တည့်ရပ်တဲ့အခါ ပေါ်လာတဲ့ အရိပ်သည် ရူပါရုံပေါ့။ မှန်ကြီးက စက္ခုပသာဒ။

မှန်ဆိုတဲ့အကြည်ဓာတ်နဲ့ မှန်ရှေ့တည့်တည့် မတ်တပ်ရပ်တဲ့ သူနဲ့ ပေ့တွေဆိုင်ဆိုင်ရှိတဲ့အခါ လူရိပ်မပေါ်ဘူးလား။ လူရိပ်ပေါ်တယ်နော်။ သီရိစကြာရှင် ရုပ်ပွားတော်မြတ်ကို မော်ပြီးတော့ ဖူးလိုက်ကြ။ သီရိစကြာရှင် ရုပ်ပွားတော်မြတ်ကြီးရဲ့ ရူပါရုံတော်၊ မိမိရဲ့ မျက်စိထဲမှာ ရှိတဲ့ မျက်စိအကြည်ဓာတ်ကလေး ကောင်းမှ။

မြတ်စွာဘုရားရဲ့ ရုပ်ပွားတော်ကြီးကတော့ ရှိပါပြီ။ မိမိမျက်လုံး အိမ်မှာ မျက်စိအကြည်ဓာတ် ချို့တဲ့လို့ရှိရင် မြင်နိုင်ပါ့မလား။ နှစ်ဖက်လုံး အကြည်ဓာတ် မရှိရင် ဘာမှမမြင်တော့ဘူး။ အဲဒီတော့ ဘုရားကိုယ်တော် မြတ်ကြီးရဲ့ ရူပါရုံအဆင်းတော်နဲ့ မိမိရဲ့စက္ခုပသာဒ အကြည်ဓာတ် လေးနဲ့သွားပြီး ဆုံမိတဲ့အခါ မြင်လို့သိတဲ့စိတ်ကလေး ပေါ်မလာဘူးလား။ ပေါ်လာပါတယ်ဘုရား။ အဲဒီ မြင်သိတဲ့စိတ်လေးကို "စက္ခုဝိညာဉ်စိတ်"။

http://www.dhammadownload.com



မြတ်စွာဘုရားရဲ့ ရုပ်ပွားတော်ကြီးကလဲ ရှိတယ်။ မိမိရဲ့ စက္ခုပသာဒအကြည်ဓာတ်ကလေးလဲ ရှိတယ်။ အဲဒီ အကြည်ဓာတ်ကလေးနဲ့ ရူပါရုံအဆင်းတော်နဲ့ တည့်တည့်မဆုံမကြည့်ပဲနဲ့ဆိုရင် ဘုရားရုပ်ပွားတော်ကို အကြောင်းပြုပြီးတော့ မြင်သိစိတ်ကလေး ဖြစ်ပါ့မလား။ မဖြစ်ပါ ဘုရား။

ဘုရားရှင် ရူပါရုံအဆင်းတော်ကို ဖူးမျှော်ပြီး ပေါ်လာတဲ့ မြင်သိစိတ်ကလေးကို စက္ခုဝိညာဉ်စိတ်။

**"စက္ခုရူပါရုံ နှစ်ပါးဆုံလျှင် စက္ခုဝိညာဉ်ပေါ်မြဲပင်၊ ပေါ်လျှင်မမြဲ ချုပ်ပျက်မြဲတည်း"**။

မော်ဖူးရာက မိမိပကတိအတိုင်း နေလိုက်တဲ့အခါ မျက်နှာလွှဲထားတော့ အဲဒီ မြင်သိစိတ်ကလေး ဖြစ်ပါ့မလား။ မဖြစ်ပါဘုရား။ စောစော ကတော့ မဖြစ်ဘူးလား။ ဖြစ်ပါတယ်ဘုရား။ မော်ဖူးရာက ခေါင်းကလေးငုံ့လိုက်တာနဲ့ တပြိုင်နက်ထဲ ဒီမြင်သိစိတ်ကလေး ရှိသေးရဲ့လား။ မရှိပါဘုရား။ လိုက်ဆိုကြ-

**"စက္ခုရူပါရုံ နှစ်ပါးဆုံလျှင် စက္ခုဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မမြဲ ချုပ်ပျက်မြဲတည်း"**။

စက္ခုပသာဒ ချို့တဲ့နေရင် ဒီမြင်သိစိတ်ကလေး ပေါ်ပါဦးမလား။ မပေါ်ပါဘူးဘုရား။ အဲဒီလို ပျောက်ပျက်သွားတာလေးကို ရှုမြင်ရမယ်။

နာမ်ရုပ်ကြောင့် အဲဒီ ဝိညာဉ်စိတ်တွေ ဖြစ်တယ်၊ ဝိညာဉ်လေးဟာ နာမ်ရုပ်အခြေခံပြီး ဖြစ်တယ်။ နာမ်နဲ့ရုပ်ချုပ်ရင် ဝိညာဉ်လဲချုပ်ရတာပါပဲ။ အဲဒီ ဝိညာဉ်စိတ်တို့ရဲ့ ချုပ်ရာအကျင့်က ဘာလဲ၊ မဂ္ဂင် (၈)ပါး ကျင့်စဉ်တရား။

စက္ခုပသာဒ၊ ရူပါရုံ ဆုံမိလျှင် စက္ခုဝိညာဉ်စိတ်လေး ဖြစ်လာတယ်။ စက္ခုပသာဒနဲ့ ရူပါရုံတွေ့ထိလို့ စက္ခုဝိညာဉ်လေး ပေါ်လာတယ်။ ဖူးမျှော်လို့ ကြည်ညိုတဲ့စိတ်လေး ဖြစ်တယ်။ အဲဒါ အဿာဒ= သာယာဖွယ်လေး၊ အဲဒါ ကြာကြာမြင်နေတာ မဟုတ်ဘူး။

http://www.dhammadownload.com



သူ့မှာ ဘေးအန္တရာယ်နဲ့ ကြုံတယ်။

ကြည်ညိုတဲ့စိတ်ကလေး ဖြစ်ပြီးတဲ့နောက် ပျက်ပြီးမသွားဘူးလား။ ပျက်သွားပါတယ်။ အဲဒါ အနိစ္စဘေး သင့်တာပဲ၊ စိတ်ရဲ့ အာဒီနဝ။ အဲဒီ စိတ်ကလေးမှာ သာယာမှုကင်းတာကိုလဲ ငါမြင်တယ်၊ သူမြင်တယ်၊ ငါရယ်၊ သူရယ် မဟုတ်ဘူး။ စိတ်ကလေး ချုပ်ပျောက်သွားပြီ။ ငါမြင်ခဲ့တာဆိုတဲ့ စွဲလမ်းမှု ကင်းပြီးသွားခြင်းကို "နိဿရဏ"။

ဝတ္ထုအာရုံ နှစ်ပါးကြုံတိုင်း ဆုံတလဲလဲ ရေယာဉ်ဝဲသို့ ဖြစ်မြဲနိစ္စ စိတ္တနိယံ ကြောင်းခံကျိုးတည့် ပစ္စည်းပစ္စုပ် ကြိုးနှယ်ရှုပ်၏။

ဝတ္ထုခေါ်တဲ့ ပသာဒရုပ်တွေ အာရုံမျိုးစုံနဲ့ ထိခိုက်တဲ့အခါ **"ဝတ္ထုအာရုံ နှစ်ပါးဆုံလျှင် ဆုံတလဲလဲ ရေယာဉ်ဝဲသို့"** ရေဝဲလှည့်နေသလို မြစ်ထဲ၊ ချောင်းထဲသွားတဲ့ ရေတွေ ဝဲထနေတာ တွေ့ဖူးကြပါလိမ့်မယ်။ ရေယာဉ်ဝဲလိုပဲတဲ့။ ချင်းတွင်းမြစ်ထဲမှာ ဝဲကြီးသုံးခုရှိတယ်။ "အထက်မှာ ပေ၊ အောက်မှာ ရွှေ အလယ် ဝက်သိုက် မျက်ဖြူဆိုက်"ဆိုတဲ့ ဝဲတွေလိုပါပဲ။ ဖြစ်မြဲနိစ္စ၊ စိတ္တနိယံ၊ ကြောင်းခံကျိုးတည့်၊ ပစ္စည်းပစ္စုပ် ကြိုးနှယ်ရှုပ်၏။

ဖြစ်တာတော့သိပြီ၊ ပျက်တာက ဘယ်လိုလဲ။ ပျက်တာက သောင်ကမ်းစပ် သဲပြိုသလို။ တစ်ခါတစ်ရံ သောင်ကမ်းစပ်က ခပ်မြင့်မြင့်၊ လှေတွေ၊ သင်္ဘောတွေ ဖြတ်သွားတဲ့အခါ သောင်ကမ်းစပ်က သဲလေးတွေဟာ ပြိုပြိုကျ ပျက်ပျက်နေသလို မိမိတို့သန္တာန်မှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေဟာလဲ သောင်ကမ်းစပ် သဲပြိုသလို အမြဲကို ပျက်ခဲ့တကား။

တစ်နည်းအားဖြင့် တိမ်ရေလှိုင်းလိုပဲ လေလေးတဖြူးဖြူးနဲ့ လာတဲ့အခါ ရေလှိုင်းလေးတွေဟာ လှုပ်လှုပ် လှုပ်လှုပ်နဲ့ နေတာပဲ။ မိမိသန္တာန်မှာ ဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားများလဲ ဒီလိုပါပဲ။

လေမငြိမ်တဲ့အခါ မိုးတိမ်တွေ လှုပ်နေသလိုပဲ။ စိတ်တွေကိုလဲ သိရမယ်။ အမျိုးအစားနဲ့တကွ စိတ်၊ ဝိညာဉ်တို့ ချုပ်တာကိုလဲ သိရမယ်။

F.25.A

http://www.dhammadownload.com



စိတ်၊ ဝိညာဉ်ချုပ်ရာသို့ ရောက်ကြောင်းဖြစ်တဲ့ အကျင့်ကောင်းတွေကိုလဲ သိရမယ်။ စိတ်၊ ဝိညာဉ်တို့ရဲ့ အဿာဒ= သာယာဖွယ်တစ်ခုခု အသံလေး ကြားလို့ရှိရင် စိတ်ထဲသဘောကျလို့ ပြုံးလို့။

စိတ်ကို အခြေခံပြီးတော့ ဘာဖြစ်သွားသလဲ။ စိတ်ဖြစ်ပြီးတော့ ဒီအတိုင်းမနေသေးဘူး။ ဝမ်းသာတယ်၊ ဝမ်းမြောက်တယ်၊ စိတ်ချမ်းသာ တယ်။ အဲဒီ စိတ်လေး အနိစ္စဘေး၊ ဒုက္ခဘေး။ ဝိပရိဏာမဘေး မမြဲတဲ့ဘေး ဖောက်ပြန်တဲ့ဘေး သင့်တယ်။ အဲဒီ ဝမ်းသာတဲ့ စိတ်ကလေး ဟာ ကြာကြာတော့မနေရဘူး။ ဖြစ်ပြီးတော့ အနိစ္စဘေးကြီးနဲ့ ကြုံရတယ်။

အဲဒီ စိတ်နဲ့ပတ်သက်ပြီးတော့ (၇)ပါးသော ဌာနတို့မှာ ကျွမ်းကျင် လိမ္မာတဲ့ပုဂ္ဂိုလ်၊ သိနိုင်မြင်တဲ့ပုဂ္ဂိုလ်၊ ဥတ္တမပုရိသ အမြတ်ခေါင်ဖျား ယောကျ်ားအာဇာနည် အမြတ်ခေါင်ဖျား အမျိုးသမီးအာဇာနည် ခေါ်ဆိုနိုင်ပါတယ်။ လိုက်ဆိုကြ-

**"စက္ခုရူပါရုံ နှစ်ပါးဆုံလျှင် စက္ခုဝိညာဉ် ပေါ်မြဲပင် ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း။"**

မြင်နေတာပဲ၊ ဘုရားဖူးတဲ့အခါ ဘုရားဖူးတယ်လို့ ပြောတာပေါ့။ မနက်ပိုင်းကစပြီး အိမ်ကထွက်လာကြတယ်။ တောင်အရပ်ကလာတဲ့ ပုဂ္ဂိုလ်များဆိုရင် စွယ်တော်မြတ်ကို မြင်တယ်။ အဲဒီ မြင်သိစိတ်ကလေး ဟာ ခုချိန်ရှိသေးရဲ့လား။

လမ်းမှာ အမျိုးသားတွေ မြင်တယ်။ အမျိုးသမီးတွေ မြင်တယ်။ မြင်တော့ မြင်ခဲ့တာပဲ။ မြင်ပေမယ့်-

**ဝိဇ္ဇုပ္ပါဒါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။**

အာကာသေ= ကောင်းကင်၌၊ ဝိဇ္ဇုပ္ပါဒါဝ= လျှပ်စစ် လျှပ်ပန်းကဲ့သို့ ကောင်းကင်မှာ လျှပ်စီးလိုပဲတဲ့။ ဥပ္ပဇ္ဇန္တိစ= ဖြစ်လဲဖြစ်ကြပါကုန်၏။ ဝယန္တိစ= ပျက်လဲပျက်ကြပါကုန်၏။

ကောင်းကင်မှာ လျှပ်စီးလိုပဲတဲ့။ ဖြစ်လဲဖြစ်တယ်၊ ပျက်လဲ ပျက်တယ်။ အဲဒီ ဖြစ်ထားတာတွေ၊ ပျက်ထားတာတွေ သိုမှီသိမ်းဆည်းလို့

http://www.dhammadownload.com



ရမလား။ စုပုံထားလို့ ရပါ့မလား။ မရဘူး။ ဘာဖြစ် သွားသလဲ ပျက်ပြီးသွားတယ်။

စွယ်တော်မြတ်စေတီ မရောက်မီ မမြင်ခင် ခပ်စောစော စွယ်တော်မြတ်စေတီနဲ့ ပတ်သက်ပြီး မြင်သိစိတ်တွေ စုပုံနေတာ ဟုတ်ရဲ့လား။ မဟုတ်ဘူး။ မြင်သိစိတ်ကလေး မပျက်အောင် သိုလှောင်ထားလို့ ရပါ့မလား။ (မရဘူး)။ ဒါကြောင့် **"စက္ခုရှုပါရုံ နှစ်ပါးဆုံလျှင် စက္ခုဝိညာဉ် ပေါ်မြဲပင် ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း"**။

သောတဝိညာဉ်စိတ် အလားတူပဲ။ သောတပသာဒရယ်၊ သဒ္ဒါရုံ အသံဓာတ်ရယ် နှစ်ပါးပေါင်းစပ်လိုက်တဲ့အခါ ကြားသိစိတ်ကလေး ဖြစ်ပေါ်တယ်။ အဲဒီ ကြားသိစိတ်ကလေးက ကြာကြာမနေဘူး။ ဖြစ်ပေါ်လာပြီး ပျက်ပြီးသွားတယ်။ သတိထားကြည့်ရင် သိတယ်။

တခါတရံ ဘုန်းကြီးတို့နေတဲ့ ကျောင်းဘေးမှာ ဂျိုးကူတယ်။ အသံခပ်နှေးနှေး ကူနေတယ်ဆိုပါစို့။ ပထမ ဂျိုးကူသံကြားတယ်၊ ရပ်သွားတယ်။ ဒုတိယ ဂျိုးကူသံကြားတယ်၊ ရပ်သွားတယ်။ တတိယ ဂျိုးကူသံကြားတယ်၊ သုံးသံကြားတယ် ဆိုပါတော့။

ပထမဂျိုးကူသံ ကြားတဲ့စိတ်ကလေးသည် ဒုတိယဂျိုးကူသံ မရောက်မီ ပျက်မသွားဘူးလား၊ ပျက်သွားတယ်။ ဒုတိယဂျိုးကူသံ ကြားတဲ့စိတ်ကလေးသည် တတိယဂျိုးကူသံ မကြားမီ ပျက်သွားပါတယ်။ ဉသြလေးတွေ လာမြည်တွန်တယ်။ ဒို့အများစု ဉသြမြည်တွန်သံလေး သာယာလိုက်တာ လွမ်းစရာလေးတဲ့၊ မပြောကြဘူးလား။ ဉသြငှက်ရဲ့ မြည်တွန်သံကို ဝိပဿနာမရှုမိကြဘူး။ အခု လက်သမားဆရာကြီးတွေ ထုတဲ့၊ ရိုက်တဲ့အသံ ဒေါင်း ဒေါင်း ဒေါင်းနဲ့ (၃)ချက်ပဲ ရိုက်တယ်ဆိုပါစို့။

ပထမကြားသိစိတ်ပေါ်တယ် (ဒေါင်း)။ ဒုတိယကြားသိစိတ် ပေါ်တယ် (ဒေါင်း)။ တတိယကြားသိစိတ် ပေါ်တယ် (ဒေါင်း)။

http://www.dhammadownload.com



ပထမအသံဟာ ဒုတိယအသံအခိုက်မှာ ရှိပါ့မလား။ ဒုတိယ အသံဟာ တတိယအသံအခိုက်မှာ မရှိတော့ဘူး၊ ပျက်သွားပြီ။ ဒါကြောင့် **"ဝိဇ္ဇုပ္ပါဒါ အာကာသေ၊ ဥပ္ပဇ္ဇန္တိဝယန္တိစ"**။ နံသိစိတ်ကလေး တခါတရံ နံတယ်၊ မွှေးတယ် ဆိုတယ်ဆိုတဲ့ စိတ်ကလေး၊ တခါတရံ မော်တော်ကားနဲ့ သွားတဲ့အခါ ဘေးနားက ငါး၊ ငါးပိအနံ့တွေ နံတယ်၊ နံတယ်၊ နံတယ်လို့ အမြန်မောင်း၊ နံတဲ့ ငါး၊ ငါးပိတို့နဲ့လဲ ဝေးသွားရော၊ အဲဒီနံသိစိတ်ရှိသေးလား။ မရှိဘူး။

ဃာနပသာဒ နှာခေါင်းအကြည်ဓာတ်ကလေးကတော့ ရှိတယ်။ နံစရာအနံ့ဓာတ်မရှိရင် နံသိစိတ် ဖြစ်ပါ့မလား။ မဖြစ်ဘူး။ ဃာနပသာဒ အကြည်ဓာတ် ရှိတယ်။ နံ့သာဖြူအနံ့လေးနဲ့ ထိတွေ့တဲ့အခါ မွှေးတယ် ဆိုတဲ့ မွှေးသိစိတ်ကလေး ဖြစ်တယ်။ အဲဒီ (၂)ခုမရှိရင်၊ မဆုံရင် မွှေးပါ့မလား၊ မမွှေးဘူး။

ဒါကြောင့် ဝိပဿနာရဲ့သဘောက သမထနဲ့တော့ မတူဘူး။ ဝိပဿနာသဘောက ဟင်းချက်နေတယ်။ ဟင်းနံ့လေး မွှေးတာကို ရှုကြည့်နိုင်ပါက ဝိပဿနာဖြစ်တယ်။ မွှေးတယ်ဆိုပြီး တစ်နေရာထ သွားရင် ဟင်းအိုးနဲ့ ဝေးရင် မွှေးပါ့မလား။ မမွှေးပါဘုရား။

နောက်တခါ ဟင်းနံ့လေး သဘောကျလို့ မွှေးချင်ရင် ဟင်းအိုးနား လာခဲ့ဦး။ ဒါကြောင့် လိုက်ဆိုကြ-

**သောတသဒ္ဒါရုံ နှစ်ပါးဆုံလျှင် သောတဝိညာဉ် ပေါ်မြဲပင် ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း။**

**ဃာနဂန္ဓာရုံ နှစ်ပါးဆုံလျှင် ဃာနဝိညာဉ် ပေါ်မြဲပင် ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း။**

**ဇိဝှါရသာရုံ နှစ်ပါးဆုံလျှင် ဇိဝှါဝိညာဉ် ပေါ်မြဲပင် ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း။**

ထမင်းဝိုင်းတစ်ဝိုင်းမှာ ထိုင်ကြပြီဆိုပါစို့။ **"ချို၊ ချဉ်၊ စပ်၊ ဖန်၊ ငန်၊ ခါး"**အရသာတွေ စုံနေတယ်။ ပထမချိုတာလေး ကောက်ပြီး

http://www.dhammadownload.com



စားလိုက်တယ်။ ချိုတယ်လို့ သိစိတ်ပေါ်လာတယ်။ လျှာမှာရှိတဲ့ ဇိဝှါပသာဒ လျှာအကြည်ဓာတ်နဲ့ ချိုတဲ့အရသာနဲ့ တွေ့ဆုံတဲ့အခါ ချိုတယ်လို့ သိတဲ့ ဇိဝှါဝိညာဉ်၊ လျှက်သိစိတ် ပေါ်လာတယ်။ စားသိစိတ် ပေါ်လာတယ်။

ငန်လိုက်တာ၊ ငန်လိုက်တာ၊ ငန်တဲ့ရသာရုံ ဟိုနား ဒီနားသွားလို့ ခဲလေးနင်းမိလို့ နာလိုက်တာ၊ ကာယပသာဒ (ကိုယ်အကြည်ဓာတ်)နဲ့ ခဲ- ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးဆုံတော့ နာတယ်ဆိုတဲ့ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်လာတယ်။

"ကာယ ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးဆုံလျှင် ကာယဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း။"

မိမိတို့ သန္တာန်မှာရှိတဲ့ မနဆိုတဲ့ စိတ်ကလေးနဲ့ အာရုံအမျိုးမျိုး သားအာရုံ၊ သမီးအာရုံ၊ ဆရာ့အာရုံ၊ တပည့်အာရုံ အစရှိတဲ့ အာရုံတွေ အာရုံပြုလိုက်တဲ့အခါ လောကမှာရှိတဲ့ ခနဂုဏ်၊ ဣဿရိယဂုဏ် တွေးကြံလို့ သိလိုက်တဲ့အခါ ပေါ်လာတဲ့ မနောဝိညာဉ်။

ဒါကြောင့်မို့ "မနောဓမ္မာရုံ နှစ်ပါးဆုံလျှင် မနောဝိညာဉ် ပေါ်မြဲပင် ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း။"

ဒီကနေပြီး အိမ်မှာနေတယ်၊ ကျောင်းမှာနေတယ် ဆိုကြပါစို့။ သားကလေးကို ငေါက်ငန်းနေတဲ့ပုံ တွေးကြည့်ပါ။ ပြန်အာရုံပြုလိုက်တာနဲ့ အခုပဲ ငေါက်ငန်းနေသလို မြင်ရ၊ ထင်ရတယ်။ ကြံသိတဲ့စိတ်ကလေး ဖြစ်လာတယ်။ အဲဒီ ဖြစ်ပေါ်လာတာကို သိရမယ်။ မနောဝိညာဉ်စိတ်။

အဲဒီလို ပရမတ်ဓာတ်သားတွေကို မြင်မှ တရားမြင်တာ။

**"ပရမတ်မမြင် တရားမမြင်၊ ပရမတ်မြင်မှ တရားမြင်"။**

ပရမတ်ဆိုတာ ရုပ်ဓာတ်၊ နာမ်ဓာတ်တွေကို ခေါ်တာ။

**"ပရမတ်မဝ တရားမကျ၊ ပရမတ်ဝမှ တရားကျ၏"။**

ပရမတ်တရား ဓာတ်တရားတွေဟာ အသိခက်တယ်။ အကယ်၍ များ ရုပ်ဓာတ်၊ နံဓာတ်တွေအပေါ်၊ စိတ်အပေါ် (၇)ပါးသော ဌာနတို့မှာ

http://www.dhammadownload.com



ကျွမ်းကျင်လိမ္မာတဲ့ပုဂ္ဂိုလ်၊ သိမြင်တဲ့ပုဂ္ဂိုလ်ကို ဖြစ်ပြီဆိုရင် အမြတ်ခေါင်ဖျား ယောက်ျားအာဇာနည်၊ အမြတ်ခေါင်ဖျား အမျိုးသမီး အာဇာနည် ခေါ်နိုင်တယ်။

ဝိညာဏက္ခန္ဓာ စိတ်အစု **"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဉ်ဆို၏"**။ အသိမနောလေးနဲ့ ပတ်သက်ပြီးတော့ စိတ်အမျိုးအစားကို သိရမယ်။ စိတ်ရဲ့ဖြစ်လာပုံကို သိရမယ်။ စိတ်ဖြစ်ကြောင်းကို သိရမယ်။ စိတ်ချုပ်သွားတာကို သိရမယ်။ စိတ်ချုပ်ပျောက်ကြောင်း အကျင့်ကောင်းတွေကို သိရမယ်။ စိတ်ချုပ်ပျောက်ကြောင်း အကျင့်ကောင်းဆိုတာ သီလ၊ သမာဓိ၊ ပညာပါပဲ။

နောက် စိတ်ရဲ့သာယာဖွယ်ကို သိရမယ်။ တွေးပြီးတော့ ပြုံးနေလိုက်တာ သဘောကျလွန်းလို့။ တော်တော်ကြာတော့ အဲဒီစိတ်ကလေးသည်ပင် "ဝမ်းသာမလို့လုပ်တုန်း ဝုန်းကနဲ လဲဆိုသလို၊ ဝမ်းသာမလို့လုပ်တုန်း အဲဒီစိတ်ကလေးက ချုပ်ပျောက်သွားပြန်တော့ အနိစ္စဘေးကြီးနဲ့ ဒုက္ခဘေးကြီးနဲ့ ဝိပရိဏာမဘေးကြီးနဲ့ ကြုံတွေ့ပြီးတော့ သွားတာကိုး။ အဲဒါ အာဒီနဝ။ စိတ်ရဲ့အပြစ်။

မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်၊ အဲဒီ သိစိတ်တွေအပေါ်မှာ ဆန္ဒရာဂ ကင်းပြီးတော့ ဆန္ဒရာဂကို ပယ်ဖျောက်နိုင်ခြင်းဟာ အဲဒါ ကျွတ်လွတ်မှုပဲ။ (နိဿရဏ)။

ဒါကြောင့်မို့ ဒီ (၇)ပါးသောဌာနတို့မှာ ကျွမ်းကျင်လိမ္မာ သိမြင်ပေါက်မြောက်တဲ့ပုဂ္ဂိုလ်ကို ဉတ္တမပုရိသ အမြတ်ခေါင်ဖျား ယောက်ျားအာဇာနည်၊ အမြတ်ခေါင်ဖျား အမျိုးသမီးအာဇာနည်လို့ ခေါ်ဆိုနိုင်တဲ့အတိုင်း စိတ်နဲ့ပတ်သက်လို့ ဝိညာဉ်(၆)ပါးတို့နဲ့ ပတ်သက်ပြီးတော့ (၇)ပါးသော ဌာနတို့၌ လိမ္မာအောင်၊ ကျွမ်းကျင်အောင်၊ သိမြင်အောင် အားထုတ်ကြပြီးတော့ အမြတ်ခေါင်ဖျား ယောက်ျားအာဇာနည်၊ အမြတ်ခေါင်ဖျား အမျိုးသမီးအာဇာနည်များ ဖြစ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပါရမီ (၁၀)ပါး

ယနေ့ ၁၃၅၉ ခုနှစ်၊ ဝါခေါင်လကွယ်နေ့။ ယနေ့ ဟောကြားမယ့် တရားတော်က ပါရမီ (၁၀)ပါးနဲ့ ဆက်စပ်ပါတယ်။

ဘုန်းကြီးတို့ မဂ်ဖိုလ်ရတယ်၊ နိဗ္ဗာန်ရတယ်ဆိုတာ ငြိမ်းချမ်းရေး ရခြင်းပါပဲ။ မဂ်ဖိုလ်နိဗ္ဗာန် မရမချင်း ဒုက္ခမငြိမ်းကြပါဘူး။ အိုမှုဒုက္ခ၊ နာမှုဒုက္ခ၊ သေမှုဒုက္ခတွေကင်းရာ မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ရာနဲ့ပတ်သက် ပြီးတော့ "ဗောဓိ"သုံးပါးမရပဲနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရတယ်လို့ မရှိဘူး။ အဲဒီ ဗောဓိ (၃)ပါးက -

(၁) သမ္မာသမ္ဗောဓိ

(၂) ပစ္စေကဗောဓိ

(၃) သာဝကဗောဓိ

ဗောဓိဆိုတာ အသိဉာဏ်၊ မဂ်ဉာဏ်၊ ဉာဏ်ထူးဉာဏ်မြတ်ပါပဲ။ သမ္မာသမ္ဗောဓိဆိုတာ ဘုရားရှင်များရဲ့ ဗောဓိဉာဏ်ပါပဲ။ ပစ္စေကဗောဓိ ဆိုတာ ပစ္စေကဗောဓိ အရှင်မြတ်တို့ရဲ့ ဗောဓိဉာဏ်။ သာဝကဗောဓိ ဆိုတာ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကတို့ရဲ့ ဗောဓိဉာဏ် ပါပဲ။

အဲဒီ ဗောဓိဉာဏ်အဆင့်ဆင့်သို့ ရောက်ရှိဖို့ရန် တစ်ခုခုသော ဗောဓိဉာဏ်ကို ရည်ရွယ်ငဲ့စောင်းပြီးတော့ ပါရမီတရားများ ဖြည့်ကျင့် ကြရတယ်။ ဖြည့်ကျင့်ကြရတဲ့ ကုသိုလ်ကံတရားတွေကို ပါရမီလို့ ခေါ်တာ ပါပဲ။

ဘုရားအလောင်းတော်ကြီးတွေ ပြုလုပ်တဲ့ ကုသိုလ်ကံစုကို ပါရမီ၊ ပစ္စေကဗုဒ္ဓါလောင်းလျာတို့ ဖြည့်ဆည်းမယုတ် ပြုလုပ်အားထုတ်ကြတဲ့ ကုသိုလ်အစုကို ပါရမီ၊ သာဝကလောင်းလျာတို့ ပြုလုပ်တဲ့ကုသိုလ်စုကို ပါရမီလို့ ခေါ်ပါတယ်။

တစ်နည်းအားဖြင့် ဒီလောကကြီးကနေ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော် ကြီးကို ရောက်စေနိုင်တဲ့ ကုသိုလ်စုကို ပါရမီလို့ခေါ်ပါတယ်။ အဲဒီ ပါရမီက

http://www.dhammadownload.com



ဘယ်နှစ်မျိုးရှိသလဲဆိုတော့ ဒါနပါရမီ အစရှိသည် (၁၀)မျိုးရှိတယ်။ လိုက်ဆိုကြ-

**ဒါနသီလ နိက္ခမပါ၊ ပညာဝီရိ ခန္တီသစ္စာ၊**
**အဓိဋ္ဌာန မေတ္တုပေက္ခာ၊ ပါရမီဆယ်လီ မှတ်စရာ။**

ဗုဒ္ဓဘာသာများ အားထားကြတဲ့ ပါရမီဗုဒ္ဓဘာသာ အမျိုးကောင်းသား၊ သမီးတွေ ပါရမီဆိုတဲ့စကားလုံးဟာ အင်မတန်ရင်းနှီးတဲ့ စကားလုံးပါပဲ။ ကြားလိုက်ရရင် နားလည်တယ်၊ ပါရမီရှိတယ်၊ ပါရမီမရှိဘူးဆိုတာ နားလည်တယ်။

ရဟန်းပြုတယ်၊ ရှင်သာမဏေ ပြုတယ်၊ သီလရှင် ဝတ်တယ်။ ပါရမီမရှိရင် မပြုနိုင်၊ မဝတ်နိုင်ဘူးလို့ သုံးစွဲနေကြတယ်။ ပါရမီရှိလို့ ကုသိုလ်ကံကောင်းလို့ဆိုတဲ့ စကားတွေပြောကြတယ်။

ဒါနပါရမီအစရှိတဲ့ ပါရမီ (၁၀)မျိုးနဲ့ ပတ်သက်ပြီးတော့၊ မိမိတို့ရဲ့ ခန္ဓာကိုယ်မှ ပြင်ပဖြစ်တဲ့ ပစ္စည်းဥစ္စာ သက်ရှိသက်မဲ့စွန့်လွှတ်ပြီး ပြုနိုင်တဲ့ ပါရမီကတစ်မျိုး၊ မိမိရဲ့ အင်္ဂါခြေလက် နားနှာခေါင်းတွေကို စွန့်လွှတ် လှူဒါန်းတဲ့ ပါရမီတစ်မျိုး၊ မိမိရဲ့ အသက်ခန္ဓာကိုယ်ကို စွန့်လွှတ်ပြီး ပြုတဲ့ ကုသိုလ်ပါရမီက တစ်မျိုး၊ မိမိရဲ့ပြင်ပဖြစ်တဲ့ ရွှေငွေကျောက်သံပတ္တမြား သက်ရှိသက်မဲ့ပစ္စည်းတွေ လှူဒါန်းမှု၊ အဲဒီပစ္စည်းဝတ္ထုတွေနဲ့ ပတ်သက်ပြီး တော့ လှူနိုင်တာ၊ စွန့်နိုင်တာက တစ်မျိုး၊ မိမိရဲ့ အင်္ဂါခြေလက် မျက်စိ, နား, နှာခေါင်း အစရှိတဲ့ အင်္ဂါကြီးငယ်တွေကို စွန့်လွှတ်နိုင်တဲ့ ပြုတဲ့ ကုသိုလ်ကတစ်မျိုး၊ မိမိရဲ့ အသက်ကိုစွန့်လွှတ်ပြီးပြုတဲ့ ကိုသိုလ်က တစ်နည်း၊ ဘယ်နှစ်မျိုးလဲ(၃)မျိုး။

အဲဒီ(၃)မျိုးနဲ့ ပါရမီ(၁၀)ပါးနဲ့ မြှောက်လိုက်တဲ့အခါ ပါရမီ(၃၀)တဲ့၊ ဒါနပါရမီ= စွန့်ကြဲခြင်း, ပေးကမ်းခြင်း, ချီးမြှောက်ခြင်း, ပူဇော်ခြင်းကို ဒါနပါရမီ၊ မိမိခန္ဓာကိုယ်ရဲ့ ပြင်ပဖြစ်တဲ့ ရွှေငွေကျောက်သံပတ္တမြား၊ သက်ရှိသက်မဲ့ပစ္စည်းဝတ္ထုတွေကို လှူနိုင်တယ်ဆိုရင် ဒါနပါရမီ၊ မိမိရဲ့ အင်္ဂါခြေလက် အစရှိသည်ကို စွန့်လွှတ်ပြီးတော့မှ ဒါနပြုနိုင်ပြီဆိုရင်

http://www.dhammadownload.com



ဒါနဥပပါရမီ။ မိမိရဲ့ အသက်ကိုပင် စွန့်လွှတ်လှူဒါန်းနိုင်ပြီဆိုရင် ဒါနပရမတ္ထပါရမီ။ အဲသလိုပဲ သီလလဲ ဒီအတိုင်းပဲ။ ပါရမီ(၁၀)မျိုးလုံး ဒီအတိုင်းပဲ။ ဒါန၊ ဒါနဥပ၊ ဒါနပရမတ္ထ ဒီအတိုင်းပါပဲ၊ ပါရမီ(၁၀)မျိုးကို ရိုးရိုးပါရမီရယ်၊ ဥပပါရမီရယ်၊ ပရမတ္ထပါရမီရယ်။ အဲဒီ(၃)မျိုးနဲ့ ပါရမီ(၁၀)ပါးကို မြှောက်ပွားလိုက်ရင် ပါရမီ(၃၀)ဖြစ်ပါတယ်။ အဲဒီပါရမီ(၃၀)ကို အဆင့်အားလျော်စွာ ဖြည့်ဆည်းပူးကြတယ်။ **"မှီရာကင်းပြီးတော့ အမှီလွတ်ပြီးတော့ ပြုတဲ့ပါရမီမျိုး ဖြစ်ဖို့အရေးကြီး ပါတယ်"**။

## အမှီ (၂)

မှီရာ(၂)မျိုးကို မှီကြတယ်။ မှီရာ (၂)မျိုးရှိတယ်။ ဒီ(၂)မျိုးကို မှီပြီးတော့ ဒါနပြုမယ်၊ သီလဆောက်တည်မယ်ဆိုရင် ကုသိုလ်မဖြစ် လှဘူးတဲ့။ ဘာလို့လဲဆိုတော့ တပ်မက်မှု ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ။ ဒီသီလကို ဆောက်တည်ရင် ငါဟာ လူ့စည်းစိမ်၊ နတ်စည်းစိမ်ကို ရလိမ့်မယ်လို့လဲ မျှော်လင့်တောင့်တချက်နဲ့ တဏှာကို မှီပြီးတော့ ဒါနစတဲ့ ပါရမီလုပ်ငန်းတွေ လုပ်မယ်ဆိုရင် တဏှာအမှီ မကင်းတဲ့အတွက် ပါရမီမဖြစ်ဘူး၊ ပြီးတော့ဒိဋ္ဌိတဲ့။ ဝိပဿနာ မဂ်တရား ဖိုလ်တရား တွေကို ချန်ထားပြီးတော့ ဒါန၊ သီလ၊ သမာဓိလောက်မျှနဲ့ သံသရာစခန်းမှ ကျွတ်လွတ်နိုင်တယ်ဆိုတဲ့ အယူ၊ အဲဒီအယူကို မှီပြီးတော့ ကုသိုလ် တရား ပါရမီတရားတွေ ဖြည့်ဆည်းပူးသော်လဲ အမှီမကောင်းတဲ့အတွက် ထင်သလောက် အကျိုးမသက်ရောက်ဘူး။

အလှူပေးတာပဲဖြစ်ဖြစ် သီလဆောက်တည်တာပဲဖြစ်ဖြစ် ဆုတောင်းကြတယ်။ ဆုတောင်းပြီးတော့မှ ကုသိုလ်ပြုကြတယ်၊ ဆုတောင်းလွဲခဲ့လို့ရှိရင်လဲ ဒုက္ခရောက်တာတွေ အများကြီးရှိတယ်။ ဆုတောင်းလွဲခဲ့လို့ သံသရာရှည်တာတွေလဲ ရှိတယ်။ ဆုတောင်းလွဲခဲ့လို့ မေဏ္ဍကသူဌေးရဲ့ ကျွန်မ၊ အဲဒီကလေးမလေး ဆုတောင်းလွဲခဲ့လို့

http://www.dhammadownload.com



ဘဝတိုင်း ဘဝတိုင်း ကျွန်ချည်းပဲ ဖြစ်နေရပါတယ်။ သုဘဒ္ဒါ မိဘုရားဟာလဲ ရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းကွမ်းလှူပြီးတော့ ဆုတောင်း လွဲခဲ့တဲ့အတွက် ဆင်မင်းကြီးကို သတ်ပြီးတော့ ငရဲကျခဲ့ရတယ်။ ဝိဓူရ ဇာတ်တော်မှာတော့ ဗျာန်ရ ရသေ့လေးဦး ကိုးကွယ်ကြတဲ့ သူဌေးကြီး တွေထဲက (၂)ယောက်က သူတို့ဆရာစကား နားထောင်ပြီးတော့ နဂါးရယ်၊ ဂဠုန်ရယ်၊ တိရစ္ဆာန်ဖြစ်ကြတယ်။ ကျန်တဲ့ သူဌေးကြီး(၂)ဦး ကတော့ လူမင်း၊ သိကြားမင်းဖြစ်ကြတယ်။ ဒါနပါရမီဆိုတာ အလှူပေးပြီးတော့ အလှူပြုသ၍ ဒါနပါရမီ၊ သီလဥပုသ် ဆောက်တည် ခြင်း၊ စောင့်သုံးခြင်း၊ သီလပါရမီ၊ အဲဒီသီလတစ်မျိုး မိဘတွေနဲ့ ပတ်သက်လို့၊ ဆရာသမားတွေနဲ့ ပတ်သက်လို့၊ လူကြီးသူမတွေနဲ့ ပတ်သက်လို့၊ ရပ်ရေးရွာရေးတွေနဲ့ ပတ်သက်လို့၊ အများကိစ္စတွေနဲ့ ပတ်သက်လို့ ပြုရမဲ့ဝတ္တရားတွေ ဆောင်ရွက်ရမယ့်ကိစ္စတွေ ဆောင်ရွက် ခြင်းဟာလဲ သီလပါရမီတစ်မျိုး၊ နေက္ခမ္မပါရမီဆိုတာက ဘာလဲဆိုတော့ ကာမအာရုံမှထွက်ပြီး ကျင့်သုံးတဲ့အလောဘစိတ်ကို ခေါ်တာကိုး။

မိမိတို့ အိုးနဲ့အိမ်နဲ့ နေစေကာမူ တခါတရံ အသုဘတွေ့ရင် စက်ဆုတ်ရွံရှာဖွယ်တွေ့ရင် စက်ဆုတ်ရွံရှာဖွယ် အဲဒီလို စိတ်ဖြစ်တယ်။ ဒါဟာ နေက္ခမ္မပါရမီပဲ။ ဒီထက်တိုးတက်ပြီး ပြုလုပ်နိုင်မယ်ဆိုရင် ဖန်ရေ ဆိုးတဲ့ အဝတ်ကိုဝတ်၊ သူတော် ယောဂီသူတော်စင်၊ သာသနာ့ နွယ်ဝင် သီလရှင်၊ ဒီထက်များ ပိုပြီးစွမ်းနိုင်မယ်ဆိုရင် ပထမဗျာန်ရအောင် အားထုတ်၊ နေက္ခမ္မပါရမီဓာတ် အထွဋ်အထိပ်သို့ ရောက်သွားတယ်။ ပညာပါရမီ ပညာပါရမီဖြစ်အောင် ပိဋကတ်တော်သင်ခြင်း၊ ဟောခြင်း၊ ရေးသားခြင်း၊ ပို့ချခြင်း၊ မိမိတို့ အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်ပြီး အတတ်ပညာများ သင်ပေးခြင်း၊ ကမ္ဘာကြီးကျေးဇူးများတဲ့ အတတ် ပညာများ သင်ပေးခြင်း၊ ကုန်သည်လယ်ယာ အစရှိတဲ့ အတတ်ပညာများ စေတနာ ထားပြီးတော့ သင်ပေးခြင်း၊ ဝီရိယပါရမီ ဆိုတာကတော့ သူတပါး စွမ်းဆောင်နိုင်တာရော၊ မစွမ်းဆောင်နိုင်တာရော အဲဒီကိစ္စ

http://www.dhammadownload.com



တွေနဲ့ ပတ်သက်ပြီး မိမိက အားသွန်ခွန်စိုက် ဆောင်ရွက်ခြင်းသည် ဝီရိယပါရမီ။

ခန္တီပါရမီဆိုတာကတော့ မိမိလိုချင်တဲ့ ဣဋ္ဌာရုံ၊ မလိုချင်တဲ့ အနိဋ္ဌာရုံ အကောင်းလောကဓံ အဆိုးလောကဓံ ခံနိုင်ရည်ရှိရတယ် အဲဒါကို ခန္တီပါရမီ။ သစ္စာပါရမီဆိုတာကတော့ ချွတ်ယွင်းဖောက်ပြန် မမှန်မကန်သော အပြောအဆိုများ ရှောင်ကြဉ်ပြီးတော့ မှန်ကန်တဲ့ အပြောအဆိုများရှိအောင် ဆောင်ရွက်ခြင်းသည် သစ္စာပါရမီ။

အဓိဋ္ဌာန်ပါရမီ ဆိုတာကတော့ မိမိက ဒီအမှုကို ပြုမယ်ဆိုတဲ့ စိတ်ပဋိညာဉ်၊ ဒီအမှု ငါဆောင်ရွက်မယ်၊ ဒီလုပ်ငန်းကြီးပြီးအောင် ဆောင်ရွက်မယ်။ နှုတ်ကနေ ပဋိညာဉ်ပေးတာလဲရှိတယ်။ ဒီအလုပ်ပြီးစီး အောင် လုပ်မယ်ဆိုရင် မပြီးမချင်း စွဲပြီးတော့ လုပ်တဲ့လုပ်ငန်းက အဓိဋ္ဌာန်ပါရမီ။

မေတ္တာပါရမီဆိုတာကတော့ သူတပါးကို ကောင်းစားစေချင်တဲ့ စိတ်၊ ပညာတတ်စေချင်တဲ့စိတ်၊ စားဝတ်နေရေးအဆင်ပြေစေချင်တဲ့ စိတ်။ သူတပါးကို ချမ်းသာစေချင်တဲ့အတိုင်း ချမ်းသာအောင် လုပ်ပေးလိုက်ရင် မေတ္တာပါရမီ အထွဋ်အထိပ်ရောက်သွားတယ်။ သူတပါးကို ချမ်းသာအောင်၊ ကောင်းစားအောင်ဆိုတဲ့ ဒီတရားတွေဟာ တဖြေးဖြေး ဆုတ်ကပ်ကာလကျတော့ လျော့လျော့သွားတယ်။

ဒါကြောင့် "လိမ္မာလျှင်မြင်ပြင်း၊ ဆင်းရဲလျှင်အားရ၊ ကြွယ်ဝ မနာလို၊ ကိုယ်ထက်သာ မကြိုက်၊ အမိုက်တရား ဤလေးပါး ထွန်းကား ပလေ ဤလူ့ပြည်"တဲ့။ လိမ္မာလျှင်မြင်ပြင်း ဆုတ်ကပ်ကာလမှာ ဘယ်သူ့သား၊ ဘယ်သူ့သမီးဖြင့် လိမ္မာလိုက်တာ ဆိုရင် ကြားတဲ့ပုဂ္ဂိုလ်က အမြင်ကပ်နေတာ။ ဆင်းရဲလျှင် အားရ၊ ဘယ်နေရာမှာ ရေဘေး၊ မီးဘေးကြောင့် အစာရေစာငတ်မွတ်ဘေးကြောင့် လူတွေဆင်းရဲနေကြ တယ်ဆိုရင် စိတ်ထဲက ဝမ်းမသာလိုက်နဲ့ ဝမ်းသာရင် ငရဲကြီးသွားတယ်။ အဲဒီဆင်းရဲနေတဲ့ ကံဆိုးတဲ့သတ္တဝါတွေ မြင်တဲ့အခါကျတော့

http://www.dhammadownload.com



သနားတဲ့စိတ် ဖြစ်ပေါ်ရမယ်။

အဲဒီလို လိမ္မာလျှင် မြင်ပြင်း၊ ဆင်းရဲလျှင် အားရ၊ ကြွယ်ဝလျှင် မနာလို၊ ဟော- ပြည့်ပြည့်စုံစုံ ချမ်းသာနေတယ်ဆိုရင် မနာလိုတဲ့စိတ်က ပေါ်ပြီးတော့ လာတတ်တယ်။

ဘုန်းကြီးတို့ဘုရားကတော့ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေ တွေ့ရင် ဝမ်းသာမှု မုဒိတာ ပွားရမယ်။ ဝမ်းသာလဲ ကုသိုလ်ဖြစ်တာကိုး ကုသိုလ်ရဖို့ အမိကပါပဲ။လိမ္မာလျှင်မြင်ပြင်း၊ ဆင်းရဲလျှင်အားရ၊ ကြွယ်ဝတော့မနာလို၊ ကိုယ်ထက်သာမကြိုက်၊ အမိုက်တရား ဤလေးပါး၊ ထွန်းကားပလေ ဤလူပြည်။

## ဓာတ်ခံကောင်း

ဥပက္ခာပါရမီဆိုတာ ဘယ်လိုဟာလဲဆိုတော့ မိမိကို လူတစ်ယောက်က လာပြီးဆဲတယ်၊ လူတစ်ယောက်က လာပြီး ချီးကျူး စကားပြောတယ်။ အဲဒီလူနှစ်ယောက်အပေါ်မှာ တန်းတူထားနိုင်ရမယ်။ မလွယ်တာက အလောင်းတော်ကြီးများ ပါရမီဖြည့်တယ်ဆိုတာ လွယ်လွယ်နဲ့ ဖြည့်တာမဟုတ်ပါဘူး။ ဘုရားလောင်း၊ ရှင်ပစ္စေက ဗုဒ္ဓအလောင်း၊ အဂ္ဂသာဝကအလောင်း၊ မဟာသာဝကအလောင်း၊ ပကတိသာဝက အလောင်းလျာတွေဟာ အလောဘ ဓာတ်နှစ်ကြီးတွေ ရှိကြတယ်။ လောဘကို အပြစ်မြင်တယ် အလောဘဆိုတာ လိုချင်မှု နည်းပါးတဲ့ အလောဘဓာတ်နှစ်၊ အလောဘဓာတ်နှစ်ရှိတဲ့ ပုဂ္ဂိုလ်နဲ့ အလောဘ ဓာတ်နှစ်မရှိတဲ့ ပုဂ္ဂိုလ်ဟာ အင်မတန်ခြားနားတယ်။

လောဘနည်းပါးတဲ့ အလောဘဓာတ်နှစ်ရှိတဲ့ ပုဂ္ဂိုလ်များက တစ်မျိုး။ အလောဘဓာတ် နှစ်မရှိတဲ့ ပုဂ္ဂိုလ်များကတစ်မျိုး၊ အလောဘ ဓာတ်နှစ်များတဲ့ ပုဂ္ဂိုလ်များကြည့်၊ တစ်ခါတစ်ရံ ပဒေသရာဇ်မင်း စသည်မင်းလုပ်၍ တိုင်းပြည်များများကို အုပ်ချုပ်တယ်။ စကြာမင်း လေးကျွန်း တမြင့်မိုရ်ကို မင်းပြုတယ်။ ဥပမာ- အလောင်းတော်ကြီး

http://www.dhammadownload.com



မဟာသုဒဿနမင်းကြီးဖြစ်တဲ့အခါ စကြာမင်းကြီးဖြစ်တယ်။ "စက်၊ ဆင်၊ မြင်း၊ မြ၊ မိ၊ ငွေး၊ သား" (၁) စကြာရတနာ၊ (၂) ဆင်ရတနာ၊ (၃) မြင်းရတနာ၊ (၄) ပတ္တမြားရတနာ၊ (၅) မိဘုရားရတနာ၊ (၆) သူဌေးရတနာ၊ (၇) သားကြီးရတနာ၊ ရတနာ(၇)ပါးနဲ့ပြည့်စုံတဲ့ စကြာမင်းကြီးဖြစ်တော့ အသက်ကို သုံးပုံပုံတယ်။ တစ်ပုံက အိမ်ရှေ့မင်းဘဝ၊ တစ်ပုံက စကြာမင်းဘဝ၊ တစ်ပုံက တောထွက်တယ်တဲ့။ ဟော-အလောဘဓာတ်ခံ အားကောင်းတဲ့ အခါကျတော့ စကြာမင်းကြီးဘဝမှာပင် စကြာမင်းစည်းစိမ်ကို တစ်ဘဝလုံး မခံစားဘူး။ အဲလို စကြာမင်းစည်းစိမ်ကို ရရှိထားတာတောင်မှ အလောဘဓာတ်နှစ်ရှိကြတဲ့ အလောင်းတော်ကြီးများက စွန့်နိုင်ပါတယ်။

အလားတူပဲ ဒေါသရဲ့ဆန့်ကျင်ဘက် အဒေါသဓာတ်နှစ်ရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ဒီအတိုင်းပါပဲ။ အဒေါသဓာတ်ခံ အားနည်းပြီဆိုတဲ့ အခါ အင်မတန်ခြောက်သွေ့တဲ့ မျက်တောထဲ မီးရှူးမီးပန်းကျသလို အလွယ်တကူလောင်သလိုပဲ။

အလားတူပဲ အမောဟဓာတ်နှစ် ကင်းကြတဲ့ ပုဂ္ဂိုလ်များ၊ အမောဟ၊ မောဟဆိုတာက မသိတာ၊ မလိမ္မာတာ၊ တွေဝေတာ၊ အမောဟဆိုတာက မောဟကင်းတာ။ ဝိဇ္ဇာဉာဏ်တွေ ပြည့်ဝတာကို အမောဟ၊ အမောဟဓာတ်ကင်းတဲ့ အခါကျတော့ ယခုအခါပဲ ပြောကြပါတော့။ **"ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဓမ္မအရောင်တွေ ထင်ရှားရှိနေကြသော်လဲ၊ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)တို့ကို ကျကျနနသိတဲ့ ပုဂ္ဂိုလ် အင်မတန် ရှားပါးတယ်။ ဥပမာအားဖြင့် ပဋိသန္ဓေနေစဉ်ထဲက မျက်စိမမြင်တဲ့ လူတစ်ယောက် နေဗိမာန်ပေါင်း (၈၄၀၀၀) ထွန်းပနေပေမယ့် မမြင်ရဘူး။ မောဟဓာတ်ခံ အားကောင်းပြီး အမောဟဓာတ်ခံ အားနည်းတဲ့ ပုဂ္ဂိုလ်ကျတော့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဓမ္မအရောင် အလင်းကြီးတွေ ထွန်းလင်းနေပေမယ့် ဒီတရားသဘောကို မသိနိုင်ဘူး"၊**

http://www.dhammadownload.com



ပြီးတော့ နေက္ခမ္မဓာတ် နှစ်ကြီးတွေရှိနေတဲ့အခါ အာရုံငါးပါးမှ ထွက်မြောက်လိုတဲ့ ဓာတ်ကောင်းဓာတ်မြတ်ကြီးတွေ ရှိနေတဲ့အခါ အာရုံငါးပါး ခြုံလွှမ်းနေတဲ့ နေရာရောက်သော်လဲ စိတ်ကဒီအထဲမှာ မရောက်။ ဥပမာ- မျက်နှာဝမရှိတဲ့ ရေဘူးကို ရေတိမ်ထဲဖြစ်စေ၊ ရေနက်ထဲဖြစ်စေ နှစ်ကြည့်ရင် နစ်မြုပ်မသွားပါဘူး။ နေက္ခမ္မဓာတ် အားနည်းတဲ့ ပုဂ္ဂိုလ်များ အာရုံငါးပါးကို မြတ်နိုးတွယ်တာကြတဲ့ ပုဂ္ဂိုလ်များကျတော့ ဘာနဲ့တူသလဲဆိုတော့ မျက်နှာဝရှိတဲ့ မြေအိုးလို၊ မျက်နှာဝရှိတဲ့ မြေအိုးရေထဲချလိုက်ရင် နစ်ပြီးတော့သွားတာပဲ။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ၊ နေက္ခမ္မဓာတ်ရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ပြောမယ်ဆိုရင် လူတို့ရဲ့ကာမဂုဏ်များက နက်ရှိုင်းတဲ့ ရေများတဲ့တူတယ်။

ရဟန်းတော်များရဲ့ ကျောင်းကောင်း၊ ဆွမ်းကောင်း၊ သင်္ကန်းကောင်းစတဲ့ ပရိက္ခရာများက ရေတိမ်နဲ့တူပါတယ်။ နေက္ခမ္မဓာတ်ကင်းတဲ့ လူဖြစ်စေ၊ ရဟန်းဖြစ်စေ ရေတိမ်နစ်တာနဲ့ ရေနက်နစ်တာပဲ ကွာခြားပါတယ်။ ပြီးတော့ "ပဝိဝေက" ဓာတ်အနှစ်သာရရှိကြတဲ့ အလောင်းတော်ကြီးတွေ၊ ပဝိဝေကဓာတ်ဆိုတာ ဘာလဲဆိုရင် ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ပြီးတော့ နေချင်တယ်၊ အပေါင်းအသင်းအစုအရုံးနဲ့ဆိုရင် မပျော်ဘူး။

ပဝိဝေကဓာတ် ရှိကြတဲ့ အလောင်းတော်ကြီးများကတော့ ဆိပ်ငြိမ်ရာအရပ်မှာပဲ နေချင်ကြတယ်။အများစု ပဝိဝေကဓာတ် ကင်းနေကြတဲ့ ပုဂ္ဂိုလ်များကတော့ တရားအားထုတ်တာတို့ တရားနာတာတို့တောင် ဘယ်အရပ်ဒေသမှာ တရားနာသူ များတယ်။ ဘယ်အရပ်ဒေသမှာတော့ စည်ကားတယ်ဆိုရင် စည်ကားတဲ့နေရာပဲ သွားချင်တယ်။ ဘယ်ဘုရား လူစည်တယ်။ အဲဒီဘုရား သွားချင်တယ်။ ဘယ်နေရာ ဘယ်တရားပွဲ လူစည်တယ်၊ အဲဒီနေရာသွားချင်တယ်။ လူမရှိဘူးဆိုရင် ခြောက် ကပ်ကပ်နဲ့ ပျင်းစရာ၊ ဘုရားသွားဖူးပါတယ်ဆိုမှ အဲဒီဘုရား လူမရှိဘူး၊ လူတွေစည်တယ် ပြောနေတာရှိတယ်။

http://www.dhammadownload.com



လူစည်ကားရင် ကောင်းတယ်၊ သွားမယ် ဘယ်လောက်ဝေးဝေးတဲ့။

အဲဒါဘာလဲဆိုရင် ပဝိဝေက ခာတ်နှစ်နည်းပါးလို့ပါပဲ။ နိဿရဏခာတ် ကျွတ်ဆုလွတ်ဆုလိုလားတဲ့ သဘောပါ။ ကျွတ်ဆု လွတ်ဆု လိုလားတဲ့ပုဂ္ဂိုလ်များကျတော့ ဘဝကို အပြစ်လို့မြင်တယ်။ နိဿရဏခာတ် ကင်းတဲ့ပုဂ္ဂိုလ်များကျတော့ ဘဝကို အပြစ်လို့မမြင်ဘူး။ ပါရမီဖြည့်ကြတဲ့အခါမှာ ဒီခာတ်ကောင်း ခာတ်မြတ်ကြီးတွေ ရှိဖို့လိုတယ်။ အလောဘခာတ် အစရှိတဲ့ ခာတ်ကောင်းခာတ်မြတ်ကြီးတွေ ရှိနေတဲ့ အလောင်းတော်ကြီးများ ပါရမီတရားများ အမျိုးမျိုးဖြည့်ဆည်းပြီးတော့ ဗောဓိဉာဏ်အဆင့်ဆင့် ရောက်ရှိပြီးတော့ နိဗ္ဗာန်ဆိုတဲ့ အငြိမ်းခာတ်ကို ရောက်ရှိသွားကြတယ်။

## မျောက်မင်းနှင့်လူသား

ဥပမာအားဖြင့် ဆိုကြပါစို့။ ကြားဘူးတဲ့ ဝတ္ထုကြောင်းလေးတစ်ခု ဘုရားလောင်းမျောက်မင်း ဘဝရောက်တော့ အသူတရာနက်တဲ့ ချောက်ထဲကျနေတဲ့လူ ကယ်တင်မဲ့ပုဂ္ဂိုလ်က တိရစ္ဆာန်။ အသူတရာ ပေပေါင်း (၁၀၀၀)လောက်ရှိတဲ့ ချောက်ကြီး ကမ်းစပ်ကနေ ကြည့်လိုက်တဲ့အခါ လူတစ်ယောက် ချောက်ထဲကျနေပါပကော။ ဘုရားလောင်း မျောက်မင်းရဲ့ စိတ်ထဲ ဘယ်လိုဖြစ်သလဲ သူ့သားလေးတစ်ယောက် ချောက်ထဲကျနေသလိုပဲတဲ့။

အဲဒီလို စိတ်ဖြစ်ပေါ်တာက မေတ္တာပါရမီ ဘာပါရမီပါလိမ့်၊ မေတ္တာပါရမီပါဘုရား။ ဟိုမြောက်နားက ကျောင်းသားမောင်ပုဆိုတာ ရေတွင်းထဲကျတော့ ဘေးကနေပြီးတော့ သူဆွေမျိုးတွေက ဝိုင်းငိုကြတာ 'သေပါပြီ'ဆိုပြီး ငိုကြတယ်။ ဆွေမျိုးမတော်တဲ့လူတွေက ငိုချင်မှငိုမှာပေါ့။ အခု မျောက်နဲ့ပုဏ္ဏားကတော့ ဆွေမျိုးတော်စရာမရှိဘူး။ ချောက်ထဲကျနေတဲ့ ပုဏ္ဏားဇာတ်လဲ မတူဘူး၊ အမျိုးလဲ မတူဘူး။ ကျနေတာကလူ၊ ကယ်တင်မှာက တိရစ္ဆာန်၊ တိရစ္ဆာန်တွေရဲ့ စိတ်သဘော

http://www.dhammadownload.com



ထားဟာ ဖြောင့်တယ်လို့ စာပေမှာရှိတယ်။

"ခွေးငှက်အသံ၊ နားယံကြားခါ သိလွယ်စွာခဲ့။ လူ့ရွာလူသား၊ လူစကားမူ ကြား၍နှိုက်နဲ့ သိနိုင်၏"။ တိရစ္ဆာန်တို့ရဲ့ အသံကို နားထဲမှာ ကြားရရင် သိလွယ်တယ်။ လူ့ရွာ လူသား လူ့စကားမူ အထဲတစ်မျိုး၊ အပြင်တစ်မျိုးနှင့် လူမျိုးဘာသာ၊ ဓမ္မတာတရား အလေ့များ၏"။ အဲဒါကြောင့် "မနုဿာ ကုဋိလာ" လူတွေက ကောက်ကျစ်တယ်၊ တိရစ္ဆာန်တွေက ဖြောင့်တယ်။ အဲဒါ စာလာပေလာ စကားတွေနော်။ အလောင်းတော်မျောက်မင်းက ပေ(၁၀၀၀)လောက် နက်တဲ့ချောက်ကို ကြည့်လို့ လူတစ်ယောက်ကျနေတာ မြင်လိုက်တာ သူ့သားလေးကျနေ သလိုပဲတဲ့ မိခင်တစ်ဦး သူ့သားချောက်ထဲကျနေတော့ အင်မတန် ကယ်တင်ချင်တဲ့စိတ်တွေ ဖြစ်မယ်။ အဲဒီစိတ်ကလေးက ဘာလဲဆိုတော့ မေတ္တာပါရမီ။ ပုဏ္ဏားကို အသူတစ်ရာလောက်ရှိတဲ့ ချောက်ကြီးထဲက လူတစ်ယောက်ကို အပေါ်ရောက်အောင် ကြိုးစားတာက ဝီရိယပါရမီ။ အဲဒီလို ကြိုးစားပန်းစားနဲ့ ကယ်တင်ပြီး မောဟိုက်နေရှာတယ်။ အပေါ်ကို ပုဏ္ဏားလဲရောက် မောရော။ မောတော့ ပုဏ္ဏားရဲ့ပေါင်ပေါ် ခေါင်းအုံး အိပ်နေတယ်။ ပုဏ္ဏားကစိတ်ကူးတယ်၊ ဒီမျောက်ကိုသတ်ပြီး မျောက်သားလေးများ မယားကိုပြစားရရင် ငါမျက်နှာကောင်းရမှာပဲတဲ့။ ဘယ်လောက်ကောင်းတဲ့ အကြံလဲနော်၊ လူပုဏ္ဏားကကြံတာ။

ဩော်- ဒီမျောက်သားလေးနဲ့ တို့မိသားစု စားလိုက်ရရင် မယားမျက်နှာ ဘယ်လောက်များ ကြည်မလဲတဲ့။ ကြံစည်တဲ့အတိုင်းပဲ အိပ်ပျော်နေတဲ့ မျောက်ဦးခေါင်းကို အနားမှာရှိတဲ့ ကျောက်တုံးကြီးနဲ့ ထုသတ်လိုက်ပါတယ်။ မျောက်မင်းဦးခေါင်းက ထွက်လာတဲ့သွေးတွေ ပုဏ္ဏားမှာလဲ ပေ၊ မျောက်တစ်ကိုယ်လုံးမှာလဲ ပေကျံကုန်တယ်။ မျောက်မင်းလဲ အနီးအနားရှိတဲ့ သစ်ပင်ပေါ်ပြေးတက်သွားတယ်။ အလောင်းတော်မျောက်မင်းက "ပုဏ္ဏား- သင် ရက်စက်လှချည်လား။ သင့်ရွာနဲ့လဲ အဝေးကြီးရှိသေးတယ်။ ငါပြန်မပို့ရင် သင်သေဖို့ပဲရှိတယ်။

http://www.dhammadownload.com



ပုဏ္ဏား- သင်လိုလူမျိုး လောကကြီးထဲမှာ ရှိသေးသကိုး” အဲဒီလို အံ့ဖွယ် စကားပြောတယ်။ စိတ်ဆိုးတာ မဟုတ်ဘူး။ စောစောကထဲက ကယ်မယ်လို့ စိတ်ပဋိညာဉ်ထားခဲ့တာကိုး။

“ပုဏ္ဏား- သင့်အနားကိုတော့ ငါမကပ်ဝံ့တော့ဘူး။ သင့်ကို စိတ်မချဘူး။ ငါ့ခေါင်းကကျတဲ့ သွေးစက်တွေကို ကြည့်ပြီးတော့သာ လိုက်ခဲ့ပေတော့။ ကြာကြာနေရင် တောရိုင်းတိရစ္ဆာန်တွေ့ရင် သင်ဒုက္ခ ရောက်မယ်။ လာ လာ လာ လိုက်ခဲ့ပေတော့”ဆိုပြီး သစ်တစ်ပင်က တစ်ပင်ကူးပြီး လူတို့ရွာသွားတဲ့ လမ်းကိုညွှန်ပြ လိုက်ပို့ရှာတယ်။ ပုဏ္ဏားကို ငါကယ်မယ်လို့ စိတ်ပဋိညာဉ် ထားတဲ့အတိုင်း စွဲစွဲမြဲမြဲ ဆောင်ရွက်ခြင်း ဟာ အဓိဋ္ဌာနပါရမီပါပဲ။ နှုတ်ကနေပြီး သင့်ကိုရောက်အောင် ပို့မယ်။ လို့ပြောတဲ့အတိုင်း ဆောင်ရွက်ခြင်းဟာ သစ္စာပါရမီ။ ပုဏ္ဏားက သူ့ခေါင်းကို ရိုက်ခွဲလိုက်တဲ့အခါ စိတ်မဆိုးပဲနဲ့ ဆက်လက်ပြီး ပုဏ္ဏားကို ရောက်အောင်ပို့တာ စိတ်မဆိုးတာ ခန္တီပါရမီ၊ ကျေးဇူးမသိတတ်တဲ့ ပုဏ္ဏားကို ပြန်ပြီးတော့ အင်မတန်မိုက်တဲ့ကောင်၊ မသိတတ်တဲ့ကောင် နင့်တော့ သေတာကောင်းတယ် စသည့်ဖြင့် ဝစီကံဖြင့် ကြမ်းကြမ်း တမ်းတမ်းပြောတဲ့စကားမှ ရှောင်ကြဉ်တဲ့အတွက် သီလပါရမီ။

ဘုန်းကြီးတို့တတွေ စဉ်းစားကြည့်လေ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက် မွေးမြူတယ်။ ပညာသင်ပေးလာတယ်။ အချိန်တန် အရွယ်ရောက်လာတော့ ပြောတာ ဆိုတာ နားမထောင်ဘူး။ မိဘတွေက အမွေပြတ် မကြောငြာကြဘူးလား။ စောစောက ပညာသင် ပေးထားတာတွေရော မပျက်ဘူးလား။ ပျက်တယ်။ အလောင်းတော် ကြီးတော့ စောစောကကြိုးစား၍ ချောက်ထဲက ကယ်တင်ခဲ့တဲ့ ကုသိုလ်တွေ မပျက်ဘူး၊ ခန္တီပါရမီတွေ၊ ဘယ်လိုအခွင့်အလမ်းတွေကိုမှ တောင်းတချက်မရှိတာက နေက္ခမ္မပါရမီ။

ဒီပုဏ္ဏားနဲ့ ဘုရားလောင်းမျောက်မင်းရဲ့ အခြေအနေကို ကြည့်မယ်ဆိုရင် ဘုရားအလောင်းတော်ဟာ ဝမ်းသာဝမ်းနည်းမရှိတဲ့

http://www.dhammadownload.com



အတွက် ဥပေက္ခာပါရမီ။ ဥပေက္ခာပါရမီက မိမိပေါ် ကောင်းကျိုးပြုသူနဲ့ ကောင်းကျိုးမပြုသူ အဲဒီနှစ်ယောက်အပေါ် မှာ တန်းတူထားနိုင်တယ်။ ဒီပုဏ္ဏားဟာ ဘုရားလောင်း ဦးခေါင်းရိုက်ခွဲတယ်ဆိုတော့ ကောင်းကျိုးပြုတယ် ခေါ်နိုင်ပါ့မလား။ ကောင်းကျိုးမပြုပါဘုရား။ ကောင်းကျိုးမပြုတဲ့ အင်မတန်ရက်စက်လှတဲ့ ပုဏ္ဏားကို စိတ်မဆိုးပဲနဲ့ လစ်လျူရှုနိုင်တာက ဥပေက္ခာပါရမီ။

ဒါကြောင့်မို့ ဒါနပါရမီ၊ သီလပါရမီ အစရှိတဲ့ ပါရမီများကို ဖြည့်ဆည်းပူးတဲ့အခါမှာ အရေးကြီးဆုံးပါရမီက ခန္တီပါရမီနဲ့ ဥပေက္ခာပါရမီ၊ ဒီနေရာမှာ ဘုရားလောင်းမျောက်မင်းဟာ ခန္တီပါရမီသာမရှိရင် ပုဏ္ဏားကို ရွာရောက်အောင် ပို့နိုင်ပါတော့မလား။ မပို့နိုင်တော့ဘူး။ မပို့နိုင်ရင် စောစောက ဆောင်ရွက်ထားတဲ့ ကြိုးစားထားတဲ့အတိုင်း ဝီရိယ မေတ္တာပါရမီတို့ဟာ အကုန်ပျက်မသွားဘူးလား။ ပျက်သွားပါတယ် ဘုရား။ ခန္တီပါရမီ မိမိအတွင်းဖြစ်တဲ့ရောဂါဝေဒနာကို သည်းခံနိုင်တာက တစ်မျိုး၊ အပြင်က ဆဲတာဆိုတာ ကြမ်းတမ်းတဲ့အမူအယာတွေ သည်းခံနိုင်တာက တစ်မျိုး၊ ဥပေက္ခာပါရမီက ကောင်းသည်နှင့် မကောင်းသည်ကို တန်းတူထားနိုင်တယ်။ ချစ်ရင် ချစ်တယ်၊ မုန်းရင် မုန်းတယ်၊ ချစ်ရမယ့်သူ မုန်းရမယ့်သူ (၂)မျိုးရှိတယ်။

ဥပေက္ခာပါရမီက ချစ်တဲ့သူနဲ့ မုန်းတဲ့သူ တန်းတူထားနိုင်တယ်။ အဲဒီ ခန္တီပါရမီနဲ့ ဥပေက္ခာပါရမီဟာ အလွန်အရေးကြီးတယ်။ အခု ဘုရားလောင်းမျောက်မင်း ကယ်တင်တဲ့လုပ်ငန်းလုပ်တယ်၊ ချောက်ထဲ ကျနေလို့ ကယ်တင်ပြီး အပေါ် ရောက်နေပြီ၊ ဇီဝိတဒါန။ ခန္တီပါရမီ သည်းခံနေမှုနှင့် ဥပေက္ခာပါရမီ သူ့အပေါ် ကို ခွင့်လွှတ်နိုင်လောက်တဲ့ အခြေအနေရှိပြီးတော့ ပုဏ္ဏားလုပ်တဲ့ မကောင်းတဲ့ မိမိအပေါ် မှာ လုပ်တဲ့လုပ်ငန်းကို၊ မကောင်းတဲ့အပြုအမူကို ခွင့်လွှတ်နိုင်လို့သာလျှင် အခုဘုရားလောင်း ပါရမီအားလုံး အောင်မြင်တာပါပဲ။

http://www.dhammadownload.com



အဲဒီတော့ ဘုန်းကြီးတို့ အခု လူ့ဘဝရောက်လာကြပြီ ဆိုပါစို့။ ကလေးဘဝရောက်ပြီ ဆိုကြပါစို့။ အမိရယ်၊ အဖရယ် မစောင့်ရှောက်ရင် ဒီကလေး အသက်ရှင်ပါ့မလား။ မရှင်ပါဘုရား။ ဒါနပြုကြတယ် သီလဆောက်တည်ကြတယ် ဆိုရင်လဲ ခန္တီပါရမီနဲ့ ဥပေက္ခာပါရမီ ပါဝင်တာပါပဲ။ ခန္တီပါရမီက အမိနဲ့တူတယ်။ ဥပေက္ခာပါရမီက အဖနဲ့ တူတယ်။ နောက် ခန္တီပါရမီနဲ့ ဥပက္ခောပါရမီ မိဘတွေက စောင့်ရှောက် ကြပါသော်လဲ ဟိုဟာစား၊ ဒီဟာစား အအေးအပူစတဲ့ အချက်အလက် တွေ ဥတုရာသီဒဏ်တွေကြောင့် ရောဂါအမျိုးမျိုးတွေ နှိပ်စက်မယ်။ ညှော်မယ်၊ သင်းမယ် ရောဂါတွေ နှိပ်စက်မယ်ဆိုရင် မိဘစောင့်ရှောက် ပေမဲ့ ဒီကလေးလဲ အသက်ရှင်နိုင်မှာ မဟုတ်ဘူး။ ဆေးဆရာမလိုဘူး လား။ (လိုပါတယ်)။

အဲဒီလိုပဲတဲ့ ဒါနအစရှိတဲ့ ပါရမီတွေကို ဖြည့်ကြတဲ့အခါမှာ ခန္တီပါရမီသည်းခံရုံနဲ့ ဥပေက္ခာပါရမီ ချစ်မုန်းနှစ်ရပ်ကို ပယ်ပြီးတော့ ချစ်သူ မုန်းသူ တန်းတူထားနိုင်ပေမဲ့လဲ မပြီးသေးဘူးတဲ့။ ဒါနအစရှိတဲ့ ပါရမီတွေကို ဖြည့်ကျင့်တဲ့အခါ အရှိန်အစော်ရချင်လို့ အရှိန်အစော်ကို မျှော်လင့်တယ်။ ဂုဏ်သတင်း ကြီးထွားချင်တယ်။

ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ လူ့စည်းစိမ် နတ်စည်းစိမ်တွေ မျှော်လင့်ပြီးတော့ ပြုမယ်ဆိုရင် ပါရမီမမြောက်ဘူးတဲ့။ ဒါကြောင့် နေက္ခမ္မပါရမီ မိမိပြုတဲ့ လုပ်ငန်းအပေါ် ဒီပုဏ္ဏားကို ဘုရားလောင်း မျောက်မင်းက ကယ်တင်တဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ တစုံတစ်ရာ အခွင့်အလမ်းကို မမျှော်လင့်ပဲနဲ့ ဒီအလုပ်ကို လုပ်ရမှာပဲ။ ဒီလုပ်ငန်းကို ငါကြိုးစားမင်းစားလုပ်မယ်လို့ လုပ်ငန်းတစ်ခုအပေါ်မှာ မူတည်ပြီး ဆောက်ရွက်တဲ့ ပါရမီဓာတ်ကလဲ အားလုံးရှိပြီးသား။

http://www.dhammadownload.com



**အမိအဘာ ဆေးဆရာ**

မိဘာစောင့်ရှောက်ရုံတင်မကဘူး။ သားသမီးများကို ဆေးဆရာ စောင့်ရှောက်မှ အသက်ရှင်သလို ဒါနအစရှိတဲ့ ပါရမီလုပ်ငန်းတွေ ကြိုးစားကြတဲ့အခါ ပြုကြတဲ့ အခါမှာလဲပဲ အမိနဲ့တူတဲ့ ခန္တီပါရမီ၊ အဖနဲ့တူတဲ့ ဥပေက္ခာပါရမီ ဆေးဆရာနဲ့တူတဲ့ နေက္ခမ္မပါရမီ ဤသုံးပါးက ထိန်းပြီးထားနိုင်မှ ကလေးသူငယ်များ ကျန်းကျန်းမာမာနဲ့ အသက်ရှင် သလို လူ့ဘဝ လူလုံးလှသလို သာဝကဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်တို့ကို ရောက်ကြောင်း ပါရမီတရားတွေကို ကြိုးစားတဲ့အခါ။ ခန္တီပါရမီ အရာရာကို သည်းခံနိုင်ပြီး ဥပေက္ခာပါရမီ၊ မိမိအပေါ် အကျိုးရှိသူနဲ့ မရှိသူ။ စော်ကားသူနဲ့ မစော်ကားသူ၊ ပူဇော်သူနဲ့ မပူဇော်သူ တန်းတူထားနိုင်ခြင်းဆိုတဲ့ ဥပေက္ခာတရားစု။

နေက္ခမ္မပါရမီ ပြုသမျှ ကုသိုလ်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ အခွင့်အလမ်း မမျှော်လင့်ပဲနဲ့ဆိုရင်တော့ ပါရမီမျိုးစေ့ အားကောင်းတဲ့ မျိုးစေ့ဖြစ်ပါတယ်။ ဒါကြောင့်မို့ မိမိတို့ ဒါနအစရှိတဲ့ ပါရမီလုပ်ငန်းများ သာဝကဗောဓိဉာဏ်၊ ပစ္စေဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်ရောက်ကြောင်း ကောင်းမြတ်သော ဒါန သီလ ဘာဝနာ လုပ်ငန်းများ ကြိုးစားမယုတ် အားထုတ်ကြတဲ့အခါ အမိနဲ့တူတဲ့ ခန္တီပါရမီ၊ အဖနဲ့တူတဲ့ ဥပေက္ခာပါရမီ ဆေးဆရာနဲ့တူတဲ့ နေက္ခမ္မ ပါရမီစေတတ်တို့ဖြင့် ထိန်းကျောင်းပြီးတော့ မိမိတို့ အလိုရှိအပ်တဲ့ ဗောဓိဉာဏ် အဆင့်ဆင့်သို့ လျှင်မြန်စွာ ချောမောစွာ ဆိုက်ရောက် နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သြဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတဓရ**

# လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**လွတ်လပ်ရေးတရားတော်**

ယနေ့ ၁၃၆၅ ခု၊ နှောင်းတန်ခူးလ လပြည့်ကျော် (၆)ရက်။

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ လွတ်လပ်ရေးကျောင်းတိုက်တွင် ကျင်းပပြုလုပ်တဲ့ သကြ်န်အခါ လယ်တီဝိပဿနာအထူးတရားစခန်း။

လွတ်လပ်ရေးကျောင်းတိုက်အတွင်းမှာ ကျင်းပခြင်းဟာ ပျံလွန်တော်မူသွားတဲ့ ဆရာတော်ဘုရားကြီးအား ကျေးဇူးတုန့်ပြန်တဲ့ ပွဲလို့ ဒီလိုလဲ ဆိုနိုင်ပါတယ်။

ဆရာတော်ဘုရားကြီးနဲ့ ဘုန်းကြီးတို့ဟာ ရဟန်း (၁၀)ဝါရစဉ် ထဲက ဘုန်းကြီးတို့ ဝိနည်းပိဋကတ် ပြန်စဉ်တုန်းက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနိန္ဒက စာထောက်စာမ ပြုတော်မူခဲ့ပါတယ်။

ဘုန်းကြီးရဲ့ကျေးဇူးရှင် ငါန်းဇွန်ဆရာတော် ဘဒ္ဒန္တပရမနှင့် ဆရာတော် ဘဒ္ဒန္တဇနိန္ဒ အရှင်မြတ်ကြီးတို့ ရင်းနှီးခင်မင်ကြပါတယ်။

http://www.dhammadownload.com



အဲဒီလိုနဲ့ လွန်ခဲ့တဲ့ (၃)နှစ်လောက်က စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ လယ်တီကမ္မဋ္ဌာန်းကျောင်းတိုက်မှာ ဆရာတော်ကိုယ်တိုင် လာ၍အားထုတ်ပါတယ်။ အမျိုးသား၊ အမျိုးသမီးတွေလဲ အားထုတ်ပါတယ်။

ထူးထူးခြားခြား လွတ်လပ်ရေးကျောင်းတိုက်ကြီးရဲ့ ဆရာတော်ဘုရားကြီးဟာ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်းမှာရှိတဲ့ ဝိပဿနာဒီပနီ ဓမ္မာရုံကြီးရဲ့ သံဃာစင်ပေါ်မှာ ထီးထီးမားမားကြီး ဝိပဿနာကမ္မဋ္ဌာန်း တရားအားထုတ်ဖို့ ကြွရောက်နေတာကို ဖူးတွေ့လိုက်ရတော့ ဒုတိယအကြိမ် ပဋိပတ်နယ်ပယ်မှာ ထပ်မံကြုံကြရင်းရင်းနှီးရတာ ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးဟာ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာကြီးအား ဝိဇ္ဇာဓာတ်အလင်းရောင် ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာတရားကို ပျံလွန်တော်မမူမီ (၃)နှစ်အတွင်းမှာ ကျင့်ကြံတော်မူပြီး တရားနဲ့ပတ်သက်လို့ အားရတော်မူတယ်။ ကျေနပ်တော်မူပါတယ်။

ဆရာတော်ဘုရားကြီးဟာ လွတ်လပ်ရေးကျောင်းတိုက်မှာ သီတင်းသုံးတော်မူပြီး လွတ်လပ်ရေးရသွားတယ်လို့ ဒီလိုပြောနိုင်ပါတယ်။ လွတ်လပ်ရေးဆရာတော် ဘဒ္ဒန္တဇနိန္ဒ၏ ဆန္ဒတော်အရ လက်ရှိဆရာတော်က ဆန္ဒတော်ကို ဖြည့်ဆည်းလျှက် ယနေ့ ၁၀-၄-၂၀၀၄ မှ ၁၈-၄-၂၀၀၄ အထိ (၉)ရက်၊ နာရီပေါင်း (၈၇)နာရီ တရားအားထုတ်ကြရမှာပါ။

တစ်နာရီ၊ တစ်နာရီလျှင် ပျမ်းမျှခြင်းအားဖြင့် ထွက်လေ ဝင်လေပေါင်း (၁၀၀၀)ခန့်ဆိုတော့ (၉)ရက်မှာ (၈)သောင်းကျော်လောက် ဖြစ်ပါတယ်။ ထွက်လေ ဝင်လေတွေဟာ ဘုန်းကြီးတို့ အမိဝမ်းမွေးဖွားလာတဲ့အချိန်ကစပြီး ထွက်လေ ဝင်လေတွေကို ရှူသွင်း ရှူထုတ်ပြုလုပ်

http://www.dhammadownload.com



ခဲ့ကြတာပါ။

ဒါပေမယ့် အမှုမဲ့၊ အမှတ်မဲ့နဲ့ ရှုသွင်း ရှုထုတ်ပြုလုပ်ခဲ့ကြတာပါ။ အခုတော့ ထွက်လေ ဝင်လေကို အမှုနဲ့၊ အမှတ်နဲ့ ရှုသွင်း၊ ရှုထုတ်နေကြရပြီ။ အဲဒီ ထွက်လေ ဝင်လေကို ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ ရှုသွင်း ရှုထုတ်ပြုနေကြသော်လဲပဲ ယခင်က ဗုဒ္ဓနည်းကျမပြုလုပ်ခဲ့ကြဘူး။ ယခုမှ အားထုတ်ခွင့်ရကြမှာ ဖြစ်တယ်။

မြတ်ဗုဒ္ဓက အမြဲတမ်း ရှုသွင်း ရှုထုတ်ပြုလုပ်နေတဲ့ ထွက်လေ ဝင်လေကိုပဲ နိဗ္ဗာန်ရောက်နိုင်တဲ့ အာနာပါနကျင့်စဉ်အဖြစ်နဲ့ ပေးထားခဲ့တာဖြစ်ပါတယ်။

မြတ်စွာဘုရားက ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ မဟာသတိပဋ္ဌာန် အားထုတ်နည်းကို ပေးတော်မူတဲ့အခါ "ဩော်- မင်းတို့တတွေ အမြဲတမ်း အသုံးချနေတဲ့ ထွက်လေ ဝင်လေကို အသုံးချပြီးတော့ ပထမဆုံး တဏှာကျွန်အဖြစ်က လွတ်ကင်းအောင် အားထုတ်ကြ"လို့ ပေးတော်မူခဲ့တာ။

ဒီနေရာဟာ "လွတ်လပ်ရေးကျောင်း"ဆိုတော့ လွန်ခဲ့တဲ့နှစ် (၆၀)က အင်္ဂလိပ်မင်းလက်အောက်က လွတ်လာတဲ့အထိန်းအမှတ်အဖြစ်နဲ့ တည်ထားခဲ့တဲ့ကျောင်းတိုက်လို့ ယူဆရပါတယ်။

"လွတ်လပ်ရေး"ဆိုတာ အခြားအခြားနိုင်ငံကြီးများရဲ့ အုပ်ချုပ်မှုအောက်မှာ လွတ်လပ်လာတာကို အထိမ်းအမှတ်ထားပြီးတော့ လွတ်လပ်ရေးကျောင်းလို့ သတ်မှတ်ကြတာ။ အဲဒီလို မှည့်ခေါ်တာဟာ လောကနယ်ပယ်မှာ မှန်ပါတယ်။ ဗုဒ္ဓတရားစာပေနဲ့ ပြောရရင်တော့-

**နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။**
**သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿမေ သရဏံ ဘဝ။**

ဝီရ= ရဲရင့်တော်မူသော၊ ဗုဒ္ဓ= သစ္စာလေးပါး တရားသိမြင်ဘုရားရှင်၊ တေ= ထိုရှင်တော်မြတ်ဘုရားအား၊ မေ= တပည့်တော်၏၊ နမော= ရှိခိုးခြင်းသည်၊ အတ္ထု= ဖြစ်ပါစေသတည်း။

http://www.dhammadownload.com



တွံ= ရှင်တော်မြတ်ဘုရားသည်၊ သဗ္ဗမိ= အလုံးစုံသော ဝဋ်ခရီး အကျဉ်းအကြပ်တို့မှ၊ ဝိပ္ပမုတ္တော= လွတ်လပ်ပြီးသည်၊ အသိ= ဖြစ်တော်မူပါပေ၏။ ရှင်တော်မြတ်ဘုရားကြီးဟာ အလုံးစုံသော အကျဉ်းအကြပ်တို့မှ တဏှာကျွန်အဖြစ်မှ အထူးသဖြင့် လွတ်မြောက်တော်မူခဲ့ပါပြီဘုရား။

အဟံ= တပည့်တော်သည်၊ သဗ္ဗာဓ ပဋိပန္နောသ္မိ= အသူရိန်နတ်၏ ခံတွင်းသို့ ကျရောက်နေသဖြင့် အလွန်ကျဉ်းကြပ်နေရပါသည်ဘုရား။

တဿ မေ သရဏံ ဘဝ= ရှင်တော်မြတ်ဘုရားသည် ကာမ အနှောင်အဖွဲ့၊ ရာဟုအသူရိန်၏ အနှောင်အဖွဲ့ အကျဉ်းအကြပ် ကျနေသော တပည့်တော် လနတ်သား၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူပါဘုရား။

အဲဒီလို လနတ်သားလျှောက်ထားသလိုပဲ ယခုတရားအားထုတ်နေကြတာ သံသရာတစ်လျှောက်လုံး အမြဲတမ်း နှောင်ဖွဲ့ချုပ်ချယ်ထားတဲ့ တဏှာရဲ့ကျွန်အဖြစ်က လွတ်မြောက်ချင်ကြလို့ပါပဲ။

တဏှာကျွန်အဖြစ်က လွတ်ချင်လို့ လွတ်လပ်ရေးကျောင်းမှာ တရားအားထုတ်ကြတာပါ။ မိမိရဲ့သူငယ်ချင်း မိတ်ဆွေတွေက "ဘာပြုလို့ တရားအားထုတ်ကြတာလဲ" မေးရင် တဏှာကျွန်အဖြစ်က လွတ်ချင်လို့ တရားအားထုတ်ကြတာပါလို့ ဖြေလိုက်ပါ။

## တဏှာအခြေခံတရား (၉)ပါး

တဏှာကို အခြေခံတဲ့တရားက (၉)မျိုး။

**တဏှံ ပဋိစ္စ ပရိယေသနာ။**

တပ်မက်တွယ်တာမှုကို၊ အာရုံငါးပါးကို၊ သက်ရှိသက်မဲ့ကို တပ်မက်မှုကို အခြေခံပြီးတော့၊ ပရိယေသနာ= ရှာမှီးတာပဲ။ တဏှံ ပဋိစ္စ ပရိယေသနာ= တဏှာကို အခြေခံပြီးတော့ ရှာမှီးတယ်။ ပြည်တွင်းမှာ ရှာမှီးတယ်။ ပြည်ပမှာ ရှာမှီးတယ်။ မိမိတို့ မြို့ရွာမှာ ရှာမှီးတယ်။

http://www.dhammadownload.com



ရူပါရုံ= အဆင်းမျိုးစုံကို ရှာမှီးတယ်။ သဒ္ဒါရုံ= အသံမျိုးစုံ၊ ဂန္ဓာရုံ= အနံ့မျိုးစုံ၊ ရသာရုံ= အရသာမျိုးစုံ၊ ဖောဋ္ဌဗ္ဗာရုံ= အတွေ့အထိမျိုးစုံ၊ ဓမ္မာရုံ= တွေးကြံမှုမျိုးစုံ ရှာမှီးတယ်။

ရှာမှီးတာ ဘာကြောင့်ရှာမှီးတာလဲ။ လိုချင်လို့ပါပဲ။ လိုချင်တာကို အခြေခံပြီးတော့ ပရိယေသန ရှာဖွေတယ်။ မြတ်စွာဘုရားက လောဘ၊ တဏှာ လိုချင်တာ။ တပ်နှစ်သက်တာ၊ တွယ်တာတာ၊ မြတ်နိုးတာ၊ ခင်မင်တာ၊ မခွဲနိုင် မခွာရက်ဖြစ်တာကို သမုဒယသစ္စာတဲ့။

ဒုက္ခအားလုံးတို့ရဲ့ အရင်းအမြစ်ကို ရှာလိုက်တဲ့အခါ ဒီတဏှာ လောဘကို တွေ့ရတယ်။ ဒီတဏှာ လောဘ သမုဒယက လွတ်အောင် ရုန်းထွက်နိုင်ရင် ငြိမ်းပြီပေါ့။ တပ်မက်တွယ်တာမှုကြောင့် ပရိယေသန ရှာမှီးတယ်။ ရှာမှီးတော့ သက်ရှိ သက်မဲ့အရာဝတ္ထုတွေကို ရတယ်။

ရတာကိုအခြေခံပြီးတော့ ငါ့ဟာလေးပဲလို့ ဆုံးဖြတ်တယ်။ အဲဒါလေးကို ငါ့ဟာလို့သတ်မှတ်ပြီး မျိုချသလိုပဲတဲ့။ သက်ရှိသက်မဲ့ ပစ္စည်းတွေအပေါ် ငါ့ဟာ ငါ့ဟာနဲ့။ အဲဒီလို မျိုချပြီးတော့ သဘောကျပြီးတော့ သဘောတွေ့ပြီးတော့ “ပရိဂ္ဂဟ” သိမ်းဆည်းတော့တာပဲ။

ခြံခတ်ပြီးတော့ သိမ်းဆည်းတယ်။ အုတ်တံတိုင်းကာပြီးတော့ သိမ်းဆည်းတယ်။ လက်နက်ခဲယမ်းမီးကျောက်နဲ့ ကာကွယ်ပြီးတော့ သိမ်းဆည်းတယ်။ အဲဒီသိမ်းဆည်းတာကို အခြေခံပြီးတော့ “မစ္ဆရိယ” ဝန်တိုမှုဖြစ်တယ်။ ဝန်တိုမှုကို အခြေခံပြီးတော့ “အာရက္ခာ” သေသေချာချာ စောင့်ရှောက်တယ်။

နိုင်ငံနဲ့ပြောရရင် နယ်စပ်တွေမှာ စောင့်ရှောက်တာဟာ ဒါတွေကို အခြေခံတာပေါ့။ စောင့်ရှောက်တာကို အခြေခံပြီးတော့ ရန်ဖြစ်တယ်၊ ငြင်းခုံတယ်။ ကိုယ်နဲ့ခိုက်ရန် ဒေါသနဲ့ပြောကြ ဆိုကြရတယ်။ ကုန်းတိုက်တယ်၊ မဟုတ်မမှန် လုပ်ကြံပြီးတော့ ပြောဆိုတယ်။ အကုသိုလ်တရားတွေ တန်းစီလာတယ်။

http://www.dhammadownload.com



ဒါတင်မက တုတ်ကိုင်တယ်၊ ဓားကိုင်တယ်၊ လက်နက်ကြီးများ ကိုင်တယ်၊ လက်ကလွှတ်ပြီးတော့ ပြုလုပ်တဲ့လက်နက်။ လက်ကမလွှတ်ပဲနဲ့ ကိုင်ဆွဲထားတဲ့လက်နက်ရယ်။ အဲဒီလို တုတ်ကိုင်၊ ဓားကိုင်၊ လက်နက်ကိုင်ကြရတာ ဘာကိုအခြေခံသလဲဆိုတော့ လိုချင်တာကို အခြေခံပါတယ်။

အဲဒီမှာ ငါဖြစ်တာကိုး။ ငါ၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့အိမ်၊ ငါ့ယာ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီး၊ ငါ့ခင်ပွန်း၊ ငါ့တိုင်းပြည်၊ ငါ့လူမျိုး၊ ငါ့ပြည်၊ ငါ့မြေနဲ့ ဒါတို့ပြည်၊ ဒါတို့မြေ၊ ဒို့ပိုင်တဲ့မြေတဲ့။ တစ်လက်မစာမျှ အကျူးအကျော် မခံနိုင်ဘူး။ ဒါလောကရဲ့ ဖြစ်စဉ်ပါ။

လောကုတ္တရာအနေကတော့ ကိုယ့်ကိုယ်ကိုတောင် ငါအစွဲပြုတ်အောင် လုပ်ရတာကိုး။ အဲဒီ လိုချင်မှုတဏှာ ကျွန်ဘဝက လွတ်မြောက်လာတဲ့အခါမှ ငြိမ်းချမ်းရေးရတယ်။

ဟိုတုန်းက အင်္ဂလိပ်စီက လွတ်လပ်ရေးရတယ်။ လွတ်လပ်ရေးရအောင် အလွန်ကြိုးစားခဲ့ရတယ်။ ဒါပေမယ့် တကယ်တမ်း လွတ်လပ်ရေး မရသေးဘူး။ လိုချင်မှု တဏှာကျွန်ဘဝက လွတ်လပ်ရမှသာ တကယ်စစ်မှန်တဲ့ ဘဝလွတ်လပ်ရေးအစစ် ရမယ်။

**တဏှာအစစ် (၁၀၈)**

တဏှာကျွ(န်)အဖြစ်က လွတ်လပ်ရေးရအောင် ဘယ်လိုလုပ်ရမလဲဆိုတော့ အရှင်ဘုရားတို့ အဘယ်အကျိုးငှာ မြင့်မြတ်သောအကျင့်ကျင့်ကြပါသနည်း ဆိုတဲ့မေးခွန်းရှိဘူးတယ်။

"အခု ယောဂီသူတော်စင်များ လွတ်လပ်ရေးကျောင်းမှာ အဘယ်အကျိုးငှာ လယ်တီဝိပဿနာ ကျင့်ကြံပွားများ အားထုတ်ကြပါသနည်း"လို့မေးရင် "ဒုက္ခကို ပိုင်းခြားသိချင်လို့ပါပဲ"။ ဒုက္ခကိုပိုင်းခြားသိရင် စောစောကပြောတဲ့ တဏှာပဟာလဲ ပယ်စွန့်သွားနိုင်တယ်၊ ကွယ်ပျောက်သွားနိုင်တယ်။ ကြိုးစိုးပြီးတော့ နေတာက "လူတို့တည်ရာ ဤကမ္ဘာ

http://www.dhammadownload.com



တဏှာကြီးစိုးသည်"။ လူတို့ရဲ့တည်ရာ ဤကမ္ဘာကြီးဟာ တဏှာကြီးစိုးပါတယ်။

အဲဒီတော့ ဒုက္ခတွေအားလုံးရဲ့ အခြေခံကလဲ တဏှာပဲ။ လောဘလို့လဲ ခေါ်တယ်။ "တဏှာသုံးတန် တည်ထားပြန် အားကာသန်နှင့်မြှောက်"။ တဏှာက (၃)မျိုးရှိတယ်။

ကာမအာရုံ ကာမဂုဏ်၌ စွဲမှီသော ကာမတဏှာ၊ သဿတဒိဋ္ဌိနှင့် ယှဉ်၍ဖြစ်တဲ့ တဏှာသည် ရူပတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်၍ဖြစ်တဲ့ တဏှာသည် အရူပတဏှာ၊ အဲဒီတဏှာ(၃)မျိုးကို အာရုံ(၆)ပါးနှင့်မြှောက် ၃ × ၆ = ၁၈ ဖြစ်တယ်။

တစ်ဆယ့်ရှစ်ကို ကာလ (၃)ပါးနှင့်မြှောက် ၁၈ × ၃= ၅၄ ဖြစ်တယ်။

ငါးဆယ့်လေးကို သန္တာန် (၂)ပါးနှင့်မြှောက် ၅၄ × ၂ = ၁၀၈ ဖြစ်တယ်။

တဏှာသုံးတန် တည်ထားပြန်၊ အာ ကာ သန်နှင့်မြှောက်။
တဏှာအစစ် တစ်ရာ့ရှစ်၊ ဖြစ်၏လူမှာရောက်။

တဏှာရဲ့အင်ပါယာက အင်မတန်ကြီးကျယ်ပါတယ်။ (၁၀၈)တောင်မှ တဏှာအစစ်ရှိတယ်။ ဒီတဏှာအစစ် တစ်ရာ့ရှစ်မျိုးက ဒီကမ္ဘာလောကကြီးမှာရှိတဲ့ ဝေနေယျသတ္တဝါများမှာဖြစ်နေတယ်။ ကမ္ဘာ့လူမျိုးပေါင်းစုံ သတ္တဝါပေါင်းစုံကို ကြီးစိုးနေပါတယ်။

ဒီတဏှာဟာ အင်မတန်အရာကျယ်ပါတယ်။ နယ်ကျယ်ပါတယ်။ ဒါကြောင့် အဲဒီ တဏှာကို အကြောင်းပြုပြီးတော့ လောကမှာရှိကြတဲ့ လူတွေ၊ နတ်တွေ ဒုက္ခတွေဖြစ်တာ တရားသံဝေဂရပါစေတော့ ဆိုပြီး မြတ်စွာဗုဒ္ဓက ဒုက္ခသစ္စာကို ပထမရှေးဦးစွာ ပြတော်မူပါတယ်။

ပဋိသန္ဓေနေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ၊ မချစ်သူနဲ့တွဲရခြင်းဆင်းရဲ၊ ချစ်သူနဲ့ကွဲရခြင်းဆင်းရဲ၊ မိမိလိုချင်တာမရတဲ့ဆင်းရဲ၊ အကျဉ်းချုံးလိုက်ရင် ဥပါဒါနက္ခန္ဓာ စွဲလမ်းနိုင်ရာ

http://www.dhammadownload.com



ငါးပါးလုံးဟာ ဆင်းရဲအစစ်ပါပဲတဲ့။

ဒီဆင်းရဲတွေဟာ ဘယ်ဗြဟ္မာ၊ ဘယ်နတ်၊ ဘယ်တန်ခိုးရှင်ကမှ ဖန်ဆင်းတာလဲ မဟုတ်ဘူး။ အကြောင်းမဲ့ဖြစ်တာလဲ မဟုတ်ဘူး။ အင်မတန်အားကောင်းတဲ့ တဏှာကြောင့် အဲဒီ ဆင်းရဲဒုက္ခတွေ ဖြစ်ရတာပါ။

အဲဒါကို လွန်မြောက်နိုင်ရန် မြတ်စွာဘုရား လွန်ခဲ့တဲ့ ၂၅၉၂ နှစ်က တရားစည်ကြီး ရိုက်တီးတဲ့ ဓမ္မစကြာဒေသနာတော်မှာ မဂ္ဂင်(၈)ပါး ခေါ်တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာ(၃)ပါး အကျင့်တရားလမ်းစဉ်ကြီးကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားဓမ္မတွေထဲက အဆီအနှစ်တွေကို ထုတ်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော်လောက်က ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးက မန္တလေးမြို့အတွင်းရှိ ကင်းဝန်မင်းကြီးရဲ့ တရားအိမ်မဏ္ဍပ် ကြီးမှာ (၃)ညဉ့် (၃)ရက်တိုင်တိုင် ဒီတရားအားထုတ်နည်းဖြစ်တဲ့ အာနာပါန အခြေခံပြီး သမထယာနိကနည်းဖြင့် သဘာဝဓာတ်ပေါက်အောင် သက္ကာယဒိဋ္ဌိ ပြုတ်အောင် ဟောကြားတော်မူခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)ကျော်လောက်က ရန်ကုန်မြို့ရဲ့ တောင်ဘက် တွံတေးမြို့နယ်အတွင်းရှိ ပျော်ဘွယ်ကြီးရွာ သာယာစုပိုင်း မှာနေတဲ့ အနာဂါမ်လို့ ထင်ရှားကျော်ကြားမယ့် လူသူတော်စင်ကြီး ဦးဘိုးသက်အား ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီးက အာနာပါနအခြေခံပြီး သမထယာနိကနည်းဖြင့် ဓာတ်သဘာဝပေါက်အောင် သက္ကာယဒိဋ္ဌိပြုတ်အောင် အားထုတ်တဲ့ ဒီနည်းစနစ်ကို ပေးခဲ့တယ်။

လူသူတော်စင်ကြီး ဦးဘိုးသက် ဆရာတော်ဘုရား ပေးသနား တော်မူသော ဒီကျင့်စဉ်အတိုင်း ကြိုးစားအားထုတ်လိုက်တဲ့အတွက် အနာဂါမ်ဟုပင် ထင်ရှားကျော်ကြားလာခဲ့ပါတယ်။

http://www.dhammadownload.com



အဲဒီကနေပြီး ဆရာသက်ကြီးရဲ့တပည့် ဦးဘခင်၊ ဦးဘခင်ရဲ့ တပည့် ဂုရုကြီးဂိုအင်ကာတို့က ကမ္ဘာ့နိုင်ငံ (၅၀)ကျော် ဒီကျင့်စဉ်နည်း စနစ်တွေ ဖြန့်ပြီးနေပါပြီ။ ဒီကျင့်စဉ်ဟာ-

မြတ်ဗုဒ္ဓမှ လယ်တီဆရာတော်၊ လယ်တီဆရာတော်မှ အနာဂါမ် ဆရာသက်၊ အနာဂါမ်ဆရာသက်မှ ဦးဘခင်၊ ဦးဘခင်မှ ဂုရုကြီး ဂိုအင်ကာ၊ လယ်တီကမ္မဋ္ဌာနာစရိယများ အဆင့်ဆင့် ပုခုံးပြောင်း တာဝန်ယူပြီး လယ်တီဝိပဿနာပြန့်ပွားရေးအတွက် ဘက်ပေါင်းစုံက ဆောင်ရွက်နေကြပါတယ်။

ယခုအခါ မြန်မာမှကမ္ဘာသို့တိုင်အောင် ထင်ရှားကျော်ကြား လှသော သမထယာနိက လယ်တီဝိပဿနာကျင့်စဉ်ကို ကျင့်ကြံပွားများ အားထုတ်ခြင်းဖြင့် တဏှာကျွန်အဖြစ်မှ လွတ်မြောက်နိုင်ကြပါစေသောဟု ဆုတောင်းရင်း ဘုန်းကြီး၏တရားစကားကို နိဂုံးခပတ် အဆုံးသတ်လိုက် ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သြဝါဒါစရိယ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
ပရိယတ္တိသာသနဟိတဓရ**

## လယ်တီဘဒ္ဒန္တအာဂရောဘိဝံသ

**ဟောကြားတော်မူသော
မြင်သာမြို့ဦးကျောင်း တရားတော်**

ယနေ့ သာသနာနှစ် ၂၅၄၇ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၈)ရက်၊ (၁၂-၄-၂၀၀၄)တနင်္လာနေ့။

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာမြို့ဦးကျောင်း အတွင်း ပထမအကြိမ် ကျင်းပတဲ့ လယ်တီဝိပဿနာ (၇)ရက် တရား စခန်း။

ဒီတရားစခန်းမှာ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း က ဆင်းခဲ့တဲ့ကျောင်းပိုင်ဆရာတော်လေး ဦးပညာစာရနဲ့ ဦးတိလောက၊ ဦးဝိမလဗုဒ္ဓိ၊ တိုက်အုပ်ကိုယ်တော်၊ စာချအရှင်တို့က ကျောင်းဒကာ၊ ဒကာမတွေနဲ့ ညှိပြီး ပထမအကြိမ် တရားစခန်း ကျင်းပတယ်လို့ သိရတယ်။

http://www.dhammadownload.com



**နေရာ (၃)ဌာန**

ဘုန်းကြီး ဒီကျောင်းမရောက်ဖူးပါဘူး။ ဒါပေမယ့် ဝင်လာတာနဲ့ အထိုက်အလျှောက် ဆိတ်ငြိမ်မှုရှိတာကို သိရတယ်။ တရားအားထုတ်တဲ့အခါမှာ နေရာယူမှန်ဖို့ကလဲ အရေးကြီးတယ်။

မြတ်စွာဘုရားက (၃)နေရာ ညွှန်းတော်မူပါတယ်။ အာနာပါန ကမ္မဋ္ဌာန်းဖြစ်စေ၊ အခြားကမ္မဋ္ဌာန်းဖြစ်စေ နေရာရွေးရတယ်။

၁။ အရညဂတ - တောတောင်စခန်း မြန်းနိုင်ရင် ကောင်းပါတယ်တဲ့။

၂။ ရုက္ခမူလဂတ - သစ်ပင်ရင်း

၃။ သုညာဂါရဂတ - ဆိတ်ငြိမ်ရာအရပ်

ဆိတ်ငြိမ်မှုရတဲ့နေရာဟာ နေရာကောင်းပဲ။ ဒီနေရာဟာ ထိုက်တန်သလောက် ဆိတ်ငြိမ်ပါတယ်။ ဒီနေရာမှာ သုံးလောက ထွဋ်ထား မြတ်စွာဘုရားက ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၇ ကျော်က အိန္ဒိယနိုင်ငံ ယခုဆိုရင် ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ ဟောတော်မူခဲ့တဲ့တရား။

ဟိုရှေးကတော့ ကုရုတိုင်း ကမ္မာသဓမ္မဆိုတဲ့ ရွာကြီးမှာ ယခုဆိုရင် အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ အသောက မင်းကြီးရဲ့ ကောင်းမှုအမှတ်အသား ကျောက်စာတွေနဲ့ ပြုလုပ်ထား ပါတယ်။

အဲဒီလို အိန္ဒိယနိုင်ငံ၊ ဒေလီမြို့၊ ကေလာသအရှေ့အရပ်မှာ မြတ်စွာဘုရားက ဒီတရားအားထုတ်နည်းကို ဟောထားခဲ့သော်လဲ အိန္ဒိယက ဒေလီကလူတွေ များများစားစား အားထုတ်ခွင့်မရကြဘူး။ နည်းကောင်း စည်းကောင်းတွေ ကံကောင်းလို့ မြန်မာနိုင်ငံ ရောက်လာတယ်ဆိုပါတော့။

အလိုအလျှောက်ရောက်လာတာမဟုတ်ပဲ ရဟန္တာအရှင်မြတ်ကြီးတွေ၊ ရှေးဆရာတော်ကြီးများ လက်ဆင့်ကမ်းပုခုံးပြောင်းပြီး ရောက်လာတဲ့နည်းနာပါ၊ ကိုယ်တွေ့ အားထုတ်ခွင့်ရကြတယ်။

http://www.dhammadownload.com



မိမိတို့ကိုယ်တွေ့ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းနည်းဟာ အင်မတန် အရေးပါတယ်။

## တစ်မျိုးအားထုတ်တာနဲ့ (၄-၇-၈)အကျိုးရ

တစ်ခါ်ုန်က အရှင်အာနန္ဒာအရှင်မြတ်က မြတ်စွာဘုရား လျှောက်ထားတယ်။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရှင်တော်မြတ်ဘုရား၊ အဘယ်တရားတစ်မျိုးကို အားထုတ်လိုက်တာနဲ့ လေးပါးကိစ္စ၊ ခုနစ်ပါးသောကိစ္စ၊ ရှစ်ပါးသောကိစ္စ အကျိုးတရားများကို ပြီးစေနိုင်ပါသလဲဘုရားလို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ချစ်သား အာနန္ဒာ အာနာပါနကမ္မဋ္ဌာန်း ခေါ်တဲ့ ထွက်လေဝင်လေကို အခြေခံပြီးတော့ ရှုမှတ်ရင်း ရရှိတဲ့သတိ။

အဲဒီသတိကို အခြေခံပြီးတော့ ရှုမှတ်တဲ့ ဝင်လေ ထွက်လေ အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်တဲ့ သမာဓိတရားဟာ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ လို့ခေါ်တဲ့ -

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်၊

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ဆိုတဲ့ သတိပဋ္ဌာန်လေးပါးလုံး ပြီးပြည့်စုံနိုင်ပါတယ်။ ဒါတင်မက -

၁။ သတိသမ္ဗောဇ္ဈင်

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်

၃။ ဝီရိယသမ္ဗောဇ္ဈင်

၄။ ပီတိသမ္ဗောဇ္ဈင်

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်

၆။ သမာဓိသမ္ဗောဇ္ဈင်

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်

http://www.dhammadownload.com



သမ္ဗောဇ္ဈင် (၇)ပါးတို့ကိုလဲ ပြီးပြည့်စုံစေနိုင်တယ်။ ဒါတင်မက သေးပါဘူး။

၁။ ဝိဇ္ဇာလေးပါး - မဂ်လေးပါး

၂။ ဝိမုတ္တိလေးပါး - ဖိုလ်လေးပါး

အဲဒီ အကျိုးတရားတွေကိုလဲ ရရှိစေနိုင်တယ်။ အခု ယောဂီသူတော်စင်များ အားထုတ်နေတဲ့ အာနာပါနကမ္မဋ္ဌာန်းသည် မိမိက အာနာပါနကမ္မဋ္ဌာန်းတစ်မျိုးထဲကို အားထုတ်နေတာပါပဲ။ အဲဒီ အာနာပါနကမ္မဋ္ဌာန်းတစ်မျိုးထဲကို အားထုတ်ခြင်းဖြင့် သတိပဋ္ဌာန်လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ ဝိဇ္ဇာလေးပါး၊ ဝိမုတ္တိလေးပါး ပွားများအားထုတ်နေရသလို ပြီးပြည့်စုံစေပါတယ်။

## ရောက်သစ်စနှင့်ပုထုဇဉ်သေက္ခ၊ အသေက္ခတို့အား ဘယ်ကမ္မဋ္ဌာန်း ပေးမည်လဲ

တစ်ချိန်က မြတ်စွာဘုရားကို လျှောက်ထားကြတယ်။ "အရှင်ဘုရား သာသနာတော်ရောက်သစ်စ ရဟန်းတော်များ၊ ရှင်သာမဏေများ ယခု ဒုလ္လဘရဟန်း၊ သာမဏေများကို ဘယ်လိုထားရမှာလဲ ဘုရား"လို့ မေးလျှောက်တော့ "ချစ်သားတို့ သတိပဋ္ဌာန်တရား လေးပါးကိုသာ အားထုတ်ခိုင်းကြ"လို့ မိန့်တော်မူပါတယ်။

ပုထုဇဉ်များ သောတာပန်ကစပြီး သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့ဟာလဲ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို အားထုတ်ကြတဲ့။ အဲလို အားထုတ်လိုက်တဲ့ အခါကျတော့ အားလုံးတောင်းဆုဆိုနေကြတဲ့ အာသဝက္ခယဉာဏ်ကို ရရှိနိုင်တယ်။

ဒါဖြင့် ပုထုဇဉ်တွေ သေက္ခပုဂ္ဂိုလ်တွေ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ဖို့ တိုက်တွန်းရခြင်းအကြောင်းက ဘာလဲဆိုတော့ "အာဝသက္ခယဉာဏ် ရရှိဖို့ပါပဲ"။ ကိလေသာမီးတွေ ငြိမ်းတော်မူကြတဲ့ သံယောဇဉ်ကြိုးတွေ ဖြတ်တောက်ပြီးတော်မူကြတဲ့ လောဘ၊ ဒေါသ၊

http://www.dhammadownload.com



မောဟ တရားဆိုး တရားပျက်တွေ ချုပ်ငြိမ်းတော်မူကြပြီးတဲ့ ရဟန္တာ အရှင်မြတ်ကြီးတွေကလဲ ဒီအာနာပါနကမ္မဋ္ဌာန်း လက်သုံးတော်ပြုကြ တာပဲ။ ရည်ရွယ်ချက် (၂)မျိုးနဲ့ ပြုတော်မူကြတယ်။

၁။ မျက်မှောက်ထင်ထင် ရှုမြင်ရတဲ့ဘဝမှာ ချမ်းချမ်းသာသာ နေနိုင်ကြဖို့၊

၂။ သတိသမ္ပဇဉ်ဖြစ်ဖို့ ဒီအာနာပါနကမ္မဋ္ဌာန်းကို ရဟန္တာအရှင်မြတ် ကြီးတွေ လက်သုံးပြုတော်မူကြတယ်။

ယနေ့ မြင်သာမြို့ဦးကျောင်းမှာ ပထမအကြိမ် ဖွင့်လှစ်တဲ့ လယ်တီဝိပဿနာ (၇)ရက် တရားစခန်းမှာ စတင်ပြီး အားထုတ်ကြရ တာက နှစ်ပေါင်း (၂၅၀၀)ကျော်က ဗုဒ္ဓဘုရားကိုယ်တော်တိုင် ကုရုတိုင်း၊ ကမ္မာသဓမ္မရွာ ယခု အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ ဟောကြားတော်မူခဲ့တဲ့ ကမ္မဋ္ဌာန်းကြီးကို အားထုတ်နေရပြီလို့ ဝမ်းမြောက် ဖွယ်တစ်မျိုးလဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော်က မန္တလေးမြို့ ရွှေနန်းတော် အတွင်း ကင်းဝန်မင်းကြီးအိမ်တော် မဏ္ဍပ်အတွင်း သုံးညနဲ့သုံးနေ့ တိုင်တိုင် ဗုဒ္ဓဘုရားရှင် ဟောထားတော်မူတဲ့ အာနာပါနကမ္မဋ္ဌာန်း အခြေခံပြီး ဓာတ်သဘာဝပေါက်အောင် သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောကြားတော်မူခဲ့ပါတယ်။

တစ်ညဥ့်ရောက်တဲ့အခါ တရားပွဲမှာ ဆရာတော်ဘုရားကြီးရဲ့ ရှေ့မှာ ချိုးချိုးချပြီးတော့ ကင်းဝန်မင်းကြီးက ငိုတယ်။ “ဘုရား၊ ကျောင်း၊ ဇရပ်၊ ပိဋကတ်ပုထိုး အမျိုးမျိုးသော အဆောက်အဦ ဆောက်လုပ် လှူဒါန်းပြီး ပဉ္စမသင်္ဂါယနာတင် မင်းတုန်းဘဝရှင်မင်းတရားကြီး သာသနာ့ဒါယကာကြီး ဒီလိုခက်ခဲနက်နဲတဲ့ အာနာပါနကမ္မဋ္ဌာန်း အခြေခံတဲ့ ဓာတ်သဘာဝပေါက် သက္ကာယဒိဋ္ဌိပြုတ် တရားတော်ကို နာမသွားရလေခြင်း ဘုရား၊ နာစေချင်စမ်းပါဘိ၊ နှမြောမိလေခြင်း ဘုရား”လို့ လျှောက်ထားပါသတဲ့။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက အာနာပါန ကမ္မဋ္ဌာန်းတော်ကြီးကို ကင်းဝန်မင်းကြီးအမှူးပြုပြီး နန်းတွင်းသူ နန်းတွင်းသား တရားနာပရိသတ်တို့အား ဟောကြားတော်မူခဲ့သည့် အတိုင်း လွန်ခဲ့တဲ့ နှစ်ပေါင်း (၉၀)လောက်က အနာဂါမ်ဆရာသက်ကြီးဟု ကျော်ကြားလာမယ့် ဦးဘိုးသက်အား ကျေးဇူးတော်ရှင် လယ်တီဆရာ တော်ဘုရားကြီးက ဒီအာနာပါနကမ္မဋ္ဌာန်း အခြေခံပြီး သမထယာနိက နည်းဖြင့် ဓာတ်သဘာဝပေါက်အောင် သက္ကာယဒိဋ္ဌိပြုတ်အောင် သွန်သင်ညွှန်ကြား ကျင့်ကြံပွားများစေခဲ့တဲ့အတွက် အနာဂါမ်ဆရာ သက်ကြီးလို့ ထင်ရှားကျော်ကြားလာခဲ့ပါတယ်။

ဒီနေ့ ယောဂီများကိုယ်တိုင် အားထုတ်နေရတဲ့နည်းဟာ ဗုဒ္ဓဘုရားကိုယ်တော်တိုင် ကုရုတိုင်း ကမ္မာသဒမ္မရွာ ယနေ့ အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ ညွှန်းပြတော်မူတဲ့နည်း။

နှစ်ပေါင်း (၁၀၀)ကျော်က မန္တလေးမြို့ ကင်းဝန်မင်းကြီးအိမ် တော်မှာ ဟောကြားတော်မူခဲ့တဲ့နည်း။

လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)နှစ်ကျော်က အနာဂါမ်ဆရာသက်ကြီးဟု ကျော်ကြားလတံ့ဖြစ်တဲ့ ဦးဘိုးသက် ဒီနည်းနာနိဿယဖြင့် ကြိုးစား လိုက်တာ အနာဂါမ်အဆင့်ရောက်ရှိသွားခဲ့တဲ့နည်း။

ရှေးရှေးသူတော်စင်များလို ယခုယောဂီများ ကျင့်ကြံပွားများ နေရတဲ့နည်းသည် နည်းဟောင်း လမ်းဟောင်း ကျင့်စဉ်ဟောင်း ဖြစ်တယ်။ သူတော်စင်ကြီးများ အားကိုးအားထားပြု ကျင့်သုံးသွားတဲ့ ကျင့်စဉ်လဲ ဖြစ်တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားနှင့် ရှေးသူတော်ကောင်းကြီးများက မဟာပုရိသဘူမိ အမြတ်ခေါင်ဖျား ယောဂါ်ာအာဇာနည်၊ အမြတ် ခေါင်ချဉ်း အမျိုးသမီးအာဇာနည်များ ကျင့်ကြံအားထုတ်ခွင့်ရတဲ့ ကျင့်စဉ်ကြီးဖြစ်တယ်လို့ ချီးမြှောက်ခေါ်ဝေါ်တော်မူကြပါတယ်။

http://www.dhammadownload.com



ယောဂီကျင့်ကြံပွားများ အားထုတ်ရမည့် ကမ္မဋ္ဌာန်းသည် အင်မတန် လေးလေးနက်နက်ထားပြီး ကျင့်ကြံအားထုတ်မည့် ကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ ယခင်က တရားစခန်း မဖွင့်ဖူးဘူး။ ယခု ဖွင့်တယ်ဆိုတော့ ကျောင်းဒကာ၊ ကျောင်းဒကာများနဲ့ အနီးအနားမှာရှိကြတဲ့၊ ဒကာ ဒကာများလဲ အားထုတ်ခွင့်ရကြမှာပါ။

ကျောင်းတိုက်နဲ့ ပတ်သက်တဲ့ ကျောင်းဒကာ ကျောင်းအမ၊ ဆွမ်းဒကာ ဆွမ်းအမ၊ ဆရာတော်လေးရဲ့ ရဟန်းဒကာ ရဟန်းအမတွေ ပစ္စည်းလေးပါး ဒကာ ဒကာမတွေ ဒီတရားခမ္မကို လက်တွေ့အားထုတ်ပြီး သန္ဒိဋ္ဌိက ဒီဘဝမှာပဲ ထူးခြားတဲ့အကျိုးအာနိသင်များ ပြည့်ပြည့်ဝဝ ရရှိကြပါစေသောဟု ဆုတောင်းရင်း ဘုန်းကြီးရဲ့ဩဝါဒကို နိဂုံးချုပ်အပ် ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတဓရ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**သိဒ္ဓိ(၄)ပါးတရားတော်**

ယနေ့ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပုပ္ပါး ကျောင်းတိုက်ကြီးမှာ ကျင်းပနေတဲ့ အမိဋ္ဌာန်စခန်း။

ဒီအမိဋ္ဌာန် တရားစခန်းမှာ ဝင်ရောက်အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များဟာလဲ ကိုးပါးသီလနဲ့ ကိုးရက်တိုင်တိုင် သက်သတ်လွတ်စားပြီးတော့ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ တရားများ အားထုတ်ကြတယ်။ အဲဒီလို အားထုတ်တဲ့အခါ ဘုန်းကြီး တို့က အားပေးတဲ့အနေအားဖြင့် တရားဟောကြတယ်။

### ရှေးအလွန်ကျတဲ့ဘုရားရှိခိုး

ဒါကြောင့် ရှေးဦးစွာ အားလုံးလက်အုပ်ချီပြီး ရတနာသုံးပါး ရှိခိုးကြရအောင်-

http://www.dhammadownload.com



**နမော ဗုဒ္ဓါယ သိဒ္ဓမ်**
**နမော ဓမ္မာယ သိဒ္ဓမ်**
**နမော သံဃာယ သိရသာ သိဒ္ဓမ်**

ဟော ရှေးအလွန်ကျတဲ့ ဘုရားရှိခိုးပါပဲ။ ရွာဦးဘုန်းကြီးကျောင်းတွေမှာ ပညာသင်ကြရတယ်။ သင်ပုန်းကြီးကုန်လို့ မင်္ဂလသုတ်တက်မယ်ဆိုရင် နမော ဗုဒ္ဓါယသိဒ္ဓမ်။ တစ်ချို့ကျောင်းတွေမှာတော့ ကျောင်းစနေတယ် ဆိုရင်ပဲ နမောဗုဒ္ဓါယ သိဒ္ဓမ်။ ကလေးဘဝတုံးကတော့ ဒီစကားလေးကို နမော ဗုဒ္ဓါ၊ ယသိဒ္ဓမ်လို့ ဒီလိုမှားပြီးဖတ်တယ်။ အဲဒီလိုပဲ ဖတ်ခဲ့ဖူးပါတယ်၊

ဘယ်လောက်ရှေးကျသလဲလို့ သမိုင်းကြောင်းလေး ပြန်ကြည့်မယ်ဆိုရင် သီ သံ သ ပု အင်း ဥ မ မြေ သက် ရှည် မန္တ ကောင်း ကောင်း၈ ဆိုတဲ့ သာသနာအစဉ်ကြည့်ရင် အိန္ဒိယက သီဟိုဠ်၊ သီဟိုဠ်က သံတွဲ၊ သံတွဲက သထုံ၊ သထုံက ပုဂံ၊ ပုဂံက အင်းဝ၊ အင်းဝက ဥဿာ (ပဲခူး)ရောက်၊ ဒီထုနေ ပြန်ကြည့်မယ်ဆိုရင် နှစ်ပေါင်း(၅၀၀) ကျော်လောက် အချိန်ခါမှာ ဓမ္မစေတီမင်းလောင်းလျာ၊ အရှင်ဓမ္မဓရ လောင်းလျာဖြစ်တဲ့ မောင်မင်းတန်ဆိုတဲ့ကလေး။ ဗောဓိဂမုံးနဲ့ မမိတတ်တို့က မွေးဖွားလာတဲ့ ကလေးလေး မောင်မင်းတန်။ မောင်မင်းတန်ကို ကျောင်းသွားအပ်တယ်၊ ဘုန်းကြီးက စာစသင်တယ် ဆိုရင်ဘဲ“ နမော ဗုဒ္ဓါယ သိဒ္ဓမ်”ဆိုတဲ့ ဘုရားရှိခိုးသင်ပေးတယ်။

သင်ပေးတော့ “မောင်မင်းတန်”က မင်းလောင်းဆိုတော့ သင်ပေးတဲ့အတိုင်း လိုက်ဆိုတယ်။ ဒါပေမဲ့ မောင်မင်းတန်က “ဘုန်းကြီး ဘုရား ဒီစကားရဲ့အဓိပ္ပါယ်က ဘယ်လိုလဲ”လို့မေးတော့- ဘုန်းကြီးက “မသိပါဘူးကွာ ဘုန်းကြီးကျောင်းတွေမှာ သင်ရိုးသင်စဉ်မို့ သင်ပေးရတာ” လို့ဖြေတော့ “ဒီစကားရဲ့အဓိပ္ပါယ်ကို မသိတဲ့ ဘုန်းကြီးစီမှာ ဆက်ပညာသင်လို့တော့ မဖြစ်ဘူး၊ အခြားကျောင်း ပြောင်းမယ်”လို့ မိဘများ ပြောပြီးတော့ ကျောင်းပြောင်းတယ်။ နောက်တစ်ကျောင်းရောက်တော့လဲ

http://www.dhammadownload.com



ဘုန်းကြီးက "နမော ဗုဒ္ဓါယ သိဒ္ဓမ်"လို့ ပို့ချပေးတယ်။ အဲဒီလို ပို့ချပေးတော့ "မောင်မင်းတန်"ကမေးတယ်။ နောက်ပြောင်းတဲ့ ကျောင်းဘုန်းကြီးက "ဗုဒ္ဓါယ= မြတ်စွာဘုရားအား၊ နမော= ရှိခိုးပါ၏၊ သိဒ္ဓမ်= လောကီ၊ လောကုတ္တရာ ကျိုးနှစ်ဖြာတို့ ပြီးစီးအောင်မြင် ပါစေသတည်း။" အဲဒီလိုလေးပြောလိုက်တော့ မောင်မင်းတန် သဘောကျသွားတယ်။ အဲဒီကျောင်းမှာပဲ ဆက်ပြီးတော့ပညာသင်တယ်၊ နောင်သောအခါ အင်းဝနေပြည်တော် သွားပြီးတော့ "ဓမ္မဓရ"တို့ "ဓမ္မပါလ"တို့ အရှင်နှစ်ပါး စာသင်ကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးရာကျော် ဟိုဘက်ကပြောပါတော့။ ဒီဘုရားရှိခိုးလေးဟာ "နမောတဿ" ဘုရားရှိခိုးလေးလိုပဲ ဘုန်းကြီးကျောင်းတွေမှာ ရှိခိုးခဲ့ကြ တယ်။ ဒါကြောင့် ဒီဘုရားရှိခိုးနဲ့ပဲ ဒီနေ့ညတရားပွဲ ဖွင့်ကြရအောင်။

ဗုဒ္ဓါယ= မြတ်စွာဘုရားအား၊ နမော= ရှိခိုးပါ၏၊ သိဒ္ဓမ်= လောကီ၊ လောကုတ္တရာ ကျိုးနှစ်ဖြာတို့ ပြီးစီးအောင်မြင်ပါစေသတည်း။ သိဒ္ဓမ်= ရည်မျှော်သည့်တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက် သိဒ္ဓိပေါက် ပါစေသတည်း။ အားလုံး ဒကာ ဒကာမတွေ မြတ်စွာဘုရားကို ရှိခိုးတယ်။ ဗုဒ္ဓ အမည်တော်ရတဲ့ ပုဂ္ဂိုလ်ကို ရှိခိုးတယ်။ ဗုဒ္ဓဆိုတာ အသံလေး ကြားဖို့တောင်မှ ခက်တယ်တဲ့။

## အသံပင်ကြားရဖို့ခက်

**ဃောသောပိ ခေါဒုလ္လဘော၊ လောကသ္မိံ ယဒိဒံဗုဒ္ဓေါတိ**

ကျောင်းဒါယကာ အနာထပိဏ်သူဌေး သူ့သူငယ်ချင်းစီက ဘုရားဆိုတဲ့ အသံကလေးကြားလိုက်တာနဲ့ စိတ်တွေတစ်မျိုးတစ်မည် ဖြစ်ပြီး စိတ်တွေ အကြီးအကျယ် တုန်လှုပ်သွားတယ်။ ဗုဒ္ဓဆိုတဲ့ အသံကြားတာနဲ့ ဒါကြောင့် ဃောသောပိ ခေါဒုလ္လဘောလောကသ္မိံ၊ ယဒိဒံ ဗုဒ္ဓေါတိ၊

http://www.dhammadownload.com



ယဒိဒံ ယောအယံဗုဒ္ဓေါ= အကြင်ဘုရားဟူသော အမည်တော်သည်၊ အတ္ထိ= ရှိပါပေ၏၊ လောကသ္မိံ= လောက၌၊ သောယော သောပိခေါ= ထိုဘုရားဆိုသော အသံကလေးကိုတောင်မှလည်း၊ ဒုလ္လဘော= ရခဲလှပါပေ၏။

ဘုရားဆိုတဲ့ အသံကလေးကြားရဖို့တောင် အင်မတန်ခက်တယ်။ ဘာကြောင့် ဗုဒ္ဓမည်သလဲဆိုတော့ ဗုဒ္ဓဆိုတဲ့ သဒ္ဒါဟာ ဗုဓဓာတ်က လာတာကိုး။ သိပွင့်နိုးကြား သုံးပါးဓာတ်နက် ဗုဓထွက်။ ဗုဒ္ဓမှာရှိတဲ့ ဗုဓဓာတ်က သိခြင်းအနက်လဲ ဟောတယ်။ ပွင့်ခြင်းအနက်လဲ ဟောတယ်။ နိုးကြားခြင်းအနက်လဲ ဟောတယ်။

အဲဒီလိုဆိုရင် သိတော်မူသော မြတ်စွာဘုရား၊ ပွင့်တော်မူသော မြတ်စွာဘုရား၊ နိုးကြားတော်မူသော မြတ်စွာဘုရား၊ ဘယ်လောက် ထိအောင်သိသလဲ။ စုဒ္ဒသဟိ ဉာဏေဟိ= တစ်ဆယ့်လေးပါးသော ဉာဏ်တော်တို့နှင့်၊ သမ္မန္နာဂတတ္တာ= ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်၊ ဗုဒ္ဓေါ= ဗုဒ္ဓမည်တော်မူပါပေ၏။

တစ်ဆယ့်လေးပါးသော ဉာဏ်တို့နှင့် ပြည့်စုံတဲ့ အတွက်ကြောင့် ဗုဒ္ဓသိတော်မူတဲ့ အတွက်ကြောင့် ဗုဒ္ဓ၊ တစ်ဆယ့်လေးပါးသော ဉာဏ်ဆိုတာ ဘာတွေလဲ သစ္စာလေးပါး၊ သိ ပယ် ဆိုက် ပွား လေးပါးကိစ္စ အပိုင်ရတော်မူသော မြတ်စွာဘုရား။ အဲဒီ စတုသစ္စဉာဏ်တော်လေးပါး၊ ပဋိစ္စသမ္ဘိဒါဉာဏ်လေးပါး၊ အသာဓာရဏဉာဏ်တော် ဘယ်သူနဲ့မှ မဆက်ဆံတဲ့ ဉာဏ်တော်ကခြောက်ပါး။

အဲဒီလိုဆိုရင် သိတော်မူတတ်သော မြတ်စွာဘုရား သိတော်မူတတ်သောကြောင့် မြတ်စွာဘုရား။ ဘယ်လောက်သိသလဲဆိုရင် တစ်ဆယ့်လေးမျိုးသော ဉာဏ်တော်တို့ဖြင့် သိတဲ့ဉာဏ်။ တစ်ဆယ့်လေးမျိုးသော ဉာဏ်တော်တို့ကို လက်သုံးထားပြီးတော့ သိတော်မူတယ်။ စတုသစ္စဉာဏ်၊ သစ္စာလေးပါးကို သိတယ်။ ဒါကြောင့် ဗုဒ္ဓဆိုတဲ့ စကားလေးဟာ တို့ရှိခိုးနေတဲ့ ဗုဒ္ဓသည် သာမန်ဗုဒ္ဓမဟုတ်ဘူး။ သာမန်နဲ့

http://www.dhammadownload.com



ဒီဗုဒ္ဓ အမည်တော်ရရှိတာ မဟုတ်ဘူးလိုက်ဆိုကြ။

သစ္စာလေးပါး မြတ်တရားကို သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရတော်မူသော မြတ်စွာဘုရား၊ သစ္စာလေးပါး မြတ်တရားကို သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရအောင် လမ်းပြတော်မူတတ်သော မြတ်စွာဘုရား။ ဟော စတုသစ္စဉာဏ်တဲ့။ ဒုက္ခသစ္စာကို သိတဲ့ဉာဏ်၊ သမုဒယသစ္စကို သိတဲ့ဉာဏ်၊ နိရောဓသစ္စာကို သိတဲ့ဉာဏ်၊ မဂ္ဂသစ္စာကို သိတဲ့ဉာဏ်။ အမှန်တရားတွေကို သိတာ၊ အမှန်တရား ဘယ်လောက်ထိအောင် မှန်သလဲဆိုတော့ **"အစွန်.ရှည်စွာ ဘယ်မျှကြာလဲ တစ်ခါတစ်ရံ မဖောက်ပြန်ပဲ အစဉ်မြဲကို သစ္စာဆို၏"**။ ဘယ်တော့မှ ဒုက္ခက သုခမဖြစ်ဘူး။

မြတ်စွာဘုရားက ဆင်းရဲအမှန်ပါလို့ ပြောထားတာတွေ၊ ဟောထားတာတွေ ဘယ်တော့မှ ပြောင်းပြန်ပြီးတော့ ချမ်းသာဖြစ်မသွားဘူး။ ဒုက္ခလို့ မြတ်စွာဘုရားက စာရင်းသွင်းထားရင် ဘယ်သောအခါမှ သုခစာရင်းဝင်မဖြစ်ဘူး။ ပဋိသန္ဓေ အို နာ သေ ဟု လေးထွေရင်းမြစ် ဒုက္ခဖြစ်၏။ ဘဝတစ်ခု ဖြစ်ရတယ်။ အမိဝမ်းမှ ကိုးလလွယ်၊ ဆယ်လ ဖွားရတယ်။ အိုတယ်၊ နာတယ်၊ သေတယ် အဲဒါတွေကို မြတ်စွာဘုရားက ဒုက္ခစာရင်း သွင်းထားခဲ့တာ။ ဘုန်းကြီးတို့တတွေက အဲဒါတွေဟာ သုခပါလို့ ပြောင်းပြန်ပြန်ပြီး ငြင်းလို့ကော တော်ပါ့မလား။ မတော်ပါဘူးဘုရား။ ငြင်းလို့ကော တကယ်ချမ်းသာသုခ ဖြစ်ပါ့မလား။ မဖြစ်ပါဘူးဘုရား။ မချစ်ယှဉ်တွဲ ချစ်သူကွဲနှင့် လိုလဲမရ အကျဉ်းပြသော် အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော မလိုလားတာတွေနဲ့ ယှဉ်တွဲပြီးတော့ နေရတာ မြတ်စွာဘုရားက ဒုက္ခစာရင်းသွင်းခဲ့တယ်။

ဘုန်းကြီးတို့အားလုံးက မြတ်စွာဘုရားကို တော်လှန်မှပဲ ဆိုပြီးတော့ မချစ်မနှစ်သက်တဲ့ သက်ရှိသက်မဲ့တွေနဲ့ ယှဉ်တွဲပြီး နေရတာ ချမ်းသာလိုက်တာလို့ ဘယ်သူကပြောနိုင်သလဲ။ မပြောနိုင်ပါဘူးဘုရား။ ပြောလို့မှ မဖြစ်ပဲ။ ဘယ်နည်းနဲ့မှ မချမ်းသာပဲကိုး။ မချစ်ယှဉ်တွဲ

http://www.dhammadownload.com



အကျဉ်းချုပ်ပြီးတော့ ဗုဒ္ဓဂုဏ်တော်တွေ ပွားဖို့ကြတော့ ဆိုကြ-

"ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့် သိတော်မူသော မြင်တော်မူသော မြတ်စွာဘုရား။ ဗုဒ္ဓါယ= ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား၊ နမော= ရှိခိုးပါ၏၊ သိဒ္ဓမ်= ပြီးစီးအောင်မြင်ပါစေသတည်း။ သိဒ္ဓမ်= ရည်ရွယ်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက် သိဒ္ဓိပေါက်ပါစေသတည်း။

## အသာဓာရဏဉာဏ် (၆)ပါး

ပြီးတော့ အသာဓာရဏဉာဏ် (၆)ပါး၊ မည်သူနဲ့မှ မဆက်ဆံဘူး။ ရှင်ပစ္စေကဗုဒ္ဓါတို့နဲ့လဲ မဆက်ဆံ၊ အရှင်သာရိပုတ္တရာ, အရှင် မောဂ္ဂလာန် အဂ္ဂသာဝကကြီးများနဲ့လဲ မဆက်ဆံ၊ မဟာသာဝကကြီးများ နဲ့လဲ မဆက်ဆံ၊ သီးခြားမြတ်စွာဘုရားမှာသာရှိတဲ့ ဉာဏ်တော်ကြီး (၆)မျိုး၊ အဲဒီဉာဏ်တွေက ဘာတွေလဲဆိုတော့-

### (၁) ဣန္ဒြိယပရော ပရိယတ္တိဉာဏ်တော်

အခု ဒီအထဲမှာ ယောဂီတွေ တစ်ရာ၊ ကိုးဆယ်လောက် တရားအားထုတ်နေကြတယ်။ မြတ်စွာဘုရားက အားထုတ်နေကြတဲ့ တစ်ရာထဲက ဒီယောဂီက သဒ္ဓါတရား အားကောင်း တယ်။ ဒီယောဂီက သဒ္ဓါတရားနည်းတယ်။ ဒီယောဂီက အသိဉာဏ် နည်းတယ်။ ဒီယောဂီက အသိဉာဏ်ပညာဓာတ် ကြီးမားတယ်။ ကြည့်လိုက်တာနဲ့ အကုန်လုံး တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း အားလုံးအပေါ်မှာ သိနိုင်တယ်။ ဘယ်သူ့မှာ ဝီရိယဓာတ် ပြင်းထန်တယ်။ ဘယ်သူ့မှာ ဝီရိယဓာတ်တွေ လျော့နေတယ်။ ဘယ်သူ့ပုဂ္ဂိုလ်မှာ သတိဓာတ် များနေတယ်။ ဘယ်ပုဂ္ဂိုလ်မှာ သတိဓာတ်တွေ နည်းနေတယ်။ သမာဓိ ဘယ်သူ့မှာ အားနည်းနေတယ်။ ဘယ်သူ့မှာတော့ များနေတယ်။

ပညာ ရုပ်တရား နာမ်တရားတွေ ခွဲခြားပြီး သိနိုင်တဲ့ပညာ ဘယ်ပုဂ္ဂိုလ်မှာ များတယ်၊ ဘယ်ပုဂ္ဂိုလ်မှာ နည်းတယ်။ အဲဒီလို ကျကျနန

http://www.dhammadownload.com



သိတာ။ အဲဒီလို သိတော်မူတဲ့ ဉာဏ်မျက်လုံး ဗုဒ္ဓစက္ခု= ဘုရားမျက်လုံးတော်ကြီးလို့ ခေါ်ရတဲ့ဉာဏ်။ ဒီဉာဏ်ကို ဣန္ဒြိယပရော ပရိယတ္တိဉာဏ်တော်၊ သတ္တဝါတို့ရဲ့ ဣန္ဒြေအနုအရင့် အခြေအနေကို ကျကျနနသိတာ။

**ပရေသံ ပုဂ္ဂလာနမ္ပိ၊ ဣန္ဒြိယာနပရောပရံ။**
**ဇာနန္တော ဉာဏဗလေန၊ သီလနာဒံ နဒီဇိနော။**

ဇိနော= အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင် ဘုရားရှင်သည်၊ ပရေသံပုဂ္ဂလာနမ္ပိ= ကိုယ်တော်မှတစ်ပါး များပြားဘိတုံ အလုံးစုံသော ပုဂ္ဂိုလ်တို့၏၊ ဣန္ဒြိယာနံ= သဒ္ဓါဝီရိ သမာဓိနှင့် သတိပညာ ငါးဖြာသော ဣန္ဒြေတို့၏၊ ပရောပရံပိ= ပါရမီကံက မတူကြသဖြင့် မမျှနိမ့်ဖြင့် အဆင့်ဆင့်ကိုလဲ၊ ဉာဏဗလေန= ဣန္ဒြိယပရောပရိယတ္တိ မည်ရှိထူးခြား ဉာဏ်တော်အားဖြင့်၊ ဇာနန္တော= မဖေါက်မပြန် ဟုတ်တိုင်းမှန်အောင် ဧကန်တိတိ သိရှိတော်မူပါသည်ဖြစ်၍၊ သီဟနာဒံ= မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည် တရားအသံတော်ကြီးကို၊ နဒီ= ကျူးရစ်လှစ်ဖွေ မိန့်မြွက်တော်မူပါပေသတည်း။ သီဟနာဒံ= မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည် တရားအသံတော်ကြီးကို၊ နဒန္တံ= ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူပါပေသော၊ ဇိနံ= ဇိနဟူသည် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်ဘုရားကို၊ မယံ= တရားစခန်းသို့ ဝင်ရောက်ရှုပွား တပည့်တော်များသည်၊ ဝန္ဒာမ= ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြပါ ကုန်၏ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

စောစောက ဘုရားရှိခိုးလေးမှာလဲ။ ဗုဒ္ဓါယ= သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိတော်မူသော မြတ်စွာဘုရားအား၊ နမော= ရှိခိုးပါ၏၊ သိဒ္ဓမ်= ပြီးစီးအောင်မြင်ပါစေသတည်း။ အားလုံးလိုက်ဆို-

http://www.dhammadownload.com



ဗုဒ္ဓါယ= သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိတော်မူသော၊ သမန္တစက္ခု= ဗုဒ္ဓစက္ခု မျက်လုံးတော်နှင့် သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားအား၊ နမော= ရှိခိုးပါ၏၊ သိဒ္ဓမ်= ပြီးစီးအောင်မြင်ပါစေသတည်း။

ပြီးစီးအောင်မြင်တယ်ဆိုတာ လောကပြီးစီးတာတွေလဲ ရှိ၊ လောကုတ္တရာ ပြီးစီးတာတွေလဲရှိ၊ လောကပြီးစီးတယ် ဆိုတာက အခု(၉)ရက် အဓိဋ္ဌာန်ထားပြီးတော့ တရားအားထုတ်ကြတယ်။ (၉)ရက် အဓိဋ္ဌာန် အောင်မြင်သွားလို့ရှိရင် ဒါဟာသိဒ္ဓိတစ်မျိုး ပေါက်သွားတာပဲ။ (၉)ရက် စိတ်အကြံနဲ့ အဓိဋ္ဌာန်ပြီးတော့ လာတယ်။ (၅)ရက် လောက်နဲ့ ခါးပြတ်သွားရင် သိဒ္ဓိပေါက်တယ် ခေါ်နိုင်ပါအုံးမလား။ မခေါ်နိုင်ပါဘူး ဘုရား။ မိမိပြုတဲ့ကုသိုလ် အောင်မြင်သွားရင် ဒါသိဒ္ဓိပေါက်တာပါပဲ။

## သိဒ္ဓိပေါက်ပြီ

ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ ပြောသလိုပဲ သူ့ကျောင်းကြီး ဆောက်တယ်။ အောင်မြင်လို့ ရေစက်ချပွဲကျတော့ "သူသိဒ္ဓိပေါက်ပါပြီ" တဲ့။ စိတ်ထဲကြံစည်လာတာတွေ အောင်မြင်ပြီကိုး။ ဒါကြောင့်-

**ကဒါဟံ ပါသာဒါရမ္မံ၊ သုဓာမတ္တိက လေပနံ။**
**ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါမယှပူရိတော။**

ကဒါ= ဘယ်အခါကာလ ဘယ်အခါသမယများမှာမှ၊ အဟံ= ငါသည်၊ သုဓာမတ္တိကလေပနံ= အင်္ဂတေမြေညက်တို့ဖြင့် ကောင်းစွာ လိမ်းကျံအပ်သော၊ ရမ္မံ= မြင်မြင်ရသူ ရှင်ရှင်လူတို့ ကြည်ဖြူရွှင်ပြုံး စိတ်နှလုံးကို ရွှင်ပြုံးကြည်နူး အထူးမွေ့လျော်ဖွယ်ဖြစ်သော၊ ပါသာဒံ= ပုဗ္ဗာရုံတွင်ခေါ် ရွှေပြဿာဒ်ကျောင်းတော်ကြီးကို၊ သံဃဿ= သံဃာတော်မြတ်အား၊ ဒဿာမိ= နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ အားရရွှင်ပျော် လှူဒါန်းပူဇော်ရပါမည်နည်း။ ဣတိ= ဤသို့ သင်္ကပ္ပေါ= တစ်သိန်း ကပ်ကမ္ဘာရှည်မြင့်လှ ထိုအခါက သဒ္ဓါပညာ နှစ်ဖြာညီမျှ တောင့်တ

http://www.dhammadownload.com



ကြံ့စည်ချက် အဝဝသည်၊ အဟုး ဖြစ်ပေါ်ခဲ့လေပြီ။ သောသက်ပွေါ= တစ်သိန်း ကပ်ကမ္ဘာရှည်မြင့်လှ ထိုအခါက သဒ္ဓါပညာ နှစ်ဖြာညီမျှ တောင့်တကြံ့စည်ချက် အဝဝသည်၊ ပူရိတော= လူနတ်နမော် သာဓုခေါ်လျှက် ရည်မျှော်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံ့တိုင်း ပြီးမြောက် ယနေ့ဖြင့် သိဒ္ဓိပေါက်ခဲ့လေပြီးတကား။

သာဓု - သာဓု - သာဓု

ဒါဟာ နည်းနာနိဿယလေးပဲ။ ဝိသာခါ ကျောင်းအမ ကြီးဟာ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ကျောင်းတော် ဆောက်ချင်လွန်းလို့ဟို တစ်သိန်းကပ်ကမ္ဘာကတည်းက ကျောင်းတော် ကြီး ဆောက်ချင်လိုက်တာလို့ ဆုတောင်းလာတာ သဒ္ဓါတရားနဲ့ပညာ တွဲပြီးတော့ ဆုတောင်းလာခဲ့တာ။ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ပုဗ္ဗာရုံ ကျောင်းတော်ကြီး ဆောက်ပြီးသွားတော့ လူနတ်နမော် သာဓုခေါ်လျှက် ရည်မျှော်သည့်တိုင်း လူ့သမိုင်းတွင် ကြံ့တိုင်းပြီးမြောက် သိဒ္ဓိပေါက်လေပြီ တကားတဲ့။

ဘုန်းကြီးတို့ရဲ့ ဒကာ ဒကာမတွေလဲ (၉)ရက်အဓိဋ္ဌာန်နဲ့ ကျင့်ကြံ အားထုတ်ခဲ့တာ (၂)ရက်နေ့ကျရင် ကျောင်းအမကြီးလို ပူရိတော ပူနတ်နမော် သာဓုခေါ်လျှက် ရည်မျှော်သည့်တိုင်း လူ့သမိုင်းတွင် ကြံ့တိုင်းပြီးမြောက် သိဒ္ဓိမြောက် သဒ္ဓိပေါက်ခဲ့လေပြီတကား။ အဲဒီကျမှ ကျိုးရင့်ရမှာ၊ ရက်ကလိုသေးတာ ကိုးရက်လိုသေးတယ်နော်။ အဲဒီတော့ ဗုဒ္ဓမျက်လုံးတော်ကြီးနဲ့ ကြည့်လိုက်တာ ဘယ်ပုဂ္ဂိုလ်ဟာ သတိ၊ သမာဓိ၊ ပညာ အားနည်းတယ်၊ ဘယ်ပုဂ္ဂိုလ်ကတော့ အားများတယ်လို့ ဗုဒ္ဓမျက်လုံးတော်ကြီးနဲ့ အဲဒီလိုကြည့်လိုက်တာ။

ယခုကမ္ဘာပေါ်မှာ အားကောင်းလှပါတယ်ဆိုတဲ့ မှန်ဘီလူး၊ မှန်ပြောင်းတွေထက် အားကောင်းတဲ့ စွမ်းအားရှိတဲ့ မျက်လုံးတော်နဲ့ ကြည့်တာ။ အဲဒီတော့ ဣန္ဒြေအနုအရင့်ကို သိတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။ ဣန္ဒြေအနုအရင့်ကို သိတော်မူတဲ့ဗုဒ္ဓ။

http://www.dhammadownload.com



## (၂) အာသယာနုသယဉာဏ်တော်

အာသယာနုသယဉာဏ်တော်ကလဲ ဗုဒ္ဓမျက်လုံးတော် အမည်ရပါတယ်။ အာသယနဲ့ အနုသယ သိတယ်။ ဘုန်းကြီးတို့ စာပေက အာသယ၊ အနုသယ၊ အာသယ ဆိုတာဘာလဲ အာသယဆိုတာ (၄)မျိုးရှိပါတယ်-

၁။ သမထ

၂။ ဝိပဿနာ

၃။ သဿတ

၄။ ဥစ္ဆေဒ

အဲဒီတော့ သမထကိုလဲ အာသယလို့ခေါ်တယ်။ ဝိပဿနာကိုလဲ အာသယ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကိုလဲ အာသယ၊ မြတ်စွာဘုရားက ပရိသတ်ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာထဲမှာ ဒီပုဂ္ဂိုလ်မှာ သမထအားနည်းနေတယ်။ ဒီပုဂ္ဂိုလ်မှာ ဝိပဿနာ အခြေအနေ ဘယ်လိုဘုရားက မြင်တာ။ အခု ကမ္မဋ္ဌာနာစရိယများက ယောဂီတွေကို တရားစစ်မှ သိတာ။ "မစစ်ဆေးရဘူးလား"၊ "စစ်ဆေး ရပါတယ်ဘုရား"။ အဲဒီလို စစ်ဆေးမှ ဘယ်လိုမြင်ပါတယ် ဘုရားလို့ လျှောက်မှ ပြောမှ သိတယ်။ အဲဒီကျမှ ကမ္မဋ္ဌာနာစရိယက ဒါတော့ မှန်တယ်။ ဒါတော့မှားတယ်လို့ ဝေခွဲပေးတယ် မဟုတ်လား။ ဘုရားကတော့ ယောဂီကို မေးမနေဘူးနော်။ ဒီပုဂ္ဂိုလ်ရဲ့ သမထအားက ဘယ်လို၊ ဒီပုဂ္ဂိုလ်ရဲ့ ဝိပဿနာအားက ဘယ်သို့ အနုသယ(၇)ပါးသိတယ်။ ဟော အာသယာနုသယ ဉာဏ်မျက်လုံးကြီးနဲ့ ကြည့်တာ။

**တေသံ တေသံ သတ္တာနမ္ဗိ၊ အာသယဉ္စ အနုသယံ။**
**ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီဇိနော။**

ဇိနော= အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင် ဘုရားရှင်သည်၊ တေသံ တေသံ သတ္တာနမ္ဗိ= ထိုထိုရပ်ရွာ ကပ်ကမ္ဘာ၌ နတ်ပြဟ္မာလူ သတ္တဝါဟူဟူသမျှတို့၏၊ အာသယဉ္စ= သမထ

http://www.dhammadownload.com



ဝိပဿနာ သဿတဥစ္ဆေဒ (၄)မျိုးကိုလည်းကောင်း၊ အနုသယဥ္စ= ကိန်းဝပ်နေသည့် အနုသယဓာတ် (၇)မျိုးကိုလည်းကောင်း၊ ဉာဏဗလေန= အာသယနုသယ မည်တော်ရသည့် လောကကိုလွှမ်း ဉာဏ်တော်စွမ်းဖြင့်၊ ဇာနန္တော= မဖေါက်မပြန် ဟုတ်တိုင်းမှန်စွာ ဧကန်တိတိ သိရှိတော်မူသည်ဖြစ်၍၊ သီဟနာဒံ= မရွံမကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကို၊ နဒီ= ကျူးရင့် လှစ်ဖေါ် မိန့်မြွက်တော်မူနိုင်ပါပေသတည်း။

သာဓု - သာဓု - သာဓု

မြတ်စွာဘုရားက တရားပေးတဲ့အခါ သမထဝိပဿနာ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အခြေအနေ။ ဒီပုဂ္ဂိုလ်မှာ ကာမရာဂါနုသယ၊ ဒီပုဂ္ဂိုလ်မှာ ပဋိဃာနုသယ ကိန်းတယ် အစရှိသည်ဖြင့် အဲလို အာသယနဲ့ အနုသယကို သိတယ်။ အဲဒီလို သိမြင်တော်မူခြင်းဟာ မြတ်စွာဘုရားရဲ့ အခြားပုဂ္ဂိုလ်တွေနဲ့ မဆက်ဆံတဲ့ဉာဏ်တော် ရှိလို့ပါပဲ။ သာဓကလေး တစ်ခုကို ပြောကြမယ်ဆိုရင် အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီး ရဟန်းလေးတစ်ပါးအား တရားပေးတယ်။ ဘယ်ကမ္မဋ္ဌာန်းလဲ ဆိုတော့ အသုဘကမ္မဋ္ဌာန်း။ အသုဘကမ္မဋ္ဌာန်းဆိုတော့ မှားတယ်တော့ မဟုတ်ဘူး။ သို့သော် အဲဒီကိုယ်တော်လေးမှာ အသုဘကမ္မဋ္ဌာန်း တစ်ကိုယ်လုံးကို ရှုတယ်။ အသုဘကမ္မဋ္ဌာန်း ရှုလေ ဝေးလေ၊ ရှုလေ အလှမ်းဝေးလေ အဲဒီလိုဖြစ်နေတယ်။ အဲဒီအခါ မြတ်စွာဘုရားက ဒီကိုယ်တော်လေးဟာ အလှအပ အလွန်ကြိုက်တဲ့ ကိုယ်တော်လေး၊ တစ်ချိန်က ပန်းတိမ်လုပ်ငန်း လုပ်ခဲ့တဲ့ကိုယ်တော်၊ သူ့ကိုအလှအပနဲ့ တရားပေးမှဆိုပြီး၊ အဲဒီကိုယ်တော်လေးကို ပဒုမ္မာကြာပန်းတစ်ပွင့်ကို ဖန်ဆင်းပေးပြီး အရှုခိုင်းတယ်။ အဲဒီ ကိုယ်တော်လေးဟာ ပဒုမ္မာပန်းကို ရှုကြည့်ရင်း ရှုကြည့်ရင်း ပဒုမ္မာပန်းက ပွင့်ချပ်လွှာလေးတွေ မမြဲတဲ့သဘာဝ အနိစ္စထင်မြင်လာပြီး အဆင့်ဆင့်ဉာဏ်စဉ်တက်ကာ ရဟန္တာ ဖြစ်သွားပါသတဲ့။ ဒါကြောင့် အရှင်သာရိပုတ္တရာကြီးတို့သည်

http://www.dhammadownload.com



ပင်လျှင် အသုံးမချနိုင်တဲ့ ဉာဏ်တော်ပါပဲ။ လိုက်ပြီးတော့ ဆိုကြပါ။ ဗုဒ္ဓဆိုတဲ့ပုဒ်ကို အနက်တစ်မျိုးပြန်မလို့-

"ထိုထိုရပ်ရွာ ကပ်ကမ္ဘာရှိ ရဟန်းရှင်လူ အများပြည်သူတို့၏ သမထဝိပဿနာ သဿတဉစ္ဆေဒ အနုသယကို ကောင်းစွာသိတော်မူသော မြတ်စွာဘုရား၊ အာသယာနုသယဉာဏ်တော်ဟာ ဗုဒ္ဓရဲ့ ဉာဏ်မျက်လုံး၊ အဲဒီတော့ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်၊ အာသယာနုသယ ဉာဏ်ခေါ်တဲ့ ဉာဏ်တော်ကြီး (၂)မျိုးက ဗုဒ္ဓစက္ခု ဘုရားမျက်လုံးတော် အသာဓာရဏဉာဏ်တော်ကြီး စာရင်းထဲပါဝင်တယ်။

## (၃) ယမကပါဋိဟာရိယဉာဏ်တော်

ရေမီးအစုံ တန်ခိုးပြတာဟာလဲ ဉာဏ်တော်တစ်မျိုးပဲ။ ရေမီးအစုံ တန်ခိုးပြနိုင်တဲ့ ယမကပါဋိဟာရိယဉာဏ်တော်နဲ့ ပြည့်စုံတော်မူသော ကြောင့် ဗုဒ္ဓ။ ဒါဖြင့် လိုက်ပြီး ပွားများကြစို့။ ရေမီးအစုံအစုံ တန်ခိုး ပြာဋိဟာတို့ကို ပြသခြင်းငှါ စွမ်းနိုင်တော်မူသော မြတ်စွာဘုရား။

## (၄) မဟာကရုဏာသမာပတ္တိဉာဏ်တော်

နှစ်သန်းလေးသိန်း အရေအတွက်ရှိတဲ့ မဟာကရုဏာသမာပတ်တို့ကို ပွားများတော်မူနိုင်တယ်။ မြတ်စွာဘုရား ဈာန်သမာပတ်တွေနဲ့ ပတ်သက်ပြီး သိတယ်။ ကိုယ်တော်တိုင်လဲ နှစ်သန်းလေးသိန်း အရေအတွက်ရှိတဲ့ မဟာကရုဏာ သမာပတ်တွေကို နေ့စဉ်ပွားတယ်။ အဲဒီလို မဟာကရုဏာသမာပတ္တိ ဉာဏ်နဲ့လဲ ပြည့်စုံတော်မူတယ်။ လိုက်ဆို-

"မဟာကရုဏာသမာပတ္တိဉာဏ်တော်နဲ့လဲ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

## (၅) အနာဝရဏဉာဏ်တော်

မြတ်စွာဘုရားရဲ့ ဉာဏ်တော်ဟာ အပိတ်အပင် အဆီးအတား မရှိဘူးတဲ့။ အနာဝရဏဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



## (၆) မဟာဝဇီရဉာဏ်တော်

ဘယ်နားလေးမှာတော့ လေးလံထိုင်းမှိုင်းနေတယ်လို့ မရှိဘူး။ အဲဒီလို ထက်မြက်စူးရှတော်မူတဲ့ ဉာဏ်ရှိတော်မူသော မြတ်စွာဘုရား။ အကုန်လုံး ခြုံပြောလိုက်ရင်တော့ ဉာဏ်တော်(၁၄)ပါး ခြုံပြီးတော့ ပွားများကြရအောင်။ ဉာဏ်တော်(၁၄)ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဘုန်းကြီးတို့ ကိုးကွယ်တဲ့ မြတ်စွာဘုရားက "ဗုဒ္ဓ" အမည်ရတော်မူတယ်။ ဗုဒ္ဓ အမည်တော်ရတာဟာ ဉာဏ်တော်(၁၄)ပါး တို့နှင့် ပြည့်စုံတော်မူတဲ့အတွက်ကြောင့် "ဗုဒ္ဓ"၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ပွင့်တော်မူတတ်သောကြောင့် "ဗုဒ္ဓ"၊ အရဟတ္တ မဂ်ဉာဏ်နဲ့ ပေါင်းဆုံမိတဲ့အခါ ဉာဏ်တော်တွေ ပွင့်ပြီးတော့လာတဲ့ အတွက်ကြောင့် "ဗုဒ္ဓ"၊ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတော် မူတတ်သောကြောင့် "ဗုဒ္ဓ"။

ဒါကြောင့် ဗုဒ္ဓါယ= သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရတော်မူ တတ်သော မြတ်စွာဘုရားအား၊ နမော= ရှိခိုးပါ၏။ သိဒ္ဓမ်= လူနတ်နမော် သာဓုခေါ် လျှက် ရန်မျှော်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက် သိဒ္ဓိပေါက်ပါစေသတည်း။

သာဓု - သာဓု - သာဓု

လိုချင်တဲ့သိဒ္ဓိတွေ ပေါက်ပါစေသတည်းနော်။ လိုချင်တဲ့သိဒ္ဓိတွေ သြော်- အရေးကြီးတဲ့ သိဒ္ဓိကတော့ လောကုတ္တရာသိဒ္ဓိပေါ့။လောကီသိဒ္ဓိ ပေါက်တဲ့ ပုဂ္ဂိုလ်များလဲ သာမန်နဲ့တော့ သိဒ္ဓိ မပေါက်နိုင်ပါဘူးနော်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်၊ အနုဿတိ (၁၀)ပါး၊ ဗြဟာဝိဟာရတရား များများကျင့်သုံးရတယ်။ အဲဒါမှ စူဠဂန္ဓာရီ စသည်ဖြစ်တာ ဟုတ်လား၊ ဟုတ်ပါတယ် ဘုရား။ မဟာဂန္ဓာရီဝိဇ္ဇာလဲ လွယ်တာမဟုတ်ဘူး။

ပိလိန္ဒဝစ္ဆမထေရ် လောင်းလျာ လူ့ဘဝတုန်းက ဂန္ဓာရီဝိဇ္ဇာ ဖြစ်ပါတယ်။ ဂန္ဓာရီဝဇ္ဇာတို့ရဲ့ စွမ်းအင်က ဘယ်လိုလဲဆိုတော့

http://www.dhammadownload.com



အာကာသစာရီစ= ကောင်းကင်ပျံနိုင်တယ်။ ပရိစိတ္တဝိဒူစ= သူတစ်ပါး စိတ်လဲ သိနိုင်တယ်။ အဲဒီ စွမ်းအင်(၂)မျိုးပဲ။ ဂန္ဓာရီဝိဇ္ဇာရဲ့ စွမ်းအင်ဟာ ဒီ(၂)မျိုးပဲ။ စူဠဂန္ဓာရီ ဝိဇ္ဇာရှိတဲ့နေရာကို မဟာဂန္ဓာရီဝိဇ္ဇာ ရောက်လာရင် နဂိုက စူဠဂန္ဓာရီဟာ သူတစ်ပါးစိတ်ကိုလဲ သိနေတာ မသိတော့ဘူးတဲ့။ စောစောက ကောင်းကင်ပျံနိုင်နေတာလဲ မပျံနိုင်တော့ဘူးတဲ့ သူ့ထက် တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်ကြီး ရောက်လာလို့ အဲဒီတော့ ပိလိန္ဒဝစ္ဆမထေရ် အလောင်းရှိနေတဲ့ ဂန္ဓာရီဝိဇ္ဇာရှိနေတဲ့ နေရာမြို့ကို မြတ်စွာဘုရား ကြွလာတယ်။ မြတ်စွာဘုရားလဲ ကြွလာရော ပိလိန္ဒဝစ္ဆဝိဇ္ဇာဟာ တစ်ခါထဲ သူများစိတ်လဲမသိတော့ဘူး။ ကောင်းကင်လဲမပျံနိုင်တော့ဘူး။

အဲဒီတော့ သူကသိတယ်“ အင်း- တို့မြို့တော့ မဟာဂန္ဓာရီ ဝိဇ္ဇာတစ်ပါး ရောက်လာပြီ။ လိုက်ရှာတော့ ဘုရားတွေ့တာ။ “ဘယ်သူ တွေလဲ”၊ “ဘုရားတွေ့ပါတယ်ဘုရား”၊ အဲဒီတော့ ပိလိန္ဒဝစ္ဆဝိဇ္ဇာက ဒီပုဂ္ဂိုလ်တော့ မဟာဂန္တရီ ဝိဇ္ဇာပဲလို့ ဆုံးဖြတ်သိပြီးတော့ “အရှင်ဘုရား တပည့်တော်အား မဟာဂန္ဓာရီဝိဇ္ဇာဖြစ်ကြောင်း မြတ်တဲ့နည်းလမ်း ကောင်းကို ပေးတော်မူပါဘုရား”ဆိုတော့ မြတ်စွာဘုရားက သမထ၊ ဝိပဿနာတရားပေးလိုက်တာ၊ ကျင့်လိုက်တာ တစ်ခါထဲ ရဟန္တာ ဖြစ်သွားတယ်။ သူလိုချင်တာက မဟာဂန္ဓာရီဝိဇ္ဇာ အဖြစ်လိုချင်တာပဲ။ သို့သော် မြတ်စွာဘုရားက အဘိညာသိဒ္ဓိ= တရားတွေကို အထူးသိပြီး တော့ သိခြင်းဆိုတဲ့ သိဒ္ဓိ၊ ပဟာနသိဒ္ဓိ= သမုဒယသစ္စာကို ပယ်ပြီးတော့ ပြီးမြောက်သွားတဲ့ ပဟာနသိဒ္ဓိ၊ သစ္ဆိကိရိယသိဒ္ဓိ= နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့သိဒ္ဓိ၊ ဘာဝနာသိဒ္ဓိ= မဂ္ဂင်(၈)ပါးကို ပွားများနိုင်တဲ့ သိဒ္ဓိ။

သိဒ္ဓိ(၄)မျိုး ပေါက်ပြီးသွားတဲ့ ပိလိန္ဒဝစ္ဆမထေရ် အရှင်မြတ်ကြီး၊ သာသနာမှာ ထင်ရှားတဲ့ မထေရ်မြတ်ကြီး အဲဒီတော့ “လောကီသိဒ္ဓိ ဖြစ်စေ လွယ်လွယ်နဲ့ ပေါက်ပါ့မလား”၊ “မပေါက်ပါဘုရား”။ မပေါက်ဘူး၊ အခု ဒီနားစာရွက်ကလေးတွေ့လို့ ပြောရအုံးမယ်ဆိုရင် ဘိုးမင်းခေါင် ထွက်ရပ်လမ်းမြန်းသွားတာ နှစ်ငါးဆယ် ရှေ့ရတုနော်။ ဒီပုဂ္ဂိုလ်တွေဟာ

http://www.dhammadownload.com



ထွက်ရပ်ပေါက်လမ်း ရောက်တယ်ဆိုတာ သာမန်နဲ့ရောက်တာ မဟုတ်ဘူး။ စရဏအားတွေနဲ့ ရောက်ရတာ။ ဗဟုသုတအဖြစ် နည်းနည်းတော့ ပြောရအုံးမယ်။

## ဆရာလှိုင်

ဘုန်းကြီး ရဟန်းဒကာကြီးက ဆရာလှိုင်တဲ့။ ဝါးခယ်မ နေတယ်။ မကွေးဘက်သွားပြီး ငါးပိ ငါးခြောက် သွားရောင်းတယ်။ ဟိုရောက်တော့ ရောင်းလို့ဝယ်လို့ မကောင်းဘူး။ ရောင်းရသမျှလဲ အရှုံးထွက်။ အဲဒါနဲ့ စိတ်ပျက်ပျက်ရှိတာနဲ့ တောင်ကလပ်တက်ပြီး ဘိုးတော်ရှေ့ ပုတီးစိပ်၊ သူတို့လူ(၇)ယောက် တစ်နေ့ကျတော့ အမိဋ္ဌာန်ပုတီးပြည့်တော့ ထိုင်နေကြတယ်။ ဘိုးတော်က "မင်းတို့မေးချင်တာကို မေးကြ"လို့ ဘိုးတော်က ပြောတယ်တဲ့။ မေးချင်တာကို နှုတ်နဲ့မမေးနဲ့၊ စိတ်နဲ့မေး။ သူတို့(၇)ယောက် တစ်လည့်စီ ပြောသွားတာ။ "သူ့သားမယား ဝါးခယ်မမှာ နေကောင်းကြရဲ့လား"လို့ စိတ်နဲ့မေးတာ။ နှုတ်နဲ့မေးတာ မဟုတ်ဘူး၊ အဲဒီတော့ သူတည့်တည့်လက်ညှိုးထိုးပြီးတော့ "မပူနဲ့ မင့်သားမယားတွေ နေကောင်းတယ်"လို့ ဖြေတယ်။ သူက ပုတီးသာ စိတ်နေရတာ စိတ်က ဝါးခယ်မရောက်နေတာကိုး။ အဲဒါနဲ့ သူပြန်တဲ့အခါ သူ့(ဆရာလှိုင်)ရဲ့ ဖိနပ်ထားတဲ့နေရာ ဘိုးတော်ဖိနပ်လာထားတာနဲ့ "သြော် ငါ့ဖိနပ် စွန့်တာပဲ"ဆိုပြီး အဲဒီဖိနပ်စီးပြီးတော့ ပြန်သွား။ ဟိုရောက်တော့ ဆရာလှိုင်က သာသနာပြုလုပ်ငန်းတွေ ဆက်လုပ်တာ။ ဒါတောင်မှ ထီးရတာမဟုတ်ဘူး၊ ဖိနပ်ရတာ။ အဲဒါတောင်မှ လူ့ဘဝနဲ့ ဘုရားတည်တာ ဆယ်ဆူပြီးတယ်။ ဆယ်ဆူနော်။

ဒါနဲ့ ဒကာကြီး ဘိုးတော်နဲ့အတူနေဖူးတာတော့ ဟုတ်ပြီ၊ ဒီပြင် ထူးခြားတာလေးတွေ ပြောစမ်းပါအုံးဆိုတော့ "ပုတီးစိတ်တာကတော့ အံ့သြလောက်အောင် ပုတီးစိပ်တဲ့ ပုဂ္ဂိုလ်ပဲတဲ့။ လွန်ခဲ့တဲ့ နှစ်(၅၀)က ဘိုးတော်မထွက်မီ နှစ်လအလိုက ပွဲတော်တင်တဲ့အခါ ငှက်ပျောသီးလေး

http://www.dhammadownload.com



ဘာလေး ပါးစပ်နားလောက်မှာ အနံ့လောက်ပဲ သုံးဆောင်တဲ့ သဘောပဲတဲ့။ အာဟာရ မသုံးဆောင်တဲ့ သဘောပဲတဲ့၊ အာဟာရ မသုံးဆောင်ပဲ၊ အနံကလေးနဲ့နေတာ နှစ်လကြာတယ်။ "ရိုးရိုးလူဆိုရင် နေနိုင်ပါ့မလား"။ "မနေနိုင်ပါဘူး ဘုရား"။

အဲဒီလိုနဲ့ ဆရာလှိုင်က ကြားကာလတွေမှာလဲ သွားပြီးတော့ နေတာ။ တစ်နှစ်ကျတော့ တန်ဆောင်မုန်းလပြည့်နေ့မှာ သွားနေတယ် တဲ့။ နေတော့ လသာသာနဲ့ ဘိုးတော် ဟိုဟိုဒီဒီ ကြွတယ်ပြောတယ်။ လေ့လာရအောင် ဒီနေ့ညတော့ တစ်ညလုံး မအိပ်ကျစတမ်းဆိုပြီး မအိပ်ပဲနေကြတယ်။ တစ်ခါထဲ ဒီလို လရောင်ထဲမှာပဲ ပျောက်သွားတယ်။ ပျောက်သွားတော့ ပြန်ရောက်တဲ့အထိ မအိပ်ပဲနဲ့ စောင့်နေကြတယ်၊ ပြန်ရောက်ခါနီးတော့"ဝူ ဝူ ဝူ"ဆိုတဲ့ အသံကြီးမြည်ပြီးတော့ ရောက်လာ တယ်တဲ့။ သူတို့က "ဘိုးတော်ဘယ်ကြွတာလဲ"လို့ မေးတော့ "ဒီလိုပဲ ဟိုက ဒီက ပင့်တာတွေသွားရတာပဲ"လို့ ပြောတယ်။ ဒါကတော့ ဆရာလှိုင် လက်တွေ့မျက်တွေ့ပါပဲ။

အခု ဒီရန်ကုန်မှာတော့ သံယုတ်ဆရာတော်ကြီး၊ သံယုတ် ဆရာတော်ကြီးက ဘိုးတော်တွေ မယုံဘူး။ မယုံတော့ ဟိုအိမ် ဒီအိမ်မှာ ဘုရားပွဲ ဘိုးတော်ပွဲ တင်ကြတော့ ဘိုးတော်ပွဲတွေကို ဖြုတ်ချင်တယ်။ ဖြုတ်ချင်တော့ ရမ်းဖြုတ်လို့လဲ မဖြစ်ဘူး။ ဖြစ်ပါ့မလား၊ "မဖြစ်ပါဘုရား"၊ ဒါနဲ့ ရွှေတိဂုံဘုရားဟာ တန်ခိုးကြီးတယ်။ ဘိုးတော်တွေ ရှိရိုးမှန်ရင် ရွှေတိဂုံတော့လာကြမှာပဲ။

ဆရာတော်က ကျောင်းက ကိုယ်တော်တွေကို ပြောတယ်။ "ငါရွှေတိဂုံပေါ် အဓိဋ္ဌာန်ဝင်မယ်။ ဆွမ်းပို့တဲ့ လူလောက်ပဲလာကြ"ဆိုပြီး အဓိဋ္ဌာန်ဝင်တယ်။ (၇)ရက်ပြည့် ဘာမှလဲမတွေ့တော့ ဆရာတော်က ပြောတယ်တဲ့ "အလကားပါ ဘိုးတော်တွေ ဝိဇ္ဇာတွေဆိုတာ မရှိပါဘူး"။ ဒီလိုနဲ့ ဘုရားရှိခိုးပြီး သံယုတ်ကျောင်းပြန်မလို့ ဘုရားရှိခိုးနေတော့ ရောက်လာတယ်။ "အရှင်ဘုရား ဘယ်သူ့တွေ့ချင်လို့လာတာလဲ" လို့

http://www.dhammadownload.com



မေးတော့ ဆရာတော်က "ရွှေတိဂုံဘုရားဟာ တန်ခိုးကြီးတယ်၊ တန်ခိုးကြီးတော့ ဝိဇ္ဇာတွေ ဘိုးတော်တွေလာမှာပဲ ရှိမှာပဲဆိုပြီး (၇)ရက် အဓိဋ္ဌာန်ဝင်ပြီးနေတာ အလကားပါ ဘိုးတော်တွေ ဝိဇ္ဇာတွေ မရှိပါဘူး" ဆိုတော့။ အဲဒီလိုဆိုလဲကြွကြွ တပည့်တော် လိုက်ပြမယ်ဆိုတော့ ဆရာတော်က လိုက်သွားတယ်။ သူ့ပြတဲ့လူက ရှေ့တင်ပျောက်သွားတယ်။ အဲဒါနဲ့ ကျောင်းရောက်တဲ့အခါ "အုန်းမောင်း"လေး ခေါက်ပြီးတော့ သံဃာစု "အိမ်တွေ အိမ်တွေက ဝိဇ္ဇာအတွက် ပြင်ထားတဲ့ ပွဲတွေမချကြနဲ့" ဒါက သံယုတ်ဆရာတော်ကြီးလက်တွေ့နော်။သို့သော် လောကီသိဒ္ဓိ လွယ်လွယ်နဲ့ ရသလား၊ မရပါဘူး၊

အဲဒီတော့ "အစစ်တစ်ခု အတုတစ်ထောင်နော်"။ "မှန်လှပါဘုရား"။ အခု ဟိုနားဒီနား ပုဂ္ဂိုလ်တွေက အဝတ်လေးအနီ ဝတ်လိုက်၊ ဟိုဟာဝတ်လိုက်နဲ့ဝတ်ပြီး ဝိဇ္ဇာတဲ့ ဘာဝိဇ္ဇာလဲဆိုတော့ "မြေလျှောက်ဝိဇ္ဇာ"တဲ့။ အဲဒီလိုဆို မြေကတော့ လူတိုင်းလျှောက်နေတာ မဟုတ်ဘူးလား။ ဝိဇ္ဇာတော့ အမည်ခံတယ်။ မြေလျှောက်ဝိဇ္ဇာတဲ့။

## အစစ်တစ်ခု အတုတစ်ထောင်

ဒါနဲ့ လွန်ခဲ့တဲ့ (၁၀)နှစ်၊ (၁၅)နှစ်လောက်က ဘိုးကလေးဝ ဆရာတော်ဘုရားကြီးစီ ဘိုးမင်းခေါင်နာမ်ကိန်းတဲ့ ပုဂ္ဂိုလ်ဆိုပြီးတော့ အမျိုးသမီးတစ်ယောက် ရောက်လာတယ်။ ရောက်လာတော့ ဆရာတော်ကြီးက သူ့ဒကာကြီးကလဲ ဒီမင်္ဂလာဒုံဘက်ကပဲ။ မြေတွေ ရေတွေ တော်တော်ပေါပါတယ်။ ချမ်းသာတဲ့ ဒကာပဲ။ ဘိုးတော်နာမ်ကိန်းလို့ ဘုရားလို့ လျှောက်တယ်။ ဆရာတော်ကြီးက ဘုန်းကြီးတို့ကို ခေါ်တယ်၊ ဦးဇာဂရတို့ နည်းနည်း အကဲခတ်ကြစမ်းပါအုံးတဲ့။ ဘုန်းကြီးကလဲ ကြားဘူးထားတာကိုး။ စိတ်နဲ့မေးရတယ်။ သူတန်းဖြေတယ်ဆိုတာ ဘုန်းကြီးကပြောတယ်။ ဘိုးမင်းခေါင်ရှိတုံးက မေးစရာရှိတာကို စိတ်နဲ့မေးရတယ်။

http://www.dhammadownload.com



ဘုန်းကြီးမေးချင်လို့ မေးလို့ရမလားဆိုတော့ ဘာမှမသိပါဘူးတဲ့။ ဘာမှမသိရင်တော့ ဟုတ်ပုံမရဘူး။ ဘိုးတော်ထွက်သွားတာ ဘယ်လောက်ကြာပြီလဲဆိုတော့ အဲဒါလဲမမှတ်မိဘူးကွာတဲ့။ သူက နာမ်ကိန်းပြီးတော့ ပြောနေတာ မဟုတ်ဘူး။ ဝိဇ္ဇာဆိုတာ သူတစ်ပါး စိတ်လဲသိတယ်၊ ကောင်းကင်လဲပျံတယ်နော်။ တစ်ခါတစ်ရံတော့လဲ အစစ်တစ်ခု အတုအထောင်ရှိနေတာ အဲဒီတော့ မှတ်ထားဖို့က ဝိဇ္ဇာမှန်ရင် ကောင်းကင်ပျံနိုင်တယ်၊ သူတပါးစိတ်လည်း သိတယ်။ ဒီနှစ်ချက်ကတော့ ပြည့်စုံရမှာကိုး။ ပြည့်စုံတော့ "ကောင်းကင်ပျံချင်တော့ ဒီအတိုင်းအိပ်နေလို့တော့ မရဘူး"၊ "မရပါဘူး" အိပ်နေလို့တော့ မရဘူး။ စရဏတွေရှိရမှာပဲ။

## အဘိုးကလေးဝဆရာတော်

တစ်ချို့က "အဘိုးကလေးဝ ဆရာတော်ဘုရားကြီး သိဒ္ဓိပေါက်တယ်လို့ ဒီလိုပြောကြတယ်။ ဖြစ်စဉ်လေးက ရန်ကင်းမှာနေတဲ့ ဗိုလ်မှူးရဲထွန်း ဆိုတာက သူလူပျိုတုံးက ရွှေတိဂုံဘုရား ဘုရားမရှိခိုးဘူး၊ ဘုန်းကြီးလဲ ဆွမ်းမလောင်းဘူး။ အဲဒါနဲ့ ပိဋကတ်ဦးထွန်းကြိုင်ဆိုတာက ဗေဒင် ဟောတတ်တယ်။ ခင်ဗျား အသက်(၄၀)ကျော်လို့ရှိရင် ပုဂ္ဂိုလ်ထူး တစ်ပါးနဲ့တွေ့ပြီး ဗုဒ္ဓဘာသာအကြီးစား ဖြစ်သွားလိမ့်မယ်လို့ ဟောလိုက်တယ်။ သူက ဟားတိုက်ရယ်ခဲ့တာ ဒါတော့မမှန်ဘူး။ ဒါနဲ့သူက တောင်ကြီးမှာ ပြည်နယ်ပို့/ဆက် ဥက္ကဋ္ဌလုပ်နေတော့ ဘိုးကလေးဝ ဆရာတော်ကြီးရောက်နေတော့ အဲဒီအိမ်က မော်တော်ကားနဲ့ လိုက်ပို့တယ်။ အဲဒီအိမ်မှာ သူကနေတာကိုး။ ဦးရဲထွန်းက ကားနဲ့ လိုက်ပို့တယ်။ ပို့တော့ ဒီပြင်လူတွေက အဘိုး၊ အဘိုးနဲ့ ဆရာတော်ကြီးကို ခေါ်ကြတယ်၊ သူကတော့ ဘုန်းကြီး၊ ဘုန်းကြီးလို့ခေါ်တာ ဘုန်းကြီး ဘယ်သွားချင်တုံး။ အဲလိုပဲ ဒါနဲ့ ဆရာတော်ကြီးက သူ့ကိုမှာခဲ့တယ်။ မောင်ရဲထွန်း သား ရန်ကုန်ရောက်လို့ရှိရင် ငါ့ဆီလာခဲ့။ တစ်နေ့ကျတော့

http://www.dhammadownload.com



လာတယ်။ "တပည့်တော် ရန်ကုန်လာတာ ဘုရား ရှုံးချုပ်ကခေါ်လို့" ပြည်နယ်ဥက္ကဋ္ဌကိုး၊ "အေး-ရုံးချုပ်ကခေါ်တယ်ဆိုတာ ပေါ့ပေါ့မလုပ်နဲ့၊ သွားခေါ်တာ သာမန်မဟုတ်ဘူး၊ လူကြီးသုံးယောက် မေးလိမ့်မယ်၊ သားမှာအမှုရှိလို့ အချက်ပေါင်း (၂၂)ချက်မေးလိမ့်မယ်၊ မယုံမရှိနဲ့" ဆိုပြီး ဆရာတော်ကြီးက သစ်ရွက်ကလေးတစ်ခု မန်းပြီးတော့ ပေးလိုက်တာ "ဒါလေး ဆောင်သွား" သူတို့မေးတာ ဖြေးဖြေးဖြေနော်။ ဖြေးဖြေးမဖြေရင် ထောင်ကျမယ်၊ ဟိုကျတော့ ဗိုလ်မှူးကြီး(၃)ယောက်က ဝိုင်းမေးတယ်။ မေးတဲ့အချက်အလက် (၂၂)ချက်ပဲ။ ပြန်ပြေးလာတယ်။ စောစောက ဗုဒ္ဓဘာသာလဲ မယုံဘူး။ သူက "အဘိုးဘုရား ဒါဘယ်နှယ်လုပ်ပြီး သိသလဲ"လို့ မေးတော့ "စရဏပေါ့ကွယ်"လို့ ဒီလိုဖြေတယ်။

စရဏဆိုတာ အားလုံးဒကာ ဒကာမတွေ ကျင့်ကြံအားထုတ်နေတဲ့ သီလ သမာဓိ ပညာကျင့်စဉ်တွေဟာ "စရဏ"ပါပဲ။ အဓိကကတော့ စရဏအား အရေးကြီးတာ။ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားမှာ အဓိဋ္ဌာန်ဝင်ကျင့်နေကြတဲ့ ယောဂီများဟာ လောကီသိဒ္ဓိဖြစ်စေ၊ လောကုတ္တရာသိဒ္ဓိ ဖြစ်စေအလွယ်လေးတော့ မဖြစ်ဘူးတဲ့။ ဗောဓိပက္ခိယ (၃၇)ပါးထဲမှာ ဣဒ္ဓိပါဒ်လေးပါး ဆိုတာပါတယ်။

## ဣဒ္ဓိပါဒ်လေးပါး

ဣဒ္ဓိပါဒ၊ ဣဒ္ဓိ- (သိဒ္ဓိ)= ပြီးစီးခြင်းပါပဲ။ ပြီးစီး အောင်မြင်ခြင်း၊ ပါဒ= အခြေခံ၊ အဲဒီတော့ ပြီးစီးအောင်မြင်ခြင်း သိဒ္ဓိပေါက်ခြင်းရဲ့ အခြေခံတွေ၊ ဘာတွေလဲဆိုတော့-

(၁) **ဆန္ဒ**၊ ဆန္ဒဟာလဲ သိဒ္ဓိပေါက်ခြင်းရဲ့အခြေခံပါပဲ။ အားလုံးယောဂီသူတော်စင်တွေ အခု ကုသိုလ်ပြုလိုတဲ့ ဆန္ဒ၊ ကတ္တုကာမျတာ ကုသလစ္ဆန္ဒ ကုသိုလ်ပြုလိုတဲ့ ကုသလစ္ဆန္ဒ၊ တရားအားထုတ်လိုတဲ့ ကုသလစ္ဆန္ဒမရှိပဲနဲ့ လောကုတ္တရာ သိဒ္ဓိမပေါက်နိုင်ဘူး။ လောကီသိဒ္ဓိလဲ မပေါက်နိုင်ဘူး။ လောကီသိဒ္ဓိ ပေါက်နိုင်ပါ့မလား၊

http://www.dhammadownload.com



"မပေါက်နိုင်ပါဘူးဘုရား"။

(၂) ဟော- ဝီရိယမရှိပဲနဲ့ ကော၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယဟာ သိဒ္ဓိပေါက်ခြင်းရဲ့ အကြောင်းပဲတဲ့၊

(၃) စိတ်တဲ့ စိတ္တိဒ္ဓိပါဒ်- လောကီ၊ လောကုတ္တရာ အကျိုးစီးပွား များကို ရလိုတဲ့စိတ်ပေါ့။ စိတ်ဟာလဲ သိဒ္ဓိပေါက်ခြင်းရဲ့ အခြေခံပဲ။

(၄) ဝီမံသိဒ္ဓိပါဒ် အသိဓာတ်၊ အလိမ္မာဓာတ် ဉာဏ်ပညာဟာလဲ သိဒ္ဓိပေါက်ခြင်းရဲ့ အခြေခံပဲ။ ဒါဖြင့် သိဒ္ဓိပေါက်ချင်ရင် ဘာကိုအခြေခံ ရမလဲ။ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသ၊ ဆန္ဒရယ်၊ ဝီရိယရယ်၊ စိတ်ရယ်၊ အသိဓာတ်၊ အလိမ္မာဓာတ်၊ ပညာရယ်၊

အဲဒီ(၄)မျိုးဟာ သိဒ္ဓိပေါက်ဖို့ အခြေခံ(၄)မျိုးပဲ။ ဩဘ်- ဘိုးတော်အောင်မင်းခေါင် လွန်ခဲ့တဲ့နှစ်ပေါင်း(၅၀)က ရုပ်ပြောင်းပြီးတော့ မြေလျှိုးမိုးပျံလဲ လုပ်နိုင်တယ်။ သူတစ်ပါးစိတ်ကိုလဲ သိတယ်။ သိဒ္ဓိ ပေါက်တဲ့ ဂန္ဓာရီဝိဇ္ဇာ ဖြစ်တဲ့အခါ အားမကျဘူးလား။ "အားကျပါတယ် ဘုရား"။ အားကျရင် ဘာတွေလုပ်ရမလဲ ဆန္ဒရယ်၊ စိတ်ရယ်၊ ဝီရိယရယ်၊ ပညာရယ်၊ စရဏတရားတွေ ပြည့်စုံရမယ်နော်။

## အမတ်သား(၄)ယောက်

အဲဒီ စရဏတရားတွေနဲ့ ပြည့်စုံမှသိဒ္ဓိပေါက်နိုင်တယ်၊ လောကီသိဒ္ဓိ၊ လောကုတ္တရာသိဒ္ဓိ၊ ဥပမာအားဖြင့် မင်းအမတ်ကြီးလေးဦး မှာ သား(၄)ယောက်၊ အမတ်ကြီးရဲ့သား(၄)ယောက်က ဘုရင့် နန်းတော်မှာ မင်းမှုထမ်းတယ် ဆိုပါစို့၊ မင်းမှုထမ်းတဲ့အခါ ဒီအမတ်ကြီးရဲ့ သားတွေဟာ ရာထူးဂုဏ်သိမ် မယူချင်ဘူးလား။ ရှင်ဘုရင်က ရာထူး မြှင့်ပေးတာ သဘောမကျပေဘူးလား။ အဲဒီတော့ သား(၄)ယောက်ဟာ အားကိုးအားထားတစ်ခု တစ်ခုစီ ပြုကြရတယ်။

ပထမအမတ်ရဲ့သားဟာ ပြုစုလုပ်ကျွေးမှု၊ အမြဲတမ်း ခယဝယ ပြုစုလုပ်ကျွေးတယ်။ ရှင်ဘုရင်က သဘောကျပြီး သူ့ကိုရာထူးမြှင့်

http://www.dhammadownload.com



တင်ပေးလိမ့်မယ်။ အကြီးရာထူးကို ပေးလိမ့်မယ်မျှော်ပြီး ရှင်ဘုရင်ကို ပြုစုလုပ်ကျွေးတယ်။

အဲဒီလို ပြုစုတာနဲ့ပဲ၊ အမတ်ကြီးရဲ့သားဟာ ရာထူးအထွင့်အထိပ် ရရှိတာပဲ။ နောက်အမတ်သားတစ်ယောက်ကတော့ သူစဉ်းစားတယ်။ ဘုရင်ကို အမြဲတမ်း ပြုစုလုပ်ကျွေးနေရတာ မလွယ်ဘူး။ သူကြံစည်တာက တိုင်းပြည်ဆိုတာ အခါခပ်သိမ်း ငြိမ်းချမ်းနေတာ မဟုတ်တတ်ဘူး။ အစွန်းအဖျားတွေမှာ သူပုန်သူကန်တွေ၊ နယ်စပ်တွေမှာ သူပုန်သူကန် ထတော့မှ ဘုရင်ကျေနပ်လောက်အောင် တစ်ခါထဲ ရထားဦးစစ်ဦးက နေပြီးတော့ တိုက်ခိုက်ပြီး သူရဲ့သူရသတ္တိ ရဲရင့်မှုတွေကို ပြပြီးတော့ ရာထူးယူမယ်လို့ ဒီလိုစဉ်းစားတယ်။

စဉ်းစားတဲ့အတိုင်း တိုင်းစွန်ပြည်ဖျားမှာ သူပုန်သူကန်များ ထတဲ့အခါ ရှင်ဘုရင် ကျေနပ်လောက်အောင် တစ်ခါထဲ သူရဲ့အစွမ်းပြပြီးတော့ အောင်ပွဲရတယ်။ အောင်ပွဲရတာကို အကြောင်းပြုပြီးတော့ ဘုရင်က ရာထူးကြီးကြီးမားမား မြှင့်တင်ပေးလိုက်တယ်။

တတိယအမတ်သားတစ်ယောက်က ဘယ်လိုစဉ်းစားသလဲ ဆိုတော့ ပြုစုလုပ်ကျွေးရတာလဲ မလွယ်ဘူး၊ ဝံ့ဝံ့စားစား တိုက်ရ ခိုက်ရတာလဲ မလွယ်ဘူး၊ အဲဒီတော့ ငါက အမျိုးဇာတ်မြတ်တယ်။ အမျိုးအနွယ်ကို ကြည့်ပြီးပေးမယ်ဆိုရင် ရှင်ဘုရင်က ငါ့ကို ရာထူး တက်ပေးမှာပဲဆိုပြီး သူကအဲဒါလေးပဲ အားကိုးနေတယ်။ ဒါနဲ့ပဲ ရှင်ဘုရင် အမျိုးဇာတ်နဲ့ ပတ်သက်ပြီး ရွေးချယ်တဲ့အခါ သူ့ကိုတွေ့ပြီး ရာထူး ကြီးကြီးပေးပါတယ်။

စတုတ္ထအမတ်သားတစ်ယောက်က ဘာစဉ်းစားသလဲဆိုတော့ အမြဲပြုစုဖို့လဲ မလွယ်ဘူး။ ရဲရဲဝံ့ဝံ့နဲ့ တိုက်ခိုက်ဖို့လဲ မလွယ်ဘူး။ အမျိုးဇာတ်လဲ မမြတ်ဘူး။ သို့သော် ငါ့မှာတော့ အသိဓာတ်၊ အလိမ္မာ ဓာတ်၊ ဉာဏ်ပညာဓာတ် ရှိတယ်။ တိုင်းရေး ပြည်ရေးဆိုတာ တစ်ခါတစ်ရံ ကျတော့ ဉာဏ်ပညာနဲ့ နှီးနှောရတာလဲ ရှိတယ်။ အဲဒီအချိန်အခါမှာ

http://www.dhammadownload.com



ငါ့အသိဉာဏ်ကို အသုံးချပြီး အထွင့်အထိပ်ရအောင် ယူမယ်လို့ ဒီလို စဉ်းစားထားတဲ့အတိုင်း အရေးကြီးတဲ့ကိစ္စကျတော့ ပညာရှိကလိုတာကိုး။

အဲဒီအချိန်အခါမျိုးမှာ စောစောက ပညာရှင်နဲ့ တိုင်ပင်ပြီးတော့ နှီးနှောပြီးတော့ ဘုရင်က အုပ်ချုပ်တဲ့အခါကျတော့ ဒီလူကိုလဲပဲ မိမိရဲ့ အသိအလိမ္မာ ဉာဏ်ပညာဓာတ်ကို အကြောင်းပြုပြီးတော့ ကြီးမြင့်တဲ့ ရာထူးကို ရရှိပြီးတော့သွားတယ်။

အဲဒီ အမတ်သား(၄)ယောက်လိုပဲတဲ့ ဘုန်းကြီးတို့တတွေဟာ ဆန္ဒကို အကြီးအမှူးပြုပြီးတော့ လောကီသိဒ္ဓိ ပေါက်နိုင်တယ်။ လောကုတ္တရာသိဒ္ဓိ ပေါက်နိုင်တယ်။ ဝီရိယကို အကြီးအမှူးပြုပြီးတော့ လောကီ၊ လောကုတ္တရာသိဒ္ဓိ ပေါက်နိုင်တယ်။ စိတ်ကို အကြီးအမှူးပြု ပြီးတော့ လောကီ၊ လောကုတ္တရာ သိဒ္ဓိ ပေါက်နိုင်တယ်။ အသိဓာတ် ဉာဏ်ပညာဓာတ်ကို အကြီးအမှူးပြုပြီးတော့ လောကီသိဒ္ဓိ၊ လောကုတ္တရာသိဒ္ဓိ ပေါက်နိုင်တယ်။

ဒါကြောင့် ဘုန်းကြီးတို့ သာသနာတော်မှာ ရဋ္ဌပါလမထေရ်ဟာ ကောရဗျမင်းဥယျာဉ်မှာ ရဟန်းဘဝနဲ့နေပြီး ခဲရာခဲဆစ် တရားရအောင် တရားအားထုတ်မယ်ဆိုတဲ့ဆန္ဒ ပြင်းပြင်းထန်ထန်နဲ့ တရားအားထုတ် လိုက်တာ လောကုတ္တရာသိဒ္ဓိ (၄)ပါးလုံး ရရှိတော်မူတယ်။ ရှင်သောဏ မထေရ်ကတော့ ချမ်းသာလိုက်တာ သူ့ခြေဖဝါးလေးတွေကလဲ အင်မတန်နူးညံ့၊ လမ်းလျှောက်ပြီးတော့ တရားအားထုတ်တယ်၊ ထိုင်ပြီး တရား အားထုတ်တယ်၊ သူလမ်းလျှောက်ပြီး အားထုတ်တဲ့နေရာမှာဆိုရင် သူ့ခြေဖဝါးက ထွက်တဲ့သွေးတွေ ပေကျံနေတယ်။ အဲဒီလို ဝီရိယ အခြေခံပြီးတော့ ပြီးစီးအောင်မြင်ခြင်းရဲ့ အခြေခံဖြစ်တဲ့ ဝီရိယအားယူ ပြီးတော့ အားထုတ်လိုက်ထာ။

* **အဘိညေယျေ့ဓမ္မေသု အဘိညာသိဒ္ဓိ၊**
* **ပဟာတဗ္ဗေသု ဓမ္မေသု ပဟာနသိဒ္ဓိ၊**
* **သစ္ဆိကိရိယေသု ဓမ္မေသု သစ္ဆိကရိယာသိဒ္ဓိ၊**

http://www.dhammadownload.com



✱ ဘာဝေတဗ္ဗေသုဓမ္မေသု ဘာဝနာ သိဒ္ဓိ

ဆိုတဲ့ သိဒ္ဓိလေးပါးလုံး အရှင်မြတ်ကြီး ရရှိသွားတယ်။ အရှင်သောဏမထေရ်က ဝီရိယအခြေခံတယ်။ အရှင်သမ္ဘူလမထေရ်ကတော့ တရားထူး တရားမြတ်ကို ရလိုတဲ့စိတ်ဓာတ် ပြင်းထန်လို့ အရှင်မြတ်ကြီးလဲ သိဒ္ဓိလေးပါး ပေါက်သွားတယ်။ အရှင်မောဃရာဇ မထေရ်မြတ်ကြီးကတော့ ဉာဏ်ပညာကို အခြေခံပြီးတော့ လောကုတ္တရာတရားကို အားထုတ်လိုက်တာ သိဒ္ဓိလေးပါးလုံး ပေါက်မြောက်သွားတယ်။ အဲဒီတော့ သိဒ္ဓိပေါက်ချင်ရင် ဘာကိုအခြေခံရမလဲ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ အခြေခံရပါတယ်ဘုရား၊

အခုအားလုံး ယောဂီသူတော်စင်တွေ ဒီအဓိဋ္ဌာန်အောင်ပွဲကြီးမှာ တရားအားထုတ်လို့တဲ့ဆန္ဒမရှိရင် ဖြစ်ပါမလား၊ မဖြစ်ပါဘူးဘုရား၊ တစ်နေ့ (၆)ကြိမ်၊ (၇)ကြိမ်ထိုင်ရတယ်ဟုတ်လား၊ ဟုတ်ပါတယ်ဘုရား၊ တကြိမ်ထဲထိုင်ရင် အောင်မြင်ပါ့မလား၊ မအောင်မြင်ပါဘူးဘုရား။ ဒီအဓိဋ္ဌာန် အောင်မြင်လိုတဲ့ဆန္ဒ၊ အောင်မြင်လိုတဲ့ဝီရိယ၊ အောင်မြင်လိုတဲ့ စိတ်၊ အောင်မြင်နိုင်လောက်တဲ့ အသိဓာတ်, အလိမ္မာဓာတ်၊ လောကီသိဒ္ဓိတွေကလဲ ရရင်ကောင်းတာပဲ။ သိဒ္ဓိဆိုတာ လွယ်လွယ်နဲ့တော့မရဘူး။ လောကုတ္တရာသိဒ္ဓိပေါက်ဖို့ အဓိဋ္ဌာန်ဝင်ကြတယ် ဆိုကြပါစို့၊

သမထဝိပဿနာတရား အားထုတ်တယ်ဆိုတာ တရားတွေမြင်ဖို့လိုတာ။ တရားသိမြင်ဖို့ဆိုတော့ ဒုက္ခကို ပိုင်းခြားပြီးသိရမယ်။ ပိုင်းပြီးတော့ သိရမှာ၊ ပိုင်းဖြတ်ပြီးတော့ သိရမှာ။ ဘာတွေသိရမလဲဆိုတော့ သံခိတ္တေနပဉ္စုပါ ဒါနက္ခန္ဓာပိဒုက္ခာ၊ ဒုက္ခ(၇)မျိုး ထုတ်ပြတယ်။ မြတ်စွာဘုရားက ပဋိသန္ဓေ အို နာ သေ ဆိုတဲ့ ဒုက္ခတွေကတော့ တရားအားမထုတ်လဲ မမြင်နိုင်ဘူးလား။ မြင်နိုင်ပါတယ် ဘုရား။ အိုတာ နာတာ သေတာဟာလဲ ဒုက္ခပဲလို့ မငြီးကြဘူးလား။ ငြီးပါတယ်ဘုရား။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲလဲ ဒုက္ခမှန်း သိတယ်။ အဲဒါတွေက နည်းနည်းရိပ်မိတယ်။ နည်းနည်းရိပ်မိတယ်၊ မိမိက မအို မနာ မသေဖို့ တောင့်တ

F.28.CB

http://www.dhammadownload.com



တယ်။ အို နာ သေနေတယ်။ ဒါလဲဒုက္ခပဲ၊ ဒါလဲဒုက္ခပဲလို့သိတယ်။

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ၊ ခန္ဓာငါးပါးဒုက္ခ၊ ရုပ်နာမ်ဟာ ဒုက္ခဆိုတာ သာမန်အားဖြင့် မြင်နိုင်ပါမလား။ မမြင်နိုင်ပါဘုရား။ အခုလို ဝိပဿနာဘာဝနာ ရှုကြည့်လိုက်တဲ့အခါကျမှ ဒါကရုပ်၊ ဒါကနာမ်၊ ဟော ပထမဆုံး တရားအားထုတ်ကြည့်တဲ့အခါ ဘာကိုအရင် အားထုတ်ရ သလဲ။ "သမထ"က အရင်ဝင်ရတယ်။ "သမထ"လုပ်ငန်း အရင်စဝင်တာ ဘာကြောင့်လဲ။ ငြိမ်အောင်လို့ ငြိမ်အောင်လို့။ ဘာငြိမ်အောင်လဲ၊ စိတ်၊ အညစ်အကြေးကို ပယ်နိုင်အောင်လို့ အညစ်အကြေးက ငါးမျိုးရှိတယ်။ ငါးမျိုးက ဘာလဲဆိုတော့ -

၁။ ကာမစ္ဆန္ဒနီဝရဏ= ကာမဂုဏ်တွေကို လိုလားတဲ့ဆန္ဒ ရှိနေမယ်ဆိုရင် တရားတွေရနိုင်ပါမလား။

၂။ ဒေါသတွေဆူဝေ နေမယ်ဆိုရင်တရားတွေ မြင်ရမလား။

၃။ စိတ်ထဲမှာထိုင်းမှိုင်းပြီးနေရင် တရားတွေမြင်နိုင်ပါမလား။

၄။ စိတ်တွေ ပြန့်လွင့်ပြီးတော့နေရင် တရားရပါအုံးမလား။ မရပါဘူးဘုရား။

၅။ စိတ်တွေသို့လော သို့လော် ဖြစ်နေရင် တရားရပ့်မလား။

ဟော- ရုပ်တရား၊ နာမ်တရား အပေါင်းအားဖြင့် ရုပ်ကို ကြည့်မယ်ဆိုရင် မြင်ဖို့မခက်ဘူးလား။ အစိတ်အစိတ် ဖြာပြီးတော့ကြည့်မှ မြင်မယ်။ စိတ်စေတသိက်တွေကို အပေါင်းအားဖြင့် ကြည့်မယ်ဆိုရင် မမြင်ဖူး၊ မြင်ဖို့ခက်တယ်။ မမြင်ခင် ပထမဆုံးက လမ်းရှင်းပေးရအုံးမယ်။ လမ်းရှင်းပြီးတော့ စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ရအောင် ကြိုးစားကြရတာ ကြိုးစားလာခဲ့ပြီ။ နည်းနာနိဿယ ပေးထားတဲ့အတိုင်း အားထုတ်။ အကယ်၍ စောစောကပြောတဲ့ တရားဆိုး တရားပျက် (၅)မျိုး၊ နီဝရဏလို့ ခေါ်တယ်။ အဲဒီ နီဝရဏတရားက အပိတ်အဆို့တရား၊ ဘာပိတ်သလဲ။ ကောင်းတာတွေ ပိတ်တယ်။

http://www.dhammadownload.com



ပညာယဒုဗ္ဗလီကရဏာ အသိအလိမ္မာဉာဏ်ပညာကို ရှိပြီးဖြစ်ရင်လဲ အားနည်းအောင် လုပ်တတ်တယ်။ မရှိသေးတာဆိုရင်တော့ မဖြစ်အောင် ပိတ်တယ်။ ဒီနီဝရဏငါးပါးရှိရင်တော့ အသိဓာတ်၊ အလိမ္မာဓာတ် မဖြစ်တော့ဘူး။ အဲဒါကို မြတ်စွာဘုရားက ဥပမာငါးမျိုးနဲ့ ဟောတော်မူတယ်။

"ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ"တို့နဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက အဘယမင်းသားအား ဟောတာပါ။ အဘယမင်းသားကလဲ မြတ်စွာဘုရားစီ လာမေးတယ်။ မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်ပေါ်မှာ သီတင်းသုံးနေတော့ ဂိဇ္ဈကုဋ်တောင်ပေါ်ကို တက်ပြီးလာတာ။ တောင်ပေါ်ကို ခြေလျင်တက်ရတာ။ အခုတော့ ရွှေ့လျား လှေခါးကြီးတွေ့တယ်။ ဂျပန်က လုပ်ထားတာ။ ပွဲတွေမှာ ရဟတ်ကြီးလို ပါပဲ။ စိတ်ချလက်ချလိုက်ရတာ မဟုတ်ဘူး။ တစ်ချို့ဆိုရင် စက်ကပျက်နေလို့ လမ်းမှာရပ်နေတယ်။ အချို့ဆရာတော်တွေ စက်ပျက်လို့ လမ်းမှာရပ်နေတော့ ဆွမ်းမဘုန်းပေးရတာတွေလဲ ရှိတယ်။

ရာဇဂြိုလ်နဲ့တော့ ဂိဇ္ဈကုဋ်တောင်က မဝေးဘူး။ အဘယမင်းသားက မြတ်စွာဘုရားကို လျှောက်တယ်။ "အရှင်ဘုရား ပူရာဏကဿပကြီးက ပြောတယ်။အသိဓာတ်၊ အမြင်ဓာတ်တွေဟာ အကြောင်းမဲ့ဖြစ်တာပါတဲ့။ တရားတွေကိုသိတာ၊ တရားတွေကိုမြင်တာ ဘာမှအကြောင်းမရှိပါဘူးတဲ့။ အဲဒီတော့ မသိမမြင်ခြင်းရဲ့ အကြောင်းရယ်၊ သိမြင်ခြင်းရဲ့ အကြောင်းရယ် ရှိပါသလားဘုရားဆိုတော့ ရှိတယ်တဲ့။ မသိမမြင်ခြင်းရဲ့ အကြောင်းက (၅)မျိုး ရှိတယ်။ အပိတ်အနှောင့် တရား နီဝရဏတရားငါးမျိုးပဲ။ အဘယမင်း စဉ်းစားကြည့်။ ဥပမာ ဆိုကြပါစို့။ ရေခွက်လေးတစ်ခွက်ထဲ ရေထည့်ထား၊ အဲဒီရေ အဖြူ အနီ အဝါ အပြာ ရောင်စုံဆိုးထားတယ် ဆိုပါစို့။ ရောင်စုံဆိုးထားတဲ့ရေထဲ မိမိရဲ့မျက်နှာရိပ် ကလေး ကြည့်လိုက်၊ မိမိမျက်နှာမြင်ပါ့မလား။ "မမြင်ပါဘုရား"။ "ဘာပြုလို့လဲ"။ "ရောင်စုံဆိုးထားလို့"။ မိမိစိတ်ကလေးဟာလဲ ရှုပါရုံ၊

http://www.dhammadownload.com



သဒ္ဒါရဲ့ အစရှိတဲ့ အာရုံရောင်စုံတွေ ဆိုးထားလို့ရှိရင် "ပဉ္စုပါနက္ခန္ဓာပိ ဒုက္ခာ"လို့ဟောထားတဲ့ ရုပ်တရား နာမ်တရားတွေ သိမလား။ "မသိပါဘုရား"။ "စိတ်က ရောင်စုံဖြစ်နေတာကိုး။ ရေမှန် တောင်ကြည့်လို့မရဘူး။ ရေမှန်ကြည့်တဲ့ ဥပမာလေး၊ နောက်ရေခွက်တစ်ခွက်ဟာ တစ်ခါထဲ မီးဖိုပေါ် တည်ထားတော့ ပွက်ပွက် ပွက်ပွက်ဆူနေတယ်။ ပွက်ပွက်ဆူနေတဲ့ ရေခွက်ထဲကို ရေမှန်ကြည့်ရင် မျက်နှာရိပ်မြင်ရပ့ါမလား။ "မမြင်ရပါဘုရား။"

အဲဒီလိုပဲ မိမိရဲ့စိတ်ကလေးဟာလဲ ဒေါသနဲ့ပွက်ပွက်ဆူနေရင် ရုပ်တရား နာမ်တရားတွေ မြင်နိုင်ပါမလား။ "မမြင်နိုင်ပါဘူးဘုရား"။ အဲဒီ ရေခွက်လေးပဲ ကြည့်လိုက်အုံး။ အဲဒီ ရေခွက်ထဲက ရေဟာ လေကတိုက်တော့ လှိုင်းထနေတယ်။ လှိုင်းထနေတဲ့ရေလဲ မျက်နှာရိပ်ကြည့်လို့မြင်ပ့ါမလား။ "မမြင်ပါဘူးဘုရား"။ အဲဒီ ရေခွက်လေးပဲ ကြည့်လိုက်အုံး။ အဲဒီလိုပဲ စိတ်ကလေးက လှိုင်းထပြီးတော့ ပြန့်လွင့်နေမယ်ဆိုရင် ရုပ်နာမ်တရားတွေကို မမြင်နိုင်ဘူးတဲ့။ ရေခွက်လေး တစ်ခုကတော့ မှော်တွေနဲ့ ပြည့်နေတယ်။ မျက်နှာရိပ်ကြည့်လို့ မြင်ပ့ါမလား။ မမြင်ပါဘူးဘုရား။ အဲဒီလိုပဲတဲ့ စိတ်ကလေးဟာ ထိုင်းမှိုင်းနေလို့ရှိရင် ရုပ်နာမ်တရားတွေ မြင်ပ့ါမလား။ မမြင်ပါဘုရား။ အဲဒီလိုပဲတဲ့ ရေခွက်တစ်ခုထဲက ရေတွေဟာ ရွှံ့ညွှန်ရေတွေ ဖြစ်နေမယ်တဲ့။ မျက်နှာရိပ် မြင်ပ့ါမ လား။ မမြင်ပါဘုရား။ အဲဒီလိုပဲတဲ့ စိတ်ကလေးဟာ ဘုရားဂုဏ်လဲ မရှင်းလင်းဘူး။ တရားဂုဏ်လဲ မရှင်းလင်းဘူး။ သံဃာ့ဂုဏ်လဲ မရှင်း လင်းဘူး။ မယုံ့တယုံ သို့လောသို့လော ဖြစ်နေမယ်ဆိုရင် ရုပ်တရား နာမ်တရား မြင်နိုင်ပ့ါမလား။ မမြင်နိုင်ပါဘူးဘုရား။ ရုပ်တရား နာမ်တရား မမြင်ရင် ဝိပဿနာဖြစ်ပ့ါမလား။ မဖြစ်ပါဘုရား။ ဝိပဿနာဉာဏ်ရမှ ဝိပဿနာဉာဏ်ကနေကူးမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၊ ဝိပဿနာဉာဏ် မဖြစ်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ဝေးပါတယ်တဲ့။ ဝိပဿနာဉာဏ် ဖြစ်ဖို့ရာအတွက် ပထမဆုံးစိတ်ကလေးကို ဆေးရောင်စုံ

http://www.dhammadownload.com



ဆိုးထားတာလို မဖြစ်ရအောင်၊ ပွက်ပွက်ဆူတဲ့ရေလို မဖြစ်ရအောင်၊ လှိုင်းမထအောင်၊ မှော်အညစ်အကြေး မဖုံးအောင်၊ ရွှံ့ညွှန်တွေလို မဖုံးအောင်၊ ပထမဆုံး သမထကမ္မဋ္ဌာန်း အားထုတ်ကြရတယ်။

အဲဒီလို အားထုတ်ကြရတယ်လို့ အဘယမင်းသားကို ပြောလိုက်တယ်။ ဒါဖြင့် သိတာ မြင်တာ ကျရင်ကောတဲ့။ သိတာ မြင်တာက အဲဒီလို အားထုတ်လိုက်လို့ရှိရင် စိတ်ကလေးစင်ကြယ်ပြီး ရေခွက်ထဲက ရေကလေးငြိမ်နေတော့ မျက်နှာရိပ်ကြည့်လို့မရဘူးလား။ ရပါတယ်ဘုရား။ နီဝရဏတရားတွေကို နှင်ထုတ်ပြီး စိတ်ကလေးဟာ တည်ငြိမ်လာတော့ ယောဂီတွေ ဝမ်းမြောက်မှု မဖြစ်ဘူးလား။ ဖြစ်ပါတယ်ဘုရား။ ဝမ်းမြောက်မှု အသေးစားဖြစ်တယ်။ နောက်အကြီးစား ဖြစ်လာတယ်။ ဝမ်းမြောက်မှုဖြစ်လာတော့ ကိုယ်ရော စိတ်ရော မငြိမ်းချမ်းဘူးလား။ ကိုယ်ရော စိတ်ရော ငြိမ်းချမ်းလာတော့ စိတ်ရဲ့တည်ကြည်မှုလေးတွေ မရဘူးလား။

**သုခိနော စိတ္တံ သမာဒိယတိ၊**
**သမာဟိတော ယထာဘူတံ ပဇာနာတိ၊**

သမာဟိတော= တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ပုဂ္ဂိုလ်သည်၊ ယထာဘူတံ= ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ= ရုပ်တရား နာမ်တရားတို့ကို မြင်နိုင်၏။ စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့အခါ ရုပ်တရား နာမ်တရားတို့ကို မြင်နိုင်တယ်။ ဒါဖြင့် ရုပ်တရား နာမ်တရား ဆိုတာ ဘာတွေလဲလို့ဆိုရင် ရုပ်တွေအကုန် နာမ်တွေအကုန် အကြောင်းတရားက ဒီလို၊ အကျိုးတရားက ဒီလို၊ ဓမ္မသင်္ဂဏီက ဘယ်လိုဟောတယ်၊ ယမိုက်မှာ ဘယ်လိုဟောတယ်၊ ပဋ္ဌာန်းမှာ ဘယ်လိုဟောတယ် ဆိုရင် အားလုံးယောဂီတွေ စိတ်တွေရှုပ်ပြီး သိနိုင်ပါ့မလား။ မသိနိုင်ပါဘုရား။ မသိနိုင်တော့ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက ဥပမာတစ်ခုပေးတယ်။၏

http://www.dhammadownload.com



## အရင်းအနှီးနည်းလျှင်

လူတစ်ယောက်က ငွေအရင်းအနှီးက နည်းနည်းလေးရှိတယ်တဲ့။ နည်းနည်းလေးရှိတော့ ပိန်းကောလှေငယ်လေးတစ်စင်း ခုတ်ပြီးတော့ အဲဒီ လှေငယ်လေးနဲ့ ဟောဒီ ငမိုးရိပ်ထဲ မကူးနိုင်ဘူးလား။ ဟိုနား ဒီနား လှေလေးနဲ့ကူးပြီး ရောင်းဝယ်မစားနိုင်ဘူးလား။ စားနိုင်တာပဲ။ အရင်းအနှီးက ဒါလောက်ပဲရှိတာကိုး။ သူတတ်နိုင်တဲ့ အရင်းအနှီးနဲ့ ဒီလှေလေးနဲ့ လုပ်ကိုင်စားသောက်လို့ မဖြစ်ဘူးလား။ ဖြစ်ပါတယ်ဘုရား။ အဲဒီလိုပါပဲ။ အဘိဓမ္မာဒေသနာတော်ကြီးကလဲ ကျယ်ပြန့်တယ်။ ကျယ်ပြန့်တဲ့ အဘိဓမ္မာဒေသနာတော်ကြီးထဲက အာနာပါန အားထုတ်တယ်ဆိုရင် ဝါယောဓာတ်ကလေး သို့မဟုတ် တေဇောဓာတ်ကလေး တစ်မျိုးမျိုး၊ ဝါယောဓာတ်တို့ တေဇောဓာတ်တို့ကို ရှုရတာလွယ်တယ်။ သူတို့က ဓာတ်ရှင်တွေကိုး။ ခန္ဓာကိုယ်မှာ ပူတယ် အေးတယ် ဆိုတာ မသိသာဘူးလား။ သိသာပါတယ် ဘုရား။ ဝါယောဓာတ်နဲ့ တေဇောဓာတ် က ဓာတ်ရှင်၊ အာပေါဓာတ်နဲ့ ပထဝီ ဓာတ်က ဓာတ်သေ၊ ဓာတ်သေက ရှုရနည်းနည်းခက်တယ်။ ဉာဏ်က အတော် ကြည့်ရတယ်။ ဓာတ်ရှင်ကို အရင်ကြည့်မှ နှာသီးဖျားလေးက ထွက်လေလေး ထွက်လာပြီး မသိသာဘူးလား။ သိသာပါတယ်ဘုရား၊ တိုးဝင်လာတာကော မသိသာဘူးလား။ သိသာပါတယ် ဘုရား။ အင်မတန်သိသာတယ်။ သိသာတဲ့လေကို ထွက်လေ ဝင်လေလို့၊ အရပ်အခေါ်ကတော့ ဒီလို သုံးရတာပေါ့။ သို့ပေမဲ့ ဒါဟာ ဝါယောရုပ်ပဲ၊ ဝါယောရုပ်ရဲ့ သဘော တရားက တွန်းကန်တယ်၊ လှုပ်ရှားတယ်။ ပကတိလေနဲ့ အတူတူပါပဲ။ တောင်ဘက်က လေလာတယ်။ သစ်ပင်တစ်ပင်လေတိုက်ရင် မြောက် ဘက်မယိမ်းဘူးလား။ ထွန်းကန်တဲ့သဘော ရှိတယ်။ အဲဒီ သစ်ပင်လေး လှုပ်လှုပ်မနေဘူးလား။ လှုပ်ပါတယ်ဘုရား။ ဒါကပြင်ပကလေ။

အဲဒီလိုပဲတဲ့ ခန္ဓာကိုယ်အတွင်းက လေလဲ သာမန်အားဖြင့် ပြောမယ်ဆိုရင် လေခြောက်မျိုးရှိတယ်။ အဲဒီ(၆)မျိုး တစ်မျိုးမျိုးရှုရမှာပါ၊

http://www.dhammadownload.com



အဲဒီ(၆)မျိုးထဲက လွယ်တာလေး ပြောကြရအောင်။ ထွက်လေဝင်လေတွေ ထုတ်မှုတ်နေတယ်၊ ရှူရှိုက်နေတယ်။ တစ်နေ့ တစ်နေ့ တစ်နာရီတစ်ထောင်ကျော်လောက် ထုတ်မှုတ်ရှူရှိုက်နေတာ။ တစ်နေ့ဆိုရင် နှစ်သောင်းလေးထောင်ကျော်လောက် ထုတ်မှုတ်နေတာ။ သောင်းချီပြီး ထုတ်မှုတ်နေတဲ့ ထွက်လေ ဝင်လေ။ အမိဝမ်းက မွေးဖွားလာတည်းက အသုံးချလာခဲ့ကြတဲ့ ထွက်လေ ဝင်လေ။ ဟော ဘဝတစ်ခု အဆုံးသတ်နိဂုံးချုပ်တဲ့အခါ "ရှူး"ဆို ထွက်လေလေး ထွက်သွားတာပဲနော်။ ဒီထွက်လေ ဝင်လေ အသုံးချနေတာ အိပ်တဲ့အခါတောင် နားရဲ့လား၊ မနားပါ၊ ရပ်ရဲ့လား၊ မရပ်ပါဘုရား၊ ရှူတာရှိုက်တာ ထုတ်ချက်မှုတ်ချက်ပိုမှန်သေးတယ်နော်။ တစ်နေ့ကို နှစ်သောင်းကျော်လောက် အသုံးချနေတဲ့ ထွက်လေဝင်လေ၊ အဲဒါကို မြတ်စွာဘုရားက တရားလုပ်ပေးတာ။ ဟော တရားကခက်တာ မဟုတ်ဘူး။ ဘာခက်တာလဲအားမထုတ်ချင်တာခက်နေတာ။ မရှိတာထက် မသိတာခက်။ မသိတာထက် မသိချင်တာက ခက်တယ်လို့ ဆိုတာကိုး။ မြတ်စွာဘုရား တရားပေးတဲ့ ကုရုတိုင်းကမ္မာသဒမ္မရွာမှာ "ငါဘုရားရဲ့တရားဟာ နှာခေါင်းပါရင် ရှုပွားလို့ရပါတယ်"ဆိုတဲ့သဘောနဲ့ ဒီတရားကိုပေးတာ။ ပထမဆုံး ထွက်လေဝင်လေလေးကိုပဲ မှတ်ပါတဲ့။

တစ်နေ့မှာ နှစ်သောင်းကျော်လောက် အသုံးချနေတဲ့ ထွက်လေဝင်လေလေးကို မှတ်စမ်းပါတဲ့။ အဲဒီတော့ ရုပ်တွေ နာမ်တွေထဲကရုပ်၊ ရုပ်ထဲမှာလဲ ရုပ်(၂၈)ပါးရှိတာထဲက (၁)မျိုးပဲ။ ဝါယောရုပ်၊ အဲဒီဝါယောရုပ်ကလေး ဖမ်းနိုင်လို့ရှိရင်ပဲ အထွဋ်အထိပ် ရောက်နိုင်တာပါပဲ၊ မြတ်စွာဘုရား ကိုယ်တော်တိုင်လဲ ဘုရားဖြစ်လာတယ်။ မြတ်စွာဘုရား ဘယ်ကမ္မဋ္ဌာန်း၊ ဘယ်တရားကို အားထုတ်လာသလဲလို့ ယောဂီတွေက သိချင်ကြမှာပဲ။ မြတ်စွာဘုရား "ဘုရားဖြစ်တယ်ဆိုတာ ဘာမှဘာကမ္မဋ္ဌာန်းမှ အားမထုတ်ပဲနဲ့ ဖြစ်လာတာမဟုတ်ဘူး။ တရားအားထုတ်လို့ဖြစ်တာ။

P.29.CA

http://www.dhammadownload.com



## သုဓာတာ သားဆုတောင်းရာ ညောင်ပင်မှာစပြီး

ဘယ်တရား အားထုတ်တာလဲ။ ဒီထွက်လေ ဝင်လေကိုမှတ်တဲ့ အာနာပါနကမ္မဋ္ဌာန်း အပါအဝင် ကာယဂတာသတိ ကမ္မဋ္ဌာန်း အားထုတ်တာပါပဲ။ အများ ကြားဖူးကြတဲ့အတိုင်း ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာ ပြုလုပ်နေတဲ့အခါ ဘုရားအလောင်း တော်လေး တရားအားထုတ်ပြီး စျာန်ပျံတယ်ဆိုတာ ကြားဖူးကြတယ် မဟုတ်လား။ စျာန်ပျံနိုင်တာ ဘယ်ကမ္မဋ္ဌာန်း အားထုတ်တာလဲ။ ဒီအာနာပါနပဲ။

အဓိကအားဖြင့် ဝါယောဓာတ်ကို သိမ်းဆည်းတာပါပဲနော်။ ရုပ်(၂၈)မျိုးထဲက တစ်မျိုးထဲပဲ။ အဲဒါကြောင့် မြတ်စွာဘုရားက ဒါလေးအားထုတ်ကြစမ်း။ ငါဘုရားရဲ့ တရားက နှာခေါင်းပါရင် အားထုတ်လို့ရတယ်တဲ့။ အားလုံးသူတော်စင်တွေ အားလုံးဟာ အသက် ရှူရှိုက်နေကြတာ။ ဝါယောဓာတ်က ဓာတ်ရှင်ဖြစ်တော့ လှုပ်ရှားနေတဲ့ အတွက် ပိုပြီးဖြစ်တာကိုလဲ သိတယ်။ ပျက်တာကိုလဲ သိတယ်။ ထွက်လေ ဆိုတဲ့ ဝါယောဓာတ်ကလေး ဖြစ်တာကိုလဲသိတယ်၊ ပျက်တာကိုလဲ သိတယ်။ ဝင်လေဆိုတဲ့ ဝါယောဓာတ်ကလေး ဖြစ်တာကိုလဲ သိတယ်။ ပျက်တာကိုလဲ သိတယ်။ (၂)စုံ ဒါကတော့ အနုစားဝိပဿနာတဲ့။ ဒါရှုနိုင်ရင် ဉာဏ်အနုစား ရှိသေးတယ်တဲ့။ အပျက်ကိုသာ ရှုတဲ့ပါ။ သညာသင်္ဉာဏ်၊ အပျက်သက်သက်ကိုသာ ရှုတဲ့အခါကျတော့မှ အားကောင်းတဲ့ ဗလဝဝိပဿနာဉာဏ်တဲ့ အားကောင်းတဲ့ ဝိပဿနာ ဖြစ်တယ်။

အဲဒီလို နည်းတွေနဲ့ သမထကမ္မဋ္ဌာန်းအားထုတ်၊ ရုပ်တရား နာမ်တရားတွေ အများကြီးရှိတာထဲက မတတ်နိုင်ရင် ရုပ်တစ်မျိုးမျိုး နာမ်တစ်မျိုးမျိုးသာ အားထုတ်ပါ။ အရင်းအနှီးနည်းရင်တော့ လှေငယ်ကလေးနဲ့ပဲ ရောင်းဝယ်စားရမှာပေါ့။

http://www.dhammadownload.com



အရင်းအနှီးတွေက သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ ချမ်းသာလာပြီဆိုရင်တော့ စက်လှေကြီးတွေ၊ ပင်လယ်ကူးသင်္ဘော ကြီးတွေ ထူထောင်ပြီးအကြီးအကျယ်ကြီး လုပ်ရမှာပါ။ အဘိဓမ္မာတတ် ဆရာတော်တွေ သင်ဟောပို့ချနေကြတာ ကျောင်းတိုက်တွေ ကျောင်းတိုက်တွေမှာ ဓမ္မသင်္ဂဏီကျမ်းကစပြီး မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း ပို့ချနေကြတာတွေကတော့ အရင်းအနှီးများများ ရှိသည့်ပုဂ္ဂိုလ်များဟာ ပင်လယ်သမုဒ္ဒရာကူးဖို့အတွက် စက်လှေကြီးတွေ၊ ပင်လယ်ကူးသင်္ဘောကြီးတွေ တည်ဆောက်ပြီး ကူးခတ်ရောင်းဝယ် ကြသလိုပဲ။

ဘုန်းကြီးတို့ ဒကာ ဒကာမများမှာတော့ သင်ကြားချိန်မပေး နိုင်ဘူး၊ အချိန်မရှိဘူး။ သင်နိုင်ရင်တော့ ကောင်းတာပေါ့။ အဲဒီတော့ မသင်တော့ မဖြစ်ဘူးလားဆိုတော့ ဖြစ်ပါတယ်နော်။ ဖြစ်တာသဘော မကျဘူးလား။ သဘောကျပါတယ် ဘုရား။ ရတယ်နော် ပိန်ကောလှေ လေးနဲ့လည်း ရတယ်။ သမထဝိပဿနာ အဲဒီလို အားထုတ်နိုင်ရင် သိဒ္ဓိမပေါက်နိုင်ဘူးလား။ ပေါက်ပါတယ် ဘုရား။ အဲဒီ သိဒ္ဓိက ဘာသိဒ္ဓိလဲဆိုတော့ -

အဘိညာသိဒ္ဓိ၊ ပဟာနသိဒ္ဓိ၊ သစ္ဆိကိရိယသိဒ္ဓိ၊ ဘာဝနာသိဒ္ဓိ လောကုတ္တရာ သိဒ္ဓိ(၄)ပါး၊ လောကီကတော့ သိဒ္ဓိ(၁၀)ပါးတဲ့။ ဥဒကသိဒ္ဓိ= ရေပြင်ကိုမြေပြင်လို၊ ကောင်းကင်ကျတော့လဲ မြေပြင်လို၊ မြေပြင် ကျတော့လဲ ရေပြင်လို အသုံးချနိုင်တယ်စတဲ့ လောကီသိဒ္ဓိတွေလဲ ဒီစရဏအားတွေကို အခြေခံပါတယ်။ လောကီသိဒ္ဓိတွေလဲ ဒီစရဏအား တွေကို အခြေခံပါတယ်။ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဆိုတဲ့ တရားတွေကို အခြေခံပြီးမှ လောကီသိဒ္ဓိ တွေ ပေါက်သလို၊ လောကုတ္တရာသိဒ္ဓိတွေလဲ ဒီအတိုင်းပဲ။ မိမိတို့ ရတနာသုံးပါးပဲ ထပ်မံကန်တော့ပြီးတော့ ဆုတောင်းကြရအောင်နော်။ အချိန်ကလဲ အတော်ကြာသွားပြီ။

http://www.dhammadownload.com



**သံသရာခရီးရှည်ကြီး**

စာစောကတော့ ကိုရဲလွင်ဆိုတဲ့ ဒကာက ဝတ်ဖြေပေးအုံးမယ် ဆိုလို့ အေးအေး နည်းနည်းဟောပြီး ပြန်တာပေါ့လို့ ပြောလာတာ။ အခု ဒီပရိသတ်ကြီးကြည့်ပြီး ဟောလိုက်တာ နည်းနည်းကြာသွားပြီနော်။ စဉ်းစားပြီးလာတဲ့ တရားကတစ်မျိုး၊

**ဂန္တဗ္ဗောစ ဒီဃောအဒ္ဓါ၊ ဥမ္မတ္တကာစ အဒ္ဓိကာ၊**

**ပါထေယျော အပ္ပကောစေဝ၊ ဗဟုကောစ ပရိဿယော၊**

**တဏှာမိတ္တော ဗဟုမာယော၊ သုခံကောခေမမေဿတော၊**

အဲဒီတရားစဉ်းစားလာခဲ့တာ။ အဲဒီတရား ရွတ်ပြချင်သေးတယ်။ ဒီကျတော့မှ ဆိုင်းဘုတ်ကြည့်ပြီးတော့ "ဘိုးမင်းခေါင် နှစ်(၅၀)ပြည့် ရွှေရတုအမိဋ္ဌာန်စခန်းပွဲ" ဆိုတော့ တရားတစ်မျိုး ပြောင်းဟောအုံးမှဆိုပြီး ပလ္လင်ပေါ်ကျမှ တရားရှာဟောရတယ်။ သူဟာနဲ့သူ အံကိုက်ဖြစ်အောင် ဟောရတာကိုး။

ဂန္တဗ္ဗောစ= မရပ်မနား ရဟတ်ခြားသို့ မပြတ်သွားရန် သံသရာ ခရီး ကန္တာရကြီးကလဲ၊ ဒီဃော= လှမ်းနေသမျှ မှန်းခြေဆလည်း မရတာ ရှည်ရှည်လျားလျားလှပါချေ၏။ အဒ္ဓိကာ= သံသရာလမ်းတစ်လျှောက် တကောက်ကောက်သွားသူ အများလူတို့ကလဲ၊ ဥမ္မတ္တကာ= ငါးဖြာအာရုံ ကာမဂုဏ် ဘီလူးဖမ်းသဖြင့် အရူးအနှမ်းတို့သာတည်း။ သံသရာကြီးကလဲ ရှည်တယ်။ သွားနေတဲ့ခရီးသည်တွေကလဲ အရူးတွေ။ ပါထေယျော= တစ်ဘဝရောက်က မကြောက်ရဖို့ ထောက်မမှန်းစာ စခန်းသာမည့် လမ်းစာရိက္ခာထုပ်ကလဲ၊ အပ္ပကော= နည်းလှပါချေသေး၏။ သံသရာ ခရီးရှည်ကြီး သွားနေတဲ့အခါ တစ်ဘဝရောက်ရင် မကြောက်ရအောင် ဆိုပြီးတော့ သီလ သမာဓိ ပညာဆိုတဲ့ ရိက္ခာထုပ် နည်းနည်းလေးရယ်။ သံသရာခရီးမဆုံးခင် ပုပ်သိုးသွားမှာစိုးရတယ်။ ပရိဿယော= ခရီး မှန်းဖယ် အန္တရာယ်အပေါင်း ရန်စွယ်အပေါင်းကလည်း၊ ဗဟုကော= ရောက်တိုင်းပင် ဆုံစည်း၍အပုံကြီးများလှပေ၏။

http://www.dhammadownload.com



ဒီသံသရာရှည်ကြီး သွားရတော့ ခရီးမှန်ကိုသွားရဖို့ အန္တရာယ်တွေကလဲ အများကြီး ကမ္ဘာမှာသန်းပေါင်း (၆၀၀၀)ကျော်ကြည့် ဗုဒ္ဓဘာသာ ဘယ်လောက်များလို့လဲ၊ သန်းပေါင်း (၄၅၀)လောက်ပဲ ရှိတယ်။ ဒါတောင်မှ မဟာယာန၊ ထေရဝါဒ ဒီလိုပေါင်းယူမှရယ်။ ဗုဒ္ဓဘုရား လောက်မှန်တဲ့ဘာသာ မရှိဘူးနော်။ ဗုဒ္ဓဘုရားရဲ့ သာသနာ၊ ဗုဒ္ဓဘာသာမှာ နိကာယ်(၅)ရပ်၊ ပိဋကတ်သုံးပုံ ဟောထားတယ်။ မဂ္ဂင်(၈)ပါး လက္ခဏာသုတ္တန်ဟောတယ်။ အခြားဘာသာတွေမှာ ရှိရဲ့လား၊ မရှိဘူး။ အရှေ့မိုးကုတ်ကုတ်၊ အနောက်မိုးကုတ်ကုတ် ထမင်းထုပ်နဲ့ လှည့်ရှာ၊ ဒီဘုရားသာသနာမျိုး မတွေ့နိုင်ဘူး။ ကမ္ဘာကြီးတစ်ခုလုံး တော်တော်နှံ့ပြီ။ ဘုန်းကြီးတို့ တောင်ဝင်ရိုးစွန်း၊ မြောက်ဝင်ရိုးစွန်းအနီး ရောက်ခဲ့ပြီ။ ဆိုဗီယက်နိုင်ငံ ရောက်တဲ့အခါ မော်စကိုကနေ မိုင်(၅၀၀၀) လောက် သွားရသေးတယ်။ ဟိုမြောက်ပိုင်းကို ရောက်သွားတယ်။ ဗုဒ္ဓတရားတော် ဘာမှမရှိတဲ့နေရာတွေ၊ အဲဒီနေရာတွေကို ဘုရားရောက်အောင်၊ တရားရောက်အောင် ဆိုပြီးတော့ ဘုရားရုပ်ပွားတော်နဲ့ (၁၂)ပေလောက်မြင့်တဲ့ ပလ္လင်တော်ကြီး မော်စကိုလှမ်းပြီးပို့လှူဖူးတယ်။

နိကာယ်ငါးရပ်၊ ပိဋကတ်တော်တွေလဲ အုပ်ရေ(၁၅၀)လောက် အဲဒီကို လှမ်းပို့ဖူးတယ်။ ဒေသန္တရလေ့လာရေး မှတ်တမ်းမရေးပဲ အရေးကြီးတာတွေလုပ်မှပဲဆိုပြီး ဓမ္မစကြာရွတ် အမျှဝေ၊ အနတ္တလက္ခဏာသုတ်ရွတ် အမျှဝေ။ ဘာကြောင့်လဲ ဘုရားတရားတော်တွေ ရောက်ဖူးချင်မှ ရောက်ဖူးမည့်နေရာတွေ ဆိုပြီးတော့ပါပဲ။ ဟိုဘက် တောင်ဝင်ရိုးစွန်းအနီး နယူးဇီလန်တို့ရောက်တော့လဲ ဒီအတိုင်း ဆောင်ရွက်ခဲ့တာပါပဲ။

ဘုရားတရားတော်တွေ တော်ရုံတန်ရုံနဲ့ မရောက်နိုင်ဘူး။ အချိန်တော်တော်ယူပြီး ရွတ်ဖတ်ပွားများပြီးတော့ အမျှဝေရတယ်။ အနောက်ပိုင်း အနောက်နိုင်ငံတွေ သွားကြည့် ပြန်တော့လဲ ဒီနိုင်ငံတွေမှာ လမ်းပျောက်နေကြတယ်။ ဘုန်းကြီးတို့တွေကတော့ မြတ်စွာဘုရားက

http://www.dhammadownload.com



နိဗ္ဗာန်မြေပုံကြီး ဆွဲပေးထားလို့ နိဗ္ဗာန်မြေပုံကြီး ရထားကြတယ်။ သူတို့မှာတော့ နိဗ္ဗာန်မြေပုံ ဘယ်ရှိမလဲ။ ဒါကြောင့် ပရိဿယော= ခရီးမှန်ဖယ် အန္တရာယ်အပေါင်း ရန်စွယ်အပေါင်းကလဲပဲ၊ ရိုးရိုးအိုနာသေ ဆိုတဲ့ ရန်တွေကလဲ ပြည့်လို့ပေါ့။ အဲဒီရန်တွေကလဲ ပြည့်လို့။ ပြီးတော့ အယူမှား ဘာသာမှားဆိုတဲ့ ဒီရန်တွေလဲပြည့်လို့ ဒုနဲ့ဒေးပြည့်လို့။

ဒါကြောင့် ပရိဿယ= ခရီးမှန်ဖယ် အန္တရာယ်မကောင်း ရန်စွယ်အပေါင်းတွေကလဲ၊ ဗဟုကော= ရောက်တိုင်းပင် ဆုံဆည်း၍ အပုံကြီးများလှပါချေ သေး၏။ အဲဒီခရီးရှည်ကြီး သွားတဲ့အခါ အဖော်လေးက ဘာပါသလဲ ဆိုတော့၊ တဏှာမိတ္တော= တဏှာနဲ့အဖော် လုပ်ရတာ။ အားလုံးရဟန်း တော်တွေရော၊ ယောဂီတွေရော ကိုယ့်မှာ ကပ်ပြီးပါနေတာတဲ့အဖော်က တဏှာ၊ တဏှာမိတ္တော= တဏှာမည်ခေါ် အကြည်တော်လေးကလဲပဲ၊ ဗဟုမာယော= ကိုယ်အနာခံ သူသာစံလျှက် နှစ်ပြန်တင်စီး အထင်ကြီးအောင် ဆင်နည်းမာယာ ပြုတတ်ပါ၏၊ တဏှာဆိုတဲ့ အကြည်တော်ကလေးကလဲပဲ ကိုယ်တော့အနာခံပြီး သူကအသာစံပြီး နှစ်ပြန်တင်စီး ဘဝတွေ အထင်ကြီးအောင်သူကပဲ အသွားခိုင်းနေတာပဲ စိုင်းနေတာပဲ သူကပဲမောင်းနေတာပဲ။ ကော= ခရီးသွားသူ အများလူဝယ် ဘယ်နွယ်ဘယ်ရိုး ဘယ်လူမျိုးသည်၊ သုခံ= ချမ်းချမ်းသာသာ၊ ခေမံ= ဘေးအတန်တန် အေးရာမှန်သည့် နိဗ္ဗာန်သောင်ကမ်း မြို့တော်နန်းသို့၊ ဧဿတိ= ကောင်းစွာပိုင်ပိုင် ရောက်နိုင်ပါအံ့နည်း၊

သာဓု - သာဓု - သာဓု

အဲဒီတရားဟောမလို့ စီမံလာတာ။ အခုတော့ မြည်းရုံလေး မြည်းပြီးတော့ ပြီးကြရအောင်။

**နမော ဗုဒ္ဓါယ သိဒ္ဓမ်၊**
**နမော ဓမ္မာယ သိဒ္ဓမ်၊**
**နမော သံဃာယ သိရသာ သိဒ္ဓမ်၊**

http://www.dhammadownload.com



အဲဒီဂါထာလေး သုံးပုဒ်ကို ရွတ်ဖတ်ပြီး အားလုံးရဟန်းတော်များနဲ့ ယောဂီများအားလုံး လောကီသိဒ္ဓိ၊ လောကုတ္တရာသိဒ္ဓိ ပြီးပြည့်စုံကြပါစေလို့ ဆုတောင်းသွားမယ်နော်။

ဗုဒ္ဓါယ= သစ္စာလေးတန် တရားမှန်ကို ကိုယ်တိုင်သိတော်မူသော မြတ်စွာဘုရားအား၊ ဗုဒ္ဓါယ= သိပွင့်နိုးကြား မြတ်စွာဘုရားအား၊ နမော= ရှိခိုးပါ၏၊ သိဒ္ဓမ်= ရည်ရွယ်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက် သိဒ္ဓိပေါက်ပါစေသတည်း၊

သာဓု - သာဓု - သာဓု

ဓမ္မာ= မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဖေါ် တရားတော်အား၊ နမော= ရှိခိုးပါ၏၊ သိဒ္ဓမ် = လူနတ်နုမော် သာဓုခေါ်လျှက် ရည်ရွယ်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက် သိဒ္ဓိပေါက်ပါစေသတည်း။

သာဓု - သာဓု - သာဓု

သံဃာယ= မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်ထင်ပေါ် အရိယာသံဃာတော်မြတ်နှင့်တကွ ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ် ရိုသေလေးစားအပ်သော အကျင့်ပဋိပတ်နှင့် ပြည့်စုံတော်မူကြသော သံဃာတော်အရှင်မြတ်များအား၊ သိရသာ= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမော= ရှိခိုးပါ၏။

ဘုရား၊ တရားရှိခိုးစဉ်က သိရသာ မပါဘူး။ သံဃာရှိခိုးမှ ဦးခေါင်းဖြင့်ဆိုတာ ပါတယ်။ ဒါဘုန်းကြီးတင် ရှိခိုးတာ မဟုတ်ဘူး။ ရှေးအဋ္ဌကထာ ဆရာကြီးတွေလဲ ဒီအတိုင်းပဲ။ ရှင်မဟာဗုဒ္ဓဃောသတို့က သံဃာရှိခိုးမှ ဦးခေါင်းဖြင့် အပိုပါလာတယ်။ ဘာကြောင့်လဲလို့ ဆိုတော့ ဘုရားပရိနိဗ္ဗာန်စံသွားတဲ့ နောက်ပိုင်းမှာ ဘုရားကဘယ်လိုဟာ၊ တရားကဘယ်လိုဟာမျိုးဟော့လို့ သံဃာကပြောတယ်၊ ထိန်းနိုင်တယ်။ ဘုရားပရိနိဗ္ဗာန် စံသွားတာ နှစ်ပေါင်း(၂၅၄၈)နှစ်ရှိပြီ။

http://www.dhammadownload.com



ဘုရားက ဒီလိုတရားက ဒီပုံလို့အသိ ပေးနေတာက သံဃာတော်တွေက အသိပေးနေတာ။ ဘုရားကိုသိဖို့ တရားကိုသိဖို့ အရေးမှာ သံဃာတော်များက ကျေးဇူးများလွန်းလို့ သံဃာကိုရှိခိုးတဲ့ အခါကျမှ "သိရသာ"= ဦးခေါင်းဖြင့်လို့ ထည့်ထားတာ။ ဒါကြောင့် သံဃာယ= မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ရှစ်ယောက် အရိယ သံဃာတော် အရှင်မြတ်များနှင့်တကွ ဤဗုဒ္ဓ မြတ်စွာသာသနာတော်မြတ်ကြီးကို ယနေ့ထက်တိုင်အောင် အခုယောဂီသူတော်စင်တို့နှင့် တွေ့ရလေအောင် ကြုံရလေအောင် ဆုံရလေအောင် လက်ဆင့်ကမ်း ပခုံးပြောင်း၍ သယ်ဆောင်တော်မူလာကြသော သံဃာတော် များအား၊ သိရသာ= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမော= ရှိခိုးပါ၏။သိဒ္ဓမ်= လူနတ်နုမော် သာဓုခေါ် လျှက် ရည်ရွယ်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်း ပြီးမြောက် သိဒ္ဓိပေါက်ပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဗလာစာအုပ် ဒါဇင် (၁၀၀၀၀) လှူဒါန်းပွဲ

ယနေ့ ၁၃၆၆ ခု ပြာသိုလ်လပြည့်ကျော်(၁)ရက်၊ အဲရိုးကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်မင်းဦး ဇနီး ဒေါ်ခင်ခင်လှ မိသားစုနဲ့ ဝန်ထမ်းများက ဗလာစာအုပ် ဒါဇင်ပေါင်း (၁၀၀၀၀)လှူဒါန်းတဲ့အခမ်းအနား ဖြစ်ပါတယ်။

ဥက္ကဋ္ဌ ဦးဇော်မင်းဦး၏ လျှောက်ထားချက်၊ လှူဒါန်းရတဲ့ ရည်ရွယ်ချက်အကြောင်းရင်းကတော့ တပည့်တော်အနေနဲ့ အတန်း ကျောင်းပညာကို ဆုံးခန်းတိုင်ရောက်အောင် မသင်ယူနိုင်ခဲ့ပါဘူးဘုရား။ မသင်ယူနိုင်တဲ့အတွက် ဆင်းဆင်းရဲရဲနှင့် လုပ်ကိုင်စားသောက်ခဲ့ရပါတယ် ဘုရား။ အဲဒီလို ဆောင်ရွက်ခဲ့တဲ့အခါမှာ အသိပညာချို့တဲ့မှု အတွေ့ အကြုံနဲ့ အတတ်ပညာချို့တဲ့မှုကြောင့် အခက်အခဲ အကြပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်ဘုရား။ အဲဒီလို အခက်အခဲ အကြပ်အတည်း တွေကနေ ကျော်လွှားနိုင်အောင် အသိပညာ၊ အတတ်ပညာတွေကို ဖြည့်ဆည်းဖို့အတွက် စာအုပ်စာပေတွေကို အားကိုးအားထား ပြုခဲ့ရပါတယ်ဘုရား။ အဲဒီစာအုပ်စာတွေက ရရှိလာတဲ့ အသိပညာ အတတ်ပညာတွေကို အခြေခံပြီး လက်တွေ့အသုံးချ ဖြေရှင်းလာနိုင်ခဲ့ ပါတယ်။ လက်တွေ့ကျကျ ဖြေရှင်းနိုင်တာနဲ့အမျှ တပည့်တော်ရဲ့ ဇွဲ လုံ့လ ဝီရိယအားများ ပိုမိုတိုးပွားလာခဲ့ပါတယ်ဘုရား။

တပည့်တော် အသိပညာများသည် အတတ်ပညာများအဖြစ် ကူးပြောင်းလာနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့ တပည့်တော်ဟာ ဘဝအတွေ့ အကြုံအရ ပညာသည် တန်ဘိုးမဖြတ်နိုင်သော ရတနာဘဏ်တိုက်ကြီး ဆိုတာ သိရှိလာပါတယ်။ ပညာနဲ့ပတ်သက်ပြီးတော့ တတ်စွမ်းသမျှ ထောက်ပံ့ကူညီလိုတဲ့ ဆန္ဒတွေဖြစ်ပေါ်ခဲ့ရပါ တယ်ဘုရား။ တပည့်တော် ပညာဆည်းပူးရာမှာ အခြေခံအသုံးအဆောင်ဖြစ်တဲ့ စာအုပ်စာတန်း၊ စာပေ၊ ဗလာစာအုပ်များ လှူဒါန်းလိုတဲ့ဆန္ဒ ဖြစ်ပေါ်ခဲ့ပါတယ်။ တပည့်တော် ဖတ်ရှုလေ့လာခဲ့ရတဲ့ ကျမ်းဂန်အဆိုအမိန့်တွေအရ စာအုပ်လှူခြင်းသည် မှတ်ကျောက်ကို လှူခြင်းမည်၏။ ရတနာကို

http://www.dhammadownload.com



လှူခြင်းမည်၏။ မျက်လုံးကို လှူခြင်းကဲ့သို့ ပညာမဲ့သူ ပညာချို့တဲ့သူတို့အား ပညာရတနာ၏ အလင်းဖြင့် ထွန်းလင်းစေနိုင်၏ ရတနာဘဏ္ဍာတိုက်ကြီးကို ရိုက်ဖွင့်လိုက်သည်နှင့်လည်းတူ၏လို့ အဆိုအမိန့်ရှိပါတယ်ဘုရား။

အကြောင်းရင်းကတော့ အမျိုးဘာသာ သာသနာအကျိုးကို ဆောင်ရွက်နေကြတဲ့ ဘုရားသားတော်၊ သမီးတော်တွေကို လှူဒါန်းရသောကြောင့် ဘုရားသားတော်၊ သမီးတော်များက ကျမ်းဂန်ပြုစုရေးသားနိုင်တဲ့အခါ သာသနာရောင်ဝါ ထွန်းလင်းပြောင်အောင် အလင်းဆောင်နိုင်ပြီး ဓမ္မစေတီအဆူဆူတူသော အကျိုးရနိုင်၏ဟု ဆည်းပူးရပါတယ်။ တပည့်တော်က "သူတစ်ပါးကို ကောင်းစေလို၍ ပညာဥစ္စာများကို မည်ကဲ့သို့ ရယူမလဲလို့ စဉ်းစားမိရာမှပညာနဲ့ပတ်သက်လို့ ကောင်းမှုပြုခွင့်ကြုံတဲ့အတွက်ကြောင့်မို့ ပါထိကဝဂ္ဂသုတ်တော်လာ မြတ်စွာဘုရား၏ ယောကျ်ားမြတ်လက္ခဏာ အင်္ဂါသုံးပါးနှင့်ပြည့်စုံရသောဆုတောင်းစာနဲ့ ဆုတောင်းလိုပါတယ်ဘုရား"။

သူတစ်ပါးကို ကောင်းစေလို၍ ကုသိုလ်ပညာ ဥစ္စာဓနသဟာယများ ဘယ်သို့ပွားအံ့။ သူအားတောင့်တ ကြောင့်ကြခဲ့ဟန် ကောင်းမှုကံကြောင့် မြိုင်ယံပျော်မွေ့ ခြင်္သေ့၏ ရှေ့ထက်ဝယ်ကိုယ် ပမာလိုလျှင် ကိုယ်တော်အောင်မောင်း ရေစီးကြောင်းမထင် ရွှေကျောပြင်နှင့် စည်သွင်မရိုး ပြည့်ဖြိုးလုံးခြင်း လယ်ပင်းသပွါယ် ဤသုံးသွယ်ဖြင့် ဤသည်လောကီ ဤသည်လောကုတ် ဂုဏ်ပေါင်းထုတ်သော် ယုတ်လျော့ခြင်းရာ မထင်ပါသော မြတ်စွာဘုရားလို့ ဆိုသည့်အတိုင်းရပါရစေဘုရား။

## ဆရာတော်၏ ဩဝါဒ

ယနေ့ နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရ စာသင်တိုက်သို့ လာရောက်ပြီး အဲရိုးကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်မင်းဦး ဒကာမ

http://www.dhammadownload.com



ဒေါ်ခင်ခင်လှတို့မိသားစုနဲ့ ဝန်ထမ်းများက ဗလာစာအုပ်ဒါဇင်ပေါင်း (၁၀၀၀၀)လှူဒါန်းတဲ့ ပွဲသဘင် ဦးဇော်မင်းဦး လျှောက်ထားသွားတဲ့ ရည်ရွယ်ချက်တွေ ကောင်းပါတယ်။ ဆုတောင်းသွားတာကလဲ သူတစ်ပါးကို ကောင်းစေလို၍ ကုသိုလ်ပညာ ဥစ္စာခနေသဟာယများ ဘယ်သို့ပွားအံ့။ သူတစ်ပါးကို ကောင်းစေချင်လို့ ဘာတွေလုပ်ပေးရမလဲ၊ ဥစ္စာဘယ်လိုရစေမလဲ၊ ပညာဘယ်လိုရစေမလဲ၊ ဥစ္စာတွေတိုးတက်အောင် ဘယ်လိုလုပ်ပေးရမလဲ၊ ဒါဘုရားလောင်းလမ်းစဉ် ကုသိုလ်ရအောင်၊ ပညာရအောင်၊ ဥစ္စာရအောင် ကြောင့်ကြစိုက်ပေးတယ်။ အလိမ္မာတွေရအောင် ကြောင့်ကြစိုက်တယ်၊ မိတ်ဆွေအပေါင်းအသင်းတွေရအောင် ကြောင့်ကြစိုက်တယ်။

ကြောင့်ကြခဲ့ဟန် ကောင်းမှုကံကြောင့် အလောင်းတော်ရဲ့ သန္တာန်မှာ ဘာတွေဖြစ်မလဲလို့ဆိုတော့ သူတစ်ပါးကို ကောင်းစေလို၍ ကုသိုလ်ပညာ ဥစ္စခနေသဟာယများ ဘယ်သို့ပွားအံ့ သူ့အားတောင့်တ ကြောင့်ကြခဲ့ဟန် ကောင်းမှုကံကြောင့် မြိုင်ယံပျော်မွေ့ ရွှေခြသေ့်၏ ရှေ့ထက်ဝက်ကိုယ် ပမာလိုလျှင် (သီဟပုဗ္ဗဒ္ဓ ကာယလက္ခဏာတော်၊ ခြသေ့်များရှေ့ ထက်ဝက်က ပိုပြီးအားကောင်းတာကိုး။) ယောကျာ်းမြတ် ... လက္ခဏာတော် (၃၂)ပါးထဲသူကလဲ အရေးကြီးတဲ့လက္ခဏာပါ။

ကိုယ်တော်အောင်မောင်း ရေစီးကြောင်းမထင် လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူဘူး။ ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုလူစားလို့ ခန့်မှန်းလို့ရတယ်။ ဘုရားအလောင်းရဲ့ကျောဟာ နောက်ကနေကြည့်ရင် ညီနေတာ၊ ကိုယ်တော်အောင်မောင်း ရေစီးကြောင်းမထင် ရွှေကျောပြင်နှင့် ရေစီးကြောင်းမရှိဘူး။ တစ်ချို့ပုဂ္ဂိုလ်တွေကျတော့ ရေစီးကြောင်း ကျောကအနက်ကြီး၊ တစ်ချို့ပုဂ္ဂိုလ်တွေကျတော့ ဗိုလ်လောက်စာလုံး ခြေသလုံး ဗုထစ်ရေစီးကြောင်းတွင်းနက် ဆိုတာရှိတယ်။ ဆင်းရဲသားလက္ခဏာတွေပါ။ မြတ်စွာဘုရားတို့က ရေစီးကြောင်းမထင် ရွှေကျောပြင်နှင့် စည်သွင်မရှိုး ပြည့်ဖြိုးလုံးခြင်း

http://www.dhammadownload.com



လည်ပင်းသပွါယ် ဤသုံးသွယ်ဖြင့် လယ်ပင်းက မရိုးစည်များလို့ လုံးရတာ။ ဒါကြောင့် မြတ်စွာဘုရားမှာ လောကုတ်၊ လောကီ ဘယ်ဟာလေးဖြင့် လိုပါတယ်ဆိုတာမရှိဘူး။ ဒါကြောင့် သူတစ်ပါးကို ကောင်းစေလို၍ ကုသိုလ်ပညာ ဥစ္စာဓန သဟာယများ ဘယ်သို့ပွားအံ့ သူအားတောင့်တ ကြောင့်ကြခဲ့ဟန် ကောင်းမှုကံကြောင့် မြိုင်ယံပျော်မွေ့ ရွှေခြသေ့်၏ ရှေ့ထက်ဝက်ကိုယ် ပမာလိုလျှင် ကိုယ်တော်အောင်မောင်း ရေစီးကြောမထင် ရွှေကျောပြင်နှင့် စည်သွင်မရိုး ပြည့်ဖြိုးလုံးခြင်း လည်ပင်းသပွါယ် ဤသုံးသွယ်ဖြင့် ဤဝယ်လောကီ ဤသည်လောကုတ် ဂုဏ်ပေါင်း ထုတ်သော် ယုတ်လျော့ချင်းရာ မထင်ပါသော မြတ်စွာဘုရား။

လောကီအနေနဲ့လဲ မနိမ့်ကျဘူး၊ မွေးဖွားစက ဘွားဖက်တော် အဖြစ်နဲ့ ရွှေအိုးကြီးလေးလုံး ပါလာတာ သုံးမကုန်တော့ဘူး။ လောကီမှာ စက်၊ ဆင်၊ မြင်း၊ မြ၊ မ၊ ဌေး၊ သား၊ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာ ရတနာ(၇)ပါးပြည့်စုံသလို သဒ္ဓါ သီလ သုတ စာဂ ပညာ ဟီရိ ဩတ္တပ္ပ လောကုတ္တရာ (ရတနာ)တွေလဲ ပြည့်စုံလာခဲ့တာ။ ဘုရားလောင်းတော်ကြီးမှာ အဲဒီလက္ခဏာသုံးပါး ပြည့်စုံတဲ့အတွက် လောကီ၊ လောကုတ္တရာ လိုလေသေးမရှိ ပြည့်စုံတယ်။ နည်းနည်းလေး လျော့တဲ့ဟာပါသေးတယ်ဆိုတာ မရှိဘူး။ ဒါက ဒကာကြီးလျှောက်ထားတဲ့ စကားကိုရှင်းအောင် ပြောပြနေတာပါပဲ။

အဲဒီတော့ အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာဓာတ်ဟာ သိပ်အရေးကြီးပါတယ်။ ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းတာဝန်ယူ လုပ်ဆောင်နေရတာ စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ၊ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ ပညာရေး ထိုက်တန်သလောက် တာဝန်ယူ တာပေါ့။ အဲဒီတော့ စားဝတ်နေ ကျန်းမာမပြည့်စုံရင် ပညာမပြည့်စုံဘူး။ ပညာမှာလဲပဲ ကမ္ဘာနဲ့ချီပြီး ပြောမယ်ဆိုရင် ကျောင်းမနေနိုင်တဲ့ ကလေးပေါင်း လွန်ခဲ့တဲ့နှစ်ကအတိုင်းပြောရင်(၁၂၃)သန်းလောက် ရှိတယ်။

**စာက စကားပြောပြီ**

ဘုန်းကြီးတို့ တိုင်းပြည်နှစ်ပြည်စာလောက်ကလေးတွေ ကျောင်းမနေနိုင်ကြဘူး။ လူကြီးတွေက သန်း(၈၆၀)လောက် စာမတတ်ကြဘူး။ မခက်ပေဘူးလား။ လူကြီးတွေက အဲဒီလို ဘုန်းကြီးတို့ နိုင်ငံကလဲ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပါဝင်နေတော့ စာမတတ်သူ ပပျောက်ရေးကလဲ အင်မတန်အရေးကြီးတာ။ စာကအရေးကြီးတာပဲ။

ဥပမာဆိုကြပါစို့။ လုမ္ဗိနီမှာ အာသောကမင်းကြီးစိုက်ထူထားတဲ့ ကျောက်စာရှိတယ်။ ကျောက်စာထဲမှာ ဘယ်လိုရေးသားသလဲ ဆိုရင် ဤနေရာမှာ သကျမုနိဘုရားလောင်း ဖွားမြင်သည်၊ ဤနေရာမှာ သကျမုနိသိဒ္ဓတ္ထ ဘုရားအလောင်း ဖွားမြင်သည်၊ ဤလုမ္ဗိနီရွာကို အခွန်အတုတ်မကောက်ပဲနဲ့ အခွန်ကင်းလွတ်ခွင့်ပေးလေ၊ လုမ္ဗိနီ ကျောက်တိုင်က ဒီလိုရှိတာ။ ကျောက်စာဆိုတာတောင် ဘုန်းကြီးတို့ ကျောက်စာနဲ့ မတူတတ်ဘူး။ အင်္ဂလိပ်စာ၊ ဟိန္ဒူစာ၊ ကုလားစာနဲ့လဲ မဟုတ်ဘူး။ ကျောက်စာဖတ်တတ်တဲ့ ပုဂ္ဂိုလ်က အခုဖတ်လိုက်တဲ့ အခါကျတော့ စောစောက ဒီစာကိုမဖတ်တတ်တဲ့ ရှေးအခါက စာက စကားမပြောသေးဘူး။ စာတတ်တဲ့ပုဂ္ဂိုလ်က အခုဖတ်လိုက်တဲ့အခါ စာဖတ်တဲ့ပုဂ္ဂိုလ်က ဖတ်တဲ့အခါ ဤနေရာ၌ သကျမုနိသိဒ္ဓတ္ထ ဖွားမြင်သည်၊ လုမ္ဗိနီရွာကို အခွန်အတုပ်ကင်းစေ၊ အာသောကမင်းကြီး ရေးထိုးသော ကျောက်စာဖြစ်သည်။ မြေကြီးထဲက ပေါ်လာတဲ့ ကျောက်စာဖတ်တတ်တဲ့သူမရှိတော့ ကျောက်စာက စကားမပြော သေးဘူး။ စာဖတ်တတ်တဲ့သူလဲ ပေါ်လာရော “ဒီနေရာ ဘုရားလောင်း ဖွားတာသေချာတယ်၊ လုပ်ကြ၊ ကောင်းကောင်းလုပ်ကြ၊ ကောင်းကောင်း ထားကြဆိုပြီး ကမ္ဘာ့အမွေအနှစ် (၅၂၈)နံပါတ်အနေနဲ့ ပါဝင်ပြီး မြန်မာနိုင်ငံက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဦးသန့်က (၃)မိုင်လောက်ရှိတဲ့ နယ်မြေကြီးကို လုမ္ဗိနီနယ်မြေ လုမ္ဗိနီစိမ်းလန်း စိုပြေရေး ထေရဝါဒဗုဒ္ဓဘာသာကျောင်းတွေ စီမံထားခဲ့လို့ ပိုပြီးတော့

http://www.dhammadownload.com



ထိန်းသိမ်းချင်တဲ့စိတ်တွေ ပေါက်လာကြတာပေါ့။

အဲဒီ အနီးအနား(၂)မိုင်လောက်ရှိတဲ့ နေရာမှာတော့ ဘုန်းကြီးတို့ မြန်မာကျောင်း အပါအဝင် အခြားနိုင်ငံက ကျောင်းအသီးသီး ရှိကြတယ်။ အဲဒီတော့ စားဝတ်နေကျန်းမာပညာဆိုရာမှာ ဒီစာမှ မဖတ်တတ်ရင် ခက်တယ်။ ကျောက်စာကို ဖတ်တတ်တဲ့ပုဂ္ဂိုလ် ထွန်းပေါ်လာလို့သာပေါ့ မပေါ်ရင်ခက်မယ်။

## ကျုပ်သားကြွပါတဲ့

ချင်းတောင်မှာ ရွာတစ်ရွာရှိတယ်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့တို့မှာ သဝဏ်လွှာကိုရေးတယ်။ ဗမာစကားတတ်တာက သားအဖ(၂)ယောက်ပဲ ရှိတယ်။ အဲဒီတော့ ရွာသူကြီးကပြောတယ်။ ဒီရွာမှာ စာအတတ်ဆုံးက ကျုပ်သားဖြစ်တယ်။ မြို့ကပေးတဲ့စာကို ဖတ်ရအောင် ကျုပ်သား ကြွတော်မူပါ။ သူတတ်သလို ပြောတာကိုး။ ဒီထက်ဆိုးတာတွေကလဲ ပါသေးတယ်။ ထားပါတော့ တစ်ရွာလုံးမှလဲ နှစ်ယောက်ရှိတာ။ သူကလဲ မပြောတတ်၊ ပြောတတ်သလို ပြောတာ မြန်မာစကား အတတ်ဆုံးဖြစ်တဲ့ ကျုပ်သားကြွတော်မူပါခင်ဗျားတဲ့။

စား ဝတ် နေ ကျန်းမာ ပညာ မှာ ပညာရေးနဲ့ပတ်သက်ပြီးတော့ စောစောက စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးများ ပြည့်စုံတဲ့အပြင် ပညာသင်ကြားဖို့ရာ အခွင့်အလမ်းသာဖို့ ပညာသင်ကြားတဲ့အခါ အထောက်အကူတွေ အများကြီးလိုတယ်၊ ကျောက်သင်ပုန်း လိုတယ်၊ ဘောပင်လိုတယ်၊ စာအုပ်လိုတယ်။ အဲဒါတွေမှ မရှိရင် အခက်ကြီးပဲ။ ဟိုတစ်ချိန် လွတ်လပ်ရေးမရခင်က မြေကြီးမှာ စာရေးပြီးတော့ စာသင်ခဲ့ကြရတယ်။

ဘုန်းကြီးတို့ ငယ်ငယ်တုံးကတော့ လက်ပံသားကိုခုတ်၊ အရှည်ကြီးပေါ့။ (၇)လက်မလောက်အနံထား၊ အရှည်က(၂)ပေ(၃)ပေ လောက်ရှိတယ်။ အဲဒါကို နေ့တိုင်း ဝက်ချေးမနဲပင်နဲ့ မီးသွေးနဲ့ အဲဒီ

http://www.dhammadownload.com



သင်ပုန်းကို ချေရတာ။ အဲဒါမှ ကန့်ကူဆံနဲ့ ရေးတော့ထင်တာ။ အဲဒါနဲ့ စာသင်ရတာ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ရင် အဲဒါနဲ့ခုတ်တာနဲ့ ဒုက္ခရောက်တယ်။ ဘုန်းကြီးတို့ (၈)နှစ်သား၊ (၉)နှစ်သား အရွယ်ရောက် ကျောက်သင်ပုန်း ကျောက်တံရွာရောက်လာတယ်။ ဆရာဘုန်းကြီးက ကျောက်သင်ပုန်း၊ ကျောက်တံပါတယ်၊ ဝေမယ်ဆိုတော့။ စောစောတုံး ကတော့ အဲဒါမျိုးကို တစ်နေ့တစ်ကြိမ် စာရေးရတာ မင်္ဂလသုတ် ဘောဒေဝပုတ္တ ရေးထားတယ်။ အဲဒီသစ်သား သင်ပုန်းတွေနဲ့ ရေးပြရတယ်။ (၂)ရက်လောက်ဆိုရင် သင်ပုန်းချေတယ်ပေါ့။ သင်ပုန်း ချေတယ်ဆိုတဲ့စကားက အဲဒီတုံးက တော်တော်ခေတ်စားပါတယ်။

သင်ပုန်းချေတယ် ဆိုတာ အဲဒီသစ်သားသင်ပုန်းကို ဝက်ချေးမနဲ့ ရွက်နဲ့ မီးသွေးနဲ့ ပွတ်ရတယ်။ ပြီးတော့ အဲဒီပေါ်ရေး ဘယ်လောက် ခက်သလဲဆိုတော့။ အဲဒါနဲ့ ရွာတွေရပ်တွေမှာ ဘုန်းကြီးတို့ရွာဆိုရင် အိမ်ခြေ(၁၁၀)ရှိတယ်။ စာတတ်တဲ့ အမျိုးသမီးက (၂)ယောက်လောက် ရှိတာ။ အမျိုးသားတွေကတော့ ဘုန်းကြီးကျောင်းက ခုနက ကျောက်သင်ပုန်းနဲ့သင်ထားတာ စာတတ်တယ်။ အမျိုးသမီးတွေက စာမတတ်ဘူး။ ဒီနောက်ကျတော့ ကျောက်သင်ပုန်းနဲ့ ကျောက်တံ ပေါ်လာတယ်။ မွန်ပြည်နယ်၊ ဘီလူးကျွန်းရွာလွတ်က ဖြစ်တယ်။ ဒါနဲ့ အဆင့်အတန်း နည်းနည်းမြင့်လာတယ်။

အခုခေတ်ကတော့ ဗလာစာအုပ်နဲ့သွားရတာ၊ ဗလာစာအုပ်မှ မရှိရင် အတော်ခက်တာ။ ခဲတံ၊ ဘောပင်နဲ့ ဖြစ်လာတယ်။ အခုကျတော့ ဘောပင်သုံးတာ များတယ်၊ ပြောရမှာပေါ့။ အဲဒါတွေမရှိရင် ပညာသင် ရတာက အခက်ကြီးပဲ။ ပညာသင်ဖို့နဲ့ ပတ်သက်ပြီး လိုအပ်တဲ့အချက်တွေ အများကြီးရှိတာ။ ဆရာလိုတယ်၊ စာသင်တဲ့ ပုဂ္ဂိုလ်လိုတယ်၊ ဗလာ စာအုပ်၊ ခဲတံ၊ ဘောပင် အစရှိသဖြင့် စားပွဲသင်ပုန်း၊ သူ့အဆင့်လေးနဲ့သူ ကုလားထိုင်တို့လိုတယ်၊ အထောက်အကူ ပစ္စည်းတွေဟာ အရေးကြီး တာပဲ။ "စားဝတ်နေ ကျန်းမာပညာ"၊ အဓိက ကတော့ ပညာရေးအတွက်

http://www.dhammadownload.com



လုပ်နေတာပဲ။ စားဝတ်နေရေး ကျန်းမာရေး အထောက်အကူပစ္စည်းတွေ မစုံရင်တော့ ပညာရဖို့ရာခက်တယ်။ ပညာဆိုတာ ပ-လေးက အဓိပ္ပါယ်တစ်ခု၊ ညာဆိုတာက အဓိပ္ပါယ်တစ်ခု၊ ပ = ခွဲခြမ်းစိတ်ဖြာပြီး၊ ညာ = သိတာ၊ ပညာ = ခွဲခြမ်းစိတ်ဖြာပြီးသိတာ၊ ပညာဆိုတာ ပါဠိစကားလုံးပါ။ မြန်မာနိုင်ငံကတော့ ပါဠိစကားလုံးကို ပါဠိသက်ဝေါဟာရ အနေနဲ့ အသုံးတွင်ကျယ်ပါတယ်။

## ပညာ

မြတ်စွာဘုရားကို ပညာနဲ့ပတ်သက်ပြီး နတ်သားတစ်ယောက် မေးတယ်။

**ကိံသု နရာနံ ရတနံ။**

အရှင်ဘုရား လူတွေရဲ့ ရတနာဟာ ဘာပါလဲ။ သာမန်အားဖြင့် ကြည့်ရင်တော့ ရွှေကိုဖြေရမှာ၊ ငွေကိုဖြေရမှာ စိန်ကျောက်တို့ ဘာတို့၊ မြတ်စွာဘုရားက တောက်လျှောက်ဖြေတယ်။ **"ပညာနရာနံ ရတနံ"** ပညာသည် လူတို့ရဲ့ ရတနာပါပဲတဲ့။ ဉာဏ်ပညာဓာတ်ဟာ ရတနာပဲ။ ပညာသင်တယ်ဆိုတဲ့ အသိဓာတ်၊ ပညာဓာတ်ဟာ ရတနာပါပဲတဲ့။

ဘုန်းကြီးတို့ ယေဘုယျအားဖြင့်ဆိုရင်တော့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာတွေဟာ လောကီပညာသက်သက်ပဲ သင်ကြတာပါပဲ။ ဘုန်းကြီးတို့ ကလေးဝတောရနယ်စပ်ဒေသနှင့် ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းကတော့ လောကီပညာရေးပေါ်မှာ ဓမ္မနည်းဆောင်းထားတယ်။ ဓမ္မဆိုတာ လူမိုက်ကိုမပေါင်းနဲ့၊ ပညာရှိကိုပေါင်း၊ ပူဇော်ထိုက်သူကို ပူဇော်၊ မသိမသာလေး ဓမ္မထည့်သွားတယ်။ လောကဓာတ်ပညာသင်တာ သက်သက်မဟုတ်ဘူး။

ဓမ္မလမ်းကြောင်းလေး နည်းနည်းထည့်ပေးထားတယ်။ နံနက်တိုင်း၊ ညဉ့်တိုင်း ဘုရားရှိခိုးတယ်၊ မေတ္တာပို့ ပွားကြရတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ(၂၆)ရက်နေ့က

http://www.dhammadownload.com



သင်ပုန်းကို ချေရတာ။ အဲဒါမှ ကန့်ကူဆံနဲ့ ရေးတော့ထင်တာ။ အဲဒါနဲ့ စာသင်ရတာ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ရင် အဲဒါနဲ့ခုတ်တာနဲ့ ဒုက္ခရောက်တယ်။ ဘုန်းကြီးတို့ (၈)နှစ်သား၊ (၉)နှစ်သား အရွယ်ရောက် ကျောက်သင်ပုန်း ကျောက်တံရွာရောက်လာတယ်။ ဆရာဘုန်းကြီးက ကျောက်သင်ပုန်း၊ ကျောက်တံပါတယ်၊ ဝေမယ်ဆိုတော့။ စောစောတုံး ကတော့ အဲဒါမျိုးကို တစ်နေ့တစ်ကြိမ် စာရေးရတာ မင်္ဂလသုတ် ဘောဒေဝပုတ္တ ရေးထားတယ်။ အဲဒီသစ်သား သင်ပုန်းတွေနဲ့ ရေးပြရတယ်။ (၂)ရက်လောက်ဆိုရင် သင်ပုန်းချေတယ်ပေါ့။ သင်ပုန်း ချေတယ်ဆိုတဲ့စကားက အဲဒီတုံးက တော်တော်ခေတ်စားပါတယ်။

သင်ပုန်းချေတယ် ဆိုတာ အဲဒီသစ်သားသင်ပုန်းကို ဝက်ချေးမနဲ ရွက်နဲ့ မီးသွေးနဲ့ ပွတ်ရတယ်။ ပြီးတော့ အဲဒီပေါ်ရေး ဘယ်လောက် ခက်သလဲဆိုတော့။ အဲဒါနဲ့ ရွာတွေရပ်တွေမှာ ဘုန်းကြီးတို့ရွာဆိုရင် အိမ်ခြေ(၁၁၀)ရှိတယ်။ စာတတ်တဲ့ အမျိုးသမီးက (၂)ယောက်လောက် ရှိတာ။ အမျိုးသားတွေကတော့ ဘုန်းကြီးကျောင်းက ခုနက ကျောက်သင်ပုန်းနဲ့သင်ထားတာ စာတတ်တယ်။ အမျိုးသမီးတွေက စာမတတ်ဘူး။ ဒီနောက်ကျတော့ ကျောက်သင်ပုန်းနဲ့ ကျောက်တံ ပေါ်လာတယ်။ မွန်ပြည်နယ်၊ ဘီလူးကျွန်းရွာလွတ်က ဖြစ်တယ်။ ဒါနဲ့ အဆင့်အတန်း နည်းနည်းမြင့်လာတယ်။

အခုခေတ်ကတော့ ဗလာစာအုပ်နဲ့သွားရတာ၊ ဗလာစာအုပ်မှ မရှိရင် အတော်ခက်တာ။ ခဲတံ၊ ဘောပင်နဲ့ ဖြစ်လာတယ်။ အခုကျတော့ ဘောပင်သုံးတာ များတယ်၊ ပြောရမှာပေါ့။ အဲဒါတွေမရှိရင် ပညာသင် ရတာက အခက်ကြီးပဲ။ ပညာသင်ဖို့နဲ့ ပတ်သက်ပြီး လိုအပ်တဲ့အချက်တွေ အများကြီးရှိတာ။ ဆရာလိုတယ်၊ စာသင်တဲ့ ပုဂ္ဂိုလ်လိုတယ်၊ ဗလာ စာအုပ်၊ ခဲတံ၊ ဘောပင် အစရှိသဖြင့် စားပွဲသင်ပုန်း၊ သူ့အဆင့်လေးနဲ့သူ ကုလားထိုင်တို့လိုတယ်၊ အထောက်အကူ ပစ္စည်းတွေဟာ အရေးကြီး တာပဲ။ "စားဝတ်နေ ကျန်းမာပညာ"၊ အဓိက ကတော့ ပညာရေးအတွက်

http://www.dhammadownload.com



လုပ်နေတာပဲ။ စားဝတ်နေရေး ကျန်းမာရေး အထောက်အကူပစ္စည်းတွေ မစုံရင်တော့ ပညာရဖို့ရှာခက်တယ်။ ပညာဆိုတာ ပ-လေးက အဓိပ္ပါယ်တစ်ခု၊ ညာဆိုတာက အဓိပ္ပါယ်တစ်ခု၊ ပ = ခွဲခြမ်းစိတ်ဖြာပြီး၊ ညာ = သိတာ၊ ပညာ = ခွဲခြမ်းစိတ်ဖြာပြီးသိတာ၊ ပညာဆိုတာ ပါဠိစကားလုံးပါ။ မြန်မာနိုင်ငံကတော့ ပါဠိစကားလုံးကို ပါဠိသက်ဝေါဟာရ အနေနဲ့ အသုံးတွင်ကျယ်ပါတယ်။

## ပညာ

မြတ်စွာဘုရားကို ပညာနဲ့ပတ်သက်ပြီး နတ်သားတစ်ယောက် မေးတယ်။

**ကိံသု နရာနံ ရတနံ။**

အရှင်ဘုရား လူတွေရဲ့ ရတနာဟာ ဘာပါလဲ။ သာမန်အားဖြင့် ကြည့်ရင်တော့ ရွှေကိုဖြေရမှာ၊ ငွေကိုဖြေရမှာ စိန်ကျောက်တို့ ဘာတို့၊ မြတ်စွာဘုရားက တောက်လျှောက်ဖြေတယ်။ **"ပညာနရာနံ ရတနံ"** ပညာသည် လူတို့ရဲ့ ရတနာပါပဲတဲ့။ ဉာဏ်ပညာဓာတ်ဟာ ရတနာပဲ။ ပညာသင်တယ်ဆိုတဲ့ အသိဓာတ်၊ ပညာဓာတ်ဟာ ရတနာပါပဲတဲ့။

ဘုန်းကြီးတို့ ယေဘုယျအားဖြင့်ဆိုရင်တော့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာတွေဟာ လောကီပညာသက်သက်ပဲ သင်ကြတာပါပဲ။ ဘုန်းကြီးတို့ ကလေးဝတောရနယ်စပ်ဒေသနှင့် ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းကတော့ လောကီပညာရေးပေါ်မှာ ဓမ္မနည်းဆောင်းထားတယ်။ ဓမ္မဆိုတာ လူမိုက်ကိုမပေါင်းနဲ့၊ ပညာရှိကိုပေါင်း၊ ပူဇော်ထိုက်သူကို ပူဇော်၊ မသိမသာလေး ဓမ္မထည့်သွားတယ်။ လောကဓာတ်ပညာသင်တာ သက်သက်မဟုတ်ဘူး။

ဓမ္မလမ်းကြောင်းလေး နည်းနည်းထည့်ပေးထားတယ်။ နံနက်တိုင်း၊ ညဥ့်တိုင်း ဘုရားရှိခိုးတယ်၊ မေတ္တာပို့ ပွားကြရတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ(၂၆)ရက်နေ့က

http://www.dhammadownload.com



လူသိန်းချီပြီးတော့ ပျက်စီးကြတယ်။ ဘယ်သူမှ မမျှော်လင့်ဘူး၊ လူနှစ်သန်းလောက်က အစာရေစာပြတ်လပ်နေတော့ ထောက်ပံ့တဲ့ပုဂ္ဂိုလ်များက တနေ့နှစ်သန်း လောက် ထောက်ပံ့နေရတယ်။ အင်မတန်ကြောက်စရာကောင်းတဲ့ "ဆူနာမီ" ငလျင်ဘေးကြီးပါပဲ။ စောစောက ပြောတာမျိုးလို ဒကာကြီး ကုသိုလ်ပညာဥစ္စာမနေ သဟာယများ ဘယ်သို့ပွားအံ့ သူတစ်ပါးကို ကောင်းစေချင်လို့ သူ့ဥစ္စာရှိအောင် သူ့နေရေးထိုင်ရေး အဆင်ပြေအောင် အဲလို ကူညီနိုင်တဲ့ ဘဝရောက်ရင် သိပ်ကောင်းတာပါပဲ။ အဲဒါနဲ့ မြတ်စွာဘုရားက ဖြေတယ်။ လူတို့ရဲ့ ရတနာဟာ ပညာပဲ။

နောက်တစ်ခါ အာဠဝကဘီလူးဆိုတာ ကြားဘူးနေကြတာပဲ။ အာဠဝက က နာမည်ကြီးပဲ။ သူ့မှာ မေးခွန်း(၈)မျိုး ပါလာတယ်။ အမွေအနှစ်ပဲ၊ သူ့တို့မှာ ဟင်္သာပဒါးနဲ့ ရေးပြီးတော့ ကဿပဘုရားရှင်လက်ထက်ကတည်းက သူ့မိဘတွေထိန်းသိမ်းထားခဲ့တာ၊ သူ့လက်ထက်ရောက်တဲ့အခါ မြတ်စွာဘုရားနားရောက်တော့ ကိုယ်တော်တပည့်တော်မေးတာ ဖြေနိုင်ရင် ဖြေရော့၊ မဖြေနိုင်ရင် ကျွန်းပြန်မယ်လို့တာမှတ်တဲ့။ ဒီထက် ကြမ်းပါသေးတယ်။ ဘုရားရှင်က အေး- အေး- မေးဆိုတော့ သူမေးတဲ့ ပြဿနာ(၈)မျိုး၊ ဘုန်းကြီးတစ်မျိုးပဲ ပြောပြမယ်။

**ကထံဇီဝိံ ဇီဝိတ မာဟုသေဋ္ဌံ။**

ကထံဇီဝိံ= အဘယ်သို့သော သူ၏ အသက်ရှင်မှုမျိုးကို၊ သေဋ္ဌံ= ချီးမွမ်းအပ်မြတ်သော၊ ဇီဝိတံ= အသက်ရှင်ခြင်းဟူ၍၊ အာဟု= သူတော်ကောင်းတို့ ငြိမ့်ပြောင်းသံချို မိန့်ဆိုကြပါသနည်း။

အရှင်ဘုရား ဘယ်လိုအသက်မွေးတာဟာ အကောင်းဆုံးလဲ။

**ပညာဇီဝိ ဇီဝိတ မာဟု သေဋ္ဌံ။**

ပညာဇီဝိံ= အသိအလိမ္မာ ဉာဏ်ပညာနဲ့ အသက်မွေးခြင်းကို၊ သေဋ္ဌံ= ချီးမွမ်းအပ်မြတ်သော၊ ဇီဝိတံ= အသက်ရှင်ခြင်းဟူ၍၊ အာဟု=

http://www.dhammadownload.com



သူတော်ကောင်းတို့ ငြိမ့်ပြောင်းသံချို မြွက်ဆိုကြကုန်၏။ အသိအလိမ္မာ ဉာဏ်ပညာနဲ့ အသက်မွေးခြင်းဟာ အကောင်းဆုံးပဲ။ ဆိုရှယ်လစ်ခေတ်တုန်းက ကြားနေကြရတယ်။ ကာယလုပ်သား ဉာဏလုပ်သား၊ ဉာဏလုပ်သားဆိုတာ ပညာနဲ့အသက်မွေးတာကို ပြောတာ။ ကာယလုပ်သားကတော့ ထမ်းပေတော့၊ ပိုးပေတော့၊ ထမင်းစားရတာကတော့ အတူတူ (၂)နပ်ပဲ။ မြတ်စွာဘုရားက အသိဓာတ် အလိမ္မာဓာတ် ဉာဏ်ပညာဓာတ်နဲ့ အသက်မွေးခြင်းဟာ အကောင်းဆုံးပဲ။ ဉာဏ်ပညာမရှိပဲနဲ့ ဒကာကြီးတို့ ကုမ္ပဏီမဖြစ်ဘူးနော်။ ဉာဏ်ပညာရှိတဲ့လူက သာသွားတာပဲ။ စဉ်းစားဉာဏ်ဟာ သိပ်အရေးကြီးတယ်။ ဘာဖြစ်နိုင်တယ် ဆိုတာကို စဉ်းစားရမှာနော်။

## ကုန်သည်

ဘုန်းကြီးတို့ မြတ်စွာဘုရားက အသိ၊ အလိမ္မာ ဉာဏ်ပညာဓာတ်ရှိတဲ့ အထဲမှာတော့ သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော့ လောကီ၊ လောကုတ္တရာ ရေးရာတွေမှာ ညွှန်ကြားတော်မူနိုင်တယ်။ ဘယ်လို ညွှန်ကြားသလဲဆိုရင် ကုန်သည်များ ပြည့်စုံရမယ့်အချက်တွေ ရှိတယ်။

(၁) ဝီရိယရှိရမယ်။

(၂) ကိုယ်လုပ်တဲ့အလုပ်ကျွမ်းကျင်ရမယ်။

(၃) အမှီကောင်းရမယ်။

အမှီကောင်းတာများ နည်းနည်းလေး အကျယ်ချဲ့ပြောရရင် အစိုးရကိုမှီသည်ဖြစ်စေ၊ သူဌေးသူကြွယ်ကိုမှီသည်ဖြစ်စေ၊ မိဘဘိုးဘွားကို မှီသည်ဖြစ်စေ၊ ဦးကြီး, ဦးလေးကိုမှီသည်ဖြစ်စေ အမှီကောင်းတာနဲ့ အမှီကောင်းတစ်ချက် အကြံကောင်းတစ်သက် ဆိုတဲ့အတိုင်း အမှီကောင်းဖို့လိုတယ်။ ဒကာတစ်ယောက်ရှိတယ်။ သူနဂိုက မချမ်းသာပါဘူး၊ သာမန်အင်ဂျင်နီယာဘွဲ့အသေးစားလေးရဘူးတာ၊ သူပိုင်ငွေဆိုလို့လဲဘဲ (၁၀)သိန်းမပိုပါဘူး။ လွန်ခဲ့တဲ့ အနှစ်(၂၀)အတွင်းမှာ တစ်နှစ်ကို

http://www.dhammadownload.com



ကားအစီး(၂၀၀)လောက်ရောင်းနိုင်တဲ့ဘဝရောက်သွားတယ်။ ခင်ဗျား ဘယ်ကနေ ဘယ်လိုရတာတုံးလို့ ကျုပ်လဲရင်းနှီးလို့ မေးလိုက်တော့။ ဟိုဘက်က ပုဂ္ဂိုလ်တစ်ယောက်က လိုသမျှကားတွေ အကုန်ပို့ပေးတာကိုး။ ဒီကရောင်းပြီးတော့ မြတ်တဲ့ငွေကို ကိုယ်သုံး၊ ကဲအမှီမကောင်းပေဘူးလား။ မြတ်စွာဘုရားဟောတဲ့ ဒီအချက်သုံးချက်ဟာ အရေးအကြီးဆုံးပဲ ဒါကုန်သည်တွေနဲ့ ပတ်သတ်ပြီးပြောတဲ့စကား၊ ဒီအချက်သုံးချက်နဲ့တင်ပြည့်စုံတယ်။ နောက်တစ်ချက်မိန့်ပြန်တာက လူဟာ မျက်လုံး(၂)လုံး ရှိရမယ်လို့ မိန့်တော်မူတယ်။

(၁) စီးပွားရေးမျက်လုံး၊

(၂) ဓမ္မမျက်လုံး၊ အဲဒီမျက်လုံး(၂)လုံးကို ပြောတာ။

တစ်ချို့က စုံလုံးကန်း မပေါင်းနဲ့။ စုံလုံးကန်းဆိုတာ စီးပွားရေးလဲ နားမလည်ဘူး။ တရားဘက်ကလဲ မသိဘူးတဲ့၊ ဒီလူနဲ့ မပေါင်းနဲ့ ဘေးဖယ်ထားလိုက်တဲ့။ စီးပွားရေးလုပ်ငန်းတော့ ကျွမ်းကျင်တယ်။ မိမိရဲ့ဘဝဖြစ်စဉ်ကို မတွေးတောနိုင်တဲ့လူ။ ဒါလဲ မပေါင်းနဲ့တဲ့ တစ်ဖက်လှမို့ပါ။ နှစ်ဖက်လှဖြစ်တဲ့ စီးပွားရေးမျက်လုံး၊ ဓမ္မမျက်လုံးရှိတဲ့ သူကိုပေါင်းပါတဲ့။

## (၃)နေရာ

ဒါကြောင့် အရတော်ရန် လူဖြစ်မှန်သော် လူဖြစ်လာရင် ဘောဂမျက်လုံးရှိသလို၊ ဓမ္မမျက်လုံးလဲရှိဖို့ လိုတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓစာပေထဲက အရိပ်အမြွက်လေးလောက် ပြောတာပါ။ ရဟန်းသာမဏေ အရှင်မြတ်များ ဘုန်းကြီးတို့ကျောင်းမှာ နေရာက (၃)ဌာန ရှိတယ်။ ဘုရားမြောက်ဖက်က ဗုဒ္ဓစာပေသက်သက်ဘဲ သင်တယ်။ တောင်ဘက် ဒီကျောင်းကြီးတွေက 'ဝ'လုံး ဝိုင်းတာက စတယ်။ တဖြည်းဖြည်းနဲ့ (၁၂)နှစ်တာ ကာလဆိုတော့ ဒီကျောင်းက ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဒီပလိုမာ (ဘီအေ)ဘွဲ့ရ ပုဂ္ဂိုလ်(၁၄)ဦးရှိပြီး၊ အခြား

http://www.dhammadownload.com



တက္ကသိုလ်တွေမှာ ဘွဲ့ယူတာ(၂၀)ဦးရှိပြီ။ တက္ကသိုလ်ပညာသင်ဆဲက (၄၇)ဦးလောက်ရှိတယ်။ ဗုဒ္ဓစာပေဖက်က ဓမ္မာစရိယအောင် တာရှိတယ်။ ပိဋကတ်(၁)ပုံအောင်၊ (၂)ပုံအောင်တာ ရှိတယ်။ ဟိုဘက်က ဆရာလေးတွေနေတဲ့ နန္ဒမူရိပ်သာ ဆရာလေး (၂)ပါးက ထေရဝါဒ တက္ကသိုလ်ဘွဲ့ရပြီး အမျိုးသမီးရေးရာနဲ့ပတ်သက်ပြီး ထိုင်းမှာစည်းဝေးတော့ ဘုန်းကြီးစီ ဖိတ်တဲ့အခါ အဲဒီဆရာလေး(၂)ပါးကို လွှတ်လိုက်တယ်။ နောက်တစ်နှစ်ကျတော့ ဂျီနီဗာမှာ ကျင်းပတော့ ဆရာလေးတွေက သူတို့ စာမေးပွဲရှိတယ်ဆိုတော့ စာမေးပွဲ အရေးလုပ်မနေနဲ့၊ စာမေးပွဲက နောက်နှစ်ပြန်ဖြေလို့ရတယ်။ ဂျီနီဗာက သူ့စရိတ်နဲ့ဖိတ်တယ် ဆိုတော့ ဒီအခွင့်အရေးမရနိုင်ဘူး၊ နောင်မကြုံနိုင်ဘူး။

ဘုန်းကြီးပြောတဲ့အတိုင်း အခုမဖိတ်တော့ဘူး။ လွန်ခဲ့တဲ့ (၂)နှစ်က သွားခဲ့ပြီ။ ဒီကဘွဲ့ရတဲ့ ဆရာလေး(၂)ပါး၊ အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး ကမ္ဘာ့အမျိုးသမီးညီလာခံ ကျင်းပတာ။ အဲဒီမှာ အဖွဲ့လိုက် စည်းဝေးတဲ့အခါမှာလဲ သူတို့အရာရောက်တယ်။ သူတို့ပြောလို့ရတယ်၊ ပြောပိုင်ခွင့်ရှိတယ်။ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ စကားတွေကို ပြောခဲ့တာ၊ စကားလဲတတ်တယ်၊ တရားလဲတတ်တယ်။ တရားတော့တတ်ပြီးတော့ စကားမတတ်ရင်လဲခက်တယ်၊ စကားမတတ်ရင် ပါးစပ်အငုံးနဲ့ပြောရမှာ၊ မလွယ်ဘူး၊ ဘုန်းကြီးတို့ ဆိုဗီယက်မှာ ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ တက်ဘူးတယ်။ ဘုန်းကြီးတို့ စကားပြန်နဲ့ စကားပြောရတာပေါ့။

ဗမာနာမည်မှည့်ထားတဲ့ ဆိုဗီယက် ဦးလူတင်ဆိုတာ သိပ်တော်တယ်။ ဘုန်းကြီးတို့က တော်တော်များများ စကားဝါကျတွေ ပြောသွားတာ သူဒီအတိုင်းတန်းပြီးတော့ ဘာသာပြန်တာပဲ၊ ဆိုဗီယက်လိုပြန်တာ၊ ဗမာစကားကို တော်တော်သဘောကျတယ်။ ဗမာစကားလဲတတ်တယ်၊ ဗမာစကားလဲသဘောကျတယ်၊ ဗမာပြည်က အဆိုကျော် ချိုပြုံးကိုလဲ သဘောကျတယ်၊ ဘယ်လိုစွဲမှန်းမသိဘူး။ ပြန်ကာနီးကျတော့ နှုတ်ဆက်ပြီးတော့၊ ချိုပြုံးကို နှုတ်ဆက်လိုက်ပါ့မယ်လို့

http://www.dhammadownload.com



ပြောတော့ ဦးလူတင်က အဲဒါအကြိုက်ဆုံးပဲတဲ့။ ထားပါတော့ စား ဝတ် နေ ကျန်းမာ ပညာဆိုတာ ကျောင်းတိုက်ရဲ့ စီမံကိန်းကြီးပါ။ အခု ဆောင်ရွက်နေတဲ့ အချက်အလက်(၅)မျိုးထဲမှာ ပညာရေးနဲ့ ပတ်သက်ပြီးတော့ ဒကာကြီးတို့ အခုလိုဆောင်ရွက်ပေးလာတာ အရေးပါတဲ့ ဆောင်ရွက်ချက်ဖြစ်တယ်။

## လူကိုပျိုးထောင်

ဘုန်းကြီးတို့ (၂၁)ရာစုဆန်း(၁)ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ လူကိုပျိုးထောင် စကားနဲ့ပတ်သက်ပြီး အရေးကြီးတာ "တစ်နှစ်အတွက် ရည်ရွယ်ရင် သီးနှံစိုက်ပျိုးရမယ်၊ (၁၀)နှစ်(၁၀)မိုးရည်ရွယ်ရင် သီးပင်စားပင် စိုက်ပျိုးရမယ်"။ သရက်၊ ပိန္နဲ၊ စိန်တလုံး၊ မြကျောက်တို့ ဒါတွေစိုက်ရမှာ နှစ်ရှည်စီမံကိန်းနဲ့ "အနှစ်(၁၀၀)၊ (၁၀၀၀)အတွက် ရည်ရွယ်ရင်တော့ လူကိုပျိုးထောင်"ဆိုသလို အခုလူကိုပျိုးထောင်နေတာပဲ။ ဘယ်လောက်အထိ ဖြစ်မယ်မတော့မသိဘူး၊ ရွာက ကောင်လေးတွေ လာတယ်။ တပည့်တော်(၁၀)တန်းအောင်လို့ ဒီလို အလုပ်လုပ်မလို့ ဘုရားတဲ့။

ဒို့ကျောင်းရောက်တော့ တောသားရဲတော့ ဆွဲထုတ်ရတယ်ဆိုတာမျိုးမဖြစ်စေနဲ့။ တစ်ချို့ကျတော့ ဒီကျောင်းရောက်မှ ဂျပိုးဖြစ်သွားတာတွေလဲရှိတယ်။ အရာရှိ ဖြစ်သွားတာလဲရှိတယ်။ စင်္ကာပူ၊ မလေးရှားသွား အလုပ်လုပ်ကြ တာတွေလဲ ရှိတယ်။ ရန်ကုန်ရောက်လို့ ကောင်းမယ်လို့ချည်းမမှတ်နဲ့ ပျိုးထောင်ပေးတာတော့ အတူတူပဲ။ ရှင်ဘုရင်က သားတော်များအား ထမင်းကျွေးသလိုပဲ။ ရှင်ဘုရင်များ သူ့သားတော်၊ သမီးတော်တွေ ထမင်းကျွေးတော့ အတူတူ ကျွေးတာဘဲ။ စားတဲ့သူကတော့ ကိုယ့်အတိုင်းအတာနဲ့ကိုယ် စားကြတာ ကိုး။ တစ်ချို့က ပလုပ်ပလောင်းစားပြီး ပြီးသွားတယ်၊ သူ့အတိုင်းအတာနဲ့ သူစားကြတာပဲ။ ဆွေမျိုးတော်၊ မတော်လဲမရွေးဘူး၊ ပုဂ္ဂိုလ်လဲမရွေးဘူး၊ ကျား,မ မခွဲဘူး၊

http://www.dhammadownload.com



ဒေသလဲမရွေးဘူး၊ အကုန်လုံးကို ပညာပေးနေတာပဲ။

အခုဆရာကြီး ဦးတိုးဝင်းတို့ကလဲ သူတစ်ယောက်ထဲ ဆောင်ရွက်တာ မဟုတ်ဘူး။ အခြားအခြားလူတွေတော်ပေ့ဆိုတဲ့ ဆရာကြီးတွေ စာမေးပွဲအချိန်နီးရင် စည်းရုံးပြီးတော့ ဒီမှာ ပညာဒါန ပေးကြတာပဲ။ ယနေ့တော့ ဒကာကြီးတို့က တစ်တပ်တစ်အားဖြင့် ဘုန်းကြီးတို့ "လူ"ပျိုးထောင်နေတဲ့အခါမှာ အောင်မြင်ပြီးမြောက်အောင် ကူညီကြ တယ်။

ပြီးရင် သရဏဂုံယူပြီးတော့ ကမ္ဘာကြီးက (၂၀)ရာစုနဲ့ (၂၁)ရာစု မတူချင်ဘူး။ (၂၀)ရာစုတုံးက ကပ်ကြီးသုံးပါးနဲ့ မျောပါကြတာတွေ ရှိတယ်။ ကပ်ဆိုတာ ပါဠိလို "ကပ္ပ" ကပ္ပေါတိ ဝိနာသော"၊ ကပ်ဆိုတာ ပျက်စီးခြင်းပဲ။ ပျက်စီးခြင်းကို ကပ်လို့ခေါ်တာ။ ဘာသာပြန်တဲ့အခါ ကျတော့ "ကပ္ပ"၊ ကမ္ဘာလို့ပြန်တာက တမျိုး၊ ကပ္ပ ပျက်စီးခြင်းလို့ပြန်တာက တစ်မျိုး။ ဘုန်းကြီးတို့ (၂၀)ရာစု(၅၀)စုလောက်မှီ လိုက်တာ။ (၂၀)ရာစုအတွင်းမှာ ဘုန်းကြီးတို့မှီလိုက်တာ သတ္ထန္တရကပ်၊ ကပ်ဆိုး ဘေးဆိုးကြီးတွေ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဗီယက်နာမ်စစ်ပွဲ၊ ကမ္ဘောဒီးယားစစ်ပွဲ၊ မြန်မာနိုင်ငံမှာ ရောင်စုံသူပုန်တွေ ထတဲ့စစ်ပွဲ၊ ဂျပန် ဟီရိုရှီးမား အနုမြူချတဲ့စစ်ပွဲ၊ ကူဝိတ်စစ်ပွဲ၊ အီရတ်စစ်ပွဲ ဒါမှီလိုက်တာကိုး။

ဘုန်းကြီးတို့ လွန်ခဲ့တဲ့(၆)နှစ်က သွားတော့ ဂျပန် အနုမြူဗုံး ကြဲတာ နှစ်(၅၀)ပြည့်ကိုး၊ မှီတော့မှီတယ်၊ ကောင်းကောင်းတော့ မသိဘူး၊ ကမ္ဘာမှာ သတ္ထန္တရဘေးအန္တရာယ်ကြောင့် သန်း(၁၀၀)လောက် သေကျေပျက်စီးကြတယ်၊ လက်နက်ဘေးအန္တရာယ်၊ အစာရေစာတ်မွတ် ခေါင်းပါးလို့ သေကြေတာလဲ သန်း(၅၀)အောက်လျော့နည်းမှာ မဟုတ်ဘူး။ အနာရောဂါဖိစီးနှိပ်စက် ရောဂန္တရကပ်ဘေးသင့်လို့ သေကျေ ပျက်စီးတာတွေလဲ အများကြီးဘဲ။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက တီဘီရောဂါ ဆေးမတွေ့ဘူး၊ တီဘီရောဂါဆေးတွေ့ပြန်တော့လဲ ကာလဝမ်းရောဂါ၊ ကာလဝမ်းရောဂါ

http://www.dhammadownload.com



ဖြစ်ပြီဆိုရင် သေမယ်တာကြီး။ တစ်ရွာလုံး၊ တစ်ရပ်လုံး။ နောက် ကျောက်ရောဂါ၊ ကျောက်ရောဂါ ဖြစ်ပြီဆိုရင် တစ်အိမ်လုံး ပျက်စီးကြပြီ။ နောက် ကင်ဆာရောဂါ၊ ခုခံအားကျဆင်းတဲ့ရောဂါ ပေါ်လာတယ်။ အခုထိ ဆေးမတွေ့သေးဘူး၊ ဆိုလိုတာက (၂၀)ရာစုကပ်ဆိုးတွေနဲ့ ကြုံတွေ့ပြီး သေကျေပျက်စီးကြတာ သန်း(၂၀၀) ကျော်အထက်မှာ ရှိပါတယ်။ အခု (၂၁)ရာစုမှ စဉ်းစားကြည့်တော့ (၄)နှစ်ခရီးပဲရှိသေးတယ်၊ အီရတ်စစ်ပွဲ၊ ပင်တဂွန်ဗုံးဒဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အဦဗုံးဒဏ်၊ အာဖဂန် နစ္စတန်စစ်ပွဲ၊ ဆူနာမိမြေငလျင်တို့ ဒါမျိုးတွေနဲ့ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးကြတာ၊ ကပ်တွေသင့်တာ။ (၂၁)ရာစုတာထွက်ခါစလေး တောင် သန်းချီသေခဲ့ကြပြီ။

အဲဒါကြောင့်မို့ ဒကာကြီးများ ပြုသမျှအားလုံး ဤကုသိုလ်များ ကြောင့် ရတနာသုံးပါး ဆရာမိဘတို့ရဲ့ ဂုဏ်ကျေးဇူးတွေကြောင့် ကမ္ဘာသူ ကမ္ဘာသားတွေ ကပ်ကြီးသုံးပါးမှ လွတ်မြောက်ကြပါစေ၊ ကျန်းမာ ချမ်းသာကြပါစေ၊ ဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်ကြပါစေလို့ ဒီလိုဆုတောင်းပြီး အမျှပေးဝေကြရမှာ။ အမျှ အမျှ အမျှ ယူတော်မူကြ ပါကုန်လော့။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သြဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတစရ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**သစ္စာ(၄)ပါးတရားတော်**

ယနေ့ သာသနာတော်နှစ် ၂၅၄၈ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း (၈)ရက် ဥပုသ်နေ့။

ပြီးခဲ့တဲ့ ဝါဆိုလကတော့ သစ္စာလေးပါးတရား ဓမ္မစက္ကပဝတ္တနသုတ္တန်၊ အနတ္တလက္ခဏသုတ္တန် ဒေသနာတော်မြတ်ကြီးတွေနဲ့ ပတ်သက်ပြီးတော့ ၇ရစ်နှစ်နဲ့မွေးနေ့ အထိမ်းအမှတ်အဖြစ်၊ ဝါဆိုလမှာ ဘုရားဟောထားတဲ့ တရားတော်တွေ စုံစေ့အောင် (၈)ကြိမ်တိုင်တိုင် ဟောခဲ့တာ ထိုက်တန်သလောက်တော့ ပြည့်စုံတယ်လို့ ပြောရမှာ။

သို့သော်လဲပဲ ယခင်က သစ္စဝိဘင်း ပါဠိတော်။ အဲဒီ အဖွင့်အဋ္ဌကထာများနဲ့ တွဲပြီးတော့ ဟောဒါလောက် မပြည့်စုံဘူးလို့ ထင်ပါတယ်။

လွန်ခဲ့တဲ့ လေး, ငါးနှစ်က သစ္စဝိဘင်း အခြေခံပြီးတော့ သစ္စာလေးပါးနဲ့ ပတ်သက်လို့ ဥပမာတွေ၊ ဥပမေယျတွေ တော်တော်စုံပါတယ်။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက စတုသစ္စ ဒီပနီ သစ္စာလေးပါးနဲ့ ပတ်သက်ပြီး ကျမ်းစာကြီးတစ်စောင် ရေးသား ထားခဲ့တယ်။

**သမ္မာသမ္ဗုဒ္ဓ**

အဲဒီတော့ သစ္စာလေးပါးကတော့ ဟုတ်ပြီ၊ သစ္စာလေးပါး သိတဲ့ ပုဂ္ဂိုလ်က "သမ္မာသမ္ဗုဒ္ဓ"

**"ကတမော စ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ"**

သမ္မာသမ္ဗုဒ္ဓေါ= သမ္မာသမ္ဗုဒ္ဓ အမည်ရသော၊ ပုဂ္ဂလော= ပုဂ္ဂိုလ်သည်၊ တကမော စ= အဘယ်ပါနည်း။

သမ္မာသမ္ဗုဒ္ဓ= ပုဂ္ဂိုလ်ဟာ ဘယ်ပုဂ္ဂိုလ်မျိုးလဲ။ မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်မှာ အဘိဓမ္မာတရား ဟောတဲ့အခါမှာ ကိုယ်တော်တိုင်မေးတာ။

**"ကတမော စ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ"**

အဘယ်ပုဂ္ဂိုလ်မျိုးသည် သမ္မာသမ္ဗုဒ္ဓ မည်ပါသနည်း။

"ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက် ပဋ္ဌာန်း" အဘိဓမ္မာ (၇)ကျမ်းကို ဟောကြားတဲ့ အခါမှာ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်းဟောပြီး ပုဂ္ဂလပညတ် ကျမ်း ရောက်တဲ့အခါ **"ကတမော စ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ"** ဘယ်လိုပုဂ္ဂိုလ်မျိုးသည် သမ္မာသမ္ဗုဒ္ဓ မည်ပါသနည်း။

ကိုယ်တော်တိုင် မေးခွန်းထုတ်တာ။ ကထေတုကမျတာ ပုစ္ဆာ၊ အဖြေပေးချင်လို့ မေးတာ။ အဖြေစကား ပြောကြားချင်လို့တဲ့။

အဲဒီစကားရဲ့အဖြေက **"ဣဓေကစ္စော ပုဂ္ဂလော သာမံ သစ္စာနိ အဘိသမ္ဗုဇ္ဈတိ၊ တတ္ထ စ သဗ္ဗညုတံ ပါပုဏာတိ ဗလေသု စ ဝသီဘာဝံ အယံ ဝုစ္စတိ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ"**။

http://www.dhammadownload.com



ဤလောကကြီးထဲမှာ ပုဂ္ဂိုလ်တစ်ဦးရှိတယ်။ အဲဒီပုဂ္ဂိုလ်ဟာ "သာမံ= ကိုယ်တိုင်။ ကိုယ်တိုင်ဆိုတော့ သူများစီက တစ်ဆင့်ကြား မဟုတ်ဘူး။

သမ္မာ= ကောင်းစွာ၊ သံ= ကိုယ်တိုင်။ သမ္မာ= ကောင်းစွာဆိုတာ ဘယ်လိုဟာလဲ မချွတ်ယွင်းဘူး။ မမှားဘူး။ ချွတ်ယွင်းဖောက်ပြန်မှု မရှိဘူး။

သံ= ကိုယ်တိုင်ဆိုတာ ဘယ်လိုဟာလဲ ဆိုရင် သူတစ်ပါး အကူအညီမပါဘူးတဲ့။ သမ္ဗုဇ္ဈတိ= သိတော်မူတတ်၏။ ကောင်းစွာ ကိုယ်တိုင်သိတတ်တယ်။ ဘာတွေ သိတာလဲ။ စတ္တာရိ သစ္စာနိ= သစ္စာ လေးပါး အမှန်တရားတို့ကို ကောင်းစွာကိုယ်တိုင် သိတော်မူတတ်၏။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ မဖောက်မပြန် ကိုယ်တော် တိုင် သူတစ်ပါးအကူအညီမပါပဲ အမှန်တရားလေးမျိုးတို့ကို သိတော် မူတတ်တယ်။ အဲဒီပုဂ္ဂိုလ်ကို "သမ္မာသမ္ဗုဒ္ဓ"။ အယံ ဝုစ္စတိ သမ္မာသမ္ဗုဒ္ဓေါတဲ့။

သစ္စာလေးပါး သိရုံတွင်မကသေးပါဘူး။ "တတ္ထစ သဗ္ဗညုတံ ပါပုဏာတိ" သစ္စာလေးပါးကို သိတတ်တဲ့ အရဟတ္တ မဂ်ဉာဏ် အပေါ်မှာ ဆောင်းမိုးထားတာက **"သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ်"** သိစရာမှန်သမျှ အပိတ်အပင် အဆီးအတားမရှိတဲ့ အလွန်အင်အား ကောင်းတဲ့ မဟာဝရဇိန် မိုးကြိုးစက်ကဲ့သို့ ထက်မြက်စူးရှတော်မူတဲ့ "မဟာဝဇီရဉာဏ်ခေါ်တဲ့ သဗ္ဗညုတဉာဏ်"။

ဟော- အခြားအခြား ရဟန္တာအရှင်မြတ်ကြီးတွေက သစ္စာ လေးပါးတရားကို သိတော့သိတယ်၊ တစ်ဆင့်သိတယ်။ ကိုယ်တိုင်သိတာ မဟုတ်ဘူးတဲ့၊ တစ်ဆင့်သိရတာ။ အဲဒီလို တစ်ဆင့် သစ္စာလေးပါးကို သိတော့သိတယ်၊ သဗ္ဗညုတဉာဏ်ကို ဆောင်းမိုးပြီးတော့ မထားဘူး။

ဘုရားရှင်ရဲ့ သစ္စာလေးပါးတရားကို သိမှုဟာ အပိတ်အပင် မရှိဘူး။ အဆီးအတားမရှိဘူး။ ဝရဇိန်မိုးကြိုးစက်ကဲ့သို့ ထက်မြက်တော် မူတယ်။

http://www.dhammadownload.com



"ဗလေသုစဝသီ ဘာဝံ" အင်အားအင်မတန်ကောင်းတယ်။ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး ခြံရံပြီးတော့ လာတာ။ အဲဒီတော့ သစ္စာလေးပါးသိတာ သာမန်သိတာ မဟုတ်ဘူး။

အဂ္ဂသာဝက အရှင်သာရိပုတ္တရာတို့ သိတာမျိုးနဲ့လဲ မတူဘူး။ မဟာသာဝက ရှင်မဟာကစ္စည်းတို့ သိခြင်းနဲ့လဲ မတူဘူး။ သာဝက အရှင်မြတ်တွေသိတာနဲ့လဲ မတူဘူး။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ သိတာနဲ့တောင် မတူဘူးတဲ့။

အဲဒီတော့ မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓ။

**"သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ"**

သောဘဂဝါ= ထိုမြတ်စွာဘုရားသည်၊ ဣတိပိ= ဤသို့လျှင်၊ သစ္စာလေးရပ် တရားမြတ်တို့ကို မဖောက်မပြန် ကိုယ်တော်တိုင် ကောင်းကောင်းမွန်မွန် သိတော်မူတတ် ဂုဏ်သကတ်ကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ= သမ္မာသမ္ဗုဒ္ဓ ဟူသော နာမည်တော်ကြီးဖြင့် ထင်ပေါ် ကျော်ကြား၍ လာပါပေ၏။

သစ္စာလေးပါးကို သိတော်မူတတ် ဂုဏ်သကတ်ကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။ ဘုရားသည် သမ္မာသမ္ဗုဒ္ဓ။

တစ်နည်းအားဖြင့် ဣတိပိ ဤသို့လျှင် လေးအင်သစ္စာ နက်နဲစွာနှင့် များသင်္ခါရ ဝိကာရတည့် လက္ခဏပညတ် နိဗ္ဗာန်ဓာတ်ဟု ငါးရပ်သိရန် ငါးတန်ဉေယျ ဓမ္မအပြား အကျဉ်းအားတည့် ကျယ်ပွား အနန္တ ရှိသမျှကို တစ်စမကြွင်း အလင်းကုန်စင် ရှိတိုင်းမြင်သည့် ပညာရှိအထွဋ် တမွတ်ခေါင်ဖျား ဖြစ်ပေပြားသောကြောင့်လည်း၊

ဒုတိယတစ်နည်းက ဘယ်လိုလာသလဲဆိုတော့ သစ္စာလေးပါးကို လဲသိတယ်၊ ဉေယျဓမ်တရားတွေကိုလဲသိတယ်။ ထို့ထက်လွန်ပြီးတော့ အနန္တအပိုင်းအခြားမရှိတဲ့ တရားတွေကို **"ယာဝတကံ ဉေယျံ၊ တာဝတကံ ဉာဏံ"** သိစရာရှိသမျှ အားလုံးကို လိုက်ပြီးတော့ သိနိုင်တဲ့ ဉာဏ်ရှိတယ်။

F.30.CB

http://www.dhammadownload.com



ဥေ ယျမံ တရားဆိုတာ "ဥေ ယျဓမ္မ" သိအပ်သောတရားဆိုတာ ဘာတွေလဲ။ သင်္ခါရတရားတွေ ဖောက်ပြန်မှု ဝိကာရတရားတွေ၊ လက္ခဏာတရားတွေ၊ နိဗ္ဗာန်တရားပညတ် လောကလူသားတွေသိတဲ့ ပညတ်ကိုလဲ အားလုံးသိတော်မူတယ်။

အဲဒီတော့ ပြည့်စုံအောင် သောဘဂဝါ= ထိုမြတ်စွာဘုရားသည်၊ ဣတိပိ= ဤသို့လျှင် လေးအင်သစ္စာ နက်နဲစွာနှင့် များသင်္ခါရ ဝိကာရတည့် လက္ခဏာပညတ် နိဗ္ဗာန်ဓာတ်ဟု ငါးရပ်သိရန် ငါးတန်ဥေ ယျ ဓမ္မအပြား အကျဉ်းအားတည့် ကျယ်ပွားအနန္တ ရှိသမျှကို တစမကြွင်း အလင်းကုန်စင် ရှိတိုင်းမြင်သည့် ပညာရှိအထွဋ် တမွတ် ခေါင်ဖျား ဖြစ်ပေငြားသောကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ= သမ္မာသမ္ဗုဒ္ဓဟု နာမအမော် အမည်တော်ကြီးဖြင့် ထင်ပေါ်ကျော်ကြားတော်မူပါပေ သတည်း။

သာဓု သာဓု သာဓု

ဩော်- ဝါဆိုလတုန်းက အကြိမ်ကြိမ် ဟောခဲ့တဲ့ သစ္စာလေးပါး တရား။

အဲဒီ သစ္စာလေးပါးတရားမှာ သစ္စာလေးပါးတရားကို ထင်အောင် မြင်အောင် မြတ်စွာဘုရားက နည်းမျိုးစုံနဲ့ ဟောတော်မူ ခဲ့တယ်။

ရှေးရှေးဆရာတော်တွေကလဲ နည်းမျိုးစုံနဲ့ သစ္စာလေးပါးတရား သိအောင် လင်္ကာတွေ မြန်မာလင်္ကာတွေ ရေးပြီးတော့ ထားကြတယ်။

အဲဒီအထဲမှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ကလဲ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ လင်္ကာကျမ်း ရေးထားခဲ့တယ်။

**သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ**

ဒုက္ခတွေ သရုပ်ထုတ်လိုက်တဲ့အခါ (၇)မျိုး၊ သရုပ်ထုတ်လို့တော့ ကုန်မှာမဟုတ်ဘူးတဲ့။ ဒါကြောင့် သံခိတ္တေန အကျယ်မပွား အကျဉ်း အားဖြင့် ပဉ္စုပါဒါနက္ခန္ဓာပိ စွဲလမ်းနိုင်ရာ ခန္ဓာငါးပါးတို့သည်လည်း၊ ဒုက္ခာ၊

http://www.dhammadownload.com



ဒုက္ခအမှန်တို့ ဖြစ်ပါပေတော့သတည်း။

အကျယ်ပြောမယ်ဆိုရင် ဒုက္ခတွေတထမ်းတပိုးကြီးပဲ၊ အဲဒီ ဒုက္ခတွေ (၇)မျိုးလောက် ထုတ်ပြပြီး စွဲလမ်းနိုင်ရာဖြစ်တဲ့ ခန္ဓာငါးပါး ဒုက္ခပဲ၊ ဒုက္ခအမှန်ပဲ။ ခန္ဓာငါးပါး ဒုက္ခသစ္စာလို့ မြတ်စွာဘုရားဟောတော်မူတော့ ရှေးပဉ္စဝဂ္ဂီငါးဦးတို့ကတော့ အဲဒီလောက်လေး မိန့်လိုက်လို့ရှိရင် ခန္ဓာငါးပါးဆိုတာ ဘာတွေလို့သိတယ်။

သာမန်လူမျိုးတွေကတော့ ခန္ဓာငါးပါးဆိုတာ ဘာလဲ-

**ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ။**

- ရူပက္ခန္ဓာ ရုပ်အစု
- ဝေဒနာက္ခန္ဓာ ခံစားမှုအစု
- သညာက္ခန္ဓာ မှတ်သားမှုအစု
- သင်္ခါရက္ခန္ဓာ ပြုပြင်စီမံမှုအစု
- ဝိညာဏက္ခန္ဓာ သိမှုအစုလို့ မြန်မာလိုပြန်ရတယ်။

ခန္ဓာငါးပါးနဲ့ ပတ်သက်လို့လဲ ဆရာတော်ဘုရားကြီးက ခန္ဓာနဲ့ ပတ်သက်တဲ့လင်္ကာ။ "ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏဟု ...စုငါးတန် ငါးရပ်ခန်တည်း"လို့ ခန္ဓာငါးပါးကို ဖွဲ့ထားတယ်။

ခန္ဓာငါးပါးထဲက ရူပက္ခန္ဓာဆိုတာ ဘာတွေ၊ ဝေဒနာက္ခန္ဓာဆိုတာ ဘာတွေ၊ သညာက္ခန္ဓဆိုတာ ဘာတွေ၊ သင်္ခါရက္ခန္ဓာဆိုတာ ဘယ်တရားတွေ၊ ဝိညာဏက္ခန္ဓာဆိုတာ ဘယ်တရားတွေ။

အဲဒီအပေါ်မှာ ရုပ်ကလဲအများကြီး ဖြာထွက်လာတယ်။ ဝေဒနာကလဲ အများကြီး ဖြာထွက်လာတယ်။ သညာကလဲ အများကြီးဖြာထွက်လာတယ်။ သင်္ခါရကလဲ အများကြီးဖြာထွက်လာတယ်။ ဝိညာဏကလဲ အများကြီးဖြာထွက်လာတယ်။

ရုပ်တွေများသမျှ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တွေများသမျှ အဲဒီအပေါ်မှာ ဒိဋ္ဌိအမြင်မှားမှု၊ အဲဒီ ခန္ဓာငါးပါး ရုပ်တရား နာမ်တရား

F.30.B

http://www.dhammadownload.com



တွေက သက္ကာယ၊ သက္ကာယအပေါ်မှာ ဒိဋ္ဌိက ထင်ရှားရှိတဲ့ ပရမတ် တရားကို မမြင်ပဲနဲ့ ငါရယ်၊ သူရယ်၊ နောက် ငါတံဆိပ်တွေတပ်၊ သူတံဆိပ်တွေတပ်၊ အမျိုးသမီးတံဆိပ်တွေတပ်၊ အမျိုးသားတံဆိပ်တွေ တပ်၊ အမျိုးမျိုး အဖုံဖုံနော်။ အမှန်ကတော့ ပရမတ် ရုပ်တရား၊ နာမ်တရားပဲ၊ ခန္ဓာငါးပါးပဲ။

လောကလူသားတွေက ကိုယ်တပ်ချင်တဲ့ တံဆိပ်တပ်လိုက်တော့ "လူ"တဲ့၊ "နတ်"တဲ့၊ "ဆံပင်"တဲ့၊ ဆံပင်လို့မှည့်လိုက်တာ၊ ဒါလေးကို ဆံပင်၊ မှန်သလားလို့မေးတော့ အင်္ဂလိပ်က "Hair"တဲ့၊ ပါဠိက "ကေသာ"၊ မြန်မာက "ဆံပင်"၊ ရှမ်း " "၊ ကရင် " "၊ ပဒေါင် " "၊ ချင်း " "၊ ကချင် " "၊ ပအိုဝ်တို့ကလဲ " " အမျိုးမျိုး ခေါ်နေကြတာ။ သူတို့ နာမည်တပ်ချင်သလို တပ်နေကြတာ။ မြတ်စွာ ဘုရားကတော့ အဲဒါဟာ ရုပ်ပဲတဲ့။ မာတဲ့သဘောလေးရှိတဲ့ ရုပ်ပါပဲတဲ့ ဒီလိုပြောတာ။

အမျိုးသားတစ်ယောက်ကို တစ်ချို့လူတွေက ဦးကြည်လို့ ခေါ်တယ်။ နာမည်က ပေးချင်သလိုပေးတာ။ ပညတ်က မမှန်ပုံကို ပြောတာ။ သူပေးချင်သလိုပေးတာ၊ နောက်အမျိုးသမီးတစ်ယောက် ကိုလဲ ဒေါ်ကြည်တဲ့။ ဦးကြည် - ဒေါ်ကြည်။

အမျိုးသားတစ်ယောက်ကို ဦးဖြူ အမျိုးသမီးတစ်ယောက်ကို ဒေါ်ဖြူလို့ မမှည့်ဘူးလား။ ပညတ်ကိုပြောတာ၊ ပညတ်ဟာ မူသေ ရှိရဲ့လား။ ပညတ်က မူသေမရှိဘူး။ ပညတ်မြင်ရုံနဲ့ လမ်းမဆုံးဘူး။

ရုပ်နာမ် အစုအဝေးကြီးကိုပဲ အမျိုးမျိုးခေါ်နေတာ။ လူလို့ ခေါ်တယ်။ ခွေးလို့ခေါ်တယ်၊ ပါဠိက ခွေးကို (သုနခ)လို့ ခေါ်တယ်။ ပအိုဝ်တွေက ခွေးကို ဘယ်နှယ်ခေါ်တုံး။ အဲဒီလို အမျိုးမျိုးပညတ်တာ။ ဘုရားကတော့ ခွေးလဲပဲ ရုပ်နဲ့နာမ် ပေါင်းစပ်ထားတယ်။ ခွေးလဲ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ရှိတယ်။ ခွေးလဲ သိတာပဲ၊ ဟဲ့-ခွေး ဆိုရင် ထသွားတာပဲ၊ ကြားသိစိတ်ရှိတယ်။

http://www.dhammadownload.com



"ပဋ္ဌပါဒါနက္ခန္ဓာပိဒုက္ခာ"ကို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက "ခန္ဓာငါးပါးဆိုတာ ဘာလဲ"လို့ ကျကျနနသိအောင်လို့ ခန္ဓာငါးပါး လင်္ကာဆက်ဟောဖို့လိုပါတယ်။

ခန္ဓာငါးပါးမှာ ရုပ်ကတစ်ပါး၊ နာမ်ကလေးပါး ထားဟောတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက ရုပ်နဲ့ပတ်သက်လို့ ရှင်းလင်းတယ်၊ နာမ်နဲ့ ပတ်သက်လို့ မရှင်းလင်းဘူး၊ ရှုပ်ထွေးတယ်။ နာမ်ကို လေးမျိုးထား ဟောတယ်။ ရုပ်ကို တစ်ပါးထဲထားဟောတယ်။

အာယတနကိုတော့ ရုပ်သက်သက် (၁၀)ပါး၊ ရုပ်နာမ်ရောရက် (၁)ပါး၊ နာမ်သက်သက် (၁)ပါး ရုပ်နဲ့နာမ် (၂)မျိုးပဲ ဆက်ဟောပါတယ်။

ဓာတ်ကိုတော့ (၁၈)ပါး ထားဟောတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက ရုပ်အပေါ်မှာ တွေဝေတယ်၊ အသိဉာဏ်မရှိဘူးတဲ့။ နာမ်အပေါ်မှာလဲ တွေဝေတယ်တဲ့။

ဓာတ် (၁၈)ပါးမှာ ရုပ်သက်သက် (၁၀)ပါး၊ နာမ်သက်သက် (၇)ပါး၊ ရုပ်နာမ်ရောရက်က (၁)ပါး (၁၈)ပါး ထားပြီးဟောတယ်။ အဲဒီ ပရမတ္ထတရားတွေကို ခန္ဓာငါးပါး ဟောတဲ့အခါ နိဗ္ဗာန်မပါပဲ ဖြစ်နေ တယ်။

သစ္စာလေးပါး ဟောလိုက်ဦးမယ်။ သစ္စာလဲ ရုပ်တရား၊ နာမ်တရား (၂)မျိုးပဲ၊ သစ္စာနည်းက အားလုံးကုန်ကယ်။ အဲဒါကို လယ်တီဆရာတော်ဘုရားကြီးက စတုသစ္စ= သစ္စာလေးပါးလင်္ကာလို့ ဒီလို ရေးပြီးတော့ ချီးမြှောက်ထားတာ ရှိတယ်။ စတ္တာရိသစ္စာနိ= သစ္စာလေးပါး တို့ကို အဘိသမ္ဗုဇ္ဈတိ= သိတော်မူ၏။

မြတ်စွာဘုရားက ကိုယ်တိုင်သိတာ၊ သိတဲ့နေရာမှာ ကျကျနနကို သိတာ၊ မရေမရာသိတာ မဟုတ်ဘူး။ တစ်ဆင့်စကားနဲ့ သိတာမျိုး၊ မရေရာသိတာမျိုး မဟုတ်ဘူး။ တစ်ဆင့်စကားနဲ့ သိတာမဟုတ်ဘူးတဲ့။

ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတွေကတော့ သစ္စာလေးပါးကို ကိုယ်တိုင်သိတယ်၊ သူတစ်ပါးကို မဟောပြနိုင်ဘူး။ အဲဒါကြောင့်

http://www.dhammadownload.com



ရှင်ပစ္စေကဗုဒ္ဓါများကို ဘုရားငယ်လို့ ခေါ်တယ်။

ဥပမာတစ်ခုကတော့ ရိုင်းလွန်းတာပေါ့လေ။ ငှိုကာဆရာကြီးက ဆွံ့အသူ အိမ်မက်မက်သလိုတဲ့ ပြန်မပြောနိုင်ဘူး။ အရှင်မြတ်တို့ သိတဲ့တရားတွေကို အခြားလူကို မဟောပြနိုင်ဘူး။ ပစ္စေကဗုဒ္ဓါတွေစီ ဆုတောင်းရင်တော့ ဆုတောင်းပြည့်တယ်။

**"ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု"**

လာလှူသမျှသူကို ရှင်ပစ္စေကဗုဒ္ဓါများက ဆုပေးကြတယ်။ "အလိုရှိတာ ပြည့်စေဗျား"ဆိုတဲ့ ဆုပေးတော်မူတာ။ တရားမဟောဘူး။ အေးအေးဆေးဆေးလေးပဲ သီတင်းသုံးတော်မူပြီးတော့ ပရိနိဗ္ဗာန်စံသွားတော်မူကြတယ်။

**"တတ္ထစ သဗ္ဗညုတဉာဏံ ပါပုဏာတိ"**

သစ္စာလေးပါး သိရုံတင် မဟုတ်ဘူး။ အနာဝရဏဉာဏ်၊ မဟာဝဇီရဉာဏ်ခေါ်တဲ့ အပိတ်အပင် အဆီးအတားမရှိ၊ ထက်မြက်စူးရှတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးက ဆောင်းမိုးထားတယ်။

သဗ္ဗညုတဉာဏ်တော်ကြီးရဲ့ ဂုဏ်ကျေးဇူးကို စောစောစီးစီး ဟောရရင်တော့ ပိုအဆင်ပြေလိမ့်မယ်။

## ပင်လယ်–ကောင်းကင်–မြေပြင်

အဲဒီတော့ ကမ္ဘာလောကကြီးမှာ ကြီးကျယ်တဲ့ ကျယ်ဝန်းတဲ့ အရာတွေကို လိုက်ကြည့်မယ်ဆိုရင်-

- ပင်လယ်သမုဒ္ဒရာကြီးက ကြီးကျယ်တယ်၊
- မိုးကောင်းကင်က ကြီးကျယ်တယ်၊ လေယာဉ်ကြီးနဲ့ ပေသုံးသောင်း ကျော်တက်သွားလဲ ကောင်းကင်ကြီးက အထက် မှာလဲ ရှိတာပဲ။ ပတ်ဝန်းကျင်လဲရှိတာပဲ၊

မြေပြင်ကြီးကလဲ ကြီးကျယ်၊ ရေပြင်ကြီးကလဲ ကြီးကျယ်တယ်၊

http://www.dhammadownload.com



မြတ်စွာဘုရား သိတော်မူတဲ့ ရတော်မူတဲ့ သဗ္ဗညုတဉာဏ်ကြီး= တရားအားလုံးကို သိတော်မူတဲ့ဉာဏ်၊ အနာဝရဏဉာဏ်= အပိတ်အပင် အတားအဆီးမရှိတဲ့ဉာဏ်၊ တစ်နည်းအားဖြင့် မဟာဝဇီရဉာဏ်= ဝရဇိန် မိုးကြိုးစက်ကဲ့သို့ ထက်မြက်စူးရှတော်မူတဲ့ ဉာဏ်ကြီးပေါ့။

သဗ္ဗညုတဉာဏ်တော်ကြီးက ကောင်းကင်ကြီးမကလဲ ကျယ်ဝန်းတယ်၊ သမုဒ္ဒရာကြီးမက နက်ရှိုင်းတယ်။ မဟာပထဝီမြေကြီးမက လေးလံတော်မူတယ်။

ဒါကြောင့် ရှေးအရှင်မြတ်ကြီးတွေက သဗ္ဗညုတဉာဏ်တော်ကြီးကို-

**သက္ကာသမုဒ္ဒေ ဥဒကံ ပမေတုံ အာဠှကေနဝါ၊**
**နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာပမေတဝေ။**

ဘန္တေ= သမန္တစက္ခု သုံးလူ့ထွဋ်ထား မြတ်စွာဘုရား၊ သမုဒ္ဒေ= သမုဒ္ဒရာ အဏ္ဏဝါ၌၊ ဥဒကံ= တည်နေပေါင်းစု ရေအထုကို၊ အာဠှကေနဝါ= ပြည်တောင်းဖြင့်လည်းကောင်း၊ အညေနဝါ= ပြည်တောင်းမှတစ်ပါးသော ပုံးများဖြင့်လည်းကောင်း၊ ပမေတုံ= ဤ၍ဤ၍မျှ ပမာဏဟု နှိုင်းဆ ချင်တွယ်ခြင်းငှါ၊ သက္ကာ= စွမ်းနိုင်သောမူ စွမ်းနိုင်ရာပါ၏ဘုရား။

မြတ်စွာဘုရား ဤသမုဒ္ဒရာကြီးထဲက ရေတွေကို ပိဿာခွက်ရေ ရာကုဋေနဲ့ ပြည်တောင်းနဲ့ ချင်မလား၊ အခြားပုံးများဖြင့် ချင်မယ်ဆိုရင် အစွမ်းသတ္တိရှိတဲ့ ပုဂ္ဂိုလ်က ချင်တွယ်မယ်ဆိုရင် ပီပါပေါင်း ဘယ်သောက်ဟု ချင်တွယ်လို့ရပါလိမ့်မယ်တဲ့။

သမုဒ္ဒရာထဲက ရေတွေကို အစွမ်းသတ္တိရှိတဲ့ ပုဂ္ဂိုလ်က ချင်တွယ်နိုင်ကောင်း ချင်တွယ်နိုင်ပါလိမ့်မယ်။

**"နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာ ပမေတဝေ"**

ဘန္တေ= သိစရာရှိသမျှတို့ကို သိတော်မူတတ်သော အို-မြတ်စွာဘုရား၊ တဝ= ရှင်တော်မြတ်ဘုရား၏၊ ဉာဏံ= သဗ္ဗညုမည်ခေါ် ရွှေဉာဏ်တော်ကြီးကို၊ နတွေဝ သက္ကာ= အဘယ်လူဇာတ် အဘယ်နတ်မှ

F.31.CA

http://www.dhammadownload.com



နိူင်းဆချင်တွယ်နိုင်ရိုး မရှိပါဘုရား။ နတွေတသက္ကာ ပမေတဝေ= အဘယ်လူဇာတ် အဘယ်နတ်မှ နှိုင်းဆချင်တွယ်နိုင်သူ မရှိပါသည်ဖြစ်၍ သမုဒ္ဒရာရေပြင်ကျယ်မက ကျယ်ဝန်းကြီးမားတော်မူလှသည့် အနန္တရွှေဉာဏ်တော်သခင် သဗ္ဗညုတဘုရားရှင် ကိုယ်တော်မြတ်ကြီးပါ ဘုရား။

သာဓု - သာဓု - သာဓု

ပင်လယ်သမုဒ္ဒရာကြီးထက် ကြီးကျယ်မြင့်မြတ်သော သဗ္ဗညုတဉာဏ်ရှိတော်မူသော မြတ်စွာဘုရား **"တတ္ထစ သဗ္ဗညုတံ ပါပုဏာတိ"** ပါဠိတော်အရပါပဲ။

**အာကာသော မိနိတုံ သက္ကာ၊ ရဇ္ဇုယာ အင်္ဂုလေနပိ။**
**နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာ မိနေတဝေ။**

ဘန္တေ= အစိန္တေယျ ဂုဏ်ပေါင်းခသည့် သမန္တစက္ခု သဗ္ဗညုရှင်တော်မြတ်ဘုရား၊ အာကာသော= နက္ခတ်တာရာ ကြယ်တကာတို့ သွားရာခရီး ကောင်းကင်ကြီးကို၊ ရဇ္ဇုယာ= ပေကြိုးတာကြိုး အမျိုးမျိုးဖြင့်လည်းကောင်း၊ အင်္ဂုလေနပိ= အထွာလက်သစ် စသည့် အတိုင်းအတာဖြင့်လည်းကောင်း၊ မိနိတုံ= ဤ၍ဤမျှ ပမာဏဟု နှိုင်းဆတိုင်းတာခြင်းငှါ၊ သက္ကာ= စွမ်းနိုင်သမူ စွမ်းနိုင်ရာပါအံ့းမည်ဘုရား။

နေ၊ လ၊ နက္ခတ်၊ တာရာ၊ ကြယ်တကာတို့၏ သွားရာခရီး ဂြိုလ်ပေါင်းများစွာတို့၏ သွားလာရာခရီး ကောင်းကင်ကြီးကို ပေကြိုးတွေ တာကြိုးတွေ အမျိုးမျိုးနဲ့ အတိုင်းအတာတွေနဲ့ အထွာလက်သစ်တွေနဲ့ တိုင်းတာမယ်ဆိုရင် အစွမ်းရှိတဲ့ပုဂ္ဂိုလ်များက ဘယ်နှစ်ပေ၊ ဘယ်နှစ်မိုင် အစရှိသည်ဖြင့် တိုင်းတာမယ်ဆိုရင် တိုင်းတာနိုင်ပါတယ်တဲ့။

**"နတွေတဝ သဗ္ဗညု၊ ဉာဏံ သက္ကာ မိနေတဝေ"**

ဘန္တေ= အလုံးစုံသော တရားတို့ကို သိတော်မူတတ်သော အို-မြတ်စွာဘုရား၊ တဝ= ရှင်တော်မြတ်ဘုရား၏၊ သဗ္ဗညုတဉာဏံ= သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို၊ မိနိတုံ= ဤ၍ဤမျှ ဂဏန်းချ၍ တိုင်းတာခြင်းငှါ၊ နတွေဝ သက္ကာ= အဘယ်လူဇာတ် အဘယ်နတ်မှ နှိုင်းဆ

http://www.dhammadownload.com



တိုင်းတာနိုင်ခြင်းငှါ မစွမ်းနိုင်ပါဘုရား။ နတွေ၀ သက္ကာ မိနေတ၀ေ= ဤ၍ဤမျှ ပမာဏဟု နှိုင်းဆတိုင်းတာခြင်းငှါ မစွမ်းနိုင်ပါသည်ဖြစ်၍ နေ လ နက္ခတ် တာရာ ဂြိုလ်တို့၏ သွားရာခရီး ကောင်းကင်ကြီးမက ကျယ်ဝန်းကြီးမားတော်မူလှသည့် အနန္တရွှေဉာဏ်တော်သခင် ဘုရားရှင်ကြီးပါဘုရား။

သာဓု - သာဓု - သာဓု

သြော်- မြေကြီးမကလဲ အင်မတန်လေးလံတယ်။

**ဓာရေတုံ ပထဝိံ သက္ကာ၊ ဌပေတွာ တုလမဏ္ဍလေ၊**

**နတွေ၀တဝ သဗ္ဗညူ၊ ဉာဏံသက္ကာ ဓရေတ၀ေ။**

ပထဝိံ= လူတို့၏တည်နေရာ မဟာပထဝီမြေကြီးကို၊ ဌပေတွာ တုလမဏ္ဍလေ= ချိန်တန်ချိန်ခွင် ရာဇူပြင်၌ အကယ်၍များ တင်ထားနိုင်ငြားက၊ ဓာရေတုံ= ပိဿာခွက်ရေ ရာကုဋေဖြင့် ချင့်ရေတွက်ခြင်းငှါ၊ သက္ကာ= စွမ်းနိုင်ရာပါဦးမည်ဘုရား။

ဤမြေကြီးကို ချိန်ခွင်ပေါ် ကတ္တားပေါ်များ တင်ထားနိုင်မယ်ဆိုရင် ဘယ်၍ဘယ်မျှ အလေးချိန်ပမာဏ သိကောင်းသိနိုင်ပါလိမ့်မယ်။

သဗ္ဗညူ= အလုံးစုံသောတရားတို့ကို သိတော်မူတတ်သော အို-မြတ်စွာဘုရား၊ တဝ= ရှင်တော်မြတ်ဘုရား၏၊ ဉာဏံ= သဗ္ဗညုတဉာဏ်တော်ကြီးကို၊ ဓရေတ၀ေ= ဤ၍ဤမျှ ပမာဏဟု ချိန်စက်ခြင်းငှါ၊ နတွေ၀ သက္ကာ= အဘယ်လူဇာတ် အဘယ်နတ်မှ မတတ်နိုင်ရိုး ဧကန်အမှန်ပါဘုရား၊ နတွေ၀ သက္ကာ ဓရေတ၀ေ= အဘယ်လူဇာတ် အဘယ်နတ်မှ ပိဿာခွက်ရေ ရာကုဋေဖြင့် ချိန်စက်ခြင်းငှါ မစွမ်းနိုင်ပါသည်ဖြစ်၍ ဤလူတို့၏နေရာ မဟာပထဝီမြေကြီးမက လေးလံကြီးမားတော်မူလှသည့် အနန္တရွှေဉာဏ်တော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးဘုရား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သိပ္ပံပညာကြောင့် သဗ္ဗညုတဉာဏ်တော်ကြီး အထင်မသေးသင့်

ဩော်- သဗ္ဗညုတဉာဏ်၊ သဗ္ဗညုတဉာဏ်ဆိုတာ ဘယ်လိုဟာလဲ။ ဟိုလွန်ခဲ့တဲ့ နှစ် (၃၀)က ဘုန်းကြီးတို့က မုံရွာ သပြေပင်တောရမှာနေတော့ အိုးဝေမဂ္ဂဇင်းမှာ စာတစ်ပုဒ်ပါလာတယ်။

အခုခေတ် သိပ္ပံပညာတွေ အလွန်အင်မတန် ဆန်းဆန်းကျယ်ကျယ် ထွန်းကားလာတဲ့အခါ မြတ်စွာဘုရား လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၃ နှစ်တာကာလက ပွင့်တော်မူပြီးတော့ ဟောကြားထားတဲ့ တရားတော်များ တိမ်ကောတော့မလားလို့ ထင်ရတယ်။ သိပ္ပံပညာကလဲ အင်မတန်ကို ဆန်းဆန်းကျယ်ကျယ် ကြီးကြီးမားမား ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ တိုးတက်လာတယ်။

အဲဒီတော့ ဘုန်းကြီးတို့အဝေးမဟုတ်ပါဘူး။ ကျေးဇူးတော်ရှင် မုံရွာ သပြေပင်ဆရာတော်ကြီးက ရေးတယ်။ "သိပ္ပံပညာကြောင့် သဗ္ဗညုတဉာဏ်တော်ကြီး အထင်မသေးသင့်"၊ "သိပ္ပံပညာထွန်းကား လေလေ၊ သဗ္ဗညုတဉာဏ်တော် ကြီးကျယ်လေလေ"လို့ ဆရာတော်ဘုရားကြီးက ရေးတယ်။

သိပ္ပံပညာကြောင့် သဗ္ဗညုတဉာဏ်တော်ကြီး အထင်သေးမသွားနိုင်ဘူး။ သိပ္ပံပညာ ထွန်းကားလေလေ သဗ္ဗညုတဉာဏ်တော်ကြီးဟာ ကြီးကျယ်လေလေပဲတဲ့။

အခု လူထုကြီး လုံးချာလိုက်နေတာ တစ်ခုရှိတယ်။ ဟိုကမ္ဘာ၊ ဟိုတိုင်းပြည်ကလဲ လူစွမ်းကောင်းတွေ ပေါ်ပါရဲ့၊ လကမ္ဘာတက်နိုင်တယ်၊ နေကမ္ဘာတက်နိုင်တယ်၊ အင်္ဂါဂြိုလ်ပေါ် တစ်နေ့ကတက်တယ်။

ဘုန်းကြီးတို့ ရုရှားနိုင်ငံ၊ မော်စကိုမြို့ကို သွားတုန်းက "ဂါဂါရင်" ဆိုတာ ပထမဆုံးလကမ္ဘာရောက်တဲ့ ပုဂ္ဂိုလ်အရိုးကို ကရင်မလင်နန်းတော်ဘေးမှာထား၊ အရိုးအိုးလေးနဲ့ ဂုဏ်ပြုထားတယ်။

ဘုန်းကြီးတို့ ကိုရင်ဘဝက ပထမဆုံး လကမ္ဘာရောက်တာပေါ့။ ဘုရားက မရောက်ရဘူးလို့မှ မဟောပဲနဲ့၊ ရောက်တယ်၊ မန္ဓာတု

http://www.dhammadownload.com



စကြာမင်းကြီး လူ့ဘဝနဲ့ နတ်ပြည်တောင်ရောက်တာကိုး။

"ယောက်ျားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကို ဆွတ်လည်း မလွတ်စတမ်း ရမြဲတမ်းတည်း"။

ဘုန်းကြီးတို့ငယ်ငယ်တုံးက ဒီစာလေးတွေကို စာအုပ်ဘေးမှာ ရေးထားရတယ်။

**"ယောက်ျားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ်၊ ကြယ်ကို ဆွတ်လည်း မလွတ်စတမ်း ရမြဲတမ်းတည်း"**။ တောမှာ မွေးမွေး၊ မြို့မှာမွေးမွေး၊ **"တောဘွားမြို့ဘွား ဇာတိအားဖြင့် မခြားပုံသေ မရှိလေရှင် ချုပ်ချုပ်အောက်တိုင်၊ တက်နိုင်ဖျား ရောက် ငုပ်နိုင်သဲကျ၊ ဆိုစကြ၏ ရှေးကစကား မယုံမှားလင့်"**။

ဒီစာလေးတွေနဲ့ စာအုပ်စာမျက်နှာလေးတွေမှာ မျက်နှာစာမှာ ဒီစာတန်း လေးတွေ ရေးထားရတယ်နော်။ ကိုရင်ဘဝတုံးက ရေးထားခဲ့တဲ့ စာကလေးတွေ။

ဆရာလေးတွေရော၊ ယောဂီတွေရော တောကြိုအုံကြားမှာ လူဖြစ်ဖြစ်၊ ကြိုးစားရင် တက်နိုင်ရင် အဖျားရောက်တယ်၊ ငုပ်နိုင်ရင် သဲကျအောင်ရောက်တယ်၊ လယ်တီဂဏ္ဍဝါစကတစ်ပါးရဲ့ စာရေးပက်မှာ တွေ့ရတဲ့စာက **"ဂုဏ်များဂုဏ်နည်း ဝမ်းမနည်းနှင့် ကြိုးကဲ လွန်မြောက် တစ်ခေါ်လောက်သည့် တစ်ယောက်ကပိ ဖြစ်ချင် ဘိမူ ကိုယ်၏တာဝန် ကိုယ်ကျေပွန်အောင် အားသွန်လို့လ ရှိအပ်စွာ့တည့်"**။ အဲဒါ ဘုန်းကြီးတို့ ကိုရင်ဘဝတုံးက စာအုပ်မျက်နှာစာမှာ ရေးထားတဲ့ စာတန်းလေးတွေ ဂုဏ်များတယ်၊ ဂုဏ်နည်းတယ်၊ စာသင်တဲ့ အခါတုံးက ဘယ်သူကမှလဲ အရေးမလုပ်ဘူး။ အစာရေစာ ကလဲ ကာရန်သင့်မှ တခါတရံ ရှားပါးတဲ့အခါလဲ အင်မတန်ရှားပါးတယ်။

ဘုန်းကြီးတို့ ဥပဇ္ဈာယ်ဆရာတော်ကြီးက ဒကာ ဒကာမတွေစီက ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါးကို အလှူခံလေ့မရှိဘူး။ အလှူခံ စားရင်လဲ သိပ်မကြိုက်ဘူး။ တခါက ဆန်ကုန်လို့ ဆွမ်းစား

http://www.dhammadownload.com



ကျောင်းဘုန်းကြီး ဆရာတော် ဦးခမ္မိက က ကျောင်းဒကာစီ ဆန်တောင်းတယ်။ ကျောင်းဒကာက ချမ်းသာပါတယ်။ မြေဇကေ ငါးထောင်ကျော် ပိုင်တယ်။ မြို့ထဲရွာထဲမှာ အိမ်တိုက် (၁၅)လုံးလောက် ရှိတယ်။ သူက တော်ရုံတန်ရုံ ကြည်ညိုတာမဟုတ်ဘူး။ ကျောင်းတော့ ကြည်ညိုလွန်းလို့ တစ်ဦးတည်းဆောက်ထားတာ၊ သပြေပင်တောရမှာ ကျောင်း(၇)လုံး ရှိတယ်။

ဒါပေမယ့် "ဒကာကြီး သံဃာတော်တွေ အာရုံကပ်ဖို့ရာ ဆွမ်းဆန်ကုန်ပြီ"လို့ ပြောတော့ ဘာပြောမှတ်သလဲ "ကိုယ်တော်တို့ ကျောင်းကလဲ ကိုယ်တော်သဒ္ဓါလွန်း ဆွမ်းတော်တော်"တဲ့ အဲလို ပြောလွှတ်တာ လွယ်တာမဟုတ်ဘူး။

ဆရာတော်ဘုရားကြီး သိတဲ့အခါကျတော့ မပြောရဘူး။ ဆရာတော်က ဒကာ ဒကာမတွေစီကို ဆွမ်းရယ်၊ သင်္ကန်းရယ်၊ ကျောင်းရယ်၊ ဆေးရယ် ပစ္စည်းလေးပါး အလှူခံတာကို မကြိုက်ဘူး။

ဒါတောင် တစ်ချို့ပုဂ္ဂိုလ်တွေက ဒီသုံးထပ်ကျောင်းကြီးတွေ ဆောက်တဲ့အခါ ဘုန်းကြီးတို့က အလှူခံသလားဆိုတဲ့ မေးခွန်းတွေ မေးကြတယ်။ များများမေးကြတယ်။

တစ်လုံးတစ်ပါဒမျှ မိမိရဲ့နှုတ်က မပြောဘူးပါဘူး။ ဝိသကြံ့ နတ်သား ဖန်ဆင်းသကဲ့သို့ အလိုအလျောက်ဖြစ်တဲ့ ဘုံနန်းဗိမာန်တွေ ပါပဲ။

ကိုင်းဆိုကြပါစို့။ တောမှာ ဖွားသည်ဖြစ်စေ၊ မြို့မှာဖွားသည် ဖြစ်စေ တက်နိုင်ရင် အဖျားရောက်တယ်။ ငုပ်နိုင်ရင် သဲကျအောင် ရောက်တယ်။ စာတန်းလေးမှတ်မိတဲ့ စာတန်းလေးတစ်ခု ရှိသေးတယ်။

**"လူတွင်လူမော် ဖြစ်ရေးမျှော်က ပညာညွန့်ဖူး ရအောင်ခူးလော့"**

လူထဲမှာ လူမော်ဖြစ်ချင်ရင်၊ လူကျော်ဖြစ်ချင်ရင် ပညာညွန့်ဖူး ရအောင်ခူးလော့။ ပညာတတ်အောင် သင်ရမယ်။ ပညာဆိုတဲ့ နေရာမှာ

http://www.dhammadownload.com



ဘုရားရှင်ရဲ့ပညာကတော့ အကြီးဆုံးပေါ့။ ဘုရားပညာကတော့ လူထဲတွင်သာ လူမော်ဖြစ်တာ မဟုတ်ဘူး။ နတ်တွေမှာလဲ ကျော်တာပဲ။ ပြဟ္မာတွေထဲမှာလဲ ကျော်တာပဲ။ သဗ္ဗညုတဉာဏ်တော်ကြီးကိုး။

လူတွေ၊ နတ်တွေ၊ ပြဟ္မာတွေ၊ သတ္တဝါတွေအားလုံးတို့ အပေါ် ကျော်တက်သွားတယ်။ ဒီနေရာမယ် သဗ္ဗညုတဉာဏ်ပညာကြီးပဲ။ ရေပြင်၊ ကောင်းကင်၊ မြေပြင်တို့ထက် ကြီးမြတ်တော်မူသော သဗ္ဗညုတ ဉာဏ်တော်ပိုင်ရှင်၊ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်၏ သာသနာ တော်မြတ်ကြီးမှာ လာပြီးတော့ လေးစားပြီးတော့ ကိုးကွယ်ပြီးတော့ နေရတာယောဂီတို့ တန်ဖိုးမရှိဘူးလား။

အဲဒီလို ဘုရားရဲ့တပည့်သား သာဝကဖြစ်ရတာ ဂုဏ်ယူဖို့ မကောင်းဘူးလား။ ဆရာကလဲအဖျင်းဆိုရင်တော့ ဖျင်းတဲ့ဆရာထံ တပည့်ခံရင် ပိုမဖျင်းပေဘူးလား။ ဖျင်းမှာပဲ၊ ကမ္ဘာ့လူထုကြီးတစ်ချို့က သဗ္ဗညုတဘုရား မဟုတ်သူထံ တပည့်ခံနေတာ အ,လွန်းလို့၊ ဖျင်းလွန်းလို့ပါပဲ။ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးဟာ ရေပြင်၊ မြေပြင်၊ ကောင်းကင်မက ကြီးမားလှတဲ့ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်ရဲ့တပည့် ရဟန်းသာမဏေ ဖြစ်ရခြင်းဟာ အင်မတန် ကောင်းတယ်။

ဘုန်းကြီးတို့ ဥပဇ္ဈာယ်ဆရာတော်ကြီးဟာ စာသင်သားဘဝ တုန်းက မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက်မှာ စာသင်တယ်။ စာသင်ပြီး (၁၀)ဝါလောက်ရတော့ ဝါကျွတ္တဒီပကကျမ်းကြီးကို ပြုစုတော် မူတယ်။

ဒီနောက် စစ်တွင်းမှာ ချောင်းဦးနားက သစ်လိန်တောကျောင်းဦး တို့မှာ သွားနေတော့ ဆရာတော်က ကလောင်သွေးတာပေါ့။ စစ်တွင်းမှာ ဘယ်လောက် ဒုက္ခရောက်တယ်ဆိုတာကို "ငြိုးချင်း"ကြီးတွေကို ရေးတာ။ တတိယတွဲစာအုပ်ထဲ မှာပါတယ်။

http://www.dhammadownload.com



သဗ္ဗညုတဉာဏ်တော်ကြီး ရှိတော်မူတဲ့ ဗုဒ္ဓဘုရား၊ ထိုဗုဒ္ဓဘုရား အမှီရရှိတော်မူတဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၊ ကျေးဇူးတော်ရှင် သပြေပင်တောရ ဆရာတော်ဘုရားကြီး၊ ကျေးဇူးတော်ရှင် ရွှေရေးဆောင်ဆရာတော်ဘုရားကြီး၊ မန္တလေးမှာ ရွှေရေးဆောင်ဆိုတာက ရွှေရေးဆောင်မိဘုရားကြီး တည်ဆောက်ထားတဲ့ ကျောင်းတိုက်ကြီး၊ ဘုန်းကြီးတို့ စာလိုက်တဲ့အခါ ဗန္ဓုလ ဒကာက ပြင်ဆောက်ထားတာ၊ မန္တလေး လေးပြင်လေးရပ်က သံဃာတော်တွေ စာလာလိုက်ကြရတယ်။

ပုံမှန်နေတာကတော့ သံဃာ(၁၀၀)ကျော် ဆရာတော်စာချပြီဆိုရင် (၆၀၀-၇၀၀)ကျော် လာပြီးတော့ စာလိုက်ကြတာ။ ပျားပိတုံးများဟာ နံ့သာကိုလိုချင်တဲ့ အတွက်ကြောင့်မို့ ပန်းပင်ဆီလာရသလိုပဲ။

စာပေပညာလိုလားတဲ့ အတွက်ကြောင့်မို့ ရွှေရေးဆောင်ဆရာတော်ဘုရာကြီး တည်းဟူသော ပန်းပင်ကြီးကို စာသင်သား ပျားပိတုံးများ ချဉ်းကပ်ကြရတယ်။

ရှေးအခါတုံးက ဥပမာပြောမယ်ဆိုရင်တော့ ဆယ့်နှစ်ရာသီ အသီးမှီတဲ့ သစ်ပင်ကြီးစီ အသီးစားချင်လို့ ပန်းရနံ့ကလေးတွေ စုပ်ချင်လို့ ချဉ်းကပ်ရသလို၊ မြတ်ဘုရားစီ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ သူဌေးသူကြွယ်ပညာရှိတွေဟာ ချဉ်းကပ်ကြရတယ်။

အဲဒီတော့ စောစောကပြောတဲ့အတိုင်း သဗ္ဗညုတဉာဏ်ဆောင်းမိုးထားတဲ့ အရဟတ္တမဂ်ဉာဏ် ပိုင်ရှင်ဖြစ်တဲ့၊ အားတော် (၁၀)တန်၊ ဉာဏ်တော် (၁၀)ပါးနှင့် ပြည့်စုံတဲ့ဘုရားရှင်။

အားတော်ဆိုတာ ကာယဗလ ကိုယ်အားဆင်ပြောင် (၁၀)စီးမက အင်မတန်ကြီးမားတော်မူတယ်။ ဉာဏ်အားက (၁၀)မျိုး ရှိတယ်။

- ဌာနဋ္ဌာနကောသလ္လဉာဏ်တော်
- ကမ္မဝိပါကကောသလ္လဉာဏ်တော်
- သဗ္ဗတ္တဂါမိနီပဋိပဒါဉာဏ်တော်

http://www.dhammadownload.com



- အနေကဓာတုနာနာဓာတုဉာဏ်တော်
- ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်
- အာသယာနုသယဉာဏ်တော်
- ဈာနသံကိလေသာဒိဉာဏ်တော်
- ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်
- ဒိဗ္ဗစက္ခုဉာဏ်တော်
- အာသဝက္ခယဉာဏ်တော်

ဆိုတဲ့ ဉာဏ်တော် (၁၀)ပါးရှိတယ်။

**"ဗလေသု စ ဝသီဘာဝံ"** ဆိုတဲ့ ပါဠိအတိုင်း ဒီစကားချုံ့လိုက်ရင် လောကကြီးထဲမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ကိုယ်တော်တိုင် မချွတ်မယွင်း သစ္စာလေးပါး တရားတို့ကို သိတော်မူတယ်။

သိတဲ့အခါမှာ အပိတ်အပင် အဆီးအတားမရှိတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကလဲ ဆောင်းမိုးထားတယ်။ အားတော် (၁၀)တန်၊ ဉာဏ်တော် (၁၀)ပါးနှင့်လဲ ပြည့်စုံတယ်။

အဲဒီ ပုဂ္ဂိုလ်ကို သမ္မာသမ္ဗုဒ္ဓ၊

အဲဒီ သမ္မာသမ္ဗုဒ္ဓသည် ဗုဒ္ဓ၊

အဲဒီ ဗုဒ္ဓကို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

အဲဒီ ဗုဒ္ဓက သဗ္ဗညုတဉာဏ်တော်ကြီး ဆောင်းမိုးထားတဲ့ အားတော် (၁၀)တန်၊ ဉာဏ်တော် (၁၀)ပါးနဲ့ ပြည့်စုံတဲ့ဘုရားက ဟောထားတဲ့ တရားတော်ကို ဓမ္မံ သရဏံ ဂစ္ဆာမိ။

အဲဒီ ဗုဒ္ဓဘုရားက ချမှတ်ထားတဲ့ လမ်းစဉ်၊ လမ်းစဉ်ချမှတ်ထားတာဟာ မှန်တာပေါ့။ လမ်းစဉ်ချမှတ်ထားမှုဟာ သိပ်အရေးကြီးတာပဲ။

ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း ကောင်းမွန်တဲ့အကျင့် ရှိတယ်။ ဖြောင့်မှန်တဲ့ အကျင့်ရှိတယ်။ လျော်ကန်တဲ့အကျင့် ရှိတယ်။ သင့်မြတ်တဲ့ အကျင့်ရှိတယ်။ အရှင်မြတ်ကြီးတွေဟာ အဝေးအနီးက ဆောင်ယူလာတဲ့ ပစ္စည်းတွေကို ခံယူထိုက်တယ်။ လက်အုပ်ချီမိုး ရှိခိုးထိုက်တယ်။

http://www.dhammadownload.com



တမလွန်ဘဝ ရည်မျှော်ပြီး လှူဒါန်းတဲ့ အလှူကိုလဲ လက်ခံထိုက်တယ်။ ကုသိုလ်မျိုးစေ့ စိုက်ပျိုးရာ မြေကောင်းသဖွယ် ဖြစ်တော်မူတဲ့ အဂ္ဂသာဝက၊ မဟာသာဝက အရှင်မွန် အရှင်မြတ်ကြီးတွေ သူတော်ကောင်းကြီးတွေ ရှိတယ်။ အဲဒီ အကျင့်ကောင်းတဲ့၊ အနေကောင်းတဲ့ သံဃာတော်မြတ်များကို သံဃံ သရဏံ ဂစ္ဆာမိ။

**အရိယာသံဃာ**

အဓိကအားဖြင့်တော့ အရိယာသံဃာတော်တွေကို ပြောတာ။ အရိယာသံဃာဆိုတာ မကောင်းတဲ့အရိယာသံဃာဆိုတာ ရှိပါ့မလား၊ (မရှိဘူး)၊ ဂရုစိုက်။

ဟိုတုန်းက ဧရာဝတီတိုင်းဘက်မှာ ဒကာတစ်ယောက်က သူရဟန်းခံထားတဲ့ ကိုယ်တော်တစ်ပါး လူထွက်သွားတယ်။ အဲဒီ ဒကာက သံဃာကို မကြည်ညိုနိုင်တော့ ဝါဝါဆိုဆွမ်းတောင် မစားဘူးတဲ့၊ သံဃံသရဏံ ဂစ္ဆာမိလဲ မဆိုတော့ဘူးတဲ့။ သူကိုယ်တော်က အရိယာသံဃာမှ မဟုတ်ဘဲ။ အရိယာက ဘယ်တော့မှ လူမထွက်တော့ဘူး။

**သံဃော ဒုဿီလောနာမ နတ္ထိ။**

သံဃာဆိုတာ ဒုဿီလ= သီလမဲ့သူမရှိဘူး။ ဧကသ္မိံ ဘိက္ခုမှိ အဂါရဝေကတေ သဗ္ဗော သံဃော အဂါရဝေါ ကတောနာမ ဟောတိ= ရဟန်းတစ်ပါးအပေါ် မရိုမသေပြုရင် သံဃာအားလုံးအပေါ် မရိုသေရာ ရောက်တာကို သူမသိရှာဘူး။

အရိယာသံဃာကို မုချအားဖြင့် သံဃံ သရဏံ ဂစ္ဆာမိ။

အရိယာ သံဃာတော်ကို ကိုးကွယ်တာ အရိယာသံဃာက သစ္စာလေးပါး သိပြီးသား သံဃာ။

**ယထိန္ဒခိ္လော ပထဝိဿိတော သိယာ၊**
**စတုဗ္ဘိဝါတေဟိ အသမ္ပကမ္ပိယော။**
**တထူပမံ သပ္ပုရိသံ ဝဒါမိ၊**

http://www.dhammadownload.com



**ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။**
**ဣဒမ္ပိသံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိဟောတု။**

သူတော်ကောင်းပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ အဲဒီ ပုဂ္ဂိုလ်က သစ္စာလေးပါးကို သိတယ်။ မမှိတ်မသုန် ကျကျနန သိတယ်။

အဲဒီပုဂ္ဂိုလ်က အယူဝါဒလဲ မပြောင်းတော့ဘူး။ အရပ်လေးမျက်နှာကလာတဲ့ လေကြောင့် ခိုင်ခိုင်မာမာ စိုက်ထားတဲ့ တံခါးတိုင်ဟာ မတုန်မလှုပ်ခိုင်မာနေသလိုပဲ။ အခြားဘာသာတစ်ခုခုကြောင့် တုန်လှုပ်မှုမရှိဘူး။

**သဟာဝဿ ဒဿန သမ္ပဒါယ၊**
**တယဿု ဓမ္မာဇဟိတာ ဘဝန္တိ။**
**သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊**
**သီလဗ္ဗတံဝါပိ ယဒတ္ထိကိဉ္စိ။**
**စတူဟာပါယေဟိစ ဝိပ္ပမုတ္တော၊**
**ဆစ္စာဘိဌာနာနိ အဘဗ္ဗကာတုံ။**
**ဣဒမ္ပိသံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

အဲဒီလို သစ္စာလေးပါးသိတဲ့ လူသူတော်ကောင်း၊ နတ်သူတော်ကောင်း၊ ရဟန်းယောဂီ၊ ရှင်ယောဂီ၊ သီလရှင်ယောဂီ၊ အမျိုးသားယောဂီ၊ အမျိုးသမီးယောဂီများဟာ သက္ကာယဒိဋ္ဌိလဲ မရှိတော့ဘူး။ ဝိစိကိစ္ဆာခေါ်တဲ့ သံသယလဲ မရှိတော့ဘူး။ ခွေးအကျင့်၊ နွားအကျင့်တွေကိုလဲ အကျင့်ကောင်းဆိုပြီးတော့ မကျင့်တော့ဘူး။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လဲ မဖြစ်တော့ဘူး။ အမိသတ်တဲ့ကံ၊ အဖသတ်တဲ့ကံ၊ ရဟန္တာသတ်တဲ့ကံ၊ သံဃာသင်းခွဲတဲ့ကံ၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုတဲ့ကံလို့ခေါ်တဲ့ ပဉ္စနန္တရိယကံကိုလဲ မပြုတော့ဘူး။

http://www.dhammadownload.com



ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားကိုလဲ မကိုးကွယ်တော့ဘူး။ ဆရာအဖြစ်ထားပြီး သရဏဂုံမယူတော့ဘူး။ ဒီအကျိုးတရားတွေ တစ်ခါထဲရရှိသွားတယ်။ အပါယ်တံခါး လုံးဝပိတ်သွားတယ်။

ပုထုဇဉ်တွေကတော့ အပါယ်တံခါးပွင့်ရက်ပဲ။ သေတာနဲ့ တစ်ပြိုင်နက်ထဲ စိတ်မချရဘူး။

ပုထုဇဉ်များ သေတော့ အမျှဝေပါဟဲ့၊ အမျှဝေပါဟဲ့၊ အရိယာကတော့ သူတစ်ပါးအကူအညီမလိုဘူး။ ကုသိုလ်တော့ လုပ်ရပါတယ်လေ။ အမျှမဝေလဲ အရေးမကြီးဘူး။ အရိယာက ဂတိမြဲနေတာကိုး။

**ခီဏာနိရယော** = ငရဲကုန်ပြီ၊ တိရစ္ဆာန ဂတိကုန်ပြီ။

အရိယာများ သုဂတိဘုံပဲ ရောက်မယ်။ ဒါကြောင့် -

**ယေအရိယ သစ္စာနိဝိဘာဝယန္တိ၊**
**ဂမ္ဘီရပညေန သုဒေသိတာနိ။**
**ကိဉ္စာပိ တေဟောန္တိ ဘုသံပမတ္တာ၊**
**နတေဘဝံ အဋ္ဌမ မာဒိယန္တိ။**
**က္ကဒမ္ပိ သံဃေ ရတနံပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိဟောတု။**

သစ္စာလေးပါးသိတဲ့ သောတာပန်အရိယာပုဂ္ဂိုလ်များကတော့ ဘဝတောင်မှ နောက်ထပ် (၇)ဘဝ အလွန်ဆုံး။ အဲဒါကြောင့် သစ္စာလေးပါးတရားသိအောင်လို့ အမျိုးမျိုးသင်ကြရ၊ နာကြရ၊ အားထုတ်ကြရတာ။

**သစ္စာ**

အဲဒါကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက-

**''အမွန်ရည်စွာ ဘယ်မျှကြာလဲ တစ်ခါတစ်ရံ မဖောက်ပြန်ပဲ အစဉ်အမြဲကို သစ္စာဆို၏''။**

http://www.dhammadownload.com



ဘယ်လောက်ကြာကြာ ဖောက်ပြန်သွားတယ်၊ မှားသွားတယ်လို့ မရှိဘူးတဲ့။ အစဉ်အမြဲ မှန်နေတာကိုး။ သစ္စာတဲ့။

**"ထိုသစ္စာကား လေးထွေပြား၏"**

လေးပါးသရုပ် အမှန် ထုတ်သော် ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ။

**"ခန္ဓာငါးလီ ဘုံလောကီကို ဒုက္ခဆိုလော"**

ဆရာတော်ကြီးက ရှင်းတယ်၊ လောကီခန္ဓာငါးပါးကို ဒုက္ခသစ္စာလို့ ခေါ်ပါတဲ့။

**"ထိုဒုက္ခပေါင်း ပွားကြောင်းအစု လောဘမှုကား သမုဒယ အမည်ရ၏"**

ဒုက္ခပွားကြောင်းဖြစ်တဲ့ လိုချင်မှုအစုဟာ သမုဒယသစ္စာလို့ ခေါ်ပါတဲ့။

**"လောဘစုပင် အကြွင်းမရှိ ချုပ်ငြိမ်းဘိသည့် သန္တိသဘော အစဉ်ချောကို နိရောဓသစ္စာ"**

အစဉ်ချောကို နိရောဓဟူ လောဘတွေ ချုပ်ငြိမ်းပြီး ငြိမ်းအေးတဲ့ သဘောကို နိရောဓသစ္စာ။

**"ရှစ်ဆူသီးသီး မဂ္ဂင်ကြီးကို မဂ္ဂဆို၏"**

သမ္မာဒိဋ္ဌိစတဲ့ ရှစ်မျိုးကို မဂ္ဂသစ္စာ။

| | | | |
|---|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ | = | ကောင်းမြတ်သောအမြင်ကိုမြင်ခြင်း၊ |
| ၂။ | သမ္မာသင်္ကပ္ပ | = | ကောင်းမြတ်သောအကြံကိုကြံခြင်း၊ |
| ၃။ | သမ္မာဝါစာ | = | ကောင်းမြတ်သောစကားကိုပြောဆိုခြင်း၊ |
| ၄။ | သမ္မာကမ္မန္တ | = | ကောင်းမြတ်သောအလုပ်ကိုပြုလုပ်ခြင်း၊ |
| ၅။ | သမ္မာအာဇီဝေါ | = | ကောင်းမြတ်သောအသက်မွေးခြင်း ဖြင့်သာ အသက်မွေးခြင်း၊ |
| ၆။ | သမ္မာဝါယာမ | = | ကောင်းမြတ်သောအလုပ်ကိုသာ အားထုတ်ခြင်း၊ |

http://www.dhammadownload.com



၇။ သမ္မာသတိ = ကောင်းမြတ်သောတရားတို့၌ အောက်မေ့အမှတ်ရခြင်း၊

၈။ သမ္မာသမာဓိ = ကောင်းမြတ်သောအာရုံတို့၌ စိတ်၏တည်ကြည်ခြင်း၊

ဤ (၈)ပါးတွင် ဖောက်ပြားမရှိ ဖြောင့်မှန်ဘိမှ အရိယသစ္စာခေါ် ထိုက်စွာ၏။ မဂ္ဂင် (၈)ပါး ဖြောင့်မှန်ပြီဆိုရင် အရိယသစ္စာ၊ အရိယာဖြစ်တဲ့ မြတ်စွာဘုရားသည် သိအပ်လို့မို့ အရိယသစ္စာ။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အရိယာဖြစ်အောင် ပုထုဇဉ်ဘဝက အရိယာဖြစ်အောင် ပြုလုပ်ပေးတတ်လို့ အရိယသစ္စာ။

မဂ္ဂင် (၈)ပါးလဲ တစ်နေ့က အကျယ်ဟောခဲ့ပြီ။

## သစ္စာအနက်(၁၆)ချက်

**"သစ္စာအနက် လေးချက်စီတည့် ဆယ့်ခြောက်ရှိ၏"**

သစ္စာအနက် (၁၆)ချက်၊ သစ္စာက (၄)ပါး အနက်က (၁၆)ချက်။

ဒုက္ခမှာ (၄)ပါး၊ သမုဒယမှာ (၄)ပါး၊ နိရောဓမှာ (၄)ပါး၊ မဂ္ဂမှာ (၄)ပါး၊ အားလုံး (၁၆)ပါး။

၁။ **ပီဠနဋ္ဌော** = အကျဉ်းအကြပ် နှိပ်စက်တတ်သော ဒုက္ခသဘော။ ဒုက္ခသစ္စာ ဘယ်လိုလုပ်တတ်သလဲ၊ အကျဉ်းအကြပ် နှိပ်စက်တတ်တယ်။

၂။ **သင်္ခတဋ္ဌော** = အမြဲမပြတ် ပြုပြင်အပ်သော ဒုက္ခသဘော။ အမြဲမပြတ် ပြုပြင်နေရတယ်။ ဆွမ်းလေး စားလိုက်၊ ရေလေး ချိုးလိုက်၊ ဆေးလေးစားလိုက် အမြဲတမ်း ပြုပြင်နေရတာ၊ အနားမနေရဘူး။

၃။ **သန္တာပဋ္ဌော** = ကြောင့်ကြစိုက်ရေး အေးခွင့်မရ ပူပန်ရသော ဒုက္ခသဘော။

http://www.dhammadownload.com



အမြဲတမ်းကြောင့်ကြစိုက်နေရတာ၊ ပစ်ထားလိုက်ရင် သွားပြီ။ ပိုပြီးတော့ ဒုက္ခရောက်သွားတယ်။ ကြောင့်ကြစိုက်ပြီးတော့ နေရတာလဲ အလွန်ရှုပ်ထွေးတယ်။ ဟော- သံဝေဂရစရာတွေ။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဖြစ်ရိုးဖြစ်စဉ်မို့ ရိုးနေသလိုပဲ။ အတိတ်ကာလက ကြုံခဲ့တဲ့ ဝဋ္ဋမူလကဒုက္ခ၊ အနာဂါတ်မှာ ကြုံရမယ့် ဝဋ္ဋမူလကဒုက္ခ၊ အပါယ်မှာ ကျရောက်ရမယ့်ဒုက္ခ၊ သိပ်ထင်ရှားတာ ဘဝတိုင်း၊ ဘဝတိုင်း အစာရေစာရှာမှီးရတဲ့ဒုက္ခ၊ ခွေးလဲခွေးမို့ အစာရှာရတယ်၊ အစာရှာရင်းနဲ့ ဂဲကြီးကြီးနဲ့ထုလိုက်လို့ ခေါင်းကွဲပြီး ဒုက္ခတွေ ဖြစ်လို့နေတာ စဉ်းစားပါ။

လူပုဂ္ဂိုလ်တွေလဲ အစာရေစာ ရှာရတာ လေယာဉ်ကြီးတွေနဲ့၊ ရထားနဲ့၊ ကားနဲ့၊ လှည်းနဲ့ ကုန်းကြောင်း၊ ရေကြောင်းနဲ့ ရှာရတယ်။

မြတ်စွာဘုရားနဲ့တွေ့တာ ကံကောင်းလို့တွေ့တာ။ မြန်မာပြည်က အနောက်မဖွံ့မ သွားပြီးတော့ လှည်းနဲ့လို့ ဆိုတာပေါ့။ အဲဒီဘက်ရောက်မှ လှည်းငှားတာ ဖြစ်မယ်။ ဒီဘက်ကတော့ ရေကြောင်းတွေကိုး။

ပင်လယ်သမုဒ္ဒရာထဲမှာ လှေကြီးလှေငယ်နဲ့ အစာရှာကြရတာ နော်။ **"ထွန်ရက်ဆားချက် ရက်အားမရှိ"** တောင်သူလုပ်တဲ့ လူတွေ ဘယ်တော့ ရက်အားတာရှိလဲ၊ "ဆားချက်"တဲ့လူတွေ ဘယ်တော့ ရက်အားမရှိဘူး။ ထန်းတက်တဲ့လူတွေလဲ ရက်ကျော် ရက်ခုန် မလုပ်ရဘူး။ အမြဲတမ်း ထန်းတက်နေရတယ်။ အခြားဝန်ထမ်းတွေလဲ ရုံးပိတ်ရက်မှတစ်ပါး ဒီအတိုင်းပါပဲ။

တစ်လောတုန်းက ကိုပြည့်ဆိုတဲ့ ဒကာတစ်ယောက် နိုင်ငံခြား အလုပ်လုပ်တော့ ပြန်လာတော့ လေယာဉ်စီးလိုက်တာ၊ အလုပ်လုပ်တဲ့ နေရာကနေ အာဖရိကက လှည့်ပတ်လာတာ။ လေယာဉ်ပေါ်မှာ (၃၆)နာရီ ကြာတယ်တဲ့။ ဒါတောင် မပျက်ပါစေနဲ့ ဆုတောင်းပြီး စီးရတာ။ ပျက်ရင်တော့ ပြီးရောတဲ့။

http://www.dhammadownload.com



ဟိုတစ်နေ့က နယူးယောက်က ဒကာမကြီးတွေက ပင့်တယ်။ နယူးယောက်ကို တစ်ခေါက်လာဖို့ လျှောက်တယ်။ တော်လောက်ပြီလို့ ပြောလိုက်တယ်။ ဘာကြောင့်လဲ တောင်ကိုရီးယားကနေ စီးလိုက်တာ။ နယူးယောက်အထိ (၂၂)နာရီ ကြာတယ်။ အပေါ်မှာ တက်နေတာက ပေလေးသောင်းကျော်မှာ တက်နေတယ်။ (၄၅၀၀၀)ပေ လောက် ကက်တယ်။

အဲဒါ တစ်နာရီမိုင် (၅၀၀)နှုန်းနဲ့ သွားနေတာပဲ။ ဘာမှ အနှောင့် အယှက်မရှိလို့၊ ရှိလို့ကတော့ မသက်သာတာ အမှန်ပဲ။

သို့သော် သွားနေရတာ မသွားလို့မရဘူး။ သူတို့ကလဲ သိပ်သေချာတယ်။ လူသန်ဆာဆိုတဲ့ လေကြောင်းတစ်ခုထဲ တစ်နေ့ကို ကောင်းကင်တက်တဲ့ အကြိမ်ပေါင်းက (၂၀၀၀)ကျော် ပါတယ်။ ကမ္ဘာကြီး တစ်ခုလုံး လှည့်နေတာပဲ။

အဲဒါ ဘာမှမဖြစ်ဘူး။ ဖြစ်ရင်တော့ မသက်သာရှာကြဘူး။ မကြာသေးဘူး လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က လေယာဉ်ကြီးတစ်စင်း အမေရိကကနေ ပျံလာတယ်။ တောင်ကိုးရီးယားလေယာဉ်ကြီးတစ်စင်း ဆိုဗီယက်နယ်စပ်ရောက်တော့ သူ့နယ်ကျွံတယ်ဆိုပြီး ပစ်ချလိုက်လို့ ပျက်ကျသွားတယ်။ သမ္မတရီဂင်လက်ထက်ကပါ။

သမ္မတက တမ်းပြီးသိတယ်။ တန်းအော်တာပဲ။ ဘာလို့ ပစ်ရသလဲလို့၊ အောက်က အော်နေတုန်း လေယာဉ်က အောက်ရောက် ပျက်ကျသွားပြီ။ ဒါပေမယ့် သွားနေရတယ်။ အသက်မွေးဝမ်းကြောင်းပဲ။ ဒါကြောင့်မို့ ပစ္စုပ္ပန်မှာ အစာအာဟာရရှာမှီးရတာက ဒုက္ခပဲ။

ကိုရင်လေးတွေ ဆွမ်းခံကြတယ်။ သူလဲ အာဟာရ ပရိယေသန ဒုက္ခပဲ။ ဘုန်းကြီးကော ငြိမ်သလားဆိုတော့ ဒီနေ့ ကျောင်းအမကြီး တစ်ယောက်က ကလေးဝဆရာတော်ဘုရားကို တစ်သက်လုံး ဆွမ်းပို့တာ။ ဆရာတော်ဘုရားကလဲ ဘုန်းအလွန်ကြီးပါတယ်။

http://www.dhammadownload.com



ရန်ကုန်မြို့မှာ ဆွမ်းအုပ်က ရှားတယ်။ တစ်သက်လုံး ပို့ခဲ့တာ။ ကျောင်းအမကြီး ဒေါ်စိန်ရင်ကလဲ တစ်သက်လုံး ဆွမ်းပို့တာ။ ဒီဒကာမကြီးက အသက်လဲရှည်တယ်။ ခုလဲပဲ (၉၆)နှစ်ရှိပေမယ့် သူ့အိုရုပ် သိပ်မပေါ်က်သေးဘူး။ အမှန်ကတော့ ဒီအရွယ်ဟာ အိပ်ယာထဲ လဲနေတဲ့ အခြေအနေပဲ။ ခုထိ အထက်ထပ် အောက်ထပ် တက်လိုက်၊ ဆင်းလိုက်ပဲ ရှိသေးတယ်။

သူ့သားက အိမ်လာရင် ထီးမိုးပြီးတော့ အိမ်ပြန်ပို့သေးသတဲ့။ မိုးရွာရွာ၊ မရွာရွာ ထီးလေးဆောင်းပြီးတော့ သူ့သားကို လိုက်ပို့သတဲ့။ ပင့်လို့ သွားပြီးစားရတာလဲ ဒုက္ခပါပဲ။

၄။ **သန္တာပဒုက္ခ** = ကြောင့်ကြစိုက်ရေး လွန်ရှုပ်ထွေးသဖြင့် အေး၍မရ ပူပန်ရသော ဒုက္ခ။

ဝိပရိဏာမဒုက္ခ= **နိစ္စ**မြင့်ရှည် အတည်မမြဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်သော ဒုက္ခသဘော။

ဟော- ခန္ဓာငါးပါးကို ပြောတာ။ ကြာရှည်တည်မလားဆိုတော့ အလွန်တည်လှ (၁၀၀)ပဲ။ ယောဂီတို့ဟာ အခုထိုင်နေတယ်။ နောက်နှစ် (၁၀၀)ကျရင် အကုန်ပျောက်။ အကုန်ပျောက်မယ်တာမှတ်နော်။ မရဘူး။ သတိလေးထားကြမယ်။

ဘုန်းကြီးတို့ ကုန်းသာရွာကို သွားတယ်။ ဟိုတုန်းက ဘုန်းကြီးတို့ ဆရာတော်ကြီးတွေက ရှေ့ကထိုင်လို့ သီလပေး တရားဟောတယ်။ ဒကာကြီးတွေက ခေါင်းပေါင်းစထောင်ထောင်ကြီးတွေနဲ့၊ ဒကာမကြီး တွေက တဘက်စလေးတင်လို့၊ အဘိုးကြီးတွေ၊ အဖွားကြီးတွေ သီလယူ တရားနာနေကြတာ။

အဲဒီ လူကြီးတွေကို ပြန်ပြီးတော့ စဉ်းစား။ ထိုင်ပြီးတော့ ဟောပြောနေတဲ့ ဆရာဘုန်းကြီးတွေလဲ မရှိဘူး။ သီလယူကြ၊ တရားနာကြ အဘိုးကြီးတွေ၊ အဖွားကြီးတွေ၊ ဆွမ်းအမတွေ၊ ရွာက လူကြီးတွေလဲ ပြုတ်ပြုတ်ပြုန်းသွားကြပြီ။ ရွာရဲ့မြောက်ဖက်နားသွားတဲ့ အခါကျတော့

P.32.CA

http://www.dhammadownload.com



မြောင်းဆင်းနတ်စင်တဲ့။ သစ်ပင် (၁၀၀)ကျော်ရှိတယ်။ ငယ်ငယ်တုန်းကတော့ ကစားနေတာ။ အဲဒီသစ်ပင်ရိပ်တွေမှာ ကစားနေကြတာ။

မြောင်းဆင်းနတ်စင်က သစ်ပင် (၁၀၀)ကျော်လောက်ရှိတာ။ အခု ညောင်ပင် (၁)ပင်ပဲ ကျန်တော့တယ်။ တလောက ကြည့်လာခဲ့တယ်။ နောက် ဖိုးဒန်းနိုင်ဆိုတဲ့ နတ်ကွန်းကလဲ ဒီအတိုင်းပဲ၊ သစ်ပင် (၁၀၀)ကျော်ရှိတာ။ ဟိုဘက်က ပြုလယ်နတ်စင်ဆိုတာ တောအုပ်ကြီး သစ်ပင်ရာနဲ့ချီရှိတာ။ အခုတစ်ပင်မှ မရှိဘူး။

ဟော- ဗျာ - သက်ရှိတွေရော၊ သက်မဲ့တွေရော ပြောင်းသွားလိုက်တာ။ ပြောင်းသွားလိုက်တာနော်။ သက်ရှိသက်မဲ့တွေ အမြဲတမ်း ပျက်စီးပြောင်းလဲနေတဲ့သဘော လက်တွေ့မျက်တွေ့ တရားပြနေလိုက်တာ။

သမုဒယသစ္စာ တဏှာကျတော့ -

၁။ **အာယူဟနဋ္ဌော** = ဒုက္ခဝဋ္ဋ ဒုက္ခမှုတို့ကိုသာ အမြဲစုဆောင်းထားတတ်သော သမုဒယသဘော။

သမုဒယသစ္စာကတော့ ဒုက္ခတွေ ဒုက္ခမှုတွေ အမြဲစုဆောင်းနေတာ။

၂။ **နိဒါနဋ္ဌော** = ဒုက္ခလက်စမပြတ်ရအောင် အမြဲဆောင်နှင်းတတ်သောသဘော။

ဟော-ဆရာတော်ဘုရားကြီး ရေးထားတဲ့ စာလေးအတိုင်း။

၃။ **သံယောဂဋ္ဌော** = ဒုက္ခစက်မှ မလွတ်ရအောင် အမြဲဖွဲ့နှောင်တတ်သော သမုဒယသဘော။

လောဘတဏှာက ဒုက္ခစက်က ထွက်မသွားအောင် ဆွဲတာ၊ ထွက်မှာစိုးလို့ တဏှာက လိုက်ဆွဲနေတာ။

၄။ **ပလိဗောဓဋ္ဌော** = ဒုက္ခစက်မှ မလွတ်ရအောင် နှောင့်ယှက်တတ်သော သမုဒယသဘော။

ဒါ သမုဒယတဏှာရဲ့အနက် (၄)ချက်ပါပဲ။

http://www.dhammadownload.com



နိဗ္ဗာန် နိရောဓသစ္စာရဲ့ ဂုဏ် (၄)မျိုးက-

၁။ **နိဿရဏဋ္ဌော** = ဒုက္ခစက်မှ ထွက်မြောက် ကျွတ်လွတ်ခြင်း ဟူသော နိရောဓသဘော။

၂။ **ဝိဝေကဋ္ဌော** = တေဘူမက ဒုက္ခအသင်းနှောင့်ယှက်ခြင်းမှ ဆိတ်ကင်းခြင်း နိရောဓသဘော။

၃။ **အသင်္ခတဋ္ဌော** = သင်္ခါရဒုက္ခပင်းမှ လွတ်ကင်းခြင်းဟူသော နိရောဓသဘော။

၄။ **အမတဋ္ဌော** = အဖန်ဖန်သေကျေပျက်စီး သေဆုံးခြင်းမှ ကင်းလွတ်ခြင်းဟူသော နိရောဓသဘော။

ဆရာတော်ကြီးတွေလဲ မရှိတော့ဘူး။ ဒကာ ဒကာမတွေလဲ မရှိတော့ဘူး။ သစ်ပင်တွေလဲ ပြုတ်ပြုတ်ပြုန်းပြီ။

နိဗ္ဗာန်က ခုလက်တွေ့ဖြစ်စဉ် ပျက်စဉ်တွေနဲ့ မတူတော့ဘူး။ မအိုတော့ဘူး၊ မနာတော့ဘူး၊ မသေတော့ဘူး **"အမတဋ္ဌော"**။

နိဗ္ဗာန်ရောက်တဲ့အခါ မအိုတော့ဘူး၊ မနာတော့ဘူး၊ မသေတော့ဘူး၊ သစ်ပင်တွေလို မပြုတ်ပြုန်းတော့ဘူးတဲ့။

မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိ **အစရှိတဲ့** (၈)မျိုးကျတော့-

၁။ **နိယျာနဋ္ဌော** = ဒုက္ခဘက်မှ ဆန်တက်ထွက်မြောက်ခြင်း ဟူသော မဂ္ဂသဘော။

မဂ္ဂင် (၈)ပါးကတော့ စောစောက ဒုက္ခဘေးမှ ဆန်တက်တယ်။ အို၊ နာ၊ သေ ဆိုတဲ့ ဒုက္ခတွေမှ ဆန်တက်တာ။

၂။ **ဟေတွဋ္ဌော** = လောကုတ္တရာဂုဏ်ကျက်သရေအပေါင်းတို့ ကောင်းစွာ တည်ရာ၏အဖြစ်ဟူသော မဂ္ဂသဘော။

မဂ္ဂင်ကျင့်ရင် လောကုတ္တရာ ဂုဏ်ကျက်သရေတွေ တိုးမယ်။

၃။ **ဒဿနဋ္ဌော** = သစ္စာလေးအင် နိဗ္ဗာန်ခွင်ကို အမြင်ပေါက် ရောက်ခြင်း မဂ္ဂသဘော။ ဒဿနတ္တဆိုတဲ့ ဂုဏ်၊ နိဗ္ဗာန်မြင်မယ်။

၄။ **အဓိပတေယျဋ္ဌော** = တဏှာ၏ ကျွန်အဖြစ်မှ စင်စစ်လွတ်ပြီး ကြီးမြတ်ခြင်းဟူသော မဂ္ဂသဘော။

http://www.dhammadownload.com



မဂ္ဂင် (၈)ပါးသာ ကျင့်ပွားမယ်ဆိုရင် တဏှာ၏ကျွန်အဖြစ်မှ လွတ်ကင်းနိုင်တယ်။

**"သစ္စာလေးချက် အနက်သဘော**
**ဟောရန်သွယ်သွယ် မဆုံးဖွယ်သည်**
**အကျယ်သစ္စ ကထာတည်း"**

သစ္စာလေးပါးနဲ့ ပတ်သက်ပြီးတော့ ဟောစရာ၊ ပြောစရာတွေက အများကြီးပါပဲ။

အဲဒီတော့ ဆရာတော်ဘုရားကြီးက ထင်ရှားသိမြင်အောင် ရှင်းထားတာက **"သစ္စာဆိုတာ ဘာလဲ၊ ဘဝ ကမ္ဘာတွေ ဘယ်လောက် ကြာကြာ တစ်ခါတစ်ရံမှ ပြောင်းပြန်ဖြစ်မသွားဘူး၊ အဲဒါလောက် မှန်တဲ့ သဘောကို သစ္စာ"**။

ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ၊ အဲဒီ ခန္ဓာငါးပါးဟာလဲ အနက်လေးပါးနဲ့ အမြဲယှဉ်တဲ့အတွက် အနမတဂ္ဂသံသရာမှာ ဘယ်အခါမှ ဒုက္ခဆိုတဲ့ ပညတ် ပျက်ကွက်မသွားဘူး။

တဏှာဟာလဲ ဒီအတိုင်းပဲတဲ့။ အာယူဟနဋ္ဌ စတဲ့ အနက်လေးပါးနဲ့ ပြည့်စုံပြီးတော့ အနမတဂ္ဂ သံသရာမှာ ဘယ်အခါမှ ဒုက္ခဖြစ်ကြောင်းဆိုတဲ့ ပညတ်အချက် ပျက်ကွက်ခြင်းမရှိဘဲ အစဉ်မြဲတဲ့အတွက်ကြောင့် သမုဒယသစ္စာ။

နိဗ္ဗာန်ဟာလဲပဲ အချက်လေးချက် ဂုဏ်လေးမျိုးနဲ့ ပြည့်စုံပြီးတော့ ဒုက္ခခပ်သိမ်း ငြိမ်းရာဖြစ်တဲ့အတွက် အနမတဂ္ဂ သံသရာမှာ ဘယ်အခါမှ ဒုက္ခနိရောဓ ဒုက္ခချုပ်ရာဆိုတဲ့ အချက်ပျက်ကွက်ခြင်း မရှိပဲ အစဉ်မြဲတဲ့အတွက်ကြောင့် နိဗ္ဗာန်ဟာ နိရောဓသစ္စာ။

မဂ္ဂင် (၈)ပါးလဲ ဂုဏ်လေးမျိုးနဲ့ ပြည့်စုံတဲ့အတွက် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအကျော် လမ်းမတော်ကြီးဖြစ်တဲ့အတွက်ကြောင့် အနမတဂ္ဂသံသရာမှာ ဘယ်အခါမှ မဂ္ဂဆိုတဲ့ ပညတ်ချက် ပျက်ကွက်တယ်လို့ မရှိပဲနဲ့ အစဉ်မြဲတဲ့အတွက်ကြောင့် မဂ္ဂင်(၈)ပါးဟာ

http://www.dhammadownload.com



မဂ္ဂသစ္စာ။

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာများဟာ အစဉ်အမြဲ မဟုတ်၊ ပျက်စီးခြင်းအဆုံးရှိတဲ့ အတွက်ကြောင့်မို့ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တဲ့ ချမ်းသာမျိုးဖြစ်လို့ သစ္စာလို့ မခေါ်နိုင်ဘူး။

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ဟာ အမြဲတည်ရှိခြင်း မရှိဘူး။ ချမ်းသာစစ် ချမ်းသာမှန် မဟုတ်တဲ့အတွက်ကြောင့် သစ္စာလို့ မခေါ်နဲ့တဲ့၊ ဒုက္ခသစ္စာပါပဲ။

အဲဒီ ချမ်းသာကို ပေးတတ်တဲ့ကုသိုလ်ကံ လူ၊ နတ်၊ ဗြဟ္မာ ချမ်းသာကို ပေးတတ်သော လောကီကုသိုလ်ကံ အစုဟာလဲ ဒုက္ခသစ္စာ မျိုးထဲမှာ စာရင်းဝင်တယ်။

ဒါလောက်ဆိုရင် ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ သစ္စာအရိပ်အမြွက်ကလေး ပါဝင်ပြီးတော့သွားတယ်။

ဆရာတော်ဘုရားကြီးကတော့ အကျယ်တဝင့်များ သိချင်လို့ ရှိရင် ငါတို့စီရင်ထားတဲ့ သစ္စတ္ထဒီပနီကျမ်း။

ဒီပနီကျမ်းပေါင်း (၁၂၀)ရှိတာထဲက ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ သစ္စတ္ထဒီပနီကျမ်းကို ကြည့်ကြလို့ မှာပြီးတော့ ထားတယ်။

**အခက် (၄)မျိုး**

> **သစ္စံ သတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရ မေဝစ။**
> **ဒုဒ္ဒသာ စတုရောဓမ္မာ၊ ဒေသေတုံစ သုဒုက္ကရာ။**

အခက်လေးမျိုးရှိတယ်။

- ✳ သစ္စာလေးပါးကို သိဖို့ခက်တယ်၊ ဟောဖို့ခက်တယ်။
- ✳ သတ္တဝါရဲ့ဖြစ်ပုံ သိဖို့ခက်တယ်၊ ဟောဖို့ခက်တယ်။
- ✳ သတ္တဝါတို့ရဲ့ ပဋိသန္ဓေတည်ပုံ သိဖို့ခက်တယ်၊ ဟောဖို့ ခက်တယ်။

http://www.dhammadownload.com



* အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် စသောအချက်ကြီးတွေ သိဖို့ခက်တယ်၊ ဟောဖို့ခက်တယ်။

စတ္တာရော= လေးပါးကုန်သော၊ ဧတေဓမ္မာ= ဤတရားတို့ကို၊ ဒုဒ္ဒသာ= သိဖို့ရာအလွန်ခက်ခဲတယ်တဲ့။

ဒေသေတုံ စ သုဒုက္ကရာ= ဟောကြားဖို့ခက်တယ်ဆိုတဲ့ အခက်ကြီး (၄)ခက်ထဲမှာ အပါအဝင်ဖြစ်တဲ့ သစ္စာလေးပါးမြတ်တရားကို ယနေ့ ထိုက်တန်သလောက် ဖြိဖြန့်ပြီးတော့-

သစ္စာလေးပါးသိတဲ့ သမ္မာသမ္ဗုဒ္ဓဖြစ်တဲ့ ဘုရားသာသနာတော် ပွင့်လင်းခိုက်မှာ လူရယ်လို့ လာဖြစ်ပြီး ကိုးကွယ်အားထားနေရခြင်းသည်-

**မနုဿတ္တံ သုလဒ္ဓံမေ၊ ယွာဟံ ဧဝရူပဿ ဗုဒ္ဓဿ သာဝကော။**

ယွာဟံ- ယောအဟံ= အကြင်ငါသည်၊ ဧဝရူပဿ= ဤသို့ သဘောရှိသော၊ သမ္မာသမ္ဗုဒ္ဓဿ= သစ္စာလေးပါး မြတ်တရာကို ကိုယ်တိုင် ထိုးထွင်း၍ သိတော်မူသော မြတ်ဘုရား၏၊ သာဝကော= သာဝကသည်။ ဘဝယျံ= ဖြစ်ခဲ့ရ၏။ တဿမေ= ထိုသစ္စာလေးပါး တရားကို အမှန်အတိုင်း သိတော်မူသော မြတ်ဘုရား၏ တပည့်သား ဖြစ်ခွင့်ရသော ငါသည်၊ မနုဿတ္တံ= လူ့ဘဝကို၊ သုလဒ္ဓံ- သုလဒ္ဓံဝတ= အရတော်လေစွတကား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတဓရ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**စန္ဒာငါးပါးတရားတော်**

၁၃၆၆ ခုနှစ် ဝါဆိုလအတွင်းမှာ ဟိုနှစ်ပေါင်း ၂၅၉၃ နှစ်တာကာလက မြတ်စွာဘုရားဟောကြားထားတဲ့ ဓမ္မစက္ကပဝတ္တနသုတ္တန်ခေါ်တဲ့ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏသုတ္တန်ခေါ်တဲ့ အနတ္တလက္ခဏသုတ်ဒေသနာတော်မြတ်ကို ဟောလို့၊ ပြောလို့ပြီးခဲ့ပြီ။ ဓမ္မစကြာဒေသနာတော်နဲ့ ပတ်သက်ပြီးတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားရဲ့ သစ္စာလေးပါးနဲ့ ပတ်သက်ပြီး ရေးသားထားတဲ့ ဒီလင်္ကာဟာ ဝါဆိုလတုံးက ဟောတဲ့နေရာမှာ အပြည့်အစုံ မပါပဲဖြစ်နေတော့၊ ဓမ္မစကြာဒေသနာတော်ကို နားလည်အောင် လေ့လာမယ်၊ နာယူမယ်၊ ကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုရင် ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီးရဲ့ သစ္စာလေးပါးလင်္ကာဟာလဲ အားကိုးအားထားပြုလောက်ပါတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း

http://www.dhammadownload.com



(၁၀၀)ကျော်က ပိဋကသုံးပုံနဲ့ဝေး ပါဠိဘာသာတွေနဲ့ နားဝေးကြတဲ့ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသားတို့အား သိလွယ်၊ မြင်လွယ်အောင် ကျမ်းစာတွေ (၁၂၀) ကျော် မြန်မာဘာသာ မြန်မာစကားနဲ့ ရေးထားခဲ့တယ်။ အဲဒီလို ရေးသားဖြန့်ဝေတော့ အဘိဓမ္မာနယ်ပယ်က အလွန်ကျယ်ဝန်းတဲ့အတွက် အဲဒီ အဘိဓမ္မာ(၇)ကျမ်းမှာရှိတဲ့ "စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်" ပရမတ္ထတရားလေးပါး။ အဘိဓမ္မာ(၇)ကျမ်းကို ချုံးလိုက်ရင် ပရမတ္ထတရား လေးပါးရတယ်။ ပရမတ္ထတရားလေးပါး အကျယ်ချဲ့လိုက်လို့ရှိရင် အဘိဓမ္မာ(၇)ကျမ်း ဖြစ်လာတယ်။ အဘိဓမ္မာ (၇)ကျမ်းဟာ အလွန် ကျယ်ဝန်းတဲ့အတွက် သင်ယူဖို့၊ လေ့လာနိုင်ဖို့၊ နားလည်ဖို့ အင်မတန် ခက်တယ်။ အဲဒီလို ခက်ခဲတဲ့အတွက် ဆရာတော်ဘုရားကြီးက အပိုဒ် ပေါင်း (၆၀၀)ကျော်တို့ဖြင့် စီမံပြီး မြန်မာကဗျာလေးတွေ၊ သံပေါက်လင်္ကာ လေးတွေနဲ့ အဘိဓမ္မာအသိဉာဏ် ဖြန့်ဝေခဲ့တယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အန္ဓပုထုဇဉ်အဖြစ်မှ ကလျာဏပုထုဇဉ်အဖြစ် ရောက်အောင် ရေးသားဖြန့်ဝေထားခဲ့တယ်။ အဲဒီ ဓမ္မစက္ကပဝတ္တနသုတ်တော်မှာ ဒုက္ခသစ္စနိဒ္ဒေသ၊ ဒုက္ခသစ္စာကို အကျယ်တဝင့် ဟောတဲ့အခါ ဇာတိပိဒုက္ခာ အစရှိသည်ဖြင့် ထုတ်ပြပြီးတော့ အကျယ်မပွား အကျဉ်းအားဖြင့် စွဲလမ်းစရာဖြစ်တဲ့ ခန္ဓာငါးပါးတို့ဟာလဲ ဒုက္ခသစ္စာပါပဲလို့ မြတ်စွာဘုရားက အကျဉ်းချုပ်အားဖြင့် ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ။ ခန္ဓာငါးပါး ဒုက္ခသစ္စာဆိုပြီး ခန္ဓာငါးပါးသရုပ်မှုကို ထုတ်ပြပြီး ဟောတော်မမူဘူး။ ဒါပေမဲ့ ပဉ္စဝဂ္ဂီအရှင်မြတ်တွေ နားလည်တော်မူကြတယ်၊ နားရှင်းတော်မူကြတယ်။ သာမန်ပုဂ္ဂိုလ်များကတော့ ခန္ဓာငါးပါးဟာ ဒုက္ခလို့ ပြောရုံမျှနဲ့ မသိနိုင်ဘူး။ ယနေ့ ခန္ဓာငါးပါးဆိုတာနဲ့ ပတ်သက်လို့ ခန္ဓာငါးပါးဆိုတာ ခန္ဓသဒ္ဒါက ဘာဟောသလဲ။ ခန္ဓာသဒ္ဒါက အဖို့အစုကိုလဲဟောတယ်။ အစုအပုံကိုလဲ ဟောတယ်။ ခန္ဓာသဒ္ဒါက အဲဒီလို အနက်အမျိုးမျိုးတွေဟောတော့

http://www.dhammadownload.com



ပဉ္စက္ခန္ဓာ ပဉ္စငါးပါးကုန်သော ခန္ဓာခန္ဓာတွေ၊ ဒီပုဂ္ဂိုလ်က ကိုယ်ခန္ဓာကြီးမားတယ်။ သူ့ခန္ဓာလေးက သေးသေးကွေးကွေးလေးပဲ။ ခန္ဓာ၊ ခန္ဓာဆိုတာ အရပ်သုံးစကားတွေထဲမှာ ရောက်နေတယ်။ ခန္ဓာဆိုတဲ့ ပါဠိက ဒီနေရာမှာ အစုအပုံလို့ အဓိပ္ပါယ်ရတယ်။

တစ်နည်းအားဖြင့် အဖို့အစု ဒီလိုအဓိပ္ပါယ်ရှိတယ်။ ဒါကြောင့်မို့ ပဉ္စက္ခန္ဓာငါးပါးကုန်သော အစုံအပုံတို့သည်၊ ပဉ္စငါးပါးကုန်သော ခန္ဓာ အဖို့အစုတို့သည် ဓမ္မစက္ကပဝတ္တနသုတ်မှာ မြတ်စွာဘုရားက "ပဉ္စုပါဒါန က္ခန္ဓာပိဒုက္ခာ"လို့ ဒါလောက်ကလေး ဟောခဲ့တာပဲ။ သစ္စာလေးပါး သိတော်မူတဲ့ မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီကျမ်းကို အပိုင်းကြီး လေးပိုင်းထားပြီး ဟောကြားပြီးတဲ့နောက် သီးခြားဂုဏ် (၁၈)ရပ်တို့နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်ဟာ ဒုတိယမြောက်ဖြစ်တဲ့ ဝိဘင်းကျမ်းကို အခန်းကြီး (၁၈)ခန်းတို့ဖြင့် ဝိဘင်း(၁၈)မျိုးတို့ဖြင့် အကျယ်တဝင့် ဟောတော်မူပါတယ်။

ခန္ဓဝိဘင်း၊ အာယတနဝိဘင်း၊ ဓာတုဝိဘင်း၊ သစ္စဝိဘင်း အစရှိတဲ့ အခန်းကြီး(၁၈)ခန်းတို့ဖြင့် ဖွင့်ဆိုဟောကြားတော်မူပါတယ်။ ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော ပဉ္စက္ခန္ဓာဆိုတာ ငါးပါးသော အစုအပုံရှိတယ်။ ခန္ဓသဒ္ဒါကို အစုအပုံလို့ ဘာသာပြန်တယ်။ ငါးပါးသော အဖို့အစုလို့လဲ ဘာသာပြန်တယ်။ ငါးပါးသော အဖို့အစု၊ ပဉ္စရာသီ ခန္ဓာငါးပါး အစုအပုံကြီးငါးခု၊ အဖို့အစုငါးခု။ ဒီထက်ထင်ရှားအောင် ပြန်မယ် ဆိုရင်တော့ ခန္ဓာသဒ္ဒါဟာ "ဇာတိဇရာဗျာဓိမရဏာ ဒီဟိ ခါဒိယန္တီတိ ခန္ဓာ ဇာတိဇရာဗျာဓိမရဏတို့ရဲ့ စားဖတ်ဝါးဖတ် ဖြစ်သောကြောင့် ခန္ဓာလို့ခေါ်တာ။ ခံစားအပ်သောကြောင့် ခန္ဓာ၊ ဘယ်သူက ခံစားတာလဲ။ ဇာတိကလဲ ခံစားတယ်။ ဇရာကလဲ ခံစားတယ်၊ ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းကလဲ ခံစားတယ်။ ကြင်နာကိုက်ခဲ ရောဂါစွဲခြင်းကလဲ ခံစားတယ်။ ဇီဝိန်ပြတ်ကင်း သေရခြင်းကလဲ ခံစားတယ်။ ခံစားတယ်

http://www.dhammadownload.com



ဆိုတာ စားဖတ်ဝါးဖတ် ကြင်နာကိုက်ခဲ ရောဂါစွဲခြင်း ဗျာဓိရဲ့ စားဖတ်ဝါးဖတ်၊ ဇီဝိန်ပြတ်ခွင်း သေရခြင်းရဲ့ စားဖတ်ဝါးဖတ်၊ ခန္ဓာလက်ရှိရထားတော့ ဇာတိကလဲ စားမှာပဲ။ တနေ့ကျတော့ ဇီဝိန်ပြတ်ခွင်း သေရခြင်းရဲ့ မရဏာခံတွင်းမှာ သက်ဆင်းကြရတယ်။ ဒါကြောင့် ခန္ဓာလို့ ဒီလိုခေါ်ရတယ်။ ဇာတိ၊ ဇရာ၊ ဗျာဓိ မရဏာတို့ရဲ့ စားဖတ်ဝါးဖတ် ဖြစ်သောကြောင့် ခန္ဓာမခံနိုင်အော်၊ ခံနိုင်ပျော် ငါးဖော်ခန္ဓာတည်းလို့ ပေါ်လွင်အောင် မိုးညှင်းဆရာတော်ဘုရားက မိန့်ခဲ့ဖူးတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ဝိဘင်းကျမ်းမှာ မြတ်စွာဘုရား ဟောထားတော်မူတဲ့ အကျဉ်းချုပ်ကိုပဲ အကျဉ်းအားဖြင့် လင်္ကာလေးတွေ စီထားတာပါပဲ။

**ခန္ဓာ(၅)ပါး**

**"ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏။"**

ရူပကို ရုပ်လို့ မြန်မာပြန်တယ်။ ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏။ ရူပက္ခန္ဓာဆိုတာ ရုပ်အစု၊ ဖောက်ပြန်တဲ့အစု ဖောက်ပြန်တဲ့ အစုအပုံကြီး၊ အအေးကြောင့်လဲ ဖောက်ပြန်တယ်။ အပူကြောင့်လဲ ဖောက်ပြန်တယ်။ ထမင်းဆာရင်လဲ ရုပ်ကတစ်မျိုး စကားလေးကောင်းကောင်းကြားလိုက်ရတော့ ရုပ်ကတစ်မျိုး၊ မကောင်းတာလေး ကြားလိုက်ပြန်တော့ ရုပ်ကတစ်မျိုး၊ ကိုယ်လိုချင်တာလေး ရလိုက်ပြန်တော့ ရုပ်ကတမျိုး၊ ထမင်းဆာရင်လဲ ရုပ်ကပြောင်းတယ်။ မှက်, ခြင်တွေကိုက်ရင်လဲ ဒေါသလေးနဲ့ ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏။ ရူပက္ခန္ဓာ ရုပ်အစု၊ အဲဒါက ဘယ်လောက်များသလဲဆိုတော့ (၂၈)ပါးရှိတယ်။ "မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်ဟု လေးရုပ်ဘုတ်ကြီး ပွားစည်းအနက် စက် သော ဃာ ဇိ ကာ ငါးလီမူ အကြည်ရုပ ပသာဒတည်း။ မဟာဘုတ်

http://www.dhammadownload.com



ပင်မရုပ်ကြီး လေးပါး၊ အကြည်ရုပ်ကလေး ငါးခုရှိတယ်။ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်လို့ ငါးခုရှိတယ်။

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသာ ဖောဋ္ဌဗ္ဗာဟု ငါးဖြာအာရုံ နှစ်စုံဘာဝ ဟဒယနှင့် ဇီဩဇာ(၁၈)မှာမူ လေးဖြာဟေတု ကြောင်းစတုကြောင့် ဖြစ်မှုပေါ်လော၊ သဘောသီးသီး ကိုယ်စီပြီး၍ ရုပ်ကြီးရူပ နိပ္ဖန္နတည်း။ အဆင်းမျိုးစုံ ရူပါရုံ အစရှိတဲ့ အားရုံငါးပါး ပထဝီ တေဇော ဝါယော ရုပ်(၃)မျိုးကို ဖောဋ္ဌဗ္ဗာရုံယူတော့ ရုပ်(၇)မျိုး၊ နှစ်စုံဘာဝ အမျိုးသမီးလို သိမှတ်ကြောင်း၊ အမျိုးသားလို့ သိမှတ်ကြောင်း ဘာဝရုပ် နှလုံးသားရုပ် ခေါ် ဟဒယရုပ် ကိုယ်ခန္ဓာရဲ့ ချိုင့်လေးထဲမှာ ကွမ်းသီးခန့်လောက်ရှိတဲ့ တွင်းကလေး တည်ရှိတဲ့နေရာ ရှိတယ်။ အဲဒီနေရာမှာ ဟဒယဝတ္ထုရုပ်။ ဇီဝိတရုပ် (ရုပ်ကို အသက်ဆက်ပေးတဲ့ရုပ်) အဆီဩဇာပေးနေတဲ့ရုပ် ပေါင်းတော့ (၁၈)ပါးပေါ့ အဲဒါ နိပ္ဖန္နရုပ်တဲ့။ ကျန်တဲ့ (၁၀)ပါးက အနိပ္ဖန္နရုပ်။ ဒါကြောင့် ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသာ၊ ဖောဋ္ဌဗ္ဗာဟု ငါးဖြာအာရုံ နှစ်စုံဘာဝ ဟဒယနှင့် ဇီဝ၊ ဩဇာ (၁၈)မှာမူ လေးဖြာဟေတု ကြောင်းစတုကြောင့် ဖြစ်မှုပေါ်လော သဘောသီးသီး၊ ကိုယ်စီပြီး၍၊ ရုပ်ကြီးရူပနိပ္ဖန္နတည်း။

နိပ္ဖန္နရုပ် ကံစိတ်၊ ဥတု၊ အာဟာရအကြောင်း လေးပါးကြောင့် ပြီးတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သုံးသပ်လို့ရတဲ့ သမ္မသနရုပ်လဲ ခေါ်တယ်။ "ထိုမှတစ်ပါး ကလပ်ခြားမျှ အာကာသနှင့် ကာယ၊ ဝစီ၊ နှစ်လီကိုယ်နှုတ် လှုပ်မှုရှားမှု နှစ်ခုဝိညတ် ကိုယ့်ရဲ့လှုပ်ရှားမှု၊ နှုတ်၏လှုပ်ရှားမှု ရူပဿလဟု၊ မုဒု၊ ကမ္မညဝိကာရ ခေါ် ရုပ်သုံးဖော် ကား ပေ့ါပါးနူးညံ့ ကျန်းခန့်မူရာ ရုပ်ရဲ့ပေ့ါပါးခြင်း၊ ရုပ်ရဲ့နူးညံ့ခြင်းရုပ်ရဲ့ ခန့်ကျမ်းမှု ဝိကာရရုပ်(၃)ပါး တဖြာထိုမှ ဥပစယ အစပွားတိုး အရိုးပီပြင် တည်စဉ်သန္တတိ၊ အဲဒီကနေပြီးတော့ ဇာတိရုပ်ကလေး၊ ဇာတိရုပ် တစ်ခုထဲမှာ ဥပစယ၊ သန္တတိ၊ ဥပစယဆိုတာ အစဆုံးဖြစ်ပေါ်လာတဲ့

http://www.dhammadownload.com



ရုပ်ကလေး၊ တဖြေးဖြေးပွား တိုးပွားပြီးနေတဲ့ တည်စဉ်ရုပ်က သန္တတိ၊ သို့သော် ဇာတိရုပ်တစ်ခုထဲကိုပဲ ဥပစယ၊ သန္တတိလို့ (၂)မျိုး၊ ရင့်ဘိဇရာ **ပျက်မှာအနိစ္စ** ဤလေးဝမှု လက္ခဏာရုပ် ခေါ်သမုတ်၏။

ဤရုပ်ဆယ်တန် အနိပ္ဖန်တည့်၊ နိပ္ဖန်(၁၈)ပေါင်းတုံလစ်က ရှစ်ခုစွန်းကယ် ရုပ်နှစ်ဆယ်သည်။ အကျယ်ရူပက္ခန္ဓာတည်း။ ကိုယ်လို့ ခေါ်ကြတဲ့ ရုပ်ခန္ဓာကိုယ် ရုပ်အစု ရုပ်အပုံကြီးက ရုပ်အဖို့အစုက (၂၈)မျိုး ရှိတယ်။ အမျိုးသားတွေမှာ (၂၇)၊ အမျိုးသမီးတွေမှာ(၂၇) အဲဒါကို ခန္ဓာငါးပါးထဲမှာ ရူပက္ခန္ဓာ-ရုပ်အစုလို့ ခေါ်ပါတယ်။

## **ဝေဒနာ (၁၀၈)**

ရုပ်အစုပြီးတော့ ဝေဒနာက္ခန္ဓာ ဝေဒနာအစု၊ ဝေဒနာဆိုတာ ဘယ်လိုဟာလဲ၊ "ခံစားစံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာခေတ်ခန္ဓာမှတ်လော့"ဝေဒနာဆိုတာ ခံစားတယ်။ စံစားတယ်၊ ဝေဒနာခံစားတယ်၊ သုခဝေဒနာစံစားတယ်၊ ဒုက္ခဝေဒနာ ခံစားတယ်။ အော်- သူ့မှာစည်းစိမ်တွေ ခံစားလို့ စံစားလို့၊ အဲဒါကို ဝေဒနာလို့ခေါ်တာ၊ **ခန္ဓာက** အစုအပုံ၊ **ခံစားခြင်း**အစုအပုံ၊ ဒါကနာမ်ပိုင်း ရောက်သွားပြီ၊ "ခံစားစံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာခေတ် ခန္ဓာမှတ်လော့။

အဲဒီဝေဒနာ ဘယ်နှစ်မျိုးရှိသလဲ- "သုံးဖြာဝေခွဲ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ ဥပက္ခာဟု လျစ်လျူခံစား မထင်ရှားတည်း။ ဝေဒနာ ခံစားတယ်၊ စံစားတယ် ဆိုတဲ့နေရာမှာ (၃)မျိုး ခွဲရတယ်။

- ဆင်းရဲခံစားမှုက ဒုက္ခဝေဒနာ
- ချမ်းသာခံစားမှုက သုခဝေဒနာ
- လစ်လျူရှုတယ်၊ ချမ်းသာလဲမထင်ရှားဘူး ဆင်းရဲလဲ မထင်ရှားဘူး၊

ငါးပါးအလို တစ်ဖုံဆိုသော် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာဆင်းရဲ လျစ်လျူခွဲလော့၊ ဝေဒနာက ငါးမျိုးခွဲသွားပြန်တယ်။ ကိုယ်ချမ်းသာခြင်း၊

http://www.dhammadownload.com



ကိုယ်ဆင်းရဲခြင်း၊ စိတ်ချမ်းသာခြင်း၊ စိတ်ဆင်းရဲခြင်း၊ လျစ်လျူရှုခြင်း၊ ဟောခံစားတာ ကမ္ဘာလူထုကြီး ဘယ်လောက်များများ၊ လူတွေ ဘယ်လောက်များများ၊ ပုဂ္ဂိုလ်တွေ ဘယ်လောက်များများ ဒီသုံးမျိုး၊ ဒီငါးမျိုးထက် ပိုပြီးမခံစားဘူး။ တစ်နည်း ထို့ပြင် အမြင်အကြား အနံ့အားဖြင့် စားလျှင်၊ တွေ့ထိ၊ ကြံသိ(၆)ဖြာ၊ ချမ်းသာဆင်းရဲ လစ်လျူခွဲငြား(၁၈)ပါးတည်း။ မြင်ပြီးတော့ ချမ်းသာ ခံစားတယ်၊ ကြားပြီးတော့ နံပြီးတော့စားလျှက်ပြီးတော့၊ ထိပြီးတော့ တွေးကြံပြီးတော့ ချမ်းသာခံစားတာ(၆)မျိုး၊ ဆင်းရဲခံစားတာ(၆)မျိုး၊ လျစ်လျူရှုတာ(၆)မျိုး မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးကြံသိ၊ ဒီ(၆)မျိုးကို ဆင်းရဲချမ်းသာ လစ်လျူရှုမှု (၃)မျိုးနဲ့မြှောက်ရင် (၁၈)ပါး၊ သုံးပါးကာလ ပွားထတုံသေး (၅၄)တည်း။ အတိတ်တုံးကလဲ ခံစားချက်(၁၈)ပါး၊ ပစ္စုပ္ပန်မှာလဲ (၁၈)ပါး၊ အနာဂတ်မှာလဲ(၁၈)ပါး၊ ပေါင်းခံစားစံစားတဲ့ ဝေဒနာဟာ(၅၄) ဖြစ်သွားတယ်။

တစ်ရေးသန္တာန် နှစ်ပွားပြန်က (၁၀၈)ပင် အကြင်မြင်လော့၊ သူ့သန္တာန်မှာ(၅၄)၊ ကိုယ့်သန္တာန်မှာ(၅၄)စုပေါင်းတော့ (၁၀၈)အထိ မြင်နိုင်ပါတယ်။ စောစောက ပြောတဲ့ရုပ်က(၂၈)မျိုးရှိ ရုပ်(၂၈)မျိုး အပေါ်မှာ ရုပ်လို့မမြင်ပဲ ငါ၊ သူလို့ အထင်မှားနေတာက သက္ကာယဒိဋ္ဌိ၊ ရုပ်(၂၈)ပါးအပေါ်မှာ ငါပဲ၊ သူပဲလို့ အထင်မှားရင် သက္ကာယဒိဋ္ဌိ ရုပ် (၂၈)ဒီလိုသိရမှာ။ ဝေဒနာ- ခံစားစံစားတာတွေက (၁၀၈)မျိုးဆိုတော့ ခံစားစံစားတာတွေကို ငါခံစားတယ်၊ သူခံစားတယ်၊ လူခံစားတယ် နတ်ခံစားတယ်လို့ ယူဆစွဲမှတ်လိုက်လို့ရှိရင် ဝေဒနာခံစားစံစားချက်နဲ့ ပတ်သတ်ပြီး သက္ကာယဒိဋ္ဌိ(၁၀၈) ဖြစ်သွားတယ်။

**သညာက္ခန္ဓာ**

ပြီးတော့ တတိယမြောက် သညာက္ခန္ဓာဆိုတာ မှတ်သားမှု အစုအပုံကြီး "ထို့ပြင်သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သိ ခေါ်ကြဘိရှင့်"

http://www.dhammadownload.com



သညာကို ဘယ်လိုဘာသာ ပြန်မလဲဆိုရင် လိမ္မာခြင်း၊ တတ်သိခြင်း၊ ကျွမ်းကျင်ခြင်း၊ "လူ၏ဘောင်မှာ လူတကာနဲ့ လိမ္မာမြဲမူ မှတ်စွဲဖြာဖြာ ဤသညာပင်"။ လူ့လောကမှာ လက်သမားတတ်တယ်၊ ကွန်ပျူတာ တတ်တယ်၊ ဂြိုဟ်တုတီထွင် တတ်နိုင်တယ်၊ ပန်းရံတတ်တယ်၊ ပန်းပုတတ်တယ်၊ ပန်းပဲ၊ ပန်းချီစတဲ့ ပညာတွေတတ်တယ်၊ လူ့လောကမှာ တတ်သိကျွမ်းကျင်တဲ့ ပညာ အားလုံးဟာ သညာပဲ။

**"နတ်မှာနတ်လျှောက် လိမ္မာမြောက်၏"** နတ်လဲ နတ်အလျှောက် ဝိသကြုံနတ်သားတို့ဆိုရင် သိကြားမင်းက ကျောင်းတော်ကြီးတွေ ဖန်ဆင်းလိုက်စမ်း၊ မဏ္ဍာပ်ကြီးတွေ ဖန်ဆင်းလိုက်စမ်းဆိုရင် ဝိသကြုံနတ်သားက ဖန်ဆင်းတတ်တယ်။ ဒါကြောင့် "နတ်မှာ နတ်အလျှောက် လိမ္မာမြောက်၏၊ အောက်အပါယ်သား၊ ကျွဲနွားမြင်းဆင် မြင်မြင်သမျှ အနန္တလျှင် ဘာသာဘာဝ၊ သိတတ်ကြ၏"။ အပါယ်ဘုံမှာ ရှိကြသူတွေလဲ သူတို့လဲသိကြတယ်။ ကျွဲလဲကျွဲအလျှောက်၊ နွားလဲ နွားအလျှောက်၊ မြင်းလဲမြင်းအလျှောက်ပဲ။ တစ်ခါတစ်ရံ ဆပ်ကတွေ ထဲမှာ မြင်းတို့၊ ဆင်တို့၊ မျောက်တို့ အစုံပါပဲ၊ ဆင်လိမ္မာတို့ ကြည့်ပါလား၊ ဆင်ကတယ်၊ တိရစ္ဆာန်ရုံထဲက မိုမိုတို့လဲ က,တာပဲ။ အဲဒါ ပညာ မဟုတ်ဘူး၊ သညာ၊ တစ်နေ့က မြောက်ဒဂုံမှာ မျောက်ပွဲမျောက်ဖိုးစိန်ဟာ တကယ့်လူအတိုင်းပဲ။ သီချင်းသရုပ်ဆောင်ပြတာ၊ ဒါလဲ သညာပဲ၊ မြွေလိမ္မာတို့၊ ခွေးလိမ္မာတို့ဟာလဲ စုံနေအောင် သရုပ်ဆောင် ပြတာ သညာပဲ။

ဟော စာကလေးတွေ သိပ်နားလည်ကြတယ် "စာပေါင်းသိုက်" စာကလေးတွေ ပြုလုပ်ထားတဲ့အသိုက် သိပ်ပညာသားပါတာပဲ။ ဖွတ်တို့ ပဒတ်တို့လဲ ကျင်းဖွဲ့နေထိုင်တာ ထွက်ပေါက်၊ ဝင်ပေါက်နဲ့ ကြိုတင် စီစဉ်ထားတာ။ ဒါကြောင့် **"လောကအလုံး မျှော်မဆုံးလျှင် အသုံး တွင်စွာ အလိမ္မာဟု အချာအချုပ် ခေါ်သမုတ်၏"** ကျွမ်းကျင်တယ်၊ သိပ္ပံပညာရှင်ကြီးတွေ၊ ဗြိုလ်တွေ၊ လေယာဉ်ကြီးတွေလုပ်တယ်၊

http://www.dhammadownload.com



လကမ္ဘာပေါ်သွားတယ်၊ အင်္ဂါဂြိုလ်ပေါ်သွားတယ်၊ နေကမ္ဘာသွားတယ်၊ အဲဒါတွေအားလုံးဟာ သညာရဲ့အစွမ်းတွေပဲ။ **"မုဆိုးတံငါ၊ သူ့အရာ၌ လိမ္မာကျွမ်းကျင် သညာပင်တည့်။"** မုဆိုးလဲ မုဆိုးစိုင်သင်ဆိုတာ မျိုးလို မုဆိုးလဲ အင်မတန်ကျွမ်းကျင်ရတယ်။ မုဆိုးက ကျားတစ်ကောင်ကို သေနတ်နဲ့ပြစ်တယ်။ တောဝက်တကောင်ကို သေနတ်နဲ့ပစ်တယ် ဆိုရင် ကျားက၊ ဝက်က မီးခိုးလျှောက်လိုက်လာတယ်၊ မလွယ်ဘူး၊ နားမလည်ရင် သေမယ်တာ ကြုံပေတော့။

ဘုန်းကြီးတို့ဆီက ဦးဆုသာတို့ ကျားကို ကြောင်ထင်ပြီးတော့ သေနတ်နဲ့ပစ်လိုက်တာ တစ်ခါထဲမီးခိုးလျှောက် လိုက်လာပြီး ဦးဆုသာကို တန်းပြီးခုတ်တာပဲ၊ ပေ(၅၀)လောက်ရှိတဲ့နေရာက ကျားကိုကြောင်ဆိုပြီး ပစ်လိုက်တာ တစ်ခါထဲ တန်းပြီးဖမ်းတာပဲ။ ဦးဆုသာကလဲ ဘုန်းကြီးတို့ ငယ်ငယ်တုံးကဆို သူကကလေးတစ်ယောက် ပေါင်တွင်းကြော ဆွဲလိုက်ရင် ကျားကိုက်သလိုနာတာပဲ၊ ကျားက ဦးဆုသာကို ခုန်အုပ်တော့ ဦးဆုသာက ကျားပါးစပ်ကို ကုတ်ထားလိုက်တယ်။ ကျားကသူ့ကို မကိုက်နိုင်ဘူး၊ မကိုက်နိုင်တော့ ကျားကခြေနဲ့ ကုတ်တာပါပဲ။ ဦးဆုသာ ကျားအဆိပ်တက် သေရှာပါတယ်။

မုဆိုးလဲမုဆိုး၊ တံငါလဲတံငါ သူ့နေရာနဲ့သူပါပဲ။ တံငါတွေ ကွန်ပစ်တဲ့အခါ ကိုယ်လိုသူလိုဆိုရင် ခက်ရချည်ရဲ့။ တံငါတွေကျတော့ ကွန်ကိုဝိုင်းသွားအောင် ပစ်တာ။ အဲဒါကတော့ ခင်ကြီးဖျော်က စတာတဲ့၊ ရှေးအခါတုံးက ကွန်ပစ်တဲ့အခါ ဝိုက်မသွားဘူးတဲ့။ တစ်နေ့ကျတော့ ခင်ကြီးဖျော်နေတဲ့ကျောင်းနား တံငါသည်တွေက ငါးဖမ်းတော့ တံငါတစ်ယောက်က ပြောတယ်တဲ့။ ဒီခင်ကြီးဖျော်ဟာ မကာရလောပ မတစ်လုံးကျေ မတတ်တာမရှိဘူးလို့ ပြောတယ်။ ငါးတော့ မျှားတတ်၊ ဖမ်းတတ်မယ် မထင်ပါဘူးလို့ ပြောကြတယ်။ အဲဒါနဲ့ ခင်ကြီးဖျော်က "လာ-လာ- အဲဒီကွန် ယူခဲ့ဆိုပြီး ခဲလေးတွေထည့်ရမယ့်နေရာကို ပြန်ပြင်ထည့်တယ်။ ဟိုတုန်းက ကွန်ပစ်တဲ့အခါ ဝိုက်မကျဘူး၊

http://www.dhammadownload.com



အင်းလေးတို့ ဘာတို့မှာကြည့်ပါလား။ အဲဒါ ခင်ကြီးဖျော်က ခဲပြင်ထည့်ပြီးတော့ ပေးလိုက်တော့ ပိုက်ကွန်ဝိုက်ကျပြီး ရေထဲနစ်သွားသတဲ့။ "သို့စင်နည်းကျ၊ သိကုန်ကြလော့၊ ရူပသညာ၊ စသည်အပြား၊ အကျဉ်းအားဖြင့် (၆)ပါး လာရှိ-

- ရူပသညာ - သူ့ငါမှတ်မိပါတယ်ကွ၊ သူရုပ်ကအသားမဲမဲပါ။ ဖြူဖြူပါ။
- သဒ္ဒသညာ - ဒီအသံမှတ်မိပါတယ်။
- ဂန္ဓသညာ - ဒီအနံ့သိတယ်။
- ရသသညာ - ဒီအရသာသိတယ်။
- ဖောဋ္ဌဗ္ဗသညာ - ဒီအတွေ့သိပါတယ်။
- ဓမ္မသညာ - ဒါသဘောသိပါတယ်။

အဲဒါကြောင့် သညာမှတ်မိပါတယ်။ **"ပွားပြန်ဘိမူ မြေသိရေသိ နေလသိက စသည်သွယ်သွယ် မဆုံးဖွယ်သည် အကျယ်သညာ ကွန္ဓာတည်း"**။ ရေကိုသိတာ မြေကိုသိတာ၊ မြေဒီနေရာကနေ ဘယ်နှစ်မိုင်ရှိတယ်ကို သိတာ၊ ကောင်းကင်ကိုသိတာ၊ နေကိုသိတာ၊ လကိုသိတာ၊ နေသွားလမ်းကိုသိတာ၊ လသွားလမ်းကို သိတာ၊ ကြယ်တာရာကိုသိတာ အဲဒီအသိအားလုံးဟာ ဒီသညာထဲပါတာပဲ။ တိရစ္ဆာန်အားလုံးတို့ရဲ့ အသိ၊ လူတို့ရဲ့အသိ၊ အဲဒီအမှတ်သညာအစုဟာ သတ္တဝါတို့သဏ္ဍာန်မှာ အစုအပုံအဖြစ်နဲ့ တည်ရှိတယ်။ သညာက္ခန္ဓာ၊ သညာစုသညာ အဖို့အစု၊ အဲဒီလိုဘာသာပြန်တာ။ သင်္ခါရက္ခန္ဓာ ကျပြန်တော့ ဆရာတော် ဘုရားကြီးက ဩော်- ခုနတုံးက အသိအနေနဲ့ တတ်သိခြင်း၊ လိမ္မာခြင်း ကျွမ်းကျင်တာ။ ဟော-ဆရာဝန်လေးတွေဟာ လူကိုခွဲစိတ်ပြီးတော့ အကြောကဘယ်လို နေတယ်။ အရိုးက ဘယ်လို နေတယ်။ ကျွမ်းကျင်အောင် လူ့ခန္ဓာကိုယ်ကို ကျွမ်းကျင်အောင် လေ့လာရတယ်။ အခု မြတ်စွာဘုရားက ခန္ဓာဗေဒ နည်းပညာ ပေးနေတာပဲ။ ဒါကို လယ်တီဆရာတော် ဘုရားကြီးက

http://www.dhammadownload.com



မြန်မာလက်ာ လေးနဲ့- ခန္ဓာဝိဘင်းမှာ ခန္ဓာငါးမျိုးတဲ့ ခန္ဓာဆိုတာဘာတုံး အစုအပုံကြီး ငါးမျိုးပါပဲ။ အစုအပုံကို ဟောတာ။ အဖို့အစု၊ တစ်နည်းအားဖြင့် ကောဋ္ဌာသအနက် ဟောတယ်။

ပဉ္စက္ခန္ဓာ= ပဉ္စရာသိ- အစုကြီးငါးစု၊ ကမ္ဘာ့လူထုကြီးကုန်ရော၊ သတ္တဝါတိုင်း၊ သတ္တဝါတိုင်း ရေပြင်မြေပြင် ကောင်းကင်မှာနေကြတဲ့ လူ့လောက၊ နတ်လောက ဒီအစုငါးခုနဲ့ပဲ ရပ်တည်နေကြတယ်။ အထက် ဗြဟ္မာကြီးတွေကတော့ လေးစုနဲ့နေကြတာ ရှိတယ်။ တစ်ချို့ ဗြဟ္မာကြီး တွေကတော့ တစ်စုထဲ၊ ဟောနေကျအတိုင်းပြောရင် သတ္တဝါတွေဟာ အိမ်သုံးလုံးနဲ့နေတယ်။ သတ္တဝါတွေ ဘယ်လောက်များများ ငါးပင်တိုင် ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင်ခန္ဓာအိမ်နဲ့ နေတယ်။ ဘုန်းကြီးတို့က ငါးပင်တိုင်ခန္ဓာအိမ်နဲ့ နေတာ၊ ငါးပင်တိုင်ခန္ဓာအိမ်မှာ တခါတလေကျတော့ တစ်ပင်က ယိုင်လာလိုက် ရူပက္ခန္ဓာခေါ်တဲ့ ရုပ်ဆိုတဲ့ ဒီတစ်ပင်ဟာ တော်တော်အရေးကြီးပါတယ်။ သူလဲပြိုသွား ရင်တော့ အကုန်လဲပြိုသွားတာပဲ။

ဘုန်းကြီးတို့ အနာဖြစ်နေတယ်ဆိုတာ ရုပ်မှာဖြစ်နေတာ၊ တစ်ချို့ကိုရင်တွေက ဗိုက်နာတယ်ဆိုပြီးလာတယ်။ ဗိုက်နာတာလဲ ရုပ်မှာပဲ ဖြစ်နေတာ။ တကယ်တမ်း ဆင်းရဲပါတယ်။ သင်္ခါရက္ခန္ဓာဆိုတာ ဘာလဲဆိုတော့ အမျိုးအစားနည်းနည်းများတယ်။ ပြုပြင်စီရင်မှုတွေ အားလုံး သင်္ခါရက္ခန္ဓာ၊ ခုနကပြောတဲ့ သညာက္ခန္ဓာကို ပြန်ဆက်ပြောရလျှင် တတ်သိလိမ္မာမှု သင်ကြားမှု၊ နားလည်မှုအားလုံးကို သညာက္ခန္ဓာ။ ဆရာဝန် ဖြစ်တယ်ဆိုတာ သညာအစု တတ်သိလိမ္မာမှုတွေများလို့ပါပဲ။ များများ တတ်သိသူက သမားတော်ပဲ။ များများသိတဲ့လူက ပါရဂူပဲ။ ဒါကြောင့်မို့ ရှမ်းဘုန်းကြီး တစ်ပါးက ပြောတယ်တဲ့။ ဗမာတွေ စာတတ်တယ်ဆိုတာကွာ မှတ်မိတာပါပဲတဲ့ သူပြောတာမဆိုးဘူး။ သညာကိုပြောတာ၊ ဘယ်လောက် စာတတ်တယ်ဆိုဆို သညာပဲ။ အဲဒီအသိဟာ ကျွမ်းကျင်ခြင်း၊ လိမ္မာခြင်း၊ ကျွမ်းကျင်မှုဟာ ကောင်းတဲ့နေရာ၊ မကောင်းတဲ့နေရာအားလုံးနဲ့

F.55.VA

http://www.dhammadownload.com



ဆိုင်တယ်။ မုဆိုးအလုပ်မှာ မုဆိုးကလိမ္မာတယ်၊ တံငါကလဲ တံငါအလုပ်မှာ လိမ္မာတယ်။ နောက်ဆုံးကျတော့ ကြောင်ပြောပါတော့၊ ကြောင်လဲပဲ ကြွက်ခုတ်ဖို့အတွက် သူ့မှာတတ်သိတဲ့ သညာရှိနေတယ်။ ကြွက်ကလဲ ကြွက်အလျောက် ပုန်းရမှာကိုး။ ကျီးငှက်ကလဲ ကျီးငှက်အလျောက်၊ ကျီးငှက်ကျတော့ ကာကော လောကနနည်းတဲ့ကျီးငှက်က အလွန် ကျွမ်းကျင်တယ်။ အစာတစ်ခုစားရင် အစာလဲကြည့်တယ်၊ ရန်သူကိုလဲ ကြည့်တယ်။ ကာကော လောကနနည်း ကျီးငှက်ကြည့်တဲ့နည်း။ လူတွေကလဲ ကျီးငှက်ကြည့်တဲ့နည်းကို သုံးစွဲရမှာ။ အစာကိုလဲကြည့်၊ ရန်သူကိုလဲကြည့်ရမယ်။

အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အတွေ့အထိ မျိုးစုံ ဓမ္မနယ်ပယ်အားလုံးကို ပြုပြင်လိမ္မာတဲ့ အမှတ်အသိများဟာ သညာက္ခန္ဓာတဲ့။

## သင်္ခါရက္ခန္ဓာ

သင်္ခါရက္ခန္ဓာ သင်္ခါရဆိုတာ ပြုပြင်စီမံမှုအားလုံးပါပဲ။ သင်္ခါရဆိုတာ ဒါနမှုပြုတယ်။ သီလမှုပြုတယ်။ ဘာဝနာမှုပြုတယ်။ ဒါတွေလဲ သင်္ခါရတွေပဲ။ ဒုစရိုက်(၁၀)ပါးပြုတယ်။ သင်္ခါရ၊ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုအားလုံးဟာ သင်္ခါရ။ ပြုပြင်စီမံတာ မှန်သမျှအားလုံးဟာ သင်္ခါရက အရေအတွက်အားဖြင့် ငါးဆယ်ရှိတယ်။ ငါးဆယ်ပေမဲ့ အဓိကအားဖြင့် စေတနာလေးက အဓိက။ စေတနာဆိုတဲ့တရားဟာ လယ်ရှင်လိုပဲ လယ်သွားပြီးတော့ ရိတ်ကြတယ်။ (၄၉)ယောက်က ငှားသွားတာ။ လယ်ရှင်က တစ်ယောက်ပါတယ်။ အဲဒီလယ်ရှင်က ကိုယ်တိုင်လဲ ရိတ်တယ်။ ငှားထားတဲ့ (၄၉)ယောက်ကို ရိတ်ဖို့ရာ သူက တိုက်တွန်းတယ်။ သင်္ခါရအမည်ရတဲ့ (၅၀)စေတသိတ်ထဲက စေတနာဟာ လယ်ရှင်နဲ့ တူတယ်။ လယ်ရိတ်ငှား လာသလိုပဲ။ အဲဒါဘာတွေလဲဆိုတော့ **"ကာယဝစီ မနောပြီတည့် သုံးလီကမ္မ သင်္ခါရမူ ဓမ္မထင်ရှား**

http://www.dhammadownload.com



ငါးဆယ်ပြား၏"။

သင်္ခါရဆိုတာ ဧရာတည်ထားတာက ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ်။ ကိုယ်နဲ့ပြုပြင်စီမံမှု၊ နှုတ်နဲ့ပြောဆိုမှု၊ စိတ်နဲ့ကြံစည်မှု၊ အရေအတွက်နဲ့ ပြောမယ်ဆိုရင် ငါးဆယ်။ အဲဒါငါးဆယ်က ဘာတွေလဲ ဆိုတော့ တွေ့ဌြားဖဿ စေ့ဆော်စေတနာ ဧကဂ္ဂါမှု တည်ကြည်ဟူ၏ သက်မှုဇီဝီ မနသိကား နှလုံးထားတည့် ငါးပါးမမွ စိတ်တိုင်းရ၏။ တက္က ကြံခြင်း ဖွဲ့ရစ်ခြင်းမှာ ဝိစာရမှတ် ဆုံးဖြတ်ဝိမောက္ခ ဝီရိယနှင့် ဆန္ဒပီတိ ထင်ရှားရှိ၏။ တက္က= ကြံစည်တာ သင်္ခါရ အဖန်ဖန် အထပ်ထပ် ကြံစည်တာ သုံးသပ်တာ၊ ဝိစာရ= ဥပမာဘာနဲ့တူသလဲဆိုတော့ ကြေးစည် ခေါက်လိုက်တယ်။ ပထမဆုံးမည်တဲ့ အသံက ဝိတက်၊ နောက်ဟိုး နေတာက ဝိစာရ၊ ဟီးပြီးနေတဲ့ အသံဟိန်းပြီးတော့နေတဲ့ အသံက ဝိစာရ။ ဆုံးဖြတ် မိမောက္ခ၊ ဝီရိယနှင့် ဆန္ဒပီတိ ထင်ရှားဘိ၏။ ဒါသင်္ခါရတွေပေါ့။ မသိမလင်း မထိုးထွင်းချက် မောဟနက်တည့် ရှက်ကြောက်မရှိ အဟိရိက နောတ္တပ္ပတည်း မတည်ကြည်က ဥဒ္ဓစ္စမှု ဤလေးခုကား အကုသိုလ်တွင် စိတ်တိုင်းယှဉ်၏။ မောဟ အဟိရက အနောတ္တပ္ပ ဥဒ္ဓစ္စ အဲဒီ(၄)ခုက အတော်ဆိုးတယ်တဲ့။ အကုသိုလ်စိတ် မှန်သမျှမှာ သူတို့တွဲနိုင်တယ်။ လိုချင်လောဘ မာနထောင်လွှား မြင်မှားဒိဋ္ဌိ ကြမ်းဘိဒေါသ မစ္ဆေရဝန်တို မနာလိုဣဿာ တစ်ဖြာကုက္ကုစ္စ နောင်တပူပင် မရှင်မကြည် ထိုင်းမှိုင်း သည်မှာ နှစ်မည်ထိမိ စိတ်ထဲဒွိဟ နှစ်ခွနေဘိ ဝိစိကိစ္ဆာ။ အကုသိုလ် စေတသိက်တွေကို ပြောနေတာ-

| | |
|---|---|
| - လိုချင်တာ | - လောဘ |
| - ထောင်လွှား | - မာန |
| - အမြင်မှား | - ဒိဋ္ဌိ |
| - ဝန်တို | - မစ္ဆရိယ |
| - မနာလို | - ဣဿာ |
| - နောင်တပူပင် | - ကုက္ကုစ္စ |

http://www.dhammadownload.com



- မရှင်မကြည် ထိုင်းမှိုင်း - ထိနမိဒ္ဓ
- စိတ်နှစ်ခွ - ဝိစိကိစ္ဆာ

အဲဒါတွေဟာလဲ သင်္ခါရတွေပဲ။ အဲဒါက မကောင်းတဲ့ စေတသိက်(၁၄)မျိုးပေါ့။ မကောင်းတဲ့စိတ်တွေနဲ့ တွဲကြတယ်။ အဲဒီက နေပြီး ကောင်းတဲ့စေတသိက်တွေက (၂၅)မျိုးရှိတယ်။ (၂၅)မျိုးက ဘာတွေလဲဆိုတော့ "သဒ္ဓါကြည့်လေ့ မမေ့သတိ ရှက်ကြောက်ဘိမှာ ဟိရောတ္တပ် မကပ်မငြိ မကြမ်းဘိနှင့် အသိတရား ဟိတ်သုံးပါးဟူ လျစ်လျူနေလတ် တတြမဇ္ဈတ္တတာ နှစ်ဖြာပဿဒ္ဓိ ငြိမ်းဘိကိုယ်စိတ်၊ ပေါ့ရိပ်လဟု မုဒုနူးညံ့ ကျန်းခန့်ကာမဉ် ကျွမ်းကျင်ပါဂုန် ဖြောင့်တုံဥဇု နူတ်ဒုကာဒု ကြဉ်မှုသုံးဖြာ ဝါစာကမ္မန္တ အာဇီဝနှင့် သတ္တာအများ သနားသမှု ဝမ်းမြောက်မှုဟု ကရုမုဒိ ငါးဆယ်ရှိ၏ သုစရိတ ဒုစ္စရိတ ဒါနသီလ ဘာဝနာ စသည့်ဖြာဖြာ ဝေါဟာသွယ်သွယ် မဆုံးဖွယ်သည် အကျယ် သင်္ခါရက္ခန္ဓာတည်း"။ သောဘဏ စေတသိက်ခေါ်တဲ့ တင့်တယ်တဲ့ စေတသိက်(၂၅)မျိုးရှိတယ်၊ ကောင်းတဲ့စိတ်တွေနဲ့ တွဲတယ်။ ဒီလင်္ကာလေး တွေနဲ့ သင်္ခါရက္ခန္ဓာ(၅၀)၊ သုစရိုက် (၁၀)ပါး ပြုမယ်။ ဒုစရိုက် (၁၀)ပါး ပြုမယ်။ ဒါန-သီလ-ဘာဝနာပြုတယ်။ ပုညကြိယဝတ္ထု (၁၀)ပါး ပြုတယ်။ ပါရမီ (၁၀)ပါးဖြည့်ကျင့်တယ်ဆိုတာ သင်္ခါရက္ခန္ဓာထဲမှာပါတာပဲ။ အဲဒီ သင်္ခါရက္ခန္ဓာလဲပဲ အများကြီးပဲ။ ဝေါဟာရတွေဟာ မဆုံးနိုင်ဘူး၊ အလှူပေးတယ်၊ အလှူပေးတာနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုစွဲသလဲ။ ဒါနနဲ့ ပတ်သက်လို့ ငါအလှူပေးတယ်။ သီလနဲ့ပတ်သက်လို့ ငါသီလ ဆောက်တည်၊ ဘာဝနာနဲ့ပတ်သက်လို့ ငါဘာဝနာပွားတယ်၊ ပုထုဇဉ် ဆိုတာ သေတာတောင်မှ ငါသေတယ်။ ဘာမဟုတ်တဲ့ အိုတဲ့ရုပ်တောင်မှ ငါအိုတယ်။ ငါအိုစာလာပြီ။ သင်္ခါရက္ခန္ဓာ မဆုံးသလောက် သက္ကာယဒိဋ္ဌိ မဆုံးနိုင်ဘူး။ ဝေဒနာ၊ သညာ၊ သင်္ခါရ (၅၂)ပါးကို စိတ်၌မှီတွယ် စိတ်ကို ချယ် ငါးဆယ်နှင့်ဒွိတ် စေတသိက်လို့ ခေါ်ပါတယ်။

http://www.dhammadownload.com



**ဝိညာဏက္ခန္ဓာ**

ငါးခုမြောက်ဖြစ်တဲ့ ဝိညာဏက္ခန္ဓာ ဝိညာဏဆိုတာ စိတ်အစုအပုံ ဘယ်လိုဟာမျိုးလဲတဲ့။

**"အာရုံယူဘိ အသိသဘောစိတ်မနောကို ဝိညာဏ်ဆို၏"** အာရုံကိုယူတတ်တယ်။ သိတတ်တယ်၊ ဝိညာဏ်လို့ ဒီလိုခေါ်တာ စိတ်ပါပဲ။ စိတ္တစေတော မနောနိတ္ထိ၊ ဝိညာဏံ ဟဒယံတထာ။ စိတ်ဟောပရိယာယ် တွေ။ **"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏"**။ အာရုံကိုယူတတ်တဲ့ အသိသဘောလေးကို စိတ်လို့ခေါ်တယ်။ **"ထိုဝိညာဏ်ကား မြင်ကြားနံလျှက် ထိသိချက်ဟု (၆)ခုအသင်း အကျယ်ခင်းက ကာမရူပ အရူပနှင့် လောကုတ္တရာ စိတ်လေးဖြာတည်း"**။ အဲဒီ ဝိညာဏ်ကား မြင်သိ၊ ကြားသိ၊ နံသိ၊ လျှက်သိ၊ ထိသိ၊ တွေးကြံသိ ဒါပဲတဲ့။ စိတ်အကျဉ်းချုပ်က(၄)မျိုးရှိတယ်။ ကာမစိတ်၊ ရူပစိတ်၊ အရူပစိတ်၊ လောကုတ္တရာစိတ်၊ ကာမစိတ် ဆိုတာက ဘယ်လောက်လဲ(၅၄)၊ ရူပစိတ်(၁၅)၊ အရူပစိတ်(၁၂)၊ လောကုတ္တရာ စိတ်အကျဉ်း(၈)ပါး အကျယ်လေးဆယ်၊ အဲဒါတွေကို ဝိညာဏက္ခန္ဓာ၊ စိတ်အစုလယ်တီ ဆရာတော်ကြီးက **"ထိုတွင်ထွေလာ၊ ယထာရဟာ၊ သင်္ဂဟမှာ ကျမ်း၌လာပြီး"** သင်္ဂဟကျမ်းမှာလာပါပြီတဲ့၊

ပါယ်ရွာလေးရပ်၊ လူနတ်ခုနှစ်၊ ၁၁-၄၁ာန၊ ဘုံကာမနှင့် ရူပဗြဟ္မာ(၁၅)ရွာ၌ ခန္ဓာငါး၀ အစုံရ၏။ ငါးပင်တိုင်ခန္ဓာအိမ်နဲ့ နေတာဘာတွေလဲ၊ အပါယ်(၄)ဘုံ၊ လူ့ဘုံ၊ နတ်ပြည်(၆)ပေါင်း ကာမ(၁၁)ဘုံ။ ရူပ(၁၅)ဘုံ။ အဲဒါခန္ဓာငါးပါးရ ငါးပင်တိုင်ခန္ဓာအိမ်နဲ့ နေကြတယ်။ အရူပဗြဟ္မာ လေးဘုံမှာမူ ခန္ဓာလေးရပ် အရူပဗြဟ္မာ (၄)ဘုံက နာမ်ခန္ဓာလေးပါး ရတယ်။ လေးပင်တိုင်ခန္ဓာအိမ်နဲ့ နေတယ်။ အညသတ်ဘုံတစ်ရပ်မှာ ရုပ်ခန္ဓာပေ။ ရုပ်ခန္ဓာတစ်ပင်တိုင်နဲ့နေတာ အသညသတ်ဘုံ ဖြစ်တယ်။ "မြေရေတောတောင်၊ ဘုံဆောင်ပြသာဒ်၊ ဇရပ်၊ ကျောင်း၊ အိမ်၊ ကြိုးကြိမ်သစ်ဝါး၊ ဝတ်စားတန်ဆာ ရတနာရွှေငွေ

http://www.dhammadownload.com



သေပြီးအလောင်း သက်မဲ့ပေါင်းမှာ ရုပ်ခန္ဓာတည်း"။ ရုပ်ခန္ဓာကြီးတစ်ခုထဲ ရှိတာ ဘယ်ဟာတွေလဲ ရေမြေတောတောင် အခုလို သုံးထပ်ကျောင်း ဆောင်ကြီးတွေရယ်၊ ပြဿဒ်ကြီးတွေ၊ ဇရပ်ကြီးတွေ၊ အိမ်ကြီးတွေ၊ ကြိုးတွေ၊ ကြိမ်သစ်ဝါး၊ ဝတ်စားတန်ဆာတွေ၊ ရွှေငွေပုလဲ ကြောင်မျက်ရွဲနှင့် မြခဲသန္တာ စိန်တွေမှာ ရုပ်ခန္ဓာတစ်မျိုးထဲရှိတယ်။ "သေပြီးအလောင်း သက်မဲ့ပေါင်းမှာ ရုပ်ခန္ဓာတည့်"၊ ကြက်သေဝက်သေ လူသေတွေဟာ ရုပ်ခန္ဓာတစ်မျိုးထဲ ရှိတယ်။ ဒါကြောင့် ရေမြေတောတောင် ဘုံဆောင် ပြဿဒ် ဇရပ်ကျောင်းအိမ် ကြိုးကြိမ်သစ်ဝါး ဝတ်စားတန်ဆာ ရတနာ ရွှေငွေ သေပြီးအလောင်း သက်မဲ့အပေါင်းမှာ ရုပ်ခန္ဓာတည်း ဟမာရေမြှုပ် ယှဉ်ဖက်ရုပ်နှင့် ရေပွက်ဝေဒနာ သညာတံလျှပ် တစ်ရပ်သင်္ခါရ ငှက်ပျောကျ၏။ ဓမ္မဝိညာဉ် မျက်လှည့်ယှဉ်သည် ငါးအင်နှစ်မဲ့ ခန္ဓာတည်း။ အဲဒီ ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဏနှင့် စုချုပ်ထားတဲ့ ခန္ဓာကိုယ် အနှစ်မရှိဘူး။ ဘယ်ဥပမာဖြင့် သိရမလဲတဲ့။ ဘုရားရှင်က-

**ဥပမာယ မိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။**

ဣဓ= ဤလောက၌၊ ဧကစ္စေ= အချို့ကုန်သော၊ ပဏ္ဍိတာ= ပညာရှိတို့သည်၊ ဥပမာယ= နှိုင်းခိုင်းစရာ ဥပမာဖြင့်၊ အတ္ထံ= အနက် အဓိပ္ပါယ်ကို၊ ဇာနန္တိ= သိကြမြင်ကြကုန်၏။ ဥပမာလေးနဲ့ ပြောမှသိတာ။ ရွှေဘိုနယ်က လှတောရွာသားတွေ ဥပမာကလေးသိပ်သိကြ ပြောကြတာ။ တကယ့်လူတွေ စကားတတ်တာကတော့ ပြောမနေနဲ့။ သူတို့က ဥပမာနဲ့ မပြောရရင် မပြီးဘူး။ မန္တလေးကို လှတောသား ဒကာတစ်ယောက် ရောက်လာတယ်။ မန္တလေး ရှမ်းစုဘူတာနားရောက်တော့ ဘုန်းကြီးတွေက လမ်းလျှောက်ကြတာ အပါး(၂၀၀/၃၀၀)ကိုး။ အလိုလေး လိမ္မော်သီး တောင်းကြီး သွန်ချလိုက်သလိုပါပဲလားတဲ့။ ဘုန်းကြီးတွေများတယ်လို့ ပြောချင်တာ "အလိုလေး လိမ္မာသီးတောင်းကြီးသွန်ချလိုက်သလိုပါပဲ"တဲ့။ အဲဒါနဲ့ သူဦးဇင်းက သူ့ရဟန်းဒကာ လှတောသားကို မန္တလေးမြို့ထဲ လှည့်ပို့တယ်။ ပို့ပြီး ညနေကျတော့ ပြန်လာတယ်။ ဦးဇင်းက ဒကာကြီး

http://www.dhammadownload.com



ပင်ပန်းသလားလို့ မေးတဲ့အခါ "ကိုယ်တော်ပြောမနေနဲ့ ဖားဗီလားစုပ်ထားတဲ့အတိုင်းပဲတဲ့။ ပင်ပန်းတာ ဖားဗီလားစုပ်ထားတဲ့ အတိုင်းပဲတဲ့။ ပင်ပန်းလွန်းတာကိုပြောတာ။ ဘယ်လိုဥပမာတတ်မှန်း မသိဘူး။ ပြောလိုက်ရင် ဥပမာတွေနဲ့။ တစ်ခါက ရွှေဘိုနယ်မှာ မုံရွာခမ္မကထိက ပင့်ထားတာ အချိန်မှီမရောက်လို့ ဦးဇင်းတစ်ပါးက ကိုယ်စား တရားတက်ဟောတယ်။ နံနက်ရောက်တော့ မေးမြန်းပြီး ဆရာတော်ကြီးကသိတော့ "ဩော် မနေ့ညက တရားဟောတာ မင်းလားတဲ့။ ငါက ဆိတ်ခွေးကိုက်နေတယ် ထင်တာတဲ့"။

ဘုရားကတော့ ဥပမာတွေ အများကြီး ဟောတာပေါ့။ မြတ်စွာဘုရားဟာ စကားတတ်တယ်၊ တရားတတ်တယ်။ ဥပမာနဲ့ဟောတာ။ တစ်ချိန်မှာ မြတ်စွာဘုရားက မြစ်ကမ်းနဘေးမှာရပ်ပြီး ရဟန်းတွေကို "ရဟန်းတို့ ရေပေါ်က ရေမြှုပ်ဆိုင်ကြီးကို ကြည့်ကြစမ်း။ ရေမြှုပ်ကလေးသေးသေးကနေပြီး တဖြည်းဖြည်းနဲ့ အိမ်လုံး၊ ကျောင်းလုံးလောက် ဖြစ်လာတာ။ ဒီခန္ဓာကိုယ်ဟာလဲ ကလလရေကြည်လေးကစလာတာတဲ့။ နောက်အဲဒီ ရေမြှုပ်ဆိုင်ကြီးဟာ ကြီးကြီးလာတဖြည်းဖြည်းနဲ့စီးဆင်းသွားပြီး ပင်လယ်ထဲ ရောက်လို့ရှိရင် ပင်လယ်လှိုင်းပုတ်လိုက်ရင် အဲဒီရေမြှုပ်ဆိုင်ကြီး ဖွာဇာကျဲပြီး ပျက်သွားလိမ့်မယ်"တဲ့။

အဲဒီလိုပဲ သင်တို့ရဲ့ ရုပ်ခန္ဓာကြီးဟာလဲ ကလလရေကြည်ကနေတဖြည်းဖြည်းကြီးလာတာ သေမင်းရဲ့ ခံတွင်းမှာ အကုန်လုံး ပျက်စီးသွားလိမ့်မယ်။ ပြီးတော့ အဲဒီရေမြှုပ်ဆိုင်ကြီးမှာ ကြွက်တွေကတစ်မျိုး၊ မြွေတွေကတစ်မျိုး၊ ပိုးလောက်လန်းတွေက တစ်မျိုး၊ တီကောင်တွေကတစ်မျိုး ရှိနေသလိုပဲ။ သင်တို့ခန္ဓာကိုယ်လဲ ပိုးမျိုး(၈၀)တို့ရဲ့ ခိုကိုးရာမစင်စွန့်ရာ ဖြစ်တယ်။ ကလေးများကျတော့ ပိုထင်ရှားတာပေါ့ သံကိုက်တယ်၊ သံကိုယ်တယ်နဲ့ သံထတာကိုး။ ပမာရေမြှုပ် ရုပ်၊ ရူပက္ခန္ဓာရုပ်အစုကြီးက ရေမြှုပ်အစုနဲ့ တူတယ်။ ပြီးတော့ အဲဒီ ရေမြှုပ်ကြည်လိုက်တော့ အစပ်အစပ်နဲ့ သင်တို့ရဲ့ ခန္ဓာကိုယ်ဟာလဲ ဒူးရိုးကြည့်ပါလား၊ ပေါင်ရိုးကြည့်

http://www.dhammadownload.com



ပါလား၊ သူ့ဟာသူ အစပ်အစပ်ကလေးတွေ သိပ်များတာပဲ။ ပြီးတော့ အဲဒီရေမြှုပ်ကို အိုးလုပ်မယ့် အင်လုပ်မယ် ဆိုရင် ရပါမလား၊ ဒီရုပ်ကြီးကို အိုးခွက် ဘာလုပ်ရမလဲ။ ဘာမှ အသုံးချလို မရဘူးတဲ့။ ပြီးတော့ ရေပွက် ဝေဒနာတဲ့။ ခံစားတယ် စံစားတယ်ဆိုတာလဲ သမုဒ္ဒရာထက် ခဏတက်တဲ့ ရေပွက်ပမာ တစ်သက်လျှာတည်း။ ဒါခပ်ကျဲကျဲလေးမြင်တာ တစ်သက်တာ မဟုတ်ဘူး။ ချိုတဲ့အရသာလေး ခံစားတယ်။ ဒီအရသာ လေးက ရှိသေးလား၊ မရှိတော့ဘူး ခဏလေးပဲ။ စပ်တဲ့အရသာက နည်းနည်း ကြာသေးတယ်။ ကောင်းတဲ့အရသာ၊ ချိုတဲ့အရသာဟာ ခဏလေးပဲ၊ ရေပွက်နဲ့ တူတယ်။ ရေပွက်ကလေး ဖြစ်လာပြီး မကြာခင် ပျက်စီးသွား သလိုပဲ။ သညာတံလျှပ်၊ တံလျှပ်ရေထင်၊ အပူရှိန်ပြင်းတဲ့အခါ ဟိုမှာ ကတ္တရာလမ်းကို ကြည့်လိုက် ရေတွေလိုပဲ။ နေရောင်နဲ့ အပူနဲ့ ကတ္တရာလမ်းနဲ့ ရေထင်နေရတယ်၊ အဲဒါတံလျှပ် ခေါ်တယ်။

အဲဒီတံလျှပ်ရောင်ဟာ တကယ်တမ်းသွားကြည့်တော့ ဘာမှ မဟုတ်ဘူး။ အဲလိုပဲ သညာကိုမြင်ရမယ်။ "တစ်ရပ်သင်္ခါရ ငှက်ပျောကျ၏" စောစောကပြောတဲ့ သင်္ခါရက္ခန္ဓာငါးဆယ် အဲဒီသင်္ခါရတွေ ပြုပြင် စီရင်မှုတွေ အားလုံးဟာ ငှက်ပျောတုံးလိုပဲတဲ့။ ငှက်ပျောတုံးများဟာ ငှက်ပျောတုံးနဲ့ အိမ်ဆောက်လို့မရဘူးတဲ့။ ကျောင်းဆောက်လို့မရဘူး။ ငှက်ပျောတုံးလိုပဲတဲ့၊ အနှစ်သာရမရှိဘူး။ "ဓမ္မ ဝိညာဉ် မျက်လှည့် ယှဉ်သည်။" ဝိညာဉ်က မျက်လှည့်လိုပဲတဲ့၊ မျက်လှည့်သမား တစ်ယောက်က လှေကြီးမျိုပြနေတာ၊ မျိုရင်းမျိုရင်းနဲ့ ဘေးကကြည့်နေတဲ့ လူတွေက ဟာ-ဟာနဲ့ တအံ့တသြဖြစ်နေတာပဲ။ မျက်လှည့်သမားကို သွားမေးတယ်။ မင်းအဲဒါ ဘာလုပ်နေတာတုံးလို့ မေးတော့ ဓလှနူတ်ခမ်း လျှောက်သွားနေတာတဲ့။

အဲဒီလိုပဲတဲ့ စိတ်ဝိညာဉ်ဟာ မျက်လှည့်နဲ့ တူတယ်၊ လှည့်စားတယ်။ မကောင်းကို အကောင်းထင်အောင်၊ မချောတာကို ချောတယ်ထင်အောင်၊ မတင့်တယ်တာကို တင့်တယ်တယ် လို့ထင်အောင်

http://www.dhammadownload.com



လှည့်စားတယ်။ ပုပ်တာကိုလဲ မွှေးတယ်လို့ထင်တယ်။ **"ငါးပိလေးမွှေးတာ"** တဲ့။ လုပ်ကြပါအုံး ငါးပိကတော့ မွှေးမယ်မထင်ပါဘူး။ စဉ်းစားနိုင်မှ စဉ်းစားနိုင်မှ၊ အဲဒီတော့ အသုဘကို သုဘထင်တယ်။ မတင့်တယ်တာကို တင့်တယ်တယ်ထင်တယ်၊ မမြဲတာကိုမြဲတယ်ထင်တယ်။ ဆင်းရဲတာကို ချမ်းသာထင်တယ်၊ မပိုင်မစိုးတာကို ပိုင်စိုးတယ်လို့ထင်တယ်၊ အဲဒီဝိညာဉ်ကို ဘယ်လိုရှုပွားရမလဲ မျက်လှည့်လို့ရှုတဲ့။ မြတ်စွာဘုရားက ရုပ်ကိုရေမြှုပ်လို့ရှု၊ ဝေဒနာကို ရေပွက်ပမာထား၊ သညာကို တံလျှပ်လို့ရှု၊ ပြုပြင်တွေးတော စေ့ဆော်ခြင်း အချက်အလက်တွေကိုတော့ ငှက်ပျောတုံး လို့ရှု၊ စိတ်ဝိညာဉ်ကို မျက်လှည့်လို့ရှု။ အဲဒီလို မြတ်စွာဘုရား မိန့်ကြား တာကို လယ်တီဆရာတော် ဘုရားကြီးက လင်္ကာလေး ရေးသီထား တာနော်။

အဲဒီတော့ ရုပ်ကတစ်ပါး၊ နာမ်လေးပါး၊ သတ္တဝါတွေအားလုံး ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင်ခန္ဓာအိမ်၊ ငါးပင်တိုင်ခန္ဓာအိမ်ဆိုတာ ဒုက္ခသစ္စာပဲ။ အိမ်ကိုဆောက်ကတည်းက ဒုက္ခနဲ့စတာ။ လေးပင်တိုင်အိမ်၊ တစ်ပင်တိုင်ခန္ဓာအိမ်တွေလဲ ဒုက္ခချည်းပဲ။ အိမ်ရော၊ အိမ်ပေါ်မှာနေတဲ့ ပုဂ္ဂိုလ်အားလုံးပါ။ ဒုက္ခသစ္စာချည်းပါပဲ။ အဲဒါကို မြတ်စွာဘုရားက **"သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ"** တဲ့။ လယ်တီဆရာတော်ကြီးက ခန္ဓာ၊ အာယတနဓာတ် သစ္စာကျမ်းလေး ရေးပြီးတော့ သိသာအောင်ဆိုပြီး ရေးထားခဲ့တာလေး ပြောချင်တာ ကတော့ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာလို့ ဟောကြားထားတာ လေးက သိပ်ပြီးတော့ ကျဉ်းလွန်းတယ်။ ပဉ္စဝဂ္ဂီငါးဦးက ပါရမီရှင်ကြီးတွေမို့ နားလည်တာ။ ဒို့သူငါတွေ နားလည်ဖို့ကျတော့ ဟောဒီလို လယ်တီဆရာ တော်ကြီးတို့ရဲ့ မြန်မာလင်္ကာလေးတွေ အမှတ်အသားပြုပြီးတော့မှ နားလည်နိုင်ကြမှာ။ မိမိတို့ရဲ့ဖြစ်စဉ် မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ် ဝေဒနာ၊ သညာ သင်္ခါရ ဝိညာဉ်တွေကိုသိအောင် မိမိသန္တာန်မှာ ဘာတွေဖြစ်နေ တာလဲဆိုတော့ ကိုယ့်ကိုယ်ကို အကဲခတ်နိုင်ဖို့လိုတယ်။

http://www.dhammadownload.com



ဒီခန္ဓာကိုယ်ကြီးကို ပြောနေကြတာ၊ ခန္ဓာက အဓိပ္ပါယ်တစ်မျိုး၊ ကိုယ်က အဓိပ္ပါယ်တစ်မျိုး၊ ခန္ဓာဆိုတာက ရုပ်အစုအဝေး နာမ်အစုအဝေး ပဲ။ အဲဒီတော့ ရုပ်ဝေဒနာသညာ သင်္ခါရ ဝိညာဉ်တို့သာ ရှိတယ်။ သူရယ်၊ ငါရယ်၊ ယောက်ျားရယ်၊ မိန်းမရယ်၊ ခွေးရယ်၊ ဝက်ရယ်၊ ဒါတွေမရှိဘူး။ အရှိတရားကဘာလဲ။ ခန္ဓာ(၅)ပါး၊ အာယတန(၁၂)ပါး၊ ဓာတ်(၁၈)ပါး၊ သစ္စာ(၄)ပါး။ အရှိတရားကို ပရမတ်တရားလို့ ခေါ်တယ်။ မရှိတရားကို ပညတ်လို့ခေါ်တယ်။ မရှိပညတ်ကိုလည်း အကြောင်းရှစ်မျိုးကြောင့် ခေါ်ဝေါ်သုံးစွဲတော်မူခဲ့တယ်။ "အဲဒီတော့ မဖောက်မပြန် မှန်ကန် တည့်မတ် ပရမတ်" ရုပ်ကလဲ ရုပ်သဘောအတိုင်း ဝေဒနာသညာ သင်္ခါရ ဝိညာဉ်တို့ကလဲ သူ့တို့သဘောကို မစွန့်ကြဘူး။ ရုပ်က ရုပ်သဘောမစွန့်ဘူး၊ ဝေဒနာ ဝေဒနာသဘောမစွန့်ဘူး။ သညာက သညာသဘော.မစွန့်ဘူး။ သင်္ခါရက သင်္ခါရသဘောမစွန့်ဘူး။ ဝိညာဉ်က ဝိညာဉ်သဘောမစွန့်ဘူး။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးနဲ့ ပြီးတဲ့ ခန္ဓာကိုယ်၊ တနည်းအားဖြင့် ဓာတ်လေးပါးနှင့် ပြီးတဲ့ခန္ဓာကိုယ်လို့ ခေါ်တယ်။ ဓာတ်လေးပါကိုပဲ မြင်မြင်၊ ဓာတ်(၆)ပါးကိုပဲမြင်မြင် တရားမြင်တာ ကောင်းတာပါပဲ။ သက္ကာယဒိဋ္ဌိ ဆိုတာက ခန္ဓာငါးပါးအပေါ်မှာ ငါရယ်၊ သူရယ်၊ လူရယ်၊ နတ်ရယ်၊ ဗြဟ္မာရယ်လို့ လွဲမှားပြီးတော့ မြင်တာ။ ခန္ဓာငါးပါးသည် သက္ကာယပဲ ထင်ရှားရှိတဲ့ ရုပ်အပေါင်း နာမ်အပေါင်းကို ထင်ရှားမရှိတဲ့ ငါရယ်၊ သူရယ်၊ ယောကျာ်းရယ်၊ မိန်းမရယ် အပေါ်က တင်စားပြီးတော့ ဖန်ဟီးပြီးတော့ မြင်လိုက်ရင် ဒိဋ္ဌိဖြစ်သွားပါတယ်။

သက္ကာယဒိဋ္ဌိက (ရုပ် ၂၈ ပါး) အပေါ်မှာ ဖြစ်တော့ ရုပ်သက္ကာယ ဒိဋ္ဌိပေါင်း (၂၈)။ ဝေဒနာပေါင်း (၁၀၈)ပါးအပေါ်မှာ ငါသူတံဆိပ် ခပ်နှိပ်လိုက်တော့ သက္ကာယဒိဋ္ဌိ (၁၀၈)မျိုး။ သညာပေါင်းကလဲ အများကြီးဆိုတော့ သညာအပေါ်မှာလဲ သက္ကာယဒိဋ္ဌိတွေ အများကြီး။ သင်္ခါရကလဲ (၅၀)ဆိုတော့ သက္ကာယဒိဋ္ဌိပေါင်း (ငါးဆယ်) ဝိညာဉ်စိတ် ကလဲ အများကြီးဆိုတော့ သက္ကယဒိဋ္ဌိ တစ်ခုဖြစ်ရင် မီးတောက်တစ်ခုပဲလို့

http://www.dhammadownload.com



သဘောထားပါ။ သက္ကာယခေါ်တဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်အပေါ်မှာ သူပဲငါပဲလို့ယူတတ်တဲ့ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ရှိနေရင် ဒိဋ္ဌိကြီး(၃)မျိုး၊ ဒိဋ္ဌိ(၆၂)မျိုး အစရှိတဲ့ ငရဲမီးတောက်တွေဟာ ရှိနေမှာပဲ။ သက္ကာယဒိဋ္ဌိပျောက်အောင် အခု ပရမတ်တရားနာရတာ၊ ပရမတ်တရားကို သဘောပေါက်မှ တရားသဘောပေါက်တယ် ခေါ်ပါတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက ပရမတ် မျက်လုံး၊ ဓာတ်မျက်လုံးတွေ ဖွင့်ပေးခဲ့တဲ့အတွက် မုံရွာမြို့နှင့်တကွ တစ်နိုင်ငံလုံး အသိဉာဏ်တွေ များခဲ့ကြဘူးတယ်။ နောက်အခါတော့ အဲဒီမျိုးဆက်က ပျောက်ကွယ်သွားပြီးတော့ အခုအခါမှာ တစ်ကျော့ပြန်ပြီး အဘိဓမ္မာတရား လေ့လာသင်ကြားသူတွေ များလာပြန်ပါတယ်။ ဝမ်းသာရပါတယ်။ လူ့ဘဝရောက်လာတဲ့အခါ ခန္ဓာငါးပါး၊ သစ္စာလေးပါးမှ မသိပဲနဲ့ ဒီလူ့ဘဝကြီး စွန့်ခွာသွားရမယ် ဆိုရင်တော့ ဝမ်းနည်းစရာကြီးပဲ။ ဒါကြောင့် မိမိတို့ ကြုံကြိုက်တဲ့ဘဝမှာ ပရမတ်တရား၊ ဓာတ်တရားတွေကို ကျကျနန မသိချင်နေဦး။ ရိပ်မိရုံလေး ရိပ်မိအောင် ကြိုးစားကြဖို့ တိုက်တွန်းရင်းနဲ့ ယနေ့ ခန္ဓာငါးပါး၊ တစ်နည်းအားဖြင့် "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"ဆိုတဲ့ ဓမ္မစကြာဒေသနာတော်လာ ခန္ဓာငါးပါး ဘုရားကို ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီးရဲ့ လင်္ကာလေးတွေနဲ့ ဟောကြားလို့ ပြီးဆုံးသွားတဲ့အတွက် ပရမတ်တရား ဓာတ်တရားတွေကို မိမိတို့သန္တာန်မှာ၊ ဉာဏ်မှာ ရရှိရပါစေသော်ဟု အာရုံပြုပြီး သာဓုခေါ် တရားနိဂုံးချုပ်ကြစို့။

သာဓု - သာဓု - သာဓု

F 33 CR

http://www.dhammadownload.com



အမြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သြဝါဒါစရိယ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
ပရိယတ္တိသာသနဟိတဓရ
## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
ဟောကြားတော်မူသော
အာယတန (၁၂)ပါး တရားတော်

**အာယတန (၁၂)ပါး**

ယနေ့ ၁၃၃၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၃)ရက်၊ (၂-၉-၂၀၀၄) ကြာသပတေးနေ့။

(၇၅)ကြိမ်မြောက် တရားစခန်းမှာ တရားအားထုတ်နေကြတဲ့ ယောဂီများအား ဟောကြားအပ်တဲ့ တရားတော်ပါပဲ။

ဓမ္မစကြာတရား ဟောလာတာ တော်တော်လေးတော့ အချိန်တွေများပြီ။ **"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"**လို့ ဒုက္ခသစ္စနိဒ္ဒေသကို အကျယ်တဝင့် ဖွင့်ဆိုဟောကြားတဲ့နေရာမှာ စွဲလမ်းစရာဖြစ်တဲ့ ခန္ဓာငါးပါးသည် ဒုက္ခအမှန်။

ဒါကြောင့် ခန္ဓာငါးပါးသရုပ်သိဖို့ လိုတယ်။ အဲဒီလို သိဖို့လိုတဲ့အတိုင်း ခန္ဓာငါးပါးသရုပ် ခန္ဓာငါးပါးရဲ့ သဘောများ ဟောခဲ့ပါပြီ။ အဲဒီခန္ဓာငါးပါးမှာ ရုပ်က (၁)ပါး၊ နာမ်က (၄)ပါး။

http://www.dhammadownload.com



နာမ်တရားတွေမှာ တွေဝေတဲ့ပုဂ္ဂိုလ်တွေအတွက် နာမ်ကို လေးမျိုးထားပြီးတော့ ဟောခဲ့တယ်။ ရုပ်ကိုတစ်မျိုး ဟောတော်မူတယ်။

အချို့ပုဂ္ဂိုလ်တွေက ရုပ်တရားအပေါ်မှာ တွေဝေမှုဖြစ်တာက များတယ်။ အဲဒါကြောင့် အာယတန (၁၂)ပါးကိုတော့ ရုပ်သက်သက် (၁၀)ပါး၊ နာမ်သက်သက် (၁)ပါး၊ ရုပ်နာမ်ရောရက် (၁)ပါး။

ရုပ်နဲ့ပတ်သက်ပြီး တွေဝေမိန်းမောနေကြတဲ့ ပုဂ္ဂိုလ်တွေအတွက် ဦးစားပေးပြီးတော့ မြတ်စွာဘုရားက အာယတန (၁၂)ပါးကို ဟောတော်မူပါတယ်။ ခန္ဓာ အာယတန ဓာတ်သစ္စာ ဒီပညတ်များဟာ ပရမတ်တရားတို့ရဲ့ အမည်ပညတ်များ ဖြစ်ကြပါတယ်။

ပရမတ်တရားတို့ရဲ့အသံ၊ ပရမတ်တရားတို့ရဲ့ နာမည်၊ အဲဒီ နာမည်လေးသိဖို့ကြားဖို့ပင် အင်မတန်ခက်တယ်။

**ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။**
**တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ နနာယတိ။**

ဘုရားတည်းဟူသော နေမင်းကြီး၊ ဘုရားတည်းဟူသော လမင်းကြီးတို့ မထွက်ပေါ်ခဲ့လို့ရှိရင် သဘာဝဓမ္မခေါ်တဲ့ ပရမတ္ထဓမ္မတို့ရဲ့ အမည်ပညတ်ကလေးမျှ သိဖို့ခက်တယ်။

**ဗုဒ္ဓါဒိစ္စေ ဝ ဥပ္ပန္နေ၊ ဗုဒ္ဓ စန္ဒေ ဝ ဥဂ္ဂတေ။**
**တေသံ သဘာဝဓမ္မာနံ၊ လက္ခဏမ္ပိ ဝိဇာနန္တိ။**

ဘုရားတည်းဟူသော နေမင်းကြီး၊ ဘုရားတည်းဟူသော လမင်းကြီး ထွက်ပေါ်လာတဲ့အခါကျတော့ သဘာဝဓမ္မခေါ်တဲ့ ပရမတ္ထဓမ္မတို့ရဲ့ အမည် ပညတ်လေးသိရုံမျှမက ပရမတ္ထတရားတစ်ပါး၊ တစ်ပါးစီရဲ့ လက္ခဏာအမှတ်အသားကိုတောင်မှ သိနိုင်ကြတယ်။ ပရမတ်တရား ဓာတ်တရား ခန္ဓာ အာယတန ဓာတ် သစ္စာတို့ရဲ့ အမည်ပညတ်ကို သိရုံလေးပဲ တန်ဖိုးကြီးလှပါပြီ။ ခရီးဆုံးမရောက်သော်လဲ တန်ဘိုးကြီးပါတယ်။

http://www.dhammadownload.com



သို့သော်လဲ ပရမတ်တရား ဓာတ်တရား ခန္ဓာ အာယတန ဓာတ် သစ္စာတို့ရဲ့ အမည်ပညတ်မျှမက သဘောသဘာဝပါသိဖို့ လိုပါတယ်။ သာသနာတွင်းကာလမှာ အမည်လေးသိရုံနဲ့ ကျေနပ်မနေပါနဲ့။ ဘာကြောင့်လဲ -

**သံသရာ**

**ခန္ဓာနဉ္စ ပတိပါဋိ၊ ဓာတု အာယတနာနစ။**
**အဗ္ဗောစ္ဆိန္နာ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။**

သံသရာ= သံသရာဆိုတာ လူဖြစ်ပြီးတော့ လူသေတာ။ ဒါကို သံသရာလို့ ခေါ်သလား။ လူဖြစ်ပြီးတော့ လူနာ နာတယ်၊ လူအို အိုတယ်၊ လူသေ သေတယ်နော်။ နွားဖြစ်ပြီးတော့ နွားအို အိုတယ်၊ နွားနာ နာတယ်၊ နွားသေ သေတယ်။ နတ်တွေ၊ ဗြဟ္မာတွေလဲ နတ်ဖြစ် ဗြဟ္မာ ဖြစ်ပြီးတော့ နတ်သေ၊ ဗြဟ္မာသေ သေကြတယ်။

ဟော- ဒီလိုဖြစ်နေတာချည်းပဲ၊ သံသရာလည်တယ်လို့ ခေါ်သလားလို့ ဆိုတော့ တကယ်ဓာတ်သားအမှန်က ခန္ဓာနဉ္စ ပတိပါဋိ= ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ရဲ့ အစဉ်တဲ့၊ ခန္ဓာအာယတနဓာတ်တို့ရဲ့ မပြတ်မလပ် ဖြစ်နေမှုကို သံသရာလို့ခေါ်တာ။

မိမိကိုယ်တိုင် သံသရာလည်နေတာတော့ မှန်တယ်။ ဘာနဲ့ လည်သလဲ။ ခန္ဓာငါးပါးဖြစ်ပြီးတော့ လည်တယ်။ အာယတန (၁၂)ပါး ဖြစ်ပြီးတော့ လည်တယ်။ လောကီ အာယတနတွေ လောကီဓာတ်တွေ ဖြစ်ပြီးတော့လည်တယ်။ အဲဒီလို မပြတ်မလတ်ဖြစ်ပြီးတော့ နေတာကို သံသရာလို့ဆိုတော့ ခန္ဓာ အာယတန ဓာတ် မပြတ်မလတ် ဖြစ်နေတာဟာ သံသရာလည်နေတာပဲ။

သံသရာလည်တယ်ဆိုတော့ ခန္ဓာဆိုတဲ့ အသုံးအနှုန်း၊ အာယတနဆိုတဲ့ အသုံးအနှုန်း၊ ဓာတ်ဆိုတဲ့ အသုံးအနှုန်း၊ သစ္စာဆိုတဲ့ အသုံးအနှုန်းတို့ရဲ့ အဓိပ္ပါယ်လေးတွေကို သိဖို့လိုတယ်။

http://www.dhammadownload.com



**အာယတန**

**"ထွေထွေလာလာ များတကာတို့ တည်ရာစုရာ သက်ရောက်ရာကို အာယတန ခေါ်ဆိုကြ၏"။**

အာယတနဆိုတာ ဘာလဲ။ "ထွေထွေလာလာ များတကာတို့ တည်ရာစုရာ သက်ရောက်ရာကို အာယတန"။ ဘယ်လိုဟာမျိုးလဲ အာယတနဆိုတာ လှေဆိပ်၊ သင်္ဘောဆိပ်၊ ဘူတာရုံ၊ လေဆိပ်တို့နဲ့ တူတယ်။

ဈေးထဲမှာ ဈေးဝယ်တဲ့လူတွေနဲ့ ပြည့်လို့၊ လှေဆိပ်မှာ သင်္ဘောဆိပ်၊ လေဆိပ် ခရီးသွားတဲ့လူတွေနဲ့ ပြည့်နေတယ်။ အဲဒါမျိုး လိုပဲတဲ့။ ဈေးရုံကြီးနဲ့လဲ တူတယ်။ လှေဆိပ်၊ လှည်းဆိပ်၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ဘူတာရုံကြီးတွေနဲ့လဲ တူတယ်။

ဟော အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နိုင်ငံတကာလူတွေ တည်ရာ စုရာဖြစ်တယ်။

**"ဌာနာကာရဏ စသည်အနက် အများထွက်၏"**

ဌာန= တည်ရာ၊ ကာရဏ= အကြောင်းစတဲ့ အနက်တွေကို အာယတနဆိုပါတယ်။ သို့သော်လဲပဲ "ထွေထွေလာလာ များတကာတို့ တည်ရာစုရာ သက်ရောက်ရာကို အာယတန ခေါ်ဆိုကြ၏" ဆိုတဲ့ အတိုင်း ဈေးရုံကြီးတွေ၊ လေဆိပ်ကြီးတွေနဲ့တူတဲ့ အဲဒီ အာယတနက ဘယ်နှစ်ပါးရှိသလဲ။ ဘယ်နှစ်မျိုးခွဲမလဲ။ အာယတန (၁၂)ပါးကို အတွင်းအာယတန(၆)ပါး၊ အပြင်အာယတန(၆)ပါး၊ အဇ္ဈတ္တိကာယတန (၆)ပါး၊ ဗာဟိရာယတန(၆)ပါးလို့ ဒီလို (၂)မျိုးထားရမယ်။

အဇ္ဈတ္တိကာယတနဆိုတာ ခန္ဓာကိုယ်မှာ အကျိုးများတဲ့အတွက် ကြောင့်ပါပဲ။ ဘာတွေလဲ။ "စက္ခုသောတ ဃာနဇိဝှါ ကာယမနော သဘောတရား ဤ(၆)ပါးကား ကိုယ်တွင်းယူဘိ အဇ္ဈတ္တိက အမည်ရ၏"။

စက္ခုအကြည် (မျက်စိအကြည်)၊ သောတ (နားအကြည်)၊ ဃာန (နှာခေါင်းအကြည်)၊ ဇိဝှါ (လျှာအကြည်)၊ ကာယ (ကိုယ်အကြည်)၊ မနော

http://www.dhammadownload.com



(စိတ်အကြည်) ဒီဓာတ် (၆)ပါးက အတွင်းအာယတန (၆)ပါး။

စက္ခု (မျက်စိ)ဟာ လှေဆိပ်လို ဈေးရုံလိုပဲတဲ့။ စက္ခုပသာဒဆိုတဲ့ မျက်စိအကြည်ဓာတ်ကလေးမှာ အဆင်းမျိုးစုံ ခရီးသည်တွေ၊ ဈေးဝယ်တွေ လာကြလိမ့်မယ်။

သောတပသာဒ (နားအကြည်)ဓာတ်မှာလဲ အသံမျိုးစုံ ဈေးဝယ်တွေ၊ ခရီးသွားတွေ ဆုံကြလိမ့်မယ်။

ဃာနပသာဒ (နှာခေါင်းအကြည်) ဂန္ဓာရုံ၊ ဇိဝှါပသာဒ (လျှာအကြည်)မှာ ရသာရုံ၊ ကာယပသာဒ (ကိုယ်အကြည်)မှာ ဖောဋ္ဌဗ္ဗာရုံ၊ မန (စိတ်အကြည်)မှာလဲ ဓမ္မာရုံ ဈေးဝယ်တွေ၊ ခရီးသွားတွေ လာကြလိမ့်မယ်။ စုပြုံပြီးတော့ နေလိမ့်မယ်။

အဲဒါက အဇ္ဈတ္တိကအာယတန၊ **"ရူပသဒ္ဒ ဂန္ဓရသ ဖောဋ္ဌဗ္ဗနှင့် ဓမ္မဟူသည် ဤခြောက်မည်ကား ဗာဟိရာယတန အမည်ရ၏"**။

အဆင်းမျိုးစုံ- ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၊ အတွေးအကြံမျိုးစုံ ဓမ္မာရုံ ခေါ်တဲ့ အာယတန (၆)မျိုးကတော့ အပြင်အာယတန၊ အတွင်း အပြင်ခွဲလိုက်တာ၊ **"မနမှာမူ ခြောက်ဖြာဝိညာဉ် ဓမ္မတွင်မူ အစဉ် ပါလစ် ရှေ့(၁၁)မှ ကျန်သမျှတည်း"**။

အတွင်းအာယတန (၆)ပါးထဲက မနာယတန ဆိုတာ ဘာလဲတဲ့။ **"ခြောက်ဖြာဝိညာဉ်"** မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်၊ အဲဒီစိတ် (၆)မျိုးဟာ မနာယတနပါပဲတဲ့နော်။

တစ်နည်းအားဖြင့် စိတ်အကျဉ်း (၈၉)လုံးပေါ့။ ဓမ္မတွင်မူ အစဉ်ပါလစ် ရှေ့ (၁၁)မှ ကျန်တာတွေအားလုံး ရှေ့ (၁၁)နဲ့ ရေတွက်လို့ မရတာတွေအားလုံးဆိုတာ ဘာတွေလဲ။

ဝေဒနာခံစားမှု၊ သညာမှတ်သားမှု၊ စေ့ဆော်မှုသင်္ခါရ(၅၀)၊ အာပေါဖွဲ့စည်းတတ်မှုသဘော၊ အာဟာရရုပ်၊ ဟဒယရုပ်၊ အာကာသ ဓာတ်၊ ဝိညတ်ရုပ် (၂)ခု၊ ဝိကာရ (၃)ခု၊ လက္ခဏရုပ် (၄)ခု နိဗ္ဗာန်တို့ပါပဲ။

http://www.dhammadownload.com



အတွင်း (၆)ပါး၊ အပြင် (၆)ပါး၊ ပေါင်းတော့ (၁၂)ပါး။ အစဉ်ထားပုံက အဇ္ဈတ္တိကာယတန (၆)ပါး ရှေ့ဦးထားတယ်။ "အာယတနာ ဆယ့်နှစ်ဖြာကို ဒေသနာမြတ် အစဉ်မှတ်လော့"တဲ့။ အဲဒီ (၆)ပါးထဲက စက္ခု၊ သောတ (၂)ပါးထဲက စက္ခုကို အရင်ဟောတာပါ။

အာရုံယူတဲ့နေရာမှာ ပေါ်လွင်လို့ "စက္ခုမှာတုံ အာရုံယူလျှင်း ပေါ်ထင်ခြင်းကြောင့် ယင်းကိုစ,ဟန် အသမ္ပတ္တ သဘောမျှ၍ သောတကို ဆက်ဆိုတဲ့အတိုင်း အသမ္ပတ္တချင်းတူလို့ သောတကို ဆက်ဟောရပါတယ်။

တစ်နည်းကတော့ ဘုရားစသည် ဖူးမြင်ရာ တရားနာရာတို့မှ ဂုဏ်ထူးဆောင်ပြီး ကျေးဇူးပြုတတ်သောကြောင့် စက္ခုသောတ အာယတန (၂)ပါးကို ဦးစွာဟောပါတယ်။ "တစ်နည်းမြွက်ဟ ဒဿနနှင့် သဝနာနုတ္တရိ ကြောင်းထူးရှိသဖြင့် အတိဝိသိဋ္ဌ ကျေးဇူးဟိတ်ကြောင့် ဦးထိပ်နှစ်ပါး တင်ကာထားလျှက်"။ ထို့နောက် အာရုံယူတာ လျှင်မြန်လို့ ဃာနကို ဆက်ဟောပါတယ်။ ဇိဝှါသည် ဃာနနှင့် ကိုယ့်ရဲ့တစ်စိတ်တစ်ဒေသ၌ အဖြစ်ချင်းတူမျှလို့ ဃာန၏အခြားမဲ့မှာ ဇိဝှါယတနကို ဆက်ပြတာပါပဲ။

"သုံးပါးဆက်ပြ သမ္ပတ္တတွင် ဃာန၏ဂုဏ် အာရုံယူလျှင်း လျှင်မြန်ခြင်းကြောင့် ယင်းကိုအစ ပဒေသ၌ ဖြစ်ကြညီစွာ ဇိဝှါကိုဆက်"။

ကိုယ်လုံးနှံ့တည်တဲ့ ကာယက တစ်ပါးတည်းဖြစ်လို့ ဇိဝှါရဲ့နောက်မှာ စဉ်ပြပါတယ်။ "ကိုယ်လုံးယှက်၍ နှံ့လျှက်ကာယ တစ်ခုမျှမို့ နောက်ကစဉ်ပုံ"။ ထို့နောက်မှ အာရုံငါးပါးလုံးကို အကုန်သိမ်း၍ ယူနိုင်တဲ့ မနာယတနကို အတွင်းအာယတန (၆)ပါးထဲက နောက်ဆုံးထားပါတယ်။ အပြင်အာယတန (၆)ပါးလဲ အတွင်းအာယတန(၆)နှင့် အစဉ်ကပ်အောင် စဉ်ထားပါတယ်။

"ပဉ္စာရုံကို အကုန်သိမ်းကျုံး ယူသည့်ထုံးကြောင့် နောက်ဆုံးမန စီစဉ်ရ၏ ခြောက်ဝအဇ္ဈတ် အစဉ်ကပ်အောင် ဗာဟျတ်ခြောက်ခု

http://www.dhammadownload.com



အာရုံစုလည်း ထေရ်နုရုဒ္ဓါ စီစဉ်ပါသည်။ ဋီကာဖွင့်ထုံး ကဗျာတည်း။

**မီး**

အဲဒီ အတွင်း (၆)ပါး၊ အပြင် (၆)ပါးမှာ တစ်ပါး၊ တစ်ပါးလျှင် မီးတောက်ကြီးတွေ (၁၁)မျိုး၊ (၁၁)မျိုးစီ တောက်လောင်နေတယ်။ အာဒိတ္တသုတ် ဖော်ပြထုတ်မူ-

**စက္ခု ဘိက္ခဝေ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ အာဒိတ္တံ၊ ဒေါသဂ္ဂိနာ အာဒိတ္တံ၊ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ အာဒိတ္တံ၊ ဇရာယ အာဒိတ္တံ၊ မရဏေန အာဒိတ္တံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပယာသေဟိ အာဒိတ္တံ။**

ဟော- အာယတနတစ်ပါးဖြစ်တဲ့ စက္ခုပသာဒ မျက်စိအကြည် ဓာတ်ကလေးမှာ မီးတောက်ကြီးတွေ တောက်နေတယ်။ ဘယ်မီးတောက် တွေ တောက်သလဲ။ ရာဂမီးတောက် တောက်တယ်။

"သူသူငါငါ ဖြစ်လေရာဝယ် ဦးစွာကြိုဆီး ဇာတိမီးက အပြီးပုံသေ လောင်မြိုက်လေ၏"။

ဘဝတစ်ခု ဖြစ်လာပြီဆိုရင် ဇာတိမီးက ကြိုနှင့်ပြီ။

"မသွေတသီး ဇရာမီးလဲ အပြီးနောက်မှာ ကပ်လျက်ပါ၏"။

ဇာတိမီးလောင်မှတော့ ဆွေးမြေ့ခြင်းဆိုတဲ့ ဇရာမီးကလဲ ကပ်ပြီး ပါလာတယ်။

"မကွာစေရာ မရဏာဟု တစ်ဘဝဖျက်ဆီး လောင်သည့်မီးလည်း ညီးညီးပြောင်ပြောင် အမြဲလောင်၏"။

မရဏာမီးကလဲ အမြဲလောင်နေတာ။

"လောင်ပုံလောင်အား မထင်ရှား၍ နုထွားပျိုမြစ် အရွယ် ဖြစ်သော် အချစ်ရာဂ မီးတွေထ၍ ဒေါသထန်ပြင်း မောဟညှင်း၏"။

http://www.dhammadownload.com



အချစ်မီးရာဂ ဒေါသမီး၊ မောဟမီးတွေက အပြင်းအထန် ညှင်းနေတယ်။

"မကင်းနိုင်အောင် ထို့နောက်နောင်လည်း ဝမ်းနည်းဖွယ်တွေ အထွေထွေနှင့် ပရိဒေဝ ငိုကျွေးကြွေးလျှက်"။

ဟော- ဒေါသကိုယ်ဆင်းရဲမှု၊ ဒေါမနဿ စိတ်နှလုံးမသာယာ မသက်သာမှု။

"ပရိဒေဝ ငိုကြွေးကြွေးလျှက် ဒုက္ခဒေါမနဿ ထပ်ချပ်မကွာ ဥပါယာသ လွန်ပြင်းပြလျှက် သက်မျှမရှု တက်အောင်ပူသည့် ဆူဆူ မီးတောက်"။

ဥပါယာသကျတော့ သိပ်ပြီးတော့ဆိုးတာ-

"တွက်ကိန်းမလှ ထိန်းမရဘဲ ဟိန်းချလောက်အောင် ယူတငိုကြွေး ပူဆွေးခြင်းဆိုတဲ့ ဥပါယာသ"။

ဒီအပူကျတော့ သောကထက် အဆပေါင်းများစွာ ပြင်းထန်သွားတယ်။ သောကကတော့ တအုံနွေးနွေးနဲ့ စိတ်ထဲမှာ-

"တအုံနွေးနွေး စိတ်မအေးပဲ ပူဆွေးညှိုးပိန် စိုးရိမ်ခြင်းဆိုတဲ့ သောက"။

ဘယ်ကျမှ ပျောက်သလဲ။ အနာဂါမ်အရှင်မြတ်ကြီးတွေကျတော့ ပျောက်ပြီနော်။ ဥပါယာသ ဆိုတာ အဆင့်မြင့်သောကပေါ့။ စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကလေးမှာလဲ မီး(၁၁)တောက်။

ရူပါအာဒိတ္တာ အဆင်းမျိုးစုံ ရူပါရုံတွေ လောင်ကျွမ်းပြီးတော့ နေတယ်။ ဘာနဲ့ လောင်ကျွမ်းနေသလဲ။ လောဘ, ဒေါသ, မောဟ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ (မီး ၁၁-မျိုး)။

အဲဒီလိုနဲ့ အာယတန (၁၂)ပါးလုံး လောင်ကျွမ်းပြီးနေတယ်။ ချုံးလိုက်မယ်ဆိုရင်-

http://www.dhammadownload.com



**မနော အာဒိတ္တော၊ ဓမ္မာ အာဒိတ္တာ၊ ကေန အာဒိတ္တာ၊ ရာဂဂ္ဂိနာ အာဒိတ္တာ၊ ဒေါသဂ္ဂိနာ အာဒိတ္တာ၊ မောဟဂ္ဂိနာ အာဒိတ္တာ၊ ဇာတိယာ အာဒိတ္တာ၊ ဇရာယ မရဏေန အာဒိတ္တာ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသေဟိ အာဒိတ္တာတိ ဝဒါမိ။**

"ပါဠိတော်လှစ် မီး(၁၁)ကို ဆယ့်နှစ်အာယတန မြှောက်ပွားကမူ (၁၃၀)နှစ်ပါးကယ်က အကျယ်မီးပေါင်း ပေါင်းတုံ့ရှောင်းသည် ထောင်းထောင်းတောက်လောင်မစဲတည်း"။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးက အာယတန (၁၂)ပါးကို မီး(၁၁)ပါးနဲ့ မြှောက်တော့ (၁၃၂)ပါး မီးတောက်တွေ တောက်နေတယ်နော်။ (၁၃၂)တောက် မီးတောက်တွေကို ရေတွက်ပြထားတာ။ ဒါ- အာယတနနဲ့ ပြထားတာပဲ ရှိသေးတယ်။

အာယတန (၁၂)ပါး ကာလသုံးပါးနဲ့ မြှောက်တော့ (၃၆) သန္တာန်(၂)ပါးနဲ့ မြှောက်တော့ ဘယ်လောက်ဖြစ်သွားမလဲ။ (၇၂)ဒီလိုဖြစ်သွားမှာပေါ့။

အဲဒါတွေဟာ မီးတောက်တွေချည်းပဲ။ အဲဒီမီးတောက်တွေ အားလုံးဟာ ပေါ့ဆမီးတွေပါပဲ။ ပေါ့ဆမီး၊ တောမီး၊ ရှို့မီး၊ တို့မီး၊ လျှပ်စစ်မီး၊ လောင်မီး စတဲ့မီးတွေ လောကမှာလဲ များပါတယ်။ မီး (၁၃၂) တောက်တို့ကတော့ ပေါ့ဆမီးတွေဆိုတော့ အခုတရားအားထုတ်နေတာ မီးသတ်နေတာပါပဲ။ ပေါ့ဆမီးငြိမ်းနေတာပဲ။

ယောဂီတို့သန္တာန်မှာ မီးတောက်တွေနဲ့ ဆရာတွေသန္တာန်မှာလဲ မီးတောက်တွေနဲ့နော်။ မီးတောက်တွေ တောက်လောင်နေပုံကို မြင်ရတယ်။ ဒီမီးတောက်တွေ တို့သန္တာန်မှာ တောက်နေတယ်။ မပေါ့ဆနဲ့။

တစ်ခါက ဘုန်းကြီးတစ်ပါးနဲ့ ဒကာတစ်ယောက် ခရီးသွားကြတော့ သူတို့လှည်းနဲ့ သွားကြတယ်။ မျက်နှာချင်းဆိုင်ကလဲ စပါးလှည်း

http://www.dhammadownload.com



တစ်စီး လာနေတယ်။ မျက်နှာချင်းဆိုင်က စပါးလှည်းမှောက်တော့ စပါးတွေက ဘုန်းကြီးအပေါ်လဲ ကျတယ်။ ဒကာအပေါ်မှာလဲ ကျတယ်။ ဒကာက အရင်မြင်တယ်။ ဘုန်းကြီးကျောပေါ်ကျတဲ့ စပါးတွေက ပေါက်ပေါက်တွေ ဖြစ်နေတယ်။

ဒကာက အရင်မြင်တယ်။ ဘုန်းကြီးကျောပေါ်က ပေါက်ပေါက်တွေကို ဟာ-ဘုန်းကြီးကျောပေါ် ပေါက်ပေါက်တွေပါလား။ ဘယ်လိုဖြစ်တာလဲလို့ဆိုတော့ အေးကွာပူလွန်းလို့ထင်ပါတယ် ငါ့ကျောပေါ်က စပါးတွေပေါက်ပေါက် ပေါက်တယ်။ မင့်ကျောကောဆိုတော့ "တပည့်ကျောလဲ ပေါက်ပါတယ် တပည့်တော်တို့က ကိစ္စမရှိပါဘူး။ အရှင်ဘုရားတို့က "အေး- ဒို့များလဲ အပူနဲ့ပဲကွဲ့" လို့ပြောသတဲ့။

ပူလွန်းလို့ စပါးတွေက ကျောပေါ်မှာပေါက်ပေါက် ပေါက်နေပုံကို ပြောပါတယ်။ အပူတွေအားလုံး ငြိမ်းအောင်ကတော့ တရားကို မြင်အောင် ကျင့်ကြရမယ်။ တရားကိုမြင်အောင် ကြည့်တဲ့အခါ ပရမတ်တရားကို မြင်အောင်ကြည့်ရမယ်၊ ဝိပဿနာဉာဏ်နဲ့ ကြည့်ရမှာ။ အဲဒီတော့ အာယတန ဘယ်နှစ်ပါးလဲ ရုပ်အာယတန(၁၀)ပါး၊ နာမ်အာယတန (၁)ပါး၊ ရုပ်နာမ် ရောရက်က (၁)ပါး၊ အဲဒီတော့ စိတ်(၆)မျိုးတို့ရဲ့ ဖြစ်ရာဖြစ်တဲ့ ဒွါရနဲ့အာရုံ၊ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ၊ ဒွါရ(၆)ပါးကို အတွင်းအာယတန၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ အာရုံ(၆)ပါးက အပြင်အာယတန၊ အဲဒီတော့ အတွင်း(၆)ပါး၊ အပြင်(၆)ပါး၊ ကမ္ဘာလောကကြီး အတွင်းအာယတန(၆)ပါး၊ အပြင်အာယတန (၆)ပါးနဲ့ ရှုပ်ထွေးနေတယ်။ အတွင်းစက္ခုပသာဒ မျက်စိအကြည်ဓာတ်နဲ့ အပြင်ကအဆင်းမျိုးစုံ ရူပါရုံတွေ ထိခိုက်လိုက်တဲ့အခါ မြင်သိ(စက္ခုဝိညာဉ်) စိတ်ကလေး ပေါ်လာတယ်။

http://www.dhammadownload.com



**အရှုပ်**

ဒီ(၆)မျိုးထက် ပိုပြီးတော့ ရှုပ်လို့ရပ့ါမလား။ အဲဒါကို နတ်သား တစ်ယောက်က-

**အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။**

**တံတံ ဂေါတမ ပုစ္ဆာမ၊ ကောဣမံ ဝိဇဋယေ ဇဋံ။**

အရှင်ဘုရား သတ္တဝါတွေဟာ အတွင်းဖြစ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် (၆)မျိုးနဲ့ရှုပ်ပါတယ်။ အပြင်က အဆင်းမျိုးစုံ- ရူပါရုံ၊ အသံမျိုးစုံ- သဒ္ဒါရုံ၊ အနံ့မျိုးစုံ- ဂန္ဓာရုံ၊ ရသာမျိုးစုံ- ရသာရုံ၊ အတွေ့အထိမျိုးစုံ- ဖောဋ္ဌဗ္ဗာရုံ၊ တွေးကြံမျိုးစုံ- ဓမ္မာရုံ။

အတွင်းအရှုပ်သမား (၆)ယောက်၊ အပြင်အရှုပ်သမား (၆)ယောက်တို့ပေါင်းပြီး (၁၂)မျိုးကြောင့် အမြဲရှုပ်နေပါတယ်ဘုရား။ အတွင်း (၆)မျိုးက ဘာနဲ့တူသလဲဆိုတော့ **"သုည ဂါမောတိ ခေါ ဘိက္ခဝေ ဆန္နံ အဇ္ဈတ္တိကာယတနာနမေတံ အဓိဝစနံ"** ရဟန်းတို့ အတွင်း(၆)မျိုးဟာ ရွာပျက်ကြီးနဲ့ တူတယ်။

အဲဒီရွာ ဘာကြောင့်ပျက်သလဲဆိုတော့ **"ဂါမဃာတကောတိ ဘိက္ခဝေ၊ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ"**။

ရွာပျက်ကြီးကတစ်ခု ရွာကိုဖျက်ဆီးတတ်တဲ့ ဓားပြဂိုဏ်းကြီးက တစ်ခု ရှိတယ်။ အဲဒီတော့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့က ရွာကို ဖျက်ဆီးတယ်။ ဓားပြတိုက်ဂိုဏ်းကြီးပေါ့။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့က ရွာပျက်ကြီးနဲ့တူတယ်။

ရွာပျက်ကြီးကြည့် ရွာကိုဖျက်ဆီးထားတယ်။ မီးရှို့ထားတယ် ဆိုတော့ လူတွေက လာကြတယ်။ ဒီရွာထဲ ဘာရှိပါလိမ့်ဆိုပြီး ကြည့်လိုက်တော့ စပါးလဲမကျန်၊ ပဲလဲမကျန် သုညဖြစ်နေတယ်။ သူခိုး၊ ဓားပြတွေက ဖျက်ဆီးထားလို့ပါပဲ။

http://www.dhammadownload.com



## ခြောက်ကောင်

ရူပါရုံ အစရှိတဲ့ အာရုံ(၆)ပါးက သူခိုး၊ ဓားပြနဲ့တူတယ်။ စက္ခု အစရှိတဲ့ ဒွါရ(၆)ခုက ရွာပျက်နဲ့တူပါတယ်။ တစ်နည်းအားဖြင့် ပြောမယ် ဆိုရင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့က သတ္တဝါ(၆)ကောင်နဲ့ တူတယ်။ ရူပါရုံ အစရှိတဲ့ အပြင်အာယတနတွေက သူတို့ရဲ့ကျက်စားရာ စားကျက်တွေနဲ့ တူတယ်။ သတ္တဝါခြောက်ကောင်က-

၁။ မြွေရယ်
၂။ မိကျောင်းရယ်
၃။ ငှက်ရယ်
၄။ အိမ်ခွေးရယ်
၅။ တောခွေး (ခေါ်) မြေခွေးရယ်
၆။ မျောက်ရယ်

၁။ **မြွေ**က ရှင်းရှင်းလင်းလင်း မကြိုက်ဘူး။ အမှိုက်ရှုပ်မှ ကြိုက်တယ်။ စက္ခုပသာဒ= မျက်စိအကြည်က လူတွေအများကြီးရှိတဲ့ နေရာ ကြည့်လိုက်တာနဲ့ အဆင်းတွေအများကြီးဆိုရင် သဘောကျတယ်။ လူတွေကို အများကြီးစည်လိုက်တာ သိပ်ဝမ်းသာစရာပဲ။ စိတ်ချမ်းသာ တယ်။

၂။ **မိကျောင်း**လဲ ရေနက်တဲ့နေရာ၊ ပျော်တာ။ မိကျောင်းနဲ့တူတဲ့ သောတပသာဒ= နားအကြည်ဓာတ်က အသံကြားနေရ ပျော်တာ။ နားထောင်လိုက်ဦးမယ်ဟေ့ သီချင်းဆိုတာ နားအကြည် မိကျောင်းရဲ့ ဆန္ဒပဲ။

၃။ **ငှက်**ကတော့ သူကကောင်းကင်ကို ပျံနေရမှ ကျေနပ်တယ်။ ဃာနပသာဒ= နှာခေါင်းအကြည်က အနံ့ကလေးရှိနေမှ မွှေးတဲ့အနံ့ရှိမှ ကျေနပ်တယ်။

၄။ **အိမ်ခွေး**ကျတော့ မစင်လေးဘာလေး စားပြီး ဖျာပုံထဲ ခွေအိပ် နေရမှ ကျေနပ်တယ်။

http://www.dhammadownload.com



၅။ **မြေခွေး** သူတို့က ရှေးအခါတုန်းက တောထဲမှာ သုသာန် တွေမှာရှိတဲ့ သူသေကောင်တွေစားပြီးနေရမှ ကျေနပ်တာ။ ကာယ ပသာဒ= ကိုယ်အကြည်ကလဲ အတွေ့အထိရှိမှ သဘောကျတယ်။

၆။ **မျောက်**ကတော့ ပြေးလွှားပြီး ဆော့ကစားနေရမှ။ စိတ်က ဘာနဲ့တူသလဲ။ မျောက်နဲ့တူတယ်။ စိတ်ကိုချုပ်တည်းထားလို့ရှိရင် လူတွေက မကျေနပ်ဘူးနော်။ စိတ်ကမျောက်လိုပဲကိုး။

အဲဒီ သတ္တဝါ(၆)ကောင်ကို တစ်နေရာ တိုင်တစ်တိုင်မှာ တုတ်ချည်ထား။ မြွေ၊ မိကျောင်း၊ ငှက်၊ အိမ်ခွေး၊ မြေခွေး၊ မျောက်တို့ကို ဖမ်းပြီး တိုင်တစ်တိုင်ထဲမှာ ချည်ထားပါ။

ရုန်းမယ်။ မြွေကလဲ ရှုပ်ထွေးတဲ့နေရာ သွားချင်လှပြီ။ မိကျောင်းက ရေနက်တဲ့စီ သွားချင်ပြီ၊ ငှက်ကလဲ ကောင်းကင်ပျံချင်လှပြီ။ အိမ်ခွေးကလဲ မစင်စားပြီး ဖျာပုံမှာခွေအိပ်ချင်ပြီ။ မြေခွေးကလဲ သုသာန် သွားချင်လှပြီ၊ စားဖို့။ မျောက်ကလဲ ဆော့ကစားချင်လှပြီ။ ရုန်းကြတာ။ အဲဒီလို ရုန်းသလိုပဲတဲ့။

စက္ခုအကြည်ဓာတ်ကလဲ အဆင်းမြင်ချင်တယ်။ သောတ ပသာဒက အသံကြားချင်တယ်။ ဥပမာဆိုကြပါစို့။ ဘုရားတစ်ဆူ သွားဖူးတယ်ဆိုရင် သွားတာက ဘုရားဖူးသွားတာ။ ဟိုကျတော့ တရားသံကြားတော့ ဘုရား မဖူးသေးဘူး။ တရားနာဦးမယ်။ ဘယ်သူက အားသာသွားသလဲ။ မိကျောင်းက အားသာသွားတယ်။ မိကျောင်းက အားသာသွားတော့ ဘုရားနောက်မှဖူးမယ်။ တရားနာလိုက်ဦးမယ်။ ဒါကောင်းတဲ့နေရာ။

မကောင်းတဲ့နေရာကျတော့ ပွဲကြည့်သွားမယ်။ လူနှစ်ယောက် သွားတယ်၊ ဆိုကြပါစို့။ ဟိုရောက်တော့ တစ်ယောက်က သီချင်းသံ နားထောင်တယ်။ တစ်ယောက်က မင်းသား၊ မင်းသမီးချောတာ၊ လှတာ ကြည့်တယ်။ အဲဒီလိုပဲ သတ္တဝါ(၆)ကောင်နဲ့တူတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် သူတို့ရဲ့ကျက်စားရာ အသီးအသီးရှိတယ်။ ရုန်းနေတာ

http://www.dhammadownload.com



အမြဲတမ်း ရုန်းနေတာပဲ။

မျက်စိက ဟိုဟိုဒီဒီ ကြည့်ချင်တယ်။ နားကလဲ နားထောင်ချင်တယ်။ ဆွဲနေတာ၊ ဆွဲနေတော့ တိုင်ခိုင်အောင် ကြိုးခိုင်အောင် ချည်ရမှာကိုး။ ငုတ်ကောင်းကောင်း၊ တိုင်ကောင်းကောင်း၊ ကြိုးကောင်းကောင်း ချည်ထားရမှာ။

## ငုတ်တိုင်

ငုတ်ကောင်းကောင်း၊ တိုင်ကောင်းကောင်းက ဘာလဲဆိုတော့-

**ဒဠှေခီလေ ဝါတိ ဘိက္ခဝေ ကာယဂတာယသတိယာ အဓိစေနံ။**

ခိုင်မြဲတဲ့ငုတ်၊ ခိုင်မြဲတဲ့တိုင်ဆိုတာ ကာယဂတာသတိရဲ့ နာမည်ပဲ။ (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်း ပွားချင်လဲ ပွား၊ ထွက်လေဝင်လေ ကမ္မဋ္ဌာန်း ပွားများတာလဲ ကာယဂတာသတိ ကမ္မဋ္ဌာန်းပါပဲ။

အခု (၇၅)ကြိမ်မြောက် ကမ္မဋ္ဌာန်းပွားများကြတဲ့ ယောဂီများ ကျတော့ထွက်လေဝင်လေကို အစထားပြီး ရှုမှတ်လာတယ်။ အဲဒီတိုင်နဲ့ ချည်ထားမှ ဒီသတ္တဝါတွေက ငြိမ်မှာပဲ။ မဟုတ်လို့ရှိရင် မြွေကလဲ ရုန်းမှာပဲ၊ မိကျောင်းကလဲ ရုန်းမှာပဲ၊ ငှက်ကလဲ ရုန်းမှာပဲ၊ အိမ်ခွေး, တောခွေး, မျောက်တို့လဲ ရုန်းမှာပဲ။

အားသန်တဲ့သတ္တဝါက အားကုန်ရုန်းမှာပဲ။ အားသန်တဲ့ သတ္တဝါက သူ့အရင်ဆုံးထွက်ပြေးမှာပဲ။ မပြေးနိုင်အောင် ထိန်းသလို စိတ်ကို ကာယဂတာသတိ ဆိုတဲ့တိုင်နဲ့ ထိန်းရမယ်။ သတိဆိုတဲ့ကြိုး ကာယဂတာသတိဆိုတဲ့ ငုတ်တိုင်စိုက်ပြီးတော့ ချည်ထားရမယ်။

အဲဒီ သတ္တဝါ(၆)ကောင်ကို ထိန်းသလို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ထိန်းရမှာပါပဲ။ ကာယဂတာသတိ တစ်နည်း ကာယဂတိသတိထဲ အပါအဝင် အာနာပါနသတိ ထွက်လေဝင်လေ သတိကို အခြေခံပြီးတော့မှ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို

http://www.dhammadownload.com



ထိန်းရမှာ။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို အကြောင်းပြုပြီးတော့မှ တဏှာဖြစ်တယ်နော်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ငါ့မျက်စိ၊ ငါ့နား၊ ငါ့နှာခေါင်း၊ ငါ့လျှာ၊ ငါ့ကိုယ်၊ ငါ့စိတ် အဲဒီလို အတ္တပြင်းထန်တဲ့ အစွဲတွေ ဖြစ်နိုင်တယ်။ ဒီနေရာမှာ ပရမတ်သဘောနားလည်အောင် ကျင့်ကြံပြီးတော့မှ အတ္တဒိဋ္ဌိ ပြုတ်နိုင်တယ်။

## နင်သည်းခံ

အဲဒါကို လက်ာလေးဆိုပြီးတော့-

**"စက္ခုမှာဖြစ် တဏှာညစ်ကို ခွါပြစ်နိုင်ရန် နင်သည်းခံ နိဗ္ဗာန်ရောက်ကြောင်းတည်း"**။

မြင်တယ်၊ မြင်တော့ သဘောကျတယ်၊ အဘိဇ္ဈာဖြစ်တယ်။ မြင်တော့ သဘောမကျဘူး၊ ဒေါမနဿ ဖြစ်တယ်။ "နင်သည်းခံ"ဆိုတာ မြင်တော့ ဝမ်းပန်းတသာ တဏှာလဲမဖြစ်နဲ့၊ ဒေါမနဿ ဒေါသလဲ မဖြစ်နဲ့။ ဒေါသမဖြစ်ရင် မောဟလဲမဖြစ်တော့ဘူးပေါ့။ လိုက်ဆိုကြ-

- စက္ခုမှာဖြစ် တဏှာညစ်ကို ခွာပြစ်နိုင်ရန် နင်သည်းခံ နိဗ္ဗာန်ရောက်ကြောင်းတည်း။
- သောတမှာဖြစ် တဏှာညစ်ကို ခွာပြစ်နိုင်ရန် နင်သည်းခံ နိဗ္ဗာန်ရောက်ကြောင်းတည်း။
- ဃာနမှာဖြစ် တဏှာညစ်ကို ခွာပြစ်နိုင်ရန် နင်သည်းခံ နိဗ္ဗာန်ရောက်ကြောင်းတည်း
- ဇိဝှါမှာဖြစ် တဏှာညစ်ကို ခွာပြစ်နိုင်ရန် နင်သည်းခံ နိဗ္ဗာန်ရောက်ကြောင်းတည်း
- ကာယမှာဖြစ် တဏှာညစ်ကို ခွာပြစ်နိုင်ရန် နင်သည်းခံ နိဗ္ဗာန်ရောက်ကြောင်းတည်း

http://www.dhammadownload.com



- မနောမှာဖြစ် တဏှာညစ်ကို ခွာပြစ်နိုင်ရန် နင်သည်းခံ နိဗ္ဗာန်ရောက်ကြောင်းတည်း

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန အကြည်ဓာတ် (၆)မျိုးအာရုံများကို ငါပဲသူပဲ မစွဲလမ်းအောင် မြတ်စွာဘုရားက -

**သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ အနိစ္စတော ဝိပဿန္တိ၊ ဒုက္ခတော ဝိပဿန္တိ အနတ္တတော ဝိပဿန္တိ။**

သေက္ခပုဂ္ဂိုလ်တွေရော၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေရော စက္ခု သောတ ဃာန ဇိဝှါ ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဝတ္ထုရုပ်တို့ကို အနိစ္စလို့မြင်၊ ဒုက္ခလို့မြင်၊ အနတ္တလို့မြင်။ ဝိပဿနာရှုနည်း ကမ္မဋ္ဌာန်း တရားတော်ပါပဲ။

စက္ခုနဲ့ပတ်သက်ပြီးတော့ အနိစ္စလို့မြင်ရမယ်၊ ဒုက္ခလို့ မြင်ရမယ်၊ အနတ္တလို့ မြင်ရမယ်။ စက္ခုနဲ့ပတ်သက်ပြီး အတ္တအစွဲ ဖြိုခွဲနိုင်လို့ရှိရင် နိဗ္ဗာန်ရောက်တာပါပဲ။ လိုက်ဆိုကြ -

"စက္ခုမှာမြဲ အတ္တစွဲကို ဖြိုခွဲနိုင်လျှင် နိဗ္ဗာန်ဝင် အသင် ငြိမ်းအေးမည်။"

"သောတမှာမြဲ အတ္တစွဲကို ဖြိုခွဲနိုင်လျှင် နိဗ္ဗာန်ဝင် အသင် ငြိမ်းအေးမည်။"

"ဃာနမှာမြဲ အတ္တစွဲကို ဖြိုခွဲနိုင်လျှင် နိဗ္ဗာန်ဝင် အသင် ငြိမ်းအေးမည်။"

"ဇိဝှါမှာမြဲ အတ္တစွဲကို ဖြိုခွဲနိုင်လျှင် နိဗ္ဗာန်ဝင် အသင် ငြိမ်းအေးမည်။"

"ကာယမှာမြဲ အတ္တစွဲကို ဖြိုခွဲနိုင်လျှင် နိဗ္ဗာန်ဝင် အသင် ငြိမ်းအေးမည်။"

"မနောမှာမြဲ အတ္တစွဲကို ဖြိုခွဲနိုင်လျှင် နိဗ္ဗာန်ဝင် အသင် ငြိမ်းအေးမည်။"

http://www.dhammadownload.com



စက္ခုတွင်မည် ရုပ်ထိုဏ်ကား မြင့်ရှည်ကာလ မတည်ထဘဲ ခဏဖြစ်လျှက် ခဏပျက်၏။ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏။ ခိုင်မြဲကြောမာ နှစ်မပါဘူး သူ့သဘာဝ အနိစ္စသည် ဒုက္ခ အနတ္တပါတကား။

သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ၊ အတွင်းအာယတန (၆)ပါး၊ အပြင်အာယတန (၆)ပါး အားလုံး အနိစ္စ ဒုက္ခ အနတ္တဉာဏ် အမြင်မြင်ကြရမှာကိုး။

စောစောကပြောတဲ့ အာဒိတ္တပရိယာယသုတ္တန်မှာတော့ မီးလောင်ကျွမ်းပုံကို မြင်အောင်ကြည့်ရတယ်။ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကလဲ မီးလုပ်ကျွေးတဲ့ ပုဂ္ဂိုလ်တွေကိုး။ မီးအိုးကင်းလေးနဲ့ မီးပဲဖို မီးပဲပျိုးနေတာပဲ။

မီးဖိုလေးကို မပြတ်မလတ်အောင် မီးမွေးထားနိုင်ရင် ဖြဟ္မာပြည် ရောက်တယ်လို့ အယူမှားကရှိနေတယ်။ မီးလုပ်ကျွေးတဲ့ ပုဏ္ဏားတွေ၊ မီးလုပ်ကျွေးတဲ့ ရသေ့ညီနောင် ရှင်တစ်ထောင်ပေါ့။ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို မြတ်စွာဘုရားက တန်ခိုးပေါင် သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်ပါး ပြရတယ်၊ မလွယ်ဘူး။

အဲဒီလို ပြပြီးတော့မှ ယခု ဗုဒ္ဓဂယာမှာ ဂယာရွာဆိုတာ ရှိတယ်။ ဗုဒ္ဓဂယာက ဥရုဝေလတောတို့၊ ရာဇဂြိုလ်တို့၊ ဂိဇ္ဈကုတ်တောင်တို့ သွားတဲ့အခါ လမ်းမှာတွေ့တယ်။

အဲဒီ ဂယာရွာရဲ့ဘေးမှာ ဂယာသီသခေါ်တဲ့အရပ်၊ ကျောက်ဖျာ ကြီးတွေ ကျောက်ဖျာကြီးတွေက ဆင်ဦးကင်းကြီးလိုပဲ၊ အခုထိ ရှိတယ်။ မြတ်စွာဘုရား ဂယာရွာ ဂယာသီသအရပ်မှာ ဆင်ဦးကင်းနဲ့တူတဲ့ ကျောက်ဖျာကြီးတွေပေါ်မှာ နံပါတ်(၃) အာဒိတ္တပရိယာယသုတ္တန်ကြီးကို ဟောခဲ့တာ။

ဘုရားဖြစ်ပြီးကာစ တစ်နှစ်အတွင်းမှာပါပဲ။ အဲဒီ ဒေသနာ တော်မှာ တစ်လောကလုံး မီးလောင်ကျွမ်းနေပုံကို ဟောတာ။ ဟောတဲ့

http://www.dhammadownload.com



နေရာမှာ အတွင်းအာယတန (၆)ပါး၊ အပြင်အာယတန (၆)ပါးနှင့် အာယတန (၁၂)ပါးကြောင့် ပေါ်ပေါက်ပြီးတော့လာတဲ့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်၊ အဲဒါတွေအားလုံးဟာ မီးလောင်နေတာပဲ။

စက္ခုပသာဒနဲ့ ရူပါရုံ ထိခိုက်မှုကြောင့် ပေါ်လာတဲ့ မြင်သိစိတ်လေး။ အဲဒီ သုံးမျိုးပေါင်းမိလို့ ပေါ်လာတဲ့ဖဿ။ အဲဒီ ဖဿလဲပဲ မီး(၁၁)မျိုး လောင်နေတာပဲ။ ဖဿတွေ့ထိမှုကြောင့်ဖြစ်တဲ့ ဝေဒနာ ခံစားချက်တွေ အဲဒါလဲ မီးလောင်ရက်ပဲ။

အတွင်းအာယတန (၆)ပါး၊ အပြင်အာယတန (၆)ပါး၊ ပေါင်း (၁၂)ပါးကို အခြေခံပြီးတော့ ဝိညာဉ် (၆)ပါး ပေါ်လာတယ်။ ဝိညာဉ် (၆)ပါးကြောင့် ဖဿ(၆)ပါး၊ ဖဿ (၆)ပါးကြောင့် ဝေဒနာ (၆)ပါး။ အဲဒီဟာတွေအားလုံးဟာ မီး (၁၁)မျိုး တောက်လောင်နေတာချည်းပဲ။

အဲဒီတော့ အတွင်းအာယတန (၆)ပါး၊ အပြင်အာယတန (၆)ပါး၊ ဝိညာဉ် (၆)ပါး၊ ဖဿ (၆)ပါး၊ ဝေဒနာ (၆)ပါး။ ခြောက်ပါးငါးလီမှာ မီး(၁၁)ပါးတောက်တာကိုး။

အတွင်းအာယတနမှာလဲ တောက်တယ်။ အပြင်အာယတနမှာလဲ တောက်တယ်။ ဝိညာဉ် (၆)မျိုးမှာလဲ တောက်တယ်။ ဖဿ (၆)မျိုးမှာလဲ တောက်တယ်။ ဝေဒနာ (၆)မျိုးမှာလဲ တောက်တယ်။ မီးက (၁၁)တောက်၊ (၁၁)တောက် အကုန်လုံးလောင်တာ။

အဲဒီမီးတောက်တွေကို ရေတွက်လို့ ရတယ်။

**ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော။**

**ပ။ ပဇာနာတိ။**

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့မှာလဲ တောက်တယ်။ အဆင်း စသည်တို့မှာလဲ တောက်တယ်။ မြင်သိစိတ်၊ ကြားသိစိတ် တို့မှာလဲ တောက်တယ်။ ဖဿ (၆)ပါးတို့မှာလဲ တောက်တယ်။ မြင်တာ (၆)မျိုးမှာ တောက်တယ်ဆိုတော့ အဲဒါတွေကို မြင်တဲ့ မြတ်စွာဘုရားသား

http://www.dhammadownload.com



အရိယာတပည့်ဟာ စက္ခုပသာဒ မျက်စိအကြည်လေးမှာလဲ တောက်တယ်လို့ သိတယ်။ ငြီးငွေ့လာတယ်။ ဝိပဿနာအထွဋ်အထိပ် ရောက်တယ်။

ငြီးငွေ့လာတော့ တပ်မက်မှုကင်းတယ်။ တပ်မက်မှုကင်းတော့ မဂ်ဉာဏ်ပဲ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် အဆင့်ဆင့်ဖြစ်ပြီး တော့ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ဟာ ဒီအာဒိတ္တပရိယာယသုတ္တန် ကို နာကြားပြီးတော့ အရှင်မြတ် (၁၀၀၀)လုံး အကုန်လုံးအရိယာ ဖြစ်ကြတာပဲ။ ရဟန္တာ ဖြစ်ကြတယ်။

သူတို့ဟာ အကုန်လုံး ရဟန္တာဖြစ်ကြတယ်။ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ဟာ ရဟန္တာဘဝ ရောက်ကြတယ်။ စောစောက မြတ်စွာဘုရားက တန်ခိုးအမျိုးမျိုးပြသပြီးတော့မှ သူတို့ကိုစည်းရုံးရတာ မလွယ်ဘူး။

ဘုရားဖြစ်ပြီးကာစ ရသေ့ညီနောင် ရှင်တစ်ထောင်နဲ့ တွေ့တဲ့ ပွဲဟာ ပွဲကြီးပဲ။ တန်ခိုးတွေ သိပ်ပြရတာပဲ။ သိပ်ပြီးကြီးကျယ်တဲ့ တန်ခိုးပြပွဲကြီးပါပဲ။ သူတို့ကလဲ ထိုက်တန်သလောက် တန်ခိုးရှိတဲ့ ပုဂ္ဂိုလ် တွေဆိုတော့ တော်ရုံတန်ရုံနဲ့ အောင်ပွဲမခံနိုင်ဘူး။

အာဒိတ္တပရိယာယသုတ္တန် ဒေသနာတော်မြတ်ကြီး နာကြားပြီး တော့ အရိယာစခန်း တက်လှမ်းပြီး ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းကြသကဲ့သို့ ယခုယောဂီများနဲ့ ဆရာလေးများလဲ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ တရားရခဲ့တဲ့ အာဒိတ္တပရိယာယသုတ္တန် ဒေသနာတော်မြတ်ကြီးကို နာကြားရသဖြင့် လျှင်မြန်စွာ ဝဋ္ဋဒုက္ခခပ်သိမ်း ကင်းငြိမ်းအောင် အားထုတ်ကြပါစေသော်ဟု ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပရိယတ္တိသာသနဟိတဓရ**

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**စရိုက် (၆)ပါး**

ယနေ့သာသနာနှစ် ၂၅၄၈ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော်(၁)ရက်၊ (၇၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းပွဲ။

မနေ့ လပြည့်နေ့က စပြီးတော့ ဖွင့်ပါတယ်။ မိမိတို့အနေနဲ့ ပြောမယ်ဆိုရင် ခရစ်နှစ်နဲ့ မွေးနေ့ကတစ်မျိုး၊ ဩဂုတ်လ(၁၂) ရက်နေ့ ဆိုတော့ ပြီးခဲ့ပြီ။ မြန်မာကောဇာသက္ကရာဇ်နဲ့ ယူတဲ့အခါကျတော့ ယနေ့ဝါခေါင်လပြည့်ကျော် (၁)ရက်ဆိုတော့ ဝါခေါင်လပြည့်ကျော် (၆)ရက်နေ့ဆိုရင် (၆၃)နှစ် ပြည့်ပြီ။ အသက်(၆၃)နှစ်ထဲမှာ (၇၅)ကြိမ် မြောက်တရားစခန်းက နောက်ဆုံးတရားစခန်းပါပဲ။ နောက်ဆုံးတရား စခန်းမှာ ဓမ္မဒါနပြုချင်ဒါပါပဲ။ တစ်ချိန်တခါတုံးက နတ်ပြည်မှာ နတ်သား နတ်သမီးတွေ အငြင်းပွားကြတယ်။ "အလှူတွေ အမျိုးမျိုးရှိတယ်တဲ့၊ ဘယ်အလှူဟာ အမြတ်ဆုံးလဲ" နတ်ပြည်မှာ အငြင်းပွားကြတယ်။

A.33.4

http://www.dhammadownload.com



နတ်သား နတ်သမီးတွေ အငြင်းပွားတဲ့ ပြဿနာမပြီးနိုင်တော့ သဟဿက္ခ မျက်လုံးတစ်ထောင်ရှိတယ်လို့ နာမည်ရှိတဲ့ သိကြားမင်းကြီးထံ သွားမေးကြတာ။ နတ်သား နတ်သမီးတွေ အငြင်းပွားနေကြတယ်။ အလှူတွေ အများကြီးရှိတာထဲက ဘယ်အလှူဟာ အမြတ်ဆုံးလဲလို့ ပြဿနာဖြစ်နေကြပါတယ်။ ဖြေရှင်းပေးပါအုံးလို့ သိကြားမင်းကြီးကို မေးကြတယ်။

သိကြားမင်းကြီးက ပြောတယ်။ အဲဒီပြဿနာ ငါလဲ မဖြေရှင်းနိုင်ဘူး။ ဘုရားစီသာ သွားကြပေတော့လို့ ပြောတဲ့အတွက် ဘုရားထံရောက်ကြတယ်။ နတ်တွေက မြတ်စွာဘုရားကို အလှူအများကြီးတို့တွင် ဘယ်အလှူက အမြတ်ဆုံးဖြစ်ပါသလဲဘုရားလို့ လျှောက်ကြတယ်။ အချက်လေးချက်ပါ၊ အမိကကတော့ဒါပါပဲ။ မေးတဲ့အခါ မြတ်စွာဘုရားက ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးမျိုး အလှူတရားအလှူတို့တွင် တရားအလှူဟာ အမြတ်ဆုံးပါပဲလို့။

**"ဧတဒဂ္ဂံ ဘိက္ခဝေ ဒါနနံ ယဒိဒံ ဓမ္မဒါနံ"**

ဘိက္ခဝေ= ရဟန်းတို့၊ ဒါနာနံ= စွန့်ကြဲပေးကမ်း လှူဒါန်းမှုတို့တွင်၊ ယဒိဒံဓမ္မဒါနံ= အကြင်တရားအလှူသည်၊ အတ္ထိ= ရှိ၏။ ဧတံ= ဤတရားအလှူသည်၊ အဂ္ဂံ= အမြတ်ဆုံးပေတည်း။ အလှူတွေထဲမှာတော့ တရားအလှူဟာ အမြတ်ဆုံးပဲတဲ့။ ဘယ်လောက်မြတ်သလဲဆိုရင် ယခုမြင်နေကြတဲ့ စကြာဝဠာ ကောင်းကင်ကြီးတစ်ခုလုံး ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တွေနဲ့ အဂ္ဂသာဝက၊ မဟာသာဝကတွေ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာအရှင်မြတ်တွေ တန်းစီတန်းစီပြီးတော့ အပြည့်ထိုင်ပြီးတော့ သီတင်းသုံးနေကြတာ။ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ သီတင်းသုံးနေကြတာ။ အာရုံမှန်းပြီးတော့ ကြည့်လိုက် ကောင်းကင်အပြည့်။

F.35.B

http://www.dhammadownload.com



အဲဒီ ကောင်းကင်အပြည့် သီတင်းသုံးနေတဲ့ ဘုရားမြတ်စွာ ပစ္စေကကာနဲ့ အရိယာအပေါင်း သူတော်ကောင်းတို့အား ငှက်ပျောတုံးလေးကို တဖြေးဖြေးခွါလိုက်တဲ့ အခါကျတော့ အနှစ်ဆုံးဖြစ်တဲ့ ငှက်ပျောဖတ်ကလေး ရောက်သွားတယ်။ အဲဒီလို နူးညံ့သိမ်မွေ့တဲ့ သက်န်းတစ်စုံစီ လှူတာပါပဲ၊ စဉ်းစားသာကြည့်လိုက်ကြ။ အဲဒီ အလှူထက် တရားအလှူက မြတ်သေးတယ်။ တရားအလှူက မြတ်တယ်။ အဲဒီတော့ သိကြားမင်းကြီးက အဲဒါလောက် အမြတ်ဆုံးဖြစ်တဲ့ တရားအလှူကို လှူပြီးတိုင်း လှူပြီးတိုင်း ငါ့အားဘာပြုလို့ အမျှမဝေကြပါသလဲ။ အမျှအတန်း မပေးဝေကြပါသလဲလို့ မေးပြန်တယ်။

မြတ်စွာဘုရား တရားအလှူကို လှူပြီးတိုင်း လှူပြီးတိုင်း တပည့်တော်ကို အမျှဝေဖို့ ခိုင်းပေးပါဘုရားလို့ လျှောက်ထားပါတယ်။ သိကြားမင်းကြီးက "သာဓုခေါ်က တစ်ဝက်ရ" ဆိုတဲ့အတိုင်း သာဓုခေါ်ပြီးတော့ ကုသိုလ်ယူပါတယ်။ သာဓုခေါ်ပြီးတော့ ကုသိုလ်လိုချင်လို့ ဒါလောက်တောင် အကျိုးများတဲ့ အာမိသအလှူဖြစ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးအလှူထက် ဓမ္မဒါန တရားအလှူက မြတ်တယ်၊ ဂုဏ်ရှိတယ်၊ အကျိုးရှိတယ်။ အဲဒီလိုဆိုရင် သူ့ကိုအမျှဝေပါတဲ့ အမျှဝေခိုင်းပေးပါဘုရားလို့ ဘုရားကိုလျှောက်တယ်။

အဲဒီလိုပဲ နတ်သား နတ်သမီးတွေရဲ့ အလှူတွေထဲမှာ ဘယ်အလှူဟာ အမြတ်ဆုံးလဲ ဆိုတဲ့ပြဿနာကို ဓမ္မဒါနတရားအလှူဟာ အမြတ်ဆုံးပဲလို့ ဖြေကြားတဲ့အတိုင်း၊ ဘုန်းကြီးတို့ (၆၃)နှစ် လာမည့် ဝါခေါင်လပြည့်ကျော်(၆)ရက်နေ့မှာ ပြည့်ပြီ။ သတိရစရာ သတိရစရာ (၆၃)နှစ်တာ ကာလအတွင်းမှာ ဘဝအချိုးအကွေ့တွေကလဲ အများကြီး တွေ့ခဲ့ဖူးတယ်၊ ကြုံခဲ့ဖူးတယ်။ ကျေးဇူးရှင် အမိအဖ၊ အဘိုးအဘွား၊ ဆရာကောင်း သမားကောင်း၊ ဆွေကောင်း မျိုးကောင်း နေရာကောင်း ရရှိခဲ့တဲ့အတွက် အခုလိုသာသနာပြုခွင့်ရတာပါပဲ။ အကယ်၍များ မိဆိုးဖဆိုး ဆွေဆိုးမျိုးဆိုး ဆရာဆိုး သမားဆိုး ဝဠ်ဆိုး ကြမ္မာဆိုး

http://www.dhammadownload.com



ဘုံဆိုးဘဝဆိုးတွေနဲ့ ကြုံရ ဆုံရမယ်ဆိုရင် ယခုလိုသာသနာ ပြုခွင့် မရနိုင်ပါဘူး။ ကျေးဇူးရှင် အမိအဖ အဘိုးအဘွားများကလဲ ကမ္မဿကတဉာဏ်၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ (၁၀)မျိုးကို အခြေခံပြီးတော့ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာခဲ့ကြတယ်။ ပတ်ဝန်းကျင် ဆွေတော် မျိုးတော် အသိုင်းအဝိုင်းတွေလဲ ဒီအတိုင်းပါပဲ။

ဘုန်းကြီးက ငယ်ငယ်က ဘုရားစီ မျက်နှာလှည့်နေတာ၊ တရားစီ မျက်နှာ လှည့်နေတာ၊ သံဃာတော်တွေစီ မျက်နှာလှည့်နေတာ အဲဒီကို မျက်နှာမလှည့်ပါနဲ့၊ အခြားအခြားဘုရားတွေက တန်ခိုးကြီးလွန်းလို့ ဟိုဘက်ကို မျက်နှာလှည့်ပါအုံးလို့ တစ်စုံတစ်ယောက်သော မိဘဆွေမျိုး ဦးကြီး ဦးလေးကမှ လာပြီးတော့ မိမိတို့ရဲ့လမ်းမှန် ကိုးကွယ်မှုကို ဟန့်တားမှု မပြုခဲ့ဖူးဘူး။ ကျေးဇူးရှင် ကနီမြို့နယ် ကုန်းသာရွာ ဆရာတော်ဘုရားကြီး တွေကလဲ “ဗုဒ္ဓ သရဏံ ဂစ္ဆာမိ” အစရှိသည်ဖြင့် မှန်ကန်တဲ့ သရဏဂုံ၊ မှန်ကန်တဲ့ သီလ၊ မှန်ကန်တဲ့ အသိဉာဏ် အပေါ်မှာပဲ အလေးထားပြီး ရှေ့ဆောင်လမ်းပြတော်မူခဲ့ကြတယ်။

မုံရွာ၊ ပခုက္ကူ၊ မန္တလေး ရောက်ပြန်တော့လဲပဲ ဆရာကောင်း သမားကောင်း တကယ့်အကျော်မော် ဆရာတော်ကြီးတွေရဲ့ တပည့် ဖြစ်ခွင့် တွေ့ခွင့်ရတယ်။ တကယ့်အကျော်အမော် ဆရာတော်ကြီးတွေနဲ့ တွေ့တာနဲ့စာရင် ဘုန်းကြီးတို့ စာတတ်တာ နည်းသေးတယ်။ ဘာကြောင့် လဲဆိုတော့ အမှီအင်မတန် ကောင်းခဲ့လို့ပါပဲ။ တောမှာလဲ တော အလျောက်၊ ကုန်းသာရွာဘဝ စရောက်တော့လဲ ဆရာတော်ဦးကုမုဒ၊ ဆရာတော်ဦးဉာဏဝံသတို့လို ဆရာကောင်း သမားကောင်းတွေနဲ့ ကြုံခဲ့ရတာ။ မုံရွာမြို့ သပြေပင်တောရ ရောက်ပြန်တော့လဲပဲ ဝါကျတ္ထဒီပကာဒိကျမ်းပြုအကျော် သပြေပင်တောရ ဆရာတော် ဘုရားကြီး အစရှိတဲ့ ဆရာတော်ကြီးတွေကလဲပဲ ဧရာမဆရာတော်ကြီး တွေ ငွေတောင်နားတော့ ငွေကျေး၊ ရွှေတောင်နားတော့ ရွှေကျေး ဆိုတာမျိုးပဲ မှီရာတွေအင်မတန် ကောင်းခဲ့တာ။ ရန်ကုန် ရောက်ပြန်တော့

http://www.dhammadownload.com



လဲ နာဂလိုဏ်ဂူ ကလေးဝဆရာတော်၊ မိုးညှင်းဆရာတော် အစရှိတဲ့ မှီရာကြီးတွေ ရန်ကုန်မြို့မှာ ရွှေတန်းကနေ နာမည်ကြီးတော်မူကြတဲ့ ဆရာတော်ဘုရားကြီးတွေကို အမှီပြုခွင့်ရခဲ့တယ်။ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ မိုးညှင်းဆရာတော် ဘုရားကြီးဆိုရင် ဒီနေရာမှာ စာသင်တိုက် တည်ထောင်မလို့ပါဘုရား ဆိုတော့ မင်းဒီမှာနေတာ ဆိုတော့ ကလေးဝဆရာတော်ကြီးနဲ့တော့ မရင်းနှီးဘူး။ ငါလာကြည့် အုံးမယ်ကွာ၊ မင်းဘယ်လိုနေတုံးဆိုပြီး လာကြည့်ရှာတယ်။ ကိုယ်တိုင် လာကြည့်တော်မူတယ်။ ကလေးဝဆရာတော် ဆိုတာကတော့ ရဟန်း(၁၆)ဝါရ မုံရွာမှရောက်တာနဲ့ တစ်ပြိုင်နက်ထဲ စာသင်တိုက်ဖွင့်ပါ။ စာသင်တိုက်ဖွင့်ဖို့ အပ်ထားပြီ။ ရောက်တာနဲ့ ကလေးဝတောရ ကျောင်းတိုက်ကြီးကို အပ်နှံတာပါပဲ။

မအပ်နှံမီ ဒကာတစ်ယောက်က စာသင်တိုက် ထောင်ပေးမယ် ဆိုပြီး ကျောင်းရှာပါတယ်။ အဲဒီ ကျောင်းကတော့ မိမိနေရုံလောက်ပဲ ဖြစ်မှာပါပဲ။ ကလေးဝဆရာတော် ဘုရားကြီးရဲ့ ချီးမြှောက်မှုဟာ ယောဂီများသိကြတဲ့အတိုင်း နာဂလိုဏ်ဂူဘုရား ကုန်းမြေဆိုတာ (၁၇. ၀၁၆)ဧကရှိတယ်။ နိုင်ငံတော်သံဃဝိနိစ္ဆယ (၃၂/၈၃)က သာသနာ့မြေလို့ ဆုံးဖြတ်ပြီးပေးထားပါတယ်။ လူသူလေးပါးလဲ သိပ်ပြီးအရှုပ်အထွေးမရှိဘူး။ ပြီးတော့ နာဂလိုဏ်ဂူ အောင်ချမ်းသာ စေတီတော်မြတ်ကြီး ဘုရားရိပ်ကလဲ အင်မတန်ကြီးမားတယ်။ အဲဒီလို အရိပ်အာဝါသကြီး ကြီးမားတဲ့အတွက် စာချစာသင် ရဟန်းသာမဏေ၊ သာသနာ့နွယ်ဝင် သီလရှင်(၁၀၀၀) ကျော်တို့အား စာပေသင်ကြားပို့ချပြီး သာသနာပြုခွင့် ရတာပါပဲ။ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးကတော့ ဝေးသောမှီရာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်(၈၀)ကျော်က လွန်တော်မူသွားသော ဘုန်းကြီးတို့ရဲ့ အဘိုးဖြစ်ပြီး မှီရာဖြစ်သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီ ဆရာတော်ဘုရားကြီးကိုမှီရတဲ့အတွက်လဲ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ

http://www.dhammadownload.com



အတုမရှိတဲ့ မှီရာတကဲကြီး ရခဲ့ပါတယ်။ အဲဒီမှီရာ တကဲကြီးကို အကြောင်းပြုပြီးတော့ လယ်တီဒီပနီထွန်းကားပြန့်ပွားရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌတာဝန်၊ လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယတာဝန်နဲ့ လယ်တီ ဝိပဿနာကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌတာဝန်တွေကို ထမ်းဆောင်ခွင့်ရပါတယ်။ ပရိယတ္တိသာသနာပိုင်းမှ သာမက ပဋိပတ္တိသာသနာပိုင်းမှာပါ ဦးဆောင်နိုင်တဲ့ အခြေအနေ ရောက်ခဲ့ရပါပြီ။ ကျောင်းတိုက်ကြီးမှီရာ ကောင်းတဲ့အပြင် နိုင်ငံတော် အစိုးရနှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးဆိုတဲ့ မှီရာ၊ နိုင်ငံတော်သံဃာမဟာနာယအဖွဲ့ အကျိုးတော်ဆောင်ချုပ် သံလျင် မင်းကျောင်း ဆရာတော်ဘဒ္ဒန္တဝဏ္ဏသိရီ၊ မုံရွာသထုံ ဝံသဆရာတော် ဘဒ္ဒန္တပညာဝသ၊ ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩသဓဘိဝံသ အစရှိတဲ့ ဆရာတော်ကြီးတွေ မှီရာတည်ရာကြီးတွေရဲ့ အားပေးမှုကို အခြေခံ ပြီးတော့ ရန်ကုန်တိုင်းအတွင်းရှိ နိုင်ငံတော် ဗဟိုသံဃဝန် ဆရာတော် များရဲ့ အားပေးချီးမြှောက်မှု အထူးသဖြင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တုလွတ်အောင်မြေ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဘဒ္ဒန္တဝိလာသ ဒဋ္ဌမိတ္တ ဆရာတော်ဘုရားရဲ့ ချီးမြှောက်မှုဟာ အလွန်အရေးပါခဲ့ပါတယ်။

အဲဒီလိုနဲ့ ဝါ(၂၀) ဒုတိယအကြိမ်မှာ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် ဖြစ်တယ်။ အသက်(၅၀) မပြည့်မီ (၄၉)နှစ်ကျော်ကျော်မှာပဲ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဖြစ်တယ်။ ပိုပြီးတော့ ပြည်တွင်း သာသနပြုကိစ္စ၊ ပြည်ပ သာသနပြုကိစ္စများ ဆောင်ရွက်နိုင်ခဲ့တာပါတယ်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဖြစ်ဖို့ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်တိုက်သစ်ဆရာတော်၊ အဘိဓဇ မဟာရဋ္ဌဂုရု ထားဝယ်ဆရာတော်ဘုရားကြီး၊ အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ကုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းဆရာတော် ဒီဆရာတော်ကြီး သုံးပါးက အဓိကပါပဲ။ ဒီဆရာတော်ကြီးသုံးပါးရဲ့ ချီးမြှောက်မှု ရရှိခဲ့ပါတယ်။

http://www.dhammadownload.com



အဲဒီလို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆိုတဲ့ရာထူးရတာပါ။ အလိုအလျောက် အမှီမရှိပဲနဲ့ ရလာတာမဟုတ်ပါဘူး။ မွေးနေ့နားနီးတော့ ဒီလိုဘဝဖြစ်စဉ်လေးတွေလဲ ထည့်ထည့်ပြောရတယ်။ ဘဝဖြစ်စဉ်ရယ်လို့ သီးခြားစာအုပ်ရိုက်ဖြစ်မှာ မဟုတ်ပါဘူး။ ဘဝအချိုးအကွေ့လေးတွေ တိုက်တာ ခိုက်တာလေး တွေလဲ အများကြီးပါပဲ။ မလိုမုန်းထားနဲ့ တိုက်ကြခိုက်ကြတာတွေလဲ အများကြီးပါပဲ။ မလိုမုန်းထားပြုပြီးတော့ တိုက်ကြခိုက်ကြတာတွေလဲ သိပ်ကြီးကျယ် ကမ္ဘာ့အသံလွှင့်ဌာနတွေအထိ သတင်းပို့၍ တိုက်ခိုက်ခဲ့ ကြပါတယ်။

တစ်ချိန်က ကျေးဇူးတော်ရှင်ကလေးဝ ဆရာတော်ကြီးကို ဦးတည်ပြီး တိုက်ကြခိုက်ကြတဲ့ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ဒီအနီး အပါးက ပါတီစိတ် ၃၉၊ ၄၀ လူပေါင်းများစွာ တိုက်ကြခိုက်ကြတယ်။ တိုက်ကြခိုက်ကြတဲ့အခါ ဘုန်းကြီးတို့ကို အချို့အချို့ပုဂ္ဂိုလ်တွေက ရှောင်နေဖို့ပြောကြတယ်။ အဲဒီတုန်းက ပြန်ပြီးတော့ ပြောလိုက်တယ်။

ရှေးအခါက ကလေးဝဆရာတော်ဘုရားကြီး ကျွေးသမျှဆွမ်းကို စားပြီး သူပေးတဲ့ကျောင်းမှာ နေပြီးတော့ ဆရာတော်ဘုရားကြီးကို တိုက်ကြခိုက်ကြတဲ့ အကြပ်အတည်းတွေ့တဲ့ အချိန်အခါကျမှ ကိုယ်လွတ် ရုန်းပြီး ပြေးမယ်ဆိုရင် ယောကျ်ားဈေးပျက်တယ်။ ဒါကြောင့် အသက်ပေးပြီးတော့ ဆရာတော်ဘုရားကြီးနဲ့အတူ အဲဒီတိုက်ခိုက်မှု တွေကို တွန်းလှန်ဖြိုဖျက်သွားမယ်လို့ ပြောလိုက်တယ်။ တိုက်ခိုက်မှု အားလုံးကို တွန်းလှန်ဖြိုခွင်းပြီး အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဒီနောက်ကျပြန် တော့လဲ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးမှာ တရားဟောရင်း ဟောရင်းနဲ့ စကားအများပါတယ်လို့ စွပ်စွဲခံရတဲ့အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံ ဆုံးဖြတ်ခံခဲ့ရတဲ့ အဖြစ်တွေလဲ ကြုံခဲ့ဖူး ပါတယ်။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ကိုယ်တိုင် ဟိုအပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်က ဗန်းမော် ဆရာတော်ကြီးကို ချီးမြှောက်ချင်တာနဲ့ စကားလွန်စကားကျွံများ ပြောမိသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးမှာ ဖြေရှင်း ဘူးရပါတယ်။ ကျေနပ်တော်မူကြတယ်။ ဘုန်းကြီးတို့လဲ စမ်းကလေး ဆရာတော်က အစမ္မဝါဒစွန့်ပြီး ပျံလွန်တော်မူတော့ ပျံလွန်တော် မမူခင်ကလဲ ဘုန်းကြီးတို့ ကျောင်းမှာနေတော့ ကိုယ့်ကျောင်းထွက်လို ဖြစ်နေတာ။ အစမ္မဝါဒလဲ စွန့်ပြီးသားဖြစ်နေတယ်။ တစ်ချို့ တစ်ချို့ ပုဂ္ဂိုလ်တွေက ရစရာမရှိအောင် ပြောကြဆိုကြတဲ့ အချိန်မှာ ဆရာတော် ဘုရားကြီးရဲ့ ပရိသတ်မျက်ရည် သိမ်းပါစေတော့။ ငိုယိုနေတဲ့ ပရိသတ်များ အငိုတိတ်မျက်ရည်သိမ်းကြပါစေတော့လို့ စိတ်နဲ့ မာန်ချ၍ အစမ္မဝါဒစွန့်ပြီးတော့ စမ်းကလေးဆရာတော် ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူး တွေကို ဟောပြောဖူးတယ်၊ စျာပနမှာပါ။ တစ်ညဉ့်ထဲပဲ တိတ်ခွေတွေ ကူးလိုက်ကြတာ စမ်းကလေးဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေ အစမ္မဝါဒ စွန့်လွှတ်ပြီးသား ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ဟောလို့ သဘောကျပြီးတော့ တိတ်ခွေ(၈၀၀) ကူးကြတာ။ ပရိသတ် အကြိုက်များသွားတော့ မလိုတဲ့ပုဂ္ဂိုလ်တွေက နိုင်ငံတော်သံဃမဟာ နာယကထံ တိုင်ကြားတဲ့ အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံ ရှင်းလင်းလိုက်လို့ သဘောကျ ကျေနပ်လက်ခံသည်ဟူသော ဆုံးဖြတ်ချက် ရ၍ အကျဉ်းနည်းအားဖြင့် တိုက်မှုခိုက်မှုတွေကို တွန်းလှန်နိုင်ခဲ့ပါတယ်။

အဲဒီမှာ ဆန်းကျယ်တဲ့ဖြစ်စဉ်လေးက ရက်ကတော့ မတ်လ (၂၁)ရက်နေ့ည ကျောင်းတောင်ဘက် မုခ်ဦးကနေပြီးတော့ အကောင်ကြီး လေးကောင် ပြောရရင်ဝဖြီးလို့ အညိုကြီးတွေ ကျောင်းထဲလာပြီး ခုန်ပြီး ခတ်တယ်လို့ အိမ်မက်မက်လိုက်တယ်။ မတ်လ(၂၂)ရက်ကျတော့ တိုင်စာရောက်လာတာပါပဲ။ စူဠဝဂ္ဂ ကမ္မက္ခန္ဓကဝဂ်လာ ကျင့်ဝတ်အတိုင်း မာန်ချအစမ္မဝါဒ စွန့်လွှတ်ပြီး တစ်နှစ်ခန့်ကြာမှ ပျံလွန်တော်မူသော

http://www.dhammadownload.com



သံဃာ့အဖွဲ့အစည်း စကားနားထောင်တဲ့ စမ်းကလေးဆရာတော်ကြီးရဲ့ ကောင်းကြောင်းတွေ ပြောလို့တဲ့နော်။ ရှေးကနလုံးသွင်းမှား မမှန်တရား နာကြားမိကြ သင်ယူမိကြလို့ အဓမ္မဝါဒယူကြသည့်တိုင် ဆုံးဖြတ်ပြီးသည့် အခါတိုင်း အဓမ္မဝါဒကို စွန့်လွှတ်ပါမည်ဟု လက်မှတ်ထိုးတော်မူကြပါ တယ်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း ညွှန်ကြားလွှာများ ထုတ်ပြန်ပြီး ယင်းအဓမ္မဝါဒစွန့်လွှတ်ပြီးသူတို့ကို ဝါဆိုစာရင်းကောက်ယူ ရေး၊ သံဃာအဖွဲ့အစည်း အဆင့်ဆင့်တွင် ပြန်လည်ပါဝင်ခွင့်ရရှိရေး ဆောင်ရွက်ခဲ့ပါတယ်။ ဒီအချက်ကို အချို့က မေ့နေတတ်ပါတယ်။

အဲဒီလိုပဲ အိမ်မက်အတိုင်း မှန်တယ်ဆိုကြပါစို့။ (၄၇)စုံညီက “ကျေနပ်သည်”ဟု ပဏ္ဏာမ ရှင်းလင်းချက်နဲ့ပဲ အောင်ပွဲခံနိုင်ပါတယ်။ ဘဝအချိုးအကွေ့ အတိုက်အခိုက် တွေကြုံခဲ့ရပါတယ်။ မိမိကို တိုက်ခိုက်သူများလျှင် မိမိဟာ အောင်မြင်နေလို့ပဲလို့ ဦးသိန်းဖေမြင့်က ပြောဘူးတယ်။ ဘုရားဖြစ်ခါစက ရာဇဂြိုလ်က အမျိုးသမီးတွေက ဘုရားကို ကဲ့ရဲ့ဆိုကာ တိုက်ခိုက်ကြတယ်။ တရားသဖြင့် ဆောင်ရွက် နေတာ မနာလိုလို့ ငြူစူတာ ဘာအကျိုးရှိမလဲဟု တုန့်ပြန်တော်မူခဲ့တာကို ဦးထိပ်ရွက်ထားရမှာပဲ။ တိုက်တာခိုက်တာတွေချည်း အာရုံပြုနေရင် မိမိတို့ရဲ့ လုပ်ငန်းတွေ မဖြောင့်နိုင်ဘူး။ ဆက်ပြီးတော့ တိုက်တာ ခိုက်တာတွေ တွန်းလှန်ဖြိုဖျက် ပြီးတော့ ရှေ့ကိုချီတက်ကြရမှာပဲ။ ဘဝဆိုတာ ဒီလိုပဲလို့ သဘောပေါက်ဖို့ပါပဲ။

## စရိုက်နှင့်အကဲခတ်နည်းပေးရမည့် ကမ္မဋ္ဌာန်း

အဲဒီတော့(၇၅)ကြိမ်မြောက် တရားစခန်းဟာ ဘုန်းကြီးရဲ့ အသက်(၆၃)နှစ်ရဲ့ နောက်ဆုံးတရားစခန်းဖြစ်ပါတယ်။ နောက်ဆုံး တရားစခန်းမှာ ဘဝ အချိုးအကွေ့လေးတွေချည်း ပြောနေလို့မဖြစ် သေးဘူး။ ဓမ္မဒါနလဲ ပြုကြအုံးစို့။ တရားအလှူပြုမယ် ဆိုရင်တော့ မြတ်စွာဘုရား သာသနာတော်သည် အင်မတန်အားကိုးဖို့ ကောင်းပါ

http://www.dhammadownload.com



တယ်။ ဘာကြောင့်လဲဆိုတော့ သတ္တဝါတို့သန္တာန်မှာရှိကြတဲ့ လောဘ အစရှိတဲ့ ကိလေသာတွေ လောဘ၊ ဒေါသ အစရှိတဲ့ စရိုက်ဆိုးတွေ၊ ဆိုးသွမ်းယုတ်မာတဲ့ တရားတွေပပျောက်ဖို့အတွက် နည်းမျိုးစုံနဲ့ လမ်းပြပေးတော်မူတယ်။ စရိုက်ဝါသနာနဲ့ ပတ်သက်ပြီးတော့ ဓမ္မဒါန တရားအလှူကို ပေးပါမယ်။ စရိုက်ဝါသနာဆိုတာ တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး။ မကောင်းတဲ့ဘက်မှာဆိုရင် ကိလေသာရဲ့ အရှိန်အဝါကို စရိုက်ဝါသနာလို့ ခေါ်ပါတယ်။ ကောင်းတဲ့ဘက်က ပြောမယ်ဆိုရင်တော့ သမ္မာဆန္ဒ ကောင်းသောဆန္ဒပါပဲ။ ဝါသနာ ပါတယ်၊ တရားဝါသနာပါတယ်၊ အလှူဝါသနာပါတယ်၊ဝါသနာအရ ကောင်းတဲ့ဆန္ဒပါပဲ။ ဝါသနာဘာဂီ ဆက်တိုင်းမှီလို့ ဆိုတဲ့အတိုင်း ကောင်းတဲ့ဝါသနာလေးတွေ ထုံသွားနိုင်ဖို့ရာ သိပ်ပြီးတော့ အရေး ကြီးတယ်။

သူတစ်ပါးထက် နှာတစ်ဖျားသာတဲ့ ခေါင်းတစ်လုံးသာတဲ့ အမူအကျင့်ဟာ ဒါစရိုက်ဝါသနာလို့ ခေါ်နိုင်ပါတယ်။ကောင်းတဲ့ နေရာမှာ နှာတစ်ဖျားသာတယ်။ ခေါင်းတစ်လုံးသာတယ်။ မကောင်းတဲ့ နေရာလဲ နှာတစ်ဖျားသာတယ်။ ခေါင်းတစ်လုံးသာတယ်ပေါ့။ အဲဒါကို စရိုက်။ အဲဒီစရိုက်က ကောင်းတဲ့စရိုက်က (၂)မျိုး၊ မကောင်းတဲ့ စရိုက်က (၄)မျိုး။ ကောင်းတဲ့စရိုက်က(၂)မျိုးက သဒ္ဓါစရိုက်၊ သဒ္ဓါတရား အားကောင်းတယ်။ ပညာ(ဗုဒ္ဓိ)စရိုက်၊ မကောင်းတဲ့စရိုက်က(၄)မျိုးက

(၁) လောဘစရိုက်၊
(၂) ဒေါသစရိုက်၊
(၃) မောဟစရိုက်၊
(၄) ဝိတက်စရိုက်

အဲဒီလို မကောင်းတဲ့စရိုက်က (၄)မျိုး၊ ကောင်းတဲ့စရိုက်က (၂)မျိုး။ ပရစိတ္တဝိဇာနနဉာဏ် မရရင် ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘယ်စရိုက် ရှိတယ်လို့ မသိနိုင်ပါဘူး။ ဒီလူဟာဖြင့် သူ့စရိုက်က ဘယ်လို၊ သူ့အကျင့်က

http://www.dhammadownload.com



ဘယ်လိုလို့ အကဲခတ်ဖို့ခက်တယ်။

ပရစိတ္တဝိဇာနနဉာဏ်ဆိုတာ သူတစ်ပါးစိတ်ကို သိတဲ့ဉာဏ်၊ သူတစ်ပါးစိတ်ဆိုတာ ဘယ်လောက်ရှိသလဲဆိုရင် စိတ္တာနုပဿနာမှာ (၈)စုံ (၁၆)မျိုးရှိတယ်။

သံသရာဂံဝါစိတ္တံ သရာဂစိတ္တန္တိပဇာနာတိ။ မိမိသန္တာန် သူတစ်ပါးသန္တာန်မှာ ရာဂစိတ် ဖြစ်နေပြီလို့ သိတယ်။ ဝီတရာဂံဝါစိတ္တံ ဝီတရာဂံစိတ္တန္တိပဇာနာတိ မိမိသန္တာန် သူတစ်ပါးသန္တာန်မှာ ရာဂ ကင်းတဲ့စိတ် ဖြစ်နေပြီလို့ သိတယ် အစရှိသည်ဖြင့် (၁၄)မျိုး သူတစ်ပါး စိတ်ကို သိတဲ့ဉာဏ်ကို ပရစိတ္တဝိဇာနနဉာဏ်၊ သမထကမ္မဋ္ဌာန်း (၄၀)ထဲက တစ်မျိုးမျိုးအားထုတ်မှ ရနိုင်တဲ့ဉာဏ်မျိုးပါပဲ။ သမထကမ္မဋ္ဌာန်း အားထုတ်ရင် မဟဂ္ဂုတ်စျာန်တွေ အသိဉာဏ်တွေ ရရှိနိုင်တယ်။ ဝိပဿနာအားထုတ်ရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရနိုင်တာကိုး။

အဲဒီ ပရစိတ္တဝိဇာနနဉာဏ်ကို မရပဲ သူတစ်ပါးစရိုက်ကို အကဲခတ်တဲ့နည်း ရှိပါသေးတယ်။

**ဣရိယာပထတော ကိစ္စ၊ ဘောဇနဒဿနာဒီတော။**
**ဓမ္မပဝတ္တိတောစေဝ၊ စရိယာယော ဝိဘာဝယေ။**

ိုတဲ့ ပရစိတ္တ ဝိဇာနနဉာဏ် မရသော်လဲ သူတစ်ပါးစိတ်ကို ဘယ်လိုအကဲခတ်မလဲတဲ့နည်း ရှိတယ်။ အကဲခတ်နည်းက-

(၁) သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံနဲ့ အကဲခတ်၊
(၂) သူရဲ့ပြုမူပုံကို ကြည့်ပြီးအကဲခတ်၊
(၃) စားပုံ၊ သောက်ပုံ၊ ကြည့်ပုံ၊ နားထောင်ပုံနဲ့ အကဲခတ်၊
(၄) သူရဲ့ဖြစ်စဉ်၊ သူဟာ မာယာများသလား၊ လှည့်ပတ်မှု များသလား၊ မများလားကြည့်၊
(၅) သူတစ်ပါး ဂုဏ်ကျေးဇူး ခြေဖျက်တတ်သလား၊ မခြေဖျက် တတ်ဘူးလား၊

http://www.dhammadownload.com



(၆) သူတစ်ပါးနဲ့ ဂုဏ်တူဂုဏ်ပြိုင် ပြုတတ်သလား မပြုတတ်ဘူးလား၊

စတဲ့အချက်အလက်တွေနဲ့ အကဲခတ်ရင်လဲ ရပါတယ်တဲ့။ ဝါသနာနဲ့ အကဲခတ်ရမယ်။ အဲဒီတော့ ရာဂစရိုက်ရှိသူ၊ ရာဂဆိုတာ ဘယ်လိုလဲ "အာရုံမြင့်က ထင်သမျှ၌ မဝလိုက်စား"၊ လောဘဆိုတဲ့ တရားသည်ရာဂ၊ ရာဂဆိုတာ လောဘ၊ တစ်နည်းအားဖြင့် တဏှာ၊ အဲဒီ ရာဂစရိုက်ရှိတဲ့ ပုဂ္ဂိုလ်၊ တစ်နည်းအားဖြင့် ရာဂထူပြောတဲ့ ပုဂ္ဂိုလ်၊ လောဘများတဲ့ ပုဂ္ဂိုလ် ဘယ်လိုအကဲခတ်မလဲ။ "ရာဂစရိုက်ရှိသူ၌ကား ယာပိုထ်လေးထွေ ယဉ်ကျေးလေ၏"။ ရာဂစရိုက်ရှိသူက သွားပုံ၊ လာပုံက ယဉ်ကျေးတယ်။ အမူအယာတွေက ယဉ်ကျေးတယ်။

**"ထွေထွေကိစ္စ ပြုသမျှ၌ ကျနစေစပ် လွန်သေသပ်၏"**၊ ကိစ္စအရပ်ရပ်ကို ပြုမူဆောင်ရွက်တဲ့နေရာမှာ သေချာတယ်၊ သပ်ရပ်တယ်။ အဲဒါ သူများထက် ရာဂစရိုက် ထူပြောတဲ့ပုဂ္ဂိုလ်။ အစာအာဟာရကျတော့ ဘယ်လိုဟာမျိုး စားတတ်သလဲဆိုတော့ **"လေးမြတ်ဖွယ်ရေး ဘောဇဉ်ရွေးက ချိုမွှေးဆိမ့်အိမ့် လွန်နှစ်သိမ့်သတဲ့"**။ အစာအာဟာရကျတော့ ချိုတဲ့အစာ၊ မွှေးတဲ့အစာ၊ ဆိမ့်တဲ့အစာ အိမ့်တဲ့အစာ ရွေးတယ်။ ချိုဆိမ့်အိမ့်မွှေး ရသာရွေးရင် ရာဂစရိုက်ရှိသူ၊ လောဘစရိုက်ရှိသူ၊ တဏှာစရိုက်ရှိသူ များလို့ လေ့လာအကဲခတ်ရမယ်။

"မစေ့လောက်တုံ ကာမဂုဏ်ကြောင့် အာရုံစွဲကာ ခွဲမခွါသည် မာယာဗလဝ သာဌေယျနှင့် မာနဖိစီး အလိုကြီး၏။ ရာဂစရိုက်များတဲ့ ပုဂ္ဂိုလ်ဟာ အာရုံငါးပါးနဲ့ တွေ့ပြီဆိုရင် အဲဒီအာရုံက မခွါနိုင်ဘူး။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အဲဒီအာရုံကနေပြီး မခွဲနိုင် မခွါရက် ဖြစ်နေတယ်။ ဒါဟာ သူရဲ့ဓမ္မပဝတ္တိ သူရဲ့သန္တာန်မှာ ဖြစ်နေတဲ့ အမူအယာတွေ၊ မာယာတွေများတယ်၊ ကောက်ကျစ်မှုရှိတယ်၊ မာနဖိစီးပြီး အလိုလဲကြီးတယ်။ အဲဒီပုဂ္ဂိုလ်ကို ရာဂစရိုက်ထူပြောသူ အားကြီးသူလို့ မှတ်။

http://www.dhammadownload.com



**အနာနှင့်ဆေး**

ဖြေဆေးဘယ်လို ပေးမလဲ။ အာရုံမြင်က ထင်သမျှ၌ မဝလိုက်စား ရာဂများနေတယ်၊ တပ်မက်မှုများနေတယ်။ တဏှာလောဘ များတဲ့ ပုဂ္ဂိုလ်အား အသုဘကမ္မဋ္ဌာန်း(၁၀)ပါးကို ပေးလိုက်ပါ။ တစ်နည်း အားဖြင့် "အနာနှင့်ဆေး သင့်အောင်ပေး ပျောက်ရေးမခက်ပါ" ဆိုတဲ့အတိုင်း ကာယဂတာသတိ (၃၂) ကောဋ္ဌာသကမ္မဋ္ဌာန်းပေးလိုက်ပါ။ ရာဂ ပျောက်အောင် မိမိကိုယ်မိမိလဲ အကဲခတ်ဦး။ ငါဟာ ရာဂစရိုက် ကြီးနေသူလားလို့၊ အကြိုက်တွေ များနေသလား၊

- ကြိုက်သမျှ လောဘရှေ့ဆောင်သည်။
- တိုက်သမျှ ဒေါသရှေ့ဆောင်သည်။
- မိုက်သမျှ မောဟရှေ့ဆောင်သည်။
- ဟိုက်သမျှ သောကရှေ့ဆောင်သည်။

ဆိုတဲ့အတိုင်း အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အတွေ့အထိမျိုးစုံ ကြိုက်သလား၊ အကြိုက်များနေရင် ဘာနဲ့ဖြေမလဲ။ အသုဘကမ္မဋ္ဌာန်း(၁၀)မျိုး ပွားပါ။ လူသေကောင်ကြီး ရှေ့က ထားပြီး တော့ ဖူးဖူးယောင်ပွ တစ်ရက်သေလူသေကောင်၊ နှစ်ရက်သေ လူသေကောင်၊ သုံးရက်ကျတော့ ပုံစံကပျက်လာပြီနော်။ အရိုးစုကမ္မဋ္ဌာန်း ဆက်ပွားပါ။

**ရှုပွားနည်း**

အဲဒီလို အသုဘကမ္မဋ္ဌာန်း ပွားရမှာ။ မတင့်မတယ် ရွံစဖွယ် တွေကို ပွားရမှာ။ ဒီထက်ထင်ရှားအောင် ကာယဂတာသတိ ပွားပါတဲ့။ ဤကိုယ်ကာယ တစ်လံမျှ၌ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေအသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊

http://www.dhammadownload.com



အဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် ရွံစဖွယ် ညှီနံ့ဆိုး အသိုးအပုပ် စက်ဆုပ်ဖွယ်ချည်းပါတကား။

ကိုယ့်ခန္ဓာကိုယ် သူ့ခန္ဓာကိုယ် အတူတူပဲ။ ရွံစဖွယ်တွေ ရွံစဖွယ်တွေ။ ကာယဂတာသတိခေါ်တဲ့ ကောဋ္ဌာသကမ္မဋ္ဌာန်း ပွားရမယ်။ အနာနှင့်ဆေး သင့်အောင်ပေး၊ ပျောက်ရေးမခက်ပါ။ ရှေးအခါ ကတော့ သုသာန်မှာ အလောင်းတွေကို မြေမမြှုပ်ပဲ ထားတာဆိုတော့ ရဟန်းတော်များ သုသာန်ကြွပြီး အသုဘကမ္မဋ္ဌာန်း ပွားများကြတယ်။ အခုတိုင် အသုဘကမ္မဋ္ဌာန်း ရှုကြွတော်မူပါဘုရားလို့ ပင့်ပါတယ်။ အသုဘကမ္မဋ္ဌာန်း ရှုရမယ်။ ယပ်တောင်လေး ကာပြီးတော့မနေပဲ အသုဘရှုဖို့ လိုတာပါပဲ။ (၃၂)ကောဋ္ဌာသကိုတော့ မျက်စိကောင်းတဲ့ လူတစ်ယောက်ဟာ အဝနှစ်ဘက်ရှိတဲ့ အိတ်ကြီးထဲမှာ ဆန်မျိုးစုံ၊ ပဲမျိုးစုံ ထည့်ပြီး ဖြေဖြန့်ပြီးတော့ကြည့်။ ဒါက မတ်ပဲ၊ ဒါက စားတော်ပဲ၊ ဒါက ပဲကြီး၊ ဒါက ပဲနောက်၊ ဒါက သလေးစပါး၊ ဒါက ကောက်ကြီး၊ ပေါ်ဆန်းမွှေး၊ မီးဒုံး၊ ငစိန်လို့ ကွဲကွဲပြားပြား သိသလို၊ ဒီတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ် မြေဆုံးရေဆုံးကြည့် ဆိုသလို ခြေဆုံးခေါင်းဆုံးကြည့်။ ဒါက ဆံပင်၊ ဆံပင်လောက် နံတာဆံပင်ပဲရှိတယ်။ အခု မနံအောင် ခေါင်းလျှော်ဆေး အမျိုးမျိုးနဲ့ လျှော်ကြတယ်။ ဆံပင်နံသလို အသားကလဲ နံနေတာပဲ။ ကျင်ကြီးကျင်ငယ်တို့ကျတော့ မနံအောင်ဖန်တီးလို့ မရတော့ဘူး။ ချေးတို့ သွေးတို့မနံအောင် မွှမ်းမံလို့မရတော့ဘူး။ ခဏပဲရမယ်။

**အန္ဓပါနံ ခါဒနီယံ ဘောဇနဉ္စ မဟာရဟံ၊**
**ဧကေဒွါရေန ပဝိသိတွာ၊ နဝဒွါရေဟိသန္ဒတိ။**

တန်ဘိုးကြီးတဲ့ ဟော်တယ်တွေမှာ စားကြ သောက်ကြတာ တစ်သောင်းတန်၊ နှစ်သောင်းတန် ဘယ်လောက်တန်တာပဲ စားစား။ တစ်ပေါက်က ဝင်သွားလိုက်တာ၊ ပြန်ထွက်တော့ ကိုးပေါက်က ပြန်ထွက်တယ် ဘယ်ကထွက်တာမှ မွှေးတာ ပြန်မထွက်ဘူး။ အဲဒါကို

http://www.dhammadownload.com



မြတ်စွာဘုရားက ကမ္မဋ္ဌာန်းအနေနဲ့ လောဘပျောက်အောင်၊ တဏှာပျောက်အောင် ပေးပါတယ်။ ဒါကြောင့် ရှေးပညာရှင်က **"စားသမျှမစင် ထားသမျှမသေခင် ပြုသမျှကုသိုလ်အပင် ယခုကာလ ဘဝကောင်းတွင် စားလဲစား ထားလဲထား ပြုလဲပြုကြမှ တော်မည် ထင်တဲ့"**။မင်းသားဘဝက ရဟန်းပြုတဲ့ ရဟန်းတစ်ပါး မင်းသမီးတစ်ယောက်နဲ့ အဆက်အသွယ် အချိတ်အဆက်ပြုပြီး ရဟန်းပြုလာတယ်။ အခြားခြား ရဟန်းတွေက ကာလအတန်ကြာတော့ ပြောကြတယ်။

အရှင်ဘုရားသာ ရဟန်းမပြုခဲ့ရင် အရှင်ဘုရားက ခုလောက်ဆို ရှင်ဘုရင်ကြီးဖြစ်ပြီး မင်းသမီးက မိဘုရားကြီး ဖြစ်နေပြီပေါ့လို့ ပြောကြတယ်။ တော်ပါကိုယ်တော်တို့ မင်းတို့ရဲ့ မင်းစည်းစိမ် ငါရေအိမ် တစ်ခါတက်လောက် မမက်ပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ကုဋ္ဌီတက်ရင်းနဲ့ ဘာဝနာပွားတာကိုး။ ဟိုတုံးက ကုဋ္ဌီတွေက ပိုးလောက်တွေလဲ မြင်နေရတာ။ ပိုးလောက်တွေ တစ်ပုံတစ်ပင်ကိုကြည့်ပြီး ဘာဝနာပွားလို့ရတယ်။ ဒါကြောင့် ရေအိမ်တစ်ခါတက်လောက် မင်းတို့ရဲ့ မင်းစည်းစိမ်ကို မမက်ပါဘူးလို့ပြောတာပါ။ (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်းလို့ ရှု သာမဏေဘဝထဲက တော်တော်များများ ပွားဖူးပါတယ်။ တော်တော်လဲ ထင်လွယ်မြင်လွယ်တယ်။

## သဒ္ဓါစရိုက်

ရာဂစရိုက်က အပျော့စရိုက်ကိုး။ သဒ္ဓါစရိုက်နဲ့ တွဲပြကြရအောင်။ သဒ္ဓါစရိုက်က ရတနာသုံးတန် ကံကံ၏ အကျိုးကိုယုံကြည်တယ်။ ယုံကြည်မှု အားကောင်းတယ်၊ သဒ္ဓါတရား အားကောင်းတယ်။

တစ်ယောက်က ဘုရားရှိခိုးတဲ့အခါ စိတ်ဝင်စားစွာရှိခိုးတယ်။ တစ်ချို့က အစထဲက ငိုက်တာပြီးတဲ့ ထိအောင်ပဲ။ တစ်ချို့ကျတော့ ဘုရားရှိခိုးရင် တွေးလိုက်တာ အိမ်ရောက်လိုရောက်၊ တောရောက်လို

http://www.dhammadownload.com



ရောက်၊ ဟိုရောက်ဒီရောက် ဘုရားရှိခိုး ဆုံးသွားလို့ သူများတွေ ဦးချရှိခိုးတာမြင်လို့ ရှိခိုးလိုက်ရတယ်၊ အတွေးက မပြတ်သေးဘူး။ သဒ္ဓါတရားကင်းရင်ဖြစ်တာဒီလိုပဲ။

"ထိုနည်းသဒ္ဓါ စရိုက်မှာမူ မာယာစသော ပြစ်မနှောပဲ သာမောရွှင်လန်း လှူပေးကမ်းလျှက် ရဟန်းတော်ပေါင်းထေရ် ရှင်ကောင်းနှင့် ဝတ်ကျောင်းဘုရား၊ မြတ်တရားကို မှတ်သားနာယူ လွန်ကြည်ဖြူသည် ဤသူသူမြတ်ပေတကား"။ သဒ္ဓါစရိုက်ရှိတဲ့ ပုဂ္ဂိုလ်က သွားရပ်ထိုင်လျောင်း ဣရိယာပုတ်တွေမှာ ယဉ်ကျေးတယ်။ ရာဂစရိုက်ရှိတဲ့လူလိုပဲ။ ပြုသမျှကိစ္စတွေကလဲ သေသပ်တယ်။ စားသောက်ပြန်တော့လဲ အချိုအအေး၊ အမွှေးအဆိမ့် အအိမ့်ကြိုက်တယ်။

ရာဂစရိုက်နဲ့ ဘာထူးသလဲဆိုတော့ ရာဂစရိုက်ရှိသူက မာယာ= လှည့်ပတ်တယ်။ သာဌေယျ= ကောက်ကျစ်တယ်၊ မာနထောင်လွှားပြီး အလိုကြီးတယ်။ သဒ္ဓါစရိုက်ရှိသည့် ပုဂ္ဂိုလ်ကတော့ မာယာစသော ပြစ်မနှောပဲ သာမောရွှင်လန်း လှူပေးကမ်းလျှက်။ ပေးချင်တယ်၊ လှူချင်တယ်၊ ဆင်းရဲတဲ့လူတွေ တွေ့ရင်ပေးချင်တယ်၊ လှူချင်တယ်။ လွန်ခဲ့တဲ့ ငါးလလောက်က ခရီးစဉ်တစ်ခု သွားခဲ့တယ်။ ဒကာမလေးတွေ သူတို့က ဟိုတစ်နေရာရောက်တော့ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေတဲ့ သူတို့ကို မော်တော်ကားရပ်ပြီးတော့ လှူကြတာ တွေ့တယ်။ သိပ်သာခု ခေါ်ဖို့ ကောင်းတယ်။ အချုပ်ကျနေတာဆိုတော့ စားစရာဘယ်ကောင်းကောင်းရှိမလဲ။ ဆေးလိပ်တွေ မုန့်ပဲသားရေစာတွေ လှူကြတယ်။ ဘုန်းကြီးတို့လဲ ဒီလမ်းသွားပြီး သူတို့ကိုတွေ့တယ် လှူရမှန်းကို သတိမထားခဲ့ဘူး၊ မကြာသေးခင်ကတော့ လှည်းကူးအနာကြီးဆေးရုံ၊ မျက်မမြင်ဆေးရုံတို့သွားပြီး လှူမိတယ်။ လူတိုင်း လှူဖြစ်ကြတာ မဟုတ်ဘူး။ သာမောရွှင်လန်း လှူပေးကမ်းလျှက် ရဟန်းတော်ကောင်း ထေရ်ရှင်ပေါင်းနှင့် ဝတ်ကျောင်းဘုရား မြတ်တရားကို မှတ်သားနာယူ လွန်ကြည်ဖြူသည် ဤသူ သူမြတ်ပေ တကား။

http://www.dhammadownload.com



ရဟန်းတော်များကို ဖူးမျှော်မယ်၊ ဘုရားဝတ်ပြုမယ်၊ တရားနာမယ်၊ ကျင့်မယ်။ သဒ္ဓါစရိုက်က ရတနာသုံးတန် ကံ,ကံ၏ အကျိုးကို ယုံကြည်ပြီး အဘိုးအဘွားတွေ လှူမယ်။ ဇီဝိတဒါန သံဃဆေးရုံက မကျန်းမာကြတဲ့ လူနာတွေလှူမယ်။ မရှိဆင်းရဲတဲ့ သူတွေကို ပေးမယ် လှူမယ်။ အနာကြီးရောဂါ စွဲကပ်လို့ အလုပ်အကိုင် မလုပ်နိုင်တဲ့လူတွေကို ဆန်တွေ ထောက်ပံ့မယ်၊ အခြားပစ္စည်းတွေ လှူမယ်၊ ဒါနတွေချည်းပဲပေါ့။

အဲဒီ ဒါနတွေကို လူတိုင်းလုပ်နိုင်ကြတာ မဟုတ်ဘူး။ အချို့ အချို့ပုဂ္ဂိုလ်တွေ ပြုလုပ်တာ တွေ့ရတယ်။ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်က ဘာတွေပွားရမလဲဆိုတော့ ဘုရားဂုဏ်တော်ပွားရမယ်၊ တရားဂုဏ်တော် ပွားရမယ်၊ သံဃာဂုဏ်တော် ပွားရမယ်၊ သီလဂုဏ်တော် ပွားရမယ်၊ လှူပြီးသမျှ ပွားရမယ်။ နတ်တွေကို သက်သေထားပြီး ပွားရမယ်၊ နတ်တွေလိုပဲ ငါ့မှာ သူတော်ကောင်းတရားတွေ ရှိတယ်၊ ငါလဲနတ်ပြည် ရောက်နိုင်တယ်။ ငါလဲ တတ်အားသမျှ ဘုရား တန်ဆောင်း ကျောင်းကန်၊ လမ်းအစရှိတာတွေ လှူတယ်။ သံဃာတွေ ဆွမ်းကပ်တယ်၊ သီလရှင်တွေ လှူတယ်၊ ငါအရတော်လေစွ။

**မနုဿတ္တံ သုလဒ္ဓံ မေ၊ ယွာဟံ စာဂေသဒါရတော။**
**မစ္ဆေရပရိယုဋ္ဌာယ၊ ပဇာယ ဝိဂတောတတော။**

ယွာဟံ-ယောအဟံ= အကြင်ငါသည် (ဝါ) သံသရာနောင်ရေး မျှော်ခေါ်တွေးက လေးလေးပင်ပင် ဆင်ခြင်လေ့လာ အကြင်ငါသည်၊ မစ္ဆေရပရိယုဋ္ဌာယ= မိမိပစ္စည်းကို မပေးလှူလို တွန့်တိုနှမြောဝန်တိုတဲ့ မစ္ဆေရသူပုန်ရန် ပုန်ကန်ထကြွ သောင်းကျန်းလျှက်ရှိသော၊ ပဇာယ= ဝတ်မှု စားမှု အကြွားမှု၌ အားပြုငဲ့စောင်း လူအပေါင်းတွင် (လောကကြီး ကြည့်မယ်ဆိုရင် ဝတ်မှု စားမှုနဲ့ အကြွားမှုနဲ့ အချိန်ကုန်နေကြတာကိုး။ အဲဒီအထဲကမှ) တတော= ထိုလူအပေါင်းမှ (ဝါ) မစ္ဆေရရန် သူပုန် သူကန်မှ၊ ဝိဂတော= ကောင်းစွာမွေ့လျော် ကင်းလွတ်ခဲ့သည်ဖြစ်၍၊

http://www.dhammadownload.com



စာဂေ= စွန့်ကြဲပေးကမ်း လှူဒါန်းမှု၌၊ ရတော= ရွှေးရွှေးဝါသနာ အထုံပါသဖြင့် ကောင်းစွာမွေ့လျော် အပျော်ကြီး ပျော်ခဲ့ရပေပြီ။

သင်္ကန်းလှူရတာ ပျော်တယ်၊ ကျောင်းလှူရတာပျော်တယ်၊ ဆွမ်းလှူရတာပျော်တယ်၊ ဆေးလှူရတာ ပျော်တယ်။ တဿမေ= ဒါန စာဂီ ပါရမီဖြင့် သာကြည်မွေ့လျော် ထိုကဲ့သို့ ပျော်နိုင်သော ငါ့အဖို့ မနုဿတ္တံ= ပဋိရူပ ဤဒေသ၌ ဖြစ်ရစင်စစ် လူ့အဖြစ်ကို၊ သုလဒ္ဓံ= သုလဒ္ဓံဝတ= အရတော်လေစွ့တကား။

မိမိရှေးက စွန့်ကဲပေးကမ်း လှူဒါန်းတာလေးတွေ အာရုံပြုပြီး ဝမ်းမြောက်ရမယ်။ အဲဒီတော့ ဗုဒ္ဓ ဓမ္မ သံဃ ဂုဏ်တော်တွေ ပွားများ၊ မိမိရဲ့သီလ စင်ကြယ်ပုံကိုလဲ ပွားများ၊ လှူဒါန်းခဲ့ပုံကိုလဲ ပွားများ၊ နတ်တွေကိုလဲ သက်သေထားခဲ့ပြီးတော့ ငါလဲနတ်တွေလို ကုသိုလ် ကောင်းမှုတွေ ပြည့်စုံနေတယ်၊ ငါလဲ နတ်ဖြစ်နိုင်တယ်လို့ ပွားများရမယ်။

**ယေဟိသဒ္ဓါဒိ ဂုဏေဟိ၊ ဒေဝတာ ဒေဝတ္တံဂတာ။**

**မယှမ္ပိတေသံဝိဇ္ဇန္တိ၊ အဟောမေဂုဏဝန္တတာ။"**

ယေဟိသဒ္ဓါဒိ ဂုဏေ ဟိ= အကြင်သဒ္ဓါ အစရှိသော ဂုဏ် ကျေးဇူးတို့ကြောင့်၊ ဒေဝတာ= နတ်တို့သည်၊ ဒေဝတ္တံ= စားဝတ်နေရေး အရေးရေး တို့ကြောင့် ရှုပ်ထွေးခြင်းမရှိတဲ့ နတ်ဘုံ နတ်နန်း နတ်စံခန်းသို့၊ ဂတာ= ဤလူ့ပြည်က စုတေကြလျှင် ကောင်းစွာမသွေ ရောက်ကြလေ ကုန်၏။

ရွှေငွေပုလဲ ကျောက်မျက်ရွဲနှင့် မြခဲသန္တာ စိန်ဘဏ္ဍာတို့နှင့် အလားတူသော၊ သဒ္ဓါသီလ သုတစာဂ ပညာဟီရိဩတ္တပ္ပဟု (၇)လီဥစ္စာ ရတနာမြတ်သာရ မြတ်ခနေတို့နှင့် ပြည့်စုံလုံလောက်တဲ့ အတွက်ကြောင့် လူ့ပြည်ကစုတေပြီး နတ်ပြည်ရောက်ကြတဲ့ နတ်တွေရှိတယ်။

တေ= သဒ္ဓါ အစရှိသော သူတော်ကောင်းတရားတို့သည်၊ မယှမ္ပိ= ဘုရားအကြိုက် တရားလိုက်၍ နေသောငါမှာလဲပဲ၊ သံဝိဇ္ဇန္တိ= ထင်ရှား မသွေ ရှိကြပါပေကုန်၏။ နတ်သူတော်စင် သူတော်ကောင်းတွေ

http://www.dhammadownload.com



သန္တာန်မှာရှိတဲ့ သူတော်ကောင်းတရားတွေ ငါ့မှာလဲရှိတယ်။ တသမေ= ထိုငါ၏၊ ဂုဏဝန္တတာ= သဒ္ဓါသီလ စသည်လောက်လုံ ဂုဏ်ပေါင်းစုံ သည်၏အဖြစ်သည်၊ အဟော= ဩော် အံ့ဩဖွယ်ပင် ရှိပါပေသည်တကား။

နတ်ဘုံ နတ်နန်း နတ်စခန်းမှာ ရှိကြတဲ့ နတ်တွေမှာရှိတဲ့ သူတော်ကောင်းတရားတွေ ငါ့မှာလဲရှိနေပါလားလို့ အောင့်မေ့ဆင်ခြင် လိုက်လို့ရှိရင် သဒ္ဓါတရားဟာ တိုးပွားပြီးတော့ လာတယ်။ သဒ္ဓါတရား အားကောင်းတဲ့ ပုဂ္ဂိုလ် ဘယ်တရားအားထုတ်ရာမှာလဲ ဗုဒ္ဓါနုဿတိ= ဘုရားဂုဏ်ပွား၊ ဓမ္မာနုဿတိ= တရားဂုဏ်ပွား၊ သံဃာနုဿတိ= သံဃာဂုဏ်ပွား၊ သီလာနုဿတိ= သီလပွား၊ စာဂါနုဿတိ= ဒါနပြုမှု ကိုပွား၊ ဒေဝတာနုဿတိ= နတ်တို့ကို သက်သေထားပြီး မိမိကုသိုလ် ကိုပွားတယ်။

**ဒေါသစရိုက်**

တစ်ယောက်နဲ့တစ်ယောက် မတူဘူး။ တစ်ချို့က စိတ်တိုတယ်၊ **"ဒေါသစရိုက် ရှိသူ၌ကား ယာပိုဒ်လေးတွေ ကြမ်းတမ်းလေ၏၊"** ဒေါသစရိုက် ရှိသူကျတော့ သွားတာ လာတာ နေတာ ထိုင်တာ ကြမ်းကြမ်းတမ်းတမ်းပဲ။ **"ထွေထွေကိစ္စ ပြုသမျှလည်း ကျနမဖွယ် မတင့်တယ်သည်"**၊ ပြုသမျှကိစ္စအားလုံးဟာလဲ မတင့်မတယ် မဖွယ်မရာ ဘရမ်းပတာ ပြုတယ်။ **"စားဖွယ်ငံချဉ် စပ်ခါးမင်၏"**၊ စားစရာ ကျတော့ ခန္ဓာကိုယ်ပေါ့ပါးမှုကို ဖြစ်စေတတ်တဲ့ အငံ၊ အချဉ်၊ အစပ်၊ အခါးအရသာတွေကို ကြိုက်တယ်၊ ဒေါသကြီးတဲ့ လူက ငါ့မထိနဲ့ဟေ့။ ဘယ်သူဘဲဖြစ်ဖြစ် ဒေါသသိပ်ကြီးရင် ငါ့မထိနဲ့ ငါ့ကိုထိရင် မီးပွင့်သွား မယ်။ **"ငါးအင်အာရုံ မဖွယ်ကြုံလျှင် ယမ်းမီးပုံကျ စိတ်တိုလှ၍ ကောဓထန်သီး ရန်ငြိုးကြီးလျှက်"**၊ မိမိမကြိုက်တဲ့ မတည့်တဲ့ အဆင်း၊ မတည့်တဲ့သူရဲ့ အသံ၊ အနံ့၊ အရသာ မိမိမကြိုက်တဲ့ အတွေ့အထိတွေကို ခံစားရရင် စိတ်ကတိုပြီး **"ယမ်းပုံမီးကျ စိတ်တိုလှ၍ ကောဓထန်းသီး**

F 35.8A

http://www.dhammadownload.com



**ရန်ငြိုးကြီးလျှက် ဖိစီးဏ္ကဿာ မစ္ဆေရာနှင့် မက္ခာပလာသ ဒုပ္ပစတို မုချဖြစ်ပွား၊ အဖြစ်များ၏**"၊ ဘာတွေဖြစ်သလဲ မနာလိုတဲ့ ဣဿာဖြစ်တယ်။ ဝန်တိုတတဲ့ မစ္ဆေရ အလကားလူပါ။ သူတစ်ပါး ကျေးဇူးကို ချေဖျက်တာ မက္ခအပြိုင်ပြုတာ။

ပလာသ သူတို့ကတော့ ဘာမို့လဲ၊ လင်းတလောက်တော့ ငှက်တိုင်း လှတာပေါ့၊ ဒုပ္ပစ= အပြောရအဆိုရခက်တယ်၊ တို့တော့ လာမပြောနဲ့၊ တို့တော့လာမစနဲ့၊ ဆရာသမားက ဆုံးမတာ၊ မိဘက ဆုံးမတာ။ ဆရာတော်တွေက ဆုံးမတာမကြိုက်ဘူး။ ဒုပ္ပစက ဆုံးမ လိုက်ရင် ခြေထောက်ဆောင့်ပြီး ထွက်သွားတာပဲ။ အဲဒါက ဒေါသစရိုက်၊ အဲဒီ ဒေါသစရိုက်ရှိသူကို ဘယ်လိုဖြေဆေးပေးမလဲ။ ဒေါသစရိုက်များ သူအား မနေ့ညကဟောတဲ့ အပ္ပမညာလေးပါး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလေးပါးကို ပွားရမယ်-

| | | |
|---|---|---|
| * | နီလကသိုဏ်း | = အညိုအဝန်းအဝိုင်း |
| * | ပီတကသိုဏ်း | = ရွှေအဝါအဝန်းအဝိုင်း |
| * | လောဟိတကသိုဏ်း | = အနီအဝန်းအဝိုင်း |
| * | ဩဒါတကသိုဏ်း | = အဖြူအဝန်းအဝိုင်းတို့ကို ရှုပေးရမယ်။ |

အဲဒီ(၈)မျိုးကိုသာ ရှုပေးမယ်ဆိုရင် ဒေါသပျောက်ပါတယ်။ ဒီလို အတွင်းဓာတ်ဆိုးဓာတ်ငွေ့ကို ချွေလှေ့တဲ့နည်း ကမ္ဘာ့လူထုကြီးအားလုံး လိုလို မရကြ၊ မသိကြဘူး။ ဘုန်းကြီးတို့မှာ ဒီနည်းတွေအပြည့်အဝ ရှိတယ်။

**အသိအလိမ္မာ ဉာဏ်ပညာ အားကြီးတဲ့ပုဂ္ဂိုလ်**

"တရားပညာ စရိုက်မှာမူ ရှေ့လာအားလုံး နည်းတူသုံးလဲ လုံးလုံးကောဓ စသည်ဆိတ်ကွယ် ဆုံးမလွယ်၏"။ အသိပညာရှိတဲ့ ပုဂ္ဂိုလ်ကျတော့လဲ ဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ်လိုပဲတဲ့။ ဣရိယာပုတ် လေးပါးမှာ ကြမ်းကြမ်းတမ်းတမ်းပဲ။ **"စားဖွယ်ကသိုဏ်း တွေ့ကြုံ**

http://www.dhammadownload.com



**တိုင်းလဲ နှိုင်းနှိုင်းချိန်ချိန် သုံးမိန့်တည်း"**။ စားဖွယ်သောက်ဖွယ်ကျတော့ နှိုင်းနှိုင်းချိန်ချိန် စားတယ်။ ဒါလေးတော့ တည့်တယ်၊ ဒါလေးတော့ မတည့်ဘူး။ ဒီလိုစားတယ်၊ ပညာစရိုက်က **"ကြိမ်ကြိမ်ဖန်ခါ သံသရာကို ပညာသတိ မျှော်ခေါ်ညှိ၍"** နောင်ကြုံလာမယ့် သာသနာ့ခရီးစဉ်ကြီးက အရှည်ကြီးရှိသေးတယ်။

သံသရာခရီးရှည်ကြီး ရှည်တော့ပညာနဲ့ သတိနဲ့မျှော်ပြီးတော့၊ **"ဂတိနောင်တွင် ကောင်းအောင်ပြင်သည် လူတွင်သူမြတ်ပေတကား"**။ နောက်နောင်ဘဝ သံသရာကောင်းဖို့ရာအတွက် သတိနဲ့ပညာ၊ သမထကမ္မဋ္ဌာန်း အားထုတ်တာ သတိဦးစားပေးရတာကိုး။ ပညာက ဝိပဿနာဉာဏ်ပညာ၊ ပညာစရိုက်များတဲ့ ပုဂ္ဂိုလ်ကျတော့ မရဏာနုဿတိကမ္မဋ္ဌာန်း အချိန်မရွေး သေနိုင်တယ်။ သေခြင်းကို အောက်မေ့ဆင်ခြင်တဲ့ ရဟန်း(၈)ပါးရှိတယ်။ မြတ်စွာဘုရား ချီးမွမ်းတော်မူတာကတော့ ဆွမ်းတစ်လုပ်စားနေတုံးလဲ သေနိုင်တယ်။ အသက်တစ်ရှူတစ်ရှိုက်အတွင်းလဲ သေနိုင်တယ်။ အဲဒီလို မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့ရဟန်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူတယ်။

ပြီးတော့ ဥပသမာနုဿတိကမ္မဋ္ဌာန်း နိဗ္ဗာန်ရဲ့ ငြိမ်းအေးပုံကို ရှုပွားတဲ့ကမ္မဋ္ဌာန်း အာဟာရေပဋိကူလသညာအစာအာဟာရနဲ့ ပတ်သက်လို့ အစာအာဟာရ ဝါးပြီးတော့ စားတဲ့အခါ ကြာကြာဝါးစားလေလေ၊ ခွေးအံဖတ်နဲ့ တူလေပဲ။ အဲလို ဆင်ခြင်စားရမှာ၊ ဟိုနားက ဆရာမတစ်ယောက်ကတော့ ကမ္မဋ္ဌာန်းတိုက်တစ်ခုကို သွားပြီးအားထုတ်တယ်။ ခွေအံဖတ်လို ရွံစရာကောင်းတဲ့အကြောင်း စားခါနီး ဆင်ခြင်ရတာကိုး။ သူက ပါးစပ်ပိတ်ထားပြီးဆိုလဲ မဆိုတော့ဘူး၊ ဆင်လဲ မဆင်ခြင်တော့ဘူး။ အမှန်က အာဟာရေပဋိကူလသညာပါ ဆင်ခြင်ရမှာနော်။ အညစ်အကြေးတွေ ဖြစ်ပွား၊ စတုဓာတုဝတ္ထာနကမ္မဋ္ဌာန်း ဓာတ်လေးပါး ပိုင်းခြားပြီးတော့ မြင်ရမယ်။

http://www.dhammadownload.com



ပညာစရိုက်ရှိတဲ့ ပုဂ္ဂိုလ်များတွေပွားရမှာ။ (၇၅)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်းမှာ ပွားရမည့်ကမ္မဋ္ဌာန်းက အခု ဝါယောဓာတ်က စပြီးတော့ ပွားရမှာ။

**မောဟစရိုက်**

"နောက်ကျန်နေတာက မောဟစရိုက်"။ မောဟစရိုက်ဆိုတာ တွေတွေဝေဝေနဲ့ ဘာမှမသိတာ။ သေသေချာချာ ရေရေရာရာ မသိ၊ မသိများတာ မောဟစရိုက်ပေါ့။ အထူးအားဖြင့်တော့ သစ္စာလေးပါးကို ဖုံးဖိကွယ်ကာ ထားတာ။ **"မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"** မဲတယ်၊ မိုက်တယ်၊ မှောင်ကျတယ်၊ အဝိဇ္ဇာ။

အဲဒီ မောဟစရိုက်များတဲ့ ပုဂ္ဂိုလ်များကတော့ **"မောဟစရိုက် ရှိသူ၌ကား ယာပိုဒ်လေးလီ ရှုပ်ပွေပွေနှင့် ထွေထွေကိစ္စ ရှုပ်ထွေး စွာတည်း"**။ မောဟစရိုက်ရှိသူမှာ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာ ရှုပ်ပွေနေ တာပဲ။ ပြုသမျှကိစ္စတွေလဲ ရှုပ်ရှုပ်ထွေးထွေးပဲ။ **"ဘောဇန အရာ စားသောက်ပါလဲ ဘယ်ဟာမိမိ မြဲမရှိခဲ့"**။ စားတဲ့သောက်တဲ့ အခါ ဘယ်ဟာလေးကြိုက်သလဲလို့ မေးတဲ့အခါ ဘယ်ဟာလေးကြိုက်လှ ပါတယ်လို့ မရှိဘူးတဲ့၊ တွေ့ကြုံသလိုပဲတဲ့ ဒီလို ပြောကြတယ်။ အဲဒါ မောဟစရိုက်ရဲ့သဘောပဲ။

**"ဘောဇနအရာ စားသောက်ပါလဲ ဘယ်ဟာမိမိ မြဲမရှိခဲ့ ကိုယ်၏အစွမ်း စုံထောက်လှမ်း၍ အကြောင်းအကျိုး ကောင်းဆိုး ယုတ်မြတ် မသိတတ်သဖြင့် အရပ်ရပ်မှာ နောက်လိုက်ပါတည့်"**။ မောဟ စရိုက်များတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်အစွမ်းနဲ့ စုံစမ်းထောက်လှမ်းပြီး အဆန်းကတစ်မျိုး၊ အရိုးကတစ်မျိုး၊ အကျိုးကတစ်မျိုး၊ အကြောင်းက တစ်မျိုး၊ အကောင်းကတစ်မျိုး၊ အဆိုးကတစ်မျိုး အယုတ်အမြတ် ဘာမှမသိဘူးတဲ့။ နေရာတကာတိုင်း နောက်လိုက်ပဲတဲ့။

http://www.dhammadownload.com



ဘုန်းကြီးတို့ တောစကားတစ်ခုရှိတယ်။ တစ်ခါတစ်ရံ အရပ်လူကြီးတွေစုပြီး ဆွေးနွေးကြတယ်။ ဘာမှမသိတဲ့ ပညာမတတ်တဲ့လူ ဘယ်နှယ်နေသတုံး။ နောက်က တိုင်သွားမှီနေတာ သာသနာရေး၊ ဘာသာရေးတွေ စည်းဝေးကြတယ်။ နောက်ဆုံးက တိုင်ကိုမှီနေတုံး။ အခြားလူတွေ စည်းဝေးပြီး ဘယ်နှယ့်လဲလို့ဆိုတော့ သူက "တော်ပါရဲ့"လို့ ပြောတယ်။ "အဲဒီသူကို တိုင်မှီတော်ပါရဲ့"တဲ့။ မင့်ဘခင် လူတွေ နောက်ဆုံးလို့ ပြောတာဟုတ်လား။ တိုင်မှီတော်ပါရဲ့တဲ့ နောက်က တိုင်လေးမှီပြီး ဘာမှမဆုံးဖြတ်နိုင်ဘူး၊ အကြံမပေးနိုင်ဘူး။ တိုင်မှီ တော်ပါရဲ့ဆိုသူကို **"ခါးမနောက်ပိတ်ခွေး"**လို့လဲ အရပ်စကား သုံးကြတယ်။

သားကြည့်ပြီး၊ သမီးကြည့်ပြီး လူရာမဝင်ဘူး။ ငါ့သား၊ ငါ့သမီးလေး ခါးမနောက်ပိတ်ခွေး ဖြစ်တော့မှာပဲလို့ ပြောကြတယ်။ မိဘဆရာသမားများ လူရာဝင်တဲ့ သားသမီး တပည့်ဖြစ်စေချင်တယ်။ ဒါကြောင့် မင့်ဘခင် လူတွင်နောက်ဆုံး၊ နောက်နောင်ဆို ရှောင်ကာ ရှားပါတော့တဲ့။ **"ပညာသတိ ကင်းကွာဘိ၍ ထိနမိဒ္ဓ ဥဒ္ဓစ္စနှင့် ကာလကုန်ဆုံး အချိန်ဖြုံး၏"**။ မောဟစရိုက်ရှိသူများ ပညာမရှိ ဘာမှ ခွဲဝေနိုင်တဲ့ အသိမရှိ၊ သတိကလဲ ကင်းသေးတယ်။ ထိနမိဒ္ဓ ထိုင်းလို့ မှိုင်းလို့ ဟိုတုံးက စာပြောင်တစ်ခုရှိတယ်။ "မောင်သက်ပန်းက တသန်းသန်း တဝေဝေ၊ မောင်လှထွေ စာပေကနတ္ထိ၊ သံယာ့အစည်း အဝေး ရောက်တဲ့ အခါကျတော့ သက်ပန်းဆရာတော်ကြီးက တဝါးဝါးနဲ့ သန်းနေတယ်။ လှထွေဆရာတော်ကြီးကလဲ စာကမတတ်ဘူးတဲ့။ **"မောင်သက်ပြင်း ပျင်းလွန်းလို့ စာမကြည့်၊ မောင်လှထွေ စာပေကနတ္ထိ၊ မင်းနန်းမှာ လူနဲ့နှော သောသောညံ၏"**။ ဆရာတော် ဦးနန္ဒိယကျတော့ လူတွေနဲ့နှောပြီး တသောသောညံနေသတဲ့။ မောဟစရိုက် အားကြီးသူများ ဥဒ္ဓစ္စ စိတ်တွေပျံ့လွန့်ပြီးတော့ **"ကာလကုန်ဆုံး အချိန်ဖြုန်း၏"**။

http://www.dhammadownload.com



ဒါဖြင့် မောဟစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ဘယ်ကမ္မဋ္ဌာန်း ပွားရမလဲ ဆိုတော့ "အာနာပါနကမ္မဋ္ဌာန်း" အားထုတ်ရမယ်။ အခု(၇၅)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်းမှာ ယောဂီသူတော်စင်တွေ တစ်နေ့(၁၁)နာရီ ထွက်လေ ဝင်လေကို ရှုမှတ်ပြီး အာနာပါနကမ္မဋ္ဌာန်း ပွားများနေကြတယ်။

**ဝိတက်စရိုက်**

ကျန်တာက ဝိတက်စရိုက် ကျန်သေးတယ်။ ဝိတက်စရိုက်ဆိုတာ အကြံအစည်တွေ များပြီးတော့နေတာ။ **"ထုံးနည်းမခြား ဝိတက် များလည်း စကားတွေပေါ၊ ကိစ္စမျှော်လျှက် ကောင်းသောလုပ်ငန်း၊ ကုသိုလ်လမ်းတို့ အစွမ်းမရှိ ပျင်းရိရိတည်း"**။

ဝိတက်အကြံအစည်များတဲ့ ပုဂ္ဂိုလ်များကတော့ ကြံစည်နေတာနဲ့ အချိန်ကုန်တာပဲ၊ ကောင်းတဲ့လုပ်ငန်းမျှ သူ့အစွမ်းတစ်ခုမှ မရှိဘူး။ ပျင်းရိပြီးတော့သာ နေတယ်။ စာသင်ချိန် စာမသင်ဘူး။ တရား အားထုတ်ချိန် တရားအားမထုတ်ဘူး။ စာသင်သားဘဝ ကျောင်းတက်ရမဲ့ အချိန် ကျောင်းမတက်ဘူး။ စာမှန်မှန် မကျက်ချင်ဘူး။ ဒါဝိတက်စရိုက်ရဲ့ လက္ခဏာပဲ။ **"မိမိတို့တန်း၊ လူ့ပေါက်ပန်းနဲ့ ရောပြွမ်းပျော်ပါး၊ အကြံများသည်၊ လူအားလူပိုတွေပါတကား"**။ ဝိတက်စရိုက်ရှိတဲ့ ပုဂ္ဂိုလ်များက ကိုယ်နဲ့တန်းတူ လူပေါက်ပန်းတွေနဲ့ ရောပြွမ်းပြီး အပျော်တွေများပြီး လူအားလူပိုတွေတဲ့။

ဟိုတုံးက လယ်တီမှာ ဦးဝိသုဒ္ဓဆိုတဲ့ ကိုယ်တော်တစ်ပါး ရှိတယ်။ ကိုယ်တော်တို့ ကျက်ကြပါ၊ ကျက်ကြပါ၊ ကိုယ်တော်တို့ ကျက်ကြပါ။ ပြီးရင် မေ့သွားရင် တပည့်တော်နဲ့ အတူတူပဲနော်တဲ့၊ သူကပျင်းတာကိုး။ အဲဒီ ဝိတက်များတဲ့ပုဂ္ဂိုလ်၊ အကြံများတဲ့ပုဂ္ဂိုလ် ဘယ်ကမ္မဋ္ဌာန်း အားထုတ်ရမှာလဲ။ "အာနာပါနကမ္မဋ္ဌာန်း" အားထုတ်ရမှာပဲ။ **"အာနပါန အလျှော်ကျ မောဟဝိတက်သာ"**လို့ ဆိုတဲ့အတိုင်းသာ ဘယ်ဆေးစား

http://www.dhammadownload.com



ရမှာလဲ အာနာပါနကမ္မဋ္ဌာန်းကိုပဲ အားထုတ်ပါ။

အာနာပါန အလျှော်ကျ မောဟဝိတက်သာ အာနာပါန ကမ္မဋ္ဌာန်းနဲ့ ဘယ်စရိုက်နဲ့ သင်လျှော်သလဲဆိုရင် မောဟစရိုက်ရှိသူတွေနဲ့ လျှော်ပါ တယ်။ ဒါကြောင့် လယ်တီဝိပဿနာ တရားစခန်းစပြီး တရားစပေးကတည်းက အာနာပါနကမ္မဋ္ဌာန်းကို ပေးခဲ့တာပါ။ မဟာ သတိပဋ္ဌာနသုတ်တော်မှာလဲ အာနာပါနကမ္မဋ္ဌာန်းကို အရင်ပေးပါတယ်။

**ဣဓ ဘိက္ခဝေ ဘိက္ခုအရညဂတောဝါ ရုက္ခမူလ ဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိ ပလ္လင်္ကံအာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ ပရိမုခံသတိ ဥပဋ္ဌပေတွာ၊ သတော၀ အဿသတိ၊ သတော၀ ပဿတိ၊**

ပြောကြလိမ့်မယ်။ အသက်ရှူတာလေးများ ဘာဆန်းသလဲ။ တစ်နာရီအတွင်းမှာ (၁၀၀၀)ခန့်မျှ အသက်ရှူနေတာပဲ။ ပေါက်လွှတ် ပဲစားနေသူများ တစ်နာရီအတွင်း (၁၀၀၀)ခန့်လောက် ဖြစ်နေတာ (၁၀)ချက်တောင် မသိဘူး။ ဒီလိုဖြစ်တတ်တယ်၊ ဝိတက်တွေများနေရင် ဘယ်ကမ္မဋ္ဌာန်းပေးမလဲ။ မဟာသတိပဋ္ဌာန်သုတ္တန် ဒေသနာတော်ကြီးကို ဟောတော်မူတဲ့အခါ၊ တရားပေးတဲ့အခါ ဘယ်ကမ္မဋ္ဌာန်း အရင်ပေး သလဲ။ အာနာပါနကမ္မဋ္ဌာန်း အရင်ပေးတယ်။ ကာယဝေဒနာ၊ စိတ္တ၊ ဓမ္မတို့တွင် ဘာကိုအရင်ပေးသလဲ။ ကာယကို အရင်ပေးတယ်။ ကာယာနုပဿနာ သတိပဋ္ဌာန်ကို အရင်ပေးတယ်။ ကာယနုပဿနာ သတိပဋ္ဌာန်အပိုင်းကြီးတွေရှိတဲ့ အထဲက ဘယ်အပိုင်း အရင်ဟောသလဲ အာနာပါနပဗ္ဗကို အရင်ဟောတယ်။

ဒါကြောင့် လယ်တီဝိပဿနာ(၇၅)ကြိမ်မြောက် တရားစခန်းမှာ အားထုတ်နေကြတဲ့ ယောဂီများဟာလဲပဲ မောဟဝိတက် များကြမယ်။ အာနာပါန အလျှော်ကျ မောဟဝိတက်သာ ဆိုတဲ့အတိုင်း အာနာပါန ကမ္မဋ္ဌာန်း လျှော်လိမ့်မယ်ထင်လို့ ဘုရားပေးတော်မူတဲ့အတိုင်း ပထမဆုံး ပေးခဲ့ပါတယ်၊ ပေးခဲ့ပါပြီ။ ဟုတ်ပြီ စရိုက်အားလုံးကို ပြောခဲ့ပါပြီ။

http://www.dhammadownload.com



ရာဂစရိုက်၊ လောဘစရိုက်၊ တဏှာစရိုက် ပုဂ္ဂိုလ်တွေ ပြောခဲ့ပြီ။ လောဘသိပ်ကြီးတာ။ လောဘကြီးတွေ ဖြေဆေးဘယ်နှယ့်လုပ်မလဲ၊ လောဘကြီးလေ ရှာလေဖွေလေ၊ ဝိသမလောဘနဲ့ မကူးရမယ့် ကုန်ကူးတယ်။ မစားကောင်းတဲ့ အသီးစားတယ်။ ရလာလျှင် ဘနဖူး သိုက်တူးတယ်။ အင်မတန် သတိထားစရာတွေ။ ဟိုတုံးက လူတစ်ယောက်က အင်မတန်လောဘကြီးတယ်။ ဘုရင်က မြေတစ်ပြေး ယူကွာလို့ ပေးတယ်။ အသွားအပြန် ယူရမှာကိုး၊ မြေကို ကျယ်ကျယ် များများရချင်လို့ ပြေးတာ၊ မိုင်နှစ်ဆယ်လောက်ပြေးတော့ မနက် နေထွက်ကနေ ပြေးတာ၊ ညနေ နေဝင်ရင် ပြန်ရောက်ရမှာ။ အသွား ကတော့ မိုင်ရှည်ရှည်ပြေးတာ များများရအောင်လို့။ အပြန် ပြေးလာတဲ့အခါ သူ့နေရာမရောက်ပဲနဲ့ အမောဆို့ပြီး လမ်းခုလတ်မှာ သေသတဲ့။ သေတော့ ဘုရင်က "မင်းကွာ မြေတပြေးယူပါလို့ ပြောတာ (၆)ပေနဲ့ပဲ တန်တော့တာကိုး"လို့ဆိုပြီး (၆)ပေတွင်းလေးတူးပြီး မြှုပ်လိုက်သတဲ့။

လောဘကိုပြောတာ။ သားအဖသုံးယောက် အတူနေကြသတဲ့။ အဖေဖြစ်သူက တစ်နေ့ ကွယ်လွန်သွားတော့ ရွှေဟင်္သာ သွားဖြစ်တယ်။ သားအမိနှစ်ယောက် ကျန်နေတယ်။ အဖေဟင်္သာကြီးက တစ်နေ့ သုံးလောက်ရုံ မျှမျှတတ သုံးလောက်ရုံလေးပေးတာ ဘဝသံယောဇဉ်နဲ့ ရွှေဟင်္သာတစ်တောင် တစ်တောင် ပေးရှာတယ်။ ရွှေအစစ်ဟင်္သာ တောင်ကို ရောင်းပြီး သုံးရအောင် ပေးရှာတယ်။ ရွှေတောင်လေးတွေကို နှုတ်၊ နှုတ်ပေးတာ၊ တစ်နေ့ကျတော့ သားအမိနှစ်ယောက်က ကြံကြသတဲ့။ ရွှေဟင်္သာက ရွှေတောင်တစ်တောင်ပေးတာ မသုံး လောက်ဘူး။ ဒီတခါတော့ တစ်ကောင်လုံး နှုတ်လိုက်စို့ဆိုပြီး ရွှေဟင်္သာ ဖမ်းထည့်ပြီး တစ်ကောင်လုံး နှုတ်လိုက်တာ နောက်ထပ်ပေါက်လာတဲ့ အတောင်တွေ ကျတော့ ရွှေတောင်တစ်တောင်မှ မပေါက်တော့ဘူး။ ပြီးရော တခါတည်းနဲ့မွဲရော၊ ရွှေဟင်္သာလဲ အမွေးတွေနှုတ်ထားတော့ မပျံနိုင်ဘူး။

http://www.dhammadownload.com



ပေါက်လာတဲ့ အမွေးတွေကလဲ အဖြူတွေ။ ကောင်းကင် မပျံနိုင်ပဲ ဝမ်းဘဲဖြစ်နေရှာတယ်လေ။ ဩော် လောဘ လောဘ၊ ဟိုးတုန်းက ကုလားဉာဏ်ကျယ် ဘသူကြွယ်ဆိုတာ ရှိဘူးတယ်။ အလုံဘိုးတော်၊ သူ့ကို ရှင်ဘုရင်က ဆုချတာ။ ကျွဲတစ်ကောင် သားရေ တစ်ချပ်စာ မြေကြီးယူလို့ပြောလိုက်တာ။ သူက ကျွဲသားရေကို ကပ်ကြေးလေးနဲ့ မျှင်မျှင်လေးဖြစ်အောင် ကိုက်ပြီးနန်းဆွဲတာ။ အဲဒီ နန်းဆွဲထားတဲ့ အမျှင်လေးတွေကို ပတ်ပြီးဆွဲလိုက်တော့ ကျွဲသားရေ တစ်ခုကနေ အလုံမြို့ကြီးဖြစ်လာတာ။ ကုလားဉာဏ်ကျယ် ဘသူကြွယ် ကျတော့ ကျွဲသားရေ တစ်ရေစာပေးတာ မြို့တစ်မြို့စာရတယ်။ ဉာဏ်လေးနဲ့ ဉာဏ်လေးနဲ့ယူရတာ။ ဉာဏ်နဲ့ ယူရပုံကိုပြောတာ။ ရာဂစရိုက် အားကြီးတဲ့သူဟာ မိမိကိုယ်မိမိ ရာဂ၊ လောဘ အားကြီးရင် အသုဘပွားပါတဲ့။ သဒ္ဓါစရိုက် ရတနာသုံးတန် ကံ,ကံ၏အကျိုးတရားကို ယုံကြည်မှုသဒ္ဓါ အားကောင်းရင် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ ပွားပါ။ ဒေါသစရိုက်များရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်း။ ပညာစရိုက်ရှိရင် မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ စတုဓာတုဝဝတ္ထာန် ပွားပါ။

မောဟစရိုက်များရင် အာနာပါနကမ္မဋ္ဌာန်း ပွားပါ။ ဝိတက် စရိုက်များရင် အာနာပါနကမ္မဋ္ဌာန်း ပွားပါ။

**စရိုက်မရွေး တရားပေး**

စရိုက်မရွေးပဲ ပွားနိုင်တဲ့ကမ္မဋ္ဌာန်းက ပထဝီကသိုဏ်း အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောကကသိုဏ်း အာရုပ္ပ ကမ္မဋ္ဌာန်း(၄)ပါး အဲဒါတွေကတော့ အားလုံးနဲ့သက်ဆိုင်တယ်။ မိမိတို့နဲ့ ဘယ်ကမ္မဋ္ဌာန်း သင့်လျော်သလဲ နားလည်ဖို့နဲ့ အခု(၇၅)ကြိမ်မြောက်

http://www.dhammadownload.com



တရားစခန်းပွဲမှာ အဓိကအားဖြင့် "အာနာပါနကမ္မဋ္ဌာန်း"ကို ပေးခြင်းသည် မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်ကြီးမှာ ပထမဆုံး ပေးတဲ့အတိုင်း ပေးတာလို့ ဒီလိုလဲပြောချင်တယ်။

"အာနာပါန အလျှော်ကျ မောဟဝိတက်သာ" ဆိုတဲ့အတိုင်း မောဟဝိတက် စရိုက်နဲ့ကိုက်ညီအောင် ရွေးချယ်ပြီးတော့မှ အာနာပါန ကမ္မဋ္ဌာန်းကို ပေးတယ်ဆိုတာ ပြောကြားရင်း ဘုန်းကြီးရဲ့ ယနေ့ဓမ္မဒါန တရား အလှူပွဲကြီးကို သာဓုခေါ်ပြီးတော့ သိမ်းကြစို့။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဣဒ္ဓိ (၁၀)ပါး

ယနေ့ သာသနာနှစ်၂၅၄၈ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ခု၊ ဝါခေါင်လပြည့်ကျော်(၂)ရက်နေ့ လယ်တီဝိပဿနာ တရားစခန်းကလဲ (၇၅)ကြိမ်မြောက်ပြီ။ (၂၅)ကြိမ်က ငွေရတု၊ (၅၀)ကြိမ်က ရွှေရတု၊ (၇၅)ကြိမ်က စိန်ရတု၊ ဒီစိန်ရတုတရားစခန်း ကြိုးပမ်းနေကြတဲ့ ယောဂီသူတော်စင်တို့အား ယနေ့သိဒ္ဓိ(၁၀)မျိုး ပြီးစီးခြင်း၊ (၁၀)မျိုး အကြောင်းဟောမှာပါ။ သိဒ္ဓိ(၁၀)မျိုး၊ ဣဒ္ဓိ(၁၀)မျိုး၊ သိဒ္ဓိဆိုတာ ပြီးစီးအောင်မြင်တတ်တဲ့ ဉာဏ်ကိုသိဒ္ဓိလို့ ခေါ်တာပါပဲ။ ပြီးစီးတယ်၊ အောင်မြင်တယ်၊ ပြည့်စုံတယ်၊ ပြီးစီးခြင်း၊ အောင်မြင်ခြင်း၊ ပြည့်စုံခြင်း၊ အဲဒီ(၁၀)မျိုး ရရှိဖို့ ဣဒ္ဓိပါဒ်လေးပါး ဘုရားဟောတော်မူခဲ့ပါတယ်။

ဣဒ္ဓိ+ပါဒ = ဣဒ္ဓိပါဒ်၊ ဣဒ္ဓိ= ပြီးစီးခြင်း၊ အောင်မြင်ခြင်း၊ ပြည့်စုံခြင်းရဲ့ ပါဒ= အခြေခံ၊ ဣဒ္ဓိ= ပြီးစီးချင်တယ်၊ အောင်မြင်ချင်တယ်၊ ပြည့်စုံချင်တယ် ဆိုရင် ပါဒဖြစ်တဲ့ အခြေခံတရားတွေကို လက်ကိုင်ထားရမယ်။ စတ္တာရော ဣဒ္ဓိပါဒါ၊ ပြီးစီးခြင်း အောင်မြင်ခြင်း ပြည့်စုံခြင်းရဲ့ အခြေခံ(၄)မျိုး။ ဆန္ဒ= ကိစ္စတစ်ခု ဆောင်ရွက်တဲ့အခါ ဆန္ဒပြင်းပြရင် အောင်မြင်ပြီးစီး ပြည့်စုံတယ်။ တရားအားထုတ်မယ်။ သမထကမ္မဋ္ဌာန်းကို ပြီးစီး ပြည့်စုံအောင်မြင်အောင် အားထုတ်မယ်၊ ပြည့်စုံအောင် အားထုတ်မယ် ဆိုတဲ့ ဆန္ဒ။ အဲဒီ ဆန္ဒရှိရင် ပြီးစီးအောင်မြင်ပါတယ်။ ဝီရိယ= ပြီးစီးအောင်မြင် ပြည့်စုံအောင် ဝီရိယလဲ အရေးကြီးတယ်။ ဝီရိယမရှိပဲနဲ့ အောင်မြင်တယ်ဆိုတာ မရှိဘူး။ ဒါကြောင့်-

**ဆန္ဒဝတော ကိံနာမကမ္မံ နသိဇ္ဈတိ၊**
**ဝိရိယဝတော ကိံနာမကမ္မံ နသိဇ္ဈတိ။**

ဆန္ဒရှိမယ်၊ ဝီရိယရှိမယ်ဆိုရင် မပြီးစီး၊ မအောင်မြင်၊ မပြည့်စုံတဲ့ အလုပ်ဆိုတာ မရှိဘူးတဲ့။

စိတ်, စိတ်ကလဲ အင်မတန်အရေးကြီးတယ်။ စိတ်ပြဋ္ဌာန်းပြီးတော့ အလုပ်လုပ်ရတယ်။ ဝီမံသ, (ပညာ) အလုပ်ကြိုးစားတဲ့အခါ

http://www.dhammadownload.com



အသိဓာတ်၊ အလိမ္မာဓာတ်က ဦးစီးထားဖို့လိုတယ်။ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဒီလေးမျိုးဟာ ပြီးစီးပြည့်စုံ အောင်မြင်ခြင်းရဲ့ အခြေခံတွေပဲ။ အခြေခံမရှိပဲနဲ့ ဣဒ္ဓိ ပြီးစီးအောင်မြင် ပြည့်စုံတယ်ဆိုတာ မရှိဘူး။ ပြီးစီးခြင်း၊ အောင်မြင်ခြင်း၊ ပြည့်စုံခြင်း ဣဒ္ဓိ (၁၀)မျိုးရှိတယ်။ အဲဒီ (၁၀)မျိုးကို ရှေးကလင်္ကာလေးတွေနဲ့ ဟောကြားမှာပါ။

အ, ဝိ , မ , ဉာဏ်၊ သ အ ကံပုညံဝိဇ္ဇာတတ်၊ ဣဒ္ဓိဝိဓာ ဘိညာမှာ စစ္စာသုံးပါးမှတ်၊ ဣဒ္ဓိပြီးစီး အောင်မြင်ခြင်း၊ အရပ်ခေါ်ကတော့ တန်ခိုး(၁၀)မျိုး ခေါ်တာပါ။ တန်ခိုးတွေ ဘယ်လိုနည်းနဲ့ရသလဲ ဣဒ္ဓိရဲ့ အရကောက်ကတော့ ဉာဏ်ကို ကောက်ထားတာပါ။ ပြီးစီးအောင်မြင် ပြည့်စုံတဲ့ ဉာဏ်။

(၁) အဓိဋ္ဌာနိဒ္ဓိ- အဓိဋ္ဌာန်နဲ့ ပြီးစီးအောင်မြင်တာ ဘယ်လို ဟာမျိုးလဲ၊ ထို့တွင်ကားတစ် အများဖြစ်ဟု စ,လစ်အမှန် အဓိဋ္ဌာန်ပင်။ အာနပါနအစထား သမထကမ္မဋ္ဌာန်း အားထုတ်တယ်။ သမထကမ္မဋ္ဌာန်း အဆင့်မြင့်ပြီး အထက်သို့ ရောက်သွားတဲ့အခါ အဘိညာဉ်ရတယ်။ အဘိညာဉ် ရတဲ့အခါ တစ်ပါးကနေ တစ်ရာ၊ တစ်ရာကနေ တစ်ထောင် ပြီးစီးကြောင်းတွေ ပြနိုင်တာပဲ။ အဓိဋ္ဌာန်နဲ့ မြတ်စွာဘုရား အဘိဓမ္မာ တရား မဟာဗျူဟာသုတ္တန် ဟောတဲ့အခါ ဟိုမှာတရားဟော မပျက်ဘူး။ လူပြည်မှာ ဆွမ်းခံဘုဉ်းပေးနေတယ်။ အမေး မပျက်ဘူး။ ဘုရားကိုယ်စား ဟောနေဖြေနေတာ။ အဲဒါဘာလဲဆိုတော့ အဓိဋ္ဌာနိဒ္ဓိ အဓိဋ္ဌာန်နဲ့ ပြီးစီးတာ၊ အဓိဋ္ဌာန်နဲ့ ပြီးစီးအောင်မြင်တာ။ တစ်ပါးက တစ်ရာ၊ တစ်ရာက တစ်ထောင်၊ အာနာပါန အစရှိတဲ့ သမထကမ္မဋ္ဌာန်း အားထုတ်လို့ အထွဋ်အထိပ် ရောက်ပြီဆိုရင် ဒီအဘိညာဉ်တွေ ရပါတယ်။

(၂) ဝိကုဗ္ဗနိဒ္ဓိ- "ကိုယ့်ရုပ်သွင်ကို စွန့်လျှင်ဝိကုဗ် အဟုတ်ခေါ်ဆို၊ ဝိကုဗ္ဗနိဒ္ဓိဆိုတာ ရုပ်သွင်သဏ္ဌာန် အမျိုးမျိုးကို ဖန်ဆင်းနိုင်တာ ကိုယ်အသွင်တော့ မဟုတ်ဘူး။ ရှင်ဥပဂုတ်က မာရ်နတ်ကို နှိမ်နင်းတဲ့အခါ မာရ်နတ်က ငါးတောင်ကျားဆိုရင် ရှင်ဥပဂုတ်က (၁၀)တောင်ကျားနဲ့။

http://www.dhammadownload.com



ကိုယ့်မူလရုပ်သွင်ကို စွန့်ပြီးတော့ ပုံစံအမျိုးမျိုးနဲ့ ဖန်ဆင်းနိုင်တာ။ ဝိကုဗ္ဗနိဒ္ဓိတဲ့ ပုံစံအမျိုးမျိုး ဖန်ဆင်းနိုင်တယ်ဆိုတဲ့ တန်ခိုးပါပဲ။ သိဒ္ဓိ ဘုရားရှင်၏ အဂ္ဂသာဝက အဘိဘူမထေရ်က အာရဗ္ဘထ စတဲ့ဂါထာ ရွတ်တဲ့အခါမျိုး။

(၃) မနောမယိဒ္ဓိ- **"ကိုယ့်ကိုယ်အတွင်း ဖန်ဆင်းကာယော မနောမယ"**၊ မနောမယိဒ္ဓိက ဘယ်လိုလဲဆိုရင် စိတ်နဲ့ပြီးတဲ့ ခန္ဓာကိုယ်။ မိမိခန္ဓာကိုယ် အတွင်းမှာပဲ သံလျှက်အိမ် မြွေအရေလဲပေးသလိုပါ။ ပုံစံက အတွင်းသဏ္ဍာန်မှာပဲ ဖန်ဆင်းတယ်။ အပြင်ကို မထွက်ဘူး။ အဲဒါ မနောမယိဒ္ဓိ စိတ်အလိုအတိုင်း ပြီးတဲ့တန်ခိုး။

(၄) ဉာဏဝိပ္ဖာရိဒ္ဓိ- **"အရဟတ္တာ ဖြစ်သည့်ခါမှ ပုဗ္ဗာပရ တခ်ဏ၌ ဉာဏစွမ်းမှတ် ထူးပြီးလတ်သား ဝိပဿနာ မဂ်လေးဖြာ ဖြင့် ကိလေသာပယ် ငါးဝယ်ဝမ်းနေ မသေမှုန်လှ ဗာကုလ တည်း"**။ ဒီဘဝရဟန္တာ ဖြစ်မယ့်ပုဂ္ဂိုလ် ပစ္ဆိမဘဝိကသား ဒါဟာနောက်ဆုံးဘဝ ဘဝနောက်ထပ် မလာတော့ဘူး။ ရှင်ဗာကုလ လောင်းလျာကလေးလေး ရှင်ဗာကုလ ရဟန္တာအရှင်မြတ်ကြီး အနာမဲ့တဲ့ ကင်းတဲ့နေရာမှာ ဇာတဒဂ်ရတယ်။ သန်းရုံ၊ ချီရုံတောင် မပြုဖူးဘူး။ ရှင်ဗာကုလရဟန္တာ ဖြစ်မည့် ရှင်ဗာကုလ လောင်းလျာကလေးလေး ရေချိုးဆိပ်သွားပြီး ရေချိုးတာ ငါးကမျိုပြီး ငါးဝမ်းမှာ မသေမှုန်လှ ဗာကူလတည်း။ ငါးဝမ်းထဲ ရောက်သွားတာ ဒီပြင်လူတွေဆို သေလောက်တဲ့ဖြစ်ရပ်ပါပဲ။

"သံကိစ္စမှာ ဂဗ္ဘတည်းနေ အမိသေလဲ မသေနိုင်လို" သံကိစ္စ သာမဏေလောင်းလျာလဲ အမိဝမ်းတွင်းနေခိုက် မယ်တော်ကသာ သေသွားတယ်။ သံကိစ္စလောင်းလျာ မသေဘူး။ ဒါကြောင့် ဒီဘဝရဟန္တာ ဖြစ်မည့် ပုဂ္ဂိုလ်မို့ နောက်ဆုံး ပစ္ဆိမဘဝိကသား ခေါ်တယ်။ ရာဇဂြိုလ်မြို့ပြ ယက္ခဝန်းခြံညဥ့်သုံးယာမ်လည်း တစ်ယောက်တည်းသာ တစ်လှည်း အောက်နေ မသေနိုင်သူ ဘူတပါလ ဒါရကတို့ ဉာဏဝိပ္ဖာ ရိဒ္ဓိသာတည်း။

http://www.dhammadownload.com



"ရာဇဂြိုလ်မြို့က မြို့ပတ်ဝန်းကျင် ညဥ့်တစ်ယောက်တည်းနေ မသေတဲ့ ဘူတပါလ ဒါရက ဉာဏဝိပ္ဖါရိဒ္ဓိတန်ခိုး အာနိသင်ကြောင့် ရာဇဂြိုလ်မြို့ရဲ့ အနီး ညဥ့်သုံးယံပတ်လုံး ကလေးတစ်ယောက်ထဲ လှည်းအောက်မှာ နေတာ မသေဘူး။ ဒီကလေးသူငယ် မသေဘူး။ ဘာကြောင့်လဲ ဉာဏဝိပ္ဖာရိဒ္ဓိ ဉာဏ်ဖြန့်ပြီးနေတဲ့အတွက် ဉာဏ်ဖြန့်ခြင်းဆိုတဲ့ တန်ခိုး အာနိသင်ပါပဲ။ ပစ္ဆိမဘဝိက နောက်ဆုံးဘဝ ရဟန္တာဖြစ်မည့်ဘဝမို့ မသေခဲ့ဘူး။ ဒီပြင်လူတွေဆိုရင် သေမှာပါပဲ။ အရှင်သံကိစ္စလဲ မသေဘူး။

(၅) သမာဓိဝိပ္ဖာရိဒ္ဓိ- ရှစ်သမာပတ် ခါသုံးမှတ်၍ ပစ္စတ်ပယ်ခွာ တပေါ်ဒါချောက် ဘီလူးခေါက်လဲ သေပျောက်ကျင်နာ ဆိတ်စာမရှိ ရှင်သာရိတည့်။ အရှင်သာရိပုတ္တရာ မထေရ်မြတ် သမာပတ် ဝင်စားနေတာ။ မြတ်စွာဘုရား ခေါ်တဲ့အခါ သိပါစေ၊ သံဃာတော်များ အလိုရှိတဲ့အခါ သိပါစေ၊ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် သမာပတ်မှ ထမယ် ဆိုတဲ့အခါ မှတ်ပြီးတော့ သမာပတ် ပစ္စတ်ပယ်ခွါ အဓိဋ္ဌာန်ထားခါ သမာပတ်ဝင်စားနေတယ်။ စိတ်စေတသိက်ချုပ်ပြီ ဘာမှမသိဘူး။ သမာပတ် ဝင်စားနေတဲ့အချိန်၊ အခြားအခြား ပုဂ္ဂိုလ်တွေက သက်နီးယူ ပြေးမယ်ဆိုရင် မရဘူး။ သပိတ်သက်န်းလဲ မပျောက်ပျက်ပါစေနဲ့ ရန်သူတွေ မနှိပ်စက်ပါစေနဲ့။

အဲဒီလို အဓိဋ္ဌာန်နဲ့ သမာပတ်ဝင်စားနေတဲ့ အရှင်မြတ်ကြီး အရှင် သာရိပုတ္တရာ တပေါ်ဒါချောက် တပေါ်ဒါစခန်းကြီးမှာ အရှင် သာရိပုတ္တရာရဲ့ လရောင်အောက်မှာ ခေါင်းပြောင်ပြောင်ကို တင်းပုတ်နဲ့ ထုတာ နာလဲမနာဘူးတဲ့၊ ပုံ့လည်းပုံ့လွန်တော်မမူဘူး။ ဘီလူးဆိုတော့ သာမန်အားဘယ်ဟုတ်မှာတုံး။ ဘုရားလက်ထက်ကလဲ ဘီလူးဆိုးတွေက ရှိတာပဲ။ တစ်နေ့က ဘုရားတစ်ဆူမှာ လူနှစ်ယောက် ပုတီးစိတ်တာ၊ အဲဒီလူတွေ ပြေးလာခဲ့ရတယ်။ ဘီလူးက ပါးထွက်ချလို့ နှစ်ယောက်လုံး ပြန်ပြေးခဲ့ရတယ်။ တစိထိုမှ သဥ္ဇိဝကို နိရောဓဝင် အသေထင်၍ မီးတင်ဝိုင်းစု ထို့အတူပင် ခါဏုတွင်ထ ကောဏ္ဍညကို စောရငါးရာ

http://www.dhammadownload.com



ဘဏ္ဍာထုပ်ဖိ မသေရှိ၏။ သေဋ္ဌိဓိတာ ဥတ္တရာကို ဝန်တိုလှစွာ သီရိမာဟု ပြည့်တန်ဆာမ ဆီပူချလျှင် ဝင်ထမေတ္တာ သာမာဝတီ မာဂဏ္ဍီကြောင့် ဥတီနခင် လေးကိုတင်၍ မနှင်မချ နိုင်ရလေဘိ ဘေးမထိသား သမာဓိ ဝိပ္ဖာ။ သဥ္စိဝဆိုတဲ့မထေရ် နိရောဓသမာပတ် ဝင်စားနေတာ ခိုးသား ငါးရာက မီးပုံရှို့တာ မသေဘူး။ ကောဏ္ဍညမထေရ်ကိုလဲ ခိုးသားငါးရာက သူတို့ပစ္စည်းတွေနဲ့ ဖိထားတာ၊ မသေဘူး။ သူဌေးသမီး ဥတ္တရာကို ဝန်တိုတဲ့ သီရိမာက ဆီပူနဲ့လောင်းချတာ ဘာမှမဖြစ်၊ မသေဘူးတဲ့။ သာမာဝတီမိဖုရားကို မာဂဏ္ဍီမိဖုရားရဲ့ ဂုန်းချောမှုကြောင့် ဥတေန ရှင်ဘုရင်က မြှားနဲ့ပစ်တာမသေဘူး။ မေတ္တာအခြေခံ သမာဓိတန်ခိုး အဲဒါသမာဓိတွေရဲ့ ပြန့်နှံ့နေမှုကြောင့် မသေဘူး။ သမာဓိဝိပ္ဖာရိဒ္ဓိ၊

(၆) အရိယဣဒ္ဓိ၊ အနိဋ္ဌာရုံ မြတ်နိုးစရာမဟုတ်တဲ့ မကောင်းတဲ့ အာရုံ၊ မေတ္တာဓာတု နှလုံးပြု၍ရှုနိုင်ဣဋ္ဌ၊ မေတ္တာကမ္မဋ္ဌာန်း၊ ဓာတ်ကမ္မဋ္ဌာန်း နှလုံးသွင်းပြီးတော့ ရွံစရာတွေလဲ မရွံတော့ဘူး၊ ရှုနိုင်တယ်။

ဣဋ္ဌာရုံကျတော့ အသုဘလို့ ရှုနိုင်တယ်၊ အနိစ္စလို့ ရှုနိုင်တယ်။ လှပါပေ့၊ ချောပါပေ့ ဆိုတာတွေကို မလှပါဘူး၊ မမြဲပါဘူး။ ရွံစရာပါလို့ ရှုနိုင်တယ်။ **“စက္ခုရူပ တွေ့ရာစလဲ နေဝသုမနော၊ နောစဒုဋ္ဌ၊ ဆဠင်္ဂုပေက္ခာ၊ ရဟန္တာ၏ အရိယာဣဒ္ဓိ”**။ စက္ခု (မျက်စိအကြည်)နဲ့ အဆင်းမျိုးစုံ ရူပါရုံနဲ့ တွေ့ကြတဲ့အခါ စိတ်အလိုကျတော့ ပြုံးတယ်။ စိတ်အလိုမကျတော့ မုန်းတယ်။

ရဟန္တာပုဂ္ဂိုလ်ကြီးများကတော့ အရိယာတို့ရဲ့ ဣဒ္ဓိရှိနေတော့ စက္ခုပသာဒ ရူပါရုံ တွေ့ဆုံသဘောကျလို့ ပြုံးတယ်ဆိုတာ မရှိဘူးတဲ့၊ သဘောမကျလို့ မဲ့တာလဲမရှိဘူး။ ရွံ့တာလဲ မရှိဘူးတဲ့။ သောတပသာဒနဲ့ သဒ္ဒါရုံ၊ ဃာနပသာဒနဲ့ ဂန္ဓာရုံ ဘုန်းကြီးတို့ကတော့ အပုပ်နံ့လေးများ နံလိုက်လို့ရှိရင် နှာခေါင်းမြန်မြန် ပိတ်ရတယ်။ ခွေးသေပုပ်လို အနံ့မျိုးနဲ့ ဆုံတာတောင်မှ ရဟန္တာအရှင်မြတ်ကြီးများကျတော့ သဘောမကျလို့

http://www.dhammadownload.com



စိတ်မကောင်းလဲ မဖြစ်ဘူးတဲ့။ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် မုံရွာမြို့ အရှေ့လယ်တီတိုက် ယမိုက်ပဋ္ဌာန်းကျမ်းတို့ အခေါက်ပေါင်း (၄၀)ကျော် ပို့ချတော်မူသွားတဲ့ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထေရ်က အပုတ်နံ့ မနံဘူးတဲ့။

ဇိဝှါပသာဒ ရသာရုံ ထမင်းဆာလို့၊ ကျောက်ခဲဝါးမိလို့ ဆိုရင်လဲ မျက်နှာကိုရှုံ့လို့။ ထမင်းပန်းကန်ထဲ ဆံပင်ပါလာရင်ပဲ ဟာ-ရွံလိုက်တာ၊ ထမင်းထဲမှာ ပိုးလောက်လေးတစ်ကောင် တွေ့ရင်ပဲ မျက်နှာကိုပျက်လို့။ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံ ဆုံရာလဲ ဒီအတိုင်းပါပဲ။ မိမိသဘောမကျတဲ့ အာရုံတွေ့တယ်ဆိုရင်လဲ မုန်းလို့။ သဘောကျတဲ့အာရုံ တွေ့ရင်ပြုံးလို့၊ အရိယာအရှင်မြတ်ကြီးတွေကတော့ အရိယဣန္ဒြိ အရိယာတို့ရဲ့ တန်ခိုးနဲ့ နေဝသုမနော သဘောကျလို့ ပြုံးတာလဲ မရှိဘူး။ နောစဒုမ္မာ စိတ်မကောင်းမဖြစ် မုန်းတာရန်ငြိုးဖွဲ့တာ မရှိပါဘူးတဲ့။ ဒါအရိယာဣန္ဒြိ။

(၇) ကမ္မဇိဒ္ဓိကံကြောင့်ဖြစ်တဲ့ တန်ခိုး၊ ပက္ခိဒေဝ ကပ်စ မနုပိယင်္ဂုမာတာ မာတာဥတ္တရ ဖုဿမိတ္တာ ဝိနိပါတို့ ဝေဟာပျံကျ ကမ္မဇတည်း။ ကံကြောင့်ဖြစ်သော ပြီးစီးမှု၊ ကံကြောင့်ဖြစ်သော တန်ခိုး၊ ဘယ်လိုဟာလဲ။ ခိုတို့၊ ဂျိုးတို့ ကောင်းကင်ပျံနိုင်တဲ့ ငှက်တွေ၊ နတ်တွေ ကမ္ဘာဦးက မနုဆိုသူ ကောင်းကင်ပျံနိုင်တယ်။ ဝိနိပါတိက ပြိတ္တာတို့ အထဲမှာ ပိယင်္ဂုမာတာ၊ ဥတ္တရမာတာတို့၊ ဖုဿမိတ္တတို့၊ ကောင်းကင် ပျံနိုင်တယ်။ သူခိုးငတက်ပြားတောင် ကောင်းကင်ပျံနိုင်သလို ငှက်ပျောပင်လေးပေါ် အိပ်နိုင်တယ်။ ကံကြောင့်ဖြစ်တာတွေချည်းပါပဲ။

အချို့လူတွေဟာ (၁၀)တောင်၊ (၁၅)တောင်လောက် အမြင့် ခုန်နိုင်တယ်။ အဲဒါ ကမ္မဇိဒ္ဓိ၊

(၈) ပုညိဒ္ဓိကို ဆက်ကြဦးစို့။ စက္ကဝတ္တိ မိုးပျံဘိ၏၊ ဇောတိသူဌေး ခြောက်ဆယ့်လေးထွေ ပဒေသာများ ပတ္တမြားပြဿာဒ် ပေါက်လတ်မြေမှ ဇဋိလဝယ် ရှစ်ဆယ်အတောင် ရွှေတောင်ပေါက်ရ ယောသကကို သတ္တဌာနေ သေကြောင်းဖွေလည်း မသေနိုင်ထ မေဏ္ဍကဧ၏ ဧကေသီတာ

http://www.dhammadownload.com



ထွန်ကြောင်းရာ၌ ရတနာခုနစ် ဆိတ်ရုပ်ဖြစ်ရ မေဏ္ဍကနှင့် စန္ဒပဒုမာ ဓနဥ္စယ ချွေးမသုမနာ ကျွန်မှာပုဏ္ဏား ငါးဝဘုန်းရှိ ပုညိဒ္ဓိကို ကျမ်းရှိထုတ်ဆို။ စကြာမင်းများ မိုးပျံနိုင်တယ်။ (၁) စကြာရတနာ၊ (၂) ဆင်ရတနာ၊ (၃) မြင်းရတနာ၊ (၄) ပတ္တမြားရတနာ၊ (၅) သူကြွယ်ရတနာ၊ (၆) သားကြီးရတနာ၊ (၇) မိဖုရားရတနာ၊ ရတနာ(၇)ပါးနဲ့ ပြည့်စုံတဲ့ စကြာမင်းဆိုတာ ကမ္ဘာမှာ ရှိတယ်။ ဘယ်နိုင်ငံဖြစ်ဖြစ် နေ့(၇)နေ့ပဲ ညီတယ်။ (၁၂)လ ညီတယ်။ စကြာဝဠာတစ်ခုလုံး အုပ်စိုးတဲ့ပုဂ္ဂိုလ် ရှိလို့သာ ညီတာပါ။ သို့ပေမယ့် ဝါဆိုလကို ရှမ်းကတစ်မျိုး ကိုယ်ကတစ်မျိုး ပြောချင်ပြောမယ်။ ပါဠိဘာသာကနေ့ကို ဒိဝသလို့ခေါ်တယ်။ လကို မာသလို့ခေါ်တယ်။ နှစ်ကို သံဝစ္ဆရလို့ ပါဠိလိုခေါ်တယ်။ ဗမာနေ့၊ လ၊ နှစ်လို့ခေါ်တယ်။ တစ်နှစ်ကို ဧကဝဿတစ်ဝါ= နှစ်ဝါ ဒွိဝဿ၊ ကတိဝဿောသိ၊ ဘယ်နှစ်ဝါရပြီလဲ၊ အဟံဘန္တေ ဧကဝဿော= တပည့်တော် တစ်ဝါပါ ဘုရား။

နေ့(၇)နေ့ ကမ္ဘာကြီးတစ်ခုလုံး ညီတယ်။ (၁၂)လ ကမ္ဘာကြီး တစ်ခုလုံးညီတယ်။ ဒါကြောင့် တစ်ကမ္ဘာလုံး အုပ်စိုးတဲ့ စကြာမင်းကြီး ပေါ်ပေါက်ဘူးတယ်။ အဲဒီ စကြာမင်းက ရတနာ(၇)ပါးနဲ့ ပြည့်စုံတယ်၊ စကြာရတနာကြီးကလဲ ပင်လယ်သမုဒ္ဒရာပေါ်ကနေ ပျံပြီးတော့ သွားနိုင်တယ်။ စက္ကဝတ္တိ မိုးပျံဘိ၏။ ဆင်ရတနာ၊ မြင်းရတနာတို့ကလဲ ကောင်းကင်ပျံနိုင်တယ်။ ပတ္တမြားရတနာကြီး မှောင်တဲ့နေရာမှာဆိုရင် အတောင်လေးငါးခြောက်ဆယ် လင်းနေတယ်။ မိဘုရားရတနာဆိုတာ ခန္ဓာကိုယ်က ချွေးနံ့တွေ မနံဘူးတဲ့။ အပြစ်(၆)ပါး ကင်းတယ်၊ မကောင်းတဲ့အနံ့တွေ မနံဘူး။ ခံတွင်းပါးစပ်က ကြာညိုနံ့ သင်းနေတယ်တဲ့။ ဘာတွေညာတွေနဲ့မှ ခန္ဓာကိုယ်ကို မွှမ်းမံစရာမလိုဘူးတဲ့။ မဖြူ၊ မညို၊ မနိမ့်၊ မမြင့်၊ မပိန်၊ မဝဆိုတဲ့ အပြစ်(၆)ပါးကင်းတယ်။ သားကြီးရတနာ ကလဲ တာဝန်ခန့်ထားတဲ့ လူတစ်ထောင်ထဲက တစ်ယောက်ယောက် ရှင်ဘုရင်အပေါ် မကောင်းကြံတာရှိရင် သားကြီးက အလိုလိုသိတယ်။

http://www.dhammadownload.com



သူကြွယ်ရတနာကလဲ စကြာမင်းကြီးက ငါသူကြွယ်ဘယ်လောက်ချမ်းသာသလဲ။ လှေနဲ့မြစ် အကူးခိုင်းပြီး ရေလယ်ရောက်မှ စကြာမင်းက ဟေ့သူကြွယ် ငါရွှေလိုချင်တယ်ဆိုရင် ရေထဲကိုလက်နဲ့ နှိုက်လိုက်တာနဲ့ လိုသလောက်ရွှေရတယ်။ ငွေဆိုရင် ငွေ၊ စကြာမင်းကြီး လိုတာကို ရေထဲကထုတ်ဆယ်ပြီး ဘယ်ရတနာမဆို ဆက်သနိုင်တယ်။ စကြာရတနာ အစရှိတဲ့ ရတနာ(၇)ပါးနဲ့ ပြည့်စုံတဲ့ စကြာမင်းကြီးဟာ ကောင်းကင်ပျံနိုင်တယ်။ အဲဒါ ဘာတန်ခိုးလဲဆိုတော့ ပုညိဒ္ဓိလို့ ခေါ်တယ်။ ကုသိုလ်ကံဆိုတဲ့ တန်ခိုး။ အဲဒီ ပုညိဒ္ဓိက တော်တော်များများ ရှိကြတယ်။

ဥပမာ ဇောတိကသူဌေး (၆၄)တွေ ပဒေသာပင်များ ပတ္တမြားပြဿာဒ်မြေထဲက ပေါက်လာတာ ဆောက်စရာမလိုဘူး။ အင်ဂျင်နီယာလဲ မလိုဘူး။ ပဒေသာပင်က (၆၄)ပင် သုံးလို့မကုန်ဘူး။ ပဒေသာပင်မြေကြီးက အလိုလိုပေါက်ပေးရတာ။ ဒါကြောင့် ပုညိဒ္ဓိ၊ သူရဲ့ကုသိုလ်တန်ခိုး ကာမာဝစရ ကုသိုလ်ကံတွေကလဲ အထင်သေးလို့ မရဘူး။ "ကာမာဝစရ ကုသလံ စိန္တာမဏိရတန သဒိသံ ကာမာဝရ ကုသိုလ်ကံဟာ စိန္တာမဏိရတနာနဲ့ တူတယ်။ ယောဂီတို့က အခုတရားအားထုတ်တဲ့ ကုသိုလ်တွေ ပြောမနေနဲ့တော့ ကာမာဝစရကုသိုလ်ထဲမှာ မြတ်တဲ့ ကုသိုလ်တွေကိုး။ မိမိတို့ ကျောင်းထဲ ရိပ်သာထဲမှာ တံမြက်စီးလေးလှဲကာ၊ သန့်ရှင်းရေးလုပ်တာ၊ ပန်း ဆီမီး ရေချမ်း ကပ်လှူတာ၊ သောက်ရေလှူ အဲဒါတွေလုပ်လဲ ကုသိုလ်တွေရပဲ။ အဲဒါကြောင့် ဇောတိကသူဌေးဟာ သူ့ရဲ့ရှေးကုသိုလ်ကံကြောင့် (၆၄)တွေပဒေသာများ ပတ္တမြားပြဿဒ် ပေါက်တယ်။ ဇဋိလဝယ် (၈၀)အတောင် ရွှေတောင်ပေါက်တယ်။ ယုံနိုင်စရာတောင် မရှိဘူးနော်။ မယုံလို့ရှိရင် လက်တွေ့ပြောမယ်။ သုံးခွမြို့က ဒေါ်စိုးမယ်တဲ့။ ဒကာမကြီးတစ်ယောက် မနက်ဆွမ်းချက်မလို့ ချောင်းလေးထဲ ရေသွားခပ်တာ သံသေတ္တာလေးတစ်လုံး ရေထဲ မျောလာတယ်။ အဲဒီသေတ္တာလေး ကောက်ယူပြီး ရွက်လာတယ်။ အိမ်မှာရောက်တော့ မ,လို့မရတော့ဘူး။ အလေးကြီးဖြစ်နေတာ။

http://www.dhammadownload.com



ဖွင့်ကြည့်တော့ ရွှေသတ္တာ ဖြစ်နေတယ်။ ဒေါ်စိုးမယ်မိသားစုက သုံးခွမြို့ထဲမှာ ဘုရားတည်ထားတာ ရှိနေတယ်၊ ရောက်ခဲ့တယ်။ အဲဒီနားက ရှေးဟောင်းကျောင်းကြီးကို ပြင်ပြီးဆောက်မယ်ဆိုပြီး ကျောင်းဆောက်ဖို့ရာ တိုင်တွေတူးတော့ တိုင်အလုံးနှစ်ဆယ်တိုင်တိုင်း တိုင်တိုင်း ရွှေအိုးတစ်လုံး တစ်လုံးစီရတယ်။ ဒါလဲ သုံးခွမှာပဲ။

ဘုန်းကြီးတို့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ကျောင်းဒကာ ဦးလန်း အင်မတန်ဆင်းရဲတဲ့ ဦးလန်းပါ။ တစ်နေ့ကျတော့ ယာထွန်သွားတယ်။ သူများယာ အငှားထွန်ရရှာတယ်။ ထွန်ရင်း ထွန်ရင်း ထွန်မိတိုက်မိတာတွေက ရွှေအိုးကြီးတွေ ဖြစ်နေတယ်။ အဲဒီကျမှ သူဌေးဦးလန်း ဖြစ်တာ။ လယ်တီဆရာတော် ဘုရားကြီးကို လယ်တီစံကျောင်းဆိုပြီး ဆောက်လုပ်လှူပါတယ်။ ဦးလန်းဆိုတာ ဒါလယ်ထွန်ရင်းနဲ့ ရွှေအိုးတွေ တွေ့တာ အခုခေတ်မှာလဲ ရှိပါတယ်။ "ဇဋိလဝယ် ရှစ်ဆယ်အတောင် ရွှေတောင်ပေါက်ရ၊ ယောသကကို သတ္တဌာနေ သေကြောင်းဖွေလျှက် မသေနိုင်ထ ယောသကဆိုတဲ့သူကို သူ့ကိုမနာလိုမုန်းထား ရန်ငြိုးများ သူတွေက သေကြောင်းကြံတာ (၇)ကြိမ်တိုင်တိုင် ကြံတယ်။ ကြံသမျှ ယောသကအတွက် ကောင်းစားဖို့ချည်း ဖြစ်တာပဲ။

ဘုန်းကြီးတို့စီမှာ ရွာတစ်ရွာ မီးလောင်တယ်။ တောသူဌေး ဒကာမကြီးက သားရေ အမွေအထုပ် ယူစမ်းပါ။ သူ့သားမဟုတ်တဲ့ လူကို အထုပ်ပေးတာ သားမဟုတ်တဲ့လူက ယူသွားပြီး သူဌေးဖြစ်သွားတာပဲ။

မေဏ္ဍကဧ္။ ဇကသီတာ ထုံးကြောင်းရာ၌ ရတနာခုနစ် ဆိတ်ရုပ်ဖြစ်၏။ မေဏ္ဍကသူဌေး ယာထွန်းတယ်၊ ထွန်တိုင်း ထွန်တိုင်း ရတနာ (၇)ပါး ဆိတ်ရုပ်တွေ ဖြစ်ရတယ်။ ပုညိဒ္ဓိကုသိုလ်ကံများ အကျိုးပေးပြီဆိုတော့ အဲဒီလို ရတနာ(၇)ပါးနဲ့ ဆိတ်ရုပ်တွေပေါ်လာတာ သုံးရောပဲ။ မေဏ္ဍကနှင့် စန္ဒပဒုမာ ဓနဉ္စယ ကျွန်ပုဏ္ဏနှင့် ချွေးမသုမနာ ငါးဝဘုန်းရှိ ပုညိဒ္ဓိကို ကျမ်းရှိထုတ်ဆို၊ မေဏ္ဍကသူဌေးရယ်၊ စန္ဒပဒုမာရယ်၊ ဓနဉ္စယရယ်၊ ကျွန်မပုဏ္ဏ၊ ချွေးမသုမနာ ဒီပုဂ္ဂိုလ်တွေကလဲ

http://www.dhammadownload.com



ဘုန်းရှိတဲ့ ပုဂ္ဂိုလ်တွေပဲ။ တစ်ချို့ပုဂ္ဂိုလ်တွေက ထွန်တစ်ချောင်းထွန်ရင် (၇)ချောင်းရာ ထင်တယ်။ ချွေးမသုမာက ဘုန်းရှိတယ်။ ကံပြိုင်လို့ မရဘူး။

ပုညိဒ္ဓိဆိုတာ ဘာလဲ၊ ကုသိုလ်ကံကြောင့်ပြီးတဲ့ တန်ခိုး။ ကလေးဝဆရာတော်ဘုရားကြီးတို့ သက်တော်(၆၀)မှ ရန်ကုန်ရောက်တယ်။ ရန်ကုန်မြို့မှာ ကလေးဝဆရာတော်၊ ပြည်ပမှာလဲ ကလေးဝဆရာတော်၊ မန္တလေးရောက်လဲ ခဏလေးထိုင်လိုက်တာနဲ့ ဆွမ်းပို့မယ့်သူတွေ ရောက်လာကြတယ်။ တစ်နေ့ကျတော့ ကလေးဝဆရာတော်ဘုရား မန္တလေးဘုရားကြီး တိုက်ထဲမှာ နေမကောင်းဘူး၊ လှူတဲ့လူတွေက ကလေးဝဆရာတော်ကိုတော့ မစားလို့ စိတ်မကောင်းကြဘူး။ စားရင် ကျေနပ်တယ်။ ဟိုဘုန်းကြီးတစ်ပါး စားတာကျတော့ မကျေနပ်လွန်းလို့ မဲ့ရွဲ့နေကြသတဲ့။ ရောက်လာမှာတော့ လှူလိုက်ပါတော့လား ဒီလိုမရှိဘူး။ အလှူခံက အကုသိုလ်များတာ ပြောတာပါ။ တိုက်အုပ်ဘုန်းကြီးက ပြောဖူးတယ်။ အဘိုးကလေးဝ ဆရာတော်ဘုရားကြီးနဲ့အတူ မန္တလေးသွားတာ တစ်နေ့ကျတော့ အဘိုးကလေးဝက ရန်ကုန်ပြန်သွားတယ်။ နောက်နေ့မနက် ဆွမ်းပို့မယ့်သူမရှိလို့ ဆွမ်းငတ်တယ်ဗျာတဲ့ ပြောဖူးတယ်။ ကလေးဝဆရာတော်ဘုရားတို့က နေရာမရွေး ဘုန်းကြီးတာ။ ဒါကြောင့် ပုညိဒ္ဓိရှိဖို့ဟာ အင်မတန်အရေးကြီးတယ်။

စကြာမင်းကြီးများ စကြာမင်းကျင့်ဝတ်(၁၂)ပါး ကျင့်ရတာကိုး။ ဇောတိကသူဌေး၊ မေဏ္ဍကသူဌေး၊ ဇဋိလသူဌေး၊ ဃောသကသူဌေးတို့လို ကုသိုလ်ကံ အကျိုးပေးလာရင် အင်မတန်ဆန်းကျယ်တာ။ မုံရွာက ဘုန်းကြီး၏ ဉပဇ္ဈာယ်သပြေပင်တောရ ဆရာတော်ဘုရားကြီး ငယ်ငယ်က သိပ်ဆင်းရဲရှာပါတယ်။ ကာလဝမ်းရောဂါနဲ့ မိသားစု (၆)ယောက် သေသွားကြတာပါပဲ။ မောင်နှမ(၂)ယောက် ကျန်တယ်။ ဆရာတော်ဘုရားကတော့ ကျောင်းအလုံး (၂၅)လုံး ဘယ်သူ့ကိုမှ အလှူခံစကားပြောတယ်ဆိုတာ မရှိဘူး။ လှည်းပေါင်းမိုးစီးတဲ့ ကျောင်းဒကာ ဦးဘေ-ဒေါ်ခင်တို့က ဆရာတော်အား မော်တော်ကား

http://www.dhammadownload.com



ဝယ်လှူတယ်။

ဆရာတော် မကျန်းမာတဲ့အခါ ဆရာတော်နေဖို့ ကျောင်းဆောက်ရန်ဆိုပြီး ရွှေတွေလာလှူတယ်။ ဒီရွှေတွေရောင်းချပြီး ဆရာတော်ကြီး သိတင်းသုံးဖို့ဆောက်ပါ။ အရင်ကျောင်းကြီးတွေလဲ ရှိတာပဲ။ အဲဒီလိုကို ဘုန်းကြီးတာ။ ဘယ်မှမသွားရပဲ ဘုန်းကြီးတာ။ ဘာမှ အလှူခံစကား မပြောရဘူး။ အင်မတန်ဆန်းကျယ်တယ်။ ဘုန်းကြီးတဲ့ ပုဂ္ဂိုလ်တွေကို ဘုန်းကြီး ခေါ်တာပါပဲ။ အနည်းနဲ့အများ ပုညိဒ္ဓိဆိုတာ ရှိတာများပါတယ်။

(၉) ဝိဇ္ဇာမိုရ်များကျတော့လဲ တန်ခိုးကြီးတယ်။ **"ဝိဇ္ဇာမိုရ်တို့ ထိုထိုမန္တာန် ဆေးစွမ်းအံဖြင့် မိုးပျံနိုင်လျှင်း ဆင်မြင်းရုပ်ပုံ စစ်တပ်ပုံပြ ဝိဇ္ဇာမယတည်း"**။

ဝိဇ္ဇာမယိဒ္ဓိ အတတ်ပညာနဲ့ ပြီးစီးအောင်မြင်နိုင်တယ်။ တစ်ခါတစ်ရံ ဆင်မြင်းစစ်တပ်တွေ ဖန်ဆင်းနိုင်၊ မိုးပျံနိုင်တယ်။ ပုဂံခေတ်က ကြားဖူးတယ်မဟုတ်လား။ ရွှေအိမ်စည်မင်းသမီး မင်္ဂလာ ဆွမ်းဘုဉ်းပေးပြီး ရဟန္တာအရှင်မြတ်ကြီးတွေ အိန္ဒိယဘက် ဘုရားဖူး ကြွတော်မူတယ်။ ဝိဇ္ဇာမိုရ်က ပြဒါးရှင်လုံး ငုံပြီးတော့ ကောင်းကင်က လာတာတွေ့ဆုံကြတော့ ဝိဇ္ဇာမိုရ်က အရှင်ဘုရားတို့ ဘယ်ကြွမလိုလဲ တို့အနောက်မရှိမသွားမယ်၊ ဘုရားသွားဖူးတယ်။ ဒကာကော ဘယ်သွားမလို့လဲဆိုတော့ တပည့်တော်သဘောကျနေတဲ့ ပုဂံမြို့က ရွှေအိမ်စည်မင်းသမီးစီ သွားမလို့ပါလို့ ဖြေတယ်။ အရှင်မြတ်ကြီးတွေက တို့ရွှေအိမ်စည် မင်္ဂလာပွဲမှာ ဆွမ်းဘုဉ်းပေးပြီး လာခဲ့တယ်လို့ ပြောလိုက်တယ်။ ဝိဇ္ဇာမိုရ်လဲ စိတ်ဂယောက်ချောက်ချား ဖြစ်ပြီးတော့ ပါးစပ်ထဲက ပြဒါးရှင်လုံး သစ်ကနက်သစ်ပင်ပေါ် ပြဒါးရှင် ကျပျောက်တယ်။ အလောင်းစည်သူက အဲဒီ ပြဒါးရှင်လုံးရတော့ သူတန်ခိုးကြီးတာ သွားတဲ့နေရာ ရေဖြစ်၊ မြေဖြစ်ဆိုတာ အဲဒါပဲ။ ပြဒါးရှင်လုံးက စွမ်းတာပါ။ အဲဒါက ဝိဇ္ဇာမယိဒ္ဓိ အတတ်ပညာနဲ့ ပြီးစီးအောင်မြင်တဲ့ တန်ခိုး၊ ဒါတွေလဲရှိတယ်။

http://www.dhammadownload.com



(၁၀) နေကုန္တမ္မက အရဟတ္တတိုင်၊ ပယ်နိုင်သမျှ ထိုမှတစ်ပါး၊ များပြားလှစွာ ဗျူဟာစသည် သိပ္ပဝိဇ္ဇာ ဝေဒါပိဋကာ၊ ထွန်ထကြဲစိုက် လှူဒ္ဒြပြုကာ၊ ပြီးသမျှပင် တတ္ထ တတ္ထ သမ္မာပယောဂ ပစ္စယက္ကဒ္ဓိ၊ အမည်ရှိသည် မှတ်သိဆောင်ရွက်ရာသတည်း။

တတ္ထ တတ္ထ သမ္မာပယောဂ ပစ္စယ က္ကဒ္ဓိ လယ်သမားတွေ ကောင်းကောင်းထွန်တော့ စပါးရတယ်။ ဒါလဲပဲ လျော်အောင်လုပ်နိုင်တဲ့ တန်ခိုးပဲ။ သိပ္ပဝိဇ္ဇာ အတတ်ပညာရှင်တွေ သိပ္ပံပညာရှင်တွေ လေယာဉ်ကြီးတွေ ကောင်းကင်ပျံနိုင်အောင် လုပ်နိုင်တယ်။ ဒါလဲ သမ္မပယောဂ မှန်ကန်တဲ့ အားထုတ်မှုကြောင့်ရတဲ့ ပြည့်စုံမှုပဲ။ ဝေဒါပိဋကတ် ဗေဒင်တွေ ဗေဒင်တတ်တယ်။ ပိဋကတ်လဲ တတ်အောင်သင်ရင် ကောင်းတယ်။

ဗေဒင်ဆရာလဲ အထင်သေးလို့မရဘူး လက်တွေ့ပြောမယ်ဆိုရင် လွန်ခဲ့တဲ့ (၂၈)နှစ်က မုံရွာကနေပြီး ရန်ကုန်ပြောင်းမယ်ဆိုပြီး ထွက်လာခဲ့တာ။ ကံနမိတ် ဉာဏ်ရိပ်ခိုဆိုတဲ့အတိုင်း ဥပဇ္ဈာယ် ဆရာတော်ကြီး ရိုးမြေကျသွားရင် မုံရွာမှာ မနေတော့ဘူးလို့ စိတ်ဆုံးဖြတ်ချက်ရှိတာနဲ့ ဆရာတော်ဘုရား ပျံတော်မူလို့ ကိုယ်တိုင် သင်္ဂြိုဟ်၊ ကိုယ်တိုင်အရိုးကောက်ပြီး ဟိုမှာနေလဲ မိမိကျောင်းတိုက်လိုပါပဲ။ သို့သော်လဲ အာယုအရပ် လောကီအလို ဘုန်းကြီးတို့ အိပ်ခန်းရဲ့ တောင်ဘက်မှာရှိတဲ့ ဇီးပင်ကြီးအလိုအလျောက် သေသွားတယ်။ ဇီးဆိုတာမျိုးက မန်ကျည်းခုတ်တို၊ ဇီးခုတ်ပျိုတဲ့။ ဒီအရပ်မှာတော့ ငါ့ကံကုန်ပြီ နေရာပြောင်းတော့မှ ဖြစ်မယ်ဆိုပြီး ပြောင်းလာတာပါပဲ။

မန္တလေးရောက်တော့ အသက်(၂၅)နှစ်လောက်ရှိတဲ့ ကလေး တစ်ယောက် တွေ့တယ်။ သူက ဗေဒင်လက္ခဏာ ဟောတယ်။ လက်ပြ စမ်းပါဘုရားဆိုတော့ ပြတယ်။ အရှင်ဘုရား ဘွဲ့တံဆိပ်တွေ များများရဘူး ပါတယ်ဘုရားလို့ ဟောတယ်။ မှန်ပါတယ်။ အရှင်ဘုရား နေရာ ဟောင်းမှာ အကျိုးမပေးတော့ပါဘူးဘုရားတဲ့။ နေရာအသစ်ရောက်ပါ လိမ့်မယ်။ နေရာအသစ်ရွှေ့မှ ဖြစ်ပါမယ်။ ရွှေ့လာပြီ။ ရွှေ့တဲ့နေရာမှာ

http://www.dhammadownload.com



ဆေးရုံ၊ စစ်တပ်နဲ့ နီးတဲ့နေရာမှာ နေပါတဲ့။ အဲဒါအရှင်ဘုရား နေရာပါပဲတဲ့။

ရန်ကုန်ရောက်တဲ့အခါ အဘိုးကလေးဝဆရာတော်ကို ကန့်တော့ပြီး ကလေးဝဆရာတော်က ဦးဇောတကို မိန့်တယ်။ ဘိုးဇာဂရကို ဆေးရုံကျောင်းထဲထားလိုက်ပါတဲ့။ ဗေဒင်ဆရာက ဆေးရုံ၊ စစ်တပ်နီးတဲ့ နေရာဟာ အရှင်ဘုရားနေရာပဲတဲ့။ နေတော့ ဟိုညောင်ပင်နဲ့ အင်ကြင်းပင်ကြား။ ဆေးရုံကျောင်းမှာ ကုတင်သုံးလေးဆယ်လောက် ရှိတယ်။ ရှုပ်ထွေးနေတာပဲ၊ လူမှမရှိပဲကိုး။ ကုသိုလ်ဖြစ်ဆေးရုံ ဆိုပေမယ်လို့ သေချာမဖွင့်ရသေးဘူး။ အဲဒီတော့ ဦးဥတ္တမက လာပြောတယ်။ "အရှင်ဘုရား ဒီအိပ်မလို့လား ဟုတ်တယ်။ တစ္ဆေ သိပ်ခြောက်တာနော်"၊ သူကပြောတယ်။ မေတ္တာပို့ အိပ်ရတာပေါ့ အမျှအတန်း ပေးဝေပြီးတော့ အိပ်ပါ့မယ်လို့ ပြန်ပြောလိုက်တယ်။

ဘုန်းကြီးတို့နေတာ တခါမှ မခြောက်လှန့်ဖူးဘူး။ နောက် ချင်းဘုန်းကြီးတစ်ပါးလာအိပ်တော့ သူအိပ်မရတော့ဘူး။ ညဥ့်တစ်ညလုံး ခြောက်လှန့်နေလို့။ ဆိုကြပါစို့ ဟိုဗေဒင်ဆရာ ပြောတဲ့အတိုင်းဆို ဒါငါ့နေရာပဲ။ နောက်လမ်းလျှောက် ပတ်ဝန်းကျင်လေ့လာတဲ့အခါ ကြည့်လိုက်တော့ စိတ္တဇဆေးရုံကို တွေ့တယ်။ သြော် ဆေးရုံနီးရမယ်။ နံးတာပဲ။ အခုလဲ ဆေးရုံထဲနေတာပါပဲလား။ ငါးနှစ်လောက်ကြာတော့ မင်္ဂလာဒုံ ဝါယာလက် ရန်ကုန်တိုင်းစစ်ဌာနချုပ်က ပြောင်းလာတော့ ပိုနီးလာတယ်။ အဲဒီနေရာ အရှင်ဘုရား နေရာပါ။ အရှင်ဘုရားနေလိုက် ပါတဲ့။ ၁၉၉၅ ခုနှစ် နိုင်ငံတော်အကြီးအကဲများလာပြီး ဘုန်းကြီးတို့ အလှူမခံရပဲနဲ့ ကျောင်းကိုလှည့်ပတ်ကြည့်ရင်းနဲ့ ကြည့်ရင်းနဲ့ ဒီနေရာလေး မှာ ကျောင်းဆောက်မယ်ဆိုပြီးတော့ ဘုန်းကြီးတို့ရောက်ခါစက နေခဲ့တဲ့ နေရာမှာပဲ။ ဒီနေရာမှာပဲ အဘိဓမ္မာ(၅)ကျမ်း ပြန်တယ်။ အကြိမ်ကြိမ် အဖန်ဖန်ပါ သမ္မာဒ္ဓေ(၆)လ တစ်နေကုန် တစ်နေ့လုံး ရွတ်ဖတ်ပူဇော်တယ်။

http://www.dhammadownload.com



ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ပဋိစ္စသမုပ္ပါဒ် လင်္ကာကြီး(၆)လ ဒီနေရာလေးမှာပဲ။ ဒီသုကုမာရဒီပနီ သုံးထပ်တိုက်ရဲ့ အလယ်လောက်မှာ ဖြစ်လိမ့်မယ်။ အဲဒီလို ဝေဒါပိဋကတ်နှင့်တကွ နေက္ခမ္မဓာတ် အရဟတ္တတိုင် နေက္ခမ္မ အမည်ရတဲ့ ဝိပဿနာပွားများခြင်း ကုသိုလ်ပြုလုပ်ခြင်း အဲဒီတရားတွေအားလုံး အကုန်လုံးလောကီမှာ ဖြစ်သမျှ၊ လကမ္ဘာတက်တာတို့ ပထမဆုံး လကမ္ဘာတက်တာ ဂါဂါရင်တို့ တက်တာကိုး။ သူတို့ကလဲ တတ္ထ တတ္ထ သမ္မာပယောဂပစ္စယသိဒ္ဓိ သူတို့မှာလဲ ဣဒ္ဓိတစ်မျိုးပဲ၊ ပိဋကသုံးပုံ ဆောင်နိုင်တာ ဣဒ္ဓိတစ်မျိုးပဲ။

အခုနေအခါ သိပ္ပံပညာကတော့ အံ့သြဖွယ်ပါပဲ။ ပင်လယ်ရဲ့ အဆုံး မြေကြမ်းပြင်မှာ ပင်လယ်အောက်မြေပြင်မှာ အပ်ကလေးကျနေတာကိုတောင် သိပ္ပံပညာက ကောက်လို့ရတယ်။ တတ္ထ တတ္ထ သမ္မာပယောဂ ပစ္စယသိဒ္ဓိ= ထိုထိုအရာမှာ ကောင်းကောင်းမွန်မွန် စူးစမ်းအားထုတ်မှုနဲ့ ပြီးတဲ့တန်ခိုးဣဒ္ဓိက တတ္ထ တတ္ထ သမ္မာပယောဂ ပစ္စယသိဒ္ဓိပဲ။ ဒါကြောင့်မို့ ဣဒ္ဓိတန်ခိုးတွေဟာ တစ်နည်းအားဖြင့် ပြီးစီးခြင်း၊ အောင်မြင်ခြင်း၊ ပြည့်စုံခြင်း၊ စီးပွားရေးရှာတယ်ဆိုရင်လဲ စီးပွားရေးအောင်တာ ဣဒ္ဓိပဲ။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ သမထ ဝိပဿနာ အထွဋ်အထိပ် ရောက်ချင်တိုင်းရောက် ဉာဏ်စဉ်အဆင့်ဆင့် တက်သွားတာလဲ ပြီးစီးအောင်မြင် ပြည့်စုံတဲ့အတွက် ဣဒ္ဓိပါပဲ။ ပုဗ္ဗေစကတပုညတာ ရှေးကုသိုလ်ကံရှိလို့ ဣဒ္ဓိတန်ခိုးရတာ။

သူငယ်ချင်းနှစ်ပါး အတူနေကြတယ်။ တစ်ပါးက သူရတဲ့ဆွမ်းကို သူကိုယ်တိုင်လဲ စားတယ်။ သူများလဲ လှူတယ်။ တစ်ပါးက သူဟာသူပဲ စားတယ်၊ သူများမလှူဘူး။ နှစ်ပါး မတူဘူး။ ဆွမ်းခံပြီး ကိုယ်လဲစား သူများလဲလှူတဲ့ရဟန်းက မလှူတဲ့ ကိုယ်တော်ကိုပြောတာပေါ့။ ကိုယ်တော် ဒီလိုမလုပ်နဲ့ ကိုယ်ဆွမ်းခံရတာလေး ဒါလေးရှိတာ ကိုယ်လဲစား သူများလဲလှူပေါ့။ ဘယ်လိုမှ ပြောလို့မရဘူး။ ကပ်ကပ်သပ်သပ်နဲ့ နေခဲ့တာ နောက်ကျတော့ သူတို့နှစ်ပါး ဘဝတစ်ခုကတစ်ခု ပြောင်းရောက်

http://www.dhammadownload.com



သွားကြတယ်။ နတ်ပြည်ရောက်တော့လဲ နတ်ချင်းမတူဘူး။ ဘုန်းကြီး ဖြစ်လဲ ဘုန်းကြီးချင်းမတူဘူး၊ တစ်ပါးက ဆွမ်းပေါတယ်။ တစ်ပါးက မရှိဘူး။ တစ်ပါးက ဒကာ ဒကာမ ပေါတယ်။ တစ်ပါးက မရှိဘူး။

ရန်ကုန်မြို့ထဲ ကျောင်းလိုက်ရှာတဲ့ ဘုန်းကြီးနှစ်ပါး တွေ့ဖူးတယ်။ ကျောင်းရလိုက်၊ လက်ထဲရောက်လိုက်၊ အမှုဖြစ်ရှုံးလိုက် ဘုန်းကြီး တစ်ပါးက ကျောင်းနှစ်ကျောင်းလောက် အမှုဖြစ်ဖူးတယ် ရှုံးတယ်။ အစကအကောင်း သူလက်ခံလိုက် အမှုဖြစ်၊ တစ်ပါးကတော့ သူလက်ခံလိုက် အမှုဖြစ်နိုင်၊ တစ်နေ့ကပဲ ပြောမိတယ်။ ခုနက ဦးပဥ္စင်းနှစ်ပါး ဆွမ်းလှူတဲ့ကိုယ်တော်နဲ့၊ မလှူတဲ့ကိုယ်တော် နတ်ပြည်မှာလဲ နတ်ချင်းမတူ၊ နောက်လူ့ပြည် ကောသလမင်းကြီးရဲ့ နန်းတွင်းထဲ ရောက်လာတယ်။ ဆွမ်းလှူတဲ့ရဟန်းက မိဘုရားကြီးဝမ်းမှာ ပဋိသန္ဓေနေ ဖွားမြင်တယ်။ မလှူတဲ့သူက အထိန်းတော်ရဲ့ဝမ်းမှာ ပဋိသန္ဓေနေပြီး တစ်နေ့ထဲမွေးကြတာ။ ရှင်ဘုရင်သားတော်က ပတ္တမြားပုခက်နဲ့ ကောင်းကောင်းမွန်မွန်ပေါ့။ အကျိုးပေးက ဒီလို လာတာကိုး။ ဟိုအထိန်းတော်ရဲ့ သားကတော့ နှီးပုခက်ကလေးထဲ နေရ၊ မင်းသားက ကတ္တီပါအခင်းတွေ၊ ဘာတွေနဲ့ စတိုင်နဲ့ အထိန်းတော် သားကတော့ မနီးမဝေးမှာ ချို့ချို့တဲ့တဲ့ ရှိနေတယ်။ သူတို့နှစ်ယောက် စကားပြော တတ်တဲ့အရွယ် မရောက်သေးပဲ စကားပြောနေကြတယ်။ ပတ္တမြား ပုခက်ထဲကမင်းသားက "မင်းငါပြောသားပဲ ငါ့လိုလှူပါ တန်းပါလို့ မင်းက နားမှမထောင်ပဲနဲ့။ မင်းအခုတော့ နှီးပုခက်ထဲ ရောက်နေရ သကွာ"လို့ ပြောတော့ နှီးပုခက်ထဲက လူကလဲ မည့်ဘူး။

ဘုန်းကြီးဘဝကလာတဲ့ လူဆိုတော့ "ဒါတွေကတော့ ဓာတ်သဘောတွေပါကွာ"လို့ဆိုတယ်။ မှားတာမဟုတ်ဘူး။ သို့သော်လဲ သူတို့နှစ်ဦး ရဟန်းပြုကြပြန်တယ်။ ဆွမ်းလှူတဲ့တစ်ပါးက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး ပေါတယ်။ တစ်ပါးက မပေါဘူး။ နောက်တော့ တရားအားထုတ်ကြပြီး ရဟန္တာဖြစ်ကြတယ်။ အဲဒီအခါ

http://www.dhammadownload.com



ရောက်တော့ အတူတူပါပဲ။ ကိလေသာပယ်ပြီး ရဟန္တာဖြစ်တော့ အတူတူပါပဲ။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကတော့ အတူတူဖြစ်ပေမယ့် တန်ခိုးအဘိညာဉ်ရတာ မတူဘူး။

တန်ခိုး(၁၀)မျိုး ဒီညဉ့်ဟောလို့ ပြီးပါပြီ။ သာမန် ကာမာဝစရ ကုသိုလ်တန်ခိုးရဲ့ အကျိုးပေးပုံကလဲ အင်မတန်ဆန်းတယ်။ တန်ခိုးတွေ ကြည့်ပြီးတော့ သမာဓိစွမ်းအားရဲ့ တန်ခိုးတွေ ကာမာစရကုသိုလ် ကံကြောင့် ရရှိတဲ့တန်ခိုး သမာဓိစွမ်းအားကြောင့်ရတဲ့ အဘိညာဉ်၊ ဝိပဿနာတရား အားထုတ်လို့ရရှိတဲ့ အရိယဣဒ္ဓိ။ အဲဒီ အရိယ ဣဒ္ဓိကတော့ အကောင်းဆုံး၊ အမြင့်ဆုံး ပြန်မကျတဲ့ တန်ခိုးပါပဲ။ ဣဒ္ဓိ(၁၀)မျိုးထဲမှာ ဣဒ္ဓိအဆင့်ဆင့် ရရှိကြောင်းဟာ ကောင်းတဲ့လုပ်ငန်းနဲ့ ကုသိုလ်ကံတွေပါပဲ။ ကုသိုလ်ကံတွေ များများရှိကြဖို့ လိုတယ်။ ကုသိုလ်ထက်ကောင်းတဲ့ မိတ်ဆွေမရှိပါဘူး။ ကုသိုလ်များများ ရှိရင် ဣဒ္ဓိခေါ်တဲ့ တန်ခိုးတွေကိုလဲ ရရှိတာပါပဲ ကုသိုလ်အဆင့်ဆင့်ပါ။

**ဟီနေနပြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။**
**မဇ္ဈိမေနစ ဒေဝတ္တံ၊ ဥတ္တမေနဝိသုဇ္ဈတိ။**

ဟီနေန= ယုတ်ညံ့သော၊ ပြဟ္မစရိယေန= မြတ်သောအကျင့်ဖြင့်၊ ခတ္တိယေ= မင်းမျိုး၌၊ ဥပပဇ္ဇတိ= ဖြစ်ရ၏။ မဇ္ဈိမေန= အလတ်စား မြတ်သောအကျင့်ဖြင့်၊ ဒေဝတ္တံ= နတ်အဖြစ်သို့၊ ဥပပဇ္ဇတိ= ဖြစ်ရ၏။ ဥတ္တမေန= မြတ်သောအကျင့်ဖြင့် အကျင့်ကြောင့်၊ ဝိသုဇ္ဈတိ= ကိလေသာ အညစ်အကြေးမှ သန့်ရှင်းရလေ၏။ အညံ့စားအကျင့်ကျင့်က မင်းမျိုး၊ အလတ်စားအကျင့်ကျင့်က နတ်ပြည်၊ အမြတ်စားအကျင့်ကျင့်က အရိယာဣဒ္ဓိ ရရှိနိုင်ပါတယ်လို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ရန်ကုန်မြို့၊ ကမ္ဘာအေး မဟာပါသဏလိုဏ်ဂူတော်ကြီး၌**
**၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း (၄)ရက် (၂၀၀၅)ခု၊ ဇူလိုင်လ (၉)ရက်**
**စနေနေ့တွင် ကျင်းပသော**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၂၅)နှစ်မြောက်**
**ငွေရတုသဘင်၌ ရေးသားဂုဏ်ပြုအပ်သော**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး**
**အစွန့်ရှည်ကြာတည်ပါစေကြောင်း**
**ဆုတောင်းပတ္ထနာလွှာပါဘုရား။**

**ကိုယ်စားလှယ် (၆၆)ပါး**

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရန် သာသနာနှစ် (၂၅၂၃)နှစ်၊ ကောဇာသက္ကရာဇ် (၁၃၄၁)ခုနှစ်၊ (၁၉၇၉)ခုနှစ်မှစတင်၍ သာသနာရေး ဝန်ကြီးနှင့် မှူထမ်းရာထမ်းကြီး၊ ငယ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းများရှိ ကျောင်းတိုက်အသီးသီး သံဃာ့ဥသျှောင် ဂိုဏ်းဝန်ဆောင် ဆရာတော်ဘုရားကြီးများထံ သွားရောက်ချဉ်းကပ် ခဲ့ကြပြီး "သံဃာ့ကိစ္စ သံဃာဆောင်ရွက်"ဟူသော မူချ၍ပေးတော်မူ နိုင်ရေး တိုင်ပင်ဆွေးနွေးလျှောက်ထားခဲ့ကြပါသည် ဘုရား။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သံဃာ(၃)သိန်းကျော်တို့ သီတင်းသုံးလျက်ရှိရာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး အတွက် သံဃာ့တော်များဘက်မှ ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြ၍ နိုင်ငံတော်အစိုးရမင်းများမှ အာဏာစက်ဖြင့် ပံ့ပိုးကူညီ တရားနှင့် လျော်သော အစောင့်အရှောက်ရယူပြီး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ကျင်းပ၍ ဂိုဏ်းပေါင်းစုံ

F 37 CB

http://www.dhammadownload.com



သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းနိုင်ရန် စီမံချက်ရေးဆွဲရေး အတွက် ဂိုဏ်းအသီးသီးမှ ကိုယ်စားလှယ် သံဃာ့ဥဿျောင်ဝန်ဆောင် ဆရာတော်ကြီး (၆၆)ပါးတို့သည် သာသနာနှစ် (၂၅၂၃)နှစ်၊ ကောဇာ သက္ကရာဇ် (၁၃၄၁)ခု၊ တပို့တွဲလပြည့်ကျော် (၁)ရက်၊ (၁၉၈၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ပထမဆုံး (၆၆)ပါး အစည်းအဝေး စ,တင်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်တော်မူခဲ့ကြပါသည် ဘုရား။ အဆိုပါ အစည်းအဝေးမှ -

**(၁) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက် ရန် သံဃာ့ကိုယ်စားလှယ် ရွေးချယ်မည့် နည်းလမ်းစည်းကမ်းချက် အရေအတွက်နှင့် အရည် အချင်းများ သတ်မှတ်ခြင်း၊**

**(၂) သံဃာအဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရန် အခြေခံ စည်းမျဉ်း ရေးဆွဲခြင်း၊**

**(၃) ဝိနည်း၊ ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ ရေးဆွဲခြင်းများကို ဆောင်ရွက်ရန် ဖော်ပြလတ္တံ့ပါ အဖွဲ့ငယ် (၄)ဖွဲ့ ဖွဲ့စည်းခဲ့ပါသည်ဘုရား။**

(က) သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်မည့် နည်းလမ်း စာတမ်းပြုစုရေး အဖွဲ့ငယ်၊

( ခ) သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ရေးဆွဲရေး အဖွဲ့ငယ်၊

( ဂ) ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ ဖြေရှင်းဆုံးဖြတ် ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများရေးဆွဲရေးအဖွဲ့ငယ်၊

(ဃ) သာသနာဝင်မှတ်တမ်း စိစစ်ရေးဆွဲရေးအဖွဲ့ငယ်တို့ ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



### ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို သာသနာတော်နှစ် (၂၅၂၃)နှစ်၊ ကောဇာသက္ကရာဇ် (၁၃၄၂)ခု၊ နယုန်လဆန်း (၁၁)ရက် ၁၉၈၀ ပြည့်နှစ် မေလ (၂၄)ရက် နံနက် (၈)နာရီ အချိန်တွင် စ,တင်ကျင်းပနိုင်ခဲ့ပါသည် ဘုရား။

အစည်းအဝေးကြီးဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ပဲခူးမြို့ မြို့မဆရာတော် ဘဒ္ဒန္တကုန္ဒာစာရက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ တောင်သမန်တိုက်မှ ပုသိမ်ဆရာတော် ဘဒ္ဒန္တရေဝတက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည် ဘုရား။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်နိုင်သည့် သံဃာ့ကိုယ်စားလှယ် (၁၂၃၅)ပါးဖြစ်၍ အမှန်တကယ် အစည်းအဝေးသို့ တက်ရောက်သော ကိုယ်စားလှယ် အရေအတွက်မှာ (၁၂၂၆)ပါး ဖြစ်ပါသည် ဘုရား။

### ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား

မြန်မာနိုင်ငံတော်နှင့် ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ကြီး ပေါ်ပေါက်လာသည်မှာ ယခု (၂၅)နှစ် ရာစု (၄)ပုံ၊ (၁)ပုံ ရောက်ရှိခဲ့ပါပြီ ဘုရား။

သာသနာဝင်သမိုင်းအဆက်ဆက် ဂိုဏ်းများစွာ ပေါ်ပေါက်ခဲ့ပါသည်။ ဘယ်သောအခါမှ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း မပေါ်နိုင်ခဲ့ပါဘုရား။ ထေရဝါဒ၊ မဟာယာန သာသနာ့သမိုင်းမှာ ဂိုဏ်းတွေသာ ကွဲပြားခဲ့ပါသည်၊ ထိုဂိုဏ်းများ စုပေါင်း၍ ညီညွတ်သော သံဃာ့အဖွဲ့အစည်း မပေါ်နိုင်ခဲ့ပါ။ အခြားဘာသာတွေမှာလဲ ဂိုဏ်းတွေသာ ကွဲသည်ထက် ကွဲလာပါသည်။ ဤဂိုဏ်းပေါင်းစုံအဖွဲ့အစည်းမျိုး

မပေါ်ပေါက်ခဲ့ပါဘုရား။

ဘုရားတပည့်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ နိုင်ငံတော်အစိုးရသည် ဂိုဏ်းပေါင်းစုံ ဆရာတော်များကို စည်းဝေးတိုင်ပင်စေပြီး ဤဂိုဏ်းပေါင်းစုံ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ကြီးကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ကိုးကွယ်သူ လူရော၊ ရှင်ရော နတ်ပါမကျန် ကောင်းကျိုးခံစားကြပါသည်ဘုရား။

ဘာသာ သာသနာဝင် သမိုင်းတို့၌ မဖြစ်ဖူး၊ မရှိဖူးသေးသော ဂိုဏ်းပေါင်းစုံ နိုင်ငံတော် သံဃနာယက အဖွဲ့ကြီး ပေါ်ပေါက်လာသည်မှာ ကမ္ဘာ့သမိုင်းမှာ အံ့ဖွယ်ဖြစ်ရပ်ကြီး ဖြစ်ရပါသည်ဘုရား။ ထိုဂိုဏ်းပေါင်းစုံ သံဃာ့နာယကအဖွဲ့ကြီး ဖွဲ့စည်းရန် ကမ္ဘာအေး ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ၌ စတင်စည်းဝေးသောနေ့မှာ နေအလွန်ပူပြင်းလှပါသည်။ ထိုနေ့ညဉ့်၌ အကာလမိုးကြီးရွာသွန်းသဖြင့် ရန်ကုန်မြို့ တစ်မြို့လုံး အေးချမ်းသာယာစွာ ရှိခဲ့ပါသည်ဘုရား။ ထိုမိုးကြီးသည် ဂိုဏ်းပေါင်းစုံ သံဃာ့နာယကအဖွဲ့ကြီးကို ဂုဏ်ပြုပူဇော်သကဲ့သို့ ဖြစ်သွားခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၌ ထူးခြားသော သာသနာ့သမိုင်းမှတ်တိုင်ကြီး စိုက်ထူနိုင်ခဲ့၍ အံ့ဩမဆုံး ဝမ်းသာကြည်နူးမဆုံး ဖြစ်ကြရပါသည် ဘုရား။

ဗုဒ္ဓသာသနာတော် သမိုင်းအစကို ရှုမျှော်သည်ရှိသော် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၌ ပဌမ ဗုဒ္ဓရတနာ ပေါ်ထွန်းလာပါသည်။ ဒုတိယတရားတော် ပေါ်ထွန်းလာပါသည်။ ထိုအခါ တဖုဿ ဘလ္လိက ကုန်သည်ညီနောင်တို့သည် **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ"**ဟု သရဏဂုံ (၂)ပါး ဆောက်တည်ခဲ့ကြရပါသည်။

ထို့နောက် ပဥ္စဝဂ္ဂီရဟန္တာကြီး (၅)ပါးကစ၍ သံဃာရတနာသည် တတိယ ပေါ်ပေါက်လာပါသည်။ ထိုအခါတွင် **"ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ သရဏံ ဂစ္ဆာမိ"**ဟု သရဏဂုံ (၃)ပါးကို ဆောက်တည်ကြရပါသည်။ ထိုသရဏဂုံသုံးပါး ပေါ်ပေါက်ချိန်ကစ၍ သာသနာတော်၌ ရဟန်း

http://www.dhammadownload.com



သာမဏေ အပေါင်းအစု သံဃာအဖွဲ့အစည်းကြီး ပေါ်ပေါက်လာပါသည်ဘုရား။

သစ်ပင်ကြီးတစ်ပင်တွင် ရေသောက်မြစ်ကြီးမှ ပင်စည်ကြီး ပေါ်ပေါက်လာပါသည်။ ပင်စည်ကြီးမှ ကိုင်းမကြီးများ ဖြာထွက်လာပါသည်။ ကိုင်းမကြီးများမှ အကိုင်း၊ အခက်၊ အရွက် ဖြာထွက်လာပါသည်။ ဤအတူပင် မြတ်ဗုဒ္ဓသည် ရေသောက်မြစ် ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်းကြီးသည် ပင်စည်ပင်မဖြစ်ပါသည်။ အဂ္ဂသာဝက အသီတိ မဟာသာဝက ရဟန္တာကြီးများသည် ကိုင်းမကြီးများ ဖြစ်ပါသည်။ ထိုမှ ဆင်းသက်၍ တိုးပွားလာသော သံဃာ အဆက်ဆက်သည် အကိုင်း၊ အခက်၊ အရွက်များ ဖြစ်ကြပါသည်ဘုရား။

**ကေမူလာ ကေက္ခန္ဓော**
**တတောသာခါ ပဘိဇ္ဇရေ**
**တတော ပလာသ ပဏ္ဏာနိ**
**ဧဝံ နာနာနိ ကာယကာ။**

အဂ္ဂသာဝက အသီတိ မဟာသာဝက ရဟန္တာကြီးများနှင့် တပည့်အပေါင်းသည် ထိုမှဆင်းသက်၍ ဒုတိယ၊ တတိယ မျိုးဆက်အထိ အရိယာသံဃာတော် တို့သည် ဆရာသာကွဲသော်လည်း မူလပင်စည်၊ ပင်မ သံဃာ့အဖွဲ့အစည်း တစ်ခုတည်း၌သာ တည်ရှိကြပါသည်။ မျိုးဆက်ပေါင်းများစွာ ပြောင်းလဲဆင်းသက်လာသောအခါ ပုထုဇဉ်တို့၏ သဘာဝ ဂိုဏ်းဂဏစိတ် မွေးမြူလာကြပါသည်။ သာသနာ့စိတ်ဓာတ် နေရာ၌ ဥပါဒါန်အစားထိုး၍ ဂိုဏ်းအမျိုးမျိုး ကွဲပြားလာကြပါသည်။ ပုထုဇဉ်တို့သည် ဥပါဒါန်စနက် အောက်၌ ရောက်တတ်ရာရာ ဆရာစွဲ၊ ဂိုဏ်းစွဲ ပြင်းထန်လာတတ်စမြဲ ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် မဇ္ဈိမဒေသ သာသနာ့သမိုင်း၌ ဂိုဏ်းကြီး (၁၈)ဂိုဏ်း ကွဲပြားခဲ့ပါသည်။ ထိုစဉ်အခါ၌ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း ဖြစ်အော[illegible]ညီမျှမဆောင်ရွက်နိုင်ခဲ့ပါဘုရား။

http://www.dhammadownload.com



ယခုအခါ ထိုစဉ်က ဂိုဏ်းကွဲခြင်း၏ အစွမ်းကြောင့် ထေရဝါဒ၊ မဟာယနဟု ဤကမ္ဘာ့မြေပြင်၌ သံဃာ့အက်ကွဲကြောင်းကြီး ထင်ထင်ရှားရှားကြီး ဖြစ်ခဲ့ရပါသည်။ ထို့နောက် သီဟိုဠ်ကျွန်း၌ (၃)ဂိုဏ်း၊ ပုဂံခေတ်၌ (၂)ဂိုဏ်း၊ တစ်ဖန် (၃)ဂိုဏ်း စနေမင်းလက်ထက်၌ တုံဂိုဏ်း၊ ရုံဂိုဏ်း၊ မင်းတုန်းမင်း လက်ထက်၌ (၃)ဂိုဏ်း ကွဲပြားခဲ့ပြီး အဆိုပါဂိုဏ်းတို့ကို တစ်စုတစ်စည်းတည်းဖြစ်အောင် မည်သူမျှ မဆောင်ရွက်နိုင်ပဲ သီးခြားနေထိုင်လျှက် ရှိခဲ့ပါသည်ဘုရား။

သာသနာ ၂၄၉၈၊ ကောဇာ ၁၃၁၆ ခုနှစ်၊ ဆဋ္ဌသင်္ဂါယနာ တင်သောအခါ ဂိုဏ်းပေါင်းစုံ သင်္ဂါယနာတင်ပွဲ ကျင်းပနိုင်သဖြင့် ဂိုဏ်းပေါင်းစုံ သာသနာ့ကိစ္စတစ်ခုအဖြစ် သမိုင်းတွင်ရစ်ပါသည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးတော့ မကျင်းပနိုင်ပါဘုရား။

**အဆိုပါ ပထမအကြိမ်ဂိုဏ်းပေါင်းစုံ အစည်းအဝေး၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဥက္ကဋ္ဌ ပဲခူးမြို့ ဆရာတော်ဘုရားကြီးက-**

ဤဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို နိုင်ငံတော်အစိုးရ၏ လိုလားအားပေးကူညီမှုဖြင့် နိုင်ငံတော်တစ်ဝှမ်းလုံးရှိ သံဃာတော်အရှင်သူမြတ်များ၏ ဆန္ဒနှင့်အညီ ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါသည်ဘုရား။

ဤဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ထွန်းလင်း တောက်ပစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် မည်သို့မည်ပုံဆောင်ရွက်ရမည်ကို တိုင်ပင်ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်ပါသည်ဘုရား။

ယနေ့အချိန်အခါသည် တပည့်တော်များ၏ သာသနာဝင် သမိုင်း၌ နိုင်ငံတော်လွတ်လပ်ရေး ရသည့်အချိန်မှစ၍ ဤကာလအတွင်း

http://www.dhammadownload.com



မကြုံစဖူးထူးကဲလှသည့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဟူသော ရည်ရွယ်ချက်ဖြင့် စည်းလုံးညီညာစွာ ကာယစိတ္တသာမဂ္ဂီ အပြည့်အဝပေး၍ သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဂိုဏ်းပေါင်းစုံ ဆရာတော်များ ဝမ်းပန်းတသာ ကြွရောက်တော်မူလာကြသည့် အတွက် တပည့်တော်များအနေဖြင့် ဝမ်းမြောက်မဆုံး ကြည်ညိုမဆုံး ဖြစ်ရပါ သည်ကို ဦးစွာရှေ့ဖျား သာရဏီယကထာစကား လျှောက်ထားပါသည် ဘုရား ဟူ၍လည်းကောင်း၊

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အဘက် ဘက်မှကျရောက်လာမည့် သာသနာ့တာဝန်များကို ထမ်းဆောင်တော် မူကြရန် သံဃာတော်အရှင်သူမြတ်များအားလုံးတို့သည် ကိုယ်ရောစိတ်ပါ ထက်သန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝမ်းမြောက်ဝမ်းသာ အသင့် နှလုံးသွင်းထား ရှိကြဖို့ အဓိကလိုအပ်ပါသည် ဘုရား။

ဘုရားတပည့်တော်တို့သည် ဤရခဲလှစွာသော အခွင့်အလမ်း များကို ရှေးယခင်က စိတ်အားဖြင့် ကြံစည်ခဲ့ကြပါသည်ဘုရား။ ကိုယ်၊ နှုတ်အားဖြင့်လည်း ဆောင်ရွက်ရန် အားထုတ်ပြောဆိုခဲ့ကြပါသည် ဘုရား။

သို့ရာတွင် အခြေအနေအရ မဖြစ်မြောက်ခဲ့သည်ကို ဆရာတော် များ အသိပင်ဖြစ်ပါသည် ဘုရား။ ယခုသော်မူ သံဃာတော်အရှင်မြတ်များ အားလုံး မျှော်မှန်းတောင့်တခဲ့ကြသော ရယူလိုခဲ့ကြသော ရည်မှန်းချက် သည် ဆရာတော်တို့ မျက်မှောက်၌ ရောက်ရှိနေပြီဖြစ်ပါသည်ဘုရား။ ဤအစည်းအဝေးပွဲကြီးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များ သည် သာသနာတော်အတွက် ဤအခွင့်အလမ်းကို မဆုံးရှုံးစေကြပဲ မိမိရရ ဆုပ်ကိုင်ကြ၍ အောင်အောင်မြင်မြင်ဖြစ်အောင် ဆောင်ရွက်တော် မူကြပါရန် ဘုရားတပည့်တော် ရိုသေလေးမြတ်စွာ တိုက်တွန်းတောင်းပန် အပ်ပါသည် ဘုရား။

http://www.dhammadownload.com



အထူးအားဖြင့် ဤကိစ္စကို ဆောင်ရွက်တော်မူကြရာ၌ ပုဂ္ဂိုလ်စွဲ ဂိုဏ်းဂဏစွဲစိတ်မျိုး မထားကြပဲ ဘုရားရှင်သာသနာတော်အတွက်ကိုသာ ဦးတည်၍ သည်းခံစိတ်အပြည့်အဝ လက်ကိုင်ထားရှိကြပြီး ညီညီညွတ်ညွတ် ဆောင်ရွက်တော်မူကြရန် လွန်စွာလိုအပ်လှပါသည်ဘုရားဟု မိန့်ကြားခဲ့ပါသည်ဘုရား။

**သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ရည်ရွယ်ချက် (၆)ရပ်**

**၁၃၄၂ ခု နယုန်လဆန်း (၁၂)ရက်၊ ၁၉၈၀ ပြည့်နှစ် မေလ (၂၅)ရက် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို အတည်ပြုခဲ့ပါသည် ဘုရား။**

ထိုသံဃာ့အဖွဲ့စည်း အဖွဲ့အဆင့်ဆင့် ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ -

(က) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်၊

( ခ) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံ သီတင်းသုံး နေထိုင်စေရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန်၊

( ဂ) ပရိယတ္တိသာသနာတော် တိုးတက်စည်ပင်ပြန့်ပွားရန် ကူညီထောက်ပံ့၍ ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်၊

(ဃ) ပရိယတ္တိနှင့်လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်၊

( င) သံဃာတော်များသည် ဂန္ထဓုရနှင့်ဝိပဿနာဓုရ နှစ်ပါးကိုသော်လည်းကောင်း၊ အနည်းဆုံး တစ်ပါးကို သော်လည်းကောင်း ဆောင်ရွက်ရန်၊

http://www.dhammadownload.com



(စ) သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်ရာ၌ သံဃာဂိုဏ်းကြီးများသည် ကြီးသည်၊ ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ဆောင်ရွက်ကြရန်၊

ဤအချက်များသည် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက် အကျိုးတရားများ ဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက်ကို သံဃာ့ကိုယ်စားလှယ် ဆရာတော် (၁၃၆၆)ပါးတို့ တက်ရောက်သော ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သာသနာနှစ် (၂၅၂၉)ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၄၇)ခုနှစ် နယုန်လဆန်း (၁၁)ရက်၊ (၁၉၈၅)ခုနှစ် မေလ (၂၉)ရက် ဗုဒ္ဓဟူးနေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်ဘုရား။

ဝိနည်းသည် သာသနာတော်၏အသက်ဖြစ်သကဲ့သို့ အခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ အသက်သွေးကြောပင်ဖြစ်ရာ ခေတ်ကာလ အခြေအနေ အရ အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲရေးအဖွဲ့ ဖွဲ့၍ ကိုယ်စားလှယ် (၁၇၀၀)ကျော်တို့ တက်ရောက်သော စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက (၁၃၅၆)ခု တပေါင်းလဆန်း (၁၁)ရက်၊ (၁၉၉၅)ခု မတ်လ (၁၁)ရက် စနေနေ့တွင် ထပ်မံပြင်ဆင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်ဘုရား။

**အဆိုပါ ဒုတိယအကြိမ် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်း များ ပြင်ဆင်ဖြည့်ချက်နိဒါန်း၌-**

မျက်မှောက်ခေတ်သာသနာတော်၏ အခြေအနေကို ကြည့်ရှု သုံးသပ်မည်ဆိုပါလျှင် သာသနာတော်ကြီး ဂုဏ်သိက္ခာနိမ့်ကျ ညှိုးနွမ်း ဆုတ်ယုတ်သွားစေရန်လည်းကောင်း၊ သာသနာတော်ကြီး ပျက်စီး ကွယ်ပျောက်သွားစေရန်လည်းကောင်း ကျင့်ကြံလုပ်ဆောင်နေကြသူ၊

http://www.dhammadownload.com



ဟောပြောနေကြသူ ရဟန်းရှင်လူအချို့ ပေါ်ထွက်စပြုနေသည်ကို မျက်မှောက်ထင်ထင် တွေ့မြင်ကြားသိ ဖတ်ရှုနေကြရပေသည်။

ယင်းသို့သော သာသနာပစ္စတ္ထိက သာသနာ့ရန်သူ သာသနာ့ အန္တရာယ်ကို မတားဆီး မပိတ်ပင်ပဲ လျစ်လျူရှုနေပါက အန္တရာယ်များ တစ်စတစ်စ ကြီးထွားလာပါလျှင် သာသနာတော်ကြီးပင် တိမ်းပါး ပျက်စီးသွားနိုင်ပါသည်ဘုရားဟု ပါရှိပါသည်ဘုရား။

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်**

သံစည်းအပိုဒ် (၆)တွင် စုပေါင်းဆောင်ရွက်ခြင်း၊ ဦးဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ အများ၏ သဘောထားနှင့်ဆန္ဒကို အနည်းစုက လိုက်နာခြင်း၊ အနည်းစု၏ဆန္ဒကို အများကလေးစားခြင်း၊ အထက် အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်တို့ကို အောက်အဖွဲ့ အစည်းက လိုက်နာဆောင်ရွက်ခြင်း၊ အောက်အဖွဲ့အစည်း၏ တင်ပြချက် ကို အထက်အဖွဲ့အစည်းက အလေးဂရုပြု အရေးယူဆောင်ရွက်ခြင်း တို့ကို ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်ရမည် စသောလိုက်နာဖွယ် အချက်နှင့် သံစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ ဖွဲ့စည်းထားသော **သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်များ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့၊** နိုင်ငံတော် ဗဟိုဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့၊ ပြည်နယ်, တိုင်း, မြို့နယ်, ရပ်ကျေး သံဃာ့ဝန်ဆောင်၊ သံဃာ့နာယကအဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့ပါသည် ဘုရား။

ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ရာပေါင်းများစွာ တို့ကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန် ခန့်မှန်းခြေအရ-

**ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီး (၄)ကြိမ်၊**

**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ (၂၉)ကြိမ်၊**

http://www.dhammadownload.com



(၄၇)စုံညီ အစည်းအဝေး (၇၅)ကြိမ် အဖွဲ့ခွဲအစည်းအဝေးနှင့် ပြည်နယ်နှင့်တိုင်း၊ မြို့နယ်၊ ရပ်ကျေး နာယက အစည်းအဝေးအကြိမ် များစွာ စည်းဝေး၍ ဆုံးဖြတ်ဖြေရှင်းပေးနိုင်ခဲ့ပါသည် ဘုရား။

## (၂၅)ရာခိုင်နှုန်း ကျင့်သုံး

သံဃာ့အဖွဲ့အစည်း အဆင့် (၂၅)ရာခိုင်နှုန်း အနားယူခြင်း ဆိုင်ရာ လုပ်ငန်းစီမံချက်ကို စတုတ္ထအကြိမ် နိုင်ငံတော်ဗဟို ဆဋ္ဌမအစည်း အဝေး (၁၇-၃-၂၀၀၀)ခုနှစ် တတိယနေ့ အစည်းအဝေးက အတည်ပြု ဆုံးဖြတ်ခဲ့ပြီး ပဉ္စမအကြိမ် ပထမသုံးနှစ်သက်တမ်းမှ စတင်၍ (၂၅)ရာခိုင်နှုန်း ကျင့်ထုံး ကျင့်သုံးလျှက် နိုင်ငံတော်ပြည်နယ်နှင့်တိုင်း၊ မြို့နယ်သံဃာ့နာယက သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် အစားထိုး ရွေးချယ်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါသည် ဘုရား။

သံဃနာယကလက်စွဲကိုလည်း အတည်ပြုသုံးစွဲခဲ့ကြပါသည် ဘုရား။ ညွှန်ကြားလွှာများ ထုတ်ပြန်ခြင်း၊ (၇၅)ဆိုင်ရာ အရေးယူနည်း များကို ထုတ်ပြန်ခဲ့ပါသည် ဘုရား။

## အာဏာစက်ကူညီ

ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ (၁၉၈၀)ပြည့်နှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် (၃)နှင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ် စောင့်ရှောက်သည့် ဥပဒေအမှတ်(၉)ကို ပြဋ္ဌာန်း၍ ဓမ္မစက်ဆောင်ရွက် ဆုံးဖြတ်ချက်များကို အာဏာစက် ထားနိုင်သော နိုင်ငံတော်အစိုးရ မင်းတို့က အာဏာစက် ဥပဒေပြဋ္ဌာန်း၍ ဓမ္မိက ရက္ခာဝ- ရဏဂုတ္တိ တရားနှင့်လျော်သော တားမြစ်ခြင်း၊ ပိတ်ပင်ခြင်း၊ လုံခြုံအောင် ကာကွယ် ကူညီ စောင့်ရှောက်ခဲ့သဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်ဘုရား။

http://www.dhammadownload.com



ဝိနိစ္ဆလက်စွဲကို တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ (၁၃၅၂)ခု တပေါင်းလဆန်း (၁၃)ရက် (၂၅-၂-၁၉၉၂)နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့ပါသည် ဘုရား။

ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ရည်ရွယ်ချက် (၄)ချက်ဖြင့် သာသနာတော်နှစ် (၂၅၂၅)နှစ်၊ ကောဇာ သက္ကရာဇ် (၁၃၄၂)နှစ်၊ ခရစ် (၁၉၈၁)ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့ပါ သည်ဘုရား။

**၂၀/၉၀ ဖြင့်လည်း သံဃာ့အဖွဲ့အစည်းကို ကျားကန် ပေးထားခဲ့ပါသည်ဘုရား။**

**သာသနာတော်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့**

သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များကို မြို့နယ်၊ ရပ်ကွက် အသီးသီးဖွဲ့စည်း၍ စောင့်ရှောက်ထိန်းသိမ်းပေးကြ သဖြင့်လည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးလုပ်ငန်း အကူအညီများစွာ ရရှိခဲ့၍ အောင်မြင် ခဲ့ကြရပါသည် ဘုရား။

**နှစ်သက်ကြည်ဖြူ**

(၁၃၇၁)ခု တပို့တွဲလပြည့်ကျော် (၁)ရက် သောကြာနေ့အထိ တရားဝင် တည်ရှိခဲ့ကြသော ဂိုဏ်းကြီး (၉)ဂိုဏ်းတို့သည် သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်း သံဃနာယကလက်စွဲ ဝိနည်းဓမ္မကံ မှုခင်းများ၊ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ (၇၅)ဆိုင်ရာစည်းမျဉ်း (၂၅)ရာခိုင်နှုန်း။

http://www.dhammadownload.com



စီမံချက်တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်၍ လိုက်နာကျင့်သုံးနိုင်ကြ၊ တစ်သံတည်းထွက် နှစ်သက် ကြည်ဖြူ သာဓုခေါ်တော်မူ၍ ပြဋ္ဌာန်း ဆောင်ရွက်တော်မူနိုင်ကြပါသဖြင့် ဘုရားတပည့်တော်တို့၏ မြန်မာနိုင်ငံ ဂိုဏ်းကြီး (၉)ဂိုဏ်းရှိ သံဃာတော်တို့သည် အက်ကြောင်းအရေးမျှပင် မထင်၊ နွားနို့နှင့်ရေ ရောနှောသကဲ့သို့ ညီညွတ်သော သံဃာ့အဖွဲ့အစည်း ကြီးဖြစ်၍ နတ်ပြည်ရောက်ကြောင်း ဝမ်းမြောက်ဖွယ် ဖြစ်ခဲ့ရပါသည် ဘုရား။

**အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဥက္ကဋ္ဌ ဘဒ္ဒန္တသောဘိတ မြင်းခြံဆရာတော် ဘုရားကြီး၏ လုပ်ငန်း လမ်းညွှန်မိန့်ခွန်းများ-**

ဆရာတော်အရှင်သူမြတ်တို့ဘုရား သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းမှုရည်ရွယ်ချက်များ မျက်ခြေမပြတ်ရန် လိုအပ်ပါသည် ဘုရား။

ရည်ရွယ်ချက် (၆)ချက်တို့တွင် အရေးကြီးသောအချက်များကို ထုတ်နှုတ်လျှောက်ထားကြပါသည် ဘုရား။

အပိုဒ်ခွဲ (က)၌ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဖြစ်သည်ဟု ပြဆိုထားပါသည်။ ထိုအပိုဒ်၌ (က-၁) သာသနာတော် သန့်ရှင်းရန်၊ (က-၂) သာသနာတော်တည်တံ့ရန်၊ (က-၃) သာသနာ တော် ပြန့်ပွားရေးဟု လိုရင်းကောက်ချက် (၃)ခုရှိရာ သာသနာတော် သန့်ရှင်းရေးဟူသော ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထား လိုပါသည်။

**(က-၁)** ဆရာတော်အရှင်မြတ်တို့ဘုရား သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ဒုတိယအကြိမ်နိဒါန်း၌ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ပြဋ္ဌာန်းရခြင်း၏ အကြောင်းကို ပြဆိုရာဝယ် အဆိုးလောကဓံနှင့် ရင်ဆိုင်ရ၍ သာသနာ့စိတ်ဓာတ် လျော့ပါးလာခဲ့ရပုံ၊ ဒကာ ဒကာမများ၏ စေတနာသဒ္ဓါတရားကို ထိန်းမထားနိုင်ပုံ၊

http://www.dhammadownload.com



သမဏသညာကင်းကွာ၍ ဣန္ဒြေအသီးသီးတို့ အပျက်စီးကြီး ပျက်စီးခဲ့ရပုံ တို့ကို ပြဆိုပြီးနောက် စာမျက်နှာ (၆၇-၆၈) တို့၌ အချို့ အချို့သော ရဟန်း တော်များသည် မိမိတို့စိတ်ကူးမိရာ မဟုတ်မမှန် လုပ်ကြံတီထွင်ထားသော အဓမ္မဝါဒများကို "ဗုဒ္ဓဝါဒ" အမည်တပ်ကာ တွင်တွင်ကြီး ဟောကြားလာခဲ့ပေသည်။

အချို့ အချို့သော ရဟန်းတော်များသည် ဘိုးတော်ရုပ်၊ နတ်ရုပ် စသည်ထားလျှက် သာသနာ တော်နှင့် မထိုက်တန်သောအလုပ်တို့ကို သာသနာပြုအမည်တပ်ကာ ရဲဝံ့စွာပြုလုပ်လာကြပေသည်။

အချို့ အချို့သော လူ၊ ပုဂ္ဂိုလ်တို့ကလည်း ပရိက္ခရာသက်နိုး ငှားရမ်းကြပြီး သိက္ခာမတင် သိမ်မဝင်ပဲ မိမိတို့အလိုဆန္ဒဖြင့် ရှင်ရဟန်း အသွင်ကို ယူကြလျှက် မြို့၊ ရွာ၊ ရပ်ကွက်အတွင်း အိမ်ပေါက်စေ့အောင် လှည့်လည်ကြ၍လည်းကောင်း၊ ဘုရားဖူးသူ လူစည်ကားရာ ဘုရား စောင်းတန်း လှေခါးပေါ်မှာ အမြင်မတော်အောင် စောင့်မျှော်နေထိုင် ကြ၍လည်းကောင်း တောင်းခံစားသောက်လာခဲ့ကြလေသည်ဟု ဆိုထားပါသည်။

ဤပြဆိုခဲ့ပြီးသော သာသနာတော်၏ အညစ်အကြေးများ ကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကိုပြဋ္ဌာန်း၍ သံဃာ့ အဖွဲ့အစည်း ဖွဲ့စည်းကာ သာသနာတော်သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြ သည်ကို ဆရာတော်များ သိရှိတော်မူကြပြီး ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခဲ့ကြသည့်အတွက် အချို့ အဓမ္မဝါဒများ ပျောက်ကွယ် သွားခြင်း၊ မှေးမှိန်သွားခြင်းတို့ကို တွေ့မြင်ရသော်လည်း နောက်ထပ် အဓမ္မ သာသနာပြုအမည်ခံ ထွက်ရပ်ပေါက်ဘိုးတော်၊ ဘွားတော်၊ မယ်တော် စသော သာသနာဖျက် ဂိုဏ်းဂဏ အသင်းအပင်းများမှာမူ ပို၍ပင်များပြားလာသည်ကို တွေ့မြင်နေကြရပါသည်။ ထို့ကြောင့် သာသနာတော် သန့်ရှင်းရေးဟူသော ဤရည်ရွယ်ချက်ကို မျက်ခြေပြတ် မခံပဲ ဤသို့သော သာသနာ့အညစ်အကြေးများ သန့်ရှင်းသွားအောင်

http://www.dhammadownload.com



ထက်သန်သော သာသနာပြုစိတ်ဓာတ်ဖြင့် မပြတ်မနေ ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းပါသည်ဘုရား။

**(က-၂)** သာသနာတော် တည်တံ့ရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် မှာ သာသနဋ္ဌိတိယာပန ပရိယတ္တိယေဝ ပမာဏံ ဟူသော သမ္မောဟဝိနောဒနီ အဆိုအမိန့်နှင့်အညီ မြန်မာနိုင်ငံတော်၌ သာသနာ(၃)ရပ်တွင် အရင်းခံအခြေအမြစ်ဖြစ်သည့် ပရိယတ္တိကို သင်ကြားပို့ချ နေကြသော ပရိယတ္တိစာသင်တိုက်ကြီးများနှင့် ပရိယတ်ကို ခေတ်မှီပို့ချနည်းဖြင့် ပို့ချပေးနေသော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ထီးထီးမားမား အားထားလောက်အောင် ရှိနေခြင်း ကြောင့် အထူးလျှောက်ထားဖွယ် မရှိပါ။

အရှိန်အဟုတ်မပျက် ဆက်လက်ပို့ချသွားရန် ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်သွားကြရန်သာ ဖြစ်ပါသည်ဘုရား။

**(က-၃)** သာသနာတော်ပြန့်ပွားရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အစိုးရက သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတစ်ခု ဖွင့်လှစ် ဆောင်ရွက်စေခဲ့ပါသည်။

ထိုသာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက သာသနာပြု ရဟန်းတော်သင်တန်း လူ၊ ပုဂ္ဂိုလ်များ မွေးထုတ်ပြီးလျှင် ထေရဝါဒ ဗုဒ္ဓသာသနာတော် မထွန်းကားသေးသော နယ်စပ်ဒေသ၊ တောင်တန်းဒေသများသို့ သာသနာပြုစေလွှတ်ခြင်း၊ ပရိယတ္တိ စာသင်တိုက်များ ဖွင့်လှစ်ခြင်းဖြင့် "သာသနာတော်ပြန့်ပွားစေရန်" ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အထိုက်အလျောက် အောင်မြင်ခဲ့ပါသည်။ ဒေသခံတိုင်းရင်းသား ကလေးများ သာသနာ့ဘောင်ဝင်ရောက်ပြီး သူတို့အမျိုးသားကလေးများ ကိုယ်တိုင် သာသနာပြုရဟန်းတော်များ ဖြစ်လာအောင် ဆောင်ရွက်နိုင်မှသာ ပို၍အောင်မြင်ပါလိမ့်မည်။

http://www.dhammadownload.com



ဝေးလံခေါင်ဖျား နယ်စပ်ဒေသများ၌ သာသနာပြုနေကြသော ရဟန်းတော်များ စားဝတ်နေရေး လွန်စွာချို့တဲ့၍ ဆင်းဆင်းရဲရဲ သာသနာပြုရပါသည်။ ယင်းသို့ သက်စွန့်ကြိုးပမ်း သာသနာပြုတာဝန် ထမ်းဆောင်နေကြသော အရှင်မြတ်များ စားဝတ်နေရေး မငြိုမငြင် မပင်မပန်း သာသနာပြုနိုင်အောင် အာမိသဖြင့် ထောက်ပံ့မည့် ဒကာ၊ ဒကာမများ ပေါ်ထွန်းလာအောင် ဟောပြောစည်းရုံးဖို့ အထူးလိုအပ် နေပါသည်။ ဤကိစ္စကို ဓမ္မကထိကအကျော် ဆရာတော်တွေကို တာဝန်ပေးဆောင်ရွက်ရန် တပည့်တော် အကြံပြုခဲ့ဖူးပါသည်။

တပည့်တော်တို့ အဖွဲ့ကြီးက သတ်သတ်မှတ်မှတ် ဆောင်ရွက် စေလိုလျှင် ဓမ္မကထိက ဆရာတော်များကလည်း တတ်နိုင်သလောက် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်ဘုရား။ ထို့ပြင် သာသနာ့ နွယ်ဝင် သီလရှင် သာသနာပြုများလည်း နည်းပါးနေပါသေးသည်။ သာသနာ့နွယ်ဝင် သီလရှင် သာသနာပြုများ များပြားလာအောင် ဆောင်ရွက်သင့်ပါသည်။ အမျိုးသမီးတို့၏ စည်းရုံးမှု အင်အားသည် လွန်စွာအရေးပါသည်ကိုလည်း သတိပြုတော်မူစေချင်ပါသည်ဘုရား။

အပိုဒ်ခွဲ (ဂ)၌ ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်ဟု ပြဆိုထားပါသည်။

ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီး ကာကွယ်ရန် လိုအပ်လျက် ရှိပါသေးသည် ဘုရား။ သံဃာ့အဖွဲ့အစည်း ပထမသက်တန်း (၅)နှစ် အတွင်းနှင့် ဒုတိယသက်တမ်းအစမှာ အဓမ္မဝါဒီများကို ထိထိ ရောက်ရောက် နှိမ်နင်းခဲ့ရာ အထူးပင် အောင်မြင်ခဲ့ပါသည်။

ယခုအခါမှာ ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်းများကို ရဲဝံ့စွာ ပြုလုပ်နေကြသော အဓမ္မဝါဒီများ

http://www.dhammadownload.com



မကြာမကြာ ပေါ်ပေါက်နေကြသဖြင့် ယင်းသို့သော အဓမ္မဝါဒီများကို မျက်ခြေမပြတ်စေပဲ ရပ်ကျေး၊ မြို့နယ်၊ တိုင်းအဆင့်မှ နိုင်ငံတော် အဆင့်အထိ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပါဝင်တော်မူကြသော ဆရာတော်များအားလုံး တာဝန်ရှိသူများပီပီ တာဝန်သိသိဖြင့် ထောက်လှမ်းစိစစ်ဖော်ထုတ်လျှက် အရေးယူဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည်ဘုရား။

## (၂၅)နှစ်တာခရီးဖြောင့်ဖြူး

သံဃာ့ကိုယ်စားလှယ်ဝန်ဆောင် (၆၆)ပါးက စတင်ဆောင်ရွက်တော်မူခဲ့၍ သက်တမ်း (၂၅)နှစ် ရှိခဲ့ပြီဖြစ်သော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းကြီးသည် မြင့်မိုရ်တောင်ကို မ,ရသည် ထက် ခက်ခဲလှသော မြန်မာနိုင်ငံ ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေး ရရှိခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် အခြေခံစည်းမျဉ်းပါ မျှော်မှန်းချက်များ အများအားဖြင့် ပြည့်မှီခဲ့ပါသည်ဘုရား။ အထူးအားဖြင့် အဓမ္မဝါဒ (၁၀၀)ကျော်တို့ကို ဖော်ထုတ်၍ ဖယ်ရှားနိုင်ခဲ့ခြင်း၊ လုပ်ထုံးလုပ်နည်းများ ဥက္ကဋ္ဌ ဆရာတော်ကြီး (၂)ပါးနှင့် နိုင်ငံတော်သြဝါဒစရိယ ဆရာတော်ကြီးများ၏ လုပ်ငန်းလမ်းညွှန်မိန့်ခွန်းများကို သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က အလေးအနက်ထားဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတော်အစိုးရ၏ အာဏာစက်အကူအညီ အပြည့်အဝရရှိခဲ့ခြင်း တို့ကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ မျှော်မှန်းချက် (၆)ရပ် အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် (၂၅)နှစ်တာခရီးစဉ် ဖြောင့်ဖြူးခဲ့ ပါသည် ဘုရား။

### နတ်များ၏အကူအညီအရေးပါလှ

(၁၃၄၁)ခု နယုန်လဆန်း (၁၁)ရက်၊ (၁၉၈၀)ခု မေလ (၂၄)ရက် နံနက် (၈)နာရီ အစည်းအဝေး ဖွင့်ပွဲသို့ ကြွရောက်လာကြသော သမ္မတိရ

http://www.dhammadownload.com



ဂိုဏ်းပေါင်းစုံ သံဃာ့ကိုယ်စားလှယ် (၁၂၂၆)ပါးတို့က **"သာသနဿစ လောကဿ၊ ဝုဍ္ဍိဘဝတု သဗ္ဗဒါ။ သာသနမ္ပိစ လောကဉ္စ ဒေဝါရက္ခန္တု သဗ္ဗဒါ"**။

**ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော မြတ်ဘုရား၏ အဆုံးအမ သာသနာတော်ကြီးနှင့် သတ္တဝါအပေါင်း အခါခပ်သိမ်း ဖွံ့ဖြိုးတိုးတက်ပါစေ ---**

ဝိသုဒ္ဓိနတ် မြတ်ဘုရား၏ အဆုံးအမ သာသနာတော်ကိုလည်းကောင်း၊ သတ္တဝါအပေါင်းကိုလည်းကောင်း၊ အခါခပ်သိမ်း ဥပပတ္တိနတ်များ သမ္မုတိနတ်ဟု ဆိုအပ်သော မင်းတို့သည် အခါခပ်သိမ်း စောင့်ရှောက်ကြပါစေကုန်သတည်းဟု အဓိပ္ပါယ်ပါရှိသော ဂါထာတော်ကို သံပြိုင်ရွတ်ဆို၍ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ တောင့်တရည်မျှော်တော်မူခဲ့ကြပါသည်။ လောကသာသနာ ကြီးပွားရေး၌ နတ်များကူညီစောင့်ရှောက်မှုရရေး တောင့်တခဲ့ကြပါသည်ဘုရား။

ဝိသုဒ္ဓိနတ်မြတ်ဘုရား၏ အဆုံးအမသာသနာတော်နှင့် သတ္တဝါအပေါင်းကို စတုမဟာ၊ သာဝတ်ံသာ စသော ဥပပတ္တိနတ်များနှင့် သမ္မုတိနတ်ဟုခေါ်ဆိုရသော မင်းတို့စောင့်ရှောက်ကြပါစေဟု ဂိုဏ်းပေါင်းစုံ သံဃာတော်အရှင်မြတ်များ တောင့်တမျှော်မှန်းတော်မူခဲ့ကြပါသည်ဘုရား။

ဖြေရှင်းပြီး ဝိဝါဒါဓိကရုဏ်းမှုခင်းများ၌ ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ သိမ်၊ ဇရပ်တို့ကို ပိုင်ရှင်လက်ဝယ်သို့ အရောက်အပ်နှံခြင်း၊ မပိုင်မဆိုင်ထိုက်သောသူတို့ကို ဖယ်ရှားပေးခြင်းစသော အာဏာစက်ဖြင့် ကူညီမှုပြုကြသော အစိုးရမင်းတို့သည် သာသနာ့ဘေးရန်များ မပေါ်အောင် တားဆီး၍ အကာအကွယ်ပေးခြင်းဖြင့်လည်းကောင်း၊ ဖြစ်ပေါ်လာသော သာသနာ့အန္တရာယ် အဓမ္မဝါဒ (၁၀၀)ကျော်တို့ကို ဥပဒေပြုကာ အရေးယူခြင်းသည်လည်းကောင်း၊ သာသနာကို စောင့်ရှောက်သည် မည်ပါသည်ဘုရား။ လောကနှင့်သာသနာ ဖွံ့ဖြိုး

http://www.dhammadownload.com



တိုးတက်ရေး၊ အထက်ဥပပတ္တိနတ်နှင့် သမ္မုတိနတ်ဟု ဆိုအပ်သော မင်းများ၏ အကူအညီစောင့်ရှောက်မှုသည် အရေးပါလှပါသည်ဘုရား။ ထို့ကြောင့် ပဲခူးမြို့မ ဥက္ကဋ္ဌ ဆရာတော်ဘုရားက အစိုးရမင်းတို့ရဲ့ တရားနဲ့လျော်တဲ့ ထောက်ပံ့ကူညီမှု ရာဇာပဓာနံရမှသာ သံဃာတော်တွေက သာသနာ့တာဝန်ကို ချမ်းချမ်းသာသာ ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမင်းတို့က **"မကွဲလာသေးတဲ့ သီလချစ်ခင် အရှင်သံဃာတော် ဆရာတော်အရှင်မြတ်များ ငါတို့ပြည်ရွာကို ကြွလာပါစေ၊ ကြွလာပြီးတဲ့ သံဃာတော် ဆရာတော် အရှင်မြတ်တွေ ပစ္စည်းလေးပါး မကြောင့်ကြပဲ ချမ်းချမ်းသာသာ သီတင်းသုံးနိုင်ကြပါစေဆိုတဲ့ တရားနဲ့လျော်စွာ ကာကွယ်စောင့်ရှောက်မှု၊ လုံခြုံမှုတွေ စီမံဆောင်ရွက်နိုင် ကြပါစေ"**။

လှူဒါန်းတာ၊ ချစ်ဖွယ်စကားဆိုတာ သူတစ်ပါးအကျိုးစီးပွား ဆောင်ရွက်ပေးတာ၊ မိမိနဲ့ချမ်းသာဆင်းရဲ အတူပြုတာဆိုတဲ့ သင်္ဂဟတရား လေးပါး ကျင့်သုံးရင်း သာသနာ့ရန်စွယ်တို့ကို ဓမ္မဝိနိယနှင့်အညီ ဖယ်ရှား သုတ်သင်နိုင်ကြပါစေ။ ရှေးခေတ်သာသနာပြု မင်းကောင်းမင်းမြတ်တွေ ဖြစ်တဲ့ အသောကမင်းတရား၊ အနော်ရထာမင်းတရားကြီးတို့လို သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားအောင် ကြိုးစားဆောင်ရွက်နိုင် ကြပါစေဟု ပတ္ထနာမှုပြုလိုက်ရပါသည်ဟု မိန့်ကြားတော်မူခဲ့ပါသည် ဘုရား။

**အစွန့်ရှည်ကြာတည်ပါစေ**

ဘုရားတပည့်တော်တို့၏ ဗုဒ္ဓလောင်းလျာ မဟာဂေါဝိန္ဒ ပုရောဟိတ်ပုဏ္ဏားကြီးသည် (၇)ပြည် ထောင်သော မင်းရေးမင်းရာ အဖြာဖြာတို့ကို စီမံချက်ချမှတ် လမ်းညွှန်အုပ်ချုပ်နေခဲ့ရာ မဟာဂေါဝိန္ဒ ပုရောဟိတ် ပုဏ္ဏားကြီးသည် ဗြဟ္မာနှင့်တိုင်ပင်၍ ယခုလို (၇)ပြည် ထောင်သော မင်းရေးမင်းရာ အဖြာဖြာတို့ကို စီမံနိုင်တာ အုပ်ချုပ်နိုင်

http://www.dhammadownload.com



တာပါဟု နာမည်ကျော်ကြား ဂုဏ်သတင်းပျံ့နှံ့ခဲ့ပါသည်ဘုရား။

ထိုသို့ ကျော်ကြားဂုဏ်သတင်းစကားနှင့် ပတ်သက်၍ ဂေါဝိန္ဒ ပုရောဟိတ်က ကြံဆတွေးတော သဘောပိုက်တော်မူသည်မှာ "ဂုဏ်သတင်းကျော်ကြားဖို့ထက် ဖြစ်ပေါ်လာသော ဂုဏ်သတင်း ကျော်ကြားမှုကို စောင့်ရှောက်ထိန်းထားနိုင်ဖို့က ပို၍ခက်ခဲလှပါတယ်"ဟု စဉ်းစားပြီး ကျော်ကြားနေသော ဂုဏ်သတင်းကို ထိန်းနိုင်ရန် ရှေ့ဆက် ကြိုးစားတော်မူခဲ့၍ အများထင်တဲ့အတိုင်း သနင်္ကုမာရဗြဟ္မာနှင့် တွေ့ကာအောင်မြင်မှု ပန်းတိုင်ရောက်ရှိခဲ့ပါသည်ဘုရား။

ထို့အတူ မြင့်မိုရ်တောင်ကို မ,ရသည်ထက် ခက်ခဲသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေး ရည်ရွယ်ချက် (၆)ရပ်ဖြင့် ဖွဲ့စည်းထားသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်ရေးထက် ထိန်းသိမ်းထားနိုင်ဖို့ ပို၍ပင်ခက်လှပါသဖြင့် နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် ရေရှည် တည်တံ့၍ သီလအားဖြင့် ကြီးများ၊ သမာဓိအားဖြင့် စည်ပင်၊ ပညာအားဖြင့် ပြန့်ပွားအောင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဆောင်ရွက်နိုင်၍ ဉာဏ်ငွေရတု (၂၅)နှစ်မှ နောင်နှစ်ပေါင်း များစွာအစွန့်ရှည်ကြာ တည်တံ့ပါစေကြောင်း ဆုတောင်းပတ္ထနာပြု ပါသည်ဘုရား။

ဘဒ္ဒန္တဇာဂရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ
တွဲဖက်အကျိုးတော်ဆောင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

http://www.dhammadownload.com



## သံဃာတော်(၁၀၀၀) ဆွမ်းဆက်ကပ်လှူဒါန်းပွဲ

သာသနာတော်နှစ် ၂၅၄၉ နှစ် (၅-၆-၂၀၀၅) တနင်္ဂနွေနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့တော် မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်၏ ထီးတော်ရိပ်ရှိ ကလေးဝ တောရကျောင်း စာသင်တိုက်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားကလေးသူငယ်များ ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုကုမာရမင်္ဂဒီပနီ သုံးထပ်တိုက်ကျောင်း၌ ကျင်းပအပ်သော သံဃာ (၁၀၀၀)ကျော် ဆွမ်း၊ သင်္ကန်း လှူဒါန်းပွဲသို့ ထေရ်ကြီးဝါကြီး သံဃာတော်များနှင့် စစ်ဖက်နယ်ဖက်မှ အကြီးအကဲများ၊ သာသနာရေးဝန်ကြီးဌာန အကြီး အကဲများနှင့် အမှုထမ်းအရာထမ်းများ၊ ဓမ္မမိတ်ဆွေများ စုံစုံညီညီ တက်ရောက်ချီးမြှောက်သည်ကို တွေ့မြင်ရ ပါသဖြင့် အလွန်ဝမ်းမြောက် ပါကြောင်း Light of Wisdom Buddhist Society Singapore တို့၏ ကိုယ်စား တပည့်တော် ဒကာဝင်းဖေ စင်္ကာပူဓာတ်တော်တိုက် မေတ္တာစင်တာမှ ရိုသေစွာ နှုတ်ခွန်းဆက်စကား လျှောက်ထားအပ်ပါသည် ဘုရား။

ယနေ့ တပည့်တော်တို့ စင်္ကာပူမှ ဒကာ ဒကာမများသည် ကမ္ဘာတွင် ထေရဝါဒသာသနာတော်မြတ်ကြီး အထွန်းကားဆုံးဖြစ်သော မြန်မာနိုင်ငံသို့ လာရောက်၍ သင်္ကန်းစသည် လှူဒါန်းရပါသဖြင့် ပိုမိုဝမ်းမြောက်ပါသည်ဘုရား။

အထူးသဖြင့် ဤပွဲသို့ နိုင်ငံတော်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ၊ ပညာရေး ဗဟိုအဖွဲ့ဆရာတော်များ၊ အဘိဓာန်ကျမ်းပြုနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်မှ ဆရာတော်ကြီးများနှင့် ထေရ်ကြီးဝါကြီးဆရာတော်များ၊

http://www.dhammadownload.com



ဤကျောင်းတိုက်မှ သီလရှင် ဆရာလေးများအား သင်္ကန်း၊ ဆွမ်း၊ ဝတ်စုံတို့ကို လှူဒါန်းခွင့်ရသဖြင့် ထေရဝါဒသာသနာတော်ကို အားပေးရာ ရောက်၍ ဝမ်းမြောက်လှပါသည်ဘုရား။

ထို့ပြင် ဤနာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရကျောင်း စာသင်တိုက်သည် နယ်စပ်ဒေသ၊ တောင်တန်းဒေသမှ ရဟန်း၊ သာမဏေ၊ သီလရှင် (၁၀၀၀)ကျော်တို့အား နှစ်စဉ်လက်ခံ၍ လောကီစာပေ၊ ဗုဒ္ဓစာပေများ သင်ကြားပေးရာဖြစ်ပြီး စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာရေးဟူသော ခေါင်းစဉ်ဖြင့် တာဝန်ယူ သာသနာပြုရာ ဤကျောင်းတိုက်၌ တပည့်တော်တို့ အလှူပွဲကျင်းပရတဲ့ အတွက် ဝမ်းမြောက်ရပါသည်ဘုရား။ (၁၂)နှစ်တာ ကာလအတွင်း နယ်စပ်ဒေသ၊ တောင်တန်းဒေသမှ ကလေးသူငယ်ပေါင်း (၇၅၀၀)ကျော်တို့ကို လက်ခံသင်ကြားပေးခဲ့ရာ (၇၂၅၇)တို့ဆိုင်ရာဆိုင်ရာ အဆင့်ပညာ အောင်မြင်ဖြန့်ဝေရာ ကျောင်းတိုက်ဖြစ်ကြောင်း သိရသဖြင့် ပို၍ပင် ဝမ်းမြောက်ပါသည်။

"စာကြိုးစား၊ စကားနားထောင်"ဟူသော ဆောင်ပုဒ်စည်းကမ်း (၂)ချက်တည်းဖြင့် ရာပေါင်းများစွာသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့ အုပ်ချုပ်ပညာသင်ကြားပေးနေတာ တွေ့ရသဖြင့် ဤကျောင်းတိုက်သည် ကလေးသူငယ်များစွာတို့ ချမ်းမြေ့ပျော်ရွှင် ပညာသင်ကြား ခိုနားရာ ဖြစ်ကြောင်း သိရှိရ၍လည်း ဝမ်းမြောက်ပါသည် ဘုရား။

တပည့်တော်တို့ စင်္ကာပူ ဓမ္မမိတ်ဆွေများ၏ ကုသိုလ်အလှူပွဲ ဖြစ်မြောက်အောင် ကူညီအားပေးကြသော ဆရာတော်များ၊ သာသနာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ဓမ္မမိတ်ဆွေများအား ကျေးဇူးတင်စကား ပြောကြားရင်း နိဂုံးချုပ်ပါသည်ဘုရား။

Light of Wisdom Buddhist Society Singapore တို့၏ ကိုယ်စား

ဝင်းဖေ

စင်္ကာပူဓာတ်တော်တိုက်နှင့်မေတ္တာစင်တာ

http://www.dhammadownload.com



ရန်ကုန်မြို့၊ ဆဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် (၂၅၄၉)နှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၇)ခု ဝါဆိုလဆန်း (၄)ရက်၊ ၂၀၀၅ ခုနှစ် ဇူလိုင်လ (၉)ရက် စနေနေ့၌ ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၂၅)နှစ်မြောက် ငွေရတုသဘင် အခမ်းအနား၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံမဟာနာယကအဖွဲ့ကြီး၏

**ကမ္ဘာကြီးအေးချမ်းသာယာပြောပါစေကြောင်း**

**ဆုတောင်းမေတ္တာ ပို့သလွှာ**

(၁) ယံ ပတ္တံ ကုသလံ တဿ၊
အာနု ဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မ ရာဇဿ၊
ဉ တွာ ဓမ္မံ သုခါဝဟံ။

အမှေဟိ= ရာဇာဓမ္မာ မင်းနှစ်ဖြာတို့ ကြည်သာရွှင်ပြ ဓမ္မစက် အာဏာစက် နှစ်ချက်တူမျှ ညီညွတ်ကြ၍ (၂၅)နှစ်တိုင်တိုင် ထိန်းကိုင်စောင့်ရှောက်ချီးမြှောက်ကြခြင်းကြောင့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအားပေး အလေးထား သာသနာပြု ကုသိုလ်ထူးကြီး ဆည်းပူးရှာမှီး နိုင်ငံတော်အစိုးရမင်းတို့နှင့် သာသနာ့ဥသျှောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အစည်းခေါ် တပည့်တော်တို့သည်၊ ယံကုသလံ= သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အားထုတ်ကြိုးပမ်းကြရ ဝီရိယနှင့် ဉာဏသဒ္ဓါ ယှဉ်ဖက်ပါသော မဟာခေါ်ဆို များမြောက်လှသော အကြင်ကုသိုလ်ကို၊ ပတ္တံ= ယောနိသော ပဒဋ္ဌာန် အကြောင်းခံ၍ ဇကန်ဆတ်ဆတ် ရောက်အပ်ရအပ်လေပြီ။ တဿကုသလဿ= ဝိနိစ္ဆယရေး သာသနာရေး ပညာရေးဟု အရေးသုံးဖြာ သာသနာ့လုပ်ငန်း အခန်းခန်းကို ကြိုးပမ်းပြုရ ဝီရိယနှင့် ဉာဏသဒ္ဓါ ယှဉ်ဖက်ပါသော

http://www.dhammadownload.com



မဟာခေါ်ဆို များမြောက်လှသော ထိုကုသိုလ်၏၊ အာနုဘာဝေန= အမွေခံရိုး ကံတန်ခိုးဟု ဖန်ပျိုးရှိန်စော် အာနုဘော်ကြောင့်လည်းကောင်း၊ အညေနစ= ရှေးရှေးကပြု ကောင်းမှုထိုထို ကုသိုလ်မူလ ဟူသမျှကြောင့်လည်းကောင်း၊ သဗ္ဗေ= ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ပါဏိနော ဇီဝိန္ဒြေ= ထိန်းစောင့်ချေ၍ ရှည်ထွေခုထိ တည်နေဘိသား သက်ရှိများစွာ သတ္တဝါများသည်၊ သဒ္ဓမ္မရာဇဿ= ပါရမီစာဂ စရိယနှင့် ဘုရားကျေးဇူး တရားထူးတို့ဖြင့် ပွားလူများစွာ သတ္တဝါတို့ကို သဒ္ဓါရွှန်းဝေ နှစ်သက်စေသည့် ပရမေမှန်ကင်း တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ သုခါဝဟံ= လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာစက်ကို လက်ရောက်ရအောင် ရွက်ဆောင်တော်မူပေတတ်သော၊ ဓမ္မံ= ဟောဖော်မိန့်ညွှန်း တရားကောင်းကို၊ ဉ တွာ= သုတစိန္တာ ဘာဝနာဟု ပညာသုံးဆိုင်း မြင်းလျှင်စိုင်းသို့ ပြိုင်းပြိုင်းထင်ထင် အမှန်အတိုင်း သိမြင်ကြ၍၊ ဝါဉ တွာ ဇာနန္တု= သုတစိန္တာ ဘာဝနာဟု ပညာသုံးဆိုင်း မြင်းလျှင်စိုင်းသို့ ပြိုင်းပြိုင်း ထင်ထင် အမှန်အတိုင်း သိမြင်ကြပါစေကုန်သတည်း။ ။

(၂) **ပါပုဏန္တု ဝိသုဒ္ဓါယ၊**
**သုခါယ ပဋိပတ္တိယာ။**
**အသောက မနုပါယာသံ၊**
**နိဗ္ဗာန သုခ မုတ္တမံ။ ။**

ဝိသုဒ္ဓါယ= ကာမသုခလ္လိက အတ္တကိလမထာ နှစ်ဖြာသော အယုတ်တရားတို့မှ ဝေးခြားကင်းကွယ် သန့်ရှင်းစင်ကြယ်သော၊ သုခါယ= မဂ်ဖိုလ်၏ အဟန့်အတား နီဝရဏ တရားတို့ကို ဖယ်ရှားဖို့ရာ လွယ်ကူချမ်းသာစွာသော၊ ပဋိပတ္တိယာ= အဋ္ဌင်္ဂိက ဖြူစင်လှသား မဇ္ဈိမ ပဋိပတ် အကျင့်မြတ်ဖြင့်၊ အသောကံ= ဗျသန(၅)မျိုး တရားဆိုးတို့ကြောင့် စိုးရိမ်ပူဆွေးရခြင်း အလျင်းမရှိသော၊ အနုပါယာသံ= ရင်ဝမ်းမလင်း ပင်ပန်းပြင်း၍ အတွင်းကြိတ်ပူ မဖိတ်ဆူပဲ စိတ်ပူလှိုက်ဆွေး

http://www.dhammadownload.com



ဥပါယာသ အလောင်အမြိုက် ဘေးမရှိသော၊ ဥတ္တမံ= ဆိုခဲ့ပြီးလတ်ဂုဏ်သကတ်ကြောင့် မြင့်မြတ်ကဲချွန် သာလွန်စွာသော၊ နိဗ္ဗာန သုခံ= ဘဝကြီးငယ် အသွယ်သွယ်ကို မြေးတွယ်ချုပ်စပ် တဏှာတော်မှ ကျွတ်ရာလွတ်ရာ နိဗ္ဗာန်တည်းဟူသော ချမ်းသာသို့၊ ပါပုဏန္တု= ခိပ္ပါဘိညဒသဝိပဿနာ ပညာကွန်းမြောက် သွန်းသွန်းဆောက်၍ ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။ ။

**(၃) စိရံ တိဋ္ဌတု သဒ္ဓမ္မော၊**
**ဓမ္မေ ဟောန္တု သဂါရဝါ။**
**သဗ္ဗေပိ သတ္တာ ကာလေန၊**
**သမ္မာဒေဝေါ ပဝဿတု။ ။**

သဒ္ဓမ္မော= ပရိယတ် ပဋိပတ် ပဋိဝေဓဟု သဒ္ဓမ္မတွင်ခေါ် သာသနာတော်သုံးရပ်သည်၊ စိရံ= အနှစ်ငါးထောင် များမြောင်ရှည်ကြာ အခါကာလပတ်လုံး၊ တိဋ္ဌတု= အဓမ္မဝါဒ ဝိတဏ္ဍာ ဝါဒီ ရန်မသီပဲ လျှံခြည်ဝေရွှန်း နေစက်ဝန်းသို့ တည်ထွန်းတောက်ပပါစေသတည်း။ သဗ္ဗေပိ= ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော လူနတ်ဗြဟ္မာ သတ္တာတို့သည်၊ ဓမ္မေ= ရှင်စောဘုရား ဟောကြားမြွက်ဖော် တရားတော်၌၊ သဂါရဝါ ဟောန္တု= ကိုးကွယ်ရာစစ် ဧကန်ဖြစ်ဟု နှစ်နှစ်ကာကာ ယုံကြည်စွာဖြင့် ပညာဆီမီး ထွန်းညှိသီး၍ ကျောက်ထီးအတူ အလေးမူကြပါစေကုန်သတည်း။ ဒေဝေါ= လူသူအပေါင်း ပွားစည်ညောင်းအောင် ကြောင်းရင်းမှန်တုံ ကျေးဇူးပုံသား ပဇ္ဇုန်ခေါ် လျှင်း မိုးနတ်မင်းသည်၊ ကာလေန= ရွာချိန်သင့်ရာ ညဉ့်အခါ၌၊ ဝါ ကာလေန= မြေညှိရာအရပ်၌ ငါးရက်တစ်ကြိမ်, မြေအလတ်စားအရပ်၌ ဆယ်ရက်တစ်ကြိမ်, မြေကောင်းရာအရပ်၌ တစ်ဆယ့်ငါးရက် တပက္ခတစ်ကြိမ် ရွာသွန်းသင့်ရာ ညဉ့်အခါ၌၊ သမ္မာပဝဿတု= အရည်ထန်စွာ မြို့ပြည်ရွာသို့ သာယာတင့်မော စည်ပင်ပြောအောင် ဖြောဖြောဝှန်ဝှန် ရွာသွန်းဖြိုးပါစေသတည်း။ ။

http://www.dhammadownload.com



**(၄) ယထာ ရက္ခိသု ပေါရာဏာ၊**
**သုရာဇာနော တထေဝိမံ။**
**ရာဇာရက္ခတု ဓမ္မေန၊**
**အတ္တနောဝ ပဇံပဇံ။ ။**

ရာဇာနော= ရှေးအထက်ကျော် အခါသော်က တေဇော်ထွန်းသစ် ဘုန်းရောင်လှစ်ကြကုန်သော၊ သုရာဇာနော= မဟာသမ္မတ ဤသို့စသည့် ဘုရားအလောင်း ရှေးမင်းကောင်းတို့သည်၊ ပဇံ= တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းကို၊ ဓမ္မေန= ရာဇဓံ (၁၀)ပါး မင်းကျင့်တရားဖြင့်၊ ရက္ခိသု ယထာ= မိဘအရာ တည်နေကာဖြင့် ပြစ်ဆာမလိမ်း ရန်မာန်ငြိမ်းအောင် ထိန်းသိမ်းစောင့်ရှောက်ကုန်သကဲ့သို့၊ တထေဝ= ထိုဘုရားလောင်း ရှေးမင်းကောင်းတို့ အတူသာလျှင်၊ ရာဇာ= နှလုံးဉာဏ်ရည် လက်ရုံးရည်ဖြင့် မြန်ပြည်ထောင်စု စိုးမိုးပြုသား သမ္မုတိနတ် ဒို့မင်းမြတ်သည်၊ ဣမံ ပဇံ= မေတ္တာခြည်နှောင် ညီနှင့်နောင်ဟု ပြည်ထောင်စုဘွား ဤလူများကို၊ ဓမ္မေန= ရာဇဓံ(၁၀)ပါး မင်းကျင့်တရားဖြင့်၊ အတ္တနော ပဇံ ဣဝ= ရင်မှပေါက်ဖွား မိမိ၏သားကိုကဲ့သို့၊ ရက္ခတု= မေတ္တာ ကရုဏာ ဖြန့်ချီကာဖြင့် သဒ္ဓါဆော်နှိုး ပြဟ္မာစိုးရိမ်းကို စွေဖြိုးသွန်းကာ တိုင်းရပ်သာအောင် ပညာဝှန်တောက် တံခွန်ဆောက်၍ စောင့်ရှောက်ချီးပင့်နိုင်ပါစေသတည်း။

**(၅) မေဒိနီ သဗ္ဗဒါယီဝ၊**
**နိကာယော အတ္ထဒါယိနီ။**
**တဗ္ဘာဝိနီ တဗ္ဘာဏိနီ၊**
**ဝမှန္တု ဓမ္မကာမိနီ။**

မေဒိနီ= နှစ်သိန်းလေးဖြာ ကျယ်ဝန်းစွာသား သိလာပံသု မြေအထုဟု ခေါ်ပြုပညတ် သဟဇာတ်တို့ တည်ရာမှီရာ ဖြစ်ပွားရာဟု ခက်မာနုကြမ်း ဓာတ်စခန်းအဖုံဖုံ ဓာတ်မျိုးအစုံစုံတို့၏ စုပုံသိုမှီး ဓာတ်ရုံကြီးသဖွယ် လွန်ဆန်းကြယ်သား အံ့ဖွယ်ထူပြော ကြောက်စရာ

http://www.dhammadownload.com



လန့်စရာ နှစ်သက်စရာတွေပါ ပေါလှတဲ့ မဟာပထဝီခေါ် ဤမြေကြော ကြီးသည်၊ သဗ္ဗဒါယီဝ= သက်ရှိ သက်မဲ့ ပြဲ့ပြဲ့ကုန်စင် ဘုံအပြင်၌ လွန်လျှင်ဆိုးကောင်း ကျိုးအကြောင်းဟု သောင်းပြောင်းထွေလာ အဖြာဖြာတို့ကို ကောင်းစွာရှေးရှု ဖြစ်စေမှု၌ ကျေးဇူးပြုကာ ပေးတတ်ပါဘိ သကဲ့သို့၊ နိကာယော= သဗ္ဗညုတ ဉာဏထွန်းတင် ဘုရားရှင်တို့ ကြည်လင်မြွက်ဖော် ဒေသနာတော် အဝဝ ဓမ္မက္ခန္ဓာ ဟူသမျှတို့ကို အရှင်မဟာကဿပ စသည်များစွာ ထေရ်သံဃာတို့က ကျနစေ့ငု ငါးပုံပြု၍ ငါးခုစုပေါင်း ရှစ်သောင်းလေးထောင် များမြောင်ကျယ်ပွား လူသုံးပါးတို့၏ အားထားရာအစစ် တည်ရာမှီရာ ကိုးကွယ်ရာလည်းဖြစ် မုချသိဖွယ် လွန်ပြည့်ကြွယ်တဲ့ နိကာယ်ငါးရပ် တရားတော်မြတ်ကြီးသည်၊ အတ္ထဒါယိနီ= ဒေဝဒတ်နှင့် သုနက္ခတ္တ သစ္စကတို့မှ သုဘဒ္ဒတို့လို မယူတတ်ကြသူ နတ်လူပြဟ္မာ သတ္တဝါတို့ကိုပင် နောင်တွင်ကောင်းကျိုး ပွားဆင့်တိုးအောင် ရွက်ဆောင်မပြတ် ကျေးဇူးပြုတတ်ပါပေသည်တကား။ ဝါ= သာရိပုတ္တ အာနန္ဒနှင့် သုဒတ္တတို့လို ယူတတ်ကြသူ နတ်လူပြဟ္မာ သတ္တဝါဟူသမျှတို့အား ပစ္စက္ခနှင့် ဘဝသံသရာ နှစ်ဖြာကောင်းကျိုး ဖွံ့ဖွံ့ဖြိုး၍ တိုးတိုးပွားပွား ချမ်းသာများအောင် ရွက်ဆောင်မပြတ် ပေးတတ်ကမ်းတတ် ကျေးဇူးပြုတတ်လှပါပေသည်တကား။ တဗ္ဗာဝိနီ= မဟာကဿပ ရှင်ယသနှင့် တိဿမည်ရှိ မောဂ္ဂလိပုတ္တ စသည်များစွာ ထေရ်မဟာတို့ ကောင်းစွာစဉ်ဆက် မှုမပျက်အောင် ရွက်ဆောင်တော်မူခဲ့ကြသဖြင့် ထေရဝါဒီ တရားအဆီကိုသာလျှင် ပြည့်မှီတည်လတ် ငါးရပ် နိကာယ် တရားမြတ်အသွယ်သွယ်တို့ကို တကယ်လိုလား ကောင်းကျိုးများ၍ တိုးပွားစေမှု ကြောင့်ကြပြုကာ ဆောင်ရွက်လျှက်ရှိကြပါသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အစ အသီးသီးသော ဆရာတော် သံဃာတော်တို့နှင့်တကွမြန်မာ ကမ္ဘာသာသနာ၌၊ မဟာကဝိ= ပညာရှိဟု ပဏ္ဍိဆူဆူ တံခွန်ထူသည့် သူတော်စင်အပေါင်း သူမြတ်လောင်းတို့သည် လည်းကောင်း၊ တဗ္ဗာဏိနီ= နိကာယ်ငါးရပ် တရားမြတ်တို့ကို ပယ်ဖြတ်ချေဖျက် ဆန့်ကျင်ဘက်ဖြစ်ကြသည့် ရက်စက်ယုတ်မာ

http://www.dhammadownload.com



သာသနာယောင် တရားမြှောင်တို့ကို မြင့်ခေါင် မိုးထက် ဝရဇိန်စက်ကဲ့သို့ ချိန်လျှက်ချိန်လျှက် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်း တရားမင်း၏ ရင်တွင်းပေါက်ဖွား မြတ်ဘုရား၏ ချစ်သားပီပီ အာဇာနည်မြတ် ရဲစိတ်ဓာတ် ဖြင့်အမြစ်ပြတ်အောင် ရွက်ဆောင်တော်မူနေကြသော နိုင်ငံတော်သံဃာ့မဟာ နာယကအဖွဲ့ကြီးနှင့် ဆရာတော် သံဃာတော်များ, အာဇာနည်ဖွား မင်းယောက်ျားကြီးတို့သည်လည်းကောင်း၊ တဗ္ဘာဂိနီ= အရိုးကြေကြေ အရေစုပ်စုပ် နောက်မဆုတ်ပဲ ထုတ်ဖော်ညွှန်ကြား တရားလမ်းတို့ကို ဖြောင့်တန်းမတ်မတ် မဖယ်မဖြည့် ပရိပုဏ္ဏဂုဏ်ပေါင်းခသည့် ဗုဒ္ဓမြတ်စွာ ဒေသနာဟု သုံးဖြာသော ပိဋကတ်နိကာယ် တရားတော်မြတ် အသွယ်သွယ်တို့ကို တကယ်လိုလား ပွားထက်ပွား၍ ငါးထောင်နှစ်ပေါင်း မကညောင်းအောင် မတိမ်းမစောင်း ထိန်းကျောင်းပို့ချ နေ့ညမအား ဟောကြားအားထုတ် စွန်ရဲသုတ်သို့ မဟုဿာဟ ဝီရိယဖြင့် ထာဝရဉာဏ်ယှဉ် ပမာဏစံတင်ရအောင် ထာဝစဉ် ရွက်ဆောင်လျှက် ရှိကြပေကုန်သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးစသော ဆရာတော် သံဃာတော်တို့သည်လည်းကောင်း၊ ဓမ္မကာမိနီ= ဗုဒ္ဓမြတ်စွာ ထေရ်သံဃာတို့ ကောင်းစွာစဉ်ဆက် မူမပျက်အောင် ဟောမြွက်ဖော်ပြ မှန်ကန်လှသည့် ဓမ္မမေဒိနီ တရားအဆီတို့ကို သာလျှင် ယုံကြည်ကိုးစား လိုလားတောင့်တ ရှာမှီးနေကြကုန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ မင်းတို့နှင့်တကွ သာသနာ့ဒါယကာ သာသနာ့ဒါယိကာမကြီးတို့သည်လည်းကောင်း၊ ဝမ္ဗုတ္တ= အတုမရှိ မုနိထွဋ်ခေါင် ဂုဏ်တော်ရောင်ကြောင့် ထွန်းပြောင်ထိန်လင်း မိုက်မှောင်ကင်းသည့် နေမင်းပမာ လင်းလင်းဖြာလျှက် မဟာသုခ တုမရသည့် အေးမြချမ်းသာ အဖြာဖြာတို့ကို တိုးအောင်ပွားအောင် တိုးပွားအောင် ရွက်ဆောင်တော်မူနိုင်ကြပါစေကုန်သတည်း။

ဘဒ္ဒန္တဇာဂရာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ

တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

http://www.dhammadownload.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ
## စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ အရှေ့လယ်တီတိုက်
## ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလ အား
## ပူဇော်လွှာ

### အဝှဂုဏ်ရည် ပူဇော်လွှာ

၁။ အဂ္ဂဝံသမှိ သဥ္ဇာတော။
အဂ္ဂသဒ္ဒါ သမာယုတော။
အဂ္ဂမမွေသု ကုဋ္ဋွော။
အဂ္ဂေါ ပါဠိ ပဋ္ဋိဂ္ဂဟီ။

**"အဂ္ဂမမွေသု ကုဋ္ဋွော"**. . . . လေးအင်ပါယ်ထဲ ဝဋ်ဆင်းရဲမှ ထုတ်ဆွဲယူဆောင် မြင့်ခေါင်ထွဋ်ဖျား မြတ်တရားတို့၌ လိမ္မာကျွမ်းကျင် မတုန်မလှုပ် တည်တော်မူသော မုံရွာမြို့ အရှေ့လယ်တီကျောင်းတိုက်ကြီး၏ အရှင် (၂၀၀၁)ခု ဗုဒ္ဓစာပေ ပထမဆုရ၊ မဟာသုတဒီပနီကျမ်းပြု၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ခတ်နှိပ်ကော်ရော် ပူဇော်အပ်သော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် . . . .

**"အဂ္ဂဝံသမှိ"** . . . . စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ **ကျောက္ကာ** မြောက်ရွာ၊ အမျိုးသားပရိယတ္တိ ပဋ္ဌမကျော် အောင်မြေချမ်းသာ ဆရာတော် ဦးဇဝန၊ အရှေ့လယ်တီတိုက်သည် ပဓာနနာယက ပဋ္ဌမကျော် ဆရာတော် ဦးဝါယမ၊ ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး စသော မုံရွာ-မန္တလေး၊ ပခုက္ကူ နည်းယူရာစံပြ ရာဇဂုရု သွန်းထုခတ်နှိပ် တံဆိပ်ပီစွာ မဟာအဂ္ဂ၊ သံဃာ့ရာဇာ ဆရာအစဉ် သာသနာ့ဝင်ဟု ဂုဏ်အင်လွှင့်ကျော် မြတ်သော အနွယ်တော်၌၊ **"သဥ္ဇာတော"** . . . သာသနာ့ဂုဏ်အင် သမိုင်းဝင်လျှက် ထင်ပေါ်ကျော်ကြား သားတစ်ပါးဟု အလားရောက်ရောက် ဖွားမြောက်ပေါ်ထွန်းတော်မူပါပေသတည်း။

http://www.dhammadownload.com



**"အဂ္ဂသဒ္ဒါ သမာယုတော" . . .** ပရိယတ် ပဋိပတ် နှစ်ရပ် သာသနာ ဆောင်ရွက်ရာဝယ် သဒ္ဒါခေတ် သဒ္ဒါဟုန် သဒ္ဒါဂုဏ် သဒ္ဒါမြတ်နှင့် မပြတ်အစဉ် ယှဉ်တော်မူပါပေ၍၊ **"အဂ္ဂေါ ပါဠိ" . . .** စံဖက်မရ လျှံတက်ကြွသည့် အဂ္ဂဂုဏ်မှီး ဘွဲ့တော်ကြီးကို (ဝါ) ရန်ပေါင်း ကင်းကွာ ပြည်လုံးသာမှု ကာကွယ်ပြုသည့် တိုင်းပြုပြည်ပြု အေးချမ်းမှုနှင့် ဖြိုးမှုဝေဆာ ပြည်သာယာဖို့ ရှေ့မှာဦးဆောင် ဥသျှောင်စိုးဘိ သမ္မုတိတို့ နှံ့သိကြေညာ ဂုဏ်များစွာ ကြောင့် ကောင်းစွာဆက်သ လျှံတက်ကြွသည့် အဂ္ဂဂုဏ်မီး ဘွဲ့တော်ကြီးကို၊ **"ပဋိဂ္ဂဟိ" . . .** ဂုဏ်နှင့်ဂုဏီ လိုက်ဖက်ညီ သဖြင့် ကြည်ကြည်ဖြူဖြူ ခံယူတော်မူရလေသတည်း။ ။

## မဟာဂုဏ်ရည် ပူဇော်လွှာ

၂။ **မဟာဝံသမှိ သဉ္ဇာတော။**
**မဟာသဒ္ဒါ သမာယုတော။**
**မဟာမဓ္မေသု ကုဋ္ဋေသော။**
**မဟာ ပါဠိ ပဋိဂ္ဂဟိ။**

**"မဟာမဓ္မေသု ကုဋ္ဋေသော". . . .** လေးအင်ပါယ်ထဲ ဝဋ်ဆင်းရဲမှ ထုတ်ဆွဲယူဆောင် မြင့်ခေါင်ထွဋ်ဖျား မြတ်တရားတို့၌ လိမ္မာကျွမ်းကျင် မတုန်မလှုပ် တည်တော်မူသော မုံရွာမြို့ အရှေ့လယ်တီကျောင်းတိုက်ကြီး၏ အရှင် (၂၀၀၁)ခု ဗုဒ္ဓစာပေ ပထမဆုရ၊ မဟာသုတဒီပနီကျမ်းပြု၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ခတ်နှိပ်ကော်ရော် ပူဇော်အပ်သော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် . . . .

**"မဟာဝံသမှိ" . . . .** မြင့်မြတ်ထင်ပေါ် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးစသော ဆရာတော်ဘုရားကြီးများ၏ အနွယ်တော်၌၊ **"သဉ္ဇာတော" . . .** သာသနာ့ဂုဏ်အင် သမိုင်းဝင်လျှက် ထင်ပေါ်ကျော်ကြား သားတစ်ပါးဟု အလားရောက်ရောက် ဖွားမြောက်ပေါ်ထွန်းတော်မူပါပေသတည်း။

http://www.dhammadownload.com



**"မဟာဓိတိ သမပ္ပိတော"** . . . သာသနာတော်၏အကျိုး သယ်ပိုးရွက်ဆောင်ရာဝယ် မဟာပုရိသ ဝီရိယဖွဲ့မွန် ရဲတံခွန်နှင့် ကဲလွန် ပြည့်စုံတော်မူပါပေ၍၊ **"မဟာ ပါဓိ"** . . . စံမနိုင်းသော မြန်တိုင်းရှာဝယ် မဟာဂုဏ်မီး ဘွဲ့တော်ကြီးကို၊ **"ပဋိဂ္ဂဟီ"** . . . ဂုဏ်နှင့်ဂုဏ် လိုက်ဖက် ညီသဖြင့် ကြည်ကြည်ဖြူဖြူ ခံယူတော်မူရလေသတည်း။

## ပဏ္ဍိတဂုဏ်ရည် ဂူဇော်သွာ

၂ **ပဏ္ဍိတဝံသ သဥ္စာတော။**
**ပဏ္ဍိတ ဓမ္မဝါစကော။**
**ပဏ္ဍိတညတရော ထေရော။**
**ပဏ္ဍိတလဒ္ဓနံ လဘီ။**

**"ပဏ္ဍိတ ညတရော ထေရော"** . . . . မြန်မာကမ္ဘာ သာသနာ၌ မဟာကတိ ပညာရှိဟု ပဏ္ဍိတစာရင်းဝင် မုံရွာမြို့ အရှေ့လယ်တီကျောင်း တိုက်၏ အရှင်၊ (၂၀၀၁)ခု ဗုဒ္ဓစာပေ ပထမဆုရ မဟာသုတဒီပနီ ကျမ်းပြုထေရ် အရှင်သည် **"ပဏ္ဍိတဝံသ သဥ္စာတော"** . . . မြန်မာ ကမ္ဘာ သာသနာ၌ မဟာကတိ ပညာရှိဟု ပဏ္ဍိဆူဆူ တံခွန်ထူသည့် ဇမ္ဗူကျော်ကြား ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးစသော ဆရာတော်ဘုရားကြီးများ၏ အနွယ်တော်၌ ဖွားမြောက်တော်မူလာသည် ဖြစ်၍၊ **"ပဏ္ဍိတ ဓမ္မ ဝါစကော"** . . . ပစ္စုပ္ပန် သံသရာ နှစ်ဖြာ ကောင်းကျိုး ပွားဆင့်တိုးဘိ ပညာရှိဖြစ်ကြောင်း တရားကောင်းကို နှစ်ပေါင်းများစွာ ပို့ချဟောပြောတော် မူတတ်ပါပေ၏။ **"ပဏ္ဍိတ လဒ္ဓနံ"** . . . ပဏ္ဍိတဟု နာမခတ်နိုပ်ပဲ ဘွဲ့တံဆိပ်တော်မြတ်ကို (ဝါ) မေတ္တာ ချည်နှောင် ညီနှင့်နောင်ဟု ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ လူသား စွမ်းရည် ရင်းမြစ်ချီ၍ ဖြိုးစည်ဖို့ရန် တည်ဆောက်ဖန်သည့် မြန်ပြည်အစိုးအရ သမ္မတိမင်းတို့က အပ်နှင်းဆက်သ ပဏ္ဍိတဟု နာမခတ်နိုပ် ဘွဲ့တံဆိပ်တော်မြတ်ကို၊ **"လဘီ"** . . . . သိဂီရတနာ

http://www.dhammadownload.com



စိန်စီမြွာသို့ ဂုဏ်မှာဂုဏ်ဆင့် ဂုဏ်ထူးမြင့်အောင် မလင့်ပုံသေ လက်ကိုင်ရရှိတော် မူလေသတည်း။ ။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ**
**ရန်ကုန်မြို့ ပြည်လမ်း**
**လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်**
**ပဓာနနာယက ကလေးဝဆရာတော်**
**လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသက**
**ရေးသားဂုဏ်ပြုပူဇော်ပါသည်။**

http://www.dhammadownload.com



# ပြည်ထောင်စု မြန်မာနိုင်ငံတော်
# ရန်ကုန်မြို့ နာဂလိုဏ်ဂူဘုရားကုန်းမြေ
# ကလေးဝတောရစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်
# ပညာရေးကျောင်း
## ၁၂. ၂. ၂၀၀၆ ခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားဖြင့်
## ဂုဏ်ပြုဆုပေးမည့်အစီအစဉ်

| | |
|---|---|
| ၁။ စာသင်တိုက် စာချဆရာတော် | ၆ ပါး |
| ၂။ ဘ. က ကျောင်းအုပ်ဆရာတော်နှင့် အနုနာယက | ၁၅ ပါး |
| ၃။ အစိုးရဓမ္မာစရိယဘွဲ့ရ | ၁၀ ပါး |
| ၄။ ပိဋကတ်နှစ်ပုံ အာဂုံ+ရေးဖြေအောင်တပည့် | ၂ ပါး |
| ၅။ (တ) စာချဘွဲ့ရ | ၂ ပါး |
| ၆။ သာသနာပြုဘွဲ့ရ | ၁ ပါး |
| ၇။ လယ်တီကမ္မဋ္ဌာနာစရိယ | ၄ ပါး |
| ၈။ အပြည်ပြည်ဆိုင်ရာထေရဝါဒ သာသနာပြု ဗုဒ္ဓတက္ကသိုလ် **M.A** | ၈ ပါး |
| ၉။ အပြည်ပြည်ဆိုင်ရာထေရဝါဒ သာသနာပြု ဗုဒ္ဓဟက္ကသိုလ် **B. A(B)** | ၄ ပါး |
| ၁၀။ အပြည်ပြည်ဆိုင်ရာထေရဝါဒ သာသနာပြု ဗုဒ္ဓတက္ကသိုလ် **B. A(A)** | ၁၀ ပါး |
| ၁၁။ အပြည်ပြည်ဆိုင်ရာထေရဝါဒ သာသနာပြု ဗုဒ္ဓတက္ကသိုလ် **Dip** | ၅ ပါး |
| ၁၂။ တက္ကသိုလ်အသီးသီးတက်ရောက်ဆဲ ကျောင်းသား/သူ | ၈၀ |
| ၁၃။ ဘွဲ့ရရှိပြီးသူ ကျောင်းသား/သူ | ၃၀ |
| ၁၄။ စေတနာ့ဝန်ထမ်းဆရာ/မများ | ၄၅ |
| ၁၅။ ဆယ်နှစ်ဆယ်မိုး စေတနာ့ဝန်ထမ်းဆရာ/မများ | ၄ |
| ၁၆။ ကျန်းမာရေး ကူညီစောင့်ရှောက်သူများ | ၃၁ |
| ၁၇။ ဝေယျာဝစ္စအဖွဲ့များ | ၃၀ |
| ၁၈။ ယာဉ်မောင်းများ | ၄ |

http://www.dhammadownload.com

## ၂၀၀၄/၂၀၀၅ ခုနှစ် စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှပွဲအသီးသီး၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား/ကျောင်းသူများ

| | |
|---|---|
| ၁၉။ ဓမ္မာစရိယတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၂၀။ ပထမကြီးတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၂၁။ ပထမလတ်တန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၂၂။ ပထမလတ်ငယ် (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၂၃။ ပထမကြီးတန်း " ဝ" လူမျိုး | ၁ပါး |
| ၂၄။ ပထမလတ်အောင် ချင်း၊ ကရင် ဆရာလေး | ၂ပါး |
| ၂၅။ ပထမငယ်အောင် ပဒေါင်း၊ ပလောင်ဆရာလေး | ၃ပါး |
| ၂၆။ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် | ၂၁ပါး |
| ၂၇။ ဆရာတော်မွေးရပ် ဇာတိမှအောင်မြင်သူ | ၆ပါး |
| ၂၈။ နဝမတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၂၉။ အဋ္ဌမတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၃၀။ သတ္တမတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၃၁။ ဆဋ္ဌမတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၃၂။ ပဉ္စမတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၃၃။ စတုတ္ထတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၃၄။ တတိယတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၃၅။ ဒုတိယတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၃၆။ ပထမတန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၃၇။ သူငယ်တန်း (ပထမ၊ ဒုတိယ၊ တတိယ) | ၃ပါး |
| ၃၈။ ဗုဒ္ဓယဉ်ကျေးမှုစာမေးပွဲအောင် | ၁၃၅ပါး |
| ၃၉။ အာရှအားကစားထူးချွန် (ရွှေ၊ ငွေ၊ ကြေး) | ၄ |
| စုစုပေါင်း | ၅၀၆ |

# နာဂလိုဏ်ဂူဘုရားကုန်းမြေ
# ကလေးဝတောရကျောင်း စာသင်တိုက်နှင့်
# ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
# ၂၀၀၅–၂၀၀၆ ပညာသင်နှစ်

| | | | |
|---|---|---|---|
| ၁။ | တိုင်းအသီးသီး | - | ၃၈၉ ပါး |
| ၂။ | ပလောင် | - | ၁၇၂ ပါး |
| ၃။ | ပအိုဝ့် | - | ၂၀၂ ပါး |
| ၄။ | ရှမ်း | - | ၁၄၀ ပါး |
| ၅။ | ချင်း | - | ၉၆ ပါး |
| ၆။ | နာဂ | - | ၃၁ ပါး |
| ၇။ | ကရင် | - | ၇၄ ပါး |
| ၈။ | ပဒေါင် | - | ၆၄ ပါး |
| ၉။ | ရခိုင် | - | ၄၇ ပါး |
| ၁၀။ | "ဝ" | - | ၄၀ ပါး |
| ၁၁။ | ကယား | - | ၂၇ ပါး |
| ၁၂။ | ခမီး | - | ၁၇ ပါး |
| ၁၃။ | မနု | - | ၃ ပါး |
| ၁၄။ | လီဆူး | - | ၁ ပါး |
| ၁၅။ | ကယမ်း | - | ၁၄ ပါး |
| ၁၆။ | လားဟူ | - | ၁ ပါး |
| ၁၇။ | မနော | - | ၁ ပါး |
| ၁၈။ | ဒိုင်းနက် | - | ၁ ပါး |
| ၁၉။ | ကုလား | - | ၁၀ ပါး |
| ၂၀။ | ဗီယက်နမ် | - | ၁ ပါး |
| | စုစုပေါင်း | - | ၁၃၄၄ ပါး |

http://www.dhammadownload.com

## ☆ CHILDREN OF BORDER AREAS AND HILLY REGIONS MONSTIC EDUCATION SCHOOL ☆
## EDUCATIONAL TASKS AND RESULTS

| No | Year | Grade-1 | | Grade-2 | | Grade-3 | | Grade-4 | | Grade-5 | | Grade-6 | | Grade-7 | | Grade-8 | | Grade-9 | | Grade-10 | | Grade-11 | | Total | | Total |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Pass | Fail | Pass | Fail | Pass | Fail | Pass | Fail | Pass | Fail | Pass | Fail | Pass | Fail | Pass | Fail | Pass | Fail | Pass | Fail | Pass | Fail | Pass | Fail | |
| 1 | 93/94 | 29 | 3 | 20 | 2 | 7 | - | 15 | - | - | - | - | - | - | - | - | - | - | - | - | - | - | - | 71 | 5 | 76 |
| 2 | 94/95 | 55 | 15 | 73 | 15 | 25 | 5 | 26 | 6 | 13 | 2 | - | - | - | - | - | - | - | - | - | - | - | - | 192 | 43 | 235 |
| 3 | 95/96 | 108 | 13 | 50 | 3 | 46 | 6 | 42 | 3 | 23 | - | 9 | 4 | - | - | - | - | - | - | - | - | - | - | 278 | 29 | 307 |
| 4 | 96/97 | 48 | 15 | 73 | 16 | 44 | 18 | 33 | 15 | 45 | - | 22 | 7 | 6 | 1 | - | - | - | - | - | - | - | - | 271 | 72 | 343 |
| 5 | 97/98 | 94 | 8 | 56 | 8 | 60 | 3 | 58 | 11 | 59 | 2 | 55 | 19 | 22 | 2 | 6 | 3 | - | - | - | - | - | - | 410 | 56 | 466 |
| 6 | 98/99 | 52 | - | 96 | - | 53 | - | 51 | - | 70 | - | 92 | - | 63 | - | 23 | - | 3 | - | - | - | - | - | 503 | - | 503 |
| 7 | 99/00 | 10 | - | 24 | - | 79 | - | 103 | - | 135 | - | 66 | - | 43 | - | 103 | - | 87 | - | 60 | - | - | - | 710 | - | 710 |
| 8 | 00/01 | 96 | - | 49 | - | 50 | - | 119 | - | 99 | - | 159 | - | 139 | - | 108 | - | 78 | - | 51 | - | 5 | 35 | 953 | 35 | 988 |
| 9 | 01/02 | 70 | - | 61 | - | 34 | - | 127 | - | 199 | - | 139 | - | 100 | - | 96 | - | 74 | - | 19 | - | 19 | 47 | 938 | 47 | 985 |
| 10 | 02/03 | 96 | - | 81 | - | 45 | - | 59 | - | 88 | - | 113 | - | 98 | - | 119 | - | 85 | - | 98 | - | 15 | 42 | 897 | 42 | 939 |
| 11 | 03/04 | 90 | - | 79 | - | 55 | - | 69 | - | 78 | - | 125 | - | 106 | - | 76 | - | 92 | - | 94 | - | 16 | 48 | 880 | 48 | 928 |
| 12 | 04/05 | 76 | - | 64 | - | 38 | - | 63 | - | 70 | - | 128 | - | 118 | - | 75 | 17 | 74 | 10 | 92 | - | 21 | 56 | 819 | 83 | 902 |
| | | | | | | | | | | | | | | | | | | | | | | Total | | 6922 | 460 | 7382 |

**International Theravada Buddhist Missionary University Dip (B.Dh) - 20**

**Graduates - 24**

**Attendings University Students - 68**

http://www.dhammadownload.com

# ကြေးမုံ

၁၆-၆-၉၈ (အင်္ဂါနေ့)

## ပရိယတ္တိသာသနာတော် အခြေခံအားထုတ် သာသနာပြုစွမ်းရည် မြင့်မားအောင်မြင်

ဘုရားရှင်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာတော်သုံးရပ် ထားရှိခဲ့ရာ သာသနာတွင် ပရိယတ္တိသာသနာသည် အခြေခံပဓာနကျလှပေသည်။ ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များသည် ဆရာဘုရားအဖြစ် တည်တံ့လျက်ရှိပြီး ထိုတရားတော်များသည် ယနေ့တိုင် ပရိယတ္တိ သာသနာတော်ကြီးတွင် မယွင်းမပျက် ပျံ့နှံ့လျက်တည်ရှိနေသည်။ ထို့ကြောင့် မျက်မှောက်ကာလတွင် ရတနာမြတ်သုံးပါးကို မှန်ကန်စွာ ဆည်းကပ်ကိုးကွယ်ခွင့် ရရှိနေကြသည်။

ဗုဒ္ဓဘုရားရှင်၏ အဆုံးအမသာသနာတော်အောက်တွင် မထေရ် အဆက်ဆက်တို့သည် သာသနာတော်မြတ်ကြီးကို ခေတ်အဆက်ဆက် သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်တော်မူခဲ့ကြသည်။ ဘုရားရှင်၏ အဆုံးအမတရားတော်ဓမ္မခန္ဓာများကို သင်ယူပို့ချခြင်း၊ ပရိယတ္တိသာသနာတော်အခြေခံ၍ ကျင့်ကြံအားထုတ် ပွားများတော်မူကြခြင်းဖြင့် သာသနာပြုစွမ်းရည် မြင့်မားစေရန် ဆောင်ရွက်တော်မူလျက်ရှိကြပေသည်။

http://www.dhammadownload.com

ယခုနှစ်တွင် ကလေးဝတောရ စာသင်တိုက်တွင် ရဟန်းတော် ၆၈ပါး၊ သာမဏေ သီလရှင် ၇၀၀ကျော်ရှိပြီး အခြေခံပရိယတ္တိစာပေများ သင်ကြားပေးကာ သာသနာပြု လောင်းများ မွေးမြူပေးလျက်ရှိသည်။ နာဂလိုဏ်ဂူ ကလေးဝ တောရစာသင်တိုက်တွင် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသော

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူကလေးဝ တောရစာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင်၊ ဒွိပိဋကဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်သည် သာသနာပြုစွမ်းရည် မြင့်မားသော ဆရာတော်များတွင် ပါဝင်ပေသည်။ ဆရာ တော်သည် လမ်းပန်းအဆက်အသွယ် ခက်ခဲသည့် မြန်မာနိုင်ငံ နယ်စပ်ဒေသ၊ တောင်တန်းဒေသများတွင် သာသနာရောင်လွှမ်း စေရန် ရည်မှန်းချက်နှင့်အညီ အားထုတ်ဆောင်ရွက် လျက်ရှိ သည်။

ဆရာတော်သည် ရှမ်းပြည်နယ်၊ ကိုးကန့်ဒေသ၊ "ဝ" ဒေသစသော နယ်စပ်ဒေသများနှင့် တောင်ပေါ်ဒေသများမှ ရှမ်း၊ ပအိုဝ့်၊ ကိုးကန့်၊ လားဟူ၊ ချင်း၊ နာဂတိုင်းရင်းသား ကလေး ငယ်များအား စုစည်း၍ စားဝတ်နေရေးပါ တာဝန် ယူကာ ပညာသင်ကြား ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ထိုတိုင်းရင်းသား ကလေးငယ်များအား သာသနာ့ဘောင် သွတ်သွင်း၍ ရှင်သာမဏေပြုပေးခြင်း၊ သီလရှင် ဝတ်ပေးခြင်း များ ပြုလုပ်ပေးသည်။ အသက် ၂၀ ပြည့်သူ ရှင်သာမဏေများ အား ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ကာ မိမိတို့ဒေသရင်း အရပ်သို့ ကြွရောက်သာသနာပြုနိုင်ရန် စီမံဆောင်ရွက်ပေး လျက်ရှိသည်။

http://www.dhammadownload.com

ရှင်သာမဏေဦးရေကြောင့် နေရာထိုင်ခင်းနှင့် ဆွမ်း၊ ကွမ်း အစက်အခဲများ ရှိနေပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် အမှူးထား၍ ကာကွယ် ရေးဝန်ကြီးဌာနမှ ယင်းအစက်အခဲများကို တတ်အားသမျှ လှူဒါန်းဖြေရှင်းသည့်အနေဖြင့် "ဥတ္တမပုရိသဒီပနီ" သုံးထပ် ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့သည်။

နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက် ဥတ္တမပုရိ သဒီပနီ၊ သုံးထပ်ကျောင်းဆောင်သစ်ကြီး ရေစက်သွန်းချ လှူဒါန်းပွဲကို အထက်ပါ တောရစာသင်တိုက်၌ ဇွန်လ ၁၃ရက် နေ့က ကျင်းပခဲ့သည်။ ကျောင်းဆောင်သစ်ကြီး ရေစက်သွန်း ချလှူဒါန်းပွဲနှင့်အတူ ရှင်သာမဏေများ အသုံးပြုရန် သံသေတ္တာအလုံး ၆၀၀ကျော်နှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ စသော သံဃာတော်အသုံးအဆောင် ပစ္စည်းလေးပါးနှင့် အလှူတော် ငွေများကိုလည်း ကြည်း၊ ရေ၊ လေ တပ်မတော်သား မိသားစု များနှင့် အလှူရှင်များက လှူဒါန်းခဲ့ကြသည်။

သို့ဖြစ်ရာ နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက် ပဓာန နာယက ဆရာတော်၊ စာသင်၊ စာချ ဆရာတော်များ နှင့်တကွ စာသင်သား ရဟန်းသာမဏေများ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာ သီးတင်းသုံးတော်မူကြလျက် ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့တာဝန်နှစ်ရပ်ကို ကြိုးပမ်းထမ်းရွက်တော်မူကြပြီး သာသနာပြုစွမ်းရည် မြင့်မားအောင်မြင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

http://www.dhammadownload.com

ကြေးမုံ

၂-၈-၉၆ (သောကြာနေ့)

# အမျိုး၊ ဘာသာ၊ သာသနာတော်ပွင့်လင်းစည်ပင် သာသနာတော် အထောက်အပံ့ဖြစ်မည့် လှူဒါန်းမှု

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းတောက်ပလျက်ရှိသည်။ ထေရဝါဒဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ်ကြသော နိုင်ငံတော်တွင် သာသနာရောင်ဝါလင်းလျက်ရှိနေသည်။ နိုင်ငံတော်အကြီးအကဲမှစ၍ နိုင်ငံသူ၊ နိုင်ငံသားအပေါင်းသည် သာသနာတော်ကို အထွက်အမြတ်ပြု၍ ဦးခိုက်ပူဇော်ရှိခိုးကော်ရော်ကြသည်။ ဘာသာ၊ သာသနာရေးတွင်၊ အလှူရေစက်လက်နှင့်မကွာ အလှူဒါနပြုကြသည်။ လုပ်အားဒါန ပါဝင်လျက် ရှိကြသည်။

ဇူလိုင်လ ၃၁ ရက်နေ့က မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ၊ ကလေးဝ တောရစာသင်တိုက် အတွင်း၌ "သုကုမာရဒီပနီ" သုံးထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချ လှူဒါန်းပွဲအခမ်းအနားကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပြန်သည်။ ဤအလှူတော်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး

http://www.dhammadownload.com

သန်းရွှေနှင့် ဇနီးအား အမှူးထား၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ကျပ် ၁၈၆ သိန်းကျော် အကုန်အကျခံ ရေစက်ချလှူဒါန်းသော သုံးထပ်ကျောင်းဆောင် သစ်ကြီးကို ရဟန်း၊ သာမဏေများ ချမ်းသာစွာသီတင်းသုံး လျက် ပရိယတ္တိကျမ်းဂန်များ ကြိုးပမ်းသင်ယူ အားထုတ်နိုင်ကြ စေရန် ရည်သန်၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ရာ နတ်လူ သာဓုခေါ်ဆိုကြရမည့် အလှူတော်ကြီးပင် ဖြစ်သည်။

မျက်မှောက်ကာလတွင် သာသနာတော်ကြီး စည်ပင် ထွန်းလင်းတောက်ပလျက် ကမ္ဘာအလယ်တွင် ထင်ပေါ် ကျော်ကြားနေသည်မှာ ဆရာတော်၊ သံဃာတော်ကြီးများ၏ သာသနာပြုဖွံ့ဖြိုးရန် ထက်မြက်မှုကြောင့် ဖြစ်ပေသည်။ ယင်းအနက် လမ်းပန်းအဆက်အသွယ် ခက်ခဲဝေးလံသော မြန်မာနိုင်ငံနယ်စပ်ဒေသ၊ တောင်တန်းဒေသများတွင် သာသနာ ရောင်လွှမ်းစေရန် အထူးဝါယမစိုက် ကြိုးပမ်းနေသူ ဆရာ တော်ကြီးမှာ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ ကလေးဝ တောရကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဖြစ်သော ဒွိပိဋကဓရ ဘဒ္ဒန္တ ဇာဂရာ ဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်သူ မြတ်ပင် ဖြစ်သည်။ ဆရာတော်ကြီးသည် သာသနာပြုဖွံ့ဖြိုးရန်နှင့် ပြည့်စုံတော်မူသော ဆရာတော်တစ်ပါးဖြစ်သည်။ ဆရာတော်ကြီး သည် ရှမ်းပြည်နယ် ကိုးကန့်၊ "ဝ" ဒေသ၊ ချင်းပြည်နယ်နှင့် နာဂတောင်တန်း တစ်ခွင်မှ ရှမ်း၊ ပအိုဝ်း၊ ကိုးကန့်၊ "ဝ"၊ လားဟူ၊ ချင်း၊ နာဂတိုင်းရင်းသား အမျိုးသား ကလေးသူငယ် များကို လက်ခံစုရုံး၍ စားဝတ်နေရေးကိုပါ တာဝန်ယူ ပညာ

http://www.dhammadownload.com

သင်ကြားပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ဆရာတော်ကြီး အနေဖြင့် တိုင်းရင်းသားကလေးသူငယ်များအား ရှင်သာမဏေ၊ သီလရှင်ဝတ်ပေးခြင်း အပါအဝင် အသက် ၂၀ ပြည့်သူ သာမဏေများကို ရဟန်းဘောင်သို့ မြှင့်တင်ကာ မိမိဒေသရင်း အရပ်ဒေသများသို့ ကြွရောက်သာသနာပြုနိုင်ရန် စီမံ ဆောင်ရွက်နေသည်။

ယင်းရဟန်းသာမဏေများမှာ အနာဂတ်ကာလတွင် နယ်စပ်တောင်တန်းဒေသများ၌ သာသနာပြုရဟန်းတော်များ ဖြစ်လာနိုင်ကြပေမည်။ သို့ဖြစ်၍ သာသနာတော်၏ အညွန့် အညှောက်ဟု ခေါ်ဆိုအပ်သော နယ်စပ်ဒေသ၊ တောင်တန်း ဒေသမှ တိုင်းရင်းသား ကလေးသူငယ်များ ကလေးဝတောရ စာသင်တိုက်တွင် တိုးပွားလာလျက်ရှိရာ နေထိုင်အခင်းအကျင်း၊ ဆွမ်း၊ ကွမ်း အခက်အခဲများ ရှိလာနိုင်ရာ ယင်းအခက်အခဲကို ထိုက်သင့်သမျှ ပါဝင်ကူညီဖြေရှင်း၍ " သုကုမာရဒီပနီ " သုံးထပ်ကျောင်းဆောင်သစ်ကြီးကို တပ်မတော်သားများ စုပေါင်း ကောင်းမှုဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ သာသနာတော်ကို အထောက်အပံ့ ဖြစ်စေသော ပွားစည်ပြန့်ပြောစေမည့် ကျောင်းဆောင်သစ်များကို ဆောက်လုပ်ရေစက်ချ လှူဒါန်းနိုင်ခဲ့သော အလှူတော် မင်္ဂလာများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ကြီးအတွင်း နိုင်ငံသူ၊ နိုင်ငံသားအပေါင်း ဥမကွဲ သိုက်မပျက်သော စည်းလုံး ညီညွတ်မှုဖြင့် အမျိုး၊ ဘာသာ၊ သာသနာတော်ကြီး ပွင့်လင်း စည်ပင်ထွန်းကားအောင် ဆောင်ရွက်ခြင်းအဖြစ် ကြေးမုံက ရှုမြင်သည်။ ။

http://www.dhammadownload.com

# Internet ပေါ်တွင် ဖတ်ရှုနိုင်မည့် တရားစာအုပ်နှစ်မျိုးကို ဓမ္မဒါနပြု

**နဝမုတ္တဂီစာရ မဟာထေရ်**

**၏**

**ကမ္မဋ္ဌာနက္ကဝင်သာသနာ့သင်ခန်းစာကျမ်း**

သာသနာပြုဆရာတော်
(ဓမ္မပ္ပမာဏိက မဟာဋီကာဂန္ထကာရက)

အောင် - ၁၀၃၀၀ - အောင်

(သာသနာ-၂၅၄၅၊ ကောဇာ-၁၃၆၄၊ တန်ခူး၊ ခရစ်-၂၀၀၂)

ရတီစာပေအနုပညာမဂ္ဂင်းနှင့် ပေါ်ပြူလာဂျာနယ်တို့မှ Internet ပေါ်တွင် ဓမ္မဒါနလှူဒါန်းထားသည့် Buddha Ledi Dipani စာအုပ်နှင့် နဝမုတဂ္ဂီစာရမဟာထေရ်၏ ကမ္မဋ္ဌာနက္ကဝင်သာသနာ့သင်ခန်းစာကျမ်းစာအုပ်နှစ်မျိုးကို http://www.buddhaledidipani.com နှင့် http://www.buddhadoctrine.org တို့တွင် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါကြောင်း၊ တရားအလှူအဖြစ် ဓမ္မဒါနပြုထားကြောင်း အသိပေးအပ်ပါသည်။

http://www.dhammadownload.com

# အဆင့်ဆင့်ချုပ်ကိုင်

လူကိုအစိုးရသည်မှာ စိတ်ပင်ဖြစ်၏။
စိတ်ကို ပညာကအစိုးရ၏။
ပညာကို ဗဟုသုတက အစိုးရ၏။
ဗဟုသုတကို ကျမ်းဂန်စာပေက ချုပ်ကိုင်၏။